http://www.cherrythitsar.org

# ARE YOU LONESOME TONIGHT

Lucy De Barbin and Dary Matera

သူမဟာ
လူငယ်ကလေးတစ်ယောက်နဲ့ ချစ်ခဲ့တယ်
အောင်မြင်တဲ့သူကို ချစ်ခဲ့တာမဟုတ်ပါဘူး
လူတစ်ယောက်ကို ချစ်ခဲ့တယ်
ရုပ်ရှင်တာရာတစ်ယောက်ကို ချစ်ခဲ့တာမဟုတ်ဘူး
သူတို့နှစ်ယောက်ဆက်ဆံရေးဟာ
အလွန်ညီညွတ်တောက်လောင်မှုအဆင့် ထိမရောက်ခဲ့သလို
ဘယ်တော့မှလဲ အဆက်ပြတ်မသွားခဲ့ပါဘူး ။
ဆယ့်ခြောက်နှစ်သမီးအရွယ်
ပထမဆုံးအကြိမ် ချိန်းတွေ့ခဲ့ရာက ပေါက်ဖွားလာတဲ့အချစ်ကို
နှစ်ဆယ့်လေးနှစ်လုံးလုံး
ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့တယ်ဆိုတော့
လူ့ရဲ့အချစ်ဟာ
အိပ်မက်ထဲကအချစ်ကိုမယုံမကြည်သူများအောင်
အထောက်အထား[illegible]တယ် ။



ဒုတိယမအကြိုင်

http://www.cherrythitsar.org



## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | - | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | - | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | - | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org





ဖြန့်ချိရေး

*Echo Media*

အမှတ် ၁၅၈၊ ၁၆၈၊ အခန်း ၁၇၊ ပထမထပ်
မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၁-၂၅၄၂၅၂
Email - Wintiger@mptmail.net.mm

http://www.cherrythitsar.org



# ပုံနှိပ်မှတ်တမ်း



| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၉၄၀ / ၂၀၀၃ (၇) |
| မျက်နှာဖုံးဒီဇိုင်း | - | မြင့်မောင်ကျော် |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၁၄၂၇ / ၂၀၀၃ (၁၂) |
| မျက်နှာဖုံးဖလင် | - | Sunn Scangraphics |
| ကွန်ပျူတာစာစီ | - | မြင့်မြင့်စိုး၊ မျိုးမြတ်မြတ်သိမ်း |
| စာမျက်နှာဖွဲ့စည်းမှု | - | မြင့်မြင့်စိုး |
| အတွင်းဖလင် | - | ဇမ္ဗူတလူ |
| ထုတ်ဝေသူ | - | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေတိုက်<br>ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)။ |
| ပုံနှိပ်သူ | - | ဦးဉာဏ်လှိုင် (၀၅၂၅၃)၊<br>ဇမ္ဗူတလူပုံနှိပ်တိုက်၊<br>အမှတ် ၁၁၁၀၊<br>ရွှေတောင်ကြား ၅လမ်း၊<br>၆၃ ရပ်ကွက်၊ စက်မှုဇုန်၊ တောင်ဒဂုံ၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ဒုတိယအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ |
| စာအုပ်ချုပ် | - | ဇမ္ဗူတလူ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - | မေ၊ ၂၀၀၄ |
| ဖြန့်ချိရေး | - | Echo Media |

http://www.cherrythitsar.org



# ARE YOU LONESOME TONIGHT?


by Lucy de Barbin and Dary Matera



# အထီးကျန်ည

ဝင်းငြိမ်း

http://www.cherrythitsar.org




မူရင်းစာအုပ် မျက်နှာဖုံးပုံ

http://www.cherrythitsar.org

# Are You Lonesome Tonight?



THE UNTOLD STORY OF ELVIS PRESLEY'S ONE TRUE LOVE AND THE CHILD HE NEVER KNEW

Lucy de Barbin and Dary Matera

VILLARD BOOKS
NEW YORK 1987

http://www.cherrythitsar.org



အသက် ၈နှစ်အရွယ်က လူစီဒီဘာဘင်၏ပုံ

http://www.cherrythitsar.org



၁၉၄၇ခုနှစ် အသက် ၁၁နှစ်အရွယ် လူစီမှာ အဘွားဖြစ်သူက
အိမ်ထောင်ချပေးဖို့စီစဉ်သည်အထိ ချစ်သူရည်းစား မရှိခဲ့ဖူးပေ

ဃ ။

http://www.cherrythitsar.org




**လူစိုးချစ်သူ လူငယ်ကလေး၏ စိတ်ကူးယဉ် အိပ်မက်တို့မှာ**
**စတင်အကောင်အထည် ပေါ်လာပြီဖြစ်သည်**
**ပုံမှာ မန်းဖစ္စမှ နာမည်ကြီးဒီဂျေချာလီဝါကာနှင့်အတူ**
**တွေ့ရပုံ**

၆။

http://www.cherrythitsar.org



ငယ်ရွယ်နုပျိုပြီး သေသပ်ကျနစွာ ဝတ်ဆင်ထားသည့်
လူငယ်ကလေးတစ်ဦး၏
ခပ်စောစောပိုင်းက ဖျော်ဖြေပွဲတစ်ခုတွင် တွေ့ရပုံ

http://www.cherrythitsar.org



**The Louisiana Hayride** သီချင်းမှာ အဲလ်ဗစ်အား
အောင်မြင်မှု အထွတ်အထိပ် ရောက်စေခဲ့သည့် သီချင်းပင်
ဖြစ်သည်

http://www.cherrythitsar.org



**အဲလ်ဗစ်နှင့် သူ့မန်နေဂျာ ဗိုလ်မှူးကြီးပါကာ**


*အဲလ်ဗစ်က သူ့မန်နေဂျာကို ပထမပိုင်းတွင် အထင်ကြီးခဲ့သည်။
ပါကာက သူ့အား ရုပ်ရှင်မင်းသားတစ်လက်ဖြစ်အောင်
ဖန်တီးပေးမည်ဟု ဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။*

http://www.cherrythitsar.org



သူမြတ်နိုးသော မိဘနှစ်ပါးဖြစ်သည်။
ဗာနွန်နှင့် ဂလက်ဒီ

http://www.cherrythitsar.org



၁၉၅၇ခုနှစ်က ရုံတင်ပြသခဲ့သည့် သူ၏ ဒုတိယမြောက်ရုပ်ရှင် Loving You ဇာတ်ကား၌အမိက ဇာတ်ဝင်သီချင်းသည် လူစီအား ရည်ညွှန်းသီဆိုခဲ့ခြင်းဖြစ်သည်။


ည။

http://www.cherrythitsar.org



၁၉၅၆ခုနှစ်က The Steve Show တွင် သူ၏ နာမည်ကြီး သီချင်းတစ်ပုဒ်ဖြစ်သော Hound Dog သီချင်းကို သီဆိုရာ၌သက်ရှိ ခွေးတစ်ကောင်ကို သီဆိုပြသည့်ဟန် ဖျော်ဖြေခဲ့ရသဖြင့် စိတ်ကသိကအောင်ဖြစ်ခဲ့ရသည် သို့ရာတွင် အဲလ်ဗစ်သည် ခိုင်းသည့်အတိုင်း မငြင်းမဆန် လုပ်ပေးခဲ့သည် ငြ။


http://www.cherrythitsar.org



၁၉၅၆ခုနှစ်က ဒဲနစ္စ၏ ဒုတိယမြောက်မွေးနေ့ပွဲကို
အခြားသမီးများဖြစ်သည့်
ပယ်လိုဒီ(မော့ကြည့်နေသူ အသက် ၅နှစ်)
ဒီဗိုရာ(အသက် ၇နှစ်)တို့နှင့်အတူ ကျင်းပနေစဉ်
ထိုစဉ်က လူစီကိုယ်တိုင်မှာလည်း
အသက်၁၉နှစ်သာ ရှိသေးသဖြင့် အမေနဲ့သမီးများမှာ
ညီအစ်မများသဖွယ် ရှိခဲ့သည်

၄။

http://www.cherrythitsar.org


CERTIFICATE OF LIVE BIRTH

I CERTIFY THAT THIS IS A TRUE AND CORRECT COPY OF A CERTIFICATE OR DOCUMENT REGISTERED WITH THE VITAL RECORDS REGISTRY OF THE STATE OF LOUISIANA, PURSUANT TO LSA - R.S. 40:32, ET SEQ.

STATE HEALTH OFFICER

STATE REGISTRAR

ဒီဂိုင်းယားရီး၏ မွေးစာရင်းအမှန်။ ဖခင်အမည်နေရာတွင် ပရက်စလေဟု ဖော်ပြထားသည်ကို တွေ့နိုင်မည် ဖြစ်သည်။

http://www.cherrythitsar.org



၁၉၅၉ခုနှစ်က မြင်တွေ့ရသည့်
လူစီနှင့် သမီးများ

http://www.cherrythitsar.org



ထေ ။

http://www.cherrythitsar.org



၁၉၆၈ခုနှစ်က ရုပ်မြင်သံကြားအထူးအစီအစဉ်မှာ
ဖျော်ဖြေနေသည့် အဲလ်ဗစ်

ထာ ။

http://www.cherrythitsar.org



**၁၉၇၃ခုနှစ် အသက် ၁၅နှစ်အရွယ် ဒီဖိုင်းယားရီးမှာ**
**ဖခင်ဖြစ်သူနဲ့ ကြာလေတူလေဖြစ်လာခဲ့သည်**

http://www.cherrythitsar.org



**အဲလ်ဗစ္စနှင့် ဘယ်တုန်းကမှ သိခွင့်မရလိုက်တဲ့
သမီးဒီဇိုင်းယားရီး**

http://www.cherrythitsar.org




http://www.cherrythitsar.org



၁၉၇၃ခုနှစ်က အဲလ်ဗစ္စသည် ဟာဝိုင်ရီမှ
တိုက်ရိုက်လွှင့်ထုတ်သည့်
ဂြိုဟ်တုအစီအစဉ်တွင် သီဆိုခဲ့ရာ
သူ့အမူအရာများသည် ခါတိုင်းနှင့်မတူ ထူးခြားနေပြီး
တစ်စုံတစ်ခု အမှားအယွင်း ရှိနေပုံရသည်၊
နှ။

# Love Can Endure Anything.....
# but I miss you.




၁၉၇၃ခုနှစ်က လူစီအား ပို့ပေးခဲ့သည့် အလွမ်းသဝဏ်လွှာ
ကတ်ပြား


http://www.cherrythitsar.org



၁၉၇၅ခုနှစ်က အဲလ်ဗစ္စသည်
လူစီနှင့်အတူ
တောင်ထိပ်ပေါ်သို့
တစ်ကြိမ်ပြန်တက်ခဲ့သည်။
ဘဝတွင် ကျဆုံးမှုများ
ကြုံတွေ့နေချိန်၌ အဲလ်ဗစ္စသည်
သူ့ဘဝတွင် ဘယ်တော့မှ မမေ့သော လူစီကိုသာ သတိရခဲ့သည်။
(ဝဲပုံ)

၁၉၇၅ခုနှစ်မှာ အဲလ်ဗစ္စ၏
အကောင်းဆုံးအချိန်ဖြစ်သလို
နောက်ဆုံးအချိန်လည်း ဖြစ်သည်။ (ယာပုံ)

http://www.cherrythitsar.org



http://www.cherrythitsar.org



**၁၉၈၅ခုနှစ်က ဂရေ့စ်လဲန်းစံအိမ်သို့**
**အလည်ရောက်ခဲ့သည့် ဒီဖိုင်းယားရီး**


ဘာ ။

http://www.cherrythitsar.org



ဒီဗိုင်းယားရီးနှင့် ဗက်စတာပရက်စလေတို့အား
၁၉၈၅ခုနှစ်က တွေ့မြင်ရပုံ

မ။




# အဲလ်ဗစ္စသင်္ချိုင်းရှေ့မှ လူစိ

ယ ။


http://www.cherrythitsar.org



ဒီဇိုင်းယားရီးပရက်စလေ

ရ။

http://www.cherrythitsar.org



လူစီဒီဘာဘင်နှင့် သမီးဒီဖိုင်းယားရီးပရက်စလေ

ဃ။

http://www.cherrythitsar.org



## စာရေးသူ၏မိတ်ဆက်

ပလေးဘွိုင်သန်းနိုင်ကို စတီရီယို အဆိုတော် ဘိုဘိုဟန်ရဲ့ နေအိမ်မှာ သွားတွေ့ဖြစ်တဲ့နေ့က မတွေ့ဖြစ်တာ ကြာပြီဖြစ်တဲ့ ဘိုဘိုဟန်က 'ကိုဝင်းငြိမ်းဖို့ လက်ဆောင်' ဆိုပြီး စာအုပ်တစ်အုပ် ပေးလာပါတယ်။ "Are You Lonesome Tonight" လို့ အမည်ပေးထားတဲ့ စာအုပ်ပါ။ ဒီစာအုပ် သတင်း ကြားခဲ့ဖူးတာ ကြာပြီ။ ကွယ်လွန်သူ အဆိုကျော် ရုပ်ရှင်မင်းသား အဲ(လ)ဗစ္စပရက်စလေရဲ့ ချစ်ဦးသူ 'လူစီဒီဘာဘင်' နဲ့ စာရေးဆရာ 'ဒါရီမာတီရာ' တို့ ရေးထုတ်ခဲ့ကြတဲ့ စာအုပ်ပါ။ ပရက်စလေနဲ့ လူစီတို့ဟာ ဆယ်ကျော်သက် အရွယ်မှာ ဆုံစည်းမိခဲ့ကြပြီး သမီးကလေးတစ်ယောက် ထွန်းကားခဲ့ပါတယ်။ သမီးကလေးအမည်ကို 'ဒီဇိုင်းယားရီး' Desiree လို့ အမည်ပေးထားပေမယ့် ဒီသမီးရှိကြောင်း ပရက်စလေ ကွယ်လွန်သွားတဲ့အထိ လူစီက သိခွင့်မပေးခဲ့သလို ဒီဇိုင်းယားရီးကိုယ်တိုင်ကလည်း သူဟာ ကမ္ဘာကျော်ရုပ်ရှင်မင်းသား ပရက်စလေရဲ့ သမီးဖြစ်တယ်ဆိုတာ ဖခင်ကွယ်လွန်ချိန်အထိ တိတိကျကျသိခွင့်မရခဲ့ပါဘူး။

လူစီက သူ့မှာ သမီးတစ်ယောက် မွေးထားကြောင်း ပရက်စလေကို ဘာကြောင့် သေတဲ့အထိ သိခွင့်မပေးခဲ့တာလဲ။ ပရက်စလေ ကွယ်လွန်ပြီး ရာစုနှစ်တစ်စိတ် (နှစ်ပေါင်းအစိတ်) ကြာမှ ဘာကြောင့် ကမ္ဘာကို ဖွင့်ချပြလေသလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ လူစီရဲ့ ဖွင့်ဟဝန်ခံချက် အစစ်အမှန်ဖြစ်ပေမယ့် စာရေးဆရာကလည်း သူ ပြောသမျှ ကောက်ရေးချထားတာ မဟုတ်ဘူး။ လူစီ ပြောတာ မှန်မမှန်ဆိုတာကို သူက တခြားအချက်အလက်၊ အခြေအနေ အထောက်အထားတွေ အားလုံးနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ပြီးတော့မှ ဒီအတ္ထုပ္ပတ္တိကို ချရေးခဲ့တာဖြစ်လို့ ပိုပြီး စိတ်ဝင်စားစရာ ကောင်းပါတယ်။

ရွှေအမြုတေမှာ နိုင်ငံခြား ရုပ်ရှင်မင်းသား၊ မင်းသမီးများနဲ့ပတ်သက်ပြီး ကောင်းနိုးရာရာလေးတွေ ရွေးချယ် ဖော်ပြပေးခဲ့တဲ့ အစဉ်အလာ ရှိပါတယ်။

မာရီလင်မွန်ရိုး၊ ဂျိမ်း(စ)ဒီး(န)၊ မာလင်ဘရန်ဒိုတို့ အကြောင်းတွေအပြင် ဆိုဖီ ယာလော်ရင်းရဲ့ အင်တာဗျူးကိုလည်း ဖော်ပြခဲ့ပါတယ်။ Are You Lonesome Tonight က လူစီရဲ့ ငယ်ဘဝကစပြီး ပရက်စလေ ကွယ်လွန်ချိန်အထိ ရေးထား တာဖြစ်တဲ့အတွက် လုံးချင်းအနေနဲ့ တော်တော်ကလေးထူပါတယ်။ မဖြုတ်ရက်၊ မဖြုတ်ကောင်းတာကြောင့် လုံးစေ့ ပတ်စေ့ (တချို့ မသင့်တော်မယ့် စကားလုံး တွေက လွဲလို့) ပဲ အခန်းဆက်အဖြစ် ဖော်ပြပေးသွားပါမယ်။ နိုင်ငံခြား ရုပ်ရှင် စိတ်ဝင်စားသူများ၊ ပရက်စလေကို လွမ်းဆွတ်တသဆဲ ရှိနေသူများအတွက် အလွမ်းပြေစာစုပဲ ဆိုပါစို့။

**ဝင်းငြိမ်း**

http://www.cherrythitsar.org



## ဒါရိုက်တာ၏ စကားဦး

ရထားတဲ့သတင်းအစအနက စိတ်ဝင်စားစရာ။ ဒီသတင်းကို ခြေရာကောက်ပြီး ဖြစ်ရပ်မှန်ကို ဖော်ပြသင့်တာလည်း အမှန်ပဲ။ ပရက်စလေရဲ့ လူမသိသူမသိ သမီးတစ်ယောက်အကြောင်း ဖော်ထုတ်ရေးနိုင်မယ်ဆိုရင် ဈေးကွက်မှာ ရောင်းကောင်းမယ့် စာအုပ်တစ်အုပ် ဖြစ်မှာပေါ့။ စာအုပ်မထုတ်ဘဲ အခန်းဆက်ရေးချင်တယ်ဆိုရင် တင်ပြပုံကောင်းကောင်းနဲ့ ရေးနိုင်မယ်ဆိုရင် မဂ္ဂဇင်းကြီးတွေ စိတ်ဝင်စားနိုင်တယ်။ သူတို့နှစ်ယောက်အချစ်က ဆယ်ကျော်သက်တွေရဲ့ ကောက်ရိုးမီး အချစ်မျိုး မဟုတ်ဘဲ ဖွဲမီးလို တငွေ့ငွေ့ လောင်ကျွမ်းနေတဲ့ အချစ်စစ်၊ အချစ်မှန်ဆိုတော့ မဂ္ဂဇင်းအယ်ဒီတာတွေ စိတ်ကြိုက် ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်မယ်။

ရေးဖို့ သွေးဆောင်ကြည့်တိုင်း သူမက ရှောင်ဖယ်သွားတာချည်းပဲ။ လော့(စ)အိန်ဂျလိ(စ)မှာရှိတဲ့ အဆက်အသွယ်တွေရဲ့ ပြောပြချက်အရ သူမဟာ အင်တာဗျူး အလုပ်ခံရဖို့ ရင်ခုန်လှုပ်ရှားနေသတဲ့။ စိတ်လှုပ်ရှားကြောက်ရွံ့နေတဲ့ သူမကို နှစ်သိမ့်ထားလိုက်ရတယ်။ တစ်စွန်းတစ်စ သိထားရတဲ့ ဇာတ်ကြောင်းကို ပြည့်ပြည့်စုံစုံသိခွင့်မရခြင်းက စိတ်ပျက်စရာ မဟုတ်ပါဘူး။ ဒါပေမယ့် သူမက ဒီဇာတ်လမ်းကို လူသိရှင်ကြား မဖြစ်စေချင်လို့ပါဆိုတဲ့ အချက်က သတင်းသမားတစ်ယောက်အနေနဲ့ ပိုပြီး စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူ့ကိစ္စကို ခဏမေ့ထားပြီး တခြားတာဝန်တွေနဲ့ အလုပ်ရှုပ်နေတုန်း ခြောက်လလောက်အကြာမှာ မိုင်ယာမီက ကျွန်တော့်အိမ်ကို ဖုန်းဆက်လာပါတယ်။ ဖုန်းဆက်သူက 'ဒီဗိုင်းယားရီး'။ ဒီကလေးမ စကားပြောပုံက သိမ်မွေ့တယ်။ နူးညံ့တယ်။ စကားပြောတဲ့နေရာမှာလည်း သတိထားပြီး ထိန်းပြောနေပုံ ရပါတယ်။ ဒီဗိုင်းယားရီးက စကားပြောဖို့အတွက် စိတ်ဝင်စားပါတယ်တဲ့။ ဒါပေမယ့် အခုတော့ မဟုတ်သေးဘူးလို့ဆိုတယ်။ နောက်ထပ် ဆက်သွယ်ပါဦးမယ်တဲ့။

http://www.cherrythitsar.org



ဒါဆိုရင် အခြေအနေတွေက တော်တော်လေးကောင်းလာပြီလို့ ဆိုရမယ်။ နောက် ခြောက်လအတွင်းမှာ ကလေးမလေး အကြိမ်တော်တော်များများ ဆက်သွယ်ပါ တယ်။

ဆက်သွယ်လာတဲ့ အချိန်တိုင်း သူကချည်း မေးခွန်းတွေ မေးတာပဲ။ ဘယ်လိုပုံစံနဲ့ ရေးဖို့ စိတ်ကူးထားသလဲ။ ဘယ်မဂ္ဂဇင်းမှာပါမှာလဲ စသဖြင့်ပေါ့။ သူ့မေးခွန်းတွေကို အတတ်နိုင်ဆုံး ကြိုးစားပြီး အကောင်းဆုံးဖြစ်အောင် ဖြေနေ ပေမယ့် ဘယ်ပုံစံနဲ့ ရေးရမယ်ဆိုတာ ကိုယ်တိုင်မသိသေးဘူး။ သူ့ကို မေးခွန်း တစ်ခုပြန်မေးလိုက်ရင်တော့ ကလေးမက ဘယ်တော့မှ မဖြေပါဘူး။ တစ်ကြိမ် မှာတော့ ဒီဇိုင်းယားရီး ဖုန်းဆက်လာပြီး လာမယ့် ရက်သတ္တပတ်ထဲမှာ အမေရိကန်နိုင်ငံ တောင်ပိုင်းခရီးစဉ်တစ်ခုကအပြန် မိုင်ယာမီမှာ တစ်ထောက် နားဖို့ရှိတယ်။ သူ့ကို အကောက်ခွန်အခန်းမှာ လာတွေ့နိုင်မလားတဲ့။ သူမပုံစံ ကို ပြောပြတယ်။ အရပ်မြင့်မြင့်၊ ပိန်ပိန်သွယ်သွယ်၊ နက်မှောင်တဲ့ ဆံပင်အရှည် နဲ့တဲ့။ ပြီးတော့ ပိုပြီး သိသာအောင် နေကာမျက်မှန်ကိုင်း အဖြူတစ်ဖက် အနက် တစ်ဖက် တပ်ထားမယ်လို့ ပြောပြတယ်။

'ကျွန်မကိုတွေ့ရင် ချက်ချင်းသိမှာပါ။ ကျွန်မက ဖေဖေနဲ့ ရုပ်ချင်းတူ ပါတယ်' လို့ သူမက ပြောတယ်။

လေယာဉ်က တစ်နာရီ နောက်ကျနေတယ်။ မိုင်ယာမီအကောက်ခွန် အခန်းထဲက ရေစီးကြောင်းတစ်ခုလို စီးထွက်လာတဲ့ မျက်နှာပေါင်း ထောင်နဲ့ချီ ပြီး လိုက်ကြည့်ရတယ်။ ခရီးသည် ကိုးဆယ့်ကိုး ရာခိုင်နှုန်းလောက်က အနက် ရောင်ဆံပင်တွေနဲ့ တစ်ယောက်မှ ထူးခြားတာ မတွေ့ရဘူး။ ဒီဇိုင်းယားရီးနဲ့ လွဲသွားပြီလို့ ထင်လိုက်ပါတယ်။

အဲဒီအချိန်မှာ သူမ ထွက်ပေါ်လာတယ်။ သံသယဖြစ်စရာ လုံးဝမရှိ ပါဘူး။ သူမ ဖော်ပြခဲ့တဲ့ပုံစံကလည်း အတိအကျပဲ။ အရပ်မြင့်တယ်တဲ့။ ဒေါက် မြင့်ဖိနပ်နဲ့ဆိုရင် ခြောက်ပေလောက်ရှိတယ်။ ပိန်ပိန်သွယ်သွယ်ပဲ။ နက်မှောင် သန့်စွမ်းတဲ့ ဆံပင်ရှည်ကြီးနဲ့။ ဒီဇိုင်းယားရီး သူ့ပုံစံကို ပြောပြတုန်းက အရေးကြီး တဲ့စကားတစ်ခု ချန်သွားခဲ့တယ်။ အဲဒီစကားက 'လှတယ်' ဆိုတဲ့ အချက်ပါပဲ။ လူတွေအများကြီးထဲမှာ ဒီဇိုင်းယားရီးရဲ့အလှက ထူးထူးခြားခြား ပေါ်လွင်နေ တယ်။ ပါးရိုးမြင့်မြင့်က ထူးခြားတယ်။ သူမကို ရုပ်ရည်ကြည့်ပြီး ဘယ်နိုင်ငံ သားရယ်လို့ ခွဲခြားပြောဖို့ရာ ခက်ပါတယ်။ လက်တင်လို့ မပြောနိုင်သလို ဥရောပတိုက်သူလို့လည်း မဆိုနိုင်ပြန်ဘူး။ အနီးစပ်ဆုံးပြောရရင် အမေရိကန်

http://www.cherrythitsar.org



အင်ဒီးယန်း အချောစား မိန်းကလေးတစ်ယောက်လို့ပဲ ဆိုရပါလိမ့်မယ်။ သူချောပုံကို 'ကယ်(လ)ဗင်ကလိုင်း' (အမေရိကန်အလှကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း) ကုမ္ပဏီကထုတ်တဲ့ ပစ္စည်းတစ်ခုနဲ့ တင်စား ပြောရမလိုဘဲ။

အနားကိုနီးလာလေလေ သူ့အလှက ပိုပြီးပီပြင်လာလေပါပဲ။ ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေမိတယ်။ ကလေးမလေးက ပရက်စလေနဲ့ သိပ်တူတာပဲ။ တူတာမှ ကိုယ်ပွားတစ်ခုလို တူတာမို့ ကြက်သီးမွေးညင်းတောင် ထသွားမိတယ်။ အနားရောက်လာတော့ သူ့မျက်မှန်ကို သတိထားကြည့်လိုက်မိတယ်။ ကိုင်းက အဖြူတစ်ဖက်၊ အနက်တစ်ဖက်။ ဒါဆိုရင် လူမှားစရာအကြောင်း မရှိတော့ဘူးပေ့ါ။ ဒီဇိုင်းယားရီးနဲ့ ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်ရတယ်။ သူမက အစစ အရာရာ နှုတ်လုံလွန်းပါတယ်။ ယုတ်စွအဆုံး သူမရဲ့ ခရီးစဉ်က ဘာအတွက် သွားတယ်ဆိုတာတောင် မပြောပါဘူး။ အဲဒီအတွက် တော်တော်ကလေး အံ့သြမိတယ်။ တယ်လီဖုန်းနဲ့ အကြိမ်ပေါင်းများစွာ စကားပြောခဲ့ဖူးတယ်။ အင်တာဗျူးအကြောင်းလည်း ဆွေးနွေးဖူးတယ်။ စိတ်ထဲမှာ တွက်ထားတာက တွေ့ရင် သူကပဲ ဒီကိစ္စ စ,ပြောလိမ့်မယ်ပေ့ါ။

ဒီဇိုင်းယားရီးက အဲဒီလို မဟုတ်ဘူး။

စာနယ်ဇင်းသမား သက်တမ်းတစ်လျှောက် အတွေ့အကြုံအရ အခြေအနေကို သိလိုက်တယ်။ အင်တာဗျူးလုပ်ခဲ့တဲ့သူပေါင်း နှစ်ထောင်ကျော် ရှိခဲ့ပြီပဲ။ ကလေးမ ကြောက်နေတယ်။ တုန်လှုပ်နေတယ်။ သူ့ကိုယ်သူ မရေမရာဖြစ်နေတယ်။ မေးခွန်းအမှားတစ်ခု စမေးလိုက်ရင် ချက်ချင်း ထွက်ပြေးမယ့်ပုံစံပဲ။ သူ့ပုံစံက ရဲရင့်ဟန်ရှိပေမယ့် တကယ်တော့ ရှက်နေတယ်။ ရိုးသားဖြူစင်တဲ့ အသက် နှစ်ဆယ့်ငါးနှစ်အရွယ် မိန်းကလေး တစ်ယောက်။ စာပေသမားတစ်ယောက်ကတစ်ဆင့် သူ ဘယ်သူဘယ်ဝါဖြစ်ပါတယ်ဆိုတာ အသိပေးရတော့မှာဆိုတော့ တုန်လှုပ်နေတာပေ့ါ။ ဇာတ်လမ်းကို ဘယ်လိုရေးရမှန်း မသိသေးပေမယ့် လက်ရှိအခြေအနေကိုတော့ ကျွန်တော် ဖြေရှင်းတတ်ပါတယ်။

စကားနည်းနည်းပါးပါး ပြောကြပြီးတော့ ဝိုင်တစ်ခွက်စီ သောက်ကြတယ်။ သူမ ရယ်ရယ်မောမော ဖြစ်လာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ တစ်နာရီလောက်ကြာတော့ ဒီဇိုင်းယားရီး ပုံမှန်အခြေအနေ ရောက်နေပြီ။

'အိုကေ. . . မေးခွန်းတွေ စတော့. . . '

ရုတ်တရက် ကလေးမကပြောလာတော့ လန့်သွားမိတယ်။ ဒီဇိုင်းယားရီးကိုမေးဖို့ မေးခွန်းတွေ တစ်လှေကြီး ပါလာခဲ့ပါတယ်။ ဒါပေမယ့် သူ့ဘက်က

http://www.cherrythitsar.org



အဖြေလုံးဝမရှိဘူး။ သူ့အမေနဲ့ ပရက်စလေတို့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး မေးတဲ့ ပထမဆုံးမေးခွန်းဆယ်ခုကို 'ကျွန်မ မသိပါဘူး' တို့၊ ပခုံးတွန့်ပြတာတို့နဲ့ပဲ ဖြေသွားတယ်။ သူ့အမေနဲ့ ပရက်စလေတို့ ဘယ်မှာ တွေ့ခဲ့ကြတယ်၊ ဘယ်လို တွေ့ခဲ့ကြတယ်၊ ဘယ်လောက်ကြာတဲ့အထိ အဆက်အသွယ်ရှိခဲ့ကြတယ်ဆိုတာ လည်း မသိဘူး။ အချုပ်ပြောရရင် သူဟာ ပရက်စလေ့သမီးပါလို့ ဘာကြောင့် ပြောနိုင်တယ်ဆိုတာတောင် မသိပါဘူး။ သူ့ကိုယ်သူ ပရက်စလေ့သမီးပါဆိုတာ ပဲ ပြောနိုင်တယ်။ အင်တာဗျူးအတွေ့အကြုံ နည်းတဲ့သူတစ်ယောက်သာ ဆိုရင် တော့ ဒီကောင်မလေး ညာနေတာလို့ ပြောဖြစ်လိမ့်မယ်။ ကျွန်တော့် သက်တမ်း တစ်လျှောက်မှာ လူညာတွေလည်း တွေ့ခဲ့ဖူးတာပဲ။ ပိပိရိရိလိမ်တတ်တဲ့လူတွေ ကို အလိမ်ဖော်စက်နဲ့ စစ်ကြည့်။ ဂုဏ်ထူးနဲ့အောင်အောင်တောင် ဖြေနိုင်ကြလိမ့် မယ်။ ဒါပေမယ့် ညာနေတယ်ဆိုတာ သိနေတာပဲ။ မေးခွန်းတွေကို ချောချော မွေ့မွေ့ဖြေနိုင်အောင် လေ့ကျင့်ထားမယ်။ အမူအရာက ကောင်းမယ်။

ဒီဇိုင်းယားရီးကိုကြည့်ရတာ ဒီလိုလိမ်လည် လှည့်ဖြားနေတဲ့ အမူအရာ ပုံစံ လုံးဝမရှိဘူး။ ပကတိရိုးသားဖြူစင်နေတယ်။ ကျွန်တော့်အနေနဲ့ သူ့ကို ဘာကြောင့် ပိုပြီး စိတ်ချသွားသလဲဆိုတော့ ပရက်စလေနဲ့ပတ်သက်ပြီး ဗဟုသုတ သူ့မှာ နည်းပါးလွန်းလို့ပါပဲ။ လိမ်ချင်တဲ့သူသာဆိုရင်တော့ ပရက်စလေနဲ့ ပတ်သက်ပြီး အသေးစိတ် အချက်အလက်ကလေးကအစ လေ့လာပြီး သူဆင်တဲ့ ဇာတ်လမ်းထဲမှာ အကွက်ကျကျ ထည့်ပြောသွားလိမ့်မယ်။ ဒီဇိုင်းယားရီးက တော့ ပရက်စလေ ဘယ်တုန်းက စစ်မှုထမ်းခဲ့တယ်ဆိုတာတောင် မသိပါဘူး။ ဒီအချက်က သာမန်စိတ်ဝင်စားသူတစ်ယောက်တောင် သိနိုင်တာပဲ။ ဒီဇိုင်းယား ရီးရဲ့မွေးနေ့က ပရက်စလေစစ်မှုထမ်းဖို့ဝင်တဲ့ရက်နဲ့ တော်တော်ကလေး ကပ်နေ တယ်။ အဲဒါတောင် သူ မသိဘူး။ သူပြောနေတာ အမှန်တွေချည်းပဲ။ သူသိမှျ နည်းနည်းပါးပါးပဲ ကျွန်တော့်ကို ပြောနေတယ်ဆိုတာ အမှန်ပါပဲ။

ကျွန်တော့် အင်တာဗျူးက ခရီးမပေါက်မှန်း သိတော့ ဒီဇိုင်းယားရီးက ခပ်ဟဟကလေးရယ်ပြီး 'အမေနဲ့တွေ့ဖို့ကောင်းတယ်၊ ဒီမေးခွန်းတွေကို အမေ ပဲ ဖြေနိုင်ပါလိမ့်မယ်' လို့ဆိုတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း သူ့အမေကို တွေ့ချင်တာပါပဲ။ နောက်ထပ် သုံးလ ကြာသွားပြန်ပါတယ်။ ဒီအတောအတွင်း မှာ ဒီဇိုင်းယားရီးနဲ့ သူ့အမေ ဘယ်လို တိုက်ပွဲတွေ နွှဲကြသလဲတော့ ကျွန်တော် မသိဘူး။ အမေဖြစ်တဲ့ လူစီက ဖြစ်ခဲ့သမျှ ပြည်ဖုံးကား ချထားချင်တယ်။ ဒီဇိုင်းယားရီးကတော့ သူ့ဘဝအတွက် အရေးပါအရာရောက်တဲ့ကိစ္စဖြစ်လို့ ဖွင့်

http://www.cherrythitsar.org



ပြောစေချင်တယ်။ ပြောအောင်လည်း တိုက်တွန်းတယ်။

နောက်ဆုံးတော့ လူစီက ကျွန်တော့်ကို ဒါးလက်(စ)မြို့က Marriot Guorum မှာ ဆုံတွေ့ဖို့ သဘောတူလိုက်ပါတယ်။ ကျွန်တော့်ကို အင်မတန်သေး ကွေးပြီး အနက်ရောင်ဆံပင်၊ တောက်ပတဲ့ မျက်လုံးစိမ်းစိမ်းတွေရှိပြီး ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီးတစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။ သူ့အပြုံးတွေက တောက်ပပေမယ့် အသက်မပါသလိုဘဲ။ အဲဒါ ပရက်စလေရဲ့ချစ်သူ လူစီပါပဲ။ တွေ့စ ပထမနေ့မှာတော့ ဟိုဟိုဒီဒီ လျှောက်လည်ကြရင်း တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုရအောင် ကြိုးစားပါတယ်။ ဒုတိယနေ့ မွန်းလွဲပိုင်းမှ လူစီက စ,စကားပြောပါတယ်။ စပြီး ငိုပါတယ်။ အဲဒီနေ့ကစပြီး လူစီ့ခံစားချက်ကို ရင်နာနာနဲ့ နားထောင်ခဲ့ရတာ နောက်ထပ် လပေါင်းနှစ်ဆယ်ထိပါပဲ။ လူစီ့အဖြစ်က ကြေကွဲဝမ်းနည်းစရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ အချစ်ဆိုတဲ့ သာမန်စကားလုံးလေး တစ်လုံးကနေ ပေါက်ဖွားလာခဲ့တဲ့ ဇာတ်လမ်း၊ ဇာတ်လမ်းရဲ့ နောက်ကွယ်မှာ လျှို့ဝှက်ထားတဲ့ သမီးတစ်ယောက် ရှိခဲ့တယ်။ သမီးနဲ့ ပရက်စလေရဲ့ ထင်ပေါ်ကျော်ကြားမှုမှာ မဝေခွဲနိုင်ဘဲ မျိုသိပ်နေခဲ့ရတဲ့ မိန်းမသားတစ်ယောက်ရဲ့ အဖြစ်ပါ။ သူမဟာ လူငယ်ကလေးတစ်ယောက်နဲ့ ချစ်ခဲ့တယ်။ အောင်မြင်တဲ့သူကို ချစ်ခဲ့တာမဟုတ်ပါဘူး။ လူတစ်ယောက်ကို ချစ်ခဲ့တယ်။ စူပါစတား တစ်ယောက်ကို ချစ်တာမဟုတ်ပါဘူး။ သူတို့နှစ်ယောက် ဆက်ဆံရေးဟာ အလျှံညီးညီး တောက်လောင်မှုအဆင့်အထိ မရောက်ခဲ့သလို ဘယ်တော့မှလည်း အေးစက်မသွားခဲ့ပါဘူး၊ ဆယ့်ခြောက်နှစ်သမီးအရွယ် ပထမဆုံးအကြိမ် ချိန်းတွေ့ခဲ့ရာက ပေါက်ဖွားလာတဲ့အချစ်ကို နှစ်ဆယ့်လေးနှစ်လုံးလုံး ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခဲ့တယ်ဆိုတော့ လူစီ့အချစ်က အိပ်မက်ထဲက အချစ်ကို မပုပ်မသိုးသွားရအောင် အအေးခန်းထဲမှာ ထည့်ထားတာနဲ့တူတယ်။

လူစီ့ဘဝ အစအဆုံး ပြောပြနိုင်ဖို့ နှစ်,နှစ်အချိန်ယူခဲ့ရပါတယ်။ အသေးစိတ်အချက်အလက်ကလေးတွေက သူ့နှလုံးသားရဲ့ အနက်ရှိုင်းဆုံး တစ်နေရာမှာ မြှုပ်နှံထားတာကြာပြီဆိုတော့ အပြည့်အစုံ ဆက်စပ်ယူနိုင်ဖို့အတွက် တစ်စချင်း ဆွဲထုတ်ယူရပါတယ်။ ကျွန်တော်တို့နှစ်ယောက် တစ်ကြိမ်တွေ့တိုင်း လူစီ့ခမျာ စိတ်ပန်းလူနွမ်းဖြစ်ကျန်ရစ်ခဲ့တာချည်းပါပဲ။ ကျွန်တော့်အနေနဲ့ သားသေတဲ့အမေ၊ ခင်ပွန်းသည်တွေဆုံးရှုံးခဲ့ရတဲ့ ဇနီးမယားတွေ၊ အဓမ္မအကျင့်ခံခဲ့ရတဲ့ မိန်းကလေးတွေစသဖြင့် ဝမ်းနည်းကြေကွဲစရာ ဖြစ်ရပ်မျိုးစုံနဲ့ ကြုံတွေ့ရဖူးသူပေါင်းများစွာကို အင်တာဗျူး လုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် လူစီ့လို နှလုံးသားတစ်စစီ

http://www.cherrythitsar.org



ဖွဲ့ခြွေပြောရတဲ့ သူမျိုးနဲ့ တစ်ကြိမ်မှ မဆုံဖူးပါဘူး။

ဒီဇိုင်းယားရီးလိုပဲ လူစီဟာလည်း ပရက်စလေနဲ့ပတ်သက်ပြီး သူနဲ့ပတ်သက်တာပဲ ပြောနိုင်တယ်။ တခြားကိစ္စတွေ သူ ဘာမှ မသိပါဘူး။ သာမန်ပရိသတ်တွေတောင် သိတဲ့ကိစ္စမျိုးကိုတောင်မှ လူစီ မသိပါဘူး။ ပရက်စလေတပ်ထဲဝင်တဲ့နေ့အတိအကျကို သူမသိဘူး။ အစွန်ဆုံးပြောရရင် သူမရဲ့ သွေး အုပ်စု၊ ပရက်စလေရဲ့ သွေးအုပ်စုနဲ့ သမီး ဒီဇိုင်းယားရီးရဲ့ သွေးအုပ်စုကိုလည်း မသိဘူး။ ပရက်စလေနဲ့ ပတ်သက်ပြီး တချို့စာအုပ်တွေက လုပ်ကြံလီဆည် ပြီး ရေးကြတဲ့အကြောင်းတွေလည်း သူမသိဘူး။ သူသိတာက သူနဲ့ ပရက်စလေရဲ့ဆက်ဆံရေး။ ဒါပဲ သူသိတယ်။ သူပြောတဲ့အချက်အလက်တချို့ကို ကျွန်တော် က ပရက်စလေရဲ့ အရင်းနှီးဆုံး လူတချို့ကို မေးမြန်းတိုက်ဆိုင်ကြည့်တော့ မှန်နေတာတွေ့ရတယ်။

လူစီပြောသမျှ အားလုံး အမှန်ချည်းပဲဆိုတာ တွေ့ရတယ်။

လူစီက သူ့ကို ပရက်စလေက ချစ်ခဲ့တယ်ဆိုတဲ့အကြောင်း၊ သူဘယ်လောက်ချစ်ခဲ့တယ်ဆိုတဲ့အကြောင်းကို ပြောပြရာမှာ အသေးစိတ် အချက်အလက်လေးတွေကအစ တိတိကျကျ ပြောနိုင်ခဲ့တယ်။ သူတို့နှစ်ယောက် စတွေ့ကြတဲ့ ၁၉၅၃ ခုနှစ်ကအစ၊ ၁၉၇၇ ခုနှစ် ဩဂုတ်လ (၁၆)ရက် ပရက်စလေကွယ်လွန်တဲ့နေ့အထိ ပြောပြခဲ့ပါတယ်။

ဒီစာအုပ်ကို ရေးတဲ့နေရာမှာ လူစီက အချက်အလက်အားလုံး မခြွင်းမချန် ရေးစေပါတယ်၊ သူ့ကို ထိခိုက်မယ့်ကိစ္စပဲဖြစ်ဖြစ်၊ ပရက်စလေကို ထိခိုက်မယ့်ကိစ္စပဲဖြစ်ဖြစ် အားလုံးကို မှတ်တမ်းတစ်ခု ဖြစ်စေချင်တဲ့ သဘောပါပဲ။ ပရက်စလေ ပရိသတ်အနေနဲ့ ကိုယ်တိုင်မေးချင်ကြမယ့် မေးခွန်းအားလုံးကို လူစီက ပရက်စလေကို မေးခဲ့ပါတယ်။ မူးယစ်ဆေးဝါးကိစ္စ၊ ကိုယ့်ကိုယ်ကို ဖျက်ဆီးတဲ့ကိစ္စ၊ မိန်းမမူပွေတဲ့ကိစ္စ။ ကာနယ်(လ)ပါကားကို ဘာကြောင့်လက်မလွှတ်နိုင်ဘဲ ဖက်တွယ်ထားရသလဲ။ ပါးမြိုင်းမွေးရှည်ထားတဲ့ လူတစ်စုရဲ့ ပတ်ဝန်းကျင်မှာ သူဘာကြောင့် ရုန်းမထွက်နိုင်ဘဲ ကျင်လည်နေရသလဲ။ 'ပရစ်ဆေလာ' ကို ဘာကြောင့် လက်ထပ်ပြီးမှ လျစ်လျူရှုထားခဲ့တာလဲ။ ဒီမေးခွန်းတွေကို ပရက်စလေက ဖြေခဲ့တယ်။ လူစီဆိုတာ သူအောင်မြင်မှု မရခင်ကတည်းက ချစ်ခင်စွဲလမ်းခဲ့တဲ့ မိန်းမ၊ သူ ယုံကြည်အားထားတဲ့ မိန်းမဖြစ်လေတော့ သူဖြေခဲ့တယ်၊ လူစီကတစ်ဆင့် ကျွန်တော်တို့အနေနဲ့ ပရက်စလေရဲ့ အတွင်းစိတ်ကို သိခွင့်ရနိုင်ပါတယ်။ လူစီအနေနဲ့ ပရက်စလေရဲ့ အနီးကပ်ဆုံး

http://www.cherrythitsar.org



လူတွေကိုတောင် မသိနိုင်ခဲ့တဲ့ အချက်အလက်များနဲ့ ပရက်စလေရဲ့ ဘဝဇာတ်ကြောင်းကို ပုံတူပန်းချီကားတစ်ချပ် ရေးဆွဲသလို ရေးနိုင်ခဲ့ပါတယ်။

လူစီက သူ့နှလုံးသားထဲမှာ စွဲထင်ကျန်ရစ်ခဲ့တာ အားလုံးကို အိတ်သွန်ဖာမှောက် ပြောပြခဲ့တယ်။ နှစ်ဆယ့်လေးနှစ်တာ ကာလကို အသေးစိတ် ပြောရတာဆိုတော့ တချို့အချက်အလက်တွေက ခင်ဗျားတို့ ကျွန်တော်တို့ မေ့သလို မေ့ကျန်တာတွေလည်း ရှိတာပေါ့လေ။ အပြန်အလှန် ပြောစကားတွေကို ခုထက်ထိ အတိအကျ ပြောနိုင်သေးပေမယ့် ဘယ်နှစ်ဘယ်အချိန်က ပြောခဲ့တယ်ဆိုတာကိုတော့ သူ သိပ်မမှတ်မိတော့ဘူး။ ဥပမာအားဖြင့် နှစ်ယောက်ချိန်းတွေ့တဲ့ ဟိုတယ်ရဲ့ ကော်ဇောအရောင်၊ ခန်းဆီးအရောင်တို့ကို မှတ်မိပေမယ့် ဟိုတယ် နာမည်ကိုတော့ မမှတ်မိတော့ဘူး။ သူ့ဆီက အပိုင်းအစတွေ တူးဆွဖော်ထုတ်တဲ့နေရာမှာ ကျွန်တော် မညာမတာ မေးခဲ့တယ်။ သူကပြောလိုက်၊ ကျွန်တော်က မေးလိုက်နဲ့ အတူတူ အလုပ်လုပ်ခဲ့ကြရတာ လူပင်ပန်းတာထက် စိတ်ပင်ပန်းမှုက ပိုခဲ့ပါတယ်။

လူစီပြောတဲ့ စကားအားလုံးမှန်တယ်၊ မမှန်ဘူးဆိုတာကို စိတ်ပညာပါရဂူတစ်ဦးဖြစ်တဲ့ မိုင်ယာမီ ဆေးတက္ကသိုလ်က စိတ်ပညာပါမောက္ခ Ginette Dreytuss-Diederich (စိတ်ပညာဆိုင်ရာ အရေးပေါ် ကုသရေးအဖွဲ့ ညွှန်ကြားရေးမ-း၊ Jackson Memorial Hospital ရဲ့ စိတ်ပညာဆရာဝန်လည်းဖြစ်ပါတယ်)ရဲ့ အဖြေစကားက ကျွန်တော့်ကို ရှင်လန်းတက်ကြွစေခဲ့ပါတယ်။ သူက. . .

'မိန်းမတစ်ယောက်ဟာ သူချစ်တဲ့သူနဲ့ အချိန်ကာလတိုတိုကလေးအတွင်းမှာပဲ ဆုံစည်းခွင့် ရခဲ့တယ်ဆိုရင် ဒီမိန်းမဟာ ဒီကာလတိုကလေးနဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို တစ်သက်လုံးတသသရှိနေလိမ့်မယ်။ လူစီရဲ့ ကိစ္စမှာတော့ ဒီထက်ပိုတယ်။ ဆိုးရွားလှတဲ့ သူ့ဘဝကြီးထဲမှာ ပရက်စလေနဲ့ တွေ့နေရတဲ့ အချိန်ကာလလေးတွေဟာ သာယာကြည်နူးစရာ အချိန်ကလေးတွေ ဖြစ်နေမယ်။ ဘဝမုန်တိုင်းထန်နေတဲ့ မိန်းမတစ်ယောက်က ခဏနားခိုခွင့်ရတဲ့ သာယာကြည်နူးမှုကို အမြဲအမှတ်တရ ရှိနေမှာပေါ့။ အသေးစိတ်မှတ်မိနေတယ်ဆိုတာ ကျွန်တော် မအံ့ဩပါဘူး။ ဒီလိုပဲ ဖြစ်မယ်ဆိုတာ မျှော်လင့်ပြီးသားပါ' တဲ့။

ဒီလိုပြောလိုက်လို့ လူစီက သူ့အလိုအလျောက် စိတ်ဝင်တစား ပြောတာလို့တော့ မှတ်ယူလို့မရဘူး။တချို့ကိစ္စတွေဟာ သူ့အတွက် နာကြည်းစရာကောင်းလွန်းလို့ ဖွင့်မပြောဘဲ ထိမ်ချန်ထားတာတွေလည်း အများကြီးရှိတယ်၊ ဖွင့်ပြောသမျှ

http://www.cherrythitsar.org



အားလုံးကတော့ မုသားတစ်ခုမှ မပါဘဲ အမှန်တရားတွေချည်းပြောသွားခဲ့တာပါ။ သူ ဖွင့်မပြောတာတွေကို ကျွန်တော် ဖော်ထုတ်မေးမြန်းနိုင်ခဲ့ပါတယ်။ ချန်လှပ်ထားတာတွေကို မလွှဲသာလို့ ပြောပြရာမှာ သူ့ဘက်က အသည်းခိုက်အောင် နာကျင်ခံစားရတယ်ဆိုတာ သဘောပေါက်ခဲ့ရပါတယ်။ ဖုံးကွယ်ထားတာကို တူးဆွဖော်ထုတ်တတ်တဲ့ စာနယ်ဇင်းသမားရဲ့ ဉာဉ်ကြောင့် နောက်ဆုံးမှာတော့ လူစီ လုံးဝ ဖုံးကွယ်ထားတဲ့ ကိစ္စအားလုံး မကြွင်းမကျန် ပေါ်လာခဲ့ပါတော့တယ်။

နောက်ဆုံး အံ့ဩစရာကောင်းတဲ့အချက်တစ်ခု ပြောပြချင်ပါသေးတယ်။ နာရီပေါင်းများစွာ မျက်ရည်တွေ၊ နှလုံးသား နာကျင်ပေါက်ကွဲမှုတွေ စတေးပြီး ဒီစာအုပ်ဖြစ်မြောက်ရေးအတွက် ကျွန်တော်နဲ့အတူတကွ လက်တွဲလုပ်ခဲ့ကြပေမယ့် လူစီနဲ့ သူ့သမီး ဒီဖိုင်းယားရီးတို့ဟာ အကျိုးအမြတ် တစ်ပြားတစ်ချပ်မှ မတောင်းခံခြင်းပါဘဲ။ တကယ်လို့ ဒီအကြောင်းတွေကို မဂ္ဂဇင်းတစ်ခုမှာ အခန်းဆက်ဖော်ပြမယ်ဆိုရင် ကျွန်တော်က စာမူခရမယ်။ လူစီကတော့ ကျွန်တော့်ဆီက 'ကျေးဇူးတင်ပါတယ်' ဆိုတဲ့ စကားတစ်ခွန်းပဲ ရလိမ့်မယ်။ ဒီအကြောင်းတွေအားလုံး ဖော်ထုတ်ပြောရတဲ့ လူစီ့ဘက်ကအရင်းအနှီးက ကြီးလှပါတယ်။ ဒါကြောင့် ကျွန်တော်ကပဲ လူစီ့ကို လုံးချင်းတစ်အုပ် ရေးပါလားလို့ အကြံပေးတယ်။ လူစီက ငြင်းပါတယ်။ သူ့စိတ်ထဲမှာ ဒီလိုစာအုပ်တစ်အုပ်ထုတ်လိုက်တဲ့အတွက် သူနဲ့ ပရက်စလေရဲ့ ဆက်ဆံရေးအပေါ်မှာ သူ အမြတ်ထုတ်ရာ ရောက်သွားမယ်လို့ ထင်နေတယ်။ သားအမိနှစ်ယောက်စလုံးက ပရက်စလေ ကျန်ရစ်ခဲ့ အမွေပစ္စည်း တစ်စုံတစ်ရာကိုမှ မမက်မောတဲ့အပြင် စာအုပ်ထုတ်လို့ရမယ့် ပိုက်ဆံကိုပါ စွန့်ကြတယ်။ လောဘနည်းခြင်းဟာ ကောင်းတယ်ဆိုပေမယ့် တစ်သက်လုံးလျှို့ဝှက်လာခဲ့တဲ့ကိစ္စ မပေါ်ပေါက်ဘဲ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ကျွန်တော့်မှာ ဉာဏ်အမျိုးမျိုးနဲ့ လှည့်ပတ်ပြီး လူစီ့ကို သူ့ဘဝဇာတ်ကြောင်း တစ်ထောင့်တစ်ည ပုံပြင်ရှည်ကြီးကို ပြောပြခိုင်းရတယ်။

နောက်ဆုံးတစ်ကြိမ် တွေ့လိုက်ရတဲ့ အင်တာဗျူးက ကျွန်တော့်ကိုယ်ပေါ်ကို ဗုံးတစ်လုံးပစ်ချလိုက်သလို ခံစားလိုက်ရပါတယ်။ ကျွန်တော်မေးသမျှ ဒီဖိုင်းယားရီး မဖြေခဲ့တာ သူမကိုယ်တိုင် ဘာမှ မသိလို့ဆိုတဲ့ အဖြေထွက်သွားလို့ပါပဲ။ သူမ သိတာက သူမဟာ ပရက်စလေရဲ့ သမီးဖြစ်တယ်ဆိုတဲ့ အချက်တစ်ခုပဲသိတယ်။ တခြားဘာမှ မသိဘူး။ လူစီ့အနေနဲ့ သူ့သမီးကို ဖြစ်ပျက်ခဲ့သမျှအကြောင်းတွေ ပုံပြင်ရှည်ကြီးတစ်ခုလို ပြောပြချင်တယ်။ ဒါကြောင့်လည်း

http://www.cherrythitsar.org



နောက်ဆုံး သူဖွင့်ချလိုက်တာပါပဲ။

ကျွန်တော်ကတစ်ဆင့် သူ့သမီး ဒီဇိုင်းယားရီးကို သူမအနေနဲ့ ပရက်စလေနဲ့ ပျော်ခဲ့ရတဲ့အချိန်လေးတွေအကြောင်း မျှဝေခံစားနိုင်သလို သမီးနဲ့ပတ်သက်ပြီး ဘာကြောင့် လျှို့ဝှက်ခဲ့ရတယ်ဆိုတဲ့ အကြောင်းတွေကိုလည်း ပြောပြခွင့်ကြုံသွားပါတယ်။ နှစ်ယောက်တည်း သိခဲ့တဲ့ဇာတ်လမ်းကို ပရိသတ်ဆီ ချပြတာလည်း သင့်တော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပရက်စလေဟာ ပရိသတ်အားလုံးနဲ့ ဆိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်နေလို့ပါပဲ။ ယုတ်စွအဆုံး သူ့ဘဝဟာလည်း ပရိသတ်နဲ့ဆိုင်နေတယ်။ နှစ်ယောက်တည်း သိခဲ့ကြတဲ့ အချစ်ဇာတ်လမ်းကို လုံးဝ မပေါက်ကြားစေရအောင် ပိတ်ပင်ထားခဲ့တာလည်း လူစီဆန္ဒကြောင့်ပါ။ ပရက်စလေရဲ့ ဆန္ဒကြောင့် မဟုတ်ပါဘူး။ နောက်ဆုံးမှာ သမီးမွေးလာတော့ ပရိသတ်မပြောနဲ့ ပရက်စလေတောင် သိခွင့်ရမသွားခဲ့ပါဘူး။

တကယ်လို့ ပရက်စလေသာ သိခဲ့ရင် ကမ္ဘာကို ကြေညာခဲ့မှာ အမှန်ပါ။

**ဒါရီမာတီရာ**

http://www.cherrythitsar.org



## လူစီဒီဘာဘင်၏ စကားဦးနိဒါန်း

အဲ(လ)ဗစ္စ ဖြစ်ပျက်ခဲ့တာတွေနဲ့ပတ်သက်လို့ ကျွန်မအပြစ်တင်ချင်တာတွေ အများကြီးပါပဲ။ သူ့နားမှာဝိုင်းနေတဲ့ သူတွေဟာ သူ့ကို ကာကွယ်စောင့်ရှောက်ဖို့ သင့်ကြပေမယ့် သူတို့ကိုယ်တိုင်က အဲ(လ)ဗစ္စကို ဒုက္ခပေးခဲ့ကြသလို သူ့ကိုယ်သူ ဒုက္ခပေးအောင်လည်း သူတို့က ခွင့်ပြုထားခဲ့ကြတယ်။ သူက သိပ်ယုံလွယ်တယ်။ ပြီးတော့ စိတ်ထိခိုက် လွယ်ရှားလွယ်တယ်။ သူ့အပေါ် သစ္စာဖောက်သွားကြတဲ့ သူတွေက သူတို့ထင်တာထက် သူ့ရင်မှာ ပိုပြီး နက်နက်ရှိုင်းရှိုင်း ထိခိုက်စေခဲ့တာ အမှန်ပါပဲ။ ကျောခိုင်းထွက်ခွာသွားတဲ့ အဲ(လ)ဗစ္စရဲ့ မိတ်ဆွေတိုင်းက သူ့နှလုံးသားကို တစ်ဖဲ့စီ ခြွေသွားကြသလိုပါပဲ။

ကျွန်မအခန်းကဏ္ဍကို ကျွန်မ ကခဲ့တယ်။ သူမသိအောင် လျှို့ဝှက်ချက်တစ်ခုထားခဲ့တယ်။ ဒီလျှို့ဝှက်ချက်က ကျွန်မတို့နှစ်ယောက်စလုံးကို ဘဝပျက်လုမတတ် ဖြစ်စေခဲ့ပါတယ်။

ပျက်စေခဲ့တာလည်း ဖြစ်နိုင်တာပဲ။

ကျွန်မ မသိဘူး။

အဲ(လ)ဗစ္စရဲ့ ဘဝနိဂုံး ဆိုးဆိုးရွားရွား အဆုံးသတ်လိမ့်မယ်ဆိုတာ ကျွန်မကြိုတင်သိမြင်ခွင့်သာ ရခဲ့ပါရင် သူ့ဘဝ ဒီထက် နည်းနည်းကလေး အသက်ပိုရှည်လိမ့်မယ်လို့ ကျွန်မထင်ပါတယ်။ တစ်ဖက်က တွေးကြည့်ပြန်တော့လည်း သူ့ဘဝ ဒီလိုဖြစ်သွားစေခဲ့တဲ့ အကြောင်းရင်းတွေထဲမှာ ကျွန်မကြောင့်လည်း တစ်စိတ်တစ်ဒေသ ပါကောင်းပါနိုင်ပါတယ်။

ကျွန်မ မသိတော့ပါဘူး။

နောက်ကြောင်း ပြန်တွေးကြည့်ရင် ဘာကိုမှ မသိခဲ့ခြင်းက ကျွန်မရင်ကို ပြင်းပြင်းထန်ထန် နာကျင်စေပါတယ်။ တကယ်လို့ ကျွန်မ ဆုံးဖြတ်ချက်ဟာ မှားယွင်းခဲ့တယ်ဆိုရင် ဘုရားသခင် ခွင့်လွှတ်တော်မူလိမ့်မယ်လို့ ယုံကြည်ပါ

http://www.cherrythitsar.org



တယ်။ ကျွန်မဟာ အဲ(လ)ဗစ္စရဲ့ ဇနီးမယားဖြစ်လိုခြင်းထက် ဘယ်အရာကိုမှ ပိုပြီး မလိုလားခဲ့ပါဘူး။ သူ ကျွန်မကို လက်ထပ်ခွင့် ကြိမ်ဖန်များစွာ တောင်းခဲ့ဖူးပါတယ်။ ကျွန်မ တစ်ယောက်တည်းအတွက်သာ တွေးမယ်ဆိုရင်တော့ သူ့ရင်ခွင်ထဲ ပြေးဝင်လိုက်ဖို့ရာ အလွယ်ကလေးပေါ့။ အဲဒီလိုလည်း လုပ်ချင်ပါရဲ့၊ ဒါပေမယ့် ကျွန်မ မလုပ်ခဲ့ပါဘူး။ ကျွန်မ ဒီလိုသာလုပ်ခဲ့မယ်ဆိုရင် ထိခိုက်နစ်နာသွားမယ့်သူတွေ အများကြီးရှိခဲ့တာကိုး။ သူနဲ့အတူနေဖို့ မျှော်လင့်ချက်ကို ကျွန်မ ဘယ်တုန်းကမှ အလျှော့မပေးခဲ့ပါဘူး။ သူ့ကို ကျွန်မ သိပ်ချစ်တယ်။ ကျွန်မတို့နှစ်ယောက် တန်ဖိုးထားခဲ့ကြတာ တစ်ခုက နှစ်ယောက်စလုံး ဒုက္ခတွေ ရင်ဆိုင်ရတဲ့နှစ်တွေ၊ ကာလတွေ တစ်လျှောက်လုံး အချစ်ကို အမြဲရှင်သန်အောင် သိုသိုသိပ်သိပ် ထားနိုင်ခဲ့ကြခြင်းပါပဲ။

ကျွန်မ သူ့အနားက ထွက်ပြေးဖို့ ကြိုးစားခဲ့တယ်။ ကျွန်မပုန်းနေခဲ့တယ်။ ကျွန်မ သူ့ကို အကာအကွယ်ပေးဖို့ ကြိုးစားခဲ့တယ်။ ကျွန်မတတ်နိုင်တာအားလုံး သူ့အတွက် လုပ်ပေးခဲ့ပါတယ်။ ခြွင်းချက်တစ်ခုတော့ ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ အဲ(လ)ဗစ္စ ကျွန်မကို မချစ်ဘဲနေနိုင်အောင် ကျွန်မ မကြိုးစားခဲ့ခြင်းပါပဲ။အဲဒါကတော့ ကျွန်မ မလုပ်နိုင်ခဲ့ဘူး။ ကျွန်မ သူ့ကို အရမ်းလိုအပ်ခဲ့လို့ပါပဲ။

သူဟာ လူတွေ မြင်နေကြတဲ့ 'မင်းသား' ဆိုတဲ့ ပုံရိပ်အောက်က ယောကျ်ားတစ်ယောက်ပါ။ မကြောက်မရွံ့ဘဲ ကျွန်မချစ်ခဲ့ရတဲ့ တစ်ဦးတည်းသော ယောကျ်ားပါ။ သူနဲ့မတွေ့ခင်ကဆိုရင် ကျွန်မ သိပ်ကြောက်တယ်။ သူနဲ့တွေ့တော့မှ နာကျင်ခြင်းဝေဒနာတွေ ပျောက်လွင့်သွားခဲ့တာပါ။ သူဟာ ခိုင်မာတည်ကြည်ပြီး သူ့ယုံကြည်ချက်တွေအတွက် အမြဲတမ်း ကိုယ့်ကိုယ်ကို သေချာမှု ရှိတဲ့လူပါ။ သူဟာ ညင်သာတယ်၊ ကြင်နာတယ်၊ သိမ်မွေ့တယ်၊ ချစ်တတ်တယ်။ ကျွန်မဘဝအတွက် သူဟာ ချစ်သူဖြစ်သလို ဘဝတစ်ခုလုံး ပံ့ပေးခဲ့တဲ့သူလည်း ဖြစ်ခဲ့ပါတယ်။

သူ့မှာ အမှားတွေရှိခဲ့တယ်။ ဒါကိုတော့ ကျွန်မ မငြင်းလိုပါဘူး။ အဲဒီအပြစ်ကလေးတွေဟာ သူကောင်းခဲ့တာတွေနဲ့ယှဉ်လိုက်ရင် အင်မတန်သေးငယ်သွားပါတယ်။ ကျွန်မအနေနဲ့ဆိုရင် သူ့ကို အပြစ်မြင်လို့တောင် မရတော့ပါဘူး။ သူနဲ့ပတ်သက်ခဲ့တာတွေကို ထုတ်ဖော် တင်ပြခြင်းအားဖြင့် သူ့အပေါ် မကောင်းမြင် မြင်တတ်ကြတဲ့ သူတွေအတွက် ကျွန်မတို့ အပြစ်ရှာခွင့် ပေးလိုက်ပါပြီ။ ကျွန်မအတွက် သူလုပ်ပေးခဲ့တာတွေ၊ ကျွန်မဘဝအတွက် သူဟာ ဘယ်လောက် အရေးပါခဲ့တယ် ဆိုတာတွေကို လေ့လာကြည့်ရင် သူဟာ တကယ့် ယောကျ်ား

http://www.cherrythitsar.org



ကောင်းတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ တွေ့ရပါမယ်။

သူနဲ့ပတ်သက်ခဲ့တဲ့ ကျွန်မဘဝအတွက် ပျော်စရာ၊ ကြည်နူးစရာ၊ အမွေကလေးတစ်ခု ကျွန်မ ရထားခဲ့ပါတယ်။ ကျွန်မသမီး ဒီဇိုင်းယားရီးကလေးဟာ ရုပ်ခန္ဓာကိုယ်အရ သိပ်လှသလို နှလုံးသားကလည်း လှပါတယ်။ သမီးကိုမြင်တိုင်း သူ့ကို ကျွန်မ သိပ်သတိရတယ်။ ခုတော့ သမီးက ကျွန်မ နှစ်ရှည်လများ ငြင်းပယ်ခဲ့တဲ့သူ ဘယ်သူလဲဆိုတာ အတိအကျသိချင်နေပြီ။ သမီးအတွက် ကျွန်မ စိတ်ပူတယ်။ သမီးက သူ့အဖေနဲ့သိပ်တူတယ်။ ဘယ်သူ ဘာပြောပြော နားထောင်တတ်တဲ့အကျင့်ရှိတယ်။ လူတကာကို ယုံလွယ်တယ်။ ရုပ်ရည်ချောမောလှပတဲ့ သမီးမှာ အားနည်းချက်တစ်ခုရှိတယ်။ အဲဒီအားနည်းချက်က သူ့အဖေ ပျက်စီးခဲ့ရတဲ့ အားနည်းချက်မျိုးပဲ။ သူ့အားနည်းချက်က လူတွေက အခွင့်အရေးယူကြတယ်။ အဲဒါကို ရှင်းပြဖို့ရာ တော်တော်ခက်ပါတယ်။ ဒါပေမယ့် အဲ(လ)ဗစ္စရဲ့ ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့သူတွေလည်း ဒါကိုသိကြမှာပါ။

တစ်စုံတစ်ယောက်ကြောင့် ကျွန်မသမီးလေး နာကျင်ခံစားရမှာကို ကျွန်မ သိပ်ကြောက်ပါတယ်။ သမီးဘဝမှာ နာကျင်ခံစားခဲ့ရပြီးပါပြီ။ ဒီလိုခံစားရအောင် လုပ်ခဲ့တဲ့သူက ကျွန်မ။ ဒီလိုလုပ်ခဲ့ရတာကလည်း ချစ်လွန်းလို့ဆိုတာ သမီး နားလည်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ သမီးအကြောင်း ဘာကြောင့် အဲ(လ)ဗစ္စကို မပြောခဲ့သလို အဲ(လ)ဗစ္စအကြောင်း သမီးကို ဘာကြောင့် မပြောခဲ့တာလဲဆိုတာ သမီးနားလည်နိုင်ပါစေလို့ဘုရားသခင်ထံမှာ ကျွန်မ ဆုတောင်းပါတယ်။ ဒီလိုမပြောခဲ့တာ သူတို့နှစ်ယောက်စလုံး ကာကွယ်ပေးခဲ့တာပါ။ ကျွန်မ ဒီလိုလုပ်ခဲ့တာ မှန်တယ်လို့လည်း ယုံကြည်ထားခဲ့ပါတယ်။

ခုတော့ ကျွန်မကိုယ် ကျွန်မ သိပ်မသေချာတော့ဘူး။ မကြာသေးခင်က ကျွန်မ အိပ်မက် မက်တယ်။ အဲ(လ)ဗစ္စက ကျွန်မနဲ့အတူ ရှိနေပြီး အောင်မြင်ကျော်ကြားမှုရအောင် သူ့ဘဝကို ရုန်းကန် ကြိုးစားနေသတဲ့။ ကျွန်မဘဝဟိုးအစကို ရောက်သွားပြီး အောင်မြင်မှုလမ်းစရှာနေတဲ့ အဲ(လ)ဗစ္စဆိုတဲ့ လူငယ်လေးတစ်ယောက်၊ ချိုသာတဲ့အပြုံးနဲ့ ဂစ်တာတစ်လက်ပိုင်ရှင် ကောင်လေးတစ်ယောက်ဘဝကို ပြန်မြင်ယောင်မိတယ်။ သူက ဖွဲ့ကြီးတယ်။ သူ့ရည်ရွယ်ချက်ပန်းတိုင်ကို ဘယ်တော့မှ အပျက်မခံတဲ့သူတစ်ယောက်။ အိပ်ရာက နိုးလာတော့ သူနဲ့ပတ်သက်တာတွေ အများကြီး သတိရလာခဲ့တယ်။ ကျွန်မ ညတိုင်း မိုးကောင်းကင်က ကြယ်ကလေးတွေကိုကြည့်ရင်း သူ့အကြောင်းမတွေးဘဲ ကြည့်ဖြစ်တဲ့ ညရယ်လို့ မရှိပါဘူး။ သစ်ရွက်ကြွေတွေ၊ စိမ်းလန်းနေတဲ့ တောင်ကုန်း၊

http://www.cherrythitsar.org



နွေရာသီ ဒါတွေအားလုံးဟာ သူ့ကို သတိရနေစေတဲ့ အချက်တွေပါပဲ။ ရေဒီယို ထဲက သူ့အသံကြားနေရဆဲ၊ နေရာတိုင်းမှာ သူ့ရုပ်ပုံလွှာတွေ ကပ်ထားကြဆဲ။ ညတိုင်း ရုပ်မြင်သံကြားအစီအစဉ် ဖွင့်လိုက်ရင်လည်း ဘဝမှာ ဘာကိုမှ အလေး မထားဘဲ ပျော်ရွှင်နေတဲ့ သူ့သီချင်းဆိုဟန် ရုပ်ပုံလွှာတွေကို မြင်ရပြန်ရော။ ဒါတွေမြင်နေရတော့ သူဟာ ခုထက်ထိ ကျွန်မတို့နဲ့အတူ ရှိနေသလိုပဲ ခံစားရပြန် ပါတယ်။

တစ်ခုပဲရှိတယ်။ ကျွန်မ တယ်လီဖုန်းလေးက အသံတိတ်နေရှာတယ်။ ညဉ့်နက်သန်းခေါင် ဖုန်းဆက်ပြီး သူ့အောင်မြင်မှုတွေအကြောင်း အားပါးတရ ပြောတတ်တဲ့ သူ့အသံ၊ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ပတ်သက်ပြီး စိတ်ပျက်အား ငယ်ညည်းညူတတ်တဲ့ သူ့အသံ၊ ဒါတွေ မကြားရတော့ဘူး။ အသေးအဖွဲကိစ္စ လေးတွေဟာ သူ့ကို အကြီးအကျယ် ထိခိုက်နာကျင်စေခဲ့ပါတယ်။

သူ့ရုပ်ပုံလွှာတွေ ရှင်သန်နေဆဲဖြစ်ပေမယ့် အဲ(လ)ဗစ္စကတော့ သွားရှာ ပါပြီ။

ကျွန်မ အခုချရေးပြတော့မယ့် ကိစ္စလေးတွေနဲ့ပတ်သက်လို့ လူတွေက ဝေဖန်သုံးသပ် ဆုံးဖြတ်ကြလိမ့်မယ်ဆိုတာ ကျွန်မသိပါတယ်။ သူကျဆုံးချိန် မှာ ကျွန်မ ဘယ်အခန်းကဏ္ဍက ပါဝင်ခဲ့တယ်ဆိုတာ ကြည့်ကြလိမ့်မယ်။ ကျေးဇူး ပြု၍ နားလည်ပေးကြပါ။ ကျွန်မလုပ်ခဲ့တာတွေဟာ သူ့အတွက် အကောင်းဆုံး ဖြစ်မယ် ထင်တာတွေ လုပ်ပေးခဲ့တာပါ။ ကျွန်မအတွက် လုံးဝမဟုတ်ပါဘူး။ ဘယ်တော့မဆို သူ့ကိုသာ ရှေ့ဆုံးကထားပြီး ကျွန်မ စဉ်းစားဆုံးဖြတ်ခဲ့တာပါ။ အထူးသဖြင့် သူ့ပရိသတ် နားလည်စေချင်တယ်။ ပရိသတ်က သူ့ကို ချစ်တာပဲ သိခဲ့ကြပြီး သူဘာတွေဖြစ်ခဲ့တယ်ဆိုတာ မသိခဲ့ကြပါဘူး။ သူကွယ်လွန်သွားတဲ့ အချိန်တုန်းက ဂရေ့(စ)လဲ(န)(ဒ) စံအိမ်ရှေ့မှာ ရောက်နေခဲ့ကြတဲ့ ပရိသတ်တွေ လိုပဲ ခြံအပြင်ဘက်မှာပါ။ ပရိသတ်တွေရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်တွေ၊ နာ ကျင်ကြေကွဲမှုတွေကို ကျွန်မ မြင်တွေ့ခဲ့ရပါတယ်။ အားလုံး သူ့ကို တန်ဖိုးထား ခဲ့ကြတယ်။ ကျွန်မနဲ့အတူ မျှဝေဝိုကြွေးခဲ့ကြတယ်။ အဲဒီလိုဖြစ်လို့လည်း ကျွန်မ နှစ်သိမ့်နိုင်ခဲ့ပါတယ်။

ကျွန်မအတိတ်ဘဝကို ပြန်ပြီးတူးဖော်ရတာ တကယ်တော့ မလွယ်လှပါ ဘူး။ ဘဝအစိတ်အပိုင်းတချို့က အရုပ်ဆိုးအကျည်းတန်ပါတယ်။ ဒါတွေကို အားလုံး ကျွန်မနှလုံးသားထဲမှာ တံခါးပိတ်ထားခဲ့ပါတယ်။ မေ့ထားနိုင်ရင် နှလုံးသားက ဒဏ်ရာတွေ ပြေပျောက်သွားလို သွားငြားပေါ့။ ကျွန်မဘဝထဲက

http://www.cherrythitsar.org



အိပ်မက်ဆိုးတွေက မှိန်ပျပျ ဝိုးတဝါးဖြစ်ရုံသာဖြစ်သွားပြီး လုံးဝတော့ ပျောက်ကွယ်မသွားခဲ့ပါဘူး။ အဲ(လ)ဗစ္စနဲ့ပတ်သက်တာတွေ တွေးလိုက်ရင် ဟိုတုန်းက ဒီဒဏ်ရာတွေ သက်သာသွားခဲ့ပေမယ့် ခုတော့ အဲ(လ)ဗစ္စနဲ့ပတ်သက်တာတွေကပါ အနာတိုးလာစေသလို ဖြစ်လာခဲ့ပါပြီ။ သူ့ကို စ,ချစ်ခဲ့တာကနေ ခုထက်ထိ လျော့မသွားပါဘူး။ ကျွန်မ စိတ်ထဲမှာ သူ့ကိုချစ်တဲ့ အချစ်ဟာ ခုထက်ထိ မပြယ်နိုင်သေးပါဘူး။ သူ့အတွက် ပူဆွေးသောက ရောက်နေတာကလည်း ၁၉၇၇ ခုနှစ်တုန်းက သူ ရုတ်တရက် ကွယ်လွန်သွားချိန်မှာ ခံစားခဲ့ရသလို ခံစားနေရတုန်းပါပဲ။

ခုတော့ မျက်ရည် ခဏခဏ မကျတော့ပေမယ့် ခန်းခြောက်သွားတယ်ရယ်လို့ မရှိပါဘူး။

ကျွန်မကို ဝေဖန်ကြမယ်ဆိုတာ သိပေမယ့် အမှန်တရားကို ဖွင့်ပြောရပါတော့မယ်။ ဒီအမှန်တရားကို ပြောပြလိုက်တဲ့အတွက် အဲ(လ)ဗစ္စရဲ့ ပရိသတ်တင်မဟုတ်ပါဘူး။ ကျွန်မသမီးကိုယ်တိုင်လည်း တုန်လှုပ်ချောက်ချားသွားလိမ့်မယ်ဆိုတာ သိပါတယ်။ ကျွန်မ အဲဒီလို မလုပ်ချင်ပါဘူး၊ မလုပ်ချင်ဘဲနဲ့ ဘာကြောင့်လုပ်ရသလဲဆိုတော့ ကျွန်မသမီးကို သူ့အဖေနဲ့ကျွန်မ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ ပြောပြချင်တာတစ်ကြောင်း၊ ကျွန်မလုပ်ခဲ့တာတွေဟာ ဘာအကြောင်းကြောင့် လုပ်ခဲ့ရတယ်ဆိုတာ ပြောပြချင်တာတစ်ကြောင်းကြောင့် ဖြစ်ပါတယ်။ သမီးအနေနဲ့ တိတိကျကျ သိသင့်တယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ ပျော်စရာအချိန်၊ ဝမ်းနည်းစရာအချိန်၊ ရမ္မက်နဲ့ဒေါသ၊ ဒါတွေအားလုံး သိစေချင်တယ်။

သူ့အပြစ်နည်းနည်း။

ကျွန်မအပြစ်များများ။

ဒီဇိုင်းယားရီး သမီးလေးရယ် မေမေ ဒီအကြောင်းတွေကို ရင်ထဲမှာ နှစ်ရှည်လများ သိမ်းထားရာက ဖွင့်ပြောလိုက်ရတာ သမီးကို ချစ်လွန်းလို့ဆိုတာ နားလည်စေချင်ပါတယ်။ သမီးမသိအောင် မေမေလျှို့ဝှက်လွန်းလို့ သမီးလေး စိတ်ပျက်ရတဲ့ အကြိမ်တွေ၊ ဒေါသထွက်ရတဲ့အကြိမ်တွေ မနည်းတော့ပါလား။ မေမေ နားလည်ပါတယ် သမီးရယ်၊ ဒါကြောင့်လည်း သမီးကို မေမေက ထူးထူးခြားခြား လေးစားခဲ့တာပေ့ါ။ သမီး ဒေါသနဲ့အတူ အားမွေးထားပါတော့။ ရှေ့ဆက်ဖတ်မယ်ဆိုရင် သမီးအတွက် ခွန်အားရှိဖို့ လိုအပ်လို့ပါပဲ။

**လူစီဒီဘာဘင်**

http://www.cherrythitsar.org



# အခန်း(၁)

၁၉၃၉-၁၉၄၇

မီးတွေလောင်နေတာကို မှတ်မိတယ်။ အဲဒါ ကျွန်မ ပထမဆုံးမှတ်မိတဲ့ အရာပါပဲ။ ကျွန်မအသက် သုံးနှစ်ပဲရှိသေးတယ်၊ ကျွန်မတို့ အမျိုးတွေ စုရုံးကြပြီး တိတ်ဆိတ်စွာနဲ့ ဝက်သစ်ချပင်ကြီးတွေအောက်မှာ ရပ်နေကြတယ်။ လူကြီးအချို့က ကျွန်မတို့ရဲ့ သစ်သားအိမ်ကြီး ပတ်ပတ်လည်ကို အရည်တချို့ ဖျန်းပက်နေကြတယ်။ ခပ်ပိန်ပိန် လူတစ်ယောက်က မီးတုတ်တစ်ခုကို ကျွန်မတို့အိမ်ထဲ ပစ်သွင်းလိုက်ပြီး ခုန်ထွက်လာခဲ့ပါတယ်။ ဝုန်းခနဲ မီးထတောက်တဲ့အသံ ကြားလိုက်ရပြီး မီးအပူရှိန်က ကျွန်မပါးနှစ်ဖက်ကို ပူလာစေပါတယ်။ ကျွန်မတို့အိမ်ကြီး မီးလောင်သွားပြီ။ တစ်ယောက်ကမှ ဒီမီးကို ငြိမ်းသတ်ဖို့ မကြိုးစားကြပါဘူး။ ကျွန်မက မေမေ့ခြေထောက်ကို ဖက်ထားရင်း အဝါရောင် မီးတောက်တွေကို ကြည့်နေမိတယ်။ အဓိပ္ပာယ်လည်း နားမလည်ခဲ့ပါဘူး။

အရာအားလုံးဟာ လျင်မြန်စွာ ဖြစ်ပျက်သွားခဲ့တာပါပဲ။ ကျွန်မမှတ်ဉာဏ်ထဲမှာ အသံတွေ၊ အရောင်တွေ၊ လူတွေအားလုံးဟာ ဝိုးတဝါး ထွေပြားနေပါတယ်။ ကျွန်မဖေဖေက ခရီးဝေးကြီးက ပြန်ရောက်လာခါစပဲ ရှိပါသေးတယ်။ သူပြန်ရောက်လာတိုင်း ထုံးစံအတိုင်း မိသားစုတစ်စုလုံး စုစုဝေးဝေး စားပွဲကျင်းပကြပါတယ်။စားသောက်ပြီးတော့ ကလေးတွေကို အပေါ်ထပ်သွားခိုင်းကြပြီး လူကြီးတွေက အရက်သောက်ရင်း စကားဆက်ပြောကြတာပေါ့။ ပါတီပြီးတဲ့အထိ ကျွန်မ အိပ်မပျော်သေးပါဘူး။ အသံဗလံတွေကြားပြီး ရင်ခုန်နေတော့ အိပ်မပျော်ဘူးပေါ့။ အောက်ထပ်ကို ကျွန်မဆင်းလာတော့ ဖေဖေက လှုပ်ကုလားထိုင်တစ်ခုပေါ်မှာ ထိုင်နေတယ်။ ကျွန်မကိုမြင်သွားတော့ ပြုံးလိုက်ပြီး လက်နှစ်ဖက်ဆန့်တန်းကြိုပါတယ်။ ပြေးသွားပြီး ဖေဖေ့ပေါင်ပေါ် တက်ထိုင်နေလိုက်တယ်။

ကျွန်မ မမတွေ ပြောခဲ့တာက ဖေဖေ့နာမည်က 'အဲ(လ)ဖရက်ဂျိုးဇက်

http://www.cherrythitsar.org



ဒီဘာဘင်’ လို့ ခေါ်ပြီး ဖေဖေဟာ အရပ်မြင့်မြင့်နဲ့ မီးခိုးရောင် ဆံပင်ထူထူ၊ မျက်လုံးပြာပြာပိုင်ရှင် လူချောတစ်ယောက်လို့ ဆိုပါတယ်။ အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်ဆင်တတ်ပြီး ဆု(တ)ကိုလည်း အတွင်းခံ ဝေ့(စ)ကုတ်အထိ ပြည့်ပြည့်စုံစုံ ဝတ်တတ်ပါသတဲ့။ ကုတ်အပေါ်အိတ်ထဲက တွဲလွဲကျနေတဲ့ ရွှေကြိုးကလေးက အတွင်းအိတ်မှာထည့်ထားတဲ့ အိတ်ဆောင်နာရီကြိုးလို့လည်း ပြောပြကြပါတယ်။ အရောင်အသွေးတောက်ပတဲ့ လည်စည်းကို မကြာခဏစည်းတတ်ပြီး ဒူးဆစ်အထိ ရှည်တဲ့ ဘွတ်ဖိနပ်ကို နှစ်ခြိုက်ခဲ့ပါတယ်။ ဒီဘွတ်ဖိနပ်ကိုလည်း အရောင်တဖိတ်ဖိတ် တောက်နေအောင် အမြဲတမ်း ဆေးတိုက်ထားပါတယ်။ ဖေဖေ့ကို ပဲရစ်(စ)မှာ မွေးခဲ့ပြီး၊ ပဲရစ်(စ)မှာပဲ ကြီးပြင်းခဲ့ပါတယ်။ ဖေဖေ့အမျိုးတချို့ဆိုရင် ပြင်သစ်အစိုးရအဖွဲ့မှာ ထင်ရှားတဲ့သူတွေ ဖြစ်ကြသတဲ့။ ၁၉၀၀ ပြည့်နှစ်များမှာ ကွန်မရဲ့ နှစ်ဖက်သော အမျိုးအနွယ်များဟာ အမေရိကားကို ရွှေ့ပြောင်းခဲ့ကြပြီး ဘော်စတွန်မှာ အခြေချ နေထိုင်ခဲ့ကြပါတယ်။ ဖေဖေအသက်လေးဆယ်ကျော် ငါးဆယ်နီးမှ ဆယ့်ခြောက်နှစ်သမီး မေမေ့ကို စတွေ့ခဲ့တာပါ။ ဖေဖေနဲ့မေမေဟာ တကယ်တော့ ပုံသဏ္ဌာန်အားဖြင့် ဆန့်ကျင်ဘက်တွေပဲ။ မေမေက သေးသေးကွေးကွေးကလေး၊ ဖေဖေက ထောင်ထောင်မောင်းမောင်း၊ မေမေ့အရပ်က ငါးပေတောင်မပြည့်ဘူး။ မျက်လုံးအပြာရောင်နဲ့ နက်မှောင်နေတဲ့ ဆံပင်တွေက မေမေ့ခါးကိုတောင် ကျော်သေးတယ်။ ဒီဆံပင်ရှည်ကြီးကို ညတိုင်း မေမေက ရှင်းလင်းဖြီးသင်လေ့ရှိပါတယ်။ လည်တောင်ရှည်ဝတ်စုံဝတ်တဲ့နေ့ဆိုရင် မေမေက သူ့ဆံပင်တွေကို ဆံညှပ်ကြီးနှစ်ခုနဲ့ ခေါင်းပေါ် ပင့်တင်ထားတတ်ပါတယ်။

ဖေဖေနဲ့မေမေ အိမ်ထောင်ပြုကြတော့ နှစ်ဖက်စလုံးက မကျေနပ်ကြပါဘူး။ မေမေဟာ အိမ်ထောင်ရှင်မကောင်း တစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူးလို့ ဖေဖေ့အမျိုးတွေက ယူဆကြတယ်။ ဖေဖေတို့က ပြင်သစ်နိုင်ငံ ‘နိုက်(စ)မြို့’က အဆက်အနွယ်တွေဆိုတော့ ‘ပဲရစ်’က မေမေတို့ကို မိန်းကလေး မပီသသူတွေလို့ သတ်မှတ်ကြပါတယ်။ ပြီးတော့ အသက်ချင်းက ကွာလွန်းတယ်လေ။ ဘယ်လိုပဲ ပြစ်တင်ကြသည်ဖြစ်စေ ဖေဖေနဲ့မေမေတို့ရဲ့ အိမ်ထောင်က တည်တံ့ခိုင်မြဲခဲ့ကြပါတယ်။ မေမေက သားသမီး (၁၃) ယောက် မွေးခဲ့ပြီး (၇) ယောက်ကတော့ ငယ်ငယ်ကလေးတွေမှာပဲ ဆုံးသွားခဲ့ကြတယ်။ ကွန်မက နို့ညှာပေါ့။

ကွန်မတို့ မိသားစုက ဘော်စတွန်ကို အခြေချနေလာကြတဲ့ ပြင်သစ်အဆက်အနွယ်တွေထဲက တစ်စုဖြစ်ပြီး ဘော်စတွန်ကနေ ကယ်(လ)မက်တီး၊

http://www.cherrythitsar.org



လို့စီယားနားကို ရောက်လာခဲ့ကြပါတယ်။ နယူးအော်လီး (န) (စ) ကနေ မိုင် အနည်းငယ်သာဝေးတဲ့ ပြင်သစ်ရွာကလေးပဲ ဆိုကြပါဆို့။ ကျွန်မအဘိုးက အမေ ရိကန်နိုင်ငံကို ပြင်သစ်အစိုးရက ကိုလိုနီအဖြစ် သိမ်းပိုက်လိုက်တော့ လို့စီယား နားပြည်နယ်မှာ အကောက်ခွန်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ဖို့ ရောက်လာ ခဲ့ရာက ကျွန်မတို့ အမျိုးအနွယ်တွေ ဆင်းသက် ပေါက်ဖွားခဲ့ကြတာပါ။ ဖေဖေ့ လက်ထက်မှာ မြို့နယ်မ-း ခဏလုပ်လိုက်သေးတယ်။ ဒါပေမယ့် နောက်တော့ ခရီးခဏခဏ ထွက်ရတဲ့ မွေးမြူရေးလုပ်ငန်းကို ပိုစိတ်ဝင်စားတာနဲ့ အလုပ် ထွက်ခဲ့တာပေ့ါ။

ဖေဖေ့ပေါင်ပေါ်မှာ ကျွန်မတက်ထိုင်တဲ့ညက ဖေဖေ့အသက် (၇၅)နှစ် ရှိပါပြီ။ ဖေဖေက အရယ်သန်သလို သီချင်းဆိုလည်းကောင်းတယ်။ ပြင်သစ် ဖြစ်ရတာ ဂုဏ်ယူတဲ့အတွက် သူ့ကလေးတွေအားလုံး အင်္ဂလိပ်စာမသင်မီ ပြင်သစ်စာကို အရင်သင်ယူစေပါတယ်။ အဲဒီအရွယ်တုန်းက ကျွန်မ ပြင်သစ် ဘာသာစကားသာ တတ်သေးပြီး မေမေကလည်း ပြင်သစ်လို အမြဲစကားပြောပါ တယ်။ အဲဒီညက ဖေဖေက ‘သမီးငယ်လေး သမီးဟာ တစ်နေ့ကျရင် မိန်းမ ချောကလေးတစ်ယောက် ဖြစ်လာပြီး နိုက်တင်ဂေး(လ)ငှက်ကလေးလို သီချင်းဆို ကောင်းလိမ့်မယ်’ လို့ ပြောပြီး သီချင်းတစ်ပုဒ် ညည်းပါတယ်။ အဲဒီသီချင်း နာမည်က ‘ပွဲပြီးတဲ့အခါ’ (After the Ball is over) လို့ အမည်ရပါတယ်။ ‘သမီး ဖေဖေနဲ့ အတူတူလိုက်ဆို’ တဲ့။ ဖေဖေက အခေါက်ခေါက် အခါခါ ဆိုနေတယ်။ အင်္ဂလိပ်သီချင်းဖြစ်နေတော့ စာသားတွေကို ကျွန်မ ကြိုးစားဆိုကြည့်နေပါတယ်။ ရုတ်တရက်ပဲ ဖေဖေ ချောင်းတအားဆိုးလာတယ်။ ကျွန်မကို ရေတစ်ခွက် သွားခပ်ခိုင်းတယ်။ မီးဖိုချောင်ဘက် ကျွန်မပြေးပြီး ရေသွားခပ်ပေမယ့် ရေပိုက် ခေါင်းကို ကျွန်မ မမီပါဘူး။ ဖေဖေ့ကို ပြန်ပြောမယ်လို့ ပြေးသွားတယ်။ ဒါပေမယ့် တစ်စုံတစ်ယောက်က ကျွန်မကို ဆွဲထားလိုက်ပါတယ်။ ခြေထောက် တွေကြားကနေ ဖေဖေ့ကို ချောင်းကြည့်တော့ မေမေက ဖေဖေ့ခေါင်းကို ပွေ့ ထားပြီး ငိုနေပါတယ်။

ဖေဖေ သေသွားပါပြီ။ နောက်တော့မှ ကျွန်မသိရတာက ဖေဖေ့မှာ အဆုတ်နာရောဂါ ရှိနေခဲ့တယ် ဆိုတာပါပဲ။ ပြင်သစ်အမျိုးအနွယ်တွေရဲ့ အယူ အဆအတိုင်း ဒီရောဂါပိုး မပြန့်ပွားနိုင်အောင်လို့ ကျွန်မတို့အိမ်ကြီးကို နောက်နေ့ မှာ မီးတင်ရှို့လိုက်ကြပါတော့တယ်။ ကျွန်မမှာ ဖေဖေ့ကို ဆုံးရှုံးရုံတင် မကပါ ဘူး။ အိမ်ကိုပါ ဆုံးရှုံးသွားတယ်။ ကျွန်မတို့ မိသားစုအားလုံး အသည်းနှလုံးမရှိ

http://www.cherrythitsar.org



မေတ္တာတရားခေါင်းပါးလှတဲ့ မေမေ့ဘက်က ဘွားရဲ့ အရိပ်အောက်မှာ ခိုလှုံရပါတယ်။ အဘွားက 'နိုက်(စ)' အမျိုးအနွယ်က။ ပေါက်ဖွားလာတဲ့ ကျွန်မတို့ကို မေတ္တာမရှိပါဘူး။ သံဝါယာကြိုးခွေကို ကိုင်းလုပ်ထားတဲ့ မျက်မှန်အောက်က မျက်လုံးတွေက အမြဲအပြစ်မြင်နေတတ်ပါတယ်။ ဘွားဘွားက အမေရိကန်နိုင်ငံရော၊ အမေရိကန်နိုင်ငံသားတွေကိုပါ အမြဲမုန်းပါတယ်။ ဝမ်းနည်းကြေကွဲမှုဝတ်စုံဖြစ်တဲ့ အနက်ရောင်ဝတ်ရုံရှည်ကြီးကို အမြဲဝတ်ထားပါတယ်။ တုတ်ကောက်နဲ့ လမ်းလျှောက်ပြီး အဲဒီတုတ်ကောက်နဲ့ပဲ အားလုံးကို လမ်းညွှန်ခိုင်းစေပါတယ်။ ဘွားဘွားက သေတဲ့အထိ မုန်းရုံမကဘူး ဖေဖေ့သမီး ကျွန်မတို့ကိုပါ ဆက်မုန်းနေခဲ့ပါတယ်။ ရုတ်တရက်ပဲ ဘာမှ အသုံးမကျတဲ့ဘဝ ရောက်သွားခဲ့ကြပါတော့တယ်။

ဖေဖေ အသက်ရှင်တုန်းက တော်တော်ကလေး ချမ်းသာတယ်လို့ ဆိုရပါမယ်။ အိမ်အကြီးကြီးမှာ နေခဲ့ရတယ်။ အိမ်ထောင် ပရိဘောဂ အပြည့်အစုံရှိခဲ့တယ်။ ကျွန်မတို့အတွက် လိုအပ်တာ ဘာမှမရှိစေရပါဘူး။ ဖေဖေသေတာနဲ့ တစ်ပြိုင်နက် ဒါတွေအားလုံး မီးတောက်နဲ့အတူ ပျောက်ကွယ်သွားခဲ့ရပါပြီ။ ဖေဖေချမ်းသာသမျှကို ဘွားဘွားက လက်ဝါးကြီးအုပ်လိုက်တဲ့အတွက် ကျွန်မတို့အားလုံး နေ့ချင်းညချင်း ဆင်းရဲမွဲတေသွားပြီပေါ့။ မေမေ့ကို သာမန်အိမ်စေမိန်းမတစ်ယောက်လို ခိုင်းစေပြီး ကျွန်မနဲ့ အသက်ငါးနှစ်အရွယ်ရှိတဲ့ ကျွန်မအစ်မ မေရီတို့ကို ဘော်စတွန်ကို ပို့လိုက်ပါတယ်။ ကျွန်မမောင်နဲ့ အစ်မနှစ်ယောက်ကတော့ ကယ်(လ)မက်တီးမှာပဲ ကျန်ရစ်ခဲ့ကြပါတယ်။ ကျွန်မတို့မိသားစုကို ဘာကြောင့် ဒီလို ခွဲပစ်လိုက်တယ်ဆိုတာ ကျွန်မ ဘယ်တုန်းကမှ သဘောမပေါက်ခဲ့ပေမယ့် အဲဒီအရွယ်ကတည်းက ဘွားဘွားဟာ ကျွန်မကို အမုန်းဆုံးဆိုတာကိုတော့ ခံစားနားလည်ခဲ့ပါတယ်။ တစ်ခါတုန်းက ဘွားဘွားက 'အဖေရော၊ အမေရော မျက်လုံးပြာရှိပါလျက်နဲ့ ညည်းက မျက်လုံးအစိမ်းဖြစ်နေတယ်၊ အဲဒါ မကောင်းဆိုးဝါးလက္ခဏာပဲ' လို့ ကျွန်မကို ပြောခဲ့ဖူးပါတယ်။

ဘော့စတွန်မှာ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို အသက်ခြောက်ဆယ်ကျော်အရွယ်ရှိပြီး ကြင်နာသနားတတ်တဲ့ မုဆိုးမကြီး 'နီနီကော်ဒီယာ'နဲ့ နေရပါတယ်။ နီနီ ဘယ်သူလဲဆိုတာ ကျွန်မတို့ကို ဘယ်သူကမှ ရှင်းမပြခဲ့ပါဘူး။ နောက်မှသိရတာက သူဟာ ဖေဖေ့ညီတစ်ယောက်ရဲ့ ဇနီးဖြစ်ခဲ့တယ်ဆိုတာပါပဲ။ ကျွန်မတို့က သူ့ကို 'အန်တီနီနီ'လို့ ခေါ်ကြပါတယ်။ နီနီက သုံးထပ်တိုက်ကြီးတစ်လုံးမှာ တစ်ယောက်တည်း နေတာပါ။ တိုက်ကြီးက မြင့်လိုက်တာ၊

http://www.cherrythitsar.org



ကျွန်မ အိပ်ခန်းပြတင်းပေါက်က ကြည့်ရင် မြို့ထဲက မီးရောင်တွေကို မြင်ရပါတယ်။ သာသာယာယာနေရပေမယ့် မိသားစုနဲ့ ခွဲလာရတဲ့အတွက် ကျွန်မ မပျော်ပါဘူး။

ကျွန်မ ငါးနှစ်အရွယ်ရောက်လာတော့ ကျွန်မထက် အသက်ကြီးတဲ့ အိမ်နီးချင်းမိန်းကလေးတွေနဲ့ အပြင်ထွက်လည်တယ်၊ မြင်းလှည်းကြီးတစ်စီးကို စီးပြီး တောထဲမှာ မနားတမ်း တောပန်းတွေ လျှောက်ခူးကြတာပေါ့။ ကျွန်မက ဖိနပ်ချွတ်ပြီး လှည်းနောက်မြီးမှာ ခြေတွဲလောင်းချထိုင်နေတယ်။ တခြားမိန်းကလေးတွေက သူတို့ စိမ်ပြေးတမ်းကစားနေတုန်း ကျွန်မ အဲဒီမှာ ငြိမ်ငြိမ်ကလေး ထိုင်နေဖို့ ပြောထားကြတယ်။ လှည်းပေါ်မှာ ထိုင်နေရတာ ပျင်းလာတာကြောင့် ခပ်လှမ်းလှမ်းမှာရှိတဲ့ ဗွက်ထဲခုန်ချဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါတယ်။ မြေကြီးပေါ် ရောက်သွားတော့ ကျွန်မခြေထောက် တအားနာသွားတာ ခံစားလိုက်ရပါတယ်။ ပြန်ထတော့ ကျွန်မခြေထောက်က သွေးတွေထွက်နေတယ်။ သူငယ်ချင်းတွေ ပြေးလာကြပြီး ကျွန်မ မငိုအောင် ချော့ကြပြီး ဒီလိုဖြစ်တာကို ဘယ်သူ့ကိုမှ မပြောနဲ့လို့ ပိတ်ထားကြတယ်။

နောက်ထပ် လပေါင်းတော်တော် ကြာလာတဲ့အထိ ခြေထောက်က အနာက မသက်သာဘဲ ဆိုးသထက် ဆိုးလာပါတယ်။ သူငယ်ချင်းတွေကလည်း ဘယ်သူမှ မပြောပါနဲ့လို့ တားမြစ်နေကြတုန်းပဲ။ ကျွန်မကလည်း သူတို့စကားနားထောင်ပြီး နာတာကို ကြိတ်ခံနေခဲ့ပါတယ်။ သိပ်မကြာခင်မှာဘဲ အန်တီနီနီက ကျွန်မဟာ အသက်ငယ်လွန်းပြီး အမေနဲ့ ခွဲနေရတာကို စိတ်ထိခိုက်လွန်းနေတယ်ဆိုပြီး မေမေ့ဆီ ပြန်ပို့ပေးခဲ့ပါတယ်။ ကျွန်မ အရမ်းပျော်တာပေါ့။ ဒါပေမယ့် ခြေထောက်က နာနေတာကြောင့် ပျော်သင့်သလောက် မပျော်နိုင်ခဲ့ပါဘူး။ ကမလက်မြို့ကို ပြန်ရောက်တဲ့အခါ ကျွန်မ ကွန်ဗင့်ကျောင်း တက်ရပါတယ်။ ခြေထောက်က နာတော့ ထော့ကျိုးဖြစ်နေတာပေါ့။ တော်တော်လေး ရက်ကြာလာတော့ အဲဒီခြေထောက်က ရောင်ကိုင်းလာတာမို့ ရှူးဖိနပ်တောင် စီးလို့မရတော့ပါဘူး။ တခြားကလေးတွေက ကျွန်မကို ခြေထောက်မသန်တဲ့ကလေးလို့ အောက်မေ့ပြီး အပေါင်းအသင်းမလုပ်ကြပါဘူး။

အပေါင်းအသင်းမရှိတော့ ကျွန်မက ကျောင်းစာကိုပိုပြီး ဂရုစိုက်ပါတယ်။ စာကိုပဲ ဖိကြိုးစားလို့ ဆုတွေ ဘာတွေတောင် ရလာတယ်။ အင်္ဂလိပ်စာလိုက်နိုင်အောင် ပိုပြီးကြိုးစားတယ်။ ဒါပေမယ့် အပေါင်းအသင်း မရပါဘူး။ ခြေထောက်ကြောင့်ပဲဆိုတာ ကျွန်မသိလာပါတယ်။ နာကျင်သမျှကို ကြိတ်မှိတ်ခံခဲ့ပါ

http://www.cherrythitsar.org



တယ်။ ဘော်စတွန်က ကျွန်မ သူငယ်ချင်းတွေအပေါ် ထားခဲ့တဲ့ ကတိ မဖျက်ချင်လို့ပါ။ ကျွန်မကြောင့် သူတို့ဒုက္ခမရောက်စေချင်ပါဘူး။

ကျွန်မအဖေဘက်က တော်တဲ့ဦးလေး 'ဂေါ်ဖရီဘယ်လီဗူးဒီဘာဘင်' မမျှော်လင့်ဘဲ တစ်နေ့မှာ ပြင်သစ်ကနေ ရောက်လာပါတယ်။ ဦးလေးက ပျော်ပျော်နေတတ်သူဖြစ်ပြီး ဖေဖေနဲ့လည်း ရုပ်တော်တော်တူပါတယ်။ မတူတာက ဦးလေးရဲ့ဆံပင်တွေက နက်မှောင်ပြီး နပန်းဆံတွေကလည်း ထူထူကြီး ဖြစ်နေတာပါ။ ဦးလေးက ဆရာဝန်ဆိုတော့ ကျွန်မ ခြေထောက်အကြောင်း ပြင်သစ်စကားနဲ့ မေးပါတယ်။ ဦးလေးကို ပွင့်ပွင့်လင်းလင်း ဝန်ခံဖို့ ဆုံးဖြတ်လိုက်ပြီး လှည်းပေါ်က ခုန်ချစဉ် ရွှံ့ဗွက်ထဲ ကျခဲ့ရာက ဖြစ်ပျက်သမျှ ပြောပြလိုက်ပါတယ်။ ဦးလေးက ကျွန်မဒဏ်ရာ အမာရွတ်ကို စစ်ဆေးကြည့်ပြီး အထဲမှာ တစ်စုံတစ်ခု ရှိနေတဲ့အတွက် ခွဲထုတ်ဖို့ လိုမယ်လို့ ပြောပါတယ်။ ကျွန်မကို ဘော်စတွန် ပို့ပေးဖို့နဲ့ ခွဲစိတ်ကုသပေးမယ်လို့ မေမေ့ကို ပြောတယ်။

ကျွန်မခြေထောက်ကို ဦးလေး ခွဲထုတ်လိုက်တော့ ဆူးတစ်ချောင်း စူးဝင်နေတာ ထွက်လာပါတယ်။ ဒီဆူးက လှည်းပေါ်က ခုန်ချလိုက်တုန်းကတော့ ခြေမနားမှာ စူးဝင်သွားခဲ့တာပါ။ နှစ်တွေကြာလာတော့ ခြေဖဝါး အလယ်နားလောက်အထိ တဖြည်းဖြည်းရွေ့လာတယ်။ ဦးလေးက ဒီလောက် ဆူးကြီးဝင်သွားတာတောင် ပိုးမဝင်တာ၊ ကျွန်မခြေထောက်ကို မဖြတ်လိုက်ရတာ တော်တော်ထူးဆန်းတယ်လို့ ပြောပါတယ်။ ကျွန်မ အရမ်းဝမ်းသာသွားတယ်။ အနာပျောက်သွားတာထက် ရှူးဖိနပ် ပြန်စီးနိုင်တော့မှာမို့ပါ။ ခုဆိုရင် ကျွန်မဟာ သာမန်ကလေးတွေလို ဆော့ကစားနိုင်သွားပြီ။ သူများတွေ ကြဉ်ထားခံရတဲ့ဘဝကလည်း လွတ်ပြီပေါ့။ နာကျင်ခြင်း၊ ရှက်ရွံ့ခြင်းတွေက ကင်းဝေးသွားတာနဲ့အမျှ ကျွန်မအလှဟာလည်း ပွင့်လန်းလာပါတော့တယ်။ မကြာခင်မှာဘဲ ကျွန်မမှာ အပေါင်းအသင်းတွေအများကြီး ရလာခဲ့ပါတယ်။

ကျွန်မအမေကတော့ အိမ်စေမကြီး တစ်ယောက်အဖြစ် အိမ်တကာလှည့်ပြီး သန့်ရှင်းရေး လုပ်ပေးရတာတို့၊ ပြတင်းပေါက်တွေ ဆေးကြောပေးရတာတို့ လုပ်နေရဆဲပါ။ မေမေ့ခမျာ အရိုးပေါ်အရေတင်ဖြစ်နေရှာပြီ၊ အိမ်ပြန်ရောက်လာရင် အမေ မောပန်းနွမ်းနယ်နေပြီ၊ မေမေ့မျက်နှာမှာ အပြုံးဆိုတာ မတွေ့ရတော့ဘူး။ ခက်တာက မေမေက အင်္ဂလိပ်စကား မပြောတတ်တော့ သူ့အတွက် အလုပ်အကိုင် အခွင့်အလမ်းက ပိုပြီး နည်းပါးတာပေါ့။ ဖေဖေနောက်ဆုံးပြောသွားခဲ့တဲ့စကားက ကျွန်မရင်ထဲမှာ စူးနစ်နေတယ်၊ သီချင်းဆိုကောင်းတဲ့

http://www.cherrythitsar.org



မိန်းမချောကလေး ဖြစ်လာမယ်ဆိုတာလေ၊ မေမေ့ကို ကူညီပေးနိုင်ဖို့အတွက် ကျွန်မ အောင်မြင်မှု လိုချင်လှပါတယ်။ ဒါကြောင့် ကျွန်မ နေ့တိုင်း သီချင်းဆို လေ့ကျင့်တယ်။ အော်ပရာသီချင်းတွေကနေ ခေတ်ပေါ် သီချင်းများအထိ လေ့လာခဲ့ပါတယ်။ အသံကို ထိန်းချုပ်နည်း၊ Tone ပြောင်းနည်းတွေ ကျွန်မ လေ့လာတယ်။ ကျွန်မ ဆယ့်တစ်နှစ်သမီး အရွယ်ရောက်တော့ ကျောင်းက သီလရှင်တွေက 'ပါဒူဝါး' က စိန့်အန်ထော်နီလို့ခေါ်တဲ့ အလွန်တစ်ရာလှပတဲ့ ဘုရားကျောင်းမှာ သီချင်းဆိုခိုင်းပါတယ်။ လူထုပရိသတ်ကြီးရှေ့မှာ လက်တင်ဘာသာနဲ့ ဆိုပရာနိုသံစဉ်တွေကို ကျွန်မတစ်ယောက်တည်း ဆိုပြခဲ့ရပါတယ်။

တစ်နေ့မှာတော့ ကျွန်မတို့ ကျောင်းအုပ် မယ်သီလရှင်ကြီးကို ကျွန်မ အဘွားက လာတွေ့သွားတယ်လို့ ပြောပါတယ်။ သီလရှင်ကြီးရဲ့ ပြောစကားအရ ကျွန်မဟာ မကြာမီမှာဘဲ ဒီကနေ တခြားကို သွားရမယ်ထင်တယ်တဲ့။ ကျွန်မ မယုံပါဘူး။ နေရာတစ်ခုမှာ ကျွန်မ အခြေကျနေမှ တခြားကို ကျွန်မ မသွားချင်ပါဘူး။

အိမ်ပြန်ရောက်တော့ ပါတီပွဲတစ်ခုက စနေပါပြီ။ တစ်အိမ်လုံး သူစိမ်းတွေ ပြည့်နေတာပဲ။ အများစုကတော့ ယောကျ်ားတွေပါ။ ဝတ်ကောင်းစားလှဝတ်ထားတဲ့ အမျိုးသမီးကြီးတစ်ယောက်က သူ့ကိုယ်သူ မိတ်ဆက်လာပါတယ်။ သူ့ကို အန်တီဗစ်တိုးရီးယားလို့ ခေါ်ပါတယ်တဲ့။ ညစာစားပွဲပြီးတော့ ကျွန်မကို သီချင်းဆိုခိုင်းပါတယ်။ ဒါကတော့ အိမ်မှာ ပါတီပေးတိုင်း ဆိုနေကျပဲ။ ဆိုပြရတာကို ကျွန်မကလည်း ကျေနပ်တယ်။ မကြာသေးမီကမှ ကျွန်မရထားတဲ့ သီချင်းသစ် 'မားသားမာ(ချ)ရီ' သီချင်းကို မေမေ့အတွက် ရည်ညွှန်း ဆိုပြလိုက်ပါတယ်။ ကျွန်မ သီချင်းဆိုနေတော့ မေမေ့မျက်အိမ်ထဲမှာ မျက်ရည်တွေပြည့်နေတာ မြင်လိုက်မိသေးတယ်။

နောက်တော့ မေမေက ပြောပြတယ်။ ဧည့်သည်တွေ အားလုံးဟာ ဘွားဘွားဧည့်သည်တွေဖြစ်ပြီး ကျွန်မကြောင့် ရောက်လာကြတာတဲ့။ သူတို့အားလုံးက ကျွန်မ ဂီတသင်တန်း ဆက်တက်နိုင်အောင် ကူညီဖို့ စိတ်ဝင်စားကြတယ်တဲ့။ သူတို့က ကျွန်မတို့ မိသားစုကို အိမ်ကောင်းကောင်းလေး တစ်လုံးလည်း ပေးမယ်၊ အစစ အဆင်ပြေအောင် ကူညီကြလိမ့်မယ်တဲ့။ အဲဒီလိုဆိုရင် မေမေလည်း ခက်ခက်ခဲခဲ ပင်ပန်းတဲ့အလုပ်တွေ မလုပ်ရတော့ဘူးပေါ့။ ကျွန်မ အရမ်းရင်ခုန်သွားတယ်။ အသက် ဆယ့်တစ်နှစ်အရွယ်မှာ သီချင်းဆိုခြင်းနဲ့ မေမေ့ကို ကူညီနိုင်ပြီပေါ့။

## ၃၂ ဝင်းငြိမ်း

ရက်များစွာ မကြာမီမှာဘဲ မေမေဟာ လွိုင်စီးယားနားပြည်နယ် မွန်ရိုးမြို့မှာ ရှိတဲ့ အိမ်သစ်မှာနေဖို့ ထွက်ခွာသွားပါတယ်။ ကျွန်မကတော့ အန်တီဗစ်တိုးရီး ယားရဲ့ စောင့်ရှောက်မှုအောက်မှာ နေရတယ်။ အန်တီက အသက်လေးဆယ် ကျော် အရွယ်လောက်ရှိပြီး နက်မှောင်ကောက်ကွေးတဲ့ ဆံပင်တို့နဲ့ပါ။ အန်တီက ချမ်းသာတာတော့ သေချာပါတယ်။ သူ့ဗီရိုထဲမှာ သားမွေးကုတ်တွေ အပြည့်ရှိ ပြီး စိန်လက်စွပ်၊ စိန်နားကပ်၊ စိန်လည်ဆွဲတွေလည်း ရှိပါတယ်။ ကျွန်မကိုလည်း သူဝတ်သလို ဝတ်ဆင်စေပါတယ်။ အဝတ်အစားသစ်တွေကို ကျွန်မ သဘောကျ တယ်။ အဝတ်သစ်တွေကိုဝတ်ပြီး မှန်ရှေ့မှာ မိန်မကြီးတွေလို အိုင်တင်လုပ်ကြည့် ရတာ အမော၊ မြို့ထဲထွက်ပြန်တော့လည်း ကျွန်မမှာ သစ်သစ်လွင်လွင်နဲ့။ ကျွန်မဆံပင်က နက်မှောင်ပြီး အရှည်ကြီးဆိုတော့ ဆံပင်ပုံစံအမျိုးမျိုး ထုံးဖွဲ့ စမ်းသပ်ကြည့်ပါတယ်။

တစ်နေ့မှာတော့ ကျွန်မအကျီလဲနေတုန်း အန်တီဗစ်တိုးရီးယား မြင်သွား တော့ 'လူစီ. . မင်းဟာ မိန်းမချောကလေးပဲ၊ ကြည့်ပါဦး. . . ရင်သားတွေကလည်း ကြီးလာလိုက်တာ၊ မင်းအသက်ထက် ပိုပြီး အရွယ်ရောက်နေသလိုပဲ၊ လူငယ်တွေ က မင်းကို စိတ်ဝင်စားကြမှာ အမှန်ပဲ၊ မင်းအသက် အရမ်းငယ်သေးတယ်ဆို တာ ဘယ်သူမှ မပြောနဲ့' လို့ ပြောတယ်။

အဲဒီလိုပြောတာ ကျွန်မ မကြိုက်ပါဘူး။ ကျွန်မ ရင်သားတွေ ကြီးနေတာ နဲ့ ပတ်သက်လို့ ကိုယ့်စိတ်ကိုယ် မလုံပါဘူး။ ကျွန်မ သူငယ်ချင်းတွေနဲ့ တူချင်တာကိုး။ သူတို့ဆိုရင် ရင်သားတွေ၊ တင်ပါးတွေ ပြားချပ်ချပ်နဲ့ဆိုတော့ စမော်ကင်ထိုးထားတဲ့ ဝတ်စုံလှလှလေးတွေ ဝတ်လို့ရတယ်။ ကျွန်မမှာတော့ တစ်နေ့တခြား ကြီးလာတဲ့ရင်ကို သူများတွေမသိအောင် အမြဲတမ်း အဝတ်အစား ပွပွကြီးတွေပဲ ဝတ်ဆင်နေရတာ။

နောက်နှစ်ပတ်ကြာတော့ အန်တီဗစ်တိုးရီးယားက ကျွန်မ ဘွားဘွား လာလိမ့်မယ်၊ ကျွန်မနေ့ာင်ရေးကို ဆွေးနွေးဖို့လို့ပြောပါတယ်။ သိပ်မကြာပါဘူး ဘွားဘွား ရောက်လာပြီး ကျွန်မအနေနဲ့ မိသားစုရဲ့ဆန္ဒပြည့်သွားအောင် ပူးပေါင်း ကူညီသင့်တယ်လို့ ဆိုတယ်။ ဘွားဘွားက ကျွန်မကို မျက်လုံးစိမ်းများနဲ့ မိန်းကလေးတွေဟာ စောစောစီးစီး အိမ်ထောင်မပြုခဲ့ရင် ပျက်စီးသွားတတ်တယ် တဲ့။ ဘွားဘွား ပြောနေတာတွေကို ကျွန်မ မယုံနိုင်လောက်အောင်ပါဘဲ။ လက်ထပ် ရမတဲ့၊ ကျွန်မအသက်က ၁၁ နှစ်သာ ရှိသေးတယ်။ ရည်းစားဆိုတာလည်း မရှိသေးပါဘူး။

http://www.cherrythitsar.org



'ကျွန်မ ဘယ်သူ့ကို ယူရမှန်းမသိဘူး၊ လက်လည်း မထပ်ချင်သေးပါဘူး၊ စာပဲသင်ချင်သေးတယ်' ဆိုတော့ ဘွားဘွားက အိမ်ထောင်ပြုဖို့ သူ့အတွက် စိတ်ပူစရာ မလိုကြောင်း၊ အစစအရာရာ သူတို့စီစဉ်ထားပြီးပြီလို့ ဆိုပါတယ်။ ကျွန်မကို သိပ်ချောတာပဲဆိုပြီး သဘောကျနေတဲ့ လူတစ်ယောက်က လက်ထပ်ယူဖို့ သဘောတူပြီးပြီတဲ့။ ကျွန်မ သူနဲ့ လက်ထပ်ဖို့အတွက် မစ္စစ္စပီက ဂျက်ဆင်ကို သွားရမယ်တဲ့။

'ကျွန်မ မလုပ်နိုင်ဘူး ဘွားဘွား၊ မေမေ သိရင်လည်း လုံးဝ သဘောတူမှာ မဟုတ်ပါဘူး' လို့ ခပ်ပြတ်ပြတ် ငြင်းလိုက်တော့ ဘွားဘွားက ကျွန်မအနေနဲ့ သူ့စကားနားမထောင်ရင် မေမေ့ကို အိမ်သစ်ကလေးကနေ နှင်ချပြီး အိမ်စေပြန်လုပ်ခိုင်းမယ်တဲ့။ 'ညည်းအမေ သေလောက်အောင် ကျွန်ခံနေရမှာကို ညည်းမြင်ချင်သလား' တဲ့။ ဘွားဘွားစကားက ကျွန်မကို ဆွံ့အသွားစေပါတယ်။

ပြီးတော့ မေမေ့ဆီကို ကျွန်မသဘောအတိုင်း အိမ်ထောင်ပြုတော့မယ့်အကြောင်း၊ အိမ်ထောင်ပြုပြီးရင် ကျွန်မ ပျော်မှာပါလို့ အကြောင်းကြားဖို့ ညွှန်ကြားပြန်ပါတယ်။ ရက်သတ္တတစ်ပတ် ကုန်လွန်သွားခဲ့တယ်။ ဒီရက်တွေဟာ ကျွန်မအတွက် အိပ်မက်ဆိုးတွေ မက်နေရသလိုပါပဲ။ တစ်နေ့မှာ ဘွားဘွားနဲ့ အန်တီဗစ်တိုးရီးယားတို့ ရောက်လာကြပြီး ကျွန်မပစ္စည်းတွေ သိမ်းဆည်းဖို့ အမိန့်ပေးကြပြီး ကားအနက်ကြီးတစ်စီးနဲ့ ကျွန်မကို မစ္စစ္စပီကို ခေါ်သွားကြတယ်။ ဟိုရောက်တော့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးပါတယ်။ သူ့ကို အိမ်မှာ သီချင်းဆိုပြရတဲ့ ပါတီတုန်းက မြင်ဖူးပါတယ်။ အရပ်က ခြောက်ပေလောက် မြင့်တယ်၊ ပိန်တယ်၊ အသားအရေက မည်းမည်းကြမ်းကြမ်း၊ ဆံပင်ကလည်း တချို့တစ်ဝက် ဖြူနေပြီ။ သူ့အသက်က အနည်းဆုံး လေးဆယ့်ငါးနှစ်အထက်မှာ ရှိပြီး အရက်နံ့ကလည်း ရနေသေးတယ်။

အဲဒီလူက ကျွန်မ ခင်ပွန်းလောင်းတဲ့။ တစ်ခါမှ အနမ်းတောင် မခံရဖူးသေးတဲ့ ကျွန်မ၊ အသက် လေးဆယ့်ငါးနှစ်အရွယ် လူကြီးတစ်ယောက်ရဲ့ မယားဖြစ်ရတော့မတဲ့။

ကျွန်မကို မျက်နှာကြက် အမြင့်ကြီးတွေရှိပြီး ကျယ်ဝန်းတဲ့ အိမ်အိုကြီးတစ်လုံးဆီ ခေါ်သွားကြတယ်။ ကော်ဇောတွေကလည်း ညစ်ပတ်စုတ်ပြတ်လို့။ အဲဒီလူကြီးရဲ့ ညီမဆိုသူက ကျွန်မကို လက်ထပ်ဖို့ လိုအပ်တာတွေ ပြင်ဆင်ပေးဖို့ ရောက်လာပါတယ်။ သူ့ပုံစံကလည်း အိမ်အိုကြီးပုံစံအတိုင်း ညစ်ထေးထေးနဲ့ စုတ်ပြတ်လို့။ အဲဒီမိန်းမကြီးက ကျွန်မကို ကြည့်ပြီး 'ညည်းက ဘာဖြစ်နေတာ

http://www.cherrythitsar.org



လဲ’ တဲ့။ ကျွန်မက ကြောက်လွန်းလို့ မျက်နှာမှာ သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေတာကိုး၊ ကြောက်လွန်းလို့ ရေချိုးခန်းထဲမှာ အကြာကြီး ပိတ်နေလိုက်သေးတယ်။

ဒုတိယမြောက် ရောက်လာတဲ့ အမျိုးသမီးကြီးကလည်း ပထမ မိန်းမကြီးလိုပါပဲ၊ စုတ်စုတ်ပြတ်ပြတ်နဲ့။ သူက ကျွန်မဝတ်ဖို့ စကတ်တစ်ထည်၊ ဘလောက်(စ)တစ်ထည်နဲ့ ဂျက်ကက်တစ်ထည် ထုတ်ပေးတယ်။ အဲဒါ ကျွန်မအတွက် သတို့သမီး ဝတ်စုံပါပဲ။ ဟိုလူကြီးက အကျယ်ချဲ့ မင်္ဂလာမဆောင်ချင်လို့ ဒီလိုပဲ အကျဉ်းရုံး လုပ်လိုက်တာတဲ့။ ကျွန်မသိပါတယ်။ ကျွန်မအသက်ငယ်လွန်းလို့မင်္ဂလာပွဲ မလုပ်ဝံ့ကြတာပါ။ အဝတ်လဲဖို့အတွက် ကျွန်မတစ်ယောက်တည်း ထားခဲ့ကြတယ်။

မှန်ထဲမှာ ကိုယ့်ကိုယ်ကို ကြည့်ပြီး ဘာကြောင့်များ ဒါလောက်ဆိုးရွားတာတွေ ဖြစ်လာရတာလဲလို့ မေးနေမိပါတယ်။ ဘုရားသခင်ဟာ ဘယ်လိုကိစ္စပဲဖန်တီးသည်ဖြစ်စေ သူ့မှာ အကြောင်းတစ်ခုရှိလို့ပဲလို့ ကျွန်မကိုယ်ကျွန်မ ပြောမိပါသေးတယ်။ ထွက်ပြေးဖို့ ကျွန်မ စဉ်းစားသေးတယ်။ ဒါပေမယ့် ဘယ်ပြေးမလဲ။ ကျွန်မ မရောက်ဖူးတဲ့အရပ်ဒေသ။ တကယ်လို့ ကျွန်မ လွတ်သွားတယ်ထား၊ မေမေ့ကို ဒုက္ခပေးကြလိမ့်မယ်။ စိတ်ကိုတင်းလိုက်ပြီး မျက်ရည်တွေကိုဘယ်သူမှ မမြင်အောင် သုတ်လိုက်ရပါတယ်။

ကားတစ်စီးရဲ့နောက်ခန်းမှာ ဟိုလူကြီးနဲ့ သူ့ညီမကြား ထိုင်ခိုင်းပြီးခေါ်သွားကြတယ်။ ဘယ်သူကမှလည်း ဘာမှ မပြောကြပါဘူး။ အဲဒီတုန်းကမိုးတွေ ရွာနေတာ ကျွန်မ မှတ်မိတယ်။ ကျွန်မကို လူကြီးတစ်ယောက်ရှေ့ခေါ်သွားကြတယ်။ အနက်ရောင် ဝတ်စုံ ဝတ်ဆင်ထားပြီး ငြိမ်းချမ်းခြင်းနဲ့တရားမျှတမှုအတွက် ဆောင်ရွက်နေတဲ့ တရားသူကြီးပဲပေါ့။ သူက စကားလုံးတချို့ကို ရေရွတ်လိုက်ပြီး ကျွန်မကို ‘သဘောတူပါတယ်လို့ ပြောခိုင်းတယ်’ အမိန့်ပေးခံရတဲ့အတိုင်း ကျွန်မ ပြောလိုက်ပါတယ်။ ကျွန်မဘေးမှာ ဟိုလူကြီးရပ်နေပြီး နောက်မှာ လူစိမ်းနှစ်ယောက် ရပ်နေကြတယ်။ ဒီလိုနဲ့ပဲ ကျွန်မလက်ထပ်ပွဲ ပြီးခဲ့ရတယ်။

အိမ်အိုကြီး ပြန်ရောက်တော့ မိန်းမကြီးနှစ်ယောက် ပြန်သွားကြတယ်။ ကျွန်မတစ်ယောက်တည်း ဟိုလူကြီးနဲ့ ကျန်ရစ်ခဲ့ရပါတယ်။ အဲဒီညမှာ ဟိုလူကြီးနား ကျွန်မ မရောက်အောင် ကျွန်မ တတ်နိုင်သမျှ ရှောင်နေပါတယ်။ အင်မတန်ဆိုးရွားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်တော့မယ်ဆိုတာ ကျွန်မ အလိုလိုသိနေပေ

http://www.cherrythitsar.org



မယ့် ဘာလဲဆိုတာတော့ မသိပါဘူး။ ဘယ်သူကမှလည်း ကျွန်မကို ပြောမပြခဲ့ကြပါဘူး။ သူကတော့ ကျွန်မအနားကပ်ပြီး သူ့လက်ကြီးတွေနဲ့ သိမ်းပိုက်ဖို့ ကြိုးစားနေတော့တာပဲ။ သူ့ကို ကျွန်မ တွန်းပစ်ခဲ့ပြီး အပေါ်ထပ် တက်ပြေးတယ်။ အသင့်တွေ့တဲ့ ဗီရိုကြီးတစ်ခုထဲ ဝင်ပုန်းနေလိုက်ပါတော့တယ်။ ဗီရိုထဲမှာ ဒူးထောက်ပြီး ဒီအိပ်မက်ဆိုးက လွတ်မြောက်ပါစေတော့လို့ ဘုရားသခင်ထံမှာ ဆုပန်နေမိပါတယ်။ ဒါပေမယ့် ဗီရိုတံခါးရွက်တွေကို ထုပြီး ဒေါသတကြီး အော်ဟစ်နေတဲ့ ဟိုလူကြီးအသံပဲ ကြားရပါတယ်။

'ဟေ့. . . ဒီအထဲမှာ မင်းရှိတယ်ဆိုတာ ငါသိတယ်၊ ငါ စောင့်ရတာ စိတ်မရှည်တော့ဘူး။ ခုချက်ချင်းထွက်ခဲ့တဲ့' တဲ့။ ကျွန်မ လေးဘက်တွားပြီး ဗီရိုနောက်နားအထိ သွားကပ်နေမိတယ်။ သူက တံခါးကို ပြင်းပြင်းထန်ထန်ထုပြီး အော်သထက် အော်နေတော့တာပဲ။ နောက်ဆုံးမှာတော့ ဗီရိုတံခါးပွင့်သွားအောင် သူ့ကိုယ်စောင်းနဲ့ တိုက်တယ်။ ကျွန်မ ကြောက်လွန်းလို့ တအား ကုန်းအော်မိတာပေါ့။ ကျွန်မ ဘယ်တော့မှ မမေ့တော့ပါဘူး။

*(လူစီက ဒီနေ့ထက်ထိ နားလည်း မလည်သေးဘူး၊ လက်လည်း မခံသေးတာက ဘာလဲဆိုတော့ သူ့ကို ကျွန်မအဖြစ် စျေးအမြင့်ဆုံး ပေးနိုင်တဲ့သူလက် ရောင်းစားခံခဲ့ရတယ်ဆိုတဲ့ အချက်ပဲ။ လူစီ့အိမ်မှာ သူ့အဘွားပါတီပေးပြီး သီချင်းဆိုခိုင်းခဲ့တာက ဝယ်သူကို ပစ္စည်းပြခဲ့တာပဲ။ အန်တီဗစ်တိုးရီးယားဆိုတာကလည်း ဒီလိုကိစ္စတွေကို ဆောင်ရွက်တဲ့ ပွဲစားမကြီးပဲ ဖြစ်ဖို့များပါတယ်။ လူစီရဲ့ သီချင်းဆိုဟန်က လေလံဆွဲမယ့်သူတွေရဲ့ ပိုက်ဆံအိတ်တွေ ပွင့်စေခဲ့တယ်။*

*ဒီလေလံပွဲမှာ အောင်နိုင်သွားသူက 'ရစ်ချတ်ဒစ်(က)ဆီဗလျူဒီဝဲယား' ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ ရစ်ချတ်က မြေအရောင်းအဝယ်လုပ်တဲ့ မြေရှင်မိသားစုက ဆင်းသက်လာခဲ့တာပဲ။ လူစီ့အမေကို မွန်ရိုးမှာ အိမ်တစ်လုံးပေးတယ်ဆိုတာက ဝယ်စျေးရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်မှာပေါ့။ ဆယ့်တစ်နှစ်သမီးကလေးတစ်ယောက်ကို ခြေတော်တင်ရတာ ဒါလောက်တော့ သူ့ဘက်က စွန့်ရမှာပဲ။ အထက်မှာ ဖတ်ခဲ့ရတဲ့ လူစီလက်ထပ်ခဲ့ရပုံဟာ မယုံနိုင်စရာ ဖြစ်ကောင်း ဖြစ်နေမယ်။ ၁၉၄၇ ပတ်ဝန်းကျင်မှာ ဒီလိုမင်္ဂလာပွဲမျိုးက တော်တော်ရှားနေပါပြီ။ ပြင်သစ်လူမျိုးတွေမှာ အဲဒီလို လူကြီးချင်း စီစဉ်လက်ထပ်ပေးတဲ့ အလေ့အထ ရှိပါတယ်။ အဲဒီဓလေ့ကို* ***mariages de convence*** *လို့ ခေါ်ပါတယ်။ ၁၉၆၁ ခုနှစ်က လေ့လာခဲ့တဲ့ ဒေါက်တာ* ***Welley D. Camp*** *က ဥရောပ တိုက်သားတွေထဲမှာ ပြင်သစ် လူမျိုးများဟာ အစောဆုံး အိမ်ထောင်ပြုလေ့ရှိတယ်လို့ ဆိုခဲ့တယ်။*

http://www.cherrythitsar.org

## ၃၆ ဝင်းငြိမ်း

၁၉၈၀ ပြည့်နှစ်က အမေရိကားမှာ ကောက်ယူခဲ့တဲ့ စစ်တမ်းအရ အမျိုးသမီး ၃,၂၈၄,၆၈၂ တို့က အသက် ၁၅နှစ်နဲ့ အောက်မှာ လက်ထပ်ခဲ့ကြတာ ဖြစ်တယ်ဆိုတာ တွေ့ရတယ်။ တစ်နှစ်ထက်တစ်နှစ် ဒီစံချိန်က လျော့ပါးလာပြီး ၁၉၈၂ ခုနှစ် စစ်တမ်းအရ ၉၂၁၄ ဦးတို့သာ ရှိခဲ့ပြီး ဒီအထဲမှာ ၆၇ဦးက အသက် ၁၂ နှစ်၊ ၁၉၈ ဦးတို့က ၁၃ နှစ်နဲ့ ၁၉၄၈ ဦးတို့က ၁၄ နှစ်မှာ လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။ (နိုင်ငံတော်ဥပဒေက အသက် ၁၂ အောက် လက်ထပ်ခြင်းကို တရားဝင် အသိအမှတ်မပြုတဲ့အတွက် ဒီအရွယ်ကလေးတွေ စာရင်းဇယားမှာ မပါပါဘူး။) အဲဒါအပြင် တချို့က လက်ထပ်ရာမှ အသက် ညာပြောတာတွေလည်း ရှိကြပါတယ်။ လူစီကို မစ္စစ္စပီခေါ်ပြီးမှ လက်ထပ်ယူတာ အကြောင်းရှိတယ်။ ၁၉၄၇ ခုနှစ်တုန်းက လွီစီယားနားမှာ အုပ်ထိန်းသူရဲ့ သဘောတူညီချက်နဲ့ တရားဝင် လက်ထပ်ခွင့်ပြုတဲ့ အငယ်ဆုံး အသက်က ၁၆ နှစ်ပါ။ မစ္စစ္စပီမှာတော့ အဲဒီတုန်းက ၁၂ နှစ်လို့ သတ်မှတ်ထားတယ်။ ၁၉၈၇ ခုနှစ်မှာ မစ္စစ္စပီပြည်နယ်အစိုးရက တရားဝင်အသက်ကို ၁၅ နှစ်ဖြစ်ရမယ်လို့ သတ်မှတ်လိုက်တော့ နယူးယောက်၊ အလာဘာမားတို့ထက် တစ်နှစ် ပိုသွားပါတယ်။)

□

http://www.cherrythitsar.org



# အခန်း(၂)

၁၉၄၇-၁၉၅၃

နောက် ငါးနှစ်အတွင်းမှာ ဖြစ်ပျက်ခဲ့သမျှတွေထဲကတော့ နည်းနည်းလောက်ပဲ ကျွန်မ မှတ်မိပါတော့တယ်။ ဖြစ်ပျက်ခဲ့သမျှအားလုံးကို မေ့ပျောက်အောင် ကျွန်မဘဝတစ်လျှောက်လုံး ကြိုးစားခဲ့ရတာကိုး။ အဲဒီလူကြီး ကျွန်မကို အနိုင်ကျင့်တိုင်း ကျွန်မမှာ အိပ်မက်ဆိုးကြီးတစ်ခုကို မက်နေသလို ခံစားရစမြဲပါ။

ကျွန်မ အသက် ရှဲရှဲရှူခွင့်ရတဲ့ အချိန်တွေကတော့ သူ အိမ်မှာမရှိတဲ့အချိန်တွေပါ။ မကြာခဏဆိုသလို အလုပ်ကိစ္စနဲ့ ခရီးထွက်တတ်ပြီး တစ်ခါတလေ လနဲ့ချီ ကြာတတ်ပါတယ်။ တစ်ယောက်က ကျွန်မကို ပြောပြခဲ့တာကတော့ တခြားမြို့တစ်မြို့မှာ သူ့မိသားစုရှိသတဲ့။ သူဟာ အဲဒီမှာ အချိန်ကုန်စေတာများပါတယ်။ ကျွန်မ ဂရုမစိုက်ပါဘူး။ သူ ဘယ်တော့မှ ပြန်မလာပါစေနဲ့တော့လို့တောင် ဆုတောင်းမိသေးတယ်။

ကျွန်မ လက်ထပ်ပြီး မကြာခင်မှာဘဲ ပစ္စည်းတွေ သိမ်းခိုင်းပြီး လွီစီယားနားပြည်နယ်က မွန်ရိုးမြို့ကလေးကို ပြောင်းရွှေ့ နေထိုင်စေပါတယ်။ အမေနဲ့ နီးနီးနားနား နေရတာပေါ့။ ဒါပေမယ့် ကျွန်မအတွက်က ထောင်ပြောင်းခံရတဲ့ အကျဉ်းသားလိုပါပဲ။ မြေထဲပင်လယ် ဒေသမှာ တွေ့ရတဲ့ အဆောက်အအုံပုံစံမျိုး အိမ်ကြီးတစ်လုံးမှာ ကျွန်မကိုထားပါတယ်။ ခန်းဆီးစတွေ အရှည်ကြီးကာထားတဲ့ ဧရာမတံခါးပေါက်ကြီးတွေရှိတဲ့ အိမ်ကြီးပဲပေါ့။ အဲဒီအိမ်မှာ ကျွန်မကို စောင့်ကြပ်ကြည့်ရှုဖို့ မျက်နှာပေါက်ဆိုးဆိုးနဲ့ မိန်းမကြီးတစ်ယောက်ကို ဟိုလူကြီးက ငှားထားပါတယ်။ မိန်းမကြီးနာမည်က မစ္စစ္စဖောင်လာတဲ့။ ကျွန်မကို စောင့်ရှောက်ဖို့ဆိုတာထက် ကျွန်မလုပ်သမျှ ထောက်လှမ်းဖို့ တာဝန်ယူရတယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ မိန်းမကြီးက အရပ်မြင့်မြင့်၊ တုတ်တုတ်ခိုင်ခိုင်နဲ့ မျက်နှာက ဘယ်တော့မှ မရယ်မပြုံးပါဘူး။ လက်မောင်းတုတ်တုတ်၊ ခြေသလုံး

http://www.cherrythitsar.org



တုတ်တုတ်ကြီးတွေနဲ့ သူ့လက်ကြီးတွေကလည်း ကြမ်းပါဘိသနဲ့၊ ဆံပင်က အနက်ရောင်၊ တိုတိုပဲ။ ဒီမိန်းမကြီးက မစ္စစ္စပီမှာ သူ့ခင်ပွန်း၊ မိသားစုနဲ့နေတာ၊ ကျွန်မကိုစောင့်ကြည့်တဲ့အလုပ် လုပ်ဖို့အတွက် သူ အင်မတန်ချစ်တဲ့ ကလေးတွေကို ခွဲလာရတာကြောင့် ကျွန်မကို ပိုပြီး အမုန်းပွားနေတာလည်း တစ်ကြောင်းပါဝင်ပါတယ်။

မွန်ရိုးမြို့ကို ရောက်တော့ ကက်သလစ်ကျောင်း တစ်ကျောင်းဖြစ်တဲ့ စိန့်မက်သျူးမှာ ကျောင်းဆက်တက်ခွင့် ရပါတယ်။ ကျောင်းသွား ကျောင်းပြန် ဟိုလူကြီး ပေးထားတဲ့ ကားအနက်ကြီးကို မစ္စစ္စဖောင်လာက မောင်းပြီး လိုက်ပို့ လာကြိုလုပ်ပါတယ်။ ကျောင်းမှာနေရတာလည်း ကျွန်မအတွက် ပျော်စရာ မကောင်းပြန်ဘူး။ ကျွန်မက စကားပြောရင် ပြင်သစ်သံ တော်တော်ကြီးဝဲတယ်။ ကျွန်မ အတန်းဖော် သူငယ်ချင်းတွေက တောင်ပိုင်းသား စစ်စစ်တွေ ဖြစ်နေကြတယ်။ မွန်ရိုးမြို့ကလေးမှာ ပြင်သစ်တွေနေကြတယ် ဆိုပေမယ့် ဘိုးစဉ်ဘောင်ဆက် နေလာခဲ့ကြတာဆိုတော့ ပြင်သစ် အမျိုးအနွယ်တွေပေမယ့် သူတို့လေသံတွေက ပြင်သစ်သံမဟုတ်တော့ဘူး။ 'ကာ(လ)မက်တီး'နဲ့ 'ဘော်စတွန်' မှာ နေခဲ့ရတဲ့ ပတ်ဝန်းကျင်နဲ့ ဒီပတ်ဝန်းကျင် တခြားစီပဲ။ သူငယ်ချင်းတွေ ပြောတဲ့ စကားကို ကျွန်မ နားမလည်နိုင်ဘူး။ သူတို့ကလည်း ကျွန်မပြောတာကို နားမလည်ကြတော့ ကျွန်မကို ဂြိုဟ်သားတစ်ယောက်လို ဝိုင်းကြည့်တတ်ကြပါတယ်။ အပေါင်းအသင်းမရှိတာ ကျွန်မအတွက် ပြဿနာ မရှိပါဘူး။ ဟိုလူကြီးက ကျွန်မအကြောင်း ဘယ်သူ့ကိုမှ မပြောရဘူးလို့ အမိန့်ပေးထားတယ်လေ၊ ကျွန်မ သာမန်ဘဝကလေးတစ်ခုထဲမှာ အံဝင်ခွင်ကျဖြစ်ပြီး နေသားတကျ ရှိချင်လှပါတယ်။ ဒါပေမယ့် လုံးဝ မဖြစ်နိုင်ခဲ့ပါဘူး။

ကျွန်မ ကျန်းမာရေးအခြေအနေ မကောင်းလို့ ကျောင်းပျက်ရက်တွေ များပါတယ်။ ဟိုလူကြီးကလည်း ကျွန်မကို အနိုင်ကျင့်မြဲပဲ။

ဒေါက်တာက ကျွန်မကို မယုံပါဘူး။

'နားထောင် ကလေး၊ မင်းအသက် အရမ်း ငယ်သေးတယ်ဆိုတာ ဆရာ သိပါတယ်၊ ဘာတွေ ဖြစ်ကုန်ပြီလဲဆိုတာ ဆရာမသိသလို ဆရာ ဘာလုပ်ပေးနိုင်မှာလဲဆိုတာလဲ မတွေးတတ်အောင်ပါဘဲ။ ဘာပဲဖြစ်ဖြစ် အကူအညီ လိုအပ်လို့ပဲဖြစ်ဖြစ်၊ ပြဿနာတွေ ဖြစ်လာရင်ပဲဖြစ်ဖြစ် ဆရာ့ဆီကို လာခဲ့ပါ' တဲ့။

သိပ်မကြာခင်မှာဘဲ ကျွန်မ ကိုယ်ဝန်ရှိပြန်ပါတယ်။ ဟိုလူကြီးလည်း ကျွန်မအပါးက အချိန် တော်တော်ကြာကြာ ပျောက်သွားခဲ့တယ်။ သူ ပြန်လာ

http://www.cherrythitsar.org



တော့ ကျွန်မ ကိုယ်ဝန် အရင့်အမာပေမယ့် သူကတော့ ဒီကလေး ယူရေး မယူရေးကို ဆုံးဖြတ်ထားသေးပုံ မပေါ်ပါဘူး။ ကျွန်မကတော့ ကလေးကို ရ အောင် မွေးခဲ့တယ်။ ကျွန်မ ၁၂ နှစ်မြောက် မွေးနေ့အပြီး ၆ ရက်မှာ ပထမသမီး 'ဒီဘိုရာ' ကို မွေးခဲ့ပါတယ်။ အဲဒီနောက် နှစ်နှစ်ခွဲအကြာ ၁၉၅၁ ခုနှစ်မှာ ဒုတိယသမီး 'မယ်လိုဒီချာရစ္စစီ' ကို မွေးခဲ့ပြန်ပါတယ်။ ကျွန်မဘဝမှာ အိမ်သန့် ရှင်းရေးလုပ်တဲ့ အလုပ်ထက်ပိုပြီး ထူးခြားလာခဲ့တာကတော့ ကျွန်မ သမီးလေး တွေကို ထိန်းကျောင်းတဲ့ အလုပ်နဲ့ ကိုယ်ဝန်မပေါ်သေးခင် ကာလတွေမှာ ကျောင်း တက်ခြင်းပါပဲ။

၁၉၅၃ ခုနှစ် နွေနှောင်းပိုင်းမှာ KNOE ရုပ်မြင်သံကြားအစီအစဉ်က သူတို့ ထုတ်လွှင့်မယ့် ဂီတကဏ္ဍမှာ ပါဝင်ဖို့ အဆိုကျော်တွေ၊ ကချေသည်တွေ လိုအပ်တာကြောင့် ခေါ်ယူစစ်ဆေးနေပါတယ်။ လက်ရှိ ကျွန်မဘဝ အခြေအနေ မှာ အဆိုကျော် ဖြစ်ချင်တဲ့ အိပ်မက်တွေဟာ ပျောက်ကွယ်ခဲ့ပေမယ့် ဝါသနာက တော့ ရင်ထဲမှာ နည်းနည်းကျန်နေပါသေးတယ်။ မေမေပြောခဲ့တဲ့စကား ကျွန်မ ပြန်ပြီး ကြားယောင်မိတယ်။ မေမေ့ကို အိမ်ဝယ်ပေးခဲ့သူတွေက ကျွန်မ ဂီတ ပညာ ဆက်လက်သင်ကြားနိုင်အောင် ထောက်ပံ့လိုကြပါသတဲ့။ ဒါက ကျွန်မ လက်မထပ်ရသေးခင်တုန်းက မေမေပြောတဲ့စကား။ ဒါက တကယ်တော့ ကျွန်မ အဘွားဆင်ခဲ့တဲ့ ထောင်ချောက်ပါ။ ဘာပဲဖြစ်ဖြစ် ဒီစကားကိုပဲ ဆင်ခြေအဖြစ် အသုံးချရတော့မှာပဲ။ ကျွန်မမှာ လောလောဆယ် သီချင်းဆိုချင်တာထက် ငွေ လိုချင်တဲ့စိတ်က ပိုများပါတယ်။ ငွေရှိမှသာ ကျွန်မ ဒီဘဝက လွတ်မြောက်နိုင် မယ်။

အဲဒီအချိန်မှာပဲ မဲ(မ)ဖစ္စမြို့မှာနေတဲ့ ကျွန်မအစ်မ မေရီကလည်း မွန်ရိုး ကို အလည်ရောက်လာတယ်။ မမက အသက်ဆယ့်ကိုးနှစ်ရှိပြီး ချောတယ်၊ ရွှေအိုရောင် ဆံပင်အရှည်ကြီးရှိတယ်။ မမက ဖေဖေ့ဘက်က အမျိုးတွေနဲ့ ပိုတူ တယ်။ မမတစ်ယောက်တည်းသာ မိသားစုတစ်စုလုံးမှာ ကျွန်မနဲ့ အရင်းနှီးဆုံး၊ နားအလည်ဆုံးပါ။ ရုပ်မြင်သံကြားအစီအစဉ်ကအကြောင်း မမကို ကျွန်မပြောပြ တော့ လုပ်သာလုပ်လို့ အားပေးတယ်။ သွားပြီး အစစ်ခံဖို့ တိုက်တွန်းတယ်။

စတူဒီယိုသစ်ကြီးကို ကျွန်မရောက်သွားပြီး လူနည်းနည်းနဲ့အတူ ကျွန်မ အလှည့်ကို စောင့်နေရပါတယ်။ ကျွန်မအလှည့်ရောက်တော့ "Spring will be a little late this year" ဆိုတဲ့ သီချင်းကို ဆိုပြလိုက်ပါတယ်။ စိစစ်တဲ့ လူကြီးတွေက 'မင်းဆက်သွယ်ဖို့ မလိုဘူး၊ လိုအပ်ရင် တို့ဆက်သွယ်မယ်' ဆိုတဲ့ စကားကြောင့်

http://www.cherrythitsar.org



ကျွန်မ မျှော်လင့်ချက်တွေ ကြေမွခဲ့ရပါတယ်။ ပြန်တော့မယ့်ဆဲဆဲမှာ 'ပိ(တ) မက္ကောလဲ(န)(ဒ)' ဆိုတဲ့သူက သူတို့ စီစဉ်နေတဲ့ အကကဏ္ဍအတွက် ဝင်အစစ် ခံဖို့ တိုက်တွန်းပါတယ်။ သူက ကချေသည်တစ်ယောက် လိုနေတယ်တဲ့။ ကျွန်မ က သီချင်းဆိုတဲ့သူပဲ။ ကချေသည်မှ မဟုတ်တာ။ ကျွန်မ မကချင်ပါဘူး။ ဒါပေမယ့် အလုပ်တစ်ခုတော့ လိုချင်နေတာ အမှန်ပဲ။ အိမ်ထဲမှာ အောင်းနေရတဲ့ ကျွန်မဘဝမှာ အပြင်လောကနဲ့ ထိတွေ့ဖို့ လိုပါတယ်။ ပြီးတော့ ရုပ်မြင်သံကြား စတူဒီယိုမှာ အလုပ်လုပ်ရတာ ရင်ခုန်စရာကောင်းတယ်။ ကျွန်မက မစ္စတာ မက္ကောလဲ(န)(ဒ)ကို ကျွန်မ ကတတ်မယ် မထင်တဲ့အကြောင်း၊ ဒါပေမယ့် ကြိုးစားကြည့်ချင်ပါတယ်ဆိုတော့ သူက ပြုံးတယ်။

'တီးလုံးတစ်ပုဒ် ဖွင့်ထားပေးမယ်၊ အဲဒီတီးလုံးနဲ့ မင်း အက ကျင့်ထား ကြည့်၊ ခဏနေမှ တို့လာခဲ့မယ်' လို့ သူက ပြောပြီး စတူဒီယိုထဲမှာ မီးတွေမှိတ် ပြီး ကျွန်မတစ်ယောက်တည်း ထားခဲ့ပါတယ်။

မှောင်သွားတဲ့အတွက် ကျွန်မ နေရတာ ပိုပြီး စိတ်သက်သာသွားတယ်၊ အမှောင်ထဲမှာ ကျွန်မ ပုန်းလို့ရတယ်လေ။ ဘယ်နေရာကမှန်းမသိဘဲ တူရိယာ သံတွေ ထွက်လာတော့ ကျွန်မ လန့်သွားမိတယ်။ သီချင်းကလေးက ကောင်းပါ တယ်။ အီတာလျံဇာတ်ကား Anna ထဲက ဇာတ်ဝင်တေးကလေးပါ။ ကျွန်မရှေ့ မှာရှိနေတဲ့ စင်မြင့်ကြီးက ကျွန်မကို ဖိတ်ခေါ်နေသလို ခံစားရတာကြောင့် ကျွန်မကိုယ် ကျွန်မတောင် မသိလိုက်ဘဲ ပရိသတ်အများကြီးရှေ့မှာ ကနေတဲ့ တကယ့်ဝါရင့် ကချေသည်တစ်ယောက်ပုံစံနဲ့ ကျွန်မ ကနေမိပါတော့တယ်။ ကရတာ ပျော်စရာကောင်းပါတယ်။ သီချင်းစည်းချက်နဲ့ညီအောင် ကရတာ။ လှုပ်ရှားရတာ ရင်ခုန်တယ်။ ကျွန်မကိုယ် ကျွန်မ ငွေငန်းဖြူကလေးတစ်ကောင် ရေထဲမှာ မြူးထူးပျော်ပါးနေသလို ကြိုက်ရာပုံစံနဲ့ အလိုက်သင့်ကနေမိတော့တာ ပဲ။ သီချင်းသံ မရပ်စေချင်ဘူး။ ကနေခြင်းအားဖြင့် ကျွန်မဘဝ ပြဿနာတွေ နဲ့ ကင်းဝေးနေတယ်လေ။ သီချင်းဆုံးသွားတော့ မီးတွေ ပြန်လင်းလာတယ်။ ခန်းမကြီးတစ်ခုလုံး ဆူညံသွားအောင် တီးလိုက်တဲ့ လက်ခုပ်သံတွေ ကျွန်မ ကြားရပါတယ်။

'ကောင်းတယ်. . သိပ်ကောင်းတယ်'

ကျွန်မ ပတ်လည် လှည့်ရှာမိတယ်။ ဘယ်နေရာကလာတဲ့ အသံလဲပေါ့၊ ဘယ်သူ့ကိုမှ မတွေ့ပါဘူး။

'အပေါ်မှာ. . အပေါ်မှာ' တဲ့။

http://www.cherrythitsar.org



မစ္စတာမက္ကာလဲ(န)(ဒ)နဲ့ တခြားနှစ်ယောက်က နောင်မှာ ကျွန်မ အဲဒါကို အသံခန်းမလို့ သိလာရတဲ့ အပေါ်ထပ်အခန်းထဲကနေ ကြည့်နေခဲ့ကြပြီး လက်ခုပ်တီးခဲ့ကြတာပါပဲ။ ကျွန်မ ရှက်လိုက်တာမှ မပြောပါနဲ့တော့။ လဲတောင် သေချင်ပါတယ်။ မစ္စတာမက္ကာလဲ(န)(ဒ)က ဆင်းလာပြီး 'အိုကေ. . မိန်းကလေး၊ မင်းကို အလုပ်ခန့်လိုက်ပြီ၊ နောက်တစ်ပတ်ကစပြီး အလုပ်စကြစို့' တဲ့။

ကျွန်မဘဝ တစ်ဆစ်ချိုး တက်လှမ်းဖို့ အတားအဆီးက မစ္စစ္စဖောင်လာ တစ်ယောက်ပဲရှိတယ်။ ဒီအတားအဆီးကို ကျော်လွှားနိုင်ဖို့အတွက် ကမ္ဘာပေါ်မှာ အရိုးဆုံးနည်းဖြစ်တဲ့နည်းကို ကျွန်မ ကျင့်သုံးလိုက်ပါတယ်။ လာဘ်ထိုးခြင်းပါပဲ။ ဟိုလူကြီးက သူ့ကို လခဘယ်လောက်ပေးသလဲဆိုတာတော့ ကျွန်မ မသိဘူး။ ကျွန်မရတဲ့ လခထဲက တချို့တစ်ဝက် ဒီမိန်းမကြီးကို ခွဲဝေရင် သူ နှုတ်ပိတ်နေမှာပဲ ထင်တယ်။ ရက်သတ္တတစ်ပတ်ကို ကျွန်မ ၂၅ ဒေါ်လာရပါတယ်။ အဲဒီအထဲက တစ်ဝက်နီးပါးဖြစ်တဲ့ ၁၀ ဒေါ်လာက သူ့ကိုပေးလိုက်တယ်။ သူလက်ခံတာ တွေ့ရတော့ ကျွန်မ တော်တော် အံ့ဩသွားပါတယ်။

ကျွန်မ ပါဝင်ကပြတဲ့ ရုပ်မြင်သံကြားအစီအစဉ်ကဏ္ဍကလေးနဲ့ ကျွန်မ ကပြဖျော်ဖြေခြင်းဟာ ကျွန်မဘဝအတွက် အလင်းရောင်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ခုဆိုရင် တစ်နေ့လုံး ကျွန်မမှာ အားလပ်ချိန် မရှိတော့ပါဘူး။ ကျောင်းတက်၊ စာကျက်၊ ကလေးတွေထိန်း၊ တစ်ပတ်မှာ နှစ်ရက်က။ ကျန်တဲ့အချိန်မှာ ကျွန်မ အင်္ဂလိပ်စာကို ပိုလေ့လာပြီး ပြင်သစ်အသံဖျောက်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဒီလိုဆက်တိုက် လှုပ်ရှားနေရတဲ့အတွက် ကျွန်မ စိတ်လေစရာ အကြောင်း မရှိတော့ဘဲ ဟိုလူကြီးလက်ထဲက လွတ်နေတဲ့ ဘဝတစ်ခုကို ရောက်နေသလို ခံစားရပါတယ်။ အဲဒီအချိန်မှာ ကျွန်မအသက် ၁၆နှစ်ရှိလာပြီဆိုတော့ တခြား ဆယ်ကျော်သက်မိန်းကလေးတွေလိုပဲ အချစ်ကို စိတ်ကူးယဉ်အိပ်မက် မက်လာပါတယ်။

ဘုရားသခင်ကို ပိုပြီး ယုံကြည်အားထားလာတယ်။ ဘုရားသခင်ဟာ ကျွန်မဘဝမှာ ကြုံတွေ့ရတဲ့ဒုက္ခတွေကို ရင်ဆိုင်ဖို့ ခွန်အားပေးတော်မူပါတယ်။ ခရစ်တော် ကိုယ်တိုင်ပင်လျှင် ဒုက္ခ ခံစားခဲ့ရသေးသည် မဟုတ်ပါလား။ဘုရားသခင်ဟာ ကျွန်မခံစားရတဲ့ဒုက္ခအဝဝက လွတ်မြောက်အောင် နည်းလမ်းတစ်ခုကို ပေးသနားတော်မူလိမ့်မယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။ ကျွန်မ ယုံကြည်မှုက ကျွန်မကို ခွန်အားတိုးပွားစေပါတယ်။ ကျွန်မ လုပ်ငန်းခွင်မှာ ဘယ်သူနဲ့မှ မရောဘဲ သီးခြားပဲ နေပါတယ်။ ရုပ်မြင်သံကြား စတူဒီယိုကလူတွေ ကျွန်မ

http://www.cherrythitsar.org



အကြောင်း သိသွားမှာစိုးရိမ်လို့ ဘယ်သူနဲ့မှ မရောတာပါ။ ကျွန်မ အလုပ်လုပ်နေတာ ဟိုလူကြီး မသိနိုင်ပါဘူးလို့ ရှုးရှုးမိုက်မိုက် တွေးမိခဲ့ပြီး သူ ပြန်လာမှာလည်း အရမ်းကြောက်နေမိတယ်။ သူက အချိန်မရွေး ပြန်ရောက်လာနိုင်တယ်လေ။ တကယ်တော့ သူကလည်း သူ့ဘဝမှာသာ သူပျော်နေပြီး ကျွန်မကလည်း ကျွန်မဘဝမှာပဲ ပျော်နေတာ မဟုတ်လား။ သူလာရင် ရက်သတ္တပတ် ကုန်ဆုံးရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေ လာတတ်ပြီး ကျွန်မဆီမှာ နှစ်ရက် သုံးရက်ပဲနေတာပါ။ သူလာတဲ့ရက်တွေက ကျွန်မ ကရတဲ့ရက်တွေ မဟုတ်တော့ ဘာပြဿနာမှမရှိဘူးပေါ့။

ကျွန်မ တွေးနေသလို သူကလည်း တွေးမိပုံရတယ်။ ကျွန်မမှာ အားလပ်ချိန်တွေ ရှိနေတယ်။ ဒီလိုအားနေရင် တစ်စုံတစ်ခု ဆိုးဆိုးရွားရွား ဖြစ်လာနိုင်တယ်လို့ သူက တွက်တယ်။ ဒါကြောင့် လျှပ်စစ် အဝတ်လျှော်စက်က ကြိုးကို ဖြတ်ပစ်လိုက်ပြီး အဝတ်တွေကို ကန်ထဲမှာပဲ လက်နဲ့လျှော်ရမယ်လို့ ကျွန်မကို ခိုင်းပါတယ်။ တကယ်တော့ အလုပ်ချိန် ကြာသထက်ကြာအောင် သူ ဖန်တီးလိုက်တာပဲ။ အဲဒီအတွက် သူ့ကို ကျွန်မ ပိုမုန်းသွားခဲ့ပါတယ်။ အဝတ်တွေ လက်နဲ့လျှော်ရတော့ ကျွန်မလက်တွေ ဖူးရောင်တဲ့အခါရောင်၊ အက်ကွဲတဲ့အခါကွဲ ဖြစ်ရတယ်။ ကျွန်မလက်တွေကို ကျွန်မကြည့်ပြီး အခန်းထဲမှာ ငိုရတာ အမောပါပဲ၊ လက်ကလေးတွေ လှနေချင်တယ်လေ။ အကမှာ လက်လှဖို့ အရေးကြီးတာပေါ့။ လက်ဟာ ကျွန်မကကွက်တွေအတွက် အသက်ပဲ။ လက်တွေဖူးရောင် အက်ကွဲနေတာ မြင်ရတိုင်း ကျွန်မပေါ် နှိပ်စက် အနိုင်ကျင့်တာတွေကို သတိရစေပါတယ်။ ကျွန်မခံစားနေရတဲ့ ဘဝတွေကို ကျွန်မ လက်တွေက မီးမောင်းထိုးပြနေသလိုပဲ။ ဒီဘဝက လွတ်မြောက်ဖို့ ကျွန်မ နည်းလမ်းရှာရပါမယ်။

ကျွန်မရဲ့ ပထမဆုံးသော ကြိုးပမ်းချက်က မအောင်မြင်ခဲ့ပါဘူး။ ဘုရားသခင်အပေါ် ယုံကြည်အားထားမှုနဲ့ စိန့်မက်သျူးက ဘုန်းတော်ကြီးတစ်ပါးဖြစ်တဲ့ 'မွန်ဆစ်(ဂ)နော်မာ့(ရှ်)' ဆီကို သွားခဲ့ပါတယ်။ ကျွန်မကို လက်ခံတွေ့ဆုံရာမှာ ဘုန်းတော်ကြီးက သူ့ဝတ်စုံ အပြည့် ဝတ်ဆင်ထားပါတယ်။ အနက်ရောင် ဝတ်ရုံရှည်ကြီးမှာ ကြယ်သီးတွေ အပြည့်အစုံ တပ်ထားပြီး ခါးမှာလည်း ပဝါချည်ထားပါတယ်။ သူ့ဆံပင်တွေက ဖြူနေပြီး အသားအရေကတော့ နီစပ်စပ်ပါ။ ကြည်ညိုချင်စရာ သူ့ရုပ်သွင် လက္ခဏာကြောင့် ကျွန်မကို ကူညီပါလို့ တောင်းပန်ကြည့်ပါတယ်။ ကူညီမယ့်အစား သူက ကျွန်မကို ပြန်သွားခိုင်းပါတယ်။

'ဒီကိစ္စက စတိုးဆိုင်တစ်ဆိုင်သွားပြီး ဖိနပ်တစ်ရန်ဝယ်၊ စီးပြီးတော့မှ မလိုချင်တော့ဘူးလို့ ပြောလို့ရတဲ့ ကိစ္စမျိုး မဟုတ်ဘူး'

http://www.cherrythitsar.org



'ဒါပေမယ့် ဘုန်းဘုန်းရယ် ကျွန်မကိုယ်တိုင်က လက်ထပ်ချင်ခဲ့တာမှ မဟုတ်ဘဲ၊ ကျွန်မကို အတင်းအကျပ် လက်ထပ်ပေးခဲ့ကြတာ၊ ပြီးတော့ ဘုရားကျောင်းမှာ လက်ထပ်ခဲ့ရတာလည်း မဟုတ်ပါဘူး'

'အဲဒါကိုက မင်းရဲ့ ပထမဆုံးအမှားပဲ၊ ဘုရားကျောင်းမှာ မဟုတ်ရင် လက်ထပ်တာကို လက်မခံရဘူး၊ အပြင်မှာ လက်ထပ်ရင်လည်း ဒီလို ထွက်သွားလို့ မရဘူး၊ မင်းဟာ လက်ထပ်ထားတဲ့ အိမ်ထောင်သည် တစ်ယောက်၊ အဲဒီတော့ အိမ်ပြန်ပြီး အိမ်ထောင်ရှင်မ တစ်ယောက်အဖြစ် ဆက်နေပါ. . .'

ကျွန်မ စိတ်ပျက်သွားတယ်၊ ဘုရားကျောင်းကပါ ကျွန်မနဲ့ ဆန့်ကျင်ဘက် ဖြစ်နေမှတော့ ကျွန်မ ဘယ်လိုမှ မလွတ်မြောက်နိုင်တော့ပါဘူး။ ကျွန်မရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်က ပျောက်ကွယ်သွားခဲ့ပြီ။ အိမ်ပြန်ရမယ့် ဘတ်(စ)ကား လွတ်သွားတာကြောင့် အချိန်တော်တော်ကြာအောင် မိုးရွာထဲမှာပဲ လမ်းလျှောက်လာခဲ့တာ။ နောက်ဆုံးမှာ ပရိုတက်စတင့် ဘုရားကျောင်းတစ်ခုကို ရောက်လာခဲ့ပါတယ်။ ဘုရားကျောင်းထဲမှာ ကျွန်မမျက်စိတွေ ကျွတ်ထွက်မတတ် ငိုမိတယ်။ ကျွန်မ ဘယ်သူ့ကိုမှ မှီခိုအားထားလို့ မရနိုင်သလို ဘယ်သူ့ကိုမှလည်း ယုံကြည်လို့ မရတော့ပါဘူး။

အဲဒီအတွေးကြောင့် ကျွန်မ တော်တော်စိတ်ဓာတ်ကျသွားပါတယ်။ အိမ်မှာ လုပ်မြဲတိုင်း အဝတ်တွေ လက်ပေါက်ပြအောင် လျှော်ရင်း ဟိုလူကြီး ဘယ်အချိန်ရောက်လာမလဲဆိုတာကိုပဲ ရင်တထိတ်ထိတ်နဲ့ စောင့်နေရပါတော့တယ်။ အဝတ်တွေလျှော်နေစဉ် အတောအတွင်းမှာ ကျွန်မအတွက် စိတ်ဖြေစရာ တစ်ခုကတော့ မီးဖိုခန်းထဲက စားပွဲပေါ်မှာ တင်ထားတဲ့ သစ်သားရေဒီယိုကလေးပါပဲ။ ဒီရေဒီယိုကလေးကနေ 'ပေါ်(လ)ဟာဗေး' က သူရဲကောင်းတွေအကြောင်း၊ အဖိနှိပ်ခံတွေ လွတ်မြောက်မှု အကြောင်းတွေ အမြဲအသံလွှင့် ပြောကြားပါတယ်။ သူ့အသံလွှင့်ချက်တွေဟာ ကျွန်မအတွက် သတ္တိမွေးပေးသလို ဖြစ်ပြီး တစ်ချိန်မှာ ကျွန်မ ဒီပြဿနာတွေကနေ လွတ်မြောက်စေရမယ် ဆိုတာ ယုံကြည်မှု ပြင်းထန်စေပါတယ်။

ရုပ်မြင်သံကြား အစီအစဉ်မှာ လုပ်ရတာက အချိန်ပိုင်း အလုပ်ပဲ၊ အခွန်နုတ်တာနဲ့၊ မစ္စစ္စဖောင်လာကို ပေးတာနဲ့ဆိုရင် တစ်ပတ်မှာ ဆယ်ဒေါ်လာပဲ ကျွန်မအတွက် ကျန်ပါတယ်။ ဒါကြောင့် ဒီမြို့မှာ အကောင်းဆုံး အဝတ်အထည်တွေ ရောင်းတဲ့ 'ဆီ(လ)ဗာစတိန်း' စတိုးဆိုင်ကြီးမှာ အလုပ်သွားလျှောက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပြီး အကောင်းဆုံး အဝတ်အထည်တွေ ရွေးချယ်ဝတ်လိုက်

http://www.cherrythitsar.org



ပါတယ်။ လက်မပါဘဲ ချုပ်ထားတဲ့ လိုင်နာသားအင်္ကျီအနက် အပေါ်က အဖြူရောင် ဂျက်ကက်ထပ်ဝတ်၊ အဖြူရောင်အိတ်ကို ကိုင်လိုက်ပြီး ကျွန်မ ပထမဆုံး ကိုယ်ပိုင်ဝယ်ထားတဲ့ အဖြူရောင် ဒေါက်မြင့်ဖိနပ်ကို စီးလိုက်ပါတယ်။ အဖြူရောင် လက်အိတ်စွပ်လိုက်တော့ ကျွန်မ လက်က ဒဏ်ရာတွေ မပေါ်တော့ဘူးပေါ့။ ကျွန်မရုပ်ကို ရင့်အောင် ဖန်တီးလိုက်တာပါပဲ။ ဒါမှလည်း စတိုးဆိုင်က သူတို့နဲ့ သင့်တော်တယ်လို့ ထင်တော့မပေါ့။ အဝတ်အစားအားလုံး ကျွန်မ လုပ်အားခနဲ့ ဝယ်ခဲ့တာပါ။ တကယ်တော့ ကျွန်မ လွတ်မြောက်ရေးအတွက် ငွေစုချင်တာပါ။ ဒါပေမယ့် အဝတ်သစ်သစ်လွင်လွင်ဝတ်ခြင်းကလည်း စိတ်ဓာတ်မြင့်တက်စေတယ် မဟုတ်လား။ ခုလို ဝတ်လိုက်တော့ ကျွန်မကိုယ်ကျွန်မ ယုံကြည်မှု အပြည့်အဝ ရှိသွားတယ်။

စတိုးဆိုင်ထဲ ခပ်ရဲရဲဝင်သွားပြီး အလုပ်တစ်ခု ရနိုင်မလားလို့ စုံစမ်းလိုက်တယ်။ ကံကောင်းချင်တော့ ကျွန်မ အင်တာဗျူးဝင်ရမယ့်သူက ဆိုင်မန်နေဂျာ အမျိုးသား 'ဖီ(လ)ဖစ်(ရှ)မဲ(န)' ဆိုသူ ဖြစ်နေတယ်။ တကယ်လို့ မိန်းမတစ်ယောက်ကသာ အင်တာဗျူးလုပ်တယ်ဆိုရင် ကျွန်မ လိမ်တာတွေ ပေါ်နိုင်တာပေါ့။ ဖီ(လ)က ရုပ်ရှင်မင်းသား တိုင်ရွန်းပါဝါနဲ့တူတယ်။ သူက ကျွန်မရုပ်ရည်ကို သဘောကျပေမယ့် အသက်အရွယ်ကိုတော့ သဘောမကျဘူး။ သူက အံ့သြသွားသလို မျက်ခုံးတစ်ချက်ပင့်လိုက်ပေမယ့် ကျွန်မကို အလုပ်တစ်ခုတော့ ပေးလိုက်ပါတယ်။ ကျွန်မအလုပ်က ဆိုင်ရှေ့ ရှိုးကေ့(စ)ထဲမှ အလှပြ ပြင်ဆင်တာတွေကို တာဝန်ယူရပါမယ်။

ရုပ်မြင်သံကြား စတူဒီယိုဘက်ကလည်း ကျွန်မ အခန်းကဏ္ဍတွေ တိုးချဲ့ဖို့ ပြောလာကြတယ်။ မင်းသား 'မောရိုးတူမီ' က ကျွန်မကို ပေါ်ပေါ်ထင်ထင် ပွဲထုတ်ချင်လာတယ်။ မစ္စတာမောရိုးက ရုပ်ချောတယ်၊ ဆံပင်ကောင်းပြီး အသံကလည်း ရေဒီယိုက အသံလွှင့်ကြေညာတဲ့သူရဲ့ အသံမျိုး အောင်မြင်တယ်။ သူ တကယ်ဝါသနာပါတာက ဓာတ်ပုံ။ ဒါကြောင့် ကင်မရာတစ်လုံးနဲ့ အမြဲတမ်း ဓာတ်ပုံရိုက်နေတတ်တယ်။ ကျွန်မက သူအနှစ်သက်ဆုံး ပစ်မှတ်ပါပဲ။ ကျွန်မလှည့်ကြည့်လိုက်တိုင်း သူ့ကင်မရာ မီးပွင့်သွားတာချည်းပဲ။ သူက ကျွန်မကို အခကြေးငွေယူတဲ့ ကိုယ်ဟန်ပြမယ် လုပ်စေချင်တယ်။ ကျွန်မကလည်း စိတ်ဝင်စားပါတယ်။ ဒါပေမယ့် ဓာတ်ပုံတစ်ပုံတလေ ဟိုလူကြီး တွေ့သွားမှ ဖြင့် . . .။ ရုပ်မြင်သံကြား အစီအစဉ်မှာ ကျွန်မ ဝင်ပါတာကိုက တော်တော်ကြီး စွန့်စားရာရောက်နေပြီ။ ဒါပေမယ့် ကျွန်မသိတယ်။ ဒီလူကြီးက ဘယ်တော့မှ တီဗွီ

http://www.cherrythitsar.org



ကြည့်တဲ့သူ မဟုတ်ဘူး။ ဓာတ်ပုံဆိုရင်တော့ တစ်နေရာမှာ တွေ့သွားနိုင်တယ်လေ။

ကရတာ ပျော်စရာကောင်းပါတယ်။ ကျွန်မ ကိုယ်ပိုင်ကနည်း ကဟန်တွေကို သီချင်းနဲ့ အံဝင်အောင် ကိုယ့်စိတ်ကူးနဲ့ ကတာပဲ။ ဝတ်ရုံပြာကြီး တလွင့်လွင့်နဲ့ ကတာလည်း ရှိရဲ့။ ကင်မရာ အထူးပြုလုပ်ချက်နဲ့ ရိုက်ကူးထားတဲ့ မီးတောက် မီးလျှံတွေကြားက အကလည်းရှိရဲ့၊ ကောက်ရိုးနဲ့လုပ်ထားတဲ့ စတတ်ကိုဝတ်ပြီး ဟာဝေယံ အကလည်း ကရတာပဲ။ လေရဟတ်အကြီးကြီးကို သုံးပြီး အချစ် သီချင်းတစ်ပုဒ်နဲ့ ရုရှား ဘဲလေးအကဆန်ဆန်လည်း ကရပါတယ်။

တစ်နေ့မှာတော့ ကျွန်မ တာဝန်ချိန်ကုန်ဆုံးလို့ စတူဒီယိုက ထွက်မယ် အလုပ်မှာ ဝတ်ကောင်းစားလှတွေနဲ့ အရေးပါ အရာရောက်ပုံရတဲ့ လူတစ်စု စတူဒီယိုကို ရောက်လာကြပါတယ်။ အဲဒီအထဲက ထိပ်ပြောင်ပြောင်နဲ့ အသက် ငါးဆယ်ကျော် ခြောက်ဆယ်လောက်ရှိမယ့် လူကြီးတစ်ယောက်က ကျွန်မနဲ့ သူ့ကိုယ်သူ မိတ်ဆက်ပေးပါတယ်။ 'ဂျိမ်း(စ)နိုး'တဲ့။ ရုပ်မြင်သံကြားဌာနကို တည်ထောင်ခဲ့တဲ့ ပိုင်ရှင်လည်းဖြစ်၊ ဥက္ကဋ္ဌလည်းဖြစ်ပါသတဲ့။ နိုးက လွီစီယားနားရဲ့ ဂါဗနာဟောင်းလည်း ဖြစ်ပါတယ်။ သူက ကျွန်မ အစီအစဉ်ကို ကြည့်ခဲ့တဲ့အကြောင်း၊ ကျွန်မ ကတာကို သဘောကျကြောင်း ပြောတယ်။ နိုးက ကျွန်မအနေနဲ့ သူတို့ကျင်းပမယ့် နိုင်ငံရေးသမားများ ဂုဏ်ပြုပါတီပွဲတစ်ခုမှာ ကပေးပါတဲ့။ ပါတီက မွန်ရိုးမြို့ရဲ့ မြောက်ဘက်တစ်နေရာ မစ္စစ္စပီနဲ့ နယ်စပ်မှာ ရှိပါတယ်။ ကျွန်မ ငြင်းလိုက်ချင်တယ်။ ဒါပေမယ့် နိုးက အားနာစရာဖြစ်နေတာကြောင့် အာစေးမိနေသူလို ဖြစ်သွားပြီး လက်ခံလိုက်မိပါတော့တယ်။ အိမ်အပြန်လမ်းတစ်လျှောက်မှာ ကျွန်မ ကြောက်နေမိတယ်။ ကျွန်မ ထွက်ပြေးရမလား။ ဘယ်သူမြင်သွားမလဲ။ ဟိုလူကြီး ကျွန်မ လုပ်တာတွေ သိသွားမှာလား။ သူလည်း အဲဒီပွဲမှာ ရှိချင်ရှိနေမှာပေါ့။

ဘယ်လိုပဲ စိတ်ရှုပ်ရှုပ်။ ကျွန်မပေးထားတဲ့ ကတိကိုတော့ တည်ရတော့မယ်။ မစ္စတာနိုးက ကျွန်မအလုပ်ရှင်၊ ဒီအလုပ်ကို ကျွန်မ သဘောကျတယ်။ ဆက်လုပ်ချင်သေးတယ်။ နောက်ကြောင်း ပြန်လှည့်ကြည့်တော့လည်း ကျွန်မမှာ ရွေးစရာ တခြား ဘာရှိလို့လဲ။ ကျွန်မ ဒူးထောက်ပြီး ဘုရားသခင်ထံကို ဆုတောင်းမိတယ်။ ငိုလည်း ငိုမိတယ်။ နောက်ဆုံးမှာတော့ ဘုရားသခင်က မမျှော်လင့်တဲ့ဘက်က အဖြေပေးလိုက်တယ်။ ဒီပါတီပွဲဟာ ကျွန်မဘဝကို လုံးဝဥဿုံ ပြောင်းလဲသွားစေခဲ့ခြင်းပါပဲ။

*(လူစီက အလုပ်နှစ်ခုကြားမှာ သူ့ဘဝ မြုပ်နှံထားခဲ့ပုံကို ပြောပြတော့*

http://www.cherrythitsar.org



ကျွန်တော်က အလုပ်လုပ်ခဲ့ပါတယ်ဆိုတဲ့ မွန်ရိုးမြို့ကိုသွားပြီး လူတော်တော်များများကို အင်တာဗျူး လိုက်လုပ်ရပါတယ်။ လူစီရဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့ဖူးသူတွေပေါ့။ **KNOE** ရုပ်မြင်သံကြားဌာနက လူတွေကတော့ လူစီဟာ **Mr. Music** ဆိုတဲ့ အစီအစဉ်မှာ ပါဝင်ကပြတဲ့ မိန်းကလေးဖြစ်တယ်ဆိုတာထက် ပိုပြီးမသိကြပါဘူး။ စတိုးဆိုင်မှာ အလုပ်လုပ်တယ်ဆိုတာ လုံးဝမသိကြပါဘူး။ စတိုးဆိုင်မှာ လုပ်ခဲ့ဖူးသူတွေကို သွားတွေ့ကြည့်တော့ လူစီကို မှတ်မိကြတယ်။ ဒါပေမယ့် လူစီဟာ ရုပ်မြင်သံကြားအစီအစဉ်က ကချေသည်ကလေးလည်း ဖြစ်ခဲ့တယ်ဆိုတာ ခုမှ သိလိုက်ကြရတော့ အရမ်းအံ့ဩသွားကြပါတယ်။ (ဒီကဏ္ဍကလည်း ခြောက်လလောက်ပဲ လွှင့်ထုတ်ခဲ့တာပါ။) အဲဒီတော့ လူစီဟာ အိမ်ထောင်သည်ဖြစ်တယ်၊ ကလေးတွေ ရှိခဲ့တယ်ဆိုတာ သိဖို့ကတော့ ဝေးရောပေါ့။ 'ဆီ(လ)ဗာစတိုး' ဆိုင်လည်း မရှိတော့ဘူး။ ဒါပေမယ့် လူစီကို အလုပ်ခန့်ခဲ့တဲ့ ဗီ(လ)ဖစ်(ရှ)မဲ(န)ကတော့ လူစီကို ကောင်းကောင်းကြီး မှတ်မိဆဲပါ။

'အဲဒီကောင်မလေးက သိပ်လှတယ်၊ ခြွင်းချက်မရှိ၊ ပြောစရာ မလိုလောက်အောင်ကို လှပါတယ်။ ဒါပေမယ့် လူကလေးက သေးသေးကွေးကွေး ကလေး၊ သူနဲ့ သက်တူရွယ်တူ မိန်းကလေးတွေ အားလုံးထက် ဉာဏ်ထက်မြက်တယ်၊ လေးလေးနက်နက် စဉ်းစားတတ်တယ်၊ သူ့အကြောင်း ဘယ်သူမှ သိခွင့်မရအောင် နေနိုင်ခဲ့တယ်' လို့ ပြောပြတယ်။

**Mr. Music** အစီအစဉ်က မစ္စတာတူမီကတော့ ရုပ်မြင်သံကြားအစီအစဉ်ကို ကျောခိုင်းသွားချိန်မှာ **Shreveport** ကို ရွှေ့သွားတယ်။ အဲဒီမှာ သူဝါသနာပါတဲ့ ဓာတ်ပုံပညာကို ပညာရှင်တစ်ယောက်အနေနဲ့ ရိုက်ကူးနေရင်း ၁၉၇၉ ခုနှစ်က ကွယ်လွန်သွားလို့ ကျွန်တော်နဲ့ မတွေ့လိုက်ရဘူး။ ဒါပေမယ့် ပါတနာမာယက်တာဂျူး(စ)နဲ့ တွေ့တော့ မစ္စတာတူမီ တီဗွီမှာ အလုပ်လုပ်စဉ်ကာလက ရိုက်ခဲ့တဲ့ လူစီ့ဓာတ်ပုံပေါင်းများစွာ အကြောင်း သူသိနေတယ်။ ပုံပေါင်းများစွာ သေတ္တာထဲထည့်ပြီး ရုံးခန်းနောက်မှာ သိမ်းထားတာကို 'အဲဒီ ကချေသည်မလေး လူစီ့ပုံတွေကို ကျွန်တော် ကောင်းကောင်း မှတ်မိနေတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကောင်မလေးက မင်းသမီး **'Cyd Charisse'** နဲ့ တူလို့' လို့ ပြောပြပါတယ်။ ကံဆိုးချင်တော့ တူမီရဲ့ ဇနီးသည်က တူမီ ကွယ်လွန်သွားတော့ ကျန်ရစ်တဲ့ပုံတွေ အားလုံး ဖျက်ဆီးပစ်လိုက်ပါတယ်။)

http://www.cherrythitsar.org



# အခန်း(၃)

၁၉၅၃ နွေဦးပေါက်

ကျွန်မ လက်ဖြစ်မြေပုံကလေးအတိုင်း မစ္စနိုး ညွှန်ပြတဲ့ မွေးမြူရေးခြံကြီးဆီကို ရောက်လာခဲ့ပါတယ်။ နေရာက မွန်ရိုးမြို့ရဲ့ အရှေ့မြောက်ဘက်ကို နာရီဝက်လောက် မောင်းရပြီး မစ္စစ္စပီပြည်နယ်နဲ့ နယ်စပ်ဒေသဖြစ်ပါတယ်။ နေရာကလေးရဲ့ မြင်ကွင်းကို အနီးစပ်ဆုံး မြင်သာအောင် ကျွန်မ ပြောရရင် Gone with the wind ဇာတ်ကားထဲက မြင်ကွင်းမျိုးပါပဲ။ ညနေစောင်း နေဝင်ရီတရောအချိန်ကလေးမှာ မြေပြင်ပေါ်က ထိုးထားတဲ့ ဆလိုက်မီးတွေရဲ့ အရောင်ကြောင့် သစ်ပင်တွေရဲ့ အရိပ်တွေက ပိုပြီး ရှည်ထွက်နေတယ်။ အဖြူ အနီ၊ ပန်းရောင်မီးလုံးတွေက မြင်ကွင်းကို အလှဆင်ပေးထားပြန်ပါတယ်။ ကိုလိုနီခေတ်က ဆောက်ခဲ့ပုံရတဲ့ အဆောက်အအုံကြီးက အဖြူရောင်ထီးထီးကြီး ရပ်တည်နေပြီး ပြတင်းပေါက်တွေမှာ အနက်ရောင် တရုတ်ကပ်မှန်တွေ တပ်ထားတယ်။ ဆင်ဝင်ကြီးက ထည်ဝါတဲ့ တိုင်ကြီးလေးလုံးရဲ့ အဖြူရောင်က အမိုးရဲ့ အနက်ရောင်နဲ့ ဆန့်ကျင်ဘက်ပါပဲ။ အိမ်ကြီးရဲ့ ပတ်ပတ်လည်မှာ လက်ရာအနုစိပ်စိပ် လုပ်ထားတဲ့ ဝရန်တာကလေးရှိပြီး အိမ်ရှေ့ ကိုက်ငါးဆယ်လောက် အကွာမှာ ရေကန်တစ်ခုရှိပါတယ်။ ကန်ထဲမှာ ငွေငန်းဖြူကြီးတွေနဲ့ ဘဲတွေက ရေကစားနေကြပါတယ်။ ကန်နဲ့ ဆင်ဝင်ကြားမှာ ယာယီ ဆောက်ထားတဲ့ စင်မြင့်ကလေးတစ်ခုလည်း ရှိနေတယ်။ ညာဘက် ကိုက်တစ်ရာလောက်မှာ မီးပုံကြီးတစ်ခုဖိုထားတယ်။ နေရာတိုင်းမှာ လူတွေ ရှိနေကြပါတယ်။ လူ တစ်ထောင်လောက်ရှိမယ် ထင်ပါရဲ့။ တချို့က မီးပုံမှာ အမြည်းတွေ ကင်နေကြပြီး တချို့ကတော့ စားပွဲတွေနဲ့ နေရာအနှံ့မှာ တည်ခင်းထားတဲ့ စားစရာတွေ စားသောက်နေကြတယ်။ ဒီလူတွေ အားလုံးဟာ ဂါဗနာဟောင်း မစ္စတာနိုးရဲ့ လုပ်ဖော်ကိုင်ဖက်နိုင်ငံရေးသမားဟောင်းကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေပါပဲ။ ဒီလို အသိုက်

http://www.cherrythitsar.org



အဝန်းမှာ ကျွန်မ မကျင်လည်ခဲ့ဖူးပေမယ့် ဒီလူတွေထဲမှာ ကျွန်မကိုသိတဲ့သူတစ်ယောက် ပါလာမှာ ကျွန်မ အရမ်းစိုးရိမ်တာပဲ။ ဒါကြောင့် ဘယ်သူနဲ့မှ မရောတော့ဘဲ ရေကန်အစွန်းတစ်ဖက်ကို လျှောက်သွားနေလိုက်ပါတော့တယ်။

အပြာရောင်အခံပေါ်မှာ အဖြူရောင် စက်ဝိုင်းပြောက်တွေပါတဲ့ ရှပ်အင်္ကျီကို ဝတ်ထားတဲ့ လူငယ်တစ်ယောက်က ကျွန်မကို စိုက်ကြည့်နေတာ သတိထားမိတယ်။ သူ့ကိုကြည့်ရတာ ကျွန်မနဲ့ ရင်းရင်းနှီးနှီး လာစကားပြောချင်ပေမယ့် ရှက်နေပုံရပါတယ်။ ကျွန်မအနား သူကပ်လာရဲတဲ့သတ္တိ မွေးနိုင်ချိန်အထိ ကျွန်မစောင့်မနေတော့ဘဲ အိမ်ကြီးဆီကို ပြန်လျှောက်လာခဲ့တယ်။

ဖျော်ဖြေရေးတာဝန်ခံအမျိုးသမီးကြီးကို ကျွန်မ စောစောပြန်ချင်တဲ့အကြောင်း သွားပြောတော့ ကျွန်မကို အရင်တင်ပေးမယ်၊ အဝတ်လဲထားတော့လို့ ဆိုပါတယ်။ အပေါ်က ထပ်ဝတ်လာတဲ့ ကတ္တီပါစကတ်အနီနဲ့ အနက်ရောင် ဆွယ်တာကို ချွတ်လိုက်ချိန်မှာ ကျွန်မဒူးတွေ တုန်နေပါပြီ။ ကဖို့ ဝတ်စုံနဲ့ ကျွန်မ အဆင်သင့်ပဲ။ ကျွန်မ ကပြရမှာကို မကြောက်ပါဘူး။ တစ်စုံတစ်ယောက်က မှတ်သိသွားရင် အိမ်အပြန်မှာ အရိုက်ခံရမှာကိုပဲ ကျွန်မ ကြောက်တာပါ။ ကျွန်မရဲ့ ကပွဲဝတ်စုံက တီဗွီဖျော်ဖြေရာမှာဝတ်တဲ့ အဝတ်ပါ။ KNOE ရေဒီယိုက အသံလွှင့်သူတစ်ဦးဖြစ်တဲ့ 'ဘက်(သ)ဘရီ(စ)' က ကျွန်မအတွက် ဝတ်စုံတွေ ကူညီ ဖန်တီးပေးလေ့ရှိပါတယ်။ အဲဒီညက ဝတ်စုံကိုလည်း သူပဲ ဒီဇိုင်းထုတ်ပေးတာပါ။ ကျွန်မက 'အယ်နာ' သီချင်းနဲ့ ကမှာပါ။ ကျွန်မနာမည် ကြေညာသံကြားလိုက်ရတော့ စင်ပေါ်ကို တက်လာခဲ့ပါတယ်။ အဲဒီည ကရတာ ကျွန်မ ပထမတော့ ကြောက်နေပေမယ့် ကရင်းနဲ့ပဲ ခံစားသက်ဝင်လာခဲ့ပါတော့တယ်။ ဒီည ကရတဲ့ ခံစားချက်ကို ကျွန်မ မမေ့တော့ပါဘူး။ ကျွန်မ ကပြီးချိန်မှာ ကြားလိုက်ရတဲ့ လက်ခုပ်သံတွေက ကျွန်မကို မြောက်တက်သွားစေသလိုပါပဲ။ ခုလို ပရိသတ်တွေရှေ့မှာ တစ်ခါမှ ကဖူးတာမဟုတ်ပါဘူး။ ပရိသတ် တစ်ယောက်မှ မရှိတဲ့ စတူဒီယိုထဲမှာပဲ ကခဲ့ရတာပါ။ ခုတော့ လက်ခုပ်တီးတဲ့သူကတီး၊ လေချွန်တဲ့သူကချွန်၊ သူတို့သဘောကျ ကျေနပ်ကြောင်း လက်တွေ့ ပြသနေကြပါတော့တယ်။ ကျွန်မကလည်း အကြိမ်ကြိမ် အခါခါ ဦးညွတ်အလေးပြုပြီး အိမ်မကြီးထဲ ပြေးဝင်လာခဲ့ပါတယ်။

ကျွန်မ အဝတ်လဲနေချိန်မှာ စင်မြင့်ပေါ်က သီချင်းသံတစ်ခု ကြားရတယ်။ အသံလုံးကြီးတယ်။ ဖရင့်(ခ)စင်နာထရာရဲ့ အသံနဲ့ တော်တော်တူတယ်။ ဘယ်သူများ ဆိုနေတာပါလိမ့်လို့ ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ ကန်

http://www.cherrythitsar.org



ဘေးမှာ ကျွန်မကို ငေးကြည့်ခဲ့တဲ့ အပြာရောင်ရှပ်အင်္ကျီနဲ့ ကောင်လေးဖြစ်နေတယ်။ သူ့အသံအားကောင်းတယ်။ ကျွန်မစိတ်ထဲမှာ ပရိသတ်တွေ အရမ်းသဘောကျမှာပဲလို့ ထင်ပေမယ့် သီချင်းဆုံးချိန်မှာ ဝတ်ကျေတမ်းကျေတီးတဲ့ လက်ခုပ်သံကိုသာ ကြားရပါတယ်။ လူကြီးတွေဆိုတော့ သူ့သီချင်းသံကို မခံစားတတ်ကြဘူး ထင်ပါရဲ့။

ပြတင်းပေါက်နံဘေးက ကျွန်မ ခွာခဲ့တယ်။ ဒီကောင်လေး အနုပညာခရီးကို စိတ်ဝင်စားဖို့ထက် ဒီနေရာကနေ အမြန်ဆုံး ကျွန်မ ပြန်နိုင်ဖို့က အရေးကြီးနေတယ်။ ဒီည ကျွန်မ လာပြီး က,နိုင်တာက ဟိုလူကြီးအိမ်မှာ ရှိမနေလို့ပါ။ သူက အချိန်မရွေး အိမ်ကို ရောက်လာနိုင်တယ်။ ကျွန်မအိမ်မှာ ရှိမနေတာအထူးသဖြင့် ခုလိုညအချိန် အပြင်ထွက်တာသာ သိသွားလို့ကတော့ အရိုက်ခံရမှာ သေချာတာပေါ့။ အပေါ်ထပ် လှေကားထစ်တွေကနေ ကမန်းကတန်းဆင်း၊ နောက်ဘက်အပေါက်က အထွက်မှာ တစ်စုံတစ်ယောက်နဲ့ မမျှော်လင့်ဘဲ ဝင်တိုက်မိပါတော့တယ်။ ကျွန်မ ဝင်တိုက်မိတဲ့သူက အင်္ကျီအပြာနဲ့ အဆိုကျော်၊ သူလည်း အသက်မရှူနိုင်လောက်အောင် မောနေတဲ့အပြင် ဆံပင်တွေက နဖူးပေါ် ဝဲကျနေတယ်။ သူက ကျွန်မလဲကျမသွားအောင် လက်မောင်းနှစ်ဖက်ကို ဖမ်းထိန်းထားလိုက်တယ်။ သူ့ကို ရှောင်ထွက်ဖို့ ကြိုးစားပေမယ့် ရှေ့ကနေ ပိတ်ထားတယ်။

'မင်း ကတာ ကိုယ်အရမ်းသဘောကျတာပဲ' တဲ့၊ သူက တောက်ပတဲ့ အပြုံးနဲ့ ပြောလာတယ်။

'ကျွန်မလည်း ရှင်သီချင်းဆိုတာကို သဘောကျပါတယ်' ပြောစရာ စကားကုန်ပြီမို့ ကျွန်မ ထွက်ဖို့ဟန်ပြင်ပေမယ့် သူက ပိတ်ထားတယ်။

'မပြန်သေးဘူး မဟုတ်လား၊ မင်းနာမည်လည်း ကိုယ်မသိရသေးဘူး'

'လူစီ. . ရှင့်နာမည်ကကော. . ' မေးလိုက်မိတာကို နောင်တရမိတယ်၊ ကျွန်မ ပြန်ရတော့မယ်လေ။

'အဲ(လ)ဇစ္စပရက်စလေ'

နာမည်ကလည်း ထူးဆန်းလိုက်တာလို့ ကျွန်မ တွေးနေမိတယ်။

'ကိုယ် မင်းနဲ့ နောက်ထပ် တွေ့ခွင့်ရနိုင်မလား'

'ကျွန်မ မတွေ့နိုင်ပါဘူး' ကျွန်မ စကားတုံးတိတိပြောရင်း မျက်နှာကို အောက်ငုံ့ထားမိတယ်။ ကျွန်မ မျက်နှာကို သူကြည့်မှာစိုးလို့ပါ။

'ရှင့် ဂီတခရီး ကံကောင်းပါစေလို့ ဆုတောင်းပါတယ်'

http://www.cherrythitsar.org



တကယ်တော့ ကျွန်မ မပြန်သေးဘဲ သူနဲ့ စကားပြောနေချင်ပါသေးတယ်။ ပုံမှန်အတိုင်းဆိုရင် ကျွန်မ ဘယ်လူစိမ်းတစ်ယောက်နဲ့မှ စကားမပြောဘဲ ထွက်ပြေးနေကျပါ။ သူ့ကျမှ စကားပြောနေမိတာက စိတ်ကောင်းရှိပုံ ရတာရယ်၊ သူ့ရုပ်ရည်က ဆွဲဆောင်မှု ရှိတာရယ်ကြောင့်ပါပဲ။ အညိုရောင်ဆံပင်တွေကို ခေါင်းလိမ်းဆီ လိမ်းထားတာကြောင့် အနက်ရောင်သမ်းနေပြီး အရောင်တောက်နေတယ်။

ပရိသတ်ကြီးက ကျွန်မဖြတ်ပြန်တော့ ကျွန်မ က,တာ တော်ကြောင်း၊ ချီးမွမ်းနေကြသူတွေကို ကျေးဇူးတင်ကြောင်း နှုတ်ဆက်ရပြန်တယ်။ တစ်စုံတစ်ခုက ကျွန်မ နောက်ပြန်လှည့်ကြည့်စေဖို့ စေ့ဆော်လာတယ်။ လှည့်ကြည့်လိုက်တော့ အဆိုကျော်က ကျွန်မကို ရပ်ကြည့်နေဆဲ။ ကျွန်မတို့နှစ်ယောက် မျက်လုံးချင်းဆုံမိလိုက်တော့ သူက ပြုံးပြတယ်။ ကျွန်မကလည်း ပြန်ပြုံးပြမိပြီး ကျောခိုင်းထွက်ခွာခဲ့ပါတော့တယ်။

*[၁၉၅၃ ခုနှစ် ခပ်စောစောပိုင်းမှာ အဲ(လ)ဗစ္စမှာ ကိုယ်ပိုင်ဟန်ရယ်လို့ သီးခြားမရှိသေးလေတော့ တခြားအဆိုကျော်တွေရဲ့ ပုံစံကို တုပြီး ဆိုခဲ့ပါတယ်။ ဖရင့်(ခ)စင်နာသာရား၊ ဒီး(န)မာတင် စတဲ့ ခေအောင်မြင်တဲ့ ဘယ်အဆိုကျော်ရဲ့ ဟန်ပဲဖြစ်ဖြစ် အဲ(လ)ဗစ္စက တုပြီးဆိုနိုင်တာကြောင့် အပေါင်းအသင်းတွေ၊ မိတ်ဆွေတွေက သူ့ကို အံ့သြကြတယ်။ အဲဒီညက ပါတီမှာရှိနေခဲ့တဲ့ လူတွေဟာ အဲ(လ)ဗစ္စ နာမည်ကြီးလာချိန်မှာလည်း လက်မခံနိုင်ကြတဲ့ လူကြီးတွေပါပဲ။ ဂျိမ်း(စ)နိုးရဲ့ ပါတီတက်ခဲ့တဲ့လူတစ်ယောက်က 'အဲဒီညက ဆိုသွားတာ အဲ(လ)ဗစ္စပရက်စလေပဲ ဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ငါတို့ကတော့ မကြိုက်ဘူး' လို့ ဆိုပါတယ်။]*

* * *

အဆိုတော်ရဲ့ ပြုံးချိုနေတဲ့ မျက်နှာကလေးက ကျွန်မ ရင်ထဲမှာ စွဲဝင်လာခဲ့ပါတယ်။ တွေ့ခဲ့ကြတာက ခဏကလေး။ စကားသုံးလေးခွန်းနဲ့ အပြုံးပန်းတစ်ပွင့် ဒါပါပဲ။ ဒါပေမယ့် သူ့အပြုံးချိုချိုကလေးက ကျွန်မရင်ထဲမှာ မေ့ပျောက်လို့မရအောင် စွဲလမ်းခဲ့ပါတော့တယ်။ တစ်နေ့ကျရင် သူဟာ အရမ်းအောင်မြင်တဲ့ အဆိုကျော်ဖြစ်လာမှာပဲလို့ ကျွန်မတွေးနေမိပြီး တစ်ချိန်ချိန်မှာ သူ ဖျော်ဖြေတဲ့ပွဲကို ကျွန်မ ကြည့်ခွင့်ကြုံဦးမှာပဲလို့ မျှော်လင့်မိတယ်။

နောက်ရက်သတ္တ နှစ်ပတ်လောက်ကြတော့ မစ္စတာတူမီက ကျွန်မ ကို တိရစ္ဆာန်ရုံမှာ ဓာတ်ပုံအရိုက်ခံဖို့ သွားရမယ်လို့ ပြောလာပါတယ်။ ပျော်စရာ

http://www.cherrythitsar.org



ကောင်းမှာပဲလို့ ကျွန်မတွေးနေမိပါတယ်။ ရိုက်ရမယ့်ရက် တော်တော်ကလေး နီးလာတော့မှ မစ္စတာတူမီက 'မင်း ဘယ်တိရစ္ဆာန်ရုံမှာ ရိုက်ရမယ်ဆိုတာ ငါ မပြောရသေးဘူး၊ မင်းရိုက်ရမှာက မဲ(မ)ဖစ္စမြို့က တိရစ္ဆာန်ရုံ' လို့ ရယ်ရယ် မောမော ပြောတယ်။ အားလုံး စီစဉ်ပြီးသားဖြစ်နေပြီဆိုတော့ အစီအစဉ်ကို ရွှေ့လို့လည်း မရတော့ဘူး။ မဲ(မ)ဖစ္စကို မစ္စတာတူမီကိုယ်တိုင် လိုက်မှာ မဟုတ်ဘူး။ သူက ဆက်သွယ်ရမယ့် ဓာတ်ပုံဆရာရဲ့ ဖုန်းနံပါတ်ပဲ ပေးလိုက်တာ။ ဟိုလူကြီးကလည်း အိမ်မှာ မရှိတဲ့ရက်ဆိုတော့ သွားဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ မဲ(မ)ဖစ္စကိုသွားရင် ကျွန်မအစ်မ မေရီနဲ့လည်း တွေ့ခွင့်ရမယ်။ ဒါကြောင့် ကျွန်မကို စောင့်ပေးနေတဲ့ မစ္စစ္စဖောင်လာကို မေရီ တော်တော် နေမကောင်းဖြစ်နေလို့ ကျွန်မ သွားပြုစုပေးဖို့လိုတဲ့အကြောင်း ညာပြောရတယ်။ အဲဒီ သောကြာနေ့မှာ သမီးနှစ်ယောက်နဲ့ ဘူတာဆင်းတော့ မစ္စစ္စဖောင်လာက ကားနဲ့ လိုက်ပို့ပေးပါတယ်။ မဲ(မ)ဖစ္စကို ရထားနဲ့ ငါးနာရီလောက် သွားရတယ်။ ကလေးတွေကလည်း လမ်းတစ်လျှောက်လုံး ပျော်နေကြတယ်လေ။ ဘူတာမှာ မေရီက ကားနဲ့လာကြိုပြီး သူ့အိမ် ခေါ်သွားတော့ မဲ(မ)ဖစ္စမြို့လေးရဲ့ အလှအပကို သတိထားမိတယ်။ သစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်း၊ ပန်းရောင်စုံတွေ ပွင့်နေတဲ့ မြို့ကလေးဟာ ကျွန်မနေတဲ့ မွန်ရိုးမြို့ထက် အများကြီး ကြီးပါတယ်။ ညစာစားပြီးတော့ ကျွန်မ ဓာတ်ပုံဆရာဆီ ဖုန်းဆက်ပါတယ်။ မနက်ဖြန်ကိစ္စတွေညှိဖို့အတွက် ဓာတ်ပုံဆရာက သူ့ရည်းစားနဲ့အတူ ကျွန်မကို လာတွေ့တယ်။ စကားပြောကြပြီးတဲ့နောက် ကျွန်မ အစ်မ မေရီက အပြင်ထွက်လည်ရအောင်ဆိုပြီး ကျွန်မသမီး ဒီဘိုရာ၊ မယ်လိုဒီတို့နဲ့အတူ သူ့သားကိုပါ ကလေးထိန်းနဲ့ ထားခဲ့ပါတယ်။ မေရီနဲ့ ဓာတ်ပုံဆရာတို့က ဒီမြို့မှာ လူကြိုက်များနေတဲ့ အဆိုတော်အသစ်တစ်ယောက်ကို ပြမယ်လို့ ဆိုတယ်။ Eagle's Nest လို့ အမည်ပေးထားတဲ့ ကလပ်ကို ရောက်သွားကြတော့ သူတို့က စင်နဲ့ နီးနီးကပ်ကပ် စားပွဲမှာ ထိုင်ချင်ကြတယ်။ ဒါပေမယ့် ကျွန်မက တစ်ယောက်ယောက် တွေ့သွားမှာစိုးလို့ အလယ်နားလောက်မှာပဲထိုင်ဖို့ သူတို့ကို မသိမသာ ဦးဆောင် ခေါ်ခဲ့ရတယ်။ စင်ပေါ်မှာ တီးနေတဲ့ တီးဝိုင်းကြီးက ပျင်းစရာ။ ဒါကြောင့် ကျွန်မအစ်မကို လူကြိုက်များနေတဲ့ အဆိုကျော်အသစ်ဆိုတာ ဘယ်ဟာလဲလို့ မေးမိတယ်။ အစ်မက အဲဒီ အဆိုကျော်ဟာ ဒီဝိုင်းနဲ့မဆိုင်ဘူးတဲ့။ ဒီဝိုင်းနားချိန်မှာ သီးခြားလာပြီး ဖျော်ဖြေမှာတဲ့။ ဒါလောက် ပျင်းစရာကောင်းတဲ့ တီးဝိုင်းနောက်က ဖျော်ဖြေတဲ့ အဆိုကျော်ဟာ လူကြိုက်များသူ ဖြစ်နိုင်ပါ့မလား။

## ၇၂ ဝင်းငြိမ်း

စင်ပေါ်ကနေ တီးဝိုင်းသမားတွေ ဆင်းသွားတော့ ဓာတ်ပုံဆရာရဲ့ ရည်းစားက 'အခု သူ့ကို မြင်ရတော့မယ်' တဲ့။ တစ်ခန်းလုံး မီးတွေမှိတ်သွားချိန်မှာ တစ်ကိုယ်တော် သီဆိုမယ့် အဆိုကျော်က စင်ပေါ်တက်လာခဲ့ပါတယ်။ ကျွန်မ ကြက်သေ,သေသွားတယ်။ ဒီအဆိုကျော်က ပါတီမှာ ကျွန်မတွေ့ခဲ့ရတဲ့ ရယ်စရာကောင်းတဲ့ နာမည်နဲ့ အဆိုကျော်ပဲ။ သူ့ကိုကြည့်ရတာ ဟိုတစ်ခါတွေ့တုန်းက ထက် ပိုချောလာသလိုပဲ။ ပိုးသားအဖြူရောင် ရှပ်အင်္ကျီလက်အပွကြီး ဝတ်ထားပြီး ဘောင်းဘီက အနက်ရောင်ဘက်ဂီဘောင်းဘီဆိုတော့ သူ့ကိုကြည့်ရတာ ရုပ်ရှင်ထဲက ပင်လယ်ဓားပြမင်းသားနဲ့တူနေပါတယ်။ ပါတီမှာ ဆိုတုန်းကထက် သူက ပိုပြီး လှုပ်ရှားတော့ သူ့ဆံပင်ကလေးတွေက နဖူးပေါ် ဝဲကျနေတယ်။ အဲဒီညက စင်နာထရာ၊ ဒီး(န)မာတင်နဲ့ အခြား နာမည်ကြီးအဆိုကျော်တွေရဲ့ သီချင်းတွေကို အားသွန်ခွန်စိုက် ဆိုသွားပါတယ်။ သူက သီချင်းဆိုနေစဉ် တစ်ချိန်လုံး ကျွန်မကိုပဲ စိုက်ကြည့်နေတော့ ကျွန်မမှာ မနေတတ် မထိုင်တတ်နဲ့ပေါ့။

သူ သီချင်းဆိုပြီးသွားတော့ လူတွေက ဝတ်ကျေတမ်းကျေပဲ လက်ခုပ်တီးကြတယ်။ သူ တကယ်ဆို အားကြိုးမာန်တက် ဆိုသွားတာပဲ။ ဒါပေမယ့် ရှေ့နားကျတဲ့ စားပွဲက မိန်းကလေးတချို့ကလွဲရင် ကျန် ဘယ်သူ့ကိုမှ ရင်ခုန်စေပုံမရပါဘူး။ ဒါလည်း သူကတော့ စိတ်ပျက်ပုံမရဘူး။

သီချင်းဆိုအပြီးမှာ စင်နောက် ဆင်းသွားရမယ့်အစား စင်ရှေ့ကိုဆင်းလာပြီး ပရိသတ်တချို့နဲ့ သူ စကားလျှောက်ပြောနေတယ်။ ကျွန်မ သူ့ကို ငေးကြည့်ရင်း ယဉ်ကျေးသိမ်မွေ့တဲ့ သူ့အပြုအမူကို အံ့သြနေမိတယ်။ ဝတ်ကျေတမ်းကျေသာ လက်ခုပ်တီးပေးခဲ့ကြတဲ့ ပရိသတ်ကိုပဲ သူက ကျေးဇူးတင်စကားလိုက်ပြောနေလိုက်တာ။

ရှေ့စားပွဲတချို့ကို စကားပြောအပြီးမှာ သူက ကျွန်မတို့ ထိုင်နေတဲ့စားပွဲကို တန်းတန်းမတ်မတ် လျှောက်လာခဲ့ပါတော့တယ်။ ကျွန်မအစ်မအပါအဝင် တခြားအမျိုးသမီးတွေနဲ့ စကားပြောရင်း ကျွန်မကိုကြည့်လိုက်ပြီး 'ဒီ မိန်းမချောလေးက ဘယ်သူလဲ' လို့ မေးလိုက်တယ်။ သူ့မျက်နှာမှာ ကျွန်မကို မှတ်မိတဲ့ အရိပ်အယောင် လုံးဝ မတွေ့ရဘူး။ ကျွန်မ စိတ်သက်သာသွားပေမယ့် သူ မမှတ်မိတဲ့အတွက် စိတ်လည်းပျက်မိတယ်။ အစ်မတို့က ကျွန်မက တီဗွီစတား တစ်ယောက်ဖြစ်ကြောင်းနဲ့ နယူးအော်လီး(န)က စံပြမယ်လည်းဖြစ်ကြောင်း ပုံကြီးချဲ့ပြောကြတယ်။ မနက်ဖြန် တိရစ္ဆာန်ရုံမှာ ဓာတ်ပုံရိုက်ဖို့ ရောက်လာကြောင်း

http://www.cherrythitsar.org



ပြောတော့ သူ တော်တော် အထင်ကြီးသွားပုံရပါတယ်။

'မဲ(မ)ဖစ္စကို မင်း သဘောကျမှာပါ၊ တကယ်လှတဲ့ မြို့ပဲ၊ ခွင့်ပြုမယ် ဆိုရင် ကိုယ် မင်းကို မြို့တစ်ပတ် လှည့်ပြပါရစေ' တဲ့။ ကျွန်မက မနက်ဖြန် တစ်နေ့လုံး အလုပ်လုပ်ရမှာမို့ လည်ဖို့ အချိန်မရတဲ့အကြောင်း တောင်းပန်စကား ဆိုလိုက်ရတယ်။ သူ နောက်တစ်ကျော့ပြန် သီချင်းမဆိုခင်မှာဘဲ ကျွန်မတို့ ပြန်ခဲ့ကြပါတယ်။ အိမ်ရောက်တော့ အစ်မက ဟိုအဆိုကျော်က အတူတူလည် ခွင့်တောင်းတာကို ငြင်းလိုက်တဲ့အတွက် အပြစ်တင်ပါတယ်။

'လူစီ. . ညည်း ဟိုလူကြီးနဲ့ နေရတာကို အိမ်ထောင်လို့ ညည်း သတ်မှတ် သလား၊ ညည်းအခြေအနေကို ငါသိတာပေါ့၊ ငါတို့ ဘော်စတွန်ကို ရောက်တုန်း က သာသနာပိုင် 'ကူရှင်' နဲ့ တွေ့လို့ ညည်းကိစ္စကို မေးကြည့်တယ်၊ သူက ညည်းနဲ့ ဟိုလူကြီးနဲ့ အခြေအနေကို အိမ်ထောင်ရယ်လို့ သတ်မှတ်လို့ မရဘူး တဲ့၊ ညည်း ဒီဘဝမှာ ဆက်မနေချင်ရင် ရတယ်တဲ့၊ ညည်းကို ဟိုလူကြီးက ပိုင်တယ်လို့ ခေါင်းထဲမှာ စွဲထားစရာ မလိုဘူးတဲ့၊ ညည်းဆန္ဒရှိသလို လုပ်နိုင် တယ်လို့ ပြောတယ်'

ကျွန်မ အစ်မက သူ့စိတ်တိုင်းကျ အိမ်ထောင်ပြုခဲ့တာ မှန်ပေမယ့် သူ့အိမ် ထောင်ရေးကလည်း အဆင်မပြေပါဘူး။ ဒါကြောင့် ကျွန်မကို ကိုယ်ချင်းစာပြီး သနားနေတာပါ။ မမရဲ့ အားပေးစကားကို ကျေးဇူးတင်ကြောင်းနဲ့ ဒီကိစ္စကို ကျွန်မ စဉ်းစားပါမယ်လို့ ကတိပေးလိုက်ပါတယ်။

မနက် အရုဏ်တက်ကတည်းက ဓာတ်ပုံရိုက်ခံဖို့ ကျွန်မ ပြင်ဆင်ပါ တယ်။ မနက်နေခြည်နုနုကလေးမီအောင် စောစော သွားရိုက်ကြရပါမယ်။ အဖြူ ရောင်ဘောင်းဘီတိုကလေး ဝတ်လိုက်ပြီး နို့နှစ်ရောင် လက်မပါတဲ့ ဘလောက်(စ) ကို ရွေးလိုက်ပါတယ်။ ကြိုးသိုင်းခွာမြင့်ဖိနပ် အဖြူကလေး စီးလိုက်တယ်။ ဓာတ်ပုံရိုက်ပြီးရင်စီးဖို့ ကင်းဗတ်ရှူးလည်း ယူခဲ့ပါသေးတယ်၊ ခွာမြင့်ဖိနပ်က ခွာတွေပွန်းစပြုနေပြီလေ။ ခေါင်းဖြီးနေရင်း ညကအဆိုကျော်အကြောင်း စဉ်းစား နေမိတယ်။ ကျွန်မဘဝမှာ ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ပြီး ခံစားတတ် လာတာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ ဒီအကြောင်း တွေးနေရတာ ပျော်သလိုလို ရှိပေမယ့် မဖြစ်နိုင်တဲ့ အခြေအနေမို့ စိတ်ပျက်အားလျော့တာကတစ်ဖက် ဖြစ်နေ တယ်။

တိရစ္ဆာန်ရုံထဲမှာ ယဉ်ပါးနေတဲ့ တိရစ္ဆာန်တွေနဲ့ ဓာတ်ပုံရိုက်ရတာ ပျော် စရာပါပဲ၊ ဒေါင်းတွေက ကျွန်မကိုမြင်တော့ တွန်ကြတယ်၊ မြင်းကျားကလေး

http://www.cherrythitsar.org



တွေက နူးညံ့သိမ်မွေ့တယ်၊ ဓာတ်ပုံဆရာက ရေမြင်းကြီးတွေနား ကပ်စေချင်ပေမယ့် ကျွန်မက မကပ်ရဲဘူး၊ သစ်ကုလားအုတ်ကြီးတွေက ကျက်သရေရှိတာမို့ ကျွန်မ အထူးသဘောကျပါတယ်။ ဓာတ်ပုံရိုက်နေစဉ်အတွင်းမှာ ဒီတိရစ္ဆာန်လေးတွေ လှောင်အိမ်ထဲမှာ ထည့်ထားခံရတာ တွေးမိပြီး စိတ်မကောင်းဖြစ်မိတယ်။ ကျွန်မဘဝကကော ဘာထူးလို့လဲ။

ညနေ သုံးနာရီလောက်မှာ ပြီးသွားတယ်၊ ကျွန်မကို လာကြိုမယ့်ကားက ခြောက်နာရီမှ လာမှာဆိုတော့ ဟိုဟိုဒီဒီ လျှောက်ကြည့်ဖို့ သုံးနာရီ အချိန်ရပါတယ်။ ကင်းဗတ်ရှူးစီးလိုက်ပြီး အဝင်ဝနားမှာရှိတဲ့ မြင်းဇောင်းကို လျှောက်ပါတယ်။ မြင်းစီးခက တစ်နာရီ သုံးဒေါ်လာ၊ သုံးနာရီလုံးစီးမယ်ဆိုရင် ကျွန်မကိုးဒေါ်လာကုန်မယ်၊ ငွေစုရဦးမယ်၊ သုံးနာရီတော့ မစီးနိုင်ပါဘူး။ ငွေသွင်းကောင်တာသွားပြီး ပိုက်ဆံပေးတော့ ယူဖို့ငြင်းပါတယ်။ 'မင်းက တို့တိရစ္ဆာန်ရဲ့အတွက် တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ပေးခဲ့ပြီပဲ၊ မင်းကြိုက်သလောက်စီးပါ' တဲ့။

မြင်းတစ်ကောင် ကျွန်မရွေးလိုက်ပြီး တိရစ္ဆာန်ရုံ အစွန်အဖျားက တောအုပ်ဆီကို ကျွန်မ စီးလာတော့ မြင်းက မြက်ခင်းတွေပေါ်မှာ ကဆုန်ပေါက်ပြေးနေတာမို့ မျက်နှာကို တိုးဝင်လာတဲ့ လေအေးအေးနဲ့ စီးလို့ကောင်းတယ်။ တောအုပ်အစွန်နားရောက်တော့ လူတစ်ယောက် မြင်းစီးပြီး ကျွန်မရှိရာကို ဦးတည်လာနေတာ တွေ့ရတယ်။ ကျွန်မ စိတ်ပျက်သွားတယ်၊ ကျွန်မတစ်ယောက်တည်း နေချင်တယ်လေ။ ကျွန်မဘေး တည့်တည့်မှာ မြင်းရပ်သွားလို့ ကြည့်လိုက်တော့ အုန်းခွံရောင်မြင်းပေါ်မှာ ဝင့်ဝင့်ကြွားကြွားပြုံးပြီး ကျွန်မကို ကြည့်နေတဲ့ အဆိုကျော်ကို တွေ့လိုက်ရပါတယ်။ သူ ဝတ်ထားပုံက သာမန်ပါပဲ၊ ဒါပေမယ့် လည်ပင်းမှာ အရောင်တောက်တောက် ပဝါတစ်ထည် စည်းထားတယ်။

'မင်းကို ပြန်တွေ့ရတာ ထူးတယ်နော်' တဲ့။

'ရှင် ကျွန်မနောက်ကို ဘာကြောင့် လိုက်နေတာလဲ'

ကျွန်မ ကြောက်စိတ်ကို ဖုံးကွယ်နိုင်ဖို့ ခပ်မာမာပဲ မေးလိုက်တယ်။ သူနဲ့ကျွန်မ နှစ်ယောက်တည်း ရှိတဲ့နေရာ၊ ပြီးတော့ သူဟာ သီချင်းဆိုတဲ့သူဆိုတာထက် ပိုပြီး သူ့အကြောင်းကို ကျွန်မ မသိဘူး။ ကျွန်မ ကြုံခဲ့တဲ့ ယောကျ်ားတစ်ယောက်တည်းရဲ့ အတွေ့အကြုံနဲ့ပဲ ယောကျ်ားဆိုရင် အလိုလို ကြောက်နေပြီ။

'ဘာကြောင့် မင်းနောက် လိုက်နေတာလဲဆိုတော့ မွန်ရိုးမှာ ပထမဆုံး

http://www.cherrythitsar.org



အကြိမ် စတွေ့ပြီးကတည်းက မင်းအကြောင်း မတွေးဘဲ မနေနိုင်တော့လို့ပေါ့' လို့ သူက ဖြေတယ်။

သူ မှတ်မိသားပဲ၊ ဒါနဲ့များ ဘာကြောင့် Eagle's Nest ကလပ်မှာ တွေ့ကြတုန်းက မသိချင်ဟန်ဆောင်ခဲ့ပါလိမ့်။ မြင်းတွေက သွားနေတာဆိုတော့ စကားပြောရတာ ခက်တယ်။

သူ့ဘက်က ကျွန်မကို စိတ်ဝင်တစားရှိပေသားပဲ၊ သူက ယဉ်ကျေးသိမ်မွေ့တယ်၊ 'ကိုယ် မင်းနဲ့အတူတူ မြင်းစီးချင်လို့ပါ၊ ခွင့်ပြုမယ် မဟုတ်လား' တဲ့။ သူက သိမ်မွေ့လွန်းနေတော့ ကျွန်မဘက်က ငြင်းနိုင်စွမ်း မရှိတော့ဘူး။တောအုပ်အစွန်ဘက်ထိ မြင်းနှစ်ကောင်ယှဉ်ပြီး စီးလာကြရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၊ ပြုံးလိုက်ကြနဲ့ စကားတော့ နည်းနည်းပဲ ပြောဖြစ်ကြတယ်။ ရေကန်ကလေး တစ်ခုကို အပေါ်စီးကနေ စီးမြင်ရတဲ့ နေရာတစ်ခုကို ရောက်လာကြတယ်။ သူက မြင်းပေါ်ကဆင်းလိုက်ပြီး ကျွန်မဆင်းဖို့လည်း လက်ကမ်းပေးတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ လက်ကို တုန်လှုပ်မှုမရှိဘဲ ကိုင်ရဲတာ ဒါ ပထမဆုံးအကြိမ်ပါ။ သူက ခဏရပ်လိုက်ပြီး ကျွန်မမျက်လုံးအစုံကို စိုက်ကြည့်တယ်။ ကျွန်မလက်ကောက်ဝတ်ကို သူက တစ်ချက်ဖျစ်လိုက်ပြီး ပြုံးပြပြီးတော့ မြင်းတွေကို သစ်ပင်တစ်ပင်မှာ သွားချည်ထားလိုက်တယ်။ ကျွန်မတို့ မြက်ခင်းပေါ်မှာ ထိုင်လိုက်ကြပါတယ်။

'ကိုယ် ဒီနေ့ ဒီနေရာကိုလာတာ မင်းကို ထပ်တွေ့ချင်လို့ပါ၊ ကိုယ်က နောက်ထပ်တွေ့ရတော့မှာ မဟုတ်တော့ဘူးလို့ ထင်နေတာ'

'ကလပ်မှာ တွေ့တုန်းကတော့ မသိသလို နေပြီးတော့'

'ကိုယ် ဘာကြောင့် အဲဒီလိုနေဖြစ်သွားသလဲ မပြောတတ်ဘူး၊ မင်းက မနေတတ် မထိုင်တတ် ဖြစ်နေတော့ ကိုယ်တို့နှစ်ယောက် သိတယ်ဆိုတာ တခြားလူတွေ မသိစေချင်ဘူးလို့ ထင်တာလည်းပါတယ်၊ ပြီးတော့ အနားမှာ တခြားမိန်းမတွေလည်း ရှိနေတယ်လေ၊ စင်ပေါ် တက်လိုက်ကတည်းက မင်းကို ကိုယ်မြင်တာပါ၊ မင်းကို ကိုယ် လုံးဝမမေ့ဘူး လူစီ'

သူ ကျွန်မကို ငေးကြည့်နေပုံက ဟိုလူကြီး ကြည့်တဲ့အကြည့်နဲ့ လုံးဝမတူဘူး၊ ကျွန်မက သူ့ဘဝအကြောင်း မေးကြည့်တော့ သူတို့ဟာ ဆင်းရဲတယ်တဲ့၊ ဒါကြောင့် သူက မိဘတွေကို ကူညီနိုင်အောင် တစ်ခုခု လုပ်ချင်တာတဲ့၊ သူ့အမေကို အလုပ် မလုပ်စေချင်တော့ဘူးတဲ့။ ဒါက ကျွန်မ ခံစားချက်နဲ့ လာတူတယ်၊ ကျွန်မအကြောင်း ပြောရမှာတော့ ဂီတကို ချစ်မြတ်နိုးတာလောက်ပဲ

http://www.cherrythitsar.org



ပြောပြပြီး အရိပ်မည်းကြီးကိုတော့ ချန်လှပ်ထားလိုက်တယ်။ ကျွန်မတို့ နှစ်ယောက် စကားပြောနေကြတာကို စဉ်းစားကြည့်ရင် ရယ်စရာကောင်းတယ်။ အဲ(လ)ဇစ္စက စကားပီသပေမယ့် တောင်ပိုင်းသား လေသံပါတယ်။ ကျွန်မက ပြင်သစ်သံ ဝဲတယ်။ မြင်းတွေဆီ ပြန်လျှောက်လာကြရင်း သူက ကျွန်မကို နောက်ထပ်တွေ့ခွင့်ပေးနိုင်ဦးမလားလို့ မေးတယ်။

'ဖြစ်နိုင်မယ် မထင်ဘူးရှင်' လို့ ကျွန်မ ပြောရင်း ငိုချင်စိတ်ကို မနည်းမျိုသိပ်ထားခဲ့ရတယ်၊ ကျွန်မဘဝမှာ ကြင်နာယုယမှု ပေးနိုင်တဲ့သူကို ပထမဆုံးအကြိမ် တွေ့လာရပေမယ့် ဆုံစည်းဖို့ မဖြစ်နိုင်ပါဘူး၊ ကျွန်မရင်ထဲမှာ ပြောင်းဆန်အောင် ခံစားရတယ်၊ သူက ကြင်ကြင်နာနာနဲ့ ကျွန်မပခုံးပေါ် လက်တင်လိုက်ပြီး သူ့ဘက်လှည့်စေပါတယ်။

'လူစီ. . . မင်း ကံကြမ္မာ အလှည့်အပြောင်းဆိုတာ ယုံလား'

ကျွန်မ ခေါင်းညိတ်လိုက်ပါတယ်။

'ကိုယ် မင်းကို ပြောပြမယ်၊ မိန်းကလေးတွေ အများကြီး တွေ့ဖူးပါတယ်၊ ဒါပေမယ့် မင်းက တခြားမိန်းကလေးတွေနဲ့ မတူဘူး၊ ထူးခြားနေတယ်၊ အဲဒီထူးခြားချက်ကို ပထမဆုံးအကြိမ် မြင်လိုက်ကတည်းက ကိုယ်သိလိုက်တယ်၊ ဘာလဲဆိုတော့ 'လဲ(န)(စ)လော့(တ)'အကြောင်း ကိုယ်ဖတ်ဖူးတဲ့စာထဲကလိုပဲ၊ သူဟာ သူ့ဘဝမှာ မိန်းမတစ်ယောက်တည်းကိုပဲ ဖြူစင်သန့်ရှင်းတဲ့ အချစ်နဲ့ ထာဝရချစ်ခဲ့တယ်တဲ့၊ တခြားမိန်းမတွေနဲ့ ပတ်သက်ပေမယ့် ဒီမိန်းမနဲ့ မတူဘူးတဲ့၊ ကိုယ်ထင်တာပြောရရင် အဲဒီမိန်းကလေးမှာ တခြားသူတွေမမြင်နိုင်တဲ့ ထူးခြားချက်ကို သူမြင်ထားတယ်လို့ ထင်တာပဲ၊ ကိုယ်လည်း အခု အဲဒီလိုပဲ ခံစားနေရတယ်၊ ကိုယ်ပြောတာ မင်း သဘောပေါက်သလား. . '

အမိပ္ပာယ်တွေ အများကြီးရှိတာပေါ့။ သူ 'ကင်းအာသာ' (King Arthur) နဲ့ 'စားပွဲဝိုင်း သူရဲကောင်းများ' (Knights of the Round Table) ဖတ်ဖူးတာ သိလိုက်ရတော့ ကျွန်မ အံ့ဩသွားတယ်။ အဲဒီစာအုပ်တွေက ကျွန်မအသည်းစွဲစာအုပ်တွေထဲမှာ ပါတာပေါ့၊ အဲ(လ)ဇစ္စ ဟာ ကျွန်မ စိတ်ကူးယဉ် အိပ်မက်ထဲက ယောကျ်ားတစ်ယောက် ဖြစ်တယ်ဆိုတာ သိလိုက်ပေမယ့် ဒီအချိန်မှာ လာတွေ့ရတာတော့ ဆိုးရွားလွန်းပါတယ်။ သက်ရှိမဟုတ်တဲ့ ပုံပြင်ထဲက ရွှေမင်းသားအတွက်တောင် ခံစားရတဲ့ ကျွန်မအတွက် သက်ရှိသူ့အတွက် ခံစားရတာက ပိုတော့မပေါ့။

'ကျွန်မ သွားရတော့မယ်'

http://www.cherrythitsar.org



**'ဒီည ကလပ်ကို လာခဲ့ပါလားဟင်၊ ကိုယ်တောင်းပန်ပါတယ်ကွာ၊ မင်းနဲ့ စကားတွေ အများကြီး ပြောချင်သေးတယ်၊ ပြောမှုကို ဖြစ်မှာပါ။ ကလပ်ကနေ ကိုယ်တို့တစ်နေရာရာကို သွားကြတာပေါ့'**

**သူက တတွတ်တွတ်ပြောနေတော့ ကျွန်မ မငြင်းသာတော့ဘူး၊ လာခဲ့မယ်လို့ ကတိပေးပြီး မြင်းတွေကို ပြန်အပ်၊ ဂွတ်(ဒ)ဘိုင်လို့ နှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြတယ်။ အဲဒီညမှာ ကျွန်မက ကိတ်(တ)စမစ်(သ)ကပွဲကို မိတ်ဆွေတစ်ယောက်က ဖိတ်လို့ သွားစရာရှိတယ်လို့ ညာလိုက်ရတယ်။ ဒါကလည်း မနက်တုန်းက သတင်းစာထဲမှာ ကြော်ငြာတွေ့ထားလို့ပါ။ မမကို ဟိုအဆိုကျော်နဲ့ ပတ်သက်ပြီး မပြောချင်ဘူးလေ။ မမကတော့ ကျွန်မ အပြင်ထွက်လည်တာကိုပဲ ဝမ်းပန်းတသာ အားပေးပြီး သူ့ကားကိုပါ သုံးခွင့်ပေးလိုက်ပါသေးတယ်။**

*[လူစီရဲ့အစ်မ 'မေရီဗီဘာဘင်' က လော်ဒါဒေး(လ)လမ်းမှာနေတယ်။ သူနေတဲ့နေရာက ပရက်စလေ မိသားစုနေတဲ့ လော်ဒါဒေး(လ) တရားရုံးရပ်ကွက်နဲ့ သိပ်မဝေးလှဘူး။ ပရက်စလေ ဆယ်ကျော်သက်အရွယ်တုန်းက မေရီ့အိမ်ဝင်းထဲမှာ မြက်ရိတ်စက် မောင်းပေးပြီး မေရီ့ကလေးတွေနဲ့ ဆော့နေတတ်တယ်။ နောက် နှစ်တော်တော်ကြာတော့ မေရီက 'ပီယားဘော်ဒီ' ရပ်ကွက်ကို ရွှေ့သွားလို့ ပရက်စလေနဲ့ ဝေးသွားပေမယ့်* ***Engle's Nest*** *မှာ ပရက်စလေ သီချင်းစဆိုတော့ မေရီက မကြာခဏ သွားအားပေးတတ်ပါတယ်။*

*မေရီကို ကျွန်တော် အင်တာဗျူးလုပ်တော့ လွီစီယားနားပြည်နယ်က သူ့အိမ်မှာ ဒီလိုပြောပြတယ်။ 'လူစီ ဓာတ်ပုံအရိုက်ခံဖို့ မွန်ရိုးမြို့ကနေ မဲ(မ)ဖစ္စကို ရောက်လာတော့ အဲ(လ)ဗစ္စသီချင်းဆိုတဲ့ ကလပ်ကို ကျွန်မ ခေါ်သွားခဲ့တယ်။ သူက သီချင်းဆိုပြီးရင် ပရိသတ်ထဲ ဆင်းနှုတ်ဆက်နေကျပဲ၊ ဒါပေမယ့် အဲဒီညကတော့ ထူးခြားတယ်။ သူ့မျက်စိတွေက လူစီ့ဆီကနေ မခွာတော့ဘူး၊ နောက်တစ်နေ့ညမှာ လူစီက ကိတ်(တ)စမစ်(သ)သွားမယ်လို့ပြောတယ်၊ ကျွန်မ ရုတ်တရက် မယုံနိုင်အောင် ဖြစ်သွားတယ်။ အဲဒီညက သူ ပရက်စလေနဲ့ တစ်နေရာရာကို သွားတာပါပဲ' တဲ့။*

*အဲ(လ)ဗစ္စက ဂန္ထဝင်စာပေတွေ ဖတ်တယ်။ အဲဒီအချက်ကလည်း လူစီ့ကို ဆွဲဆောင်စေနိုင်တဲ့ အချက်တစ်ချက် ဖြစ်စေခဲ့ပါတယ်။ သူက ပြင်သစ်သံ ဝဲတာရော လူစီ့အလှမှာပါ နစ်မြောခဲ့ပုံ ရပါတယ်။]*

**သူရှိမယ့် ညကလပ်ဆီကို ကျွန်မ ကားမောင်းလာခဲ့ပြီး နောက်နားခပ်ကျကျမှာ နေရာယူလိုက်ပါတယ်။ ထုံးစံအတိုင်း အဲ(လ)ဗစ္စ မဆိုခင်မှာ**

http://www.cherrythitsar.org



ပျင်းစရာကောင်းတဲ့ ဂီတဝိုင်းကြီးက တီးခတ်နေတယ်။ သူ စင်ပေါ်တက်လာတယ်။ ချောလိုက်တာ။ ဒီညတော့ ဆံပင်ကို သေသေသပ်သပ်ဖြီးထားပြီး အနက်ရောင်တောက်နေတယ်။ အင်္ကျီကော်လာကို ထောင်ထားတယ်။ ဒီည သူဆိုတဲ့သီချင်းတွေက အမြူးတွေထက် ခပ်အေးအေး အချစ်သီချင်းတွေက များပါတယ်။ အဲဒီတုန်းက သူဆိုတဲ့ပုံစံက နောင်မှာ သူဖြစ်လာမယ့် ဆိုဟန်နဲ့ မတူဘူး။ သူဆိုနေတာကို စိတ်ဝင်စားဖို့ ကြိုးစားနေပေမယ့် ကျွန်မရင်ထဲမှာ ပြဿနာတွေက ရှုပ်ထွေးနေတယ်၊ ဆိုပြီးတော့ စင်အောက်ကို သူ ဆင်းလာတယ်။ 'လာ. . သွားကြစို့' တဲ့။ ကလပ်ထဲက ထွက်လာချိန်မှာ သူ့မျက်နှာက ဆုံးဖြတ်ချက် ချထားတဲ့ပုံစံနဲ့ ရင်ကော့ထွက်လာတယ်။

သူက ကျွန်မကို ကောင်းကောင်းမွန်မွန် ပြင်ဆင် ထိန်းသိမ်းထားပုံရတဲ့ ကားဟောင်းကြီး တစ်စီးဆီ ဦးဆောင်ခေါ်သွားတယ်။ ကားက မော်ဒယ်အသစ်မဟုတ်တဲ့အတွက် ခွင့်လွှတ်ဖို့လည်း တောင်းပန်သေးတယ်။ ကျွန်မဘက်က တံခါးကိုဖွင့်၊ ကျွန်မတက်၊ တံခါးပြန်ပိတ်ပေးပြီးမှ သူထိုင်မယ့်ဘက်ကို ကွေ့ပတ်လျှောက်သွားတယ်။ စက်မနှိုးသေးခင် ကျွန်မ လက်ကို တစ်ချက်ဆုပ်ကိုင်လိုက်ပါသေးတယ်။

'ကမ္ဘာပေါ်မှာ အလှဆုံးမြို့ကလေး တစ်မြို့ဖြစ်တဲ့ ကိုယ်တို့မြို့ကို ပြချင်လို့ပါ၊ ကိုယ်က ကိုယ့်မြို့နဲ့ပတ်သက်ပြီး ဂုဏ်ယူတာ စိတ်မရှိပါနဲ့နော်၊ ဟုတ်လား'

ကိုယ့်မြို့၊ ကိုယ့်ရွာကိုချစ်တာ ရှက်စရာမဟုတ်ပါဘူး၊ ကျွန်မလည်း ကျွန်မဇာတိ မြို့ကလေးကို ချစ်ချင်တာပေါ့။ ကျွန်မတို့မောင်းလာတဲ့ လမ်းဘေးဝဲယာမှာ ကိုလိုနီခေတ်က ဆောက်ခဲ့ပုံရတဲ့ အိမ်ကြီးအိမ်ကောင်းတွေ တန်းစီနေပါတယ်။

'ဒီလိုအိမ်မျိုး တစ်လုံးလောက် တစ်နေ့မှာ ကိုယ်ပိုင်ချင်တယ်' တဲ့။ 'ကိုယ် အလုပ်တွေ အများကြီးလုပ်မယ်၊ ကိုယ့်အကြံအစည်က ဓာတ်ပြားသွင်းနိုင်အောင် ကြိုးစားမယ်။ ဓာတ်ပြားတစ်ချပ် အောင်မြင်သွားရင် သူဌေးဖြစ်တာပဲ၊ မင်း ဘယ်လိုသဘောရသလဲ'

'ရှင် အောင်မြင်မယ် ထင်ပါတယ်၊ လက်မလျှော့ဘဲ ကြိုးစားပါ၊ တစ်ခုတော့ရှိတယ်၊ လက်ရှိဆိုနေတဲ့သူတွေရဲ့ ပုံစံနဲ့ မတူဘဲ ကွဲပြားအောင် ကြိုးစားသင့်တယ်၊ ကျွန်မလည်း ကတဲ့နေရာမှာ အဲဒီလို ကြိုးစားတာပဲ။ ဒါပေမယ့် တစ်ခါတလေကျတော့လည်း စိတ်ပျက်လာတယ်'

http://www.cherrythitsar.org



'အင်း. . ကိုယ်သိတယ်၊ မင်း တီဗွီမှာ ကနေတာကို ပရိသတ်က ကြိုက်တယ်, မကြိုက်ဘူးဆိုတာ မင်းမှ သိခွင့်မရတာကိုး။ သီချင်းဆိုတဲ့နေရာမှာလည်း ဒီလိုပဲ၊ သီချင်းတစ်ပုဒ်တည်းကိုပဲ ကြိုက်တဲ့သူရှိနိုင်သလို မကြိုက်တဲ့သူလည်း ရှိနိုင်တာပဲ'

သူက ကားကို ပန်းခြံကလေးတစ်ခုနားမှာ ရပ်လိုက်ပြီး လမ်းလျှောက်ရအောင်တဲ့၊ ကျွန်မက သူ ကျွန်မအကြောင်းတွေ ဆက်မေးလာမှာကို ကြောက်နေတာ၊ ချမ်းမြမြညကလေးမှာ ကျွန်မတို့ နည်းနည်း လျှောက်လိုက်ကြပြီး သစ်သား ခုံတန်းလျားတစ်ခုမှာ ဝင်ထိုင်လိုက်ကြတယ်၊ ကျွန်မရင်ထဲက ကြောက်စိတ်တွေ ဆူဝေနေပြီ။

'လူစီ. . . မင်းဘဝအကြောင်း ကိုယ့်ကို ပြောပါဦး၊ ဘာတွေလုပ်မယ်လို့ စိတ်ကူးထားလဲ၊ ဘာလုပ်ချင်တာလဲ'

ကျွန်မဘဝ အကျဉ်းချုပ်လောက်ပဲ အဖေသေတာကအစ ကျွန်မတို့ ဆင်းရဲသွားတာ၊ ကျွန်မအမေ အလုပ်လုပ်ရတာတွေ ပြောလိုက်တယ်၊ ကျွန်မ အိမ်ထောင်ပြုလိုက်ရတာကိုတော့ မပြောဘူး။ သူ့မျက်နှာ ညှိုးပြီး စိတ်မကောင်းဖြစ်သွားတယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ အမေတွေ အကျိုးပေးချင်းက တူနေတာကိုး။

'ကိုယ့်အမေမှာ လှလှပပဆိုလို့ ဘာပစ္စည်းမှ မရှိဘူး၊ ကိုယ်အောင်မြင်ပြီဆိုရင် အမေ့အတွက် အားလုံးဝယ်ပေးရမယ်'

သူ ခဏ ငြိမ်သွားပြီး ခေါင်းမော့လာတယ်။

'လူစီ့အမေအတွက်လည်း ဝယ်ပေးမှာပေ့ါ၊ တကယ်လို့. . . လူစီ့ထက်စောပြီး ကိုယ်က အောင်မြင်သွားရင် ကိုယ် ဝယ်ပေးမှာ'

သူ့စကားကြားလိုက်ရတော့ ကျွန်မရင်ထဲမှာ ကြည်နူးမှုနဲ့ နွေးထွေးသွားတယ်၊ သူ တကယ်ပြောနေတာ၊ သူက ရိုးသားဖြူစင်တယ်လေ၊ ကျွန်မဘက်လှည့်လိုက်ပြီး ကျွန်မကို ဖက်လိုက်တယ်၊ ကြင်နာသူချင်း ရင်ချင်းအပ်မိတော့ နွေးထွေးသွားပါတယ်၊ သူ့ရင်ခွင်ထဲမှာနေရင်း ကျွန်မလက်တွေကလည်း သူ့ကို ခပ်တင်းတင်း ပြန်ဖက်ထားမိတယ်၊ အံ့ဩစရာကောင်းလှပါတယ်။

သူက ကျွန်မကိုခွာ မျက်နှာကို သေသေချာချာကြည့်ပြီး 'လရောင်ထဲမှာ မင်းမျက်နှာက သိပ်လှတာပဲ' တဲ့။ ဒီစကားတွေက ကျွန်မကို စိတ်ရှုပ်စေပါတယ်။ ကျွန်မက ယောကျ်ားတွေကို ကြောက်တယ်၊ သံသယလည်း အမြဲရှိတယ်။ ယောကျ်ားတိုင်းက မိန်းကလေးတွေကို ဒီလိုပဲ မြှောက်ပြောနေကျမဟုတ်လား၊ အဲ(လ)ဗစ္စက ထူးခြားတဲ့သူတစ်ယောက်လို့ ကျွန်မ ထင်ထားခဲ့တယ်၊ အခု

http://www.cherrythitsar.org



သူကလည်း ဒီစကားမျိုးပြောလာတော့ ကျွန်မ လူ့ဘဝကို ဘယ်လိုနားလည်ရတော့မလဲ၊ ကျွန်မ ကြောက်သွားပြီး ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး။

'ကျေးဇူးပြုပြီး ကျွန်မကို မြှောက်ဖို့ မကြိုးစားပါနဲ့လားရှင်၊ ကျွန်မက အဲဒီလို လိမ်ညာမြှောက်ပြောတာ မကြိုက်ဘူး၊ ရှင် ကျွန်မအကြောင်း မသိလို့. . '

သူ တော်တော် စိတ်ထိခိုက်သွားပုံရတယ်။ ကလေးတစ်ယောက်လို မျက်နှာငယ်လေးနဲ့ ဖြစ်သွားတယ်။

'ကိုယ်ခံစားရတာကို အမှန်အတိုင်းပြောတာပါ၊ ဒါကို မင်းသိစေချင်တယ်၊ ပထမဆုံးတွေ့တဲ့ ပါတီကတည်းက မင်းဟာ 'လှတယ်' ဆိုတာထက်ပိုတာကို သိခဲ့တယ်၊ ကိုယ် မြှောက်ပြောတာမဟုတ်ဘူး၊ မင်း ဘယ်လို ခံစားရတယ်ဆိုတာကို သိပါတယ်၊ ကိုယ့်ကိုယုံပါ'

'တကယ်. . ဒါဆိုရင် ဆောရီး၊ ကျွန်မ ရှက်သွားလို့ပါ'

ကျွန်မတို့ ရပ်လိုက်ကြပြီး လမ်းလျှောက်ကြတော့. . . အဲ(လ)ဗစ္စက ကျွန်မလက်ကို ကိုင်ထားတယ်။

'မင်းမှာ တစ်ယောက်ယောက် ရှိနေပြီလား' လို့ သူက မေးတယ်။

'ဟင့်အင်း. . . '

ကျွန်မ လိမ်တာမဟုတ်ပါဘူး။ သူဆိုလိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ တစ်ယောက်ယောက်ဆိုတာ ကျွန်မဘဝမှာ မရှိဘူးလေ။ ရပ်လိုက်ကြပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတယ်။ အချိန်တွေဟာ ရပ်တန့်သွားသလိုပါပဲ။

'ကိုယ် ထပ်တွေ့ပါရစေ'

'အင်း. . ဖြစ်တော့ဖြစ်နိုင်မယ် ထင်ပါတယ်'

ကျွန်မ ဘာပြောလိုက်မိပါလိမ့်။ ကျွန်မတို့ ဘယ်လိုလုပ် တွေ့နိုင်မှာတဲ့လဲ။ နောက်ထပ်တွေ့ကြရင် ဒုက္ခပိုပြီး ရောက်ကြမှာပေါ့။ ကျွန်မ တွေဝေနေတာကို သူ ရိပ်မိသွားတယ်။

'လူစီ. . မင်းကို ကိုယ့်ဘဝထဲမှာ မျှဝေခံစားစေချင်လို့ပါ'

'ဘာပြောတာလဲ'

'အောင်မြင်မှုလေ. . ကိုယ့်အောင်မြင်မှုကို မင်းလည်း မျှဝေခံစားစေချင်တာပေါ့'

ကျွန်မ မချိပြုံး ပြုံးလိုက်မိတယ်။ ကျွန်မဘဝအတွက် မဖြစ်နိုင်လို့ပါဘဲ။

'မင်း သိပ်စဉ်းစားနေသလိုပဲ၊ ဘာပြဿနာရှိလို့လဲ'

'ဘာမှမဖြစ်ပါဘူး အဲ(လ)ဗစ္စရယ်၊ ကျွန်မကို အချိန်ပေးပါဦး၊ ခုချက်

http://www.cherrythitsar.org



ချင်း ပြောပြလို့ မရသေးတဲ့ ပြဿနာတွေ ကျွန်မမှာ ရှိနေသေးတယ်'

'ကိုယ့်ကို သဘောမကျတာတော့ မဟုတ်ပါဘူးနော်'

'ဟုတ်ပါဘူး၊ ကျွန်မကိုယ်ရေးကိုယ်တာတွေပါ။ လာပါ အဲ(လ)ဗစ္စရယ်၊ လမ်းဆက်လျှောက်ကြရအောင်ပါ'

နှစ်ယောက်သား တိတ်တိတ်ဆိတ်ဆိတ် လမ်းလျှောက်ဖြစ်ကြရင်း အဲ(လ)ဗစ္စက ရပ်လိုက်ပြီး မိုးကောင်းကင်ကို လက်ညှိုးထိုးပြတယ်။

'လမင်းကြီးကို မြင်တယ်မဟုတ်လား၊ အဲဒီလမင်းကြီးကိုမြင်တိုင်း ကိုယ့်ကိုသတိရပါ၊ ကိုယ်တို့နှစ်ယောက် နောက်ထပ် ဘယ်တော့များမှ ဆုံစည်းဖြစ်ကြဦးမယ်ဆိုတာ တွေးနေနော်'

'သွားကြပါစို့ မိုးချုပ်လှပြီ၊ ကျွန်မက မနက်အစောကြီး ပြန်ရမှာ'

ကျွန်မ ကားထားခဲ့ရာကို ပြန်မောင်းလာကြတော့ သူက ကျွန်မလိပ်စာနဲ့ ဖုန်းနံပါတ်ကို မရမက မေးနေတော့တာပဲ၊ စကားလမ်းကြောင်း ဘယ်လိုပဲပြောင်းပြောင်း သူက လက်မလျှော့ဘူး၊ မဖြေမချင်း ကားပေါ်က မဆင်းရဘူးလို့ အကျပ်ကိုင်လာတယ်။ ဒါကြောင့် နောက်ဆုံးမှာ ကျွန်မ လက်လျှော့လိုက်ရပြီး တွေ့ချင်ရင် ရုပ်မြင်သံကြားဌာနနဲ့ စတိုးဆိုင်ကို လာခဲ့ပါလို့ ပြောလိုက်ရတယ်။

'ကိုယ် မကြာခင် ရောက်အောင်လာခဲ့မယ်၊ စိတ်မပူနဲ့'

သူက စိတ်မပူနဲ့ဆိုပေမယ့် သူ့ကိုနောက်ထပ် မတွေ့ရတော့မှာ သိပ်သေချာတော့ ကျွန်မရင်ထဲမှာ တစ်သက်လုံးမခံစားရဖူးတဲ့ ကြေကွဲမှုမျိုး ခံစားနေရပါတယ်။ နောက်တစ်နေ့မနက် ဘူတာဆင်းတော့ ဘူတာထဲများ သူ ရောက်လာရင် ကလေးနှစ်ယောက်ကို လက်ဆွဲထားတဲ့ ကျွန်မကိုများ တွေ့သွားရင်ဆိုတဲ့ အတွေးနဲ့ ပူလိုက်ရတာ၊ သူ့ကို ကျွန်မ ပိုင်ဆိုင်ခွင့် မရနိုင်ပါဘူး၊ ဒါပေမယ့် ကျွန်မဘဝမှာ ခဏလေးမက်ခဲ့ရတဲ့ အိပ်မက်လှလှကလေး ရုတ်တရက် ပျက်ပြယ်မသွားအောင် နည်းနည်းကလေးဖြစ်ဖြစ် အချိန်ဆွဲထားချင်ပါသေးတယ်၊ ကျွန်မဘဝအတွက် လိုအပ်တယ်လေ။

ကျွန်မဘဝရဲ့ ပုံမှန်လုပ်ငန်းခွင်ထဲ ပြန်ဝင်လာခဲ့ရပြန်တယ်။ ရုပ်မြင်သံကြား အစီအစဉ်မှာ ကနေတဲ့အချိန်၊ စတိုးဆိုင်မှာ အလုပ်လုပ်နေတဲ့ အချိန်တွေသာ ကျွန်မအတွက် စိတ်သက်သာရာရစေတဲ့ အချိန်တွေပါ။ သူ ဖုန်းမဆက်ဘူး၊ ဆက်တယ်လို့လည်း ကျွန်မကို ဘယ်သူကမှ မပြောပါဘူး။ ရက်သတ္တပတ်နှစ်ပတ်လောက်အကြာ စနေနေ့ တစ်နေ့မှာ စတိုးဆိုင်က တစ်ယောက်က ဖုန်းလာ

http://www.cherrythitsar.org



နေတယ်လို့ပြောတယ်။

'ကိုယ် မင်းကိုလာတွေ့ချင်တယ်၊ တွေ့မှကိုဖြစ်မယ်ကွာ' လို့ အဲ(လ)ဇစ္စက ပြောတယ်၊ ကျွန်မက တွေ့လို့ မဖြစ်နိုင်ကြောင်း ကိုယ်ဟန်ပြလုပ်ငန်းတာဝန်တစ်ခု သွားလုပ်စရာရှိကြောင်း ဆင်ခြေပေးတယ်။

'ဒါဆို ဒီညကော' တဲ့။

သူ မဲ(မ)ဖစ္စကနေ ဆက်နေပုံရတယ်။

'ဒီညဆိုရင် ကောင်းတာပေါ့၊ စူပါမင်းလို မိုးပေါ်ကနေ ပျံလာခဲ့လေ'

'လာမယ်. . မင်းသာစောင့်နေ' လို့ ကြုံးဝါးတယ်။

သူ တကယ်ရောက်လာခဲ့ရင် ဒုက္ခပဲလို့ တွေးပူမိပြန်တယ်။

'တကယ်တော့ ကျွန်မ ဒီည အလုပ်ရှိသေးတယ်၊ မင်္ဂလာဆောင်တစ်ခုမှာ သီချင်းသွားဆိုပေးရမှာ'

ကျွန်မ ဆင်ခြေပေးတာကို သူက တကယ် ယုံသွားပြီး မင်္ဂလာပွဲကျင်းပမယ့် ဘုရားကျောင်းနာမည်နဲ့ ဘယ်နေရာမှာရှိတယ်ဆိုတာ မေးလာပြန်ရော၊ စိန့်မက်သျူးလို့ ကျွန်မက အရှူးလိုပဲ ပြောလိုက်မိတယ်၊ သူ တကယ် လာမယ်လို့လည်း မထင်ဘူးလေ၊ ဒါကြောင့် နောက်မှ တွေ့ကြတာပေါ့လို့ သူ့ကို နှုတ်သိမ့်လိုက်ရတယ်။

တကယ်ဆိုရမှာက ဘုရားကျောင်းမှာ ဓမ္မတေး ဆိုရမှာပါ။ Alleluia ကျွန်မ ဆိုနေတုန်းမှာ တစ်စုံတစ်ယောက် ကျွန်မနောက်က သံပြိုင်လိုက်ဆိုပေးနေတာ သတိထားလိုက်မိတယ်၊ ချက်ချင်း လှည့်ကြည့်လိုက်တော့ အဲ(လ)ဇစ္စ၊ ကျွန်မ တုန်သွားမိတယ်။ သီချင်းကလည်း ဆိုရင်းတန်းလန်းဆိုတော့ ဆက်ဆိုရမှာ၊ ရပ်လိုက်လို့ မဖြစ်ဘူး။ သူက တဖြည်းဖြည်း ကျွန်မနား ကပ်လာပြီး ကျွန်မလက်ကို ကြင်ကြင်နာနာ ဆုပ်ကိုင်လိုက်ပါတယ်၊ နှစ်ယောက် သံပြိုင်ဆိုပြီး သီချင်းဆုံးသွားရော။ အဲ(လ)ဇစ္စက ဓမ္မတေးကိုလည်း အကောင်းဆုံးဖြစ်အောင် ဆိုနိုင်တဲ့သူပါ။ နောက်တစ်ပိုဒ်အနေနဲ့ "Ave Maria" ကို ဆိုပါတယ်၊ ဒီဓမ္မတေးက ကျွန်မတို့ ကက်သလစ်တွေဆိုတဲ့တေးဆိုတော့ အဲ(လ)ဇစ္စလို တောင်ပိုင်းသားတစ်ယောက်အတွက် ခက်ပါတယ်။ ဒါကြောင့် သူလိုက်မဆိုတော့ဘဲ ကျွန်မ တစ်ယောက်တည်းပဲဆိုပါတယ်၊ သီချင်းပြီးဆုံးချိန်မှာ ဘယ်သူမှ မမြင်အောင် နှစ်ယောက်သား လစ်ထွက်လိုက်ကြပြီး အဆောက်အအုံရဲ့ နောက်ဘက်ကို လျှောက်ခဲ့ကြတယ်၊ သူက ကျွန်မကို တင်းတင်းကျပ်ကျပ် ဖက်ထားတယ်။

http://www.cherrythitsar.org



'မင်းဆိုတာ သိပ်ကောင်းတာပဲ'

'ကျေးဇူးတင်ပါတယ်၊ ကျွန်မက ရှင် Alleluia ဆိုနိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူး'

'ကိုယ်က ဓမ္မတေးတွေကိုလည်း သဘောကျတယ်၊ အထူးသဖြင့် ဂို(စ)ပဲ(လ)တွေပေါ့၊ တစ်ချိန်လုံး ဘုရားကျောင်းမှာ ကိုယ်လိုက်ဆိုခဲ့တာပဲ'

'ဒီကို ဘာလာလုပ်တာလဲဟင်'

ကျွန်မက ကြောက်ကြောက်နဲ့ မေးမိတာပါ။

'မင်းနဲ့တွေ့ချင်လို့ လာတာပေါ့၊ မဆာဘူးလား၊ လာ. . . တစ်ခုခု သွားစားကြရအောင်'

ကျွန်မတို့နှစ်ယောက် မိုးကုတ်စက်ဝိုင်းဆိုတဲ့ စားသောက်ဆိုင်ကို သွားကြပါတယ်။ ဒီဆိုင်ကတော့ ဆင်ခြေဖုံးရပ်ကွက်မှာ နာမည်ကြီးစားသောက်ဆိုင်ပဲပေါ့၊ ကျွန်မတို့ ညစာစားကြတယ်။ အဲ(လ)ဗစ္စကတော့ အသားကင်ရော၊ ရှန်ပိန်ရော၊ အချိုပွဲရော အားလုံးကုန်အောင် စားတာပဲ။ ကျွန်မက ရှန်ပိန်နဲ့ အချိုပွဲ နည်းနည်းပဲ စားတယ်၊ သူ့အကုန်အကျများမှာ ကျွန်မ စိုးရိမ်တယ်။ စားသောက်နေကြတုန်းမှာ အဲ(လ)ဗစ္စက ကျွန်မလက်ကို မလွှတ်တမ်း ကိုင်ထားတာပဲ၊ ကံဆိုးချင်တော့ စားသောက်ဆိုင်ထဲက လူတချို့က ရုပ်မြင်သံကြားအစီအစဉ်မှာ ကျွန်မ က,တာ မှတ်မိသွားလို့ ကျွန်မတို့စားပွဲကို ရောက်လာကြတယ်၊ ကျွန်မက သူ့ကို အားနာသွားတယ်။ သူကတော့ ကျွန်မကို အထင်ကြီးသထက် ကြီးသွားတာပေါ့လေ။

'မင်းက စတားပဲ' တဲ့။

တစ်စုံတစ်ခု စားပွဲအောက် ကျွန်မခြေထောက် လာပွတ်နေတာ ခံစားလိုက်ရပြီး ကျွန်မ ခြေထောက်နားမှာ ရပ်သွားတယ်၊ ငုံ့ကြည့်လိုက်တော့ နှင်းဆီရဲရဲကလေးတစ်ပွင့်၊ သူ ယူလာခဲ့တာပါပဲ။ အဲဒီပန်းကလေးနဲ့ ကျွန်မခြေထောက်ကို ပွတ်နေတာပါ။ ရုတ်တရက် ဘာမှန်းမသိတော့ ကျွန်မ လန့်ပြီး ခုန်လိုက်မိတာကိုပဲ သူ့မှာ တဟားဟားနဲ့။ နှင်းဆီပန်းကလေးက တစ်နေ့လုံး သူ့အင်္ကျီအိတ်ထဲ ထည့်လာတာဆိုတော့ ညှိုးနေပြီ။ သူက စားပွဲထိုးကိုခေါ်လိုက်ပြီး ရိုးတံရှည်နှင်းဆီနီသုံးပွင့် လတ်လတ်ဆတ်ဆတ်ဝယ် လက်ဆောင်ပေးလာတယ်။ သူက နှင်းဆီပွင့်ကလေးတွေကို လက်ညှိုးထိုးပြီး 'ဒီပန်းကလေးက မင်း၊ ဒါကကိုယ်၊ ဟောဒီ ပန်းကလေးကတော့ ကိုယ်တို့ အချစ်ပေါ့' လို့ ပြောတယ်။

'ကိုယ်က မင်းကို အချစ်ဆိုတာ ဘာလဲ၊ အိမ်ထောင်ဆိုတာက ဘာလဲ

http://www.cherrythitsar.org



ဆိုတာ သိပ်ပြောပြချင်တာ' လို့ ဆက်လာတော့ ကျွန်မ တော်တော်စိတ်ရှုပ်သွားတယ်။ ဒါပေမဲ့ သူပြောချင်တာ ပြောအောင် ဝင်မပြောတော့ပါဘူး၊ စိတ်ညစ်စရာတွေ ဘာမှ ကျွန်မ မတွေးချင်ဘူးလေ။ စားသောက်ဆိုင်က ထွက်လာတော့ သူက စကားပြောလို့ကောင်းမယ့်နေရာ မရှိဘူးလားတဲ့၊ ကျွန်မက မွန်ရိုးမြို့ရဲ့ သီးသန့်ဆန်တဲ့ ရေကန်ကြီးတစ်ခုရှိရာကို လမ်းညွှန်ပေးလိုက်ပါတယ်။ ကမ်းစပ်မှာ ထိုင်ပြီး စကားပြောကြ၊ ရယ်ကြ၊ ရေထဲကမီးရောင်စုံကလေးတွေ ကြည့်လိုက်ကြနဲ့ပေါ့။ သူ့လက်နဲ့ ကျွန်မ ရွှေဆွဲကြိုးမှာ ဆွဲထားတဲ့ ရွှေလက်ဝါးကပ်တိုင်လေးငြိပြီး မြက်ခင်း မှောင်မှောင်မည်းမည်းထဲ ပြုတ်ကျသွားပါလေရော။ အမှောင်ထဲမှာဆိုတော့ ရှာလို့မတွေ့တော့ဘူး။ သူက အစားပြန်ဝယ်ပေးမယ်လို့ ကတိပေးပါတယ်။ အဲဒီညက ကျွန်မတို့ ပျော်လိုက်ကြတာ၊ အချိန်တွေ မကုန်စေချင်ဘူး၊ ဒါပေမဲ့ တော်တော်မိုးချုပ်လာပြီဆိုတော့ အိမ်ပြန်ဖို့ ကျွန်မ စိတ်ပူလာပြီ။ သူက ကျွန်မ မကြာခင် မဲ(မ)ဖစ္စကို လာခဲ့မယ်လို့ ကတိမပေးမချင်း ပြန်မလွှတ်ဘူး၊ ကတိပေးလိုက်တော့ ကျွန်မကားထားခဲ့တဲ့ စိန့်မက်သျူးဘုရားကျောင်းကို ပြန်ပို့ပေးပါတယ်။ ကားမရပ်ခင်မှာ သူက ကျွန်မမျက်နှာကို စိုက်ကြည့်ပြီး 'မင်းကလေး မဲ(မ)ဖစ္စကို ရောက်ရင် မင်း ဘာပြဿနာတွေ ရင်ဆိုင်နေရတယ်ဆိုတာ ကိုယ့်ကို ပြောစေချင်တယ်၊ ကိုယ် ကူညီနိုင်လိမ့်မယ်' တဲ့။

ပြောပါ့မယ်လို့ ကျွန်မ ကတိပေးလိုက်တယ်။

☐

http://www.cherrythitsar.org



# အခန်း(၄)

နိုဝင်ဘာလ၊ ၁၉၅၃

အဲ(လ)ဗစ္စကို ကျွန်မရင်ထဲက ထုတ်ပစ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ သူက စတိုးဆိုင်ကို ဖုန်းဆက်ဆက်ပြီး မဲ(မ)ဖစ္စကို လာပါမယ်လို့ ပေးထားခဲ့မိတဲ့ ကျွန်မကတိကို အမြဲသတိပေးနေတော့တာပဲ။ အိမ်က အခြေအနေ ဘယ်လိုပဲရှိရှိ သွားမယ်ဆိုရင် ကျွန်မသွားလို့ ဖြစ်နိုင်တယ်ဆိုတာ သိပါတယ်။ အမေ့ကို MT music show အစီအစဉ်အတွက် ခဏခရီးထွက်ရမယ်၊ မဲ(မ)ဖစ္စကို မေရီနဲ့ ခဏသွားနေမယ်လို့ ပြောတော့ အမေက ကျွန်မ သမီးနှစ်ယောက်ကို ကြည့်ထားပေးဖို့ လက်ခံပါတယ်။ ဒီအိမ်ကြီးနဲ့ ဝေးရာကို အလွယ်တကူ ထွက်သွားခွင့်ရတဲ့အတွက် ကျွန်မ စိတ်သက်သာရာ နည်းနည်းရတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ လိမ်ညာပြောရတဲ့အတွက် စိတ်မသန့်ဘူး၊ အထူးသဖြင့် အမေ့ကိုညာရတာ စိတ်မကောင်းပါဘူး။ အိမ်မှာ အခြေအနေတွေက ဆိုးသထက် ဆိုးလာနေပြီဆိုတော့ ကျွန်မဘဝ အပြောင်းအလဲအတွက် တစ်ခုခုတော့ လုပ်သင့်ပြီလေ။ ဟိုလူကြီးက မကြာခဏ အိမ်ပြန်လာတတ်တယ်၊ ပြန်လာတိုင်းလည်း သူ့အပြုအမူတွေက ထုံးစံအတိုင်းပါပဲ၊ ဘယ်က ပြန်လာတယ်ဆိုတာ မပြောဘဲ ရောက်လာပြီး ပထမ နှစ်ညလောက်မှာတော့ အရက်သောက်တယ်၊ ကျွန်မကို အဓမ္မကျင့်၊ အဲ-သူ့ဆန္ဒပြည့်ဝသွားပြီဆိုရင်တော့ နှိပ်စက်ညှဉ်းပန်းတော့တာပဲ။ မပြန်ခင်မှာ ကျွန်မမျက်နှာကို အညိုအမည်းစွဲအောင် လက်သီးနဲ့ ထိုးခဲ့သေးတယ်၊ ဒါမှလည်း သူ မရှိတဲ့အချိန်မှာ ကျွန်မ အပြင်မထွက်ဘဲ နေမှာကိုး။

ကျွန်မ အသက်အရွယ် ရင့်ကျက်လာတော့ သူနှိပ်စက်သမျှ ငုံ့မခံတော့ဘူး၊ တစ်ခါတလေ ပြန်ခုခံတတ်လာပြီ။ အဲဒီအခါမျိုးမှာ ပိုပြီးတော့ နှိပ်စက်ရိုက်နှက်တာ ခံရပါတယ်။ ခုထက်ထိ သူ့အပေါ် သံယောဇဉ် မရှိနိုင်သေးဘူးဆိုတဲ့အချက်က သူ့ဒေါသကို ပိုပြီး အုံကြွစေတာလည်း အကြောင်းတစ်ခု ဖြစ်

http://www.cherrythitsar.org



နေပါတယ်။ နှစ်ကာလတွေ ကြာလာခဲ့ပေမဲ့ သူ့ကို မုန်းတီးတဲ့စိတ်ကတော့ လျော့ပါးမသွားခဲ့သလို သမီးနှစ်ယောက် ထွန်းကားခဲ့ပေမဲ့လည်း မိသားစုရယ်လို့ ကျွန်မဘဝကို ခံစားလို့ မရနိုင်ပါဘူး။ လက်ထပ်စဉ်က ကျွန်မအမျိုးတွေ ပြောသလို သားသမီးထွန်းကားလာရင် ချစ်လာမှာပါဆိုတဲ့ စကားဟာ ဖြစ်မလာခဲ့သလို သူ့လက်က ကျွန်မ ဘယ်တော့ လွတ်မြောက်ပါ့မလဲဆိုတဲ့ မျှော်လင့်ချက်ကလည်း လျော့ပါးမသွားပါဘူး။ အသက်အရွယ်ရလာတာနဲ့အမျှ သူ့လက်က လွတ်ကိုလွတ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကလည်း ပိုမိုခိုင်မြဲလာခဲ့ပါတယ်။

ခုချိန်ထိတော့ မဲ(မ)ဖစ္စကို သွားဖို့ ဆုံးဖြတ်ခြင်းဟာ ကျွန်မဘဝအတွက် အရဲရင့်ဆုံး ဆုံးဖြတ်ချက်ပါ။ ခရီးထွက်ဖို့ ပြင်ဆင်နေတဲ့ ကာလမှာ ကျွန်မကိုယ်ကျွန်မ ဟန်မပျက်အောင် ထိန်းနေရတယ်၊ ဒီခရီးအတွက် ကျွန်မ စိတ်ဓာတ်တက်ကြွနေတာ မှန်ပေမယ့် ပျော်ပြနေလို့ မဖြစ်သေးဘူး၊ မစ္စစ္စဖောင်လာက ခုချိန်ထိ ကျွန်မကို စောင့်ကြပ်နေတုန်းပဲ၊ စိတ်ကပျော်နေတော့ လေးငါးခါလောက်သီချင်းညည်းမိတာပဲ၊ ကိုယ့်စိတ်ကိုယ်ထိန်းပြီး ရပ်ပစ်လိုက်ရတယ်၊ ကျွန်မပျော်နေတယ်ဆိုရင် သံသယဝင်သွားမှာ စိုးလို့ပါပဲ၊ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရှိတော့မှသာ ကိုယ့်ခံစားချက်ကို လွတ်လွတ်လပ်လပ် ခံစားလို့ရပါတယ်။ စိတ်လက် ပေါ့ပါးနေတဲ့အတွက် ညဝတ်အင်္ကျီ ခြေမျက်စိဖုံးတစ်ထည်ဝယ်ဖြစ်သေးတယ်၊ ချည်သားနဲ့ ချုပ်ထားပြီး အရောင်က နို့နှစ်ရောင်ကလေးပါ။ ဒါလေး ဝယ်ဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကို ငယ်သွားတယ်လို့လည်း ခံစားမိတယ်၊ တကယ်တော့ ကျွန်မဘဝ အတင်းအဓမ္မ လူကြီးဖြစ်လာစေခဲ့တာပဲ။ အသက်က ခုမှ ဆယ့်ခုနစ်နှစ်ပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ တခြား ဆယ့်ခုနစ်နှစ်သမီးတွေနဲ့ မတူဘဲ အိမ်တွင်း ပုန်းနေရတဲ့ အဖြစ်ကိုလည်း သိပါတယ်။ ခုတော့ အိမ်တွင်းပုန်း ဘဝမှာ မနေနိုင်တော့ဘူးလေ။

နောက်တစ်နေ့မှာ မွန်ရိုးလေဆိပ်ကို ကျွန်မ ကားမောင်းသွားပြီး လေဆိပ်မှာပဲ ကားကိုထားခဲ့ပါတယ်။ အိမ်နီးချင်း အယ်လိဇဘက်ဒီဗိုင်း(လ)က ကျွန်မကို ကားမောင်းသင်ပေးထားပြီး ဟိုလူကြီးက ကလေးတွေ နေမကောင်းရင် ဆေးရုံပို့ဖို့ ကိစ္စတို့ ဘာတို့ အရေးပေါ် သုံးနိုင်အောင် ကားအနက်တစ်စီးဝယ်ပေးထားပါတယ်၊ ခုကိစ္စကလည်း အရေးပေါ်ကိစ္စပဲလို့ ဆုံးဖြတ်ပြီး ကျွန်မဒီကားကို ထုတ်သုံးတာပါ။ မဲ(မ)ဖစ္စကို လေယာဉ်နဲ့ပဲသွားဖို့ ဆုံးဖြတ်လိုက်တာက ရထားနဲ့သွားရင် ကြာမယ်၊ အဲဒီ ကြာမယ့်အချိန်တွေအတွင်းမှာ ကျွန်မခံစားရမယ့် ကြောက်လန့်မှုနဲ့ ရင်ခုန်မှုကို မခံစားနိုင်လို့ပါ။ လေယာဉ်နဲ့သွားတော့

http://www.cherrythitsar.org



ခဏနဲ့ပဲ ရောက်သွားတယ်။ ကျွန်မ ပစ္စည်းတွေရွေးဖို့ စောင့်ဆိုင်းနေစဉ်အတွင်းမှာ စိတ်က စိုးရိမ်လာပြန်တယ်၊ သူ ကျွန်မကို တကယ် သဘောကျတာမှ ဟုတ်ပါ့မလားပေါ့၊ ကျွန်မ တွေးနေတုန်းမှာ တစ်စုံတစ်ယောက်က ပခုံးပုတ်လိုက်လို့ အတွေးမျှင် ပြတ်သွားတယ်။

'လန့်လိုက်တာ' ကျွန်မက တုန်တုန်ယင်ယင်နဲ့ သူ့ကိုပြောလိုက်တယ်။ တစ်ခုခုကို ကြောက်နေမိတာတော့ အမှန်ပဲ။ အဲ(လ)ဗစ္စက ဝတ်နေကျ ဘောင်းဘီအပွကြီး မဟုတ်ဘဲ ဘောင်းဘီကျပ်ကျပ်နဲ့ အရောင်တောက်တောက် ရှပ်အင်္ကျီဝတ်ထားပြီး ကြယ်သီးမတပ်ဘဲ ရင်ဘတ်တစ်ဝက်လောက်ထိ ဟပြလုပ်ထားတယ်၊ ဒီပုံစံကိုမြင်ရတော့ ကျွန်မ သွေးခုန်နှုန်း မြန်လာတယ်။ သူက တစ်နေရာရာကို တန်းသွားကြဖို့ ပြောပေမဲ့ ကျွန်မက ဟိုတယ်ကိုသွားပြီး ကိုယ်လက်သန့်စင်ချင်သေးတယ် ဆိုတာကြောင့် သူ့ကားနဲ့ ဟိုတယ်ကို မောင်းခဲ့ကြတယ်။ လမ်းတစ်လျှောက်လုံး မြင်ရတဲ့ မြင်ကွင်းတွေနဲ့ ပတ်သက်ပြီး သူက စိတ်အားထက်ထက်သန်သန်နဲ့ ရှင်းပြတယ်။ ကျွန်မလာလို့ ပျော်နေတာလား၊ သူ့မြို့ကို သူချစ်လို့ ရှင်းပြနေတာလားတော့ မခွဲခြားတတ်တော့ပါဘူး။ ဟိုတယ်ရှေ့မှာ ကျွန်မဆင်းလိုက်တော့ နောက်တစ်နာရီအတွင်း သူပြန်လာမယ်၊ ညအိပ်ဝတ်ဖို့ အဝတ်အစားထည့်ပြီး အဆင်သင့်စောင့်နေလို့ မှာတယ်။ သူ ဘာတွေ လျှောက်လုပ်ဦးမှာလဲဆိုလို့ တွေးပူလိုက်မိတာကို ရိပ်မိသွားတော့ ကျွန်မကို ညင်ညင်သာသာ နမ်းလိုက်ပြီး ကားဘက်လျှောက်သွားတယ်။ လမ်းတစ်ဝက်မှာ ပြန်လှည့်ပြီး 'ကိုယ် မင်း အံ့သြသွားအောင် ပြစရာတစ်ခုရှိတယ်' လို့ ဆိုတယ်။

သူ့ထုံးစံအတိုင်း ရွှတ်နောက်နောက်ပြုံးပြပြီး မောင်းထွက်သွားတော့ ကျွန်မမှာ သူမှာသွားတာ အဆင်သင့်ဖြစ်အောင် အလောသုံးဆယ် လုပ်ရတော့တယ်။ ကလေးတစ်ယောက် အပြုံးမျိုးနဲ့ အံ့သြစရာပြစရာရှိတယ် ဆိုတဲ့ စကားက ကျွန်မရင်ထဲမှာ ပီတိဖြစ်စေပါတယ်။ ပေါ့ပေါ့ပါးပါး ဝတ်ထားဆိုတဲ့ သူ့စကားကြောင့် ဂါဝန်ဖြူနဲ့ ဘလောက်(စ)အပြာရောင်နုနုကလေး ဝတ်လိုက်ပါတယ်။ ညဝတ် အဝတ်အစားယူခဲ့ဆိုတာကြောင့် အဝတ်သေတ္တာထဲက ကျွန်မရဲ့ ညဝတ်အင်္ကျီအသစ်ကလေးကိုထုတ်ယူပြီး ခရီးဆောင်အိတ်ထဲ ထည့်လိုက်တယ်၊ ဇစ်ဆွဲပိတ်ခါပဲ ရှိသေးတယ် ဖုန်းက မြည်လာတယ်။

'ရယ်ဒီပဲလား. . . '

'ဟင်. . . တစ်နာရီမှမရှိသေးတာ'

'ပြည့်ပြီ. . ဒါ မဲ(မ)ဖစ္စ စံတော်ချိန်လေ၊ ကိုယ်မစောင့်နိုင်တော့ဘူး'

http://www.cherrythitsar.org



ကျွန်မအခန်းထဲ တက်မလာဘဲ ဟိုတယ်အောက်ကနေ ဖုန်းဆက်တဲ့အတွက် ကျွန်မ စိတ်သက်သာရာရခဲ့ပါတယ်။ ကျွန်မကို တလေးတစား ဆက်ဆံတယ်ဆိုတာ နားလည်လိုက်တယ်။ နောက် မိနစ်အနည်းငယ်အကြာ ကျွန်မ ဆင်းလာတော့. . . အဲ(လ)ဗစ္စက သူ့ကားစီ ခေါ်သွားပါတယ်၊ သူ့ကားကို မြို့ဆင်ခြေဖုံးဘက် ဦးတည် မောင်းလာပါတယ်။ အချိန်က ညနေခင်းဆိုတော့ ကားစီးရတာ သာယာပါတယ်။ တောင်ကုန်းကလေးကိုပတ်ပြီး မောင်းလာတော့ တောနဲ့တောင် ပန်းရနေပုံကြည့်ပြီး ကြည်နူးမိသေးတယ်၊ ကားနောက်ခန်းမှာ အိတ်တွေနဲ့ဘူးတွေပါလာတာကိုလည်း ကျွန်မ သတိပြုမိတယ်။

'အဲ(လ)ဗစ္စ. . . ကျွန်မတို့ ဘယ်ကိုသွားနေတာလဲဟင်'

'အံ့ဩစရာလေ. . အံ့ဩစရာလေး တစ်ခုပြမလို့ ခဏလေးစောင့်'

ကျွန်မက ရယ်လိုက်မိတယ်၊ ကားကလည်း တောအုပ်ကလေးတစ်ခုရဲ့ အစွန်ကို ရောက်လာပြီလေ၊ လေကလည်း တဖြူးဖြူးနဲ့ သာယာလှပါတယ်၊ ကျွန်မစိတ်ထဲမှာ အဲ(လ)ဗစ္စက လူတွေအများကြီးရှိတဲ့ နေရာမျိုးကို ခေါ်သွားမှာ ကြောက်နေမိတယ်၊ ခုချိန်မှာ အနီးပတ်ဝန်းကျင်မှာ ဘယ်သူမှ ရှိမနေစေချင်ပါဘူး၊ ကျွန်မမှာ လျှို့ဝှက်ချက်တွေကလည်း ရှိနေတော့ စိတ်က မလုံလို့ပါ၊ နောက်ဆုံးမှာ ကားကို စက်ရှိန်သတ်ပြီး လမ်းဘေးချမောင်းလိုက်ပါတယ်၊ တောင်ခြေက ပြန့်ပြူးတဲ့မြင်ခင်းပြင်ကလေး ရှိနေတယ်၊ သူက ကားပေါ်က ဆင်းလိုက်ပြီး ကျွန်မဆင်းဖို့ တံခါးလာဖွင့်ပေးတယ်၊ ကျွန်မလက်ကိုဆွဲပြီး အောက်ကိုဆင်းခိုင်းတော့ ကျွန်မက တစ်ခုခုပြောမယ်အလုပ်မှာ သူက နှုတ်ခမ်းပေါ်မှာ လက်ညှိုးထောင်လိုက်ပြီး 'ရှူး' လို့ လုပ်ပြတယ်၊ တောင်ကုန်းပေါ်ရောက်တဲ့ချိန်ထိ သူ စကားတစ်ခွန်းမှ မပြောပါဘူး။

'အံ့ဩစရာဆိုတာ ဒါပဲ၊ ဒါ. . . ကိုယ်ပေးချင်တဲ့ မင်းအတွက်လက်ဆောင်'

အဲ(လ)ဗစ္စက ရင်သပ်ရှုမောလောက်တဲ့ နေဝင်ရှုခင်းကို လက်ညှိုးထိုးပြတယ်။

'အဲဒါ မင်းအတွက်လက်ဆောင်' သူက ထပ်ပြောပြန်တယ်။ 'မင်းအမိပ္ပာယ်သိရဲ့လား၊ ဘုရားသခင်သာလျှင် ခုလို လှပတဲ့ နေဝင်ဆည်းဆာကို ရေးခြယ်နိုင်တယ်၊ အရာအားလုံးဟာ သဘာဝအတိုင်းပဲ၊ အဲဒီ သဘာဝ ပန်းချီကားဟာ မင်းအတွက်ပဲ လူစီ'

သူက ကျွန်မကို ဆွဲပွေ့လိုက်ပြီး နမ်းလိုက်ပါတယ်။ သူ့အနမ်းက ကျွန်မကို ကြောက်စိတ်မဖြစ်စေတဲ့အပြင် ရင်ထဲက ရှိနှင့်တဲ့ ကြောက်စိတ်တွေပါ

http://www.cherrythitsar.org



ပြေပျောက်သွားစေခဲ့ပါတယ်။ ကျွန်မ အရာရာကို ဂရုမစိုက်တော့ပါဘူး။ ပြစ်မှု ကျူးလွန်နေမိသလားဆိုတဲ့စိတ်ပါ ပျောက်ကွယ်သွားပါတော့တယ်။

'လာ. . လမ်းလျှောက်ကြရအောင်'

သူက ကျွန်မလက်ကိုဆွဲပြီး တောင်ကုန်းပေါ်မှာ လမ်းလျှောက်ကြတယ်။

ကျွန်မတို့ရှေ့မှာ မြင်တွေ့နေရတဲ့ ရွှေရောင်နဲ့ အပြာရောင် ရောယှက်ထားတဲ့ ပန်းချီကားကြီးက လှပလို့။ ကျွန်မတစ်ကိုယ်လုံးလည်း သန့်ရှင်းလန်းဆန်းနေသလို ခံစားနေရတယ်။ အတိတ်က ကြုံခဲ့ရတဲ့ အရိပ်မည်းတွေဟာ အိပ်မက်ဆိုးလောက်သာ အောက်မေ့ရတော့တယ်။ အချစ်ဆိုတာ ဒါပဲလို့ ကျွန်မ ထင်ပါတယ်။

'လူစီ. . . ပျော်ရဲ့လား'

ကျွန်မ ခြေဖျားထောက်ပြီး သူ့ကို နမ်းလိုက်တယ်၊ အဲဒါ ကျွန်မအဖြေပါပဲ၊ သူ့မျက်ဝန်းထဲမှာ ကြည်နူးမှုအရိပ်တွေ အရောင်လက်လာခဲ့တယ်။

'နေဦးကွ. . ကိုယ့်မိန်းကလေးကို ညနေစာ ကျွေးရဦးမယ်'

သူက ရှေ့က ပြေးဆင်းသွားပေမယ့် ကျွန်မကတော့. . . တစ်လှမ်းချင်းပဲ ဆင်းလာခဲ့ပါတယ်၊ ကားဆီပြန်လာကြတဲ့ လမ်းတစ်လျှောက်လုံး ကျွန်မတို့နှစ်ယောက် ရယ်နေမိခဲ့ကြတယ်၊ သူက ကားနောက်တံခါးကို ဖွင့်လိုက်ပြီး ဘူးတွေ၊ အိတ်တွေ ထုတ်ယူတယ်။ အနီရောင်အခင်းကြီးတစ်ခု ခင်းလိုက်ပြီး အခင်းအပေါ်မှာ ပန်းကန်ဖြူဖြူလေးတွေ ချလိုက်တော့ လှပသွားပါတယ်။ သူက တကယ်စိတ်ကူးကောင်းတယ်။ သူတစ်ယောက်တည်း မရပ်မနား လှုပ်ရှား စီစဉ်နေတယ်။ ပါးစပ်ကလည်း 'မင်းဟာ ကိုယ့်ရဲ့ ရွှေမင်းသမီးလေးဆိုတော့ ကိုယ်တိုင် ပြုစုရမှာပေါ့' လို့ တတွတ်တွတ် ပြောနေသေးတယ်။

ပထမအိတ်ဖွင့်တာကြည့်လိုက်တော့ ဝက်ပေါင်ခြောက်နဲ့ ပေါင်မုန့်ညှပ်၊ စပျစ်သီး၊ အာလူးကြော်၊ ကြက်ဥကြော် စားစရာအစုံပဲ။

'ဝိုင်သောက်ဦးမလား' လို့ သူက မေးလာတယ်။

'ဘာဖြစ်လို့ ကျွန်မ ဝိုင်သောက်ချင်တယ်လို့ ထင်တာလဲ' လို့ မကျေနပ်တဲ့လေသံနဲ့ တမင်တကာမေးလိုက်တယ်။

'ဒီလိုလေ. . မင်းက ပြင်သစ် မဟုတ်လား၊ ဝိုင်မသောက်တဲ့ပြင်သစ်ရယ်လို့ ဘယ်သူ ကြားဖူးလို့လဲ' တဲ့။

ပထမအဆင့် စားစရာတွေ စားကြပြီးတဲ့နောက် နောက်တစ်အိတ်ထဲက ချယ်ရီသီးတွေ ထုတ်ပြန်တယ်၊ နောက်ထပ်နာရီဝက်လောက် ချယ်ရီသီးစားကြ

http://www.cherrythitsar.org



ရင်း ညှို့မှောင်လာတဲ့ကောင်းကင်ရဲ့အလှကို အရသာခံ ကြည့်နေမိခဲ့ကြပါတယ်။

'မင်းရောက်လာတာ ကိုယ် သိပ်ပျော်တာပဲ လူစီ'

'ကျွန်မလည်း ပျော်တာပါပဲ၊ ကျွန်မကို ဒီနေရာ ဘာဖြစ်လို့ ခေါ်လာတာလဲဟင်၊ ရှင့်မိန်းကလေးတွေအားလုံး ဒီနေရာပဲ ခေါ်လာခဲ့ဖူးသလား'

'ဘာ မိန်းကလေးလဲ. . ကိုယ့်မှာ ဘယ်မိန်းကလေးမှမရှိဘူး၊ ကိုယ့်မှာ မင်းတစ်ယောက်တည်းပဲရှိတယ်'

'ဪ. . . ကျွန်မက ရှင် ဒီနေရာကို ဘယ်လိုများ ရှာတွေ့ခဲ့တာလဲလို့ တွေးမိလို့ပါ၊ အရင်ကကော ဒီနေရာကို ရောက်ဖူးသလား'

သူ့မျက်နှာ တည်သွားတယ်။

'တစ်ခါတုန်းက လောကကြီးထဲမှာ ကိုယ်ဟာ ဘာကောင်မှ ဖြစ်မလာတဲ့အတွက် စိတ်ပျက် လက်ပျက် ကားမောင်းခဲ့ရင်းက ဒီနေရာကို ရောက်လာခဲ့တယ်၊ ဒီနေရာဟာ ကမ္ဘာပေါ်မှာ အလှဆုံးနေရာဖြစ်မယ်လို့ ကိုယ်ထင်တယ်၊ ဒီနေရာကိုလာပြီး ကိုယ် စကားပြောတယ်'

'စကားပြောတယ်. . ဟုတ်လား'

'ရှိခိုးတာပါ၊ ဒီနေရာမှာ ရှိခိုးရတာ ဘုရားသခင်နဲ့ ပိုနီးကပ်သလို ခံစားရတယ်'

ကျွန်မ တော်တော် အံ့သြသွားမိပါတယ်။ ကျွန်မဘဝတစ်လျှောက်မှာ ဘုရားသခင်ကိုသာ တိုင်တည်အားထားခဲ့တယ်။ ဘုရားသခင်သာလျှင် ကျွန်မအတွက် မျှော်လင့်ချက်ပါ။ အဲ(လ)ဗစ္စကိုယ်တိုင်ကလည်း ဘုရားသခင်ကိုသာ အားထားတယ်ဆိုတာ ကျွန်မတို့နှစ်ယောက် ဆုံစည်းမှုကို ဘုရားသခင်ကိုယ်တော်တိုင်က ကြည်ဖြူတော်မူတယ်လို့ ခံစားလိုက်ရတယ်။

'ကိုယ်လေ. . ဒီနေရာကို ကိုယ်နဲ့ အတူတူ တစ်ယောက်ယောက်ကို ခေါ်လာချင်တဲ့ဆန္ဒ အမြဲရှိခဲ့တယ်၊ ဒါပေမဲ့ ခေါ်လာရမဲ့သူက ကိုယ့်ဘဝမှာ အထူးတလည် အရေးပါသူ ဖြစ်ရမယ်၊ အဲဒီလိုလူမျိုး ကိုယ် လုံးဝမတွေ့ခဲ့ဘူး၊ ဒါကြောင့်လည်း ဒီနေရာကို တစ်သက်လုံး ကိုယ်တစ်ယောက်တည်းပဲ လာရတော့မယ် ထင်နေတာ၊ ခုတော့ မင်းကို ကိုယ်တွေ့ခဲ့ရပြီ'

သူက စကားအဆုံးမှာ ကျွန်မလက်ဖျားတွေကို ဖျစ်လိုက်တယ်။ သူ့ဘဝမှာ လိုအပ်နေတဲ့ သူတစ်ယောက်ကို ရှာဖွေ တွေ့ရှိသွားလို့ ကျေနပ်သွားတဲ့သဘောပါပဲ။ သူ့ဘဝအကြောင်း သူဆက်ပြောနေလို့ ကျွန်မမှာ ဝမ်းသာနေရသေးတယ်။ ကျွန်မအကြောင်းဘက် စကားဦးလှည့်လာမှာ စိုးနေမိတယ်။

http://www.cherrythitsar.org



'ကိုယ် ဂီတသမားတွေလည်း တွေ့ထားပြီးပြီ၊ သူတို့နဲ့ ကိုယ်ပေါင်းလို့ ရမယ်ထင်တယ်၊ သူတို့က ကိုယ့်ကို ကူညီနိုင်သလို ကိုယ်ကလည်း သူတို့ကို ကူညီနိုင်မယ်ထင်တယ်၊ ကိုယ်တို့ပေါင်းပြီး အလုပ်လုပ်ကြမယ်ဆိုရင် အခွင့်အလမ်းတစ်ခုတော့ ရလာမှာပဲ၊ ကိုယ် အခု အသံသွင်းတာတောင် ပြီးသွားပြီ၊ ဘာမှတော့ ထူးထူးခြားခြား မဟုတ်သေးပါဘူး၊ အမေ့အတွက် သီချင်းနှစ်ပုဒ်ပါ။ မကြာခင် ကိုယ် သီချင်းတွေ ထပ်သွင်းဦးမယ်၊ ကျောင်းတက်စရာလည်း မလိုတော့ဘူးဆိုတော့ အချိန်တွေအားနေတယ်၊ နောက်တစ်နှစ်လောက်သာစောင့် လူစီ၊ ကိုယ်ဟာ မင်း ဂုဏ်ယူနိုင်လောက်တဲ့ လူတစ်ယောက် ဖြစ်လာမှာပါ'

*[အဲဒီညက အဲ(လ)ဗစ္စပြောတဲ့ ဂီတသမားတွေဆိုတာ 'စကော့တီမိုး' နဲ့ 'ဘီ(လ)ဘလက်(ခ)' တို့ ဖြစ်နိုင်ပါတယ်။ ဒီနှစ်ယောက်က နောင်မှာ အဲ(လ)ဗစ္စရဲ့ ဝိုင်းမှာ အမာခံနှစ်ဦးဖြစ်ခဲ့တယ်။ အဲဒီကာလတွေတုန်းက အဲ(လ)ဗစ္စ အသံသွင်းတယ်ဆိုတာ အဆန်းမဟုတ်တော့ပါဘူး။ ပိုက်ဆံ လေးဒေါ်လာ ပေးနိုင်သူတိုင်း **Mamphis Recording Service** မှာ ဓာတ်ပြားသွင်းလို့ ရပါတယ်။ **The Boy Who Deared To Rock** စာအုပ်အဆိုအရ အဲ(လ)ဗစ္စဟာ လေးဒေါ်လာ ဓာတ်ပြားနှစ်ချပ် သွင်းခဲ့ပါတယ်။ အဲဒီသီချင်းနှစ်ပုဒ်က **"My Happniness"** နဲ့ **"That's What Your Heartacher Begin"** တို့ဖြစ်ပြီး ၁၉၅၃ ခုနှစ် ဇူလိုင်လမှာ သွင်းခဲ့တာလို့ သိရတယ်။ (တချို့ကတော့ ဒီထက်စောတယ်လို့ ဆိုတယ်။) လေးဒေါ်လာနဲ့သွင်းရင် ဓာတ်ပြားတစ်ချပ်ပဲရတယ်။ ၁၉၅၄ ခုနှစ် ဇန်နဝါရီလမှာ နောက်ထပ် လေးဒေါ်လာ ဓာတ်ပြားနှစ်ချပ် သွင်းဖြစ်ခဲ့သေးတယ်။ သီချင်းတွေကတော့ **"Casual Love Affair"** နဲ့ **"I'II Never Stand in Your Way"** တို့ ဖြစ်ကြပါတယ်။ ဒီနှစ်ပုဒ်ကလည်း ဓာတ်ပြားတစ်ချပ်စီသာ ရှိပါတယ်။]*

ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ လုပ်ဆောင်နေတဲ့ သူ့ကို ကျွန်မ တော်တော် အထင်ကြီးသွားတယ်။ သူ အောင်မြင်အောင် ကြိုးစားတာကို တစ်ကိုယ်ကောင်းဆန်တယ်လို့ ကျွန်မ မမြင်မိပါဘူး။ သူက တစ်ပါးသူကို ကူညီချင်တယ်။ သူ့လောက် ကုသိုလ်ကံ မကောင်းတဲ့သူတွေကို ဖေးမချင်တဲ့ဆန္ဒ ရှိတယ်။ အထူးသဖြင့် သူ့မိဘတွေကို ဦးစားပေး အလေးထားတတ်တာကတော့ ကျွန်မစိတ်နှလုံးကို ညွတ်နူးစေပါတယ်။

'ကိုယ် အောင်မြင်ရမယ် လူစီ၊ မင်းယုံတယ်မဟုတ်လား'

'ယုံပါတယ်၊ ရှင် အောင်မြင်မှာပါ။ ထူးထူးခြားခြား ဖြစ်လာမယ်ဆိုတာ ကျွန်မ ယုံတယ်၊ ရှင့်မှာ အများနဲ့မတူတဲ့ ထူးခြားချက်တွေ ရှိနေတာပဲ'

http://www.cherrythitsar.org



'မင်းတကယ်ပဲ အဲဒီလို ထင်သလား'

'ရှင်က သိပ်ကို ထူးခြားတာပေါ့၊ ကျွန်မအတွက် ထူးခြားသလို စင်မြင့်ပေါ် တက်လိုက်ရင် အားလုံးအတွက် ထူးခြားသွားတာပဲ၊ အဲဒီလို ထူးခြားမှု ရှိနေတာက ရှင့်အတွက် အောင်မြင်စေမယ့် လက္ခဏာပဲ၊ ညတိုင်း ကျွန်မ ဘုရားရှိခိုးရင် ရှင် အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်၊ ဘုရားသခင်က ကျွန်မဆုတောင်းသံကို နားထောင်ပြီး အမြဲတမ်း ဖြည့်ဆည်းပေးတတ်ပါတယ်'

ကျွန်မ သူနဲ့ ပတ်သက်လို့ ယုံကြည်တယ်ဆိုတာ သိလိုက်တော့ အဲ(လ) ဗစ္စ တော်တော်လေး လှုပ်ရှားသွားတယ်။

'အဲဒီလို အောင်မြင်တဲ့ဘဝ ရောက်ချိန်မှာ မင်းဟာ ကိုယ့်ဘဝရဲ့ အစိတ် အပိုင်းတစ်ခု ဖြစ်စေချင်တယ် လူစီ'

သူ့စကားကြောင့် မြူနှင်းတွေဆိုင်းနေသလို မပီဝိုးတဝါးဖြစ်နေတဲ့ ကျွန်မ ဘဝက ကြာရှည် ဖုံးကွယ်ထားလို့ ရနိုင်မှာမှ မဟုတ်တာ။ ဒါကြောင့် ကျွန်မဘဝ အမှန်ကို ဖွင့်ပြောလိုက်ရတော့မှာလားလို့ စဉ်းစားလိုက်မိသေးတယ်။ ဒါပေမဲ့ သူ့မျက်နှာကို မြင်တွေ့ခွင့် ဆုံးရှုံးသွားမှာကို ကျွန်မ စိုးရိမ်တယ်။ ဒီအချိန်မှာ ကျွန်မ မပြောသင့်သေးဘူး။ ကျွန်မကို နားလည်သထက် နားလည်လာချိန်မှသာ ကျွန်မ ဖွင့်ပြောသင့်တယ်လို့ ထင်ပါတယ်။ ကျွန်မ စကားလမ်းကြောင်း ပြောင်းဖို့ ကြိုးစားပေမဲ့ သူက ကျွန်မမျက်နှာကို ငေးစိုက်ကြည့်နေပြီး ကျွန်မဆီက အဖြေ တစ်စုံတစ်ခုကို မျှော်လင့်နေတယ်။ ကျွန်မ တစ်ခုခုတော့ ဖြေရတော့ မယ်။

'ကျွန်မကလည်း ရှင့်ဘဝရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ချင်တာပဲပေါ့၊ ဒါပေမဲ့. . ကျွန်မပြောတာကို အရင်နားထောင်ပါဦး၊ ကျွန်မကို ရှင့်ဘက်က အချိန်ပေးနိုင်ရမယ်၊ ဒါတော့ ကျွန်မကို ကတိပေးရမယ်၊ ခု ရှင့်ဘဝထဲကို ကျွန်မ ဝင်လာလို့ မဖြစ်နိုင်သေးဘူး၊ ပြီးတော့ ကျွန်မတို့နှစ်ယောက်အကြောင်း ကို ဘယ်တော့မှ ဘယ်သူ့ကိုမှ မပြောပါဘူးလို့လည်း ကတိပေးရမယ်၊ ကျွန်မတို့ နှစ်ယောက်ကိစ္စက အထူးသီးသန့်ဘဝလေးထဲမှာပဲ ရှိနေစေချင်တယ်လေ။ ကျွန်မ တို့နှစ်ယောက်စလုံး အဆင်ပြေပြီး အားလုံးကို အသိပေးဖို့သင့်ပြီ ဆိုတော့မှပဲ ကြေညာလိုက်တာပေါ့. . . နော်၊ အဲဒါတစ်ခုတော့ ကတိပေးပါကွယ်'

ကျွန်မစကားကြောင့် သူ တော်တော် စိတ်ရှုပ်သွားပုံရတယ်၊ သူထင်တာ က သူဟာ ဆင်းရဲလို့ ကျွန်မ မိသားစုက လက်မခံနိုင်လို့သာ ဒီကတိမျိုး တောင်းတယ်လို့ ထင်သွားတယ်၊ လူကြီးတွေက ဆံပင်ရှည်ရှည်ထားပြီး အကျီ

http://www.cherrythitsar.org



ဟပြဲ ဝတ်တတ်တဲ့သူ့ကို ကြည့်မရကြမှန်းလည်း သူသိတယ်၊ ကျွန်မ ပင်ကို စကားသံက ပြင်သစ်သံ ဝဲနေပြီး ဘော်စတွန်မှာ ပညာသင်ခဲ့တာကို အဲ(လ)ဇစ္စ က ဘယ်လိုတွက်သလဲဆိုတော့ ကျွန်မဟာ ဆွေကြီးမျိုးကြီး လူချမ်းသာ မိသားစု က ဖြစ်ရမယ်တဲ့၊ သူ့ကို ကျွန်မက ကျွန်မအဖေ ဆုံးပြီးတဲ့နောက် ဆင်းရဲခဲ့တဲ့ အကြောင်း ပြောပြပေမဲ့ မယုံဘူး၊ ကျွန်မ မိသားစုက လက်မခံတာကြောင့် မဟုတ်ဘူးလို့ ထုတ်ပြောလုဆဲဆဲမှာပဲ ကိုယ့်ကိုယ်ကို ထိန်းလိုက်နိုင်ခဲ့ပါတယ်၊ မိသားစုက လက်မခံတာဘဲလို့ သူဘက်က တွက်ခြင်းအားဖြင့် အိမ်လာလည်ချင် တယ်ဆိုတဲ့ ပြဿနာ မပေါ်လာနိုင်တော့ဘူးဆိုတာ ကျွန်မ တွက်မိလို့ပါ။

'တစ်ခါတလေကျတော့ ကိုယ့်ရင်ထဲမှာ မင်းဟာ ကိုယ့်ဆီကနေ ထာဝရ ပျောက်ကွယ်သွားမှာလားလို့ တွေးနေမိတယ်၊ ဒါကြောင့်လည်း ခုလို ရှားရှားပါးပါး တွေ့ရတဲ့ အချိန်လေးတွေဟာ ကိုယ့်အတွက် အမြဲတမ်း အမှတ်တရဖြစ်နေမှာပါ'

ကျွန်မ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်ခြင်းက သူ့စကားကို အတည် ပြုပေးလိုက်သလို ဖြစ်သွားတဲ့အတွက် စက္ကန့်ပိုင်းအတွင်း ကျွန်မပျောက်သွား တော့မှာလို သူငုံ့ကြည့်နေတယ်။

'အဖြစ်အပျက်တွေ အားလုံးဟာ မြန်မြန်ဆန်ဆန် ဖြစ်ပျက်နေတယ် လူစီ၊ အရေးကြီးတာတွေ မပြောဖြစ်လိုက်မှာကို ကိုယ်မလိုလားဘူး၊ ဒါကြောင့် မင်းကို ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြချင်တယ်၊ ကိုယ် မပြော နိုင်တော့ဘူး'

သူ ရှေ့ဆက် ဘာပြောရမှန်း မသိတော့ဘူးထင်တယ်။

'ဒီနေရာမှာ ကိုယ်နဲ့ ခဏလေးနေပေးပါ လူစီ၊ ကိုယ်တို့ထိုင်ပြီး စကား တွေပြောကြရအောင်၊ ကိုယ် မင်းကို ပြောချင်တာတွေ အများကြီးပဲ၊ ကိုယ် မင်းနဲ့ အတူတူနေချင်တယ်ကွာ၊ ဒီည ဟိုတယ်မပြန်တော့ဘဲ ဒီနေရာမှာပဲ အိပ် လိုက်ကြရအောင်နော်'

ဒီနေရာမှာ ဒီစကားတွေ ပြောတော့မယ်ဆိုတာ ကျွန်မသိပေမယ့် ရင်ခုန် လှုပ်ရှားမိတယ်။ ကျွန်မဘဝမှာ ကျွန်မဆန္ဒနဲ့ ယောကျ်ားတစ်ယောက်ရဲ့ အထိ အတွေ့ဆိုတာ တစ်ကြိမ်တစ်ခါမှ ရှိခဲ့ဖူးတာ မဟုတ်တဲ့အတွက် ကျွန်မကိုယ် ကျွန်မ အပျိုစင်တစ်ယောက်လိုပဲ ခံယူထားပါတယ်။

'အိပ်ဖို့ အဝတ်အစား ယူလာသလား'

ကျွန်မ ခေါင်းညိတ်လိုက်တယ်။

'ဒါဆို အဝတ်လဲလိုက်ပါလား'

http://www.cherrythitsar.org



'ဟင့်အင်း . . မလဲချင်ပါဘူး' လို့ ကျွန်မ ဦးနှောက်က ပြောချင်ပေမဲ့ ကျွန်မ နှလုံးသားက ဆန့်ကျင်တဲ့အတွက် တောင်ခြေက ကားနားဆီကို လျှောက်လာခဲ့တယ်။ ခရီးဆောင်အိတ်ထဲ ထည့်လာတဲ့ ညဝတ်အင်္ကျီ အသစ်ကလေးကို ထုတ်လိုက်ပါတယ်။ အင်္ကျီကအရှည်ကြီး၊ အသားနုနုကလေးမှာ စာတွေ ကပ်ထားသေးတယ်။ အင်္ကျီပုံစံက ယောကျာ်းတစ်ယောက်ကို ဆွဲဆောင်စေမယ့် ပုံစံမျိုး မဟုတ်ဘဲ မိန်းမပီသစေမယ့် ပုံစံမျိုးပါ။ ကားပေါ်တက်ပြီး အဝတ်လဲလိုက်တယ်။ ညဝတ်အင်္ကျီအရှည်ကြီးနဲ့ တောင်ကုန်းပေါ် ပြန်တက်လာချိန်မှာ အဲ(လ)ဗစ္စရဲ့ ဝိုးတဝါးပုံရိပ်ကို မှောင်ရီဖြိုးဖျမှာ တွေ့ရတယ်။ သူက ကျွန်မကို ဆွဲဆောင်နေတဲ့ သံလိုက်တုံးနဲ့ တူနေပါတယ်။ နီးသထက် နီးလာခဲ့တယ်။ သူ လှည့်လိုက်တော့ ကျွန်မကိုမြင်သွားပြီး လက်နှစ်ဖက်ကို ဆန့်တန်းထုတ်လိုက်ပါတယ်။

ကျွန်မတို့ ကိုယ်ချင်းပူးကပ်သွားချိန်မှာ လေနုအေးကလေးတစ်ချက် တိုက်ခတ်လာတာကြောင့် ကျွန်မဆံပင်တွေ လွင့်သွားပြီး အင်္ကျီပိတ်စက ကျွန်မ အသားနဲ့ တစ်ထပ်တည်း ဖြစ်သွားတယ်။ သူက ကျွန်မကို လက်တစ်ဖက်တည်းနဲ့ ဖက်ထားပြီး တခြားလက်တစ်ဖက်ကို သူ့ကိုယ်နောက်မှာ ဝှက်ထားတယ်။ ခဏကြာတော့မှ ဝှက်ထားတဲ့လက်ကို ထုတ်ပြီး လက်ထဲက တောပန်းကလေးတွေ ပေးလာတယ်။ ကျွန်မဆံပင်တွေ စုစည်း ချည်နှောင်ထားတဲ့ ဆံညှပ်ကို သူက ဖြုတ်လိုက်တဲ့အတွက် ဆံပင်တွေ အထွေးလိုက် ကျွန်မပခုံးပေါ် ကျလာပါတယ်။ ဘာမှ စကားမပြောဖြစ်ကြဘဲ ကျွန်မလက်ထဲက ပန်းရောင်စုံတွေထဲက အဖြူရောင် ပန်းကလေးတွေကို ရွေးပြီး ကျွန်မကို ပန်ပေးတယ်။

'လူစီ. . . လက်ထပ်တယ်ဆိုတာ ဘာလဲ သိလား၊ တစ်ယောက်ဘဝ တစ်ယောက်ကိုပေးပြီး ရာသက်ပန် စွဲစွဲမြဲမြဲ ချစ်သွားကြတာကို လက်ထပ်တယ်လို့ ခေါ်တာပဲ၊ ဘာတွေပဲ ဖြစ်ဖြစ်၊ ဘယ်သူတွေပဲတားတား၊ သူတို့က ထာဝရ ချစ်နေကြတာပဲ'

ကျွန်မမှာ အဲဒီလို ခံစားချက်မျိုး ဘယ်တော့မှ ခံစားခွင့်ရှိမှာ မဟုတ်ပါဘူး။ ရှင့်ကိုလည်း ကျွန်မ ဘယ်တော့မှ လက်ထပ်ခွင့်ရမှာ မဟုတ်ပါဘူး။ ကျွန်မ ဒီအခွင့်အရေး မရနိုင်ပါဘူး အဲ(လ)ဗစ္စရယ်။

သူက ကျွန်မမိသားစုနဲ့ ပတ်သက်ပြီး ရတက်မအေး ဖြစ်နေတုန်းပဲ။ ဒါကြောင့်လည်း သူ ဒီစကားတွေ ပြောနေတာပေါ့။ ကျွန်မရှိရင် သူ အားရှိတယ်တဲ့။ ဒါကြောင့် သူ လိုအပ်တဲ့အချိန်တိုင်း သူ့အနားမှာ ကျွန်မ ရှိနေပါမယ်

http://www.cherrythitsar.org



လို့ အခိုင်အမာ ကတိပေးလိုက်ရတယ်။ သူ့လက်ချောင်းကလေးတွေနဲ့ ညင်ညင်သာသာ ကျွန်မပါးပြင်ကို ပွတ်သပ်နေရင်း လက်ဖဝါးနှစ်ဖက်နဲ့ ကျွန်မပါးနှစ်ဖက်ကို အုပ်လိုက်တယ်။ ပြီးတော့ သူ့လက်ဖဝါးတွေကို ကျွန်မနားပေါ် အုပ်လိုက်တော့ သူ့နှလုံးခုန်သံကို သူ့ လက်ဖဝါးတွေကတစ်ဆင့် ကြားနေရတယ်။

'တို့နှစ်ယောက် ဒီလိုပဲ အမြဲနေကြပါစို့၊ ကိုယ့်ဘေးမှာ မင်းရှိနေရင် ဘာမဆို ကိုယ်လုပ်နိုင်ပါတယ် လူစီဟန်နီရယ်၊ ကိုယ့်ကို လက်ထပ်ပါလားကွာ'

ကျွန်မစိတ်တွေ ဝေခွဲလို့ မရတော့ဘူး။ ဒီအချိန်ဟာ ကျွန်မဘဝအတွက် အသာယာဆုံးအချိန် ဖြစ်သလို အဆိုးရွားဆုံးအချိန်လို့လည်း ဆိုနိုင်တယ်။ ဆန့်ကျင်ဘက် ခံစားမှုနှစ်ခုကြားမှာ ကျွန်မ ပေါက်ကွဲလုမတတ် ခံစားနေရတယ်။ တစ်ချိန်က ဘုမသိဘမသိ သူစိမ်းတွေအလယ်မှာ မျက်နှာစိမ်း ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ 'သဘောတူပါတယ်' လို့ ပြောခဲ့ရဖူးတာ သတိရမိတယ်။ အဲဒီလို သဘောတူခဲ့သူ လူက ကျွန်မကို လျှောင်အိမ်ထဲက တိရစ္ဆာန်တစ်ကောင်လို ဆက်ဆံနေတဲ့အတွက် အဲဒီစကားဟာ ခုထက်ထိ တည်မြဲနေပါသေးသလား။ အဲဒီအိမ်ထောင်ဟာ တကယ့် အိမ်ထောင်စစ်စစ် ဖြစ်ခဲ့ရဲ့လား။ ကျွန်မတော့ မထင်ပါဘူး။ အဲဒီလက်ထပ်ပွဲဟာ လက်ထပ်ပွဲအစစ်မှ မဟုတ်ခဲ့ဘဲ။

'ဘုရားသခင်ရဲ့ အလိုတော်အရ မောင့်ကို ကျွန်မ ချစ်မိခဲ့ပြီမို့ ကျွန်မလက်ထပ်ပါ့မယ်၊ မောင့်ကို ကျွန်မ ထာဝရ ချစ်နေမှာဖြစ်ပြီး မောင်နဲ့ ကျွန်မဘဝကြားမှာ ဘယ်သူဖျက်လို့ မပျက်စေရဘူး၊ မောင့်ကို ကျွန်မချစ်တယ်'

ကျွန်မပါးစပ်က အလိုအလျောက် ထွက်သွားတဲ့ စကားတွေပါပဲ။ အဲ(လ)ဗစ္စက လက်ခံတယ်။

'မောင်လည်း မင်းကို ဇနီးမယားအဖြစ် လက်ခံပါတယ်'

အဲ(လ)ဗစ္စက ခရစ်ယာန်များ လက်ထပ်ရာမှာ ပြောလေ့ရှိတဲ့ ထုံးစံအတိုင်း ပြောလိုက်တယ်။ သူ့လေသံက လူတွေအများကြီးရှိနေတဲ့ ဘုရားရှိခိုးကျောင်းမှာ လက်ထပ်နေသလိုပဲ။ 'မောင်က မင်းတစ်ယောက်တည်းကိုပဲ ချစ်နေမှာပါ၊ ဘာတွေပဲ ဖြစ်လာပါစေ မင်းကို ထာဝရ ချစ်နေပါ့မယ်'

လေရူးတစ်ချက် မွှေ့လိုက်တဲ့အတွက် ကျွန်မခေါင်းက တောပန်းလေးတွေ လွင့်ထွက်သွားပြီး ကျွန်မပခုံးပေါ်ကတစ်ဆင့် မြေပေါ်ကျသွားကြတယ်။ ပန်းပွင့်လေးတွေရဲ့ စက်ဝိုင်းအလယ်မှာ ကျွန်မ။

'မောင့်သတို့သမီးမှာ ပန်းပန်ထားရမယ်' လို့ အဲ(လ)ဗစ္စကပြောပြီး ကျွန်မလက်ထဲမှာ ကိုင်ထားတဲ့ တောပန်းလေးတွေထဲက တချို့ကို ရွေးထုတ်

http://www.cherrythitsar.org



ပြန်ပါတယ်။ ခရမ်းရောင် ပန်းလေးတွေချည်းရွေးပြီး ပန်ပေးတယ်။ လက်ထဲမှာ ကျန်တဲ့ ပန်းတွေကို ကျွန်မ ပစ်ချလိုက်ပြီး အဲ(လ)ဗစ္စရဲ့ ရှပ်အကျႌအောက်ကို လက်ထိုးသွင်း ဖက်လိုက်မိပါတယ်။ သူ့ကိုယ်ငွေ့ နွေးနွေးကို ကျွန်မ ခံစားချင်တယ်လေ။

'ဒါလင်. . . မျက်စိခဏပိတ်ထား' တဲ့။

ကျွန်မက ပိတ်လိုက်တယ်။

'ဖွင့်တော့' ဆိုလို့ ဖွင့်ကြည့်လိုက်တော့ သူ့လက်ထဲမှာ နှင်းဆီရဲရဲ တစ်ပွင့်။ ဘယ်ကရလိုက်သလဲတော့ ကျွန်မ မစဉ်းစားတတ်ဘူး။ နှင်းဆီပန်းကလေးက စားသောက်ဆိုင်မှာ ပေးတုန်းကလိုပဲ ညှိုးပြီး ကြေနွမ်းနေပြီ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ လှနေဆဲပဲ။ ကျွန်မ သက်ပြင်းတစ်ချက် ချလိုက်ပြီး လက်ဆောင်ကို ယူလိုက်တော့ ကျေနပ်သွားတယ်။

'ဒီနှင်းဆီပန်းကလေးမှာ မောင်တို့နှစ်ယောက်ရဲ့ ထားခဲ့ကြတဲ့ ချစ်ကတိတွေ ရှိနေပြီ၊ နှင်းဆီရဲ့ သင်္ကေတက မင်းကို မောင် ထာဝရချစ်နေမယ်ဆိုတဲ့ သဘောပဲ၊ ဘာတွေပဲဖြစ်ဖြစ် ဘယ်နေရာပဲရောက်ရောက် နှင်းဆီပန်းကလေးတွေကို မင်းမြင်တိုင်း မောင့်အချစ်ကို သတိရပါကွာ'

ကျွန်မတို့နှစ်ယောက် အခင်းပေါ်မှာ ဒူးထောက်လိုက်ကြတယ်။ အဲ(လ)ဗစ္စကတော့ သူ့ကိုယ်သူ မယုံသေးသလိုဘဲ။

'ဘာဖြစ်နေတာလဲ'

'မင်းကို မောင်တစ်ယောက်တည်း ထာဝရ ပိုင်ပါရစေကွာ'

ချစ်ခြင်းမေတ္တာ၊ အကြင်နာ အပြည့်နဲ့ ကြည့်နေတဲ့ သူ့မျက်ဝန်းတွေကို ကျွန်မ ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်မ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ရွေးချယ်ခဲ့ပြီး ကျွန်မချစ်တဲ့လူကို ကျွန်မ ချစ်မေတ္တာတွေ လွတ်လွတ်လပ်လပ် ပေးနိုင်မယ့်အချိန်ရောက်ခဲ့ပါပြီ။ သူ့အမေးကို ကျွန်မက ပထမဆုံးအကြိမ် နမ်းဖူးတဲ့ ရမ္မက်ဇော အပြည့်ပါတဲ့ အနမ်းနဲ့ ဖြေလိုက်ပါတယ်။ ရုတ်တရက် စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားမိတာကို သတိရလိုက်ပြီး နောက်ပြန်ဆုတ်မိတယ်။

'မကြောက်ပါနဲ့ ဒါလင်ရယ်၊ ကိုယ် မင်းဘဝကို ဆိုးဆိုးရွားရွား ဖြစ်သွားအောင် တစ်ခုမှ မလုပ်ပါဘူး' လို့ သူက နှစ်သိမ့်တယ်။

အခင်းပေါ်မှာ လှဲကြရင်း နှစ်ယောက်သား မျက်မှာချင်းဆိုင် ကြည့်နေမိကြတယ်။ မဲ(မ)ဖစ္စရဲ့ ကြယ်ရောင် မလင်းတလင်းမှာ ကျွန်မတို့နှစ်ယောက်

http://www.cherrythitsar.org



အချစ်ချင်း ဖလှယ်ခဲ့ကြတယ်။ ကြယ်လေးတွေကို မော်ကြည့်ရင်း သူက 'ကိုယ်တို့နှစ်ယောက်ရဲ့ အချစ်ကို ကောင်းကင်ဘုံမှာ ကမ္ပည်းတင်လိုက်ပြီ၊ မင်းယုံလားဒါလင်' တဲ့။ ကျွန်မ ယုံပါတယ်။

ညဥ့်နက်လာတော့ ချမ်းလာတယ်။ တောင်ကုန်းပေါ်မှာပဲ အိပ်ကြမဲ့အစီအစဉ်ကို ဖျက်လိုက်ကြပြီး ပစ္စည်းတွေသိမ်း၊ ကားဆီ ပြန်လျှောက်ခဲ့ကြတယ်။ နှစ်ယောက်စလုံး ရင်ထဲမှာတော့ ဒီအချိန်ကလေးကို မကုန်ဆုံးစေချင်ကြဘူး။ ကားနားမှာ နှစ်ယောက် ဖက်လိုက်ကြပြီး တောင်ကုန်းကလေးကို ပြန်လှည့်ကြည့်လိုက်ကြတယ်။ ကျွန်မတို့နှစ်ယောက် လက်ထပ်ခဲ့ကြတာ တရားဝင်မဟုတ်ပေမယ့် ကျွန်မတို့ ကတိသစ္စာတွေကတော့ နောက်ထပ် နှစ်ဆယ့်လေးနှစ်ထိ ခိုင်မြဲခဲ့ကြပါတယ်။

□

http://www.cherrythitsar.org

http://www.cherrythitsar.org



# အခန်း(၅)

အခန်းပြန်ရောက်တော့ ညဥ့်တော်တော် နက်တဲ့အထိ ကျွန်မတို့ စကားပြောဖြစ်ကြတယ်၊ အဲ(လ)ဗစ္စက သူ အောင်မြင်မှုရရေးအတွက် ဘယ်လိုကြိုးစားမယ်ဆိုတဲ့ စီမံကိန်းတွေအကြောင်း ပြောပြတယ်၊ သူ့ကိုကြည့်ရတာ သိပ်စိတ်အားထက်သန်နေပြီး မဖြစ်မနေ လုပ်တော့မှာပဲဆိုတာ ပေါ်လွင်နေတယ်။

'ကိုယ့်ကို ဘယ်သူမှ တားလို့ မရတော့ဘူး၊ ကိုယ်လဲကျသွားအောင် သူတို့ လုပ်နိုင်ရင်တောင် ကိုယ်က ပြန်ထဦးမှာပဲ၊ အဲဒီနည်းပဲရှိတယ်၊ ကိုယ့်မှာ ဘာမှ မရှိရင် ဘယ်လိုခံစားရတယ်ဆိုတာ ကိုယ်သဘောပေါက်ခဲ့ပြီပဲ၊ ကိုယ်တကယ်အောင်မြင်အောင် လုပ်နိုင်တယ်ဆိုတာ မင်းကိုလည်း သက်သေပြချင်သေးတယ်'

'မောင်ရယ်. . . ကျွန်မကို သက်သေပြစရာ မလိုပါဘူး။ မောင်ဟာ အရာရာကို စွမ်းဆောင်နိုင်မယ့်သူဆိုတာ ကျွန်မ နားလည်ပြီးသားပါ။ ဒီလို နားလည်ထားတာကလည်း ကျွန်မ မောင့်ကို ချစ်တဲ့စိတ်တစ်ခုတည်းကြောင့် ဖွတ်မိုတ်ပြီး နားလည်နေတာမဟုတ်ဘူး မောင်။ မောင့်မှာ ဘုရားသခင်ပေးထားတဲ့ သတ္တိထူးတွေရှိနေတယ်ဆိုတာ ကျွန်မ သိနေလို့ပါ။ ဘုရားကိုတော့ မောင့်ဘဝမှာ ဘယ်တော့မှမမေ့နဲ့နော်။ ဘုရားသခင်က မောင့်ကို အမြဲတမ်း လမ်းညွှန်ပေးနေမှာပဲ။ အဲဒါ တစ်ခုတော့ ကျွန်မကို ကတိပေးပါမောင်'

'မောင် ကတိပေးမှာပေ့ါ၊ ဒါပေမဲ့. . . ချစ်ကလည်း. . . မောင့်ကို ဘယ်တော့မှ ခွဲမသွားပါဘူးဆိုတာ ကတိပေးရမယ်လေ'

ကျွန်မတစ်ကိုယ်လုံး ကြောက်စိတ်နဲ့ အေးစက်တောင့်တင်းသွားတော့တယ်။ ဒီကတိက ကျွန်မ ဘယ်တော့မှ ပေးလို့မဖြစ်တဲ့ကတိ။ သူက ကျွန်မနဖူးကို ညင်ညင်သာသာပွတ်သပ်နေရာက သူ့လက်ဝါးနှစ်ဖက်နဲ့ ကျွန်မ နားနှစ်ဖက်ပေါ်ကို အုပ်ကိုင်လိုက်တယ်။ ဒါက သူ့အကျင့်လေ၊ လက်ဖဝါးကတစ်ဆင့်

http://www.cherrythitsar.org



ကျွန်မနားထဲမှာ သူ့အချစ်တွေစီးဝင်ပြီး တစ်ကိုယ်လုံး ပျံ့နှံ့သွားသလို ခံစားလိုက်ရပါတော့တယ်။

'ဒီနေ့ကစပြီး ကိုယ် သီချင်းဆိုတဲ့ပွဲတွေမှာ နားနှစ်ဖက်ပေါ် ဟောဒီလို လက်နှစ်ဖက်အုပ်မယ်၊ ဒါဆိုရင် ချစ်က မောင့်ကိုချစ်တယ်ဆိုတာ မောင်သတိရနေတယ်လို့ နားလည်လိုက်နော်' တဲ့။

တယ်လီဖုန်းဆီ လျှောက်သွားပြီး သူ့အမေဆီ ဖုန်းဆက်သံ ကြားရတယ်။ သူ့အတွက် စိတ်မပူဖို့၊ ဒီည သူငယ်ချင်းတစ်ယောက်နဲ့ အိပ်မယ်တဲ့၊ အမေနဲ့ စကားပြောနေတဲ့ အဲ(လ)ဗစ္စရဲ့အသံက သိမ်မွေ့ညင်သာပြီး ချစ်ဖို့ကောင်းပါတယ်။ အမေကသူ့သားအတွက် တော်တော် စိတ်ပူတတ်ပုံရတယ်။ ဒါပေမဲ့ အဲ(လ)ဗစ္စက သူ့အမေ စိတ်အေးအောင် ပြောတတ်တယ်။ ဖုန်းပြောပြီးတဲ့နောက် ပြတင်းပေါက်နားသွားပြီး ခန်းဆီးစတွေဖယ်လိုက်တော့ လရောင်က အခန်းထဲမှာ ဖြာကျလာတယ်။

'မောင်တို့မိတ်ဆွေကြီး ဝင်လို့မရအောင် ပိတ်မထားသင့်ဘူးလေကွာ' တဲ့။ ပြတင်းပေါက်ကနေ ကျွန်မဆီ လှည့်လျှောက်လာတယ်။ 'အချစ်ရဲ့ အသားအရေလေးတွေက နှင်းဆမ်းထားတဲ့ သစ်တော်သီးလို ရွှန်းမှည့် အေးမြနေတာပဲ' တဲ့။ အဲဒီကအစ သူက ကျွန်မကို သစ်တော်သီးအရောင် အဝတ်တွေ ဝတ်စေချင်ခဲ့တာပါပဲ။ ကျွန်မကကော သူ့ကို ဘယ်လို မြင်သလဲတဲ့။ သူ့တစ်ကိုယ်လုံး အပြစ်မြင်စရာတစ်ခုမှ မရှိတဲ့အကြောင်းပြောဖို့ ကျွန်မ ရှက်နေမိတယ်။ ပိန်ပိန်သွယ်သွယ် သူ့ခန္ဓာကိုယ်က ကျွန်မအိမ်က ကြောက်စရာကောင်းတဲ့ ဟိုလူကြီးနဲ့ တခြားစီပါပဲ။

မနက်အစောကြီး ကျွန်မ နိုးလာတယ်၊ သူက ကျွန်မနံဘေးမှာ မှောက်လျက်အိပ်နေတုန်း၊ ခြေတစ်ဖက်က ခုတင်ကနဲ့လန့်ဖြတ် ကားထားတယ်။ အိပ်ရာထဲမှာ ကျွန်မ ငြိမ်ငြိမ်ကလေးနေရင်း သူ့ကိုယ်ငွေ့နဲ့ ကုန်လွန်သွားခဲ့တဲ့ညကို ပြန်တွေးနေမိတယ်။ ကျွန်မ သူ့ကို နိုးမသွားစေချင်ပါဘူး။ သူနိုးလာရင် မပြန်ပါနဲ့ဦးလို့ တားမှာ စိုးလို့ပါ။ ခုတင်ပေါ်ကအသာဆင်း၊ ရေချိုးခန်းဝင်ပြီး ကျွန်မ ပစ္စည်းတွေကို တိတ်တဆိတ် သိမ်းလိုက်ပါတယ်။ ညဝတ်အင်္ကျီချွတ်၊ အဖြူရောင် ဂါဝန်တစ်ထည် ဝတ်လိုက်ပြီး အနီရောင်ဘလောက်(စ)တစ်ထည် ဝတ်လိုက်ပါတယ်။

ခြေဖျားထောက်ပြီး အိပ်ခန်းထဲ ပြန်ဝင်သွားချိန်မှာ သူ အိပ်ပျော်နေတာ သေချာရဲ့လားလို့ ကြည့်လိုက်သေးတယ်။ သူ အိပ်နေတုန်းပဲ။ လှမ့်ထားလို့

http://www.cherrythitsar.org



ခုတင်အလယ်ကို ရောက်နေပြီး အိပ်ရာခင်းကလည်း ကြေမွနေပြီ။ ခေါင်းအုံး တစ်လုံးကို ကျစ်ကျစ်ပါအောင် ဖက်ထားတာ မြင်ရတော့ ငယ်ငယ်တုန်းက ဝက်ဝံရုပ်ကလေး ဖက်အိပ်တတ်တဲ့ ကလေးတစ်ယောက် ဖြစ်ခဲ့လိမ့်မယ်လို့ တွေးမိပါရဲ့။ အခန်းထောင့်မှာရှိတဲ့ စားပွဲခုံကလေးမှာ ကျွန်မ ထိုင်ချလိုက်ပြီး အံဆွဲထဲမှာထားတဲ့ ဟိုတယ်ခေါင်းစဉ်ပါတဲ့ စာရေးစက္ကူကို ထုတ်ယူလိုက်ပါ တယ်။ မမွဖစ္စ စားသောက်ဆိုင်လို့ ရွှေစာလုံးနဲ့ ထိုးထားတဲ့ ပဲ(န) တစ်ချောင်း လည်း တွေ့ရတယ်၊ ရွှေစာလုံးကိုကြည့်ရင်း အဲဒီစားသောက်ဆိုင်ဟာ ဘယ်လို နေမလဲလို့ တွေးနေမိသေးတယ်။ ကျွန်မ စာရေးရမယ်၊ ဘာရေးရမလဲ၊ ကျွန်မ အိမ်လိပ်စာတို့၊ ဖုန်းနံပါတ်တို့ ပေးလို့မဖြစ်ဘူး၊ သူက ဖမ်းရခက်တဲ့ လူတစ် ယောက်ပဲ။ စာရေးစက္ကူကို ငေးစိုက်ကြည့်ရင်း ကျွန်မဘဝမှာ ပျော်စရာအကောင်း ဆုံး (၂၄)နာရီဟာ ကုန်ဆုံးတော့မှာပဲဆိုတာ တွေးနေမိတယ်။ ဒီလို ပျော်စရာ ကောင်းတဲ့အချိန်ကို နောက်ထပ် ကျွန်မ ရနိုင်စရာ အကြောင်းမရှိတော့ပါဘူး။

အိပ်ရာပေါ်က သူ သမ်းဝေလိုက်သံ ကြားလိုက်ရတယ်။ သူ နိုးလာတော့ မှာပဲလို့ ကျွန်မ လန့်သွားတယ်။ သူ လှိမ့်လိုက်တဲ့အတွက် အညိုနုရောင် သူ့ ဆံစလေးတွေက နဖူးပေါ်မှာ ဝဲကျနေကြတယ်။ အဲဒီလို ကပိုကရို ဆံပင်ကျနေ တဲ့ပုံစံလေးက အခု သူ နောက်လှန်ဖြီးတာထက် ပိုကြည့်လို့ ကောင်းတာ အမှန်ပါ။ နက်မှောင်နေတဲ့ သူ့မျက်ခုံး၊ အပေါ်နှုတ်ခမ်း အလယ်တည့်တည့်မှာ ကွေးညွတ်သွားပုံကလေးက သူ့နှုတ်ခမ်းကို နှလုံးသားပုံစံ ထူးထူးဆန်းဆန်း ဖြစ်စေတာကိုလည်း ကျွန်မ ငေးကြည့်နေမိတယ်။ နှုတ်ခမ်းဖူးဖူးကလေးကို ကျွန်မ နမ်းချင်ပေမယ့် သူနိုးသွားမှာ စိုးတယ်။ နောက်ဆုံးအကြိမ်အဖြစ် သူ့ မျက်နှာလေးကို လက်နဲ့ ပွတ်သပ်ကြည့်ချင်ပါသေးတယ်။ ကျွန်မ စာရေးဖို့ ကြိုးစားပေမဲ့ ပဲ(န)က မင်ထွက်မလာဘူး။ စက္ကူနောက်ကျောဘက် အောက်ခြေ မှာ လေးငါးခြောက်ချက် ခြစ်လိုက်တော့မှ အပြာရောင်မင် ထွက်လာပါတယ်။ စားသောက်ဆိုင်ရဲ့ လက်ဆောင် ပဲ(န)က ညံ့နေမှတော့ အဲဒီစားသောက်ဆိုင်က အစားအစာတွေကရော ကောင်းနိုင်ပါ့မလားလို့ မဆီမဆိုင် တွေးနေမိသေးတယ်။ ကျွန်မ နှုတ်ဆက်စာ ရေးရတော့မယ်၊ ဘာရေးရမှန်း မသိဘူး၊ ဒီတစ်ကြိမ် နှုတ်ဆက်ခြင်းက နောက်ဆုံးနှုတ်ဆက်ခြင်းပဲ ဖြစ်မယ်ထင်တယ်။

ကျွန်မ စာမရေးဖြစ်သေးခင်မှာဘဲ အဲ(လ)ဗစ္စက အိပ်ရာထဲက ထလာ တယ်၊ သူနိုးနေတာ ကြာလှပြီတဲ့။ ကျွန်မလုပ်သမျှကို ခိုးကြည့်နေတာတဲ့။ သူ ရုတ်တရက် ထလာတာ မြင်လိုက်ရတော့ ကျွန်မ လိပ်ပြာစင်သွားမတတ် လန့်

http://www.cherrythitsar.org



သွားပါတယ်။ သူက ရယ်လိုက်တာ၊ ကျွန်မကို ဖက်လိုက်ပြီး 'ဘယ်သွားမလို့လဲ' တဲ့။ 'အဝတ်လဲပြီးနေပြီပဲ၊ ချစ်က ညတုန်းကလည်း လှတယ်၊ မနက်မှာလည်း လှတာပဲ. . .'တဲ့။ သူ့စကားကို ကျွန်မ ကြည်နူးမိပေမယ့် တိတ်တခိုး ထွက်သွားဖို့ ကြိုးစားနေတုန်း မိသွားတာကိုတော့ ရှက်မိတယ်။

'ဟန်နီ့ကို မောင် လေဆိပ် လိုက်ပို့ပေးမှာပေါ့၊ ဒါပေမဲ့ အိမ်ကို အရင်ပြန်ရဦးမယ်၊ ချက်ချင်း ပြန်လာခဲ့မှာပါ' တဲ့။ ဘောင်းဘီ၊ အင်္ကျီကောက်ဝတ်ပြီး ထုံးစံအတိုင်း အင်္ကျီကြယ်သီးမတပ်ဘဲ အခန်းထဲက ထွက်သွားပါတယ်။ သူသွားလိုက်တာ နာရီဝက်တောင် မကြာပါဘူး။ ဂျက်ကင်အသစ်တစ်ထည် လဲလာပြီး ရှပ်အင်္ကျီကလည်း အနီရဲရဲ ဝတ်လာတယ်။ ဒါလည်း ကြယ်သီးတပ် မထားပါဘူး။ လေယာဉ်ကွင်းသွားရာ လမ်းတစ်လျှောက်လုံးမှာ အဲ(လ)ဗစ္စက ကျွန်မတို့နှစ်ယောက် ရှေ့ရေးကို ရင်ခုန်စရာ ကောင်းလောက်အောင် ပြောနေပါတော့တယ်။ ကျွန်မ တစ်ယောက်တည်းသာလျှင် သူ့ရဲ့ တရားဝင် ချစ်သူဖြစ်တယ် ဘာညာဘာညာ ပေါ့လေ။ မကြာခင်မှာ ကျွန်မဟာ သူ့ဇနီးမယား ဖြစ်လာရမှာဖြစ်ပြီး သူကလည်း ဖရင့်(ခ)စင်နာထရာတို့၊ ဒီး(န)မာတင်တို့လို နာမည်ကြီး အဆိုကျော် ဖြစ်လာမှာပဲတဲ့။ ဒီအခါမှာ ကျွန်မတို့နှစ်ယောက် ဘဝဟာ တကယ့်ကို ပျော်စရာကောင်းပြီး မဟာဆန်ဆန် နေကြမယ်တဲ့။ သူ စိတ်ကူးယဉ်ရေးဆွဲနေတဲ့ ပန်းချီကားချပ်ကို ကျွန်မစိတ်ထဲက လက်ခံကြည်နူးမိပါရဲ့။ လေဆိပ်ကို ကျွန်မတို့ အချိန်တော်တော်စော ရောက်ကြတယ်။ကျွန်မတို့နှစ်ယောက် ခေတ္တခဏ ဆုံစည်းခဲ့ကြပြီး လမ်းခွဲရာမှာလည်း ပျော်ပျော်ရွှင်ရွှင်ပဲ ခွဲခဲ့ကြပါတယ်။ တကယ်တော့ ဒီတစ်ခါ ခွဲခွာခြင်းဟာ အပြီးအပိုင် ခွဲခွာခြင်း ဖြစ်ပေမဲ့ သူ့စိတ်ထဲမှာ တော့ ခုမှ ကျွန်မတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းအစပဲ ရှိသေးတယ်လို့ မြင်နေတာ သေချာပါတယ်။

'နောက်တစ်ပတ်လာဦးမလားဟင်'

'လာနိုင်မယ် မထင်ဘူးမောင်ရယ်၊ ကျွန်မ အပြင်ထွက်ဖို့ဆိုတာ သိပ်ခက်တာပါ'

'ကိစ္စမရှိပါဘူး၊ မောင်က မွန်ရိုးမြို့ကို မကြာမီရောက်လာဦးမှာပဲ၊ အဲဒီမှာ ကျေးလက်ဂီတပွဲတစ်ပွဲ အစီအစဉ်ရှိတယ်၊ အဲဒီပွဲမှာ မောင် လိုက်ဆိုခွင့်ရအောင် ကြိုးစားလိုက်မယ်'

'မောင် ဆိုခွင့်ရမှာပါ၊ ပြီးတော့ မောင်ဆိုရင် ကောင်းမယ်ဆိုတာ ကျွန်မသိတယ်'

http://www.cherrythitsar.org



'ဒီလိုဆို ချစ်ကပဲ သူတို့ကို သွားပြောလိုက်ပါလား၊ ကျွန်မချစ်သူကို ဆိုခွင့် ပေးလိုက်ပါလို့ စိတ်ပူမနေပါနဲ့ မွန်ရိုးမြို့ကို မောင်ခဏခဏ ရောက်လာမှာပါ။ အဲဒီတော့မှ မောင်တို့နှစ်ယောက် တွေ့ကြတာပေါ့'

လေယာဉ်ပေါ် တက်တဲ့ သံလှေကားထစ်တွေပေါ် တက်လှမ်းလာရတာ လေဟာနယ်ထဲမှာ လမ်းလျှောက်နေရသလိုပါပဲ။ နောက်ပြန်လှည့်ကြည့်လိုက်တော့ ဂိတ်ဝမှာ ရပ်ကြည့်နေတဲ့ အဲ(လ)ဗစ္စကို တွေ့ရတယ်။ သူက ပြုံးပြီး လက်ဝှေ့ယမ်းပြနေတယ်။ သူ့အကျီက ထုံးစံအတိုင်း ကြယ်သီးမတပ်ဘဲ ဟပြဲပဲ။ အသက်ဆယ့်ရှစ်နှစ်သာရှိသေးပေမယ့် သူ့ဘဝက မျှော်လင့်ချက်တွေနဲ့ တောက်ပနေသလို ပျော်ပျော်နေတတ်တဲ့ လူငယ်တစ်ယောက်ဘဝကနေ လူကြီးတစ်ယောက်ဘဝ ကူးပြောင်းတော့မှာပဲ။ လက်ဝှေ့ယမ်းပြနေတဲ့ သူ့ပုံရိပ်ကို ကျွန်မ ခုထက်ထိ မေ့လို့မရနိုင်သေးပါဘူး။ ကျွန်မက လက်ပြန်ပြလိုက်ပြီး လေယာဉ်ထဲဝင်ခဲ့တယ်။ လေယာဉ်ရဲ့ အတွင်းပိုင်းက ခုံတွေက မှုန်ကုပ်ကုပ်နဲ့ ကြည်လင် သန့်ရှင်းမှု မရှိဘူး။ ကျွန်မရဲ့ မူလဘဝထဲ ပြန်ရတော့မဲ့ လေယာဉ်လည်း ကျွန်မဘဝလိုပဲ သန့်ရှင်းမှု မရှိဘူးလေ။ မောင်နဲ့ နေခဲ့တဲ့ ကာလလေးမှာ ကျွန်မ ပျော်ခဲ့ပါတယ်။ ခုတော့ ပန်ကာအစွန်းပိုင်းမှာ အနက်ရောင်သုတ်ထားတဲ့ လေယာဉ်ကြီးက ကျွန်မကို မောင်နဲ့ ဘဝခြားပြီး သယ်ဆောင်သွားတော့မယ်။

ကျွန်မ အိမ်ရှေ့ရောက်တော့ အိမ်တံခါးဝကို လျှောက်သွားရာ လမ်းကလေးက ပန်းပင်ကလေးတွေ ခြံရံပြီး လှပနေတယ်၊ ကွန်ကရစ်လမ်းကလေး အဆုံးမှာ အိမ်ထဲဝင်ဖို့ လှေကားသုံးထစ်က ဆီးကြိုနေတယ်။ ပြတင်းပေါက်တွေမှာတော့ သစ်သား တရုတ်ကတ်တွေကို ကျွန်မကိုယ်တိုင် မီးခိုးရောင် ဆေးသုတ်ထားတယ်။ အိမ်ကလေးက တော်တော်လှပါတယ်။ ဒါပေမဲ့ ဒီအိမ်ရဲ့ အစိတ်အပိုင်းတိုင်းကို ကျွန်မ မုန်းတယ်။

ဧည့်ခန်းဝမှာ ရပ်ပြီး နားစွင့်လိုက်တယ်။ တိတ်ဆိတ်ငြိမ်သက်လွန်းနေတယ်။ အမေနဲ့ကလေးတွေ ရှိနေရမှာပေါ့။ အိတ်တွေချလိုက်ပြီး ကလေးတွေကို အော်ခေါ်လိုက်ပါတယ်။ ဒါပေမဲ့ ဘယ်သူ့အသံမှ ပြန်မကြားရဘူး။ အိပ်ခန်းထဲဝင်လိုက်တော့ ကျွန်မ နှလုံးသားတွေ အေးစက် မာကျောသွားတော့တယ်။ ဒါကတော့ ဒီအခန်းထဲဝင်တိုင်း ဖြစ်နေကျပါ။ ဒီအခန်းကို လှပအောင်၊ နေချင်စဖွယ်ဖြစ်အောင် ကျွန်မ အမျိုးစုံ ကြိုးစားပြင်ဆင်လေ့ရှိပါတယ်။ ဒါပေမဲ့ ငရဲခန်းဖြစ်တဲ့ ဒီအခန်းမှာ ကျွန်မ ဘယ်လိုမှ ပျော်လို့မရပါဘူး။ အိပ်ခန်းကျယ်ကြီးမှာ ပြတင်းပေါက် ခြောက်ပေါက်ရှိတယ်။ ဇာခန်းဆီး အဖြူတွေ တပ်ဆင်

http://www.cherrythitsar.org



ထားပြီး အလင်းရောင် တတ်နိုင်သမျှ ဝင်နိုင်အောင် ခန်းဆီးစတွေကို ဘေးမှာ စည်းနှောင်ထားပါတယ်။ အနက်ရောင် ဖိတ်ဖိတ်တောက်နေတဲ့ ဝက်သစ်ချပင်ရဲ့ အသားတွေကို ကြမ်းခင်းထားပြီး အလယ်မှာ ကော်ဇောအဖြူတစ်ချပ် ခင်းထားတဲ့ အတွက် လင်းနေပါတယ်။ အိပ်ရာကို အဖြူခံပေါ်မှာ အပြာရောင် အပွင့်ကျဲကျဲ တွေ ဖော်ထားတဲ့ အစနဲ့ ဖုံးထားပြီး ခေါင်းအုံးခြောက်လုံးကိုလည်း ဆင့်တူပဲ စွပ်ထားပါတယ်။ အိပ်ခန်းနံရံမှာ ကျွန်မလက်ဖြစ် ဇာပန်းထိုးတားတဲ့ သစ်ပင် စိမ်းစိမ်း ကလေးတွေနဲ့ ပန်းပွင့်ကလေးတွေ ပုံတွေကို ချိတ်ဆွဲထားပါတယ်။ အခန်းထဲမှာ ဓာတ်ပုံဆိုလို့ ဘာပုံမှ မရှိပါဘူး။ အိပ်ရာရဲ့ ဘယ်ဘက်မှာ ကြွေ ပန်းအိုးကလေး တစ်လုံးထားပြီး ပန်းအစိုကလေးတွေ ဂရုတစိုက် ထိုးထားလေ့ ရှိပါတယ်။ အခန်းထောင့်တစ်နေရာမှာတော့ ပစ္စည်းဟောင်း အရောင်းဆိုင်က ကျွန်မ သယ်လာခဲ့တဲ့ ဘုရားဝတ်ပြု ခုံတန်းလျားရှည် အနက်ကလေးရှိတယ်။ ဒီခုံတန်းလျားကလေး အသစ်လို အရောင်ထွက်လာအောင် အရောင်တင်ဆီနဲ့ ကျွန်မကိုယ်တိုင် တိုက်ထားတာပါ။

ခုတင်ခေါင်းရင်းဘက် အပေါ်မှာတော့ ခရစ်တော်ရဲ့ပုံတော်က မှန်ပေါင်း ချောင်ကလေးအတွင်းမှာ ပန်းပွင့်အခြောက်ကလေးတွေနဲ့ တင့်တယ်နေပါတယ်။ ခရစ်တော် ပုံတော် ရှိနေတဲ့အတွက် ဟိုလူကြီး စိတ်ကြမ်းချင်သလောက် မကြမ်း နိုင်တော့ဘူးလို့ ကျွန်မ ယုံကြည်ထားတယ်လေ။

ရုတ်တရက် ရေချိုးခန်းထဲက ဟိုလူကြီး ထွက်လာတယ်။ ကလေးတွေ အိမ်မှာ ဘာကြောင့် မရှိကြတော့တာလဲ ဆိုတဲ့အဖြေ ကျွန်မ သိလိုက်ပါပြီ။ ကျွန်မ မဲ(မ)ဖစ္စကို သွားနေခိုက် သူ မမျှော်လင့်ဘဲ အိမ်ပြန်လာတာနဲ့ တည့် တည့်တိုးသွားခဲ့တာပဲ။ သူက စွပ်ကျယ်ချိုင်းပြတ် ဝတ်ထားပြီး မျက်နှာက နီရဲပြီး ဒေါသထွက်လွန်းလို့ ရှုံ့တွနေတယ်။ နီကြောင်ကြောင် သူ့ဆံပင်တွေက သူ့မျက်နှာပေါ် ကျနေလိုက်တာ ပိုပြီး ကြောက်စရာတောင် ကောင်းနေသေးတယ်။ ဖြစ်လာသမျှ ရင်ဆိုင်ဖို့ ကျွန်မ အားတင်းလိုက်ပါတယ်။ သူ ဘယ်လောက်ပဲ ရိုက်ရိုက် အမှန်အတိုင်း ကျွန်မ ဖွင့်ပြောမှာ မဟုတ်ပါဘူး။ အသေသာခံလိုက် မယ် ဝန်တော့ မခံဘူးလို့ ဆုံးဖြတ်လိုက်တယ်။

'မင်း ဘယ်သွားနေတာလဲ'

'သွားစရာရှိလို့'

ကျွန်မ စကားအဆုံးမှာ ထုံးစံအတိုင်း သူ့လက်သီးက မျက်နှာပေါ် ကျလာတယ်။ ဒီတစ်ခါထိုးတဲ့ လက်သီးက ပိုပြီးအားပါတဲ့အတွက် ပိုနာတယ်။

http://www.cherrythitsar.org



သူထိုးလိုက်တဲ့ အရှိန်ကြောင့် ကျွန်မ တစ်ကိုယ်လုံး နံရံဘက် လွင့်ထွက်သွားပေမဲ့ ကျွန်မ ခြေထောက်ပေါ်မှာပဲ ရပ်နိုင်အောင် ကြိုးစားရပ်နေလိုက်ပါတယ်။ ခြေစုံရပ်နေနိုင်ခြင်းက ကျွန်မအတွက် အခြေအနေ ပိုဆိုးစေပေမယ့် ကျွန်မအတွက် သိက္ခာဆိုတာ ဒါပဲရှိတော့တယ်လေ။

'မသတီစရာကောင်းတဲ့ မင်းရဲ့ ဟောဒီခန္ဓာကိုယ်နဲ့ တီဗွီမှာ ကနေတာ ငါသိတယ်ကွ။ ထွီ. . . ရွံစရာကောင်းလိုက်တဲ့မိန်းမ။ သူ့အကနဲ့ ယောကျ်ားတွေကို မြှူဆွယ်နေလိုက်တာ'

စကားတွေ ဗလုံးဗထွေး ပြောနေပေမယ့် အဓိပ္ပာယ်ကိုတော့ ကျွန်မ ကောက်လို့ ရလိုက်ပါတယ်။ တီဗွီမှာ ကျွန်မ ကနေတာကို သူသိသွားခဲ့တာပဲ။ တစ်နေ့မှာ သူသိသွားလိမ့်မယ်ဆိုတာ ကျွန်မ တွေးထားပြီးသားမို့ သိပ်တော့ မတုန်လှုပ်မိတော့ဘူး။ သူ့စကားထဲကနေ ကျွန်မ အဖြေတစ်ခု ထုတ်လို့ရလိုက်တယ်။ သူ့ကို လက်ထပ်ခဲ့ရတာ ကျွန်မရဲ့ အနုပညာခရီး ဆက်လျှောက်နိုင်အောင်လို့ မဟုတ်လား။ ဒီအကြောင်းကိုပြောဖို့ ဘယ်တုန်းကမှ ကျွန်မ အခွင့်အရေးမရခဲ့ပါဘူး။ သူ တစ်ချက် ထပ်ထိုးပြီး ပခုံးနှစ်ဖက်ကို ကိုင်ဆောင့်တယ်။ ပြီးတော့ ခဏနားပြီး ကျွန်မ ဘယ်လောက်ဒဏ်ရာရသွားပြီလဲဆိုတာ အကဲခတ်ကြည့်တယ်လေ။ တစ်ရှိန်ထိုး ကျွန်မဆီ ပြေးဝင်လာပြီး ပါးကို ဘယ်ပြန် ညာပြန် အချက်ပေါင်းများစွာ ရိုက်တယ်။ ရှေ့တိုးနောက်ငင် အကြိမ်ပေါင်းများစွာ ဆွဲဆောင့်တယ်။ ပြီးတော့ သူ ရုတ်တရက် ထွက်သွားပါတော့တယ်။

အခန်းထောင့်မှာပဲ ကျွန်မ ရပ်ပြီး ခြေထောက်အစုံပေါ် ရပ်နိုင်အောင် ကြိုးစားနေလိုက်ပါတယ်။ အနှိပ်စက်ခံရလို့ ကျွန်မ အားအင်တွေ ကုန်ခန်းသွားတာ မဟုတ်ပါဘူး။ လူကို လူလို အဆက်ဆံမခံရတဲ့အတွက် မခံမရပ်နိုင်တဲ့ စိတ်ကြောင့်သာ ကျွန်မအားအင်တွေ ကုန်သွားတာပါ။ ကျွန်မဘယ်ဘက် ရင်သားအပေါ်နားမှာ ဘလောက်(စ)အင်္ကျီပေါ်မှာ သွေးစတွေ ပေကျံနေတာ တွေ့လိုက်ရတော့မှ သူ ဘာကြောင့် ရိုက်တာ ရပ်သွားတယ်ဆိုတာ သဘောပေါက်သွားတယ်။ ကျွန်မသွေးစမြင်ရင် သူ အရိုက်ရပ်သွားနေကျ၊ သူ့တာဝန်ပြီးဆုံးကြောင်း အချက်ပြလိုက်သလိုပဲ။ ဘယ်နေရာတွေ ကွဲသွားသလဲ ကြည့်လိုက်တော့ ကျွန်မ နှုတ်ခမ်း နှစ်ဖက်လုံးနဲ့ နှာခေါင်းကသွေးတွေ စီးကျနေတာ တွေ့ရတယ်။ ဒါကြောင့် သူ ကျေနပ်သွားတာကိုး။ အခန်းထောင့်မှာပဲ ရပ်ပြီး အားကိုးရာ ရှာမိတယ်။ တစ်ခုတည်းသော အားထားရာကတော့ ကျွန်မရဲ့ ဘုရားရှိခိုးတန်းလျားကလေးပါပဲ။ အရောင်တောက်နေတဲ့ ခုံတန်းကလေးဆီ ကျွန်မ လျှောက်သွားပြီး

http://www.cherrythitsar.org



ဖြည်းဖြည်းချင်း ဒူးထောက်လိုက်ပါတယ်။ လက်နှစ်ဖက်ကို ယှက်လိုက်ပြီး မျက်နှာရှေ့မှာ ထားလိုက်တယ်။

'အဖဘုရား. . . အဲ(လ)ဗစ္စနဲ့ ပတ်သက်လို့ သူ မသိသွားစေခြင်းအတွက် ကျေးဇူးတင်ပါသည်။ ဘုရားသခင်ထံတော်မှာ ကျွန်မ တောင်းလိုသည့်ဆုမှာ ဒီတစ်ခုသာ ဖြစ်ပါသည်။ ဒီကိစ္စကိုတော့ ကျွန်မအနေနဲ့ လျှို့ဝှက်ထားခွင့် ပြုတော်မူပါဘုရား'

ဘုရားရှိခိုးပြီးနောက် ရလာတဲ့ ခွန်အားအသစ်တွေနဲ့ ကျွန်မ ရေချိုးခန်းဘက် ဝင်လာခဲ့တယ်။ ဒဏ်ရာတွေကို ဆေးထည့်ရဦးမယ်လေ။ ရေချိုးခန်းထဲက ဆေးဘီရိုအဖြူကလေးရဲ့ တံခါးကို ဖွင့်လိုက်တော့ ပတ်တီးတို့၊ ဂွမ်းစတို့က သေသေသပ်သပ်နေရာတကျ။ ဂွမ်းလိပ်ပေါ်မှာ သွေးစနည်းနည်း ခြောက်နေတာ တွေ့လိုက်ရတော့ နောက်ဆုံးတစ်ခါ အရိုက်ခံခဲ့ရဖူးသေးတာကို သတိရစေပါတယ်။ လိမ္မော်ရောင် အိုင်အိုဒင်း ဆေးရည်က ကျွန်မဒဏ်ရာတွေနဲ့ ထိလိုက်တဲ့ အခါ စပ်ဖျဉ်းဖျဉ်း ဖြစ်စေပေမယ့် ကျွန်မအတွက် အဆန်းမဟုတ်တော့ပါဘူး။ ဒါမျိုးတွေ အကြိမ်ပေါင်းများစွာ ကျွန်မ ကြုံခဲ့ပြီးပြီပဲ။

နောက်တစ်နေ့ ဟိုလူကြီး ထွက်သွားတော့ ရှေ့နေတစ်ယောက်ကို ကျွန်မ သွားတွေ့ပါတယ်။ သူ့နာမည်က ဘီလီအဒမ်(စ)တဲ့။ အရပ်မြင့်မြင့်၊ ခပ်ပိန်ပိန်နဲ့ လူချောတစ်ယောက်ပါပဲ။သူ့ကို ကျွန်မက ယောကျ်ားနဲ့ ကွာရှင်းလိုတဲ့အကြောင်း ပြောပြတယ်။ အကြောင်းပြချက်ကတော့ သူဟာ အိပ်မကပ်တဲ့သူ တစ်ယောက် ဖြစ်လို့ ဆိုတဲ့ အချက်ပဲပေါ့။ ကျွန်မစိတ်ထဲမှာ လင်ယောကျ်ားက 'စွန့်ပယ်' ထားတဲ့ ဇနီးမယားတစ်ယောက်အနေနဲ့ ကွာရှင်းခွင့် လျှောက်ထားခွင့် ရှိတယ်လို့ ထင်ပါတယ်။ စိတ်သောကရောက်ရတာတွေ၊ ကိုယ်ထိလက်ရောက် စော်ကား ရိုက်နှက်ခံရတာတွေကိုတော့ ကျွန်မပြောမပြတော့ပါဘူး။ မစ္စတာအဒမ်(စ)က တကယ်လို့ ဟိုလူကြီးက တရားရုံးတော်မှာလာပြီး အမှုရင်မဆိုင်ရင် ကွာရှင်း စရိတ်က ဒေါ်လာ ၃၈၀ ကျမယ်တဲ့။ ကျွန်မ အဲဒီလောက် မတတ်နိုင်ပါဘူး။ သူကတော့ ပြောပါတယ်။ ဒီငွေကို ခုပေးရမှာ မဟုတ်ပါဘူးတဲ့။ နောက်ဆုံး အဆင့် ကွာရှင်းခွင့် ရပြီးမှသာ ပေးရမှာပါတဲ့။ ၁၉၅၀ ပြည့်နှစ်များတုန်းက ကွာရှင်းခွင့်ရဖို့ဆိုတာ ခက်ခဲပါတယ်။ မစ္စတာအဒမ်က ရှင်းပြပြီးတဲ့နောက် ကျွန်မကို အချိန်ပိုင်းအလုပ် သူ့ရုံးမှာလုပ်ဖို့ ပေးပါတယ်။ ကျွန်မ ကျေးဇူးတင်စွာနဲ့ပဲ အလုပ် လက်ခံဖို့တော့ ငြင်းပယ်လိုက်ခဲ့ပါတယ်။

* * *

http://www.cherrythitsar.org



ကွာရှင်းခွင့်ရဖို့ဆိုတာ ကျွန်မအတွက် တော်တော် မလွယ်တဲ့ကိစ္စပါ။ ဟိုကြီးနဲ့ နေရတာ ငရဲရောက်နေသလို ခံစားနေရပြီး အဲ(လ)ဗစ္စနဲ့ နေရတာက တော့ ကောင်းကင်ဘုံကို ရောက်နေသလိုပါပဲ။ ကွာခြားတာကတော့ မိုးနဲ့ မြေ လိုပဲ။

နောက်နှစ်ပတ်လောက်အကြာမှာ ကျွန်မအလုပ်လုပ်နေတဲ့ စတိုးဆိုင်ကို ဖုန်းလာတယ်။ Mr. Music Show ကလည်း လွှင့်နေတာ တော်တော်ကြာလာပြီ ဆိုတော့ လူတော်တော်များများက ကျွန်မကို မှတ်မိနေကြတယ်။ တချို့ ရဲတင်းတဲ့ ယောကျ်ားတွေက ကျွန်မကို ရိသဲ့သဲ့ လုပ်တတ်ကြသေးတယ်။ ကျွန်မက သူတို့ ဖိတ်ခေါ် ကမ်းလှမ်းချက်တွေကို ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ပြန်ရင် သူတို့က ကျွန်မကို မကျေနပ်ကြပြန်ဘူး။ ဖုန်းက အပြင်ဘက်မှာဆိုတော့ အရောင်းစာရေးမ တွေအားလုံး နားထောင်မယ်ဆိုရင် နှစ်ဖက်စလုံး ပြောတဲ့ စကားတွေ ကြားရပါ တယ်။ ဒါကလည်း ဖုန်းလာတိုင်း သူတို့ လုပ်နေကျ အလုပ်ပဲ။

'အသံလေးကတော့ ချိုနေတာပဲ' လို့ ကျွန်မကို ဖုန်းလက်ကမ်းပေးတဲ့ အမျိုးသမီးက ပြောတယ်။ သူ့လက်က ဖုန်းလှမ်းယူပြီး ကျွန်မ နားထောင်လိုက် တော့ 'ဒီကို ဖုန်းဆက်ရတာ အဆင်ပြေပါ့မလား' တဲ့။ အဲ(လ)ဗစ္စပေါ့။ တကယ် တော့ အဆင်မပြေပါဘူး။ ဖုန်းပြောရတာ စွန့်စားခန်းတစ်ခုလိုပဲ။ ဒါပေမဲ့ ကျွန်မက သူနဲ့ စကားပြောချင်သေးတာကိုး။

'ခဏဆိုရင်တော့ အဆင်ပြေပါတယ်'

'နောက်စနေနေ့မှာ ရှုရီဗီပို့(တ)မှာ မောင့်ကို လာတွေ့နိုင်မလား။ မောင်က လွိုစီယားနားပေးရိုက်(ဒ)ကို သွားရမှာ၊ အဲဒီမှာ တစ်ထောက်နားဖို့ စီစဉ်ထား တယ်'

ရှုရီဗီပို့(တ)ဆိုတာ ကျွန်မနေတဲ့ မွန်ရိုးမြို့ကနေ မိုင် ၁၀၀ ပဲ ဝေးပါ တယ်။ ကျွန်မ သူနဲ့သွားတွေ့ပြီး ဘဝအမှန်ကို ပြောပြလိုက်တော့မယ်။ သူနဲ့ ကျွန်မ ရှေ့ခရီးဆက်နေကြမယ်ဆိုရင် ကျွန်မအနေနဲ့ သူ့အပေါ်မှာ မတရားရာ ရောက်တော့မယ်။ အဲ(လ)ဗစ္စက သူ တည်းဖို့ စီစဉ်ထားတဲ့ မိုတယ်ရှိတဲ့နေရာ ကို ဘယ်လို လာရမယ်ဆိုတာ လမ်းညွှန်ပြောပြတယ်။ လွယ်လွယ်ကလေးပါပဲ။ အဝေးပြေး လမ်းမကြီးဘေးမှာတင်ရှိပြီး စစ်အခြေစိုက်စခန်း တစ်ခုနဲ့ နီးသတဲ့။ ကျွန်မ လမ်းမှားစရာအကြောင်း မရှိပါဘူး။ ကိုယ်ဟန်ပြလုပ်ငန်းတစ်ခုအတွက် သွားစရာရှိတယ်လို့ အကြောင်းပြပြီး အမေ့ကို ကလေးတွေ အပ်ထားခဲ့တယ်။ ချိန်းထားတဲ့ စနေနေ့ညနေပိုင်းမှာ ဘောင်းဘီအနက်၊ ကိုယ်ကျပ်ဆွယ်တာအနက်

http://www.cherrythitsar.org



ကလေး ဝတ်ပြီး ကျွန်မကားနဲ့ ထွက်လာခဲ့ပါတော့တယ်။

သူပြောတဲ့ မိုတယ်ကို ရှာရတာ လွယ်ပါတယ်။ IDA Motel ဆိုတဲ့ စာလုံးက နီယွန်မီး အနီ၊ အပြာ စာလုံးတွေနဲ့ ရေးထားတယ်။ ကျွန်မစိတ်ထင် ပြောရရင် IDA ဆိုတာ မိုတယ်ပိုင်ရှင်ရဲ့ ပျောက်ဆုံးသွားတဲ့ အချစ်ဟောင်း နာမည်ကို အတိုကောက် ရေးထားတာပဲ ဖြစ်မယ်ထင်ပါတယ်။ မိုတယ်ကလေး က အခန်း ၃၀ ရှိပြီး အဖြူရောင် သုတ်ထားတယ်၊ သပ်ရပ်သန့်ရှင်းနေတဲ့ ခြံ ဝင်းကလေးထဲမှာ နေချင့်စဖွယ်ကလေးပါ။ ကျွန်မရောက်သွားချိန်မှာ အဲ(လ)ဗစ္စ က ကားရပ်နားတဲ့နေရာမှာ ရပ်စောင့်နေတာ တွေ့ရတယ်။ သူကလည်း ဘောင်း ဘီအနက်၊ ရှပ်အင်္ကျီအနက် ဝတ်ထားပြီး အနီရဲရဲ လည်စည်းပဝါကလေး ချည် ထားတယ်။ အဲဒီကာလတုန်းကတော့ အဆိုကျော်အားလုံး ဒီလိုပဲ လည်စည်း စည်းကြပါတယ်။ ဘောင်းဘီက ခပ်ပွပွ ဘက်ဂီပုံစံ၊ ရှူးဖိနပ်အဖြူ နဖူးပေါ် မှာ ညိုဝါရောင်သမ်းတဲ့ သူ့ဆံစလေးတွေက ဝေ့ဝဲကျနေတာ ကျွန်မသဘောကျ တဲ့ ပုံစံအတိုင်းပါပဲ။ သူ့နားပန်းဆံတွေကတော့ မဲ(မ)ဖစ္စမှာ တွေ့တုန်းကထက် ပိုထူလာတယ်။ သူ့ဘေးမှာ ခပ်ဝဝ၊ အရပ်ပုပု လူတစ်ယောက်က စီးကရက် သောက်ရင်းရပ်နေတာ တွေ့ရတယ်။ ကျွန်မ ကားထဲက ထွက်လိုက်ချိန်မှာ အဲဒီလူက ဝံပုလွေတစ်ကောင်အသံမျိုးနဲ့ လေချွန်လိုက်တာကြောင့် ကျွန်မ လန့်သွားပြီး ရုတ်တရက် ကားထဲ ပြန်ဝင်လိုက်မိတယ်။

'သွားစမ်းကွာ. . မင်း နည်းနည်းလေးမှ သိက္ခာ မရှိတဲ့ကောင်' လို့ အဲ(လ)ဗစ္စက သူ့ကို အော်လိုက်ပြီး တွန်းထိုးထုတ်လိုက်တယ်။ အဲဒီလူ မြင်ကွင်း ထဲက ပျောက်မသွားမချင်း ကျွန်မ ကားထဲက မထွက်ဝံ့သေးဘူး။ သူ့ လေချွန် သံအဓိပ္ပာယ်က ကျွန်မဘက်မှာ တစ်စုံတစ်ခု မှားယွင်းနေတာမျိုး သက်ရောက်တဲ့ အတွက် ကားထဲက မဆင်းဝံ့တာပါ။ အဲ(လ)ဗစ္စက ကျွန်မလက်ကို ညင်ညင် သာသာဆွဲပြီး မိုတယ်နောက်က နားနေဆောင်ကလေးကို ခေါ်သွားပါတယ်။

'မောင်ရယ်. . . ကျွန်မ ဒီနေရာမှာ မထိုင်ချင်တော့ဘူး၊ အခန်းတစ်ခုခုမှာ ပဲ စကားပြောကြရအောင်ပါ' လို့ ကျွန်မက ပြောတော့ သူက 'မောင်တို့နှစ် ယောက်အတွက် အခန်းစီစဉ်ထားပြီးပါပြီကွာ' တဲ့။ ကျွန်မစကားက ဒီည သူနဲ့ မအိပ်တော့ဘူးလို့ ပြောမှန်း သူသိတယ်။ ဒါပေမဲ့ သူ့ဘက်က စီစဉ်ထား ပြီးပြီဆိုတဲ့သဘော ပြောလိုက်တာပါပဲ။ ကျွန်မ စိတ်ညစ်သွားတယ်။ မိုတယ်လို နေရာမျိုးမှာ လိုက်ပြီး သူနဲ့နေရမယ်ဆိုတာကတော့ အပေါ်စားဆန်လွန်းလှပါ တယ်။ တောင်ကုန်းကလေးပေါ်မှာ နေခဲ့ကြဖူးတာက တစ်ကဏ္ဍလေ။

http://www.cherrythitsar.org



'ကဲပါကွာ. . စဉ်းစားမနေပါနဲ့၊ ရော့. . . သော့၊ ချစ်ရှေ့ကနေ သွားနှင့်၊ မောင် နောက်ကလိုက်လာခဲ့မယ်' ဆိုပြီး သော့တစ်ချောင်း ကမ်းပေးတယ်။ ဘာမှ ပြန်မပြောသာတော့ဘဲ မိုတယ်ထဲဝင်လိုက်တော့ အခန်းတွေ တန်းစီတွေ့ ရပါတယ်။ သော့ချိတ်မှာရေးထားတဲ့ နံပါတ်ပါတဲ့ အခန်းရှေ့မှာ ရပ်ပြီး ကျွန်မ သော့ဖွင့်လိုက်ပါတယ်။ အခန်းတံခါး ဖွင့်လိုက်ချိန်မှာ နံစော်နေတယ်။ ခုတင် ပေါ်မှာ အညိုရောင် အိပ်ရာဖုံးတစ်ခု အုပ်ထားပေမယ့် လျှော်ပါများလို့ အရောင် လွင့်နေပြီ။ ဆယ့်ငါးစက္ကန့်လောက်ကြာတော့ အဲ(လ)ဗစ္စ ရောက်လာတယ်။ သူရောက်လာတော့ အခန်း ညစ်ပတ်တာတွေ ဘာတွေအားလုံး ကျွန်မ မေ့သွား ပြီ။ သူက ကျွန်မကို ထွေးပွေ့ထားတော့ သူ့ကိုယ်နံ့ သင်းသင်းကလေးကို ကျွန်မ ရှူရှိုက်နေမိတယ်။ ဆပ်ပြာနံ့လား၊ ခေါင်းလိမ်းဆီနံ့လားတော့ ကျွန်မ မခွဲခြားတတ်ဘူး။ အခန်းထဲမှာရှိနေတဲ့ အနံ့ဆိုးတွေကို ပျောက်ကွယ်သွားစေတာ တော့ အမှန်ပါ။

စိတ်လှုပ်ရှားမှုတွေကို ကျွန်မ ထိန်းချုပ်လိုက်တယ်။ သူနဲ့ နောက်ဆုံး အကြိမ် တွေ့ပြီးစဉ်က ကျွန်မ ဘာတွေခံစားခဲ့ရတယ်ဆိုတာကိုလည်း သူ မသိ စေချင်တော့ဘူး။ ဒါပေမဲ့ ဘဝမှန်ကိုတော့ ကျွန်မ ပြောရတော့မယ်။ သူက နမ်းမယ်လို့ ကိုယ်ကိုဆွဲလိုက်ချိန်မှာ ကျွန်မ မျက်ရည်တွေ မြင်သွားလို့ တန့်သွား ပါတယ်။

'ဟေး. . . . ဒါ ဘာဖြစ်နေတာလဲ၊ မောင့်ကို အရမ်းလွမ်းနေလို့လား'

ကျွန်မ မပြုံးနိုင်ပါဘူး။ ဒီတော့မှ သူ့ဘက်ကလည်း တည်လာတယ်။

'ဘာဖြစ်တာလဲ. . . ဘာဖြစ်လို့လဲဟင်'

အပြာရောင် သူ့မျက်လုံးတွေက ပြူးကျယ်နေပြီး သိချင်စိတ်၊ စိုးရိမ်စိတ် တွေ အပြည့်ရှိနေတယ်။ သူ့ဘဝမှာ အပယ်ခံရတာကို လောလောဆယ် ခံစားရတဲ့ ကာလလည်း ဖြစ်တယ်။ စင်မြင့်ပေါ်မှာ ဖျော်ဖြေဖို့ သူ အစွမ်းကုန် ကြိုးစား ပြပေမယ့် အေးဂျင့်က လိုသေးတယ်ဆိုပြီး သူ့ကို ပယ်ခဲ့တယ်။ ခုတစ်ခါ ကျွန်မကလည်း သူ့ဘဝထဲက ပြေးထွက်ရဦးတော့မယ်။

'ဟန်နီ. . . ဒီကိုလာပါကွာ၊ မောင် ချစ်တယ်၊ ဘယ်အရာကမှ မောင်တို့ နှစ်ယောက်ရဲ့ အချစ်ကို မတားနိုင်ပါဘူးကွာ' လို့ ပြောပြီး ကျွန်မကို ဖက်ထားပါ တယ်။ တင်းထားသမျှစိတ်တွေ သူနဲ့တွေ့တော့ ပြေလျော့ရတော့မလိုဘဲ။ ကျွန်မ ဘဝမှာ နာကျင်ခြင်းဝေဒနာဆိုတာ ကြိမ်ဖန်များစွာ ခံစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒါလောက် ကျွန်မအပေါ်ကောင်းတဲ့ လူတစ်ယောက် ဝေဒနာခံစားရအောင် ကျွန်မ

http://www.cherrythitsar.org



လုပ်ရတော့မယ်ဆိုတော့ စိတ်တွေ တွေဝေနေမိတယ်။ ကျွန်မ တကယ်ချစ်တဲ့သူ ရင်ကွဲအောင် ကျွန်မ လုပ်ရမှာလား။ ကျွန်မ ငြိမ်နေတာကို သူသဘောပေါက်တယ်။ သူက တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကျွန်မကို နမ်းနေချိန်မှာ ကျွန်မတစ်ကိုယ်လုံး တုန်နေပြီး. . .

'ဘာဖြစ်တာလဲ အချစ်ရယ်' သူက တိုးတိုးကလေး မေးတယ်။

'မောင့်ကို ကျွန်မ ဇာတ်လမ်းတစ်ပုဒ် ပြောစရာရှိတယ်'

စကားစလိုက်ချိန်မှာပဲ ကျွန်မ မျက်ရည်ကျပြီး ရှိုက်မိနေပြီ။

'တစ်ခါတုန်းက ကွန်ဗင့်ကျောင်းတက်နေတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်၊ တစ်နေ့မှာတော့ ကောင်မလေးရဲ့အဘွား ရောက်လာပြီး လူတစ်ယောက်နဲ့ လက်ထပ်ရမယ်လို့ ပြောရော၊ အဘွားက အပေးအယူသဘောလုပ်တာ၊ တစ်ဖက်ကလည်း လက်ခံ သဘောတူပြီးပြီဆိုတော့ မိန်းကလေးအနေနဲ့ ဘာမှ ပြောလို့မရတော့ဘူးပေါ့'

မောင်က ငြိမ်ပြီး နားထောင်နေတယ်။ စိတ်ရှုပ်သွားပုံလည်းရတယ်။ ဒါပေမယ့် သူ ချက်ချင်းသဘောပေါက်သွားပြီး ဘာပြောရမယ်ဆိုတာ သိလိုက်ပုံရတယ်။ ဒါပေမယ့်. . . . သူ့ပါးစပ်က ဘာတစ်ခွန်းမှ ထွက်မလာခဲ့ဘူး။

'မောင့်ကို ဒီအကြောင်းပြောဖို့ ကျွန်မ အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ မောင် နားလည်နိုင်ပါ့မလား၊ မောင် မုန်းသွားမှာလားဆိုတဲ့ စိတ်တွေကြောင့် ပြောမထွက်ခဲ့တာပါ'

မောင်က ခုတင်ဆီလျှောက်သွားပြီး ထိုင်လိုက်တယ်။ ဒူးနှစ်ဖက်ပေါ် တံတောင်ထောက်ပြီး သူ့မျက်နှာကို လက်ဝါးနဲ့ အုပ်ထားလိုက်ပါတယ်။

'သူ့ကို ကျွန်မ လက်မထပ်ခင်ချိန်အထိ မမြင်ဖူးခဲ့တာ အမှန်ပါမောင်၊ ကျွန်မအသက်က ငယ်သေးတာက တစ်ကြောင်း၊ အားလုံး စီစဉ်ပြီးသားဖြစ်နေတာက တစ်ကြောင်းကြောင့် ကျွန်မ လက်မြှောက်အရှုံးပေးခဲ့ရတာပါ။ ကျွန်မ သူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး၊ သူက . . . ချစ်စရာမကောင်းတဲ့အပြင် ကြောက်စရာတောင် ကောင်းသေးတယ်'

ကျွန်မ ဆက်မပြောနိုင်တော့ပါဘူး။ မျက်ရည်တွေကြားက သူ့မျက်နှာကို တစ်ချက် မြင်ခွင့်ရလိုက်တယ်။ အလင်းရောင်မှာတွေ့လိုက်ရတဲ့ သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေနဲ့ပါပဲ။ သူ အသက်ရှူတာ မြန်လာတယ်။ ရင်ထဲမှာ နာကျင်ကြေကွဲတာရယ်၊ ရှုပ်ထွေးသွားတာရယ် ပေါင်းစပ်ပြီး သူ ဒေါသဖြစ်လာတယ်။ ခုတင်ပေါ်က ဝုန်းခနဲ ထလိုက်ပြီး နံရံကို လက်သီးနဲ့ ထိုးလိုက်တယ်။

http://www.cherrythitsar.org



'မဖြစ်နိုင်ဘူးကွာ . . . မဖြစ်နိုင်ဘူး . . . လုံးဝ မဖြစ်နိုင်ဘူး'

သူ့ပါးစပ်က အော်ဟစ်ရင်း လက်သီးနဲ့ အချက်ပေါင်းများစွာ နံရံကို ထိုးနေပါတော့တယ်။ 'အဲဒီခွေးကောင်က ဘယ်သူလဲ' တဲ့။ အရုပ်ဆိုး အကျည်းတန်လှတဲ့ ကျွန်မဘဝဇာတ်ကြောင်းကို ကျွန်မ မပြောချင်တော့ပါဘူး။ 'မောင်ရယ်. . . ကျွန်မဘဝမှာ မောင်သာ အချစ်ဦးပါ။ သူ့အနေနဲ့ ကျွန်မအချစ်ကို ဘယ်တော့မှရမှာမဟုတ်ပါဘူး'

မောင်က ကျွန်မကို ရင်ခွင်ထဲသွင်းပြီး တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပါတယ်။ နှစ်ယောက်သား ဖက်ထားရင်း ငိုနေမိကြတယ်။ 'အချစ်ကို မောင်ပိုင်တယ်ကွာ' လို့ ပြောရင်း တင်းသထက်တင်းအောင် ဖက်ထားပြန်တယ်။

'ကျွန်မ ဒီဘဝကလွတ်ဖို့ ကြိုးစားခဲ့ပါသေးတယ်၊ လက်ထပ်ပြီးတဲ့နောက် ဘုန်းတော်ကြီးတစ်ပါးကို သွားအကူအညီတောင်းတော့ လက်မခံပါဘူး၊ အိမ်ပြန်ပြီး ဇနီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေလိုက်ပါလို့ပဲ ပြောတယ်'

အဲ(လ)ဗစ္စက အခြေအနေပြောင်းသွားအောင် သူ့အကြောင်းတွေ ပြောပြတယ်။ 'မောင့်ဘဝ အဆင်ပြေစပြုလာပြီ' တဲ့။ သူ ညာတာမှန်း ကျွန်မ သိပါတယ်။ 'ချစ်ကို အဲဒီဘဝကြီးထဲက ရုန်းထွက်နိုင်အောင် မောင်ကြိုးစားမယ်၊ ချစ်ဘဝကို မောင် တာဝန်ယူမယ်၊ ဒီကိစ္စက မောင်တို့နှစ်ယောက်ရဲ့အချစ်ကို ပြောင်းလဲမသွားစေနိုင်ပါဘူးကွာ၊ မောင် ချစ်တယ်. . . ဘာတွေပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ မောင့်အနားမှာ ရှိနေစေချင်တယ်'

မောင့်စကားတွေက ကျွန်မကို နှစ်သိမ့်မှု ပေးနိုင်တာ အမှန်ပါ။ ဒါပေမဲ့ သူကိုယ်တိုင် ကြိုးစားရုန်းကန်နေရတဲ့ ဘဝမှာ မိသားစုတစ်ခုကို ထောက်ပံ့နိုင်ဖို့ဆိုတာ လွယ်တဲ့အလုပ်မှ မဟုတ်တာဘဲ။ ဒါတောင် ကျွန်မမှာ ကလေးနှစ်ယောက်ရှိတယ်ဆိုတာ သူ့ကို မပြောရသေးဘူး။ သူ့ဘဝ အောင်မြင်ပြီဆိုရင်လည်း သူ့ဘာသာ လွတ်လွတ်လပ်လပ်ရှိပါစေတော့။ သူ့အောင်မြင်မှုလမ်းကြောင်းပေါ်မှာ ကျွန်မနဲ့ ကလေးနှစ်ယောက်အတွက် အချိန်တွေ၊ ငွေအား၊ လူအား မကုန်စေချင်ပါဘူး။

ခုတင်ပေါ်မှာ ပြန်ထိုင်ပြီး ကျွန်မကို ညင်ညင်သာသာ နမ်းပါတယ်။ ဒါက ကျွန်မဘဝဆိုးကြီးအကြောင်း ပြောလိုက်ပေမယ့် ဘာမှ ဖြစ်မသွားဘူးဆိုတဲ့ သင်္ကေတပါပဲ။ ကျွန်မရဲ့ မည်းမှောင်တဲ့ဘဝထဲမှာ အလင်းရောင်ကလေးတစ်ခုကို တွေ့လိုက်ရသလို ခံစားလိုက်ရတယ်။ မဲ(မ)ဖစ္စတောင်ကုန်းပေါ်မှာ ကျွန်မတို့

http://www.cherrythitsar.org



နှစ်ယောက်တည်း လက်ထပ်ခဲ့ကြတာကို သတိရပြီး အဲဒီတုန်းက ကျွန်မပေးခဲ့တဲ့ ကတိအားလုံး ကျွန်မ တည်ပါစေမယ်လို့ ထပ်ပြောမိပြီး ပြုံးလိုက်မိတယ်။ ဒီ တစ်ကြိမ် သူနဲ့တွေ့တဲ့ နာရီပေါင်းများစွာအတွင်း ပထမဆုံး ပြုံးမိတဲ့ အပြုံးပါ။

'မောင့်ဘဝ အောင်မြင်အောင်သာ မောင်ကြိုးစားပါ။ ကျွန်မအတွက် ဘာမှမပူပါနဲ့၊ ဒီကိစ္စလည်း အလိုလို ရှင်းသွားမှာပါ၊ မပူပါနဲ့'

နောက်တစ်နေ့နဲ့ တစ်ညလုံး ကျွန်မတို့ စကားတွေပြောကြတယ်။ ကျွန်မဘဝ အစကနေပြောပြတော့ သူ ဒေါသထွက်တယ်။ အဲဒီလူကို သွား သတ်ချင်တယ်တဲ့။ နောက်တော့ နှစ်ယောက်စလုံး အနက်ရောင်ဝတ်စုံတွေကို တောင် မလဲနိုင်ကြတော့ဘဲ အိပ်ပျော်သွားခဲ့ကြပါတော့တယ်။

□

http://www.cherrythitsar.org



## အခန်း(၆)

၁၉၅၃-၁၉၅၅

နောက်တစ်နေ့မနက် စောစောမှာပဲ 'ရှီဗရီပို့(တ)' က ကျွန်မ ထွက်ခဲ့ပါတယ်။ တုန်လှုပ်ချောက်ချားစရာကောင်းတဲ့ ကျွန်မဘဝအကြောင်း ဖွင့်ဟဝန်ခံချက်ကို အဲ(လ)ဗစ္စ သိခဲ့ရပေမယ့် ကျွန်မကိုချစ်တဲ့စိတ် ဘယ်လိုမှ ပျက်ပြယ်မသွားတဲ့အတွက် နောက်ထပ် ကျွန်မနဲ့တွေ့ချင်သေးတယ်လို့ ဆိုတယ်။ နောက်တစ်ပတ်ကျရင် မဲ(မ)ဖစ္စကို လာခဲ့ပါလားတဲ့။ အခြေအနေအားလုံးကို သူသိထားပြီးမှတော့ ကျွန်မအနေနဲ့ ရှောင်ပြေးဖို့ မလိုတော့ပါဘူး။ ဗုဒ္ဓဟူးနေ့ကျတော့ ဖုန်းဆက်ပြီး. . . ကျွန်မကတိကို မမေ့ဖို့ သတိပေးသေးတယ်။ သူ့ရင်ထဲက အချစ်တွေ ဘယ်တော့များ ပျက်ပြယ်သွားလေမလဲ၊ သိပ်တော့ ကြာမယ် မထင်ပါဘူးလေ။ သူ ပျော်နေသမျှကာလပတ်လုံး ကျွန်မ တတ်နိုင်သလောက် နေပေးရမှာပေါ့၊ တကယ်တော့ မွန်းကျပ်ပိတ်လှောင်နေတဲ့ ကျွန်မဘဝအတွက် သူ့ကို ကျွန်မက ထွက်ပေါက်တစ်ခုအဖြစ် အသုံးချနေတာမဟုတ်ပါဘူး။ ကျွန်မ တကယ်ချစ်မိတာပါ။ သူနဲ့နေရတဲ့ ကျွန်မဘဝဟာ ကျွန်မလက်ရှိဘဝနဲ့ မိုးနဲ့မြေလို ကွာခြားပါတယ်။

လေဆိပ်မှာ သူလာကြိုပြီး မြို့ပြင်ဘက် ဦးတည်ထွက်ခဲ့ကြတယ်။ သူက သူနေခဲ့ဖူးတဲ့ မစ္စစ္စပီကို ခေါ်သွားချင်တယ်လို့ ပြောတယ်။ သူ့ကိုကြည့်ရတာ ခါတိုင်းလိုပါပဲ။ ချစ်စရာကောင်းပြီး ရည်မွန်တယ်။ ဒါပေမဲ့ ကျွန်မ သူနဲ့ ဆက်ဆံရေးပျက်ပြယ်သွားမှာကိုတော့ စိုးရိမ်ကြောင့်ကြနေတယ်။ ကားသွားနေရင်းမှာပဲ သူ ထိတ်လန့်သွားစေမယ့် နောက်ထပ်ဗုံးတစ်လုံး ထပ်ခွဲလိုက်ပါတော့တယ်။

'မောင်. . . ကျွန်မ မောင့်ကို အားလုံးပြောမပြရသေးဘူး'

'ဟင်. . . ဘာကျန်သေးလို့လဲ'

http://www.cherrythitsar.org



သူ တော်တော် လန့်သွားပုံရတယ်။ ခုလို စိတ်ရှုပ်နေချိန်မျိုးသာမဟုတ်ရင်တော့ ကျွန်မ ရယ်မိမှာပဲ။

'ကျွန်မအတွက်တော့ ဆိုးဆိုးရွားရွားကိစ္စ မဟုတ်တော့ပါဘူးမောင်ရယ်၊ မောင်ကတော့ ဘယ်လိုသဘောထားမလဲ မသိဘူး'

'ဘာလဲ. . . '

'ကျွန်မ. . . အာ. . . မောင်ရယ်. . . ကျွန်မမှာ သမီးနှစ်ယောက်ရှိတယ်'

သူ တော်တော် ရင်နာသွားပုံနဲ့ မျက်စိပိတ်လိုက်တယ်။ သူ စိတ်ထိခိုက်တာမြင်ရတော့ ကျွန်မ ပိုပြီး ခံစားရတာပေါ့။

'ဟူး. . . နှစ်ယောက် ဟုတ်လား'

ကျွန်မတို့နှစ်ယောက်လုံး ငြိမ်သွားကြတယ်၊ သူက ဒီကိစ္စကို လေးလေးနက်နက် သတိကြီးစွာနဲ့ စဉ်းစားနေပုံရတယ်။ ရုတ်တရက်တော့ သူ့မျက်နှာ ဝင်းလာတယ်။

'ကိစ္စမရှိပါဘူး၊ မောင်က ကလေးချစ်တတ်တာပဲ၊ ဘယ်အရွယ်လေးတွေလဲ'

ဒီမေးခွန်းက ကျွန်မ အကြောက်ဆုံး မေးခွန်းပါ။ ကျွန်မတစ်သက်လုံး ဒီမေးခွန်းအမေးခံရတိုင်း ကွေ့ပတ်ရှောင်ခဲ့တာချည်းပဲ။ ညာမယ်လို့ စိတ်ကူးပြီးမှ အမှန်အတိုင်းပဲ ပြောတော့မယ်လို့ စိတ်ဆုံးဖြတ်လိုက်တယ်။

'ဒီဘိုရာက ငါးနှစ်၊ မယ်လိုဒီက နှစ်,နှစ်ပြည့်တော့မယ်၊ သမီးတို့က သိပ်ချောတာ၊ ကျွန်မ သူတို့ကို သိပ်ချစ်တာပဲ'

ကျွန်မ အဖြေကြားရတော့ သူ မျက်မှောင်ကုတ်သွားတယ်။ သူ့ခေါင်းထဲမှာ ချာချာလည်ပြီး ကျွန်မအသက်ကို ဂဏန်းတွက်နေသံကြားရတယ်။

'နေပါဦး . . . ချစ်က အသက်ဘယ်လောက်ရှိသေးလို့လဲ'

'မောင့်ကို ကျွန်မ ပြောပြခဲ့ပြီးပြီလေ၊ ပြီးခဲ့တဲ့လကပဲ ကျွန်မ (၁၇)နှစ်ပြည့်ခဲ့တာ'

သူ ဘာတွက်နေတယ်ဆိုတာ ကျွန်မသိပေမဲ့ ငြိမ်နေလိုက်ပါတယ်။ သူ လက်လျှော့လိုက်ပုံရတယ်။ နဖူးရေတွေ တွန့်ပြီး တော်တော်စဉ်းစားနေတယ်။

'လူတွေက အဲဒီလို မွေးလို့ရသလားဟင်'

'ဩော်. . . . မောင်ရယ်. . . ကျွန်မဘဝမှာ ဖြစ်ခဲ့ပြီပဲ'

သူ ငြိမ်သွားပြန်ပြီး မျက်အိမ်ထဲမှာ မျက်ရည်တွေပြည့်လာတယ်။

'အရမ်း ဆိုးရွားတဲ့ ကိစ္စပဲကွာ'

http://www.cherrythitsar.org



'ဟုတ်တယ် မောင်'

'အဲဒီလောက် ယုတ်မာတဲ့ကောင်က ဘယ်သူလဲ'

'မောင်ရယ် . . . ဒီအကြောင်းတွေ မပြောကြပါစို့နဲ့၊ ပြီးတာတွေ ပြီးခဲ့ပြီပဲ၊ စိတ်မပျက်ပါနဲ့၊ ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ တကယ်ပဲ'

သူ ကျွန်မဘက်လှည့်လိုက်ပြီး လက်တစ်ဖက်နဲ့ သိုင်းဖက်လိုက်ပါတယ်။

'ဆောရီး . . . လူစီရယ်'

ခဏလောက် စိတ်ညစ်သွားပေမယ့် မကြာခင်မှာဘဲ သူ စိတ်ပြေသွားတယ်။ ဘာပဲဖြစ်ဖြစ် သူ့စိတ်တွေ မပြောင်းပါဘူးတဲ့။ ကျွန်မကို အကြံပေးသွားတယ်။ ကွာရှင်းပြတ်စဲဖို့၊ ထွက်ပြေးဖို့၊ တခြားမြို့ကိုပြောင်းနေဖို့၊ သူနဲ့ တရားဝင် လက်ထပ်ဖို့တောင် အကြံပေးပါတယ်။ သူ ကားမောင်းရတာ စိတ်မပါတော့လို့ ကျွန်မတို့ 'ဟိုးလီးစပရင်း' ဆိုတဲ့ မြို့ကလေးမှာပဲ နားကြဖို့ ဆုံးဖြတ်လိုက်ကြပြီး အင်းတစ်ခုမှာ အခန်းတစ်ခန်းယူလိုက်ကြပါတယ်။

'ဘာမှ မပြောင်းလဲပါဘူးကွာ' အခန်းထဲရောက်တော့ သူက စပြောတယ်။

'ကျွန်မဘက်ကတော့ ပြောင်းလဲစရာမရှိပါဘူး မောင်'

'မောင့်ဘက်ကလည်း အပြောင်းအလဲရှိမှာ မဟုတ်ဘူးဆိုတာ ယုံ၊ မင်းဟာ ကိုယ့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်းပဲ၊ ကိုယ် . . . ဘယ်ကိုပဲရောက်ရောက်၊ ဘယ်ကိုပဲသွားသွား မင်းကို ချစ်နေမှာပဲ၊ မောင့်ဘဝထဲက မင်းထွက်မသွားနိုင်အောင် မင်းကို မောင် လက်ထပ်ယူမယ်၊ မောင့်အနားမှာ အမြဲရှိနေစေချင်တယ်၊ မောင့် မိသားစုထဲမှာ မင်း ရှိစေချင်တယ်၊ မောင့် မာမီ,ဒယ်ဒီတို့နဲ့ မင်းကို တွေ့ပေးရဦးမယ်၊ မင်း သူတို့ကို သဘောကျမှာပါ'

'တွေ့ချင်တာပေါ့မောင်ရယ်၊ မောင်က မောင့်မိဘတွေကို ဘယ်လောက် ချစ်တယ်ဆိုတာ ကျွန်မသိနေတာပဲ၊ ဒါပေမဲ့ ခဏဆိုင်းပါဦးနော်၊ မောင့်ကိုလည်း တစ်နေ့နေ့မှာတော့ ကျွန်မအမေနဲ့ တွေ့ပေးရဦးမယ်၊ ဒါပေမဲ့ အမေက ပြင်သစ်စကားပဲ ပြောတတ်တာဆိုတော့ နားလည်ရခက်လိမ့်မယ်၊ မေမေက မောင့်ကို သဘောကျမှာ သေချာတယ်'

အဲဒီတစ်ညလုံး ကျွန်မတို့နှစ်ယောက် တိုင်ပင်ဆွေးနွေးကြတယ်။ ကျွန်မဘဝလွတ်မြောက်ရေးနဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ အနာဂတ် စီမံကိန်းတွေပဲပေါ့၊ ကျွန်မတို့နှစ်ယောက် အနာဂတ်မှာ တည်ဆောက်ကြမယ့် မိသားစုအကြောင်း ရယ်စရာကောင်းလောက်အောင် ပြောဖြစ်ကြသေးတယ်။

http://www.cherrythitsar.org



'သမီးကလေးဆိုရင် သိပ်အဖိုးတန်တဲ့ သမီးကလေးဖြစ်မှာ . . . သမီး မျက်လုံးကလေးတွေက အစိမ်းရောင်ရှိပြီး စကားပြောရင် 'အဟုတ်' နဲ့ 'တကယ်' ဆိုတာလေးတွေ ထည့်ပြောဦးမှာ' လို့ အဲ(လ)ဇစ္စက ပြောတယ်။ ကျွန်မ သူ့ ပေါင်ကို ဆွဲဆိတ်ပစ်လိုက်တယ်။ ကျွန်မက စကားပြောရင် 'အဟုတ်' တို့ 'တကယ်' တို့ ထည့်ပြောတတ်တယ်လေ။ အဲဒါကို သူက ဟာသလုပ်တာလေ။ ကျွန်မမှာ ပြင်သစ်သံဝဲဝဲနဲ့ အဲဒီလိုပြောတတ်တဲ့အကျင့်ကြောင့် ရှက်မိတယ်။

'တကယ်လို့ သားလေးမွေးလာရင် သားက ကမ္ဘာပေါ်မှာ အချောဆုံး ဖြစ်ပြီး ဆံပင်တွေက နက်မှောင်သန်စွမ်းမှာ၊ ပြီးတော့. . . စကားပြောရင် 'သိလား' 'သိလား'နဲ့ ထည့်ပြောတတ်မှာ' လို့ ကျွန်မက ပြောလိုက်တယ်။

ဒီတစ်ခါ သူ့အလှည့်လေ။ သူက ရုတ်တရက် ဆွဲပွေ့လိုက်လို့ ကျွန်မတို့ နှစ်ယောက် တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်လဲကျသွားတော့ ရယ်မိကြသေး တယ်။

"မောင်က မင်းအတွက် 'သိလား' လေးတွေ တစ်ဒါဇင်လောက်နဲ့ 'တကယ်ပဲ' နဲ့ 'အဟုတ်' ကလေးတွေ တောင်းတစ်လုံးစာလောက်ရအောင် မွေးခိုင်းမှာနော"

'အိုး. . . ဒါ အပေးအယူ လုပ်နေတာလား'

'သိတယ်မဟုတ်လားမောင်. . .'၊ ကျွန်မ သူ့ကို စချင်တာနဲ့ သူ့ပုံစံနဲ့ ပြောလိုက်ပြီး ရယ်မိတယ်။ 'ကိုင်း. . . ကျွန်မက သိတယ်မဟုတ်လား တစ်ခါပြော လိုက်ပြီဆိုတော့ နောက်ထပ် သိတယ်မဟုတ်လား (၂၃)ခုပဲ ကျန်တော့တယ်'

'တကယ်'

'အို. . . တော်စမ်းပါ မောင်ရယ်' ကျွန်မ သူ့ကို ခေါင်းအုံးနဲ့ ရိုက်လိုက်ပါ တယ်။ 'သေသေချာချာ နားထောင်နော်၊ မောင် တစ်ခါတုန်းက ပြောဖူးတယ် မဟုတ်လား၊ ကျွန်မက မောင့်ပင်တိုင်စံဆို၊ ဒီတော့ မောင်က ကျွန်မရဲ့ အား(လ) လဲ(န)(စ)လော့(တ) El Lancelot ပါ။ E.L ဆိုတဲ့ စာလုံးလေး နှစ်လုံးက everlasting love ထာဝရအချစ်လို့ အဓိပ္ပာယ်ရတယ်လေ၊ မောင် မှတ်ထားနော်'

နောက်တစ်နေ့ မနက်မှာ ကျွန်မ မဲ(မ)ဖစ္စကို ပြန်ခဲ့ပါတယ်။ လေဆိပ်ထိ သူလိုက်ပို့တယ်။ ပြန်သာလာရတယ် စိတ်ကတော့ ခပ်လေးလေးပဲ။ ကျွန်မ အိမ်ပြန်ရောက်ပြီး နှစ်ရက်အကြာမှာ ဟိုလူကြီး ပြန်ရောက်လာခဲ့တယ်။ အိမ်မှာ ကျွန်မတစ်ယောက်တည်း။ မစ္စစ္စဖောင်လာက ကလေးတွေကို အိမ်နားက ပန်းခြံ ထဲမှာကစားဖို့ ခေါ်သွားတယ်။ သူတို့ရှိနေရင် ကောင်းမှာလို့ ကျွန်မ တမ်းတမိ

http://www.cherrythitsar.org



တယ်။ သူနဲ့ ကျွန်မ နှစ်ယောက်တည်း အိမ်မှာ မနေချင်ဘူး။ သူက မူးနေတယ်။ သူက ကျွန်မဆီ တစ်ရှိန်ထိုး ပြေးလာပြီး လက်ထဲမှာ ကျွန်မ ရုံးတော်ကို လျှောက်ထားတဲ့ ကွာရှင်းခွင့်လျှောက်လွှာကို ကိုင်ထားတယ်။ အဲဒီစာရွက်တွေ ကျွန်မ မျက်နှာနား ကပ်ပြလိုက်ပြီး. . .

'ဒီနည်းနဲ့လုပ်လို့ရမယ်လို့ မင်းထင်တယ်ပေါ့ ဟုတ်လား၊ ငါ မစွန့်ပစ် သမျှ ကာလပတ်လုံး ငါ့လက်ထဲမှာပဲ မင်းရှိတယ် နားလည်လား' လို့ အော် တယ်။

စာရွက်တွေနဲ့ ကျွန်မပါးကိုရိုက်ပြီး လုံးချေပစ်လိုက်တယ်။ ပြီးတော့ ကျွန်မကို ပွေ့ယူလိုက်ပြီး အိပ်ခန်းထဲ ခေါ်သွားတယ်။ ကျွန်မဘဝမှာ အရိုက်ခံ ရတာထက် နာကြည်းတဲ့ အတွေ့အကြုံကို ကြုံရပြန်တယ်။ ကျွန်မ တတ်နိုင်သ လောက် ခုခံပေမဲ့ သူက သန်မာလွန်းတယ်။ ကျွန်မ သူ့ကို သတ်ပစ်ချင်တယ်။ ကျွန်မတစ်ကိုယ်လုံး မသန့်ရှင်းသလို ခံစားရတယ်။ ခုတင်ပေါ်မှာပဲ ကျွန်မ ကြက်သေသေနေမိတယ်။ သူက အဝတ်အစားတွေ ကောက်ဝတ်ပြီး တံခါးဆီ လျှောက်သွားရာက ရပ်လိုက်တယ်။

'ဪ. . . မင်းချိန်းတွေ့နေတဲ့ နားပန်းဆံထူထူနဲ့ ကောင်အကြောင်း ပြော ရဦးမယ်၊ ဒီကောင့်ကို ငါသတ်မယ်'

သူက ကြုံးဝါးလိုက်ပြီး ခုတင်ဆီ ပြန်ပြေးလာတယ်။ ဒီတစ်ခါ ကျွန်မကို ရိုက်ဖို့ မဟုတ်ပါဘူး။ ခုတင်ခေါင်းရင်းမှာ ချိတ်ဆွဲထားတဲ့ ခရစ်တော်ပုံကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်လိုက်ပြီး ကြမ်းပေါ်မှာ ရိုက်ခွဲပစ်လိုက်တယ်။ ဖန်ပေါင်း ချောင်ကလေး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပါတော့တယ်။ နှမြောတသပြီး ကြည့်နေမိတဲ့ ကျွန်မကိုကြည့်ပြီး သူ တဟားဟားရယ်ရင်း အခန်းထဲက ထွက် သွားတယ်။ ကျွန်မ ရေချိုးခန်းထဲဝင်ပြီး ရေချိုးရင်း အသားတွေ ပွန်းပဲ့မတတ် ပွတ်တိုက်နေမိတယ်။ သူ့အငွေ့အသက်တွေ မကျန်အောင်လို့ပါ။ ရေချိုးရင်းလည်း ငိုနေမိတယ်။ ပြီးတော့မှ ဖန်ကွဲတွေကို ရှင်းရတယ်။ ခရစ်တော်ရဲ့ပုံတော်မှာ မျက်နှာတော်နေရာ ပွန်းပဲ့သွားတယ်လေ။

နောက် ရက်သတ္တ နှစ်ပတ်လောက်ကတော့ ခြောက်သွေ့ငြီးငွေ့စွာနဲ့ပဲ ကုန်ဆုံးသွားခဲ့ပါတယ်။ အလုပ်မှာလာတဲ့ ဖုန်းတွေကို ကျွန်မ လုံးဝ လက်ခံစကား မပြောနိုင်ဘူး။ အဲဒီအချိန်က မစ္စတာတူမီသာ ကျွန်မပုံတွေ ရိုက်ထားမယ်ဆိုရင် ဝမ်းနည်းကြေကွဲနေတဲ့ ပုံတွေပဲရမှာ။ တစ်ည စတူဒီယိုမှာ အလုပ်လုပ်နေတုန်း မူးပြီး သတိလစ်သွားခဲ့ပါတယ်။ ကျွန်မ ကိုယ်အလေးချိန် တော်တော်ကျသွားပြီး

http://www.cherrythitsar.org



နေလို့လည်း မကောင်းဘူး။ နောက်တစ်လလောက်ကြာတော့ တစ်ခါ သတိလစ်သွားပြန်ရော၊ မစ္စတာတူမီက ကျွန်မကို ဆရာဝန်နဲ့ ပြစေပါတယ်။ ကျွန်မ အကြောက်ဆုံးအလုပ်ပေါ့။ ဒေါက်တာဂါလက်(စ)ပီက ကြောက်စရာကောင်းလို့ မဟုတ်ပါဘူး။ သူ မေးမယ့်မေးခွန်းတွေကို ကျွန်မက ကြောက်တာပါ။ သူက ကျွန်မနဲ့ စတွေ့ကတည်းက တစ်စုံတစ်ခု အမှားအယွင်း ရှိနေတယ်လို့ သံသယရှိနေခဲ့တဲ့သူပဲ။ နောက်ဆုံးမှာတော့ ကျွန်မ လက်လျှော့ပြီး သူနဲ့ သွားတွေ့ရတယ်။ သူက ကျွန်မကို စမ်းသပ်ကြည့်ပြီး ခါတိုင်းထက် စိတ်ပျက်သွားပုံရပါတယ်။ သူက ကျွန်မ သားအိမ် စုတ်သွားပြီး မွေးလမ်းကြောင်းကိုလည်း ခွဲစိတ်ကုသဖို့ လိုမယ်တဲ့။

'ဆရာ မင်း ခင်ပွန်းနဲ့ စကားပြောချင်တယ်' လို့ သူက တောင်းဆိုပါတယ်။

'ဖြစ်နိုင်မယ် မထင်ပါဘူး ဆရာရယ်'

'လူစီ. . . မင်း ဘာဖြစ်နေတာလဲ၊ ဆရာက မင်းကို ကုသပေးနေတဲ့ ဆရာဝန်ပဲ၊ မင်းခင်ပွန်းအကြောင်း ပြောစမ်းပါဦး၊ သူက အသက် ဘယ်လောက်ရှိပြီလဲ၊ မင်းကို ဘာတွေ နှိပ်စက်နေသလဲ'

ကျွန်မ တစ်ခွန်းမျှ ပြန်မပြောတဲ့အတွက် ဒေါက်တာရဲ့ သံသယ ခိုင်မာသေချာသွားတယ်ပေါ့။

'ဒီလို ဆက်နေလို့ မဖြစ်ဘူး လူစီ၊ ဒါမျိုးလည်း မဖြစ်သင့်ဘူး'

'ကျွန်မ ကွာရှင်းခွင့် တောင်းထားပါတယ် ဆရာ၊ တခြားအကြောင်းပဲ ပြောကြရအောင်ပါ ဆရာရယ်'

'တော်တော် စိတ်ပျက်စရာကောင်းပါလားကွာ၊ မင်းကို ဆရာ ကြည့်ပေးခဲ့တာ ခြောက်နှစ်လောက်ရှိပြီ မဟုတ်လား၊ မင်း ပထမအကြိမ် လာတုန်းက မင်းအသက် (၁၇)နှစ်ပါလို့ ပြောခဲ့တယ်၊ ခုလည်း ဒီအသက်အတိုင်းပဲလား လူစီ'

ကျွန်မငိုတော့ ဒေါက်တာက လျှော့သွားတယ်။

'ဆောရီး လူစီ၊ မင်းကို စိတ်ညစ်စေချင်လို့ ဆရာပြောတာ မဟုတ်ပါဘူး။ သနားလို့ ပြောတာပါ၊ ရုံးတော်မှာ သက်သေခံဖို့လိုရင် ဆရာ မင်းအတွက် ဝမ်းပန်းတသာ ကူညီပါ့မယ်'

ကျွန်မ မျက်ရည်သုတ်လိုက်ပြီး ကျွန်မ လက်ရှိ အခြေအနေအကြောင်း စကားလမ်းပြောင်းလိုက်တယ်။ ဒါပေမယ့် ထူးမခြားနားပါဘဲ။ ပိုလို့တောင်

http://www.cherrythitsar.org



ဆိုးသွားသေးတယ်။ ကျွန်မမှာ ကိုယ်ဝန်ရှိနေပါသတဲ့။ ဆရာ့စကား ကြားလိုက်ရချိန်မှာ လဲကျမသွားအောင် သတိထားလိုက်ရတယ်။ ဘုရားသခင်. . . ဒီထက်ဆိုးတဲ့ အခြေအနေမျိုး ကျွန်မ ရောက်ရဦးမှာလား၊ မောင်နဲ့ ကျွန်မ တွေ့တဲ့အတွက် ပြစ်ဒဏ်ခံရခြင်းပေလား။ ကျွန်မ စိတ်ရှုပ်သွားတယ်။ စိတ်ဓာတ်ကျသွားတယ်၊ တုန်လှုပ်တယ်၊ နေလို့လည်း မကောင်းဘူး။

နောက်တစ်နေ့မှာပဲ ကျွန်မ ခွဲစိတ်ကုသရပါတယ်။ ဆရာ့ မိတ်ဆွေ ဒေါက်တာဂွိုင်းရောဘတ်ဆန်က ခွဲစိတ်ကုသရာမှာ ကူညီပေးပါတယ်။ စိန့်ဖရန်စစ္စဆေးရုံမှာ ခွဲစိတ်မှုက အောင်မြင်ခဲ့ပါတယ်။ ကျွန်မ သားအိမ်တစ်ဝက်လောက် ထုတ်ပစ်လိုက်ရပေမယ့် ကလေးကိုတော့ မထိခိုက်ပါဘူး။ ကျွန်မရင်ထဲမှာ ခံစားချက်တွေ ရှုပ်ထွေးနေတယ်။ ဟိုလူကြီးကို မုန်းပေမယ့် ကျွန်မ ကလေးတွေကိုတော့ ကျွန်မ ချစ်တယ်။

အဲဒီညက ဆေးရုံမှာ ပြတင်းပေါက်နား ကျွန်မလျှောက်သွားပြီး ဖွင့်လိုက်တယ်။ ကျွန်မ တစ်ကိုယ်လုံး နာကျင်နေတုန်းပါ။ မေ့ဆေးပြယ်စပဲ ရှိသေးတယ်။ စိတ်ထဲမှာ ဝေဝါးနေပြီး ပြတင်းပေါက်ကနေ ခုန်ချလိုက်ချင်စိတ် ပေါ်နေတယ်။ ဒါပေမယ့် သမီးနှစ်ယောက်ရဲ့ ပြုံးနေတဲ့ မျက်နှာလေးတွေကို ပြန်မြင်ယောင်မိတယ်။ သမီးလေးတွေက အချောလေးတွေ။ သူတို့အတွက် ကျွန်မရှိရမယ်။ ကျွန်မ မရှိရင် သူတို့ ဘာဖြစ်သွားကြမလဲ။

အဲဒီအချိန်မှာ ကျွန်မ အိမ်နီးချင်းဖြစ်တဲ့ တော်(မ)နဲ့ ဂျက်နက်မီးလားတို့က အခန်းထဲပြေးဝင်လာကြပြီး ပြတင်းပေါက်နားက ကျွန်မကို ဆွဲခေါ်လာကြပါတယ်။ ကျွန်မ ချုံးပွဲချ ငိုလိုက်မိတယ်။ သူတို့လင်မယားကို ဟိုလူကြီးအကြောင်း အားလုံးပြောပြလိုက်တော့ အင်မတန် ပျော်ပျော်နေတတ်တဲ့ ပိုးလစ်(ရှ) အမျိုးသား မစ္စတာမီးလားတောင် ဒေါသဖြစ်သွားတယ်။ သူက ဟိုလူကြီးကို လုံးဝ သဘောမကျခဲ့တာ။ ခုတော့ သတ်တောင် သတ်ချင်နေပြီ။ ဂျက်နက်က သူ စိတ်ငြိမ်သွားအောင် ချော့ရတယ်။ ဂျက်နက်က ဟိုလူကြီးနဲ့ စကားပြောမယ့်အစား ကျွန်မ ဆရာဝန်နဲ့သာ ဘာဆက်လုပ်သင့်တယ်ဆိုတာ ဆွေးနွေးသင့်တယ်လို့ သူ့ယောကျ်ားကို အကြံပေးပါတယ်။

မစ္စတာမီးလားနဲ့ ဆရာတို့ ဘာဆက်လုပ်ကြတယ်ဆိုတာတော့ ကျွန်မ မသိတာ အမှန်ဘဲ။ ဒါပေမယ့် တစ်စုံတစ်ခုတော့ လုပ်လိုက်ကြပုံရတယ်။ ကျွန်မ ဆေးရုံကဆင်းတဲ့နေ့မှာ ကျွန်မရှေ့နေ မစ္စတာအဒမ်က ဖုန်းဆက်တယ်။ သူက ဟိုလူကြီးအနေနဲ့ ကျွန်မကို အိမ်ကြီးကြီး တစ်လုံးပေးဖို့ ညှိနှိုင်းပြီးပြီတဲ့။ ပြီးတော့

http://www.cherrythitsar.org



ကျွန်မမိတ်ဆွေတွေကောင်းမှုနဲ့ ဟိုလူကြီး ကျွန်မဆီ မလာရအောင်လည်း တားလိုက်နိုင်ပြီတဲ့။ အဖြစ်အပျက်တွေက မြန်ဆန်လှတယ်။ ဟိုလူကြီး ကျွန်မဆီ တကယ်ပဲ မလာရအောင် တားနိုင်ကြပါ့မလား။ အချိန်ကို စောင့်ကြည့်ရမှာပေါ့လေ။ နောက်တစ်လကြာတော့ အိမ်လှလှကလေးတစ်လုံးဆီကို ကျွန်မပြောင်းရတယ်၊ အိပ်ခန်းလေးခန်းပါတယ်။ ရှေ့မျက်နှာစာမှာ ဧရာမ မှန်တံခါးကြီးတွေ ပါတယ်။ နောက်ဖေးဘက်မှာ သစ်တောအုပ်ကလေးလည်း ရှိတယ်။ အကောင်းတကာ့ အကောင်းဆုံးကတော့ ကျွန်မဘဝမှာ အနှောင့်အယှက် ကင်းသွားခြင်းပါပဲ။

အဲ(လ)ဗစ္စနဲ့ ပြန်တွေ့ဖို့ ဆိုတာကတော့ မျှော်လင့်ချက် မဲ့သွားပါပြီ။ ကျွန်မမှာ ကိုယ်ဝန်နဲ့ဆိုတော့ သူနဲ့ တွေ့လို့ မဖြစ်ဘူး။ ဒီကိုယ်ဝန်က သူ့ကိုယ်ဝန် မဟုတ်ပါဘူး။ သူနဲ့ ကျွန်မက အမြဲ အကာအကွယ်ယူထားကြခဲ့လို့ပါ။ သူ့အနေနဲ့ ကျွန်မ သစ္စာဖောက်တယ်လို့ ခံစားချင် ခံစားရလိမ့်မယ်။ သူက နားလည်တယ်ပဲထားဦးတော့ ကျွန်မ ရှက်တယ်။ ခွဲစိတ်ကုသပြီးတဲ့နောက် တီဗွီအတွက် ကျွန်မ တစ်ကြိမ်ပဲ ကနိုင်တယ်။ အဲဒီနောက် ထွက်လိုက်ရတယ်။ တီဗွီအစီအစဉ်က နောက်တစ်လလောက်တော့ ဆက်လွှင့်ပါသေးတယ်။ နောက် ကိုးလလုံးလုံး ကျွန်မမှာ ဝင်ငွေမရှိတော့ စိတ်ဆင်းရဲ၊ လူဆင်းရဲ ခံစားရတယ်။ ဟိုလူကြီးကလည်း တစ်ပြားမှ မထောက်ပံ့တော့တာမို့ မစ္စဖောင်လာကိုလည်း ဆက်မထားနိုင်တော့ဘူး။ ကျွန်မ အလုပ်လုပ်ဖို့လိုလာပြီဆိုတော့ ကလေးထိန်းငှားရတယ်။ စတိုးဆိုင်မှာတော့ လုပ်နိုင်သလောက် ဆက်လုပ်သေးတယ်၊ တဖြည်းဖြည်းနဲ့ ဗိုက်ကပေါ်လာတော့မှ အလုပ်ထွက်လိုက်ရတယ်။ ဘယ်သူ့ကိုမှ ကျွန်မ မသိစေချင်ဘူး။ အဲ(လ)ဗစ္စက စတိုးဆိုင်ကိုရော တီဗွီဌာနကိုပါ ဖုန်းဆက်ပါတယ်။ ဒါပေမယ့် ကျွန်မမှာ လက်ခံ စကားပြောနိုင်လောက်တဲ့ ခွန်အားမရှိခဲ့ပါဘူး။ သူ့အသံကြားရင် ကျွန်မ ငိုမိမှာ သေချာတယ်။ အဲဒီလိုဖြစ်ရင် သူက ကျွန်မရှိရာ မွန်ရိုးကို လိုက်လာလိမ့်မယ်၊ ဟိုလူကြီးက သတ်မယ်လို့ ကြိမ်းထားတယ်လေ။ သူ့ကို ထိခိုက်မှာ ကျွန်မ မလိုလားပါဘူး။

ကျွန်မရဲ့ တတိယမြောက်သမီး ဒဲနစ္စကို ၁၉၅၅ ခုနှစ်၊ ဇူလိုင်လကုန်မှာ မွေးခဲ့ပါတယ်။ သမီးလေးကို မွေးပြီးတော့ မောင့်ကို သတိရလာတယ်။ ကျွန်မတို့ နှစ်ယောက် ဘဝတစ်ခုထူထောင်မယ်ဆိုရင် ထူထောင်နိုင်ပြီလေ။ မောင်က ကျွန်မကို ဖုန်းနံပါတ်တစ်ခု ပေးထားဖူးတယ်။ သူတို့အိမ်နီးချင်း ဘုန်းကြီးလား၊ တရားဟောဆရာလားမသိဘူး။ သူ့ဖုန်းပါ။ မောင်က သူ့အိမ်မှာ ဖုန်းမရှိတာကိုဘဲ

http://www.cherrythitsar.org



ရှက်နေသေးတာ။ ဖုန်းဆက်လိုက်တော့ အမျိုးသမီးတစ်ယောက် လာကိုင်တယ်။ ကျွန်မက မောင့်ကိုမေးတော့ သူက ကျွန်မနာမည်နဲ့ ဖုန်းနံပါတ် ပြန်မေးနေတယ်။ ကြည့်ရတာ မောင့်ဆီ ဖုန်းဆက်တဲ့ မိန်းကလေးတွေကို စပ်စုတာထင်ပါရဲ့။ ဒါနဲ့ ကျွန်မက နံပါတ်မပေးတော့ဘဲ နောက်မှ ပြန်ဆက်ပါ့မယ်လို့ ပြောလိုက်ရတယ်။

နောက်တော့ သူဘယ်မှာရှိနေတယ်ဆိုတာ သိရတာ သိပ်လွယ်လာပါတယ်။ သူ့သီချင်းတွေ ရေဒီယိုက စလွှင့်နေပြီ။ သူ့ ပထမဆုံးသီချင်းကို ရေဒီယိုက ကြားလိုက်ရချိန်မှာ. . . ကျွန်မ ဘယ်လောက် တုန်လှုပ်သွားသလဲဆိုတာ ခုထက်ထိ မှတ်မိနေသေးတယ်။ အဲဒီတုန်းက သမီးငယ်က လသမီးအရွယ်ပဲ ရှိသေးတာ။ ကျွန်မက သမီးကို မုန့်ကျွေးရင်း ရေဒီယိုနားထောင်ရတော့၊ ရုတ်တရက် အဲ(လ)ဗစ္စအသံ ကြားလိုက်ရတယ်။ သူဆိုနေတဲ့ သီချင်းက 'That's All Right (Mama)' သူ့အသံကြားရုံနဲ့ ကျွန်မတစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားပြီး ငိုနေမိတယ်။

မျက်ရည်တွေ တကယ်ပဲ စီးကျလာတယ်၊ သူအောင်မြင်နေတာကို ကျွန်မ မြင်တွေ့ခွင့်မရဘဲ အသံသာ ကြားနေရတယ်လေ။ သူပျော်နေမှာပါ၊ သူ့ စိတ်ကူးယဉ် အိပ်မက်တွေ အကောင်အထည်ပေါ် လာပြီပဲ။ နောက်ထပ် သီချင်းတွေလည်း ကြားရတယ်။ 'Blue Moon' တို့ 'Good Rockin' 'Tonight' တို့ပေါ့။ သတင်းစာတွေကလည်း သူ့အောင်မြင်မှု သတင်းတွေကို တခမ်းတနား ဖော်ပြကြပါတယ်။ မိန်းကလေးတွေ သူ့ကို အရူးအမူး သဘောကျကြတယ်။ သူ အလုပ်များနေတာပဲ ကောင်းပါတယ်။ ဒါမှလည်း သူ ကျွန်မကို သတိရလို့ ရှာချင်ဦးတော့ ရှာဖို့အချိန် မရမှာပေါ့။ ကျွန်မအနေနဲ့ သူ မရှာစေချင်ပါဘူး။ ကျွန်မတို့နှစ်ယောက် ထပ်မတွေ့ကြတာ အကောင်းဆုံးပဲလို့ ယူဆပါတယ်။

* * *

မစ္စတာ ဆီ(လ)ဗာစတိုင်းက စက်တင်ဘာလမှာ ကျွန်မ အရင်အလုပ်ကို ပြန်ပေးပါတယ်။ ဒီတစ်ခါ အလုပ်လုပ်တာက စိတ်ထွက်ပေါက်တစ်ခုအနေနဲ့ လုပ်တာမဟုတ်တော့ဘူး။ ကလေးတွေအတွက် ငွေလိုလို့ အလုပ်လုပ်ရတာပါ။ ဆိုင်မှာ ကျွန်မ ငြိမ်ငြိမ်ပဲနေတယ်၊ ဘယ်ဖုန်းမှ လက်ခံစကားမပြောဘူး။ ဟိုလူကြီးနဲ့ တိုးမှာလည်း စိုးရသေးတယ်။ ဆောင်းဦးပေါက် ရောက်လာခဲ့ပြီ။ ရေဒီယိုက မောင့်သီချင်းတွေ အဆက်မပြတ် ကြားနေရသလို သတင်းစာတွေ၊ စာစောင်တွေကလည်း မောင့်အောင်မြင်မှုတွေကို ဖော်ပြနေကြတယ်။ ဆောင်း

http://www.cherrythitsar.org



နှောင်း တနင်္ဂနွေတစ်ညမှာ ဒဲနစ္စကလေးကို ပန်းခြံထဲခေါ်သွားပြီး ကျွန်မ ထိန်းနေပါတယ်။ သမီးက လမ်းလျှောက်တတ်ခါစဆိုတော့ ပြေးချင်လွှားချင်တယ်။ သမီးကြီးနှစ်ယောက်ကိုတော့ ကလေးထိန်း အီတာလျံအမျိုးသမီးကြီးက ရုပ်ရှင်ပြဖို့ ခေါ်သွားလေရဲ့။

ကျွန်မက သမီးကို 'ဖော်ရှေး' ပန်းခြံဆီ ခေါ်လာခဲ့တာပါ။ သမီးက လျှောက်ပြေးနေတယ်။ လဲကျလိုက်၊ ထပြေးလိုက်နဲ့ပေါ့။ ကျွန်မက မြက်ခင်းပေါ် ထိုင်ပြီး သမီးကိုကြည့်နေတယ်။ သမီးလေး ပျော်နေလိုက်တာ၊ ကျွန်မနဲ့တော့ ပြောင်းပြန်ပေါ့၊ ကျွန်မ ကောင်းကင်ကြီးကို မော့ကြည့်ပြီး မောင်နဲ့ပျော်ခဲ့ရတဲ့ အချိန်တိုကာလကလေးကို တမ်းတနေမိတယ်။ မောင်နဲ့ကျွန်မ မတွေ့ကြတာ တစ်နှစ်တောင်ကျော်ခဲ့ပြီပဲ။ ကျွန်မတို့မြို့ကို သူ တခြားအဖွဲ့တွေနဲ့ လာဆိုသားပဲ။ ကျွန်မက ပွဲတောင်သွားမကြည့်ဘဲ ပုန်းနေရတယ်။ ကလေးနဲ့ပတ်သက်ပြီး သူ သိသွားမှာ စိုးတယ်လေ။ ရုတ်တရက် ကျွန်မမျက်ဝန်းထဲမှာ ကျွန်မဆီကို ဦးတည်လာနေတဲ့ ပုံရိပ်တစ်ခုကို တွေ့လိုက်ရတယ်။ ကျွန်မ ကြောက်လိုက်တာ၊ သမီးကိုခေါ်ဖို့ကြိုးစားတယ်၊ သမီးက ကျွန်မ စနေတယ်အောက်မေ့ပြီး ထွက်ပြေးနေတယ်လေ။ သမီးကို ကျွန်မ ဖမ်းလိုက်ချိန်မှာ. . . . အဲဒီလူက ကျွန်မတို့အနားရောက်နေပြီ။ မောင်ပေါ့. . . .

'ဟဲလို. . . လူစီ' တဲ့။ ကျွန်မ ပါးစပ် အဟောင်းသားနဲ့ မလှုပ်မယှက်ရပ်နေမိတယ်။ မောင့်ရင်ခွင်ထဲ ပြေးဝင်လိုက်ပြီး နမ်းလိုက်ချင်ပါတယ်။ ဒါပေမယ့် မောင်က ဘယ်လို တုံ့ပြန်မယ်ဆိုတာ ကျွန်မ မသိနိုင်ဘူးလေ။

'မောင့်ကိုတွေ့ရတာ ဝမ်းမသာဘူးလား'လို့မေးရင်း သူ့လက်တွေ ဆန့်တန်းလိုက်တော့ ကျွန်မ ဒဲနစ္စကလေးကို အောက်ချပြီး မောင့်ရင်ခွင်ထဲ ပြေးဝင်လိုက်တယ်။ စုံစုံမက်မက် နမ်းကြရင်း ငိုလည်း ငိုဖြစ်တယ်၊ ရယ်လည်း ရယ်ဖြစ်ကြပါတယ်။

'ဘာဖြစ်လို့ မောင့်ကို မယုံတာလဲ၊ မင်းကို မတွေ့တွေ့အောင် မောင် ရှာလိမ့်မယ်ဆိုတာ မတွေးမိဘူးလား'

'ကျွန်မ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မောင် သိမှာ မဟုတ်ပါဘူး'

'မောင်သိတာပေါ့ ကလေးရယ်'

သူ ဘယ့်နှယ်လုပ် သိနိုင်ပါ့မလဲ၊ သူ မသိနိုင်ပါဘူး။ ဒါပေမယ့် သူ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ငြင်းမနေတော့ဘူး။ ကျွန်မ ဖြစ်ခဲ့သမျှကိုလည်း ပြောမနေချင်တော့ပါဘူး။ ကျွန်မတို့နှစ်ယောက်ကြားမှာ မပြောဘဲနဲ့ သိတာတွေ

http://www.cherrythitsar.org



အများကြီးပါ။ တစ်ယောက် ဆွေးဆွေးမြည့်မြည့် ခံစားနေရပြီဆိုရင် တစ်ယောက် က သိတာပဲ။ ဒါကို သူ ရည်ရွယ်ပြီး ပြောပုံရပါတယ်။

'မောင် တစ်ချိန်လုံး ဖုန်းဆက်နေတာ၊ ဘယ်သူကမှ မင်းအကြောင်း မပြောပြကြဘူး၊ ခု မောင် ရှရီဗီပို့(တ)က ပြန်လာတာလေ၊ ကားမောင်းနေရင်း မင်းမျက်နှာကိုပဲ တစ်ချိန်လုံး မြင်နေတော့. . . ဒီနေ့ မင်းကို မောင် တွေ့ရတော့မှာ သေချာတယ်လို့ သိနေတယ်'

သမီးကပြေးလာပြီး ကျွန်မ ခြေထောက်ကိုဖက်ထားတယ်၊ မောင်က ငုံ့လိုက်ပြီး သမီးကို ဆော့ကစားနေတယ်။

'ဒါ မောင့်သမီးလား'

'မဟုတ်ဘူး'

'မောင့်သမီးလေး ဖြစ်လိုက်ပါတော့၊ မောင့်ကို ပြောပါဦး. . . . '

'မောင်ရယ်. . . ဓာတ်ပြားဟောင်းကြီးပါပဲကွယ်၊ နားထောင်ဖို့ မလိုတော့ပါဘူး'

'နားထောင်ချင်တယ်ကွာ၊ ပြောပြပါဦး'

မြက်ခင်းပေါ် ထိုင်လိုက်ကြပြီး အစအဆုံး ပြောပြဖြစ်တယ်၊ ပြောသာ ပြောရတယ် ရင်ထဲက မကောင်းပါဘူး။ သူ့ဘဝက အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်စပြုနေပြီ။ သူ့စိတ်ကူးအိပ်မက်တွေ အကောင်အထည်ပေါ်တော့မယ့် ဒီအချိန်မျိုးမှာ ကျွန်မဘဝန္တံထဲကို ဆွဲမခေါ်ရက်ပါဘူး။

'မောင်ရယ်. . . ကျွန်မကြောင့် မောင့်ဘဝ မပျက်ပါစေနဲ့။ ကျွန်မ အနားမှာ လည်း မနေပါနဲ့တော့၊ မောင့်ကို ကျွန်မ ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ဒါပေမယ့် မောင့်ဘဝလမ်းကြောင်းပေါ်မှာပဲ မောင် ဆက်လျှောက်ပါကွယ်'

'မရှုးစမ်းပါနဲ့ လူစီ၊ မောင်က မင်းကို နှုတ်ဆက်ရုံလောက်နဲ့တော့ ခုလို လိုက်ရှာနေမှာ မဟုတ်ဘူး၊ အဲဒါဆို ရှုးလို့ ဖြစ်မှာပေါ့၊ မောင်တို့နှစ်ယောက် အချစ်က ထာဝရပါကွာ၊ ဘယ်သူ ဖျက်လို့မှ မပျက်နိုင်ဘူးလေ၊ သတိ မရတော့ဘူးလား'

'သတိရပါတယ် မောင်ရယ်. . . ဒါပေမယ့် မောင်က စိတ်များ ပြောင်း သွားပြီလားလို့'

'ဒီလောက် ယုတ်မာလှတဲ့ကောင်ကြီးကို မောင် သတ်ပစ်ချင်တယ်၊ သူ ဘယ်မှာလဲ'

'မလုပ်ပါနဲ့မောင်ရယ်. . . မောင့်အတွက် အန္တရာယ်ရှိလို့ပါ။ မောင့်အသက်

http://www.cherrythitsar.org



က တန်ဖိုးရှိပါတယ်ကွယ်၊ ဒါတွေအားလုံးလည်း ပြီးသွားပြီပဲ၊ ကျွန်မတို့ ဘဝအသစ်စကြရတာပေါ့။ မောင်က အောင်မြင်နေပြီပဲ၊ မောင့်သီချင်းတွေ ရေဒီယိုမှာ ကြားရတယ်၊ သတင်းစာတွေထဲမှာလည်း မောင့်အကြောင်းတွေ ဖတ်ရတယ်'

'မောင်က နေရာအနှံ့ သွားနေရတော့တာပဲ၊ တစ်ခါတလေ ကိုယ် ဘယ်ရောက်နေမှန်းတောင် မသိတော့ဘူး၊ မောင်နဲ့ လိုက်ခဲ့ပါလား'

'လိုက်ချင်တာပေါ့ မောင်ရယ်၊ ဒါပေမယ့် အခုတော့ မလိုက်သေးဘူး၊ မောင့်ပန်းတိုင်ရောက်အောင် မောင် ချီတက်စမ်းပါဦး၊ တစ်နေ့ မောင့်ရည်မှန်းချက်တွေ ပြည့်စုံတဲ့အခါ မောင့်အနားမှာ ကျွန်မ ရှိနေမှာပါ။ အနုပညာခရီးမှာ တစ်တောင်ဆင်း တစ်တောင်တက် ကျော်ဖြတ်ရမယ့် အခက်အခဲတွေက အများကြီးရှိသေးတယ် မဟုတ်လား'

'မောင့်အနားမှာ မင်း အမြဲရှိနေစေချင်တယ် ကလေးရယ်၊ မောင် မိန်းကလေးတွေ အများကြီးတွေ့ပါတယ်။ ဒါပေမယ့် မင်းကို မောင်မမေ့နိုင်ဘူး၊ မိန်းမတွေက သိပ်အညှာလွယ်တယ်၊ တစ်ချိန်လုံး မောင့်ဆီ လာနေကြတာပဲ။ သူတို့ မောင့်ကိုချစ်တယ်ဆိုတာက မောင် သီချင်းဆိုတတ်လို့ပါ။ အဲဒါ မောင် မကြိုက်ဘူး၊ ဒါကြောင့် သတင်းစာတွေထဲမှာပါတဲ့ မောင်နဲ့မိန်းကလေးတွေအကြောင်းဆိုရင် ဘယ်တော့မှ မယုံနဲ့၊ ချစ် တစ်ယောက်တည်းသာ မောင့်ဘဝအမှန်တရားကို နားလည်တဲ့သူပါကွာ'

'ဒါတွေရှင်းပြမနေပါနဲ့ မောင်ရယ်၊ အောင်မြင်လာရင် ဒီလိုပဲပေါ့၊ ဒါမှလည်း မောင် ဖျော်ဖြေမယ့်ပွဲတွေကို လူတွေက လာကြည့်ကြမှာပေါ့။ ဒါက အရေးကြီးတယ်၊ ကျွန်မခံစားရမှာ မောင် မစိုးရိမ်ပါနဲ့၊ ကျွန်မ နားလည်တတ်ပါတယ် မောင်'

'မောင် Hank Snow အဖွဲ့နဲ့ ခရီးရှည် ဖျော်ဖြေပွဲ လိုက်ရမယ်။ တက္ကဆက်(စ)၊ လွီစီယားနားနဲ့ ဖလော်ရီဒါထိရောက်မယ်၊ ပွဲသွင်းတဲ့လူသစ်တစ်ယောက်ကလည်း မောင့်ကို စိတ်ဝင်စားနေတယ်၊ ဗိုလ်မ-းကြီးဟောင်း တစ်ယောက်ပဲ၊ မောင် ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ မောင်က လူအသစ်တွေနဲ့ ခဏခဏ မပေါင်းချင်ဘူးလေ၊ အခု ပွဲသွင်းနေတဲ့ မစ္စတာ နီး(လ)ကလည်း မောင့်အပေါ် ကောင်းထားတာတွေ ရှိသေးတယ်၊ ဘယ်လိုသဘောရသလဲ'

ကျွန်မက မောင့်ကို အဲဒီလူသစ်က အခုလူထက် အောင်မြင်အောင် လုပ်ပေးနိုင်မယ်လို့ ထင်ရင်တော့ လက်တွဲသင့်တာပေါ့လို့ ပြောပြလိုက်တယ်။

'အဲဒါတော့ မောင်လည်း မသိဘူး၊ စကားကတော့ တော်တော်ကို ကြီး

http://www.cherrythitsar.org



ကြီးကျယ်ကျယ် ပြောတတ်တာတော့ အမှန်ပဲ၊ သူက တစ်နှစ်အတွင်းမှာ မောင် ဓာတ်ပြားသွင်းလို့ရအောင် လုပ်ပေးနိုင်တယ်တဲ့၊ တီဗွီရိုက်ခွင့်လည်း ရမယ်၊ ရုပ်ရှင်တောင် ရိုက်နိုင်ဦးမယ်တဲ့ကွာ၊ မောင်က ရုပ်ရှင်တော့ ရိုက်ချင်တယ်'

မောင် ပြောပြသလိုဆိုရင် အခြေအနေက ကောင်းတာပဲ၊ ကျွန်မကလည်း မောင့်ကို အဲဒီလိုဖြစ်စေချင်တာပဲ။

'အဲဒီလိုဆိုရင် လုပ်လိုက်ပေါ့ မောင်ရဲ့၊ ဒီလိုလုပ်တာ မစ္စတာ တော့(ပ) နီး(လ)ကို သစ္စာဖောက်တာမှ မဟုတ်ဘဲ၊ သူလည်း တစ်ခန်းတစ်ကဏ္ဍက ပါနေမှာပဲ မဟုတ်လား'

'ဟုတ်တယ်၊ သူတို့အားလုံး တစ်နည်းနည်းနဲ့ ပါလာမှာပဲ'

'အင်း. . . ဒါဆို မောင်က ဘာစဉ်းစားနေသလဲ၊ မောင် ပိတ်ကားကြီးပေါ်မှာ ချစ်ခန်းကြိုက်ခန်း သရုပ်ဆောင်နေတာ ကျွန်မ ကြည့်ချင်တယ်၊ မောင်က မဲ(မ)ဖစ္စမြို့က El Lancelot အဖြစ် သရုပ်ဆောင်ပေါ့'

ကျွန်မတို့နှစ်ယောက် ရယ်မိကြတယ်၊ မောင်လည်း စိတ်ပေါ့သွားပုံရတယ်။ ဂီတလောကအကြောင်း ကျွန်မ သိပ်မသိပါဘူး၊ တီဗွီဌာနမှာ အဆိုကျော်တွေအကြောင်း၊ မန်နေဂျာတွေအကြောင်း ပြောတာလောက်ပဲ ကြားဖူးတာပါ။

'ဒါပေမယ့် သူနဲ့စာချုပ်ရင် နှစ်အကြာကြီးတော့ မချုပ်နဲ့ပေါ့၊ တစ်နှစ်၊ နှစ်နှစ်လောက်ပဲချုပ်၊ မောင် အောင်မြင်သွားပြီဆိုရင် ကြိုက်တာဆက်လုပ်လို့ရတာပေါ့'

'လူစီ. . . မင်းအခြေအနေကကော ဘယ်လိုလဲ၊ ပိုက်ဆံရှိရဲ့လား'

'အဆင်ပြေပါတယ် မောင်ရဲ့. . . အဲဒီအတွက် စိတ်မပူပါနဲ့'

တကယ်တော့ ကျွန်မ လိမ်လိုက်တာပါ၊ ကျွန်မဘဝ တကယ်ဆို မွဲတေနေလို့ ရုန်းကန်နေရတာ၊ တကယ်လို့ အခြေအနေမှန်ကိုသာ သူ့ကို ပြောပြလိုက်ရင် သူ့ဆီမှာ ပါသမျှ တစ်ပြားမကျန်အောင် ပေးသွားမယ်ဆိုတာ ကျွန်မသိပါတယ်။ အဲဒီနေ့ ညနေခင်းက ပန်းခြံထဲမှာ စကားပြောလိုက်ကြတာ သိပ်မကြာပါဘူး။ အဲ(လ)ဗစ္စက မဲ(မ)ဖစ္စကို ပြန်သွားရဦးမယ်၊ ဟိုမှာ သူ့လူတွေ စောင့်နေကြတယ်တဲ့။ မောင်က ကျွန်မနဲ့ မဲ(မ)ဖစ္စမှာ တွေ့ခွင့်တောင်းပြီး သူဖုန်းဆက်ရင် လက်ခံစကားပြောပါမယ်ဆိုတဲ့ ကတိ တောင်းသွားတယ်၊ မက်မက်မောမော နမ်းလိုက်ကြပြီးတဲ့နောက် သူ ပြန်သွားပါတယ်။

နောက်တစ်ပတ်လောက် ဘာသံမှ မကြားရဘူး၊ တစ်နေ့မှာတော့ ကျွန်မ စတိုးဆိုင်မှာ အလုပ်လုပ်နေတုန်း နှင်းဆီနီ တစ်ဒါဇင် လူတစ်ယောက်လာပေး

http://www.cherrythitsar.org



တယ်၊ ကတ်ပြားလေးတစ်ခုပါတယ်။ "Love forever El Lancelot" အချစ်သည် ထာဝရ အား(လ)လဲ(န)(စ)လော့(တ). . . လို့ ရေးထားတယ်။ နောက်တစ်နေ့မှာ သူ ဖုန်းဆက်တယ်။ တက္ကဆက်(စ)က Lubbock မြို့ကို ရောက်နေတယ်တဲ့၊ သူက နယ်အနှံ့ ဖျော်ဖြေပွဲတွေ လျှောက်ဆိုနေရပြီ။ 'မင်းပြောဖူးတယ်လေ၊ ပရိသတ်ကိုကြည့်ပြီး ကိုယ့်မှာရှိသမျှ ခွန်အား အားလုံးနဲ့ ပေးဆပ်ပါဆိုတာလေ၊ မောင် အခု အဲဒီလို ဖျော်ဖြေနေတယ် ကလေးရေ' တဲ့။

မောင့်ဖုန်းသံကြားရတော့ ကျွန်မ စိတ်တက်ကြွရတယ်၊ ကျွန်မဘဝက တော့ လမ်းဘေးမှာပါ။ ဒါပေမယ့် သူက သူ့အောင်မြင်မှုတွေ မျှဝေခံစားစေတဲ့ အတွက် စိတ်ချမ်းမြေ့ရပါတယ်။ နောက်ဆုံးမှာ ကျွန်မ အိမ်ဖုန်းနံပါတ် သူ့ကို ပေးလို့ ရသွားပြီဆိုတော့ သူ မကြာခဏ ဆက်သွယ်နိုင်တာပေါ့။ ရောက်လေရာ မြို့ကနေ ဖုန်းဆက်ပြီး ကျွန်မကို ဘယ်လောက်ချစ်ကြောင်းနဲ့ နောက်ထပ် တွေ့ ခွင့်မရမှာ ဘယ်လောက်စိတ်ပူကြောင်းတွေ ပြောပြပါတယ်။ တီဗွီဌာနမှာ ကျွန်မ တစ်ပတ်ကို တစ်ကြိမ်လောက် အလုပ်ပြန်ရအောင် ကြိုးစားရာမှာ အောင်မြင်သွား တဲ့အတွက် သီချင်းဆိုတာနဲ့ ကုန်ပစ္စည်းကြော်ငြာရိုက်တာလေးတွ လုပ်ခွင့်ရလာ လို့ ငွေရေးကြေးရေး နည်းနည်းပြေလည်လာတာပေါ့။ တီဗွီမှာ သီချင်းဆိုခွင့် ရလာတော့ ဓာတ်ပြားထုတ်ခွင့် ရလေမလားလို့ မျှော်လင့်မိသေးတယ်။ ဒါပေမယ့် ဓာတ်ပြားထုတ်ခွင့်ရဖို့ဆိုတာ သိပ်ကို ခဲယဉ်းပါတယ်။

၁၉၅၅ ခုနှစ် ဩဂုတ်လမှာ ဆီ(လ)ဗာစတိန်း စတိုးဆိုင်က ဆောင်းရာသီ အတွက် သားမွေးတွေ အထူးရောင်းဖို့ စီစဉ်ပါတယ်။ အဲဒီတုန်းက မင်းသမီး 'ဂလိုရီယာဒွမ်းဆွန်' က ဖက်ရှင်လိုင်းမှာ နာမည်ရနေတဲ့ အချိန်ဆိုတော့ ကျွန်မ တို့ စတိုးဆိုင်ကလည်း ဒီမင်းသမီးနဲ့ကြော်ငြာဖို့ စီစဉ်ပါတယ်။ မင်းသမီးကလည်း သူဝတ်ဖို့ အင်္ကျီဒီဇိုင်းအတွက် ပြင်သစ်နိုင်ငံက နာမည်ကြီး ဒီဇိုင်းဆရာမ 'ဂါဘ ရီရယ်(လ)ရှေနယ်(လ)' ကို ခေါ်လာခဲ့ပါတယ်။ တစ်နေ့ ကျွန်မက မှန်ခန်းထဲ မှာ ပြထားမယ့် အရုပ်တစ်ရုပ်ကို အဝတ်ဝတ်ပေးနေတုန်း ဝန်ထမ်းတစ်ယောက်က ကျွန်မကို သူဌေးက ခေါ်နေတယ်လို့ လာအကြောင်းကြားတယ်။

ကျွန်မတို့သူဌေးက 'ဒေး(ဗ)ဆီ(လ)ဗာစတိန်း' ပါ။ အရပ်ပုပု၊ ထိပ် ပြောင်ပြောင်၊ အားသွန်ခွန်စိုက် အလုပ်လုပ်တတ်ပြီး ဆေးပြင်းလိပ် တစ်လိပ် အမြဲ ခဲထားတတ်တယ်။ ဝတ်တဲ့နေရာမှာတော့ အကောင်းဆုံး ပိုးထည်တွေပဲ ဝတ်လေ့ရှိပါတယ်။ သူက ဝန်ထမ်း တော်တော်များများနဲ့ အဆင်မပြေပေမယ့် ကျွန်မနဲ့တော့ ပြေလည်ပါတယ်။ ဒါပေမယ့် ဘာကြောင့် သူ့ရုံးခန်းကို ခေါ်ရ

http://www.cherrythitsar.org



တာလဲလို့ တွေးနေမိတာပေါ့။

ရုံးခန်းထဲ ဝင်သွားတော့ သူက နှုတ်ဆက်ပြီး ထိုင်ခိုင်းတယ်။ ဒီဆောင်းတွင်းမှာ သားမွေးထည်တွေ အရောင်းသွက်ဖို့ အရေးကြီးကြောင်း ပြောပြတယ်။ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်မကို ဘာကြောင့် ဒါတွေ ပြောနေတာပါလိမ့်၊ သူက ဖွင့်ပွဲနေ့မှာ လူကြီးလူကောင်း အားလုံးနီးပါး လာဖို့အစီအစဉ်ရှိကြောင်း၊ ဘုရင်ခံဟောင်း 'နိုး' တို့၊ နယူးယောက်က 'ဂျက်ဒင်(မ)ဆီ' တို့တောင် ပါမှာဖြစ်တဲ့အကြောင်း ပြောပြန်တယ်။ ကျွန်မက သိသယောင်ယောင်နဲ့ နားထောင်နေရတယ်။ စိတ်ထဲမှာတော့ ဂျက်ဒင်(မ)ဆီ ဆိုတာ ဒီဇိုင်းဆရာ တစ်ယောက်ပဲ အောက်မေ့နေတာ။ တွေ့တော့လည်း ဟင်း. . . ဒီ ဒီဇိုင်းဆရာကလည်း ကြီးကြီးထွားထွားကြီးပါလားလို့ အောက်မေ့နေသေးတယ်၊ နောက်တော့မှ သူဟာ ကမ္ဘာ့လက်ဝှေ့ချန်ပီယံမှန်း သိရပါတယ်။

'လူစီ. . မင်း ပြင်သစ်စကား ကောင်းကောင်းပြောတတ်တယ် မဟုတ်လား၊ မင်း လမ်းဟိုဘက်ဆိုင်က လူတစ်ယောက်နဲ့ ပြင်သစ်လို ပြောပြောနေတာ သတိထားမိတယ်၊ တို့က မစ္စရှေနယ်(လ)အတွက် ပြင်သစ်စကားပြောနိုင်မယ့် စကားပြန်တစ်ယောက် လိုနေလို့'

ကျွန်မက ဝမ်းမြောက်စွာနဲ့ လက်ခံလိုက်တယ်။ သူပြောတဲ့ လမ်းဟိုဘက်ကလူဆိုတာ 'ဆဲ(မ)ရူဘင်' ကို ပြောတာပါ။ သူက အသက်တော်တော်ကြီးပါပြီ။ ရတနာရောင်းတဲ့ စတိုးဆိုင်တစ်ခု ပိုင်ရှင်ပါ။ သူက ပြင်သစ်မှာ ပညာသင်ခဲ့တာဆိုတော့ ကျွန်မနဲ့တွေ့ရင် ပြင်သစ်လို စကားပြောလေ့ရှိပါတယ်။ မစ္စတာဆီ(လ)ဗာစတိန်း ပြောစရာစကားကုန်ပြီ အောက်မေ့လို့ ပြန်ဖို့ ကျွန်မ ထလိုက်တော့ ထိုင်ပါဦး၊ စကားပြောစရာ ရှိလို့ပါဆိုတာနဲ့ ဆက်ထိုင်ရတယ်။

'ဒီပွဲမှာ လူစုံမယ်၊ အလှ္တာပေါင်းစုံက လာကြမယ်'

သူ စကားဆက်တော့ ကျွန်မက အဲဒီလူတွေနဲ့ ကျွန်မကို မိတ်ဆက်မပေးဖို့ မေတ္တာရပ်ခံပါတယ်။

'လူစီ. . . ကိုယ် ကိုယ်ရေးကိုယ်တာတစ်ခု မေးရမလား'

'မမေးပါနဲ့ရှင်'

'မင်း ဘာကြောင့် ပတ်ဝန်းကျင်နဲ့ ရောရောနှောနှော မနေတာလဲဟင်၊ အထူးသဖြင့် မင်းကို စိတ်ဝင်စားတဲ့ လူဆိုရင် မင်း ပိုရှောင်တတ်တယ်'

'ကျွန်မ စိတ်မဝင်စားလို့ပါ'

'မင်း အဆိုကျော်တစ်ယောက်ကို ချစ်နေတယ်ဆိုတာ ကိုယ်သိပါတယ်၊

http://www.cherrythitsar.org



ဒါပေမယ့် ဒီလိုကောင်တွေက အတည်ကြံတဲ့ကောင်တွေ မဟုတ်ဘူး လူစီ'

ကျွန်မ ပါးစပ်ပိတ်နေမိတယ်။ မောင်နဲ့ကျွန်မအကြောင်း သူက ဘယ်လို သိသွားတာလဲ၊ ကျွန်မ ဘယ်သူ့ကိုမှ အသိမပေးခဲ့ပါဘူး။ ယုတ်စွအဆုံး ကျွန်မ သူငယ်ချင်းတွေတောင် မသိကြပါဘူး။ သူ သိနေတယ်ဆိုတော့ ဒီမြို့မှာ အခြား ဘယ်နှယောက် သိနေကြသေးလဲ။

'သူက အဲဒီလို လူစားမျိုး မဟုတ်ပါဘူး' ကျွန်မက မောင့်ဘက်က ကာကွယ်လိုက်တယ်၊ 'ပြီးတော့ ကျွန်မနဲ့သူလည်း မတွေ့တာ ကြာလှပြီ၊ သာမန် သူငယ်ချင်းတွေပါ၊ ကျွန်မဘဝက ရှုပ်ထွေးပါတယ်'

'မင်း ကွာရှင်းပြတ်စဲတဲ့ကိစ္စက ပြီးသွားပြီလား'

'ကျွန်မ တရားရုံးစရိတ် မတတ်နိုင်လို့ မပြီးသေးပါဘူး'

မစ္စတာ ဆီ(လ)ဗာစတိန်းက အဲဒီကိစ္စအတွက် လိုသလောက်ငွေ သူ ချေးမယ်လို့ဆိုပေမယ့် ကျွန်မက ငြင်းလိုက်ပါတယ်။ ကျွန်မ ဘယ်သူ့ဆီကမှ ဘာမှ မလိုချင်ပါဘူး။

'လူစီ. . . ကောင်မလေး. . . သေသေချာချာနားထောင်၊ ဒီပွဲမှာ လူတစ် ယောက်လာမယ်၊ အဲဒီလူက တီဗွီမှာ မင်း က,တာမြင်ဖူးတယ်၊ ဆိုင်မှာ လုပ်နေ တာလည်း မြင်ဖူးတယ်၊ သူက မင်းကို ချစ်နေတာကြာပြီ၊ အဲဒါ လက်ထပ်ချင် တယ်တဲ့၊ သူက စက်ရုံကြီးတစ်ခု ပိုင်တဲ့သူဌေးပဲ။ မင်းလိုတဲ့ပိုက်ဆံအားလုံး သူ ကူညီနိုင်လိမ့်မယ်၊ သူက မင်းနဲ့ မိတ်ဆက်ပေးပါလို့ ကိုယ့်ကို မေတ္တာရပ်ခံ ထားတယ်'

ကျွန်မ စိတ်ငြိမ်သွားအောင် မနည်းကြိုးစားရတယ်။ ဒါမျိုး တစ်ကြိမ် ကြုံခဲ့ဖူးပြီ မဟုတ်လား။ ကျွန်မ မသိတဲ့ တစ်စုံတစ်ယောက်က အဝေးကနေ ကျွန်မကို အကဲခတ်ကြည့်နေပြီး လက်ထပ်ချင်ပါသတဲ့။ ပြီးတော့ သူကိုယ်တိုင် လာမပြောဘဲ ကျွန်မ မလွန်ဆန်နိုင်မယ့်သူကို သွားပြောတယ်။ ချမ်းသာတယ်ဆို တဲ့ စကားတစ်ခွန်းတည်းနဲ့ လက်ခံချင်စရာပေါ့။ သူလည်း ဟိုလူကြီးလိုပဲ ကျွန်မကို ဝယ်ဦးမယ်ပေါ့။ ကျွန်မ မယုံနိုင်ဘူး၊ ယောကျ်ားတွေက ဘာဖြစ်လို့ အဲဒီလို လုပ်ကြတာလဲ။ မိန်းမတွေ လိုချင်တာက အချစ်ခံဖို့ပါ။ ပိုင်ဆိုင်ချင်တာ မဟုတ်ဘူးဆိုတာ သူတို့ နားမလည်ကြလေရော့သလား။ 'ပိုင်ဆိုင်မှု' ကို ကျွန်မ တစ်ကြိမ်ခံရပြီးပြီ၊ တော်ပါပြီ။ သူဟာ သူဌေးကြီး ရော့(က)ဖဲလား ဖြစ်ပါစေ ဦးတော့၊ မောင်ပေးတဲ့အချစ်နဲ့ သူ့ငွေတွေနဲ့ မလဲနိုင်ပါဘူး။ ကျွန်မ ရင်ထဲရှိတာ တွေ ပြောတော့မယ်ဆိုပြီး မတ်တတ်ရပ်လိုက်ပြီးမှ အိမ်မှာရှိနေတဲ့ ပါးစပ်သုံး

http://www.cherrythitsar.org



ပေါက်ကို သတိရလိုက်လို့ ထိန်းလိုက်ရတယ်။

'ခုလို ဂရုစိုက်တာ ကျေးဇူးအများကြီးတင်ပါတယ်'

ကျွန်မ မိတ်မပျက်စေမယ့် သံတမန်နည်းကို သုံးရတယ်။

'ကျွန်မအတွက် ကူညီစဉ်းစားပေးတဲ့အတွက်လည်း ဝမ်းသာပါတယ်၊ ဒါပေမယ့် ကျွန်မ ချက်ချင်း အဖြေမပေးပါရစေနဲ့၊ ကျွန်မ ခံစားရတဲ့ ဒဏ်ရာဒဏ်ချက်တွေ ကျက်အောင်လို့ အချိန်ယူပါရစေဦး'

'အေး. . . အေး. . . သိပ်တော့ အချိန်မယူနဲ့ပေါ့လေ၊ မင်းက လှလွန်းတော့ တစ်ယောက်တည်း ရေရှည်မနေသင့်ဘူး'

ကျွန်မ သူနဲ့ ဖက်ပြိုင် ငြင်းနေချင်စိတ် မရှိတော့ပါဘူး။ သူက ကျွန်မ ဘဝအကြောင်း ဘယ်လောက် နားလည်မှာလဲ။ သူက နေရာမှ ထပြီး ရုံးခန်းပေါက်ဝအထိ လိုက်ပို့တယ်။ အပေါက်ဝရောက်တော့ 'သူလည်း ဒီမြို့ကိုလာမယ်ဆိုတာ မင်း သိပြီးသား မဟုတ်လား' တဲ့။

'ဘယ်သူလဲ'

'မင်းရဲ့ အဆိုကျော်လေ၊ အေး. . . တစ်ခုတော့ ပြောထားပါရစေ၊ ဒီကောင်က မင်း တစ်စုံတစ်ရာထိခိုက်အောင် လုပ်မယ်ဆိုရင်တော့ ပုန်းစရာနေရာ မရှိတော့ဘူးသာ မှတ်ပေတော့လို့'

မောင်နဲ့ပတ်သက်ရင် ဘာကြောင့် အားလုံးက သဝန်တိုနေကြတာလဲ။ မစ္စတာဆီ(လ)ဗာစတိန်းက ကျွန်မပခုံးကိုဖက်လိုက်ပြီး အားလုံး အဆင်ပြေသွားမှာပါလို့ ဆိုတယ်။ သူ့ရုံးခန်းက ထွက်လာတော့ ကျွန်မ စိတ်ရှုပ်တာနဲ့ ဒေါသထွက်တာ ရောထွေးနေတယ်။ မောင်နဲ့ ပတ်သက်ပြီးတော့လည်း စဉ်းစားနေမိတယ်။ မောင် ရောက်နေပြီလား၊ ဆိုင်တံခါးတွေ ပိတ်ပြီး ခပ်သုတ်သုတ်ထွက်လိုက်တယ်။ ဆိုင်ရဲ့ ဒုတိယတံခါးပေါက်ဝက ကွေ့ပြီးအထွက်မှာ လူတစ်ယောက် ရပ်နေတာ တွေ့လိုက်ရတယ်။ မောင်. . .၊ သူ့လက်ထဲမှာ ခပ်နွမ်းနွမ်း နှင်းဆီနီလေးတစ်ပွင့် ကိုင်ထားတယ်။

□

http://www.cherrythitsar.org



# အခန်း(၇)

ဩဂုတ်လ ၁၉၅၅

'ကိုယ့်ကို မင်းနဲ့အတူ လမ်းလျှောက်ခွင့်ပြုပါလား'

လမ်းလျှောက်ဖို့ စိတ်ကူးရလိုက်တာ ကောင်းပါတယ်။ ကျွန်မအနေနဲ့ ဒီပတ်ဝန်းကျင်မှာ မောင်နဲ့ကျွန်မ နှစ်ယောက်တွဲရှိနေတာကို ဘယ်သူမှ မမြင်စေချင်ပါဘူး။ လမ်းဖြတ်ကူးလိုက်ချိန်မှာ ကျွန်မမိတ်ဆွေ ရတနာကုန်သည် မစ္စတာ ရှူဘင်နဲ့ တိုက်မိမလိုဖြစ်သွားတော့ သူက ကျွန်မနဲ့ အဲ(လ)ဗစ္စကို ကြည့်လိုက်ပြီး သဘောကျတဲ့အနေနဲ့ ပြုံးတယ်။ ကျွန်မက အင်အားချည့်နဲ့စွာနဲ့ ပြန်ပြုံးပြလိုက်ပြီး ခပ်သုတ်သုတ်ပဲ လျှောက်လာလိုက်ပါတယ်။

'မောင် ချစ်တယ်' လမ်းချိုးကလေးတစ်ခုကို ကွေ့လိုက်ချိန်မှာ သူက ပြောပါတယ်။

'မောင်က သိပ်ခက်တာပဲ၊ ဖုန်းအရင်ဆက်ဖို့ ကောင်းတာပေါ့'

'ဒီလို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ ချစ် မျက်နှာကလေး ဝင်းလက်သွားတာကို မောင် မြင်ခွင့်ရတာပေါ့'

'ပျော်သွားတာ ဟုတ်ပါလိမ့်မယ် အားကြီး၊ ကြောက်သွားတာရှင့်' ကျွန်မက ကျေနပ်တာကိုပဲ မကျေနပ်ချင်ယောင်ဆောင်ပြီး မောင့်ကို ပြောလိုက်မိတယ်။

'လာစမ်းပါကွာ၊ မောင် အခန်းတစ်ခန်း ယူထားတယ်၊ ဒီမှာ ခဏနေရဦးမယ်၊ မောင် သီချင်းဆိုရမယ်လေ'

မောင်ယူထားတဲ့အခန်းက ဟိုတယ်ဟောင်းတစ်ခုမှာပါ။ ကျွန်မအလုပ်လုပ်တဲ့ စတိုးဆိုင်နဲ့ သိပ်မဝေးလှဘူး။ ခုတွေ့ ခုချက်ချင်းကြီး အခန်းထဲဝင်လိုက်သွားရမယ့် အစီအစဉ်ကို ကျွန်မ မကြိုက်ပါဘူး။ ဒါပေမယ့် လူမြင်ကွင်းကနေ ကျွန်မတို့ အမြန်ဆုံးပုန်းနိုင်ဖို့ လိုတယ်မဟုတ်လား။ အတူတူလျှောက်လာရင်းက သူက နောက်ချန်လျှောက်ပြန်တယ်။

http://www.cherrythitsar.org



'မောင့်ရည်းစား ဘယ်လောက်လှတယ်ဆိုတာ နောက်ကနေ ကြည့်ချင်လို့' တဲ့။ ဒါ သက်သက် ကျွန်မကို ချွဲတာပဲ။

တစ်ညနေလုံး အခန်းထဲမှာပဲ တစ်ယောက်ရင်ခွင် တစ်ယောက်တိုးဝင်ရင်း နေခဲ့ကြရာက သူက ခုတင်ပေါ်ကနေ ခုန်ဆင်းလိုက်ပြီး 'မောင်တို့နှစ်ယောက် အတူတူ ရုပ်ရှင်တစ်ခါမှ မကြည့်ဖူးသေးဘူး၊ ဘရန်ဒိုရုပ်ရှင်ကား ပြနေတယ်၊ သွားကြည့်ရအောင်' တဲ့။

ကျွန်မတို့နှစ်ယောက် အဝတ်လဲလိုက်ကြပြီး ဟိုတယ်ကနေ ဘလောက်တစ်ဝက်လောက်ဝေးတဲ့ 'ပါရာမောင့်' ရုပ်ရှင်ရုံကို လျှောက်လာခဲ့ကြပါတယ်။ ဒီရုံမှာ မောင် သိပ်သဘောကျတဲ့ ရုပ်ရှင်မင်းသား မာလွန်ဘရန်ဒို သရုပ်ဆောင်ထားတဲ့ 'ဒီဇိုင်းယားရီး' ဆိုတဲ့ ရုပ်ရှင်ကား ပြနေပါတယ်။ ဒီကားမှာ ဂျီး(န)ဆိုင်မွန်က ဒီဇိုင်းယားရီးအဖြစ် သရုပ်ဆောင်တာပေါ့။ ရုပ်ရှင်ဇာတ်လမ်းက ကျွန်မတို့ အကြောင်းများ ရိုက်ထားသလားလို့ အောက်မေ့ရလောက်အောင် တိုက်ဆိုင်လွန်းလှပါတယ်။ ဒီဇိုင်းယားရီးဆိုတဲ့ မိန်းကလေးက စစ်ဘုရင် နပိုလီယံဘိုနာပတ်ရဲ့ ပျောက်ဆုံးသွားတဲ့ ချစ်သူကလေးပါ။ နပိုလီယံရဲ့ ကြီးမားလှတဲ့ ရည်ရွယ်ချက်က ချစ်သူနှစ်ဦးကို ကွဲကွာသွားစေခဲ့ပေမယ့် သူတို့နှစ်ယောက်ရဲ့ အချစ်ကတော့ ရင်ထဲမှာ ရှင်သန်နေခဲ့ပါတယ်။ ဒီရုပ်ရှင်ကားက ကျွန်မတို့နှစ်ယောက်အတွက် ခံစားမှုအပြည့်အဝ ပေးခဲ့ပါတယ်။ အထူးသဖြင့် ချစ်ခန်း၊ ကြိုက်ခန်းတွေမှာ တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ထားမိကြတယ်။ မောင်ကတော့ ကျွန်မ လက်ကို ညှစ်ထားတယ်။ ရုပ်ရှင်နဲ့ပတ်သက်လို့ နောက်ခံရာဇဝင်ကအစ ဝတ်စားဆင်ယင်မှုအထိ မောင်က တတွတ်တွတ် ဝေဖန်ပြောပြနေတယ်။

'မောင့်ကို မာလင်ဘရန်ဒိုနဲ့တူတယ်လို့ မထင်မိဘူးလား'

'ဟင့်အင်း. . . မောင်က အဲ(လ)ဗစ္စပရက်စလေနဲ့ပဲ တူတယ်'

'မောင် အဲဒီလို သရုပ်ဆောင်တတ်ချင်လိုက်တာ'

'မောင် သရုပ်ဆောင်နိုင်မယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်'

ကျွန်မ တီးတိုးပြောလိုက်မိတယ်။

'ပြီးတော့ မောင်က ဘရန်ဒိုထက်တောင် သာသေးတယ်၊ သူက သီချင်းမှ မဆိုတတ်ဘဲ'

ကျွန်မစကားကြားရတော့ မောင် တော်တော် သဘောကျသွားတယ်။

ရုပ်ရှင်ပြီးသွားတော့ မောင်က 'လူစီ. . . သူက ကောင်မလေးကို ဘယ်လောက်ချစ်တယ်ဆိုတာတွေ့လား၊ မောင့်အချစ်ကလည်း ဒီလိုပဲ၊ ချစ်က မောင့်ရဲ့

http://www.cherrythitsar.org



ထာဝရ 'ဒီဇိုင်းယားရီး'ကလေး ဖြစ်စေရမယ်၊ နပိုလီယံဟာ သူ့ချစ်သူကို လက်လွှတ်ဆုံးရှုံးခံလိုက်ရတာ ရှူးလို့၊ သူ့လိုအမှားမျိုး မောင် ဘယ်တော့မှ မမှားစေရဘူး၊ မောင် ကတိပေးပါတယ်' တဲ့။

နောက်တစ်နေ့ညမှာ စင်ပေါ်မှာ မောင် သီဆိုဖျော်ဖြေတာကို ကျွန်မ ပထမဆုံးအကြိမ် ကြည့်ခွင့်ရပါတယ်။ အီးဂဲ(လ)နက်(စ)မှာ သူဆိုတာ တွေ့ရပြီးတဲ့နောက် နှစ်နှစ်ကြာမှ ပြန်ကြည့်ခွင့်ရတာပဲပေါ့။ ပွဲခင်းထဲကို ကျွန်မ ခပ်စောစောပဲ ရောက်ခဲ့ပြီး ရှေ့ဆုံးတန်းမှာ နေရာယူလိုက်ပါတယ်။ မောင့် လှုပ်ရှားမှုတွေက တကယ်ပဲ စမတ်ကျပါတယ်။ သူ့ ဖျော်ဖြေမှုက လူတော်တော်များများကို ဆွဲဆောင်နိုင်စွမ်းရှိတယ်။ ပြောရရင် တစ်မြို့လုံးပဲ ဆိုပါစို့။ ဖျော်ဖြေပွဲမှာ တခြားအစီအစဉ်တွေလည်း ပါတယ်။ ဒါပေမယ့် ပွဲလာတဲ့သူအားလုံးကတော့ မောင် သီဆိုတာကိုကြည့်ဖို့ အဓိကထား လာခဲ့ကြတာပါ။ မောင် စင်ပေါ်တက်လာတာနဲ့ ကျွန်မဘေးက မိန်းကလေးတစ်ယောက် ငယ်သံပါအောင် ထအော်လိုက်တာ တစ်စုံတစ်ယောက် အသတ်ခံရတာကို မြင်လိုက်ရလို့များလားလို့တောင် အောက်မေ့မိပါရဲ့။ အဲဒီကအစ ပရိသတ်အားလုံး ထိန်းမနိုင်သိမ်းမရ အော်ကြတော့တာပဲ။ ကျွန်မတစ်သက်မှာ မိန်းမကြီးတွေ၊ မိန်းမပျိုတွေ ဒီလို မိုက်မိုက်မဲမဲ ပြုမူအော်ဟစ်တာမျိုး ဒီတစ်ခါပဲ တွေ့ဖူးပါတယ်။ ခုန်ကြ၊ ပေါက်ကြ၊ အော်ကြ၊ ဟစ်ကြနဲ့ ရင်ကွဲထွက်မလား အောက်မေ့ရတယ်။ ဒီလိုအားပေးခံရမှတော့ သူ့အောင်မြင်မှု ခိုင်မာတော့မယ်ဆိုတာ သေချာသွားပါတယ်။ ကျွန်မ သဝန်ကြောင်တဲ့စိတ် မဖြစ်မိပါဘူး။ မောင်နဲ့ သိကျွမ်းရတဲ့အတွက် ဂုဏ်ယူမိတာပဲ ရှိတယ်။

စင်ပေါ်တက်လာလာချင်း မောင်က ကျွန်မကို မျက်စိကစားပြီး လျှောက်ရှာတယ်။ကျွန်မကိုတွေ့သွားတော့ သူသီဆိုနေသမျှအားလုံးဟာ ကျွန်မအတွက်ချည်း ရည်ရွယ်နေသလိုပါပဲ။ အော်ဟစ်အားပေးနေကြတဲ့ကြားက ကြားရတဲ့ မောင့်အသံဟာ အရင်ကြားဖူးတာထက် ကောင်းလာတယ်။ အတွေ့အကြုံလည်း ပိုရှိလာတယ်။ လှုပ်ရှားမှုတွေကလည်း ကြည့်လို့ကောင်းတယ်။ သဘောမကျတာဆိုလို့ သူဝတ်ထားတဲ့ ဝတ်စုံပဲ ပြောစရာရှိတယ်။ ဆာတင်အစအနက်ကို အင်္ကျီချုပ်ဝတ်ထားပြီး ကော်လာရဲ့ ရှေ့မှာ ရွှေချည်နဲ့ ပန်းထိုးထားတယ်။ ရွှေကြယ်သီးတွေတပ်ထားတယ်။ ဘက်ဂီဘောင်းဘီအနက်၊ ရှူးဖိနပ်က အဖြူနဲ့အနက် နှစ်ရောင်စပ်၊ သူက သီချင်းသုံးလေးပုဒ်ပဲ ဆိုပါတယ်။ သူဆင်းသွားတော့ နောက်ထပ်ဆိုဖို့ ပရိသတ်က ပွဲတောင်းတုန်းပဲ။ ဘာသီချင်းတွေ ဆိုသွားသလဲဆိုတာတော့ ကျွန်မ မမှတ်မိတော့ပါဘူး။ ပွဲက စိတ်လှုပ်ရှားစရာ ကောင်းလွန်းလို့ပါပဲ။

http://www.cherrythitsar.org



ပွဲပြီးရင် ဖော်ရွေးပန်းခြံမှာ ဆုံကြဖို့ ချိန်းထားပြီးသား။ အမှောင်ထဲမှာ ကျွန်မစောင့်နေမိတယ်။ တစ်ယောက်တည်းစောင့်ရင်း သူ လာမှလာပါ့မလားလို့ တွေးပူနေမိသေးတယ်။ တစ်စုံတစ်ယောက်က ကျွန်မပခုံးကို ဆုပ်ကိုင်လိုက်ပါတယ်။ ကျွန်မ တုန်သွားတာပေါ့။ မောင့်ကို မမြင်ရခင်မှာဘဲ ရယ်သံကြားလိုက်ရတယ်။ လန့်အောင် လုပ်တဲ့အတွက် မောင့်ကို အပြစ်တင်မိပါရဲ့။

'ဘယ့်နှယ်လဲ'

'မောင်ဟာ တကယ့်ကို အောင်မြင်နေပါပြီကွာ၊ မိန်းမတွေ ဘာကြောင့်များ ဒါလောက် အော်ကြတာလဲဆိုတာ ကျွန်မ စဉ်းစားလို့မရဘူး'

'အဲဒီ အော်သံတွေဟာ မောင့်အတွက် အားဆေးပဲပေါ့'

'အော်ကြစမ်းပါစေနော်၊ မောင့်အသားကိုသာ လာမထိကြပါစေနဲ့'

'ဒါကတော့ ဟောဒီ အချစ်အတွက် သီးသန့်ပေါ့'

မောင်က ကျွန်မကို ဖက်လိုက်ပါတယ်။

'မောင် သီချင်းဆိုတာ ဘယ့်နှယ်နေသလဲ'

'ပိုပြီး ကောင်းလာတယ်၊ ကျွန်မဖြင့် ဒီလောက်ကောင်းလာတာကို ယုံတောင် မယုံနိုင်ဘူး'

'မောင် သီချင်းဆိုတဲ့ဟန်တွေက လှုပ်လှုပ်ခတ်ခတ် ဖြစ်နေလွန်းသလား၊ နည်းနည်းငြိမ်ဖို့ လိုမလား'

'ဟင့်အင်း. . . ဒီပုံစံအတိုင်းပဲ ဆက်လုပ် မောင်၊ ဒီလိုလှုပ်လို့ သူတို့အော်ကြတာပေါ့'

'မိတ်ကပ် သတိထားမိသေးလား'

'အိုင်းလိုင်နာ ဆွဲထားတာလား၊ အဲဒါ ဘယ်သူက အကြံပေးလိုက်တာလဲ'

'ဇာတ်ခုံတွေပေါ်မှာ တချို့ သရုပ်ဆောင်တွေ ဆွဲထားတာ မောင် မြင်ဖူးတယ်၊ ကောင်းတယ်မဟုတ်လား၊ မာလွန်ဘရန်ဒိုလည်း မိတ်ကပ်လိမ်းတာပဲ၊ သူ မိန်းမလျာမဟုတ်ပါဘူး'

'အင်းလေ. . . သူ မိန်းမလျာမဟုတ်ပါဘူး မောင်ရဲ့'

'မောင့်ဆံပင်ပုံစံရော၊ ဆံပင်က ရှည်ပြီး ပျော့နေတော့ မျက်နှာပေါ် ဝဲဝဲကျနေတယ်ကွာ၊ ကောက်လိုက်ရင် ကောင်းမယ် မထင်ဘူးလား'

'ဒီပုံစံ ကောင်းပါတယ်မောင်ရဲ့၊ ကောက်လိုက်မှ ရှုပ်ကုန်လိမ့်မယ်၊ ဆံစလေးတွေနဖူးပေါ် ဝဲကျလာတာ ကြည့်လို့ကောင်းတယ်၊ ကျွန်မ ရင်ခုန်တယ်'

http://www.cherrythitsar.org



'မောင်က ခေါင်းကိုခါယမ်းလိုက်တော့ ဆံစလေးတွေ ဝဲကျလာတယ်၊ 'ဒါမျိုးလား' လို့မေးရင်း ကျွန်မကို ဖက်ပြီး နမ်းလိုက်တယ်၊ မောင်က ရှေ့မှာ ဘာဆက်ဖြစ်လာမယ်ဆိုတာ ခန့်မှန်းလို့မရပေမယ့် ကောင်းဖို့အလားအလာတော့ ရှိနေပြီ။ 'အဲဒီကာနယ်ကြီးက မောင့်ကို နည်းမျိုးစုံနဲ့ တင်နေတာပဲ၊ ဘာတွေ ဖြစ်လာမလဲတော့ မသိဘူး၊ ဘာတွေပဲဖြစ်ဖြစ် မောင့်ကို မမေ့လိုက်ပါနဲ့ လူစီ၊ မောင် သွားရရင်လည်း ခဏပေါ့၊ ပြီးရင် ပြန်လာမှာပဲ၊ ခုလည်း သွားရဦးမယ် ကလေးရေ၊ မောင်တို့ အာကင်(န)ဆပ်(စ) ကို သွားရဦးမယ်၊ ဒီလိုသာ တစ်ည လုံး နေခွင့်ရရင် ဘယ်လောက်ကောင်းမလဲ'

နောက်ခြောက်လအတွင်းမှာတော့ သူ ဖုန်းဆက်တာ ကျဲသွားတယ်။ သူ အလုပ်ရှုပ်နေတယ်။ ကာနယ်ကြီးက သူ့အောင်မြင်မှုအတွက် အစွမ်းကုန် တွန်းပို့နေတယ်လေ၊ သတင်းစာထဲမှာ မောင် RCA ဓာတ်ပြားကုမ္ပဏီနဲ့ စာချုပ် လိုက်တဲ့အကြောင်းနဲ့ ငွေတော်တော်များများ ရလိုက်ကြောင်း ဖတ်လိုက်ရပါ တယ်။ နောက်တစ်လလောက်အကြာ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလလောက်မှာ 'နပ်(ရှ)ဗီး(လ)' ကနေ မောင် ဖုန်းဆက်တယ်။ RCA အတွက် ပထမဆုံးဓာတ် ပြား စသွင်းတော့မယ်တဲ့။ ကာနယ်ကြီးက မောင့်ကို တီဗွီမှာလည်း သီချင်းဆိုဖို့ စီစဉ်နေသတဲ့။ နောက်တစ်လလောက်ကြာတော့ မောင် ဖုန်းဆက်ပြန်တယ်၊ ကာနယ်ပတ်ကားနဲ့ လက်တွဲအလုပ်လုပ်ဖို့ သူ သဘောတူစာချုပ် ချုပ်လိုက်ပြီတဲ့၊ လက်မှတ်ထိုးတဲ့ မင်မှ မခြောက်သေးခင်မှာဘဲ မောင်တစ်ယောက် ဟောလိဝုဒ် မှာ ရုပ်ရှင်အစမ်းရိုက်ဖို့ ထွက်ခွာသွားရပါတော့တယ်။

၁၉၅၆ ခုနှစ်၊ ဧပြီလမှာ မောင့် အနုပညာခရီးက ဒုံးပျံနဲ့ လွှတ်တင်လိုက် သလို အစွမ်းကုန် မြင့်တက်သွားပါတော့တယ်။ နာမည်ကြီး မဂ္ဂဇင်းတွေဖြစ်တဲ့ တိုင်း(မ)၊ နယူး(စ)ဝိ(ခ)၊ လိုက်(ဖ) အပါအဝင် မဂ္ဂဇင်းကြီးတွေမှာ မောင့် အကြောင်း ဆောင်းပါးတွေ ရေးကြတယ်၊ လူတိုင်း ပါးစပ်ဖျားမှာ အသံကောင်း တဲ့ ရော့(ခ)အင်ရိုး(လ) ငွေကြယ်ပွင့်ကလေးအကြောင်းကို တဖွဖွပြောနေကြ တော့တယ်။ သူ့အောင်မြင်မှုက မြင့်သထက် မြင့်လာတယ်။'အသည်းကွဲဟိုတယ်' ဓာတ်ပြားကလည်း အရောင်းရဆုံးဓာတ်ပြား စာရင်းမှာ နံပါတ်တစ် ချိတ်ပြီးတော့ "Don't Becruel" နဲ့ "Blue Suede Shoes" တို့က ထပ်ဆင့် သရဖူဆောင်းလာပြန် တယ်၊ ရုပ်မြင်သံကြားအစီအစဉ်မှာ သူ့သီချင်းတွေ ပျံ့လွင့်လာပြီး အဲဒီနှစ် နွေရာသီမှာ ရုပ်မြင်သံကြားက စတိ(ဗ)အယ်လင်ရဲ့ အစီအစဉ် တင်ဆက်တော့ မောင်က Hound Dog ဆိုတဲ့သီချင်း သီဆိုပါတယ်။ ထူးထူးခြားခြား ဒီသီချင်း

http://www.cherrythitsar.org



ဆိုချိန်မှာ သူက သီချင်းနာမည်နဲ့လိုက်အောင် အမဲလိုက်ခွေးကြီးကို သီဆိုပြနေပုံ ရိုက်ကူးထုတ်လွှင့်ခဲ့တယ်၊ မောင်လုပ်သမျှအားလုံး တင့်တယ်ခဲ့ပြီ။

'တီဗွီမှာ သီချင်းဆိုခွင့်ရဖို့ဆိုတာ အချစ်သိတဲ့အတိုင်း ဘယ်လောက် ခဲယဉ်းသလဲ၊ မောင့်ကို ဆိုပေးဖို့ သူတို့က ကမ်းလှမ်းလာတော့ ယုံတောင် မယုံဘူး၊ ပြီးတော့ ကြည့်ဦးလေ၊ ခွေးကြီးကို ဆိုပြခိုင်းတယ်ကွာ၊ ဒီလို အလုပ် ကြီးအကိုင်ကြီး လုပ်တဲ့သူတွေဟာ တစ်ခါတလေမှာတော့ အဲဒီလို မိုက်မိုက်မဲမဲ လုပ်တတ်ကြတယ်ထင်ပါရဲ့' လို့ မောင်က ဖုန်းဆက်တော့ ကျွန်မကို ပြောပြ တယ်၊ တော်ပါသေးရဲ့၊ ဒီအစီအစဉ်ကို လူတွေက မကြာခင်မှာဘဲ မေ့သွားကြလို့။

အဲဒီကတစ်ဆင့် ရုပ်ရှင်ရိုက်ခွင့်ရအောင် မောင် ကြိုးစားလိုက်ပြန်တယ်။ ရုပ်ရှင်ရိုက်ရတာ ဘယ်လောက် ပျော်စရာကောင်းတယ်ဆိုတာ မောင် ဖုန်းဆက် တိုင်းပြောပြတော့ ကျွန်မစိတ်ထဲမှာ မောင်တစ်ယောက် အောင်မြင်မှုတွေ ရပြီး ရင်း ရနေတာမို့ ကျွန်မအပေါ် စိတ်များ ပြောင်းသွားပြီလားလို့တောင် အောက်မေ့ မိသေးတယ်။ ကျွန်မကို ဂရုစိုက်ပါတော့မလားလို့ သံသယရှိချိန်မှာ မောင်က ခဏခဏ ဖုန်းဆက်ပြီး ရုပ်ရှင်ရိုက်တာ လာကြည့်ပါလားလို့ ဖိတ်တော့ ကျွန်မ ဝမ်းသာလိုက်တာ။ ဒါပေမယ့် ခုချက်ချင်းတော့ လာလို့မဖြစ်သေးဘူး၊ အခြေအနေ တွေ အားလုံး ငြိမ်သက်အေးဆေးသွားတဲ့အခါ လာပါ့မယ်လို့ ကတိပေးလိုက်ပါ တယ်။ အောင်မြင်မှုရစ သူ့ဘဝထဲကို ကျွန်မ တိုးမဝင်ချင်ပါဘူး။ ကျွန်မတို့ကို ဘယ်သူမှမမြင်အောင် နှစ်ယောက်တည်းနေဖို့ ဆိုတာကလည်း ခက်တော့ခက် မယ်။ ကျွန်မက ခုချိန်ထိ တရားဝင်ကွာရှင်းပြတ်စဲခွင့် မရသေးတဲ့ ကလေးသုံး ယောက်မိခင်၊ သတင်းထောက်တွေက မောင့်နောက် တကောက်ကောက်လိုက် ပြီး မောင့်လှုပ်ရှားမှုကို အကဲခတ်နေကြတာ။ ပြီးတော့ လူကြီးသူမတွေနဲ့ အယ်ဒီ တာတွေက ရော့(ခ)အင်ရိုး(လ)ကို မကောင်းဆိုးဝါးတစ်ခုလို မြင်နေကြပြီး အဲဒီ မကောင်းဆိုးဝါးရဲ့ ခေါင်းဆောင်ဟာ မောင်လို့ သတ်မှတ်နေကြတဲ့အချိန်ပေါ့။ တချို့ကလည်း မောင့်အောင်မြင်မှုကို မလိုလားကြလို့ ကောလာဟလသတင်းတွေ လုပ်ကြံဖန်တီးပြီး မောင့်သိက္ခာကို ချနိုင်အောင် ကြိုးစားနေကြတဲ့ အချိန်ပေါ့။

စက်တင်ဘာ လဆန်းပိုင်းလောက်မှာ မောင် ဖုန်းဆက်တယ်။ The Ed Sullivan Show မှာ သူ သီချင်းဆိုရမယ်တဲ့။ LA ကို ကျွန်မလိုက်လာပြီး သူ့ နားမှာ နေပါလားတဲ့။

'လေယာဉ်နဲ့ လိုက်လာခဲ့ပါလား'

'လာချင်တာပေါ့ မောင်ရယ်၊ ဒါပေမယ့် ကျွန်မ အလုပ်လုပ်ရဦးမယ်၊

http://www.cherrythitsar.org



မောင့်အနားမှာ ကျွန်မခန္ဓာကိုယ် ရှိမနေပေမယ့် ကျွန်မစိတ်တွေက မောင့်အနားမှာ အမြဲရှိနေတာပါ။ ဒီပွဲမှာ မောင်ဆိုခွင့်ရပြီဆိုတော့ မောင့် ရည်မှန်းချက် အောင်မြင်ပြီပေါ့'

'အင်း. . . ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် သူတို့က မောင့်ကို နည်းနည်းလျှော့ပါတဲ့၊ ဘာလျှော့ရမလဲဆိုတော့ မဖြေကြဘူး'

'အို. . . မောင်ဆိုနေကျ ပုံစံအတိုင်းပဲဆို၊ လျှော့လုပ်စရာ မလိုဘူး၊ ပရိသတ်အားလုံး ကြည့်ချင်ကြတာက မောင့်ကိုယ်ပိုင်ဟန်ပဲ'

'မောင် သီချင်းဆိုနေရင်း အချစ်ကို သတိရတဲ့အကြောင်း နားနှစ်ဖက်ကို လက်နဲ့အုပ် အချက်ပြလိုက်မယ်၊ တီဗွီမှာ စောင့်ကြည့်နေနော်'

တကယ်ဆိုတဲ့အချိန်မှာ တီဗွီကလူကြီးတွေ ပြောစကားက မောင့်ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ဟန်တူပါတယ်။ ခါတိုင်းဆိုသလို သိပ်မြူးမြူးကြွကြွ မရှိတော့ဘဲ တောင့်တောင့်ကြီးနဲ့ မသက်မသာဖြစ်နေတယ်။ ဘာပဲဖြစ်ဖြစ် သူအောင်မြင်ခဲ့ပြီမို့ ကျွန်မ ဂုဏ်ယူပါတယ်၊ သီချင်းဆိုနေတုန်းမှာ သူပြောတဲ့အတိုင်း ကျွန်မကို သတိရကြောင်းပြတဲ့အနေနဲ့ နားနှစ်ဖက်ကို လက်နဲ့ မကြာခဏ အုပ်ပြပါတယ်။ ဒီလိုလုပ်တာက ကျွန်မတို့နှစ်ယောက်ရဲ့ ရင်ခုန်သံတွေကို လက်တွေကတစ်ဆင့် ကြားရအောင် နှစ်ယောက်တည်းတွေ့ကြချိန်မှာ လုပ်လေ့ရှိတဲ့ အပြုအမူပါ။ စင်ပေါ်မှာပဲဆိုဆို၊ ဘယ်မှာပဲဆိုဆို ကျွန်မကို သတိရတိုင်း သူအဲဒီလိုလုပ်မယ်လို့ ပြောဖူးတယ်။ ဒီပွဲမှာ စိတ်အနှောင့်အယှက်ကြီးစွာနဲ့ ဆိုနေတဲ့ကြားက ကျွန်မကို သတိရကြောင်း အချက်ပြဖို့ သူသတိရတာကိုပဲ ကျွန်မအံ့သြနေမိပါတယ်။ နောက်နေ့မှာ မောင် ဖုန်းဆက်ပြီး ဘယ့်နှယ်လဲလို့မေးတယ်။ 'မောင့်ကြည့်ရတာ စိတ်အနှောင့်အယှက်ဖြစ်နေသလိုပဲ၊ လူကြီးတွေပြောသလို မောင် လျှော့လိုက်တာပေါ့ ဟုတ်လား'

'ဟုတ်တယ်အချစ်၊ မောင့်ကို ဟိုလိုလုပ်ပါ၊ ဒီလိုမလုပ်နဲ့ စသဖြင့် ဝိုင်းပြောနေတဲ့လူတွေက အများကြီးပဲ၊ မောင် ခေါင်းရှုပ်သွားတယ်၊ သတင်းသမားတွေကလည်း မောင့်ကို မကောင်းဆိုးဝါးတစ်ကောင်လောက် ရေးနေကြတယ်။မောင်လုပ်တဲ့အလုပ်တွေက မကောင်းဆိုးဝါးအလုပ်တွေ မဟုတ်ပါဘူးကွာ'

'မောင်ရယ်. . . လူကြီးတွေကသာ ပြောတာပါ၊ လူကြီးတွေကတော့ ဘယ်သူ့ကိုများ အကောင်းပြောလို့လဲ၊ ဖရင့်(ခ)စင်နာထရာဆိုလည်း ပြောကြတာပဲ။ အဲဒီလိုပြောလေ မောင် အောင်မြင်လေပါပဲ၊ မောင့်ပုံစံသာ မပြောင်းလိုက်ပါနဲ့၊ ပုံစံပြောင်းလိုက်ရင် မောင့်ကိုယ်ပိုင်ဟန် ပျောက်သွားလိမ့်မယ်'

http://www.cherrythitsar.org



'မောင့်ပုံစံက ဆိုးဆိုးရွားရွား ဖြစ်နေသလား'

'ဟင့်အင်း. . . အဲဒါနဲ့ပတ်သက်လို့ လုံးဝ စိတ်မပူနဲ့၊ မောင့် ပရိသတ်တော်တော်များများက မောင်ဆိုတာ မမြင်ဖူးကြသေးဘူး၊ ဟုတ်လား။ ညက တီဗွီမှာမှ မြင်ဖူးကြတော့ ဒီနေ့ဆို စတိုးဆိုင်မှာ မောင့်အကြောင်းပဲ ပြောနေကြတာ'

'အချစ်ပြောတာ မှန်တယ်၊ မောင်ဆိုတဲ့ ပုံစံကို တော်တော်များများ မမြင်ဖူးကြသေးဘူး၊ အဲဒါ မောင် မေ့နေတယ်'

'မောင် သရုပ်ဆောင်နေတဲ့ The Reno Brothers ဇာတ်ကားက ဘယ်တော့ ပြမှာလဲ'

'မောင် မသိဘူး၊ သိပ်တော့ မကြာဘူးထင်တယ်၊ နောက်ထပ် ကားတွေ ရိုက်ဖို့လည်းရှိတယ်၊ ပထမကား မပြခင်မှာဘဲ တတိယကား ရိုက်ရလိမ့်မယ်၊ ရုပ်ရှင်တွေက ထွက်တာ နှေးတယ်ကွာ'

မောင့်ဘဝမှာ အရာရာဟာ သွက်လက်လျင်မြန်နေတယ်။ ကြာရင် ကွန်မကိုတောင် နှေးလွန်းတယ်လို့များ မြင်လာမှာလားလို့ တွေးပူမိတယ်။ ဟောလိဝုဒ်မှာ သူ အောင်မြင်မှုရသွားခဲ့ပြီးရင် ကွန်မလို ရိုးစင်းတဲ့ မိန်းမတစ်ယောက်ကို သူ ချစ်ပါဦးမလား၊ ခုတောင် ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမတစ်ဝက်လောက်က သူ့ကို စွဲလမ်းနေကြပြီပဲ။ နိုဝင်ဘာလမှာ သူ့ ပထမဆုံးရုပ်ရှင်ကား ထွက်လာတယ်။ ရုပ်ရှင်ကား နာမည်ပြောင်းလိုက်ပြီး Love Me Tender ဖြစ်လာတော့တယ်။ အဲဒီခေါင်းစဉ်က မောင့်သီချင်းခေါင်းစဉ်လေ။ ဒီလို ပြောင်းလိုက်တာ ကြည့်ခြင်းအားဖြင့် ဟောလိဝုဒ်အနေနဲ့ မောင့်ကို ဘယ်လောက် နေရာပေးလာတယ်ဆိုတာ သိသာလာတယ်။ ဒီရုပ်ရှင်မှာ အဓိကဖြစ်တဲ့ မောင့်ကို မီးမောင်းထိုးပြချင်လို့ပဲဆိုတာ ပေါ်လွင်သွားတယ်။ ရုံတင်တော့ ဒီကားကို လွန်ခဲ့တဲ့နှစ်က ကွန်မတို့နှစ်ယောက် အတူသွားပြီး 'ဒီဗိုင်းယားရီး' ကားကို ကြည့်ခဲ့ကြဖူးတဲ့ 'ပါရာမောင့်' ရုပ်ရှင်ရုံမှာပဲ သွားကြည့်ဖြစ်ပါတယ်။ ပိတ်ကားပေါ်မှာ သူ့ပုံပေါ်လာတာနဲ့ ကွန်မ ငိုမိတော့တာပဲ။ မောင့်ကို လွမ်းလိုက်တာ၊ ပိတ်ကားပေါ်မှာ မြင်နေရတဲ့မောင်ဟာ သရုပ်ဆောင်နေတာနဲ့ မတူဘဲ သာမန်လုပ်ရိုးလုပ်စဉ်အလုပ်တစ်ခုကို လုပ်နေသလိုပဲ။ မောင့်အမူအရာက ဘယ်သူနဲ့မှ မတူဘူး။ သူ့ ပင်ကိုစရိုက်ပေါ်တယ်။

ကွန်မအလုပ်က အမျိုးသမီးတချို့လည်း ဒီကားကို မကြာခင်မှာ ကြည့်ပြီးကြတော့ မောင့်အကြောင်း ပြောကြတယ်။ 'အဲဒီကောင်လေးက ဟိုတလောတုန်းက တို့မြို့မှာ သီချင်းလာဆိုသွားတဲ့ ကောင်လေး မဟုတ်လား' လို့။

http://www.cherrythitsar.org



တချို့က 'မဖြစ်နိုင်ပါဘူး' တဲ့။ လူတွေက မင်းသား၊ မင်းသမီးဆိုတာ မိုးပေါ်က ကျလာတာတွေလို့များ မှတ်နေကြသလား မသိဘူး။ ကျွန်မမိတ်ဆွေတစ်ဦးဖြစ်တဲ့ ဂျင်ဂျာက 'ဟော့. . . လူစီ၊ မင်းက တခြားလူတွေရင်ခုန်တဲ့ အဲဒီမင်းသားကို ဘာကြောင့် ရင်မခုန်ရတာလဲ' လို့ မေးတယ်။ သူ ဘာမှ မသိဘူးလေ။

Ed Sullivan အစီအစဉ်မှာ မောင် နောက်ထပ်နှစ်ခါ၊ သုံးခါဆိုသေးတယ်။ နောက်ဆုံးတစ်ခါဆိုဖြစ်တဲ့ ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလမှာတော့ ရုပ်မြင်သံကြားအစီအစဉ်က မောင့်ကို ခါးအထက်ပိုင်းပဲ ရိုက်ပြပါတယ်။ မျက်နှာ အနီးကပ်တွေ ခဏခဏ ရိုက်ပြတော့ ကျွန်မကတော့ ကြိုက်တယ်။ မောင့်မျက်နှာကို ကိုင်လိုက်ချင်တယ်။ ဒီလိုပြတာနဲ့ ပတ်သက်လို့ မောင်က မကြိုက်ဘူး။ ဒါပေမယ့် တီဗွီက လွှင့်တာဆိုတော့ ဒီလိုပဲပြရမှာပဲဆိုတာ နောက်တော့ သူ လက်ခံသွားတယ်။ 'မောင်နဲ့ တီဗွီနဲ့တော့ မဖြစ်ပါဘူးကွာ၊ တစ်ခါထက်တစ်ခါ သူတို့ စည်းကမ်းတွေက တင်းကျပ်လာတယ်၊ မောင်တော့ ရုပ်ရှင်ရိုက်ရတာပဲ ပိုကြိုက်တယ်' လို့ သူ ဖုန်းဆက်တော့ ပြောတယ်။

* * *

*[ဗီဒီယိုမှတ်တမ်းတွေမှာ ပြန်ကြည့်ကြတော့ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့က သီဆိုတဲ့ **Ed Sullivan** အစီအစဉ်မှာ အဲ(လ)ဗစ်က သူ့နားရွက်ကို လက်နဲ့အုပ်ပြတာတွေ့ရတယ်။ ပထမ သီချင်းဆိုဖြစ်တဲ့ **'Ready Teddy'** ဆိုနေတုန်း လေးကြိမ်လုပ်တယ်။ ဒုတိယအကြိမ် အောက်တိုဘာ (၂၅)ရက်နေ့မှာဆိုသော **'Love Me Tender'** ဆိုနေတုန်းမှာ တစ်ကြိမ်၊ **'Love Me'** ဆိုနေတုန်းမှာ နှစ်ကြိမ်လုပ်ပြတယ်။ ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ (၆)ရက်နေ့မှာ **'Too much'** သီချင်းဆိုတော့ တစ်ကြိမ် လုပ်ပြတာကို တွေ့ရပါတယ်]*

* * *

တစ်နေရာမှာ သူ စစ်မှုထမ်းရမယ်လို့ ရေးထားတဲ့ သတင်းဖတ်လိုက်ရလို့ သူ့ကိုမေးကြည့်တော့ ဘာတွေ ဖြစ်နေမှန်း သူမသိဘူးတဲ့။ သူ့ကြည့်ရတာ ကြောက်နေသလိုပဲ။ ကျွန်မ မောင့်ကိုသိပ်လွမ်းတာပဲ။ ရုပ်မြင်သံကြားမှာ သူ့ရုပ်ကိုမြင်နေရတာ၊ ရေဒီယိုက သူ့သီချင်းသံ ကြားနေရတာတွေဟာ ကျွန်မကို ပိုလို့ နှိပ်စက်နေသလိုပါပဲ။ နောက် ရုပ်ရှင်ကား တစ်ကားဖြစ်တဲ့ 'Loving You' ရုံတင်တော့ ထုံးစံအတိုင်း သွားကြည့်တယ်။ မောင်က 'ခေါင်းစဉ်သီချင်းက စာသားတွေကို ဂရုစိုက်နားထောင်၊ အချစ်အတွက် မောင်ရည်ရွယ်ပြီး ဆိုထားတာ' လို့ ကျွန်မကို ပြောထားတယ်လေ။

http://www.cherrythitsar.org



'ဟင်း. . . မောင်က မိန်းကလေးအားလုံးကို ဒီလိုပဲ ပြောထားတာ မဟုတ်လား၊ မောင့်အကြောင်းတွေ သတင်းစာတွေထဲမှာ ဖတ်ရပါတယ်နော်၊ မောင်ပျော်နေတယ် မဟုတ်လား' လို့ ကျွန်မပြောမိတဲ့အချိန် ကျွန်မလေသံက သဝန်တိုသံပါသွားတယ်။ တကယ်တော့ ကျွန်မ ဒီလိုပြောပိုင်ခွင့် ဘာမှမရှိပါဘူး။ ဒါပေမယ့် ဖတ်ရတဲ့သတင်းတွေကြောင့် ကျွန်မ စိတ်တိုနေတာ အမှန်ပဲ။ မောင်ကတော့ ကျွန်မ ဒေါပွတာကို စိတ်မပျက်တဲ့အပြင် အဲဒီသတင်းတွေ မယုံပါနဲ့လို့ ပြောတယ်။ မောင့်ပွင့်လင်းမှုကြောင့် ကျွန်မ အံ့ဩရပါတယ်။ မင်းနဲ့မဆိုင်တာ ဝင်မပြောနဲ့လို့ ဘယ်တော့မှ မပြောဘူး၊ ကျွန်မကိုယ်တိုင် မောင်ချစ်တာ ကျွန်မတစ်ယောက်တည်းပဲဆိုတာ ယုံလာတဲ့အထိ ဖျောင်းဖျတတ်တယ်။

'ကလေးရယ်. . . မောင့်အချစ်ဆုံးက မင်းပါ။ သိတယ်မဟုတ်လား၊ ဒါပေမယ့် ကာနယ်(လ)ပတ်ကားက မိန်းကလေးပရိသတ်များများရအောင် ဒီလိုနေရမယ်ဆိုလို့ နေရတာပါကွာ၊ အချစ်ဖတ်နေရတဲ့ သတင်းတွေက အားလုံး လုပ်ကြံဇာတ်တွေချည်းပဲ၊ သူတို့ချိန်းပေးတာကို မောင်က လက်ခံရတယ်၊ ပြီးတော့ ရုပ်ရှင်ရိုက်နေသလို ချစ်စကား၊ ကြိုက်စကား ပြောရတယ်၊ အရူးလိုပါပဲကွာ၊ သူတို့ချိန်းပေးတဲ့ သူနဲ့ တွေ့နေတုန်း သူတို့ကပဲ သတင်းထောက်တွေကို သတင်းပေး ဓာတ်ပုံလာရိုက်သွားကြပြီး သတင်းတွေ ကားနေကြတာ၊ ဟောလိဝုဒ်ဆိုတာ တကယ့် အရူးတွေရဲ့ နေရာပဲ။ မောင်တော့ ဒီကနေ ထွက်ပြေးချင်လှပြီ' လို့ ဆိုတယ်။

နောက်တစ်ပတ်မှာ ကာလီဖိုးနီးယားကနေ ထည့်လိုက်တဲ့ စာတစ်စောင်ရောက်လာတယ်။ ထူးထူးဆန်းဆန်းပါပဲ။ မောင်က ကျွန်မဆီ စာရေးလေ့ ရေးထမရှိပါဘူး။ စာမပြောနဲ့ ပို့စကတ်တောင် ပို့တတ်တဲ့သူ မဟုတ်ပါဘူး။ သူ့အပြောကတော့ 'လက်ရေး မြင်တာထက် အသံကြားရတာ ပိုကောင်းတယ်တဲ့' ကျွန်မနည်းတူ ဘယ်သူ့ဆီကိုမှလည်း စာရေးမယ့်သူ မဟုတ်ပါဘူး။ စာအိတ်ဖောက်လိုက်တော့ ထူးထူးဆန်းဆန်း ဒေါ်လာငါးထောင် ငွေလွှဲစာရွက်တစ်ရွက် ထွက်လာတယ်။ လက်မှတ်ထိုးထားတာက 'ဂျွန်ဂျုံး(စ)' တဲ့။ 'လှလှပပပစ္စည်းတစ်ခု ဝယ်ပါ' ဆိုတဲ့ စာကလေးတစ်ကြောင်းပဲ ပါတယ်။ မောင့်ဆီက ကျွန်မ ငွေမလိုချင်ပါဘူး။ ခုလို ငွေပို့လိုက်တော့ အနှိမ်ခံလိုက်ရသလို ခံစားလိုက်ရပြီး ဒေါသလည်း ဖြစ်မိတယ်။ ကျွန်မ ငွေမမက်ဘူး မောင်၊ ကျွန်မလိုချင်တာ မောင့်အချစ် တစ်ခုတည်းပါ။ မောင် ဖုန်းဆက်တော့ ကျွန်မခံစားရတာကို ပြောပြလိုက်တယ်။

http://www.cherrythitsar.org



'မောင်. . . ကျွန်မ မောင့်ဆီကငွေ မလိုအပ်သလို လိုလည်း မလိုချင်ပါဘူး'

'ကလေးရယ်. . . မောင့်ဆီမှာ မင်းတစ်ယောက်တည်း ရှိတာပါ။ အချစ် အတွက် ပေးတာမဟုတ်ပါဘူး၊ မောင့်အတွက် ပို့တာပါ၊ မောင့်ကိုယ်စား ပစ္စည်း လှလှကလေးတစ်ခု ဝယ်စေချင်လို့ပါ၊ မောင်လေ. . . အချစ်အတွက် ဘီရိုနဲ့ အပြည့် သစ်တော်သီးရောင် အဝတ်အစားတွေ ဝယ်ပေးချင်တာ'

မောင့်စကားကြားရတော့ ကျွန်မ ရယ်မိပါတယ်။ ဒါပေမယ့် နောက် ဘယ်တော့မှ မပို့တော့ပါဘူးဆိုတဲ့ ကတိတော့ ကျွန်မ တောင်းလိုက်ပါတယ်။ အဲဒါ သိပ်အရေးကြီးတယ်။ ကျွန်မ မောင့်ဆီက ဘာမှမလိုချင်ဘူး။ အထူးသဖြင့် ငွေကို သာပြီးမယူချင်သေးတယ်။ ကျွန်မမှာ မာနရှိတယ်၊ သူများဆီက ရမယ့် ငွေကို ကျွန်မ မလိုချင်ဘူး။ ကျွန်မလုပ်အားနဲ့ပဲ ကျွန်မရှာချင်တယ်။ သူများဆီ က လက်ဆောင်အဖြစ် ငွေသားကို လက်ခံလိုက်ခြင်းအားဖြင့် ကျွန်မကိုယ်ကျွန်မ ရောင်းစားခံလိုက်ရသလို ခံစားရတယ်။ မောင်ကတော့ ဒီလို ရည်ရွယ်ချက်နဲ့ပေး တာ မဟုတ်ပါဘူး။ ဒါပေမယ့် ငွေနဲ့ပတ်သက်လာရင် ကျွန်မက သိပ်ခံစားရ လွယ်တယ်။ မေတ္တာကို ငွေနဲ့ လဲတာမျိုး ကျွန်မ လက်မခံနိုင်ပါဘူး။ အထူးသဖြင့် ကျွန်မ တကယ်ချစ်မိတဲ့ မောင်နဲ့ပတ်သက်လို့ ပိုပြီးတော့ သတိထားရမယ်။ နောက်ရက်အနည်းငယ်ကြာတော့ အဖိုးတန် အဝတ်အစားတွေပါတဲ့ ဘူးနှစ်ဘူး ရောက်လာတယ်။ ပထမဝတ်စုံက မီးခိုးရောင် သိုးမွေးဝတ်စုံဖြစ်ပြီး ရှေ့မှာ ကြယ်သီးလေးတပ်ထားတယ်။ ခါးသိမ်ပြီး ငွေရောင်ကြယ်သီးလေးတွေမှာ ရောင်စုံကျောက်ကလေးတွေ စီခြယ်ထားသေးတယ်။ ဒုတိယဝတ်စုံက အရမ်း အဖိုးတန် တဲ့ နို့နှစ်ရောင် ပိုးသားဝတ်စုံပါ။ ဒီဝတ်စုံမှာ ဘော်လီပါပြီး ခါးနေရာမှာ ကတ္တီပါသားနဲ့ ချုပ်ထားတယ်။ အောက်ခံစကတ်က ပိုးသားအစစ်နဲ့ ချုပ်ထား ပြီး ဝတ်စုံကို ပိုးပဝါကလေးတစ်ထည်နဲ့ ထုပ်ပိုးထားတယ်။

'ဝတ်စုံလေးတွေက အရမ်းလှတယ် မောင်ရယ်၊ ဒါပေမယ့် နောက်ထပ် ဝတ်စုံတွေလည်း မပို့ပါနဲ့တော့၊ ငွေလည်း မပို့နဲ့၊ အဝတ်လည်း မပို့နဲ့၊ စားစရာ လည်း မပို့နဲ့၊ အို. . . ဘာဆို ဘာမှ မပို့ပါနဲ့ကွာ၊ မောင် ထပ်ပို့ရင် လက်မခံဘဲ ပြန်ပို့မှာသိလား၊ ကျွန်မလိုချင်တာတစ်ခုကလွဲရင်ပေါ့လေ၊ မောင့်ဆီက ကျွန်မ လိုချင်တာ တစ်ခုရှိတယ် သိလား'

'ပြောလေ. . . အချစ်၊ ရ,ရစေမှာပေါ့'

'မောင်. . . မောင်နဲ့တွေ့ချင်တယ်။ တီဗွီထဲမှာ၊ ရုပ်ရှင်ထဲမှာ တွေ့တာ မျိုး မဟုတ်ဘူး၊ မောင့်ကို အရှင်လတ်လတ် တွေ့ချင်တာ'

http://www.cherrythitsar.org



'ကလေးရယ်. . . မောင်လာပါ့မယ်၊ လာဖို့ အခွင့်အရေးရတာနဲ့ တစ်ပြိုင်နက် မောင် ပြေးလာမယ်ဆိုတာ ကတိပေးပါတယ်ကွာ၊ မောင့်ဆီကို အချစ်လာခဲ့ပါလား'

'ကျွန်မ လာလို့မဖြစ်ဘူး မောင်ရယ်၊ အဲဒီမှာ လူတွေက အများကြီးပဲ၊ ကျွန်မက နှစ်ယောက်တည်းပဲ နေချင်တာ'

'ဖြစ်ရမှာပေါ့၊ သိပ်မကြာတော့ပါဘူး၊ မောင် ကားရိုက်ဖို့ ကနေဒါကို သွားရမယ်၊ ပြီးရင် ဟာဝိုင်ယီကို သွားရမယ်။ အဲဒါပြီးသွားရင် မောင် လာတွေ့ ပါ့မယ်၊ အချစ်ကို မောင့်အိမ်အကြောင်း ပြောဖြစ်သေးလား'

'မဲ(မ)ဖစ္စမှာ မောင်ဝယ်လိုက်တဲ့အိမ်အသစ်အကြောင်းလား'

'ဟုတ်တယ်. . . ဝယ်ဖြစ်သွားပြီ၊ ပြင်လို့လည်း ပြီးသွားပြီ၊ သိပ်လှတာပဲ ကွာ၊ အချစ်ကို မောင် သိပ်ပြချင်တာပဲ၊ တစ်နေ့ကျရင် မောင်တို့နှစ်ယောက် အဲဒီအိမ်မှာ နေကြမယ်နော်'

'အရမ်းပျော်ဖို့ ကောင်းမှာပဲ မောင်'

မောင်က ရိုးရှာတယ်၊ သူ့ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောနေတာ။ ဒါပေမယ့် ကျွန်မဘဝ အခြေအနေက မောင်နဲ့ဆုံစည်းဖို့ဆိုတာ ဒီဘဝမှာ မလွယ်ကူဘူးဆိုတာ ကျွန်မသိထားပြီးသားမို့ သူ့စကားကြားရတော့ ခံစားမိတယ်။ သူမရိပ်မိအောင် အသံကို ထိန်းပြောနေရတယ်။

ကျွန်မကို လာတွေ့ဖို့လည်း မောင့်ကို အတင်းအကျပ် မပြောတော့ပါဘူး။ ကာနယ်(လ)ပတ်ကားဆိုတဲ့ လူကြီး မောင့်ဘဝထဲ ဝင်လာကတည်းက အချိန်ပို ရယ်လို့ မောင့်မှာ တစ်စက်ကလေးတောင်မှ မရှိရှာဘူး။ တစ်ခါတလေ သူ ဖုန်းဆက်ရင် တစ်နေရာရာကနေ အပြေးလာဆက်ရသလို မောသံပါနေပြီး စကား ပြောရင်လည်း တစ်မိနစ်၊ နှစ်မိနစ်လောက်ပဲ ပြောနိုင်တယ်။

ကျွန်မဘဝ တက်လမ်းအတွက် ကျွန်မ စဉ်းစားရတယ်။ သီချင်းဆို သင်တန်းတက်ပြီး ဇာတ်ရုံကလေးတစ်ခုမှာ တေးဂီတအဖွဲ့တစ်ခုနဲ့ ဆက်သွယ်မိ ပါတယ်။ ကာလီဖိုးနီးယားပြည်နယ်ကိုပြောင်းပြီး အခြေချနိုင်ရင် ကျွန်မအတွက် အခွင့်အရေး ပိုရနိုင်မယ်လို့ စဉ်းစားမိတယ်။ ပြောင်းဖို့ စဉ်းစားနေတုန်းမှာပဲ ဟိုလူကြီးက တစ်စခန်းထလာတယ်။ ကလေးသုံးယောက် နောင်ရေး စိတ်ပူသတဲ့။ ဒါကြောင့် ကာလီဖိုးနီးယားကို ကျွန်မ မပြောင်းရဘူးလို့ တားလာပါတယ်။ တကယ်တော့ ကလေးတွေကို အကြောင်းပြုပြီး ဟန်ဆောင်တာပါ။ ကျွန်မတို့ မိသားစုကို တစ်ပြားတစ်ချပ်မှ မထောက်ပံ့ခဲ့တဲ့သူက ကလေးတွေအတွက် စိတ် ပူသတဲ့။ ကျွန်မတို့က တရားဝင်ကွာရှင်းခွင့် မရသေးတော့ သူ တားလို့ရနေ

http://www.cherrythitsar.org



တယ်။ တရားဝင်ကွာရှင်းဖို့အတွက် ကျွန်မဘက်က တရားစရိတ် လိုတယ်။ ဥပဒေအရ တားမြစ်ထားလို့ သူ ကျွန်မတို့ဆီ လာခွင့်မရတော့တာ တစ်ခုတည်းနဲ့ပဲ ကျွန်မကလည်း ကျေနပ်နေတယ်။ တကယ်တော့ ကျွန်မ အိမ်ထောင်ကျခဲ့တာမှ မဟုတ်ဘဲ။ ဒါကိုတောင် တရားဝင်ကွာရှင်းခွင့် လွယ်လွယ်မရနိုင်ဘူးဆိုတော့ ကျွန်မ စိတ်ပျက်မိတယ်။ မစ္စတာ ဆီ(လ)ဗာစတိန်းက သူ့ဆိုင် အရောင်းတွင်ကျယ်ရေး ခြေတစ်လှမ်းအနေနဲ့ KNOE က တာဝန်ယူကျင်းပမယ့် အလှမယ်ပြိုင်ပွဲမှာ ကျွန်မကို ဝင်ပြိုင်စေချင်တယ်။ ဒီပြိုင်ပွဲက မယ်စကြဝဠာပြိုင်ပွဲရဲ့ ပဏာမပွဲဆိုရင်လည်း မမှားပါဘူး။ ဒါပေမယ့် ကျွန်မ ငြင်းလိုက်တယ်။ KNOE ရုပ်မြင်သံကြားဌာနမှာ ကျွန်မနဲ့အတူ အလုပ်လုပ်ခဲ့ဖူးတဲ့ 'ဘက်(သ)ဘရီး(စ)' က ပြိုင်ပွဲဝင်ဖို့ လာပြောပြန်တယ်။ ဒါလည်း ကျွန်မ ငြင်းလိုက်တယ်။ မစ္စတာ ဆီ(လ)ဗာစတိန်းကတော့ သူ့ဆိုင် အရောင်းတက်ရေးကိစ္စမှာ ဒီပွဲဟာ အရေးပါတယ်တဲ့။ ကျွန်မအတွက် ကုန်ကျစရိတ်အားလုံး သူ ပေးမယ်လို့ ကမ်းလှမ်းတယ်။

'ဒီမယ်. . . မင်း အပျိုမဟုတ်ဘူးဆိုတာ ဘယ်သူမှ မသိဘူး၊ ပြဿနာပေါ်လာရင် ငါရှင်းမယ်' လို့လည်း ဆိုတယ်။ တိုက်တွန်းလွန်းအားကြီးတော့ ကျွန်မ လက်ခံလိုက်ရပါတယ်။ ပြိုင်ပွဲအစီအစဉ်က ကျွန်မ မျှော်လင့်ထားတာထက် အခြေအနေဆိုးပါတယ်။ ပြိုင်ပွဲဝင်အားလုံး အလှပြကားတွေနဲ့ မြို့လှည့်ပြရတယ်။ အဲ(လ)ဗစ္စ ပို့ပေးထားတဲ့ ပိုးဝတ်စုံကို ကျွန်မဝတ်ပြီး အလှပြကားပေါ် ထိုင်နေရပေမယ့် စိတ်ကမလုံဘူး။ 'ဟော့. . . နေပါဦး၊ ဒီကောင်မလေး ငါသိပါတယ်၊ သူ့မှာ ကလေးသုံးယောက်ရှိတာပဲ' လို့များ တစ်ယောက်ယောက်က မှတ်မိသွားလေမလား။ ဒီလိုသိသွားလို့ ဒိုင်လူကြီးတွေကိုသွားပြောလိုက်ရင် ကျွန်မ အရှက်တကွဲဖြစ်ပြီး ဒီမြို့ကပြေးရလိမ့်မယ်။ ရေကူးဝတ်စုံနဲ့ ကိုယ်ဟန်ပြဖို့အတွက် မစ္စတာ ဆီ(လ)ဗာစတိန်းက ပန်းနုရောင်ရေကူးဝတ်စုံ လက်ဆောင်ပေးတယ်။ ကျောဘက်က ဗလာ။

'ဟင့်အင်း. . . ကျွန်မ မဝတ်ချင်ဘူး၊ ကျွန်မ အရှက်ကွဲလိမ့်မယ်' လို့ အကျောက်အကန် ငြင်းမိပါတယ်။ ဒါပေမယ့် ထုံးစံအတိုင်း အလျှော့ပေးလိုက်ရတာပဲ။ အလှဝတ်စုံနဲ့ ပြိုင်ပွဲမှာ သူက ရင်တစ်ခြမ်းပေါ်တဲ့ ဝတ်စုံနီနီရဲရဲ ဝတ်ခိုင်းတယ်။ ကျွန်မရင်က ကြီးလွန်းတော့ ဒီဝတ်စုံဝတ်လို့ မဖြစ်ပါဘူး။ ဒါပေမယ့် ဝတ်ရတာပဲ။ အံ့ဩစရာကောင်းလောက်အောင် ဒီပြိုင်ပွဲ ပြီးသွားတဲ့အထိ ကျွန်မ အရှက်တကွဲ မဖြစ်တဲ့အပြင် ဒုတိယ ချိတ်သွားတယ်။ ပထမမရတာဘဲ ကျေးဇူးတင်ရသေးတယ်။ ပထမရသွားရင် ကလေးသုံးယောက်အမေဆိုတာကြီးက ပေါ်လာနိုင်သေးတယ်လေ။

http://www.cherrythitsar.org



ပြိုင်ပွဲဝင်ခဲ့တဲ့အတွက် ဒုတိယရတာကို ကျွန်မသူငယ်ချင်း မစ္စတာ ဆီ(လ)ဗာစ တိန်းက သိပ်သဘောကျသွားပြီး ကျွန်မကို ရာထူးတိုးပေးပါတယ်။အလှကုန်ပစ္စည်း အဝယ်တော်ဖြစ်လာပြီး နယူးယောက်ကို ခရီးထွက်ရမယ်။ ရင်ခုန်လှုပ်ရှားစရာပါ ပဲ။မောင့်ကိုပြောပြတော့ မောင်က ဝမ်းမသာတဲ့အပြင် စိတ်တောင်ပျက်သေးသတဲ့။

'နယူးယောက်ဆိုတာ အင်မတန်ကြောက်စရာကောင်းတဲ့မြို့၊အဲဒီမှာ မသမာ သူ ပေါင်းစုံရှိတယ်။ မသွားပါနဲ့ကလေးရယ်၊ မောင် တောင်းပန်ပါတယ်'တဲ့။

မောင့် စကားကြောင့် ကျွန်မ တွေဝေသွားပါတယ်။ မောင်က ကျွန်မ အလုပ်မလုပ်ပါနဲ့၊ အိမ်စရိတ် သူ ပေးပါမယ်လို့ ပြောသေးတယ်။ ထုံးစံအတိုင်း ကျွန်မ ငွေမလိုချင်ပါဘူးလို့ ငြင်းလိုက်ပြီး ကိုယ့်လုပ်အားနဲ့ပဲ ရှာမယ်လို့ ပြော လိုက်မိပါတယ်။

'မောင်လွမ်းတယ်ကွာ' လို့ သူက တမ်းတမ်းတတဆိုလာတယ်။ ကျွန်မ ရာထူးတိုးပြီး ခရီးထွက်ရမယ်ဆိုတဲ့ သတင်းစကားက သူ့ကို တုန်လှုပ်သွားစေ တာကတော့ အံ့ဩစရာပါပဲ။

'မောင့်ကိုချစ်တယ်လို့ ပြောပါဦးကွာ'

သူက တောင်းတောင်းပန်ပန် ပြောလာတော့ ကျွန်မ စိတ်ရှုပ်သွားတယ်။ ဒါပေမယ့် နားထဲမှာတော့ ချိုမြနေတာ အမှန်ပဲ။ ဒါကြောင့် ကျွန်မအချစ်ဟာ သူ့အပေါ်မှာ ဘယ်တော့မှ မပြောင်းလဲပါဘူးလို့ ကတိပေးလိုက်ရတယ်။

'စိတ်ပူရမှာက ကျွန်မပါမောင်၊ မောင့်သတင်းတွေက အမျိုးစုံ ကြားနေ ရတာပဲ၊ နက်(တ)လီဝုဒ်နဲ့ တွဲနေတာတို့၊ တခြားမိန်းကလေးတွေနဲ့ တွဲနေတာတို့ စာစောင်တွေထဲမှာ ဖတ်နေရတယ်။ အဲဒါတွေက တကယ်ပဲလား'

'မောင် ပြောဖူးသားပဲ' သူ့အသံက ဒေါသပါလာတယ်။ 'အဲဒါတွေ အားလုံး ကာနယ်(လ)ပတ်ကား ရှုပ်ထားတဲ့ ဇာတ်လမ်းတွေပါ။ နက်(တ)လီဝုဒ် ရဲ့ ကိစ္စကလည်း နာမည်ကြီးအောင် ဖန်တီးတာသက်သက်၊ မောင့်ကို ယုံပါကွာ'

'ဒါလင်ရယ်. . . ကျွန်မကို ရှင်းပြနေဖို့ မလိုပါဘူးကွယ်။ ကျွန်မဘက်က ဘာမှ အပြောင်းအလဲ မရှိပါဘူး၊ ဒီမှာပဲ ကျွန်မ မောင့်အတွက် အမြဲအဆင်သင့် ရှိနေမှာပါ'

□

http://www.cherrythitsar.org



## အခန်း(၈)

မိုး ၁၉၅၇

စက်တင်ဘာလမှာ သူ သီဆို ဖျော်ဖြေရေးခရီး ထွက်သွားခဲ့ပါတယ်။ သူ့ခရီးစဉ်မှာ ကနေဒါနဲ့ ယာဝိုင်ယီတို့လည်း အပါအဝင်ပေါ့။ သူ့လှုပ်ရှားမှု မှန်သမျှကို ကျွန်မကတော့ သတင်းစာတွေက တစ်ဆင့်သာ သိခွင့် ရနေခဲ့ပါ တယ်။ သူဟာ ပရိသတ်အများစုကို ဆွဲဆောင်နိုင်စွမ်း ရှိနေပါပြီ။ သူ့ ခရီးစဉ်က ပြီးဆုံးသွားတော့ ဆံခြည်တစ်မျှင်စာလောက် သွေးအေးသွားသလိုပဲ။ ကျွန်မဆီ ဖုန်းဆက်ပြီး မကြာခင် လာခဲ့မယ်ဆိုတာလောက်ပဲ ပြောတယ်။ ကျွန်မ သိပ် တော့ မျှော်လင့်မနေမိတော့ပါဘူး။ သူက အမေရိကားမှာ လူကြိုက်အများဆုံး အဆိုကျော် ဖြစ်နေပြီလေ။ ပြောရရင် ဘယ်အဆိုကျော်မှ ဘယ်တုန်းကမှ သူ့ လောက် လူကြိုက်အများဆုံး မဖြစ်ခဲ့ဖူးဘူးလို့တောင် ပြောနိုင်ပါတယ်။ အောက် တိုဘာလမှာ သူ့တတိယကားဖြစ်တဲ့ (Jail House Rock) ဆိုတဲ့ ဇာတ်ကား ထွက်လာတယ်။ ခေါင်းစဉ် သီချင်းက အရောင်းရဆုံး ဓာတ်ပြားစာရင်းမှာ နံပါတ်တစ် ချိတ်သွားတယ်။ သူ့အောင်မြင်မှုတွေက အရှိန်မြင့်သထက် မြင့်လာ ခဲ့ပြီမို့ ကျွန်မနဲ့ ခဏလေးတွေ့ဖို့တောင် အချိန်ပေးနိုင်ပါတော့မလား။

နိုဝင်ဘာလ ကုန်ခါနီးလောက်မှာ ဖုန်းဆက်လာတယ်။ သူ မဲ(မ)ဖစ်စ်ကို ရောက်နေတယ်၊ ကျွန်မ လာခဲ့ပါလားတဲ့။ နောက်တစ်နေ့မှာ ကျွန်မ လေယာဉ် နဲ့လိုက်သွားပြီး တက္ကစီတစ်စီးနဲ့ လေယာဉ်ကွင်းနားက ဟိုတယ်ကို သွားလိုက် တော့ 'လူစီဘာဘင်' ဆိုတဲ့ နာမည်နဲ့ အခန်းတစ်ခန်း သူက ယူထားနှင့်ပြီး ဖြစ်နေပြီလေ။

မျက်နှာသစ်၊ မိတ်ကပ်ခပ်ပါးပါးကလေးပြန်လိမ်း၊ ဆံပင်ကို သပ်သပ် ရပ်ရပ် ဖြစ်အောင် ဖြီးလိုက်ပါတယ်။ အဲဒီမှာ ပြဿနာကို ကျွန်မ သတိရမိတော့ တာပဲ။ မိတ်ဆွေတစ်ယောက်က ဆံပင်အလှပြင်ဖို့ တိုက်တွန်းတာနဲ့ ကျွန်မ

http://www.cherrythitsar.org



ဆိုင်ကိုသွားမိတယ်။ ဆိုင်က အလှပြင်ပေးတဲ့သူက ကျွန်မဆံပင်ကို နားထိဖြတ်လိုက်တယ်။ အဲ(လ)ဗစ္စက ကျွန်မဆံပင် နက်မှောင်ပြီး ရှည်နေတာကို သိပ်သဘောကျတာ။ ဆံပင် ဘယ်တော့မှ မဖြတ်နဲ့လို့လည်း မှာထားဖူးတယ်။ ခုတော့ တတ်နိုင်ပါဘူးလေ။ မီးခိုးရောင် ကိုယ်ကျပ်အကျႌ ကောက်ဝတ်လိုက်တယ်။ ဒီအကျႌက ကျွန်မခါးကို သိမ်သွားစေပြီး ရင်သားကို ဖွံ့ကားစေပါတယ်။ ဒီပုံစံဆိုရင် သူ ဆံပင်ကိစ္စကို သတိမရအားလောက်ဘူး ထင်ပါရဲ့။

နောက်ပြဿနာကလည်း ရှိသေးတယ်။ နှစ်ကာလတွေ ကြာမြင့်ခဲ့ပြီမို့ ကျွန်မ အသက်ကလည်း ၂၁ နှစ်ရှိလာပြီ၊ အဲ(လ)ဗစ္စက ဇန်နဝါရီလမှာ ၂၃နှစ် ပြည့်တော့မှာဆိုတော့ ဆယ်ကျော်သက်က ကျွမ်းချစ်ခဲ့ရတဲ့ ကျွန်မတို့အချစ်ဟာ ဆက်လက်ရှင်သန်နိုင်ပါဦးမလား။ ပြီးတော့ သူက အောင်မြင်ကျော်ကြားတဲ့ သူ ဖြစ်နေပြီ။ ခု ကျွန်မတွေ့ရတော့မယ့် အဲ(လ)ဗစ္စဟာ သာမန်အဲ(လ)ဗစ္စနဲ့ တူနိုင်ပါဦးမလား။ ကျွန်မတွေ့ခဲ့တဲ့၊ ချစ်ခဲ့ရတဲ့ သာမန် တောသားလေး မဟုတ်တော့ဘူးလေ။ တစ်နိုင်ငံလုံးရဲ့ အသည်းကျော် ဖြစ်နေပြီ မဟုတ်လား။ သူ ပြောင်းလဲသွားပြီလား၊ ချစ်ခဲ့ဖူးသူ ပုံစံမဟုတ်တော့ဘဲ သူစိမ်းပြင်ပြင် ဖြစ်နေမှာလား မောင်ရယ်။

အဲ(လ)ဗစ္စမှာ ထူးခြားတဲ့အချက်တွေ အများကြီးရှိပါတယ်။ သူဟာ တစ်ပါးသူကို ကြင်နာတတ်တယ်၊ သနားတတ်တယ်။ အသက်အရွယ်ကြီးသူတွေကို လေးစားပြီး မိသားစုကို ချစ်ခင်တွယ်တာတတ်တယ်။ ဒီစိတ်တွေ သူ့ရင်ထဲမှာ ရှိနေသေးရဲ့လား။ 'ဒီမိန်းကလေး' 'ဟိုမိန်းကလေး' စတဲ့ မိန်းကလေးတွေနဲ့ ဇာတ်လမ်းတွေက မောင့်ကို ပြောင်းလဲစေခဲ့ပြီလား။ သူ့သတင်းတွေ ကျွန်မဖတ်နေရတာကတော့ ရက်သတ္တတစ်ပတ်ကို ရုပ်ရှင်မင်းသမီး တစ်ယောက်လောက် ချိန်းတွေ့နေသတဲ့။ သူဖုန်းဆက်တုန်းကမေးတော့ ဒါတွေက နာမည်ကြီးအောင် လုပ်ရတာတွေပါတဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သဝန်ကြောင်မိတာ အမှန်ပဲ။

တံခါးခေါက်သံ ကြားလိုက်ရတော့ ကျွန်မ နှလုံးသွေး ရပ်သွားသလိုပါပဲ။ သူ တံခါးခေါက်တဲ့ ပုံစံကို ကျွန်မ ခွဲခြားသိတယ်။ အသက်ပြင်းပြင်း ရှူသွင်းလိုက်ပြီး ဆံပင်ကို ဘရပ်(ရှ)နဲ့ နောက်ဆုံးတစ်ချက် ဖြီးပြီး တံခါးဖွင့်လိုက်ပါတော့တယ်။ အပေါက်ဝမှာရပ်ပြီး သူ ကျွန်မကို ရပ်ကြည့်နေလိုက်တာ စက္ကန့်နှစ်ဆယ်လောက် ကြာမယ်ထင်တယ်။ စကားတစ်ခွန်းမှ မပြောဘူး။ ကျွန်မဆံပင်တွေကိုကြည့်ပြီး စိတ်ပျက်နေပြီလား။ သူ တဖြည်းဖြည်း ပြုံးလာပြီး

http://www.cherrythitsar.org



အားရ ပါးရ ရယ်လိုက်တယ်။ ကျွန်မကို ပွေ့ချီလိုက်ပြီး အခန်းထဲမှာ ပြေးနေပါတော့တယ်။

'မောင့်ကို ကြည့်ရတာ ဘယ့်နှယ်နေသလဲ' တဲ့။ အဲဒါ အဲ(လ)ဗစ္စရဲ့ အကျင့်ပါပဲ။ ကျွန်မကိုယ်ကျွန်မ စိတ်ပူနေပေမယ့် သူက ကျွန်မပုံစံထက် သူ့ပုံစံကို ပိုစိတ်ပူနေတယ်။ မောင်က ကြည့်လို့ကောင်းပါတယ်။ တိတိကျကျ ပြောရရင် သိပ်ကို ချောလာတယ်။ ရင်ဘတ်ဖွင့်ထားတဲ့ ရှပ်အင်္ကျီအနက် ဝတ်ထားပြီး ကြယ်သီးက ကနုကမာ ကြယ်သီးတွေ တပ်ထားပါတယ်။ အညိုရောင် တွီစနဲ့ ချုပ်ထားတဲ့ ကုတ်အင်္ကျီ ခပ်ကြီးကြီးနဲ့ ဘက်ဂီဘောင်းဘီပွပွကြီးကို သူ့ထုံးစံအတိုင်း ဝတ်ထားတယ်။ ဘာမှ အပြောင်းအလဲ မရှိဘူး။ ဆံပင်က ဟောလိဝုဒ်ပုံစံ ညှပ်ထားတဲ့အတွက် နားနှစ်ဖက်ဘေးက နားပန်းဆံတွေက ခါတိုင်းလောက် မရှည်ဘူး။ အဲဒါကလွဲရင် ဘာမှ မပြောင်းလဲဘူး။ ဒါပေမယ့် ချမ်းသာကြွယ်ဝလာတဲ့သူဆိုတော့ လည်ပင်းမှာ ရွှေကြိုးတစ်ကုံးလား၊ နှစ်ကုံးလား ဝတ်ထားတယ်။ လက်ထဲမှာ ရွှေလက်စွပ်တစ်ကွင်းနဲ့၊ အထူးခြားဆုံးကတော့ သူ့လေသံပါပဲ။ ခါတိုင်းလို တောင်ပိုင်းသား လေသံ ခပ်ဝဲဝဲ မဟုတ်တော့ဘူး။ စကားသံ ပီပီသသ ဖြစ်လာတယ်။ ကျွန်မနဲ့ပတ်သက်ပြီး သူ့သဘောထား ဘာမှ အပြောင်းအလဲမရှိတာ တွေ့ရတော့ စောစောက ပူပန်ခဲ့သမျှအားလုံး ပြေလျော့သွားပါတယ်။

'မောင့်ကိုကြည့်ရတာ တကယ့်ကို နာမည်ကျော်မင်းသားကြီးတစ်ယောက် ပုံစံမျိုးပဲကွာ'

'တကယ်. . . ချစ် ယုံသွားပြီလား၊ မောင်က မဲ(မ)ဖစ္စက သာမန်တော သားလေး မဟုတ်တော့ဘူးလေ'

'နေကောင်းရဲ့လား မောင်'

'ကောင်းပါတယ်ကွာ၊ ပင်ပန်းတာ တစ်ခုပါပဲ၊ ကာနယ်ကြီးက ပြောတယ်၊ စီးပွားရေးလုပ်ငန်းမှာတော့ မိုးရွာတုန်း ရေခံရမှာပဲတဲ့'

အဲဒီနောက် ကျွန်မတို့နှစ်ယောက် တော်တော်ကြာအောင် စကားမပြောဖြစ်ကြပါဘူး။ သူက ကျွန်မကို တင်းတင်းကျပ်ကျပ် ဖက်ထားပြီး လည်ပင်း တစ်ဖက်တစ်ချက်ကို နမ်းတယ်။ ကျွန်မဘက်ကလည်း သူ့ကို ဟန့်တားနိုင်စွမ်း မရှိနိုင်လောက်အောင် ဖြစ်နေပြီ။

နှစ်ယောက် အပန်းဖြေရင်း အတူ ယှဉ်အိပ်နေတော့မှ အဲ(လ)ဗစ္စက စကားစလာတယ်။

'လူစီ. . . မင်းကို မောင် ပထမဆုံးတွေ့တဲ့ညကို မှတ်မိနေသေးတယ်၊

http://www.cherrythitsar.org



အဲဒီတုန်းက မင်းကလည်း တောသူလေး၊ တောအဝတ်အစားလေးနဲ့ ကနေလိုက်တာ သိပ်လှတာပဲ၊ ဒါပေမယ့် မောင်က မင်းကို မောင်တစ်ယောက်တည်းတွက်ပဲ ကပြစေချင်တာ'

မောင်က ကျွန်မနားရွက်ကို လက်နဲ့အုပ်လိုက်ပြီး ထုံးစံအတိုင်း စုံစုံမက်မက် နမ်းလိုက်တယ်။

'မင်းကိုသာ မောင် တွေ့ခွင့်မရတော့ဘူးဆိုရင် မောင် သေသွားမယ်ထင်တယ်၊ ခုလို ခွဲနေရတဲ့ အချိန်တွေမှာလည်း မင်း မောင့်အနားမှာရှိတယ်ဆိုတဲ့ အတွေးနဲ့ပဲ မောင်လှုပ်ရှားနေရတာ အမှန်ပါ လူစီရယ်၊ မင်း မောင်နဲ့ ဘာကြောင့် လိုက်မနေနိုင်တာလဲဟင်'

ဒီအဖြေကို ကျွန်မတို့နှစ်ယောက်လုံး သိပြီးသားမို့ ဘာမှ ထွေထွေထူးထူးဆက်ပြီး ဆွေးနွေးနေစရာ မလိုတော့ပါဘူး။

'မင်းကိုသာ မောင် မပိုင်ဆိုင်ရဘူးဆိုရင် မောင် ဘယ်လို နေရမလဲမသိတော့ပါဘူး၊ ဟောဒီ ကမ္ဘာကြီးဟာလည်း မောင့်မျက်ရည်တွေနဲ့ ဖုံးလွှမ်းသွားမယ် ထင်ပါရဲ့၊ မင်းရှိလို့သာ မောင် အသက်ရှင်နေရတာပါ လူစီရယ်'

'မောင်ရယ်. . . ကျွန်မတို့ မျက်ရည်တွေဟာ ဝမ်းနည်းကြေကွဲခြင်းအတွက်မဖြစ်စေဘဲ ဝမ်းသာပျော်ရွှင်ခြင်းအတွက်သာ ဖြစ်ပါစေကွယ်'

ကျွန်မစကားပြောတိုင်း မောင်က အဆုံးအထိ အပြောမခံဘဲ နမ်းတတ်တယ်။ မောင်က ဆော့လည်း ဆော့တတ်တယ်။ခုတင်ပေါ်မှာ ယောဂီတစ်ယောက်ထိုင်သလို ထိုင်ပျဉ်ခွေ ထိုင်လိုက်ပြီး လက်နှစ်ဖက်ကို ဘေးဆန့်တန်းထားပါတယ်။ ကျွန်မက သူ့လက်တွေကို လက်ချောင်းကလေးတွေနဲ့ ထက်အောက်စုန်ဆန် ပွတ်သပ်တဲ့အခါ ကျွန်မအချစ်တွေ သူ့ကိုယ်ထဲ စီးဝင်သွားသလို ခံစားရသတဲ့လေ။

'မောင်သီချင်းဆိုရင် မင်းကို သတိရကြောင်း ပြတဲ့အနေနဲ့ နားရွက်ပေါ်ကို လက်အုပ်ပြမယ်လို့ ပြောခဲ့တာ မှတ်မိလား၊ ခုတော့ အဲဒါထက် ကောင်းတာ မောင်တွေးမိပြီ၊ သီချင်းဆိုရင် လက်ကို ဟောဒီလို လေထဲမှာ ဆန့်တန်းပြမယ်၊ အဲဒါဆို ချစ်ကို မောင် သတိရနေလို့ အချက်ပြတာပဲလို့ မှတ်ထား၊ မေ့မသွားနဲ့နော်၊ မေ့မှာလား လူစီ'

'မမေ့ပါဘူး မောင်ရယ်၊ နှစ်တွေ ရာနဲ့ချီပြီး ကြာသွားပါစေ သခင့်စကားကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး'

'မောင့်နားရွက်တွေ အေးနေတယ်' တဲ့။

http://www.cherrythitsar.org



ဒီစကားက သူ့နားရွက်တွေကို ကျွန်မ လက်ဝါးနဲ့ အုပ်ထားပါလို့ ပြောတာပါ။ မောင်နဲ့နေရင် အဲဒီလို ပျော်စရာလေးတွေက အများကြီး။ သူက သိပ်ချစ်တတ်တယ်။ အရင်တုန်းက အကြောင်းတွေကိုလည်း ဘယ်တော့မှ မေ့တတ်တဲ့သူ မဟုတ်ဘူး။ အသေးအဖွဲ့ကလေးကအစ အရာရာဟာ ကျွန်မတို့ နှစ်ယောက်အတွက် အဓိပ္ပာယ်အများကြီး ရှိပါတယ်။ ကျွန်မတို့နှစ်ယောက် အတူရှိနေစဉ်ကာလမှာ မောင်က သူ့လုပ်ငန်းအကြောင်း ကျွန်မမေးတာထက် ပိုမပြောပါဘူး။ အဖိုးတန်လှတဲ့ ကျွန်မတို့နှစ်ယောက်ရဲ့ အချိန်ကလေးအတွင်းမှာ သူ့ လုပ်ငန်းကိစ္စတွေကြောင့် အချိန်မကုန်စေချင်လို့ပါဘဲ။ ပြန်ချိန်နီးလာတော့မှ ကျွန်မက သူနဲ့ နာမည်ကြီးနေတဲ့ မိန်းကလေးတွေကိစ္စ စမေးရတယ်။

'မောင်. . . မောင့်အနားမှာ မိန်းမတစ်ယောက်ယောက် ရှိနေရင်ကော ကျွန်မကို သတိရနိုင်ပါ့မလား'

'မောင့်အနားမှာ မိန်းမတစ်ယောက်မဟုတ်ဘူး၊ ထောင်နဲ့ချီပြီး ရှိနေပါစေ ချစ်က မောင့်အတွက် တစ်ဦးတည်းသော ချစ်သူပါ၊ ယုံပါ လူစီရယ်၊ မင်းဟာ မောင့်ရဲ့ ထာဝရနံပါတ်တစ်ပါ'

မောင်က ဖြောင့်ကွယ်ကွယ်ပြီး စကားပြောတာကို ကျွန်မ သတိထားလိုက်မိတယ်။

'မောင်. . ကျွန်မတို့နှစ်ယောက်အချစ်ကို တစ်ယောက်ယောက်က ဖျက်ဆီးမယ်ဆိုရင်ကော'

သူက ကျွန်မမျက်နှာကို သူ့လက်နှစ်ဖက်နဲ့ ဆွဲယူလိုက်ပြီး မျက်စိထဲကို စူးစိုက်ကြည့်လိုက်ပါတယ်။

'ဒီဇိုင်းယားရီး. . . မောင်တို့နှစ်ယောက် ဆိုခဲ့ကြတဲ့ သစ္စာကို မေ့သွားပြီလားဟင်' ဒါက သူ သက်သေထူနေကျစကားပါပဲ။ ကျွန်မကို နမ်းလိုက်ပြီး 'လာ. . . ကမ္ဘာမြေကြီးက စကားပြောတာကို မောင်တို့ သွားနားထောင်ကြရအောင်' တဲ့။ ဒါက မြက်ခင်းပေါ် သွားအိပ်ချင်တဲ့အခါ သူပြောချင်တဲ့ စကားပါပဲ။ ဟိုတယ်ဘေးက မြက်ခင်းမှာ ဆုံကြဖို့ ပြောပြီး ဘယ်သူမှ မသိအောင် သူက ဟိုတယ်နောက်ဘက်က ထွက်သွားပါတယ်။ ခဏကြာမှ ကျွန်မ လိုက်သွားတယ်၊ ညနေ နေဝင်စမို့ အပြင်မှာ နည်းနည်း အေးနေပြီ။ ကားပေါ်မှာ အဆင်သင့် စောင့်နေတဲ့ အဲ(လ)ဗစ္စက ကျွန်မကို ဆွဲခေါ်လိုက်ပါတယ်။ သူက ပြိုင်ကားမျိုးစုံကို သဘောကျတဲ့အတွက် ကားမျိုးစုံ ဝယ်ထားတယ်။ ဒါပေမယ့် ကျွန်မနဲ့တွေ့ရင်တော့ သူ စိတ်ပျက်ရစမြဲပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်မက

http://www.cherrythitsar.org



ကားအကြောင်း ဘာမှနားလည်တဲ့သူမှ မဟုတ်တာ။ ခုစီးတဲ့ကားက အနက်ရောင်ကားကြီးတစ်စီးဆိုတာထက် ပိုပြီး ကျွန်မ မသိပါဘူး။ ကားမောင်းရင်း မောင်က သူ့အိမ်အသစ်အကြောင်း ပြောနေတယ်။

'လူချမ်းသာတွေရဲ့ အိမ်တွေနား မောင်တို့ ကားမောင်းသွားတိုင်း တစ်နေ့ကျရင် မောင်လည်း အဲဒီလိုအိမ်မျိုး တစ်လုံးလောက် ဝယ်မယ်လို့ မောင်ပြောလေ့ပြောထရှိတာ မှတ်မိတယ် မဟုတ်လား။ အခု မောင် ဝယ်လိုက်ပြီကလေးရေ၊ မေမေကဆို သိပ်သဘောကျတာ၊ ခြံကြီးက ကျယ်တော့ မောင့်ဖေဖေ စိတ်တိုင်းကျ ပန်းပင်တွေ စိုက်နိုင်တယ်လေ၊ အဲဒီအိမ်ဟာ ချစ်ရဲ့အိမ်ဖြစ်စေချင်တယ်၊ မောင် ဘယ်မှာပဲနေနေ ဒီအိမ်ဟာ ချစ်ရဲ့အိမ် ဖြစ်ရမယ်။ အခု မောင် အဲဒီ လိုက်ပြမယ်'

ကျွန်မလန့်သွားတယ်။ ဒါကို မောင်သိလိုက်တယ်လေ။

'စိတ်မပူပါနဲ့ ချစ်ရဲ့၊ အိမ်ထဲကို မဝင်ပါဘူး၊ ခြံရှေ့က ဖြတ်မောင်းပြမှာပါ'

ခြံရှေ့ရောက်တော့ ဂိတ်တံခါးနဲ့ မလှမ်းမကမ်းမှာ ရပ်ထားပြီး 'မလှဘူးလား' လို့ မေးတယ်၊ 'အရင်တုန်းကတော့ ဒီအဆောက်အအုံကြီးကို ဘုရားကျောင်းလုပ်ခဲ့ကြသေးသတဲ့။ ဂရေ(စ)လဲ(န)(ဒ) လို့ခေါ်ကြတယ်။မောင်က အဲဒီနာမည်ကို ကြိုက်တယ်လေ၊ အဲဒီနာမည်ပဲ ဆက်ထားမယ်၊ ပြီးတော့ ဟိုမှာကြည့် . . ' မောင်က လက်ညှိုးထိုးပြတယ်။'အဲဒီလမ်းနာမည်က ဘဲလီဗျူးလမ်းတဲ့၊ ချစ်ရဲ့နာမည် အလယ်စလုံးနဲ့ တူတယ်လေ၊ အဲဒါတစ်ခုတည်းနဲ့ပဲ မောင် ဝယ်ဖြစ်သွားခဲ့တာ'တဲ့။

မောင့်အသံက စကားအတည်ပြောနေကျ ထုံးစံအတိုင်း တိုးတိုးနဲ့ လေးနက်နေတယ်။ 'မောင်လေ မောင်တို့နှစ်ယောက်အကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးပါတယ်၊ ခုထက်ထိလည်း ဘယ်သူ့ကိုမှ မပြောသေးပါဘူး၊ မေမေ့ကို သိပ်ပြောချင်တာပဲ၊ မောင်က ဘာကိစ္စမဆို မေမေ့ကို ပြောနေကျမဟုတ်လား၊ မေမေ့ကို မောင်တို့အကြောင်း ပြောပြလိုက်ရင် မောင်တို့ ဘာလုပ်သင့်တယ်ဆိုတာ အကြံပေးနိုင်မယ်ထင်တယ်လေ၊ မကောင်းဘူးလားဟင်'

ကြောက်စိတ်က ငယ်ထိပ်ရောက်သွားတဲ့အထိ ခံစားလိုက်ရပါတယ်။ အဲ(လ)ဗစ္စက သူ့အမေနဲ့ တရင်းတနှီးနေတဲ့သား၊ အမေကိုသိပ်ချစ်တဲ့သား။ ဒီလို အမေတစ်ယောက်က သူ့သားကို ကျွန်မလို မိန်းမမျိုးနဲ့ ဘယ်လိုနည်းနဲ့ သဘောတူနိုင်ပါ့မလဲ။ ကျွန်မ အတိတ်က အရိပ်မည်းကြီးကို ဘယ်သူက ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်နိုင်မှာတဲ့လဲ။

http://www.cherrythitsar.org



'မလုပ်ပါနဲ့ အဲ(လ)ဗစ္စရယ်၊ မပြောလိုက်ပါနဲ့၊ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးထားတဲ့အထဲမှာ မောင့်အမေလည်း အပါအဝင်ဖြစ်ပါစေ၊ အချိန်တန်တော့ ပြောတာပေါ့။ ခုတော့ မပြောပါနဲ့ဦးနော်၊ ကျွန်မ တောင်းပန်ပါတယ်'

'ချစ်က သိပ်စိုးရိမ်နေသေးရင် မောင် မပြောသေးပါဘူး။ ထာဝရ မပြောပါနဲ့လို့တော့ မပိတ်ပါနဲ့နော်။ တစ်ချိန်မှာတော့ မေမေ့ကို ပြောရမှာပဲ၊ မေမေက မောင့်ကို မိန်းကလေးတစ်ယောက်နဲ့ အတည်တကျ အိမ်ထောင်ရက်သား ပြုစေချင်ပြီလေ၊ ဒါကြောင့်လည်း မောင့်က ပြောချင်တာပါ။ ချစ်ရယ်. . . မောင်တို့ လက်ထပ်ကြပါစို့ကွာ၊ ဟောလိဝုဒ်ကလူတွေ အရူးအမူး မဖြစ်လာခင် ချစ်ကို မောင် လက်ထပ်ပါရစေတော့' ကျွန်မ မျက်ဝန်းထဲမှာ မျက်ရည်ပြည့်လာတယ်။ ကျွန်မ ဘာပြောရမလဲ မောင်ရယ်။ ကျွန်မ မောင့်ကို လက်မထပ်ရက်ပါဘူး။ အောင်မြင်မှုအရှိန်အဟုန်ကောင်းနေတဲ့ မောင့်ကို ကျွန်မ အညွန့်မချိုးရက်ပါဘူးကွယ်၊ မောင်က ပကတိရိုးသားဖြူစင်လွန်းတယ်။ ကျွန်မနဲ့ လက်ထပ်လိုက်ရင် မောင့်ဘဝ ဘာဖြစ်သွားမယ်ဆိုတာ မတွေးတတ်ရှာဘူး။ မောင့်ကို ကျွန်မ မနှစ်ရက်ပါဘူးကွယ်။ ပြီးတော့ ကျွန်မဘဝက ပုန်းလျှိုး ကွယ်လျှိုး နေရတဲ့ဘဝ။ မောင်နဲ့ လက်ထပ်လိုက်လို့ တစ်ကမ္ဘာလုံးက ကျွန်မကို သိသွားရင် ကျွန်မတို့ တစ်နေ့နေ့တော့ လက်ထပ်ကြတာပေါ့ မောင်ရယ်၊ ဒါပေမယ့် ခုချက်ချင်းကြီးတော့ မဟုတ်သေးဘူးနော်. . . . လို့ နှစ်သိမ့်လိုက်ရပါတယ်။

'မောင် စစ်မှုထမ်းရဦးမယ်ထင်တယ်၊ စစ်ထွက်မသွားခင် လက်ထပ်သွားပါရစေကွာ'

'ကြည့်သေးတာပေါ့ မောင်ရယ်၊ ဒါတွေ နောက်မှ ပြောရအောင်' မောင်က ကားစက်နှိုးလိုက်ပြီး တောင်ကုန်းတွေကြား မောင်းသွားတော့ ကျွန်မတို့ သွားနေကျ တောင်ကုန်းကလေးကို သွားတာပဲလို့ ထင်ခဲ့မိပေမယ့် တကယ်တော့ နေရာသစ်တစ်ခုကို ရောက်လာတာ တွေ့ရပါတယ်။ မြက်ခင်းတွေနဲ့ လှပ စိမ်းစိုနေတဲ့ တောင်ကုန်းလေးက ခြေရင်းမှာ စီးဆင်းနေတဲ့ မြစ်တစ်စင်းကို မြင်နေရတယ်။ မစ္စစ္စပီမြစ်ပဲ ဖြစ်မယ်ထင်ပါရဲ့။ နေရာကတော့ နေရာကောင်းကလေး တစ်ခုပါပဲ။ ဒါပေမယ့် ရာသီဥတုက နှောင်းလာပြီမို့ အပင်ကြီးတွေက အရွက်တွေကြွေပြီး အရိုးပြိုင်းပြိုင်း ကျနေပြီ။ တောင်ခြေက မြစ်ရေစီးသံကလည်း ဒေါသတကြီး၊ လမ်းလျှောက်ကြရင်း တစ်နေရာရောက်တော့ မောင်က သူ့ကုတ်အင်္ကျီအိတ်ထဲကို နှိုက်လိုက်ပါတယ်။

'ချစ်အတွက် လက်ဆောင်တစ်ခု ပါလာတယ်'

အိတ်ထဲက ထုတ်လိုက်တော့ နွမ်းနေတဲ့ နှင်းဆီနီတစ်ပွင့်၊ မပြောင်းလဲတဲ့ မောင့်အပြုအမူကြောင့် ရင်ထဲမှာ နွေးသွားပါတယ်။ နွမ်းနေတဲ့ နှင်းဆီပန်းကလေး တစ်ပွင့်ဟာ ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ချစ်သက်လက်ဆောင်ကလေးပါ။

'ဟောဒါလေးပေါ့. . . နောက်. . . ရှိသေးတယ်'

အိတ်ထဲက ဘူးလေးတစ်ခု ထုတ်လိုက်တယ်။ ဘူးထဲမှာ ရွှေနဲ့ လုပ်ထားတဲ့ လက်ဝါးကပ်တိုင်ကလေး။ သေးသေးကလေးမှ တကယ့်ကို သေးသေးကလေးပါပဲ။ ဆယ်ဒေါ်လာလောက်ပဲ ပေးရမယ် ထင်တယ်။

'ချစ်က ပစ္စည်းသေးသေးပဲ ပေးရမယ်ဆိုလို့ သေးသေးကလေးပဲ မောင်ရှာလာတာ၊ ဒီထက်သေးတာတော့ ရှာမတွေ့တော့ဘူးကွာ'

'မောင်က သတိရသားပဲ' လို့ ကျွန်မက မြက်ခင်းပေါ်မှာ တစ်ခါတုန်းက ပျက်သွားဖူးတဲ့ ကျွန်မ လက်ဝါးကပ်တိုင်ကလေးကို ရည်ရွယ်ပြောလိုက်မိတယ်။ ကျွန်မ လက်လှမ်းလိုက်တော့ မောင်က မပေးသေးဘဲ စကားပြောနေသေးရဲ့။

'ဒီလက်ဝါးကပ်တိုင်လေးဟာ မောင်တို့ချစ်ခြင်းမေတ္တာနဲ့ ဘုရားသခင်ရဲ့ မေတ္တာတော် ဆုံစည်းခြင်းအထိမ်းအမှတ်လို့ မှတ်ထားနော်၊ မောင့်ဆီက လက်ထပ်လက်စွပ် မဝတ်ရသေးခင် ကာလမှာ လက်ဝါးကပ်တိုင်ကလေးကို ချစ်ရဲ့အသည်းနှလုံးနဲ့ အနီးဆုံးနေရာမှာ ထာဝရထားပါကွာ' တဲ့။ မောင်က ဆွဲကြိုးလေးကို သူကိုယ်တိုင်ဆွဲပေးတယ်။ 'မောင့်အချစ်က ထာဝရပါ ကလေးရယ်၊ ချစ်က ပစ္စည်း အကြီးကြီးတွေ မပေးရဘူးဆိုတော့ မင်းအပေါ်မှာထားတဲ့ မောင့်မေတ္တာ ထုထည်အကြီးကြီးကို ဟောဒီဆွဲကြိုးသေးသေးကလေးထဲမှာ ထည့်ပေးထားရတယ်' လို့ ဆိုတယ်။

မောင့်လက်ဆောင်ကလေးက အကောင်းဆုံးလက်ဆောင်ကလေးပါ။ မောင့်ကို နှစ်နှစ်ကာကာ နမ်းလိုက်မိတယ်။ ဒါကို မောင်က မကျေနပ်နိုင်သေးဘဲ နောက်ထပ် ဘူးတစ်ဘူး ထုတ်ပြန်တယ်။

'မောင် တကယ်ပေးမယ့်လက်ဆောင်က ဒီမှာ' လို့ ပြောပြီး ဘူးကို ဖွင့်လိုက်တော့ ကျွန်မ ကြက်သေ သေသွားမိတယ်။ ရောမ လည်ဆွဲတစ်ခုပါ။ စိန်၊ မြ၊ နီလာတို့နဲ့ စီခြယ်ထားပါတယ်။ ကျွန်မအနေနဲ့ မောင့်ဆီက ဒီလို လက်ဆောင်မျိုး မလိုချင်ပါဘူး။

'သိပ်လှပါတယ်မောင်၊ မောင့်စိတ်ကူးလည်း သိပ်ကောင်းပါတယ်။ ဒါပေမယ့် ဒီလက်ဆောင်ကိုတော့ ကျွန်မ လက်မခံပါရစေနဲ့ မောင်၊ ကျွန်မဘဝမှာ

http://www.cherrythitsar.org



ဒါလောက် အဖိုးတန်တဲ့ပစ္စည်းမျိုးလည်း မပိုင်ဆိုင်ခဲ့ဖူးပါဘူး။ ကျွန်မ မောင့်ကို တောင်းပန်ပါရစေ၊ ဒီလည်ဆွဲကို မောင့်မေမေကို ပေးလိုက်ပါနော်။ မောင့်မေမေ က ကျွန်မထက် ရထိုက်သူပါ။ တစ်နေ့ကျရင် ဒီလိုအဖိုးတန်ပစ္စည်းတွေ အများကြီး မောင် ကျွန်မကို ပေးရဦးမှာပါ။ ကျွန်မတို့နှစ်ယောက် အတူတူ မခွဲတမ်းနေရ တဲ့ တစ်နေ့ပေါ့နော်'

သူ့မျက်နှာပေါ်မှာ ဒေါသ ဖြတ်သန်းသွားတယ်။

'မင်းက မောင် မတတ်နိုင်ဘူးထင်လို့လား၊ ကောင်းပြီ. . . ဒီမှာကြည့်' လည်ဆွဲကို ဘူးထဲကထုတ်လိုက်ပြီး အားနဲ့ မြစ်ထဲကို လွှင့်ပစ်လိုက်ပါတော့တယ်။ မောင် ဒေါသထွက်တာ ကျွန်မ ဒီတစ်ခါပဲ မြင်ဖူးပါတယ်။ 'မင်း မဆွဲဘူးဆိုရင် ဒီလည်ဆွဲကို ဘယ်သူမှ မဆွဲစေရဘူး' လို့လည်း ပြောသေးတယ်။

ကျွန်မ တုန်လှုပ်သွားမိပါတယ်။ ကြောက်လည်းကြောက်သွားတယ်။ 'ဝမ်းနည်းပါတယ် မောင်၊ ဒီလည်ဆွဲကို မောင် ဘယ်လောက် မြတ်နိုးတယ်ဆို တာ ကျွန်မ မသိလိုက်လို့ပါ၊ ကျွန်မဘဝမှာ ဘယ်တုန်းကမှ ဒီလို အဖိုးတန် လက်ဆောင် မရခဲ့ဖူးတော့ ကျွန်မနဲ့ မတန်ဘူးလို့လည်း ယူဆလိုက်မိလို့ပါ'

'မောင် မင်းကိုပေးတယ်ဆိုရင် မင်းနဲ့တန်လို့ ပေးတာပဲ'

သူ့အသံမှာ ဒေါသက မပြေသေးဘူး။

'မောင့်ဘဝမှာ အလိုချင်ဆုံးအရာက မင်းပဲ၊ ဒါပဲ၊ မောင် မင်းကို လွမ်းတယ်'

မောင့်ဒေါသက ပေါက်ကွဲလွယ်လို့ ပြေလည်း ပြေပျောက်လွယ်ပါတယ်။ 'ဒီဇိုင်းယားရီးရယ်. . . မင်းဟာ မောင့်အတွက် ဘာမှ အပြောင်းမလဲမရှိတဲ့ မိဖုရား ကလေးပါပဲ' မောင်က ကျွန်မကို ဆွဲဖက်နမ်းရင်း ပြောနေတယ်။ 'မောင့်ဆန္ဒက မင်းကို မောင့်အနားမှာ ထာဝရရှိဖို့ ရှိနေစေချင်ပြီ၊ မခွဲချင်တော့ဘူး၊ မောင် စစ်မှုထမ်းပြီးရင် လက်ထပ်ကြပါစို့ကွာ၊ မောင့်ကို လက်ထပ်ချင်သေးရဲ့လားဟင်'

'လက်ထပ်ချင်ပါတယ် သခင်ရယ်၊ ကျွန်မ မောင့်ကို စောင့်နေမှာပါ။ နှစ်နှစ်ပဲ စောင့်ရ စောင့်ရ၊ နှစ်နှစ်ဆယ်ပဲ စောင့်ရ စောင့်ရ ကျွန်မ ထာဝရ စောင့်နေမှာပါ။ မောင်ကသာ မေ့မသွားပါနဲ့'

စစ်မှုထမ်းဖို့မသွားခင် လက်ထပ်ဖို့ ထပ်မပြောတော့တဲ့အတွက် ကျွန်မ စိတ်သက်သာရပါတယ်။ ကျွန်မကိုယ်တိုင်က တရားဝင် ကွာရှင်းပြတ်စဲရသေး တာမှ မဟုတ်ဘဲ။

'မောင် ဘယ်တော့မှ မမေ့ပါဘူးကွာ၊ တစ်ခါတလေ ကိုယ်စဉ်းစားကြည့်

http://www.cherrythitsar.org



တယ်။ ကိုယ့်ဘဝမှာ မိတ်ဆွေအစစ်အမှန်ဆိုလို့ မေမေရယ်၊ ဖေဖေရယ်၊ ချစ်ရယ် ပဲရှိတာ၊ ခု မောင်ရောက်နေတဲ့ ဟောလိဝုဒ်ပတ်ဝန်းကျင်က လူတွေဆိုတာ ဟန်ဆောင်နေကြတဲ့ သူတွေပဲ။ မောင့်မိတ်ဆွေတွေ မဟုတ်ပါဘူး။ မောင် ရှင်းမပြတတ်ဘူးကွာ၊ ဒါပေမယ့် မတူဘူးဆိုတာတော့ ပြောနိုင်တယ်'

'ဟင်. . . မောင်ကလည်း ဘုရားသခင်ကို မေ့နေပြီလား၊ ဘုရားသခင် ဟာ အားလုံးထက်ကောင်းတဲ့ မိတ်ဆွေလေ၊ ကျွန်မတို့အားလုံးထက် ဘုရားသခင် က အရေးကြီးတာပေါ့ မောင်ရဲ့'

နှမ်းနယ်နေတဲ့ကြားက သူပြုံးလာတယ်။

'ကလေးရယ်. . . မောင်က အဲဒါလေးတွေကြောင့် မင်းကို ချစ်ရတာ၊ မောင့်ကို အစစအရာရာ သတိပေးဖော်ရတယ်၊ ဒါကြောင့် မောင် ဘယ်သွား သွား ချစ်က မောင့်အနားမှာ ရှိနေသလို ခံစားရတာပေါ့။ အဝေးကို ရောက်နေ တဲ့အခါတွေများဆို မောင့်ကိုယ်ကတစ်ဝက်၊ ချစ်ကိုယ်ကတစ်ဝက်လို့တောင် ခံစားရတယ်'

ကျွန်မတို့နှစ်ယောက် ဖက်လိုက်ကြတယ်။

'ချစ်. . . မောင် စိတ်ပူနေတာ တစ်ခုရှိနေတယ်။ မောင်တို့ ချစ်ကြတုန်း က ခါတိုင်းလို အကာအကွယ်ပစ္စည်း မသုံးလိုက်မိဘူး'

'စိတ်မပူပါနဲ့ မောင်ရယ်. . . ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး' လို့ ကျွန်မ က သူ့စကားကို ဖြတ်လိုက်ရတယ်။

အအေးဓာတ်ပိုကဲလာပြီမို့ ဟိုတယ်ကို ပြန်လာခဲ့ကြပါတယ်။ ဟိုတယ် ပေါက်ဝနား ကျွန်မကိုချထားခဲ့ပြီး သူကတော့ အနောက်ဘက်ကို မောင်းသွား တယ်။ သူနဲ့ ကျွန်မဘဝ အခြေအနေကို နားလည်ပေမယ့် ဒီလို တစ်သီးတခြားစီ ခွဲခြားဝင်ရတာကိုပဲ ကျွန်မစိတ်ထဲ သိမ်ငယ်သလို ခံစားရပါတယ်။ အခန်းထဲ ရောက်လို့ ခေါင်းဖြီးနေတုန်း သူ တံခါးခေါက်တယ်။ လက်ထဲမှာ ဘီးကိုင်ထား ရင်း တံခါးဖွင့်ပေးလိုက်တော့ သူ ဒေါပွနေတာ တွေ့ရတယ်။

'ဘာဖြစ်လာတာလဲ မောင်'

'ဘာဖြစ်တာလဲဆိုတော့. . . . ချစ် ဘာကြောင့် ဆံပင်ဖြတ်လိုက်တာလဲ'

ဩော်. . . . လက်ထဲမှာ ဘီးပါနေတော့ ကျွန်မဆံပင်ကို သူ သတိထားမိ သွားပြီပေါ့။ ဘယ်လောက်မိုက်တဲ့ ကျွန်မလဲ၊ တစ်ချိန်လုံး သူမေ့နေတဲ့ဆံပင်ကို လက်ထဲက ဘီးကြောင့် သူ သတိထားမိသွားတာပဲ။ သေတောင် သေလိုက်ချင် ရဲ့။

http://www.cherrythitsar.org



'အဲဒါ ကျွန်မအပြစ်မဟုတ်ပါဘူး မောင်'

'ဩော်. . . မင်းဆံပင်နဲ့ပတ်သက်ပြီး ချုပ်ချယ်အမိန့်ပေးနိုင်တဲ့သူ ရှိသေးတယ်ပေါ့'

အလှပြင်ဆိုင်ကအကြောင်း ကျွန်မ ရှင်းပြတော့မှပဲ သူ စိတ်ပြေသွားပြီး တိုနံ့နံ့ ကျွန်မဆံပင်ကို လက်ချောင်းတွေနဲ့ ထိုးဖွကြည့်နေတယ်။

'တွေ့ပြီလား၊ ဆံပင်ဖြတ်လိုက်တော့ မောင်တွေ့စကနဲ့ မတူတော့ဘူး၊ မောင်က အစစအရာရာ ဘာမှ မပြောင်းမလဲ ရှိနေစေချင်တာ၊ ချစ် ဆံပင်ရှည်ကြီး နက်မှောင်နေတာကို မောင်က ချစ်တယ်။ ခေါင်းလျှော်ရည်ဆိုရင် တစ်မျိုးတည်းပဲ သုံးစေချင်တာ။ ဒါမှ မောင်ရနေကျ အနံ့ပဲရမှာပေါ့။ ဆံပင်ဖြတ်လိုက်တာ မောင့်အတွက် စိတ်ထိခိုက်ရတယ် လူစီ'

မောင်က ကျွန်မကို အမိန့်ပေးနေတာ မဟုတ်ပါဘူး။ သူ့အတွက် ကျွန်မနဲ့ပတ်သက်တာ အသေးစိတ်ကလေးကအစ ဘယ်လောက် အရေးကြီးတယ်။ အရေးထားတယ်ဆိုတာကို ကျွန်မ သဘောပေါက်မိတယ်။ ကျွန်မဆံပင်ကို သူ မြတ်နိုးမှန်းသိလို့ ဒရီ(န)ခေါင်းလျှော်ရည် တစ်မျိုးတည်းနဲ့သာ အမြဲလျှော်ခဲ့တာပါ။ သူက အဲဒီအနံ့ကို ကြိုက်တယ်လေ။ ခေါင်းလျှော်ရည်တံဆိပ်ပြောင်းလိုက်တာနဲ့ ချက်ချင်း သိတော့တာပဲ။ ဆံပင်ဖြတ်လိုက်မိတာလောက်ကို သူ ဒီလောက်ရေးကြီးခွင်ကျယ် ဖြစ်လိမ့်မယ် မထင်ခဲ့မိတာ ကျွန်မ အမှားပါပဲ။ ဒါကြောင့် နောက်ကို ကျွန်မ ဘယ်တော့မှ ဆံပင်မဖြတ်တော့ပါဘူးလို့ မောင့်ကို ကတိပေးလိုက်ပါတယ်။ ဒီတော့မှ သူ့မျက်နှာပြုံးသွားပြီး ကျွန်မအနား ကပ်လာတယ်။

'ပြီးတော့. . . စကားပြောရင် ပြင်သစ်လိုပြောကွာ၊ အဲဒီလိုပြောတာကို မောင်ကြိုက်တယ်'

ကျွန်မ စကားတစ်ခွန်း ခပ်ရှည်ရှည် သူ့ကို ပြောလိုက်တယ်။

'ချစ်ပြောတဲ့အထဲမှာ အား(လ)လဲ(န)(စ)လော့(တ)တစ်လုံးပဲ မောင်နားလည်တယ်၊ ကျန်တာတွေက ဘာပြောတာလဲ'

'ကျွန်မရဲ့ အချစ် ကျွန်မရဲ့ နှလုံးသားဟာ ထာဝရ မောင့်အတွက်ပါ။ ကျွန်မချစ်တယ် အား(လ)လဲ(န)(စ)လော့(တ)ရယ်၊ ကျွန်မ မောင့်ကို သိပ်ချစ်ပါတယ်'

မောင်က သူလည်း ကျွန်မကို ပြင်သစ်လို ပြန်ပြောချင်တယ်ဆိုလို့ စကားတစ်လုံးချင်း သင်ပေးရတယ်။ အား(လ)လဲ(န)(စ)လော့(တ)နေရာမှာ ဒီဇိုင်းယားရီးကို အစားထည့်ပေးရတာပေါ့။ မပြောတတ်ပြောတတ်နဲ့ သူပြော

http://www.cherrythitsar.org



လိုက်တဲ့အသံက သိပ်ရယ်စရာကောင်းတာပဲ။ ကျွန်မ နှုတ်ခမ်းကို သူ့ နှုတ်ခမ်းနားကပ်ပြီး နှစ်ယောက်အတူ ပြောဖြစ်ပြီးတဲ့အခါမှာတော့ မောင်က တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပါတော့တယ်။

'ချစ် ဆံပင်က ပြောင်းသွားပေမယ့် ချစ်ကိုယ်လုံးလေးကတော့ ဘာမှအပြောင်းအလဲမရှိ လှနေတုန်းပဲ၊ ချစ် ကိုယ်လုံးကို မောင်ကလွဲလို့ ဘယ်သူမှ မမြင်စေရဘူးနော်'

မောင့်စကားကို ကျွန်မ ဖြတ်ပြောဖို့ ကြိုးစားတော့ သူက ကျွန်မနှုတ်ခမ်းပေါ်ကို လက်ညှိုးနဲ့ ပိတ်လိုက်တယ်။

'ဘာမှမပြောနဲ့ချစ်၊ မောင် နားလည်တယ်၊ မောင်လေ ချစ်နဲ့ ဘယ်လိုမှ ခွဲနေလို့ မရဘူးကွာ၊ ခဏခဏ တွေ့နေချင်တာပဲ'

အဲဒီည တော်တော်နက်တော့မှ ဟိုတယ်ကနေ သူပြန်သွားတယ်။ ဘယ်သူမှ သတိမပြုမိအောင် အမှောင်လွှမ်းမှပဲ သူ ပြန်ရတာပေါ့။ ကျွန်မက မနက်အစောကြီး ပြန်ရမယ်။ မောင်က မနက်အစောကြီး ထတတ်တဲ့သူ မဟုတ်တော့ ဒီည သူ့အိမ်မှာပဲ ပြန်အိပ်တာပေါ့။

သူမရှိတော့ ဟိုတယ်ခန်းထဲမှာ ကျွန်မတစ်ယောက်တည်း အထီးကျန်ဖြစ်သွားပါတော့တယ်။ ကျွန်မ နောက်တစ်ကြိမ် သူနဲ့ တွေ့ခွင့် ရပါတော့မလားဆိုတဲ့ အတွေးက တုန်လှုပ်စေပါတယ်။ သူ့အောင်မြင်ကျော်ကြားမှု ပိုများလာလေ ကျွန်မတို့ အချစ်ရေးက လူသိရှင်ကြား လုပ်လို့ မရလေပါဘဲ။ အလုပ်တွေကလည်း များလွန်းတော့ တွေ့ဖို့ အခွင့်အလမ်းဆိုတာကလည်း အင်မတန်နည်းပါတယ်။ သူ အလုပ်အဆက်မပြတ် လုပ်နေရအောင် ကာနယ်ပတ်ကားက တမင်တကာများ စီစဉ်ထားလေသလားလို့တောင် ကျွန်မ ထင်မိပါတယ်။ဒီလူကြီးက မောင့်ကို အသုံးချနေတာ ဖြစ်နိုင်တယ်။ ဒါကြောင့် သူ့ကို သိပ်မယုံနဲ့လို့တောင် မောင့်ကို သတိပေးထားမိတယ်။ ဒီလို တွေးမိတာ ကျွန်မဘက်က အတ္တဆန်တာဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ တစ်နေ့ခင်းလုံး ပျော်ခဲ့သမျှကို ပြန်တွေးရင်း ကျွန်မ အိပ်ပျော်သွားတော့တယ်။

မနက်ပိုင်းမှာ တော်တော် အေးတယ်။ လေယာဉ်စီးတော့ မြူတွေ ဆိုင်းနေသေးတယ်။ အိမ်ပြန်ရောက်ချိန်မှာ ကလေးတွေကို မြင်လိုက်ရတော့ ကျွန်မရင်ထဲမှာ ချမ်းမြေ့မှု ရပြန်ပါတယ်။ သူတို့လေးတွေဟာ ကျွန်မဘဝ၊ ကျွန်မ ပိုင်ဆိုင်မှုပါပဲ။ ခရစ္စမတ်မတိုင်ခင်မှာ အဲ(လ)ဗစ္စ ဖုန်းဆက်ပါတယ်။ စစ်မှုထမ်းဖို့ ဆင့်ခေါ်စာ ရောက်နေပြီတဲ့။ သူ့စကားသံမှာ စိတ်ပျက်သံ မပါပါဘူး။ ကာနယ်

http://www.cherrythitsar.org



ကြီးက ပြောတယ်တဲ့၊ စစ်မှုထမ်းလိုက်ခြင်းအားဖြင့် သူ့ အနုပညာခရီးအတွက် ပိုတောင် ကောင်းဦးမတဲ့။ ကျွန်မ ဘယ်လိုမှ နားမလည်နိုင်ပေမယ့် သူပျော်နေတာကိုပဲ ကျွန်မ ဝမ်းသာရပါတယ်။ မောင်က သူ ချက်ချင်းသွားရဦးမှာတော့ မဟုတ်သေးဘူးတဲ့။ ကာနယ်ကြီးက သူ့ကို King Creloe ဇာတ်ကားရိုက်ပြီးမှ သွားရအောင် စီစဉ်ပေးထားတယ်တဲ့၊ မန်နေဂျာတစ်ယောက်ရဲ့အစွမ်းကို ကျွန်မ အံ့သြသွားတယ်။ စစ်မှုထမ်းသွားဖို့တောင် ချက်ချင်းမသွားရအောင် အချိန်ဆွဲပေးထားနိုင်တယ် ဆိုပါလား။

'ဟုတ်တယ်. . . သူက အားလုံးလုပ်နိုင်တယ်၊ သူ မလုပ်နိုင်တာ ဘာမှ မရှိပါဘူး၊ သူလုပ်သမျှ အားလုံး မောင် ကောင်းဖို့ချည်းပဲ' တဲ့။

* * *

အဲဒီနောက်ပိုင်း တော်တော်ကြာ မောင်နဲ့ အဆက်ပြတ်နေခဲ့ပြီး မရေရာ မသေချာလှတဲ့ ကျွန်မရဲ့ အနာဂတ်ခရီးကို နောက်တစ်နှစ် စတင်ဖို့ နှစ်သစ်ကူးပြောင်းခဲ့ရပြန်ပါတယ်။ မောင်က ရုပ်ရှင်ရိုက်နေပြီ။ ပြီးတာနဲ့ စစ်မှုထမ်းဖို့ သွားရတော့မယ်။ နောက် နှစ်နှစ်လုံးလုံး မောင်နဲ့ကျွန်မ တွေ့ရဖို့ လမ်းမရှိတော့ပါဘူး။ ခွဲခွာနေရတဲ့ နှစ်နှစ်တာ ကာလအတွင်း မောင့်ရင်ထဲမှာ ကျွန်မကိုချစ်တဲ့ အချစ်က ရှင်သန်နေနိုင်ပါ့မလား။ မိန်းမတိုင်းရဲ့ အသည်းကျော်ဖြစ်နေမှတော့ ကျွန်မအတွက် အခွင့်အရေး ရှိနိုင်ပါ့မလား။

အချိန်တွေ ကုန်လွယ်အောင်လို့ ကျွန်မက မွန်ရိုးမြို့က ကဇာတ်အဖွဲ့တစ်ဖွဲ့မှာ ဝင်ပါလိုက်ပြီး တင်ဆက်မယ့်ပြဇာတ် တိုက်နေလိုက်ပါတယ်။ ကျွန်မတို့အဖွဲ့က Dracula နဲ့ Attairs of srate ပြဇာတ်တွေ တင်ဆက်ခဲ့ကြတယ်။ တကယ်တော့ ကျွန်မက စင်မြင့်ပေါ်မှာ ကပြရမှာထက် စင်နောက်ကွယ်မှာပဲ နေချင်တဲ့သူပါ။ ဒါပေမယ့် အားလုံးက ကျွန်မကို ပြဇာတ်ထဲမှာ ဝင်ကစေပါတယ်။ ဒရက်ကူလာ ပြဇာတ်မှာဆိုရင် ကျွန်မက သွေးစုပ်ဖုတ်ကောင် ဒရက်ကူလာရဲ့ သားကောင်တစ်ယောက်အဖြစ် သရုပ်ဆောင်ခဲ့ရသေးတယ်။

တစ်ညမှာတော့ ဇာတ်တိုက်အပြီး ကျွန်မတို့အုပ်စု ကော်ဖီဆိုင် တစ်ဆိုင်ကို ဝင်ကြတယ်။ အဲဒီမှာ KNOE ရုပ်မြင်သံကြားအဖွဲ့သားတွေလည်း ရောက်နေကြတော့ ပူးပေါင်းမိသွားကြတာပေါ့။ ထွေရာလေးပါး စကားပြောကြရင်းက ခုတလော ခေတ်စားလာတဲ့၊ ဆွဲဆောင်မှုအပြည့်အဝရှိတဲ့ အဆိုကျော်သစ် တစ်ယောက်အကြောင်း စကားလမ်းကြောင်း ရောက်သွားပါတယ်။ ဒီအဆိုကျော်ကို မိန်းမတွေက သည်းသည်းလှုပ် ကြိုက်ကြလွန်းလို့ သူတို့ကိုယ်တောင် ပုံအပ်ကြ

http://www.cherrythitsar.org



သတဲ့။ အဲဒီအထဲက တချို့လည်း အဆိုကျော်နဲ့ ငြိကြတယ်တဲ့။

'တစ်ည တစ်ယောက်လောက်တော့ ပျော်ခွင့်ရမှာပေါ့' လို့ တစ်ယောက်ကပြောတယ်။ သူ့စကား ကြားလိုက်ရတော့ ကျွန်မကိုယ်ကျွန်မ သေးသေးကလေးဖြစ်သွားသလို ခံစားလိုက်ရပြီး စားပွဲအောက်တောင် ဝင်ပုန်းလိုက်ချင်ပါတယ်။ ဒီလူပြောတဲ့စကားတွေ မမှန်ပါဘူးလို့ မောင့်ဘက်က ရှေ့နေလိုက်ပြီး ကျွန်မငြင်းချင်ပေမယ့် မောင်နဲ့ကျွန်မ ကဏ္ဍကို ဘယ်လိုပြောလို့ ရမှာတဲ့လဲ။ အပြန်လမ်းမှာ မောင်နဲ့ပတ်သက်လို့ နာကျင်မှု ခံစားလာရတယ်။ မောင်ရယ်. . . ကျွန်မဘဝအထီးကျန်လှပါလားကွယ်။

အိမ်ပြန်ရောက်တော့ အဝတ်လဲပြီး နွားနို့ပူပူတစ်ခွက်နဲ့ ဧည့်ခန်းထဲမှာထိုင်ရင်း ရော်ဂျာဝီလျံရဲ့ ဓာတ်ပြားတွေ နားထောင်နေမိတယ်။ သီချင်းနားထောင်ရင်း အိမ်ရှေ့တံခါးမကြီးက အသံတစ်ခု ကြားလိုက်ရလို့ နားစွင့်လိုက်သေးတယ်။ အိမ်နီးနားချင်း ခွေးတစ်ကောင်ကောင် ဖြစ်မှာပဲလို့ တွေးပြီး ဆက်နားထောင်နေတုန်း နောက်ဖေးဘက်က အသံကြားရပြန်တယ်။ ကလေးတွေကလည်း အိပ်နေကြပြီ၊ နောက်ဖေးတံခါးနား လျှောက်သွားပြီး နားစွင့်လိုက်တော့ ဟောင်နေတဲ့ ခွေးတစ်ကောင်ကို နှစ်ချက်သုံးချက် ဆင့်ကန်သံ ကြားလိုက်ပါတယ်။ တံခါးဖွင့်လိုက်ချိန်မှာ ကျွန်မ မတွေ့ချင်ဆုံး လူကို တွေ့လိုက်ရတယ်။ ဟိုလူကြီးပေါ့။ သူ့မျက်နှာက နဂိုကမှ ကြောက်စရာကောင်းရတဲ့အထဲ ဒေါသထွက်နေတော့ ပိုလို့တောင် ကြောက်စရာ ကောင်းနေပါတယ်။ မျက်လုံးတွေက ဝင်းဝင်းတောက်နေပြီး အံကြိတ်ထားလိုက်တာကလည်း လည်ပင်းကြောတွေတောင် ထောင်နေတယ်။ ရုတ်တရက် ကျွန်မကို လှမ်းဆွဲလိုက်လို့ ညဝတ်အင်္ကျီတောင် ပြဲသွားတယ်။

'. . . . သည်မ. . . သည်မ'

သူ့ပါးစပ်က အဆက်မပြတ် ဆဲနေတယ်။

ကျွန်မ အိမ်ထဲပြေးဝင်ဖို့ ကြိုးစားတော့ သူက အင်္ကျီကို ဆွဲထားတယ်။ ကျွန်မ မျက်နှာနဲ့ မှောက်လျက် လဲကျသွားတော့ သူက အင်္ကျီကနေ တရွတ်ဆွဲပြီး မီးဖိုထဲ ဆွဲသွားပါတယ်။ ရုန်းရင်းကန်ရင်း ကျွန်မက လက်ကို တစ်စုံတစ်ခုနဲ့ ရှသွားတယ်။ ရုန်းထလိုက်ပြီး ခုန်ချဖို့ ပြတင်းပေါက်ဆီ ပြေးခဲ့ပါတယ်။

'ခုန်လေ. . . ခုန်ချလိုက်စမ်း၊ . . . သည်မ'

ကျွန်မ တကယ်ခုန်ချတော့မလို့ဘဲ၊ ဒါပေမယ့် သူက ကုပ်ကနေ ဆွဲခေါ်သွားပြန်ပါတော့တယ်။ ကျွန်မကို ခါးကနေ မ,ပြီး မီးဖိုခန်းထဲ ခေါ်သွားတယ်။

http://www.cherrythitsar.org



ဘောင်းဘီအိတ်ထဲ လက်နှိုက်လိုက်ပြီး ပစ္စည်းတစ်ခု ထုတ်ယူလိုက်တယ်။ ငွေရောင်ဓားတစ်လက်၊ ဘုရား. . . ဘုရား. . . ကျွန်မ သေရတော့မှာပါလား။ ကျွန်မ အသံကုန် အော်လိုက်တော့ လည်ပင်းကိုညှစ်ပြီး ဓားနဲ့ထောက်ထားတယ်။ အဖ ဘုရားသခင်. . . သူ ကျွန်မကို မသတ်ပါစေနဲ့လို့ စိတ်ထဲကပဲ တိုင်တည်ဆုတောင်းမိပါတယ်။

'သေရတော့မယ်ဆိုတာ သိတော့ မင်း ဘယ်လိုခံစားရသလဲ၊ ဘယ်လိုနေလဲ. . . ပြောစမ်း၊ . . . သည်မ၊ မင်း. . . ဟိုအကောင်နဲ့ တွေ့နေတယ်ဆိုတာ ငါသိတယ်ကွ၊ မင်းကို သတ်မယ်၊ ပြီးရင် ဟိုအကောင်ကိုလည်း သတ်မယ်၊ နေဦး. . . အဲဒါထက် ကောင်းတဲ့စိတ်ကူး ငါရပြီ၊ ဟိုကောင်သေတာကို မင်းမြင်ပြီးမှ မင်းသေရမယ်၊ ဟိုကောင်ကို လက်ဝါးကပ်တိုင်မှာ သံရိုက်ထားတာ မင်းမြင်ရစေမယ်၊ မင်း ကြည့်ချင်တယ် မဟုတ်လား၊ မင်း အဲဒီကောင်ကို ချစ်တယ်မဟုတ်လား၊ အဲဒီကောင်ကို မင်း ချစ်နေပါတယ်လို့ ပြောလိုက်စမ်းပါကွာ၊ ဒါမှ ငါသတ်ရတာ ပိုလွယ်တော့မပေါ့'

ကျွန်မ မလှုပ်မယှက် နေလိုက်တယ်။ ကျွန်မ လှုပ်လှုပ်ရှားရှားလုပ်ရင် သူပိုပြီး ဒေါသထွက်မယ်လေ။ ငြိမ်ငြိမ်ကလေး နေလိုက်ရင် ကျွန်မ ရှင်ချင်ရှင်နိုင်မယ်။ လည်ပင်းကဓား သူခွာသွားတယ်။ ပြီးလောက်ပြီထင်ပေမယ့် မပြီးသေးပါဘူး။ ကျွန်မမျက်နှာရှေ့မှာ ဓားက ဝဲနေပြန်တယ်။

'မင်းမျက်နှာကို ဓားနဲ့လှီးပစ်မယ်၊ အဲဒီအခါ မင်းကောင်က မင်းကို ချစ်နိုင်ပါဦးမလား သိရတာပေါ့၊ မင်းကို သူက ချစ်တယ်လို့များ မင်းထင်နေသလား၊ မင်းက ဘာကောင်မမို့လဲ၊ သူ့နားမှာ မင်းလိုကောင်မတွေ တစ်ပုံကြီး၊ သူဘာကောင်လဲဆိုတာ မင်းသိတယ် မဟုတ်လား'

ရုတ်တရက် အော်သံတွေ ကြားလိုက်ရတယ်။ ဘာတွေဖြစ်ကုန်ပြီလဲလို့ တွေးနေတုန်း သမီး ဒယ်ဘီနဲ့ မယ်လိုဒီတို့ ပြေးဝင်လာကြပြီး ဟိုလူကြီးကို ထုကြ ရိုက်ကြရင်း ကျွန်မရှေ့က ဆွဲခေါ်ဖို့ ကြိုးစားတယ်။ 'မေမေ့ကို မရိုက်ပါနဲ့နော်' ဒယ်ဘီက ငိုရင်း တောင်းပန်နေတယ်။ သမီးတွေရှေ့မှာ ကျွန်မကို သတ်လိုက်မှာ ကျွန်မ စိုးရိမ်သွားပါတော့တယ်။

'နင်တို့နှစ်ယောက်စလုံး ခုချက်ချင်းထွက်သွားစမ်း'လို့ သူက အော်ပေမယ့် ကလေးတွေက လုံးဝမလှုပ်ကြဘူး။ ဒယ်ဘီကို ခြေနဲ့လှမ်းကန်လိုက်တော့ ဒယ်ဘီက သံကုန်အော်ပါလေရော။ နောက်ဆုံးမှာတော့ ကျွန်မကို လွှတ်ပေးလိုက်တယ်။

ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး သမီးတို့ကို ချော့ရပါတယ်။

http://www.cherrythitsar.org



'အားလုံး အဆင်ပြေသွားမှာပါ သမီးတို့ရယ်၊ အိပ်ခန်းထဲ သွားကြနော်၊ နောက်က မေမေလိုက်လာခဲ့ပါ့မယ်' သမီးတို့ကို ဒီနေရာမှာ ရှိမနေစေချင်ဘူး။ တော်တော်ကြာ ကျွန်မကိုသာမက ကလေးတွေကိုပါ ရန်မူလာမှာ စိုးရတယ်။ ကလေးတွေ ထသွားတော့မှ သူ့ကို ကျွန်မ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်လိုက်ပါတယ်။

'အိမ်ထဲက ထွက်သွားပါ'

'ငါဝယ်ပေးထားတဲ့ အိမ်ထဲက ထွက်သွားရမယ် ဟုတ်လား'

'ရှင် အိမ်ထဲက ထွက်သွားပါ'

'မင်းဟာ ငါ့ကလေးတွေနဲ့ မတန်ဘူး၊ ဒီတော့ ငါ့ကလေးတွေကို ငါ ခေါ်သွားမယ်၊ မင်း ဘာကောင်မလဲဆိုတာ ငါသိနေပြီပဲ'

'ရှင် ကျွန်မကလေးတွေကို မထိနဲ့'

'ခေါ်မရဘူးဆိုရင်တော့ တစ်ခုခု လုပ်ရမှာပေါ့၊ မင်းအနားမှာတော့ ကလေးတွေ မနေစေရဘူး၊ သူတို့ကို အသက်ရှင်ခွင့် မပေးနိုင်တော့ဘူးကွ'

'ရှင် ထွက်သွား'

ဝင်လာတဲ့ တံခါးပေါက်ဆီကို သူ လျှောက်သွားပါတယ်။ အပြင်မရောက်ခင်မှာ ကျွန်မကို တစ်ချက်လှည့်ကြည့်တယ်။

'ဒီတစ်ခါတော့ မင်းကို ခွင့်လွှတ်လိုက်ဦးမယ်။ ဒါပေမယ့် ဒီမြို့မှာ နောက်တစ်ခါ အဲဒီကောင်ကို တွေ့ရင်တော့ ငါ သတ်ကိုသတ်ရလိမ့်မယ်။ သူ ဘယ်လောက် နာမည်ကြီးကြီး ငါ မမှုဘူး။ မင်းကောင်ကို ပြောလိုက်၊ မကြာခင်မှာ ငရဲမှာပဲ သီချင်းဆိုရတော့မယ်လို့။ အဲဒီနေရာက သူနဲ့ အသင့်တော်ဆုံးနေရာပဲ'

အိပ်ခန်းထဲရောက်တော့ ကလေးတွေနဲ့အတူ ကျွန်မပါ ငိုနေမိတယ်။ ဒါပေမယ့် ကလေးတွေ ပိုပြီး အားငယ်သွားမှာစိုးလို့ မကြာခင်မှာဘဲ မျက်ရည်သုတ်လိုက်ရတယ်။ သမီးတို့ကိုလည်း ဟိုလူကြီးပြောသွားတာ အတည်ပြောသွားတဲ့စကားတွေမဟုတ်ဘဲ ဒေါသဖြစ်နေတုန်း ပြောသွားတာတွေသာ ဖြစ်တဲ့အကြောင်း၊ သူပြောတာတွေ မမှန်ကြောင်း ချော့မော့ပြောရပါတယ်။ တကယ်တော့ ဟိုလူကြီးမျက်လုံးထဲမှာ ခါးသီးတဲ့ အမုန်းတွေ ကျွန်မ တွေ့လိုက်ရတာပဲ။ အဲ(လ)ဗစ္စကိုပဲဖြစ်ဖြစ်၊ ကျွန်မကိုပဲဖြစ်ဖြစ်၊ ကလေးတွေကိုပဲဖြစ်ဖြစ် သတ်ဖို့ လုံးဝ ဝန်မလေးတဲ့ အနေအထားပါ။ နောက်တစ်ကြိမ်ဆိုရင် ကျွန်မတို့တွေ လုံးဝ ကုသိုလ်ကံ ကောင်းနိုင်စရာ မရှိတော့ပါဘူး။

'မာမီ. . . အဲဒီလူကြီး နောက်ထပ် လုံးဝ မလာစေရဘူးလို့ ကတိပေးခဲ့

http://www.cherrythitsar.org



တယ်လေ၊ မာမီကတိပေးခဲ့တာကော’ မယ်လိုဒီက မျက်ရည်သုတ်ရင်း ကျွန်မကို မေးလာတယ်။

‘ဟုတ်ပါတယ် သမီးရယ်၊ မာမီ ကတိပေးခဲ့တာ မှတ်မိပါတယ်။ သမီးတို့ နောက်ထပ် သူ့ကို ဘယ်တော့မှ မတွေ့စေရဘူးလို့ မာမီ ထပ်ပြီး ကတိပေးပါတယ်ကွယ်’

သမီးတို့ အိပ်ပျော်သွားတဲ့အထိ အခန်းထဲမှာ ကျွန်မနေပေးလိုက်ပြီး သူတို့ အိပ်ပျော်သွားတော့မှပဲ ဒဲနစ္စကလေးရဲ့ အခန်းကို ဝင်ကြည့်ရတယ်။ သမီးလေးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတယ်။ ရေချိုးခန်းထဲဝင်ပြီး ကျွန်မ ဒဏ်ရာတွေကို ဆေးထည့်ရတယ်။ လက်မှာ တော်တော်ကွဲသွားတယ်။ လည်ပင်း ညှစ်ထားတဲ့ ဒဏ်ရာက အညိုမည်း စွဲနေတာမို့ ဘာမှ မျိုချလို့တောင် မရအောင် နာနေတယ်။ လက်ကအနာကို ဆေးထည့် ပတ်တီးစည်းပြီးတဲ့နောက် ဒဲနစ္စကလေးကို ဒယ်ဘီနဲ့မယ်လိုဒီတို့ရဲ့ အခန်းထဲရွှေ့သိပ်၊ အခန်းကို သော့ခတ်လိုက်ပြီး ကျွန်မကိုယ်တိုင်ကတော့ သမီးတို့ ခုတင်တွေကြားက ကြမ်းပြင်ပေါ်မှာပဲ အိပ်လိုက်တယ်။

နောက်တစ်နေ့ အိမ်ပြောင်းဖို့အတွက် အိမ်သစ်ရှာပုံတော် ဖွင့်ရတယ်။ ကံအားလျော်စွာပဲ လွီစီယားနား အရှေ့မြောက်ပြည်နယ်ကောလိပ်နဲ့ မျက်စောင်းထိုးနားမှာ အိမ်ကလေးတစ်လုံး ငှားဖို့ တွေ့တယ်။ ချက်ချင်း ငှားဖို့ စီစဉ်ပြီး နောက်တစ်နေ့မှာ လိုအပ်မယ့် ပစ္စည်းတချို့ စ,ရွှေ့ပါတယ်။ ညနေပိုင်းမှာ အိမ်ပြောင်းတဲ့ကိစ္စ ပြီးသွားတယ်၊ ကျွန်မစိတ်ကူးက မွန်ရိုးမြို့ကနေ ဘယ်သူမှ မသိတဲ့ အခြားနေရာကို ရွှေ့သွားဖို့ပါပဲ။ အဲ(လ)ဗစ္စကိုလည်း အသိမပေးချင်ဘူး။ ကျွန်မနဲ့ အဆက်အသွယ် ရှိနေသရွေ့ သူ့မှာ အန္တရာယ်ရှိနေတယ် မဟုတ်လား။ ကျွန်မ အလုပ်ရှင် မစ္စတာ ဆီ(လ)ဗာစတိန်းကိုတော့ မကြာခင် ပြောင်းတော့မယ်လို့ ကြိုပြောထားတယ်။ ကျွန်မ ဘာကြောင့် ပြောင်းမှာလဲလို့ သိချင်နေတယ်။ မွန်ရိုးမှာ အခြေချနေတဲ့သူတွေက ခုလို တစ်မြို့တစ်ရွာကို ပြောင်းသွား ခဲတာကိုး။ ဒီမှာမွေး၊ ဒီမှာကြီး၊ ဒီမှာပဲ သေကြတယ်။ ကျွန်မက ဖြစ်ပျက်ခဲ့သမျှ ပြောပြလိုက်ပေမယ့် အဲ(လ)ဗစ္စနဲ့ ပတ်သက်တာကိုတော့ ချန်ထားလိုက်တယ်။ သူက ခုလို ထွက်ပြေးခြင်းဟာ ပြဿနာရဲ့အဖြေ မဖြစ်နိုင်ကြောင်း၊ သူ့အနေနဲ့ ကျွန်မကို အကာအကွယ်ပေးနိုင်ကြောင်း၊ အဆက်အသွယ် အများကြီး ရှိတဲ့အကြောင်း ပြောပါတယ်။

တရားဥပဒေအရ ကွာရှင်းပြတ်စဲနိုင်တယ်ပဲ ထားဦးတော့၊ လူတစ်

http://www.cherrythitsar.org



ယောက်က တစ်ယောက်ကို သတ်ဖို့ ကြံစည်နေတာကိုတော့ တားလို့ ရနိုင်စရာ အကြောင်း မရှိပါဘူး။ ကျွန်မတို့အားလုံး အသက်အန္တရာယ် ကင်းဝေးဖို့က ဘယ်သူမှမသိတဲ့နေရာမှာ ပုန်းနေရမယ့်နည်းပဲ ရှိပါတယ်။ အဲ(လ)ဗစ္စ ဘဝမှာလည်း ကျွန်မ မရှိတာ ပိုကောင်းပါလိမ့်မယ်။ ကျွန်မတို့နှစ်ယောက် ဘဝတစ်ခု ထူထောင်ဖို့ဆိုတဲ့ အိပ်မက်က ဘယ်တော့မှ ဖြစ်လာနိုင်စရာ အကြောင်းမရှိတော့ပါဘူး။ ဒီအိပ်မက်ကို ကျွန်မ မေ့ပစ်ရပါတော့မယ်။ ကျွန်မကြောင့် သူ့ဘဝ ပျက်စီးသွားမှာကို လုံးဝ မလိုလားနိုင်တာ အမှန်ပါ။ သူ့ဘဝက ကျွန်မ မရှိလည်း အဆင်ပြေမှာပါ။ သတင်းစာတွေ၊ စာစောင်တွေထဲမှာ မိန်းကလေးတွေနဲ့ သူ့ဇာတ်လမ်းတွေက ပြည့်လို့ပါပဲ၊ ကျွန်မအသည်းတွေ ကွဲကြေမတတ် ခံစားရတယ်။ ဒါပေမယ့် သူ့အတွက် ပျော်ရပါတယ်။ တကယ်တော့ အဲ(လ)ဗစ္စဟာ တစ်ယောက်မဟုတ် တစ်ယောက် သူ့အနားမှာ အစဉ်အမြဲရှိနေဖို့ လိုအပ်တဲ့သူ တစ်ယောက်ပါ။

စတိုးဆိုင်မှာ နောက်ဆုံး တာဝန်ထမ်းဆောင်တဲ့နေ့က ဆိုင်ပိတ်ပြီးတဲ့အထိ ကျွန်မ မပြန်ဖြစ်သေးဘူး။ တခြားဝန်ထမ်းတွေလည်း မပြန်ကြသေးတာ ကျွန်မ သတိထားမိတယ်။ အဲဒါ တော်တော်လေးကို ထူးခြားတာပဲ။ မစ္စတာ ဆီ(လ)ဗာ စတိန်းရောက်လာပြီး 'တို့များ မင်းကို ပေးစရာရှိတယ်' လို့ ပြောလိုက်တော့ ဝန်ထမ်းအားလုံး ကျွန်မရှိရာဝိုင်းလာပြီး လက်ဆောင်ပစ္စည်း အသီးသီး ပေးကြတယ်။ ကျွန်မစိတ် အရမ်းလှုပ်ရှားသွားပါတယ်။ တကယ်တော့ ကျွန်မ ဖြစ်ချင်တာက ဘယ်သူမှ မသိလိုက်ဘဲ ဒီမြို့ကနေ ကျွန်မ ပျောက်သွားချင်တာပါပဲ။ ကျွန်မ မိတ်ဆွေတွေက ဘယ်မှ မသွားဖို့နဲ့ သူတို့ တတ်နိုင်သလောက် ကူညီပါ့မယ်လို့ ပြောကြတယ်။ သူတို့ကို မစ္စတာ ဆီ(လ)ဗာစတိန်းက ဘာတွေ ပြောထားသလဲဆိုတာတော့ ကျွန်မ မသိပါဘူး။ နောက်ဆုံးမှာ မစ္စတာ ဆီ(လ)ဗာစတိန်းက ကျွန်မကို သူ့ရုံးခန်းထဲ ခေါ်သွားပြီး နောက်ထပ် ရက်သတ္တနှစ်ပတ် လုပ်ဖို့တိုက်တွန်းပါတယ်။

အိမ်မှာက ကျွန်မပစ္စည်းတွေကို ရောင်းသင့်တာရောင်း၊ ပေးသင့်တာတွေ ပေးပစ်ပြီးပြီ။ မစ္စတာ ဆီ(လ)ဗာစတိန်း မေတ္တာရပ်ခံချက်ကြောင့် ကျွန်မ ရက်သတ္တနှစ်ပတ် ဆက်နေရဦးမယ်ပေါ့။ နောက်တစ်ပတ်မှာ ဖုန်းလာလို့ ကျွန်မ ကောက်ကိုင်လိုက်တော့ အဲ(လ)ဗစ္စဖြစ်နေတယ်။ ကျွန်မမှန်းမသိတဲ့အတွက် ကျွန်မနဲ့ ပြောခွင့်တောင်းနေပါတယ်။ သူ ဟောလိဝုဒ်မှာ နောက်ဆုံးကား ရိုက်နေတယ်လေ။ ဒီကားပြီးရင် စစ်မှုထမ်းဖို့ သွားရမယ်။ ကျွန်မက ဘာမှ မဖြစ်သယောင်

http://www.cherrythitsar.org



ဟန်မပျက် လက်ခံစကားပြောခဲ့တယ်။ ဒီမြို့ကနေ ဝေးရာသို့ သွားတော့မယ် ဆိုတာလည်း လုံးဝ မပြောပါဘူး။ နောက်ဆုံးဆိုတဲ့အသိက ဝင်လာတော့ ငိုမချ ဖြစ်အောင် မနည်းထိန်းရပါတယ်။

'မောင် မကြာခင် မင်းကို လာတွေ့ပါ့မယ်၊ တကယ်ကို မကြာခင်ပါ'

ကျွန်မ ဘာမှ မပြောမိဘူး။

'နေကောင်းရဲ့လား. . . ဘာဖြစ်နေတာလဲ'

'နည်းနည်းနေမကောင်းတာပါ။ ဘာမှ မဖြစ်ပါဘူး'

ကျွန်မ ညာလိုက်တယ်။

'လူစီ. . . မောင် တပ်ထဲရောက်ရင် တက္ကဆက်(စ)မှာ သင်တန်းတက်ရ မယ်ထင်တယ်။ မင်း အဲဒီလိုက်လာပြီး မောင်နဲ့ လာနေပါလားဟင်၊ ကုန်ကျစရိတ် အားလုံး မောင် ပေးမှာပေါ့။ လာမယ် မဟုတ်လား'

ကျွန်မ ရင်ထဲမှာ မချိအောင် ခံစားရတယ်။ သူ ကျွန်မကို ဘယ်လောက် ချစ်တယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် မောင်ရယ်. . . . ဝေးရတော့မယ် ကွယ်။ ကျွန်မ စကားသံထဲမှာ စိတ်ထိခိုက်သံ လုံးဝ ပါမလာရအောင် ထိန်းနေရ တယ်။ 'အဲ(လ)ဗစ္စရယ်. . . ကျွန်မ မောင့်ကိုချစ်တယ်၊ ကျွန်မအချစ်ဟာ ထာဝရ ပါ။ ဘယ်ဘဝပဲ ရောက်ရောက် မောင့်ကို ကျွန်မချစ်နေမှာပဲဆိုတာ သိထားနော်'

'ဘာမှဖြစ်စရာ အကြောင်းမရှိပါဘူးကွာ၊ တပ်ထဲမှာ မောင် နှစ်နှစ်ပဲ ကြာမှာပါ။ နှစ်နှစ်ဆိုတာ ဘာကြာလိုက်လို့၊ စိတ်မပူနဲ့၊ တပ်က ထွက်လာရင် မောင် အခုလောက်လည်း နာမည်ကြီးမှာမဟုတ်တော့ဘူး။ မောင့်ကို သည်းသည်း လှုပ် ချစ်ခဲ့ကြသူတွေလည်း မေ့ကုန်ကြလောက်ပြီ။ အဲဒီအခါကျတော့ ထုံးစံ အတိုင်း မောင်တို့နှစ်ယောက်တည်းပဲ ကျန်ရစ်မယ်လေ၊ ဒီတော့ မောင့်ကို လက်ထပ်ဖို့ ဘာဆင်ခြေမှ ပေးစရာ မရှိတော့ဘူး မဟုတ်လား၊ အဲဒီကိစ္စတွေ မောင်တို့ တွေ့မှပဲ ပြောကြတာပေါ့၊ နောက် နှစ်ပတ်လောက်နေရင် မောင်လာ ခဲ့မယ်'

ကျွန်မအနေနဲ့ မောင့်ကို အောင်မြင်ကျော်ကြားမှု ကျဆုံး မသွားစေချင်ပါ ဘူး။ တကယ်လို့ ကျဆုံးသွားရင် သူ သိပ်ခံစားရမယ်ဆိုတာ ကျွန်မသိတယ်။ မအောင်မြင်တော့ဘူးဆိုရင်တော့ ကျွန်မနဲ့နီးစပ်ဖို့ သူ ကြိုးစားတော့မှာပဲ။ ကျွန်မ က မောင့်ကျော်ကြားမှုရော၊ ငွေကြေးကိုပါ တပ်မက်တာ မဟုတ်ပါဘူး။ တစ်နေ့ကျရင် ဒါတွေဟာ တည်ငြိမ်သွားမှာပဲ မဟုတ်လား။ အဲဒီအခါမှာ သူ ဟာ အေးအေးချမ်းချမ်း သီချင်းတွေ ဆိုနိုင်လိမ့်မယ်။ ကင်မရာသမားတွေလည်း

http://www.cherrythitsar.org



ဝိုင်းဝိုင်းလည်နေမှာ မဟုတ်တော့ဘူးလေ။ အဲဒီဘဝကျမှ ကျွန်မတို့နှစ်ယောက် ပျော်ရမှာပါ။ ဒီစိတ်ကူးကလည်း အင်မတန်သေးငယ်လှတဲ့ မီးပွားကလေး တစ်ခု လိုပါပဲ။ တကယ်တော့ ဘာမှ စိတ်ကူးယဉ်အိပ်မက် မက်မနေတာက ကျွန်မ ဘဝအတွက် အကောင်းဆုံးဖြစ်မှာပါ။ ဒီလိုတွေးလိုက်မိတော့ ကျွန်မ စိတ်ပေါ့ သွားတယ်။ သူနဲ့ ကျွန်မ နောက်ထပ် လုံးဝတွေ့လို့ မဖြစ်တော့ဘူး။ သူ လာရင် လည်း ကျွန်မ ဒီမှာ ရှိတော့မှာ မဟုတ်ဘူး။ ကျွန်မ ဒီမှာရှိနေရင်လည်း ဟိုလူ ကြီးက သူ့ကို သတ်လိမ့်မယ်။

ဟိုလူကြီးအကြောင်းတွေးရ၊ ပြောင်းရွှေ့ရမယ့်ကိစ္စတွေ တွေးရတာ တကယ့်ကို စိတ်မောစရာကြီးပါ။ စိတ်မောရုံသာမကဘူး လူပါ နေမကောင်း ဖြစ်လာတယ်။ ဆိုင်က အမျိုးသမီးကြီးတစ်ယောက်က တုပ်ကွေးပါဆိုပြီး သောက် ဆေးနှစ်တောင့်ပေးတယ်။ ကွီနိုင်ပါတယ်တဲ့။ ဒါသောက်လိုက်ရင် နေကောင်း သွားမတဲ့။ ကျွန်မ သောက်လိုက်တယ်။ ဆေးသောက်ပြီး နောက် နှစ်နာရီလောက် ကြာတော့ ကျွန်မဗိုက် အပြင်းအထန် နာလာတော့တာပါပဲ။ ပေါက်ထွက်မတတ် နာလာတာမို့ ဆေးရုံကို ပြေးရတယ်။ ကံကောင်းချင်တော့ အမေကလည်း မွန်ရိုး မှာပဲ ရှိနေတယ်လေ။ ဆေးရုံတက်တော့ ကျွန်မသောက်လိုက်တဲ့ ဆေးတွေကြောင့် ဆရာဝန်တွေ လန့်သွားကြတယ်။ ကျွန်မကတော့ သူနာပြုဆရာမကလေး တစ် ယောက်ရဲ့စကားကြောင့် ထိတ်လန့်သွားရပါတယ်။

'ကျွန်မ ထင်တာကတော့ ဒီမိန်းကလေး ကိုယ်ဝန်ရှိနေတယ်ထင်တယ်' စမ်းသပ် စစ်ဆေးကြပြီးတော့ ဆရာဝန်က ဒီစကားကို အတည်ပြုလိုက်ပါတယ်။

'မင်း ကိုယ်ဝန်ရှိနေတာ သိရဲ့လား'

'မသိပါဘူး'

'အေး. . . ကိုယ်ဝန်ရှိနေတဲ့ မိန်းကလေးတစ်ယောက်က ကွီနိုင်သောက် လိုက်ရင် သေတောင်သွားနိုင်တယ်။ စတိုးဆိုင်က စာရေးတွေက နေမကောင်း တာကို ကုဖို့ ထားတာမဟုတ်ဘူး။ နေမကောင်းရင် ကုရမှာက ဆရာဝန်တွေရဲ့ အလုပ်ပဲ'

ဆရာဝန်က တပျစ်တောက်တောက် ဆူနေပေမယ့် ကျွန်မကတော့ ကံကြမ္မာကိုပဲ တွေးနေမိတယ်။ ကျွန်မ ကိုယ်ဝန်ရှိနေပြီတဲ့လား။ တကယ်တော့ ဒီရင်သွေးဟာ ကျွန်မ ပျော်ပျော်ရွှင်ရွှင် မွေးထုတ်နိုင်ရမယ့် ရင်သွေးပါ။ ချစ် ခြင်းမေတ္တာတရားက ပေါက်ဖွားလာတဲ့ရင်သွေး၊ ကျွန်မချစ်တဲ့ချစ်သူရဲ့ ကိုယ်ပွား လေး မဟုတ်ပါလား။ ဒါပေမယ့် ဒီအကြောင်းတွေကို ဟိုလူကြီးသိသွားရင်

http://www.cherrythitsar.org



အဲ(လ)ဗစ္စအတွက် အန္တရာယ် အကြီးအကျယ်ရှိတယ်။ ပြီးတော့ သူက တပ်ထဲ ဝင်ရတော့မယ့်ဆဲဆဲ မဟုတ်လား။ တပ်ထဲမှာ နှစ်နှစ် တာဝန်ထမ်းဆောင်ရမှာဆို တော့ သူ့အောင်မြင်မှုက ကျဆုံးသွားနိုင်တဲ့ အခြေအနေမှာ ရှိရတဲ့အထဲ ကျွန်မ ကိုယ်ဝန်ကိစ္စ ပေါ်လာရင် သူ့ဘဝ ရေစုန်မျောရလိမ့်မယ်။ ပြီးတော့ ကျွန်မက တရားဝင် ကွာရှင်းပြတ်စဲရသေးတာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်မမှာ သူနဲ့ရတဲ့ ကိုယ်ဝန် ရှိတာရော၊ ဒီမြို့က ထွက်သွားတာပါ သူမသိရအောင်လို့ တိတ်တိတ် ကလေးပဲ ထွက်သွားရပါတော့မယ်။ နောက်တစ်နေ့မှာ ကိုယ်လက် မအီမသာ ရှိပေမယ့် ကားထဲကို ပစ္စည်းတွေ ထည့်ရတယ်။ ကျွန်မက အချိန်ဆွဲလို့ မရတော့ ဘူး။ ကားထွက်တော့မယ့်ဆဲဆဲမှာ ဖုန်းမြည်လာတယ်။ ဘယ်သူလဲ. . . . ဟိုလူ ကြီးလား၊ အဲ(လ)ဗစ္စလား၊ ကျွန်မ ဖုန်းကိုင်လိုက်တယ်။

'ကြာလိုက်တာ ကလေးရယ်၊ ကိုယ် ဖုန်းချတော့မလို့'

'ကျွန်မ အပြင်ရောက်နေလို့ပါ မောင်ရဲ့'

'အထွေအထူး ကိစ္စရှိလို့တော့ မဟုတ်ပါဘူးကွာ၊ မောင် ချစ်တယ်လို့ ပြောချင်လို့၊ စိတ်မဆိုးနဲ့နော်'

'ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ မောင်ရယ်၊ မောင် သိသားနဲ့. . . . '

မောင့်အသံ ကြားလိုက်ရတော့ တင်းထားသမျှတွေ အရည်ပျော်ရပြန် တယ်။ အမှန်အတိုင်း ပြောလုဆဲဆဲ ဖြစ်သွားတယ်။

'မောင့်ကို ပြောစရာရှိတယ်' ကျွန်မနှုတ်ဖျားက ဒီစကားတွေ ထွက်သွား ချိန်မှာ ဟိုလူကြီးရဲ့ ခြိမ်းခြောက်သံကို နားထဲမှာ ကြားယောင်လာပြန်တယ်။ 'ကျွန်မ တစ်နေရာကို ခဏသွားမလို့'

'ဘယ်ကိုလဲဟင်. . . ဘာဖြစ်လို့ သွားမှာလဲ၊ မောင့်ကို ဖုန်းနံပါတ် ပေး ထားပါလားဟင်'

'ခဏလေးသွားမှာပါမောင်ရယ်. . . စိတ်မပူပါနဲ့၊ အမျိုးတွေဆီ ခဏသွား လည်မလို့'

'မင်းအသံက ဝမ်းနည်းနေသလိုပဲ၊ ချစ် ပြန်လာမှာ သေချာတယ်နော်'

ကျွန်မအသံကို မနည်းထိန်းထားရတယ်။

'ပြန်လာမှာပါ မောင်ရယ်၊ ကျွန်မ အဒေါ်တစ်ယောက် နေမကောင်းလို့ သွားရမှာ'

'လူစီ. . . . မောင်နဲ့ဝေးရာကို ထွက်မပြေးပါနဲ့နော်၊ မောင် မင်းဆီကို မကြာခင် လာတွေ့မှာပါ။ မှတ်ထားနော်. . . မောင်လာရင် မင်းရှိနေမှ ဖြစ်မှာပေါ့၊

http://www.cherrythitsar.org



မောင် တောင်းပန်ပါရစေ ကလေးရယ်၊ မောင့်ကို ပစ်မသွားပါနဲ့ကွယ်'

'ပစ်မသွားပါဘူး မောင်ရယ်'

ဖုန်းချလိုက်ပြီးတဲ့နောက် ကျွန်မ မျက်စိတွေ ကျွတ်ထွက်မတတ် ငိုချလိုက်မိပါတော့တယ်။

□

http://www.cherrythitsar.org



# အခန်း (၉)

ဖေဖော်ဝါရီလ ၁၉၅၈ ခုနှစ်

မီးခိုးရောင် 'အိုး(လ)မိုဘိုင်း(လ)' ကားကို ကျွန်မမောင်းပြီး မွန်ရိုးက နောက်ဆုံးထွက်လာချိန်မှာ မိုးကရွာနေတဲ့အတွက် အအေးဓာတ် ပိုကဲနေတယ်။ ကျွန်မ ဦးနှောက်တွေ ထူပူထုံကျဉ်နေပြီ။ ကျွန်မ ဘာဆက်လုပ်ရမှန်း မသိတော့ သလို ဘယ်မှာနေရမှန်းလည်း မသိတော့ပါဘူး။ ကျွန်မအစ်မ မေရီက မဲ(မ)ဖစ္စမြို့ ကနေ ဒဲ(န)ဗားမြို့ကို ပြောင်းသွားပြီ။ မမကတော့ ပြောရှာပါတယ်။ ကျွန်မတို့ ဘယ်မှာနေမယ်လို့ မဆုံးဖြတ်ရသေးခင်ကာလ သူတို့နဲ့ လာနေပါတဲ့။ မွန်ရိုးမြို့က နောက်ဆုံးမထွက်ခွာခင်မှာ ကျွန်မ မလုပ်ချင်ဆုံးအလုပ်ကို လုပ်ခဲ့ရပါတယ်။အဲဒါ ကတော့ အဲ(လ)ဗစ္စကို ပြန်ပေးမယ်လို့ ရည်ရွယ်ထားတဲ့ သူ့လက်ဆောင် ဒေါ်လာ ငါးထောင်တန် ချက်လက်မှတ်ကို ဘဏ်မှာ ငွေသားနဲ့ လဲလိုက်ရခြင်းပါပဲ။ ကျွန်မမှာ ငွေအရေးတကြီး လိုနေပြီလေ။ ငွေထုတ်ပေးတဲ့ ကောင်တာက ဒေါ်လာ ငါးထောင် ယူလိုက်ရတဲ့အချိန်မှာ ကျွန်မမာန ကျဆုံးခဲ့ရတာမို့ ဝမ်းနည်းမဆုံးပါ ဘူး။ သူ့ပိုက်ဆံကို တစ်နေ့နေ့မှာတော့ ပြန်ပေးမယ်လို့လည်း ဆုံးဖြတ်မိပါတယ်။

မွန်ရိုးမြို့ကနေ ပြောင်းကြတော့မယ်ဆိုတော့ ကလေးတွေကတော့ ပျော် နေကြတယ်။ ဒီမြို့က ပြောင်းသွားရင် သူတို့အဖေ ကျွန်မကို မနှိပ်စက်နိုင်တော့ ဘူးလို့ တွက်နေကြတာလေ။ သမီး ဒီဘိုရာက သူတို့အတွက် ဖေဖေ အသစ်တစ် ယောက် ရှာမပေးတော့ဘူးလားတဲ့။ ဒီကတိကို ကျွန်မ မပေးနိုင်ပေမယ့် သမီးတို့ အိပ်မက်ဆိုးကြီး မက်နေရတဲ့ ဘဝကတော့ လွတ်မြောက်ရပါစေမယ်လို့ ကတိ ပေးခဲ့ပါတယ်။ မီးဖိုချောင်ထဲမှာ ကျွန်မအရိုက်ခံခဲ့ရတာကို နောက်ဆုံးမြင်ခဲ့ရ ပြီးချိန်ရဲ့ နောက်ပိုင်းမှာတော့ သူတို့လေးတွေရဲ့ ဘဝမှာ ပျော်စရာရှိနေပါပြီ။ ကျွန်မနှလုံးသားထဲက နာကျင်မှုကို သူတို့လေးတွေ မသိကြတဲ့အတွက် ဘုရား သခင်ကို ကျေးဇူးတင်ရပါတယ်။ ကျွန်မ ကားကို တက္ကဆက်(စ)ပြည်နယ်

http://www.cherrythitsar.org



မြောက်ပိုင်း ဦးတည်မောင်းသွားနေရင်းနဲ့ တစ်ခါတုန်းက အဲ(လ)ဗစ္စက သူ စစ်သင်တန်းတက်နေတဲ့အချိန် တက္ကဆက်(စ)မှာ လာနေစေချင်တယ်လို့ ပြောခဲ့ဖူး တာကို သတိရမိတယ်။ အဲဒီတုန်းကသာ အတူနေခဲ့ကြရင် ပျော်စရာကောင်းခဲ့ မှာပါ။ ဒါပေမယ့် မဖြစ်နိုင်ခဲ့ပါဘူးလေ။ 'နှုတ်ဆက်ခဲ့ပါတယ် အချစ်ရယ်. . .' ကျွန်မ ရင်ထဲက တီးတိုးနှုတ်ဆက်ရင်း မျက်ရည်မကျအောင် ထိန်းထားရတယ်။

တက္ကဆက်(စ)မှာ နှင်းတွေကျနေပြီ။ မြောက်လေတိုက်လေ နှင်းတွေက ထူလာလေပဲ။ နှင်းထဲမှာ ကျွန်မ ကားမမောင်းတတ်ပါဘူး။ အန္တရာယ် ဘယ် လောက်များတယ်ဆိုတာလည်း ကျွန်မ မသိဘူး။ ကော်လိုရာဒိုပြည်နယ်၊ ဂူနီဆန် မြို့မှာ ဆီဝင်ထည့်တော့ အလုပ်သမားလေးက ဆက်မသွားသင့်ဘူးလို့ သတိပေးတယ်။ ကျွန်မ သူ့စကား နားမထောင်ပါဘူး။ ကျွန်မတို့ နောက်က ဟိုလူကြီး ထက် ကြပ်မကွာ လိုက်လာနေတယ်လို့ ခံစားနေရတယ်။ Continental Divide လမ်းမကြီးပေါ် ရောက်တော့ လေသိပ်ထန်လာပြီး ကားအမိုးပေါ်မှာတင်လာတဲ့ ကျွန်မတို့ အဝတ်သေတ္တာတွေ လွင့်စဉ်ပြီး ကျသွားပါတယ်။ ကားကလည်း သွားလို့မရတော့ဘူး။ သေတ္တာတွေကလည်း မြောင်းထဲကျသွားပြီး ကိစ္စသုဉ်း သွားပြီမို့ ကျွန်မတို့မှာ ကိုယ်ပေါ်က အဝတ်တစ်စုံစီနဲ့ အိတ်အသေးလေးတွေထဲက အဝတ်တွေပဲ ကျန်ပါတော့တယ်။ သူစိမ်းတစ်ယောက်က သူ့ကားနဲ့ ကျွန်မတို့ကို နီးရာ 'အင်း(န)' တစ်ခု ရောက်တဲ့အထိ ပို့ပေးခဲ့ပါတယ်။ ဘုရားသခင်က ကျွန်မတို့ မိသားစုကို စောင့်ရှောက်နေဆဲပါ။

နှင်းတွေ တအားကျလာတယ်။ မေရီဆီကို ဖုန်းဆက်ဖို့ ကြိုးစားတော့ လည်း လိုင်းတွေကျနေလို့ ဆက်မရဘူး။ 'အင်း(န)'မှာပဲ နှင်းမုန်တိုင်းဒဏ်ကို နှစ်ရက်ခံနေရတယ်။ နောက်ဆုံး မေရီ့ဆီကို အဆက်အသွယ်ရတော့ သူက အံ့ဩနေတယ်။ ရဲတွေက ကျွန်မကားကို နှင်းတွေဖုံးနေတာတွေ့တော့ ကျွန်မတို့ သေသွားကြပြီ အောက်မေ့နေတာတဲ့။ ရဲတွေက ကားထဲမှာရှာတော့ ကျွန်မတို့နဲ့ ပတ်သက်လို့ အထောက်အထားတွေအရ 'မွန်ရိုး' ကမုန်းသိတော့ မွန်ရိုးကို ဖုန်းဆက်စုံစမ်းကြသတဲ့။ နောက်တော့ အဲဒီသတင်းက ကျွန်မတို့ မိသားစု နှင်းမုန်တိုင်းကြားမှာ သေသွားကြပြီလို့ ကောလာဟလဖြစ်သွားစေခဲ့ပါတယ်။ ကျွန်မတို့ကို ကူညီခဲ့တဲ့ သူတော်ကောင်းကြီးကတော့ ကျွန်မတို့ကို ချထားပေးခဲ့ ပြီး တစ်မိုင်လောက်အကွာမှာ မတော်တဆမှု ဖြစ်ပွားတဲ့အတွက် သေသွားရှာပါ သတဲ့။ သူ့သတင်းကြားတော့ ကျွန်မ ငိုမိပါတယ်။ တကယ်လို့ ကျွန်မတို့သာ ဆက်ပြီး ပါသွားမယ်ဆိုရင် မိသားစုတစ်စုလုံး သေကြမှာ သေချာပါတယ်။

http://www.cherrythitsar.org



ကျွန်မတို့ အသက်မသေးဘူးဆိုတဲ့ သတင်း ဘယ်သူ့ကိုမှ မပြောဖို့ မေရီကို ပိတ်ထားလိုက်တယ်။ ဒါမှ ဟိုလူကြီးလည်း ကျွန်မတို့ သေပြီထင်ပြီး လိုက်မရှာတော့မှာ။ ဒီနည်းက မမျှော်လင့်ဘဲ ကျွန်မတို့အတွက် အကောင်းဆုံး ထွက်ပေါက် ဖြစ်သွားပါတယ်။ တစ်ခု ကောင်းပြန်တာက ဒီကောလာဟလ ကို အဲ(လ)ဗစ္စကလည်း ကြားမှာပဲ။ သူယုံသွားရင် သိပ်ကောင်းမှာ။ ဒါမှ သူ့ ဘဝနဲ့ သူ ဆက်နေလို့ရမယ်။ ဒါပေမယ့် ဒီကောလာဟလကို သူယုံမှာ မဟုတ် ဘူးဆိုတာကိုတော့ ကျွန်မနှလုံးသားက သိနေတယ်။ ကျွန်မ မသေသေးဘူးဆိုတာ သူ့နှလုံးသားကလည်း သိနေမှာပဲ။ အခြေအနေ အချိန်အခါ ပေးလာတော့မှ သူ့ကို ကျွန်မ စာရေးဆက်သွယ်တော့မယ်။ ကောင်းပါတယ်။ ဒီနည်းနဲ့ပဲ မွန်ရိုး က ကျွန်မ အတိတ်ဆိုးတွေကို ထာဝရ တံခါးပိတ်ထားလို့ ရတာပေါ့။

ကျွန်မ အစ်မ ရောက်လာတော့ ကျွန်မ ကားဆီ သွားကြတယ်။ ရဲတွေက ကားကို နှင်းတောထဲကနေ နီးရာဆိုင်တစ်ခုဆီ မ,ရွှေ့ပေးထားကြတယ်။ ကား ဆရာနဲ့ပြင်ပြီး မေရီနဲ့အတူ ဒဲ(န)ဗားကို လိုက်ခဲ့ကြပါတော့တယ်။

* * *

မေရီ့အိမ်မှာ ရက်သတ္တ တစ်ပတ်လောက် နေကြပြီးတော့ ကျွန်မတို့ မိသားစုအတွက် Grand Junction မှာ ငှားဖို့ နောက်တွဲယာဉ်တစ်ခု တွေ့ရတယ်။ ကျွန်မက လူတွေနဲ့ ဝေးဝေးနေချင်တယ်။ တောတွေ၊ တောင်တွေနားမှာ နေရရင် လူတွေနဲ့ အဆက်ဖြတ်နေနိုင်မှာမို့ သဘောကျတယ်။ နောက်တွဲယာဉ်ကလေးက အကောင်းကြီး မဟုတ်ပေမယ့် ကျွန်မတို့ မိသားစုအတွက် လုံခြုံမှုတော့ ပေးနိုင် ပါတယ်။ အဲဒီဆောင်းတွင်းက တော်တော်ကိုအေးတယ်၊ ကျွန်မမှာ မောပန်းနွမ်း နယ်လွန်းလို့ ဖျားပါလေရော။ ကျွန်မအတွက် စိတ်သက်သာရာ ရစေတာက ကျွန်မ သမီးကလေးတွေနဲ့ အဲ(လ)ဗစ္စရဲ့ အတူနေခဲ့ရတဲ့ အချိန်ကလေးတွေကို သတိတရ ရှိနေခြင်းပါပဲ။

ကျွန်မ ကလေးတွေကို ချစ်တဲ့အချစ်ကို နှိုင်းယှဉ်ပြလို့ မရပါဘူး။ သမီးတို့ ကို ချစ်တာက သူတို့အဖေနဲ့ ဘယ်လိုမှ မပတ်သက်ဘူး။ သမီးတွေက ချောတယ်၊ နူးညံ့သိမ်မွေ့တယ်။ ကျန်းမာ သန်စွမ်းတယ်၊ ကျွန်မတို့မိသားစုဆိုပေမယ့် ကျွန်မ ကိုယ်တိုင်က ငယ်ငယ်ရွယ်ရွယ်နဲ့ သမီးတို့ကို မွေးခဲ့ရတာဆိုတော့ ညီအစ်မတွေ လိုပဲ။ ကစားကြရင်လည်း အတူတူ။ ပျော်စရာရှိရင်လည်း အတူတူ။ အတိတ်က အရိပ်မည်းတွေကိုလည်း အတူတူပဲ မေ့ထားခဲ့ကြတယ်။ သူတို့လေးတွေ အိပ်ကြ ပြီဆိုရင်တော့ အဲ(လ)ဗစ္စကို ကျွန်မ သတိရတယ်။ သူပြောခဲ့တဲ့ စကားတွေ၊

http://www.cherrythitsar.org



သူ့အယုအယ၊ သူ့အနမ်းတွေကို ကျွန်မ အားလုံး သတိရနေတော့တာပါပဲ။

နေသာနေရတယ်၊ ဟိုလူကြီး ဘယ်တော့များ ကျွန်မတို့ကို ရှာတွေ့သွားမလဲ ဆိုတဲ့ စိုးရိမ်စိတ်က တထိတ်ထိတ်ပါပဲ။ ကျွန်မ မမကတော့ ဟိုလူကြီး လိုက်ရှာနေတယ်တဲ့။ တခြားယောကျ်ားတစ်ယောက်ယောက်နဲ့ ကျွန်မ သွားနေသလားလို့လည်း သံသယ ရှိနေသတဲ့။ သူ့စိတ်ထဲမှာ အဲ(လ)ဗစ္စနာမည် ပါမလာတာ တော်သေးတာပေါ့။ ကျွန်မတို့ကို ရှာတွေ့သွားတာ သိပ်ကြောက်တာပဲ။ ကျွန်မကို သတ်မှာထက် ကျွန်မလွယ်ထားရတဲ့ ရင်သွေးလေး သေသွားမှာ စိုးလို့ပါ။ တခြားအလုပ်တွေပေါ် အာရုံစိုက်ထားပြီး ဒီလူကြီးကို မေ့ထားဖို့ ကြိုးစားရတယ်။ သမီးတို့ ကျောင်းစာနောက်မကျရအောင် စာသင်ပေးရသေးတယ်။ ဘုရားသခင်ရှေ့မှာ ဒူးထောက်ဆုတောင်းရတာလည်း ဒူးတွေ ပွန်းမတတ်ပါဘဲ။ကျွန်မစိတ်ကူးက ကလေးမွေးပြီး စစ်မှုထမ်း ပြန်လာမယ့် အဲ(လ)ဗစ္စကို စောင့်ဖို့ပါ။ ဒါပေမယ့် ကျွန်မ လုပ်မိလုပ်ရာ လုပ်လာတဲ့အတွက် သူ မုန်းသွားလေမလားဆိုတဲ့ အတွေးက ကျွန်မသတ္တိကို လျော့ပေ့ါစေပြန်ပါတယ်။ တကယ်လို့ သူသာ ငြင်းလိုက်မယ်ဆိုရင်တော့ ကျွန်မ ခံနိုင်ရည်ရှိမယ်မထင်ပါဘူး။အဲဒီလိုဖြစ်လာရင်လည်း ကျွန်မ သူ့ကို အပြစ်တင်မိမှာ မဟုတ်ပါဘူး။ ကျွန်မ မရှိတဲ့ဘဝမှာ သူပျော်မယ်ဆိုရင် ကျွန်မ ဖြစ်သမျှဟာ ကျွန်မလုပ်ခဲ့တဲ့ အလုပ်တွေအတွက် ပြစ်ဒဏ်ပဲလို့ အောက်မေ့ပြီး ခံယူဖို့ အဆင်သင့်ပါ။ ကျွန်မဦးနှောက်ထဲမှာ မေးခွန်းတွေ အများကြီးဝင်လာလို့ စားလို့လည်းမရဘူး၊ အိပ်လို့လည်း မရဘူး။ အသက် (၂၁)နှစ်ပေမယ့် ကျွန်မ အရမ်းအိုသွားသလိုပဲ။ တစ်ခုတည်းသော အားထားရာကတော့ ဘုရားသခင်ပါ။ လမ်းမှန်ကို အဖဘုရားသခင်က ညွှန်ပြပါလိမ့်မယ်။

နွေဦးပေါက်လာပြီမို့ တောင်ခြေမှာရှိတဲ့ ချယ်ရီပင်တွေက အပွင့်တွေ တစ်နေ့ထက်တစ်နေ့ လှလာတယ်၊ ချယ်ရီတွေမြင်တော့ မောင့်ကို သတိရတယ်။ တကယ်တော့ ဘာပဲတွေ့တွေ့ သူ့ကို သတိရနေတာပါ။ တစ်ခါတုန်းက သူက ပြောဖူးတယ်။ ‘တောင်တွေဟာ ဘုရားသခင် အထူး ဖန်ဆင်းထားတဲ့ အရာတွေ ဘာပြဿနာပဲရှိရှိ တောင်ပေါ်တက်ပြီး ဘုရားသခင်ထံမှာ ဆုပန်လိုက်ရင် ဘုရားသခင်က ဒီပြဿနာကို ဖြေရှင်းပေးတယ်’ တဲ့။ ခု ကျွန်မမှာ ပြဿနာတွေနဲ့၊ တောင်တွေကလည်း ပတ်လည်ဝိုင်းလို့။ နွေဦးပေါက် တစ်မနက်မှာ ကျွန်မအိမ်နားက တောင်ထိပ်ပေါ်ထိ ရောက်အောင်တက်သွားတယ်။ လေတွေ တဟူးဟူးနဲ့ ကျွန်မဆံပင်တွေ ပျံ့လွင့်နေသလို ကျွန်မအဝတ်တွေလည်း ပျံ့လွင့်နေတယ်။ အကြာကြီး ရပ်နေပြီးတော့မှ ‘အဲ(လ)ဗစ္စကို ကျွန်မ ချစ်တယ်’ လို့ ချယ်ရီပင်

http://www.cherrythitsar.org



တွေကြားအောင် အော်လိုက်တယ်၊ တစ်ခါတုန်းက ကျွန်မ သူ့ကို ပြောဖူးတယ်။ ကျွန်မ တစ်ယောက်တည်း အထီးကျန်ရှိနေပြီး သူ့ကို သတိရရင် သီချင်းဆိုမယ်လို့ နက်(တ)ကင်းကိုး(လ) ဆိုခဲ့တဲ့ 'ကိုယ့်ကိုအဖြေပေးပါအချစ်ရယ်' ဆိုတဲ့ သီချင်းကို ဆိုလိုက်ပါတယ်။ ဒီသီချင်းက ကျွန်မတို့နှစ်ယောက်စလုံးကြိုက်တဲ့ ပြင်သစ်သီချင်း တစ်ပုဒ်ပါ။ ပထမဆုံး တွေ့ခဲ့ကြတဲ့ညကို သတိရမိတယ်။ မောင်က အခု ဘယ်မှာလဲကွယ်။ ဇွန်လထဲရောက်နေပြီဆိုတော့ မောင်တို့တပ်က ဘယ်ရောက်နေပြီလဲဆိုတာ ကျွန်မ မသိနိုင်တော့ဘူး။

ကျွန်မ ကိုယ်ဝန်ခုနစ်လ ရှိလာပြီ။ ကျွန်မတို့ ရင်သွေးကလေး အသက်ဝင်လာပြီမို့ ကျွန်မဝမ်းထဲမှာ လှုပ်ရှားနေပြီ။ ကျွန်မ ကျေနပ်မိတယ်။ ရင်ထဲကနေ ကျွန်မထွက်ပြေးခဲ့တဲ့အတွက် နားလည်ခွင့်လွှတ်ဖို့ မောင့်ကို တိတ်တခိုး တောင်းပန်နေမိပါတယ်။ သူ့သီချင်းသံတွေက နေရာအနှံ့ကြားနေရတယ်။ သူ့သီချင်းစာသားအားလုံးက ကျွန်မကို တိုက်ရိုက် စကားပြောနေသလိုပါပဲ။ 'မင်းကို မောင် ဘယ်မှ သွားခွင့်မပေးနိုင်ဘူး' 'ခွဲမသွားပါနဲ့ အချစ်ရယ်' 'မောင့်လက်စွပ်ကလေးကို မင်းလည်မှာ ဆွဲထားပါ' တဲ့။ သူက ကျွန်မကို ရွှေလက်ဝါးကပ်တိုင် သေးသေးလေးတစ်ခု ပေးဖူးတယ်လေ။ လက်ထပ်လက်စွပ် မပေးသေးခင် ကာလမှာ ကျွန်မ လက်ဝါးကပ်တိုင်လေး ဆွဲထားရမှာပေါ့။ သူက ပြောဖူးတယ်။ ဒီလက်ဝါးကပ်တိုင်ကလေးက ဘုရားသခင်ရဲ့ မေတ္တာ ကရုဏာနဲ့ ကျွန်မတို့ နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာ ဆုံစည်းခြင်း အထိမ်းအမှတ်ပါတဲ့။

ရေဒီယို သတင်းတစ်ပုဒ်က သူ တက္ကဆက်(စ)မှာပဲ ရှိနေသေးကြောင်း၊ မကြာမီ ဂျာမနီကိုသွားရတော့မယ်လို့ ပြောသံကြားလိုက်ရတယ်။ သူ့ရင်သွေးကို သူ မြင်ခွင့်မရနိုင်တော့ဘူးပေါ့။ ကျွန်မ သူ့ကို အဆက်အသွယ် မလုပ်လိုတော့ပါဘူး။ တပ်ကထွက်ပြီး ရုပ်ရှင်ပြန်ရိုက်ရင် ကျွန်မနဲ့ပတ်သက်တဲ့ သူ့သတင်းတွေ မပျံ့စေချင်ပါဘူး။ ကျွန်မ သူ့ကို သိပ်ချစ်တယ်။ ကျွန်မကြောင့် သူ့ဘဝ မပျက်စီးစေချင်ဘူး။ သူ့ကို အသိပေးသင့်သလား၊ အသိမပေးသင့်ဘူးလားဆိုတဲ့ မေးခွန်းနှစ်ခုကို ကျွန်မ တိတိကျကျ မဖြေနိုင်သေးသမျှတော့ ခုလိုပဲ တိတ်တခိုး ပုန်းနေတာ အကောင်းဆုံး ဖြစ်မှာပါ။

ကျွန်မ အစ်မ လူဝီက အမေ့နှလုံးရောဂါထလို့ ဒီတစ်ခါ သေနိုင်တယ်လို့ အကြောင်းကြားတယ်။ ကျွန်မကို လာစေချင်တယ်တဲ့။ သူက လွီစီယားနားပြည်နယ်၊ အလက်ဇန္ဒရီးယားမြို့မှာရှိတဲ့ အင်္ဂလန် လေတပ်အခြေစိုက်စခန်းမှာ နေတာ၊ လူဝီ့ယောက်ျားက ဗိုလ်ကြီး၊ သူက ဂျာမနီမှာ တာဝန်ကျနေတယ်။

http://www.cherrythitsar.org



ကျွန်မပစ္စည်းတွေ ကောက်သိမ်း၊ ကလေးတွေခေါ်ပြီး ကားနဲ့ လှီစီယားနားကို တောက်လျှောက်ပဲ ထွက်လာခဲ့တယ်။ ဘယ်မှမရပ်တော့ဘူး။ကျွန်မ အမေ့အသက်ကို မီချင်တယ်။ တောက်လျှောက်မောင်းလာခဲ့လို့ ပင်ပန်းပေမယ့် နားမနေတော့ဘဲ ဆေးရုံသွားလိုက်တော့ အမေက သက်သာနေပြီ။ ဆရာဝန်တွေက ပြန်ပြီး ကျန်းမာလာနိုင်တယ်လို့ ဆိုကြတယ်။ ကျွန်မ ပျော်လိုက်တာ။ လူဝီကပြောတယ်။ အမေက ကျွန်မရဲ့ကလေးတွေကို မေးနေတာတဲ့။ ကျွန်မတို့ကို သူနဲ့ နေစေချင်တာ။ အမြဲမနေနိုင်တောင် မွေးဖွားပြီးတဲ့အထိတော့ နေပါလို့ လူဝီက တိုက်တွန်းတယ်။

'ငါ့ညီမ ဘာမှ ပြောမပြချင်နေ၊ မမကလည်း ဘာမှ မမေးပါဘူး။ ဒါပေမယ့် ညီမလေး ဒီမှာပဲ မွေးဖွားတော့ မမကူညီလို့ ရတာပေါ့' တဲ့။ လူဝီက စကားပြော ချိုတယ်။ ကျွန်မထက် ခြောက်နှစ်လောက်ကြီးပေမယ့် ပြင်ပလောကအကြောင်း သိပ်သိတာမဟုတ်ဘူး။ တပ်ထဲမှာနေပြီး သူ့ယောကျ်ား တာဝန်ကျတဲ့ နေရာတွေမှာ လိုက်နေတဲ့ မိန်းမ။ သူက ဂျာမနီနဲ့ ပနားမားမှာ တော်တော်ကြာကြာ နေဖူးတယ်။ အမေ့နားမှာနေချင်လို့ မွေးပြီးတဲ့အထိ နေမယ်လို့ သဘောတူလိုက်တယ်။ လူဝီ့သားလေးကို ထိန်းပေးနေခြင်းအားဖြင့် ကျွန်မအတွက် ဝန်မပိုရအောင် ဝင်ကူလုပ်ပေးနေခဲ့ပါတယ်။

တစ်ညမှာ အိမ်ပြင် ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်း မူးနောက်နောက်ဖြစ်လာလို့ အထမှာ မိုက်ခနဲဖြစ်ပြီး လဲကျသွားတာကြောင့် လူဝီက ဆရာဝန်ဆီ သွားဖို့ တိုက်တွန်းတယ်။ ကျွန်မက ကိုယ်ဝန် (၇)လရှိနေပြီ၊ ကိစ္စမရှိပါဘူးဆိုတော့ သူက အံ့သြတယ်လေ။ ကျွန်မဗိုက်က သိပ်မှ မပေါ်ဘဲကိုး။ ဧည့်ခန်းထဲ ဝင်ထိုင်ကြတော့ လူဝီက ကလေးအဖေနဲ့ပတ်သက်ပြီး ညင်ညင်သာသာပဲ မေးတယ်။ ကျွန်မ ဝမ်းနည်းလွန်းလို့ ငိုချလိုက်ပြီး ကျွန်မတို့အကြောင်း ပြောပြလိုက်တယ်။ ဒါပေမယ့် အဲ(လ)ဗစ္စဆိုတဲ့ နာမည်ကိုတော့ ထည့်မပြောပါဘူး။ မောင်ဟာ ကျွန်မချစ်ခဲ့တဲ့၊ နောင်လည်း ချစ်နေဦးမယ့် တစ်ဦးတည်းသော ယောကျ်ားပဲလေ။

နောက်တစ်နေ့မှာ မီးယပ်သားဖွား ဆရာဝန် ဒေါက်တာ 'သောမတ်(စ) အီစတာလင်' ကို သွားပြတော့ ကျွန်မ နာမည်ကို 'လူစီပရက်စလေ' လို့ ပေးလိုက်တယ်။ ပရက်စလေဆိုတဲ့ နာမည် ခံယူလိုက်တာက မွေးလာမယ့် ကျွန်မ ရင်သွေးကလေးမှာ အဖေနာမည် မှန်စေချင်လို့ပါ။ ပြီးတော့ ပရက်စလေဆိုတဲ့နာမည်က ဒီနေရာ ဒီဒေသမှာ သမားရိုးကျ နာမည်ဆိုတော့ ဘယ်သူမှ သံသယဖြစ်မှာလည်း မဟုတ်လို့ပါ။ ဆရာဝန်က ကလေးအဖေနာမည် အပြည့်အစုံမေးတယ်၊ ကျွန်မခေါင်းထဲမှာ ကြိုတင် စဉ်းစားထားတာ မရှိဘူး။ မနက်က

http://www.cherrythitsar.org



လူဝီက တက္ကဆက်(စ)ပြည်နယ် ဆန်အန်တိုနီယိုမြို့က ရန်းဒေါ့(ဖ)လေတပ် အခြေစိုက်စခန်းအကြောင်း ပြောနေတာ သတိရလာတယ်။ ဒါကြောင့် ကလေး အဖေနာမည်ကို 'ရန်းဒေါ့(ဖ)ပရက်စလေ' လို့ ပြောချလိုက်ပါတယ်။ ဆရာဝန် က သံဓာတ်ပါတဲ့ဆေး သောက်ဖို့နဲ့ အနားယူဖို့ ညွှန်ကြားပြီးတဲ့နောက် ကျွန်မ မှတ်တမ်းကို ကောက်ဖတ်ပြီး 'မင်း ခင်ပွန်းက အဲ(လ)ဗစ္စ ပရက်စလေနဲ့ အမျိုးတော်သလား' လို့ မေးလိုက်တဲ့ မေးခွန်းက ကျွန်မ တစ်ကိုယ်လုံး အေးစက် သွားစေပါတယ်။ 'ကျွန်မ အသေအချာတော့ မသိဘူးရှင့်၊ ဖြစ်တော့ ဖြစ်နိုင်ပါ တယ်' လို့ပဲ ခပ်ဝါးဝါး ဖြေလိုက်ရတယ်။

နောက်နှစ်လမှာတော့ မမအိမ်မှာနေလိုက်၊ အမေ့ဆီသွားလိုက်နဲ့နေရင်း မရေရာလှတဲ့ ကျွန်မအနာဂတ်ကို စဉ်းစားနေမိတယ်။ မမတို့အိမ်လေးက တောအုပ် နားမှာ ဆိုတော့ အချိန်ရရင် တောအုပ်ဘက် ကျွန်မ လမ်းလျှောက်တတ်ပါတယ်။ လမ်းလျှောက်တိုင်း မောင့်ကို သတိရနေပြီး ကျွန်မအပြစ်တွေ ခွင့်လွှတ်ဖို့ ဘုရား သခင်ထံ တိုင်တည်ဆုတောင်းနေမိတယ်။ ကလေးအဖေ ဘယ်သူပါဆိုတာကို လည်း မောင့်ကိုမပြောရသေးသမျှကာလပတ်လုံး ကျွန်မ ဘယ်သူ့ကိုမှ မပြော ဘူး။ ကလေးကိုယ်တိုင်တောင် မသိစေရဘူးလို့လည်း ကျွန်မ ဆုံးဖြတ်ထားပါ တယ်။ ကိုယ်ဝန်ရှိကြောင်း အသိမပေး၊ အတွေ့မခံဘဲ ထွက်ပြေးတိမ်းရှောင်လာ ခဲ့တဲ့ကျွန်မကို မောင်က ယုံပါ့မလား၊ မောင်လာတွေ့ရင် ဟိုလူကြီးက အန္တရာယ် ပေးမှာစိုးလို့ ကျွန်မ ပြေးခဲ့ရတာပါကွယ်။ မောင့်ခြေရင်းမှာ မိန်းမတွေ ဖက် တွယ်ထားတာ အများကြီးဆိုတော့ ထွက်ပြေးတိမ်းရှောင်တဲ့ကျွန်မကို မောင် ချစ်နိုင်ပါ့ဦးမလား။ ဒီအတွေးတွေဝင်လာတိုင်း ကျွန်မ ငိုရပါတယ် မောင်ရယ်။

တစ်ညနေ ကျွန်မတူလေးကို ပေါင်ပေါ်တင်ထားပြီး ကစားနေရင်း အတွေးတစ်ခုဝင်လာတယ်။ မောင်က ဘာလေး လိုချင်မှာပါလိမ့်။ သားလေးလား၊ သမီးလေးလား။ သားလေးမွေးလာလို့ မောင့်မျက်နှာနဲ့ မောင့်လို မေးစေ့ ကောက် ကောက်ကလေးနဲ့ဆိုရင် မောင်က နာမည် ဘယ်လို ပေးမှာလဲ။နောက်ဆုံးတစ်ကြိမ် ကျွန်မတို့ တွေ့ကြတုန်းက မောင်က မိသားစုနဲ့ နေချင်တယ်လို့ ပြောဖူးတယ်။

'မောင်တို့မှာ သားလေးရလာရင် နာမည် ရိုးရိုးပေးတာထက် ဘွဲ့တစ်ခု ပေးတာက ပိုကောင်းမယ်၊ အား(လ)လဲ(န)(စ)လော့(တ) အေရွန်ဒီဘာဘင် ပရက်စလေဆိုရင် မကောင်းဘူးလား'

'ရှည်လိုက်တဲ့ဘွဲ့၊ ကလေးနဲ့ မလိုက်ပါဘူး မောင်ရယ်'

'ချစ်က ပြင်သစ်နာမည်ထားတာ ကြိုက်တယ် မဟုတ်လား'

http://www.cherrythitsar.org



မောင်က ကျွန်မ ဆံပင်တွေကို ဆော့ကစားရင်း ပြောတယ်။

'တကယ်လို့ မိန်းကလေး မွေးလာရင်. . . '

မောင် ကျွန်မကို စ,ဦးတော့မယ်ဆိုတာ သိတာကြောင့် သူ့နှုတ်ခမ်းကို ကျွန်မ ပိတ်လိုက်တယ်။ သူ နားမလည်တဲ့ ပြင်သစ်စကားတွေ လျှောက်ပြော နေတာကြောင့် မိန်းကလေးမွေးလာရင် နာမည် ဘယ်လို ထားစေချင်မှန်း ကျွန်မ မသိခဲ့ရဘူး။

တံခါးခေါင်းလောင်းသံက ကျွန်မအတွေးကို ပြတ်သွားစေပါတယ်။ အိမ်မှာ ကျွန်မနဲ့ ကလေးပဲ ရှိတာမို့ တံခါးဖွင့်မပေးဘဲ ချောင်းကြည့်ပေါက်က ကြည့်လိုက်တော့ သတိအနေအထားနဲ့ တပ်သားတစ်ယောက်ကို တွေ့ရတယ်။ ဘာများဖြစ်လို့ပါလိမ့်ဆိုတဲ့အတွေးနဲ့ တံခါးဖွင့်လိုက်ပါတယ်။

'တပ်ဂိတ်ဝမှာ ဧည့်သည်တစ်ယောက်က ဒီအိမ်မှာ ရှိနေတဲ့ မစ္စပရက် စလေနဲ့ တွေ့ပါရစေလို့ ခွင့်တောင်းနေပါတယ်'

ဒီနာမည်ကို ဘယ်သူ သိတာလဲ။

ရဲဘော်က တွေ့လိုသူ အမည်က 'မစ္စတာဒါးရက်' လို့ ပြောပြီး အရေး ကြီးတယ်လို့ ပြောတယ်လို့ ဆိုပါတယ်။ အစ်မကြီးကို မတွေ့ရရင် မပြန်ဘူးလို့ ပြောနေပါတယ် ဆိုတာကြောင့် တပ်သားလေးကို ဖုန်းနံပါတ် တောင်းထားလိုက် ပါလို့ ပြောပြီး ကျွန်မ သွားမတွေ့ဘူး၊ ဆီ(လ)ဗာစတိန်းဆိုင်မှာတုန်းက သားမွေး အင်္ကျီတွေ အရောင်းရ တွင်ကျယ်အောင် ပြပွဲလုပ်တုန်းက ကျွန်မကို လာရစ်နေ တဲ့ အသက် (၆၀) လောက်ရှိတဲ့ အဘိုးကြီး တစ်ယောက်ပါ။ သူက ဘယ့်နှယ် ကြောင့် ကျွန်မ ဒီနေရာမှာ ရှိနေတာကို သိရတာလဲ။ ပြီးတော့ ပိုပြီးထူးခြားတာ က ပရက်စလေဆိုတဲ့ နာမည်ကို ကျွန်မသုံးတာ သူဘယ်လိုလုပ် သိသလဲ။ ကျွန်မနောက်ကို တစ်စုံတစ်ယောက် ခြေရာခံ လိုက်နေပြီလား။ ပရက်စလေ နာမည်သုံးတာကို သိသွားတာနဲ့ တစ်ဖက်မှာ အခွင့်အရေးယူဖို့ ကြိုးပမ်းတော့ မှာလား။ ကျွန်မ သိချင်တာတွေ များလာတာကြောင့် ရဲဘော်လာပေးတဲ့ ဖုန်း နံပါတ်နဲ့ ဆက်သွယ်လိုက်တယ်။

'ရှင့်မှာ ကျွန်မကို ခြေရာခံလိုက်ဖို့ ဘာအကြောင်းမှ မရှိဘူး၊ ရှင် ဘာသဘောလဲ'

'လူစီ. . . မင်းကို ကိုယ်ချစ်ခဲ့တာ နှစ်တွေ ကြာလှပါပြီကွာ၊ စတိုးဆိုင်မှာ ဒေးဗစ် မိတ်ဆက်ပေးကတည်းက မင်းက စိတ်မဝင်စားပေမယ့် ကိုယ်ကတော့ ချစ်ခဲ့မိတယ်'

http://www.cherrythitsar.org



'ရှင် ဘာတွေ လာပြောနေတာလဲ၊ ကျွန်မအကြောင်း ရှင် မသိပါဘူး။ ကျွန်မအနေနဲ့ ရှင်နဲ့ ဆွေးနွေးစရာ ဘာအကြောင်းမှလည်း မရှိဘူး'

'မင်း မယုံနိုင်ဘူးဆိုတာ ကိုယ်သိပါတယ်။ ပြီးတော့ ကိုယ်ဟာ အဲ(လ) ဗစ္စပရက်စလေလို မချောဘူးဆိုတာလည်း သိပါတယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာ ကိုယ် ချစ်ခဲ့တာလေ။ တီဗွီမှာ မင်း က,ကတည်းက ကိုယ် စွဲလမ်းခဲ့တာ၊ စတိုးဆိုင်မှာ ကိုယ် တွေ့ခဲ့ရတယ်။ ပြီးတော့ မွေးမြူရေးခြံကြီးထဲမှာ မင်း က,တာလည်း ကိုယ် ကြည့်ဖူးတာပဲ။ အဲဒီကတည်းက တစ်နေ့မှာတော့ မင်းဟာ ကိုယ့်ကို လိုအပ်မှာပဲဆိုတာ သိခဲ့တယ်လေ။ မင်း ကိုယ့်ကို ခဏလေးပဲဖြစ်ဖြစ် တွေ့ခွင့်ပေးပါလူစီ၊ ကိုယ် အဝေးကြီးက လာခဲ့ရတာပါ'

သူ ပြောတဲ့ မွေးမြူရေးခြံဆိုတာ အဲ(လ)ဗစ္စနဲ့ ကျွန်မ ပထမဆုံး ဆုံခဲ့ရတဲ့ပွဲကို ပြောတာပါပဲ။ ခေါင်းမာလိုက်တဲ့ အဘိုးကြီး၊ ရှာရှာဖွေဖွေလုပ်ပြီး မိုင်ပေါင်းများစွာဝေးတဲ့ နေရာထိ လိုက်လာတယ်။

'ဒီမှာ. . . ရှင့်ကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မဘဝမှာ ကျွန်မ အေးအေးဆေးဆေး နေပါရစေ။ ရှင် ကြားတဲ့ဟာတွေကလည်း ကောလာဟလတွေပါ။ ကျွန်မ ဒီကို ခဏလာလည်တာပဲ။ မကြာခင် ပြန်တော့မှာ'

'ကျေးဇူးပြုပြီး ကျုပ်ပြောတာ နားထောင်စမ်းပါ။ မင်းစိတ်ဓာတ် သိပ်ကျနေတယ်။ ပင်ပန်းလှပြီ။ ငွေလည်း လိုနေတယ်။ မင်းလိုချင်တာ ဒီကမ္ဘာမှာ ဘာပဲဖြစ်ဖြစ် ကိုယ်ပေးနိုင်ပါတယ်။ ကိုယ်ဟာ အရမ်းချမ်းသာတဲ့ လူတစ်ယောက်ပါ။ မင်းမှာ ကိုယ်ဝန်ရှိမှန်းသိပေမယ့် ကိုယ် မင်းကို လိုချင်တုန်းပါပဲ'

ကျွန်မ မှန်းနေပါလျက်နဲ့ ဒီလူက ဘာကြောင့် ဒါလောက် သိနေရတာလဲ။ ကျွန်မ ကြောက်လာတယ်။

'ဝမ်းနည်းပါတယ်ရှင်၊ လုံးဝ မဖြစ်နိုင်ပါဘူး'

သူက ကျွန်မကို ထပ်စဉ်းစားဖို့ တိုက်တွန်းပြီး သူ ပြန်ဆက်သွယ်မယ်လို့ ပြောတယ်။ ကျွန်မက နောက်ထပ် မဆက်သွယ်ဖို့ တောင်းပန်တော့ သူက လက်မခံဘူး။ ဘယ်တော့မှ လက်မလျှော့ဘူးတဲ့။ သူ့ကို ကြောက်တဲ့ စိတ်နဲ့ပဲ ရက်သတ္တပတ် တော်တော်များများ ကုန်ဆုံးခဲ့ရပြန်ပါတယ်။ ဒီလူကြီး စောင့်နေမှာကြောက်လို့ တပ်ဂိတ်ဝအပြင်ကိုတောင် မထွက်ဝံ့ဘူး။ ဒါပေမယ့် ကံဆိုးချင်တော့ ဆရာဝန်ချိန်းထားတာက ဩဂုတ်လ ပထမပတ် ဖြစ်နေတယ်။ ကျွန်မ မသွားလို့ မဖြစ်ဘူး။

အဲဒီနေ့က ပူပြင်းခြောက်သွေ့တဲ့ နေ့တစ်နေ့ပါပဲ။ ကားကို ကျွန်မကိုယ်

http://www.cherrythitsar.org



တိုင် မောင်းထွက်လာတော့ ဇိမ်ခံကားအဖြူကြီးတစ်စီး ကျွန်မကားနောက်က ပါလာတာ သတိထားမိတယ်။ လမ်းဆုံတစ်ခုရောက်တော့ တခြားဘက်ကွေ့ သွားလို့ စိတ်ချမ်းသာရပါတယ်။ ဆရာဝန်ဆီရောက်တော့ အစားမမှန်၊ အနား မယူတဲ့အတွက် အပြစ်တင်ခံရတယ်။ ဆေးခန်းက ထွက်လိုက်တော့ ကားဖြူကြီး ကို ရုတ်တရက် မြင်လိုက်ရလို့ လန့်သွားပါတယ်။ ကျွန်မ ကားရှိရာကို ခပ်သုတ် သုတ် လျှောက်အသွား၊ လမ်းမှာ လူတစ်ယောက်က ပိတ်ရပ်လိုက်ပါတယ်။

'ဟဲလို. . . လူစီ၊ ကိုယ့်ကို မှတ်မိပါတယ်နော်'

မွန်ရိုးမှာ ဆုံခဲ့တဲ့ မစ္စတာဒါးရက်(တ)ပါပဲ။ သူက ထုံးစံအတိုင်း သေသေ သပ်သပ် ဝတ်ထားတယ်။ သူ့မျက်နှာကလည်း ကြင်နာတတ်တဲ့ရုပ်ပါ။ သူက ကျွန်မလက်ကိုကိုင်ပြီး 'ကိုယ့်ကို စကားပြောခွင့်ပေးပါလား လူစီ၊ ကားထဲမှာပဲ ထိုင်ပြောကြတာပေါ့' တဲ့။ ကျွန်မမျက်နှာပေါ်က ကြောက်စိတ်ကို မြင်သွားတော့ 'ကိုယ် မင်းကို ဘာမှ မလုပ်ပါဘူး၊ စကားပြောရုံလေးတင်ပါ၊ ဒါလောက်တော့ လိုက်လျောပါ လူစီ'

'ရှင် ကျွန်မဆီက ဘာလိုချင်တာလဲ'

'ကျေးဇူးပြုပြီး ကိုယ်နဲ့ ခဏလေးထိုင်ပါ လူစီ၊ ကိုယ် အားလုံး ရှင်းပြ ပါရစေ'

သူ့စကားသံက ခြိမ်းခြောက်သံမဟုတ်ဘဲ တောင်းပန်သံမို့ ကားထဲကို ကျွန်မ ဝင်လိုက်ပါတယ်။ ကားက သိပ်လှတယ်၊ ဇိမ်ခံကား သက်သက်ပဲ။ ကားဆိုတာထက် အခန်း တစ်ခန်းနဲ့ ပိုတူနေတယ်။ သူက ကျွန်မလက်ကို ကုတ်(ခ)တစ်ဘူး လှမ်းပေးတယ်။ ကားထဲမှာ ဒီလို ကောင်တာမျိုး ပါလာတာ ကျွန်မ တစ်ခါမှ မတွေ့ဖူးသေးပါဘူး။ ကျွန်မက ငြင်းလိုက်ပြီး ရေတစ်ခွက်သာ တောင်းသောက်လိုက်ပါတယ်။

'ရှင် ကျွန်မနောက်ကို ဘာကြောင့် လိုက်နေတာလဲ'

'လူစီ. . . မင်းအခြေအနေ ကောင်းမကောင်း ကိုယ် သေချာအောင်လို့ပါ၊ ပြီးတော့ မင်းတစ်ခုခု လိုအပ်နေရင်၊ မင်းဒုက္ခတွေ့နေတယ်ဆိုရင် မင်းအတွက် ကိုယ် အဆင်သင့်ရှိနေတယ်ဆိုတာ သိစေချင်လို့' သူက ပြောပြောဆိုဆို စာအိတ် တစ်လုံး ကမ်းပေးတယ်။ စာအိတ်ပေါ်မှာ သူ့လိပ်စာနဲ့ ဖုန်းနံပါတ် ရိုက်ထား တယ်။ ကျွန်မ သူများဆီက အလကားငွေ မလိုချင်ပါဘူး။ ကျွန်မဘဝမှာ ဘယ်သူမှ မလိုအပ်ပါဘူး။

'မင်း နားလည်ဖို့လိုတယ် လူစီ၊ ကိုယ် မင်းကို ဆန္ဒရှိတယ်၊ ပြီးတော့

http://www.cherrythitsar.org



ကိုယ်က စိတ်ရှည်တယ်၊ ဘယ်လောက်ပဲ စောင့်ရစောင့်ရ စောင့်မှာပဲ။ အဲဒီ ပရက်စလေဆိုတဲ့ကောင်နဲ့ ကိစ္စပြတ်သွားချိန်မှာ ကိုယ်အဆင်သင့် ရှိနေမှာပါ။ ကိုယ်က မင်းလို မိန်းမချောလေးတစ်ယောက်အတွက် ထိုက်တန်တဲ့ဘဝမှာ ထားနိုင်ပါတယ်'

သူ့စကားတွေက ကျွန်မဘဝကို သိမ်ငယ်စေပါတယ်။ တကယ်တော့ ဒီစကားမျိုးကို အဲ(လ)ဗစ္စဆီကပဲ ကျွန်မကြားချင်ပါတယ်။

'သူ့အချစ်ကို မင်းတကယ် မယုံဘူးမဟုတ်လား၊ တစ်ကမ္ဘာလုံးက မိန်းမတွေက သူ့ကို ချစ်နေကြမှတော့ မင်းကို သူ မလိုအပ်ပါဘူးကွယ်'

'ကျွန်မမှာ သူနဲ့ရတဲ့ကိုယ်ဝန် လွယ်ထားတာ ရှင်မမြင်ဘူးလား၊ ရှင်ဘာစကားတွေ လာပြောနေတာလဲ၊ ရှင် ကိုယ်ချင်းမစာတတ်ဘူးလား၊ ရှင်ဘာကြောင့် ကျွန်မကို ဒီစကားတွေပြောပြီး မြှူဆွယ်နေရတာလဲ။ ကျွန်မတစ်ယောက်တည်း နေပါရစေ၊ ကျေးဇူးပြုပြီး ရှင်သွားပါတော့'

သူ့ကို ရန်တွေ့ရင်း ကျွန်မ စိတ်မထိန်းနိုင်တော့ဘဲ ရှိုက်ငိုချလိုက်မိတယ်။ လူတွေက အဲ(လ)ဗစ္စကို ဘာကြောင့် မယုံကြတာလဲ။ သူက လူတွေတွေးသလို လူစားမျိုး မဟုတ်ပါဘူး။ မစ္စတာဒါးရက်(တ)က ကျွန်မလက်ကို ဆွဲပြီး စာအိတ်ကို လက်ထဲထည့်လိုက်ပြီး ကျွန်မကားအထိ လိုက်ပို့တယ်။ 'ဖုန်းဆက်' လို့လည်း ပြောသေးတယ်။

စာအိတ်ထဲမှာ တစ်လက်မ ထုလောက်ရှိတဲ့ တစ်ရာတန်ဒေါ်လာတွေ။ ကျွန်မ အိမ်ရောက်ရောက်ချင်း တခြားစာအိတ်ထဲ ထည့်လိုက်ပြီး 'ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်မ လက်မခံပါရစေနဲ့' လို့ တိုတိုတုတ်တုတ် စာတစ်ကြောင်း ရေးလိုက်ပါတယ်။ ပြီးတော့ သူ့လိပ်စာအတိုင်း စာတိုက်ကနေ ပြန်ပို့လိုက်တယ်။

အဲဒီကာလတွေမှာ ပျော်စရာ အလင်းရောင်ဆိုလို့ အမေ နေကောင်းလာတာပဲရှိတယ်။ ဆေးရုံက ဆင်းခွင့်ရလာပြီမို့ ကျွန်မအစ်မအိမ်မှာပဲ နားနေတယ်။ တစ်ညမှာတော့ မေမေနဲ့မမက ကျွန်မကို အရာရှိတွေရဲ့ ညစာစားပွဲကို ခေါ်သွားဖို့ တိုင်ပင်ဆုံးဖြတ်ကြတယ်။ ကျွန်မ မသွားချင်ပေမယ့် မေမေ စိတ်ချမ်းသာစေချင်လို့ ခေါင်းညိတ်လိုက်ပါတယ်။ အဲဒီညက အံ့သြစရာကောင်းလောက်အောင် အဆင်ပြေပါတယ်။ ကျွန်မကိုယ်တိုင် ပျော်နေမိတယ်။ ရုတ်တရက် စပီကာက အသံတစ်ခုထွက်လာတယ်။ ကျွန်မ ဒီအသံကို ခံနိုင်ရည်မရှိပါဘူး။ အသည်းကို ဓားနဲ့ ပါးပါးလှီးနေသလိုပါပဲ။ သီချင်းက "Loving You" တဲ့။ အဲ(လ)ဗစ္စရဲ့ ဓာတ်ပြား ဖွင့်နေတာလေ၊ ကျွန်မစိတ်တွေ လေအလျဉ်နဲ့အတူ သူ ပြောခဲ့တာကို သွားသတိရတယ်။'ဟန်နီ. . . ဒီသီချင်းက ဟန်နီ့အတွက်၊ နားထောင်နော်၊ ဟန်နီ့ကို

http://www.cherrythitsar.org



ချစ်တယ်ဆိုတာ ကိုယ့်သီချင်းတွေနဲ့ အမြဲပြောနေမှာ' လို့ သူပြောခဲ့တုန်းက ကျွန်မ ပျော်လိုက်တာ။ ခုတော့ ကျွန်မစိတ်တွေ ရှုပ်ထွေးနေပြီ။ ပန်းကန်ပြားပေါ်ကို မျက်ရည်စက်ကျသွားတယ်။ ကျွန်မ ခွင့်တောင်းပြီး စားပွဲပေါ်က ထလိုက်တော့ မေမေနဲ့မမက နားလည်စွာနဲ့ ခွင့်လွှတ်ကြတယ်။

ရေအိမ်ဘက် သွားရမယ့်အစား အဆောက်အအုံအပြင်ဘက် ညမှောင်မှောင်ထဲကို ကျွန်မ ထွက်လာခဲ့တယ်။ ပထမဆုံး ကျွန်မ မြင်လိုက်ရတာက လမင်းကြီးပါပဲ။ ပြည့်ပြည့်ဝဝနဲ့ ကြည်လင်လှပနေတယ်။ 'လမင်းကြီးကိုမြင်တိုင်း မောင့်အကြောင်းတွေးစမ်းပါ၊ အဲဒါဆိုရင် မောင်တို့ မကြာခင် ပြန်တွေ့ကြမှာ' ဆိုတဲ့ မောင့်စကား ကြားယောင်မိတယ်။ မောင်ကကော လမင်းကြီးကို ကြည့်ဖို့တောင် သတိရပါတော့မလား။ သူနဲ့ တွေ့ခဲ့ ဆုံခဲ့ရတာလေးတွေက မပျက်ပြယ်နိုင်သေးဘဲ မှတ်မှတ်ထင်ထင်ရှိနေဆဲပါ။ သူ ပွေ့ဖက်ထားတာလေးတွေ၊ သူ့အနမ်းလေးတွေကို ကျွန်မ သတိရနေတယ်။ အထီးကျန်ညကို ဖြေသိမ့်နိုင်ဖို့ လက်နှစ်ဖက်ပိုက်ပြီး ထားလိုက်မိပါတယ်။ ကလပ်အဆောက်အအုံဘက် ပြန်ရောက်လာတော့ တပ်သားတစ်ယောက် ကျွန်မကို ကြည့်နေတာ သတိထားမိတယ်။ မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်းတွေ ရှိနေတာကို ခုမှ သတိထားမိလို့ ရှက်မိသေးတယ်။ လမ်းကျဉ်းကလေးမှာ သူ့ရှေ့က ဖြတ်လျှောက်ရမှာ၊ သူက ဖယ်မပေးဘူး။ တကယ်တည်း မြေကြီးထဲ အမြစ်တွယ်နေသလား အောက်မေ့ရတယ်။ 'ကျေးဇူးပြုပြီး လမ်းနည်းနည်းဖယ်ပေးပါရှင်'

'မင်း နေကောင်းရဲ့လား' သူ့အမေးကြောင့် ကျွန်မ မော့ကြည့်လိုက်မိတယ်။ သူ့အသက် တော်တော်ငယ်သေးတယ်ဆိုတာ သူ့မျက်နှာနုနုလေးက ဖော်ပြနေတယ်။ ပြီးတော့ သူလည်း ချစ်သူနဲ့ ဝေးနေရလို့ ဝမ်းနည်း ကြေကွဲနေတဲ့ ပုံစံမျိုး။ 'ကျွန်တော် နှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး။ ဒီက ညီမ ငိုသံကြားရလို့၊ အခု နေကောင်းပါတယ်နော်'

'ဟုတ်. . . ခုလို ဂရုစိုက်တဲ့အတွက် ကျွန်မ ကျေးဇူးတင်ပါတယ်။ ကျွန်မ နေကောင်းသွားမှာပါ'

သူက နေရာက မရွှေ့သေးဘူး။

'ကျွန်တော် အထဲမှာကတည်းက ညီမကိုတွေ့တာ၊ အပြင်ထွက်သွားတာတွေ့လို့ ဘာများဖြစ်တာလဲဆိုပြီး လိုက်လာမိတာပါ။ ကျွန်တော် ဘာများ ကူညီပေးနိုင်မလဲ'

'ကျေးဇူးတင်ပါတယ်၊ဘာမှမလိုပါဘူးရှင်၊ ရှင့်ရည်းစားက ချောသလားရှင်'

http://www.cherrythitsar.org



'အင်း'

သူ ရှက်သွားပုံရတယ်။

'ညီမက ဘယ်လိုလုပ် သိတာလဲဟင်'

'ရှင် ကျွန်မအတွက် တစ်ခုခု လုပ်ပေးချင်တယ်ဆိုရင် ရှင့်အိမ်ကိုပြန်ပြီး ရှင့်ရည်းစားဆီကို စာလှလှလေးတစ်စောင် ရေးပေးပါ။ ရှင် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတဲ့အကြောင်း ထည့်ရေးပါ။ ဒါဆိုရင် သူသဘောကျမှာ၊ ရေးမယ်မဟုတ်လား၊ အဲဒီလိုရေးမယ်ဆိုရင် ကျွန်မ အရမ်းဝမ်းသာမှာပဲ'

'ရေးပါ့မယ်. . . ခုပဲ သွားရေးမယ်၊ ကျေးဇူးပဲ'

ညမှောင်မှောင်ထဲမှာ သူ ပြေးထွက်သွားတယ်။

အထဲပြန်ရောက်တော့ မေမေနဲ့မမက ဘာမှမပြောကြပါဘူး။ မမက ကျွန်မခုလို မကြာခဏ အပြင်ထွက်ပေးသင့်တယ်လို့ တိုက်တွန်းတယ်။ 'အိမ်အတွက် လိုအပ်တာလေးတွေ ဘာလေးတွေ ညီမကိုပဲ အဝယ်လွှတ်ရမယ်၊ ဒါမှ နေရောင်လေး ဘာလေး ရမှာ' တဲ့။ ကျွန်မက ကြိုးစားကြည့်ပါမယ်လို့ ကတိပေးလိုက်ပါတယ်။

နေ့တာတွေက ရှည်လျားလိုက်တာ။ကလေးမျက်နှာမမြင်ခင် ရက်သတ္တပတ်တွေက ပိုဆိုးတယ်။ ကိုယ်ဝန်ရင့်သထက် ရင့်လာတော့ ကျွန်မ အနေခက်လာတယ်။ မြန်မြန်မွေးချင်လှပြီ။ တစ်ညမှာ အိပ်မက်ဆိုးတစ်ခု မက်တယ်။ ကျွန်မ ဗိုက်နာသတဲ့။ အဲဒီအချိန်မှာ ဝတ်ရုံအနက်ဝတ်ပြီး လှံတံတွေကိုင်ထားတဲ့ မကောင်းဆိုးဝါးတွေက ကျွန်မခုတင်ကို ဝိုင်းမ,သွားကြပြီး ကစားကွင်းကျယ်ကြီးအလယ်မှာ ချထားလိုက်ကြတယ်။ လူတွေအားလုံးက ကျွန်မ ကလေးမွေးလာမှာကို စောင့်ကြည့်နေကြတယ်။ ကလေးလည်း ဝမ်းကကျွတ်ရော လူတွေက ပြေးလာကြပြီး လုကြလို့ ကျွန်မက ခုခံကာကွယ်နေရတယ်။ 'သွား. . . မပေးဘူး၊ ဒါ ကျွန်မကလေး၊ ရှင်တို့နဲ့ မဆိုင်ဘူး' လို့ အော်ပစ်နေတုန်းမှာ လူတစ်ယောက်က ဓားရှည်နဲ့ ကျွန်မဘေးကို ထိုးလိုက်သတဲ့။ ကျွန်မ တဖြည်းဖြည်းနဲ့ ငြိမ်းချမ်းတဲ့ ဘဝ ရောက်သွားတယ်။ အဲဒီအချိန်မှာ အဲ(လ)ဇစ္စအသံကို ကြားရတယ်။ 'ဒီဇိုင်းယားရီး. . . ဒီဇိုင်းယားရီး. . . ပြန်လာခဲ့ပါ၊ မောင်ချစ်တယ်၊ မောင့်ကို ပစ်မသွားပါနဲ့' တဲ့။ မောင့်ကို ပြတ်ပြတ်သားသား ကျွန်မ မြင်နေရတယ်။ မြူတွေ ဆိုင်းနေတဲ့ကြားက ပြေးလာနေတယ်။ ကျွန်မ ခုတင်ပေါ်က ရုတ်တရက် ထလိုက်ပြီး သူ့ကို နှုတ်ဆက်ဖို့ ပြင်လိုက်ပါတယ်။ နောက်ဆုံးတော့ မောင် ကျွန်မဆီ ပြန်လာတာပါပဲ။ 'ကျွန်မ ဒီမှာမောင်၊ ကျွန်မဒီမှာ' လို့ အသံပေးပေမဲ့

http://www.cherrythitsar.org



မောင်က ရောက်မလာဘူး။ ကျွန်မ ဝမ်းနည်းစွာနဲ့ ဘေးကိုကြည့်လိုက်တော့ သွေးတွေ။ ငယ်သံပါအောင် အော်လိုက်မိပါတော့တယ်။

ကျွန်မ လန့်နိုးလာတော့ နံဘေးတစ်ဖက်က တကယ်ပဲ နာနေတယ်။ မောင် ကျွန်မကိုရှာနေပြီလား။ ကျွန်မနဲ့ အနီးဆုံးကို ရောက်နေပြီလား။

နောက်တစ်နေ့မှာ ကျွန်မ တူလေးကိုခေါ်ပြီး အပြင်ထွက်လာခဲ့တယ်။ အိမ်နားမှာနေတဲ့ အရပ်မြင့်မြင့်နဲ့ အရာရှိတစ်ယောက်က ကျွန်မနား ချဉ်းကပ်လာပြီး နှုတ်ဆက်တယ်။ စကားစ,ပြောဖို့ ကြိုးစားတယ်။ ကျွန်မကတော့ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး။

'မင်းကိုတွေ့တိုင်း တစ်ယောက်တည်းပဲ၊ မင်းကြည့်ရတာ တစ်ယောက်ယောက်ကို ဆုံးရှုံးထားပုံရတယ်၊ မင်းမှာ အိမ်ထောင်မရှိဘူးဆိုတာတော့ မင်းအစ်မကို မေးကြည့်ထားလို့ သိရတယ်'။ သူက အတင်းကိုရောဖို့ ကြိုးစားတော့တာပဲ။ ဒါပေမယ့် ကျွန်မလို အခြေအနေမျိုးမှာ သူ့နည်းက လွဲနေတယ်။

'ဟုတ်ကဲ့. . . ကျွန်မ တစ်စုံတစ်ယောက်ကို ဆုံးရှုံးထားတယ်။ ခုအခြေအနေမျိုးမှာ ကျွန်မ ဘာမှ မပြောချင်ပါဘူး။ ကျေးဇူးပြုပြီး နားလည်ပေးပါ'

'နားလည်ပါတယ်. . . ကိုယ်က မိတ်ဆွေ ဖြစ်ချင်လို့ပါ'

'ကျေးဇူးတင်ပါတယ်. . . ဒါပေမယ့် ကျွန်မက ဒီမှာ ကြာကြာနေမှာ မဟုတ်ဘူးရှင့်'။ ကျွန်မ ပြုံးပြီး နှုတ်ဆက်ထွက်ခဲ့တယ်။ သူကတော့ ကျွန်မကို ကြည့်ရင်း ရပ်ကျန်ခဲ့ပါတယ်။ အဲဒီနေ့ကအစ ကျွန်မ အပြင်ထွက်တိုင်း သူ အမြဲ ရပ်ကြည့်နေတတ်ပါတယ်။ ကျွန်မကို လူတွေက ဘယ်လိုများ တွေးနေကြသလဲဆိုတာ မပြောတတ်ပါဘူး။ နောက်ပိုင်းတော့ ကျွန်မ နေ့ခင်းဘက် အပြင်မထွက်တော့ဘဲ ညကျမှသာ အိမ်ပြင်ထွက်ထိုင်တတ်ပါတယ်။

တစ်ည အိမ်ပြင်မှာထိုင်ရင်း စိတ်ထဲမှာ လေးနေတယ်။ အိမ်ထဲဝင်လာပြီး တီဗွီဖွင့်လိုက်တော့ သတင်းကြေညာတဲ့သူက အဲ(လ)ဗစ္စပရက်စလေရဲ့မိခင် ကွယ်လွန်သွားကြောင်း ကြေညာတယ်။

သူက အမေကို သိပ်ချစ်တဲ့သူ။ မောင့်ဆီ အပြေးသွားချင်ပါဘိ။ နောက်တစ်နေ့ သတင်းမှာတော့ အဲ(လ)ဗစ္စကိုပါ သတင်းထဲမှာ တွေ့ရတယ်။ သူ့ကိုကြည့်ရတာ သိပ်ကို စိတ်ထိခိုက် ခံစားနေရပြီး လူတစ်စုက သူ့ကို ဝိုင်းထားတယ်။ ကျွန်မ အခုနေပြေးသွားရင် အဲဒီ သက်တော်စောင့်တွေက မောင့်အနားကပ်လို့မရအောင် တားကြမှာလား။ မောင့်ဝေဒနာတွေကို မျှဝေခံစားရင်း အဲဒီညက ကျွန်မ အငိုနဲ့ပဲ အိပ်ပျော်ခဲ့ရပါတယ်။

http://www.cherrythitsar.org



နောက်ကိုးရက်အကြာ ဩဂုတ်(၂၃)ရက်နေ့မှာ ပထမဆုံးအကြိမ် ဗိုက်နာလာပါတော့တယ်။ ဝမ်းနှုတ်ဆီ ပုလင်းတစ်ဝက်လောက် သောက်လိုက်ပြီး မမအတွက် စာအတိုတစ်စောင်ရေး၊ ကိုယ်တိုင် ကားမောင်းပြီး အလက်ဇန္ဒရီးယားမြို့က ဘက်(ပ)တစ်(စ)ဆေးရုံကို ထွက်လာခဲ့တယ်။ အချိန်က ညဆယ်နာရီခွဲ။ ဆေးရုံပေါ်မှာ မမွေးခင် အဲ(လ)ဗစ္စဆီကို စာတစ်စောင် ထိုင်ရေးသေးတယ်။ မွေးလာမယ့် ကျွန်မတို့ ရင်သွေးကလေးအကြောင်းနဲ့ သူ့ကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတဲ့အကြောင်းပါ။ စာအိတ်တစ်အိတ်ထဲထည့်ပြီး သူပေးထားတဲ့ 'ဂရေ့(စ)လဲ(ဂ)(ဒ) စံအိမ်ရဲ့ လိပ်စာတပ်လိုက်တယ်။ ပြီးတော့မှ တကယ်လို့များ မွေးဖွားရင်း ကျွန်မ ကွယ်လွန်သွားခဲ့ရင် ဒီစာကို ထည့်ပေးပါလို့ မှာထားတဲ့ စာတစ်စောင် စာအိတ်ပေါ်မှာ ညှပ်ထားပြီး ခုတင်ဘေးက ဘီရိုလေးရဲ့ အပေါ်ဆုံးအံဆွဲမှာ ထည့်ထားလိုက်ပါတယ်။ ညသန်းခေါင်ကျော်လောက်မှာ ကျွန်မကို မွေးခန်းထဲသွင်းသွားကြပြီး ဆရာဝန်က ဓာတ်ငွေ့တစ်ခု ရှူခိုင်းပါတယ်။ သူနာပြုဆရာမက 'မစ္စပရက်စလေ ရှင် သတိလစ်မသွားအောင် ဂရုစိုက်နော်၊ မွေးနိုင်အောင် ညှစ်ပေးပါ' တဲ့။ ဒါပေမယ့် ကျွန်မ သတိလစ်သွားပုံရပါတယ်။ သတိရလာတော့ 'မိန်းကလေးဟေ့. . . ကြည့်ပါဦး၊ ဆံပင်တွေက သန်လိုက်တာ မည်းမှောင်နေတာပဲ' လို့ တစ်စုံတစ်ယောက် ပြောတဲ့အသံ ကြားလိုက်ရတယ်။

* * *

အဲဒီညက အဲ(လ)ဗစ္စဆီကို ရေးခဲ့တဲ့စာဟာ ထည့်ဖို့မလိုတော့တဲ့အတွက် လူစီက ခုထက်ထိ သူ့သမ္မာကျမ်းစာအုပ်ကြားမှာ ညှပ်ထားပါတယ်။ စာအိတ်ကလေးက ဝါကျင်ကျင်နဲ့ ရှိနေပြီ။ စာအိတ်ပေါ်မှာ အဲ(လ)ဗစ္စပရက်စလေရဲ့ လိပ်စာ တပ်ထားတယ်။ စာအိတ်ထဲက စာရွက်ပေါ်မှာရေးထားတဲ့ မင်တွေက အရောင်မှိန်နေပြီဖြစ်ပေမယ့် ပြတ်ပြတ်သားသား ဖတ်လို့ရပါသေးတယ်။ လူစီရေးခဲ့တဲ့ အဲဒီစာကတော့. . . . .

*ကျွန်မ အခင်မင်ဆုံး 'အဲား(လ)၊ ကျွန်မ အချစ်ရယ်. . . . .*

*ကျွန်မ မောင့်ကို စွန့်ပြေးခဲ့တာနဲ့ ပတ်သက်လို့ မောင့်စိတ်ထဲမှာ ဘယ်လိုထင်နေမလဲဆိုတာ ကျွန်မ မတွေးတတ်တော့ဘူးမောင်၊ မောင်ကတော့ ကျွန်မ မောင့်ကို မချစ်လို့၊ ဂရုမစိုက်လို့ ပြေးတာပဲလို့ အောက်မေ့လိမ့်မယ်။ မောင့်ကို စွန့်ခွာဖို့အတွက် ကျွန်မ အသည်းနှလုံးတွေ ဘယ်လောက် နာကျင် ခံစားခဲ့ရတယ်ဆိုတာ သိစေချင်လိုက်တာကွယ်။*

*ဒါလင်ရယ်. . . ကျွန်မ မောင့်ဆီကနေ ဝေးရာကို ပြေးခဲ့ရတဲ့ ပထမ*

http://www.cherrythitsar.org



အကြောင်းရင်းက မောင့်ကို သိပ်ချစ်လို့ပါ။ ကြည့်ပါဦး မောင်ရယ်၊ ခုချိန်ထိ မောင့်ကို ကျွန်မ မပြောရက်နိုင်သေးပါဘူး။ အချိန်ကလည်း သိပ်မရှိတော့ဘူး။ ခု ကျွန်မ ကလေးတစ်ယောက် မွေးရတော့မယ်။ မောင်နဲ့ ကျွန်မရဲ့ ရင်သွေး လေးပေါ့။ ဒီစာကို ရေးနေတာက တကယ်လို့များ မွေးရင်းဖွားရင်း ကျွန်မကွယ် လွန်သွားခဲ့ရင် ကျွန်မတို့ ရင်သွေးလေးမှာ တစ်ယောက်မှ မသိမရှိဘဲ ကျန်ရစ်မှာ စိုးရိမ်လို့ပါ မောင်၊ တကယ်လို့ ကျွန်မသာ မောင်နဲ့အတူ ရှိနေခဲ့ရင်တော့ ဒီ စာရေးဖို့ မလိုတော့ဘူးပေါ့ကွယ်။

မောင်ရယ်. . . မောင့်ကို ကျွန်မ ပြောပြစရာတွေ အများကြီးပါပဲ။ ခုနေ ကျွန်မအနားမှာသာ မောင်ရှိနေရင် မောင့်လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထား ချင်ပါတယ်။ ကျွန်မ ကြောက်နေတယ်မောင်၊ မောင့်ကို ကျွန်မ နောက်တစ်ကြိမ် တွေ့ခွင့်ရဦးမလားလို့။ ဒါပေမယ့် ကျွန်မ မောင့်ကို တွေ့ခွင့်မရတော့ဘူးဆိုရင် တောင် ကျွန်မဟာ မောင့်ကို ကျွန်မပါးစပ်က ပြောပြနိုင်တာထက် အဆပေါင်း များစွာ ချစ်တယ်ဆိုတာ နားလည်ပေးပါမောင်။

ကျွန်မ ထွက်ပြေးတိမ်းရှောင်လာခဲ့ရတဲ့အကြောင်းအရင်းက ကျွန်မဆီကို မောင်လာတွေ့ရင် ဟိုလူကြီးက အန္တရာယ်ပေးမှာစိုးလို့ ပြေးခဲ့ရတာပါမောင်၊ သူက ကျွန်မ မောင်နဲ့ ထပ်တွေ့ရင် မောင်ရောကျွန်မကိုပါ သတ်ပစ်မယ်လို့ ကြိမ်းထားတာ မောင်ရဲ့။

ကျွန်မ ထာဝရ ချစ်ရတဲ့ မောင်ရယ်၊ ကျွန်မလုပ်ရပ်တွေဟာ မောင့်နှလုံး သားကို နာကျင်စေခဲ့တယ်ဆိုရင် ကျွန်မ ဘယ်လိုမှ အသေဖြောင့်နိုင်မှာ မဟုတ် တော့ပါဘူး။ ကျွန်မကို ခွင့်လွှတ်ပါမောင်၊ ကျွန်မနှလုံးသားထဲက မောင့်ကို နှစ်နှစ်ကာကာ ချစ်တယ်ဆိုတာ မောင်သိတယ် မဟုတ်လား၊ ခုချိန်မှာ မောင့်ကို အတွေ့မခံသေးတာ အမှန်အမှား ဝေဖန်မပိုင်းခြားတတ်သေးလို့ပါ အချစ်ရယ်၊ ဒါလင်ရယ် မောင့်မေမေဆုံးသွားတဲ့အတွက် စိတ်မကောင်းဖြစ်ရတယ်။ အဲဒီအချိန် က မောင့်ဆီပြေးလာပြီး ထွေးပွေ့ထားချင်လိုက်တာ၊ ဒါပေမယ့် မလာရဲဘူးကွယ်။

ကျွန်မတို့ ရင်သွေးကလေးကို ဂရုစိုက်ရစ်ပါမောင်။ ကျွန်မနှလုံးသားထဲ က မောင့်ကို ချစ်သွားတယ်ဆိုတာ သိတယ်မဟုတ်လား 'အား(လ)လဲ(န)(စ) လော့(တ)' ရယ်. . .။

မောင့်
ဒီဖိုင်းယားရီး

http://www.cherrythitsar.org



## အခန်း(၁၀)

'မစ္စပရက်စလေ. . . မစ္စပရက်စလေ၊ ထတော့လေ'

အိပ်ချင်မူးတူးနဲ့ မျက်စိဖွင့်ကြည့်လိုက်တော့ ကျွန်မ ခုတင်ဘေးမှာ သူနာပြု ဆရာမတစ်ယောက် ရပ်နေတာတွေ့ရတယ်။ နေရောင်တောင် ထိုးနေပြီ။ တစ်ည လုံးနီးပါး ဗိုက်နာပြီး အိပ်ရေးပျက်ခဲ့တဲ့အတွက် ကျွန်မ အိပ်ပျော်သွားတယ် ထင်ပါရဲ့။

'ကျွန်မ ကလေးကော'

'သမီးလေး နေကောင်းပါတယ်။ စိတ်မပူပါနဲ့။ ကျွန်မတို့က ရှင့်ခင်ပွန်း ဆီကို အကြောင်းကြားပေးရမှာမို့ သူဘယ်မှာရှိမယ်ဆိုတဲ့ လိပ်စာ သိဖို့လိုတယ် လေ'

'ဟင့်အင်း. . .' ကျွန်မ ငြင်းလိုက်တဲ့အသံက တော်တော် ခါးခါးသီးသီး ထွက်သွားတယ်။ 'ကျေးဇူးတင်ပါတယ်၊ ကျွန်မမိသားစုက အကြောင်းကြားကြ ပါလိမ့်မယ်။ ကျွန်မ ကလေးကြည့်ပါရစေလား'

'ဆရာဝန်က ရှင်အနားယူဖို့ လိုတယ်တဲ့၊ ရှင်က အရမ်းအားနည်းနေတာ ကိုး။ ကလေးကို နောက်တော့ ကြည့်တာပေါ့'

'ကျွန်မ အခုကြည့်ချင်တယ်၊ ကြည့်ရမှဖြစ်မယ်' ဆရာမက ကျွန်မကို ချော့လေ ကျွန်မက တောင်းဆိုလေပါပဲ။ သူက ငြင်းနေတော့ ကလေး တစ်ခုခု ဖြစ်နေပြီလို့ ကျွန်မထင်တယ်လေ။ ကျွန်မ ပြောလွန်းမက ပြောတော့ နောက် ဆုံးမှာ သမီးကလေးကို သူတို့ ယူလာပြကြတယ်။ လှလိုက်တဲ့ သမီးလေးရယ်။ သမီးဆံပင်တွေက အရှည်ကြီးပဲ၊ ပခုံးနားထိရောက်နေတယ်၊ မည်းလိုက်တာက လည်း မှောင်လို့၊ သမီး မျက်လုံးလေး ပွင့်လာတယ်။ သမီးမျက်လုံးလေးတွေ ကို ကျွန်မ မြင်လိုက်ရတဲ့အခိုက်အတန့်မှာပဲ သမီးဟာ မောင့်ကိုယ်ပွား ဖြစ်တယ် ဆိုတာ တစ်ထစ်ချ ယုံလိုက်ပါတော့တယ်။ မျက်နှာ၊ မေးသွယ်ပုံ၊ ပါးရိုး၊

http://www.cherrythitsar.org



နှုတ်ခမ်း အားလုံး သူ့အဖေနဲ့ တစ်ထေရာတည်းပဲ။ မောင်သာမြင်ရင် သူ့သမီးကို ဘယ်လောက်များချစ်လိုက်မလဲ။မောင်နဲ့ကျွန်မ စိတ်ကူးယဉ်ခဲ့ကြသလို တကယ့်ကို ချစ်စရာကောင်းတဲ့ သမီးလေးပါပဲ။ သမီးကို ပွေ့ပိုက်ထားရင်း ကျွန်မ ငိုမိတယ်။

အဲဒီနေ့မှာပဲ ကျွန်မ ဆေးရုံကဆင်းဖို့ ကြိုးစားပေမယ့် ဆရာဝန်တွေက ဆင်းခွင့်မပေးကြဘူး။ သူတို့အနေနဲ့ ကလေးအဖေနဲ့ပတ်သက်တဲ့ အချက်အလက်တွေ ပိုပြီး ပြည့်ပြည့်စုံစုံ ရဖို့လိုသေးသတဲ့။ သူနာပြုဆရာမက နာဇီ ထောက်လှမ်းရေးသမားလိုပဲ။ သူ့နှုတ်ခမ်းက တင်းတင်းရင်းရင်းစေ့ထားတယ်။ ဆံပင်အနက်ရောင်က ခပ်တိုတို၊ ပြားချပ်နေတဲ့ ရင်သားတွေကြောင့် သူဟာ မိန်းမတစ်ယောက်နဲ့မတူဘဲ ယောကျ်ားတစ်ယောက်နဲ့ တူနေတယ်။ ပိုဆိုးတာကတော့ အဲဒီဆရာမရဲ့လက်တွေဟာ လူသေတစ်ယောက်ရဲ့လက်တွေလို အေးစက်နေခြင်းပါ။ ကျွန်မကိုယ်ကို သူကိုင်လိုက်တိုင်း လန့်လန့်သွားတာပဲ။ ဆရာမက အခန်းထဲဝင်လာပြီး စားပွဲအံဆွဲကို လက်ညှိုးထိုးပြရင်း မေးတယ်။ 'ဆရာမ အဲဒီစာကို ထည့်ပေးရမလား' တဲ့။ ကျွန်မကိုလည်း ခပ်စိမ်းစိမ်း ကြည့်နေသေးရဲ့။

'ဟင့်အင်း. . မလိုပါဘူး'

'မွေးစာရင်းမှာ ကလေးအဖေနာမည်ကို အဲ(လ)ဗစ္စပရက်စလေလို့ ထည့်လိုက်ရမလား' အေးစက်တဲ့လေသံနဲ့ မေးလိုက်တဲ့မေးခွန်းကို ကျွန်မ မယုံနိုင်လောက်အောင် ကြားလိုက်ရပါတယ်။

'မဟုတ်ဘူး' ကျွန်မ အော်လိုက်မိတယ်။ 'သူက အမျိုးတော်တာပါ၊ တော်တော်သွေးဝေးတဲ့ အမျိုးတစ်ယောက်ပါ'

ကောက်ကျစ်စပ်စုတဲ့ ဆရာမ ထွက်သွားတော့မှ သမီးကိုပွေ့ရင်း မောင့်အကြောင်းကို တွေးမိပြန်တယ်။ 'မောင့်ကို ပြောရမှာပေါ့၊ ဒါလောက်ချောတဲ့ သမီးကလေး မောင်နဲ့ ခွဲမထားသင့်ပါဘူး' ဆိုတဲ့ အတွေးက ဝင်လာတယ်။ ဒါပေမယ့် သူ့ဘဝက ပြောင်းလဲသွားခဲ့ပြီပဲ။ ခုနေ သူ့မှာ ချစ်သူတစ်ယောက်ယောက် ရှိနေလေမလား။ တစ်ယောက်တည်း အထီးကျန်ပဲ ရှိနေတုန်းလား။

နောက်တစ်နေ့မှာ သမီးအတွက်နာမည် ကျွန်မရွေးလိုက်တယ်။ 'ဒီဇိုင်းယားရီး ရိုးမန်းနီပရက်စလေ' လို့ ကင်းပွန်းတပ်လိုက်တယ်။ နောက်ဆုံးနာမည် 'ပရက်စလေ' နဲ့ ပတ်သက်လို့ ဘာကြောင့်ခေါ်တယ်ဆိုတာကိုတော့ နောက်နှစ်ပေါင်းများစွာကြာမှပဲ သမီး သိခွင့်ရလိမ့်မယ်။ ဒီဇိုင်းယားရီးဆိုတဲ့ ထိပ်ဆုံးနာမည်ကတော့ အကောင်းဆုံးပဲ။ မောင်လည်းကြိုက်တယ်လေ။ ၁၉၅၅ ခုနှစ်တုန်းက မောင်နဲ့ကျွန်မ အဲဒီရုပ်ရှင်ကားကြည့်ပြီးကတည်းက မောင်က ကျွန်မကို အဲဒီလိုပဲ

http://www.cherrythitsar.org



ခေါ်ခဲ့တာပဲ မဟုတ်လား။ တစ်ခါတုန်းက ကျွန်မ ဝတ္ထုတစ်ပုဒ် ဖတ်ခဲ့ရဖူးတယ်။ လက်မထပ်ရသေးခင်မှာ ကွယ်လွန်သွားတဲ့ မိန်းကလေးတစ်ယောက်အကြောင်းပေါ့။ အဲဒီမိန်းကလေးနာမည်က 'ရိုးမန်းနီး' တဲ့။

ဆရာမ မလက်အေး ကျွန်မအခန်းထဲ စာရွက်စာတမ်းတွေနဲ့ ဝင်လာတယ်။ ပုံစံဖြည့်ရင်း ကလေးအဖေနာမည်နေရာရောက်တော့ ကျွန်မကို မသင်္ကာတဲ့မျက်စိတွေနဲ့ ကြည့်တယ်။ စာရေးနေရာကနေ မော့မကြည့်ဘဲ မေးခွန်းတစ်ခု မေးလာတယ်။ 'အဲ(လ)ဗစ္စပရက်စလေနဲ့များ အမျိုးမတော်ဘူးလား' တဲ့။

'အဝေးကြီးပါ' လို့ပဲ ကျွန်မ ဖြေလိုက်တယ်။

ညနေပိုင်းမှာ ဆရာဝန်တွေက ဆင်းခွင့် ပေးလိုက်ကြတယ်။ ဒီဇိုင်းယားရီးကလေးကိုပွေ့ပြီး တပ်ရင်းစခန်းဆီ ကားမောင်းပြန်လာခဲ့တော့ လူဝီက အရမ်းကို စိတ်လှုပ်ရှားနေတယ်။ သမီးကို ပွေ့ယူလိုက်ပြီး ချောလိုက်တာတဲ့။ သူ့ယောက်ျားကလည်း ပြန်လာတော့မှာဆိုတော့ သူပျော်နေတယ်လေ။ ကျွန်မက သီးခြားခွဲနေနိုင်ဖို့ နေရာတစ်ခုလောက် ရှာပေးပါလို့ အစ်မကို တောင်းပန်ရတယ်။ သူ့ယောက်ျားပြန်လာရင် ကျွန်မကို မေးခွန်းတွေ အများကြီး မေးတော့မယ် မဟုတ်လား။ 'နင့်မှာ ပိုက်ဆံရှိလို့လား' တဲ့။ ကျွန်မလက်ထဲမှာ ဒေါ်လာရှစ်ဆယ်ပဲရှိတယ်။ ကားဝယ်ထားတဲ့ကြွေးက ပေးရဦးမယ်။ ဒါပေမယ့် အစ်မကို ဘာမှ မပြောတော့ပါဘူး။ ကျွန်မ အလုပ်တစ်ခု အမြန်ရှာရမယ်။ တကယ်လို့ မစ္စတာဒါးရက်(တ)ကို အကူအညီတောင်းရင်တော့ ကျွန်မကို ပစ်ထားမှာ မဟုတ်ပါဘူး။ ဒေ့(မ)ဆီ(လ)ဗာစတိန်းကလည်း ကျွန်မကို ကူညီမယ်လို့ ပြောထားတာပဲ။ ကျွန်မ ဖုန်းဆက်လိုက်တော့ ဒေ့(မ)က သူ့နားကိုတောင် သူ မယုံဘူး။

'လူစီ. . . မင်း ဘယ်ရောက်နေတာလဲ၊ ခု ဘယ်သူနဲ့ နေတာလဲ။ မင်းကို လူတွေက ဘယ်လောက် ရှာနေကြတယ်ဆိုတာ သိရဲ့လား'

'သိပါတယ်'

'ဂျွန်ဂျုံး(စ)ဆိုတဲ့ လူတစ်ယောက်ကဆို ခဏခဏကို ဆက်နေတာ၊ နောက်ဆုံးတစ်ခါဆက်တော့ မင်းတို့မိသားစု နှင်းမုန်တိုင်းကြားမှာ ပျောက်ဆုံးသွားတယ်လို့ သတင်းကြားရတဲ့အကြောင်း ပြောပြလိုက်တယ်။ တို့အားလုံးက မင်းသေပြီ ထင်နေကြတာ၊ ဘာဖြစ်လို့ တို့ဆီကို ဖုန်းမဆက်တာလဲ'

ဂျွန်ဂျုံး(စ)ဆိုတာ မောင်ပါ။ မစ္စတာ ဆီ(လ)ဗာစတိန်း သိမသွားတဲ့ အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရပါတယ်။ ဒါမှမဟုတ် သိများသိသွားပြီလား။ သူက အားလုံး သိနေတာပဲ။

http://www.cherrythitsar.org



'ကျွန်မ ပြဿနာပေါင်းစုံ ရင်ဆိုင်နေရလို့ပါ။ ရှင် ကျွန်မကို ဒေါ်လာ ငါးရာလောက် ချေးပါလား၊ မကြာခင် ကျွန်မ ပြန်ဆပ်မယ်၊ ကတိပေးပါတယ်' ငွေချေးဖို့ ပြောလိုက်ရတာ ကျွန်မအတွက် တော်တော် အောက်ကျပါတယ်။

'ချေးမှာပေါ့ လူစီရယ်၊ မင်း ဘာပဲလိုလို ပေးမှာပေါ့။ ဒါပေမယ့် မင်း အခု ဘယ်ကိုရောက်နေတယ်၊ ဘာကြောင့်လဲဆိုတာ ပြောပါဦး။ မင်းက တော်တော်အရူးထတဲ့ ကလေးမပဲ'။ သူက အပြစ်တင်တယ်။ ငွေချေးရတာပဲ ကျွန်မမှာ တော်တော်ရှက်လှပြီ။ သူက အပြစ်တင်နေတော့ ကျွန်မ ငိုမိတယ်။

'လူစီ. . . နေကောင်းရဲ့လား'

'ဟုတ်ကဲ့. . . ကောင်းသွားမှာပါ။ ကျွန်မ ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ မပြောပါနဲ့နော်'

'မင်း ဘာကြောင့် ပုန်းချင်နေရတာလဲ လူစီရယ်'

နောက်မှပဲ ရှင်းပြတော့မယ်လို့ ကျွန်မ ဖြေလိုက်တော့ နောက်တစ်နေ့မှာ ကြေးနန်းနဲ့ ငွေပို့ပေးလိုက်ပါတယ်။ အိမ်ရှာတော့ အဖြူနဲ့ မီးခိုးရောင်သုတ်ထားတဲ့ ကိုလိုနီခေတ်က အိမ်တစ်လုံးရှာတွေ့တယ်။ အိမ်ထောင်ပရိဘောဂ အပြည့်အစုံပါပြီးသား။ နောက်နှစ်ရက်မှာ ကျွန်မ ပြောင်းနေလို့ရမယ်။ အဲဒီ အလုပ်တွေအားလုံး ကျွန်မ ဒီဇိုင်းယားရီးကလေး (၄)ရက် သမီးအရွယ်မှာ တစ်ယောက်တည်း လုပ်ခဲ့တာပါ။ နောက်တစ်နေ့ ညနေပိုင်းမှာ သမီးကလေးကို အပြင်ထုတ်ပြီး သူ့အဖေအကြောင်း ပုံတွေပြောပြနေမိတယ်။ 'သမီးဖေဖေကလေ သမီးကို မေမေချစ်သလို ချစ်မှာ သိလားသမီး၊ သမီးတွေ့မှာပါ။ တစ်နေ့တော့ သမီးအဖေကို သမီးတွေ့ရမှာပါ' သမီးကို စကားပြောနေတုန်း နောက်ကနေ တစ်ယောက်ယောက် ကြည့်နေသလို ခံစားလိုက်ရတယ်။ လှည့်ကြည့်လိုက်တော့ အစ်မယောက်ျား ဗာန္ဒနိက တံခါးပေါက်ကနေ ရပ်ကြည့်နေတာ တွေ့ရတယ်။ ကျွန်မ လက်ပြပြီး 'ဟဲလို' လို့ နှုတ်ဆက်လိုက်ပေမယ့် သူက ပြန်နှုတ်မဆက်ဘဲ ကျွန်မအနား လျှောက်လာတယ်။ သူက အရပ်ခြောက်ပေငါးလက်မ မြင့်တယ်။ သူ့ရှေ့မှာ ကျွန်မနေရတာ စိတ်ကျဉ်းကျပ်တယ်။

'အဲဒီကလေးအဖေက ဘယ်သူလဲ'

နှုတ်ဆက်စကား တစ်ခွန်းမှမဆိုဘဲ တိုက်ရိုက်မေးချလိုက်တယ်။

'ကျွန်မ ဒီကိစ္စ မဆွေးနွေးပါရစေနဲ့'

'မင်းမပြောလည်း ငါသိပါတယ်၊ ပရက်စလေ မဟုတ်လား'

'ကျွန်မကိစ္စထဲ ဝင်မပါပါနဲ့'

http://www.cherrythitsar.org



ကျွန်မ ပြောပြောဆိုဆိုပဲ ကလေးကိုပွေ့ပြီး အိပ်ခန်းထဲ ဝင်ပြေးခဲ့တယ်။ ဗာနွန်က စောစောရောက်လာတာ။ လူဝီပြန်ရောက်လာတော့ သူက ဝမ်းသာတာပေါ့။ ကျွန်မက ညတွင်းချင်းပဲ အိမ်ပြောင်းတော့မယ်လို့ အစ်မကိုပြောလိုက်ပြီး ပစ္စည်းတွေ သိမ်းဆည်းလိုက်ပါတယ်။ ကလေးတွေကိုခေါ်ပြီး ချက်ချင်း အိမ်ပြောင်းခဲ့တယ်။ နောက်တစ်နေ့မနက်မှာ အစ်မရောက်လာပြီး မစ္စတာဆိ(လ)ဗာစတိန်းက ဆက်သွယ်ပေးဖို့ အလုပ်ဝင်ဖို့ လာခေါ်နေတယ်။ လုပ်ရမယ့် အလုပ်က ဟာဝေယံ အဝတ်အစားတွေ ဒီဇိုင်းထုတ်တဲ့ အဲ(လ)ဖရက်ရှာဟီး(န)ရဲ့ ဆိုင်မှာပါ။

အလုပ်ရလိုက်တဲ့အတွက် ကျေးဇူးတင်မိတယ်။ စတိုးဆိုင်မှာ ဘယ်သူကမှ ကျွန်မကို ကလေးအမေလို့ မထင်ကြပါဘူး။ သွေးနုသားနုပေမယ့် ကျွန်မမှာ ကလေး လေးယောက်ကိုကျွေးဖို့ အဝတ်အစားဆင်ဖို့ တာဝန်တွေအပြင် အကြွေး (၅၀၀)ဆပ်ဖို့ ရှိသေးတယ် မဟုတ်လား။ ဆိုင်မှာ ကျွန်မက အရောင်းစာရေးမ အလုပ် ရပါတယ်။ အလုပ်ရပြီဆိုတော့ ကလေးတွေကြည့်ပေးဖို့ အမေက ကျွန်မ အိမ်မှာ လာနေပေးတယ်။ ဒီဇိုင်းယားရီးကလေးကို ကျွန်မ သိပ်ချစ်တာပဲ။ မျက်စိအောက်ကကို အပျောက်မခံနိုင်ဘူး။ မွေးပြီးစက ဝနေတဲ့ ကျွန်မ။ မူရင်းကိုယ်အလေးချိန် (၁၀၅)ပေါင်အထိ ပြန်ကျသွားတယ်။ ကျမှာပေါ့. . . . ကျွန်မက အစားလျှော့စားတယ်။ အသီးအရွက်လောက်ပဲစားပြီး ငွေစုတယ်။

သေသေသပ်သပ် ဝတ်စားထားတဲ့ လူကြီးတစ်ယောက် တစ်ညနေမှာ အိမ်ရောက်လာပြီး သူက အိမ်ရှင်ပဲလို့ ပြောတယ်။ သူ့နာမည်က ဝေါ(လ)တာမဲ(လ)ဆန် ဖြစ်ပြီး ကျွန်မအတွက် အားလုံး အဆင်ပြေရဲ့လားလို့ လာကြည့်တာပါတဲ့။ အသက် (၅၀)လောက်ရှိမယ်။ ဉာဏ်ကောင်းမယ့်ပုံပေါ်ပြီး အသံသြဇာရှိတယ်။ ဖြူဖွေးနေတဲ့ သွားတွေပေါ်အောင် ပြုံးတတ်တယ်။ သူက ရုပ်မြင်သံကြားအသံလွှင့်ဌာနတစ်ခုကိုပိုင်တယ်။ ကျွန်မ အိမ်ငှားစာချုပ် ကိစ္စအတွက် သူ့ရုံးခန်းကို လာတွေ့ပါတဲ့။ ကျွန်မကို ဘာကြောင့် သူ့ရုံးခန်းမှာ လာတွေ့ခိုင်းရတာလဲလို့ တွေးမိတာနဲ့ စတိုးဆိုင်မှာ သူ့အကြောင်း စပ်စုကြည့်တော့ ဒီလူကြီးက နာမည်ကြီး ပလေးဘွိုင်းတစ်ယောက်ဆိုတာ သိလာရတယ်။ ဒီလူကြီးက ကျွန်မ KNOE ရုပ်မြင်သံကြားဌာနမှာ ကျွန်မ အလုပ်လုပ်ခဲ့တာ သိသွားပြီလား။ သိစရာတော့ သိပ်အကြောင်းမရှိပါဘူး။ ကျွန်မ လုပ်ခဲ့တာက သိပ်မှမကြာဘဲ။ ဒါပေမယ့် တိုက်ဆိုင်မှုရှိရင်တော့လည်း မပြောတတ်ဘူးပေါ့လေ။

နောက်နှစ်ရက်လောက်ကြာတော့ မြို့ထဲကိစ္စရှိလို့ ရောက်သွားတာနဲ့

http://www.cherrythitsar.org



မစ္စတာ မဲ(လ)ဆန်ရဲ့ ရုံးခန်းကိုဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူက ကျွန်မကို မြင်တော့ တော်တော်ကျေနပ်သွားပုံရတယ်။ ကျွန်မ အချိန်သိပ်မရလို့ လိုရင်းကိုပဲ ပြောပါလို့ဆိုတော့ သူကလည်း လိုရင်းကိုပဲပြောတယ်။

'ကိုယ်က မင်းကို KNOE အစီအစဉ်မှာ တွေ့ဖူးသလားလို့' ဆိုတဲ့ မေးခွန်းနဲ့ စလာတယ်။ ကျွန်မ သံသယတော့ဖြစ်မိတယ်။ တစ်စုံတစ်ယောက် ကများ သူ့ကို သတင်းအစအနပေးထားသလားပေါ့။ အလက်ဇန္ဒရီးယားလို နေရာမျိုးမှာ ကျွန်မအကြောင်း ချက်ချင်းကြီး ဘယ်နည်းနဲ့မှ သိနိုင်စရာ မရှိဘူးလေ။ ဒါပေမယ့် ကျွန်မ ခေါင်းညိတ်ပြလိုက်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်တယ်။ သူက ကျွန်မလို ကောင်းတဲ့ အိမ်ငှားတစ်ယောက်အတွက် လိုအပ်တဲ့ အိမ်ပြင်ဆင်မှုတွေ လုပ်ပေးချင်ပါသတဲ့။ ကျွန်မက အခုအတိုင်း အဆင်ပြေပါတယ်။ ပြင်ဖို့ မလိုပါဘူးလို့ပြောပြီး ထွက်လာခဲ့တယ်။

ညနေစောင်း နေခြည်နုနုမှာ လမ်းလျှောက်တိုင်း စတိုးဆိုင်တွေရှေ့မှာ အလှပြထားတဲ့ ပစ္စည်းတွေ လျှောက်ငေးနေတုန်း ကျွန်မနောက်မှာ ကားအဖြူတစ်စီး ဖြည်းဖြည်းချင်း လိုက်လာနေတယ်ဆိုတာ မှန်ရိပ်ထဲကတစ်ဆင့် မြင်လိုက်ရတယ်။ ကျွန်မက ခပ်သွက်သွက်လျှောက်တော့ နောက်ကနေ အသံဝါကြီးနဲ့ အော်ခေါ်လိုက်သံ ကြားလိုက်ရတယ်။ မစ္စတာမဲ(လ)ဆန်ပါ။ 'လာလေ. . . မင်း ကားရှိတဲ့နေရာအထိ လိုက်ပို့ပေးမယ်' တဲ့။ ကျွန်မက ငြင်းလိုက်ပြီး ဘတ်(စ) ကားနဲ့ပဲ ပြန်မှာပါလို့ ပြောလိုက်မိတယ်။ အဲဒါ ကျွန်မ အမှားပါပဲ။ အိမ်အထိ သူလိုက်ပို့မယ်တဲ့။ တောက်တဲ့ကပ်သလို ကပ်နေတော့ ကျွန်မ စိတ်လျှော့လိုက်ရတယ်။ အိမ်ကိုမောင်းနေတုန်း မစ္စတာမဲ(လ)ဆန်က သူ့အသံလွှင့်ရုံ အစီအစဉ်တွေထဲမှာ အစီအစဉ်တိုးဖို့ စိတ်ကူးနေတဲ့အကြောင်း ပြောတယ်။

မင်း KNOE မှာတုန်းက P.M.Panorama ရှိုးအစီအစဉ် တာဝန်ယူတာကို ကိုယ်သိတယ်၊ အဲဒီအစီအစဉ်မျိုး ကိုယ့်ကို လုပ်ပေးပါလား၊ ကိုယ် လခကောင်းကောင်းပေးပါမယ်'

သူ့ကမ်းလှမ်းချက်က ငြင်းဖို့ခက်သွားတယ်။ အပိုဝင်ငွေရလာရင် ကျွန်မအတွက် ချောင်လည်မယ်ပေါ့။

'ဒီတော့ တို့ပရိသတ်အကြိုက် အဆိုတော်တွေ ငှားရမယ်၊ အခု ခေတ်စားနေတဲ့ ရော့(ခ)အင်ရိုး(လ) အဆိုကျော် ကောင်လေး ငှားရရင် မကောင်းဘူးလား။ သူ့နာမည်က ဘယ်သူ. . . ခု တပ်ထဲမှာ တာဝန်ထမ်းဆောင်နေတာလေ' ကျွန်မ သံသယဝင်လာတယ်။ ကျွန်မကို ပရက်စလေငှားဖို့ သက်သက် အသုံး

http://www.cherrythitsar.org



ချချင်တာလား။ ဒါမှမဟုတ် ကျွန်မကပဲ စိတ်မလုံဖြစ်နေတာလားတော့ မပြော တတ်ဘူး။

'သူ့တော့ ခေါ်လို့ရမယ် မထင်ဘူး' စိတ်လှုပ်ရှားမှု လုံးဝမရှိတဲ့အသံနဲ့ ထိန်းပြီး ပြောလိုက်ရတယ်။ 'ကျွန်မတို့အနေနဲ့ ရော်ဂျာဝီလျံလို စန္ဒရား ဆရာ မျိုး၊ ဒါမှမဟုတ် အင်္ဂလိပ်အဆိုကျော် ဒေးဗစ်ဝစ်(သ)ဖီး(လ)လို အဆိုကျော်မျိုးနဲ့ တော့ ပိုကောင်းလိမ့်မယ်'

'အေး. . . မင်းပြောတာ ဟုတ်မှာပဲ၊ ဒီကိစ္စတော့ မင်းပဲ တာဝန်ယူပေး တော့'

ပထမတော့ ဒီအလုပ်ကို ငြင်းလိုက်မယ်လို့ စဉ်းစားလိုက်သေးတယ်။ ဒါပေမယ့် လက်ခံဖို့ ဆုံးဖြတ်လိုက်ရပါတယ်။ မစ္စတာမဲ(လ)ဆန်က အန္တရာယ် တော့ မရှိပါဘူး။ ကျွန်မမှာလည်း အထည်ဆိုင်မှာ လုပ်ရတာကတစ်မျိုး၊ ရုပ် မြင်သံကြားအတွက် လုပ်ရ၊ ကလေးတွေကိစ္စနဲ့ အချိန်ကုန်တော့တယ်။ ကျွန်မ ဘဝမှာ တိုက်ဆိုင်မှုလို့ ပြောရမလားလို့ မသိဘူး။ မွန်ရီးမှာနေတုန်းကလည်း ခုလိုပဲ အထည်ဆိုင်နဲ့ ရုပ်မြင်သံကြား အလုပ်နှစ်ခု လုပ်ခဲ့ရတာပဲ မဟုတ်လား။

ညဉ့်နက်တော့ ကလေးတွေ အိပ်ချိန်မှာ မောင့်ကို လွမ်းတယ်။ မဂ္ဂဇင်း တစ်အုပ်မှာ မောင့်ပုံတွေ့ရတယ်။ ဂျာမနီမှာ ရိုက်ထားတဲ့ပုံပေါ့။ မိန်းမတွေက ဝိုင်းဝိုင်းလည်လို့။ တပ်မတော်တာဝန် သူ့မှာ ရှိမှရှိရဲ့လား။ တစ်ညမှာတော့ ရေဒီယိုက သူ့သီချင်းတွေ ထုတ်လွှင့်သံကြားရတယ်။ ကျွန်မ နားထောင်ရင်း တစ်ပုဒ်ပြီး တစ်ပုဒ် ပိုပြီး ထိခိုက် ခံစားလာရတယ်။ Loving You သီချင်း လွှင့်ထုတ်တော့ ကျွန်မ မျက်ရည်တွေ စီးကျခဲ့ရပြီး ကျွန်မ ရှိုက်လိုက်တဲ့အသံ ကို အမေကြားသွားပုံရတယ်။ ဒါကြောင့် ပခုံးပေါ်ကို လက်တင်ပြီး ပြင်သစ် စကားနဲ့ 'သမီးလေး. . . သူ့ကို အဲဒီလောက်တောင် ချစ်လားကွယ်' လို့ မေးပါ တယ်။ ပြီးတော့ အမေက ကျွန်မကို အကြာကြီး ဖက်ထားတယ်။

ဆောင်းဝင်လာပြီး ကျွန်မ လှုပ်ရှားနေရဆဲပဲ။ ရုပ်မြင်သံကြားအစီအစဉ် တိုးချဲ့ရေးကိစ္စနဲ့ စတိုးဆိုင်က အခင်းအကျင်းကိစ္စတွေကတော့ လက်စသတ်လု နီးပါပြီ။ ရော်ဂျာဝီလျံကိုငှားဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပြီး လက်မှတ်တွေ ရောင်း တယ်။ စတိုးဆိုင်မှာတော့ ဟာဝေယံ ကျွန်းသူလေးတွေ အဝတ်အစားမျိုး ချိတ် ဆွဲပြသထားတယ်။ ဟာဝေယံအကကိုလည်း ကပြဖို့ စီစဉ်တော့ ကျွန်မ အမျိုး သမီးတစ်ယောက်နဲ့တွေ့တယ်။ သူက ဟာဝေယံကျွန်းသူ၊ စစ်သားတစ်ယောက်နဲ့ အိမ်ထောင်ကျထားတာ။ သူ့နာမည်က 'နန်းစီမေစ်(သ)' လို့ ခေါ်တယ်။ ဆိုင်

http://www.cherrythitsar.org



ဘက်က အဲဒီလို စီစဉ်လိုက်တော့ အရမ်းကို အောင်မြင်သွားတယ်။ နန်းစီလာတိုင်း ဆိုင်ရှေ့မှာ လူတွေ အုံခဲပြီး ကြည့်ကြတယ်။ ကျွန်မတို့ စတိုးဆိုင်နားမှာ ရှိတဲ့ Mobil Oil ကုမ္ပဏီက ဝန်ထမ်းတွေဆိုရင် ရုံးကလစ်ထွက်ပြီး လာကြည့်ကြတာ ပဲ။ ပစ္စည်းတွေကလည်း အရမ်းရောင်းရတယ်။

နောက်တစ်ပတ် ဆိုင်ရှေ့မှန်ခန်းထဲက ပစ္စည်းတွေ လဲလှယ်နေတုန်း လမ်းတစ်ဖက်က ဘင့်တလေဟိုတယ်ကြီးမှာ လူတွေ တော်တော်များများ ရှုတ်ရှုတ်သဲသဲဖြစ်နေတာ တွေ့လိုက်ရတယ်။ ဒီဟိုတယ်ကြီးက လူဦးရေ (အဲဒီတုန်းက) သုံးသောင်းခုနစ်ထောင်လောက်သာရှိတဲ့ အလက်ဇန္ဒရားမြို့ကလေးနဲ့ မလိုက်ဖက်အောင် ကြီးမားလှတဲ့ ဟိုတယ်ကြီးပါ။ ဧည့်သည်သုံးရာလောက် တည်းလို့ ရပါတယ်။ ကျွန်မက တစ်ယောက်ကို ဘာတွေဖြစ်နေကြတာလဲလို့ မေးကြည့်တော့ ဂွန်ဝိန်းပါတဲ့ ရုပ်ရှင်ကားတစ်ကား ဒီမြို့မှာ လာရိုက်နေကြတာ၊ ရုပ်ရှင်အဖွဲ့သားတွေ အဲဒီဟိုတယ်မှာ တည်းနေကြတယ်တဲ့။ သူ ပြောသံကြားလိုက်ရတော့ မောင်နဲ့ကျွန်မ ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း သွားသတိရတယ်။ 'သူက သိပ်အလုပ်လုပ်တာပဲ၊ မောင့်လိုပေါ့၊ သူနဲ့ မောင် ခြားနားတာက သူက အသက်ကြီးအောင် လုပ်လို့ရတယ်။ မောင်က မရဘူး' တဲ့။

'မောင်လည်း ရမှာပါ၊ မောင် အသက် ငါးဆယ်လောက်ဆိုရင် သိပ်ကို ထင်ရှားတဲ့ စီးပွားရေးသမားတစ်ယောက် ဖြစ်နေမှာ၊ ပြီးတော့ အဲဒီအချိန်ထိလည်း ဖျော်ဖြေပွဲတွေ ဆိုနေဦးမှာပါပဲ။ အဲဒီအချိန်မှာ မောင်က အချောဆုံးယောကျ်ားတစ်ယောက် ဖြစ်နေမှာ သေချာတယ်။ ဟိုတစ်စ ဒီတစ်စ ဆံပင်ဖြူလေးတွေက မောင့်ကို ပိုပြီးတော့တောင် ထူးခြားလာစေဦးမယ်'

'မောင့်ကို ဒီလို အားပေးတဲ့အတွက် ကျေးဇူးတင်တယ် ကလေးရယ်၊ မောင် အသက်ကြီးသွားရင်ကော ကလေးက အခုလိုပဲ ပြောဦးမှာလား' တဲ့။ ကျွန်မက ပြောမှာဆိုတော့ မောင်က ကျွန်မကို တင်းတင်းကျပ်ကျပ် ဖက်ထားခဲ့တယ်လေ။

'လူစီ. . . လူစီ. . . . အမယ်လေး. . . အိပ်မျှားပျော်နေသလားလို့ အောက်မေ့ရတယ်။ ဘာတွေများ စိတ်ကူးယဉ်နေတာလဲ။တကယ်တည်း စိတ်က ဟိုအဝေးကြီးကို ရောက်နေသလိုပဲ' ကျွန်မ လုပ်ဖော်ကိုင်ဖက် တစ်ယောက်က သတိပေးလိုက်တော့မှ သတိပြန်ဝင်လာလို့ ရှက်လိုက်တာ။ နောက် သုံးလေးရက်လောက်ကြာတော့ အရှေ့တိုင်းသားရုပ်ပေါက်တဲ့ လူတစ်ယောက် ဆိုင်ထဲဝင်လာပြီး ကျွန်မဆီကို တန်းတန်းမတ်မတ်လျှောက်လာတယ်။ သူက ကျွန်မလက်ကို သော့တစ်စုံ

http://www.cherrythitsar.org



ထိုးပေးပြီး ဆိုင်ရှေ့မှာရပ်ထားတဲ့ နှင်းပွင့်လို ဖြူဆွတ်နေတဲ့ ကားသန်းဒါး ဘတ်(ဒ) တစ်စီး လက်ညှိုးထိုးပြတယ်။ ပြီးတော့ စာအိတ်တစ်အိတ် ထပ်ပေးပြီး ထွက်သွားရော။ ဆိုင်ထဲမှာရှိတဲ့လူတွေအားလုံး ဝိုင်းကြည့်နေကြတယ်။ မောင်ပို့လိုက်တာများလားဆိုတဲ့ အတွေးနဲ့ စာအိတ်ကို ဖွင့်ဖတ်လိုက်တယ်။

'အောင်မြင်အောင် ကူညီခဲ့တဲ့ မင်းအတွက်ပါ ဝေါ(လ)တာ' တဲ့။ ကျွန်မချက်ချင်းပဲ သူ့ဆီ ပြန်ပို့လိုက်တယ်။

မစ္စတာမဲ(လ)ဆန်က ဖွဲ့ကောင်းကောင်းနဲ့ ကျွန်မကို ချိန်းနေဆဲပါပဲ။ သူ့ကို နောက်ပြောင်ချင်တာကြောင့် ပွဲတစ်ပွဲသွားဖို့ လက်ခံလိုက်တယ်။ ပွဲကျင်းပမယ့် ကလပ်မှာပဲ ဆုံမယ်လို့။ သူက ဒီပွဲဟာ သူ့စီးပွားရေး အရေးပါတဲ့ပွဲဖြစ်တယ်တဲ့။ ဒီပွဲမှာ လာမယ့်သူအားလုံးဟာ ရော်ဂျာဝီလျံပွဲလာမယ့် သူတွေချည်းပဲ။ ဒီညဝတ်ဖို့ ကျွန်မကိုယ်တိုင်ချုပ်ထားတဲ့ လည်ပင်းကျယ် ဇာအနားတပ်ဝတ်စုံကို ရွေးလိုက်ပါတယ်။ အဲဒီနေ့မှာ ရာသီဥတုက တော်တော် စိတ်ပျက်စရာကောင်းပါတယ်။

မုန်တိုင်းက နေ့လယ်ပိုင်းကတည်းက ကျနေလိုက်တာ ညနေအထိပါပဲ။ စတိုးဆိုင်ထဲမှာပဲ ကျွန်မ ထိုင်စောင့်နေရတယ်။ နောက်ဆုံး ကျွန်မတစ်ယောက်တည်း ကျန်တော့မှ ဆိုင်ထဲကထွက်ခဲ့ပြီး ဟိုတယ်ဘက် ပြေးကူးလိုက်တယ်။ ဒီဟိုတယ်မှာ ကျွန်မ နေ့လယ်စာ ခဏခဏ လာစားဖူးတဲ့အတွက် လက်ထောက်မန်နေဂျာမလေး ဆီ(လ)ဗီယာနိုက်နဲ့တောင် မိတ်ဆွေဖြစ်နေပြီ။ အဲဒီညနေက ဟိုတယ်ထဲမှာ လူတော်တော်များတယ်။ ဂျွန်ဝိန်းရိုက်နေတဲ့ House Soldiers ဇာတ်ကားထဲက ဇာတ်ပို့ ဇာတ်ရံတွေက ဧည့်ခန်းထဲမှာ အများကြီး။ မိုးရွာနေလို့ သူတို့ ရုပ်ရှင်ရိုက်မရတာနဲ့ ဟိုတယ်ထဲမှာပဲ အရက်သောက်နေကြတာလေ။ ကျွန်မ ဝင်သွားချိန်မှာ လေချွန်သံတွေ ကြားလိုက်ရလို့ တုန်လှုပ်သွားမိတယ်။ ဆီ(လ)ဗီယာက ကျွန်မအတွက် ကယ်တင်ရှင်ပဲ။ သူက ထောင့်ကျကျ စားပွဲတစ်ခုဆီ ခေါ်သွားပြီး ထိုင်ခိုင်းတယ်။ ပြန်အထွက်မှာ လေချွန်သံတွေက ပိုလို့တောင် ကျယ်လာသေးတာမို့ ကျွန်မ စိတ်ပျက်ပျက်နဲ့ မျက်ရည်ကျလုနီးပါးတောင် ဖြစ်ခဲ့ရတယ်။

ဟိုတယ်ထဲက ပြေးထွက်လာတော့ အပြင်မှာ မိုးရေထဲ ရပ်ထားတဲ့ တက္ကစီတစ်စီးပေါ် လှမ်းတက်လိုက်တယ်။ တက္ကစီထဲမှာ ခရီးသည်တစ်ယောက် ရှိနှင့်ပြီးသား ဖြစ်နေလို့ တောင်းပန်ပြီး ကျွန်မပြန်ဆင်းမယ်လုပ်တော့ ခရီးသည်က 'နေဦး' လို့ တားလိုက်တယ်။ ကားမောင်းတဲ့သူကိုလည်း 'တို့အနေနဲ့ မိုး

http://www.cherrythitsar.org



ထဲလေထဲမှာ မိန်းကလေးတစ်ယောက်ကို မသွားခိုင်းသင့်ဘူး' လို့ လှမ်းပြော လိုက်တယ်။ မှောင်နေလို့ သူ့ကို ကျွန်မ မမြင်ရပေမယ့် အသံကတော့ မှားစရာ အကြောင်း မရှိပါဘူး။ လျှပ်စီးတစ်ချက် ပြက်လိုက်ချိန်မှာ သူ့မျက်နှာကို မြင် လိုက်ရလို့ သေချာသွားတယ်။ နာမည်ကြီး ရုပ်ရှင်မင်းသားနဲ့ ကျွန်မ မမျှော်လင့် ဘဲ ဆုံစည်းမိပါပကောလား။

'ဆောရီးပါ မစ္စတာဝိန်း၊ ကျွန်မ အနှောင့်အယှက်ပေးသလို ဖြစ်သွား တာ တောင်းပန်ပါတယ်' မှင်တက်မိနေရာက ကျွန်မ တောင်းပန်လိုက်တယ်။ မင်းသားက ကျွန်မလက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး 'ကိုယ့်မှာ အချိန်ရပါတယ် မိန်းကလေး၊ ဒါလောက် မိုးတွေရွာနေမှတော့ ဘာမှလုပ်လို့မရဘူး၊ အချိန်တွေ ပိုနေတာပဲ၊ မင်း ဘယ်သွားမှာလဲ'

ကျွန်မက အက်ဖ် စားသောက်ဆိုင်ကို သွားမှာလို့ ပြောတော့ 'မင်း ကံကောင်းတာပဲ၊ တို့ကလည်း အဲဒီကိုပဲ သွားမလို့' လို့ ပြောပြီး ကားမောင်းတဲ့ သူကို သွားဖို့ လှမ်းပြောလိုက်တယ်။

'အဲဒီမှာ မင်း တစ်ယောက်ယောက်နဲ့ ချိန်းထားလို့လား'

'ဒီပွဲက စီးပွားရေးအတွက် လုပ်တဲ့ပွဲပါ'

'အေး. . . ကိုယ်ကလည်း စီးပွားရေးအတွက်ပဲ သွားရမှာ'

ကျွန်မက ပွဲသွင်းဖို့ ဆောင်ရွက်နေရတဲ့သူဖြစ်ကြောင်း ပြောပြတော့ မင်းသားက သူနဲ့ ဦးတည်ချက်ချင်းတူကြောင်း ပြောပြီး ရယ်တယ်။ ကျွန်မကြည့် ဖူးတဲ့ သူ့ရုပ်ရှင်ကားတွေထဲကထက် အပြင်မှာတွေ့ရတဲ့ရုပ်က ပိုချောနေတယ်။ မျက်နှာက ပြုံးနေတာပဲ။ မိုးမိပြီး ကြွက်စုတ်ဖြစ်နေတဲ့ ကျွန်မပုံစံကပဲ ရယ်စရာ ဖြစ်နေသလားတော့ မပြောတတ်ပါဘူး။ ကားခဏလေး မောင်းရုံနဲ့ ပွဲကျင်းပ မယ့်နေရာကို ရောက်သွားတယ်။ အဝမှာ ဓာတ်ပုံဆရာတွေက မစ္စတာဝိန်းကို ဓာတ်ပုံရိုက်ဖို့ စောင့်နေကြတာမို့ ကျေးဇူးတင်ကြောင်း နှုတ်ဆက်ပြောပြီး ကား တစ်ဖက်ပေါက်ကနေ ကျွန်မဆင်းလိုက်တယ်။ မစ္စတာမဲ(လ)ဆန်က ချက်ချင်း ကျွန်မကိုတွေ့သွားပြီး လက်ကိုယူနမ်းလိုက်တယ်။ ဒါကတော့ ထုံးစံအတိုင်းပေါ့ လေ။ ဒါကို မစ္စတာဝိန်း မြင်သွားတော့ 'ကံကောင်းလိုက်တဲ့လူတဲ့' ကျွန်မ သေလိုက်ချင်တယ်။

ပွဲမှာ လူစုံပေမယ့် ကျွန်မကတော့ ပြတင်းပေါက်ဘေးက စားပွဲတစ်လုံး မှာ တစ်ယောက်တည်းထိုင်ရင်း ဘယ်နည်းနဲ့ လစ်ထွက်ရင် ကောင်းမလဲ စဉ်းစား နေတယ်။ မစ္စတာမဲ(လ)ဆန်ကတော့ လျှောက်ဧည့်ခံနေရတာပေါ့။ မှန်ပြတင်း

http://www.cherrythitsar.org



ပေါက်ကို မိုးရေစက်တွေ လာမှန်တာကို ငေးနေခိုက် တစ်စုံတစ်ယောက်က ကျွန်မလက်မောင်းကို လာကိုင်တယ်။ မစ္စတာဂျွန်ဝိန်းပါပဲ။

'မင်း တွေးနေတာမှန်တယ်။ ဒီပွဲက ငြီးငွေ့စရာကြီး၊ တို့နှစ်ယောက် ဒီပွဲက လစ်ထွက်သွားကြရအောင်' တဲ့။ ကျွန်မတို့နှစ်ယောက် ပြိုင်တူ ရယ်လိုက်မိကြတဲ့အတွက် သဘောတူတယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သွားပါတယ်။ ဂျွန်ဝိန်းနဲ့ ထွက်သွားရတာလို့ ဆိုတာ ပြောလို့လည်းကောင်းတယ်။ ပြီးတော့ ကျွန်မအတွက်လည်း လုံခြုံမှုရစေပါတယ်။ ဂျွန်ဝိန်းနဲ့သာဆိုရင် ဘယ်သူမဆို ဒီလိုပဲ တွေးကြမှာပါပဲ။ ကျွန်မတို့နှစ်ယောက် အပြင်ထွက်လိုက်တော့ မိုးရွာနေဆဲပဲ။ ထိုးဆိုက်လာတဲ့ တက္ကစီတစ်စီးပေါ် တက်လိုက်ကြတယ်။

'မစ္စတာဝိန်း'

'နေဦး. . ' သူက ကျွန်မစကားကို ဖြတ်လိုက်တယ်။ 'ကိုယ့်မိတ်ဆွေတွေက ကိုယ့်ကို မြို့စားကြီးလို့ခေါ်ကြတယ်။ မင်းလည်း ကိုယ့်မိတ်ဆွေဆိုရင် မြို့စားကြီးလို့ပဲ ခေါ်ပါ' တဲ့။

'အဲဒါ တော်တော်ခက်တာပဲ၊ ကိုယ်မရင်းနှီးတဲ့သူတစ်ယောက်ကို နာမည်ပြောင်တစ်ခုနဲ့ ခေါ်ရမှာ ခက်လှပါတယ်'

'ဘယ်သွားမှာလဲ' လို့ သူကမေးတော့ ကျွန်မက ဟိုတယ်ကိုပဲ သွားမယ်လို့ ပြောလိုက်တယ်။ ကျွန်မက ဟိုတယ်မှတစ်ဆင့် တခြားတက္ကစီငှားပြီး အိမ်ပြန်မယ် စိတ်ကူးတာပါ။ သူက ကျွန်မ ဟိုတယ်မှာပဲ နေသလားလို့မေးတော့ မဟုတ်ပါဘူးလို့ ဖြေလိုက်တယ်။ ဒီတော့ သူက 'ဒီမိန်းကလေး သူ့အိမ်လိပ်စာပြောလိမ့်မယ်၊ အဲဒီကိုပဲမောင်း' လို့ ကားမောင်းသမားကို လှမ်းပြောလိုက်တယ်။ သူ ဉာဏ်ထက်မြက်ပုံကို ကျွန်မတော့ အံ့ရော။

'မြို့ကလေးကသေးတော့ ဟိုတယ်အခန်းတွေက ပိုတောင် သေး သေးတယ်' လို့ သူက ပြောတယ်။

'ကျွန်မက မင်းသား အဲဒီဟိုတယ်မှာပဲ တည်းတယ် အောက်မေ့နေတာ'

'ဟုတ်ဘူးကွ၊ ကိုယ်က သီးသန့်နေချင်လို့ တခြားနေရာမှာ ခွဲနေတယ်၊ မနက်ဖြန် ကိုယ့်ကားရိုက်ပြီး ညလယ်စာ အတူတူစားရအောင်လား'

ကျွန်မက ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ကြောင်းပြောပြီး ငြင်းလိုက်တယ်။

'ဒါဆို တစ်ခုခု သောက်ရင်ကော'

'ကျွန်မ မသောက်ပါဘူး'

http://www.cherrythitsar.org



'ကောင်းတယ်၊ မိန်းကလေး' သူက ကျွန်မလက်ကို ပုတ်ပြီး ချီးကျူးနေတယ်။ အိမ်နားနီးလာပြီမို့ ကားမောင်းတဲ့သူကို လမ်းညွှန်နေရတယ်။ ကျွန်မငှားနေတဲ့အိမ်က အပြင်ကနေ မြင်ရင်တော့ အထင်ကြီးစရာပါပဲ။ အိတ်ထဲမှာတော့ ဒေါ်လာ နှစ်ဆယ်ပဲရှိတယ်။ မစ္စတာဝိန်းက ကားအောက်ဆင်းပြီး လက်ဆွဲနှုတ်ဆက်ပါတယ်။

'ကိုယ် မနက်ဖြန် မင်းကို လာတွေ့ဦးမယ်၊ အိမ်အထိ လိုက်ပါခွင့်ပြုတဲ့အတွက် ကျေးဇူးပဲ'

ဂွန်ဝိန်းနဲ့တွေ့လိုက်ရတဲ့အတွက် မောင့်ကို ပိုလွမ်းရတယ်။ ကျွန်မမှာ ငွေလည်းမရှိဘူး။ အထီးကျန်ဘဝမှာ ရှေ့ရေးအတွက် ဘာဆက်လုပ်ရမှန်း မသိတော့ဘဲ စိတ်ရှုပ်ထွေးနေရတယ်။ သမီးလေးတွေရှိလို့သာ စိတ်သက်သာရာရတော့တယ်။ သူတို့လေးတွေဟာ ကျွန်မဘဝအတွက် အလင်းရောင်လေးတွေပါပဲ။ သမီးထွေးကလေး ဒီဇိုင်းယားရီးဆိုရင် ငိုခဲတယ်။ အမေနဲ့ကွာလိုက်တာ။ သမီးက ကျွန်မအတွက် သူဟာ ခွန်အားတစ်ရပ်ပဲဆိုတာကို သိနေသလိုပဲ။ သမီးတွေရှေ့မှာ ကျွန်မဟာ မိခင်ကောင်းတစ်ယောက်အနေနဲ့ အမြဲပြုံးပျော်ပြနေရတယ်။ သမီးတွေဟာ ကျွန်မဘဝပါပဲ။ သမီးတို့ လိုအင်ဆန္ဒမှန်သမျှကို ကျွန်မ ဖြည့်ဆည်းပေးရပါမယ်။ တစ်နေ့မှာတော့ ကျွန်မမျက်ရည်ကျနေတုန်း သမီး မယ်လိုဒီ (အသက် ၇နှစ်) တွေ့သွားလို့ ကျွန်မကိုဖက်ပြီး 'မာမီ ဝမ်းနည်းမနေပါနဲ့၊ သမီးက မာမီ့ကိုချစ်သလို ဘုရားသခင်ကလည်း ချစ်ပါတယ်' တဲ့။ ကျွန်မနှလုံးသားကို ထိခိုက်သွားတယ်။ ကျွန်မ ဝမ်းနည်းကြေကွဲနေခြင်းက သမီးတွေကို များ ထိခိုက်နေပြီလား။

* * *

နောက်တစ်နေ့ ကျွန်မ စတိုးဆိုင်ကို ရောက်သွားတော့ ကျွန်မမိတ်ဆွေ 'မက်(စ)ဟက်တာ' က စာရွက်ကလေးတစ်ရွက် လှမ်းပေးတယ်။ ရေးထားတာက 'မစားဘူး၊ မသောက်ဘူးဆိုရင် စကားပြောခွင့်ကော မပေးနိုင်ဘူးလား. . . . မြို့စား'တဲ့။ ကျွန်မ ပြုံးပြီး စာကို ဆုတ်ပစ်လိုက်တယ်။ နေ့ခင်းပိုင်းမှာ မစ္စတာဝိန်း ဖုန်းဆက်လာတယ်။ ကျွန်မက ယဉ်ယဉ်ကျေးကျေးပဲ ငြင်းလိုက်တော့ သူက ယဉ်ယဉ်ကျေးကျေးနဲ့ နောက်ထပ်ကြိုးစားဦးမယ်လို့ ဆိုတယ်။ ခဏနေတော့ မက်(စ)က သူ တာဝန်ခံရောင်းရတဲ့ အမျိုးသားဝတ်စုံ ကောင်တာဘက် လာခဲ့ဖို့ လာခေါ်တယ်။ ဆယ်မိနစ်လောက်နေမှ ကျွန်မ လိုက်သွားတော့ မက်(စ)က သူ့ဖောက်သည်တစ်ယောက်နဲ့ စကားပြောနေတာ တွေ့ရတယ်။ ကျွန်မကိုမြင်တော့

http://www.cherrythitsar.org



ပြေးလာပြီး 'ကိုယ့်မိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးချင် လို့' တဲ့။

ကျွန်မ တော်တော် ဒေါသထွက်သွားတယ်။ နောက်ထပ် ဒါမျိုး မဖြစ်စေရဘူး။ ဒီတစ်ယောက်ကတော့ အတင်းပူဆာနေလို့ပါ ဆိုတာကြောင့် How do you do တစ်ခွန်းတည်းသာ အေးစက်စက်ပြောခဲ့ပြီး လှည့်ထွက်ခဲ့ပါတော့တယ်။ အဲဒီည ရေဒီယိုဖွင့်တော့ အဲ(လ)ဗစ္စက မဲ(မ)ဖစ္စမြို့က မိန်းကလေးတစ်ယောက်ဆီကို စေ့စပ်လက်စွပ် ပို့ပေးလိုက်ကြောင်း သတင်းကြေညာသံ ကြားလိုက်ရတယ်။ ကျွန်မအနေနဲ့ မောင့်ကို ထာဝရသစ္စာရှိဖို့ မျှော်လင့်မထားပါဘူး။

အထူးသဖြင့်တော့ ကျွန်မ သေပြီလို့ သူ ယူဆနေချိန်မှာ သစ္စာစောင့်နေစရာ မလိုတော့ဘူးလေ။ ဒါပေမယ့် ကျွန်မ အသည်းနှလုံးတွေ တစ်စစီကြွေခဲ့ရတယ်။ နားထဲမှာလည်း သူပြောခဲ့တာ ကြားယောင်နေမိတယ်။ 'ဒါတွေက နာမည်ကြီးအောင် လုပ်တဲ့အလုပ်တွေပါကွာ၊ မောင့်ကို အမြဲယုံစမ်းပါ'တဲ့။

တစ်နေ့မှာ ကျွန်မ စတိုးဆိုင်ကို ရောက်လာတော့ ကိုယ်လုံးပေါ် မှန်ရှေ့ရပ်ပြီး ကျွန်မကိုယ်ကျွန်မ ကြည့်မိတယ်။ အရမ်းကို တုန်လှုပ်သွားမိတာပဲ။ 'ရယ်နေတဲ့ မျက်လုံးတွေနဲ့ မိန်းမချောကလေး' လို့ မောင်ပြောခဲ့တဲ့ လူစီမဟုတ်တော့ဘဲ လုံးဝခြားနားတဲ့ မိန်းမတစ်ယောက် ဖြစ်နေခဲ့ပြီ။ အရောင်းစာရေးမတစ်ဦးဖြစ်တဲ့ နီဗာက ကျွန်မဘေး လာရပ်တယ်။ သူက ကျွန်မထက် ဆယ်နှစ်ကြီးပြီး ကြင်နာတတ်တယ်။

'လူစီ. . . . မမက သူများ ကိုယ်ရေးကိုယ်တာကိစ္စ ဝင်မပြောတတ်ပါဘူး။ ဒါပေမယ့် ညီမကိစ္စကတော့ ပြောပါရစေကွယ်။ ဘယ်လောက်ဆိုးရွားတဲ့ကိစ္စဖြစ်ပါစေ။ ညီမ ဒါလောက်တော့ ရုပ်ပျက်ဆင်းပျက် မဖြစ်သင့်ဘူး' တဲ့။ နီဗာကိုလည်း ကျွန်မက တခြားသူတွေလို ဆုံးမစကား ပြောဦးမှာပဲ ထင်ခဲ့တယ်။ ဒါပေမယ့် သူပြောတာက သူ့ယောကျ်ားဟာ တိုက်ပွဲမှာ ကျဆုံးခဲ့တဲ့အကြောင်း၊ သူ့ယောကျ်ားကို သိပ်ချစ်လို့ လမ်းခွဲခဲ့ရပေမယ့် ခုတော့ ဝေလပြည်နယ်သား တစ်ဦးနဲ့ ရည်ငံနေကြောင်း ပြောပြတယ်။

'အချိန်က ကုစားသွားခဲ့တာပဲ၊ ညီမအနေနဲ့ ဖုန်း ခဏခဏ ဆက်နေတဲ့သူကို လက်ခံလိုက်ဖို့ကောင်းတယ်။ ညီမက လက်မခံဘူးဆိုရင်တော့ မမပဲ လက်ခံလိုက်ရလိမ့်မယ်နော' တဲ့။ ဘယ်သူဆက်နေတာလဲလို့ ကျွန်မ မေးကြည့်လိုက်တယ်။ မစ္စတာဂျုံး(စ)ဆိုတဲ့ အဖြေ ထွက်လာမယ့်အစား 'မစ္စတာ မောရစ္စဆင်' တဲ့။ ဒီနာမည်ကို ကျွန်မ မသိပါဘူး။ သိချင်စိတ်လည်းမရှိဘူး။ နောက်တစ်နေ့ မနက်မှာ နီဗာက ကျွန်မအတွက် ဖုန်းလာတယ်လို့ပြောပြီး စကားပြောစေပါတယ်။

http://www.cherrythitsar.org



'လူစီလား. . . ကျွန်တော်က လူစီ့မိတ်ဆွေဟောင်း မောရစ္စဆင်ပါ'

သူ့အသံက မသာယာတဲ့အပြင် တောင်ပိုင်းသား လေသံ ဝဲနေသေးရဲ့။ သူ ဘယ်သူ ဖြစ်နေပါစေ။ ကျွန်မ မလိုလားတာ အမှန်ပဲ။

'ဒီမှာ ဒီဒေသမှာ ကျွန်မမိတ်ဆွေ လုံးဝမရှိဘူး။ ရှင့်ကိုလည်း ကျွန်မ လုံးဝစကားမပြောချင်ဘူး'

'နေပါဦး. . . 'သူ့စကားသံ တစ်မျိုးပြောင်းသွားတယ်။

'မြို့စားကြီးပါ ကလေးရဲ့၊ ကိုယ် မင်းဆိုင်ရှေ့တည့်တည့်ကို ညနေ ခြောက်နာရီခွဲတိတိမှာ ရောက်မယ်။ ကိုယ် တစ်ယောက်ယောက်နဲ့ စကား ပြောချင်လို့ပါ' ကျွန်မ ငြင်းဖို့အချိန်မရခင်မှာဘဲ သူက ဖုန်းချသွားတယ်။ အဲဒီ တစ်နေ့လုံး ကျွန်မ ဂနာမငြိမ်တော့ဘူး။ ဂျွန်ဝိန်း တကယ်များ ရောက်လာမှာ လားလို့ တွေးနေမိတယ်။ ညနေ ခြောက်နာရီခွဲတိတိ စတိုးဆိုင်ထဲက ထွက်လိုက် တော့ မုတ်ဆိတ်နဲ့ လူစိမ်းတစ်ယောက်ကို တွေ့ရတယ်။ ဒီလူဟာ ရုပ်ရှင်အဖွဲ့ သားထဲက တစ်ယောက် ဖြစ်လိမ့်မယ်လို့တော့ ကျွန်မ တွေးမိတယ်။ ဘာကြောင့် လဲဆိုတော့ ရုပ်ရှင်အဖွဲ့သားအားလုံးက မုတ်ဆိတ်ထားကြတာကိုး။ သူတို့ရိုက် နေတဲ့ကားက ပြည်တွင်းစစ်အကြောင်းဖြစ်လို့ မုတ်ဆိတ်ထားကြတယ် ထင်ပါရဲ့။

'လူစီ. . . မင်းအတွက် ကားတစ်စီး ရှေ့မှာရပ်ထားတယ်'

'ကားထဲမှာ ဘယ်သူလဲ'

'မစ္စတာ မောရစ္စဆင်'

□

http://www.cherrythitsar.org



# အခန်း(၁၁)

၁၉၅၈ ခုနှစ်၊ ဆောင်း

မုတ်ဆိတ်နဲ့လူတစ်ယောက်က လမ်းပေါ်မှာ နှစ်ထပ်ရပ်ထားတဲ့ ကားတစ်စီးကို လက်ညှိုးထိုးပြတယ်။ မစ္စတာဝိန်းက ကားထဲကနေ ပြုံးပြီး ကားပေါ်တက်ဖို့ ကျွန်မကို လက်ယပ်ပြ ဖိတ်ခေါ်နေလေရဲ့။ ကျွန်မ ခဏလေး တွေသွားချိန်မှာ သူက ဟွန်းတီးလိုက်တာကြောင့် လန့်သွားမိတယ်။ သူက ကျွန်မကို လူတွေ ဂရုစိုက်မိလာအောင် လုပ်နေပြီဆိုတော့ ကားပေါ် မတက်လို့ မဖြစ်တော့ဘူး။ သူက တစ်ယောက်ယောက်နဲ့ စကားပြောနေချင်လို့ ကျွန်မကို လာခေါ်တာပါတဲ့။ ညစာစားရင်း စကား ပြောကြရအောင်တဲ့။ ကျွန်မကိုကြည့်ရတာလည်း တစ်ယောက်ယောက်ကို ရင်ဖွင့်ဖို့ လိုနေသလိုပဲတဲ့။ သူ့စကားတွေက အတည်ပြောနေတယ်ဆိုတာ ကျွန်မ ယုံကြည်စိတ်ချလိုက်ပါတယ်။

သူက ကျွန်မကို မြို့ပြင်တစ်နေရာမှာရှိတဲ့ ကျေးလက်ပုံစံ နွေးထွေးတဲ့ ထမင်းဆိုင်တစ်ခုကို ခေါ်သွားတယ်။ ဒီဆိုင်ကလေးက တကယ့်ကို ရိုးရာမပျက်ပြင်ဆင်ထားတဲ့ဆိုင်ပါ။ နံရံကပ် မီးအိမ်ကလေးတွေ၊ စားပွဲပေါ်က ဖယောင်းတိုင် ထွန်းတဲ့ မှန်အိမ်ကြီးတွေကအစ ကုလားထိုင်ပုံစံတွေအဆုံး ရှေးရိုးပုံစံတွေပဲလုပ်ထားပါတယ်။ ဟောလိဝုဒ်ရဲ့ အကြီးကျယ်ဆုံး မင်းသားကြီးတစ်လက်က ဒီလို ရှေးရိုးပုံစံနဲ့ ဆိုင်တစ်ဆိုင်ကို လာစားပါတယ်ဆိုရင် ဘယ်သူက ယုံနိုင်မှာတဲ့လဲ။ စားပွဲတစ်ခုမှာ သူဝင်ထိုင်လိုက်တော့ တခြားစားပွဲတွေက လှမ်းကြည့်ကြပေမယ့် သူက လုံးဝ ဂရုမစိုက်ဘူး။ သူ့အောင်မြင်ကျော်ကြားမှုနဲ့ပတ်သက်လို့ ဘာမှ ဝင့်ကြွားခြင်းလည်း မရှိဘူး။ ပကတိ သာမန်လူတစ်ယောက်လိုပါပဲ။ ဒီလို ဣန္ဒြေမျိုး အဲ(လ)ဗစ္စက မထားတတ်ပါဘူး။ ဆိုင်ထဲမှာ လူတချို့က လက်ဆွဲနှုတ်ဆက်တာတို့၊ အော်တိုရေးခိုင်းတာတို့ လာလုပ်ကြတော့ သူနဲ့တွဲလာရတဲ့ကျွန်မ မနေတတ်တော့ဘူး။ ကျွန်မလို ပုန်းလျှိုးကွယ်လျှိုးနေရတဲ့ မိန်းမ

http://www.cherrythitsar.org



တစ်ယောက်အတွက် ဒီနေရာဟာ မလာသင့်တဲ့နေရာပါဘဲ။

စားစရာတွေမှာတဲ့ သူ့လေသံကလည်း ကောင်းဘွိုင်ဇာတ်ကားက စကား ပြောသံအတိုင်းပါပဲ။ စားနေကြတုန်းမှာ အမျိုးသမီးကြီးတစ်ယောက်က အော်တို လာရေးခိုင်းပြန်တယ်။ သူက လက်ခံလိုက်ပေမယ့် ကျွန်မဘက် လက်ညှိုးထိုးပြ ပြီး 'ကျွန်တော့်ထက် သူက ချောတာပဲ။ သူ့ကို ဘာဖြစ်လို့ အော်တိုမရေးခိုင်း တာလဲ' လို့ ပြောလိုက်သေးတယ်။ အမျိုးသမီးကြီးက ကျွန်မကို ဇဝေဇဝါ ကြည့်နေချိန်မှာ သူက တစ်စုံတစ်ခု ရေးပေးလိုက်ပြီး စာအုပ်ပြန်ပေးလိုက်တယ်။ ထွက်သွားတော့ သူက 'မာရီယွန်မောရစ္စဆင်' လို့ လက်မှတ်ထိုးပေးလိုက် ကြောင်း ပြောပြီး ရယ်နေလေရဲ့။

စားနေကြရင်းက 'ကိုယ်နေတဲ့ နေရာကလေး မင်းကို ပြချင်တယ်' လို့ ပြောလာတော့ ကျွန်မ ဂနာမငြိမ် ဖြစ်သွားတာကို သူ မသိအောင် မနည်းဖုံး ဖိထားရတယ်။ ဟိုအကြောင်း ဒီအကြောင်း ပြောကြရင်းက စားသောက်ပြီးသွား တော့ သူ့ကားနဲ့ နာရီဝက်လောက် မောင်းလာတယ်။ တစ်နေရာမှာ သူတည်းနေ တဲ့ မိုတယ်ကလေးကို ရောက်လာတယ်။ 'ဒါ ကိုယ့် ယာယီအိမ်ပဲ' တဲ့။ 'တစ်ခုခုသောက်ဖို့ ဆင်းပါဦး' လို့ ဖိတ်ခေါ်တော့ ကျွန်မ မဆင်းဖြစ်ဘူး။ သူက ပြစရာတစ်ခုရှိလို့ပါလို့ ပြောလာတော့ စပ်စုချင်စိတ်က ပေါ်လာသေးတယ်။

မိုတယ်မှာ ထိုင်မိကြတော့ သူက 'မင်းအကြောင်း ပြောပြစမ်းပါဦး၊ မင်းမှာ ပြောစရာတွေ အများကြီးရှိနေပုံရတယ်' တဲ့။ 'ကျွန်မမှာ ဘာမှ ပြော စရာမရှိပါဘူး' လို့ ပြောပြီး စကားလမ်းကြောင်းပြောင်းဖို့ ကျွန်မ ကြိုးစားပါ တယ်။ 'ရှင်က ဘာဖြစ်လို့ ကျွန်မနဲ့ စကားပြောချင်ရတာလဲ' လို့ သူ့ကို တန် ပြန်မေးဖြစ်တယ်။

'အေး. . . လိုရင်းပြောရရင် အဲဒါမျိုး ကိုယ်ကြိုက်တယ်။ မင်းက ဘာ ကြောင့် ယောကျ်ားတွေကို လျစ်လျူရှုနိုင်တာလဲ. . .'

'ရှင် ဘာတွေပြောနေတာလဲ'

'ကန်းထရီးကလပ်မှာ ဆုံတဲ့ညက မင်းကို သတိထားမိတယ်။ တစ် ယောက်ယောက်ကို မင်း ဒေါသဖြစ်နေတယ်ဆိုတာ သေချာတယ်။ အဲဒါ ဘယ် သူလဲ၊ ကိုယ် ဒီမှာ ကြာကြာနေရမှာ မဟုတ်တော့ အဲဒါကို အမြန်ဆုံး သိချင် တယ်။ မင်း ရင်ဖွင့်လိုက်စမ်းပါကွာ'

'ကျေးဇူးပြုပြီး ကျွန်မ ဒါတွေ မပြောပါရစေနဲ့'

'မင်း တစ်ယောက်ယောက်ကို ချစ်နေသလား'

http://www.cherrythitsar.org



'ဟင့်အင်း. . . ရှင် ပြောစရာရှိတယ်ဆို၊ ခုတော့ ကျွန်မ ကိုယ်ရေးကိုယ်တာ တွေချည်း မေးနေတာပါလား'

ကျွန်မ ခပ်ဆတ်ဆတ် ပြောလိုက်တော့ သူက ကျွန်မနဲ့ မျက်နှာချင်း ဆိုင်ဖြစ်အောင် လျှောက်လာတယ်။ ကြောက်လိုက်တာ မပြောနဲ့တော့။

'ကိုယ့်ကို မကြောက်ပါနဲ့၊ မင်းကို ထိခိုက်စေမယ့် အရာမျိုး ကိုယ် ဘာမှ မလုပ်ဘူး။ ကိုယ် မင်းကို သဘောကျတယ်။ ဒါပေမယ့် ဒီကိုခေါ်လာ တာ အဲဒါကြောင့် မဟုတ်ဘူး။ မင်း အားလုံးကို ကြောက်တယ်ဆိုတာ ကိုယ်သိ တယ်. . . ထိုင်'

ကျွန်မ စကားတစ်ခွန်းမှ မဆိုဖြစ်ဘဲ ထိုင်လိုက်တယ်။

'ကိုယ် ဒီကို ရောက်ကတည်းက သိပ်ကို အထီးကျန်လွန်းတယ်။ ဒီကား မြန်မြန်ရိုက်ပြီး မြန်မြန်ပြန်ချင်လှပြီ၊ ကိုယ်နဲ့ ကိုယ့်မိန်းမက ခွဲနေကြတယ်'

'ကျွန်မ ဝမ်းနည်းပါတယ်' ဘာပြောရမှန်းမသိဘဲ ပြောလိုက်မိတာပါ။

'ကိုယ် ဝမ်းမနည်းပါဘူး။ လူတစ်ယောက်ကို ကိုယ်လိုချင်တဲ့ပုံစံ သွင်း ယူဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်တဲ့ကိစ္စပါ။ ချစ်ခြင်းမေတ္တာတရားဆိုတာက လူတစ်ယောက်ကို ကိုယ်က အလိုအလျောက် လက်ခံတယ်၊ ယုံကြည်အားထား မှုရှိတယ်၊ ဒီလို ယုံကြည်အားထားမှုရှိတဲ့ ချစ်ခြင်းမေတ္တာတရားသာ ရင်ထဲမှာ ရှင်သန် ကြီးထွားလာနိုင်တယ်'

သူပြောနေတာတွေ ကျွန်မ နားမလည်တာ အမှန်ဘဲ။ ဒါပေမယ့် သူ အရှိန်ပျက်သွားမှာစိုးလို့ ဘာမှလည်း ဝင်မပြောတော့ဘူး။ သူ့အိမ်ထောင်ရေး ပြဿနာတွေက ကျွန်မနဲ့ ဘာဆိုင်တာမှတ်လို့။

'ကိုင်း. . . ကိုယ့်ပြဿနာတွေ မင်းကို ပြောပြပြီးပြီ။ မင်း ပြဿနာတွေ ကိုယ့်ကို ပြောပြတော့၊ မင်းမှာ ဘာပြဿနာမှ မရှိဘူးလို့တော့ မညာနဲ့၊ မင်း မျက်လုံးတွေကိုကြည့်ရုံနဲ့ ပြဿနာတွေရှိတယ်ဆိုတာ ကိုယ်ပြောနိုင်တယ်'။ ကြည့် တော့ ကျွန်မကိုခေါ်လာပြီး နှလုံးသားပြဿနာတွေ ဖလှယ်နေတာကိုး။ ဒေါသ ဖြစ်ရမယ့်အစား ရင်ထဲမှာ တစ်အုံနွေးနွေး ဖြစ်နေတာကို ဖောက်ခွဲပစ်လိုက်ဖို့ ဖြစ်လာတယ်။ ကျွန်မ ရင်ထဲမှာ နှစ်ပေါင်းများစွာ သိုသိပ်ထားရတာတွေ အများ ကြီးပဲ။ အတင်းအဖျင်း အပြောခံရမှာကိုကြောက်လို့ တစ်ယောက်တည်းပဲ မျိုသိပ် နေခဲ့တယ်။ ဂျွန်ဝိန်းကတော့ တည်ငြိမ်ရင့်ကျက်တဲ့သူဆိုတော့ အတင်းပြောမယ့် လူစားမျိုး ဖြစ်မှာမဟုတ်ဘူး။

'ကျွန်မ သိပ်ချစ်တဲ့သူတစ်ယောက် ရှိခဲ့ဖူးပါတယ်' ကျွန်မ စကားစ,

http://www.cherrythitsar.org



လိုက်တယ်။ 'ဒါပေမယ့် ခုတော့ ဇာတ်လမ်းပြီးသွားခဲ့ပါပြီ။ ရိုးရိုးရှင်းရှင်း ဇာတ်လမ်းတစ်ပုဒ်ပါပဲ' ဒါလောက် ပြောလိုက်ရတာပဲ ကျွန်မဘက်က လွန်လှ ပြီထင်သည်။

'မိန်းကလေး. . . မင်း ညာနေတာပဲ၊ မင်း ဇာတ်လမ်းထဲမှာ ပြောစရာတွေ အများကြီးရှိနေတယ်၊ တစ်ယောက်တည်း ကြိတ်ပြီး ဝေဒနာ ခံစားနေရမယ့်အစား မင်း ရင်ဖွင့်လိုက်စမ်းပါကွာ'

သူ့အသံသြဇာအောက်မှာ ကျွန်မ မရုန်းသာ မလွန့်သာဘူး။

'ကျွန်မချစ်တဲ့သူက အဝေးကြီးမှာ ရောက်နေပါတယ်။ ကျွန်မ သူ့ကို ချစ်မိတဲ့အတွက် သူ့ဘဝ အမည်းစက်ထင်ခဲ့ရတယ်။ ဒါပေမယ့် ကျွန်မ သူ့ကို မမေ့နိုင်ဘူး။ ကျွန်မ ဆက်ချစ်နေမှာပဲ။ လူတစ်ယောက်ကို ချစ်တဲ့စိတ်တွေဟာ ဘယ်တော့များမှ ကုန်ဆုံးသွားပါသလဲ၊ ကိုယ် ပိုင်ဆိုင်ခွင့်မရနိုင်တော့တဲ့အခါ မှာလား၊ ဒါမှမဟုတ် တစ်သက်လုံး ချစ်နေတော့မှာလား'။ ထုံးစံအတိုင်း ကျွန်မ စကား အဆုံးမသတ်နိုင်ဘဲ စိတ်လှုပ်ရှားလာတယ်။ ကျွန်မ မျက်ရည်ကျတာ မြင်တော့ သူလက်လျှော့သွားတယ်။ မတ်တတ်ရပ်လိုက်ပြီး 'ကိုင်း. . . အခု အကုန် ပြောလိုက်ရင် မင်းကို ကိုယ် ထပ်တွေ့ဖို့အတွက် အကြောင်းပြစရာ ကုန်သွား လိမ့်မယ်၊ သွားကြစို့' လို့ ဆိုတယ်။

ကျွန်မ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားမိတဲ့အတွက် သူ့ကို တောင်းပန် လိုက်ပါတယ်။ 'ကျွန်မကို ကူညီချင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဘယ်သူမှ မကူညီနိုင်တာ သေချာပါတယ်၊ ရှင်က ကျွန်မအပေါ် ကြင်နာတဲ့ အတွက် ကျေးဇူးပါပဲ'။ သူက ကျွန်မကို တစ်ချက် ဖက်နှစ်သိမ့်လိုက်ပြီး လက်ကိုဆွဲခေါ်သွားပါတယ်။ အိမ်အပြန်လမ်းမှာ သူ ကားမောင်းနေတာကို အဲ(လ)ဗစ္စလို့ပဲ မြင်နေမိတော့တယ်။ အဲ(လ)ဗစ္စက ဂျွန်ဝိန်းကို သဘောကျတယ်။ သူနှစ်သက်တဲ့ သူတွေထဲမှာ ဝိန်းက တစ်ယောက်အပါအဝင်ပေါ့။ အဲ(လ)ဗစ္စက နာမည်ကျော် ထင်ရှားနေတဲ့သူ၊ ကျွန်မက ဘာမှ မဟုတ်ဘူး။ သူ ဂျွန်ဝိန်းကို မတွေ့ဖူးခင်မှာပင် ကျွန်မက ဂျွန်ဝိန်းနဲ့တွေ့နေရတယ်။ ဘဝဆိုတာ မဆန်းဘူးလား။

'မင်းကို မကြာခင်မှာ လာတွေ့ဦးမယ်၊ တို့နှစ်ယောက် ဟိုတောစပ်ဘက် မြင်းစီးကြတာပေါ့။ နေကောင်းအောင်နေနော်. . . . . ကလေး'

သူက ကျွန်မ အိမ်ရှေ့အရောက်မှာ နှုတ်ဆက်ပါတယ်။

'ဂွတ်ဘိုင်ဂျူ(ခ)' ပထမဆုံးအကြိမ်အနေနဲ့ သူ့ကို ပရိသတ်က ချစ်စနိုး ခေါ်ကြတဲ့ နာမည်နဲ့ နှုတ်ဆက်လိုက်မိတယ်။ ကျွန်မမှာ မိတ်ဆွေတစ်ယောက်

http://www.cherrythitsar.org



တိုးလာတယ်ဆိုတာ သေချာသွားပြီလေ။

နောက် သုံးလေးရက်လောက်အထိ သူ့ဆီက ဘာသံမှာ မကြားရတော့ဘူး။ ကျွန်မကလည်း ဇာတ်လမ်းကို အဆုံးသတ်အထိ မပြောချင်သေးတာ အမှန်ဘဲ။ တစ်ညနေ ဆိုင်ကအပြန် ကားမှတ်တိုင်ကို လျှောက်လာတော့ လူတစ်ယောက် နောက်ကလိုက်လာတာကို သတိထားမိတယ်။ ကျွန်မကို သူ မီလာတော့ သူ့မျက်နှာ မြင်ဖူးတာကို မှတ်မိတယ်။ ဘယ်နေရာမှာ မြင်ဖူးတာလဲဆိုတာတော့ တွေးလို့မရဘူး။ သူက သူ့ကိုယ်သူ မိတ်ဆက်လာတယ်။ စတိုးဆိုင်မှာ မက်(စ)နဲ့ ပတ်သက်ပြီး ဆုံဖူးပါတယ်တဲ့။ အရပ် ခြောက်ပေလောက်ရှိပြီး ပိန်ပိန်သွယ်သွယ် အနက်ရောင်ဆံပင်တိုတိုနဲ့ သူ့ကိုယ်သူ တကယ့်စီးပွားရေးသမားကြီးပုံပေါက်အောင် ဆု(တ)ဝတ်စုံ သေသေသပ်သပ် ဝတ်ထားတဲ့သူပါ။ သူ့ကို ကျွန်မ တစ်ခါ အော်ပစ်ခဲ့ဖူးတာ မှတ်မိသွားတယ်။ တက္ကဆက်(စ) ပြည်နယ်သား လေသံဝဲဝဲနဲ့ ကျွန်မကို ကားနဲ့ အိမ်လိုက်ပို့ခွင့်ပြုပါတဲ့။ ကျွန်မမှာ ကားမရှိတော့ဘူးလေ။ ကားအကြွေးမဆပ်နိုင်တာကြောင့် ကားရောင်းတဲ့ ကုမ္ပဏီက ပြန်သိမ်းသွားလို့ ဘတ်(စ)နဲ့ပဲ သွားနေရတာ ကြာခဲ့ပြီ။ သူ့ ကမ်းလှမ်းမှုကို ငြင်းလိုက်တော့ ညစာကျွေးပါရစေတဲ့။

'ကျွန်မ အပြင်ထွက်လေ့ မရှိဘူး။ အိမ်မှာ ကလေးလေးယောက်ကို ထိန်းကျောင်းရသေးတယ်။ မမာမကျန်းဖြစ်နေတဲ့ အမေကိုလည်း ပြုစုရသေးတယ်' လို့ တုံးတိတိပဲ ပြောချလိုက်တယ်။ ဘတ်(စ)ကားပေါ် ကျွန်မ တက်လိုက်တော့မှ ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်လေရဲ့။ ကျွန်မဘဝမှာ သားသမီးတွေကို ရင်အုပ်မကွာ စောင့်ရှောက်ဖို့ကလွဲရင် ဘာမှ မလိုချင်တော့ဘူး။ သာမန်နပ်မှန်စားရတဲ့ ဘဝလမ်းကြောင်းပေါ်မှာ လမ်းမှန်ရောက်ဖို့ ကူညီညွှန်ပြပေးဖို့ရာ ဘုရားသခင်ထံမှာ ဆုပန်ပါတော့တယ်။

နောက်တစ်နေ့မှာ မစ္စတာဝိန်းက ဖုန်းဆက်တယ်။ အလုပ်ဆင်းချိန်မှာ ကျွန်မဆိုင်နဲ့ မလှမ်းမကမ်းက လူရှင်းတဲ့ လမ်းတစ်ခုမှာ တွေ့ကြရအောင်တဲ့။ အဲဒီမှာတွေ့ဖို့ ဆိုတာကိုတော့ ကျွန်မ သိပ်သဘောမကျလှပါဘူး။ လူရှင်းတဲ့ နေရာမှာ ပြည့်တန်ဆာမ တစ်ယောက်ကို ခေါ်နည်းမျိုး ကျွန်မကို လာခေါ်မယ် ထင်တာပေါ့။ ဒါပေမယ့် သူတစ်ယောက်တည်း ထီးထီးကြီး ရပ်စောင့်နေတာ တွေ့ရတယ်။ ရုပ်ရှင်မင်းသားကြီးတစ်ယောက် ခုလို လမ်းပေါ်မှာ ရပ်စောင့်နေမယ်လို့ ကျွန်မ လုံးဝ မမျှော်လင့်ခဲ့တဲ့ ကိစ္စပါ။ 'မင်းက တကယ့် ကလေးသေးသေးလေးပဲ' လို့ ပြောပြီး သူ ရယ်နေတယ်။

http://www.cherrythitsar.org



အရပ် ခြောက်ပေ လေးလက်မမြင့်တဲ့ သူ့အနားမှာ အရပ် ငါးပေ နှစ်လက်မသာရှိတဲ့ ကျွန်မ ရပ်လိုက်တော့ ဒီလိုပဲ ရှိတော့မပေါ့။

'ရှင်က အရပ်မြင့်လွန်းလို့ပါနော်'

'ကိုင်း. . . တို့ လမ်းလျှောက်ကြရအောင်' လမ်းကလေးက လှလိုက်တာ၊ လူသူကင်းရှင်းပြီး ရွက်ဝါတွေ ကြွေကျနေလိုက်တာ ညနေ နေရောင်ခြည်အောက်မှာ လှပနေသေးတော့တယ်။ ဒီမြင်ကွင်းကို မြင်ရတော့ မဲ(မ)ဖစ္စမှာ အဲ(လ)ဗစ္စနဲ့ လမ်းလျှောက်ခဲ့ကြတာကို သတိရမိတယ်။ အရာရာက သူ့ကို သတိရနေစေတာပါပဲ။

လမ်းထောင့်ချိုး တစ်နေရာ ဝက်သစ်ချပင်ကြီးအောက်မှာရှိတဲ့ ခုံတန်းလျားလေးတစ်ခုဆီ ရောက်လာကြတယ်။

'လူစီ. . . တို့ ကားရိုက်နေတာ မကြာခင် ပြီးတော့မယ်။ မပြန်ခင် မင်းနဲ့ထပ်တွေ့ပြီး မင်းအကြောင်း သိချင်သေးတယ်'

'ကျွန်မဘဝအကြောင်း ပြောခဲ့ပြီးပြီပဲ'

'မင်း တစ်စုံတစ်ယောက်ကို စိတ်နာနေသလိုပဲ'

'ကျွန်မ ဆုံးဖြတ်ချက်တစ်ခုခုချဖို့ ရှိနေတယ်၊ အဲဒီအတွက် ကျွန်မ စိုးရိမ်နေတာ' သူက ကျွန်မမျက်နှာကိုကြည့်ရင်း နားထောင်နေတယ်။ စိတ်ထဲမှာ သူဟာ ယုံကြည်အားထားလောက်တဲ့ မိတ်ဆွေကောင်းတစ်ယောက်လို့ ထင်လာမိတယ်။

'ကျွန်မဘဝက အင်မတန် ခက်ထန်ကြမ်းတမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ အကြင်နာတွေပေးနိုင်သူ တစ်ယောက်နဲ့ ဆုံစည်းခဲ့ရတယ်။ သူနဲ့တွေ့ချိန်မှာ ကျွန်မဘဝ အိပ်မက်ဆိုးတွေကို မေ့ထားနိုင်ခဲ့တယ်။ ဒါပေမယ့် သူက အောင်မြင်ကျော်ကြားသူတစ်ယောက် ဖြစ်သွားတော့ ကျွန်မဘဝဟာ အိပ်မက်ဆိုးတွေထဲမှာပဲ သံသရာလည်ရပြန်ပါတော့တယ်။ လက်ရှိအခြေအနေမှာ သူက ကျွန်မကို မကယ်တင်နိုင်ပါဘူး။ ကျွန်မကသာ သူနဲ့ကျွန်မ အတိတ်က အရိပ်မည်းတွေ မထင်ဟပ်ရလေအောင် သူ့ကို ကယ်တင်ပေးရမှာ။ ကျွန်မပြောနေတဲ့စကားတွေကို ရှင် သဘောပေါက်နိုင်မယ် မထင်ပါဘူး။ ဒါပေမယ့် ကြိုးစားပြီး နားထောင်ပါနော်။ ကျွန်မဘဝ မည်းမည်းမှောင်တဲ့အထဲမှာ သူဟာ တစ်ခုတည်းသော အလင်းရောင်ပါ။ ဒါပေမယ့် ခုတော့ အဲဒီအလင်းရောင်ကနေ ကျွန်မ ပြေးထွက်ရပါတော့မယ်'

'သူက ဘယ်သူလဲ လူစီ၊ ကိုယ် ကူညီပါရစေ၊ မင်း တွေးသလို

http://www.cherrythitsar.org



အခြေအနေက ဆိုးချင်မှ ဆိုးမှာပါ။ သူ ဘယ်သူလဲဆိုတာသာ ကိုယ့်ကို ပြောစမ်းပါ'

'အဲ(လ)ဗစ္စပရက်စလေ'

'ဘာ. . . . ဒါဆိုရင်တော့ မင်း တွေးကြောက်မယ်ဆိုရင် ကြောက်လောက်စရာပဲ'

ကျွန်မ ရှက်လွန်းလို့ မျက်နှာကို လက်ဝါးနဲ့ အုပ်ထားမိတယ်။ အဲ(လ)ဗစ္စက ကျွန်မအကြောင်း ဘယ်သူမှ မပြောဖို့ ကတိတောင်းထားခဲ့ပေမယ့် ခုတော့ ကျွန်မ ပြောလိုက်မိပြီ။ မစ္စတာဝိန်းက ဘာတွေဖြစ်ခဲ့သလဲလို့မေးတော့ အတိုချုပ် ပြန်ပြောပြလိုက်တယ်။ သူက L.A ကို ပြန်ပြီး အဲ(လ)ဗစ္စ ပြန်အလာ စောင့်ဖို့ တိုက်တွန်းတယ်။ တကယ်လို့ လက်ခံမယ်ဆိုရင် နယူးပို့(တ)မှာ ကျွန်မတို့ မိသားစုနေဖို့ သူပိုင် အိမ်တစ်လုံး ပေးထားမယ့်အပြင် ကျွန်မအတွက် အလုပ်တစ်ခုလည်း ပေးမယ်လို့ ပြောတယ်။ ရက်ရောတဲ့ သူ့ကူညီမှုနဲ့ပတ်သက်လို့ ကျွန်မ စဉ်းစားပါရစေလို့ ခွင့်တောင်းပြီး လမ်းလျှောက် ပြန်လာခဲ့ကြတယ်။ ကျွန်မ မောင့်ကို သစ္စာဖောက်ခဲ့မိပြီလားလို့ တွေးနေမိတော့တယ်။

'မင်း အကူအညီလိုမယ်ဆိုရင် ကိုယ် အဲဒီမှာရှိမယ်၊ ကိုယ့် ရင်ခွင်က ပိုပြီးကျယ်သလို ကိုယ့်အသည်းနှလုံးကလည်း ပိုပြီး ကြီးပါတယ်ကွာ' တဲ့။

'ကျွန်မ မစ္စတာဝိန်းရဲ့ ခင်မင်မှုကို လိုလားတာပါ။ မိတ်ဆွေဖြစ်ရတဲ့ အတွက်လည်း ဂုဏ်ယူပါတယ်' လို့ ပြောလိုက်တယ်။ ကျွန်မ အိမ်ရှေ့ရောက်တော့ သူက လိပ်စာကတ်ပြားတွေ ထုတ်ပေးတယ်။ တကယ်လို့ ကျွန်မတို့ နှစ်ယောက် ထပ်မတွေ့ဖြစ်ကြတော့ဘဲ သူ ပြန်သွားရင် ဆက်သွယ်နိုင်ဖို့ လိပ်စာတွေပါပဲ။ သူ့ကို ကျွန်မ နောက်ဆုံး တွေ့လိုက်တာကတော့ ရုပ်ရှင်အဖွဲ့သား တစ်ယောက် ကွယ်လွန်သွားတဲ့အတွက် အသုဘသရဏဂုံတင်တဲ့ အခမ်းအနားမှာပါ။ ကြေကွဲစရာကောင်းလှပါတယ်။

* * *

ဒီဇင်ဘာလဟာ ကျွန်မအတွက် စိတ်ဓာတ်ကျစရာ အကောင်းဆုံးလ ဖြစ်ပါတယ်။ ကလေးတွေက ကျွန်မအစ်မတစ်ယောက်အိမ် သွားနေကြပြီး အမေကလည်း တခြားအစ်မတစ်ယောက်ရှိတဲ့ ဒဲ(န)ဗားကို သွားနေတယ်။ အိမ်မှာ သမီးလေး ဒီဗိုင်းယားရီးနဲ့ကျွန်မပဲ ကျန်ရစ်တယ်။ခရစ္စမတ်အလို တစ်ပတ်လောက်မှာ အိမ်တံခါးခေါက်သံ ကြားရလို့ ဖွင့်လိုက်တော့ လူနှစ်ယောက် ရပ်နေတာ တွေ့ရတယ်။ တစ်ယောက်ကတော့ တော်တော်လေး ရင်းနှီးတဲ့ မျက်နှာပါပဲ။

http://www.cherrythitsar.org



မျက်နှာဝိုင်းဝိုင်း ဆံပင်အနက်ရောင် ဖြောင့်ဖြောင့်နဲ့။ နောက်တစ်ယောက်က အရပ်မြင့်မြင့်၊ ကုတ်အညိုရောင် ဝတ်ထားတယ်။ 'ကျွန်မ ဘာများ ကူညီနိုင်ပါ့မလဲ' လို့ မေးလိုက်တော့ အရပ်မြင့်မြင့်တစ်ယောက်က 'ခင်ဗျား ကူညီနိုင်မှာ သေချာပါတယ်။ ကျွန်တော်တို့ကို အထဲဝင်ခွင့်ပြုပါ' တဲ့။ ဒီရုပ်မျိုးတွေကို ကျွန်မ ဝင်ခွင့်မပေးနိုင်ပါဘူး။ 'ဝင်ခွင့်မပြုဘူးဆိုရင်လည်း ဒီအပြင်ကပဲ ပြောပါမယ်။ E.P ဆိုတဲ့ စာလုံးနှစ်လုံးဟာ ခင်ဗျားအတွက် တစ်စုံတစ်ရာ ထူးခြားမှုများ ရှိပါသလား' တဲ့။

ကျွန်မ အပြင်ထွက်လိုက်ပြီး တံခါးကို ပိတ်လိုက်တယ်။ သူတို့ တစ်စုံတစ်ရာ သိထားပုံရတယ်။ ဘာသိထားသလဲဆိုတာ ကျွန်မ သိချင်တယ်။

'ကလေးနေကောင်းရဲ့လား' ဒုတိယလူက မေးလိုက်ချိန်မှာ ကျွန်မကျောထဲ စိမ့်သွားတယ်။ သူတို့ ဘာလိုချင်တာပါလဲ။

'လိုရင်းကိုသာပြောပါ' မြင်ဖူးတဲ့ မျက်နှာရှင်ကို ကျွန်မက လှည့်ပြောလိုက်တယ်။

'ရှင့်နာမည်က ဘယ်သူလဲ'

'ဒါက အရေးမကြီးပါဘူး' တခြားတစ်ယောက်က စကားစဝင်ဖြစ်တယ်။ 'ခင်ဗျားကို လူတွေလိုက်ရှာနေကြတယ်ဆိုတာက ပိုအရေးကြီးပါတယ်။ နှစ်ဖက်စလုံးက ရှာနေကြတယ်ဆိုတော့. . . .'

'ရှင် ဘာလိုချင်တာလဲ'

'ကျွန်တော်တို့ နှုတ်ပိတ်ထားခြင်းက ခင်ဗျားအတွက် ဘယ်လောက်တန်သလဲ'

'ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်ကြပါနဲ့'

'ဒီမှာ ခင်ဗျားမှာ ရှိသမျှငွေ ပေးလိုက်၊ ခင်ဗျားကို ကျွန်တော်တို့တွေ့ထားတယ်ဆိုတာ မေ့ထားလိုက်မယ်။ ခင်ဗျားအသားမနာစေချင်လို့ ပြောတာနော်'

ကျွန်မ သူတို့နှစ်ယောက်ကို စိတ်ပျက်ပျက်နဲ့ ကြည့်လိုက်ပြီး ပိုက်ဆံသွားယူမယ်လို့ ပြောလိုက်တယ်။ ဘီရိုအံဆွဲထဲမှာ ရှိသမျှငွေ ရေတွက်ကြည့်လိုက်တော့ နှစ်ဆယ့်ငါးဒေါ်လာရှိတယ်။ အားလုံးပေးလိုက်တယ်။

'ကလေးပါးစပ်ထဲက အစာကို ရှင်တို့ လုယူနိုင်တဲ့အတွက် ဂုဏ်ယူလိုက်ကြစမ်းပါ'

နောက်ဆုံး စကားတစ်ခွန်းပဲ ကျွန်မ ပြောလိုက်ပြီ။ ဟိုတစ်ယောက်

http://www.cherrythitsar.org



မျက်နှာ ဘယ်မှာမြင်ဖူးတယ်ဆိုတာကိုပဲ တွေးနေမိတယ်။ ကျွန်မ သတိရလာတယ်။ မွန်ရိုးမြို့မှာ နေတုန်းက ဟိုလူကြီးက ကျွန်မ ဘာလိုသလဲဆိုတာ ကြည့်ခိုင်းလိုက်လို့ဆိုပြီး ကျွန်မအိမ်ကို ရောက်ခဲ့တဲ့လူပဲ။ အဲဒီတုန်းက သူက ပိုင်စိုးပိုင်နင်း ကျွန်မကို တွန်းဖယ်ပြီး အိမ်ထဲဝင်ခဲ့သေးတယ်။ တီဗွီထဲကရုပ်နဲ့ အပြင်ကရုပ်နဲ့ ဘယ်လိုကွာတယ်ဆိုတာ သိချင်လို့ လာကြည့်တာလို့ပြောတော့ ကျွန်မက ထွက်သွားလို့ အော်ဟစ်မောင်းနှင်ခဲ့ဖူးတာပဲ။ ဒီပုံနဲ့ဆိုရင် ကျွန်မကို သိတဲ့လူတွေက ကျွန်မ ဘယ်ရောက်နေတယ်ဆိုတာ သိနေကြပြီပဲ။ စိတ်ဓာတ်ကျစရာ ကောင်းလိုက်တာ။ ရုတ်တရက် ဒီဇိုင်းယားရီးရဲ့ ငိုသံ ကြားလိုက်ရတော့ သတိပြန်ဝင်လာပြီး ပုခက်ထဲကနေ ကောက်ချီလိုက်တယ်။ ကျေးဇူးပဲသမီးရယ်၊ သမီးရှိနေတယ်ဆိုတဲ့အသိ ဝင်လာတော့ မေမေ့မှာ ခွန်အားတွေ ပြန်ဝင်လာတယ်။ အဲ(လ)ဗစ္စရယ်၊ ကျွန်မရယ်ဟာ မိသားစုတစ်စုပဲ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကြံ့ကြံ့ခိုင်ရမယ်။ တစ်ခါတုန်းက သူပြောခဲ့တာတွေကို သွားသတိရမိတယ်။

'မောင်တို့နှစ်ယောက် ခွဲနေရရင် မောင့်သီချင်းတွေကို နားထောင်ပါ၊ မောင့်သီချင်းတွေအားလုံးက မောင့်ခံစားချက်တွေကို ဖွဲ့ထားတာတွေပဲ။ စကားလုံးတွေကို သေသေချာချာ နားထောင်၊ မောင်က ချစ်ကို သီချင်းနဲ့ စကားပြောနေတာ' တဲ့။

□

http://www.cherrythitsar.org

http://www.cherrythitsar.org



## အခန်း(၁၂)

နှစ်ကူးအကြိုညမှာ ကျွန်မအစောကြီး အိပ်ပစ်လိုက်တယ်။ ဒါမှ ၁၉၅၉ခုနှစ် နှစ်သစ်ကို ကျွန်မတစ်ယောက်တည်း အထီးကျန် မကူးပြောင်းရအောင်လို့ပေါ့။ ဆောင်းရောက်ခဲ့ပြီဆိုတော့ အားလပ်ရက်တွေဟာ မောင့်ကို သတိရစေတဲ့ ရက်တွေပါပဲ။ သူနဲ့ပတ်သက်တဲ့ အမှတ်တရတွေကို ကျွန်မ ဘယ်နည်းနဲ့မှ ဖျောက်ဖျက်ပစ်လို့ ရနိုင်တော့မှာ မဟုတ်ပါဘူး။ နှစ်ကူးအပြီးမှာ ကလေးတစ်ဖက်နဲ့ မနိုင်မနင်းဖြစ်နေတဲ့ကျွန်မကိုကူဖို့ အမေ ဒဲ(န)ဗားကနေ ပြန်လာခဲ့ပါတယ်။ သမီးတွေက ကြီးလွယ်လိုက်တာ။ သမီးကြီး ဒီဘိုရာက (၁၀)နှစ်၊ မယ်လိုဒီက (၇)နှစ်၊ ဒဲနစ္စက (၄)နှစ်၊ ဒီဇိုင်းယားရီးကလေးက ခြောက်လ၊ ကျွန်မလို ယောကျ်ားမရှိဘဲ တစ်ယောက်တည်း ရုန်းကန်နေတဲ့ မိန်းမတစ်ယောက်အတွက်တော့ ဒါလောက်မိသားစုဟာ ကြီးမားတယ်လို့ ဆိုနိုင်ပါတယ်။ စတိုးဆိုင်မှာ အလှပြင်ပေးတဲ့အလုပ်ကို ကျွန်မဆက်လုပ်သေးပေမယ့် မစ္စတာ မဲ(လ)ဆန်ရဲ့ အလုပ်ကိုတော့ မလုပ်တော့ပါဘူး။ ကျွန်မရည်ရွယ်ချက်က ဒီ အလက်ဇန္ဒရားမြို့ကနေ ထွက်သွားလို့ရအောင် ငွေစုဖို့ပါပဲ။ ဒါပေမယ့် ကုသိုလ်ကံက ကျွန်မဘက်မှာ သိပ်မကောင်းလှသေးဘူး။

တက္ကဆက်(စ)ပြည်နယ်သား ဂျက်က အဝတ်အစားရောင်းတဲ့ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ အစီအစဉ်ရှိတယ်။ သူ့ကို ကူနိုင်မလားလို့ ကျွန်မကို စကားကမ်းလှမ်းလာတယ်။ ရေနံလုပ်ငန်းလုပ်နေတဲ့ သူက အဝတ်အစားဆိုင်ဖွင့်မယ်ဆိုတော့ ကျွန်မစိတ်ထဲမှာ ဆန်းတယ်လို့တော့ထင်သား။ သူပေးမယ့် လစာကလည်း ကောင်းပါတယ်။ တစ်ပတ်ကို ဒေါ်လာ တစ်ရာလောက်ရမယ်။ ဒါ့အပြင် ဘယ်လိုလုပ်ရမှာလဲ။ ဒါးလက်(စ)တို့ နယူးယောက်တို့သွားပြီး လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ပေးရဦးမယ်။ ပထမတော့ ကျွန်မငြင်းလိုက်သေးတယ်။ နောက်တော့ ငွေစုချင်တဲ့စိတ်ကြောင့် ကျွန်မလက်ခံလိုက်တယ်။ ကျွန်မစိတ်က ကာလီဖိုးနီးယားထိ ရောင်အောင်သွားပြီး အဆိုကျော်

http://www.cherrythitsar.org



လုပ်ချင်နေတယ်။ ငယ်ဘဝက အိပ်မက်မပျောက်သေးဘူးဆိုကြပါစို့။ အဲ့ဩစရာ ကောင်းလောက်အောင် မစ္စတာဝိန်းက ကျွန်မကို ဖုန်းမကြာခဏဆက်ပြီး သူ့ ကမ်းလှမ်းချက်ကို လက်ခံဖို့ တိုက်တွန်းသေးတယ်။ ဒါပေမယ့် ခုချက်ချင်းတော့ မဟုတ်ဘူး။ အချိန်ယူရဦးမယ်လို့ ပြောထားရတယ်။

အထည်ဆိုင်အသစ်ဖွင့်ရတာ တော်တော်ပင်ပန်းပါတယ်။ ကျွန်မတစ်ယောက် တည်း မနိုင်လို့ မိန်းမတစ်ယောက် ငှားရတယ်။ ဒါးလက်(စ)တို့ နယူးယောက်တို့ သွားပြီး ကုန်ဝယ်ရတာကတော့ ပျော်စရာအကောင်းသားပဲ။ နာမည်ကြီး ဒီဇိုင်း ဆရာတွေနဲ့တွေ့ရ။ အဝတ်အထည် ခပ်များများဝယ်ရတာ ရင်ခုန်စရာပါပဲ။ သမီးလေးကတော့ ကျွန်မအပါးမှာ အမြဲရှိတယ်။ အလုပ်သွားရင်လည်း ကျွန်မ က ခေါ်သွားတာပဲ။ အိမ်မှာထားခဲ့ရင် သမီးကို ပြန်ပေးဆွဲမှာတို့၊ အန္တရာယ်တစ်ခု ခု ပေးမှာတို့ကို ကျွန်မစိုးရိမ်လို့ပါ။ သမီးပုံစံကလေးကလည်း ထူးခြားနေတယ်။ နက်မှောင်သန်စွမ်းတဲ့ ဆံပင်ရှည်ကြီးတွေက ပခုံးထိ ဝဲနေတယ်လေ။ ဒီပုံစံက ကလေးတစ်ယောက်ထားတဲ့ ပုံစံမျိုးမှ မဟုတ်တာ။ ကျွန်မလှုပ်ရှားမှုကို သမီးက မျက်လုံးဝိုင်းကလေးနဲ့ လိုက်ကြည့်နေတတ်တယ်။ သမီးမျက်နှာကျကတော့ အဲ(လ)ဗစ္စပုံတူ အငယ်စားကလေးပါပဲ။

'ဟောဒီကလေးကတော့ မယုံနိုင်စရာကောင်းလောက်အောင်ကို သွက်တယ်' လို့ အိမ်ဖော်မိန်းမကြီးက သမီးငယ်ကိုကြည့်ပြီး ပြောဖူးတယ်။ စစ်မှန်တဲ့ ချစ်ခြင်း မေတ္တာတရားကနေ ပေါက်ဖွားလာတဲ့ ကလေးဖြစ်လို့ပဲလို့ ကျွန်မတွေးမိပါတယ်။

စတိုးဆိုင်အသစ်ကလေးက အခြေအနေ ကောင်းလာပါတယ်။ လူကုံထံ အထက်တန်းလွှာတွေလည်း လာကြတော့ ဂျက်က မျက်နှာပွင့်လာတယ်။ တစ်နေ့ တော့ သူက ရေနံကုမ္ပဏီကနေထွက်ပြီး အဝတ်အထည်လုပ်ငန်းမှာပဲ အချိန်ပြည့် အာရုံစိုက်လုပ်တော့မယ်လို့ ပြောတယ်။ သူ့စကားကြောင့် ကျွန်မတော်တော်စိတ် ပျက်သွားပါတယ်။ ဒီဆိုင်နဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်အားလုံး ကျွန်မကချည်း လုပ်ပေးနေရတာ။ ပြီးတော့ ကျွန်မက ယာယီကူတဲ့သဘောပဲ။ သူက ဇောက်ချ လုပ်တော့မယ်ဆိုရင် ကျွန်မထွက်လို့ရနိုင်စရာအကြောင်းရှိမှာ မဟုတ်တော့ဘူး လေ။ ကျွန်မနေရာ အစားဝင်နိုင်ဖို့ တစ်ယောက်ယောက်ကို ကျွန်မလေ့ကျင့်သင် ကြားပေးပါရစေ ဆိုတော့လည်း သူက နားမထောင်ဘူး။

တစ်နေ့တော့ ဆိုင်ထဲကို လူရှစ်ယောက်လောက် အုပ်စုလိုက် ဝင်လာကြ တယ်။ ကလေးမတစ်ယောက်က ကျွန်မရှိရာ ရုံးခန်းအပေါ်ထပ်ကို တက်လာပြီး အဲဒီလူတွေက ကျွန်မနဲ့ တွေ့ချင်တယ်လို့ ပြောကြောင်း အကြောင်းကြားလာပါ

http://www.cherrythitsar.org



တယ်။ ကျွန်မမှတ်မိတဲ့သူ တစ်ယောက်မှ မပါဘူး။

'ခင်ဗျားက Kone ရုပ်မြင်သံကြားအစီအစဉ်မှာ ကခဲ့တဲ့သူမဟုတ်လား။ ခင်ဗျားပုံတွေကို သတင်းစာထဲမှာတွေ့ဖူးတယ်၊ အက တကယ်တော်တာပဲ' သူတို့အုပ်စုထဲက စပြောတယ်။ စတိုးဆိုင်ကြော်ငြာတုန်းက ကျွန်မဓာတ်ပုံမသုံးပါနဲ့ တားတဲ့ကြားက သုံးခဲ့ကြတာပါ။ အခုတော့ ဒီကြော်ငြာက ဖြစ်ပေါ်လာတဲ့ ဂယက်က ကျွန်မအတွက် ရှောင်မရ တိမ်းမရဖြစ်တော့မယ်လေ။ အဲဒီလူကို(ချီးမွမ်း)စကားအတွက် ကျေးဇူးတင်ပါကြောင်း ကျွန်မက စကားလမ်းကြောင်းပြောင်းဖို့ ကြိုးစားပါတယ်။ ဂျက်က ဘေးကနေ မျက်မှောင်ကြုတ်ပြီး ကြည့်နေတယ်။ ဒီလူက လိုရင်းစကားကို မပြောသေးဘူး။ နောက်တော့မှ ဒီလူတွေ ကျွန်မကို သက်သက်လာရစ်တယ်ဆိုတာ သဘောပေါက်တော့တယ်။

နောက် တစ်လနှစ်လလောက် အတွင်းမှာတော့ အရာခပ်သိမ်း ငြိမ်းငြိမ်းချမ်းချမ်းပါပဲ။ တစ်နေ့မှာတော့ ကျွန်မအစ်မလူဝီ ဖုန်းဆက်လာတယ်။ ဟိုလူကြီးက ကျွန်မနဲ့ကလေးတွေကို တွေ့ချင်တယ်လို့ ပြောနေတယ်တဲ့၊ ဘာအန္တရာယ်မှမပြုနိုင်အောင် သူတို့လင်မယားနှစ်ယောက်လုံး ကျွန်မအနားမှာ နေပေးပါမယ်လို့လည်းပြောတယ်။ ကျွန်မကြောက်ပေမယ့် သဘောတူလိုက်ပါတယ်။ ဟိုလူကြီးနဲ့ ကျွန်မက တရားဝင် ပြတ်စဲရသေးတာ မဟုတ်ဘူးလေ။ တရားရုံးစရိတ် ကျွန်မမှ မတတ်နိုင်သေးတာကိုး။ ကလေးတွေက သူ့ကလေးတွေ၊ တကယ်လို့ တွေ့ခွင့်မပေးဘူးဆိုရင် ကွာရှင်းပြတ်စဲလိုမှုမှာ အဟန့်အတားတစ်ခုဖြစ်လာနိုင်ပါတယ်။ ဆိုင်ပိတ်ချိန်မှာ လူဝီတို့လင်မယားက ကားနဲ့ကျွန်မကို ဟိုလူကြီးရှိတဲ့ ဟိုတယ်ဆီခေါ်သွားပါတယ်။ ကျွန်မတို့ရောက်သွားတော့ အောက်ထပ်မှာ အဆင်သင့်စောင့်နေတာ တွေ့ရတယ်။ သူ့ပုံစံက အရင်အတိုင်းပဲ ဘာမှမပြောင်းလဲဘူး။ သူ့ကိုမြင်လိုက်ရတာ ငရဲသားကို နောက်တစ်ကြိမ် ပြန်မြင်ရသလိုပါပဲ။ လူဝီ့ယောက်ျား ဗာန္ဒန်က စားသောက်ဆိုင်တစ်ခုခုကိုသွားပြီး စကားပြောကြဖို့ အကြံပေးတယ်။ စားနေကြတဲ့အချိန်မှာ စကားလုံးဝမပြောဖြစ်ကြဘူး။ အေးစက်စက်ဖြစ်နေတဲ့ဝိုင်းကို ဗာန္ဒန်ကပဲ သူဂျာမနီမှာ စစ်မှုထမ်းတုန်းက အကြောင်းတွေပြောရင်း ထိန်းထားတယ်။

'တပ်ထဲမှာ အဆိုကျော်တစ်ယောက်ပါလာသေးတယ်။ ဒီကောင် တော်တော်ကောင်းတယ်၊ စစ်မှုထမ်းလိုက်ရတော့ သူ့အနုပညာလမ်းကြောင်း တော်တော်ထိခိုက်သွားမှာပဲ' ဗာန္ဒန်က ပြောလိုက်တယ်။ ဒီစကားကို ဗာန္ဒန်က မရည်ရွယ်ဘဲ ပြောလိုက်သလား၊ တမင်တကာပဲ ပြောလိုက်သလား ဆိုတာကတော့ ကျွန်မ

http://www.cherrythitsar.org



မပြောတတ်ဘူး။ သူ့စကားက ပေါက်ကွဲစေနိုင်တဲ့ စနက်တံဖြစ်တယ်ဆိုတာ သိလိုက်တော့ လူဝီအတင်းမေ့ စကားလွှဲဖို့ ကြိုးစားတော့တာပဲ။ ကျွန်မကတော့ ထုံးစံအတိုင်း ဘယ်သူ့စကားကိုမှ ဝင်မရောဘဲ ဘာသိဘာသာနေလိုက်တာပေါ့။ လူတွေဟာ ဘာကြောင့်များ ကျွန်မလို မနေနိုင်ကြတာပါလိမ့်။

'ခင်ဗျားတို့နှစ်ယောက်လည်း ပြီးခဲ့တာတွေကို မေ့လိုက်ကြပြီး ဘဝသစ်တစ်ခု ပြန်စကြဖို့ ကောင်းတယ်'လို့ ဗာန္ဒန်က စေ့စပ်စကားဆိုတော့ ဟိုလူကြီးကလည်း သဘောတူတယ်လေ။ သူတို့နှစ်ယောက် ဘယ်လိုများ ညှိထားကြသလဲဆိုတာ ကျွန်မနားမလည်တော့ဘူး။ နောက်ထပ် မဆွေးနွေးဖြစ်ကြတော့ဘဲ စားသောက်ဆိုင်ကနေ ထွက်ခဲ့ကြတယ်။ ကားနားရောက်တော့ အလာတုန်းကအတိုင်း ကျွန်မနဲ့ လူဝီက နောက်ခုံမှာထိုင်ပြီး ယောကျ်ားနှစ်ယောက်က ရှေ့မှာထိုင်ဖြစ်အောင် ကျွန်မကြိုးစားပေမယ့် ဟိုလူကြီးက နောက်ခန်းမှာ အတင်းဝင်ထိုင်တယ်။ သူနဲ့အတူထိုင်ရတာကိုပဲ ကျွန်မမှာ ငရဲရောက်နေသလို ခံစားရတယ်။ သူ့ကြောင့် ကျွန်မဘဝ ပျက်ခဲ့ရပြီးပြီ။ ဘာကြောင့်များ ကျွန်မသူနဲ့တွေ့ဖို့ လက်ခံလိုက်မိတာလဲ။ ကျွန်မရူးနေပြီလား။ သူက ကျွန်မပြန်လိုက်ခဲ့ဖို့ တောင်းပန်တယ်။ ခေါင်းကို တွင်တွင်ခါယမ်းပြလိုက်ပါတယ်။

'ဟိုကောင်ကို မင်းမျှော်နေတာလား။ သူ မင်းဆီပြန်လာမှာ မဟုတ်တော့ပါဘူး။ ဒီတော့ မင်းကိုယ့်ဆီ ပြန်ခဲ့ပါ'တဲ့။

'ရှင် ဘယ်သူ့ကို ပြောနေတာလဲ'

'ပရက်စလေဆိုတဲ့ အရူးလေကွာ'

'သူ့နာမည်ကို ရှင်ခေါ်စရာ မလိုပါဘူး။ ရှင့်နှုတ်ခမ်းနဲ့ သူ့နာမည် မတန်ဘူး။ ကျွန်မကိုလည်း ရှင်တွေ့ဖို့ မလိုဘူး။ ကလေးတွေလည်း တွေ့ခွင့်မပေးနိုင်ဘူး။ ကလေးတွေ ငတ်နေတုန်းက ရှင်ဘာများ ထောက်ပံ့ခဲ့ဖူးလို့လဲ။ ရှင် ကျွန်မတို့ မိသားစုဆီ လုံးဝ မလာပါနဲ့။ ရှင်နဲ့ တစ်မြို့တည်းမှာ နေရတယ်ဆိုတဲ့ အသိကတောင် ကျွန်မကို ကျက်သရေယုတ်စေတယ်။ တကယ်တော့ ရှင်ဟာ ရာဇဝတ်ကောင်ပဲ။ ရှင့်ပြစ်မှုအတွက် ထောင်ထဲမှာပဲ ရှင်နေသင့်တယ်'

သူ့မျက်လုံးတွေ ဝင်းဝင်းတောက်လာတယ်။ ကြိမ်ဖန်များစွာ မြင်ခဲ့ဖူးတဲ့ အမုန်းတွေ သူ့မျက်လုံးထဲမှာ အထင်သား မြင်တွေ့ရတယ်။ လူဝီတို့ရှိနေလို့ တော်ပါသေးရဲ့။ သူဘာလုပ်နိုင်မှာလဲ။ ကျွန်မသူ့ကို လျှော့တွက်လိုက်မိတာပါပဲ။ ရုတ်တရက် ကျွန်မလက်ကို ဆွဲပြီးလိမ်ချိုးထားလိုက်တယ်။ 'ကားရပ်' ကျွန်မအော်ပေမယ့် ဗာန္ဒန်က ဆက်မောင်းနေတယ်။ ကျွန်မ ငယ်သံပါအောင် အော်

http://www.cherrythitsar.org



ပြီး လူဝီ့ယောက်ျားကို တောင်းပန်ပါတယ်။ ဒါပေမယ့် သူက ဂရုမစိုက်ဘူး။ မုန်းစရာကောင်းလိုက်တာ။

'ကျွန်မ ခုန်ချလိုက်မှာနော်'

'ဒါဆို ငါပြောသလိုလုပ်' ဗာနွန်က အမိန့်ပေးတယ်။

ကျွန်မ ခေါင်းတစ်ခုလုံး ပေါက်ကွဲမတတ်ခံစားရတယ်။ လက်တစ်ဖက်က တံခါးချက်ကိုဖွင့်ရင်း လက်ကိုဆောင့်ရုန်းပြီး လိမ့်ဆင်းလိုက်တော့တယ်။ ကျောက်လမ်းပေါ်မှာ ကျွန်မလိမ့်သွားပြီး သတိလစ်သွားတော့တာပဲ။ သတိရလာချိန်မှာ လူတွေက ကျွန်မကို ဝိုင်းအုံကြည့်ရှုနေကြတယ်။

'ကျွန်မကို သူမထိပါစေနဲ့၊ ကျွန်မကို ကယ်ကြပါ'လို့ ကျွန်မအော်ငိုတော့ လူဝီက ကျွန်မကို ချော့တယ်။ ဟိုလူကြီး ပြန်သွားပြီတဲ့။ ကျွန်မခြေတွေလက်တွေ ပွန်းပဲ့ပြီး သွေးထွက်နေတယ်။ လူဝီက ကားပေါ်ခေါ်သွားပြီး အိမ်လိုက်ပို့တယ်။ ရေချိုးခန်းတန်းဝင်ပြီး ဒဏ်ရာတွေကို ဆေးထည့်ရတာပေါ့။ ဟိုလူကြီးနဲ့ ဝေးခဲ့ကတည်းက မသုံးခဲ့ရတော့တဲ့ အိုင်အိုဒင်းဆေးကို ပြန်ရှာပြီး အနာတွေကို သန့်ရှင်းဆေးထည့်ရတယ်။

ညပေါင်းများစွာ အိပ်မက်ဆိုးကြီးကို ဘဝအစကနေ ပြန်ပြန်မက်နေတဲ့အတွက် ကြောက်လန့်တကြား ထအော်ရတဲ့ ညတွေ မနည်းတော့ပါဘူး။ အိပ်ရမှာကိုတောင် ကျွန်မကြောက်လာတယ်။ မောင်နဲ့ကျွန်မဘဝ ပျော်စရာလေးတွေကို ပြန်တွေးပြီး အကြောက်ပြေအောင် ကြိုးစားပေမယ့် ဘယ်လိုမှ မပြေပါဘူး။ မောင့်ကို ကျွန်မတွေ့ချင်လှပါပြီ။ မှောင်နဲ့မည်းမည်း ကျွန်မဘဝထဲက သူခြေရာကောက်ရှာနိုင်ခဲ့သေးတာပဲ။ ဒီတစ်ခါမှာလည်း သူရှာမှသာ ကျွန်မဘဝက လန်းဆန်းရတော့မှာပါ။ ဒါပေမယ့် မောင်ရယ်. . . ကျွန်မကို ချစ်စိတ်ရှိပါဦးမလား။ မောင်နဲ့ဝေးခဲ့တာ နှစ်နှစ်ကြာခဲ့ပြီ။ မောင်လည်း ရင့်ကျက်ရောပေါ့။ တပ်မတော်သားဘဝက လူငယ်လေးတစ်ယောက်ကို လူကြီးတစ်ယောက်အဖြစ် ရင့်ကျက်စေခဲ့ပြီပဲ။ လူငယ်လေးဘဝမှာ ကျွန်မကို ချစ်တယ်ဆိုတာသိပေမယ့် လူကြီးဖြစ်သွားချိန်မှာ ကျွန်မကို ချစ်ပါတော့မလား။

လပေါင်းများစွာ ကျော်ဖြတ်ခဲ့ပြီ။

သတင်းစာတွေက ကျွန်မအတွက် အချိုလွန်ပြီး ခါးသက်တဲ့ သတင်းတွေဖော်ပြလာတယ်။ အမေရိကန်နိုင်ငံရဲ့ အကျော်ကြားဆုံး တပ်မတော်သားကလေး ပြည်တော်ပြန်လာတော့မယ်တဲ့။ ကက္ကန္ဒေသိက္ခာကြီးပါတယ်ဆိုတဲ့ သတင်းစာတွေက တောင် မောင့်သတင်းကို ချန်လို့မရကြတော့ပါဘူး။ ရင်ခုန်ပျော်ရွှင်မိပေမယ့်

http://www.cherrythitsar.org



ကျွန်မဘာဆက်လုပ်ရမယ်ဆိုတာ မသိတော့ဘူး။ မောင့်ရင်ခွင်ကနေ ဘယ်မှ ထွက်မပြေးပါဘူးလို့ ကတိပေးခဲ့ပေမယ့် ကျွန်မပြေးခဲ့မိတယ်။ ကျွန်မသေပြီလို့ သူယုံလောက်အောင် သတင်းလွှင့်ခဲ့တယ်။ ဒီအပြစ်တွေကို မောင်ခွင့်လွှတ်နိုင်ပါ့ မလား။

ဒီကြားထဲ ကျွန်မကို သံသယဖြစ်စေမယ့် ကိစ္စတွေကပေါ်လာတယ်။ သတင်း စာတွေမှာ မောင်နဲ့ပတ်သက်လို့ အစအနလောက်သာ ဖော်ပြကြပေမယ့် ရုပ်ရှင် စာစောင်တွေမှာ ဖွင့်ချလာကြတယ်။ ဒါပေမယ့် စာစောင်တွေဆိုတာ ယုံရခက် သားလား။သူတို့ မဂ္ဂဇင်းရောင်းကောင်းအောင် လုပ်ကြံရေးတတ်ကြတာတွေလည်း ရှိတာပဲ။ မောင့်လို ရုပ်ရှင်မင်းသားအကြောင်းမပြောနဲ့ သမ္မတ အိုက်ဆင်ဟောင်ဝါ ရဲ့ မိန့်ခွန်းတောင် အဓိပ္ပာယ်တစ်မျိုးထွက်အောင် ရေးတတ်ကြသေးတာပဲ။ သူတို့ ရေးတဲ့ သတင်းတွေက မောင်ဟာ ဂျာမနီမှာ မိန်းကလေးတစ်ယောက်နဲ့ ရည်ငံခဲ့ သတဲ့။ သတင်းစာတွေထဲမှာ ရေးကြတဲ့ မောင့်အကြောင်းကို ကျွန်မဖတ်ချင်ပေ မယ့် အဲဒီမိန်းကလေးအကြောင်းကို ကျွန်မမဖတ်ချင်ပါဘူး။

တိတိကျကျ သိနိုင်မယ့်နည်းလမ်း ကျွန်မရှာတော့ သူ တပ်မထွက်ခင်ပေး ခဲ့တဲ့ ဖုန်းနံပါတ်ကို သတိရတယ်။ ဂရေ့(စ)လဲ(န)(ဒ) နံပါတ်ပါ။ စာအုပ်ထဲမှာ လျှို့ဝှက်မှတ်ထားတဲ့ သူ့နံပါတ်ကို ကျွန်မတွေ့ရပါတယ်။ နံပါတ်ကလေးတွေမြင် လိုက်တော့ ဒီနံပါတ်ကလေး ကျွန်မရေးစဉ်ကာလကို ပြန်သတိရပါတယ်။ သူနဲ့ ကျွန်မ နောက်ဆုံးအကြိမ် မဲ(မ)ဖစ္စမြို့မှာ တွေ့ကြချိန်ကပေါ့။ မိုးဦးကျစ ကာလပါ ပဲ။ သစ်ပင်တွေမှာ အရွက်တွေ မရှိတော့ဘူး။ မြေပေါ်မှာ သစ်ရွက်ကြွေတွေ မွေ့ရာခင်းနေကြတယ်။ သစ်ရွက်ကြွေ မွေ့ရာပေါ်မှာ ကျွန်မတို့လှဲနေကြရင်း မောင်က သစ်ရွက်တွေနဲ့ ကျွန်မမျက်နှာကို အုပ်လိုက်ရာက ပါလာတဲ့ သဲစတချို့ က မျက်စိထဲ ဝင်သွားပါလေရော။ ကျွန်မ လန့်အော်လိုက်တော့ မောင်ပျာပျာသ လဲ တောင်းပန်တယ်။ အဲဒီတစ်နေ့လုံး သူ့မှာ တောင်းပန်မဆုံးတော့ဘူး။

မောင့်ကို သတိရလိုက်မိတဲ့ခဏမှာ သတ္တိက အလိုလိုဝင်လာတယ်။ ဒါ ကြောင့် ဖုန်းဆီကိုလျှောက်သွားပြီး လှည့်လိုက်တယ်။ မောင့်ကို ဆက်သွယ်လို့ ရနိုင်မယ့် လမ်းစရှိနေသေးတာပဲ။ အမျိုးသမီးတစ်ယောက် ဖုန်းလာကိုင်တာမို့ ကျွန်မတုန်သွားသေးတယ်။ အမျိုးသမီးအသံက အလုပ်သဘော ဆက်ဆံတဲ့ အသံမျိုးမို့ ကျွန်မက မစ္စတာပရက်စလေ ပြန်ရောက်ပြီလားလို့ မေးကြည့်လိုက် တယ်။

'ဒီလအတွင်း ပြန်ရောက်မယ်လို့ မျှော်လင့်ရပါတယ်။ အခုဆက်တာ ဘယ်

http://www.cherrythitsar.org



သူပါလဲ'

'သူ့မိတ်ဆွေပါ၊ ဒီဇိုင်းယားရီးလို့ပြောရင် သူသိပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်'

အမိပ္ပာယ်မရှိ တိုတောင်းလှတဲ့စကားလေးပြောရတာပဲ ကျွန်မမှာ ရင်ခုန်လှပါပြီ။ ဒီဖုန်းနံပါတ်နဲ့ သူ့ကိုဆက်သွယ်နိုင်တယ်ဆိုတာ သေချာသွားပြီ။ နောက်တစ်ခါဆက်ရင် မောင်ကိုယ်တိုင် ဖုန်းကိုင်ချင်ကိုင်မှာပေါ့။ မောင်နဲ့ပတ်သက်တဲ့ သတင်းတွေ မျက်ခြည်ပြတ်လို့ မဖြစ်တော့ဘူးဆိုတဲ့ အသိနဲ့ ဧည့်ခန်းထဲက သတင်းစာကို ကောက်ကိုင်လိုက်တယ်။ မောင့်အကြောင်း ဖော်ပြနေကျနေရာမှာ ဒီနေ့သတင်းက ခါတိုင်းထက် ပိုရှည်တယ်။ မောင့်ပုံလေးနဲ့ ခေါင်းစဉ်က အဲ(လ)ဗစ္စမှာ ချစ်သူရှိပြီတဲ့။

သတင်းရေးတဲ့သူက အမေရိကားက မိန်းကလေးတွေတော့ ဆွေးရပြီတဲ့။ အဲ(လ)ဗစ္စက သူ့စိတ်ကူးယဉ်အိပ်မက်ထဲက မိန်းကလေးကိုတွေ့နေပြီမို့ တစ်ခါတည်း ခေါ်ချင်ခေါ်လာလိမ့်မယ်။ ဒါမှမဟုတ် မိန်းကလေးက နောက်မှ လိုက်ချင်လိုက်လာလိမ့်မယ်တဲ့။ ဒီသတင်းက တိကျပုံရတယ်။ မိန်းကလေး နာမည်ကိုပါ ဖော်ပြထားတယ်။ ပရစ်ဆလာတဲ့။

မောင်ရယ်. . . ဟိုတုန်းက ကောလဟာလပါလို့ ကျွန်မထင်ခဲ့မိတာတွေဟာ ခုတော့ မှန်နေပြီပေါ့။ သတင်းစာ ပစ်ချလိုက်ပြီး ကျွန်မအပြင်ထွက်လာခဲ့တယ်။ မိုးရွာနေတယ်။ ချမ်းသင့်တာထက် ပိုချမ်းနေတယ်။ ကျွန်မရင်ထဲမှာ မိန်းကလေးနာမည်ကို ထပ်ဖန်တလဲလဲ ရွတ်နေမိတယ်။

ပရစ်ဆလာ. . . ပရစ်ဆလာ. . . ပရစ်ဆလာ တဲ့လား မောင်ရယ်။

ကျွန်မ မယုံနိုင်ပါဘူး။ ဒါဟာလည်း မောင်ပြောဖူးသလို နာမည်ကြီးအောင် သူ့မန်နေဂျာ ကာနယ်ကြီးထွင်တဲ့အကွက်တစ်ခုဖြစ်မှာပဲလို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် ကာနယ်ကြီးက ဂျာမနီမှာမရှိတော့ဘူးဆိုတာ သတိရလိုက်တော့ ဒီသတင်းဟာ အရင်တုန်းက သတင်းတွေလို ကောလဟာလမဟုတ်နိုင်ဘူးလို့ ယုံစပြုလာတယ်။ စိတ်ဓာတ်ကျစပြုလာတဲ့ ကျွန်မကိုယ်ကျွန်မ ဖြေသိမ့်စရာ ရှာတွေ့ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက သူ့နာမည်မထိခိုက်အောင် ကျွန်မထွက်ပြေးပုန်းရှောင်ခဲ့တယ် မဟုတ်လား။ ခုလည်း ကျွန်မပုန်းနေတော့မယ်။ သူ့ သမီးရှိတယ်ဆိုတာလည်း မပြောတော့ပါဘူး။ သူ့ဘဝ တိုးတက်မှုအတွက် သူကြိုးစားရဦးမယ်။ ပြီးတော့ အချစ်သစ်တွေနဲ့ သူပျော်နေမှာပါ။ သမီးလေးနဲ့ ကျွန်မသူ့ဘဝကို မနှောင့်ယှက်တော့ပါဘူး။ ဒါကို ကျွန်မလက်ခံရမယ်။

http://www.cherrythitsar.org



အိမ်ပြန်ရောက်တော့ အိပ်ခန်းထဲ တန်းဝင်သွားပြီး ခုတင်ဘေးက စားပွဲအံဆွဲထဲက သမ္မာကျမ်းစာ စာအုပ်ကို ထုတ်ယူလိုက်ပါတယ်။ နောက်ကျောဖုံးအတွင်းဘက်မှာ တြိဂံပုံခေါက်ထည့်ထားတဲ့ စာရွက်ကလေးကို ထုတ်ယူလိုက်တယ်။ ဒီဇိုင်းယားရီးရဲ့ မွေးစာရင်းလေ။ သမီးကြီးလာတဲ့တစ်နေ့မှာ သူ့အဖေဘယ်သူဘယ်ဝါဆိုတာ သိရအောင် မွေးစာရင်းမှာ မောင့်နာမည် အဖျားဆွတ်ထည့်ထားခဲ့တယ်။ တစ်နေ့မှာ မောင်ရယ်၊ ကျွန်မရယ်၊ သမီးရယ် မိသားစုကလေးတစ်ခုထူထောင်ကြမယ်ပေါ့။ အခုတော့ ဒီအတွေးတွေ ကျွန်မဖျောက်ပစ်ရတော့မယ်။ မောင့်ကို ကျွန်မနှလုံးသားထဲက အပြီးအပိုင်နှင်ထုတ်ရတော့မှာမို့ သမီးရဲ့ မွေးစာရင်းကို အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်ပစ်လိုက်တယ်။ နှလုံးသားတွေတစ်စစီ ဖွဲ့ခြွေသလိုပါပဲ မောင်ရယ်။ ဒါပေမယ့် ဒီနည်းသာ မောင်နဲ့ကျွန်မအတွက် အကောင်းဆုံးဖြစ်မယ်ဆိုတာ ကျွန်မသိတယ်မောင်။

နောက်တစ်နေ့မှာ ဂျက်က သူ့ရုံးခန်းထဲလာဖို့ ကျွန်မကိုခေါ်တော့ တော်တော်ကလေး စိတ်ပူမိတယ်။ ဆိုင်က အရောင်းကျနေတယ်။ အဝတ်အထည်တစ်မျိုးတည်းရောင်းတဲ့ ဆိုင်ကလေးတွေအနေနဲ့ လျှော့ဈေးချရောင်းတဲ့ ဆိုင်ကြီးတွေကို မပြိုင်နိုင်ဘူးလေ။ ဂျက်က ဆိုင်ပိတ်ပစ်ချင်ပြီလား မပြောတတ်ဘူး။ ဒုက္ခဆိုတာ အလုံးလိုက် အရင်းလိုက် လာတတ်တာပဲ။

သူ့စားပွဲရှေ့မှာထိုင်ပြီး သူ့မျက်နှာကို အကဲခတ်ကြည့်တော့လည်း ဘာမျှမထူးခြားဘူး။ သူက စိတ်ကိုငြိမ်အောင် ထားနိုင်တဲ့သူတစ်ယောက်ပါ။ ကျွန်မကိုပြောလိုက်တဲ့စကားက ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေ ဖြည့်ဖို့ ပြောတဲ့လေသံမျိုးပဲ။ သူ့ဘဝ ခရီးဖော်အဖြစ် လက်တွဲပါရစေတဲ့။ သူက ခရီးဖော်ဆိုတဲ့စကားကိုရွေးသုံးထားတယ်။ သူ့အနေနဲ့ အခုအသက်အရွယ်မှာ အိမ်ထောင်ပြုပြီး သားသမီးတွေမွေးဖို့ အသင့်တော်ဆုံးဖြစ်သလို ကျွန်မမှာလည်း ကလေးလေးယောက်နဲ့ ပိနေတဲ့ ဝန်ထုပ်ကြီးအတွက် အကူအညီလိုအပ်နေတယ်ဆိုတာ သူသိပါတယ်တဲ့။

'တကယ်တော့ ကိုယ်ကအချစ်ကို မယုံဘူး။ လူနှစ်ယောက် လက်တွဲပြီး အလုပ်တစ်ခုကို အောင်အောင်မြင်မြင် လုပ်နိုင်တယ်ဆိုရင် ဒီနှစ်ယောက်ဟာ အိမ်ထောင်ဖက် ဖြစ်သင့်တာပဲ။ မင်းအခြေအနေကို ကိုယ်နားလည်တယ်။ မင်းအတွက် အကူအညီလိုနေတယ်'

အိမ်ထောင်ပြုဖို့ ပြောတဲ့စကားတဲ့၊ ကြည့်ပါဦးတော့။ ကမ္ဘာပေါ်မှာ အညံ့ဆုံးရည်းစားစကားအဖြစ် မှတ်တမ်းမတင်ထိုက်ဘူးလား။ ကျွန်မစိတ်ကို ငြိမ်အောင်

http://www.cherrythitsar.org



ကြိုးစားပါသေးတယ်။ ရင်ထဲမှာတော့ ဒေါသတွေ ဆူပွက်နေပြီ။ သူပြောပုံက ကျွန်မကို အရောင်းအဝယ်လုပ်နေသလိုပဲ။ ပြောရဲလိုက်တာ။ သူနဲ့ကျွန်မ တစ်ခါမှလည်း အပြင်တောင် ထွက်မလည်ဖူးဘူး။ ကျွန်မဘဝမှာ အကူအညီလိုအပ်နေသတဲ့။ ဘယ်သူမှ မလိုပါဘူး။ မောင်ကလွဲရင် ကျွန်မဘဝအတွက် ဘယ်သူမှ မလိုဘူး။

ဒေါသကို ကျွန်မက ရုတ်တရက် အံ့ဩသွားဟန်ပြောင်းလိုက်ရတယ်။ ကျွန်မအလုပ်က ရှိသေးတယ်မဟုတ်လား။ မောင်နဲ့ကျွန်မ မဆုံစည်းနိုင်တော့ဘူး ဆိုပေမယ့် သူ့ကမ်းလှမ်းချက်ကို ကျွန်မလက်ခံလို့ မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မက တရားဝင် ပြတ်စဲပြီးသား အိမ်ထောင်သည်မှ မဟုတ်ဘဲ။ ဒီကိစ္စကို အလက်ဇန္ဒရီးယားမြို့ကလေးမှာ ဘယ်သူမှ မသိကြဘူး။ ကျွန်မလည်း အစမဖော်ချင်ပါဘူး။

'ရုတ်တရက်ကြီးပါလား ဂျက်ရယ်၊ ကျွန်မအနေနဲ့ ချက်ချင်းအဖြေပေးဖို့တော့ မမျှော်လင့်ပါနဲ့နော်'

သူက စဉ်းစားပါဦးဆိုပြီး ပြန်လွှတ်လိုက်တယ်။ ဆိုင်ထဲမှာ ပစ္စည်းတွေနေသားတကျဖြစ်အောင်လုပ်ရင်း ကျွန်မဘဝကို တွေးနေမိတယ်။ နာရီပိုင်းအတွင်းကမှ မောင့်ကို ကျွန်မဘဝထဲက မောင်းထုတ်ခဲ့တယ်။ အခု တစ်ယောက်က အိမ်ထောင်ပြုဖို့ စကားကမ်းလှမ်းနေပြန်ပြီ။

ဖေဖော်ဝါရီလကုန်တဲ့အထိ ဂျက်ကို ရှောင်နေသလို သတင်းစာထဲမှာပါတဲ့ မောင့်အကြောင်းတွေကိုလည်း မဖတ်ဘဲနေခဲ့ပါတယ်။ မတ်လမှာတော့ သတင်းစာတွေက ကျွန်မကို ပိုနှိပ်စက်လာကြတယ်။ အရင်တုန်းက မောင့်အကြောင်း သတင်းအတိုအထွာလေးတွေသာ မထင်မရှား ဖော်ပြခဲ့ရာက ခုတော့ မျက်နှာဖုံးသတင်းအဖြစ် ရေးလာကြတယ်။ မောင့်ပုံနဲ့ မောင်ပြန်လာပြီတဲ့။ မောင့်ပုံမြင်လိုက်ရတော့ ကျွန်မ နှလုံးသွေးတွေ ပူနွေးလာကြပြန်တယ်။ ချစ်တယ် မောင်ရယ်။

အဲဒီညက တီဗွီထဲမှာ မောင့်ကိုတွေ့လိုက်ရတယ်။ မောင်ကလူကြီးဖြစ်လာပြီ။ ဆံပင်တို သပ်သပ်ရပ်ရပ်နဲ့ချောလိုက်တာ။ သတင်းစာရှင်းလင်းပွဲတစ်ခု သူလုပ်တယ်လေ။ သတင်းထောက်တွေရှေ့မှာ မောင်က ရှက်သလိုလို၊ မနေတတ်သလိုဖြစ်နေတယ်။ မောင့်အဖြေတွေက တိုတိုပြတ်ပြတ်ပဲ။ သတင်းထောက်တစ်ယောက်က မောင့်ကို အခုလို ကိုယ့်တိုင်းပြည်ပြန်ရောက်လာပြီဆိုတာ အထူးတလည် သိစေချင်တဲ့သူများ ရှိပါသေးလားလို့ မေးတယ်။ မောင်က ရုတ်တရက် သူ့လက်နှစ်ဖက်နဲ့ နားရွက်ပေါ် အုပ်ပြတယ်။ မောင်ရယ်. . . ကျွန်မနဲ့ မောင်သာသိတဲ့

http://www.cherrythitsar.org



သင်္ကေတကို ကျွန်မသိအောင် လုပ်ပြလိုက်တာလား။ ဒါမှမဟုတ် ဘာမှ မကြား ချင်တော့ဘူးလို့ မောင်လုပ်ပြလိုက်သလားဆိုတာ ကျွန်မမဝေခွဲတတ်တော့ပါဘူး။ ကျွန်မကတော့ အကောင်းဘက်ကိုပဲ လှည့်တွေးမိတယ်မောင်။ ဒါကြောင့်လည်း သွေးပူပူရှိနေတုန်း မောင့်ဆီဖုန်းဆက်ဖို့ ကြိုးစားလိုက်မိတယ်။ သွေးအေးသွားရင် ကျွန်မ မဆက်ရဲတော့မှာ သေချာတယ်လေ။ ဟိုတစ်ခါဖြေတဲ့ အမျိုးသမီးကပဲ ဖြေတယ်။ မောင် အိမ်မှာ မရှိပါဘူးတဲ့။ နောက်ထပ် လေးငါးခါ ဆက်ပေမယ့် လည်း မောင်နဲ့ မတွေ့ဘူး။ ကြာတော့ ကျွန်မစိတ်လျှော့လိုက်မိတယ်။

သတင်းစာနဲ့ တီဗွီသတင်းတွေက မောင်ဘယ်ရောက်နေတယ်၊ ဘာတွေ လုပ်နေတယ်ဆိုတာတွေ အမြဲဖော်ပြနေကြတယ်။ မောင့် အနုပညာခရီးက အောင်မြင် လာပြန်ပြီ။ သူ့မန်နေဂျာ ကာနယ်ကြီးကလည်း တော်တာကိုး။ တီဗွီမှာ ပြည်တော်ပြန် ဖျော်ဖြေမှုအစီအစဉ်အဖြစ် ဖရင့်(ခ)စင်နာထရာနဲ့တွဲပြီး သီဆိုတယ်။ ရုပ်ရှင်ကားသစ်လည်း ရိုက်တယ်။ 'မောင်ရေ. . . ကျွန်မ အလက်ဇန္ဒရီးယား မှာရှိနေတယ်၊ မောင့်ကို တွေ့ချင်တယ်'လို့ အော်ပြောလိုက်ချင်တာ။ ဒါပေမယ့် ကျွန်မကြောင့် မောင့်ဘဝ ခလုတ်ကန်သင်း မဖြစ်စေချင်တော့ပါဘူး။ မောင်က ထိပ်ဆုံး ပြန်ရောက်သွားပြီး တစ်ကမ္ဘာလုံးရဲ့ အသည်းကျော်ဖြစ်နေပြီလေ။

* * *

မောင့်အောင်မြင်မှုက ကြီးထွားလာလေ ကျွန်မနဲ့ အလှမ်းပိုဝေးလာလေ ပါပဲ။ တီဗွီမှာ မောင့်ပုံပေါ်လာရင် ကျွန်မပိတ်ပစ်တယ်။ မောင့်အကြောင်းတွေ မဖတ်ဘဲ လျစ်လျူရှုထားလိုက်တယ်။ မောင့်ကို ကျွန်မ မေ့နိုင်မှာပါ။ ဘုရားသခင် ကလည်း မေ့စေချင်တယ်လေ။ ဒါကြောင့်လည်း မေ့နိုင်တဲ့ ခွန်အား ပေးသနား လိမ့်မယ်လို့ ယုံကြည်ပါတယ်။

နွေရာသီမှာ မစ္စတာဆီ(လ)ဗာစတိန်းဆီက ချေးခဲ့တဲ့ကျန်ငွေကို နောက်ဆုံး အရစ်အနေနဲ့ ကျွန်မဆပ်နိုင်ခဲ့ပါတယ်။ တကယ်ဆိုရင် လူကိုယ်တိုင်တွေ့ပြီး ကျေးဇူးတင်စကားပြောသင့်ပေမယ့် ငွေချေးခဲ့မိတာကိုပဲ ကျွန်မရှက်နေတယ်။ ကြွေးကျေသွားပြီဆိုတော့ ကျွန်မ တရားဝင်ကွာရှင်းဖို့ ရုံးစရိတ်ရအောင် စုတော့ တာပဲ။ ဟိုလူကြီးနဲ့ ကျွန်မကွဲနေတာ ခုနစ်နှစ်ရှိပြီဖြစ်ပေမယ့် ရုံးစရိတ်ဒေါ်လာ ၃၅၀ မတတ်နိုင်သေးလို့ ကျွန်မ တရားဝင်ပြတ်စဲခွင့် မရသေးပါဘူး။ ငွေစုဖို့ ဆိုတာကလည်း တော်တော်ခဲယဉ်းတာပဲ။ ကျွန်မ အလုပ်ကလည်း အခြေအနေ မကောင်းဘူး။ ဂျက်ကလည်း ငွေထပ်မထည့်နိုင်ဘူး။

ကျွန်မဘဝ လုံးဝအမှောင်ကျသွားတာတော့ မဟုတ်သေးပါဘူး။ မျှော်လင့်

http://www.cherrythitsar.org



ချက် ရောင်ခြည်ကလေးတော့ ရှိပါသေးတယ်။ ဆောင်းဦးပေါက်အချိန်တိုင်း ကျွန်မအတွက် မျှော်လင့်ချက် ရှိတတ်စမြဲပါ။ ဂျက်ကလည်း မျှော်လင့်နေတယ်။ သူ့ကြည့်ရတာ ကျွန်မနဲ့ ပတ်သက်လို့ သွေးအေးလာပုံရပါတယ်။ တစ်ရက်မှာ တော့ သူ့ကို ညစာစားဖို့ အိမ်ကို ကျွန်မက ဖိတ်လိုက်တယ်။ ဂျက် ကျွန်မအိမ် ကိုရောက်တော့ ဒီဇိုင်းယားရီးက အပြေးအလွှားသွားကြည့်တယ်။ သမီးမျက်နှာပေါ် မှာ အုံ့ဆိုတဲ့ အရိပ်အယောင်တွေ အထင်းသားမြင်လိုက်ရတယ်။ သမီးမျက်နှာ ပေးက သူ့အဖေနဲ့ တစ်ထေရာတည်းပဲ။ မောင့်ကို ဖျတ်ခနဲ သတိရလိုက်တယ်။ မောင်ရယ်. . . မေ့လို့ မရနိုင်ပါလားကွယ်။

ထမင်းစားသောက်ကြပြီးတော့ ဂျက်က ဓာတ်ပြားဟောင်းကို ဖွင့်ပြန်တယ်။ အလက်ဇန္ဒရီးယားမြို့ရဲ့ လူကုံထံရပ်ကွက်မှာ သူအိမ်တစ်လုံး ဝယ်ထားတယ်တဲ့။ အဲဒါ ကျွန်မအတွက်ပါတဲ့။ ကျွန်မပြောင်းချင်တဲ့အချိန် ပြောင်းလာနိုင်ပါတယ် တဲ့။ ပထမတော့ တပ်မက်မှု ဖြစ်ပေါ်မိတယ်။ ငှားနေရတဲ့ အိမ်အိုကြီးကို ကျွန်မငြီးငွေ့လာပြီ။ ဂျက်ဝယ်ထားတဲ့ ခြံကျယ်ကြီးနဲ့အိမ်ဆိုရင် ကလေးတွေလည်း ပျော်မှာ။ ပြီးတော့ ဂျက်ဟာ လူဆိုးတစ်ယောက် မဟုတ်ပါဘူး။ ရေနံကုမ္ပဏီရဲ့ အမှုဆောင်ဒါရိုက်တာတစ်ဦးဖြစ်တဲ့အတွက် ဝင်ငွေလည်းရှိတယ်။ ရုပ်ရည်အားဖြင့် လည်း သန့်ပြန့်တယ်။ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးတဲ့အတွက် မြို့ပေါ်က မိန်းမတော်တော်များများ ဖမ်းချင်လောက်တဲ့ အရည်အချင်းရှိပါတယ်။

လက်တွေ့ဘဝထဲ ကျွန်မ ပြန်ရောက်လာတယ်။ စိတ်ကူးယဉ်အိပ်မက်ထက် လက်တွေ့ လုပ်ဆောင်ခြင်းက ပိုကောင်းမယ်လို့ ကျွန်မတွေးမိတယ်။

'ဒါပေမယ့် ရှင်က ကျွန်မကို ချစ်တာမှ မဟုတ်ဘဲ။ အဲဒါလည်း ရှင်ဝန်ခံပြီး သားပဲ၊ ဂျက်. . . ရှင့်ဘဝမှာ တစ်ယောက်ယောက်ကိုများ ချစ်ခဲ့ဖူးသလား'

ဂျက် မျက်နှာပျက်သွားတာ ပထမဦးဆုံးအကြိမ် ကျွန်မတွေ့လိုက်ရပါတယ်။ သူ့မှာ ချစ်သူရှိခဲ့ဖူးပုံရတယ်။

'ကိုယ့်မှာ ချစ်သူရှိခဲ့ဖူးတယ်။ ဒါပေမယ့် သူက ကိုယ့်ကိုထားခဲ့ပြီး တခြား တစ်ယောက်နဲ့ လက်ထပ်သွားတယ်။ အချစ်ဆိုတာ နာကျင်စေတယ်လို့ ကိုယ်ခံယူ ထားတယ်။ ဒီတော့ ကိုယ့်ဘက်က ခံနိုင်ရည်ရှိဖို့လိုတယ်'

တိုက်ဆိုင်လှချည်လား၊ ကျွန်မအတွက်လည်း အချစ်ဆိုတာ နာကျင်စေခြင်းပဲ မဟုတ်လား။ အချစ်နဲ့ ပတ်သက်ပြီး ကျွန်မတို့နှစ်ယောက် အမြင်ချင်း တူနေကြပြီ။ နှစ်ယောက်စလုံးက နောက်ထပ်ချစ်ဖို့ ကြောက်နေကြတဲ့ သူတွေချည်းပဲ။ သူ့ ဘက်က ဝန်ခံချက်ကြားရတော့ ကျွန်မကလည်း ဟိုလူကြီးရဲ့ ရက်စက်မှုအကြောင်း

http://www.cherrythitsar.org



ခုထက်ထိ တရားဝင် ကွာရှင်းခွင့်မရသေးတာ ပြောပြလိုက်တယ်။ ဂျက်က တရားရုံးစရိတ် သူပေးပါ့မယ်ဆိုပေမယ့် ကျွန်မငြင်းလိုက်တယ်။ ကျွန်မတို့နှစ်ယောက်ကြားမှာ အခြေအနေအရပ်ရပ်က နွေးထွေးစပြုလာချိန်မှာ အခန်းထဲက ဒီဖိုင်းယားရီး ရုတ်တရက်အော်သံကြားလိုက်လို့ ကျွန်မပြေးဝင်သွားလိုက်တော့ သမီးပါးစပ်ထဲမှာ သွေးတွေပေပြီး တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူနေတယ်။ သမီးကို ပွေ့ပြီး ဂျက်က ဆေးရုံမောင်းပို့ပေးတယ်။ ရေခဲတင်ပြီး ကိုယ်အပူကျအောင်လုပ်ပေးကြတယ်။ ခဏနေတော့ အခြေအနေကောင်းလာတယ်။ ဒေါက်တာအီစလင်ကို တွေ့လိုက်ရတော့ ကျွန်မတော်တော် အံ့ဩသွားတယ်။

သူက 'ကလေးနေကောင်းသွားမှာပါ မစ္စပရက်စလေ'တဲ့။ သမီးနေကောင်းသွားမှာ ဆိုတဲ့စကားကြောင့် ပျော်သွားပေမယ့် မောင့်နာမည်နဲ့ တွဲခေါ်လိုက်လို့ ကျွန်မ တုန်လှုပ်သွားတာ အမှန်ပဲ။ ဆရာဝန်က သမီးလည်ချောင်းရောင်နေတဲ့ အကြောင်း၊ လျှာကိုက်မိလို့ သွေးထွက်တာပါလို့ ပြောပြတယ်။ ကျွန်မအိမ်ပြန်ဖို့ သူတိုက်တွန်းပေမယ့် သမီးနားမှာပဲ နေပါရစေဆိုတော့လည်း မငြင်းပါဘူး။ မှောင်မည်းနေတဲ့ ညမြင်ကွင်းကိုကြည့်ရင်း မောင့်ကို ဒေါသဖြစ်မိပါတယ်။ တကယ်လို့ သမီးသာ သေသွားရင် မောင်ဂရုစိုက်ပါ့မလား။ သွေးကစကားပြောတယ်ဆိုရင် သူ့မှာ သမီးရှိတယ်ဆိုတဲ့စိတ် သူ့မှာ မခံစားရဘူးလား။ မောင်နဲ့ ပတ်သက်ရင် ကျွန်မအတွေးတွေက မတရားဖြစ်နေမလား မပြောတတ်ပါဘူး။ ကျွန်မသူ့ကိုချစ်တာ သူများတကာလို မင်းသားဖြစ်လာမှ မဟုတ်ပါဘူး။ ဟိုးကျေးလက်အဆိုကျော် ကလေးဘဝကတည်းက ချစ်ခဲ့တာပဲ။ မောင်သာ သူ့သမီးအကြောင်းသိရင် ပြေးလာလေမလား။ မောင့်စိတ်ထားတွေ မပြောင်းလဲသေးပါဘူးလို့ ကျွန်မယုံကြည်နေမိတယ်။

ဒါကြောင့်လည်း မောင့်ကို သမီးအကြောင်း မပြောဘဲထားခဲ့တာပါ။ တကယ်လို့ ကျွန်မပြောလိုက်လျှင် သူသေချာပေါက် ရောက်လာမှာပဲ။ ကျွန်မနဘေးမှာ မားမားမတ်မတ်ရပ်ပြီး သူ့တာဝန်ကို သူယူမှာပဲ။ အတိတ်ဆိုးတွေနဲ့ ကလေးလေးယောက်အမေ ကျွန်မကို သူ လက်ထပ်ယူမှာ သေချာတယ်။ ဒီလိုသာလုပ်လိုက်ရင် ကာနယ်ကြီးကြိုးစားအရောင်တင်ထားသမျှ သူ့ဘဝဟာ ပျောက်ကွယ်သွားမှာပဲ။ ကျွန်မကြောင့်လည်း မဖြစ်သင့်ဘူး။ တစ်နေ့မှာ သူဟာ ဂီတဘုရင်ဘဝကနေ တခြားတစ်ယောက်ကို အလိုအလျောက် လွှဲပေးရမှာပဲ။ အဲဒီလိုနန်းကျချိန်မှာပဲ သမီးအကြောင်း သိစေချင်ပါတယ်။ အဲဒီအချိန်မှာ ပရိသတ်က အဲ(လ)ဗစ္စတစ်ယောက် ကလေးလေးယောက်အမေ တစ်ခုလပ်မကို ယူသွားတယ်

http://www.cherrythitsar.org



လို့လည်း ဂရုစိုက်ကြမှာ မဟုတ်တော့ဘူးလေ။ အောင်မြင်မှု အရှိန်အဝါ တောက်ပနေစဉ်မှာတော့ သူ့အရှိန်နဲ့သူ ရှိပါစေဦး။ ကျွန်မ စိတ်ရှည်ရမှာပေ့ါ။ အနုပညာသမားတစ်ယောက်ရဲ့ အောင်မြင်မှုဆိုတာ ထာဝရတည်တံ့တာမှ မဟုတ်ဘဲ။

နောက် လေးငါးရက်အကြာမှာ သမီးနေကောင်းလာပြီမို့ ဆေးရုံက ဆင်းခွင့်ရတယ်။ နောက် သုံးလေးလအတွင်း ကျွန်မကြိုးစား အလုပ်လုပ် ငွေစုပြီး ဟိုလူကြီးနဲ့ ရုံးတော်မှာ တရားဝင်ကွာရှင်းဖို့ မွန်ရိုးမြို့ကို တစ်ခေါက်သွားရတယ်။ ရုံးတော်ကို ကျွန်မဝင်သွားချိန်မှာ ဟိုလူကြီးကို တွေ့ရတယ်။ ချုံးချုံးကျသွားခဲ့ပြီ။ သူ့မျက်လုံးတွေ အရင်လို မငြိမ်းခြောက်နိုင်တော့ဘဲ မှေးမှိန်နေပြီ။ သူ့ကို မြင်လိုက်တော့ သူယုတ်မာခဲ့တာတွေ၊ ရိုက်နှက် နှိပ်စက်ခဲ့တာတွေ ပြန်သတိရမိတယ်။ ကျွန်မသူ့ကို မုန်းတယ်။ မောင့်ကို ဆုံးရှုံးခဲ့ရတာ သူ့ကြောင့်။ သူသာ ကျွန်မဘဝထဲမှာ မရှိခဲ့ဘူးဆိုလျှင် ခုနေ မစ္စပရက်စလေဖြစ်နေပြီပေ့ါ။ ဒီလူကြီးက ကျွန်မ အတိတ်ဘဝကို ဖျက်ဆီးခဲ့သလို အနာဂတ်ကိုလည်း ဖျက်ဆီးခဲ့သူပဲ။

သူ့ကို ကျွန်မစကားလုံးဝမပြောဘူး။ အနားမှာလည်း မရှိစေချင်ဘူး။

ရုံးတော်က ထုံးစံအတိုင်း ကြားနာအပြီးမှာ ကျွန်မက လှည့်ထွက်မယ်အလုပ် သူက အနားကပ်လာတယ်။

'မင်း အဲဒီကောင်နဲ့ ထပ်မတွေ့တာ ကောင်းတာပေ့ါ။ ငါပြောတာ မမှန်ဘူးလား။ ခုတော့ သူ ဘယ်လိုကောင်လဲဆိုတာ မင်းတွေ့ပြီ မဟုတ်လား' တဲ့။ ကျွန်မ ရုတ်တရက်ကြောင်သွားတယ်။ ပြီးတော့မှ သတိပြန်ဝင်လာပြီး ရုံးထဲက ပြေးထွက်ခဲ့ရတယ်။

အပြင်ရောက်တော့ ဒေါသတွေ ပြေသွားတယ်။ ငွေဝယ်ကျွန်ဘဝကနေ ကျွန်မ တရားဝင် လွတ်မြောက်ခဲ့ပါပြီ။ ဒီလူကြီး ကျွန်မဆီ ဘယ်တော့မှ လာခွင့်မရအောင် ထာဝရ တံခါးပိတ်လိုက်နိုင်ခဲ့ပြီ။

ကျွန်မ ဘဝရှေ့ရေးကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်ခွင့် ရှိပြီပေ့ါ။

□

http://www.cherrythitsar.org



## အခန်း(၁၃)

မွန်ရိုးမြို့ကလေးဟာ ကျွန်မအတွက် အဆိုးရော၊ အကောင်းပါ ခံစားမှုတွေ ရောထွေးနေတဲ့မြို့ပါ။ ဟိုလူကြီးနဲ့ ပတ်သက်တဲ့ ကြောက်စရာအိပ်မက်ဆိုးတွေ မက်ခဲ့ရတဲ့ မြို့ဖြစ်သလို၊ မောင်နဲ့ပတ်သက်လို့ အိပ်မက်လှလှလေးတွေ မက်ခဲ့ ရတဲ့ မြို့ကလေးလည်း ဖြစ်နေတယ်။ မွန်ရိုးတရားရုံးတော်က ထွက်လာချိန်မှာ ကျွန်မဟာ လွတ်လပ်တဲ့မိန်းမတစ်ယောက်အဖြစ် အမှတ်တရဖြစ်စေတဲ့ နေရာလေး တွေကို လျှောက်သွားလိုက်တယ်။ ဖော်ရှေးပန်းခြံ၊ စိန့်မက်သျူးဘုရားကျောင်း၊ ပါရာမောင့်ဇာတ်ရုံနဲ့ ကျွန်မတို့နှစ်ယောက် သွားနေကျနေရာတစ်ခုဖြစ်တဲ့ မြစ် ကမ်းနံဘေးက ကျေးလက်ကလပ်တစ်ခုတို့ဆီကိုပါပဲ။ မြက်ခင်းပေါ်မှာ လွတ် လွတ်လပ်လပ် ထိုင်ရင်း သတိရစရာလေးတွေ တွေးလိုက်တော့ မျက်ရည်က ထုံးစံအတိုင်း ချောင်းစီးလာပြန်တယ်။

အလက်ဇန္ဒရီးယားကို ပြန်ရောက်တော့ ပန်းတိုင်ကင်းမဲ့စွာနဲ့ စတိုးဆိုင်မှာပဲ ဝင်လုပ်ရတယ်။ ဂျွန်ဝိန်းက ဖုန်းဆက်ပြီး ကျွန်မစိတ်ပျော်အောင် စကားတွေ ပြောတယ်။ သူနဲ့ ကျွန်မတွေ့ခဲ့ကြတာ ဘာလိုလိုနဲ့ နှစ်နှစ်တောင် ရှိခဲ့ပြီ။ သူ က ဒီလိုပဲ ဖုန်းဆက်ဆက်ပြီး ကျွန်မအခြေအနေကို မေးလေ့ရှိတတ်ပါတယ်။ ရင်ဖွင့်ရတဲ့ လူတစ်ယောက်ရှိသေးတော့ တော်သေးတာပေါ့။ သူက ကျွန်မကို လော့(စ)အိန်ဂျလိ(စ)ကို လာလည်ဖို့ ဖိတ်ပါတယ်။ အချိန်မရလို့ပါလို့ အကြောင်း ပြပြီး ငြင်းလိုက်ပေမယ့် အဓိကအချက်ကတော့ ကျွန်မငွေကြေး မတတ်နိုင်လို့ ပါ။ ကျွန်မ တခြားမြို့တစ်မြို့ကို ပြောင်းဖို့ စိတ်ကူးနေတယ်ဆိုတော့ သူက အားပေးတယ်၊ 'ဆုံးဖြတ်ချက်ချပြီးရင် နှောင့်နှေးမနေနဲ့၊ ချက်ချင်းလုပ်တဲ့'။ မောင်နဲ့ပတ်သက်ပြီး သူနဲ့ နည်းနည်းပါးပါး ပြောချင်ပါတယ်။ သူ့စကားက ဘာကို ယုံရမှန်းမသိဘူး။ ပထမပြောတော့ ကျွန်မစကားကို လိုက်လိုက် လျော လျောရှိပေမယ့် နောက်တော့ လက်တွေ့ကျကျ သုံးသပ်ပြတယ်။

http://www.cherrythitsar.org



'အဲ(လ)ဗစ္စ ဒီမှာ အောင်မြင်တဲ့လူတစ်ယောက် ဖြစ်နေပြီ။ သူက ဒီထက် အောင်မြင်ဦးမှာပဲ။ အဲဒီတော့ မင်းအနေနဲ့ အတိတ်က ပြီးခဲ့တာတွေကို ဖက်တွယ်ပြီး ဝေဒနာခံစားမနေသင့်တော့ဘူး။ မင်းအသက် အငယ်လေးရှိသေးတာပဲ။ ကိုယ့်ဘဝအတွက် ကိုယ်စဖို့ အချိန်တော်ပြီ။ ဒီကိုလာပြီး မင်းဘဝအတွက် ကြိုးစားလှည့်ပါ။ အဲဒီလို မင်းဆုံးဖြတ်နိုင်ရင် ကိုယ့်ဆီကို ဖုန်းဆက်လိုက်'တဲ့။

ဂွန်ဝိန်းအနေနဲ့ စာစောင်တွေထဲမှာ ကျွန်မဖတ်ရတဲ့ မောင့်အကြောင်းတွေကိုပဲ ဖတ်မိလေသလား။ ဒါမှမဟုတ် သူကပဲ ဒီအကြောင်းတွေ စာစောင်ထဲမပါခင် အရင်သိထားတာလား မပြောတတ်ဘူး။ သည်းအူပြတ်မတတ် ကျွန်မခံစားရပြန်ပါတယ်။ မောင် ခုထက်ထိ အိမ်ထောင်မပြုသေးဘူးဆိုရင် ကျွန်မကို ရှာနေတုန်းပဲလား။ ဒီလိုဆိုရင် ကျွန်မအတွက် အခွင့်အလမ်းရှိသေးတာပဲ။ ဂွန်ဝိန်းကို ဖုန်းဆက်ပါမယ်လို့ ကတိပေးလိုက်ပါတယ်။ ဘာကြောင့် ကိုယ့်စိတ်ကူးကို ကိုယ်အကောင်အထည်မဖော်နိုင်တာလဲဆိုတာကို ကျွန်မ မစဉ်းစားတတ်တော့ပါဘူး။

ဒါးလတ်(စ)ဈေးကွက်မှာ နွေရာသီဖက်ရှင်ပစ္စည်းတွေ ရောင်းကောင်းနေချိန်ဆိုတော့ အလုပ်များနေတာနဲ့ပဲ ပြဿနာတွေကို ခဏမေ့ထားလို့ရပါတယ်။ သမီးဒီဗိုင်းယားရီးကို ကျွန်မနဲ့အတူ ဆိုင်ကိုခေါ်လာပြီး ကျန်ကလေးတွေကိုတော့ အိမ်မှာပဲ အမေနဲ့ ထားခဲ့ရပါတယ်။ တစ်ရက် အားလပ်နေတဲ့အချိန် မဂ္ဂဇင်းတစ်ခုကို ကောက်ကိုင်လိုက်တော့ မောင်နဲ့သူ့နောက်ဆုံးချစ်သူတို့အကြောင်း တခမ်းတနားရေးထားတာ ဖတ်လိုက်ရတယ်။ တကယ်တော့ နောက်ဆုံးချစ်သူမဟုတ်ပါဘူး။ ဂျာမဏီမှာကတည်းက တွေ့ခဲ့ကြတဲ့ မိန်းကလေးပါ။ ဆောင်းပါးရှင်က ဒီမိန်းကလေးကို သတို့သမီးလောင်း' လို့ တင်စားပြီး မိန်းကလေးကျောင်းပြီးချိန်မှာ လက်ထပ်ကြလိမ့်မယ်လို့ ရေးထားပါတယ်။

ဒီဆောင်းပါးက တခြားတခြားသော မောင့်အချစ်ဇာတ်လမ်းတွေနဲ့ မတူဘူး။ လက်ထပ်ကြမယ်ဆိုတာ ဖော်ပြထားတဲ့အပြင် အသေးစိတ်ကိုလည်း ရေးထားတယ်။ ဒီသတင်းက အမှန်ပဲလား၊ ကျွန်မ မောင့်ကို ဘယ်လိုဆက်သွယ်ရမလဲ၊ တကယ်လို့ မောင်က 'ဆောရီးပဲ. . . အချစ်ရေ၊ မောင်တော့ တခြားတစ်ယောက်ကို ချစ်မိပြီကွာ'လို့ ပြောလာရင် ကျွန်မဘာပြောရမလဲ။ မောင် အဲဒီလိုငြင်းလိုက်မှာကို ကျွန်မသေမလောက် ကြောက်ပါတယ်။ ဒီတော့ တစ်နေရာမှာ ပုန်းနေရင်း မျှော်လင့်စောင့်စားနေရတာက သာကောင်းပါလိမ့်မယ်။

ဆိုရိုးစကားတစ်ခုရှိပါတယ်။ 'တစ်ကြိမ်တစ်ခါ ချစ်မိပြီး အချစ်သေဆုံးသွားသောအခါ အချစ်သည် နှလုံးသားအတွင်း ပြန်လည်ဝင်ရောက်သွားပြီး နာကျင်ခြင်း

http://www.cherrythitsar.org



ဝေဒနာကို ဆေးကြောပစ်ဖို့ မျက်ရည်အဖြစ် ပြန်ထွက်လာရသည်’တဲ့။ မှန်လိုက်တဲ့စကား။ ကျွန်မ မေမေပြောတဲ့ စကားကိုလည်း သတိရမိတယ်။ ‘ဘုရားသခင်က တို့များကို မနိုင်တဲ့ဝန် ဘယ်တော့မှ မထမ်းစေဘူး’တဲ့။ မေမေ့စကားက ကျွန်မတစ်သက်တာအတွက် ဥပဒေသစကားဖြစ်ခဲ့ပါတယ်။ ကျွန်မထမ်းနေရတဲ့ဝန်တွေက ဘယ်တော့များမှ ကင်းလွတ်တော့မှာလဲ။ ကျွန်မဘဝမှာ ဆယ်သက်စာလောက် ဝန်တွေထမ်းခဲ့ရပြီထင်ပါတယ်။ ဂွန်ဝိန်းစကားကို သတိရမိတယ်။

‘အခု ချက်ချင်းဘဝကို အသစ်ကစ၊ အချိန်စောင့်မနေနဲ့၊ အတိတ်ကို မေ့ပစ်လိုက်။ မင်းဘဝမှာ နေစရာသက်တမ်း အများကြီးရှိသေးတယ်’တဲ့။ သက်တမ်းအကြာကြီးနေရဦးမယ်ဆိုရင် ဝမ်းနည်းကြေကွဲမှုတွေ အများကြီး ကျွန်မခံစားရဦးမှာပေါ့။

ဒီတစ်ခေါက် ဒါးလတ်(စ)ကို ခရီးထွက်တော့ ဂျက်က သူလည်း လုပ်ငန်းအကြောင်း လေ့လာဦးမယ်ဆိုတဲ့အကြောင်းပြချက်နဲ့ ကျွန်မနဲ့အတူ လိုက်လာခဲ့ပါတယ်။ အဲဒါဆိုးတာပေါ့။ အဝတ်အထည်ဆိုင်တွေကြားမှာ လျှောက်ကြည့်ရင်း အလုပ်အကြောင်း စဉ်းစားနေတယ်ဆိုပေမယ့် မောင့်အကြောင်း ခေါင်းထဲဝင်ဝင်လာသေးတယ်။ ဂျက်က နေ့လယ်စာစားရင်း စကားပြောစရာရှိတယ်ဆိုလို့ ကဖေးဆိုင်တစ်ခုထဲ ဝင်ထိုင်ကြပါတယ်။ အလုပ် ဒါလောက်များနေတဲ့ကြားမှာ ဂျက်က ကျွန်မအနေနဲ့ အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူးလားလို့ မေးလာတယ်။

‘အိုး. . . သိပ်ရှိတာပေါ့၊ ရှင် ဆန္ဒရှိရင် ပြုမှာပေါ့’လို့ ကျွန်မက ခပ်ငေါ့ငေါ့လေး ဖြေလိုက်ပေမယ့် သူက ဂရုမစိုက်ဘူး။

‘ဒါဆို အခု လက်ထပ်ကြမယ်လေ’

‘ရှင်ဆိုလိုတာက ဘာအစီအစဉ်မှ မရှိဘဲ ယူရမယ်ပေါ့လေ’

‘သိပ်ဟုတ်တာပေါ့’

ကျွန်မမှားသွားပြီ။ ဆန္ဒမရှိဘဲနဲ့ ကျွန်မလက်ခံရခက်တော့မယ်။ ကျွန်မတစ်သက်တာအတွက် စိတ်ကူးယဉ်အိပ်မက်တွေ ပျက်ခဲ့ရပြီ မဟုတ်လား။ မောင်က ကျွန်မကို မလိုလားတော့ဘူးလေ။ လိုလားပါတယ်ဆိုရင် သူ့လို အဆက်အသွယ်ကောင်းတွေရှိတဲ့သူ တစ်ယောက်အနေနဲ့ ကျွန်မကိုရှာဖို့ မခက်ခဲနိုင်ပါဘူး။ မောင့်အနားမှာ ဟိုမိန်းကလေးနဲ့ တစ်ကမ္ဘာလုံးက မိန်းမချောတွေ ဝိုင်းနေကြပြီပဲ။ တကယ်လို့ မောင်က ကျွန်မကို လက်ထပ်ချင်သည်ပဲ ထားဦးတော့ ကာနယ်ကြီးက သဘောတူခွင့်ပြုမှာ မဟုတ်ပါဘူး။ တကယ်လို့ ကျွန်မ တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုလိုက်မယ်ဆိုရင် ကျွန်မကလေးတွေအတွက် နေစရာ အိမ်တစ်လုံး

http://www.cherrythitsar.org



တော့ ရမှာပဲ။ အိမ်ထောင်ပြုလိုက်ခြင်းအားဖြင့် ကျွန်မကြုံနေရတဲ့ ပြဿနာတွေလည်း ပြေလည်သွားပါလိမ့်မယ်။ ကလေးတွေ နောင်ရေးလည်း စိတ်အေးရလိမ့်မယ်။ မောင်ကတော့ ကျွန်မဘဝအတိတ်မှာပဲ ထာဝရ နေရစ်ခဲ့ပေတော့။ နှလုံးသားထဲမှာ ထန်နေတဲ့ မုန်တိုင်းကို အဆုံးသတ်လိုက်ပါပြီ။ တကယ်လို့ မောင်ကျွန်မကို ရှာတွေ့တယ်ဆိုဦးတော့ ကျွန်မမှာ အိမ်ထောင်ရှိနေသည့်အတွက် ကျွန်မတို့နှစ်ယောက် အရင်လို ကြုံတွေ့ရတဲ့ ပြဿနာတွေကြားမှာ သံသရာလည်ဖို့ မလိုတော့ဘူးပေါ့။ မောင့်ဘဝမှာလည်း ကျွန်မမရှိတာက ပိုကောင်းပါလိမ့်မယ်။ သူလည်း ပရစ်ဆလာနဲ့ အိမ်ထောင်ပြုတော့မှာဆိုတော့ ကျွန်မ အိမ်ထောင်ပြုလိုက်ခြင်းက အကောင်းဆုံးပါပဲ။

ဂျက်က တရားသူကြီးတစ်ယောက်နဲ့ လှမ်းဆက်သွယ်ပြီး လက်ထပ်ဖို့အတွက် တရားရုံးကို ကျွန်မတို့သွားကြတယ်။ ရုံးစာရေးက ကျွန်မကို အသက်ပြည့်ပြီးကြောင်း သက်သေပြဖို့ လိုသတဲ့။ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်တုန်းက သူတို့ ဘယ်ကိုရောက်နေကြပါလိမ့်။ သက်သေပြဖို့အတွက် အသိတစ်ယောက် သွားခေါ်ရတယ်။ အသက် ၁၈နှစ်ကျော်ပြီမို့ အုပ်ထိန်းသူရဲ့ ခွင့်ပြုချက်ယူဖို့ မလိုတော့ကြောင်း သက်သေခံပေးရတယ်။ လုပ်ထုံးလုပ်နည်းတွေအတိုင်း လုပ်နေကြတာကို ကျွန်မငေးကြည့်နေမိတော့တယ်။ တရားသူကြီးက 'ကလေးမ. . . သဘောတူရင် လက်ခံပါတယ်လို့ ပြောရမယ်' လို့ ပြောသံကြားလိုက်တော့မှ နေ့ခင်းအိပ်မက်ကနေ ကျွန်မလန့်နိုးလာခဲ့ပါတယ်။ ကျွန်မနှောင့်နှေးမိတယ်။ အိပ်မက်ဆိုးတွေကို သတိရနေတယ်။ မောင်က ပရစ်ဆလာကို 'ကျွန်တော်ချစ်ရတဲ့ တစ်ဦးတည်းသောမိန်းကလေး'လို့ တင်စားနေမှတော့ ဇာတ်လမ်းက ပြတ်နေပြီပဲ။ သွားတော့မောင်ရယ်၊ သွားပါတော့။

'ဟုတ်ကဲ့. . . ကျွန်မလက်ခံပါတယ်'

လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်နက် အလက်ဇန္ဒရီးယားကို ပြန်ခဲ့ကြပါတယ်။ လက်ထပ်ပြီး မကြာခင်မှာဘဲ ဂျက်က သူ့စီးပွားရေးလုပ်ငန်းအရှုပ်ပေါ်နေတဲ့အတွက် သူ့ဇနီးဖြစ်တဲ့ ကျွန်မအနေနဲ့ တစ်ပတ်စာ ဒေါ်လာတစ်ရာ မယူရတော့ဘူးလို့ ပြောတယ်။

အံ့ဩစရာပါပဲ။

*         *         *

လူစီလက်ထပ်လိုက်တဲ့အချိန်မှာ အဲ(လ)ဗစ္စနဲ့ ပရစ်ဆလာရဲ့ အခြေအနေက လူစီစိုးရိမ်သလို လက်ထပ်ကြတော့မယ့် အခြေအနေ မရောက်သေးပါဘူး။ ပရစ်

http://www.cherrythitsar.org



ဆလာ ပြောပြချက်တွေကို ရေးသားထားတဲ့ Eivis and me ဆိုတဲ့ စာအုပ်ထဲမှာ ဖော်ပြချက်အရဆိုရင် အဲ(လ)ဗစ္စက အဲဒီအချိန်တုန်းက သူနဲ့ အဆက်အသွယ် နည်းပါသေးတယ်။ သူနဲ့ စကားပြောရင်းက တခြားမိန်းမတစ်ယောက်အကြောင်း လည်း မကြာခဏ ထည့်ပြောတတ်ပါတယ်တဲ့။ ပရစ်ဆလာကတော့ အဲဒီမိန်းမ ကို အဲ(လ)ဗစ္စ နောက်ထပ်တွေ့တော့မှာ မဟုတ်ဘူးလို့ ထင်ခဲ့တယ်။

အဲဒီအချိန်တုန်းက စာစောင်တွေကလည်း အဲ(လ)ဗစ္စ နှလုံးသားရေးရာ ကိစ္စတွေ အသားပေးရေးနေကြတဲ့အချိန်ဆိုတော့ ပရစ်ဆလာဟာ ထူးခြားတဲ့ မိန်းကလေးပါလို့ တစ်ခွန်းဟလိုက်ရုံနဲ့ ပုံကြီးချဲ့ခဲ့ကြတာပဲ။ တကယ်တော့ သူတို့ နှစ်ယောက်တွေ့ပြီး နှစ်နှစ်ကြာမှ ပရစ်ဆလာက အဲ(လ)ဗစ္စဆီကို လာလည်ခဲ့ တယ်။ ၁၉၆၂ခုနှစ် နွေရာသီပေါ့။ ၁၉၆၃ခုနှစ်ကျမှ ပရစ်ဆလာက အဲ(လ)ဗစ္စ ရဲ့ အိမ် Graceland ကို ရောက်လာခဲ့တာပါ။

လူစီ လက်ထပ်တဲ့အချိန်မှာပဲ အဲ(လ)ဗစ္စရဲ့ Are you Lonesome tonight သီချင်းက အရောင်းရဆုံး ဓာတ်ပြားစာရင်းမှာ ထိပ်ဆုံးရောက်နေတယ်။ သီချင်း စာသားက သူ့ကို စွန့်ခွာပြေးတဲ့ မိန်းကလေးတစ်ယောက်အကြောင်း ဆွေးဆွေး မြည့်မြည့် သီဆိုထားတာပါ။ သီဆိုသူက မိန်းကလေးအနေနဲ့ သူ့ဆီကို ပြန်လာ မယ်ဆိုရင် အားလုံးခွင့်လွှတ်ပါတယ်လို့ ဆိုထားတယ်။

ဒီသီချင်းကို လူစီလုံးဝ မကြားခဲ့မိပါဘူး။ ကလေး လေးယောက်နဲ့ လုံးချာ လိုက်နေတဲ့အတွက် ရေဒီယို နားထောင်ဖို့ဆိုတာလည်း အချိန်မရှိခဲ့ဘူး။ Are you Lonesome tonigh သီချင်း ပရိသတ်အကြိုက်ဆုံး သီချင်း(၁၀၀)စာရင်း မှာ ထိပ်ဆုံးက လပေါင်းများစွာ နေရာယူထားခဲ့ပြီး အရောင်းရဆုံးဓာတ်ပြား စာရင်းမှာ ရက်သတ္တ ခြောက်ပတ်တိတိ ပါဝင်ခဲ့ပါတယ်။ တကယ်တော့ ဒုက္ခတွေ များလွန်းလို့ လူစီက အဲ(လ)ဗစ္စကို သူ့ဘဝထဲက အပြီးအပိုင် မောင်းထုတ်ချင်တဲ့ စိတ်နဲ့ ဘာမှ နားမစွင့်ခဲ့တာပါဘဲ။

*　　　*　　　*

အလက်ဇန္ဒရီးယားကို ညနေ တော်တော်မိုးချုပ်မှ ကျွန်မတို့ ပြန်ရောက်ကြ ပါတယ်။ အိမ်မှာ မည်းမှောင်နေပြီး တံခါးဖွင့်ပေးမယ့်သူတောင် မရှိဘူး။ တစ်ခုခု တော့ ဖြစ်နေပြီ။ အမေက အရေးအကြောင်းမရှိဘဲ ခုလို ရုတ်တရက် သွားမှာ မဟုတ်ဘူး။ အိမ်နောက်ဖေး ပြေးကြည့်လိုက်တော့ တံခါးကြီးပွင့်နေပြီး သစ်ရွက် တွေပွနေတယ်။ ရုတ်တရက် လန့်သွားတာကြောင့် ကျွန်မအော်လိုက်မိတယ်။ ‘အမေ ဒက်ဘီ မယ်လိုဒီ’ ကျွန်မအော်ခေါ်ပေမယ့် ပြန်ထူးမယ့်သူ မရှိပါဘူး။

http://www.cherrythitsar.org



ဖုန်းဆီ ကမန်းကတမ်းပြေးသွားပြီး ဒယ်(လ)ဖီယာဆီ ဆက်ကြည့်လိုက်တော့ သူက ကျွန်မကလေးတွေအားလုံး ကျွန်မအိမ်မှာရှိနေကြောင်းနဲ့ သတင်းဆိုး တစ်ခုပြောပြတယ်။ အမေ နှလုံးရောဂါ ဒုတိယအကြိမ်ဖြစ်လို့ ဆေးရုံရောက်နေ သတဲ့။ ဒီတစ်ကြိမ်တော့ မလွယ်တော့ဘူးတဲ့။ ဆေးရုံကို ကျွန်မပြေးတော့ သေမင်း နဲ့ စစ်ခင်းနေတဲ့ အမေ့ကို တွေ့ရတယ်။ အမေ ပြန်ကျန်းမာလာတာတွေ့ရတော့ တော်တော်ကြီး အံ့သြရပါတယ်။

ကျွန်မတို့မှာ ပျားရည်ဆမ်းခရီးဆိုတာ မရှိတော့ အမေ့ဆီကို ကျွန်မ နေ့တိုင်း သွားနိုင်ပါတယ်။ ဂျက်ပေးတဲ့အိမ်ကိုလည်း ဒီကြားထဲမှာ ပြောင်းရသေးတယ်။ အိမ်ကြီးက တစ်ထပ်အိမ်ပါပဲ။ အိပ်ခန်းလေးခန်းရှိပြီး တစ်ဧကခွဲမြေပေါ်မှာ ဆောက်ထားတာပါ။ ကလေးတွေကတော့ အိမ်ကြီးကို သဘောကျပြီး ပျော်နေကြ တယ်။ အခု သူတို့မှာ ကျယ်ကျယ်ဝန်းဝန်းနဲ့ မိသားစုဘဝလေးကို ခံစားရတာကိုး။ ဒါပေမယ့် ကျွန်မ ဒုက္ခတွေကတော့ မကုန်နိုင်သေးပါဘူး။

အိမ်ပြောင်းပြီး တစ်ပတ်လောက်အကြာမှာ ဖွင့်ထားတဲ့စာတစ်စောင် မှန်တင် ခုံပေါ်မှာ တင်ထားတာတွေ့ရတယ်။ စောစောတုန်းက ဂျက် ဒီစာကို ဖတ်ရင်း မျက်မှောင်ကြုတ်နေတာလည်း သတိထားမိတယ်။ ဒါကြောင့်လည်း ကျွန်မက ဒီစာကို စိတ်ဝင်စားတာပါ။ စာရေးလိုက်တဲ့သူ သူ့အမျိုးတစ်ယောက်ပါပဲ။ 'မင်းအနေနဲ့ ဒီလိုမိန်းမမျိုးကို လက်ထပ်ဖို့ မစဉ်းစားသင့်ဘူး။ ပြီးတော့ သူက ရိုမင်ကက်သလစ် ပြင်သစ်မဆိုရင် သူတို့ ဘာပြောတယ်ဆိုတာ မင်းသိမှာပေါ့။ မိန်းကလေးက အိမ်ထောင်ကျဖူးတယ်ဆို။ မင်းယူလိုက်ရင် သူဟာ ဘာသာရေး အရ တရားမဝင်တဲ့ ယောက်ျားပဲဖြစ်မှာပေါ့။ အဆိုကျော် ကချေသည်မလည်း လုပ်ဖူးသေးတယ် မဟုတ်လား။ အဲဒီလို လူမျိုးတွေအားလုံးက အတူတူပါပဲ ကွာ'တဲ့။ ကျွန်မ ဘယ်တုန်းကမှ မတွေ့ဖူးတဲ့ ဂျက်ရဲ့မိဘတွေကလည်း ကျွန်မနဲ့ ပတ်သက်ပြီး ဒီလို သဘောထားကြတာပဲ။ စာနဲ့ပတ်သက်ပြီး ကျွန်မက သူ့ကို ရန်တွေ့တော့ သူက ဘာရေးမှန်း မသိပါဘူးဆိုပြီး ရှောင်သွားတယ်။

'ရှင် ကျွန်မကို ဘာကြောင့် လက်ထပ်ချင်ရတာလဲ'

'ဒါမှ မင်းကို ငါရနိုင်မှာကိုး'တဲ့။

အဲဒါပါပဲ။ စိတ်ကူးယဉ် အိမ်ထောင်တစ်ခုပါ။ တပ်မက်မှုကို အရင်းတည်ပြီး လက်ထပ်ယူခဲ့တာဆိုတော့ မေတ္တာရဖို့ မေတ္တာပေးဖို့ဆိုတာ မမျှော်လင့်ပါနဲ့တော့။ သေချာတာတစ်ခုကတော့ ကလေးတွေ ရလာဦးမယ်ဆိုတာပါပဲ။

'ကိုယ့်အတွက် သားလေး မွေးပေးနော်'လို့ ဂျက်က ဝမ်းသာအားရ ပြောတယ်။

http://www.cherrythitsar.org



ကျွန်မဘဝက သူမယားဖြစ်သွားတဲ့အတွက် စတိုးဆိုင်မှာ နေ့ရောညပါ အလုပ်လုပ်ရပြီး လခတစ်ပြားမှ မရတဲ့ အဆင့်ရောက်သွားတယ်။ တစ်ညနေမှာ ဟိုလူကြီးက ဖုန်းဆက်လာတယ်။ သူ့ဘဝ နောက်ထပ် ရက်သတ္တနှစ်ပတ်ပဲ အသက်ရှင်တော့မယ်တဲ့။ ကင်ဆာရောဂါဖြစ်နေသတဲ့။ ကျွန်မ ဝမ်းလည်းမသာဘူး၊ ဝမ်းလည်း မနည်းဘူး။ စိတ်ထဲမှာ ခရစ်တော်ရဲ့ ပုံတော်ကို ရိုက်ခွဲပစ်ခဲ့တာကိုပဲ မြင်ယောင်နေမိတယ်။ သူ့ကလေးတွေကို ကျွန်မစောင့်ရှောက်နိုင်ပါ့မလားလို့ သိချင်သတဲ့။ လွန်ခဲ့တဲ့ ဆယ့်သုံးနှစ် ကာလလုံးလုံး ကျွန်မဘာလုပ်နေတယ်လို့များ သူထင်နေပါလိမ့်။ ဒီအတွက် စိတ်မပူပါနဲ့လို့ ကျွန်မကပြောလိုက်တော့ သူငိုတယ်။ သူ ‘မသေချင်သေးဘူး’တဲ့။

‘ရှင်နေမကောင်းဘူးဆိုလို့ ကျွန်မစိတ်မကောင်းပါဘူး။ ဘုရားသခင်ထံမှာ ကျွန်မရှင့်အတွက် ဆုတောင်းပါ့မယ်’လို့ နှစ်သိမ့်ခဲ့ပြီး တကယ်လည်း ဆုတောင်းပေးခဲ့ပါတယ်။ ကျွန်မအပေါ် ကျူးလွန်ခဲ့တဲ့အပြစ်တွေထက် ဘုရားသခင်ကို စော်ကားခဲ့တဲ့အပြစ်က ကြီးမားလွန်းပါတယ်။

ဩဂုတ်လကုန်ခါနီးမှာ ဗိုက်နာလာတယ်။ ကျွန်မယောက်ျားဘက်က အမျိုးတွေက အိမ်အခြေအနေ အကဲခေတ်လေ့လာဖို့ ရောက်နေကြတာမို့ အမေ့အိမ်ကို ကျွန်မပြေးရပြန်ပါတယ်။ အမေက နှလုံးရောဂါ တတိယအကြိမ်ခံစားရပြီး အိမ်ပြန်ရောက်ခါစ ညနေပိုင်းမှာ မိုးကြိုးတွေပစ်၊ လျှပ်စီးတွေလက် မိုးသည်းနေတာကြောင့် အမေ့အိမ်သွားဖို့ ခဏစောင့်ရသေးတယ်။ မိုးထဲလေထဲမှာပဲ ကားမောင်းသွား ကျွန်မဆေးရုံသွားဖို့ပြင်တော့ ဒီဇိုင်းယားရီးက ‘မာမီမရှိရင် သမီးအတွက် မွေးနေ့ကိတ် ဘယ်ရတော့မလဲ’လို့ ပြောလာတယ်။ သမီးမွေးနေ့က နီးနေပြီ။ ကျွန်မသွားမယ်ဆိုတော့ သမီးက အရမ်းဝမ်းနည်းနေတာပေါ့။ ဒါကြောင့် ပစ္စည်းတွေပြန်ချပြီး မီးဖိုထဲဝင် ကိတ်ဖုတ်ပေးရသေးတယ်။ ဗိုက်နာတာ စိပ်လာတယ်။ ဒါပေမယ့် သမီးအတွက် မုန့်ဖုတ်ပေးချင်တယ်။ တကယ်လို့များ ကျွန်မတစ်စုံတစ်ခုဖြစ်သွားရင် သမီးလေး မွေးနေ့ကိတ် မရလိုက်မှာ စိုးလို့ပါပဲ။ မုန့်တိုင်းက စဲသွားပါပြီ။ ဒါပေမယ့် အပျက်အစီးကတော့ များတယ်။ သစ်ပင်တွေ အမြစ်က ကျွတ်လဲနေပြီး မီးကြိုးတွေလည်း ပြတ်ကျကုန်တယ်။ တစ်မြို့လုံးအပျက်အစီးတွေနဲ့ ရှုပ်ပွနေတာပဲ။ ဂျက်က ကားမောင်းပြီး ဆေးရုံပို့ပေးလိုက်တာ အချိန်မီပါပဲ။ ဘက်(ပ)တ(စ)ဆေးရုံရောက်ပြီး တစ်နာရီအတွင်းမှာ သားကိုမွေးခဲ့တယ်။ ရင်သွေးလေးတစ်ယောက် မွေးလိုက်ရတဲ့အတွက် အိမ်ထောင်ရေးအခြေအနေ ဘယ်လိုပဲရှိစေဦးတော့ ကြည်နူးမိတာ အမှန်ပါပဲ။ နောက်တော့ သား

http://www.cherrythitsar.org



ဂျက်ကွစ္စကို ကျွန်မအရမ်းချစ်လာမိပါတယ်။ သားမွေးတဲ့ညက အပျက်အစီးတွေနဲ့ စိတ်ပျက်စရာကောင်းခဲ့ပေမယ့် သားကိုချစ်တဲ့စိတ်က ပိုခဲ့ရတယ်။ သားရယ် အမေဟာ မေတ္တာမပါတဲ့ အိမ်ထောင်တစ်ခုကို ထူထောင်ရင်း သားကို မွေးခဲ့ရ တယ်ဆိုတာ သားသိရင် စိတ်ကောင်းနိုင်ပါ့မလား။

အဲဒီနောက် စီးပွားရေးအခြေအနေက ဆိုးလာတယ်။ ဂျက်က စတိုးဆိုင်ကို ဒေါ်လာနှစ်သိန်းလောက်အရှုံးခံပြီး ရောင်းလိုက်တယ်။ ဆိုင်ရှုံးသွားတဲ့အတွက် သူတော်တော်လေး စိတ်ထိခိုက်ခဲ့ပါတယ်။ တကယ်တော့ ဒီလုပ်ငန်းအကြောင်း သူဘာမှ နားမလည်ဘဲ ကျွန်မကို ရလိုမှုသက်သက်အတွက် ဒီစတိုးဆိုင်ကို ထူထောင်ခဲ့တာပါ။ ခုတော့ ကျွန်မကိုရလိုက်ပေမယ့် ငွေကြေးကတော့ အကြီး အကျယ် ထိခိုက်ဆုံးရှုံးသွားခဲ့ရပါပြီ။ အိမ်ထဲမှာပဲ သူအောင်းနေရင်းက အလုပ် တစ်ခုလုပ်ဖို့အတွက် အာကင်ဆတ်(စ်) ပြည်နယ်ကို သူသွားမယ်လို့ပြောပြီးနောက် တစ်ပတ်လောက်အကြာမှာ ထွက်သွားတယ်။ သူထွက်သွားပြီး ရက်နည်းနည်းကြာ တော့ ကျွန်မအစ်မက ဖုန်းဆက်တယ်။ ဟိုလူကြီး ဆုံးသွားပြီတဲ့။ ကလေးတွေက အဲဒီ အသုဘကို မသွားပါရစေနဲ့လို့ ကျွန်မကို တောင်းပန်ကြတယ်။

သတင်းစာထဲမှာ ဖော်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်က မောင် တပ်ကပြန်လာ ပြီးနောက် မူပိုင်ခွင့်တွေအတွက် ဒေါ်လာ သန်း(၈၀)ရတယ်တဲ့။ ကျွန်မဘဝကတော့ တစ်ယောက်တည်း မွဲတေနေတယ်။ မောင်က အရာရာပြည့်စုံနေပြီ။ ခုမှ မောင့် အကူအညီတောင်းရမယ်ဆိုရင် ကျွန်မကို သနားပါလို့ တောင်းပန်ရာကျတော့ မယ်။ ကျွန်မမှာ သိက္ခာကလွဲလို့ ဘာမှမရှိပါဘူး။ ကိုယ့်လမ်းကိုယ် လျှောက်ရမှာပဲပေ့။

တစ်ပတ်လောက်ကြာတော့ ဂျက်က ဖုန်းဆက်တယ်။ သူ အာကင်ဆတ်(စ)မှာ မဟုတ်ဘဲ ဒါးလတ်(စ)ကို ရောက်နေတယ်တဲ့။ အိမ်တစ်လုံးငှားထားလို့ ကျွန်မနဲ့ ကလေးတွေကို လိုက်လာစေချင်တယ်တဲ့။ ဒါးလတ်(စ)က နေရာကောင်း တစ်ခု ပါ။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့မိသားစုအတွက် အမိုးအကာလုံလုံခြုံခြုံအောက်မှာ နေစရာတော့ ရတာပေ့လေ။ ချက်ချင်း ကျွန်မလိုက်သွားတယ်။ ကလေးတွေကို ကျောင်းအပ်ပြီး ဒီဖိုင်းယားရီးနဲ့ ဂျက်ကွစ္စအတွက် ကလေးထိန်းတစ်ယောက် ငှားလိုက်တယ်။ ‘စတာလင်ဂျူဝဲ(လ)လရီ’ ဆိုင်မှာ မနက်(၁၁)နာရီကနေ ည (၉း၃၀)နာရီအထိ လုပ်ရတဲ့အလုပ် ဝင်လုပ်ပါတယ်။ လစာက တစ်ပတ်ကို (၆၅)ဒေါ်လာရပြီး ခြောက်ရက်အလုပ်ဆင်းရတယ်။ ဂျက်ကတော့ ဥပဒေ သင် တန်းကျောင်းတက်ရင်း ကားအရောင်းအဝယ်လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ တခြား ထူးခြားမှု ဘာမှမရှိဘဲ တစ်နှစ်ကုန်ဆုံးသွားခဲ့ပါတော့တယ်။

http://www.cherrythitsar.org



၁၉၆၂ခုနှစ် ကုန်ခါနီးလောက်မှာ ကျွန်မ သီချင်းပြန်ဆိုမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ကလေး ငါးယောက်ရှိပေမယ့် ကျွန်မအသက်က ၂၆နှစ်ပဲ ရှိသေးတာပဲ။ နမူနာတိပ်ခွေတစ်ခုမှာ သီချင်းသွင်းပြီး စိတ်ဝင်စားမယ့်သူ လိုက်ရှာပေမယ့် အနိုမ်ခံရတာပါပဲ။ နောက်ဆုံးမှာ 'တိုနီပါပါ'ဆိုတဲ့ အေးဂျင့်တစ်ယောက်နဲ့ တွေ့တယ်။ သူက ကျွန်မ အောင်မြင်နိုင်မယ်လို့ တွက်ပါတယ်။ ဂျက်ကတော့ လုံးဝအားမပေးပါဘူး။ သီချင်းဆိုတာဟာ အသက်မွေးဝမ်းကျောင်းတစ်ခု မဟုတ်ဘဲ အမှိုက်ရှုပ်တာတစ်ခုသာဖြစ်တယ်လို့ သူမြင်တယ်။

အမေ နေမကောင်းဖြစ်လာပါတယ်။ ဒီတစ်ခါ နှလုံးရောဂါမဟုတ်ဘဲ ကင်ဆာ။ အလက်ဇန္ဒရီးယားမှာ ရောက်နေလို့ ကလေးနှစ်ယောက်ကိုခေါ်ပြီး ကားနဲ့ ကျွန်မ ထွက်လာခဲ့ပါတယ်။ အမေသတိလစ်နေတာ နှစ်ရက်ရှိပြီတဲ့။ ဒါပေမယ့် ကျွန်မတို့ရောက်ပြီး မကြာခင်မှာဘဲ သတိရလာတယ်။ ကြည်ကြည်လင်လင်ကို သတိရလာခဲ့တာပါ။ 'အမေ ဒီဗိုင်းယားရီးနဲ့ ဂျက်ကွစ္စကလေးကို တွေ့ချင်တယ်' လို့ ပြင်သစ်စကားနဲ့ ပြောတယ်။ ကလေးတွေကို နမ်းလိုက်ပြီး 'သွားကစားကြပါစေ'လို့ ပြောလိုက်ပါတယ်။ ကျွန်မကို 'သမီး. . . အမေ့အနားမှာ လာထိုင်စမ်းပါ' တဲ့။ 'သမီးလေး ဒီဗိုင်းယားရီးရဲ့ အဖေကို သူ့သမီးရှိကြောင်း အသိပေးလိုက်ပါကွယ်။ အချိန်ဆွဲ မနေပါနဲ့။ အမေ့စကား နားထောင်တယ်ဆိုရင် ပြောလိုက်ပါ' တဲ့။ ကျွန်မ ကတိပေးလိုက်တယ်။ အမေက ပြုံးပြီး မျက်လုံးမှိတ်သွားပါတော့တယ်။ အမေဆုံးပြီ။ အမေ့ကို ဆုံးရှုံးလိုက်ရခြင်းက ကျွန်မအတွက် ရင်နာစေပါတယ်။ အမေ့ဘဝမှာ ကြမ်းတမ်းမှုတွေ အများကြီး ရင်ဆိုင်ခဲ့ရတယ်။ မောင်နဲ့ ကျွန်မက ကျွန်မတို့ အမေတွေကို ထောက်ပံ့နိုင်အောင်လို့ ကြိုးစားခဲ့ကြတာပါ။ ခုတော့ သူတို့နှစ်ယောက်စလုံး မရှိကြတော့ဘူး။ မောင့်အမေကတော့ မောင် အောင်မြင်မှုကို နည်းနည်း ခံစားခွင့် ရသွားခဲ့ပါသေးတယ်။ အမေကတော့ ကျွန်မအတွက် အရှုံးပြီးရင်း အရှုံးပါလား။

*　　　*　　　*

*[၁၉၆၂ခုနှစ် နွေရာသီမှာ ပရစ်ဆလာက ပထမဆုံးအကြိမ်အဖြစ် အဲ(လ)ဗစ္စ ရှိရာ အမေရိကားကို လိုက်လာပြီးလည်တယ်။ အဲဒီအချိန်မှာ* ***She's Not You*** *ဆိုတဲ့ သီချင်းထွက်လာခဲ့ပါတယ်။ သီချင်းစာသားက မျက်လုံးပြာနဲ့ မိန်းကလေး ကို ဆုံးရှုံးခဲ့ရတဲ့အကြောင်း ဖွဲ့သီထားတာဖြစ်ပြီး အဆုံးပိုဒ်မှာ 'သူဟာ မင်းမဟုတ် တဲ့အတွက် ကိုယ့်အသည်းတွေ ကွဲကြေရပါပြီ'လို့ ဆိုခဲ့ပါတယ်။]*

*　　　*　　　*

http://www.cherrythitsar.org



ဒါးလတ်(စ)ပြန်ရောက်တော့ ရုပ်ရှင်မင်းသမီးကြီး ဒေါရစ္စဒေးနဲ့ ခင်ပွန်းသည် မာတီတို့ပိုင်တဲ့ ကာဘာနားဟိုတယ်မှာ လူမှုဆက်ဆံရေး ဝန်ထမ်းတစ်နေရာလွတ်နေတယ်။ လျှောက်ပါလားလို့ မိတ်ဆွေတစ်ယောက်က တိုက်တွန်းတာနဲ့ ကျွန်မလျှောက်လိုက်တာ အလုပ်ရခဲ့တယ်။ လခက တစ်ပတ်ကို ၁၀၆ဒေါ်လာဆိုတော့ လက်ရှိ အလုပ်ထက် ကောင်းတယ်ပေ့ါ။ ကျွန်မအလုပ်က စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကြော်ငြာလုပ်ငန်း၊ ဖောက်သည်များနဲ့ ဆက်ဆံရေး၊ စာနယ်ဇင်းများနဲ့ ဆက်ဆံရေးတို့ပါဝင်ပြီး အကောင်းဆုံးကတော့ ဟိုတယ်ကလပ်အတွက် အရည်အချင်းရှိတဲ့သူတွေ ရွေးချယ်စစ်ဆေးပေးရခြင်းပါပဲ။

အဲဒီနှစ်မှာ မောင့်သတင်းတွေကလည်း ရှောင်လို့မရလောက်အောင် ရေဒီယိုတို့၊ တီဗွီတို့မှာ ပါလာနေတယ်။ အဆိုးဆုံးကတော့ They Remind Me Too Much of You ဆိုတဲ့ သီချင်းပါပဲ။ ဒီသီချင်းကြားရတိုင်း မောင်နဲ့ပတ်သက်လို့ သတိရစရာလေးတွေက ကျွန်မရင်ထဲ ပြေးဝင်လာတတ်ကြပါတယ်။

*    *    *

*(They Remind Me Too Much of You သီချင်းက One Broken For Sale နဲ့တစ်ဖက်စီပါ။ ၁၉၆၃ခုနှစ် ဇန်နဝါရီလမှာ ဖြန့်ချိခဲ့တယ်။ အဲဒီအရင်က Return to Sender ဆိုတဲ့သီချင်း ထွက်ခဲ့သေးတယ်။ ဒီသီချင်းအားလုံးဟာ ပျောက်ဆုံးနေတဲ့ အချစ်နဲ့ ပတ်သက်လို့ ဖွဲ့ထားတဲ့ အလွမ်းသီချင်းတွေချည်းပါပဲ)*

*    *    *

ကျွန်မ မောင့်ကို ချစ်နေဆဲပါ။ သူ့ကို မေ့နိုင်အောင် အိမ်ထောင်ပြုလိုက်ပေမယ့် ဘာမှ ထူးခြားမလာခဲ့ပါဘူး။ တကယ်တော့ အတ္တကြီးမားလှတဲ့ ကျွန်မက မောင့်ကို ကျွန်မတို့ကိစ္စ ဘယ်လိုဆုံးဖြတ်ကြမလဲလို့ တစ်ခါမှ အခွင့်အရေး ပေးစဉ်းစားခွင့် မပေးခဲ့ပါဘူး။ ကျွန်မဘာသာ တစ်ဖက်သတ်ဆုံးဖြတ်ပြီး စွန့်လွှတ်စွန့်စား နေခဲ့တာပါ။ စာစောင်တွေက သူ့အချစ်ဇာတ်လမ်းတွေ ရေးကြတာကို မယုံဖို့ ဟိုတုန်းက သူပြောခဲ့ဖူးတာပဲ။ ကျွန်မအနေနဲ့ ဒီကိစ္စကိုဖြေရှင်းနိုင်အောင် သူ့ကို အခွင့်အရေးပေးသင့်တာပေ့ါ။ ကျွန်မအနေနဲ့ ဘာဖြစ်လို့ သဝန်ကြောင်ခဲ့မိတာလဲ။ မောင်က ကျွန်မတကယ်သေသွားပြီလို့ ယုံနေတာ ဖြစ်မှာပေ့ါ။ တကယ်တော့ အဖြစ်မှန်အားလုံးကို ရှင်းပြသင့်တာက ကျွန်မမဟုတ်လား။ တကယ်လို့ ကျွန်မသာ သူ့ဆီဆက်သွယ်နိုင်ဖို့ ခွန်အားရှိခဲ့မယ်ဆိုရင် ခုလို ပြဿနာတွေ ပေါ်လာစရာ အကြောင်းမရှိတော့ဘူးပေ့ါ။

၁၉၆၄ခုနှစ်မှာ ကျွန်မအလုပ်တွေ ပြောင်းပြန်တယ်။ နောက်ဆုံး 'အလင်ကော့(စ)'

http://www.cherrythitsar.org



ကုမ္ပဏီမှာ ရောင်းဝယ်ရေး ဒါရိုက်တာဖြစ်လာတယ်။ လခက တစ်ပတ်ကို ဒေါ်လာတစ်ရာနဲ့ ကော်မရှင်ရတယ်။ မစ္စတာကေ့(စ)က ပြဇာတ်နဲ့ တီဗွီမင်းသား ဖြစ်ပြီး ဒီအထည်လုပ်ငန်းကို အပိုဝင်ငွေအနေနဲ့ လုပ်ထားတာပါ။

ဒီဇိုင်းယားရီးကလေးက ထူးထူးခြားခြား ကြီးလွယ်တဲ့ ကလေးတစ်ယောက်ပါ။ အသက်လေးနှစ်အရွယ်မှာ စန္ဒရားသင်ပေးတော့ လိုက်တီးနိုင်တယ်။ တစ်နှစ်ထက်တစ်နှစ် ရုပ်ကလည်း မောင်နဲ့ တူလာတယ်။ နှုးညံ့ညင်သာပုံ၊ ရိုသေကိုင်းရှိုင်းပုံတွေက မောင့်စိတ်ဓာတ်တွေပဲပေ့ါ။ သမီးက စိတ်ဓာတ်ရော ရုပ်ပါ မောင်နဲ့ တူပါတယ်။ မျက်နှာ၊ မျက်လုံး၊ နှုတ်ခမ်းတို့ တူရုံသာမကဘူး၊ လက်ချောင်းပုံစံကလည်း မောင်နဲ့ တစ်ထပ်တည်းပဲ။ သမီးကို ကျွန်မ သိပ်ချစ်ပါတယ်။ ဒါပေမယ့် စိတ်အနှောင့်အယှက်တစ်ခု ဖြစ်စေတာက  သမီးဟာ ဘယ်တော့မှ မပြုံးမရယ်ခြင်းပါဘဲ။

သမီးကိုချစ်တာမှန်ပေမယ့် ဒီဇိုင်းယားရီးဆိုတဲ့ နာမည်ကို ကျွန်မမခေါ်ရက်ပါဘူး။ ဒါကြောင့် သမီးပထမတန်းရောက်တဲ့နှစ်မှာ 'သမီးကို မာမီက ရိုမန်းနိုး လို့ပဲ ခေါ်တော့မယ်'လို့ဆိုတော့ သမီးက 'ရပါတယ် မာမီ'တဲ့။ အဲဒီနောက်မှာ အားလုံးက သမီးကို ရိုမန်းနိုး ဒါမှမဟုတ် ရုန်း(မ)လို့ ခေါ်ကြပါတော့တယ်။

ကျွန်မသမီးတွေအားလုံး ထူးခြားချက် ကိုယ်စီရှိကြပါတယ်။ တစ်ခါတလေ မိသားစုဝိုင်းပြီး စန္ဒရားတီးကြ၊ သီချင်းဆိုကြနဲ့ နေရာတာ ပျော်စရာပါပဲ။ ဒီဝိုင်းမှာ ဂျက်က ဘယ်တော့မှ မပါဘူး။ သူ့အလုပ်နဲ့သူ ရှုပ်နေတာပဲ။ သူက ပိုက်ဆံအကုန်အကျများတယ် ညည်းတတ်လွန်းလို့ ကျွန်မကလေးတွေအတွက် သူ့ဆီက တစ်ပြားမှ မယူပါဘူး။ အားလုံး ကျွန်မပဲ တာဝန်ယူပါတယ်။ ကျွန်မတို့ အိမ်ထောင်ရေးက အဲဒီကွာဟမှုတွေ ရှိနေကြပေမယ့် ကလေးတွေ ပျော်နေတာ မြင်ရတော့ ကျွန်မကျေနပ်ရပါတယ်။

၁၉၆၅ခုနှစ် နှစ်ဦးပိုင်းတစ်ညနေမှာ ကျွန်မမူးလဲသွားတယ်။ ဆရာဝန်တွေက ကျွန်မထင်တဲ့အတိုင်း ကိုယ်ဝန်ရှိနေပြီလို့ ဆိုတယ်။ ဆဋ္ဌမမြောက် ရင်သွေးသမီးလေး ဂျက်ကလင်းကို စက်တင်ဘာလမှာ မွေးခဲ့ပါတယ်။

အိမ်မှုကိစ္စ၊ ကလေးတွေကိစ္စဆောင်ရွက်ရင်းနဲ့ပဲ နောက်ထပ် နှစ်နှစ်ကုန်ဆုံးသွားခဲ့ပါတယ်။ မောင့်သီချင်းတွေလည်း ရေဒီယိုမှာ သိပ်မကြားရတော့ဘူး။ ဘာကြောင့်မှန်းတော့ ကျွန်မမသိဘူး။ သူ့အောင်မြင်မှုကလည်း တဖြည်းဖြည်း မှေးမှိန်လာတယ်။ သူ သရုပ်ဆောင်တဲ့ ရုပ်ရှင်ကားတွေ ကျွန်မမကြည့်ဖြစ်တာ နှစ်တော်တော်ကြာခဲ့ပြီ။ လွမ်းလို့ မကြည့်တာ မဟုတ်ပါဘူး။ ကားတွေက

http://www.cherrythitsar.org



ညံ့လွန်းလို့ မကြည့်တော့တာပါ။ ဇာတ်တွေက ထပ်နေပြီ။ ကျွန်မသိခဲ့တဲ့ မောင့် အနုပညာ အရည်အချင်းတွေက ဘယ်ရောက်ကုန်ကြပြီလဲ။ သူ အထင်ကြီးတဲ့ မန်နေဂျာကြီးကကော မောင့်အရည်အချင်းတွေ ကျဆင်းကုန်အောင် လုပ်နေပြီလား။

ပရစ်ဆလာက မဂ္ဂဇင်းတွေမှာ ရေးခဲ့ကြတဲ့အတိုင်း Grace Land အိမ်ကိုရောက်နေပြီ။ တချို့ကပြောတော့ လက်ထပ်ပြီးကြပြီတဲ့။ ဒါပေမယ့် ဒီသတင်းတွေ မဟုတ်ဘူးလို့ ရေးတဲ့ စာစောင်တွေကလည်း ရေးကြပြန်ရော။ မောင့်ကို တစ်နေ့မှ မေ့မရတာ အမှန်ပါ။ ဒါပေမယ့် ကွဲကွာနေတဲ့ ရှစ်နှစ်ကာလအတွင်းမှာ ပရစ်ဆလာဆိုတဲ့ မိန်းမဝင်လာတော့ အရင်ကလို နေ့တိုင်းငိုမနေဖြစ်တော့ဘဲ တစ်လမှ တစ်ခါသာ ငိုဖြစ်ပါတော့တယ်။

အကြိမ်ပေါင်းများစွာ စာစောင်တွေက ဖော်ပြခဲ့ပြီး နောက်ဆုံး ၁၉၆၇ခုနှစ်၊ မေလ ၁ရက်နေ့မှာ မောင် တကယ် လက်ထပ်ခဲ့ပါတော့တယ်။ စာစောင်တွေ၊ မဂ္ဂဇင်းတွေက ဓာတ်ပုံဝေဝေဆာဆာနဲ့ ရေးကြတယ်။ နှစ်အတော်ကြာကြာကာလ အတွင်းမှာ မောင့်အတွက် ပထမဆုံးအကြိမ် ပြန်လည်ရေးသားပေးကြခြင်းပါပဲ။ ဒီသတင်းကို မျှော်လင့်ပြီးသားမို့ သူမပါတဲ့ ဘဝခရီးကို လျှောက်လှမ်းနိုင်အောင် ခွန်အားမွေးခဲ့ပေမယ့် တကယ်သတင်းကြားရချိန်မှာ နာကျင်ခံစားရပါတယ်။ တစ်ခါတုန်းက ကျွန်မတစ်ယောက်တည်းကိုသာ ထာဝရချစ်ပါတယ်လို့ သစ္စာထားခဲ့တဲ့ မောင့်စကားတွေ ကြားယောင်မိတယ်။ ဘုရားရှိခိုးကျောင်းသွားပြီး မေ့နိုင်တဲ့ခွန်အား ပေးသနားဖို့ တစ်နာရီကျော်ကြာအောင် ဆုတောင်းမိတယ်။ မောင်ပျော်ပါစေ။ တစ်ခါတုန်းက မှောက်မှားခဲ့ကြလို့ သမီးလေးမွေးခဲ့တဲ့ အဖြစ်တွေကိုလည်း ခွင့်လွှတ်ဖို့ ဆုပန်ရပါသေးတယ်။ ခုတော့ သမီးအဖေဟာ ဘယ်သူပါလို့ သိခွင့်ပေးဖို့ဝေးပြီပေါ့။

အလုပ်တွေ တစ်ခုပြီးတစ်ခု ပြောင်းရင်း လစာလည်း တိုးတိုးလာခဲ့တယ်။ တစ်ကြိမ်မှာတော့ ကျွန်မအလုပ်ရှင်က သူ့ဟိုတယ်မှာ သီချင်းဆိုမလားလို့ မေးလာသေးတယ်။ ဂျက်က သဘောမတူလို့ မဆိုရဘူး။ ကျွန်မဘဝမှာ ဒီလို တစ်ယောက်ယောက်ရဲ့ ချုပ်ကိုင်မှုကြောင့် အခွင့်အရေးတွေ လွတ်ခဲ့ရတာ အခါခါပါပဲ။ ကလေးတွေက ဒါးလတ်(စ)မှာ အခြေကျပြီး ပျော်နေကြပြီဆိုတော့ သူတို့အတွက်ပဲ အရာရာကို ဦးစားပေး စဉ်းစားရပါတယ်။

၁၉၆၇ခုနှစ် ပူလောင်လှတဲ့ ဇူလိုင်လရဲ့ နေ့တစ်နေ့မှာ သမီးဂျက်ကလင်းနဲ့ ကျွန်မရှိနေတုန်း တံခါးဘဲ(လ)သံ ကြားရတယ်။ ဖွင့်လိုက်တော့ ပန်းဆိုင်က လူတစ်ယောက် နှင်းဆီပွင့် ဆယ့်လေးပွင့်ပါတဲ့ ပန်းစည်းတစ်စည်း ကျွန်မအတွက်

http://www.cherrythitsar.org



လာပို့တာပါ။ ပန်းစည်းမှာ ကတ်ပြားတစ်ခုပါပြီး စာတန်းလေး ရေးထားတယ်။ 'အချစ်စစ်တို့မည်သည် ဘယ်သောအခါမှ သေဆုံးခြင်းမရှိ'တဲ့။ လက်မှတ်ထိုးမထားပါဘူး။ ပန်းဆိုင်ကို ဖုန်းဆက်ပြီး ဘယ်သူပို့ခိုင်းတာလည်းမေးတော့ လုံးဝမဖြေဘူး။ သူတို့ဟာ ရှေ့နေ၊ ဆရာဝန်၊ ဘုန်းကြီးများလို သူတို့ကို ယုံကြည်အားထားလာတဲ့သူရဲ့ အမည်ကို ဖော်ပြခွင့်မရှိဘူးတဲ့။ ယုတ်စွအဆုံး သာမန်ဆယ့်နှစ်ပွင့် မဟုတ်ဘဲ ဆယ့်လေးပွင့် ဘာကြောင့်ပို့ရလဲဆိုတာတောင် မပြောဘူး။ ခေါင်းထဲမှာ ဖျတ်ခနဲ အတွေးတစ်ခုဝင်လာတယ်။ ၁၉၅၃ခုနှစ်ကနေ ၁၉၆၇ ခုနှစ်ဆိုတော့ (၁၄)နှစ်။ ဒါကြောင့် ဆယ့်လေးပွင့် ပို့တာလား။ ဒါဆို မောင်ပို့လိုက်တာလား။

လုပ်ငန်းခွင်ထဲရောက်ပေမယ့် စိတ်က မငြိမ်တာကြောင့် ဘာအလုပ်မှ မည်မည်ရရ မပြီးဘူး။ ဒါကြောင့် မစ္စတာဘာကလေးကို နေမကောင်းလို့ အိမ်ပြန်ပါရစေလို့ ခွင့်တိုင်ပြီး ပြန်လာခဲ့တယ်။ အိမ်မှာ ထိုင်နေတာက ပိုဆိုးတယ်။ ဒါကြောင့် မစ္စတာဘာကလေးကို ဖုန်းဆက်ပြီး ကျွန်မတို့ ကုမ္ပဏီကလုပ်မယ့် ညှိနှိုင်းပွဲအတွက် လိုအပ်တာတွေ တိုင်ပင်စကားပြောနေလိုက်ပါတယ်။ ပြန်ချထားလိုက်ပြီး မကြာမီမှာ ဖုန်းမြည်လာလို့ မစ္စတာဘာကလေးပဲအထင်နဲ့ ကောက်ကိုင်လိုက်ပါတယ်။ 'ဟဲလို'လို့ ကျွန်မထူးလိုက်ပေမယ့် တစ်ဖက်က ငြိမ်နေတယ်။ ဖုန်းဆက်သွယ်မှု အသံကြားရတာ ရပ်ဝေးကနဲ့ တူပါတယ်။

'လူစီလား' အသံကြားလိုက်ရတော့ တုန်သွားတယ်။

'ဟုတ်ပါတယ်' ကျွန်မလည်ချောင်းထဲမှာ တစ်စုံတစ်ခု တစ်ဆို့လာသလို ခံစားရတယ်။

'ခုပြောနေတာ ဘယ်သူလဲ'

တစ်ဖက်က ငြိမ်သွားပြီး ဖုန်းချလိုက်ရတယ်။ အသံထွက်လာဦးမလား၊ မျှော်လင့်ချက်နဲ့ ဖုန်းကို ကိုင်ထားမိသေးတယ်။ ဒါပေမယ့် အဆက်အသွယ်က ပြတ်သွားခဲ့ပြီ။

ဖုန်းဆက်ခဲ့သူက မောင်။

□

http://www.cherrythitsar.org

http://www.cherrythitsar.org



# အခန်း(၁၄)

ဩဂုတ်လ ၁၉၆၇

ကျွန်မ အဲဒီညက အိပ်မပျော်တော့ပါဘူး။ နှစ်တွေ ဒါလောက်ကြာပြီးမှ ဘာကြောင့်များ ဖုန်းဆက်ရတာလဲ မောင်ရယ်။ ကျွန်မကို ဘယ်လိုများ ရှာတွေ့ခဲ့တာလဲ မောင်။ မောင် နောက်ထပ်ဆက်ဦးမှာလားဟင်။ ကျွန်မမှန်းသိပါလျက် ဘာကြောင့် ဖုန်းချသွားတာလဲကွယ်။ အဖြေထွက်မလာတဲ့ မေးခွန်းတွေ၊ ကျွန်မ နှလုံးသားကို မွချေနေတဲ့ မေးခွန်းတွေပါပဲ။ နောက်တစ်နေ့ ကျွန်မအလုပ်သွားရပေမယ့် စိတ်မပါတော့ဘူး။ စိတ်တွေက ဟိုအဝေးကြီး၊ အဝေးကြီးကို လွင့်နေပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်က စမ်းချောင်းလေး ဘေးနားကို ပျံ့လွင့်သွားခဲ့တယ်။

အဲဒီညမှာ ကျွန်မဘာမှ မစားဖြစ်တော့ဘူး။ ညရှစ်နာရီခွဲမှာ ဖုန်းသံမည်လာတယ်။

'ဟဲလို. . . '

'ခုပြောနေတာ လူစီလား'

'ဟုတ်ကဲ့'

'ဂွန်ဂျိုး(စ)ပါ'

သူ့အသံ တိတ်သွားတယ်။ ကျွန်မလည်း တိတ်သွားတယ်။

ကျွန်မ ဘာပြောရမှာလဲ။

'လူစီလားဟင်'

'ဟုတ်ပါတယ်'

'ကိုယ့်ကို မှတ်မိသေးရဲ့လား'

ကျွန်မ စကားမပြောနိုင်တော့ပါဘူး။

'မင်း နားထောင်နေရဲ့လား'

'ဟုတ်'

http://www.cherrythitsar.org



'မင်း လူစီဟုတ်လား'

'ဟုတ်ပါတယ်'

'အခုပြောနေတာ ဘယ်သူလဲ သိရဲ့လား'

'သိပါတယ်'

'မင်းဘယ်မှာရှိတယ်ဆိုတာ ခုမှ ကိုယ်ရှာတွေ့တာ၊ စကားပြောလို့ ဖြစ်ရဲ့လားဟင်. . .'

သူ့အသံက သူ့ကိုယ်သူ စိတ်မလုံ ဖြစ်နေရတယ်။ ကိုယ့်ကိုယ်ကို အမြဲတမ်း ယုံကြည်မှု အပြည့်ရှိခဲ့တဲ့ သူ. . . ခုတော့. . .

'ရပါတယ်၊ အခု ဘယ်ရောက်နေတာလဲ'

'ကိုယ် L.A ကို ရောက်နေတယ်၊ ကိုယ်တွေ့ချင်တယ် လူစီ။ မောင်တို့ စကားပြောကြရအောင်ကွာ နော်။ မောင် တောင်းပန်ပါတယ်ကွာ'

မောင်က တောင်းတောင်းပန်ပန် တစ်ခုခုတော့ အမှားအယွင်းရှိနေပြီ။

'ဘယ်လို တွေ့ရမှာလဲ'

'ဒီကို လာခဲ့ပါလား လူစီ၊ မောင် စကားပြောချင်လို့ပါ'

'ချစ် နေကောင်းရဲ့လားဟင်'

'နေကောင်းပါတယ်။ မောင်ကော' ကျွန်မ ပါးပြင်ပေါ်မှာ မျက်ရည်တွေက စီးကျနေပြီ။

'ချစ်ရှိမယ့်နေရာ ကိုယ်ရှာတွေ့ပြီ။ အံ့သြစရာ မကောင်းဘူးလား။ မောင်တို့ တွေ့ကြရအောင်နော်. . .'

'ကျွန်မ လာနိုင်မယ် မထင်ဘူး မောင်ရယ်'

'ဒါဆို ချစ်ရှိတဲ့နေရာကို မောင်လာခဲ့ရမလား'

ဂျက်က အခန်းထဲ ဝင်လာပြီး ကျွန်မကို ကြည့်နေတယ်။

'မဖြစ်ပါဘူးရှင်၊ ဒီကိစ္စကို ကျွန်မအခု မဆွေးနွေးပါရစေနဲ့'

'ကိုယ် မနက်ဖြန် ပြန်ဆက်ရမလား'

'ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . အဲဒါ ပိုအဆင်ပြေပါလိမ့်မယ်'

ဂျက် ကြည့်နေတာကြောင့် အလုပ်ကိစ္စပြောနေတဲ့ လေသံမျိုး ကျွန်မပြောလိုက်ရတယ်။

'မနက်ဖြန် မနက်ဆယ်နာရီ မောင်ဆက်မယ်၊ ဖုန်းနားမှာပဲ စောင့်နေပေးပါနော် ချစ်'

'ဟုတ်ကဲ့။ ကျွန်မ ကတိပေးပါတယ်'

http://www.cherrythitsar.org



'ချစ်အသံလေးတွေ ကြားရတာ ပျော်လိုက်တာကွာ။ မောင် ဘယ်လောက် ပျော်တယ်ဆိုတာ ချစ်သိနိုင်မှာ မဟုတ်ဘူးနော်'

'ကျေးဇူးတင်ပါတယ်၊ မနက်ဖြန်ဆို ပိုကောင်းပါတယ် မစ္စတာဂျုံး(စ)'

'ကိုယ့်ဘဝ ပြန်အသက်ဝင်လာခဲ့ပြီ လူစီ။ ချစ်အသံကြားရရုံနဲ့ မောင့်ဘဝ ရှင်သန်လာပြီ။ မနက်ဖြန် ဆယ်နာရီ ကိုယ်ဆက်မယ်နော်၊ မောင်တို့ စကားပြောကြ ရအောင်၊ ဂွတ်ဘိုင် ဒီဗိုင်းယားရီး'

'ဘယ်သူလဲ'

ကျွန်မဖုန်းချလိုက်ချိန်မှာ ဂျက်က မေးလာတယ်။ ကျွန်မက Los Angeles Times က ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တဲ့အကြောင်း အရေးပြခန်းတစ်ခုအတွက် ဆွေးနွေးချင်လို့ ပြောလိုက်ရတယ်။ စကားဆုံးဆုံးချင်း ကျွန်မတစ်ယောက်တည်း အိပ်တဲ့ သီးခြားအိပ်အခန်းထဲ ဝင်ခဲ့ပါတယ်။ နောက်ထပ် အိပ်မပျော်တဲ့ ညတစ်ည ပါပဲ။ မောင် ဘာတွေ စိတ်ညစ်နေတာလဲ၊ ကျွန်မနဲ့ ဘာကြောင့် တွေ့ချင်ရတာလဲ။ ကျွန်မဟာ တစ်ချိန်က မောင်သိခဲ့တဲ့ ကချေသည်မလေး မဟုတ်တော့ပါဘူး။ ကလေးခြောက်ယောက်အမေ အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်နေပြီလေ။ နောက် တစ်နေ့မနက် အိပ်ရာထတော့ ကျွန်မတွေးနေမိတယ်။ တကယ်ဆက်(စ)ဆယ်နာရီ (ကျွန်မရှိတဲ့ ဒေသစံတော်ချိန်) ဖုန်းဆက်မယ်ဆိုရင် မောင် ရှစ်နာရီမှာ အိပ်ရာ ထရလိမ့်မယ်။ သူရှစ်နာရီ ထမယ်ဆိုရင် ရုပ်ရှင်မရိုက်ဘဲ နေလို့လား။ ဒါမှမဟုတ် မေ့ပြီး သူပြောလိုက်တာလား၊ ဒါပေမယ့် မောင်ပြောတာ မှန်ပါတယ်။ မနက်ဆယ် နာရီတိတိမှာ ဖုန်းလာတယ်။ အိမ်မှာ ဂျက်ကလင်းကလေးနဲ့ ကျွန်မနှစ်ယောက် တည်း။

'လူစီ'

'ဟုတ်'

'တစ်ယောက်တည်းလားဟင်'

'ကျွန်မတစ်ယောက်တည်းပါ အဲ(လ)ဗစ္စ'

'ဘုရားသခင်. . . မောင် ဝမ်းသာလိုက်တာကွာ'

မောင်စိတ်လှုပ်ရှားသွားတဲ့အသံဟာ ငိုသံလိုတောင် ဖြစ်သွားရှာပါတယ်။

'နေကောင်းရဲ့လား မောင်၊ ကျွန်မ ဒီမှာရှိတယ်ဆိုတာ မောင်ဘယ်လိုလုပ် သိသလဲဟင်၊ မောင့် ဘဝမှာ အပြောင်းအလဲတွေ အများကြီးပဲနော်'

'မောင်တွေ့ပါရစေကွာ၊ အဲဒီတော့မှ မောင်ဖြေတော့မယ်။ ချစ်နဲ့ ပတ်သက် လို့ ခံစားချက်ဘာမှ မပြောင်းလဲသေးဘူး။ မောင် ချစ်တယ် လူစီရယ်'

http://www.cherrythitsar.org



'ကျွန်မအချစ် အား(လ)ရယ်၊ မောင့်ကို ကျွန်မချစ်ပါတယ်။ ဒါပေမယ့် မောင့်မှာ အိမ်ထောင်နဲ့၊ မောင့်ဇနီးက ရင်သွေးလေးတစ်ယောက် မွေးပေးတော့မယ် မဟုတ်လား။ အဲဒါတွေ ဘယ်ထားမလဲမောင်'

'ချစ် ဘာမှ မသိပါဘူးကွာ။ ဒါကြောင့် မောင်တွေ့ပါရစေလို့ ပြောတာပေါ့'

'မဖြစ်သေးဘူးမောင်၊ တနင်္ဂနွေနေ့မှာ ကွန်ဆတ်တစ်ခုရှိတယ်။ ပြီးတော့ တနင်္ဂနွေမနက်ပိုင်း ကျွန်မက ဘုရားကျောင်းမှာ ကလေးတွေကို ကျမ်းစာ သင်ပေးနေရသေးတယ်။ အဲဒါတွေပြီးတော့မှ. . . . '

'ချစ်အတွက် လက်မှတ်တစ်စောင်နဲ့ ဟိုတယ်အခန်းတစ်ခု စီစဉ်ထားလိုက် မယ်။ စိတ်မပူနဲ့ နောက်တစ်ပတ် မောင်ထပ်ဆက်မယ်၊ စိတ်ပြောင်း မသွားနဲ့ဦး နော်'

'မပြောင်းပါဘူး မောင်ရယ်။ ကျွန်မလည်း မောင့်ကိုတွေ့ချင်တာပဲပေါ့။ ဒါပေမယ့် ဘာမှ အစီအစဉ် မလုပ်ရသေးတာ။ ကျွန်မ အဆင်သင့် လုပ်ထားပါ့ မယ်'

'ချစ်က ဘာမှ မပြောင်းလဲဘူး။ ကောင်းတယ်ကလေးရယ်။ ဗုဒ္ဓဟူးနေ့ လောက်ဆို ဖြစ်မလားဟင်'

ပထမဆုံးအကြိမ် မောင့်ရယ်သံ ကြားလိုက်ရခြင်းပါပဲ။

'အိုကေ'

'ဒီနေ့ ဗုဒ္ဓဟူးနေ့ဖြစ်လိုက်ပါတော့ကွာ။ မောင် ဘာတွေကြားခဲ့ရတယ်ဆိုတာ ချစ်သိမှာ မဟုတ်ဘူး။ သူတို့ကပြောတော့ ချစ် နှင်းမုန်တိုင်းထဲမှာ သေပြီတဲ့။ ဒီသတင်းကြားရတော့ မောင် သေမတတ် ခံစားရတယ်။ မောင့် မာမီကလည်း သိပ်မကြာဘူး သေသွားတယ်လေ'

မောင် စကားပြောရင်း ဆို့နစ်လာပုံရတယ်။

'မောင့်ဘဝအားလုံး ဆုံးရှုံးခဲ့ရပြီဆိုတော့ နောက်ထပ်ဘာမှ မလိုချင်တော့ ဘူး ချစ်၊ ဘာမှ မရှိတော့ဘူး။ ခု ချစ်က မောင့်ဘဝထဲ ပြန်ရောက်လာပြီဆို တော့ မောင့်မှာ တစ်စုံတစ်ခုတော့ ရှိလာတာပေါ့လေ'

မောင် ခဏနားသွားတယ်။

'ချစ်ရယ်. . . မောင့်ကို ဘာကြောင့် မဆက်သွယ်ခဲ့တာလဲဟင်၊ မောင့် အသည်းတွေ ကွဲအောင် ဘာဖြစ်လို့ လုပ်ခဲ့တာလဲကွယ်'

'မောင်ရယ်. . . မောင့်အချစ်ဇာတ်လမ်းတွေ အများကြီးကြားနေရတော့ ကျွန်မနဲ့ပတ်သက်ပြီး မောင့်စိတ်ထားတွေ ပြောင်းကုန်ပြီလားလို့ပါ'

http://www.cherrythitsar.org



'ဘယ်တော့မှ မပြောင်းဘူး။ နောက်လည်း ဘယ်တော့မှ ပြောင်းမှာ မဟုတ်ဘူး။ ဗုဒ္ဓဟူးနေ့နော်၊ အိုကေ'

'အိုကေ'

'ဟေ. . . ဖုန်းမချခင် မောင်သိချင်တာတစ်ခု ပြောပါဦး။ ချစ်လေသံက လုံး၀ပြောင်းသွားတယ်။ အရင်လို ပြင်သစ်သံ မ၀ဲတော့ မောင်တောင် ရုတ်တရက် မမှတ်မိဘူး'

'မ၀ဲအောင်လုပ်တော့ မ၀ဲဘူးပေါ့မောင်'

'ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲ'

'မောင် မသိပါဘူးကွယ်။ စကားဝဲနေတာကိုက ကျွန်မ စိတ်အားငယ်နေရတယ်'

'မောင်ကတော့ အဲဒီလို ၀ဲတာလေးကိုပဲ ချစ်တယ်'

'ကျွန်မသိပါတယ်မောင်၊ ဒါပေမယ့် တစ်ခါတလေမှာ မိန်းမတစ်ယောက်ဟာ လေးစားမှုခံရဖို့အတွက် လိုအပ်တာတွေ လုပ်နေရပါတယ်'

'ဘာလဲ'

'ထားပါတော့ မောင်ရယ်၊ ဒါတွေ နောက်မှ ပြောကြရအောင်ပါ'

'ဗုဒ္ဓဟူးနေ့နော်'

'အိုကေ'

'ဖြစ်တယ်နော်'

'ဖြစ်ပါတယ်၊ မောင်နဲ့တွေ့မှ မောင်ကြားချင်တဲ့ ပြင်သစ်စကားတွေ ကျွန်မ ပြောပြမယ်နော်'

'ကောင်းတယ်'

ဆယ်နှစ်တာ ကာလအတွင်း ကျွန်မနှလုံးသား ပထမဆုံးအကြိမ် ပူနွေးလာခဲ့ပါတယ်။ မောင့်အသံကြားလိုက်ရရုံနဲ့ ကျွန်မဘ၀ ပြန်လည်ရှင်သန်ခဲ့တာမို့ ကျွန်မကို ဘယ်လိုရှာတွေ့သလဲဆိုတာတောင် မေးဖို့မေ့သွားတယ်။

ဒါအရေးမကြီးပါဘူးလေ။ မောင့်ကို တွေ့ရတော့မှာပဲ မဟုတ်လား။

* * *

*(မေရီဂျိုးဝက်(ဘ)ဆိုတဲ့ အမျိုးသမီးက ဆီ(လ)ဘာစတိန်းဆိုင်မှာ နှစ်ဆယ့်နှစ်နှစ်တိတိ လုပ်ခဲ့သူပါ။ သူမ ပြောပြချက်အရ ၁၉၆၀ နှစ်လယ်လောက်မှာ လူစီကို ဒါးလတ်(စ)က ဖက်ရှင်ပွဲတစ်ခုမှာ တွေ့ခဲ့ရသတဲ့။ ဒီတော့ လူစီမသေဘဲ အသက်ရှင်နေတယ်ဆိုတာ သိသွားတာကြောင့် 'အဲဒီလိုတွေ့လိုက်တော့ ဆိုင်မှာရှိ*

http://www.cherrythitsar.org



*တဲ့ မိန်းကလေးအားလုံး လူစီ ဒါးလတ်(စ)မှာရှိနေတယ်ဆိုတာ သိသွားကြပြီး လူစီကို လာမေးတဲ့သူမှန်သမျှ ဒါးလတ်(စ)မှာရှိတယ်လို့ ဖြေခဲ့ကြတာပေါ့'လို့ ဆိုတယ်။ အဲ(လ)ဗစ္စလည်း ဒီနည်းနဲ့ပဲ သိလာခဲ့တာပါ။)*

*　　　*　　　*

အဲ(လ)ဗစ္စက အပြောင်းအလဲဆိုတာကို လုံးဝမကြိုက်ဘူး။ သူက သူ့ပတ်ဝန်းကျင်မှာ ရှိသမျှအားလုံးကို ဒီအတိုင်းပဲ ရှိစေချင်တာ။ သူ့စိတ်ထဲမှာ ပြောင်းလဲခြင်းဆိုတာ အကောင်းထက် အဆိုးလို့ သူထင်တယ်။ ဒါကြောင့် သူက ဘယ်မြို့မှ မပြောင်းဘူး။ ငယ်ငယ်တုန်းကရှိလာခဲ့တဲ့ ပတ်ဝန်းကျင်မှာပဲ သူနေချင်တယ်။ ဒါကြောင့် ကျွန်မလေသံပြောင်းသွားတာကို သူမကြိုက်တာဘဲ။ ဒါပေမယ့် သူ့အသံလည်း ပြောင်းတာပဲ။ မဲ(မ)ဖစ္စလေသံထက် L.A လေသံ ပေါက်နေတယ်။ တကယ်လို့များ ကျွန်မက သူ့ကိုအရင်လေသံမျိုးနဲ့ ပြောစမ်းပါဆိုရင် သူဘယ်လိုနေမလဲ။ ဒါကို ကျွန်မတွေးမိတော့ ရယ်မိတယ်။ ရည်းစားထားခါစ ကျောင်းသူလေးတစ်ယောက်လို ရယ်နည်းမျိုးစုံနဲ့ ရယ်မိတာပါပဲ။

သူ့အကြောင်းတွေးနေရတာ ပစ္စုပ္ပန်ဘဝ အခက်အခဲတွေကို ခဏတစ်ဖြုတ် မေ့သွားစေတာ အမှန်ပါပဲ။ ကျွန်မတို့ ဘာဆက်လုပ်ကြမှာလဲ။ ဆက်ပတ်သက်ဦးမှာလား။ နှစ်ယောက်လုံး အိမ်ထောင်ရှင်တွေဖြစ်နေတော့ ကျွန်မ နောက်ဆုတ်ရမလား၊ ကျွန်မ ဘာဆက်လုပ်ရမလဲ။ အဲဒီအချိန်မှာ လူငယ်လေးတစ်ယောက်ကို ကျွန်မ သတိရမိတယ်။ ကျွန်မခေါင်းပေါ်မှာ ပန်းတွေနဲ့သီထားတဲ့ ပန်းခွေကလေးတစ်ခုတင်ပေးပြီး 'တို့နှစ်ယောက် ထာဝရအတူတူ နေသွားကြပါစို့၊ ဘာတွေပဲဖြစ်ဖြစ် မင်းကို ကိုယ်ထာဝရချစ်သွားမှာပါ။ ဘာတွေပဲဖြစ်ဖြစ် မင်းကို ကိုယ်ထာဝရ ချစ်သွားပါ့မယ်'လို့ ပြောခဲ့တာပါပဲ။

တနင်္ဂနွေနေ့ည ကွန်ဆတ်ပြီးတော့ အိမ်မှာ မိသားစုစုံကြတဲ့အချိန်၊ ကျွန်မက အလုပ်ကိစ္စတစ်ခုအတွက် ခရီးထွက်ရမယ်လို့ ပြောပြလိုက်တယ်။

'သမီးတို့. . . မာမီ စိတ်ချရမလား'

ကလေးတွေက စိတ်ချပါလို့ အာမခံကြတယ်။ သမီးကြီး ဒီဘိုရာက ဆယ့်ရှစ်နှစ်၊ မယ်လိုဒီက ဆယ့်ခြောက်နှစ်ဆိုတော့ သူတို့ကိုပဲ ကျန်တဲ့ကလေးတွေ အုပ်ထိန်းဖို့ တာဝန်ပေးရတယ်။

'မာမီ သီချင်းသွားဆိုမှာဆိုရင် ဒယ်ဒီက စိတ်မဆိုးဘူးလား'

မယ်လိုဒီက မေးလာတယ်။ ကျွန်မ သီချင်းဆိုဖို့သွားမှာမဟုတ်ဘဲ တခြားကိစ္စအတွက်သွားမှာ ဖြစ်တယ်လို့ ရှင်းပြလိုက်ရတယ်။

http://www.cherrythitsar.org



'သမီးကော လိုက်လို့ရမလား မာမီ'

သမီး ဒီဇိုင်းယားရီးက မေးလာတယ်။

ကိုးနှစ်သမီးလေး ဒီဇိုင်းယားရီးဟာ သိပ်လှတဲ့ ကလေးပါ။ ဒီဇိုင်းယားရီးကို ခေါ်သွားရင် သိပ်ကောင်းတာပေါ့။ တစ်နေ့မှ. . .

နောက်တစ်နေ့မှာ ဘုရားကျောင်းသွားပြီး မှန်ရာလမ်းကို ညွှန်ပြပေးဖို့ ဘုရားသခင်ထံမှာ ဆုပန်ပါတယ်။ ကျွန်မစိတ်တွေ ရှုပ်ထွေးနေပြီ။ သွားဖို့ ဆုံးဖြတ်တာမှားသွားပြီလား။ အဲဒီညမှာ မောင်ဖုန်းဆက်တယ်၊ ဗုဒ္ဓဟူးနေ့ အစား ကြာသပတေးနေ့ ပြောင်းစီစဉ်ထားသတဲ့။ လေယာဉ်လက်မှတ်ခကို ကျွန်မဘာသာ ကျခံမယ်ဆိုတော့ အခန်းခတော့ သူပေးပါရစေလို့ ဆိုတယ်။ ဘီဗာလီဟီး(လ)မှာ ဟိုတယ်လေးတစ်ခုရှိပြီး လူမမြင်နိုင်တဲ့ ဝင်ပေါက်တွေရှိသတဲ့။ ကောင်းတာပေါ့။

ဗုဒ္ဓဟူးနေ့ညဟာ ကျွန်မအတွက် ချောက်ချားစရာကောင်းတဲ့ညပါပဲ။ နောက်တစ်နေ့ မောင်နဲ့တွေ့ရင် ကျွန်မ မျက်နှာကျမနေအောင် အိပ်ပျော်ဖို့ ကျွန်မအတွက် လိုအပ်ပေမယ့် လုံးဝအိပ်မရခဲ့ပါဘူး။ စိတ်တွေ ချာချာလည်နေတယ်။ ကြောက်တာရော၊ စိုးရိမ်တာရောပါ ရောထွေးနေတယ်။ ကျွန်မအသက် သုံးဆယ်ရှိခဲ့ပြီ။ ဆယ့်ခြောက်နှစ်သမီးတုန်းက မောင်နဲ့တွေ့ခဲ့တဲ့ပုံစံမျိုး မဟုတ်နိုင်တော့ဘူး။ မောင် စိတ်ပျက်သွားမလားဆိုတဲ့ အတွေးက ကျွန်မကို ခြောက်လန့်နေတော့တာပဲ။

နောက်တစ်နေ့မနက်မှာ အိပ်ရာက ထ ထချင်း မောင်ကြိုက်တဲ့အနံ့ပါတဲ့ ခေါင်းလျှော်ရည်ပုလင်းထုတ်ပြီး ပခုံးထိရှည်တဲ့ ကျွန်မဆံပင်ကို လျှော်လိုက်တယ်။ အရောင်တောက်လာအောင် ဘီးနဲ့ အကြိမ်ပေါင်းများစွာ ဖြီးခဲ့တယ်။ ကျွန်မလက်တွေ တုန်နေလိုက်တာ မိတ်ကပ်တောင် ဖြောင့်ဖြောင့်မလိမ်းနိုင်ခဲ့ပါဘူး။ ကျွန်မတစ်ကိုယ်လုံး ပြင်သစ်ရေမွှေးနံ့ပါတဲ့ ကိုယ်လိမ်းအဆီနဲ့ ပွတ်သပ်လိုက်ပါသေးတယ်။

အခက်ခဲဆုံးကတော့ ဘာဝတ်ရမလဲဆိုတာ ဆုံးဖြတ်ရတာပါပဲ။ ကျွန်မက သံလွင်ရောင်အစိမ်းနုနု ဝတ်စုံကလေး ဝတ်ချင်တယ်။ အစိမ်းရောင်က ကျွန်မမျက်လုံး အရောင်နဲ့ လိုက်ဖက်တယ်။ အဲ(လ)ဗစ္စက သစ်တော်သီးအရောင်အညိုနုနုကို ကြိုက်တယ်။ အစိမ်း၊ မီးခိုးတို့ကိုလည်း သူကြိုက်တတ်တာမို့ ဒီဝတ်စုံပဲ ဝတ်လိုက်တယ်။ ဘာဖိနပ်စီးမလဲ၊ ခွာမပါ ဖိနပ်စီးမလား၊ ခွာနိမ့်နိမ့်စီးမလား၊ သုံးလက်မခွာ စီးမလား၊ နောက်ဆုံးမှာတော့ သုံးလက်မခွာပါတဲ့ ဖိနပ်အနက်ကိုပဲ စီးဖြစ်တယ်။

ခရီးစဉ်အားလုံး ချောမွေ့ပေမယ့် ကျွန်မစိတ်လှုပ်ရှားနေခဲ့ပါတယ်။ လေယာဉ်

http://www.cherrythitsar.org



ပေါ်မှာ မဂ္ဂဇင်းတစ်အုပ်ဖတ်ဖို့ကြိုးစားပေမယ့် စာတစ်ကြောင်း၊ နှစ်ကြောင်းက မတက်နိုင်တော့ဘူး။ လေယာဉ်ဆင်းတော့မယ်လို့ အချက်ပြတော့ ကျွန်မသတိလစ်သွားမတတ် ခံစားလိုက်ရပါတယ်။ အိမ်သာတစ်ခေါက်သွားပြီး မျက်နှာကို ပေါင်ဒါပုတ်ဖြစ်သေးရဲ့။ မောင်လာကြိုနေမှာ မဟုတ်မှန်း သိပါလျက်နဲ့ မိုက်လိုက်တဲ့ ကျွန်မ။ မောင် လာကြိုမှာလား။ သူဘာလုပ်မယ်ဆိုတာ ကျွန်မ မစဉ်းစားတတ်တော့ပါဘူး။

လေယာဉ်ကွင်းရောက်တော့ ကျွန်မပစ္စည်းတွေ စောင့်နေဆဲမှာပင် ကားဆရာတစ်ယောက်က ကျွန်မနား ကပ်လာတယ်။ သူက အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်တောင့်တောင့်၊ မွန်မွန်ရည်ရည်ဖြစ်ပြီး စကားကို သတိထားပြောနေပုံရတယ်။

'လူစီပါလား ခင်ဗျာ။ ကျွန်တော်က လူစီသွားမယ့်နေရာကို ပို့ဆောင်ပေးဖို့ ကားအဆင်သင့်ရှိနေပါတယ်'

သူ့ပုံစံက ရည်မွန်ပေမယ့် ကျွန်မက ကြောက်နေတယ်။ အဲ(လ)ဗစ္စက သူ့စိတ်ကူးကို ပြောင်းချင်ပြောင်းလိုက်မှာ၊ ဒီလူက ကျွန်မကို ဘယ်ခေါ်သွားမယ်ဆိုတာ ဘယ်သူပြောနိုင်မှာလဲ။ မတော်တဆ လူတွေအများကြီးရှိတဲ့နေရာခေါ်သွားရင်ကော. . . .

'ကျေးဇူးတင်ပါတယ်။ ကျွန်မအားလုံးစီစဉ်ထားပြီးသားမို့ ကျွန်မဘာသာသွားပါရစေ'

ကျွန်မစကားကြားလိုက်တော့ သူတော်တော်အံ့သြသွားပုံရတယ်။ ဒါပေမယ့် သူနဲ့လိုက်ခဲ့ဖို့ အတင်းခေါ်နေတယ်။ သူခေါ်လေ ကျွန်မက ငြင်းလေမို့ နောက်ဆုံးမှာတော့ လက်လျှော့သွားတယ်။ သူ့ကား ထွက်သွားတဲ့အထိ ကျွန်မစောင့်ပြီးတော့ အငှားကားတစ်စီးတားလိုက်ပါတယ်။ ဒရိုင်ဘာကို ကျွန်မက 'ကျေးဇူးပြုပြီး ဘီဗာလီဟီး(လ)ဟိုတယ် ပို့ပေးပါ'လို့ ပြောတော့ ကားဆရာကြီး မျက်ခုံးနှစ်ဖက် ပင့်သွားပြီး ဒီဟိုတယ်ရဲ့ ရာဇဝင်အရှည်ကြီးကို ပြောပြပါတော့တယ်။ ဒီဟိုတယ်မှာ အဲ(လ)ဗစ္စပရက်စလေ အပါအဝင် နာမည်ကြီးတွေ အမြဲတည်းတတ်ကြပြီး အမြဲတမ်း သူတို့တည်းနေကျ ဘန်ဂလိုလေးတွေမှာပဲ တည်းတတ်ကြပါသတဲ့။ မောင်ဟာ ဘာမှမပြောင်းလဲပါလား။ဒီပုံနဲ့ဆိုရင် ကျွန်မရောက်ပြီး မိနစ်ပိုင်းအတွင်း အခန်းပေါက်ရှေ့မှာ ဓာတ်ပုံသတင်းထောက်တွေ ရောက်လာကြမလားဘဲ။

ကားဆရာကြီးပြောတာ မပိုပါဘူး။ ဘန်ဂလိုလေးက အထင်ကြီးစရာ အပြည့်ပါ။ လှပတဲ့ ကော်ဇော၊ ခန်းဆီး လှလှလေးတွေ၊ ပိုးသားနဲ့ချုပ်ထားတဲ့ အိပ်ရာဖုံး၊ ရင်သပ်ရှုမောလောက်တဲ့ ရေချိုးခန်း၊ တယ်လီဖုန်း အစစအရာရာ

http://www.cherrythitsar.org



အထက်တန်းကျလှပါတယ်။ ပြတင်းပေါက်က စပျစ်ခြံတွေကို စီးမြင်နေရပြီး အစွမ်းကုန် သီးနေကြတာတွေကို မြင်ရပါတယ်။ အခန်းအပြင်အဆင်က စိတ်ညွှတ်နူးဖွယ် ဖြစ်နေတဲ့အတွက် ကွန်မစိတ်တည်ငြိမ်အောင် ကြိုးစားနေရတယ်။ မောင့်မှာ အိမ်ထောင်နဲ့၊ ရင်သွေးတစ်ယောက် ရတော့မယ်။ ကွန်မပျော်ရွှင်မှုအတွက် သူများကြေကွဲအောင် မလုပ်သင့်ဘူးလေ။ ပြတင်းပေါက်ကနေ ပြန်လှည့်လိုက်တော့ စားပွဲပေါ်မှာ နှင်းဆီပန်းတစ်ပွင့် တင်ထားတာ တွေ့ရတယ်။

'ဟောဒီ နှင်းဆီထဲမှာ မောင့်အချစ်တွေ ရှိတယ်'လို့ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်က သူပြောခဲ့ဖူးတာ ပြန်သတိရမိပါတယ်။ ညပေါင်းများစွာ မောင့် အပွေ့အဖက်၊ အယုအယ၊ အနမ်းလေးတွေ တမ်းတခဲ့ရတာ၊ ခုတော့ မောင်ရောက်လာတော့မယ်။

မှန်ထဲက ကွန်မကိုစိုက်ကြည့်နေတဲ့ အမျိုးသမီးရဲ့ မျက်နှာက မွန်ရိုးမြို့က ဆယ်ကျော်သက် မိန်းကလေးပုံစံ မဟုတ်တော့ဘူး။ အစိမ်းရင့် မျက်လုံးတွေက တောက်ပဆဲဖြစ်ပေမယ့် တည်ငြိမ်ရင့်ကျက်နေခဲ့ပြီ။ ဆံပင်က ပခုံးထိဝဲကျနေပြီး အရောင်တောက်နေတယ်။ မောင့်အကြိုက်ပဲလေ။ မိတ်ကပ်ပါးပါးကလေး လိမ်းထားတဲ့အတွက် ဆေးခြယ်ထားသလိုဖြစ်မနေဘဲ သဘာဝအတိုင်းပဲ ရှိနေတယ်။ ရေမွှေးနဲ့ ကိုယ်လိမ်းဆီအနံ့က သင်းပျံ့နေရဲ့။ မှန်ထဲက မိန်းမကိုကြည့်ရတာ အခြေအနေကောင်းပါတယ်။ ဒါပေမယ့် လက်တွေ့မှာ အခြေအနေကောင်းနိုင်ပါ့မလား။ မောင်က မိန်းမတွေအများကြီးတွေ့ခဲ့ဖူးတာဆိုတော့ တခြားမိန်းမတွေနဲ့ နှိုင်းယှဉ်ပြီး ဘာပြောမှာလဲ။ သူ့စိတ်ထဲမှာ နှိုင်းယှဉ်နေမှာတော့ သေချာတယ်။ တံခါးခေါက်သံ ညင်ညင်သာသာလေးပေါ်လာတာကြောင့် မှန်ထဲမှာ ကိုယ့်ကိုယ်ကို ငေးကြည့်နေမိတာ လန့်သွားမိတယ်။ တံခါးတစ်ဖက်မှာ တစ်သက်လုံး ကွန်မချစ်ခဲ့ရတဲ့ တစ်ဦးတည်းသော ယောကျ်ားရောက်နေပြီပဲ။

တံခါးကို ဖြည်းဖြည်းချင်းဖွင့်လိုက်တော့ ကွန်မနှလုံးသွေးတွေ ရပ်သွားတော့မလိုပါဘဲ။ ကွန်မတစ်သက်မှာ မြင်ခဲ့ဖူးတဲ့ ယောကျ်ားတွေထဲမှာ အချောဆုံးယောကျ်ား ရပ်နေလေရဲ့။အသက်ရှူမှားလောက်ပါတယ် မောင်ရယ်။ ကွန်မ သူ့မဂ်လာဆောင်ပုံတွေမှာ မြင်ခဲ့ရတာနဲ့ လုံးဝခြားနားနေတယ်။ ဆံပင်ရှည်ကုပ်ဝဲနဲ့ ဘောင်းဘီအနက်ရောင် အသားကပ်အောင် ကျပ်နေတယ်။ မောင် ဝတ်နေကျ ဘက်ဂီဘောင်းဘီပွပွကြီး မဟုတ်တော့ဘူး။ အပြာရောင် ရှပ်အင်္ကျီ၊ လည်ပင်းကြယ်သီးဖြုတ်ထားပြီး ရင်ဘတ်တစ်ဖက်တစ်ချက်မှာ ဇာလေးတွေ တပ်ထားသေးတယ်။ အသားညိုသွားပြီး ခိုင်မာတဲ့မေးရိုးတွေက အားလုံးအတွက် အဆင်သင့်ဆိုတဲ့ သဘောဆောင်နေသလိုပဲ။ ကြီးကျယ်ခမ်းနားလှတဲ့ သူ့ကို ကွန်မငေးကြည့်နေမိတယ် မောင်ရယ်။

http://www.cherrythitsar.org



ကျွန်မ သတိပြန်ဝင်လာချိန်မှာ မောင်လည်း ကျွန်မလိုပဲ ငေးကြည့်နေတယ်ဆိုတာ သတိထားမိတယ်။ မောင်က အခန်းထဲလျှောက်လာပြီး တံခါးကို နောက်ပြန်ပိတ်လိုက်ပေမယ့် မျက်စိက ကျွန်မမျက်နှာပေါ်က မခွာသေးဘူး။ မောင်က ဆွဲဖက်လိုက်တော့ ကျွန်မဖက်ထားမိတယ်။ လက်လွှတ်လိုက်ရင် ကျွန်မတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ပျောက်သွားတော့မလိုပါဘဲ။မောင်တစ်ကိုယ်လုံး တုန်နေသလိုပဲ။ ကျွန်မကိုယ်က တုန်နေတာလား မသိဘူး။ ကျွန်မကိုယ်ကို ခပ်ဖြည်းဖြည်းခွာလိုက်တော့ မောင့်မျက်လုံးထဲမှာ မျက်ရည်တွေနဲ့ လက်နှစ်ဖက်နဲ့ ကျွန်မဆံပင်ကို မြတ်မြတ်နိုးနိုး ဖွနေတယ်။ ပြီးတော့ လက်နှစ်ဖက်နဲ့ ယူလိုက်ပြီး အားပါးတရ နမ်းပါတယ်။ ကျွန်မကို ခပ်တင်းတင်းဖက်လိုက်ပြီး နားနှစ်ဖက်ပေါ်မှာ မောင့်လက်နဲ့ အုပ်ထားတယ်။

'မောင်ရယ်. . . မောင့်ကို တွေ့ရတာ ဝမ်းသာလိုက်တာ။ ကျွန်မအရမ်းလွမ်းနေတာ' ကျွန်မကပဲ စကားစပြောလိုက်ရပါတော့တယ်။

'မောင့် ဒီဇိုင်းယားရီးရယ်' မောင်က တိုးတိုးလေးရွတ်ရင်း ခုတင်ဘက်ဆွဲခေါ်သွားတယ်။ ခုတင်အစွန်းမှာထိုင်ကြရင်း ကျွန်မလက်နှစ်ဖက်ကို ဆုပ်ကိုင်ထားရင်း စကားပြောတယ်။

'မောင် ဘယ်တော့မှ ချစ်ကိုမတွေ့ရတော့ဘူး ထင်နေတာ။ ပက်လက်လှန်လှဲရင်း ချစ်ဘယ်လိုများ သေသွားပါလိမ့်လို့ အမြဲတွေးနေခဲ့ရတာပေါ့။ အချစ်ရှိတတ်မယ့် နေရာတွေကို ဖုန်းဆက်မေးရတာလည်း အမောပါပဲ။ပြန်ဖြေတဲ့သူတွေက ဇာတ်လမ်းတွေ အမျိုးမျိုး ပြောကြတယ်။ တချို့ကပြောတော့ ချစ်အဆိုကျော်တစ်ယောက်နဲ့ လိုက်ပြေးသွားသတဲ့။ အဲဒါ မဟုတ်ဘူးဆိုတာတော့ မောင်သိတာပေါ့။ ချစ်နဲ့ပြေးမယ့်အဆိုကျော်က မောင်ပဲရှိတာ မဟုတ်လား။ တချို့ကပြောတော့လည်း နှင်းမုန်တိုင်းထဲမှာ ချစ်သေသွားခဲ့ပြီတဲ့။ ဒါပေမယ့် ဘယ်သူမှ သေသေချာချာ ပြောနိုင်ကြတာ မဟုတ်တော့ မောင် ခဏခဏဖုန်းဆက်တာပဲ။ ဂျာမနီကပြန်ရောက်တော့ ဆက်သေးတယ်။ တစ်နေ့တော့ အဲဒီစတိုးဆိုင် အမျိုးသမီးတစ်ယောက်ကပြောတယ်။ ချစ် တက္ကဆက်(စ)က ရေနံသမားတစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက်ပြီလို့ သူတို့ကြားတယ်တဲ့။ ဒီသတင်းကြားရတော့ မောင့်အသည်းတွေ ကွဲတာပေါ့။ မုန်းဖို့ ကြိုးစားကြည့်တယ်. . .။ အဲဒီအရင် မောင်ဂျာမနီမှာရှိနေတုန်းက မိတ်ဆွေတစ်ယောက်က မိန်းကလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ မောင်မျက်စိတောင် မောင်မယုံနိုင်အောင် ဖြစ်သွားတယ် ချစ်ရယ်။ အဲဒီ မိန်းကလေးက ချစ်နဲ့ တော်တော်တူတယ်။ ခုတော့ မောင့်မှာ သူပဲ

http://www.cherrythitsar.org



ရှိတော့တာပေါ့'

ကျွန်မ မောင့်ပါးစပ်ကို လှမ်းပိတ်လိုက်တယ်။

'ရှူး. . . ဒါတွေ မပြောပါနဲ့မောင်၊ အဲဒီမိန်းကလေးကို မောင်ခေါ်လာခဲ့တာ မောင့်ဇနီးလောင်းအဖြစ် ခေါ်လာခဲ့တာပါ။ဒီသတင်းတွေကြားရတုန်း ကျွန်မလည်း အသည်းကွဲခဲ့ရတာပါပဲ။ မောင်နဲ့ ကျွန်မ ထားခဲ့ကြတဲ့ သစ္စာတွေ ပျက်ပြယ်သွားပြီဆိုတာကို ကျွန်မသိလိုက်တာပေါ့။ နာခဲ့ရပါတယ်မောင်။ ဒီနေ့ထက်ထိ နာကျင်တဲ့ဝေဒနာ ကျွန်မခံစားနေရတုန်းပါ။ ကျွန်မအိမ်ထောင်ပြုတယ်ဆိုတာ မှီခိုစရာရှာတဲ့ သဘောပါ။ ကျွန်မကလေးတွေအတွက် လုံခြုံမှုပေးနိုင်ဖို့ လိုတယ်လေ။ အဲဒီအချိန်မှာ မောင်က မောင့်ဘဝ အခြေကျနေပြီ၊ ကျွန်မမှာတော့. . . '

'ချစ်ရယ်. . . မောင်ပြောတာ နားထောင်ပါဦး။ အဲဒီမိန်းကလေးက ချစ်နဲ့ တော်တော်ကိုတူတာ။ ပြီးတော့ ဟိုမှာ မောင်တစ်ယောက်တည်း အထီးကျန်ဖြစ်နေတော့ ဒီမိန်းကလေးကို စိတ်ဝင်စားသွားတာပေါ့။ သူကလည်း မောင့်ကို ချစ်လိုပဲ လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့သာ ချစ်တာပါ။ ရုပ်ရှင်မင်းသားတစ်ယောက်အနေနဲ့ ချစ်တာမဟုတ်ဘူး'

မောင် စိတ်တိုနေပုံထောက်ရင် တစ်စုံတစ်ခုဖြစ်လာပုံရတယ်။ ဘာဖြစ်လာသလဲဆိုတာ ကျွန်မ မမေးပါဘူး။

'ဒါလောက် ရှင်းပြနေဖို့ မလိုပါဘူး မောင်ရယ်'

'ရှင်းရမယ်. . . ချစ်သိအောင်တော့ ပြောရမှာပေါ့။ ချစ်အသက်ရှင်နေသေးသမျှ ကာလပတ်လုံး မောင့်ကို ချစ်နေဦးမှာပဲဆိုတာ မောင်နားလည်တယ်။ မောင်တို့အချစ်က တခြားချစ်သူတွေနဲ့မှ မတူဘဲ။ ချစ်ကို ဆုံးရှုံးရတယ်။ မာမီက ဆုံးသွားတယ်။ မောင့်ဘဝက ဘာများမျှော်လင့်စရာရှိသေးသလဲကွာ။ ညညဆိုရင် မကျန်းမာတဲ့ တိရစ္ဆာန်တစ်ကောင်လို မောင် ညည်းနေမိတယ်။ ငိုပြီးမှ မောင် အိပ်ခဲ့ရတဲ့ညတွေ မနည်းတော့ပါဘူး။ မောင့်အနားမှာ အားပေးဖော်တစ်ယောက် လိုတယ်လေ။ ဟောလိဝုဒ်မှာ သူတို့ မောင့်အနားပို့ပေးတဲ့ မိန်းကလေးအားလုံးက မောင့်ကို အသုံးချသွားတဲ့သူချည်းပဲ။ သူတို့မှာ မောင်နဲ့ပတ်သက်လို့ ဘာခံစားချက်မှ မရှိကြဘူး။ ချစ်ကိုလည်း လုံးဝရှာမတွေ့ဘူးဆိုတော့ ဂျာမနီက မိန်းကလေးပဲ မောင့်မှာရှိတော့တာပေါ့။ သူလိုက်လာတာတောင် မောင်က လက်မထပ်သေးဘဲ အချိန်ဆွဲနေသေးတယ်။ ကာနယ်ကြီးက လက်ထပ်လိုက်တာ အကောင်းဆုံးပဲဆိုပြီး အတင်းစီစဉ်တာ။ သူ့ကို မောင် စိတ်ဝင်စားပါတယ်။ ချစ်ကို မောင်ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ ထင်တာကိုး'

http://www.cherrythitsar.org



ကျွန်မတို့ နှစ်ယောက်စလုံး ဘာဆက်ပြောရမှန်း မသိတော့ဘဲ ငြိမ်သက်နေမိကြတယ်။

'အား(လ)' မောင့်မျက်နှာကို လက်ဝါးနဲ့ ဖိထားရင်း ခေါ်လိုက်မိပါတယ်။ 'ဒီတစ်ခါ ကျွန်မအကြောင်း မောင်နားထောင်ရမယ့်အလှည့်၊ ကျွန်မအကြောင်း မောင် မသိတာတွေ အများကြီးပါ။ ကျွန်မ တစ်ခါတလေ ဆိုးဆိုးရွားရွား အရိုက်ခံခဲ့ရတာတွေ ရှိတယ်။ ဟိုလူကြီးက မောင်နဲ့ ကျွန်မအကြောင်းသိသွားတော့ သေမတတ် ရိုက်ခဲ့တယ်။ နောက်တစ်ခါ ထပ်တွေ့ရင် မောင့်ကို သွားသတ်မယ်တဲ့။ ဒါကြောင့် ကျွန်မပြေးခဲ့ရတာပါ မောင်ရယ်။ ကျွန်မသေမှာစိုးလို့ မဟုတ်ဘူး။ မောင့်ကို သတ်မှာစိုးလို့ပါ။ မောင်က အားလုံးအတွက် အဖိုးတန်လူတစ်ယောက်လေ။ မောင့်ကို ကျွန်မအသက်ထက်ချစ်ပါတယ်။ မောင်မရှိရင် ကျွန်မဘဝလည်း သေသွားမှာပဲ။ ကျွန်မက သာမန်လူထဲက လူတစ်ယောက်ပါ မောင်။ အားလုံးကောင်းဖို့အတွက် လုပ်သင့်တာကို လုပ်ခဲ့ရတာပါ။ ခုတော့ ဘဝမှာ အစစအရာရာ ပြောင်းလဲခဲ့ပါပြီမောင်ရယ်။ မောင်လည်း မောင့်အိမ်ထောင်နဲ့ဆိုတော့ ကျွန်မသေသွားပြီလို့ပဲ သဘောထားလိုက်ပါတော့ မောင်၊ အဲဒါ အကောင်းဆုံးအဖြေ ဖြစ်ပါလိမ့်မယ်'

'လုံးဝမဖြစ်နိုင်ဘူး လူစီ၊ အခု မင်းကို ဘယ်မှ သွားခွင့်မပေးနိုင်တော့ဘူး။ မင်းကို မောင်ချစ်တယ်၊ အဲဒီဟာ ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူး။ ခုမှ မောင့်ဘဝ အသက်ပြန်ရှင်လာရတာပါ'

'မောင်. . . မောင်နဲ့ကျွန်မအကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ သစ္စာထားခဲ့ကြတာ ဖျက်လိုက်ပြီလားဟင်'

'ဟင့်အင်း. . . ချစ်အကြောင်း မျှဝေခံစားပေးနိုင်မယ့်သူ တစ်ယောက်မှ မရှိပါဘူး။ မောင်တို့ဇာတ်လမ်းက ရှုပ်ထွေးနက်နဲတာဆိုတော့ ဘယ်သူယုံနိုင်မှာတဲ့လဲ။ မောင်ကလည်း လူတွေနဲ့ သိပ်စကားပြောတာမှ မဟုတ်တာ။ စကားပြောတယ်ဆိုတာက မာမီ့ကို ပြောသလို၊ ချစ်ကို ပြောသလိုမျိုး ပြောတာ။ တခြားလူတွေနဲ့ စကားပြောက မတူဘူးလေ။ ချစ်အကြောင်းပြောချင်ရင် မောင်က ဘုရားသခင်နဲ့ပဲ ပြောတယ်။ ချစ်ကိုရှာတွေ့ပါစေလို့ ဆုတောင်းတယ်။ ခုတော့ ဘုရားသခင်က မောင့်ဆုတောင်း ပြည့်စေခဲ့ပြီ'

မောင်က ကျွန်မဘေး ကပ်ထိုင်လိုက်တော့ မျက်နှာချင်းနီးနေပြီး ကျွန်မမျက်စိထဲကို သူစိုက်ကြည့်နေတယ်။ ညင်ညင်သာသာကလေး နမ်းတယ်။ မောင့်အနမ်းက မေတ္တာပါတဲ့ အနမ်း၊ ရမ္မက်ဆန္ဒနဲ့ နမ်းတဲ့အနမ်းမဟုတ်ဘူး။ ဒီထက်

http://www.cherrythitsar.org



ရှေ့ခရီးဆက်ဖို့ ခွင့်ပြုလို့ မဖြစ်နိုင်ဘူး။ ကျွန်မတို့ အိမ်ထောင်ဖက်တွေ အပေါ် သစ္စာမဖျက်သင့်ဘူးလေ။

'ဆောရီး အချစ်ရယ်. . . ချစ်စိတ်ထဲမှာ မောင်ဟာ သစ္စာမဲ့သူလို့များ တွေးနေသလား၊ မောင် တကယ်ချစ်လို့ပါ။ ချစ် အိမ်ထောင်ရေးကော အဆင်ပြေ ရဲ့လားဟင်'

'မဆိုးပါဘူးမောင်ရယ်။ ကျွန်မက တစ်ခုလပ်၊ ပြင်သစ်လူမျိုး၊ ကက်သလစ် ဘာသာဝင်၊ ကလေးတွေလည်းရှိတယ်ဆိုတော့ သူ့ဘဝနဲ့တော့ ခြားနားတာပေါ့။ ဒါတွေက ကိစ္စမရှိပါဘူး။ မောင်နဲ့ ကျွန်မကတော့ ကျွန်မတို့အမှားတွေကြောင့် တခြားသူတွေ မထိခိုက်အောင် ရှောင်ကြဉ်ကြရလိမ့်မယ်။ အဲဒါကို မောင် သတိထားရမယ်နော်'

'ဘာဆိုလိုတာလဲ'

သူ မျက်မှောင်ကြုတ်ပြီး မေးလိုက်ပုံက ဒေါသပါနေတယ်။ တစ်ခုခုတော့ အမှားအယွင်းရှိနေတာ သေချာပါတယ်။

'မောင့်မှာ အိမ်ထောင်ရှိတယ်။ မောင့်ဇနီးက မောင့်အတွက် ရင်သွေးလေး တစ်ယောက် မကြာခင်မှာ မွေးပေးတော့မှာဆိုတော့ ဒီအချိန်မျိုးမှာ သူစိတ်မညစ် သင့်ဘူးလေ။ ကျွန်မဘဝကတော့ မောင်နဲ့ ကွေကွင်းခဲ့ရတာ ဆယ်နှစ်ရှိပြီဆိုတော့ ဒီအတိုင်းပဲ ရှိပါစေတော့ မောင်ရယ်။ ကျွန်မ မရှိလို့လည်း မောင့်ဘဝ ဘာမှ မထူးခြားတော့ပါဘူး။ မောင့်ဘဝ အစစပြည့်စုံနေပြီပဲကွယ်'

'တော်စမ်း လူစီ. . . မင်း မောင်ဆိုတဲ့ သီချင်းတွေ နားမထောင်ဘူးလား။ တကယ်လို့များ မောင်တို့ မတော်တဆ ကွဲသွားကြရင် မောင့်သီချင်းတွေထဲမှာ ချစ်ကို ပြောချင်တဲ့ စကားတွေ ထည့်ဆိုမယ်လို့ ပြောထားတာ မေ့သွားပြီလား။ သီချင်းတွေ နားမထောင်ဘူးလားဟင်'

'ကျွန်မကြိုးစားကြည့်ပါတယ် မောင်၊ ဒါပေမယ့် ကျွန်မ နှလုံးသားက ခံနိုင်ရည်မရှိဘူး မောင်ရဲ့။ ပြီးတော့ မောင့်အချစ်ပုံပြင်တွေလည်း အများကြီး ကြားနေရတာကိုး'

'မိန်းမတွေ ဘယ်လောက်ပဲတွေ့တွေ့ မောင် မြတ်မြတ်နိုးနိုးချစ်တာက ချစ် တစ်ယောက်တည်းပါကွာ။ ကျန်တာတွေက ကိုယ့်ကျော်ကြားမှုအတွက် လုပ်ရတာတွေပါ။ ယုံတယ် မဟုတ်လား အချစ်'

'ယုံချင်ပါတယ် မောင်ရယ်။ မောင် အဲဒီလို ခဏခဏပြောတာ ကြားနေရ ရင်တော့ ကျွန်မက ယုံမှာပေါ့။ ခုတော့ ဟောတစ်ယောက်၊ ဟောတစ်ယောက်

http://www.cherrythitsar.org



ကြားနေရတာဆိုတော့ ကျွန်မ စိတ်ဓာတ်ကျပြီး လက်မြှောက်ခဲ့ရတာ အမှန်ပဲ'

သူ့မျက်နှာ ကြည်ကြည်လင်လင်ဖြစ်လာပြီမို့ ကျွန်မက စကားလမ်းကြောင်း လွှဲလိုက်တယ်။

'ကြည့်ပါဦး ကျွန်မတို့နှစ်ယောက် ငြင်းနေလိုက်ကြတာ ဒီလိုမငြင်းရတာ ကြာပြီနော်' မောင်ကရယ်တယ်။ ပြီးတော့ စကားလမ်းကြောင်း ပြောင်းသွားပါတယ်။

'ချစ်က မောင့်ပတ်ဝန်းကျင်က လူတွေကို သတိထားဖို့ သတိပေးခဲ့တယ်နော်၊ အဲဒီစကား သိပ်မှန်တာပဲကွာ။ အားလုံး ကိုယ့်ကို ညာစားနေကြတာ။ မိတ်ဆွေ စစ်ဆိုလို့ နှစ်ယောက်ပဲ တွေ့တယ်။ တစ်ယောက်က ချာလီ၊ သူက မောင် တပ်ထဲမှာစသိခဲ့တာ။ ချာလီက လူကောင်းတစ်ယောက်ပဲ၊ နောက်တစ်ယောက်က လယ်ရီ၊ သူက ဘာသာရေးကိုင်းရှိုင်းတယ်။ သူ့ မျက်လုံးတွေက သိမ်သိမ်မွေ့မွေ့ ပါပဲ။ ချစ်က ပြောဖူးတယ်မဟုတ်လား၊ မျက်စိဆိုတာ စိတ်ရဲ့ ကြေးမုံပြင်ပဲ ဆိုတာလေ။ အဲဒါကွာ. . . ကာနယ်က လယ်ရီကို သဘောမတူဘူး။ သူက အရာရာအားလုံးထက် ငွေကိုပဲ အလေးထားတတ်တဲ့သူကိုး။ ကျန်တဲ့သူတွေက လည်း ကာနယ်လိုပဲ။ ဒါပေမယ့် လယ်ရီ့မျက်လုံးလေးတွေမြင်တိုင်း ချစ်ကို မောင်သတိရတယ်။ လယ်ရီက အရာရာကို နားလည်ပေးနိုင်တယ်။ မောင့်ကို ကူညီတယ်။ ဒါပေမယ့် ဟိုလူတွေက လယ်ရီကို မောင်နဲ့ ဝေးအောင်လုပ်ထားကြ တယ်။ ချစ်နဲ့အကြောင်း သူတို့သိရင်လည်း ဒီလိုပဲလုပ်ကြမှာ'

'မောင့်မှာ မိတ်ဆွေကောင်းရှိတယ်ဆိုလို့ ဝမ်းသာပါတယ် မောင်ရယ်။ လောကမှာ အရေးကြီးတာက မိတ်ဆွေကောင်းရှိဖို့ပဲ။ ဒါနဲ့ မောင့်မိန်းမကကော မောင့်ကို ဂရုစိုက်ရဲ့လား'

'တစ်ခါတလေတော့ ဂရုစိုက်ပါတယ်။ ဒီမိန်းမက မတည်ငြိမ်ဘူး၊ မပြတ်သား ဘူး။ ကိုယ့်ဘဝကို နားမလည်ဘူး။ ဘယ်လိုပြောရမှန်း မသိပါဘူးကွာ။ ထားလိုက် ပါတော့. . . ချစ်အကြောင်း ပြောပါဦး'

'ကျွန်မက ဆယ်ကျော်သက်တွေကို တနင်္ဂနွေနေ့မှာ ဘာသာရေးစာပေတွေ ပို့ချပေးတယ်။ မောင်နဲ့ ဝေးသွားတဲ့အချိန်တုန်းက ကျွန်မသင်ခဲ့တာပေါ့။ ကလေး တွေကို သင်ပေးရတော့ စိတ်ထဲမှာ သက်သာရာရတယ်လေ'

'လူတွေကို ချစ်က ဘုရားသခင်အကြောင်း သင်ပေးတယ် ဟုတ်လား။ ကောင်းလိုက်တာကွာ၊ မောင်လည်း အဲဒီလို တတ်ချင်လိုက်တာ'

အချိန်တော်တော်ကြာကြာ ဘာသာရေးအကြောင်းပြောနေကြရင်းက မောင် က ကျွန်မဘာကြောင့် ဒါးလတ်(စ)မှာ အိမ်ထောင်ပြုရတာလဲလို့ မေးတယ်။

http://www.cherrythitsar.org



ကလေးတွေ အတွက်ပါဆိုတာ ကျွန်မ ထပ်ဖြေရပြန်တယ်။

'ဘာကြောင့် မောင့်ကို ကူညီခွင့် မပေးတာလဲဟင်။ မောင့်မှာ ပိုက်ဆံရှိတာပဲ။ မောင်ကူညီဖို့ ခွင့်ပေးသင့်ပါတယ်'

'ဒါတွေ မပြောပါနဲ့တော့ မောင်။ ကျွန်မအကြောင်း မောင်သိပါတယ်။ တစ်စုံတစ်ခုဟာ အခမဲ့ရမယ်ဆိုရင် အဲဒါ အဓိပ္ပာယ်မရှိဘူး။ အဲဒါ မောင်သိပါတယ်'

အိပ်ရာပေါ်က မောင်ထလိုက်ပြီး အခန်းထဲမှာ လမ်းလျှောက်နေတယ်။ သူ့ စိတ်ထဲမှာ နည်းနည်းတော့ ပြေလျော့သွားပုံရတယ်။

'ကိုယ့်ဘဝရော၊ မင်းဘဝပါ ရှုပ်ထွေးလှတယ် လူစီရယ်၊ ကိုယ်တို့ ဘာကြောင့်များ အဲဒီလို ခံစားနေကြရတာလဲ'

'ဒီလိုပဲပေါ့ မောင်ရယ်'

'နောက်ထပ် ဘာတွေဖြစ်လာဦးမှာလဲ၊ ချစ်ကကော ပြန်ပျောက်သွားဦးမှာလားဟင်'

ပြတင်းပေါက်ဆီ ကျွန်မလျှောက်သွားပြီး စပျစ်ခြံကို ငေးနေမိတယ်။

'ဟင့်အင်း. . . ကျွန်မမပြေးတော့ပါဘူး မောင်၊ ကျွန်မ ရန်သူတွေကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ သိခဲ့ပြီပဲ။ ကျွန်မအသက်လည်း မငယ်တော့ဘူးဆိုတော့ အချစ်နားကနေ ထွက်မပြေးတော့ပါဘူး။ ကျွန်မတို့ ပန်းတိုင်ကိုလည်း သိနေကြပြီပဲ။ ပျော်ပျော်နေနိုင်အောင် ကြိုးစားရမှာပေါ့'

'မောင်ကတော့ နှစ်ယောက်အတူနေရတာကလွဲလို့ ဘာမှ လက်မခံချင်ဘူး လူစီ'

'မောင်ရယ်. . . ကျွန်မတို့နှစ်ယောက် ဆုံစည်းခဲ့ကြတယ်။ ကျွန်မတို့ အချစ်တွေရေးခဲ့ကြတယ်။ ဒါကို ဘယ်သူမှ ဖျက်လို့မရပါဘူးကွယ်။ ကျွန်မအကူအညီလိုချိန်မှာ မောင်က ကူညီတယ်။ ဒါကို ကျွန်မ ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး။ စိတ်ခံစားချက်ဆိုတာ ဘယ်သူမှ တားဆီးလို့ ရတာမှ မဟုတ်ဘဲ မောင်ရယ်'

မောင်က ကျွန်မကို သိုင်းဖက်ထားတယ်။

'ချစ်တယ်ဆိုတာ ကိုယ်ချင်းရင်းနှီးမှု မဟုတ်ပါဘူးကွယ်။ ကျွန်မ မောင့်ကို တပ်မက်တာပေါ့။ ဒါပေမယ့် စိတ်ကို ထိန်းရတယ်။ ကျွန်မတို့မှာ မေ့မရတဲ့ အချစ်တွေ၊ အပျော်တွေ၊ ယုံကြည်ကိုးစားမှုတွေ ထာဝရ တည်ရှိနေပြီ မောင်ရယ်'

'အဲဒါတွေနဲ့ မလုံလောက်သေးပါဘူး လူစီ၊ မောင်ဟာ တစ်ကိုယ်ကောင်း

http://www.cherrythitsar.org



ဆန်ခဲ့တယ်။ ချစ်မရှိတဲ့ ဘဝမှာ နေနိုင်အောင် ကြိုးစားခဲ့တယ်။ မရဘူး လူစီ၊ ကိုယ် မနေနိုင်ဘူး။ ဒီအတွက် ချစ်ကို မောင်ပေးဆပ်ရမယ်။ မောင်တို့ နှစ်ယောက် ရှေ့ဆက် ဘယ်လို ခရီးဆက်ရမယ်ဆိုတာ ဘုရားသခင်ထံမှာ ဆုပန်ပြီး လမ်းညွှန်မှု ယူကြတာပေ့ါကွယ်'

'ဟုတ်ပါတယ် မောင်၊ ခုလည်း ဘုရားသခင်က ပို့ပေးလိုက်လို့သာ ကျွန်မဆီ မောင် ရောက်လာခဲ့တာပေ့ါ'

နှစ်ယောက်သား ခုတင်အစွန်းမှာထိုင်ပြီး ထွေရာလေးပါးစကားတွေ ဆက်ပြောကြတယ်။ သူ့စကားတွေထဲမှာ စိတ်ရှုပ်နေတယ်ဆိုတာ သေချာစေတဲ့ စကားတွေ ပါလာပါတယ်။

'ကိုယ်က ပရိသတ်အတွက် ရှင်သန်နေတာ လူစီ၊ ကိုယ့် ပတ်ဝန်းကျင်က လူတွေကတော့ ကိုယ့်ကို ကြိုးကိုင်ပြီး ဘာတွေလုပ်စားရမလဲဆိုတာပဲ စဉ်းစားနေကြတာ။ ကိုယ့် ရုပ်ခန္ဓာကိုယ်ကို သူတို့ ချုပ်ကိုင်လို့ရပေမယ့် စိတ်ကိုတော့ ဘယ်သူ ထိန်းနိုင်မှာတဲ့လဲ။ ကိုယ့်စိတ်အကြောင်း ဘယ်သူမှ နားမလည်ကြဘူး။ နားလည်တာ မင်းတစ်ယောက်ပဲရှိတယ် လူစီ။ မောင်တို့နှစ်ယောက်ပေါင်းမိရင် အားလုံးကို အောင်နိုင်မှာ သေချာတယ်'

'ဖြစ်နိုင်ပါတယ်။ တစ်နေ့နေ့မှာ ပေ့ါလေ။ မောင့်ဘဝ နောက်ဆုံးကဏ္ဍမှ မရောက်သေးတာဘဲ'

'ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝတုန်းက ပျော်တယ်လူစီ။ ခု ထိပ်ဆုံးကို ရောက်လာတော့ မပျော်တော့ဘူး'

'တကယ်'

'တကယ်. . . တကယ်'

သူက ကျွန်မစကားပြောရင် မကြာခဏ သုံးတတ်တဲ့ စကားနဲ့စတယ်။

'တစ်နေ့က မောင်တို့ တိရစ္ဆာန်ရုံထဲမှာ မြင်းသွားစီးတာ သတိရမိတယ်။ မှတ်မိတယ် မဟုတ်လားဟင်။ ချစ်ကို သတိရတာနဲ့ မောင်မွေးမြူရေးခြံတစ်ခု ဝယ်ဖြစ်သွားတယ်။ ဟိုလူတွေကတော့ ဘာမှ စိတ်မဝင်စားကြပါဘူး။ သူတို့က ဟောလီဝုဒ်မှာ ဇိမ်နဲ့နေချင်ကြတဲ့သူတွေပဲ။ ဒါပေမယ့် အဲဒီခြံဝယ်ပြီးချိန်မှာ ချစ် မောင့်အနားမှာ မရှိတာ သတိရမိတော့ ဒီခြံဟာ မောင့်အတွက် အလကားပဲပေ့ါကွယ်။တစ်ခါတုန်းက စတူဒီယိုထဲမှာ "I'll Remember You"သီချင်းသွင်းတော့ ချစ်မျက်နှာလေးက မောင့်အနားရှိနေသလို ခံစားခဲ့ရဖူးတယ်။ မောင့်ဘဝကတော့ အလုပ်ပြီး အလုပ်ပါပဲ။ အလုပ်လုပ်နေမှ ကာနယ်က သဘောကျတယ်။ ဒါမှလည်း

http://www.cherrythitsar.org



မောင့်မှာ တွေးချိန်၊ ဆွေးချိန် မရမှာကိုး။ ခုလည်း ရုပ်ရှင်တွေ တစ်ကားပြီးတစ်ကား ဆက်ရိုက်နေရတယ်။ ကိုယ်မှုန်းလာပြီ၊ မောင်က စင်ပေါ်မှာ သီချင်းဆိုချင်တာ။ ကာနယ်သာ ချစ်နဲ့အကြောင်းသိသွားရင် တားမှာသေချာတယ်။ ဒါကြောင့် မောင်က ဘယ်သူ့မှမပြောဘူး။ ကျန်တဲ့လူတစ်ယောက် သိသွားရင်လည်း သူတို့ပြောကြမှာ'

'မောင် အခုဒီမှာရှိနေတာ သိတဲ့လူ ရှိလား'

'မရှိဘူး။ တစ်ခါတလေတော့လည်း ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်နေချင်တာပေါ့ကွာ'

'ဒါဆို မောင်ပြန်သင့်ပြီ။ သူတို့ စိတ်ပူနေကြမှာပေါ့'

'ဘယ်သူတွေလဲ၊ မောင့် အလုပ်သမားတွေလား'

'သူတို့က အလုပ်သမားဆိုတာထက် ပိုမြင့်သလိုပဲ မောင်'

'ဟုတ်တယ်၊ အဲဒီတော့ မောင်တို့ ဘာလုပ်ကြမလဲ။ ချစ်ကိုလည်း မပြန်စေချင်သေးဘူး'

'ကျွန်မ ပြန်ရမယ်မောင်၊ ဖုန်းဆက်လို့ ရနေသားပဲ။ မောင် ဆက်မယ် မဟုတ်လား'

'မောင် နောက်ထပ် ဘယ်တော့ ထပ်တွေ့ခွင့်ရမလဲဟင်'

'အခွင့်အရေးရတဲ့အခါပေါ့ မောင်ရယ်၊ ဘုရားသခင်ရှိပါတယ်။ တွေ့ခွင့် ကြုံရင် တွေ့ကြရဦးမှာပါ။ ခု မောင့်မှာ ပရစ်ဆလာဆိုတဲ့ ဇနီးနဲ့ ရင်သွေးလေးရှိနေတယ်။ သူတို့ကို ဂရုစိုက်ပါမောင်။ မောင်နဲ့ကျွန်မအချစ်က အထူးစပါယ်ရှယ်ပါ။အဲဒီအချစ်ကနေ ပေါက်ဖွားခဲ့တာကို တစ်နေ့ မောင်နဲ့ ခိုးတွေ့တဲ့အချိန်မှာ ကျွန်မ ပြောပြပါဦးမယ်'

မောင်က ကျွန်မပြောနေတာ အင်မတန်ချောတဲ့ ကျွန်မတို့ ရင်သွေး ကိုးနှစ်သမီးလေးကို ရည်ရွယ်ပြောနေတယ်ဆိုတာ နည်းနည်းမှ မရိပ်မိရှာပါဘူး။

'မောင် ပြန်တော့ကွယ်'

'ဘာဖြစ်လို့လဲ'

'ဘာကြောင့်လဲဆိုတာ မောင်သိပါတယ်။ တစ်ချိန်ချိန်မှာ တွေ့ခွင့်ကြုံကြရဦးမှာပါနော် မောင်'

မောင်က ဒူးထောက်လိုက်ပြီး ကျွန်မကို သူ့ရင်ခွင်ထဲ ဆွဲကပ်ထားတယ်။ ကျွန်မက လက်ဖဝါးနှစ်ဖက်နဲ့ မောင့်နားတွေပေါ် အုပ်ထားလိုက်ပါတယ်။ ပြီးတော့ မောင်က ပြန်ရပ်လိုက်ပြီး နမ်းတယ်။

http://www.cherrythitsar.org



'ဒီနေ့ဟာ ကျွန်မတို့အတွက် ဘဝသစ်စတဲ့နေ့ပါပဲ မောင်'

'ဒီည ချစ် ဒီမှာပဲ ရှိနေဦးမှာလား'

'ဟုတ်ကဲ့၊ မောင်နဲ့ တွေ့ခဲ့တာလေးတွေ မမေ့နိုင်အောင် ကျွန်မဒီည ဒီမှာပဲ အိပ်နေဦးမှာပါ'

'မနက်ဖြစ်ဖြစ် မောင် ဖုန်းဆက်လိုက်ဦးမယ်။ ချစ် ဘယ်လောက် ကြည့်ကောင်းတယ်ဆိုတာတောင် မောင် မပြောဖြစ်သေးဘူး'

'မောင် ပြောမလားလို့ စောင့်နေတာ။ ကျွန်မ ရင့်ရော်သွားပြီလားဟင်'

'လှနေမြဲပါပဲ အချစ်ရယ်။ အချစ် အသိဉာဏ်တွေက အရင်ကထက်တောင် ပိုပြီး ရင့်ကျက်လာသေးတယ်။ ချစ် ဘယ်လောက်လှသလဲဆိုတာ မောင်ပြရဦးမယ်'

'ပြန်ပါတော့ သခင်ရယ်'

'ခဏလေးပါ သခင်မလေးရယ်. . . ဘဝသစ် အစလေ'

မောင်ပြန်သွားတော့ ကျွန်မကိုယ်ကျွန်မ လက်နှစ်ဖက်နဲ့ ပိုက်ထားရင်း ဘာမှ မပြောင်းလဲသေးတဲ့ မောင့်အကြောင်းတွေးနေမိတယ်။ မောင်ရယ်. . . ညင်သာတဲ့ မောင့်အသံ၊ ကြင်နာန္ဒွေးထွေးတဲ့ မောင့်မျက်လုံးတွေဟာ အရင်အတိုင်းပဲလား။ အပျော်တွေ ခံစားရင်း တစ်ညနေလုံး ကျွန်မ အိပ်ပျော်သွားခဲ့ပါတော့တယ်။

□

http://www.cherrythitsar.org



# အခန်း(၁၅)

အဲဒီည ရှစ်နာရီမှာ ကျွန်မနိုးလာတော့ အခန်းက မှောင်နေတယ်။ ရေမိုးချိုး ပေါ့ပေါ့ပါးပါး အဝတ်အစားလဲလိုက်ပြီး ညလေပြည်လေညင်းရဲ့ အရသာကို ခံစားဖို့အတွက် အပြင်ထွက်လမ်းလျှောက်လာခဲ့တယ်။ အနားမှာက ရေပန်းအလှဆင်ထားတဲ့ ပန်းခြံကလေးတစ်ခုရှိပါတယ်။ ရေကိုမြင်လိုက်တော့ ကျွန်မစိတ်နည်းနည်း ငြိမ်သက်မှုရခဲ့ပါတယ်။ မောင် ဘာကြောင့်များ ကျွန်မဘဝထဲ တစ်ကျော့ပြန်ဝင်လာခဲ့တာလဲ။ ကျွန်မတို့နှစ်ယောက် ရှေ့ရေးက ဘာတွေဆက်ဖြစ်ဦးမှာလဲ။ သာယာငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ဒီမေးခွန်းတွေက ကျွန်မရင်ထဲ ဗလောင်ဆူနေတယ်။ ဘီဗာလီဟီး(လ)ရဲ့ မီးရောင်စုံအလှတွေ လှလိုက်တာ။ ဝတ်ကောင်းစားလှ ဝတ်ထားတဲ့ ချစ်သူစုံတွဲလေးတွေက လက်ချင်းချိတ်ပြီး လျှောက်နေကြတယ်။ ကျွန်မအမြင်မှာတော့ သူတို့ဟာ တစ်ယောက်ကို တစ်ယောက်ချစ်တာထက် သာယာမှုရှိနေကြတာပဲလို့ မြင်မိတယ်။ ကားတွေကလည်း ရိုး(လ)ရွိုက်(စ)နဲ့ မာစီဒီးကားတွေကလွဲလို့ တခြားမရှိဘူး။ တကယ်တော့ ဒီဒေသဟာ နှလုံးသားရေးရာထက် ရုပ်ဝတ္ထုပစ္စည်းတွေက ကြီးစိုးနေတဲ့ဒေသဖြစ်လို့ ကျွန်မနဲ့ သင့်တော်တဲ့ ဒေသမဟုတ်ပါဘူး။ အခန်းပြန်ရောက်တော့လည်း ကျွန်မတစ်ယောက်တည်း အောက်ဆင်းပြီး ညစာမစားချင်တော့တာကြောင့် အခန်းထဲကိုပဲ စားစရာတွေပို့ပေးဖို့ မှာလိုက်ပါတယ်။ မနက်ကျရင် မြင်ရတွေ့ရမယ့် တောက်တောက်ကြွားကြွား မြင်ကွင်းတွေအတွက် ကျွန်မစိတ်ပျက်မိသေးတယ်။ လေယာဉ်လက်မှတ်ကို ကြိုတင်ဝယ်လိုက်ပါတယ်။

ညတော်တော်နက်မှ မောင်ဖုန်းဆက်တယ်။ တစ်ယောက်တည်း အပြင်မထွက်ပါနဲ့တဲ့။ သူ ဟိုတယ်ကို တစ်ခေါက်ပြန်လာချင်သေးသတဲ့။ ဒီလိုညကြီးသန်းခေါင်မှ သူလာရင် နှစ်ယောက်စလုံးအတွက် သွေးဆူလွယ်တဲ့အပြင် ကျွန်မအနေနဲ့လည်း ကိုယ့်ကိုထိန်းဖို့ ခွန်အားမရှိတော့မှာ သေချာပါတယ်။ ဒါကြောင့်

http://www.cherrythitsar.org



ကျွန်မပင်ပန်းနေလို့ မလာပါနဲ့တော့လို့ပဲ တားလိုက်တယ်။ ဒါဆို မနက်သူလာခဲ့မယ်တဲ့။ ကျွန်မ မနက်အစောကြီး ပြန်တော့မယ့်အကြောင်းကို သူ့ကိုပြောလိုက်တော့ ကျွန်မကို ရှောင်တာမဟုတ်လားလို့ စွပ်စွဲပြန်တယ်။ ပြီးတော့ သူကျွန်မကို ငွေကြေးထောက်ပံ့ပါရစေတဲ့။ ထုံးစံအတိုင်း ကျွန်မတို့နှစ်ယောက် ငြင်းခုန်ကြပြန်ရော။ နောက်ဆုံးမှာ ကျွန်မက 'ကျွန်မတို့နှစ်ယောက်ဘဝမှာ ငွေနဲ့လဲလို့ရတာဘာမှ မရှိဘူး မောင်'လို့ ဆိုလိုက်တော့ မောင်ကရယ်တယ်။

'အချစ်ဆီက မောင် ဘာကိုမှ ငွေနဲ့ လဲယူနေတာ မဟုတ်ပါဘူးကွာ'တဲ့။

မောင်က မဲ(မ)ဖစ္စနဲ့ လော့(စ)အိန်ဂျလိ(စ)က သူ့ဖုန်းနံပါတ်တွေပေးတယ်။ တကယ်လို့ အဲဒီဖုန်းနံပါတ်တွေ ဆက်လို့မရရင်လည်း စိတ်မပူနဲ့တဲ့။ ပရိသတ်တွေက ဆက်လွန်းတော့ ဖုန်းနံပါတ် ခဏခဏပြောင်းထားရတယ်တဲ့။ တကယ်လို့များ ဆက်လို့မရရင် သူ့ဦးလေးဆီကို ဆက်ပါတဲ့။ ဦးလေးက ဗက်(စ)တာပရက်စလေ ဖြစ်ပြီး အဲဒီဖုန်းနံပါတ်လည်း ပေးထားတယ်။ သူ ခံစားနေတယ်ဆိုတာ ကျွန်မ သိပေမယ့် ဆင်အိပ်ရာ ဆိတ်နိုးဖြစ်မှာစိုးလို့ စကားမစတော့ဘူး။ သူ့အလုပ်တွေကြောင့် ခံစားနေရတာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ဒါတွေက ကျွန်မအရာလည်း မဟုတ်ဘူး။ကျွန်မသိသင့်တဲ့ကိစ္စဆိုရင် မောင်က ပြောမှာပဲပေါ့။ မနက် ဒါးလတ်(စ)ကို ပြန်ရတော့မယ့်အကြောင်း တွေးပြီး ကျွန်မ အိပ်မပျော်ဘူး။

နောက်သုံးလေးလကတော့ ထုံးစံအတိုင်း မိသားစုတွေ၊ အလုပ်ကိစ္စတွေ၊ ဘာသာရေးသင်တန်း ကိစ္စတွေနဲ့ လုံးလည်လိုက်နေပါတယ်။ အဲဒီနှစ် အောက်တိုဘာလမှာ ကျရောက်တဲ့ ကျွန်မအသက် ၃၁နှစ်မြောက် မွေးနေ့ကို သမီးတွေက ကျွန်မအံ့သြသွားအောင် လှပတဲ့စားသောက်ဆိုင်တစ်ခုမှာ ကျင်းပပေးကြတယ်။ မိသားစုနဲ့ နွေးနွေးထွေးထွေး ကျင်းပခွင့်ရတဲ့ မွေးနေ့ပွဲလေးဟာ ပျော်စရာပါပဲ။ ဒါပေမယ့် ဒီလို မွေးနေ့ပွဲမျိုး တစ်ကြိမ်လောက်များ မောင်နဲ့အတူ ကျင်းပခွင့်ရရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ အတွေးတော့ ကျွန်မတွေးမိသေးတာပါပဲ။ အိမ်ပြန်ရောက်တော့ ဂျက်က မစ္စတာဂျုံး(စ)ဆိုတဲ့ ကောင်တစ်ကောင် ဖုန်းဆက်တယ်လို့ပြောတယ်။ မောင်ပေါ့. . . ကျွန်မရောက်ပြီး ခဏနေတော့ မောင် ဖုန်းဆက်ပြီး မွေးနေ့ဆုတောင်းစကား ပြောတယ်။ သူ့လေသံက ပျော်သယောင် ဟန်ဆောင်ပြောနေပေမယ့် သူစိတ်ဓာတ်ကျနေတယ်ဆိုတာ ကျွန်မ အလိုလို သိလိုက်တယ်။ မောင်က နှင်းဆီတစ်ပွင့် ပို့ထားတယ်တဲ့။ ကျွန်မ အခန်းထဲဝင်လိုက်တော့ စားပွဲပေါ်မှာ နှင်းဆီနီလေးတစ်ပွင့်။ ကတ်ပြားလေးမှာ ရေးထားတာက 'မြတ်နိုးသူတစ်ဦးမှ'တဲ့။

http://www.cherrythitsar.org



သမီးကြီးက အပျိုမလေးဖြစ်နေပြီ။ အဲနစ္စက ဆယ့်သုံးနှစ်၊ ဒီဇိုင်းယားရီးက ကိုးနှစ်၊ သား ဂျက်ကွစ္စက ခြောက်နှစ်နဲ့ သမီးအငယ်ဆုံး ဂျက်ကလင်းက နှစ်နှစ်ရှိနေပြီ။ တနင်္ဂနွေနေ့ဆိုရင် ကျွန်မတို့မိသားစု စက်ဘီးစီးချင်စီး၊ မြင်းစီးချင် စီးကြပြီးတော့ တောစပ်ဘက်ပျော်ပွဲစားထွက်တတ်ကြပါတယ်။ ကျွန်မကလေး တွေနဲ့ နေရတဲ့အချိန်ဟာ ကျွန်မဘဝမှာ ပျော်စရာကောင်းတဲ့အချိန်တွေပါပဲ။ ခရစ္စမတ်မတိုင်မီ ရက်ပိုင်းအလိုမှာ ဘုရားရှိခိုးကျောင်းမှာဆိုဖို့ သီချင်းတွေ ကျွန်မတို့ မိသားစု လေ့ကျင့်ကြတယ်။ ဂျက်က အလုပ်လုပ်နေတယ်။ သူက ဥပဒေဘွဲ့ရပေမယ့် ကားအရောင်းအဝယ်လုပ်ငန်းမှာ ပိုပျော်နေတယ်လေ။ တယ်လီဖုန်းသံကြောင့် ကျွန်မတို့ ဓမ္မတေးဆိုနေတာ ရပ်လိုက်ကြတယ်။

'မင်းမရှိရင် ဒီခရစ္စမတ်ဟာ ကိုယ့်အတွက် လွမ်းစရာဖြစ်နေမှာပဲ'

ကျွန်မ လန့်သွားတယ်။ အသံက 'ဘင်ခရော့(စ)ဘီ'အသံမျိုး၊ နောက် တော့မှ ကျွန်မခေါင်းထဲမှာ တစ်ခု သတိရသွားတယ်။

'ဘင်. . . ကျွန်မကို ဆက်သွယ်ရင် အိမ်ကို မဆက်သွယ်ပါနဲ့လို့ ဘယ်နှခါ ပြောရမလဲ'

တစ်ဖက်က အသံတိတ်သွားတယ်။ ကျွန်မရယ်ချင်စိတ်ကို အောင့်မထားနိုင် တော့တာမို့ ရယ်လိုက်မိတယ်။ဒီတော့မှ မောင်လည်း ရယ်နိုင်တော့တယ်။

'မောင် လန့်သွားတာပဲကွာ'

'နေကောင်းရဲ့လား၊ အား(လ)လဲ(န)(စ)လော့(တ) အသံကြားရတာတော့ ကြည်ကြည်လင်လင်ပဲ'

'ဟန်နီရယ်. . . မောင့်အနားမှာ ရှိလိုက်ပါတော့လား'

'နေကောင်းတယ် မဟုတ်လား'

'စကားတစ်ခုရှိတယ်လေ၊ အထီးကျန်ခြင်းနှင့် နာကျင်ကြေကွဲခြင်းသည် ရင့်ကျက်စေ၏တဲ့။ ဒီစကားသာမှန်ရင် မောင်တော့ ရင့်ကျက်လွန်းနေပြီထင်တယ်'

'ဝမ်းနည်းပါတယ် မောင်ရယ်၊ မောင် ဘာပြောချင်လို့လဲ'

'ဟုတ်တယ်၊ ပြောစရာရှိလို့၊ မနက်ဖြန်ပြောရင် ရမလား'

နေ့စေ့လစေ့ရှိနေတဲ့ ပရစ်ဆလာကို ထောက်ညှာသောအားဖြင့် မောင့်ကို ကျွန်မ မတွေ့သင့်ဘူးလို့ ထင်ပါတယ်။ သူမအနေနဲ့ မောင့်ကို အနားမှာ ရှိစေချင် မှာပေါ့။ ချစ်တဲ့သူ အနားမှာ မရှိဘဲနဲ့ ကလေးမွေးဖွားရတဲ့ ဝေဒနာကို ကျွန်မခံစား ဖူးတော့ ကောင်းကောင်းသိတာပေါ့။ ဒီလိုအဖြစ်ဆိုးမျိုး ဘယ်သူမှ မခံစားစေချင် ပါဘူး။

http://www.cherrythitsar.org



'ကျွန်မ နားထောင်နေပါတယ်'

သူ ခဏငြိမ်သွားတယ်။

'မောင် မင်းနဲ့ စကားတွေ ပြောချင်တယ်၊ ရယ်ချင်တယ်၊ လမ်းလျှောက်ချင်တယ်၊ ငယ်ငယ်တုန်းက အချိန်တွေ ပြန်ရောက်သွားချင်တယ်ကွာ၊ ကိုယ်တို့ နှစ်ယောက်တည်းပဲပေါ့'

'စိတ်ထဲကနေ ပြန်သွားလို့ ရတာပဲ'

'အဲဒီလိုက သိပ်မကောင်းဘူးကွာ'

'ကဲပါ မောင်ရယ်၊ ဒီခရစ္စမတ်ပွဲကို ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲလိုက်မယ်လို့ ကျွန်မကို ကတိပေးစမ်းပါ။ ကျွန်မဝိညာဉ်ကလည်း မောင်နဲ့အတူ ရှိနေမှာပါ'

'အဲဒီလိုဖြစ်အောင်ဆိုရင် ကိုယ်အရမ်း ကြိုးစားရလိမ့်မယ်'

'မကြာခင်မှာ မောင့်ရင်သွေးလေး မွေးလာတော့မှာပဲ။ အဲဒီအခါ မောင်ပျော်မှာပါ။ မယုံရင် စောင့်ကြည့်'

မောင့်ကို ဒီစကားပြောလိုက်ချိန်မှာ မောင်နဲ့ ကျွန်မရဲ့ သမီးလေးကို သတိရမိတယ်။ တစ်နေ့ကျရင်၊ ပြောသင့်တဲ့အချိန်ရောက်လာရင် ကျွန်မ မောင့်ကို ပြောမှာပါ။

'ဟန်နီရယ်. . . အသည်းတစ်ခြမ်းပျောက်ဆုံးနေတဲ့ဘဝမှာ အသက်ဆက်ရှင်နေဖို့ဆိုတာ အင်မတန်ခဲယဉ်းတဲ့ ကိစ္စပါကွာ။ မောင်တို့နှစ်ယောက် ခုလိုအားလပ်ရက်မှာ ဘယ်တုန်းကမှ အတူတူ မနေခဲ့ကြရဘူးနော်။ ချစ်က သတိကောထားမိရဲ့လား'

'သိပါတယ် မောင်ရဲ့၊သတိရလို့ ပြောရဦးမယ်။ မောင့်ကို ပြောစရာရှိတယ်။ ကျွန်မ ညသန်းခေါင် ဘုရားဝတ်ပြုပွဲမှာဆိုဖို့ သီချင်းစီစဉ်ထားတဲ့ သီချင်းကောင်းလေးတွေရှိတယ်။ အဲဒီသီချင်းတွေက ကျွန်မအမေနဲ့ မောင့်အမေအတွက် ရည်စူးထားတာ၊ မောင် သဘောကျမှာ၊ 'O Holy Night ၊ Joy To The World နဲ့ Lord's Prayer သီချင်းတွေလေ'

'ကောင်းတယ် ချစ်၊ မာမီက အဲဒီဓမ္မသီချင်းတွေ ကြိုက်မှာပါ။ မာမီ့ကို ချစ် မတွေ့လိုက်ရဘူးနော်။ ချစ် မာမီ့ကိုလည်း မောင် မတွေ့လိုက်ရဘူး'

'မောင်ရယ်. . . သူတို့ ပျော်နေကြမှာပါ။ ကျွန်မ သိနေတယ်။ သူတို့နှစ်ယောက် တွေ့ချင်တွေ့နေကြမှာပဲ'

'မောင်တို့လို ခွဲမနေကြရဘူးပေါ့'

'ကြိုးစားပြီး ပျော်အောင်နေပါ မောင်ရယ်၊ ဘဝဆိုတာ ခဏလေးပါ'

http://www.cherrythitsar.org



'မောင် ကြိုးစားပါမယ်၊ ဒါလည်း ချစ်အတွက်ပါ။ ချစ်တယ်ကွာ၊ ပျော်ရွှင်စရာ ခရစ္စမတ်ဖြစ်ပါစေ'

မောင့် အခြေအနေက တစ်စထက်တစ်စ ဆိုးလာသလိုပဲ။ မောင်ဘာတွေဖြစ်နေတာလဲ။ ကျွန်မ ဘာလုပ်ရမလဲ။ သူ့ကို သွားတွေ့ရမလား။ ဟင့်အင်း. . . ခုတွေ့လို့ မဖြစ်သေးပါဘူး။ ကျွန်မတို့ အချိန်စောင့်ကြရဦးမယ်'

နှစ်သစ်ကူး မတိုင်မီ နောက်တစ်ကြိမ် သူထပ်ဆက်သေးတယ်။ သေပြေးရှင်ပြေးပဲ။ သူ့နောက်ဘက်က အသံတွေလည်း ကြားနေရတယ်။ ခဏလေးပဲ စကားပြောဖြစ်တယ်။ နောက် ဖေဖော်ဝါရီလအထိ သူ မဆက်သွယ်တော့ဘူး။ မောင့် ဇနီးက သမီးကလေး မွေးသတဲ့။ သမီးလေးနာမည်ကို လီဇာမာရီလို့ နာမည်ပေးထားတယ်လို့ မောင်က ပြောတယ်။ ကျွန်မ စိတ်ဓာတ်ကျသွားပါတယ်။ မောင့်ကို သားတစ်ယောက် ရစေချင်တာ။ ကျွန်မစိတ်တွေက လွန်ခဲ့တဲ့ ကိုးနှစ်ကို ပြန်ရောက်သွားတယ်။ အလက်ဇန္ဒရီးယားဆေးရုံမှာ သမီးလေးကို ကျွန်မ တစ်ယောက်တည်း မွေးခဲ့ရတဲ့အချိန်ပေါ့။ လျှို့ဝှက်ချက်ကို ကျွန်မ ဘယ်ကာလအထိ မျိုသိပ်ထားရမှာလဲ။ ဒီဗိုင်းယားရီးကလေး ကြီးလာတာနဲ့အမျှ ကျွန်မအပြစ်က ပိုကြီးလာသလိုပါပဲ။ မောင့်ဘဝထဲမှာ ကိုးနှစ်ဆိုတဲ့ ကာလကို ကျွန်မဖုံးကွယ်ထားခဲ့ပြီ။ သမီးခမျာ သူ့အဖေအရင်းကို ကိုးနှစ်လုံးလုံး သိခွင့်မရရှာသေးဘူး။ တစ်ခါတလေမှာ ကျွန်မလုပ်နေတာတွေ မှန်မှ မှန်ရဲ့လားလို့ စဉ်းစားမိတယ်။ တကယ်တော့ ကျွန်မမှာ သူ့သမီးတစ်ယောက်ရှိနေတယ်ဆိုတာ မောင့်ကို အသိပေးသင့်တာပေါ့။ ဒီဗိုင်းယားရီးအနေနဲ့ သူ့အဖေဘယ်သူဆိုတာ သိသင့်သလို မောင့်အနေနဲ့လည်း သူ့သမီး ဒီဗိုင်းယားရီးရှိတယ်ဆိုတာ သိရမယ်လေ။ အခုတော့ ရှုပ်ကုန်ပြီ။ မောင်က အိမ်ထောင်ကျသွားပြီ၊ သမီးတစ်ယောက်လည်း ရနေပြီ။ သူ့ဘဝထဲ ကျွန်မတို့ သားအမိ ထိုးဖောက် မဝင်သင့်တော့ပါဘူး။

အချိန်တွေ ကုန်လာခဲ့တယ်။ ကျွန်မလည်း မောင့်လိုပဲ ဘဝမှာ နေရတာ တဖြည်းဖြည်း မပျော်တော့ဘူး။ နွေရာသီကုန်ခါနီးလောက်မှာ မောင် ဖုန်းဆက်လာတယ်။ သူရုပ်မြင်သံကြား အစီအစဉ်တစ်ခု ရိုက်ဖို့ရှိတယ်တဲ့။ သူ ရင်ခုန်နေရတယ်။ သူက ရုပ်ရှင်ပဲ ဆက်တိုက်ရိုက်နေခဲ့ပြီး ရုပ်မြင်သံကြား အစီအစဉ် တစ်ခါမှ မရိုက်ဖြစ်ခဲ့ဘဲကိုး။

'မောင် စိုးရိမ်နေတယ်ကွာ၊ ဆုတောင်းပေးပါဦး'

'တောင်းမှာပေါ့ မောင်ရယ်၊ သိပ်လည်း စိတ်မပူပါနဲ့။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်အနုပညာသည်မှ စင်ပေါ်မတက်ခင် ရင်မခုန်တဲ့သူရယ်လို့ မရှိပါဘူး။

http://www.cherrythitsar.org



မောင် အဆင်ပြေမှာပါ။ မောင်ပဲ ငယ်ဘဝကိုရောက်ချင်တယ်ဆို။ အခု ငယ်ဘဝ ရောက်ပြီပေါ့’

‘ချစ်နဲ့ စကားပြောလိုက်ရင် မောင် စိတ်ချမ်းသာသွားတာပဲ။ ဘာဖြစ်လို့ အဲဒီလိုဖြစ်တာလဲဆိုတာ မောင်သိတယ်၊ ချစ်က မောင့်ကို ချစ်ကိုယ်ကို သိသလို နားလည်နေတယ်။ မောင်လိုချင်တာ အဲဒါပဲအချစ်။ မောင့်ကို နားလည်တဲ့သူ တစ်ယောက် မောင့်အနားမှာ ရှိဖို့လိုတယ်’

‘လူတွေက မောင့်ကို နားလည်ပါတယ်ကွယ်။ မောင့်အနားမှာ ရှိတဲ့သူတွေ မဟုတ်ဘူးနော်။ ပရိသတ်ကိုပြောတာ။ သူတို့က မောင့်ကို သတိတရရှိနေကြတာ ပေါ့။ မောင့်ကို သူတို့ချစ်တာက မောင်ကလည်း သူတို့ ချစ်လို့ မှတ်ထားနော် မောင်။ သူတို့အားလုံးဟာ မောင့် မိတ်ဆွေတွေပဲ၊ မောင် ရိုက်မယ့် ရုပ်မြင်သံကြား အစီအစဉ် ထူးထူးခြားခြား အောင်မြင်မှာ ကျွန်မသိနေတယ်။ ဘာကြောင့်လဲဆို တော့ ကျွန်မ မသိဘူး။ အောင်မြင်မယ်ဆိုတာတော့ တိတိကျကျကို သိနေတယ် မောင်။ မောင် ဘာမှ စိတ်မပူနဲ့’

‘ချစ် တကယ်ယုံနေသလား’

‘တကယ်ပေါ့ မောင်ရဲ့ မယုံရင် စောင့်ကြည့်။ ဒါနဲ့ လီဇာကလေး နေကောင်း ရဲ့လား’

‘သမီး နေကောင်းပါတယ်။ မောင်လည်း ဒီအိမ်ထောင်တည်မြဲအောင် ကြိုး စားနေတာပဲ’

မောင်က ဖုန်းချလိုဟန်မတူသေးဘူး။ ရုပ်မြင်သံကြားအစီအစဉ်ရိုက်ရမှာ မောင် တော်တော် စိုးရိမ်နေပုံရတယ်။ သူ့မန်နေဂျာက ဘာကြောင့်များ ဒီအစီအစဉ် ကို လုပ်တာပါလိမ့်။ မောင် နာမည်ရခါစက တိုက်ရိုက်သီဆိုဖျော်ဖြေမှုတွေကြောင့် နာမည်ကြီးခဲ့တာပဲ။ ခုတော့ ကြောက်နေတယ်ဆိုတာ သိပ်တော့ သဘာဝမကျဘူး။

အဲဒီနောက် အဖြစ်အပျက်တွေက အများကြီးပါပဲ။ အိပ်ခန်းသုံးခန်းပါတဲ့ ခြံကျယ်ကျယ်နဲ့ တိုက်တစ်လုံးကို ဂျက်တားနေတဲ့ကြားကပဲ ကျွန်မ စုထားတဲ့ငွေနဲ့ ဝယ်ဖြစ်တယ်။ တိုက်ကလေးက တောင်စောင်းလေးတစ်ခုမှာ ဆောက်ထားတာ ဖြစ်ပြီး မျက်စိအောက်မှာ ချောင်းကလေးတစ်ခု စီးနေတာကို အပေါ်စီးက မြင်ရတယ်။ ဇွန်လဆန်းပိုင်းမှာ အိမ်ပြောင်းဖို့ ပြင်နေကြတုန်း ဖုန်းမြည်လာပါ တယ်။ ကျွန်မမိတ်ဆွေ အမျိုးသမီးတစ်ယောက် ဆက်တာပါ။ ရောဘတ်ကနေဒီ လုပ်ကြံခံရတဲ့ သတင်းပြောပြီး ငိုနေတယ်။ သူနဲ့ ကျွန်မက ရောဘတ်ကနေဒီ . . . ကနေဒီ မဲဆွယ်ပွဲတွေမှာ လုပ်အားပေးခဲ့ကြဖူးတာကိုး။

http://www.cherrythitsar.org



အိမ်သစ်မှာ ကျွန်မတို့ နေသားတကျရှိသွားကြပြီး နွေရာသီ ကုန်သွားခဲ့ပြီ။ မောင့်ကို ရုပ်မြင်သံကြားအစီအစဉ် ဘယ်တော့ လွှင့်မှာလဲလို့ ကျွန်မ အကြိမ်ကြိမ် မေးခဲ့ဖူးတယ်။ မောင် မဖြေနိုင်ခဲ့ဘူး။ တကယ်တော့ မောင်ကိုယ်တိုင် မသိရှာတာ ပါ။ ကျွန်မ အမှတ်တမဲ့ နေလာလိုက်တာ ဒီဇင်ဘာလမှာ ဒီအစီအစဉ်လွှင့်တော့ မကြည့်ဖြစ်လိုက်ဘူး။ မကြည့်ချင်တာ ဖြစ်လျှင်လည်း ဖြစ်မှာပေါ့လေ။ မောင် က ကျွန်မတို့ ဇာတ်လမ်း ပြန်ဆက်ချင်နေတယ်။ ကျွန်မဘက်ကတော့ ဘာသာရေး အရရော၊ လူမှုရေးအရပါ လုံးဝလက်မခံပါဘူး။ ကျွန်မ မှားသွားမှာပေါ့။ ဦး နှောက်က ခိုင်မာတဲ့ သန္နိဋ္ဌာန်ချထားပေမယ့် ကျွန်မနှလုံးသားက ခပ်ပျော့ပျော့ ရယ်။ တစ်သက်မှာ တစ်ယောက်တည်းသာ ချစ်ခဲ့မိတဲ့သူကို ငြင်းဖို့ဆိုတာ ကျွန်မအတွက် တော်တော်ခဲယဉ်းတဲ့ အလုပ်ပါ။ ဒါကြောင့် သူ့အစီအစဉ် မကြည့် ဘဲနေတာက အကောင်းဆုံးပဲ မဟုတ်လား။

ခရစ္စမတ်ရယ်၊ နှစ်သစ်ကူးရက်တွေထိ မောင့်ဖုန်းသံက တိတ်ဆိတ်နေ တယ်။ လွမ်းတယ်မောင်ရယ်။ လွမ်းတယ်ဆိုတာထက် ဆိုးတာက မောင် ဖုန်းဆက်တုန်းက စိတ်ညစ်နေတယ်ဆိုတာ သေချာတယ်။ ဘာကြောင့် စိတ်ညစ် နေတယ်ဆိုတာ ပြောမသွားတာက ကျွန်မစိတ်ကို ပိုဒုက္ခပေးနေပါတယ်။

ဒီဗိုင်းယားရီးကလေးက စန္ဒရားကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်နေပြီ။ ကာလပေါ်သီချင်းတွေကို အကြားနဲ့တင် လိုက်တီးတတ်ရုံမက ချိုပင်ရဲ့ ဂန္ထဝင် ဂီတကိုပါ ကျွမ်းကျွမ်းကျင်ကျင် တီးတတ်နေပြီ။ သမီးက ဆယ့်တစ်နှစ်ရှိနေပြီ။ သူ့ညီမလေး ဂျက်ကလင်း(လေးနှစ်သမီး)ကိုပါ စန္ဒရားတီးသင်ပေးနေတယ်။ တစ်ညမှာ သူတို့ညီအစ်မ စန္ဒရား လေ့ကျင့်ပြီး အိပ်ခန်းထဲဝင်သွားရာက ငြင်း ကြခုံကြတဲ့အသံတွေ ကြားရတယ်။ ခဏနေတော့ ဒီဗိုင်းယားရီး ပြေးထွက်လာပြီး ‘မာမီ. . . သမီးနှာခေါင်းက ယောက်ျားတစ်ယောက် နှာခေါင်းပုံစံနဲ့ တူတယ် နော်၊ ဟုတ်တယ် မဟုတ်လား’ လို့ မေးလာတယ်။

‘မဟုတ်ပါဘူး သမီးရယ်၊ မိန်းကလေးတွေဟာ တစ်ခါတလေမှာ သူတို့ အဖေပုံစံနဲ့ သွားတူတတ်တယ်။ မာမီဆိုရင် မာမို့ဒယ်ဒီနဲ့ တူတာ’လို့ ရှင်းပြရတယ်။

‘ဒါက သမီးဒယ်ဒီမှ မဟုတ်တာ’

သမီးဘာကို ပြောချင်နေမှန်း ကျွန်မမသိပါဘူး။ ဒါပေမယ့် အိပ်ခန်းထဲဝင် သွားပြီးမှ ဒီပြဿနာပေါ်လာတာဆိုတော့ ပြဿနာအစဟာ အိပ်ခန်းထဲမှာ ရှိမယ် ထင်တယ်။ သမီးတို့ အခန်းထဲဝင်လိုက်တော့ ကျွန်မ သတိလစ်ပြီး လဲကျသွား မတတ် ခံစားလိုက်ရပါတယ်။ မိန်းကလေးတွေက အဲ(လ)ဗစ်ရဲ့ ပိုစတာတွေ

http://www.cherrythitsar.org



နံရံပေါ်မှာ ကပ်ထားကြတာကိုး။ နေရာတိုင်းမှာ သူ့ပုံချည်းပဲ။ ကလေးတွေ အားလုံး အသံတိတ်သွားကြပြီး ကျွန်မကို ကြည့်နေကြတယ်။ ကျွန်မ တစ်ခုခု ဖြစ်သွားတယ်ဆိုတာ သူတို့ ရိပ်မိသွားကြပုံရပါတယ်။ နောက် ဒီဇိုင်းယားရီးဆီ က အသံထွက်လာတယ်။

'ဘာဖြစ်လို့လဲ မာမီ၊ သူ့ကို သဘောမကျလို့လား။ သူက အဆိုကျော် အဲ(လ)ဗစ္စပရက်စလေပေါ့ မာမီရဲ့။ အရမ်းချောတာပဲ၊သမီးတို့ကျောင်းမှာ သူ့ပုံတွေ အများကြီး လက်ဆောင်လာပေးတာ မာမီ။ သူ သီချင်းဆိုတာ ကြားဖူးလားဟင်'

ကျွန်မ ဣန္ဒြေပြန်ဆည်လိုက်ရပါတယ်။

'ကြားဖူးပါတယ် သမီးရယ်။ မာမီလည်း အပြင်ကမ္ဘာနဲ့ အဆက်အသွယ် ပြတ်နေတာမှ မဟုတ်ဘဲ'

'အဲဗစ္စကပြောတယ်၊ သမီးနှာခေါင်းက သူ့နှာခေါင်းနဲ့ တူတယ်တဲ့။ သူ က ယောက်ျားဥစ္စာ'

ကျွန်မ ခေါင်းထဲမှာ ထိုးသွားတယ်။ ဒါပေမယ့် အခြေအနေထိန်းပြီး ရုပ်ပျက် ဆင်းပျက်မဖြစ်အောင် နေလိုက်ရပါတယ်။ တကယ်တော့ တိုက်ဆိုင်မှုတစ်ခုပါ။ ဒါပေမယ့် နောင်တစ်ချိန်အဖြစ်မှန်ကို ဒီဇိုင်းယားရီး သိလာချိန်မှာ ဒီကိစ္စကို မေ့နိုင်မယ် မထင်ပါဘူး။

'ကဲပါ မာမီရယ် သူနဲ့တူလို့လည်း သမီးက စိတ်မဆိုးပါဘူး။ သူက ရုပ် ချောတာပဲ ဥစ္စာ'

ဒီဇိုင်းယားရီးအသံကြောင့် သမီးတွေ ရယ်ကြပေမယ့် မယ်လိုဒီက မရယ်ဘဲ ကျွန်မကိုသာ စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေပါတယ်။ မယ်လိုဒီက တခြားသမီး တွေထက် ထက်မြက်တယ်။ အနုပညာသမားပီပီ မျက်နှာရိပ် မျက်နှာကဲ ဖမ်း တတ်တယ်။ တခြားကလေးတွေကို ကျွန်မလှည့်စားလို့ရနိုင်ပေမယ့် သမီးကိုတော့ လုံးဝလှည့်စားလို့ မရနိုင်တာ သေချာပါတယ်။ အဲဒီ တစ်ညလုံး မယ်လိုဒီရဲ့ အကြည့်တွေက စိမ်းနေတယ်။ သူနဲ့ မျက်လုံးချင်းမဆိုင်ဖြစ်အောင် ကျွန်မရှောင်နေ ရတယ်။ နောက်တစ်နေ့မှာတော့ သမီးက သူ့စိတ်ကို ချုပ်တည်းထားနိုင်စွမ်း မရှိတော့ဘဲ ဖွင့်မေးလာတယ်။

'အမေ အဲ(လ)ဗစ္စပရက်စလေကို သိသလားဟင်'

'သမီး ဘာဖြစ်လို့ မေးတာလဲ'

'ပိုစတာတွေကို အမေကြည့်လိုက်တဲ့ ပုံစံက တစ်မျိုးပဲ။ သူက အမေ့မိတ်ဆွေ လား'

http://www.cherrythitsar.org



တိုက်ရိုက်မေးလာပြီဆိုတော့ ကျွန်မ မညာချင်တော့ဘူး။

'ဟုတ်တယ် သမီး။ သူ မေမေ့မိတ်ဆွေပဲ။ မေမေတို့သိခဲ့တာ ကြာပြီ။ ခုထက်ထိလည်း အဆက်အသွယ်ရှိတယ်။ဒါပေမယ့် မေမေတို့ မတွေ့ကြတာတော့ ကြာပြီ။ သူက အလုပ်သိပ်များတာကိုး။ ဒီအကြောင်း သမီး ဘယ်သူ့မှ မပြောနဲ့နော်။ ဂျက်က မေမေ့မိတ်ဆွေတွေနဲ့ပတ်သက်လာရင် သိပ်ဆိုးတာ သမီးသိသားပဲ'

မယ်လိုဒီက ကျွန်မကိုကြည့်ရင်း နောက်ထပ်စကားဆက်လာဦးမလားလို့ မျှော်လင့်နေတယ်။ ဘဝဆိုတာ အမြဲတမ်းပြောင်းလဲနေတဲ့အကြောင်း၊ တစ်ခါတလေမှာ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်ပေမယ့် အခြေအနေမပေးလို့ ဝေးနေတတ်တာတွေ ရှိနိုင်တဲ့အကြောင်း သမီးကို ပြောပြရတယ်။ လက်ခံသွားပုံ ရပါတယ်။ဒီထက်ပိုပြီး ပြောမှာမဟုတ်ဘူးဆိုတာ သိလို့ဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ။

* * *

*[အဲဒီညနေခင်းနဲ့ ပတ်သက်လို့ မယ်လိုဒီက ပြောပြတယ်။*

*'ကျွန်မတို့ အခန်းထဲမှာ ပိုစတာကပ်ခဲ့ပါတယ်။ အဲဒီနေ့ကတော့ ထူးထူးခြားခြား ကပ်ဖြစ်သွားတယ်။ ကျွန်မ ညီမတစ်ယောက်က အဲ(လ)ဗစ္စပိုစတာ ယူလာတော့ ကျွန်မတို့အားလုံးကလည်း သဘောကျတဲ့အဆိုတော်ဖြစ်လို့ ကပ်ထားလိုက်ကြတယ်။ အခန်းထဲကို မေမေဝင်လာတော့ မေမေ့အကြည့်က သိပ်ဆန်းတယ်။ ကျွန်မတို့ထင်ထားတာက သမီးတွေနှယ် ရှူးလိုက်တာဆိုပြီး ရယ်လိမ့်မယ်လို့ထင်ထားတာ၊ မေမေက မရယ်တဲ့အပြင် စိတ်ထိခိုက်သွားတယ်ဆိုတာ မျက်နှာမှာ အထင်းသားတွေ့လိုက်ရတယ်။ ကျွန်မ မေမေ့ကို နှစ်တော်တော်ကြာကတည်းက အဲဒီလို ထူးခြားတာတွေ သတိထားမိတာရှိတယ်။ အားလုံးက ပရက်စလေနဲ့ပတ်သက်တာတွေချည်းပဲ။ ဒီတစ်ခါ မေမေ့အကြည့်က ဘယ်လိုမှ မဖုံးကွယ်နိုင်လောက်အောင် ဖြစ်သွားတယ်။ ညီမတစ်ယောက်က ပရက်စလေနှာခေါင်းက ဒီဗိုင်းယားရီး နှာခေါင်းနဲ့တူတယ်လို့ ပြောလိုက်တော့ မေမေ့မျက်လုံးတွေက ဝမ်းနည်းကြေကွဲရာကနေ ဒေါသဘက် ပြောင်းသွားတယ်။ အဲဒီလို ဆက်စပ်မတွေးကြစေချင်တဲ့ သဘောပါပဲ။ အဲဒီတုန်းကတော့ ကျွန်မတို့အားလုံး ဘာသဲလွန်စမှ မရလိုက်ကြဘူး။ တစ်ညလုံး ကျွန်မ မေမေ့အကြောင်းပဲ တွေးနေမိတယ်။ မေမေ့ဘဝမှာ ကျွန်မတို့မသိတဲ့ လျှို့ဝှက်ချက်တွေ၊ တံခါးပိတ်ထားတာတွေ အများကြီးရှိတယ်။ နောက်တစ်နေ့မှာ ကျွန်မ တော့တော့ဆိုင်ဆိုင်မေးကြည့်တော့ ဒီတံခါး တစ်ချပ်ကို နည်းနည်းလေးပဲ ဟပြခဲ့ပါတယ်'တဲ့]*

* * *

http://www.cherrythitsar.org



အသက် (၃၂)သာရှိသေးတဲ့ ကျွန်မဘဝမှာ အရွယ်ရောက်နေတဲ့ သမီးတွေနဲ့ နေရတာ တကယ်တော့ မလွယ်ကူလှပါဘူး။ ကျွန်မဘဝမှာ အချစ်ဆိုတာက လည်း အိပ်မက်တစ်ခုလိုပါပဲ 'အချစ်ဆိုတာ ဘဝရဲ့ ရှင်သန်မှု' ဆိုတဲ့ အဆိုတစ်ခု ဖတ်ခဲ့ဖူးပါတယ်။ ကျွန်မအတွေ့အကြုံအရ ထပ်ဖြည့်ချင်တာကတော့ 'အချစ်ဟာ ရှင်သန်နေတဲ့ ရေစီးလို စီးဆင်းနေရမယ်၊ မစီးဆင်းနိုင်ဘဲ ပိတ်သွားရင် ဘဝဟာ သေတော့ မသွားသေးဘူး'။

ဇန်နဝါရီ လလယ်လောက်မှာ မောင် ဖုန်းဆက်ပါတယ်။ မဲ(မ)ဖစ္စမှာ သီချင်းသွင်းနေသတဲ့။ သူ့အသံက စိတ်ဓာတ်လုံးဝကျနေတယ်။ ကြောက်စရာ ကောင်းတဲ့ အခြေအနေမျိုးပါပဲ။ ဆိုးဆိုးရွားရွား တစ်ခုခု ဖြစ်နေပုံရတယ်။

'ချစ်ကို တွေ့မှဖြစ်မယ်။ မဲ(မ)ဖစ္စကို လာခဲ့ပါ။ မောင် အားလုံးစီစဉ်ထား မယ်။ စကားပြောချင်တယ်၊ ချစ်သိထားဖို့ လိုတာတွေ အများကြီးပါပဲ'

'အဆင်ပြေရဲ့လား'

'မပြေဘူး။ ဒါကြောင့် လာခဲ့ပါလို့ ပြောတာ'

သူ့အတွက် လုံးဝအရေးကြီးနေပုံရတယ်။ ဒီအခြေအနေမျိုးမှာ ကျွန်မ မငြင်းရက်ဘူး။

'ကျွန်မ လာခဲ့ပါ့မယ်၊ ဘာဖြစ်နေတာလဲဟင်'

'ချစ်ပြောသလို မောင်ကြိုးစားပါတယ်ကွာ။ ခုတော့ တွေ့မှဖြစ်တော့မယ်'

နောက်တစ်နေ့ တွေ့ချင်တယ်တဲ့။ လေယာဉ်ကွင်းကိုသွားရင် လက်မှတ် အဆင်သင့် ရှိနေမယ်တဲ့။ မောင်က အရေးတကြီး တောင်းဆိုလာတော့ ကျွန်မ ငြင်းနိုင်အားမရှိတော့ဘူး။ သူပြောသမျှ သဘောတူရတော့မယ်။ ဒီဘိုရာနဲ့ မယ်လို ဒီကို အိမ်မှုကိစ္စအားလုံးတာဝန်ပေးပြီး အရေးပေါ် အလုပ်ကိစ္စအတွက် နပ်(ရှ) ဗီး(လ)ကို သွားစရာရှိတယ်လို့ ပြောလိုက်ရတယ်။ မဲ(မ)ဖစ္စလို့ မပြောရဲဘူး။ မယ်လိုဒီက သိပ်ပါးတယ်လေ။

အဲဒီည ကျွန်မ အိပ်လို့မရတော့ပါဘူး။ မောင် ဘာပြဿနာတွေ ဖြစ်နေပြီ လဲဆိုတာပဲ တွေးနေမိတယ်။ လေဆိပ်ဆင်းချိန်မှာ အရင်ကလို သိပ် သမနေတော့ ဘူး။ ဒီတစ်ခါသွားရမှာက ပြဿနာ ကူညီပေးဖို့။ မောင်ခေါ်လိုက်တာက ကျွန်မရုပ်ခန္ဓာ မဟုတ်ဘူး။ ကျွန်မ နှလုံးသားကိုပါ။ ခုအချိန်မှာ မောင်လိုအပ် နေတာက နှစ်သိမ့်ပေးမယ့်သူပါ။ ချစ်သူ မဟုတ်ပါဘူး။

□

http://www.cherrythitsar.org



## အခန်း(၁၆)

ဇန်နဝါရီလ ၁၉

၁၉၆၇ ခုနှစ်မှာ မောင်ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခတွေက အများကြီးပါပဲ။ သူ့ဘဝ သက်တမ်းတစ်လျှောက်မှာ အခြေအနေ အဆိုးရွားဆုံးနှစ်ကို ကြုံခဲ့ရပြီးပြီ။ ရုပ်ရှင် ဘက်မှာ အောင်မြင်မှု လုံးဝမရတော့ဘူး။ ဒါကလည်း ညံ့ဖျင်းတဲ့ ဇာတ်ညွှန်းတွေနဲ့ ကာနယ်ပတ်ကားရဲ့ သံမဏိအယူအဆတွေ ပေါင်းစပ်လို့ ဒီလို ဖြစ်သွားရတာပါ။ ကာနယ်ပတ်ကားက အဲ(လ)ဗစ္စကို ခပ်ပေ့ါပေ့ါ ဇာတ်လမ်းတွေနဲ့ ပင်လယ်ကမ်း ခြေမှာ ရေကူးဝတ်စုံဝတ် မိန်းကလေးတွေနဲ့ သရုပ်ဆောင်ရတဲ့ ဇာတ်မျိုးတွေကိုသာ အဲ(လ)ဗစ္စ သရုပ်ဆောင်ရမယ်လို့ တရားသေစွဲမှတ်လာတော့ သူ့ကားတွေက အရည်အသွေး ညံ့လာတယ်၊ ညံ့လာခဲ့တာပေ့ါ။ ဓာတ်ပြားထုတ်လုပ်ရေးဘက် ကြည့်ပြန်တော့လည်း ဒီလိုပဲ ခပ်ညံ့ညံ့ သီချင်းတွေပဲ ထွက်နေတယ်။ ပိုက်ဆံတော့ ရပါရဲ့၊ ဒါပေမယ့် တစ်ချိန်က အဲ(လ)ဗစ္စအားကျခဲ့တဲ့ မာလင်ဘရန်ဒိုလို ဇာတ် ကောင်စရိုက် ပီပီပြင်ပြင် သရုပ်ဆောင်နိုင်တဲ့ သရုပ်ဆောင်ကောင်း တစ်ယောက် တော့ ဖြစ်မလာနိုင်တော့ဘူးပေ့ါ။

၁၉၆၉ခုနှစ်ရောက်လာတော့ ပရိသတ်က ခပ်ပေ့ါပေ့ါကားတွေ မကြည့်ချင် ကြတော့ဘူး။ အခြေအနေ အရပ်ရပ်က ပြောင်းလာခဲ့ပြီ။ ကျောင်းသားတွေ ခေါင်းဆောင်တဲ့ ဗီယက်နမ် စစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေ ကျယ်ပြန့်လာပြီး အမေရိကန်လူထုကပါ အားပေးထောက်ခံလာတဲ့ အချိန်ဖြစ်လာခဲ့ပြီ။ စစ်ဆန့်ကျင် ရေးသမားတွေက အဲ(လ)ဗစ္စကို စည်းရုံးကြတဲ့အခါမှာ ၁၉၅၀ ပြည့်နှစ်မှာက ယဉ်ကျေးမှုအသစ်တစ်ခု လမ်းထွင်ခဲ့ဖူးတဲ့ အဲ(လ)ဗစ္စဟာ သူတို့နဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်ဆိုတာ သိသွားကြတယ်။ ပူးပေါင်းပါဝင်ခြင်းမရှိတဲ့အပြင် အဲ(လ)ဗစ္စ က ဒီလူတွေကို 'ဆံရှည် မူးယစ်ဆေးသမား ဟစ်ပီတွေ'လို့ ရှုတ်ချလိုက်ပါသေး တယ်။

http://www.cherrythitsar.org



ဂီတလောကဘက်ကို ကြည့်လိုက်ပြန်တော့ အဲ(လ)ဗစ္စဟာ တစ်ခေတ်တစ်ခါက အောင်မြင်ခဲ့ဖူးတဲ့ အဆိုကျော်ကောင်းတစ်ယောက်အဖြစ် ဟိုဘက်ခေတ်မှာပဲ ကျန်ရစ်ခဲ့ပြီ။ ၁၉၆၂ခုနှစ်က ထွက်ခဲ့တဲ့ Good Luck Charm ဆိုတဲ့ သီချင်းနောက် သီချင်းကောင်း တစ်ပုဒ်မှ ထွက်မလာခဲ့တာ နှစ်နှစ်ရှိပြီလေ။ ဂီတလောကမှာ ဘိတဲ(လ)(စ)တွေက သူ့ရဲကောင်းအသစ်တွေ ဖြစ်လာပြီ။ ဂျွန်လင်နွန်က စစ်ဆန့်ကျင်ရေးသမားတွေအတွက် တကယ့်ခေါင်းဆောင်ကြီး တစ်ယောက်လို ဖြစ်လာတယ်။

Who, The Door's, Rolling Stones စတဲ့ ဂီတအဖွဲ့တွေက အမေရိကန်ပြည်သူလူထုရဲ့ ဆန္ဒတွေကို သီချင်းအဖြစ်ရေးဖွဲ့သီဆိုနေကြချိန်မှာ အဲ(လ)ဗစ္စကတော့ သူ့ဆံပင်ပုံစံဟောင်း၊ ဆင်ယင်ထုံးဖွဲ့မှု ပုံစံဟောင်းနဲ့ ရုပ်ရှင်သီချင်းတွေကို ဖက်တွယ်နေဆဲပါပဲ။ အခြေအနေ အရပ်ရပ်ကို အမှန်အတိုင်း သုံးသပ်မိတဲ့ ကာနယ်က သူ့မင်းသားကို ရုပ်မြင်သံကြား အစီအစဉ်နဲ့ မတန်ဘူးထင်ခဲ့တဲ့ မာန်လျှော့လိုက်ရပြီး NBC ရုပ်မြင်သံကြားဌာနကနေ အထူးအစီအစဉ်အဖြစ် အဲ(လ)ဗစ္စ သီဆိုဖျော်ဖြေမှုကို ရိုက်ကူးထုတ်လွှင့်ခဲ့တယ်။ ၁၉၆၈ခုနှစ် ဒီဇင်ဘာလ(၃)ရက်နေ့မှာ လွှင့်ခဲ့တာပါ။ အောင်မြင်တဲ့ အစီအစဉ်တစ်ခုဖြစ်သွားခဲ့ပါတယ်။ ဒီတော့ ကာနယ်က အားတက်လာပြီး သူ့မင်းသားကို ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့စေမယ့် အစီအစဉ်အဖြစ် စင်မြင့်ဖျော်ဖြေပွဲတစ်ခု သီဆိုပေးဖို့ သဘောတူလိုက်ပါတယ်။ ဒီလို မဆိုခဲ့တာ ဆယ်စုနှစ်တစ်စုလောက် ရှိခဲ့ပြီလေ။ ဒီတော့ အဲ(လ)ဗစ္စ ကြောက်တာပေါ့။

တကယ်လို့ ဒီအစီအစဉ် မအောင်မြင်မှာ စိုးရိမ်ကြောင့်ကြတာကြောင့် တစ်စုံတစ်ယောက်ရဲ့ ဖေးမနှစ်သိမ့်မှုကို လိုချင်ပါတယ်ဆိုရင် လူစီကို ဖုန်းနဲ့ ပြောရုံပဲရှိတယ်။ ခုတော့ လူကိုယ်တိုင်လိုက်လာပါလို့ ဆက်သွယ်ခေါ်ယူတယ်ဆိုတော့ ဒီထက်မကတဲ့ အကြောင်းအချက်တွေ ရှိပါလိမ့်မယ်။

*　　　*　　　*

မဲ(မ)ဖစ္စ လေဆိပ်ခရီးသည်တွေရဲ့ ပစ္စည်းတွေရွေးတဲ့နေရာမှာ ခရီးဆောင်အိတ်ရွေးပြီး ရပ်နေမိချိန်အထိ အဲ(လ)ဗစ္စ ဘယ်လိုဒုက္ခတွေ ကြုံနေရသလဲဆိုတာ ကျွန်မ တွေးလို့မရသေးဘူး။ ကျွန်မ တွေးလို့ရတာက သူနဲ့ကျွန်မ ဆက်ဆံရေးကို လူတွေသိသွားကြရင် ဘယ်လောက်ခွကျလိုက်မလဲဆိုတာပဲရှိတယ်။ သူက ကျွန်မကို ကိုယ်တိုင်ကိုယ်ကျ လာကြိုလေ့ရှိတယ်။ သူ့အရမ်း စိတ်ဓာတ်ကျနေတာဟာ အန္တရာယ် သိပ်များတယ်ဆိုတာ အဲဒီတုန်းက ကျွန်မ မသိခဲ့ပါဘူး။

http://www.cherrythitsar.org



အဲ(လ)ဗစ္စ ကိုယ်တိုင်လာကြိုရင် လူတရုန်းရုန်းနဲ့ ဖြစ်တော့မယ်။ ကျွန်မနား ရောက်လာပြီး ဖက်များနမ်းလိုက်ရင် အားကျငေးမောနေကြတဲ့ သူတွေကြားမှာ ကျွန်မတို့ လျှို့ဝှက်ဇာတ်လမ်းပေါ်သွားတော့မှာပဲလို့ တွေးပူနေမိတယ်။ ကျွန်မ စိတ်တွေ လွင့်ပါးနေလိုက်တာ သူစိမ်းတစ်ယောက် အနားရောက်လာပြီး ကျွန်မ သေတ္တာကို မ လိုက်တော့မှပဲ သတိဝင်လာတော့တယ်။

'နေပါစေ. . . ရပါတယ်၊ ကျွန်မဘာသာ သယ်ပါ့မယ်'

ကျွန်မပြောလိုက်တော့ သူက ကျွန်မကိုကြည့်တယ်။ ပြီးတော့ မျက်စိတစ်ဖက် မှိတ်ပြတယ်။ အဲ(လ)ဗစ္စ ကိုယ်တိုင်ပါလား။ သူက နှုတ်ခမ်းမွေးထူထူကြီး တပ်ထားပြီး ဆွယ်တာပွပွ၊ အနက်ရောင်ဘောင်းဘီနဲ့ မျက်စိကိုလည်း တစ်ဖက်ဖုံး ထားတယ်။ ကျွန်မ မရယ်ဘဲ မနေနိုင်တော့ဘူး။ သူ့ကိုကြည့်ရတာ ဘော့(ပ) ဟုတ်(ပ)ဇာတ်ကားတွေထဲက လူရွှင်တော် ဂျယ်ရီကိုလွန်းနာနဲ့ တူနေတယ်လေ။

'ရှူး. . . သူများတွေ သတိထားမိလိမ့်မယ်'

ခပ်တိုးတိုး သတိပေးလိုက်ပြီ ကျွန်မပါးကို ခပ်သွက်သွက် နမ်းလိုက်ပါ တယ်။ ပြီးတော့ သူ့နောက်ကိုလိုက်ခဲ့ဖို့ လက်နဲ့အချက်ပြပြီး ထွက်သွားတာမို့ ကျွန်မတို့ကို ဘယ်သူမှ သတိမပြုမိလိုက်ကြဘဲ လေဆိပ်ထဲက ထွက်လာနိုင်ခဲ့ ပါတယ်။ ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကို အောက်မေ့တသရင်း သူ့ပြိုင်ကား အနက်ရောင်ထဲကို ကျွန်မဝင်ထိုင်လိုက်ရတယ်။

အဲ(လ)ဗစ္စမှာ ကားတွေအများကြီးရှိတယ်။ ကျွန်မကတော့ စီးလာတဲ့ကားကို ပေါ့(ရှ)လား၊ ပွန်းတီးယက်လားဆိုတာတောင် ခွဲခြားမပြောနိုင်တဲ့သူပါ။ ကျွန်မ မှတ်မိတာဆိုလို့ ခပ်နိမ့်နိမ့်ပြိုင်ကားတွေပဲရှိတယ်။ ဝင်ရထွက်ရခက်၊ ထိုင်ရခက် တဲ့ ကားတွေပေါ့။ ကျွန်မက အဲဒီလိုကားတွေ ဘာဖြစ်လို့ ဝယ်ရတာလဲမေးတော့ သူက ရယ်တယ်။ ဒီကားတွေက သိပ်အဖိုးတန်တာတဲ့။ ဘာဖြစ်လို့များ ဒီလောက် ဇိမ်မရှိတဲ့ကားတွေကို ငွေအများကြီးပေးဝယ်တာလဲလို့ မေးတော့ သူက အော်ကြီး ဟစ်ကျယ် ရယ်တယ်လေ။ 'အဲဒါဟာ အောင်မြင်မှုပေါ့ ဘေဘီရဲ့'တဲ့။

လေဆိပ်ထဲမှာတုန်းက မြူးနေသလောက် ကားပေါ်ရောက်တော့ သူ့စိတ်က ပြောင်းသွားတယ်။ စိတ်ညစ်နေတဲ့ မျက်နှာပေါ်လာတယ်။ စကားတစ်ခွန်းမှ မပြောဘဲ နှုတ်ခမ်းမွေးကို ဆွဲဖြုတ်ပြီး ဦးထုပ်ကိုလည်း ချွတ်လိုက်တယ်။ ကျွန်မ တို့သွားနေကျ လေဆိပ်အနီးက ဟိုတယ်တစ်ခုရှေ့ရောက်တော့ သူက 'တက်နှင့် အခန်းကို လူစီဂျုံး(စ)နာမည်နဲ့ ယူထားတယ်၊ ခဏနေ ကိုယ်လာခဲ့မယ်'တဲ့။ သူ့ကြည့်ရတာ တော်တော် ဒေါသထွက်နေပုံရတယ်။ ခုရယ်လိုက်၊ ခုဒေါသ

http://www.cherrythitsar.org



ထွက်လိုက်နဲ့ သူ့စိတ်တွေ ပုံမှန်မှ ဟုတ်ရဲ့လားလို့ တွေးလိုက်မိသေးတယ်။

အခန်းသော့ယူပြီး အိပ်မက်ထဲမှာ လမ်းလျှောက်နေတဲ့ သူတစ်ယောက်လို အခန်းဆီကို လျှောက်လာခဲ့မိတယ်။ ကျွန်မဘာတွေလုပ်နေတာလဲ၊ မှားသွားပြီလားဆိုတဲ့ အတွေးက နှိပ်စက်နေတော့တယ်။ အခန်းထဲမှာ မျက်နှာသစ်လို့မှ မပြီးသေးခင် အဲ(လ)ဗစ္စ တံခါးခေါက်သံ ပုံမှန်အတိုင်း ထွက်ပေါ်လာတယ်။ လက်ထဲမှာ မျက်နှာသုတ်ပဝါကိုင်ရင်း တံခါးဖွင့်လိုက်တော့ အဲ(လ)ဗစ္စ ကျွန်မရင်ခွင်ထဲကို တိုးဝင်လာခဲ့တယ်။ သူ့မျက်နှာမှာ ဒေါသအရိပ်အယောင်တွေ မတွေ့ရတော့မှ ကျွန်မစိတ်အေးရတော့တယ်။ အနမ်းချင်း ဖလှယ်လိုက်ကြပေမယ့် ဒီအနမ်းက ရမ္မက်မပါတဲ့အနမ်း၊ သန့်စင်တဲ့ အနမ်းပါ။ 'အချောအလှလေးတွေ ကိုယ့်ခြေတော်ရင်းမှာ တစ်ပုံတစ်ပင်ရှိနေပါလျက် ကျွန်မလို အိုမင်းတဲ့ မိန်းမတစ်ယောက်ကိုမှ ရွေးရတာ ဟုတ်ပါ့မလား ဒွန်ဂွန်းရယ်'။ စစ်စစ် ကျွန်မက သူ့ကို ပြုံးစေချင်၊ ရယ်စေချင်လို့ စလိုက်တာပါ။ ဒါပေမယ့် စကားဆုံးတော့ ကျွန်မရဲ့ မသိစိတ်က မလုံမလဲဖြစ်နေမှု နှုတ်ကဖွင့်လိုက်မိပြီဆိုတာ သတိရမိတော့တယ်။ ကျွန်မအသက် သုံးဆယ့်နှစ်နှစ် ရှိပြီလေ။ အချောအလှတွေ ဝိုင်းနေတဲ့ကြားမှာ သူ ကျွန်မကို မြတ်မြတ်နိုးနိုးနိုင်ပါဦးမလား။

ကျွန်မတို့နှစ်ယောက် ဖက်ထားရင်း သူက ခပ်ဖွဖွလေး ဆိတ်တယ်။ အဓိပ္ပာယ်က သူဘာမှ မဖြစ်တော့ပါဘူးပေါ့။ စက္ကန့်အနည်းငယ်လောက် ခပ်တင်းတင်းကလေး ဖက်ထားပြီးတော့မှ သူက 'ဟန်နီ. . . ကိုယ်ပြောတာတွေကို ထိုင်ပြီး နားထောင်ပေးပါဦး၊ နားထောင်မယ် မဟုတ်လားဟင်။ ကိုယ် စကားတွေ ပြောချင်တယ်'တဲ့။ သူ့ ပါးနှစ်ဖက်ကို လက်နဲ့ကိုင်လိုက်ပြီး ခပ်ဖွဖွကလေး နမ်းရင်း ဆိုဖာတစ်ခုဆီ သူ့ကို ခေါ်လာခဲ့တယ်။ သူထိုင်လိုက်တော့ သူ့ခြေရင်းက ကြမ်းပေါ်မှာ ကျွန်မထိုင်လိုက်တယ်။

'ကိုယ်တို့ ဘီဗာလီတောင်ကုန်းဒေသမှာ တွေ့ကြတုန်းက ပရစ်ဆလာအကြောင်း မင်းကို ပြောခဲ့တာ မှတ်မိတယ် မဟုတ်လား။ မင်းက ပရစ်ဆလာနဲ့ ပတ်သက်ပြီး ကောင်းတာတွေ အားလုံး သိချင်တယ်လို့ ပြောခဲ့တာလေ၊ မင်းကို ချစ်ခွင့်မပေးတော့ သူ့ကို ချစ်နိုင်ဖို့ ကိုယ်ကြိုးစားခဲ့ပါတယ်။ သူ့ကို လက်မထပ်သေးဘဲ အချိန်ဆွဲနေခဲ့တာကလည်း မင်း မသေဘူးဆိုတာ ကိုယ် အလိုလို သိနေလို့ပါပဲ။ မင်းအသက်ရှင်နေမှန်း သိလျက်နဲ့ ကိုယ်ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး။ ပရစ်ဆလာက မင်းရုပ်နဲ့ ခပ်ဆင်ဆင်ဆိုတော့ ပိုပြီးတူသွားအောင် သူ့ဆံပင်ကို ဆိုးခိုင်းခဲ့တယ်၊ အဝတ်အစားဆိုရင်လည်း မင်း ဝတ်သလို ဝတ်ခိုင်းခဲ့တာပဲ။

http://www.cherrythitsar.org



နောက်ဆုံးကွာ. . . . မင်းကိုယ့်ကို ပြောရင် ပြင်သစ်လို ပြောတာနဲ့တူအောင် သူ့ကို ပြင်သစ်စာပါ သင်ခိုင်းခဲ့တယ်။ ဒါပေမယ့် မရဘူး လူစီ။ တကယ်တော့ ကိုယ်က သူ့ကို မင်းဖြစ်လာမလားလို့ ဖန်တီးကြည့်တာပဲ။ မင်းက မင်းပဲ၊ သူက မင်းဖြစ်မလာခဲ့ဘူး။ သူက မင်းနဲ့ ဘာမှ မတူတော့တာဘဲ'

ကြမ်းပေါ်မှာပဲ ကျွန်မထိုင်နေရင်း သူ့ဒေါသတွေပြေတဲ့အထိ ပြောချင်တာ ပြောပါစေတော့လို့ လွှတ်ထားလိုက်တယ်။

'ကိုယ် ဒီအကြောင်းတွေ ဒယ်ဒီ့ကို ပြောပြတော့လည်း ဒယ်ဒီက မယုံဘူး။ တစ်လောကလုံးမှာ ကိုယ့်ကို နားလည်တာဆိုလို့ မင်းတစ်ယောက်ပဲရှိတယ် လူစီ။ ပြီးတော့ ကိုယ့်အနားမှာ မင်းနဲ့ သမီးလေး လီဇာပဲ ရှိပါတယ်ကွာ'

အဲ(လ)ဗစ္စက သူ့သမီးလီဇာအကြောင်း ပြောလာတော့ ကျွန်မသမီး ဒီဗိုင်း ယားရီးအကြောင်း ပြောချင်လိုက်တာ။ ခုဆိုရင် သမီးက ဆယ်နှစ်သမီးရှိပြီ။ တစ်နေ့တခြား သူ့အဖေနဲ့ ပိုတူလာပြီး ချောသထက် ချောလာတယ်။ ဒါကြောင့် ကျွန်မသူ့ကို ဖွင့်ပြောတော့မယ်လို့ စကားအစပျိုးလိုက်ပါတယ်။

'မောင့်အနားမှာ မောင်ထင်တာထက် ပိုရှိပါတယ်ကွယ်။ မောင် မသိတာတွေ ရှိပါသေးတယ်'

ကျွန်မ စကားဆက်ချင်လှပါတယ်။ တကယ်လို့ ကျွန်မကသာ 'မောင်နဲ့ ကျွန်မတို့ အချစ်က ပေါက်ဖွားလာတဲ့ ချစ်ခြင်းမေတ္တာအပြည့်အဝရှိတဲ့ ကလေး တစ်ယောက်ရှိပါသေးတယ်'လို့ ပြောလိုက်ရင် . . . ဒါပေမယ့် ဒီစကားတွေက ကျွန်မ လည်ချောင်းထဲမှာ တစ်ဆို့နေတယ်။ ကျွန်မသူ့အတွက်ပဲ တွေးမိပါတယ်။ ဒီလိုစိတ်မချမ်းသာနေတဲ့ အချိန်မျိုးမှာ နောက်ထပ် သတင်းတစ်ခု မပေးချင်တော့ ဘူးလေ။ အချိန်တန်တဲ့ တစ်နေ့မှာသာ ကျွန်မပြောပါတော့မယ်။ ဒါကြောင့် 'မောင့်အနားမှာ ကျွန်မ အမြဲရှိနေတာပဲ'လို့ စကားကို လျှောချလိုက်ရတယ်။

'မင်း ကိုယ့်ကို အမြဲချစ်နေတယ်ဆိုတာ ကိုယ်သိတယ် လူစီ၊ ဒါပေမယ့် တို့နှစ်ယောက်ကို ခွဲခြားထားတဲ့ လူတွေက ရှိနေကြတယ်။ အဲဒါ ဘာကြောင့်လဲ ဟင်'

လွန်လေပြီးသော ကာလတွေအကြောင်း ပြန်ပြောနေရင် ဘာမှ အကျိုးထူး တော့မှာ မဟုတ်လို့ စကားလမ်းကြောင်း ကျွန်မ ပြောင်းလိုက်ပါတယ်။

'မောင် အချိန်ဘယ်လောက်ရလဲဟင်'

'ရပါတယ်' သူက ကြမ်းပေါ် ဒူးထောက်ချလိုက်ပြီး ခုတင်ပေါ် ခေါင်းတင် ထားရင် အိပ်ရာဖုံးကို လက်နဲ့ ဆော့ကစားနေတယ်။ စိတ်ပျက်လက်ပျက်

http://www.cherrythitsar.org



ကျရှုံးသူတစ်ယောက်ပုံစံမျိုးပါပဲ။ ကျွန်မဘက်လှည့်ပြီး လက်နှစ်ဖက် ဆန့်တန်းလာတော့ သူ့ရင်ခွင်ထဲ ကျွန်မ တိုးဝင်လိုက်တယ်။ အိပ်ရာပေါ်မှာ မျက်နှာချင်းဆိုင် လှဲနေကြရင်း စကားတွေ ပြောလိုက်ကြတာ နေဝင်လို့ အခန်းထဲမှာ မှောင်လာတဲ့အချိန်ထိပါပဲ။ မောင်က ကျွန်မ အိမ်ထောင်ရေးအခြေအနေ ကောင်းရဲ့လားလို့ မေးတယ်။ ကျွန်မက မကောင်းဘူးလို့ ဖြေလိုက်တယ်။

'အဲဒါ ကျွန်မအပြစ်ပါ။ ကျွန်မက မောင့်ကို မချစ်ဘဲမှ မနေနိုင်တာကိုး'

'ဒါဖြင့် အဲဒီလူကို ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ'

ဒီအဖြေကို သူသိပြီးသားပါ။ ကျွန်မ ပြောခဲ့ပြီးဖြစ်ပေမယ့် သူ ထပ်ကြားချင်သေးတယ်လေ။

'ကျွန်မ မောင်မသိနိုင်တဲ့ နေရာကို ထွက်ပြေးခဲ့တာ မောင့်ကို ချစ်လွန်းလို့၊ မောင် နစ်မွန်းမှာစိုးလို့ပါ။ ကျွန်မ တစ်ကိုယ်ကောင်း မဆန်ချင်ဘူး မောင်။ တစ်ကမ္ဘာလုံးနဲ့ ကျွန်မကို လဲရမှာဆိုတော့ တန်ဖိုးကကြီးလွန်းတယ်လေ'

မောင့်ရင်ခွင်မှာ ကျွန်မခေါင်းတင်ထားရင်း ပြောနေတာပါ။ ဒီရင်ခွင်က ရုပ်ရှင်ထဲက ပင်လယ်ကမ်းခြေမှာ မြင်ကြရတဲ့ စူပါစတားတစ်ယောက်ရဲ့ ရင်ခွင်မဟုတ်ပါဘူး။ ကျွန်မချစ်တဲ့ ကျေးလက်တောသား တစ်ယောက်ရဲ့ ရှင်းသန့်တဲ့ရင်ခွင်ပါ။ ကျွန်မအနေနဲ့ မောင့်ကို တွေ့ခွင့်ရဖို့နေနေသာသာ ဖုန်းစကားပြောခွင့်ရဖို့တောင် မလွယ်ကူတဲ့အကြောင်း၊ မောင့် ဝန်ထမ်းတွေက တင်းတင်းကျပ်ကျပ်စောင့်နေကြကြောင်း ပြောပြတော့ -

'ချစ်လေးရယ် . . . သူတို့က လူချင်း မတွေ့နိုင်အောင် တားလို့သာ ရချင်ရမယ်၊ မချစ်ရအောင်တော့ တားလို့ မရပါဘူးကွာ။ ဒါကိုတော့ မောင်ကလည်း ဘယ်တော့မှ ခွင့်ပြုမှာ မဟုတ်ဘူး'တဲ့။

'မောင် ဒီမှာ ခဏပဲ နေလို့ရမှာ။ စားစရာ တစ်ခုခု မှာရအောင်'

ပြောပြောဆိုဆို ရေချိုးခန်းထဲဝင်သွားလို့ ကျွန်မပဲ ဟမ်ဘာဂါနှစ်ခု အခန်းထဲပို့ပေးဖို့ မှာလိုက်ရတယ်။ ရေချိုးခန်းထဲမှာ သူ ငါးမိနစ်လောက်ကြာတယ်။

'ခေါင်းကိုက်လွန်းလို့ ဆေးသောက်နေတာ။ အဲဒီဆေးသောက်လိုက်မှ နေကောင်းသွားတော့တယ်'တဲ့။

ပရစ်ဆလာကိစ္စကြောင့် သူ တော်တော်စိတ်ညစ်နေပုံပဲ။ ဒါကြောင့် ကျွန်မ ပရစ်ဆလာကို ရှင်းရှင်းလင်းလင်း မေးကြည့်လိုက်ပါလားလို့ အကြံပေးကြည့်တယ်။

'သူ့ ပြောရင် မောင့်အပြစ်လို့ပဲ ပြောမှာပဲ။ အားလုံးက မောင့်ကို အပြစ်ပဲ

http://www.cherrythitsar.org



မြင်နေကြတာလေ။ သူတို့က မောင့်ကို မိန်းမပွေတဲ့သူလို့ ထင်နေကြတာ။ သူတို့ခေါ်လာတဲ့ မိန်းမတွေနဲ့လည်း မောင် ရှုပ်ရှုပ်ထွေးထွေး မနေပါဘူး။ တစ်ခါတလေတော့လည်း ခေါ်မလာကြနဲ့လို့ တားချင်စိတ်ပေါ်သားပဲ။ ဒါပေမယ့် အဲဒီလိုငြင်းဖို့ရာ ခက်နေပြန်ရော။ လူမှုရေးဆိုတာ ရှိသေးတယ်လေ။ ဒီကောင်တွေက မောင့်ကို ရယ်စရာကောင်းကြီးလို့ မြင်နေကြမှာပဲ'

အရင်တုန်းက အဲ(လ)ဗစ္စ ပြောဖူးတယ်။ ပရစ်ဆလာကို သူရွေးခဲ့တာ ကျွန်မနဲ့ တူလို့တဲ့။ ခုလောက်တော့ အသေးစိတ် မပြောခဲ့ဖူးပါဘူး။ ပထမတော့ ကျွန်မယုံဖို့ တော်တော်ခက်သွားတယ်။ ကျွန်မ အမြင်မှာတော့ ပရစ်ဆလာဟာ ကျွန်မနဲ့ ဘာမှ မတူပါဘူး။ ကျွန်မ သူတို့ မင်္ဂလာပွဲက ပုံတွေ မြင်ဖူးတာပဲ။ ဆံပင်ကို အမြင့်ကြီးစုပြီး ချည်ထားလိုက်တာ။ ၁၉၆၇ခုနှစ်အတွက် ခေတ်မမီတော့တဲ့ ပုံစံဖြစ်နေပြီ။ ဒါပေမယ့် နောက်မကြာမီမှာ သူတို့နှစ်ယောက်တွဲပုံတစ်ပုံတွေ့လိုက်ရတော့ ကျွန်မ တော်တော်အံ့သြသွားတယ်။ အဲ(လ)ဗစ္စနဲ့ ကျွန်မပုံကို တစ်ယောက်ယောက်များ ရိုက်ထားသလားပေါ့။ ဒါပေမယ့် အဲဒီလို ကျွန်မ မတွေးချင်တော့ပါဘူး။ သူ့ မိန်းမကို သူကြိုက်သလို ဆင်ထားတာ ကျွန်မနဲ့ ဘာမှ မဆိုင်ဘူး မဟုတ်လား။

'ကာနယ်ပတ်ကားက လက်ထပ်ဖို့ အတင်းအကျပ် စီစဉ်တယ်။ သူ့ ထုံးစံအတိုင်း ကိုယ့်ကို သူ လုံးဝပိုင်ဆိုင်ထားတဲ့ ပစ္စည်းတစ်ခုလို သဘောထားပြီး စိတ်ကြိုက်စီစဉ်တော့တာပဲ။ ကိုယ် နောက်ဆုံးအချိန်အထိ အကြောက်အကန် ငြင်းပေမယ့် အားလုံး ခြေလွန်လက်လွန် ဖြစ်နေပြီ။ လက်ထပ်ပြီးချိန်ကျမှ မင်း မသေသေးဘူးဆိုတာ ကိုယ်သိလာရတယ်။ ကိုယ် လက်ထပ်ချင်တာက မင်းပဲ'

သူ့ကို ဒီစကားတွေ ထပ်မပြောပါနဲ့တော့လို့ တောင်းပန်ပါတယ်။ နာကျင်ခံစားရတဲ့ ဝေဒနာကို အစကနေ နောက်တစ်ကြိမ် မခံစားချင်တော့လို့ပါ။ ကျွန်မ အသည်းတွေ ကြွေမတတ် ခံစားရပါတယ် မောင်။ အားလုံးဟာ ပြီးခဲ့ပါပြီ။ ပြင်လို့ မရတော့တဲ့ ကိစ္စကို မောင်ဘာဖြစ်လို့ ပြောနေတာလဲ။

'တိတ်' သူအော်လိုက်ပြီး ကျွန်မပါးစပ်ကို သူ့လက်ဝါးနဲ့ ပိတ်လိုက်တယ်။

'ဒီတစ်ခါတော့ မင်းနားထောင်ရမယ်။ မောင်လေ မင်းကို မောင့်ရင်သွေးလေး တစ်ယောက်လောက် လွယ်စေချင်ခဲ့တာ။ ဒါပေမယ့် အားလုံးလွန်ခဲ့ပါပြီ။ ကိုယ်က အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီဆိုတော့ ဒီဘဝထဲမှာ ကိုယ်နေရတော့မယ်၊ အိမ်ထောင်ရေး သာယာအောင် ကိုယ်ကြိုးစားခဲ့ပါတယ်။ ကိုယ် ကလေးအဖေ

http://www.cherrythitsar.org



ဖြစ်ချင်တယ်။ ဒါပေမယ့် ကိုယ်မင်းကိုပဲ သတိရနေခဲ့တယ်။ ကိုယ့်ဆီက ဘာမှ မမျှော်လင့်တဲ့ မင်း၊ တစ်ပြားတစ်ချပ်မှ မယူခဲ့တဲ့ မင်းကို ကိုယ်မမေ့နိုင်ဘူး လူစီ။ မင်းလိုချင်တာက ကိုယ်ပဲဆိုတာ သိခဲ့တယ်။ မင်းကိုယ့်ကိုချစ်ခဲ့တာ မဲ(မ)ဖစ္စမှာ ကလေကချေ ကလေးဘဝကတည်းက စခဲ့တယ်ဆိုတာ ကိုယ်မေ့လို့ မရနိုင်ဘူး လူစီ'

'အဲ(လ)ဗစ္စ'

'တော်. . . ကိုယ်ပြောတာပဲ နားထောင်'

သူ တော်တော် ဒေါသထွက်နေတယ်။ သူစိတ်ပြေသွားအောင် ကျွန်မ ဘာမှ မတတ်နိုင်ပါဘူး။

'မင်း ပရစ်ဆလာအကြောင်း သိချင်တယ် မဟုတ်လား လူစီ။ မင်း ညာမနေပါနဲ့။ ပရစ်ဆလာဟာ ကိုယ့်ကို ဆက်ဆံတဲ့နေရာမှာ အေးတိအေးစက်နိုင်လွန်းတယ်။ ကိုယ့်ကို လုံးဝ မမြတ်နိုးသလိုဘဲ။ ကိုယ်ဖြစ်စေချင်တာက ကိုယ့်ကို ဘာကောင်ဖြစ်လို့၊ ညာကောင်ဖြစ်လို့ဆိုတာထက် ကိုယ်ဖြစ်လို့ ချစ်တာပဲလိုချင်တယ်။ ကိုယ်တို့နှစ်ယောက် စိတ်ကူးခဲ့ကြသလိုပေါ့။ ဒါပေမယ့် အဲဒီလိုဖြစ်မလားဘူး လူစီ'

သူ ပြောချင်တာ ပြောလိုက်ရတဲ့အတွက် ဒေါသတွေ ပြေပျောက်သွားပုံရတယ်။ ဇက်ကျိုးကျပြီး ကြမ်းပြင်ကို ငုံ့ကြည့်နေတယ်။

'လူစီ. . . သူတစ်ယောက်ယောက်နဲ့ တွေ့နေပုံရတယ်။ သူ သစ္စာဖောက်နေတယ်'

ပရစ်ဆလာနဲ့ ပတ်သက်လို့ သူ့ရင်ထဲမှာ ဘယ်လောက်ခံစားရတယ်ဆိုတာ ဘယ်တုန်းကမှ ကျွန်မ မသိခဲ့ပါဘူး။ သူ ဒါလောက် ခံစားနေပုံထောက်တော့ ပရစ်ဆလာကို အလေးအနက်ထားတယ်ဆိုတာ သေချာသွားတယ်။ ပြီးတော့ ကျွန်မနဲ့ ပတ်သက်လို့ သူဘယ်လို အလေးအနက်ထားတယ်ဆိုတာလည်း ကျွန်မ သိပါတယ်။ ပြီးတော့ သူ့အနေနဲ့ ပြောနေတာတွေက ကျွန်မတို့နှစ်ယောက် ဆက်ဆံရေးနဲ့ ပတ်သက်ပြီး စိတ်မလုံမလဲ မဖြစ်ရအောင် ပြောနေတယ်ဆိုတာလည်း သဘောပေါက်ပါတယ်။

'ကိုယ့်ကောင်တွေကတော့ ကိုယ်မသိဘူး မှတ်နေကြတယ်။ ကိုယ့်အတွက် မိန်းကလေးတွေ ခေါ်လာပေးပြီး ပရစ်ဆလာဆီ စိတ်မရောက်အောင် လုပ်ကြတယ်။ ကိုယ်ငတုံး မဟုတ်ဘူး လူစီ။ ကိုယ့်ကို ဝိုင်းပြီး အသုံးချနေကြတာကို ကိုယ်နာတယ်'

http://www.cherrythitsar.org



သူ့စကားထဲက မိန်းကလေးတွေ ခေါ်လာပေးတယ်ဆိုတာနဲ့ ပတ်သက်လို့ ကျွန်မက အချီအချပြောချင်ပေမယ့် လွှတ်ပေးထားလိုက်ပါတယ်။ ပရစ်ဆလာနဲ့ ပတ်သက်တဲ့ သတင်းကို သူဘယ်လောက် တိတိကျကျ သိတာလဲလို့ မေးကြည့်တယ်။ ကြားလူတွေက သူတို့နှစ်ယောက်ကွဲအောင် ကောလာဟလ လွှင့်တာကော မဖြစ်နိုင်ဘူးလား။ အဲ(လ)ဗစ္စကို ရထားတဲ့ မိန်းမတစ်ယောက်က နောက်ထပ် ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားပါတယ်ဆိုတာ ကျွန်မ လုံးဝမယုံပါဘူး။

'မင်းကတော့ ကိုယ့်စရိတ် ကိုယ်စားပြီး ဒီမိန်းမကို ကောင်းဘက်ကချည်း မြင်နေ၊ ထွက်ပေါက်တစ်ခုခုရအောင် မောင့်ဘက်က လုပ်ရတော့တာပဲ'

'သူတို့ အသုံးချခွင့်ရအောင် မောင်က ခွင့်ပြုနေတာကိုး။ ခု သူတို့ ဝယ်ပေးလို့ မောင်သုံးနေတဲ့ ဆေးလုံးတွေက မောင့်ကို အားယုတ်စေမှာပဲ။ မောင် အားနည်းလာလေ သူတို့က အားကောင်းလာလေပဲပေါ့။ မောင် ခါတိုင်းလို ဘုရားသခင်ကို ဘာကြောင့် အားမကိုးတာလဲ။ တစ်ခါတုန်းက တောင်ကုန်းလေးပေါ်မှာ ကျွန်မတို့နှစ်ယောက် ဘုရားသခင်ထံမှာ တိုင်တည်ခဲ့ကြဖူးတာ သတိမရတော့ဘူးလား မောင်၊ အဲဒီတုန်းက ဘုရားသခင်က မောင့်ဆုတောင်းကို ပြည့်စေခဲ့တာပဲ မဟုတ်လား။ မောင့်ဘဝကို ထင်ရှားအောင်မြင်စေခဲ့တယ်လေ။ အဲဒီလိုဖြစ်အောင် စောင်မတော်မူခဲ့မှတော့ ခုမောင်ကြုံနေရတဲ့ အခက်အခဲတွေက လွတ်မြောက်အောင်လည်း စောင်မတော်မူမှာပေါ့ မောင်ရဲ့။ မောင့်အိမ်ထောင်ရေး အဆင်ပြေအောင်လည်း မောင်လုပ်နိုင်တာပဲ။ မောင်ကြိုက်တဲ့ဆုကို ပန်ပါ။ ပြည့်မယ်ဆိုတာ ကျွန်မယုံတယ် မောင်'

'ဟန်နီ. . . မောင် တစ်ခုခု မသုံးရဘူးဆိုရင် ရူးသွားနိုင်တယ်။ ကာနယ်က တစ်ချိန်လုံး မောင့်ကို မောင်းနေတာပဲ။ မောင်လုပ်နိုင်တာတွေအားလုံး လုပ်ပေးနေတာပဲ။ သီချင်းဆိုတာဆိုလည်း အမြဲပဲ၊ တီဗွီရိုက်ဆိုလည်း ရိုက်တာပဲ။ ဗီးဂတ်(စ)မှာ မကြာခင် သီချင်းဆို ဖျော်ဖြေရဦးမတဲ့။ ဟေး. . . ဟန်နီ၊ ဒီပွဲကို လိုက်ခဲ့ပါလားကွာ'

အဲဒီလိုတော့ ကျွန်မ မလုပ်သင့်ဘူးထင်တယ်။ ဒါကြောင့် မောင့်ဖိတ်ခေါ်ချက်ကို ငြင်းလိုက်တယ်။

'ဟုတ်ပါတယ်။ ချစ်ကို ထိခိုက်စေမယ့် ကိစ္စမျိုး ကိုယ် မလုပ်ချင်ပါဘူး။ တကယ်တော့ ချစ်က ကိုယ့်ရဲ့တစ်ခုတည်းသော လျှို့ဝှက်ရတနာလေးပါ။ ဒီအတိုင်းပဲ ကိုယ်ထားချင်တယ်။ ကိုယ့် ပတ်ဝန်းကျင်နဲ့ မရောထွေးမိတာ အကောင်းဆုံးပဲ'

http://www.cherrythitsar.org



'မောင့် ဓာတ်ပြားတွေအကြောင်း ပြောပါဦး။ ခု ဘယ်သီချင်းတွေ ဆိုထားသေးလဲ' အမှန်ကတော့ ကျွန်မ စကားလမ်းကြောင်း လွှဲလိုက်ခြင်းပါ။

မောင်က မဖြေတော့ဘဲ အတွေးထဲမှာပဲ နစ်မြောနေတာမို့ ကျွန်မခုတင်ပေါ် ကထလိုက်ပြီး ပြတင်းပေါက်ဆီကို လျှောက်သွားခဲ့တယ်။ နေ့ခင်းဘက်တုန်းက မြင့်မားတဲ့ သစ်ပင်တွေ၊ တောင်ကုန်းတွေနဲ့ လှပနေတဲ့ တဲ(န)ဆီရဲ့ ကျေးလက်ရှုခင်းတွေကို ငေးရင်း စကားပြောတယ်။

'သူတို့က မောင့်ကို သီချင်းမဆိုပါနဲ့တော့တဲ့။ ဒီအတိုင်း အနိုင်နဲ့ပိုင်းတာက ပိုပြီး သိက္ခာရှိလိမ့်မယ်တဲ့'

'မဟုတ်တာဘဲ မောင်ရယ်'

'သူတို့က အဲဒီလို ပြောကြတာပဲ'

ကျွန်မတို့နှစ်ယောက် ဘာစကားမှ မဆက်ဖြစ်ကြတော့ဘဲ လရောင်အောက် ရှုခင်းကိုသာ ငေးနေမိကြတယ်။ ခဏကြာတော့ မောင်က သီချင်းတစ်ပုဒ်စဆိုတယ်။ Are You Lonesome Tonight သီချင်းပါ။ သီချင်းအစပိုင်းမှာ မောင်ဆိုနေတာ ညင်ညင်သာသာလေးပါ။ ဆိုနေရင်းကနေ အားမာန်ပါလာတယ်။ ဒီသီချင်းက အသစ်ထင်တာပဲ။ ကျွန်မ တစ်ခါမှ မကြားဖူးသေးဘူး။ စာသားလေးတွေက လှပပြီး မောင့်အသံကလည်း စာသားနဲ့ လိုက်ဖက်ညီစွာ ရှိလာတယ်။

'ကောင်းလိုက်တဲ့ သီချင်း မောင်ရယ်၊ ပြောစရာမရှိအောင်ကို ကောင်းတယ်' မောင့် သီချင်းအဆုံးမှာ ကျွန်မ ပြောလိုက်တယ်။ သီချင်းဆိုလိုက်ရတဲ့အတွက် သူ စိတ်ပေါ့သွားပုံလည်းရတယ်။ 'ဒီသီချင်းက သွင်းပြီးတာ သိပ်မကြာသေးဘူး။ နောက်တစ်ပုဒ်ရှိသေးတယ်။ Memories တဲ့၊ ဒီသီချင်းတွေက ချစ်အတွက် ရည်ရွယ်ဆိုထားတာတွေချည်းပဲ။ သီချင်းတိုက်နေတုန်းကဆို အရမ်းသတိရတာ၊ ကြားကော ကြားရဲ့လားဟင်။ တစ်ခါတုန်းက မောင် ပြောခဲ့သလိုပဲ။ ချစ်ကို အခုလို အနီးကပ်စကားပြောခွင့် မရတဲ့အချိန်မှာ သီချင်းထဲက တစ်ဆင့် ပြောနေရတာပဲ'

'ကြားပါတယ် မောင်ရယ်၊ မောင့် သီချင်းတွေက အမြဲကြားနေရတာပါ။ သီချင်းထဲက စာသားအားလုံးဟာ ကျွန်မကို ရည်ရွယ်တာပဲလို့ ကျွန်မကလည်း ခံစားကြည့်ပါတယ်။ တကယ် ရည်ရွယ်တာကော ဟုတ်ရဲ့လား မောင်'

'ဟုတ်တာပေါ့၊ ဒါပေမယ့် ချစ်ကြားလိမ့်မယ်လို့ မောင် မထင်ဘူး။ Are You Lonesome Tonight သီချင်းကို ကြားစေချင်တဲ့ အချိန်တုန်းက မကြားခဲ့ဘူး မဟုတ်လား'

http://www.cherrythitsar.org



သူ့မျက်နှာမှာ စိတ်ဓာတ်ကျတဲ့ အရိပ်အယောင်ပေါ်လာပြန်တာမို့ သူ့ပခုံးကို ဖက်ထားလိုက်ရပါတယ်။

'ချစ် သီချင်းဆိုတာကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက မောင်တို့နှစ်ယောက် အတူတူ ရှိနေတုန်းကပေါ့။ မောင်က ချစ်ရဲ့ 'အမြတ်နိုးဆုံး' ဆိုလား ဘာလား ပဲ။ ပြီးတော့ မောင်က ချစ်အတွက် 'ကိုထူးဆန်း'တဲ့။ အဲဒါလေးတွေ ကြားယောင် မိတော့ မောင်ပျော်ရတယ်'

'မောင် တကယ်မှတ်မိတယ်၊ ယုံတောင် မယုံနိုင်ဘူးကွာ'

မောင်က ကျွန်မကို သူ့ဘက် ဆွဲလှည့်လိုက်ပါတယ်။ လရောင်အောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ငေးကြည့်နေမိတယ်။ ကျွန်မကို နမ်းမယ်လို့ မောင် ခေါင်းအငုံ့လိုက်မှာ တံခါးခေါက်သံ ပေါ်လာတယ်။ စားစရာမှာထားတာ ကျွန်မတို့ မေ့နေကြတယ်လေ။

စားဖို့ရာ ကြိုးစားပေမယ့် မောင့်သီချင်းသံ၊ အေးမြတဲ့လရောင်၊ ညင်သာတဲ့ မောင့်အနမ်းတွေက ကျွန်မတစ်ကိုယ်လုံးမှာရှိတဲ့ သွေးတွေကို ဆူပွက်စေခဲ့ပြီမို့ မခံစားနိုင်တော့ပါဘူး။ မောင်နဲ့ ကျွန်မ ချစ်တင်းမနှောခဲ့ကြတာ ဆယ့်တစ်နှစ်ရှိ ပြီ။ ညပေါင်း ထောင်ပေါင်းများစွာ အိပ်ရာထဲမှာ တစ်ယောက်တည်း လှဲရင်း မောင့်အကြောင်းတွေ တွေးပြီး မအိပ်နိုင်ခဲ့တဲ့ကျွန်မ ခုတော့ လက်တစ်ကမ်းမှာ မောင် ရောက်နေပြီ။ တကယ်လို့ မောင်ကသာ ကြိုးစားလာရင် ကျွန်မဘက်က ထိန်းနိုင်တော့မှာ မဟုတ်လို့ ဒီနေရာက အမြန်ဆုံး ထွက်သွားရင် ကောင်းမလား လို့ တွေးမိတယ်။ ကျွန်မ အိမ်ထောင်ရေး အခြေအနေမကောင်းတာ မှန်ပါတယ်။ မောင့် အိမ်ထောင်ရေးကလည်း ပျက်လုလု။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက် အိမ်ထောင်သည်တွေ ဖြစ်နေဆဲပဲ။ အိမ်ထောင်ရေးပြစ်မှု ကျူးလွန်ဖို့ဆိုတာ ကက် သလစ်သီလရှင်ကျောင်းမှာ ကြီးပြင်းခဲ့ရတဲ့ ကျွန်မအတွက် ဧရာမငရဲခန်းပါ။

ဟမ်ဘာဂါစားနေတဲ့ မောင့်ကိုကြည့်ရင်း ကျွန်မ အတွေးနယ်ချဲ့နေမိပါတယ်။ တကယ်တော့ မောင့်ကို နာလည်းပါတယ်ဆိုတဲ့ မောင့်ပတ်ဝန်းကျင်က လူတွေ ဘယ်သူမှ ကျွန်မလောက် မောင့်အပေါ် နားမလည်တာ သေချာပါတယ်။ မောင် က သူ့ကို သူများ ဂရုစိုက်တာ၊ ယုယတာ ခံချင်ပေမယ့် သူကတော့ သူများကို ဘယ်တော့မှ ဂရုစိုက်တတ်တဲ့သူ မဟုတ်ဘူး။ အောင်မြင်နေလို့ လူတွေက ဂရုစိုက်နေကြတာ။ မအောင်မြင်ရင် လူတွေက ဂရုစိုက်ကြတော့မှာ မဟုတ်ဘူး ဆိုတဲ့ အတွေးက သူ့ကို ခြောက်လှန့်နေတယ်။ ဒါကြောင့်လည်း သူ့ကို ခြောက် လှန့်နေတယ်။ ဒါကြောင့်လည်း သူ ဆေးလုံးတွေ သုံးနေတာပေါ့။

http://www.cherrythitsar.org



'ဘာတွေ တွေးနေတာလဲ လူစီ'

'ကျွန်မ သိပ်မဆာလို့ပါ'

'မောင့်အတွက် စိတ်ပူနေတယ် မဟုတ်လား၊ မာမီလည်း အဲဒီလိုပဲ။ မောင့်အတွက် စိတ်ပူရင် မျက်နှာက အဲဒီလိုဖြစ်သွားရော။ မာမီက အောင်မြင်မှုကြောင့် မောင် လွတ်သွားမှာကို ပူတယ်။ သူ့အနားမှာ မရှိမှာကို ပူတာ မဟုတ်ဘူး။ သူ သင်ထားတဲ့ ဘုရားသခင်ကို ယုံကြည်အားကိုးပါဆိုတာကို မေ့သွားမှာစိုးတာ၊ အလုပ်ထဲမှာ ပျော်မွေ့ပြီး မောင် လွတ်သွားဖူးတယ်။ အဲဒီအခါ ဒေါသတွေဝင်လာပြီး သာမန်အချိန်မှာ မလုပ်မယ့် အလုပ်မျိုးတွေ လုပ်ဖြစ်သွားရော။ မကောင်းပါဘူးကွာ'

'မောင် အောင်မြင်မှုနောက်ကို တကောက်ကောက်လိုက်ရင်း မောင့်မှာ ရည်မှန်းချက်မဲ့လာတယ်ဆိုတာ ကျွန်မမြင်နေရတယ်။ သီချင်းဆိုရရင် မောင်ပျော်တယ်၊ ဒါပေမယ့် မောင် မဆိုဘူး။ မောင့်အနားမှာ ဝိုင်းနေကြတဲ့သူတွေက ငွေရရင် ပြီးရောဆိုတဲ့ သူတွေပဲ။ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို ကိုယ်တိုင် ကျေနပ်ဖို့ လိုတယ်မောင်။ မောင့် အလုပ်ကို မောင် ကျေနပ်ရဲ့လား'

'သီချင်းဆိုရရင် ကျေနပ်တာပေါ့'

'ဒါဆို သီချင်းဆိုရမှာပေါ့ မောင်ရဲ့။ ဘာဖြစ်လို့ သူများက ကိုယ့်ကိုခိုင်းစားနေကြတာ ခံနေရတာလဲ။ ပြီးတော့ မောင့်ဇနီးနဲ့ ပတ်သက်တဲ့ မောင့်သဘောထား။ မောင်လည်း ကျွန်မလိုပဲ ကိုယ့်ကြောင့် သူများ မထိခိုက်စေချင်ဘူး မဟုတ်လား'

'တကယ်လို့ သူက အကျိုးအမြတ်အတွက် မောင့်နာမည်ကို အသုံးချနေတယ်ဆိုရင်လည်း သုံးပါစေကွယ်။ နားလည်ပေးလိုက်စမ်းပါ။ ပြီးတော့ သမီးလေး လီဇာက ရှိသေးတယ် မဟုတ်လား။ ပရစ်ဆလာရဲ့ သတင်းတွေက မမှန်ခဲ့ဘူးဆိုရင် မောင်တို့နှစ်ယောက် သာယာတဲ့ အိမ်ထောင်လေးတစ်ခု တည်ဆောက်နိုင်မှာပါ'

ဒီစကားတွေ ပြောနေရပေမယ့် ကျွန်မအသည်းတွေ နာနေတယ်။ ပရစ်ဆလာဟာ သံသယအကျိုး ခံစားခွင့်ရှိပါသေးတယ်။ တကယ်လို့ သူ သစ္စာဖောက်တာ သေချာရင်တော့ တစ်မျိုးပေါ့'

'မောင့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ'

'လူစီ. . . မောင် တကယ်လုပ်ချင်တာက မင်းလိုပဲ လူတွေ ဘုရားတရားဘက် အာရုံစိုက်လာအောင် သင်ကြားပို့ချပေးချင်တယ်။ လူတွေက ဘုရားတရား

http://www.cherrythitsar.org



ယုံကြည်မှု နည်းလာကြတယ်'

မောင့်စကား ကြားရတာ ရင်ထဲမှာ ထိခိုက်မိတယ်။ ဒါပေမယ့် မောင့်စိတ်ထားကို သေသေချာချာ လေ့လာကြည့်ရင် သူ့ပြဿနာတွေကို မေ့ထားလို့ရအောင် တစ်ကမ္ဘာလုံးက ပြဿနာတွေကို သူ့ခေါင်းထဲ ထည့်ထားချင်တဲ့ သဘောပါပဲ။

'ရပါတယ် မောင်ရဲ့။ မောင်က အောင်မြင်တဲ့ အဆိုကျော် တစ်ယောက်ပဲဥစ္စာ၊ ဒါကို အခွင့်အရေးတစ်ခုအနေနဲ့ အသုံးချတတ်ရမှာပေါ့။ မောင့်သီချင်းတွေထဲမှာ ဘုရားသခင်ကို ယုံကြည်ကိုးစားကြဖို့ အကြောင်းတွေ ထည့်ဆိုရင်သူတို့ကို တရားဟောတာနဲ့ အတူတူပဲပေါ့။ ပြီးတော့ ဘုရားတရားအလုပ်တွေကို ကိုယ်တိုင်ကလည်း လုပ်ပြ၊ လူတွေက မောင့်ကိုချစ်တော့ မောင်လုပ်တာ လိုက်လုပ်ကြမှာပဲ။ အခု မောင်ရောက်နေတဲ့နေရာကို ပို့ဆောင်ပေးခဲ့တဲ့ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရပါ။ ဘာမှ ကြောက်မနေပါနဲ့. . . '

'လူစီ. . . မင်းကတော့ မောင့်ကို အမြဲနားလည်ပေးနေတာနော်'

'မောင်က မောင့်ပြဿနာတွေချည်းပြောနေလည်း မင်းကတော့ မညည်းမညူနားထောင်နေတာပဲ။ မောင်က မင်းလိုတာဆိုရင် ဘယ်အရာပဲဖြစ်ဖြစ် ပေးဖို့အဆင်သင့်ပါပဲ။ ဒါပေမယ့် မင်းက လက်မခံတာ ခက်တယ်'

'မောင်ကလည်းကွာ. . . ကျွန်မကို မောင် ပေးနိုင်တာတွေ ပေးထားပြီဆိုတာ သဘောမပေါက်သေးဘူးလား။ ကျွန်မလိုချင်တာ မောင့်အချစ်လေ၊ အချစ်ကိုရမှတော့ နောက်ထပ် ဘာမှ မလိုတော့ပါဘူး မောင်။ ပြီးတော့ မောင်က ကျွန်မကို နားလည်တယ်လေ။မောင်က ကျွန်မအတွက် မိတ်ဆွေကောင်း တစ်ယောက်လည်း ဖြစ်တယ်၊ ဖြစ်ခဲ့သမျှကိုလည်း ကျွန်မဝမ်းနည်းတသ မနေတော့ပါဘူး မောင်ရယ်၊ ပစ္စည်းဥစ္စာ မရှိပေမယ့် ကျွန်မ ဝမ်းစာအတွက်တော့ ရှာစားနိုင်ပါတယ်။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းဆိုတာကို ကျွန်မကတော့ မကောင်းတဲ့ဘက်က မြင်တယ်။ ကျွန်မကိုပဲကြည့် တစ်စုံတစ်ယောက်က ကျွန်မကို ပိုင်ဆိုင်ချင်တယ်။ အပိုင်ဆိုင်ခံလိုက်ရတဲ့ ကျွန်မဘဝဟာ သေသွားတာပဲ။ မောင့်ကို တွေ့တော့ ချစ်မိတယ်။ အဲဒီအချစ်ကိုတော့ ကျွန်မရင်ထဲက ဘယ်သူမှ ထုတ်သွားလို့ မရပါဘူး မောင်။ မောင်နဲ့ တွေ့တော့မှ အချစ်ဆိုတာ ကျွန်မစိတ်ကူးယဉ်ခဲ့တာထက် ဆန်းကြယ်တယ်ဆိုတာ သိလာခဲ့ရတယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ သံယောဇဉ်ကို ချစ်မေတ္တာနဲ့ပဲ နှောင်ဖွဲ့ထားပါရစေ မောင်။ တခြား ဘာရုပ်ဝတ္ထုတွေနဲ့မှ မပတ်သက်စေချင်ဘူး။ မောင်ပိုင်တဲ့ ကားတွေ၊ အိမ်တွေကိုလည်း အပိုင်ဆိုင် မခံချင်သေးဘူး မောင်၊ တစ်ချိန်ချိန် ကျွန်မတို့နှစ်ယောက် လွတ်လပ်တဲ့ဘဝကိုယ်စီနဲ့ ဆုံစည်း

http://www.cherrythitsar.org



ခွင့်ရတဲ့အခါကျရင်တော့ မောင်ပေးတဲ့ လက်ဆောင်အားလုံး ကျွန်မ လက်ခံပါမယ်။ ခုနေ လက်ခံမယ်ဆိုရင် သူများမသိအောင် ဝှက်နေရဦးမယ် မဟုတ်လားမောင်ရဲ့။ ခုတော့ ကျွန်မ ရထားတာနဲ့ပဲ ကျေနပ်ပါရစေဦး။ ကျွန်မကလေးတွေကိုလည်း သူတို့အမေဟာ ပစ္စည်းမက်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာလေးနဲ့ပဲ ဂုဏ်ယူကြစေချင်တယ်။ မောင် နားလည်ပါနော်။ ကျွန်မကို မောင်အများကြီး ပေးချင်တယ်ဆိုတာ သိပါတယ်။ ကျွန်မကို အချစ်နဲ့ ပျော်ရွှင်မှုသာ ပေးပါ မောင်ရယ်။ အရာအားလုံးထက် တန်ဖိုးထားတာက အချစ်ပါ မောင်'

ရှည်ရှည်ဝေးဝေး ပြောလိုက်ပေမယ့် ရင်ထဲမှာရှိတဲ့ စကားတချို့ကိုတော့ ချန်ထားမိတယ်။ 'မောင် ကျွန်မကို အဖိုးတန်လက်ဆောင်တစ်ခု ပေးခဲ့ပြီးပါပြီ၊ မောင့် ရင်သွေးလေ။ ဒီလက်ဆောင်ဟာ တခြားလက်ဆောင်တွေထက် အဖိုးတန်ပါတယ်ဆိုတဲ့ စကားပါ။ ဒီစကားကိုတော့ ကျွန်မ မျိုသိပ်ထားခဲ့တယ်'

မောင်က ရွှေဝါးကပ်တိုင် သေးသေးလေးတစ်ခု ကျွန်မကို ဆွဲပေးတယ်။ ဒါကိုတော့ ကျွန်မ လက်ခံလိုက်ပါတယ်။ ဒါကလည်း ၁၉၅၃ ခုနှစ်က ကျွန်မတို့နှစ်ယောက်တည်း လက်ထပ်ခဲ့စဉ်က ကိစ္စကို အသိအမှတ်ပြုတဲ့ သဘောပါ။

'မောင်တို့ ချစ်ခြင်းမေတ္တာနဲ့ ဘုရားသခင်ရဲ့ မေတ္တာပေါင်းဆုံတဲ့ အထိမ်းအမှတ်ပါ'။ ပထမဆုံး ပေးစဉ်က စကားကိုပဲ သူ ထပ်ပြောတယ်။ 'မောင်တို့နှစ်ယောက် ချစ်ခွင့်မကြုံခဲ့ကြတာ ကြာလှပြီနော်။ တကယ်တော့ မောင်တို့နှစ်ယောက်လုံး ကိုယ့်ကိုယ်ကိုယ် ညာနေကြတာပဲ။ ကိုယ့်မိန်းမက ကိုယ့်ကို သစ္စာဖောက်တယ်။ မင်းကလည်း မင်းခင်ပွန်းကို မချစ်ဘူး။ အဲဒီလို ဆက်မနေပါနဲ့တော့ လူစီရယ်။ မင်းဘာဖြစ်ချင်သလဲ ပြောစမ်းပါ။ ဖြစ်ချင်တာ ဖြစ်ရပါစေ့မယ်။ မောင်က မင်းကို ချစ်တယ်။ မင်းကလည်း မောင့်ကိုချစ်တယ်။ ဒါနဲ့တောင် မောင်တို့နှစ်ယောက် ဘာကြောင့် ဆုံစည်းခွင့် မရတာလဲဟင်'

'ကမ္ဘာပေါ်မှာရှိတဲ့ အချောအလှ မိန်းမမှန်သမျှ မောင့်ခြေရင်းမှာ ဝပ်စင်းနေမှတော့ ကျွန်မကို ဘာကြောင့်များ လိုချင်နေရတာလဲ မောင်'

တကယ်တော့ ဒီစကားက ကိုယ့်ကိုယ်ကို လုံခြုံမှု မရှိလှလို့ ထွက်လာတဲ့စကားပါပဲ။

'မဟုတ်ပါဘူး လူစီရယ်၊ မင်းရဲ့ အတွင်းစိတ် အလှအပကို ဘယ်သူမှ လိုက်လို့ မမီပါဘူး'

'ဒါပေမယ့် ကျွန်မက နုပျိုမနေတော့ပါဘူး မောင်'

ကျွန်မစကားကို မောင်က လျစ်လျူရှုလိုက်ပြီး လည်တိုင်ကို နမ်းလာတယ်။

http://www.cherrythitsar.org



ဆယ်စုနှစ် တစ်ခုလုံး ထိန်းခဲ့ကြတဲ့ ဆန္ဒတွေကို ရေကာတာ ကျိုးပေါက်သလို မထိန်းနိုင်ကြတော့ပါဘူး။

'မောင့် ဒီဗိုင်းယားရီးလေးရယ်'

မောင့်အသံတွေက တိုးတိတ်ညင်သာလွန်းလှပါတယ်။

နောက် တစ်နာရီလောက် အကြာမှာတော့ ကျွန်မတို့နှစ်ယောက် ခွဲကြရတော့မယ်။ ဆုံစည်းရာကနေ ခွဲကြရမယ်ဆိုတော့ ခက်ခဲလှပါတယ်။ မောင့်ကို နောက်ထပ်တစ်ကြိမ် ပြန်တွေ့ခွင့်ရပါတော့မလားဆိုတာက မသေချာတော့ဘူး။ ဒါကြောင့် စိတ်ညစ်တဲ့အခါတိုင်း ကျွန်မ ရွတ်မိလေ့ရှိတဲ့ ပြင်သစ်စကားပုံတစ်ခုကို သွားသတိရမိတယ်။ 'ဆုံးရှုံးလိုက်ရသူတစ်ယောက်ကို ချစ်သည်ဆိုပါလျှင် သင်၏ အချစ်သည် ဘယ်သောအခါမှ ဆုံးရှုံးတော့မည် မဟုတ်ပေ'တဲ့။

'ဒီနေ့လေးကိုတော့ မောင် ဘယ်တော့မှ မေ့မှာ မဟုတ်တော့ဘူး။ မောင်တို့နှစ်ယောက် အစကတည်းက ဆုံစည်းခဲ့ကြဖို့ ကောင်းတာ။ အဲဒါဆို အခြေအနေက ခုလိုဖြစ်မှာ မဟုတ်တော့ဘူး။ ခုလည်း ကိုယ်တို့နှစ်ယောက် ဘဝတစ်ခု ထူထောင်လို့ ရပါသေးတယ်'

ကျွန်မကတော့ မောင့်လို မထင်တော့ပါဘူး။ အခြေအနေတွေက ပိုရှုပ်ထွေးလာပြီလေ။ ကျွန်မတို့ နှစ်ယောက်လုံး အိမ်ထောင်သည်တွေ ဖြစ်နေကြပြီ။ ကျွန်မမှာ ကလေးခြောက်ယောက်၊ သူ့မှာ ကလေးတစ်ယောက်။ ပြီးတော့ သူ့အနုပညာခရီးက လမ်းဆုံလမ်းခွရောက်နေပြီမို့ အောင်မြင်ဖို့ ကြိုးစားရဦးမယ်။ ကာနယ်ကြီးကကော ကျွန်မကို ဘယ်သဘောတူပါ့မလဲ။ အဲ(လ)ဗစ္စလို စူပါစတားတစ်ယောက်အတွက် ကျွန်မလို နားလည်မှုရှိတဲ့ မိန်းမတစ်ယောက်အနားမှာရှိဖို့ လိုတယ်ဆိုတာ ဘယ်သူမှ မသိကြဘူးလေ။

'ကိုယ်တို့နှစ်ယောက် ရှေ့ရေးအတွက် တစ်ခုခုတော့ လုပ်ရလိမ့်မယ် လူစီ၊ သမီးလေးကိုလည်း ပျော်စေချင်တယ်။ မောင် လက်ထပ်ခဲ့တာ မှားတာပါပဲကွာ'

မောင့် ခံစားချက်က ကျွန်မနဲ့ ထပ်တူမို့ ဘယ်လိုခံစားနေရတယ်ဆိုတာ နားလည်လိုက်ပါတယ်။

'အချစ်အကြောင်းကိုတော့ သူတို့လုံးဝမသိစေရအောင် မောင် ဖုံးထားတယ်'

'အသိမပေးနဲ့နော်. . . ကျွန်မတို့ ဒါလောက် လျှို့ဝှက်လာခဲ့ပြီးမှ'

'မောင့် သီချင်းတွေ နားထောင်မှာလား'

'နားထောင်မှာပေါ့၊ Are You Lonesome Tonight နဲ့ Memories သီချင်းတွေ ကြားလို့ ကျွန်မငိုရင် မောင် ကျေနပ်ပါ့မလား'

http://www.cherrythitsar.org



**'မငိုပါနဲ့ အချစ်ရယ်. . . ချစ် မျက်ရည်တွေ ကျခဲ့ရတာ များလှပါပြီ'**

* * *

*[လူစီကို တိပ်ခွေနဲ့ အင်တာဗျူးလုပ်ပြီး (၂)နှစ်အကြာမှ ပရစ်ဆလာက* ***Elvis and Me*** *ဆိုတဲ့ စာအုပ်တစ်အုပ် ထွက်လာခဲ့ပါတယ်။ အဲဒီစာအုပ်မှာ ပရစ်ဆလာက အဲ(လ)ဗစ္စဟာ သူ့ကို တစ်စုံတစ်ယောက်ဖြစ်လာအောင် ဖန်တီးနေခဲ့ကြောင်း သိတယ်လို့ ရေးခဲ့ပါတယ်။ ဆံပင်ကို အနက်ရောင် ဆိုးခိုင်းတယ်၊ ဝတ်ပုံ စားပုံ လမ်းလျှောက်ပုံကအစ သင်ပေးခဲ့တယ်။ သူက ပြင်သစ်စကား ကြိုက်တယ်ဆိုလို့ ပြင်သစ်သင်တန်း တက်ခဲ့ရတယ်လို့ ဖော်ပြခဲ့တယ်။ အဲ(လ)ဗစ္စနဲ့ ပြင်သစ်စကား ဆက်စပ်မှုက လူစီပြောတော့မှပဲ အဖြေထွက်လာခဲ့ပါတော့တယ်။]*

□

http://www.cherrythitsar.org



## အခန်း(၁၇)

ဇူလိုင်လ၊ ၁၉၆၉ ခုနှစ်

မဲ(မ)ဖစ္စမှာ ကျွန်မတို့နှစ်ယောက် ပြန်လည်ဆုံစည်းခဲ့ကြပေမယ့် အဲဒီနောက်ပိုင်းမှာ အဲ(လ)ဗစ္စဆီက ဖုန်းအဆက်အသွယ်က ထုံးစံအတိုင်း ကျဲတောက်တောက်ပါပဲ။ ဖုန်းဆက်လာပြန်ရင်လည်း သူ့မှာ အကြောင်းတစ်စုံတစ်ရာရှိလို့ ဆက်တာချည်းပဲ။ ဒါပေမယ့် ဘာအကြောင်းလဲဆိုတာကတော့ ကျွန်မ ဘယ်တော့မှ ခြေရာခံလို့ မရနိုင်ခဲ့ပါဘူး။ ဘာကြောင့်ဆိုတာ ကျွန်မ သိခွင့်မရပေမယ့် ဘယ်တုန်းကမှ ကျွန်မ စိတ်မပျက်ခဲ့သလို ဒီလိုအကြောင်းလေးတွေ ရှိနေလို့သာ ဖုန်းအဆက်အသွယ် ရနေတာပဲလို့ စိတ်ထဲမှာ ကျေနပ်လို့တောင် နေပါသေးတယ်။ ကျွန်မတို့နှစ်ယောက် အတူဆုံခဲ့စဉ် ကာလတုန်းက မောင်က ကျွန်မတစ်သက်မှာ သူ့တစ်ယောက်တည်းဆီကသာ ရခဲ့ဖူးတဲ့ အချစ်၊ ယုယ ကြင်နာမှုနဲ့ ရမ္မက်တွေကို ပေးခဲ့တယ်။ ဒါတွေကိုရဖို့ ကျွန်မပေးခဲ့ရတဲ့ တန်ဖိုးတွေက ကျွန်မတို့နှစ်ယောက် အကြောင်း တခြားသူတွေ သိသွားမှာ ကြောက်တဲ့စိတ်၊ ကျွန်မဘဝ အပြောင်းအလဲဖြစ်စေမယ့် ဖိအား၊ ကျွန်မတို့နှစ်ယောက် ဖောက်ပြန်မှုကြောင့် ရခဲ့တဲ့ သမီး ဒီဇိုင်းယားရီး၊ ဘာသာရေးဘက်ကကြည့်ပြန်တော့လည်း ကျွန်မတို့ဟာ အိမ်ထောင်ရေးဖောက်ပြန်မှုကို ကျူးလွန်ခဲ့ကြတာပဲ။ သူ ဖုန်းမဆက်တဲ့အခါ ကျွန်မ လွမ်းပေမယ့် တစ်ခါတလေမှာတော့လည်း မဆက်တာဘဲ စိတ်သက်သာရာရနေပြန်တယ်။ သူ ဖုန်းဆက်လိုက်တိုင်း ကျွန်မဘဝက လှုပ်ခါ သွားတတ်စမြဲပဲ။ ကျွန်မတို့နှစ်ယောက်ဆက်ဆံရေးက ပုံမှန်အနေအထားတော့ မဟုတ်ပါဘူး။ ဘယ်တော့မှလည်း ပုံမှန်ဖြစ်လာနိုင်မှာ မဟုတ်ပါဘူးလေ။

ဇူလိုင်လကုန်ခါနီးလောက်မှာ သူဖုန်းဆက်လာပါတယ်။ နောက်လမှာ စင်မြင့်ဖျော်ဖြေပွဲတစ်ခုရှိတဲ့အတွက် လေ့ကျင့်နေတယ်တဲ့။ လား(စ)ဗီးဂတ်(စ)မြို့က ဧရာမနိုင်ငံတကာဟိုတယ်ကြီးမှာ ဖျော်ဖြေမှာတဲ့။ သူ့စကား ကြားလိုက်ရတော့

http://www.cherrythitsar.org



ကျွန်မ တော်တော်အံ့သြသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ လား(စ)ဗီးဂတ်(စ)ကို သူသိပ်မုန်းတယ်။ ဒီမြို့မှာ ဖျော်ဖြေဖို့ဆိုရင် သူ အမြဲရှောင်ခဲ့တာပဲ။ ဒီစကားကို ကျွန်မ မပြောဖြစ်အောင် ရှောင်နေရတယ်။ သူ ဖျော်ဖြေပွဲတွေ မဆိုဖြစ်ခဲ့တာ ကြာပြီဆိုတော့ အရင်ကလောက် ကြောက်စိတ်မရှိတော့ပေမယ့် နည်းနည်းတော့ ကြောက်နေသေးတာပဲ။ဘာပဲဖြစ်ဖြစ် စင်မြင့်ဖျော်ဖြေပွဲအတွက် လေ့ကျင့်နေတာက အခြေအနေကောင်းနေတော့ နှစ်နှစ်လုံးလုံး သူစိတ်ဒုက္ခရောက်နေခဲ့တာတွေကနေ ခဏလောက်တော့ ပြေပျောက်နေစေတာ အမှန်ပါပဲ။ သူ စိတ်ဝင်တစား ရှိနေတာမို့ ကာနယ်ကြီးနဲ့ ပတ်သက်ပြီး အရင်ကလို သူ့ကို အသေခိုင်းနေတာပဲတို့ ဘာတို့ ပြစ်တင်စကားတွေ မပြောတော့ဘူး။သူ့. . သူ့ဘဝကို ပြန်လည် ပျော်ပိုက်စပြုပြီပေါ့။

တစ်လလောက်ကြာပြီး သူ ဖုန်းဆက်လာပြန်တယ်။ စင်ပေါ်မှာ သူ ဘာဝတ် ရင်ကောင်းမလဲတဲ့။ လား(စ)ဗီးဂတ်(စ)မြို့ကို ကျွန်မ မရောက်ဖူးပေမယ့် အဲဒီ မှာ ဖျော်ဖြေရေးသမားတွေ ဘယ်လိုဝတ်စားကြတယ်ဆိုတာတော့ ဒါးလတ်(စ) မြို့က ကားဘာနားဟိုတယ်က ဖျော်ဖြေရေးသမားတွေအတွက် စီစဉ်ပေးရတဲ့ အတွေ့အကြုံရှိတာကြောင့် နည်းနည်းပါးပါးသိပါတယ်။ ဒါကြောင့် ကျွန်မက ဗီးဂတ်(စ) မှာ သီးခြားစတိုင်ရှိတယ်။ အဲဒီက လူတွေက ပြောင်ပြောင်လက်လက် တောက်တောက်ပပ အဝတ်အစားတွေကို သဘောကျတတ်တဲ့အကြောင်း မောင့်ကို ပြောပြလိုက်တယ်။ လောင်းကစားမြို့တော်ဖြစ်တဲ့ ဗီးဂတ်(စ)မှာ လာလည်ကြတဲ့ သူတွေကိုယ်တိုင်က တောက်တောက်ပပတွေ ဝတ်စားထားမှတော့ စင်ပေါ်က လူတွေက သူတို့ထက် တောက်ပဖို့လိုတာပေါ့။ မောင့်ကို အဲဒီလို တောက်တောက် ပပ အဝတ်အစားတွေ ရွေးဝတ်ဖို့ ဒါပေမယ့် ယောက်ျားဆန်တဲ့ အဝတ်တွေသာ ဖြစ်ဖို့ အကြံပေးပါတယ်။

မောင်က လား(စ)ဗီးဂတ်(စ)မှာ အင်္ဂလိပ် အဆိုကျော် တွမ်ဂျုံး(စ)ဖျော်ဖြေပွဲ ကို သွားကြည့်တဲ့အကြောင်း၊ တွမ်ဂျုံး(စ)က အော်ခက်စတြာဝိုင်းအပြည့်နဲ့ ဖျော်ဖြေတဲ့အတွက် ပရိသတ်က သဘောကျကြောင်း၊ မောင်ကလည်း သဘောကျတဲ့ အကြောင်း၊ ဒါကြောင့် ဂျုံး(စ)လိုပဲ ဝိုင်းပြည့်နဲ့ ဖျော်ဖြေဖို့ စီစဉ်တာကို ကာနယ်က ကန့်ကွက် တဲ့အကြောင်း၊ ဒါပေမယ့် အဲဒီလိုပဲ လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ အကြောင်းတွေ ပြောပြတယ်။

'ချစ်. . . လာခဲ့ပါလားဟင်၊ ချစ်ကြည့်ရင် သဘောကျမှာ။ ချစ် အကြံပေး သလို ပြောင်ပြောင်လက်လက် ဝတ်စုံဝတ်မယ်၊ အဲဒီဝတ်စုံကို ချစ်မြင်ရင် အရမ်းအံ့သြမှာ'

http://www.cherrythitsar.org



မောင်က လေယာဉ်လက်မှတ် သူပေးမယ်လို့ ဆိုတယ်။ ဒါပေမယ့် ကျွန်မ မာနက ထုံးစံအတိုင်း သူပေးမှာကို လက်မခံပါဘူး။ နှစ်ယောက်သား ငြင်းခုံကြရင်း နောက်ဆုံးမှာတော့ ကျွန်မ ကြိုးစားပါမယ်နဲ့ အဆုံးသတ်လိုက်ရတယ်။

'မောင်က အင်မတန်တော်တဲ့ အဆိုကျော်တစ်ယောက်ပဲကွယ် ဘာမှ မစိုးရိမ်ပါနဲ့'

'ချစ်လာမယ်ဆိုရင်တော့ မောင့်အတွက် ပြည့်စုံသွားမှာပေါ့။ လာဖြစ်ရင် ရောက်ရောက်ချင်း ဆက်သွယ်နော်။ လာနိုင်အောင် ကြိုးစားပါကွာနော်'

တကယ်တော့ ကျွန်မသွားဖို့ စိတ်ကူးမရှိခဲ့ပါဘူး။ ဒါပေမယ့် သူ့ပွဲရက်နီးလာတာနဲ့အမျှ အဆင်ပြေပါ့မလားဆိုတာ စိတ်ကဝင်လာပြီး သွားချင်စိတ် ပေါ်လာတယ်။ စင်ပေါ်မှာ ဖျော်ဖြေတာ အဆင်ပြေသွားရင် သူ့အနုပညာခရီး ပြန်ဖြောင့်ဖြူးပြီး သူပျော်မယ်လေ။ သွားချင်ပေမယ့် တကယ်တော့ မလွယ်ဘူး။ အိမ်သစ်ဝယ်လိုက်တဲ့အတွက် ကျွန်မလက်ထဲမှာ တစ်ပြားမှ မကျန်တော့ဘူး။ ဒီခရီးကိုသွားဖို့အတွက် အလုပ်ရှင်ဆီက ဒေါ်လာ ၂၀၀ ကျွန်မ ကြိုထုတ်ရတယ်။ အလုပ်ရှင်ကလည်း ကျွန်မ တက်တက်ကြွကြွ ပြန်ဖြစ်လာတာ တွေ့ရလို့ ဝမ်းသာအားရပဲ ထုတ်ပေးပါတယ်။ ကျွန်မစိတ်ကူးက ဗီးဂတ်(စ)ကိုသွားမယ်၊ ပွဲကြည့်မယ်၊ အဲဒီညမှာပဲ လေယာဉ်နဲ့ ပြန်လာမယ်ပေါ့။

လား(စ)ဗီးဂတ်(စ)ကို ကျွန်မရောက်တော့ တစ်မြို့လုံး သူ့နာမည်၊ သူ့ပိုစတာ တွေ တွေ့နေရလို့ အံ့ဩတကြီး ဖြစ်နေရပါတယ်။ တချို့ ပိုကြီးတွေကဆိုရင် သက်ရှိအရွယ်ထက် အဆနှစ်ဆယ်လောက်တောင် ကြီးသေးတယ်။ အဲ(လ)ဗစ္စ ဆိုတဲ့ စာလုံးကလွဲရင် ဘာမှ ရေးမထားဘူးပေါ့လေ။ လေဆိပ်ကနေ တခြား ခရီးသည်တစ်ယောက်နဲ့ပေါင်းပြီး ကားငှားစီးသွားတော့ အဲဒီလူက 'ပွဲကြည့်ဖို့ လာတာလား'တဲ့။ ကြည့်ပါဦး. . . ဗီးဂတ်(စ)မြို့ကြီးမှာ ဒီတစ်ပွဲပဲ ရှိတာကျနေတာပဲ။

'ဘယ်ပွဲကို ပြောတာလဲ'

'အဲ(လ)ဗစ္စ ပွဲပေါ့'

သူတည်းတဲ့ ဟိုတယ်ကြီးကတော့ အဲ(လ)ဗစ္စရဲ့ အချက်အချာ နေရာပဲပေါ့။ ဟိုတယ်မှာ ရောမ သူ့ပုံကြီး ပလတ်စတာနဲ့ထုထားတယ်။ ဘယ်နေရာကြည့်ကြည့် သူ့ပုံတွေ ရှောင်လို့ မလွတ်ဘူး။ လက်မှတ်ရောင်းတဲ့ ကောင်တာမှာလည်း သူ့ပုံကြီးနဲ့ လက်မှတ်တစ်စောင် ၁၅ဒေါ်လာတဲ့။ အဲဒီခေတ်က ဖျော်ဖြေပွဲတစ်ခုကို ၁၅ဒေါ်လာပေးကြည့်ရတယ်ဆိုတာ တော်တော်များတဲ့ ဈေးနှုန်းပါပဲ။ အဲ(လ)ဗစ္စ

http://www.cherrythitsar.org



က သူ့ပွဲတွေမှာ လက်မှတ်ဈေးကြီးကြီးရောင်းတာ မကြိုက်ပါဘူး။ သူ့ကို အမှန်တကယ် ချစ်တဲ့ပရိသတ်တွေက လူချမ်းသာတွေ မဟုတ်ဘူးဆိုတာ သူသိတယ်လေ။ ဒါကြောင့် လက်မှတ်ရောင်းဈေးကိုကြည့်ပြီး ကျွန်မ အံ့သြနေတယ်။ ကျွန်မ လက်မှတ်သွားဝယ်တော့ လက်မှတ်ရောင်းတဲ့ မိန်းကလေးက 'ဆောရီးပဲ၊ လက်မှတ်ကုန်သွားပြီ'ဆိုတဲ့အတွက် ကျွန်မ တုန်လှုပ်သွားမိပါတယ်။ ခရီးအဝေးကြီးကနေ တကူးတက လာခဲ့ရပြီးမှ ကျွန်မ ကြည့်ခွင့်မရဘူးဆိုတော့ မောပြီပေါ့။ ကျွန်မအနားကို ခပ်စုတ်စုတ် လူတစ်ယောက် ကပ်လာတယ်။ ဒီပွဲဟာ အလွန်ကြီးကျယ်မယ့် ပွဲဖြစ်တဲ့အကြောင်း၊ လက်မှတ်မရတဲ့ ပြဿနာကို သူဖြေရှင်းပေးမယ့်အကြောင်း ပြောပြီး အိတ်ထဲက လက်မှတ်ဆွဲထုတ်ပေးတယ်။

'ဘယ်လောက်လဲ'

'မင်းအတွက်ဆိုရင် အစိတ်ပဲလေ'

'ကျွန်မမှာ နှစ်ဆယ်ပဲရှိတယ်'

ကျွန်မ အမှန်အတိုင်း ပြောလိုက်တာပါ။ ဒီတော့ သူက မျက်ခုံးနှစ်ဖက်ပင့်လိုက်ပြီး ယူလို့ဆိုတယ်။

'ဘယ်နှစောင် ယူမှာလဲ'

'တစ်စောင်တည်းပါ'

သူတော်တော် အံ့သြသွားတယ်။ လား(စ)ဗီးဂတ်(စ)မှာ ဘယ်သူမှ တစ်ယောက်တည်း သွားလေ့မရှိကြလို့ပါဘဲ။ လက်မှတ်ရပြီဆိုတော့ ဟိုတယ်က အမျိုးသမီး ကိုယ်လက်သန့်စင်ခန်းထဲဝင်ပြီး အနက်ရောင်ဝတ်စုံ လဲဝတ်လိုက်တယ်။ ဇာနားအဖြူတပ်ထားပြီး ပုလဲလေးတွေလည်း သီထားတဲ့ အင်္ကျီပါ။ ကျွန်မ အဝတ်လဲတာကို မောင့်ပုံရိပ်က ကြည့်နေတယ်လေ။ ဟိုတယ်တစ်ခုလုံး ဘယ်နေရာမှ မလွတ်အောင် မောင့်ပုံရိပ်တွေ ရှိနေတယ်။ ကမုတ်အဖုံး ဖွင့်လိုက်တော့ ပြုံးနေတဲ့ မောင့်မျက်နှာ မြင်လိုက်ရသေးတယ်။ မောင် ပြုံးနေပြီဆိုတော့ ကာနယ်လည်း ပြုံးနေမှာပေါ့လေ။

အချိန်ဖြုန်းဖို့အတွက် ကော်ဖီဆိုင်မှာ ဝင်ထိုင်နေလိုက်တယ်။ တကယ်ဆိုတော့ လောင်းကစားမြို့တော် လား(စ)ဗီးဂတ်(စ)ကို ကျွန်မသိပ်မုန်းပါတယ်။ မောင့်အတွက်ကြောင့်သာ ကျွန်မရောက်လာခဲ့တာပါ။ ကော်ဖီသောက်ပြီးတော့ ဧည့်ခန်းထဲမှာ မဂ္ဂဇင်းတစ်အုပ်ပြီး တစ်အုပ်ဖတ်ရင်း မောင့်ကို ဆက်သွယ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မ မလာတော့ဘူးထင်ပြီး မောင်စိတ်ဓာတ်ကျမှာစိုးလို့ပါ။ ဟိုတယ်က အော်ပရေတာမလေးက ဖုန်းဆက်သွယ်ပေးတော့ အမျိုး

http://www.cherrythitsar.org



သားတစ်ယောက် လာကိုင်တယ်။

'ဘာလဲ'

'ကျွန်မ အဲ(လ)ဗစ္စနဲ့ ပြောပါရစေ'

'ဆောရီးပဲ၊ ပွဲမပြီးမချင်း သူ ဘယ်သူနဲ့မှ စကားပြောမှာ မဟုတ်ဘူး'

'ဒါဆို စကားတစ်ခွန်းလောက် ပြောပေးပါ။ သူ ကံကောင်းပါစေလို့ ဆုတောင်းပါတယ်လို့'

'ဘယ်သူကလို့ ပြောရမှာလဲ'

'သူ့မိတ်ဆွေ ဒီဖိုင်းယားရီးပါ'

ဖုန်းဆက်မိတဲ့အတွက် ကျွန်မ နောင်တရမဆုံးတော့ဘူး။ သူ့ကို တခြားသူတွေလည်း ဆက်နေကြတာဆိုတော့ ဖုန်းဘယ်ကိုင်ပါ့မလဲ။ ကျွန်မကသာ ကျွန်မ ရောက်နေကြောင်း သိစေချင်လို့ ဆက်တာကိုး။ ပွဲစတော့ ကျွန်မ ဟိုနောက်နားမှာ ထိုင်ရပါတယ်။ ကျွန်မရွေးတဲ့နေရာ မဟုတ်ပါဘူး။ သူတို့ချထားတာပါ။ ကျွန်မ လက်မှတ်က အဲဒီနောက်နားမှာတဲ့။ ဘာပဲဖြစ်ဖြစ် မောင့်ကိုတော့ မြင်ရပါတယ်။ စင်မြင့်ပေါ်ကို အဖြူရောင်ဝတ်စုံနဲ့ တက်လာတယ်။ သီချင်းဟောင်းတွေဖြစ်တဲ့ All Shook Up, Love Me Tender, Don't Be Cruel, Heart Break Hotel တို့ကို သူ့သီချင်း အသစ်တွေဖြစ်တဲ့ In The Ghetto, Suspicious Mind တို့နဲ့ ရောဆိုတယ်။ အဲဒီနောက် ကျွန်မအသည်းတွေ တစ်စစီ ပဲ့ကြွေသွားစေမယ့် Are You Lonesome Tonight သီချင်းကို ဆိုပါတယ်။

မောင်ရယ်. . . ကျွန်မ ရင်နာလိုက်တာ။ မောင့်ကို မြင်နေပါလျက်နဲ့ တစ်ကမ္ဘာခြားသလို မဆုံစည်းနိုင်တဲ့အဖြစ်ပါလား။ မောင်က ထင်ထင်ပေါ်ပေါ် စင်ပေါ်မှာ။ ကျွန်မက လူမမြင်ကွယ်ရာ မှောင်ထဲမှာ။ မျက်ရည်တွေ စီးကျလာမိတယ်။ ၁၉၅၃ခုနှစ်ကအစ မောင့်အောင်မြင်မှုတွေနဲ့ ကျွန်မဘဝပြဿနာတွေက ကျွန်မတို့ နှစ်ယောက်ကို ဝေးသထက်ဝေးခဲ့ပြီပဲ။ ကျွန်မ ဆက်ပြီး ခံနိုင်ရည်မရှိတော့တာမို့ အခန်းထဲက ပြေးထွက်လာခဲ့တယ်။ ဧည့်ခန်းကို ဖြတ်၊ အဝေးရောက်တော့ အငှားကားတစ်စီးကို တားပြီး လေဆိပ်ကို လာခဲ့တယ်။

ဗီးဂတ်(စ)ကို သွားခဲ့ရာမှာ မောင့်ကို တွေ့ခွင့်မရပေမယ့် ကျွန်မ ဆုတောင်းတော့ ပြည့်ခဲ့ပါတယ်။ မောင် အောင်မြင်မှု အပြည့်အဝရသွားပြီး ထိပ်ဆုံးမှာ ပြန်လည်ရပ်နိုင်ခဲ့လို့ပါပဲ။ ကျွန်မ ပျော်ပါတယ်။ ဒါပေမယ့် ရင်ထဲမှာလည်း နာကျင်တဲ့ ဝေဒနာခံစားရပြန်တယ်။ ခုတော့ အရာအားလုံးကို ကျွန်မရှင်းရှင်းလင်းလင်း နားလည်ခဲ့ပါပြီ။ သူ ကျွန်မကို ပြန်ဆက်သွယ်ခဲ့တာက စိတ်ဓာတ်ကျနေတဲ့

http://www.cherrythitsar.org



အချိန် ကျွန်မကို တွေ့ချင်ခဲ့လို့ပါ။ ခုတော့ ဗီးဂတ်(စ)ပွဲက သူ့ အောင်မြင်မှုကို မြင့်သထက်မြင့်အောင် လုပ်နိုင်ခဲ့ပြီပဲ။ ဒီတော့ သူကျွန်မကို လိုအပ်တော့မှာ မဟုတ်တော့ပါဘူး။ သူ့အတွက် ဝမ်းသာမှု၊ ဝမ်းနည်းမှုတွေ အမြဲတစေ ရောပြွမ်း ခံစားနေရတဲ့ ကျွန်မခံစားချက်တွေကြားက သူ ဘာကြောင့် တစ်ခါတလေမှ ကျွန်မကို ဆက်သွယ်တတ်တယ်ဆိုတာ သုံးသပ်တတ်လာပါပြီ။ ကျွန်မ မောင့်ကို ချစ်တယ်။ ကျွန်မဘဝမှာ မောင့်ကို လိုအပ်တယ်။ ဒါပေမယ့် မောင့်ကို ကျွန်မ မရနိုင်တော့ဘူး။ နောက်တစ်ကြိမ် မျက်ရည်များနဲ့သာ ကျွန်မတစ်ယောက်တည်း သံသရာလည်ရပေဦးတော့မယ်။

နောက်နှစ်ပတ်အကြာမှာ မောင် ဖုန်းဆက်လာတယ်။ ကျွန်မ မျှော်လင့်ထား တဲ့အတိုင်း ပျော်ရွှင်မြူးထူးနေပါတယ်။ နှစ်နှစ်လောက် ခံစားခဲ့ရတဲ့ သူ့သောက တွေ ပျောက်ကွယ်သွားခဲ့ပြီ။

'ချစ်သာ လာကြည့်ရင် အရမ်းသဘောကျမှာ။ လူတွေ တအားများတာပဲ။ အားလုံးက မောင့်ကို သဘောကျကြတုန်းပဲ။ ညတိုင်း ရုံပြည့်ရုံလျှံပဲ။ မောင့်စိတ် ထဲမှာ ချစ် ဟောဒီကွင်းထဲမှာရှိနေတယ်လို့ သဘောထားပြီး ဆိုတယ်။ ချစ်က ပြောတယ်မဟုတ်လား၊ ဒီပွဲပြီးရင် မောင်ပိုပြီး အောင်မြင်သွားမှာပါလို့လေ၊ မောင့် ရင်ထဲမှာ ချစ် ရှိစေချင်လိုက်တာ'

'ကျွန်မ တစ်ပွဲကြည့်ခဲ့တယ် မောင်၊ မောင့်ဆီ ဆက်သွယ်ဖို့ ကြိုးစားတာ မရလို့ ဖုန်းကိုင်တဲ့ တစ်ယောက်ကို ပြောပေးပါလို့ မှာခဲ့တာ မပြောဘူးလား။ ကျွန်မ အဝေးကြီးက မောင့်ကိုလာကြည့်တာ စိတ်ချမ်းသာပါတယ် မောင်'

'ဘာ. . . . ချစ် ရောက်လာတယ်၊ ဟုတ်လား. . . ဖုန်းကိုင်တာ ဘယ်ကောင် လဲ။ မောင့်ကို ဘယ်သူမှ မပြောကြဘူး။ သတ်မယ် ဒီကောင်တွေတော့'

'ဘယ်သူဆိုတာတော့ ကျွန်မ မသိဘူးလေ။ ဖုန်းကိုင်တာ တစ်ယောက်ပဲ။ ဒါက ကိစ္စမရှိပါဘူး မောင်ရယ်၊ တကယ်ပါ။ ပွဲပြီးပြီးချင်း ကျွန်မကလည်း ပြန်ရတာကိုး။ သူ့ကို ကျွန်မ မှာခဲ့တယ်။ ကံကောင်းပါစေလို့ ဒီဇိုင်းယားရီးက ဆုတောင်းတဲ့အကြောင်း ပြောလိုက်ပါလို့'

'အသုံးမကျတဲ့ကောင်တွေ၊ ဘယ်ကောင်လဲဆိုတာ မောင် မေးရဦးမယ်၊ ဆောရီးကွာ၊ နောက် ဒီလိုမဖြစ်စေရပါဘူး။ ဒါကြောင့် မောင့်စိတ်ထဲမှာ ပွဲခင်းထဲ မှာ ချစ် ရှိနေတယ်လို့ ထင်နေတာကိုး။ ပွဲနဲ့ ပတ်သက်လို့ ဘယ်လိုမြင်လဲ'

'အရမ်းကောင်းတယ် မောင်။ မောင့်ပုံစံက ထည်ထည်ဝါဝါရှိသလို ဆိုပုံက လည်း ကောင်းနေတော့ မောင့်ကို ကျွန်မ အရမ်းလွမ်းစရာဖြစ်လာတာပေါ့'

http://www.cherrythitsar.org



'မောင်လည်း လွမ်းတာပါပဲကွာ။ ဒါပေမယ့် အသုံးမကျတဲ့ မောင့် ပတ်ဝန်းကျင်ထဲကို ချစ် ရောက်မလာစေချင်ဘူး။ ဘာမှ အသုံးမကျတဲ့ကောင်တွေ။ ချစ် တစ်ယောက်တည်း လာတာလား'

'အင်းပေါ့၊ ကျွန်မ ချက်ချင်း ပြန်လာခဲ့တာ၊ ကျွန်မ အဲဒီနေရာကို မကြိုက်ဘူးလေ'

'မောင်လည်း မကြိုက်ပါဘူးကွာ၊ ကာနယ်က ဆိုခိုင်းလို့သာ ဆိုလိုက်ရတာ။ မကြာခင် ဥရောပကို သွားဖို့ရှိတယ် လိုက်ခဲ့ပါလား'

'တကယ်၊ ကျွန်မသာ မောင့်အနားမှာ နေခွင့်ရရင် ပြင်သစ်စကားနဲ့ စကားပြန်လုပ်ပေးနိုင်မှာပေါ့'

'ကောင်းတယ်၊ ပထမတော့ ဒီကကိစ္စတွေ ရှင်းရဦးမယ်။ လီဇာကလေးက အလယ်က ကန့်လန့်ဖြစ်နေတယ်။ သမီးကိုတော့ မောင် လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး'

မောင့် ပြဿနာတွေအားလုံး ပြေလည်သွားအောင် ဘုရားသခင်က စောင့်ရှောက်တော်မူပါလိမ့်မယ်လို့ ပြောလိုက်ရတယ်။ မောင်က မကြာခင် ဖုန်းဆက်ဦးမယ်လို့ ဆိုတယ်။

* * *

*[အဲ(လ)ဗစ္စက လူစီကျေနပ်ရုံ ပြောခဲ့တဲ့ စကားမဟုတ်ပါဘူး။ လူစီဖုန်းဆက်တာ ဘာကြောင့် သူ့ကို မပြောရသလဲဆိုပြီး ပြဿနာရှာခဲ့သေးတယ်။ L.A ရဲတပ်ဖွဲ့ဝင်ဟောင်း ဂျွန်ဖိုဂရက်က အဲဒီတုန်းက အဲ(လ)ဗစ္စရဲ့ အလွတ်စုံထောက်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့သူဆိုတော့ သူ့ဆီမှာ ဘယ်သူဆက်ရင် အဲ(လ)ဗစ္စကိုယ်တိုင်ပြောမယ်ဆိုတဲ့ နာမည်စာရင်း ပေးထားတာရှိတယ်။ အဲဒီစာရင်းထဲမှာ ဒီဗိုင်းယားနီးဆိုတဲ့ နာမည်ပါတယ်။ 'ကျွန်တော် အမြဲတမ်း စိတ်ဝင်စားခဲ့တာက အဲဒီနာမည်ပဲ၊ သူ ဘယ်သူလဲ၊ ဘယ်တော့ ဆက်မှာလဲဆိုတာ စိတ်ဝင်စားခဲ့တယ်လို့ ဂျွန်က ပြောပြတယ်။]*

* * *

ကလေးတွေရဲ့ မွေးနေ့ရာသီ ရောက်လာခဲ့ပြီး ကျော်ဖြတ်သွားပြန်တယ်။ ဒဲနစ္စက ၁၉၆၉ခုနှစ် ဇူလိုင်လမှာ ဆယ့်ငါးနှစ်၊ ဒီဗိုင်းယားနီက ဆယ့်တစ်နှစ်၊ ဩဂုတ်လမှာ ဂျက်ကွစ္စက ရှစ်နှစ်၊ စက်တင်ဘာလမှာ ဂျက်ကလင်းက လေးနှစ်။ အောက်တိုဘာမှာ ကျွန်မက သုံးဆယ့်သုံးနှစ်နဲ့ ဒီဘိုရာက နှစ်ဆယ့်တစ်နှစ်၊ ဧပြီလတုန်းက မယ်လိုဒီက ဆယ့်ရှစ်နှစ် ပြည့်ခဲ့ပြီ။ ဒီဘိုရာနဲ့ ကျွန်မမွေးနေ့

http://www.cherrythitsar.org



အတွက် ပန်းခြံတစ်ခုကို မိသားစုပျော်ပွဲစားထွက်ပြီး ကျင်းပခဲ့ကြတယ်။ ကလေးတွေ ကစားနေကြချိန်မှာ ကျွန်မကတော့ စမ်းချောင်းကလေး တစ်ခုအနားထိုင်ရင်း ရေတွေ စီးကျနေတာကိုပဲ ကြည့်နေမိတယ်။ အိမ်ရောက်တော့ စန္ဒရားနားမှာ ဝိုင်းပြီး သီချင်းဆိုကြတယ်။ ထုံးစံအတိုင်း ပန်းဆိုင်တစ်ဆိုင်က နှင်းဆီတစ်စည်း လာပို့တယ်။ စာတန်းလေးကလည်း ထုံးစံအတိုင်း 'အချစ်များစွာနဲ့ လျှို့ဝှက်ချစ်သူ' လို့ ရေးထားတာကြောင့် ကလေးတွေက ကျွန်မကို စ,ကြတယ်။

* * *

(အမေ့ဆီကို အမြဲတမ်း နှင်းဆီပန်းတွေ ရောက်လာလေ့ရှိတယ်။ အသက် ၃၇နှစ် ရှိပြီဖြစ်တဲ့ ဒီဘိုရာက ပြောပြတယ်။ 'အဲဒီပန်းတွေက ထူးဆန်းပြီး လျှို့ဝှက်တယ်။ ကျွန်မတို့တတွေ အဲဒီပန်းတွေ ဘယ်သူများ ပို့နေတာလဲဆိုတာ စိတ်ဝင်စားကြတယ်။ ပန်းစည်းပို့တဲ့သူဟာ ကျွန်မတို့ ပထွေးမဟုတ်မှန်းတော့ သိပါတယ်။ တစ်ခါတော့ ပန်းစည်းရောက်လာချိန်မှာ ကျွန်မတို့ညီအစ်မတစ်တွေ ရှိနေခိုက်ဆိုတော့ 'အမေဟာ တစ်ယောက်ယောက်နဲ့များ ပတ်သက်နေမလား'လို့ တစ်ယောက်နဲ့ တစ်ယောက် မေးမိကြပေမယ့် အဖြေကိုတော့ ဘယ်သူမှ မသိပါဘူး။ အမေ့ကိုလည်း ဘယ်သူမှ မမေးကြဘူး။ အမေက သိပ်လျှို့ဝှက်တယ်။ ကျွန်မတို့ကို ဘယ်တော့မှ ပြောမှာလည်း မဟုတ်ဘူး။ ဖုန်းလာတာတွေလည်း အဲဒီလိုပဲ။ နေ့နေ့ညည ဖုန်းလာတတ်တယ်။ တစ်ခါတလေ ညဥ့်နက်သန်းခေါင် လာချင်လာတာ။ ဘယ်သူဆက်သလဲဆိုတာတော့ မသိပါဘူးလို့ ဆိုတယ်။)

* * *

ခရစ္စမတ်နေ့ မနက်အစောကြီး အမှိုက်တွေပစ်ဖို့ အိမ်ပြင်က အမှိုက်ပုံးဖွင့်လိုက်တော့ ပုံးထဲမှာ နှင်းဆီပန်းတစ်ဆယ့်နှစ်ပွင့်ရှိနေတာ တွေ့ရတယ်။ မောင်ပို့လိုက်တဲ့ နှင်းဆီပန်းစည်း ဂျက်နဲ့ တည့်တည့်သွားတိုးပြီး ဂျက်လွှင့်ပစ်ထားတယ်ဆိုတာ ကျွန်မ နားလည်လိုက်ပါတယ်။ လျှို့ဝှက်ချစ်သူဆိုတဲ့ နာမ်စားကို ဂျက် သည်းမခံနိုင်တော့ဘူးလေ။ မောင်လည်း ဖုန်းမဆက်တာ လအတော်တောင် ကြာခဲ့ပြီ။ မောင့် အောင်မြင်မှုတွေက အတိုင်းအဆမရှိ မြင့်သထက် မြင့်သွားခဲ့ပါပြီ။ ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ မောင် ဗီးဂတ်(စ)မှာ နောက်တစ်ကြိမ် ထပ်ဆိုသေးတယ်။ အဖြူရောင် ဝတ်စုံမှာ တောက်တောက်ပပ ရတနာတွေ စီခြယ်ထားလို့ပေါ့။

ဘယ်နေရာမှာပဲလုပ်လုပ် မောင့်ပွဲတွေက အောင်မြင်နေတော့တာပဲ။ သူ အောင်မြင်တာနဲ့အမျှ ကျွန်မဘဝက အဝေးကြီးမှာ ကျန်ရစ်ခဲ့သလို ခံစားရပါ

http://www.cherrythitsar.org



တယ်။ မောင့်ဘဝမှာ ကျွန်မက အရေးမပါတော့ သလိုပဲ။ အချိန်တွေကြာခဲ့ပြီ၊ အလုပ်ထဲမှာသာ စိတ်နှစ်ထားရင်း ကလေးတွေကိုလည်း ပညာရေးနဲ့ ဘာသာရေး အပြင် ဂီတဝါသနာပါသူကိုလည်း အားပေးခဲ့တယ်။ ကလေးတွေက ကြီးထွား လွယ်ကြတယ်။ ဒက်ဘီဆိုရင် ပြင်သစ်မှာ ဂီတပညာသင်ဖို့ ပညာသင်ထောက်ပံ့ ကြေးရတယ်။ ဒါပေမယ့် ရုတ်တရက် မကျန်းမမာဖြစ်လာလို့ ဒီ ပညာသင်ဆု လက်လွှတ်လိုက်ရပါတယ်။ နောက်ထပ် ပညာသင်ဆုတစ်ဆုအဖြစ် ဒါးလတ်(စ) တက္ကသိုလ် တက်ခွင့်ရလိုက်တယ်။ မယ်လိုဒီက ဂီတနဲ့ ကဗျာ ဝါသနာပါတယ်။ ကျွန်မ ကလေးတွေထဲမှာ သူတစ်ယောက်သာ ကျွန်မလို ပရိသတ်ရှေ့ သီချင်းဆို ရဲတဲ့ သတ္တိရှိတယ်။ ဒီဖိုင်းယားရီးနဲ့ ဂျက်ကလင်းက ဘဲလေးအကနဲ့ ဂီတပညာကို တောင်ပိုင်း မက်သဒစ်တက္ကသိုလ်မှာ သင်ကြားနေကြတယ်။

ဒီဖိုင်းယားရီးကို မြင်တိုင်း ကျွန်မ ချောက်ချားမိတာ အမှန်ပါပဲ။ သူကလည်း အရွယ်ရောက်စပြုလာပြီဆိုတော့ နက်မှောင်တဲ့ ဆံပင်ရှည်ကြီးနဲ့ အပျိုဖြစ်လာပြီ။ သူ့ မျက်နှာမြင်တိုင်း သူ့အဖေကို သတိမရနိုင်ဘဲ မနေနိုင်ပါဘူး။ သမီးရှိတယ်ဆို တာ မောင်သိသွားရင် ဘာပြောမှာလဲ။ ကျွန်မ မပြောဘဲ ထားခဲ့တာကို စိတ်ဆိုးမှာ လား။ သူ့မှာ လီဇာဆိုတဲ့ သမီးတစ်ယောက်ရှိနေပြီဖြစ်လို့ ကျွန်မသမီးဟာ အရေးပါနိုင်ပါ့မလား။

ဒီဖိုင်းယားရီးက ကျွန်မကလေးတွေထဲမှာ ထူးထူးခြားခြား တစ်ယောက် တည်းနေတတ်တဲ့ အကျင့်ရှိပါတယ်။ သူ့မှာ တစ်ခုခုလိုနေသလိုပဲ။ ဒါကြောင့် ကျောင်းမှာ ဘုန်းတော်ကြီး ဘတ်(ခ)ပါဝါက သမီးကို ဂရုစိုက်တယ်။ ဒီ ဘုန်းတော်ကြီးနဲ့ဆိုရင် သမီးက ရယ်ရယ်မောမော စကားပြောလေ့ ရှိပါတယ်။

စက်တင်ဘာလမှာ မောင်ဖုန်းဆက်လာတယ်။ သူအကြိမ်ပေါင်းများစွာ ဖုန်း ဆက်တာ ကျွန်မနဲ့ မတွေ့ရဘူးတဲ့။ ဒါကြောင့် ဂွန်ဂျုံး(စ)ဆိုတဲ့ နာမည်နဲ့ သတင်းစကားပါးခဲ့ပေမယ့် ကျွန်မ ဘယ်တုန်းကမှ သိခွင့်မရခဲ့ပါဘူး။ ဘာကြောင့် မရသလဲဆိုတဲ့ အဖြေက ရှင်းပါတယ်။ အမှိုက်ပုံးထဲက နှင်းဆီပွင့်တွေ၊ သူ့စကား မကြားရတာတွေကို တွေးချင့်လိုက်တော့ ကျွန်မတို့ ဆက်ဆံရေးကို ဂျက် သိနေပြီ ပေါ့။ မောင့်ကိုစိတ်ထဲက အပြစ်တင်ခဲ့မိတဲ့အတွက် စိတ်မကောင်း ဖြစ်ရတယ်။

'မောင်က ချစ် နောက်တစ်ကြိမ် မောင့်ကို ပစ်သွားပြန်ပြီလို့ ထင်နေတာ'

'ဝမ်းနည်းပါတယ် မောင်၊ ဒီမှာ အခြေအနေတွေက သိပ်မကောင်းလို့ပါ'

'မဲ(မ)ဖစ္စကို လာခဲ့ပါလား။ မောင် တွေ့ချင်တယ်'

မောင့်အနေနဲ့ ထိပ်ဆုံးပြန်ရောက်ပြီမို့ ကျွန်မ မလိုတော့ပါဘူးလို့ ပြောပြပြီး

http://www.cherrythitsar.org



မလာတော့ဘူးလို့ ငြင်းဖို့ကြိုးစားပါတယ်။ မောင်က အခုအချိန်မှာ ကျွန်မကို ပိုလို့တောင် လိုပါသေးသတဲ့။ ဒါ အင်မတန်မှန်တဲ့ အဖြေပါပဲ။ ဒါကြောင့် နောက်တစ်နေ့မှာပဲ မဲ(မ)ဖစ္စကို လိုက်သွားပြီး အက်(ဒ)မိုင်းယားရဲ(လ)ဘဲ(န) ဘိုးအင်ဆိုတဲ့ ဟိုတယ်မှာ သွားတည်းပါတယ်။ အံ့သြစရာကောင်းလောက်အောင် ကျွန်မရင်တွေ ခုန်နေပြန်တယ်။ ဆံပင်ဖြီးလိုက်၊ မျက်အိမ်ထောင့်စွန်းမှာ ပေါ်စပြု နေပြီဖြစ်တဲ့ အရေးအကြောင်းလေးတွေကို မှန်ကြည့်လိုက်နဲ့ အလုပ်ရှုပ်နေရင်း မကြာခင်မှာ ကြားရတော့မယ့် တံခါးခေါက်သံလေးကို နားစွင့်နေမိတော့တယ်။ တံခါးခေါက်သံကြားရလို့ ဖွင့်ရတော့ မောင့်ကို ခါတိုင်းထက် ကပိုကရိုပုံစံနဲ့ တွေ့ရတယ်။ နက်ပြာရောင်ဝတ်စုံ ခပ်ပွပွဝတ်ပြီး ဦးထုပ်ကို မျက်လုံးအထိကွယ် အောင် ဆွဲချထားတယ်။ နှုတ်ခမ်းမွေးအတုလည်း တပ်ထားသေးတယ်။ မောင်က ရုပ်ဖျက်မှ အဲဒီလို ဝတ်တာလေ။ မောင့်ပုံစံကိုကြည့်ပြီး ကျွန်မ တအားရယ်မိတော့ တာပါ။ အဲဒီညနေက ကျွန်မတို့ ရယ်သံတွေဟာ အတောမသတ်နိုင်လောက်အောင် ပါပဲ။

'မောင် မင်းအတွက် ရည်ရွယ်ပြီး နောက်ထပ် သီချင်းတစ်ပုဒ်ဆိုထားသေး တယ်။ Snow bird တဲ့'

'ကောင်းလိုက်တာ မောင်'

'အဲဒီ နှင်းပွင့်ငှက်ကလေးက မင်းပဲပေါ့'

မောင့်ကိုကြည့်ရတာ အရင်ကနဲ့ လားလားမှ မတူတော့ဘူး။ သီဆိုဖျော်ဖြေ ပွဲတွေ အောင်မြင်မှုရလာတော့ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝရှိလာ တဲ့အတွက် ရွှင်ရွှင်လန်းလန်းရှိလာတယ်။ မောင်က ကျွန်မအတွက် ကြွေနဲ့လုပ်ထား တဲ့ နှင်းဆီအဝါကလေးတစ်ပွင့် လက်ဆောင်ပေးပါတယ်။ ဘယ်တော့မှ ညှိုးသွား မှာ မဟုတ်တော့တဲ့ နှင်းဆီပန်းကလေးပဲပေါ့။

'ဒီပန်းကလေးကို ချစ်ရဲ့ မှန်တင်ခုံမှာ အမြဲတင်ထားစေချင်တယ်။ ဒါမှ မောင့်အချစ်ကို အမြဲတမ်း သတိရနေအောင်လို့' မောင်က ကြွေနှင်းဆီပန်းကလေး ပေးရင်း ပြောသေးတယ်။ အဲဒီတစ်ညနေလုံး ကျွန်မတို့နှစ်ယောက် ဘယ်သူ့ အကြောင်းမှ မပါဘဲ စကားပြောဖြစ်ခဲ့ကြတယ်။ ဟိုတယ်က ဖွင့်ပေးထားတဲ့ မိုနာလီဇာ သီချင်းလာတော့ နှစ်ယောက်တွဲပြီး ဝေါ့(စ)အက ကဖြစ်ခဲ့ကြသေး တယ်။ ဒါကျွန်မတို့နှစ်ယောက်အတွက် ပထမဆုံးအကြိမ်ပါပဲ။ ကျွန်မပြန်ရတော့ မယ်ဆိုတော့ နှစ်ယောက်လုံးရင်ထဲမှာ မကောင်းပါဘူး။ မောင့်ဘဝမှာ တိမ်ညို မည်းတွေ ကွယ်ပျောက်သွားပြီဆိုတော့ မောင် ပျော်နေတယ်။ မောင် ပျော်တာ

http://www.cherrythitsar.org



မြင်တော့ ကျွန်မလည်း ပျော်ပါတယ်။ မောင်က ကျွန်မတို့နှစ်ယောက် မခွဲတမ်း အတူတူနေကြပါစို့တဲ့။ ဆယ်စုနှစ်တစ်စုကြာပြီးမှာ မောင် ပထမဆုံးပြောတဲ့ စကားပါ။ ကျွန်မက ဒီတစ်ကြိမ်မှာတော့ ဖြစ်နိုင်ပြီလို့ တွေးမိတယ်။ ကျွန်မတို့ နှစ်ယောက် ဆက်ဆံရေးဟာ အံ့ဩစရာကောင်းလောက်အောင် ခိုင်မြဲနေပြီ။ ပြောကြစတမ်းဆိုရင် မောင်နဲ့ ဒီတစ်ကြိမ်မတွေ့ခင်တုန်းကဆို ကျွန်မ စိတ်ဓာတ် ကျနေတာပါ။ အောင်မြင်နေတဲ့ မောင်က တက်ကြွနေတယ်။ ခုတော့ မောင့် စိတ်ဓာတ်တွေ ကျွန်မဆီ ကူးစက်လာပြီမို့ ကျွန်မလည်း ပျော်နေပြီလေ။

နောက်တစ်လ ကျွန်မမွေးနေ့မှာ မောင်က ထုံးစံအတိုင်း နှင်းဆီနီနီ တစ်ဒါဇင် ပို့လိုက်တယ်။ ကတ်ပြားပေါ်မှာတော့ စာတန်းအသစ်ပြောင်းလာတယ်။ 'မင်းရဲ့ နှင်းပွင့်ငှက်'တဲ့။

နိုဝင်ဘာလကုန်ခါနီးမှာ ကျွန်မအပြင်းဖျားပြီး သွေးတွေလည်း ဆင်းလာ တယ်။ တစ်ခုခုဖြစ်နေပြီဆိုတာ ကျွန်မ ချက်ချင်းသဘောပေါက်လိုက်တယ်။ ကျွန်မ ကိုယ်ဝန်ရှိနေပြီး အခု ပျက်ကျတော့မယ့် လက္ခဏာပါပဲ။ မခံမရပ်နိုင်အောင် နာလွန်းလို့ ဒဲနစ္စက ကားမောင်းပြီး ဆေးရုံလိုက်ပို့တယ်။ နာနေတဲ့ကြားက ကိုယ်ဝန်ကိစ္စ ကျွန်မတွေးနေမိတယ်။ ဒါ အဲ(လ)ဗစ္စရဲ့ ကလေးပါ။ ကျွန်မနဲ့ ကျွန်မယောက်ျား ဂျက်တို့ တရင်းတနှီး မနေခဲ့ကြတာ ကြာခဲ့ပြီပဲ။ တကယ်လို့ ကလေးမပျက်သွားဘူးဆိုရင် ကျွန်မဘဝ အပြောင်းအလဲဖြစ်တော့မယ်။ ဒီ အပြောင်းအလဲက ကျွန်မ မိသားစုဘဝအတွက် ကြီးမားတဲ့ အပြောင်းအလဲ ဖြစ်တော့မှာပါပဲ။

ဆေးရုံရောက်တော့ ဘုရားသခင်အလိုတော်ပဲလို့ စိတ်နှလုံး ဒုန်းဒုန်းချလိုက် တယ်။ တကယ်လို့ ကလေးမပျက်ဘူးဆိုရင် အဲ(လ)ဗစ္စကို ဖွင့်ပြောတော့မယ်။ ဒီကလေး ကိစ္စတင်မဟုတ်ဘဲ ဒီဇိုင်းယားရီးအကြောင်းပါ ဖွင့်ပြောတော့မယ်။ အဲ(လ)ဗစ္စအနေနဲ့ ကျွန်မမှာ ကလေးရှိစေချင်မှာပါပဲ။ အရေးပေါ်အခန်းထဲ သွင်း မယ်လုပ်တော့ မိခင်စိတ်နဲ့ ကျွန်မ ဆုတောင်းလိုက်မိတယ်။ ကျွန်မ ရင်သွေးလေး အသက်ရှင်ပါစေ။ ဒီတစ်ခါ မောင့်အတွက် သားလေးတစ်ယောက်မွေးပေးပါရစေ။

တကယ်တမ်းနာတော့ ဘာမှ မတွေးနိုင်တော့ပါဘူး။ ကလေး အသက်ရှင် ရေး ကျွန်မဘက်က အတတ်နိုင်ဆုံး ကြိုးစားတယ်။ ဒါပေမယ့် အတွေးတစ်ခုဝင် လာတော့ ကျွန်မ ရုတ်တရက် စိတ်ဓာတ်ကျသွားပါတယ်။ ကျွန်မမှာ မောင့် ကိုယ်ဝန်ရှိနေပြီမို့ ကျွန်မကို လက်ထပ်ပါတော့လို့ပြောရင် သူ ရုတ်တရက် ဆုံးဖြတ်နိုင်ပါ့မလား။ ကိုယ်ဝန်ကိုအကြောင်းပြပြီး မောင့်ကို ဇွတ်အပိုင်စီးသလို

http://www.cherrythitsar.org



ဖြစ်လေမလား။ ဒီလိုတော့ ကျွန်မ လုံးဝ မဖြစ်ချင်ပါဘူး။ ကံအားလျော်စွာပဲ ကံဆိုးရှာတဲ့ ကလေးက လူ့လောကထဲ ရောက်မလာတော့ပါဘူး။ ဒါကြောင့် ဒီဖိုင်းယားရီးအကြောင်း ပြောမယ်ဆိုတဲ့ ကျွန်မ စိတ်ကူးကလည်း ပျောက်ပြယ်သွားပြန်ပါတော့တယ်။

ခရစ္စမတ်မတိုင်မီ တစ်ပတ်အလိုမှာ အအေးမိပြီး နေကောင်းခါစမို့ ခွင့်ယူပြီး အိမ်မှာ တစ်ယောက်တည်းရှိနေတုန်း ဖုန်းမြည်လာတယ်။

'နေကောင်းရဲ့လား ကလေး'

မကောင်းပါဘူး။ ဒါပေမယ့် သူသိစရာ မလိုပါဘူးလေ။ သူက အရမ်းပျင်းနေပေမယ့် သူ့ကို စကားမပြောချင်တော့တဲ့ ကျွန်မဆီကို မဆက်သွယ်ဖြစ်အောင် ကြိုးစားနေပေမယ့် မနေနိုင်လို့ ဆက်တာပါတဲ့။ ပထမတော့ သူ့စကားကို ကျွန်မနားမလည်ဘူး။ နောက်တော့မှ သူပြောပြတယ်။ ခဏခဏဖုန်းဆက်ပြီး ပြန်ဆက်ဖို့ မှာခဲ့ပေမယ့် ကျွန်မ ပြန်မဆက်တာကြောင့် အဲဒီလို အောက်မေ့တာတဲ့။ သူဆက်တယ်ဆိုတာ ဘယ်သူကမှ ကျွန်မကို မပြောပါဘူး။ ဒီတော့ သူ တော်တော် စိတ်ဓာတ်ကျသွားတယ်။ ပြီးတော့ အကြောင်းတစ်စုံတစ်ခုကြောင့် စိတ်လှုပ်ရှားနေပုံလည်း ရတယ်။

'ဟန်နီ. . . မောင် ဒီမှာ ဆက်မနေချင်တော့ဘူး။ ဝါရှင်တန်မှာ မောင်တို့ ဆုံကြရအောင်။ ကျေးဇူးပြုပြီး မငြင်းလိုက်ပါနဲ့ အချစ်ရယ်။ မောင် အချစ်နဲ့ စကားပြောရမှဖြစ်မယ်'

မောင် ဘာကြောင့် ဝါရှင်တန်ကို သွားမှာလဲ။ တကယ်လို့ သူ့အုပ်စုနဲ့ သွားတာဆိုရင် ကျွန်မသွားတွေ့လို့ ဘယ်ဖြစ်ပါ့မလဲ။ တစ်ယောက်တည်း သွားမှာတဲ့။ ဒီစကားက ယုံဖို့တော်တော်ခက်ပါတယ်။ သူ ဘယ်တုန်းကမှ တစ်ယောက်တည်း သွားခဲ့ဖူးတာမှ မဟုတ်တာ။ ခုတော့ တကယ် တစ်ယောက်တည်းသွားမှာပါတဲ့။

'မောင် ကလေးမဟုတ်ဘူး ဟန်နီ၊ မောင့်အနားမှာ ဒီလူတွေ ဝိုင်းနေကြတာကို ငြီးငွေ့လှပြီ။ နားထောင်စမ်းပါ ကလေးရယ်။ မောင်လေ ချစ်ကို အရမ်းတွေ့ချင်တယ်။ လာခဲ့ပါနော်'

'အဲဒီလောက်ကြီး ကျွန်မ မတတ်နိုင်ဘူးမောင်'

ခရီးစရိတ်ကို အကြောင်းပြလိုက်ရပေမယ့် သူတစ်ယောက်တည်းဆိုတာ ဟုတ်ပါ့မလားဆိုတဲ့ သံသယက ရှိနေဆဲပဲ။

'အဲဒါ မောင်မကြိုက်တာပေါ့ လူစီ၊ မင်း တတ်နိုင်တာပေါ့။ မင်းက

http://www.cherrythitsar.org



ကိုယ့်အချစ်၊ ကိုယ့်မှာ ငွေရှိတယ်၊ ကိုယ့်မှာရှိရင် မင်းမှာရှိတာပဲပေါ့။ ခက်တာက မင်းက ဘာမှ မလိုချင်တာဘဲ။ ခုလည်း ပြောရပြန်ပြီ၊ လက်မှတ်ကောင်တာကို သွား၊ အားလုံးစီစဉ်ထားလိုက်မယ်။ မောင် ဝါရှင်တန်ဟိုတယ်ကို လာခဲ့မယ်။ အဲဒီမှာ ကာနယ်ဘာဂိုး(စ)နာမည်နဲ့ အခန်းမှာထားမယ်'

'ဘယ်တော့လဲ မောင်'

'အခုလေ၊ မောင် အခုထွက်လာခဲ့မယ်။ မောင်ရောက်လာတဲ့အချိန် မင်း ရှိနေစေချင်တယ်နော်'

မောင်က တစ်ဇွတ်ထိုးသမား၊ ခေါင်းမာတယ်၊ ကျွန်မမှာ ရွေးစရာနည်းလမ်း ဘာရှိတော့လို့လဲ၊ သွားရုံပဲပေါ့။

□

http://www.cherrythitsar.org



## အခန်း(၁၈)

ဒီဇင်ဘာ၊ ၁၉၇၀

အိမ်သားတွေကို ကျွန်မ အရေးပေါ်အလုပ်အတွက် လုပ်ငန်းခွင်မှာ ရှိနေဖို့ အရေးကြီးနေလို့လို့ အကြောင်းပြထားပေမယ့် တခြားမြို့ကို သွားမယ်ဆိုတာတော့ ပြောပြမထားပါဘူး။ လက်ဆွဲအိတ်သေးသေးလေးတစ်လုံးယူပြီး အဝတ်အစား ကတော့ ဒူးဆစ်ဖုံး အနက်ရောင် စကတ်၊ အပြာရောင်ဘလောက်(စ)၊ ပြင်သစ် ဘွတ်ဖိနပ်တို့ကို ဝတ်လိုက်တယ်။ လေယာဉ်ဆိုက်တော့ တက္ကစီငှားလိုက်ပြီး 'ဟိုတယ် ဝါရှင်တန်'ကို သွားပါတယ်။ ဟိုတယ် အဆောက်အအုံကြီးက ကျောက်သားနဲ့ဆောက်ထားပြီး ထိုင်းထိုင်းမှိုင်းမှိုင်း ပုံစံကြီးမို့ အဲ(လ)ဗစ္စ စိတ်ကြိုက်ပုံစံ မဟုတ်ပါဘူး။ သူက ဘာပစ္စည်းဖြစ်ဖြစ် တောက်တောက်ပပ သစ်သစ်လွင်လွင်ပဲ ကြိုက်တတ်တယ်။ ဒီဟိုတယ်ကို သူရွေးလိုက်တာ နာမည်ကြောင့်ပဲဖြစ်မယ်ထင်တယ်။ သူ ဝါရှင်တန်ရောက်လာပြီဆိုတော့ ဝါရှင်တန်ဟိုတယ်မှာ တည်းမယ်လို့ စိတ်ကူးပုံရပါတယ်။ သူက အဲဒီလို စိတ်ကူးစိတ်သန်းလေးတွေ ရှိတတ်ပါတယ်။

ဟိုတယ်ဖုန်း ကောက်ကိုင်ပြီး 'မစ္စတာဘာဂိုး(စ) အခန်းကို ခေါ်လိုက်တော့ သူရောက်နေပြီ။ ထုံးစံအတိုင်း တံခါးခေါက်သံ ကြားရလို့ ဖွင့်လိုက်ပြီး ကျွန်မတို့နှစ်ယောက် ဖက်လိုက်ကြမိတယ်။

'ကလေးရယ်. . . ကိုယ့်ဘဝ အသက်ပြန်ဝင်လာပြီကွယ်'

သူက ခပ်ညည်းညည်းကလေး ပြောတယ်။ ခရမ်းရောင် တောက်တောက် ဝတ်စုံဝတ်ထားပြီး ခါးပတ်အပြားကြီးမှာ ခေါင်းတွေက ရွှေသားနဲ့လုပ်ထားတာ သတိထားမိတယ်။ သူ့လည်ပင်းမှာလည်း ရွှေဆွဲပြားတစ်ပြား တွဲလဲကျနေတာလေ။ သူ့ လက်ထဲမှာ တုတ်ကောက်တစ်ချောင်း ကိုင်ထားသေးတယ်။ တုတ်ကောက်မှာ စီခြယ်ထားတဲ့ ရတနာတွေက အဖိုးတန်တွေပါ။ သူ့ကိုကြည့်ရတာ နပိုလီယန်နဲ့

http://www.cherrythitsar.org



တူနေတယ်။ ကျွန်မ စေ့စေ့စပ်စပ်ကြည့်နေတာ သူ သတိထားမိတော့ မျက်စပစ်ပြ လိုက်ပြီး ကိုယ်တစ်ပတ် လှည့်ပြပါတယ်။

'ဘယ့်နှယ်လဲ ဟင်'

'အရမ်း ထူးဆန်းနေသလိုပဲ'

'ကိုယ့်မှာရှိတာတွေအားလုံး ယူလိုက်ပါလား'

'မောင်ကကော ကျွန်မမှာ ပါသမျှ ယူမှာလား'

ကျွန်မက မောင့်ကို ပြန်စလိုက်ပါတယ်။ တကယ်တော့ သူ ဝတ်ထားတဲ့ အဝတ်အစားပုံက ကျွန်မကို စိတ်အနှောင့်အယှက်ပေးနေတာ အမှန်ပါပဲ။ သူ့ကို ကြည့်ရတာ ကိုယ့်ဘဝ ဘယ်ကစလာတယ်ဆိုတာ မေ့နေသလိုပဲ။ တောက်ပ အဖိုးတန်တဲ့ အဝတ်တွေ ဝတ်ထားပေမယ့် သူ့မျက်နှာကတော့ ညှိုးငယ်နေတယ်။ ဆံပင်က ရှည်ပြီး မျက်နှာပေါ် ဝဲကျနေတယ်။ မျက်ဝန်းတွေမှာ အကြင်နာရိပ်ရှိ ပေမယ့် မကြည်လင်တော့ဘူး။ စားပွဲပေါ်မှာ ပစ္စတိုသေနတ်တစ်လက် တင်ထားပေ မယ့် ကျွန်မ သိပ်ဂရုမစိုက်ပါဘူး။ လွီစီယားနား၊ တက္ကဆက်(စ) ပြည်နယ်တွေ မှာ ကြီးပြင်းလာခဲ့ရတဲ့ ကျွန်မအတွက် သေနတ်ဆိုတာ ဆန်းတဲ့ပစ္စည်းမှ မဟုတ် တာဘဲ။ ကျွန်မကိုယ်တိုင်လည်း လက်ကိုင်အိတ်ထဲမှာ သေနတ်အသေးစားကလေး သယ်လေ့ရှိတော့ သူ သေနတ်ကိုင်တာ ကျွန်မ သဘောကျပါတယ်။

သူ့ ပါးနှစ်ဖက်ကို လက်ဝါးနဲ့အုပ်ကိုင်လိုက်ပြီး သူ့ဆံပင် နက်မှောင်မှောင် တွေကို ထိုးဖွလိုက်ပါတယ်။ မောင်က ကျွန်မလက်နှစ်ဖက်ကို ဆွဲကိုင်လိုက်ပြီး တရှိုက်မက်မက် နမ်းနေတယ်။ သူ့အနားကနေ ကျွန်မပျောက်သွားမှာကို ကြောက် နေသလိုလိုပဲ။

'မောင့် ဒီဇိုင်းယားရီးရယ် . . . မောင့်ကို တစ်ခုခုပြောစမ်းပါ'

'ချစ်တယ် မောင်ရယ်၊ ကျွန်မ မောင့်ကို သိပ်ချစ်တာပဲ။ ကျွန်မကလေ မောင့်ကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူးလို့ ထင်နေတာ။ ဘာများဖြစ်နေ တာလဲ သခင်ရယ်'

'မောင် ရင်ဆိုင်နေရတဲ့ အခြေအနေကို မခံနိုင်တော့ဘူး။ ဒယ်ဒီကအစ မောင့်ကို အယုံအကြည်မရှိဘူး။ သေနတ်တွေဝယ်တာကို မောင် အသုံးကြမ်းတယ် တဲ့။ ဒယ်ဒီ့ကို မောင်ကလည်း မယုံဘူး။ သူက ပရစ်ဆလာနဲ့ တစ်ဖက်ဖြစ်နေ တယ်။ စဉ်းစားကြည့် . . . သူတို့အားလုံး မောင့်ကို အသုံးချနေကြတာ မဟုတ်လား'

*[ဂျယ်ရီဟော့(ပ)ကင် ရေးသားထုတ်ဝေခဲ့တဲ့ Elvis The Final Years နဲ့ အဲ(လ)ဘတ်ဂိုး(လ)(ဒ)မဲ(န) ရေးသားထုတ်ဝေခဲ့တဲ့ Elvis စာအုပ်များမှာ ပါတဲ့*

*အချက်အလက်များ အဆိုအရ ဒီကိစ္စက လက်နက်ပစ္စည်းအရောင်းဆိုင်က ငွေတောင်းလွှာနှစ်စောင် ဂရေ့(စ)လဲ(န်)(ဒ)ကို ရောက်လာတာက စပြီး ပြဿနာတက်ခဲ့တယ်လို့ဆိုတယ်။ ငွေတောင်းခံလွှာ တစ်စောင်က L.A က သေနတ်ဆိုင်ကပါ။ ဂိုး(လ)(ဒ)မဲ(န်) အဆိုအရ ၁၉၇၇ ၂ဒေါ်လာလို့ဆိုပြီး ဟော့(ပ)ကင်က ဒေါ်လာ ၃၈၀၀၀ လို့ ဖော်ပြတယ်။ ဒုတိယငွေတောင်းခံလွှာကတော့ ဒေါ်လာ ၈၅၀၀၀ ရှိပါတယ်။ ဒီငွေတောင်းခံလွှာနှစ်ခု ရောက်လာတော့ ပရစ်ဆလာနဲ့ ဗာနွန်တို့ မျက်လုံးပြူးသွားကြပြီး အဲ(လ)ဗစ္စနဲ့ ပြဿနာတက်ကြတယ်။ ပရစ်ဆလာရေးတဲ့ **Elvis and Me** စာအုပ်မှာတော့ အဲ(လ)ဗစ္စနဲ့ သူ့အဖေဗာနွန်တို့ ပြဿနာတက်ကြတယ်ဆိုတယ်။ ဒါကလည်း ကာနယ်ပတ်ကားကိစ္စလို့ပဲ ဖော်ပြထားပါတယ်။ သူကိုယ်တိုင် ပါ မပါဆိုတာတော့ ပရစ်ဆလာက ဖော်ပြမထားပါဘူး။*

*လူစီ ဖော်ပြထားတဲ့ အဲ(လ)ဗစ္စနဲ့ ခရီးစဉ်က သူတို့ပြောခဲ့တဲ့ အချက်နဲ့ လာကိုက်နေပါတယ်။ ပရစ်ဆလာက အဲဒီကာလတုန်းက အဲ(လ)ဗစ္စဟာ အိမ်မှာ နေတဲ့အချိန် နည်းလွန်းလို့ သူတို့ အိမ်ထောင်ရေးမှာ အစွန်းအထင်းဖြစ်လာခဲ့တယ်လို့ ဆိုတယ်။ ပရစ်ဆလာက 'ကျွန်မအတွက်ကတော့ သူ့ကို လိုက်လို့ မမီတော့လောက်အောင် ဖြစ်ခဲ့ရတယ်'လို့ ရေးပါတယ်။]*

မောင် စကားပြောရင်း ဒေါသထွက်လာတာကြောင့် သူစိတ်ပြေသွားအောင် ကျွန်မ ချော့ရတယ်။

'မောင်ကလည်းကွယ် အလကား ဒေါသကြီးနေတယ်။ မောင့်အဖေက မောင့်ကို သိပ်ချစ်တာ မောင်သိရဲ့သားနဲ့၊ ပြောချင်တာတွေ ပြောပါစေပေါ့။ မောင့် မိန်းမကိစ္စအတွက် ဒေါသဖြစ်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့'

'အဲဒီမိန်းမ ဘာဖြစ်ဖြစ် ကိုယ် ဂရုမစိုက်နိုင်ဘူး။ သူ ကိုယ့်ဘဝထဲက ထွက်သွားစေချင်နေတယ်။ သွားရင် ကိုယ့်သမီး လီဇာကို ခေါ်သွားဖို့ ကြိုးစားလိမ့်မယ်။ ကိုယ်သိတယ်'

'မောင်. . . အချစ်ကို အမုန်းနဲ့ အစားထိုးဖို့ မကြိုးစားနဲ့လေ။ သူ့ကို မမုန်းပါနဲ့ ကွယ်၊ မောင့်သူငယ်ချင်း ချာလီနဲ့လယ်ရီတို့ကော၊ မောင်ပြောတော့ သူတို့က ယုံရတယ်ဆို၊ သူတို့နဲ့ တိုင်ပင်ကြည့်ပါလား။ သူတို့ ကူညီမှာပေါ့။ ပြီးတော့ ကျွန်မလည်း ရှိတာပဲ။ ကျွန်မကလည်း မောင့်မိတ်ဆွေ တစ်ယောက်ပါ'

'ချစ်က မောင့်အတွက် တစ်ဦးတည်းသော မိတ်ဆွေပါကွာ။ ချစ်က မောင့် ငွေကို လုံးဝဂရုစိုက်တဲ့သူ မဟုတ်တော့ မောင့်ကို ဘယ်တော့မှ ကျောခိုင်းသွားမှာ မဟုတ်ဘူးဆိုတာ မောင် သိတယ်၊ ငွေက ပြဿနာအားလုံးရဲ့ အရင်းအမြစ်

http://www.cherrythitsar.org



ပဲ လူစီ။ ကိုယ့်မှာ ထမ်းဆောင်ရတဲ့ ဝန်ထုပ်ဝန်ပိုးတွေက အများကြီးပဲ။ မောင့်မိထွေးက ပါလာတဲ့ ကလေးတွေအားလုံး ခုဆို မာမီ့အိမ်ပေါ် ရောက်နေကြတယ်။ ဒယ်ဒီက ဒီလိုမလုပ်သင့်ဘူး။ မာမီ့ကို မလုပ်သင့်ဘူး (အဲဒီအချိန်မှာ မောင့်အမေ မရှိတော့ပေမယ့် မောင်က ရှိသလိုပဲ သဘောထားပုံရတယ်) သူ့မိန်းမကိုလည်း မာမီ့အိမ်ပေါ် ခေါ်မလာသင့်ဘူး။ မောင် သိပ်ခံစားရတယ်ကွာ။ ဘယ်လောက် ခံစားရတယ်ဆိုတာ ဘယ်သူ့မှ သိကြမှာ မဟုတ်ဘူး။ မောင် အဲဒါတွေ ပြောပစ်လိုက်ချင်တယ်။ ဒယ်ဒီ့အနေနဲ့ တစ်ခုခုကို ဆုံးဖြတ်ရလိမ့်မယ်'

မောင်က ကျွန်မဘက် လှည့်လာတယ်။

'အဲဒီ သောကတွေကြောင့် ချစ်ကို မောင် အဆက်ဖြတ်နေခဲ့တာပါ။ ကိုယ်ချစ်တဲ့သူကို သောကတွေ မကူးစက်စေချင်ဘူးလေ။ သူတို့နဲ့ နေရတာ သောကတွေများလေ ချစ်နဲ့ နေချင်လေပဲ။ မောင့်ဘဝကြီးကို ပြောင်းပစ်လိုက်ချင်တယ်။ တစ်ခါတုန်းက ချစ် ပြောခဲ့ဖူးတယ် မဟုတ်လား၊ အိပ်မက်ထဲမှာ ပြေးနေရင်းက လမ်းဆုံတစ်ခုရောက်တော့ ဘယ်သွားရမှန်းမသိ ဖြစ်သွားတယ်ဆိုတာလေ။အဲဒါ မောင်အခု လက်တွေ့ဖြစ်နေပြီ။အလုပ်တွေသာ လုပ်လုပ်နေလိုက်ရတာ ဘယ်တော့မှလည်း မပြီးနိုင်တော့ဘူး။ တကယ်တော့ ကိုယ့်မှာ ရည်မှန်းချက် ပန်းတိုင်ဆိုတာလည်း မရှိတော့ဘူး။ ကိုယ် ဘာဖြစ်ချင်တယ်ဆိုတာ ချစ်သိသလား'

မောင်က ကျွန်မ မျက်ဝန်းထဲကို စူးစူးစိုက်စိုက် ကြည့်ပြီးမေးနေတယ်။

'မောင်လိုချင်တာက တစ်ချိန်တုန်းက မောင်တို့နှစ်ယောက် ပိုင်ဆိုင်ခဲ့ကြဖူးတဲ့ ချစ်ခြင်းမေတ္တာပဲ။ ကိုယ်တို့နှစ်ယောက် စီမံကိန်းတွေချပြီး ပျော်ခဲ့ကြတာ မှတ်မိသေးလား။ ခုတော့ ဒါတွေဟာ အိပ်မက်တွေ ဖြစ်ကုန်ပြီ။ အဲဒီအတွေ့လေးတွေ ဘယ်ရောက်ကုန်ပြီလဲဟင်'

မေးခွန်း တစ်ဝက်တစ်ပျက် ရပ်ထားပေမယ့် ကျွန်မမှာ အဖြေရှိနေပါတယ်။ ကျွန်မဘဝ ပျက်စီးပြီး မောင့်အပါးကထွက်ပြေးခဲ့ရတာ ကျွန်မတို့နှစ်ယောက်ရဲ့ အပျော်လေးတွေ ပျောက်ကွယ်ခဲ့ရတာပါ။

'မောင်ရယ်. . . ကျွန်မတို့နှစ်ယောက်ရဲ့ အချစ်က အချစ်စစ် အချစ်မှန်ပါ။ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး။ ဒါပေမယ့် မောင်နဲ့ပတ်သက်တဲ့ လူအားလုံးကတော့ ကျွန်မတို့နှစ်ယောက်ချစ်ခြင်းကို ဘယ်နည်းနဲ့မှ လက်ခံနိုင်ကြမှာ မဟုတ်ပါဘူး။ ဒီလိုပဲ ပုန်းလျှိုးကွယ်လျှိုးပဲ ချစ်နေရမှာပါ။ ခုနေ မောင် ကျွန်မနဲ့အတူရှိနေတာ သိသွားရင် ကျွန်မကို သတ်ပစ်ချင်ကြမလား မသိဘူး မောင်'

'တစ်နေ့တော့ ဖြစ်လာမှာပေါ့ ချစ်ရယ်၊ မောင် ကိစ္စတွေအားလုံး ရှင်းပစ်

http://www.cherrythitsar.org



လိုက်ပြီး ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုထောင်ချင်တယ်။ ပြီးတော့ မောင့် ကိုယ်ရေးအတ္ထုပ္ပတ္တိ ကိုယ်တိုင်ရေးချင်တယ်။ အဲဒါမှ လူစီဆိုတဲ့ မိန်းကလေးဟာ မောင့်ဘဝမှာ ဘယ်လောက်အရေးပါတယ်ဆိုတာ သိကြမှာပေါ့'

တစ်ယောက်ရင်ခွင်မှာ တစ်ယောက်တိုးဝင်နေကြပေမယ့် ကျွန်မရင်ထဲမှာ အရင်လို နွေးထွေးမလာတော့ဘူး။ အသက်ကြီးလာပြီဆိုတဲ့ အတွေးက ကျွန်မကို ခြောက်လှန့်နေပါတယ်။

'သခင်ရယ်. . . သခင့်ခြေရင်းမှာ တစ်ကမ္ဘာလုံးက မိန်းမချောလေးတွေ ဝပ်ဆင်းနေပါလျက်နဲ့ ကျွန်မကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲဟင်။ ကျွန်မမျက်နှာကိုကြည့်ပြီး ပြောပါဦး'

မောင်က ကျွန်မမျက်နှာကို သူ့လက်ဝါးနှစ်ဖက်နဲ့ ကိုင်ပြီး ကြင်ကြင်နာနာ ကြည့်တယ်။

'ချစ်ရယ်. . . . ချစ်ကို မောင်ချစ်တာက လူစီဆိုတဲ့ မိန်းကလေးဖြစ်နေလို့ပါ။ မောင် တွေ့ဖူးတဲ့ မိန်းမတွေအားလုံး မင်းနဲ့ မတူဘူး။ တစ်ခုခု လိုနေတာချည်းပဲ။ သူတို့အားလုံး ဘယ်သူမှ မင်းကို မမီဘူး။ ကိုယ်တို့နှစ်ယောက် ပေါင်းစည်းနိုင်မယ့်နေ့ကို ကိုယ် စောင့်နေမှာပါ'

* * *

ကျွန်မ အဝတ်ဝတ်နေတော့ မောင်ကမေးတယ်။

'ဘာဖြစ်လို့ ဝတ်နေတာလဲ'

'ကျွန်မ ဒီည နောက်ဆုံးလေယာဉ်နဲ့ ဒါးလတ်(စ)ကို ပြန်ရမယ် မောင်၊ ဆောရီးပဲ'

'ဒီည. . . ဒီည ပြန်တော့မယ် ဟုတ်လား။ မပြန်ပါနဲ့ကွာ'

'ကျွန်မ မပြန်လို့ မဖြစ်ဘူး မောင်၊ ဆောရီးပဲ'

'နေလို့ မဖြစ်ဘူးလားကွာ။ မောင့်အနားမှာ မင်းရှိနေစေချင်တယ်'

'တကယ်ကို မဖြစ်လို့ပါ မောင်ရယ်'

'တစ်နေ့ကျရင် မောင့်အပါးကနေ ဘယ်မှ မသွားတော့ပါဘူး'

'အဲဒီနေ့ကို မောင် မျှော်နေပါ့မယ်။ မောင် ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိမှာ မဟုတ်ဘူး။ အတူတူ နေရတဲ့အခါကျတော့ မင်းနားလည်လာလိမ့်မယ်။ ခုတော့ ချစ်အတွက် မောင့်သီချင်းတွေ သွင်းလာတာရှိတယ်။ နားထောင်ကြည့်စေချင်တယ်။ အဲဒီ သီချင်းတွေက The Wonder Of You, You Don't Have To Say You Love Me နဲ့ I Just Can't Help Belevin သီချင်းတွေပေါ့'

http://www.cherrythitsar.org



မောင့်လက်ကို ညှစ်ထားလိုက်ပြီး ဒီသီချင်းတွေကို ကျွန်မ နားထောင်ပါမယ်လို့ ကတိပေးလိုက်ပါတယ်။ မောင့်လက်ကို ဆုပ်ထားတဲ့အချိန်မှာ လက်တွေက ဖောင်းကားနေပြီး အသားရောင်က ပြာနှမ်းနှမ်းဖြစ်နေတာကို သတိပြုမိတယ်။

'အဲဒီလို ဖြစ်နေတာကြာပြီ။ ဘာဖြစ်မှန်း မသိဘူး။ လက်ထဲက ကိုက်တယ်။ ဗိုက်ထဲကလည်း အောင့်တယ်။ မောင် ကောင်းကောင်း နေလို့မကောင်းဘူး'

'အိမ်ပြန်ရောက်ရင် ဆရာဝန်နဲ့ ပြကြည့်ပါဦး မောင်ရယ်၊ ကိုယ့် ကျန်းမာရေးကို ဂရုစိုက်မှပေါ့။ ကျွန်မ စိတ်ပူတယ်မောင်၊ အခုကော နေလို့ ကောင်းရဲ့လား'

'ကောင်းပါတယ်။ မောင့်အနားမှာ ဆရာဝန်တွေ အမြဲဝိုင်းနေတာပါ။ မောင်လည်း ဒီက မကြာခင် ပြန်သွားမှာပါ။ ချစ်မရှိတဲ့နေရာမှာ မောင် နေချင်စိတ်မရှိပါဘူး'

'မောင် ဘယ်တော့ ပြန်မှာလဲဟင်'

'မောင် ဒီကိုဘာကြောင့်လာတယ်ဆိုတာ အရင်ပြောပြဦးမယ်။ မောင် အစိုးရနဲ့ ဆက်နွှယ်ပြီး အလုပ်လုပ်ပေးချင်တာတွေရှိလို့၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဗျူရိုနဲ့ ဆက်သွယ်ပြီး L.A က မောင့် သူငယ်ချင်း ဂျွန်အိုဂရယ်ဒီလို မူးယစ်ဂိုဏ်းတွေ ထောက်လှမ်းပေးချင်တယ်'

မယုံနိုင်တဲ့ မျက်လုံးတွေနဲ့ မောင့်ကို ကြည့်နေမိတာကို မောင်သိသွားတယ်။ ကျွန်မ မယုံတာက မောင့် မိတ်ဆွေဆိုတဲ့ သူတွေပါ။ သူတို့အားလုံးက မိတ်ဆွေဆိုပြီး နောက်ဆုံးမှာ မောင့်ကို အသုံးချသွားကြတဲ့ သူတွေချည်းပဲလေ။

'စိတ်မပူပါနဲ့ကွာ။ သူက မောင့်ရဲ့ တကယ့်မိတ်ဆွေအစစ်ပါ။ သေချာပါတယ်'

မောင့်စကားက အမှန်အကန်ဆိုရင် မိတ်ဆွေကောင်းရှိတာ ကောင်းပါတယ်။ တစ်ခါတလေ မောင့်မှာ ရင်ဖွင့်စရာတောင် မိတ်ဆွေမရှိသလို ဖြစ်တတ်တယ် မဟုတ်လား။ ဒါပေမယ့် မောင်လုပ်ချင်တယ်ဆိုတာက မိုက်ရူးရဲဆန်လွန်းတယ်လို့ ထင်တယ်။

'မောင်. . . မောင်က အဆိုကျော်တစ်ယောက်ပါ။ ရဲမှ မဟုတ်တာ။ ပြီးတော့ ဒီလိုအလုပ်မျိုးဆိုတာက သေသေချာချာ လေ့ကျင့်ရသေးတယ်လေ။ အန္တရာယ်လည်း များပါတယ် မောင်ရယ်'

'မောင့်ဘဝမှာ အသုံးဝင်တဲ့သူတစ်ယောက် ဖြစ်ချင်တယ် လူစီ. . . မောင် ဒီကနေ ပြန်မယ်။ ကိစ္စတွေအားလုံး ရှင်းပြီးရင် ဒီကို တစ်ခေါက် ပြန်လာပြီး အဲဒီမူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းကို စေတနာ့ဝန်ထမ်း ဝင်လုပ်မယ်'

http://www.cherrythitsar.org



'အဆင်ပြေပါ့မလား မောင်ရယ်'

'အဆင်ပြေပါတယ်။ ဒါပေမယ့် ချစ်ကတော့ မောင့်ကို ပစ်မထားနဲ့နော်'

မောင့်အပြုံးကို တွေ့လိုက်ရပြီး ကျွန်မကို ကြင်ကြင်နာနာ ဖက်ထားတယ်။ ကျွန်မ အခန်းထဲက ထွက်မယ်အလုပ် မောင်က စာအိတ်တစ်အိတ် လှမ်းပေးပြီး အိမ်ရောက်မှ ဖွင့်ကြည့်ပါမယ်ဆိုတဲ့ ကတိတောင်းတယ်။ ခရစ္စမတ်လက်ဆောင် ပါတဲ့။ ဒါးလတ်(စ)ပြန်ရောက်ပြီး အိမ်ရောက်လို့ ဖွင့်ကြည့်လိုက်တော့ ငွေသား ဒေါ်လာ ၇၀၀၀ တွေ့ရတယ်။ ရင်ထဲက ကျွန်မ မာနစိတ်က ထောင်းခနဲထလာပြီး ချက်ချင်းပြန်ပို့မယ်လို့ စိတ်ကူးလိုက်သေးတယ်။ ဒါပေမယ့် သမီး ဒီဗိုင်းယားရီးကို သတိရလိုက်ပြီး ဒီငွေကို သမီးအတွက်ပဲ သုံးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူ့အဖေရဲ့ပိုက်ဆံ သူ့အတွက်သာ သုံးတဲ့အတွက် ကျွန်မ စိတ်သန့်ပါတယ်။ သမီးအတွက် ရေတပ်ဝတ်စုံ အပြာရောင် လက်ချုပ်တစ်ထည် ဝယ်ပေးလိုက်တာ ၁၆၇ ဒေါ်လာကျတယ်။ ကျန်တဲ့ငွေကိုတော့ သမီးကျောင်းစရိတ်၊ ဘဲလေးအက သင်တန်း၊ စန္ဒရားသင်တန်း စရိတ်တွေအတွက် ကျွန်မသုံးခဲ့တယ်။

နောက် ရက်နည်းနည်းကြာတော့ သမ္မတနစ်(က)ဆင်နဲ့ တွဲရိုက်ထားတဲ့ မောင့်ဓာတ်ပုံတွေ သတင်းထဲမှာ ပါလာတယ်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အတွက် မောင်က သမ္မတကြီးနဲ့ လက်တွဲဆင်နွှဲမယ်ဆိုတဲ့ သတင်းတွေ ဖော်ပြထား ပါတယ်။ မောင် သူလုပ်ချင်တာကို တကယ်လုပ်ဖြစ်သွားခဲ့ပြီပေါ့။

* * *

အဲ(လ)ဗစ္စတစ်ယောက်တည်း ဝါရှင်တန်၊ L.A နဲ့ ဝါရှင်တန် နောက်တစ် ခေါက် ပြန်သွားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ့အတ္ထုပ္ပတ္တိရေးတဲ့ စာရေးဆရာတွေ လုံးဝ ခေါင်းခဲခဲ့ကြတဲ့ ကိစ္စဖြစ်ပါတယ်။ လူစီနဲ့ ပတ်သက်ပြီး ဘယ်သူမှ အရိပ်အမြွက်တောင် မသိကြလေတော့ ဒီခရီးစဉ်နဲ့ ပတ်သက်လို့လည်း ဘယ်သူ မှ ခြေရာခံလို့ မရခဲ့ကြပါဘူး။ ဒါကြောင့် အဲ(လ)ဗစ္စဟာ တစ်ခါတလေမှာ စုံထောက်ဆန်ဆန် လှုပ်ရှားတတ်တယ်ဆိုတဲ့ အနေအထားလောက်မှာပဲ ရပ်ထား ခဲ့ကြပါတယ်။ တချို့စာရေးဆရာတွေက ဦးနှောက်ခြောက်လို့ တစ်ယောက်တည်း စိတ်ပြေလက်ပျောက် ခရီးထွက်သွားခဲ့တာလို့ သတ်မှတ်ခဲ့ကြတယ်။ တကယ်တော့ သူ့ရည်မှန်းချက်က ကမ္ဘာပေါ်မှာ အရိုးသားဆုံးနဲ့ ရှေးအကျဆုံး အဖြေတစ်ခု ဖြစ်တဲ့ ချစ်တဲ့သူနဲ့ အတူနေဖို့ပါပဲ။

*(အဲ(လ)ဗစ္စ သီဆိုခဲ့တဲ့ သီချင်းတော်တော်များများဟာ ပျောက်ဆုံးနေတဲ့ အချစ်ကို တမ်းတတဲ့ သီချင်းတွေဖြစ်ပါတယ်။ လူစီပြောတဲ့* ***The Wonder Of***

http://www.cherrythitsar.org



*You သီချင်းကို ၁၉၇ဝပြည့်နှစ်၊ မေလမှာ ဆင်ဂဲ(လ)ခေတ်ပြားအဖြစ် ထုတ်ဝေခဲ့ပြီး တခြား အယ်(လ)ဘမ်ပေါင်းများစွာမှာ ထည့်သွင်းခဲ့ပါတယ်။ You Don't Have to Say, My Love Me ကို ၁၉၇ဝပြည့်နှစ်၊ အောက်တိုဘာလမှာ ဆင်ဂဲ(လ)ခေတ်ပြားအဖြစ် ထုတ်ဝေခဲ့ပြန်တယ်။ ဒီသီချင်းကလည်း အယ်(လ)ဘမ်ပေါင်းများစွာမှ ပါခဲ့ပါတယ်။ I Just Can't Help Belivin ကိုတော့ ၁၉၇ဝပြည့်နှစ်၊ ဒီဇင်ဘာလမှာ ထုတ်ခဲ့ပါတယ်။]*

ဘဝဆိုတာ တာဝန်တွေ၊ အလုပ်တွေနဲ့ ပြည့်နှက်နေတာပါပဲ။ အဲဒီနှစ် ခရစ္စမတ်မှာ ကျွန်မကလေး အငယ်တွေက နော်မန်ရော့(က)ဝဲ(လ) ကုမ္ပဏီက ထုတ်တဲ့ ပန်းကန်တွေ လက်ဆောင်ဝယ်ပေးကြတယ်။ ကလေးတွေက သူတို့ဘာသာ ငွေရှာပြီး စုဝယ်ပေးကြတယ်။ ကလေးတွေက လက်ဆောင်ပေးတော့ ကျွန်မ နှလုံးသားထဲမှာ တနင့်တပိုး ခံစားရပါတယ်။ လိမ္မာလိုက်တဲ့ ကလေးတွေရယ်။ ကျွန်မ နှလုံးသားထဲမှာ လစ်ဟာနေတဲ့နေရာကို သူတို့လေးတွေရဲ့ မေတ္တာတရားနဲ့ ဖြည့်ဆည်းပေးကြတယ်။

တစ်နှစ်ဆိုတဲ့ကာလက လျင်မြန်စွာ ကုန်ဆုံးသွားပြန်တယ်။ အဲ(လ)ဗစ္စက မကြာမကြာ ဖုန်းဆက်ပေးမယ့် သူ့မှာ အမြဲ အလုပ်များနေတာပါပဲ။ ကျွန်မရင်ထဲမှာတော့ ဆုံစည်းခဲ့ရတဲ့နေ့တွေကိုပဲ သတိတရ ရှိနေပါတယ်။ ဒီနှစ် ခရစ္စမတ်မှာ မောင်က နှင်းဆီပွင့် တစ်ပွင့် ပို့လာတယ်။ ကတ်ပြားမှာတော့ ထုံးစံအတိုင်း 'မင်းဟာ ကိုယ့်ရဲ့ နှင်းပွင့်ငှက်ငယ်လေးပါ။ အချစ်များစွာနဲ့ လျှို့ဝှက်ချစ်သူ' လို့ ရေးထားတယ်။ အဲဒီနောက် ကျွန်မစိတ်ထဲမှာ မောင် ပြင်းပြင်းထန်ထန် နေမကောင်းဖြစ်နေတယ်လို့ ထင်လာတဲ့အတွက် သူ့အဖေဆီကို ပထမဆုံး ဖုန်းဆက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မကို မောင်က နံပါတ်ပေးထားတယ်လေ။ မစ္စတာပရက်စလေက ရင်းရင်းနှီးနှီးပဲ စကားပြောပါတယ်။ ကျွန်မက အဲ(လ)ဗစ္စ ဖုန်းနံပါတ်ပေးထားတဲ့ မိတ်ဆွေတစ်ဦးဖြစ်ကြောင်း ပြောပြတော့ သူက အဲ(လ)ဗစ္စ အရမ်းအလုပ်တွေ လုပ်နေတဲ့အကြောင်း၊ ပရစ်ဆလာက လီဇာကလေးကို ခေါ်ပြီး ဂရေ့(စ)လဲ(န)(ဒ)ကနေ ထွက်သွားတဲ့အတွက် အဲ(လ)ဗစ္စ စိတ်ထိခိုက်နေကြောင်း ပြောပြတယ်။ ခဏတစ်ဖြုတ် စကားပြောကြပြီး မစ္စတာပရက်စလေက ကျွန်မ ဆက်ချင်ရင် အချိန်မရွေး ဆက်နိုင်တဲ့အကြောင်း ပြောပါတယ်။

၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ မတိုင်မီအထိ အဲ(လ)ဗစ္စဆီက ဘာသံမှ မကြားရပါဘူး။ ဖေဖော်ဝါရီလမှာ ဖုန်းဆက်လာတော့ သူ အလုပ်အရမ်းများနေတဲ့

http://www.cherrythitsar.org



အကြောင်း၊ ပရစ်ဆလာနဲ့ ပြဿနာတွေ၊ သူ့ ပတ်ဝန်းကျင်က လူတွေနဲ့ ကြုံတွေ့နေရတဲ့ ပြဿနာတွေ၊ သူတာဝန်ကျနေတဲ့ ဝန်ထုပ်ဝန်ပိုးတွေအကြောင်း ပြောပြရင်း လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက သူ ကွျန်မကို ပြောလေ့ရှိတဲ့ စကားတစ်ခွန်း ပြောလာတယ်။

'ကိုယ့်အကြောင်း သတင်းစာတွေထဲမှာ ဖတ်ရတာပဲဖြစ်ဖြစ်၊ တစ်ဆင့်စကားကြားရတာပဲဖြစ်ဖြစ် ဘယ်တော့မှ မယုံနဲ့။ ကိုယ်ကိုယ်တိုင် ပြောမှပဲ ယုံ'

ဟိုတုန်းကလည်း သူ ဒီစကားမျိုး ပြောဖူးပါတယ်။ အဲဒီတုန်းက သတင်းစာတွေ၊ စာစောင်တွေမှာ မိန်းကလေးတွေ ရှုပ်ရှုပ်ထွေးထွေးအကြောင်းတွေ ရေးခဲ့ကြတဲ့အချိန်ပေါ့။ ခု သူ ဒီစကားမျိုး ပြောလာပြန်ပြီဆိုတော့ ပြဿနာတွေ ရှုပ်ပြန်ပြီလား။

'နေကောင်းရဲ့လား မောင်၊ ဘာတွေ စိတ်ရှုပ်နေတာလဲ'

'ကောင်းပါတယ်။ ပရစ်ဆလာက ကိုယ့်ကို မိန်းမ ပွေတယ်လို့ စွပ်စွဲနေတယ်လေ။ ဒါမှ သူ့အပြစ် လွတ်အောင်ပေါ့'

သူတို့နှစ်ယောက်ကြားမှာ အမှားအယွင်း တစ်ခုခုတော့ ရှိနေပုံရတယ်။ ဒါပေမယ့် ကွျန်မလက်ဝင်လျှိုလို့ မဖြစ်ဘူးလေ။ မကြာခင်မှာဘဲ သတင်းစာတွေ၊ စာစောင်တွေက အဲ(လ)ဗစ္စနဲ့ ပရစ်ဆလာတို့ ကွဲနေကြကြောင်း သတင်းတွေ ပလူပျံအောင် ရေးလာကြတော့တယ်။ ပရစ်ဆလာက ကရာတေး နည်းပြဆရာတစ်ယောက်နောက် လိုက်ပြေးသွားတယ်။ သိပ်မကြာခင်မှာဘဲ အဲ(လ)ဗစ္စကိုလည်း အရပ်မြင့်မြင့် အလှဘုရင်မလေး လင်ဒါသော်မဆင်နဲ့ တွဲနေတဲ့ပုံတွေ ဖော်ပြလာကြပြန်တယ်။ ဒီပုံတွေ တွေ့ရတော့ ကွျန်မ အသည်းနှလုံးကို ဆွဲထုတ်ပြီး နင်းချေသလို ခံစားလိုက်ရပါတယ်။

သူ တကယ်ပဲ ကွျန်မကိုချစ်တယ်လို့ တစ်သက်လုံး ထင်ခဲ့တာ ရူးခဲ့တာပဲပေါ့။ ပရစ်ဆလာ သူ့ဘဝထဲက ထွက်သွားတာ နည်းနည်းလေးမှ အချိန်မဆိုင်းနိုင်တော့ဘဲ အချစ်သစ် အစားထိုးခဲ့ပြီကော။ ကွျန်မ နှလုံးသားထဲက နာကျင်မှုက ဒေါသအဖြစ် ကူးပြောင်းခဲ့ပေမယ့် မကြာခင်မှာဘဲ နာကျင်မှု ပြန်ခံစားရပြန်တယ်။ စိတ်ထိခိုက်လွန်းလို့ ကွျန်မ အိပ်ရာထဲ လဲတဲ့အထိ ဖျားခဲ့ရတယ်။ မကြာခင်မှာဘဲ ကွျန်မ ရင်ထဲက အရမ်းအောင့်လာပြီး သတိလစ် လဲကျခဲ့ရပြန်တယ်။ ကွျန်မ မိတ်ဆွေ မာတိက ဆေးရုံအရေးပေါ်ခန်းကို ပို့ပေးခဲ့ပါတယ်။ နှလုံးရောဂါ အထူးကု ဆရာဝန်ကြီးက အမျိုးစုံ စမ်းသပ်ပေမယ့် ဘာတစ်ခုမှ ထူးခြားမှု မရှိဘူးလို့ ဆိုပါတယ်။ ဆရာဝန် စမ်းသပ်လို့မရတဲ့ အသည်းကွဲရောဂါနဲ့ ကွျန်မ

http://www.cherrythitsar.org



သေတော့မှာလားလို့တောင် တွေးမိပါသေးတယ်။

ဆေးရုံက ဆင်းလာတော့ မစ္စတာဂျုံး(စ)ဆိုတဲ့လူ ဖုန်းဆက်ကြောင်း သိရတယ်။ ကျွန်မရင်ထဲမှာ သူ့စကားတွေ နားထောင်ချင်စိတ်လည်း မရှိတော့သလို ဖုန်းပြန်ဆက်ဖို့လည်း ဆန္ဒမရှိတော့ပါဘူး။ ဘာများ ထူးလာတော့မှာလဲ မောင်ရယ်။ အလှဘုရင်မလေး လင်ဒါက မောင့် တရားဝင် ရည်းစားပါလို့ တလောကလုံးက သတ်မှတ်လိုက်ကြပြီပဲ။ ဘာပြောချင်သေးသလဲ မောင်။ အဲဒီနှစ် ခရစ္စမတ်မှာ နှင်းဆီနီရဲရဲ တစ်ဒါဇင်ရောက်လာတယ်။ ကတ်ပြားပေါ်မှာ 'ရင်ထဲမှာ ထာဝရရှိနေတယ်။ ချစ်တဲ့ အား(လ)လဲ(န)(စ)လော့(တ)'လို့ ရေးထားတယ်။ ဟုတ်မှာပေါ့လေ။

□

http://www.cherrythitsar.org



## အခန်း(၁၉)

ဆောင်းနှင့် နွေဦး ၁၉၇၃ခုနှစ်

အဲ(လ)ဗစ္စရဲ့ မရိုးနိုင်တဲ့ ချစ်ပုံပြင်တွေက သတင်းအဖြစ် ဆက်လက်ပျံ့လွင့်နေတယ်။ ပရစ်ဆလာနဲ့ ကွဲတော့မယ်ဆိုတဲ့ သတင်းတွေ၊ လင်ဒါသော်မဆင်နဲ့ တွဲနေတယ်ဆိုတဲ့ သတင်းတွေ စုံလို့ပါပဲ။ သူ့ကျန်းမာရေး အခြေအနေမကောင်းလို့ စီစဉ်ပြီးသားပွဲတွေ ဖျက်လိုက်ရတယ်ဆိုတဲ့ သတင်းတွေကလည်း ကြားနေရတယ်။ သူ ဘာဖြစ်နေတာလဲ။ ကျွန်မ သူ့ကို ဒေါသထွက်မိတာနဲ့အမျှ စိတ်လည်းပူလာတယ်။ ခုနေဆိုရင် သူအရင်ကထက် ဒေါသတွေ ကြီးနေမှာပါ။ သူ့ အပူတွေကို ကျွန်မ မျှဝေခံစားသင့်ပါသလား။

ဒါပေမယ့် သူ ရှင်းပြခွင့် မကြုံတဲ့ သတင်း ဇာတ်လမ်း တော်တော်များများကြောင့် ကျွန်မ လက်လျှော့ချင်လာပြီ။ သူ ရည်းစားထားတာကို ကန့်ကွက်ရအောင် ကျွန်မက သူနဲ့ ဘာဆိုင်လို့လဲ။ သူက အကြိမ်ပေါင်းများစွာ ကျွန်မနဲ့အတူနေခွင့်တောင်းပါလျက် ငြင်းခဲ့တာက ကျွန်မ မဟုတ်လား။ သူ့မှာ တိုင်ပင်ဖော်တိုင်ပင်ဖက် လိုတယ်လေ။ အထူးသဖြင့် အခုလိုအချိန်မျိုးမှာ ပိုလိုတာပေါ့။ သူ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရလေသလား။

'ကိုယ့် ပါးစပ်က ထွက်တဲ့ စကားတွေကလွဲရင် ဘယ်စကားမှ မယုံနဲ့' သူ အကြိမ်ကြိမ် ပြောခဲ့ဖူးတဲ့စကားက ကျွန်မနားထဲမှာ မိုးကြိုးပစ်သံလို ပြင်းပြင်းထန်ထန် ကြားယောင်လာပါတယ်။ ကျွန်မ သူ့ကို ယုံဖို့လိုတယ်။ ကျွန်မအနေနဲ့ သူ့ကို အကွယ်ကနေ ပြစ်တင်ဖို့ မသင့်ဘူး။ ကျွန်မနဲ့သူ တရားဝင်ဘာမှ မဆိုင်ဘူးဆိုပေမယ့် နှလုံးသားချင်း အရင်းနှီးဆုံး ဘဝမှာ ရှိခဲ့ကြဖူးတယ်လေ။ ဒါဆိုရင် ကျွန်မဟာ သူ့ မိတ်ဆွေကောင်းတစ်ယောက်အဖြစ်တော့ ရပ်တည်သင့်တာပေါ့။ သူ့အနားမှာ မိတ်ဆွေကောင်း ရှားပါးနေတဲ့ ကာလပဲ။ ချစ်ခြင်းမေတ္တာ၊ နားလည်မှုတို့နဲ့ အခြေခံတဲ့ ကျွန်မတို့နှစ်ယောက်ရင်းနှီးမှုဟာ

http://www.cherrythitsar.org



တခြား မိတ်ဆွေတွေထက် အတိုင်းအဆကြီးမားမယ် ထင်ပါတယ်။

ကျွန်မ ဂရေ့(စ)လဲ(န)(ဒ)ကို ဖုန်းဆက်လိုက်တယ်၊ သူ မရှိဘူး။ ဒီဇိုင်းယားရီးကို ဖုန်းပြန်ဆက်ပါလို့ မှာထားတယ်။ နောက်နှစ်ရက်အကြာမှာ သူပြန်ဆက်တယ်။

'ကလေးရေ. . . ကိုယ်တော့ တိုက်ပွဲတွေ အပြင်းအထန် ဆင်နွှဲနေရတယ်။ နေလို့လည်း မကောင်းဘူးကွ' သူ့အသံက ပင်ပန်းနွမ်းနယ်မှုရော စိတ်ဓာတ်ကျမှုပါ ရောနေတယ်။

'ဘာတွေ ဖြစ်နေတာလဲဟင်. . . ကျွန်မ ကြားနေတာတွေကတော့ အများကြီးပဲ'

'အဲဒီလိုပဲ ကြားလိမ့်မယ်လို့ ကိုယ်ထင်ပါတယ်။ ကိုယ် ဖုန်းဆက်ပြီး တွေ့ဖို့ကြိုးစားသေးတယ်။ အရင်ကလောက် ကိုယ့်ကို ဂရုမစိုက်ကြတော့ဘူး မဟုတ်လား'

သူ့အသံက နာကြည်းနေပုံရတယ်။

'ကျွန်မ မောင့်ကို အမြဲဂရုစိုက်ပါတယ်။ မောင်က ကျွန်မကို ဂရုစိုက်သေးရဲ့လားလို့ ကျွန်မကသာ မေးရမှာပါ။ မောင့်အနားမှာ မိန်းကလေးတစ်ယောက်ရှိနေပြီဆို၊ ဒီတော့ ကျွန်မ ဘယ်လိုစဉ်းစားရမလဲ မောင်။ မောင်က မိန်းမချောလေးတွေကိုသာ အလိုရှိတာ မဟုတ်လား'

'ဟန်နီ အဲဒါတွေ အားလုံးမှားနေပြီ။ ကိုယ့်အနားမှာ မိန်းကလေးတစ်ယောက်ရှိတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် အဲဒါက မိန်းကလေးတစ်ယောက်ရှိဖို့ လိုအပ်လို့သာ ရှိနေတာပါ။ မောင်က မင်းကို လုပ်ပြချင်လို့၊ မင်း မောင့်ကို ဂရုမစိုက်တော့ မင်းနာကြည်းအောင် မောင် လုပ်ပြတာ'

'ကျွန်မက မောင် ပျော်တယ်ဆိုရင် ကျေနပ်နေတဲ့ မိန်းမပါ။ အဲဒီ မိန်းကလေးကို ချစ်လားဟင်'

'မောင့်အသည်း ဘယ်မှာရှိတယ်ဆိုတာ မင်းသိပါကွာ။ အဲဒါ အသာထားစမ်းပါ။ အားလုံးက ကိုယ့်ကို ဝိုင်းနှစ်သိမ့်နေကြတာပဲ။ တကယ်တမ်းကျတော့ မောင် ဘာလိုချင်တယ်ဆိုတာ သူတို့ မသိကြဘူး။ မောင့်ကို မလွမ်းဘူးလား၊ လွမ်းတယ်လို့ ပြောစမ်းပါ ကလေးရယ်'

'မောင် ဘာတွေပဲ လုပ်နေနေ ကိစ္စမရှိပါဘူး။ ကျွန်မ မောင့်ကို အမြဲချစ်နေတာပဲ။ မောင်က ကျွန်မကို ပြန်ချစ်ဖို့ မလိုပါဘူးမောင်။ အဲဒီအတွက် ကျွန်မ မောင့်ကို လုံးဝအပြစ်မတင်ပါဘူးကွယ်။ ဘဝဆိုတာ ဆန်းကြယ်လှပါတယ်

http://www.cherrythitsar.org



မောင်ရယ်၊ လူတွေဟာ တစ်သီးတခြားစီ မွေးဖွားကြီးပြင်းလာခဲ့ကြတယ်။ ပြီးတော့ ဘာမှ မဆိုင်တဲ့ သူတွေက သူတို့ကိုလာပြီး လွှမ်းမိုးနေကြပြန်ရော၊ ကျွန်မက တော့ မောင်နဲ့ ကျွန်မဘဝကို ကျွန်မ နှလုံးသားထဲမှာပဲ တိတ်တိတ်ကလေး သိမ်းထားတယ်။ သန့်စင်တဲ့ ကျွန်မတို့နှစ်ယောက် ဘဝကို ဘယ်သူမှ လွှမ်းမိုး လို့ မရပါဘူးမောင်။ ခုလောလောဆယ် ကျွန်မစိတ်ပူတာက မောင့် ကျန်းမာရေး ပဲ။ မောင် အကိုက်အခဲပျောက်ဆေးတွေ သောက်နေတုန်းပဲလား'

သူငြိမ်သွားပြီး ရှိုက်သံကြားလိုက်ရတယ်။ ကျွန်မ မောင့်အနားမှာ ရှိနေချင် လိုက်တာ။ မောင့်ကို ထွေးပွေ့ယုယထားချင်တယ်လေ။

'လူစီရယ်. . . မောင့်အနားမှာ မင်းရှိစေချင်တယ်။ ဒီမှာ ဘာမှ အဆင်မပြေ ဘူး။ မင်းသာ မောင့်အနားမှာ ရှိမယ်ဆိုရင် အားလုံးအဆင်ပြေမှာပဲ။ ခုတော့ စိတ်ထဲမှာပဲ တမ်းတနေရတယ်။ မောင့်အနားမှာ မိန်းမတွေရှိပါတယ်။ ဒါပေမယ့် သူတို့အားလုံးက အစမ်းသပ်ခံတွေပဲ လူစီ၊ မောင်က သူတို့အားလုံးကို မင်းနဲ့ ယှဉ်ကြည့်နေတာကိုး၊ ခပ်ဆင်ဆင်တူတာလေးတွေ မောင့်အနားမှာ ထားပေမယ့် ရေရှည်ထားလို့ မရပါဘူး။ ဘာဖြစ်လို့လဲတော့ မောင့်ကိုယ်မောင်လည်း မသိဘူး။ မောင် နေမကောင်းဘူးဆိုတာတော့ သေချာတယ်။ အိပ်လိုလည်း မပျော်ဘူး။ ချစ်နဲ့ စကားပြောပြီးရင်တော့ တော်တော်လေး နေသာထိုင်သာ ရှိသွားမယ် ထင်တာပဲ။ အလုပ်ကတော့ သိတယ် မဟုတ်လား။ ကာနယ်စီစဉ်နေသမျှ ကိုယ် လုပ်နေရတာပဲ။ ကိုယ်တို့ မကြာခင် တွေ့ကြရအောင်ကွာ'

သူ့အသံက နွမ်းလျနေတယ်။

'ကျွန်မ မောင့်ဘဝကို အနှောင့်အယှက် မပေးချင်တော့ပါဘူး'

'တော်စမ်းကွာ'

သူက အော်လိုက်တယ်။

'ကိုယ် ဘာဖြစ်နေလဲ မင်းသိလား၊ သူတို့အားလုံးက ကိုယ့်ကို မိန်းမ တစ်ယောက်ပြီးတစ်ယောက် လွှတ်ပေးပြီး ခိုင်းစားချင်နေကြတာ။ ဘယ်သူမှ ကပ်လို့မရအောင် အနားမှာ တစ်ယောက်ခေါ်ထားရတယ်။ ကိုယ် ဒီဘဝမှာ မပျော်ဘူး။ ဘယ်တုန်းကမှ မပျော်ခဲ့ဘူး လူစီ၊ ကိုယ့်ဘဝမှာ အလိုချင်ဆုံးက ဘာဆိုတာ မင်းသိပါတယ်ကွာ။ တကယ်တော့ ကိုယ်တို့နှစ်ယောက် စတွေ့တဲ့ အချိန်ကတည်းက တစ်မျိုးတစ်မည်ဖြစ်ခဲ့ကြရင် ကောင်းသား'

'မောင် ကျွန်မ အသက်မငယ်တော့သလို ရုပ်ရည်ကလည်း မောင်နဲ့တွေ့စ ကလို မနုပျိုတော့ဘူး မောင်ရဲ့။ ဒါပေမယ့် မောင့်အနားက လူတွေ ကြိုးဆွဲနေ

http://www.cherrythitsar.org



သမျှ မောင် မလုပ်ချင်ဘူးဆိုရင် သူတို့ကို ဘာကြောင့် မဆန့်ကျင်ရဲတာလဲ။ သူတို့ အားလုံးက မောင့်မိတ်ဆွေတွေ မဟုတ်ဘူးမောင်။ မောင်က အားလုံးကို ကူညီတယ်ဆိုတာ ကျွန်မသိတာပေါ့။ ဒါပေမယ့် သူတို့က မောင့်ကို ဒုက္ခပေးလာမှာကိုတော့ မောင် မခံသင့်ဘူး'

'မောင် သိတယ် ဟန်နီ၊ မောင် သိပါတယ်။ ခုတော့ ဘုရားသခင်က မောင့်ကို လမ်းပြနေပါပြီ၊ လယ်ရီ ပြန်ရောက်လာပြီလေ'

'ကျွန်မက သူအမြဲပဲ မောင့်အနားမှာ ရှိနေတယ်ထင်တာ'

'မဟုတ်ဘူး. . . ဒီကြားထဲမှာ အပြောင်းအလဲတွေက အများကြီးရှိနေတာ။ မောင့် ဒီဇိုင်းယားရီးကိုတော့ ဘယ်တော့မှ မပြောင်းစေချင်ဘူးနော်'

ဒီနာမည် မောင့် ပါးစပ်ဖျားက ထွက်လာတိုင်း ကျွန်မမှာ သံပူနဲ့ နှလုံးသားကို အကပ်ခံလိုက်သလို ခံစားရတတ်ပါတယ်။ ကျွန်မတို့ သမီး ဒီဇိုင်းယားရီးက ခုဆိုရင် ဆယ့်လေးနှစ် အပျိုကြီးဖားဖားဖြစ်နေပြီ။ အရပ်မြင့်မြင့်၊ ခြေထောက်လှလှလေးတွေနဲ့ သူ့အဖေ ဆံပင်လို နက်မှောင်တဲ့ ဆံပင်အရှည်ကြီးနဲ့ မိန်းမချောလေး တစ်ယောက် ဖြစ်နေပြီ။ ကျွန်မ ပြောလိုက်ရတော့မလား။ ဒီလို ပြောလိုက်လို့ သူ့အတွက် ထူးခြားပါ့မလား။ ကျွန်မ လျှို့ဝှက်ထားတဲ့နှစ်တွေက များလွန်းသွားပြီလား။ သူ့မှာလည်း သမီးတစ်ယောက်ရှိနေပြီလေ။

'လီဇာကော နေကောင်းရဲ့လား'

'ကောင်းပါတယ်။ ဒါပေမယ့် သမီးဘဝက ရင်မအေးစရာဖြစ်နေတာပေါ့။ မောင်ကတော့ အရာအားလုံးကိုချန်ထားခဲ့ပြီး သမီးနဲ့ ဘဝသစ်တစ်ခုကို အစကနေ ပြန်စချင်ပြီ'

သူ့အသံက အထီးကျန်ဆန်ပြီး ကြေကွဲနေပုံလည်း ရတယ်။ မောင်ရယ်. . . ကျွန်မဘဝထဲကို ဘာကြောင့်များ ပြန်ပြန်ရောက်လာရတာလဲကွယ်။ ကျွန်မ တကယ်ကို မယုံနိုင်လောက်အောင်ပါဘဲ။

'မောင်. . . အရေးကြီးဆုံးက မောင့် ကျန်းမာရေးနဲ့ စိတ်ချမ်းသာမှုပဲ။ ဒါကို တော့ ကျွန်မ အမြဲဂရုစိုက်ပါတယ်။ ဘယ်တော့မှလည်း မေ့သွားမှာ မဟုတ်ပါဘူး။ ဘုရားသခင်က ကျွန်မတို့အပေါ် ဝန်ထုပ်ဝန်ပိုးတွေ ချထားပေးတယ်ဆိုတာကလည်း ကျွန်မတို့ ခွန်အားတိုးလာဖို့ပါ မောင်။ ကျွန်မ အမြဲတမ်းထမ်းဆောင်နေရတဲ့ ဝန်ထုပ်ဝန်ပိုးကတော့ မောင့်ကို လွမ်းတဲ့ ဒုက္ခပဲ။ ကျွန်မ ဘယ်လောက်လွမ်းတယ်ဆိုတာကတော့ စာဖွဲ့မပြောတတ်အောင်ပါဘဲ မောင်ရယ်'

ကျွန်မတို့နှစ်ယောက်လုံး ငြိမ်သက်သွားကြတယ်။ များများစားစား ပြော

http://www.cherrythitsar.org



စရာမရှိတော့ဘူးလေ။ တယ်လီဖုန်းနဲ့ စကားပြောလိုက်ရတဲ့အတွက် အချစ်တွေ နိုးကြားလာကြတယ်။ တကယ်တော့ ဘယ်တော့မှ ကျေနပ်သွားတယ်ရယ်လို့ မရှိနိုင်လောက်အောင် ချစ်ခဲ့ရတာပါ မောင်ရယ်။ ဒီအတိုင်း ဆက်စကားပြောနေရင် ကျွန်မ ခံနိုင်ရည်ရှိမှာ မဟုတ်တော့ဘူး။ ဒါကြောင့် စကားလမ်းကြောင်းပြောင်းလိုက်ရတယ်။

'ဘာသီချင်းတွေ သွင်းဖြစ်သေးလဲ ဟင်'

'မောင့်အနားမှာ မင်းရှိစေချင်လိုက်တာကွာ' မောင်က ကျွန်မ အမေးကို မဖြေဘဲ သူပြောချင်တာသာ ပြောနေတော့တယ်။

'ကျွန်မစိတ်တွေက အမြဲတမ်း မောင့်အနားမှာ ရှိနေတာပါပဲ။ အဲဒါကိုတော့ ဘယ်သူမှ တားလို့ရမှာ မဟုတ်ဘူးလေ။ ကဲ. . . ပြောပါဦး မောင်ရဲ့။ ဘာသီချင်းသစ်တွေ သွင်းထားလဲ။ ကျွန်မ ဝယ်ချင်လို့ပါ'

'မောင်တို့ ပထမဆုံး စတွေ့ကြတဲ့ညက ချစ် ဧည့်သည်တွေကို ဆိုပြခဲ့တဲ့ သီချင်းတချို့ မောင်ပြန်ဆိုထားတယ်။ Until It's Time for you to go, The First Time Ever I နဲ့ The Impossible Dream သီချင်းတွေလေ'

'မောင် တကယ်ပြောနေတာလား။ အဲဒီ သီချင်းတွေကို ကျွန်မ သိပ်ကြိုက်တာ'

'အဲဒီသီချင်းတွေက ထွက်နေပြီလေ။ ခုထက်ထိ မဝယ်ရသေးဘူးဆိုတာ မောင် မယုံပါဘူးကွာ။ ချစ်ကတော့ မောင်ဆိုတဲ့ သီချင်းတိုင်း ကြိုက်တာပဲနော်' မောင့်စကားသံက ပေါ့ပေါ့ပါးပါး ဖြစ်လာတယ်။

'ဝယ်ပြီးပါပြီ မောင်ရယ်၊ ဒီ သီချင်းတွေအားလုံး မောင်ဘာကြောင့် ဆိုဖြစ်တယ်ဆိုတာလည်း ကျွန်မ သိပါတယ်။ ကျွန်မလေ မောင့်ကို ပြောစရာတွေ အများကြီးရှိတယ် သိလား။ တစ်ခုကတော့ ပြောကို ပြောရမှာ မောင်၊ အဲဒါက သိပ်လည်း အရေးကြီးတာပေါ့။ အဲဒီအကြောင်း မောင်ကြားရင် ပျော်မယ်ဆိုတာ ကျွန်မသိတယ်။ ဒါပေမယ့် ဖုန်းနဲ့တော့ ကျွန်မ မပြောချင်သေးဘူး'

'ဘာလဲဟင်၊ မောင့်ကို ပြောပြစမ်းပါ'

'မောင်ကလည်းကွာ. . . အရေးကြီးတဲ့ ကိစ္စပါဆိုနေမှပဲ မောင်နဲ့နှစ်ယောက်တည်းတွေ့မှပဲ ကျွန်မပြောပါရစေတော့၊ ဖုန်းနဲ့ မပြောချင်ဘူးလေ'

ကျွန်မ ဘာကြောင့် ဒီစကား ပြောထွက်သွားတယ်ဆိုတာ မတွေးတတ်တော့ဘူး။ သမီးအကြောင်း ပြောမယ်ဆိုရင်လည်း ဒီနည်းနဲ့တော့ မပြောသင့်ဘူးလေ။ ဒါကြောင့် စကားလွှဲရပြန်တယ်။

http://www.cherrythitsar.org



'မောင် ကျွန်မကို ပြောဖူးတဲ့ ဟာဝိုင်ယီကပွဲ အောင်မြင်တယ်လို့ ကြားတယ်။ ဘယ့်နှယ်နေလဲ ဟင်'

'အိုကေတယ် ထင်တာပဲ၊ ဒါပေမယ့် မောင်က နေမကောင်းတော့ ပွဲတစ်ဝက်လောက်မှာ သတိလစ်သလိုဖြစ်သွားသေးတယ်။ မောင် အခု တီဗွီက လွှင့်ဖို့စီစဉ်နေတယ် ကြည့်လိုက်ဦးနော်'

'ဘယ်တော့လဲ'

'အသေအချာတော့ မသိသေးဘူး။ သိပ်တော့ မကြာတော့ဘူး ထင်တယ်၊ ရက်သေချာတော့ မောင် ဖုန်းဆက်လိုက်မယ်၊ အခုရက်ပိုင်း အိမ်မှာပဲ ရှိနေမှာ'

'မောင်. . . အခု မောင့်အနားမှာ ရှိနေတာ လင်ဒါလား ဟင်'

တကယ်တော့ အဲဒီမေးခွန်းက ကျွန်မမေးပိုင်ခွင့်မရှိတဲ့ မေးခွန်း တစ်ခုပါ။ ကျွန်မကိုယ်တိုင်က တစ်အိမ်တည်းနေပြီး ခပ်တန်းတန်းဖြစ်နေခဲ့တာ ဆယ်စုနှစ်တစ်ခုလောက် ရှိနေပြီဖြစ်တဲ့ ခင်ပွန်းသည်ရှိနေတဲ့ ဘဝ။ သူ့အနားမှာ ကျွန်မမှ သွားမနေနိုင်တာ။ ဒါပေမယ့် ကျွန်မ သိချင်နေတယ်။

'လူစီရယ်. . . မောင် တောင်းပန်ပါတယ်၊ သူက အနားမှာ ရှိနေတယ်။ မောင့်ကို အရိပ်ကြည့်နေတာ၊ ဒီကိစ္စ မကြာခင် မောင် ဖြေရှင်းလိုက်မှာပါ။ မောင် ကတိပေးပါတယ်။ မောင်ချစ်တာက လူစီပါကွာ'

'ဘာစကားလဲ မောင်၊ အနားမှာ ရှိနေတာတို့၊ အရိပ်ကြည့်နေတာတို့'

'ချစ် နားလည်နိုင်မှာ မဟုတ်ဘူး။ သူက သူနာပြုဆရာမ တစ်ယောက်လို မောင့်ကို စောင့်ကြည့်နေတာကွ'

'ကျွန်မအမြင်မှာတော့ သူဟာ သူနာပြုဆရာမ မဟုတ်ပါဘူး မောင်၊ မောင့်အတွက် ဆရာမတစ်ယောက် တကယ်လိုအပ်နေတယ်ဆိုရင် သူနာပြုအစစ်တစ်ယောက် ငှားထားလိုက်ပေါ့။ တစ်ခါတလေကျတော့ မောင့်ကို ကျွန်မ နားမလည်နိုင်တော့ဘူး။ နားလည်ပေးဖို့လည်း မမျှော်လင့်နဲ့ မောင်'

'မင်း နားလည်ရမယ် လူစီ'

သူ ဒေါသထွက်သွားတယ်။

'လောကမှာ ကိုယ့်ကိုယ်နားလည်တာ မာမီနဲ့ မင်းပဲရှိတယ်။ မင်း နားလည်ရမယ်။ မောင့်ကို အပြစ်မတင်ပါနဲ့ကွာ။ မောင် တောင်းပန်ပါတယ်'

'ကျွန်မ ကြိုးစားမယ်လေ၊ ဒါပေမယ့် တော်တော်တော့ ခက်မယ် မောင်ရဲ့'

ဖြစ်နိုင်မယ်ဆိုရင် ကျွန်မ ဂရေ့(စ)လဲ(န)(ဒ)ကို ပြေးသွားပြီး ရှိသမျှ ယောက်ျား၊ မိန်းမအားလုံး ကန်ထုတ်ပစ်လိုက်ချင်ပါရဲ့။ သူ့မှာ တစ်ခုခု ဖြစ်နေ

http://www.cherrythitsar.org



ပုံရတယ်။ ဒါပေမယ့် သူ့အနားမှာ လူတစ်ယောက်မှ မရှိကြဘူး။ ကျွန်မ ကား မောင်းထွက်သွားပြီး တောတန်းဘက်ကို တော်တော်ကြာကြာ လမ်းလျှောက်ပစ် လိုက်တယ်။ မောင့်ကို စတ္တန့်မလပ် စောင့်ရှောက်ပေးပါလို့လည်း ဘုရားသခင်ကို တိုင်တည်မိတယ်။ ရက်သတ္တပတ်ပေါင်းများစွာ ကြာလာခဲ့ပြီ။ ကျွန်မ သူ့အတွက် စိတ်ပူနေမိတယ်။ ဖေဖော်ဝါရီလမှာ သူ ဖုန်းဆက်လာတယ်။ ဆက်ပြန်တော့လည်း သေပြေးရှင်ပြေးပါပဲ။

'ဘယ်ပျောက်နေတာလဲ မောင်'

'ဗီးဂတ်(စ)ရောက်နေလို့၊ မောင် အိပ်မက်မက်တယ်၊ အိပ်မက်ဆိုးပဲ။ မောင် တရားရုံးမှာ အမှုတစ်ခုနဲ့ ရင်ဆိုင်ရတယ်။ လူတွေအားလုံးက မောင့်ကို မယုံကြ ဘူး။ ကာနယ်ရော၊ ပရစ်ဆလာရော၊ မောင့် ပတ်ဝန်းကျင်က လူတွေကရော မောင့်ကို ဆန့်ကျင်နေကြတယ်။ ကိုယ် သိပ်မိုက်တာပဲ၊ ယုံတောင် မယုံနိုင်ပါဘူး ကွာ။ အခု ပရစ်ဆလာက သမီးကိုခေါ်ပြီး သူ့ချစ်သူနောက် လိုက်သွားတယ်လေ။ ဟိုကောင်က ဟစ်ပီလို ကောင်စားမျိုး၊ သမီးလေးက ကလေးလေးပဲရှိသေးတယ်။ မောင် ဘယ်လောက် ရင်နာရတယ်ဆိုတာ စဉ်းစားကြည့်တော့၊ မောင့် ပတ်ဝန်း ကျင်က လူတွေအပေါ်မှာလည်း စိတ်မရှည်နိုင်တော့ဘူး။ သူတို့ကိုယ်သူတို့လည်း ယုံကြည်မှု မရှိကြတော့ဘူး ထင်ပါရဲ့။ အားလုံးက မောင့်ကို ကြောက်နေကြ တယ်။ ကာနယ်ကလည်း ခုတော့ မောင် သေသေရှင်ရှင် ဂရုမစိုက်တော့ဘူး'

မောင် သိပ်စိတ်ထိခိုက်နေတယ်ဆိုတာ အသံကြားရုံနဲ့ ကျွန်မ နားလည်လိုက် ပါပြီ။ သူ့ဘဝက လမ်းပျောက်နေတဲ့ သူတစ်ယောက်လို ဖြစ်နေတယ်။

'ဘာတွေ ပြောနေတာလဲ မောင်၊ နေမကောင်းဘူးလား'

'ဟုတ်တယ် လူစီ၊ ကိုယ် သေချင်နေပြီ၊ ဆေးလုံးတွေ မပြတ်သောက်နေရ တယ်။ ဒါမှ ကိုယ်ဆိုနိုင်မှာလေ။ နာကျင်ကိုက်ခဲနေတာတွေက လုံးဝ မပျောက် တော့ဘူး'

'ဗိုက်ကလည်း နာတယ်၊ ခေါင်းကလည်း ကိုက်တယ်၊ အိပ်လို့လည်း မရဘူး။ မောင်တို့ နှစ်ယောက်တည်း တစ်နေရာရာ ထွက်သွားကြပြီး အားလုံးကို ပစ်ထားခဲ့နိုင်ရင် သိပ်ကောင်းမှာပဲ'

'ဆရာဝန် မပြဘူးလား'

'ဆေးတော့ ပေးထားတယ်. . . '

'ဒါပေမယ့် နာတာတွေက မသက်သာလှပါဘူး။ အဲဒါတွေ မသောက်ရင် ပိုဆိုးလာတော့ ဆက်တိုက်သောက်နေရတယ်။ အားလုံး ကာနယ်လုပ်ပေးနေတာ

http://www.cherrythitsar.org



ချည်းပဲ။ မောင့်အတွက် အချိန် သိပ်မရှိတော့ဘူး။ အခြေအနေတွေက အားလုံး ရှုပ်ထွေးပြီး စစ်တိုက်နေသလိုပဲ၊ မောင် လျှော့ချလို့ မရတော့ဘူး'

'အဲ(လ)ဗစ္စ ဟန်နီရယ် စိတ်နည်းနည်း လျှော့လိုက်စမ်းပါဦး။ ကျွန်မတို့ ခေါင်းအေးအေးနဲ့ စဉ်းစားကြရအောင်ပါ။ မောင် အဲဒီအတိုင်း ဆက်နေလို့ မဖြစ်တော့ဘူး။ သူတို့ လုပ်သမျှ မောင်ခံနေရင် နစ်သထက် နစ်သွားလိမ့်မယ်။ ကျွန်မ မောင့်ကို စောင့်ရှောက်ပါရစေ။ ကျွန်မတို့ Mayo ဆေးခန်းကို သွားကြမယ်'

'ကျွန်မ လိုက်ပေးမယ်၊ ဒါမှမဟုတ် မောင် သွားချင်တဲ့နေရာသွား၊ ကျွန်မ လိုက်ခဲ့ပါ့မယ်။ ဒီအခွင့်အရေးတစ်ခုတော့ ပေးပါမောင်ရယ်၊ ဒါကလည်း မောင့် အတွက် အရမ်းအရေးကြီးနေပြီ ထင်လို့ပါ မောင်'

'ချစ်ရယ်. . . မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နားလည်ပါတယ်။ ဒီက အခြေအနေကို မောင် ထိန်းနိုင်မှာပါ။ မောင်တို့ မကြာခင် တွေ့ကြတာပေါ့။ ရှုပ်ထွေးနေတဲ့ မောင့်ဘဝထဲ ချစ်ကို ဆွဲမသွင်းရက်လို့ပါကွာ' သူ့အသံက တည်ငြိမ်လာတယ်။

အဲဒီကာလတုန်းက သူ ဆေးများ စွဲနေသလားဆိုတာ ကျွန်မ လုံးဝမတွေးရဲခဲ့မိတာ အမှန်ပါပဲ။ ဘာကြောင့်ဆိုတော့ ကျွန်မသိသလောက်ဆိုရင် သူက အရက်မသောက်၊ ဆေးလိပ် မသောက်တဲ့လူကိုး။ အင်မတန် ရည်မှန်းချက်ကြီးမားတဲ့ သူတစ်ယောက်ဖြစ်တဲ့အတွက်လည်း သူ့ဘဝပျက်စီးမယ့် ကိစ္စမှန်သမျှ ဘာမှ လုပ်မှာမဟုတ်ဘူးလို့ ကျွန်မယုံကြည်ခဲ့တယ်။ အထူးသဖြင့် မူးယစ်ဆေးဝါးကိစ္စပေါ့။ ဒီကိစ္စကို သူ အင်မတန် မုန်းတဲ့သူဆိုတော့ ဆေးစွဲနေမလားဆိုတဲ့ အတွေးက သူနဲ့ လားလားမှ မအပ်စပ်တဲ့ အတွေးဖြစ်နေတယ်။ အင်မတန် သိမ်မွေ့ပြီး ချစ်တတ်တဲ့ သူတစ်ယောက်။ ခုတော့ ဘယ်ကစပြီး ဘာတွေဖြစ်နေပြီလဲ။ သူ့ကို ကျွန်မ ကာကွယ်ပေးဖို့ဆိုရင် သူနဲ့ကျွန်မ ဆက်ဆံရေးအခြေအနေက လူသိရှင်ကြားဖြစ်တော့မယ်။ ဒီလိုဖြစ်သွားရင် ကျွန်မတို့နှစ်ယောက်ထားကြတဲ့ ကတိသစ္စာကို ကျွန်မ ဖောက်ဖျက်ရာ ရောက်သွားမှာလား။ တကယ်လို့ သူ့ကို မူးယစ်ဆေးဖြတ်တဲ့ ဆေးရုံတစ်ခုခုကို တင်လိုက်မယ်ဆိုရင်လည်း သတင်းက ပေါက်ကြားသွားမယ်။ ကမ္ဘာက သိကုန်ကြမယ်။ ဒါဆိုရင် သူ့ကို ပရိသတ်က မေတ္တာပျက်ကုန်ကြလိမ့်မယ်။ တခြား သရုပ်ဆောင်တွေမှာလည်း ဒီလို ပြဿနာ ရှိနိုင်တာပါပဲ။ ဒါပေမယ့် အောင်မြင်ကျော်ကြားမှုကို မက်မောလှတဲ့ အဲ(လ)ဗစ္စကတော့ လုံးဝ လူသိမခံချင်ဘူး။ ဒါကြောင့်လည်း သူ့အတွက်

http://www.cherrythitsar.org



ကျွန်မ အမြဲစိတ်ပူနေရတယ်။

Aloha From Ha waii ဆိုတဲ့ ဖျော်ဖြေရေးအစီအစဉ်က ဧပြီလထဲမှာ လွှင့်ဖြစ်ခဲ့တယ်။ ကြည့်သူတိုင်းက သူ့ဖျော်ဖြေမှုကို တအံ့တသြ အားပေးကြပါတယ်။ အဲဒီအထဲမှာ ကျွန်မ မပါဘူး။ အဖြူရောင်ဝတ်စုံ ဆံပင်ပုံစံ၊ ဘေးက နားပန်းဆံ သီဆိုတဲ့ အသံ။ အားလုံး အားလုံးကို ကျွန်မ စိတ်ပျက်မိတယ်။ ပုံစံက လှပကြော့ရှင်းပေမယ့် လူက မဟုတ်တော့ဘူး။ သီဆိုနေတဲ့တစ်ချိန်လုံး တုန်တုန်ယင်ယင်ရှိပြီး မျက်စိတွေက ဝေဝါးနေတယ်။ စကားပြောတော့လည်း လျှာလေး အာလေး ဗလုံးဗထွေး။ ဒါ ကျွန်မနှလုံးသားထဲက အဲ(လ)ဗစ္စ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်တုန်းက Sullivan Show မှာ သီဆိုဖျော်ဖြေသွားခဲ့တဲ့ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ မျက်လုံးတွေ တောက်တောက်ပပနဲ့ အဲ(လ)ဗစ္စ မဟုတ်တော့တာ။ ဒီပွဲကိုကြည့်ပြီးနောက် သူ့အတွက် ကျွန်မ အရမ်းစိတ်ပူလာခဲ့ တယ်။ အဲဒီနောက်မှာ ဖျော်ဖြေရမယ့်ပွဲ သူ နေမကောင်းလို့ ဖျက်လိုက်ရတယ်လို့ သတင်းထွက်လာတယ်။ ရက်ပိုင်းအတွင်းမှာပဲ သူ ဖုန်းဆက်လာတာကြောင့် နောက်ပွဲစဉ် ဘယ်မှာရှိသလဲလို့ ကျွန်မ မေးကြည့်တယ်။

'ထုံးစံအတိုင်းပေါ့ကွာ. . . မောင် ဘာမှ မသိပါဘူး။ ဘာဖြစ်လို့လဲ'

'ကျွန်မ L.A ကို အလုပ်ကိစ္စအတွက် သွားစရာရှိတယ်။ ကြုံမယ်ဆိုရင် မောင်နဲ့ တွေ့ချင်လို့'

'ကောင်းတာပေါ့၊ ဘယ်တော့လဲ. . . ပြောလေ'

သူ့ ပတ်ဝန်းကျင်မှာရှိနေတဲ့ လူတွေအတွက် ကျွန်မ စိတ်ပူမိတယ်။ သူထွက်လာလို့ ရပါ့မလား။

'မောင် တစ်ယောက်တည်း တစ်နာရီ နှစ်နာရီလောက် ထွက်လာလို့ ရပါ့မလား'

'ဘာဖြစ်လို့ တစ်နာရီ နှစ်နာရီပဲ တွေ့ရမှာလဲ။ ချစ်က စိမ်းလာပြန်ပြီ'

ကျွန်မ ဘာကြောင့် စိမ်းတယ်ဆိုတာ သူသိပါတယ်။ သူ့အနားမှာ လင်ဒါ ရှိနေမယ်လေ။

'မောင် အလုပ်များနေတယ်ဆိုတာ ကျွန်မ သိလို့ပါ'

'တော်စမ်း လူစီ၊ မောင် မင်းကို ဘယ်လောက်တွေ့ချင်တယ်ဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲ'

'ကျွန်မ ဒီတစ်ပတ်အတွင်းလောက် ရောက်မယ်ထင်တယ်'

'တော်တော့ လူစီ၊ မင်း ဘာဖြစ်လို့ ဝေ့လည်ကြောင်ပတ် လုပ်နေတာလဲ၊

http://www.cherrythitsar.org



လူစီက ပြတ်သားတယ်လေ'

'အခြေအနေတွေက အရင်ကနဲ့ မတူတော့ဘူး မောင်ရဲ့။ ကျွန်မ အိမ်ထောင်ရေးကလည်း လုံးဝ အဆင်မပြေတော့တာမို့ လမ်းခွဲကြဖို့ စဉ်းစားနေတယ်။ မောင့်အနားမှာ လင်ဒါရှိနေသားပဲ။ တစ်ပတ်စောင့်ရမှာကို ဘာကြောင့် မစောင့်နိုင်ရမှာလဲ'

'အဲဒီလို မလုပ်ပါနဲ့ကွာ။ မောင်က မင်းထင်သလို မဟုတ်ပါဘူး။ တွေ့တော့မှ ရှင်းပြမယ်'

သူပြောတာ မှန်တယ်။ ခုအချိန်မျိုးမှာ ကျွန်မ သဝန်ကြောင်နေတာက အရေးမကြီးလှပါဘူး။ သူ နေမကောင်းဖြစ်ပြီး ဒုက္ခရောက်နေတဲ့အချိန်မျိုးမှာ ကျွန်မ မာနကို အသာမျိုချထားပြီး သူ့ဆီသွားသင့်တာပဲ မဟုတ်လား။ လင်ဒါက ကျွန်မအတွက် အရေးမကြီးတော့ဘူး။ သူ့ဘာသာသူ သူနာပြုဆရာမပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူဖေးမ မပေးနိုင်တာ သေချာနေပြီ။ သူတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ သူ့ ပတ်ဝန်းကျင်က လူတွေလည်း မောင့်ကို ဖေးဖေးမမ မရှိကြတော့ဘူး။ ကျွန်မ စိတ်ထင် ဒီလူတွေက အဲ(လ)ဗစ္စရဲ့ အားနည်းချက်ကို ကိုင်ပြီး သူတို့ကိုယ်ကျိုးအတွက် သုံးနေကြသလားပဲ။

'မောင်. . . မောင့်အနားမှာ၊ အခန်းတံခါးဝမှာပဲဖြစ်ဖြစ် စောင့်နေမယ့်သူ တစ်ယောက်မှ မရှိဘဲ မောင်နဲ့ တွေ့ခွင့်ရနိုင်ပါ့မလားဟင်။ မောင့်ကို ကားနဲ့လိုက်ပို့မယ့်သူမရှိဘဲ မောင်ဘယ်ရောက်နေတယ်ဆိုတာကို ဘယ်သူမှ မသိဘဲ ထွက်လာလို့ ရပါ့မလား။ ကျွန်မ အခုတော့ ဒါတွေ တွေးပူတတ်လာပြီမောင်'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ မောင် လုပ်ချင်တာ လုပ်တာပဲ၊ လေယာဉ်လက်မှတ် ပို့လိုက်မယ်'

'နေပါစေ မောင်။ ကျွန်မဘာသာ ဝယ်လိုက်ပါ့မယ်'

ဒီတစ်ခါ ငြင်းလိုက်တာက ကျွန်မ မာနကြောင့် မဟုတ်ပါဘူး။ သူ့အတွက် ပူပင်သောကများလွန်းလို့။ ပြီးတော့ သူ့ ငွေစာရင်းရှင်းတမ်းမှာ ကျွန်မနာမည်နဲ့ လိပ်စာ ပါမသွားစေချင်တာလည်း ပါပါတယ်။ ကျွန်မဆီကို သူ့အိမ်က ဖုန်းတွေကနေ တိုက်ရိုက်ဆက်တာတောင် ကျွန်မ မလိုလားတော့ဘူး။ ဘာကြောင့်လဲဆိုတာ ကျွန်မ ရှင်းမပြတတ်ပေမယ့် သူ့လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်နေကြလိမ့်မယ်ဆိုတာ သိနေလို့ပါပဲ။

'ချစ်ရယ် အခု မောင်ရောက်နေတဲ့ ဘဝအနေအထားက ဟိုတုန်းက မောင် စိတ်ကူးယဉ်တမ်းတခဲ့တဲ့ အနေအထားမျိုးဆိုတာ မင်းသိမှာပါ။ မောင်တို့နှစ်ယောက်

http://www.cherrythitsar.org



တွေ့စက စိတ်ကူးခဲ့ကြတာတွေ ပြန်စဉ်းစားကြည့်စမ်း။ ဒီဘဝမျိုးရောက်အောင် မောင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ်လို့ တွေးခဲ့တာ။ ခုတော့ မောင်ဖြစ်လာခဲ့ပြီ။ ဖြစ်လာချိန်မှာ မဆိုင်တဲ့သူတွေက မောင့်ကို ကြိုးကိုင်နေကြတယ်။ ဖျော်ဖြေပွဲတွေကလည်း ဆိုပြီးရင်း ဆိုရရင်း။ ဒါတွေပဲလား၊ ဒါတွေဖြစ်ချင်လွန်းလို့ မောင် လှုပ်ရှားရုန်းကန်ခဲ့ရတာလား'

'မဟုတ်ပါဘူး မောင်ရယ်'

'မောင် စိတ်ဓာတ်ကျနေလို့ ဒီလိုဖြစ်တာပါ။ စိတ်မပူနဲ့မောင်၊ ဒီဇိုင်းယားရီး ပြန်လာပြီလေ။ အဲဒီကောင်မလေးက မောင့်အတွက် အားလုံးအဆင်ပြေအောင် ဖန်တီးပေးမှာပေါ့'

'ကလေးရယ် မောင်လိုချင်တာ အဲဒါပဲ။ မောင့် ဒီဇိုင်းယားရီးကလေးကို မောင်နဲ့အတူ ရှိနေစေချင်တာ'

သူ့ကို စိတ်ဆိုးရခက်၊ စိတ်မဆိုးရ အခက်ပါပဲ။ တစ်နေရာမှာ ကျွန်မ ဖတ်ဖူးတဲ့ ကဗျာလေးတစ်ပုဒ်ကို သွားသတိရတယ်။ ခေါင်းစဉ်က ချစ်အဓိပ္ပာယ် တဲ့။ ၁၆၀၀ ခုနှစ်များအတွင်းက ဘုန်းတော်ကြီးတစ်ပါးက ရေးခဲ့တာပါ။

'အချစ်စစ် ဆိုသည်မှာ
ကိုယ့်အတ္တပလ္လင်ကခွာပြီး
သူတစ်ပါးကိစ္စက ကိုယ့်ထက်
အရေးကြီးတယ်လို့ မြင်တဲ့အခါ
အချစ်ဆိုတာ မျှော်လင့်ခြင်း
မရှိတဲ့ ပေးဆပ်ခြင်းသာ
ယုံကြည်ဖို့ အကြောင်းမရှိပေမယ့်
ယုံကြည့်တဲ့အခါ. . . . '

□

http://www.cherrythitsar.org



## အခန်း(၂၀)

၁၉၇၀ပြည့်နှစ်၊ မေလ

လော့(စ)အိန်ဂျလိ(စ)လေဆိပ်က တက္ကစီတစ်စီးငှားပြီး ကျွန်မအတွက် အခန်းငှားထားမယ့် ဘီဗာလီဝီ(လ)ရှိုင်းယားဟိုတယ်ကို လာခဲ့ပါတယ်။ ကျွန်မ လူစီဂျုံး(စ) ပြန်ဖြစ်သွားပြန်ပြီ။ မောင်က အရာရာကို ဟိုအရင်တုန်းကအတိုင်း ဖြစ်စေချင်တယ်လေ။ အခန်းငှားထားခြင်းကလည်း ဟိုတုန်းကလို လုပ်နေကျထဲ မှာ တစ်ခု အပါအဝင် ဖြစ်မယ်ထင်ပါတယ်။ လူစီဂျုံး(စ)ဆိုတဲ့နာမည်က ကျွန်မ ကို မိတ်ဆွေဟောင်းတစ်ယောက်လို ခရီးဦးကြိုပြုနေတယ်။

ထုံးစံအတိုင်း အခန်းထဲရောက်လို့ အထုပ်အပိုးတွေချရုံပဲရှိသေးတယ်။ ဖုန်းသံ မြည်လာပြီး မောင့်အသံက ဖုန်းထဲမှာတော့ ကောင်းနေတယ်။ သူ နေကောင်း ပါတယ်လို့ ပြောတာပဲ။ ဖုန်းချပြီး သိပ်မကြာခင် မောင်ရောက်လာတတ်တာမို့ ကျွန်မကိုယ် ကျွန်မ လန်းလန်းဆန်းဆန်း သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် ပြင်ဆင် ရပါတယ်။ ကျွန်မ မချောတော့ဘူး။ ဒါပေမယ့် နှလုံးသားကတော့ လှနေမြဲမို့ မျှော်လင့်ချက်တော့ ထားမိသေးတယ်။ မောင်နဲ့တွေ့ရင် ကျွန်မအလိုလို လှသွားမှာ ပါ။ အချစ်စိတ်ဝင်နေတဲ့ မိန်းမတစ်ယောက်ဟာ မိန်းမလှတစ်ယောက်ဖြစ်တယ်လို့ ဆိုရိုးရှိတယ် မဟုတ်လား။

ဆယ့်ငါးမိနစ်လောက် မရှိခင်မှာ ကြားနေကျ တံခါးခေါက်သံကို ကြားလိုက် ရတယ်။ ကျွန်မ အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး စိတ်ကိုတည်ငြိမ်အောင် ကြိုးစားထားလိုက်ပါတယ်။ နှစ်ပေါင်းများစွာ ခွဲခွာနေကြရပြီးမှ တံခါးဖွင့်ပေးရ မယ် ဆိုတာ ရင်ခုန်စရာပဲပေါ့။ အမှောင်ထဲမှာ မီးမောင်းတွေ ထိုးလိုက်တော့ မောင့်ကို သူ့ ပရိသတ်တွေ တွေ့လိုက်ရသလို ပထမဆုံးအကြိမ် ပြန်တွေ့ရတယ်။ တစ်ခါ တလေမှာ မီးမောင်းတွေထိုးလို့ မောင့်ကို မြင်ရတာလား၊ မောင့်ကိုယ်ကပဲ အရောင်အဝါတွေ တောက်ပနေတာလား ခွဲခြားမရအောင် ရှိခဲ့ဖူးတယ်။ ခုတော့

http://www.cherrythitsar.org



မောင်က ကျွန်မနဲ့ လက်တစ်ကမ်းအကွာမှာ ရှိနေပြီ။

ဒီတစ်ကြိမ် မောင့်ကိုတွေ့ရတာ သနားစရာကောင်းတယ်။ လက်နှစ်ဖက်ဘေးဆန့်တန်းပြီး ကျွန်မကို ကြိုဆိုပေမယ့် အသက်မပါဘူး။ နက်မှောင်တောက်ပခဲ့တဲ့ မောင့်မျက်စိတွေက အရောင်သေနေတယ်။ ပြီးတော့ လူက အလွန်အမင်းဝနေတယ်။ စင်ပေါ်မှာဝတ်တဲ့ အဝတ်မျိုး မဟုတ်ဘဲ ထသွားလာသွား သာမန်အဝတ်အစားပဲ ဝတ်ထားပါတယ်။ အနက်ရောင် ခပ်နွမ်းနွမ်း ဘောင်းဘီဘေးမှာ လိမ္မော်ရောင် အစင်းတစ်ကြောင်းစီပါတယ်။ သူ ဘာဖြစ်နေတယ်ဆိုတာ ကျွန်မ ချက်ချင်းသဘောပေါက်လိုက်တယ်။ စိတ်ဓာတ်ကျနေတာ သူ့မျက်နှာမှာ အထင်းသားပေါ်နေတယ်။ ဝနေပြီး မျက်စိအရောင်အဝါတွေ မတောက်ပတော့ပေမယ့် မောင်က ချောနေသေးတယ်။ ကျွန်မအတွက်တော့ မောင်ဟာ ထာဝရ လူချောတစ်ယောက် ဖြစ်နေမှာပါပဲ။

'ဟဲလို အား(လ)'

မောင်က ကျွန်မကို ညင်ညင်သာသာ နမ်းလိုက်ပြီး ကျွန်မတို့နှစ်ယောက် ခုတင်ပေါ်မှာ ထိုင်လိုက်ကြတယ်။ သူ တော်တော်မောနေတယ်။ ဘာတွေ ဖြစ်နေတာလဲကွယ်။ မောင့်ကို ကြည့်ရတာ ထာဝရ စွန့်လွှတ်ရတော့မလိုဘဲ။ သူ့မျက်စိတွေကို မကြည့်ရက်တာကြောင့် ကျွန်မ ကြမ်းပေါ်ဆင်းပြီး ခုတင်ကို ကျောပေးထိုင်လိုက်ပါတယ်။

'နေကောင်းရဲ့လား မောင်၊ ဘာတွေဖြစ်နေတယ်ဆိုတာ အားလုံးကျွန်မကို ပြောပြစမ်းပါ။ ကျွန်မနားထောင်ပေးမယ်။ မောင်ပြောတာတွေ ကျွန်မ အမြဲတမ်း နားထောင်ခဲ့သလိုပေါ့။ ဖြစ်ပျက်သမျှ မောင် ရင်ဖွင့်လိုက်စမ်းပါ'

'မောင် နေမကောင်းဘူး။ တကယ် နေမကောင်းတာ၊ ဆေးရုံတောင် တက်ရတယ်။ အဲဒီတုန်းက မောင် ပြန်နေကောင်းလာနိုင်မယ်လို့တောင် မထင်ခဲ့ဘူး။ ခု နေကောင်းတယ်ဆိုပေမယ့် ဆေးတွေတော့ သောက်နေရတယ်။ အဲဒီဆေးတွေ မသောက်ရင် နေလို့မရဘူး'

ဒါ သူ့အတွက် အဖြေတဲ့လား။ မောင့်ရောဂါက ဘာလဲ။ မောင့်ကို ဒီအခြေအနေရောက်အောင် ဘယ်သူတွေ တွန်းပို့ခဲ့ကြတာလဲ။ မောင် ကိုယ်တိုင်ကကော သေမင်းဆီကို လိုလိုချင်ချင် လျှောက်လှမ်းနေပြီတဲ့လား။ မောင့် အခြေအနေကို ကြည့်ပြီး ကျွန်မ တုန်လှုပ်သွားမိတယ်။

'မဟုတ်ဘူး မောင်. . . မဟုတ်သေးပါဘူး။ ကျွန်မ မောင့်ကို ဒီအခြေအနေမျိုး အရောက်မခံနိုင်ဘူး'

http://www.cherrythitsar.org



ကျွန်မ ခုတင်ပေါ်မှာ ပြန်ထိုင်လိုက်တယ်။

'မောင် ဘာဖြစ်လို့ ဆရာဝန်အကူအညီ မတောင်းရတာလဲ။ မောင့်ဆရာဝန်က ဘယ်သူလဲ။ ဘယ်သူလဲ မောင်'

'ကလေးရယ်. . . သူတို့ ဖိအားပေးကြသလို မောင်မခံနိုင်ဘူး။ အခု အဲဒီဆေးတွေလည်း မသောက်တော့ဘူး။ မောင် အလုပ်ပဲ လုပ်ချင်တယ်။ ပရစ်ဆလာကလည်း နောက်ထပ်ငွေလိုချင်တယ်တဲ့။ နောက်ထပ် တရားစွဲထားတာ ချစ်သိလား၊ အဲဒီတော့ မောင် အလုပ်လုပ်ရမယ်။ အလုပ်လုပ်မှ ငွေရမယ်။ သူက မောင့်မှာရှိသမျှ အကုန်လိုချင်နေတာ'

ပရစ်ဆလာက နောက်ထပ်နစ်နာကြေး ရလိုကြောင်း တရားစွဲထားတာ သတင်းစာတွေထဲမှာ ကျွန်မဖတ်ရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မောင် တော်တော်ခံစားနေပုံရတယ်။

'ကိုက်ခဲနေတာတွေအတွက် ဆေးမသောက်ရင် မောင်က သီချင်းမဆိုနိုင်ပြန်ဘူး'

'အဲဒါ အဖြေမဟုတ်ဘူး မောင်၊ ဘာကြောင့် ကိုက်ခဲနေတာလဲဆိုတာ အဖြေရှာပြီး ကုသရမယ်။ ခဏလေး ပျောက်တာနဲ့ ကျေနပ်နေလို့ မဖြစ်ဘူး။ ဒီဆေးတွေက မောင့်ဘဝကို ဖျက်ဆီးပစ်လိမ့်မယ်။ ဒီဆေးတွေက မောင့်ကို ကူညီနေတာမဟုတ်ဘူး မောင်'

မောင့်ဘဝ ပျက်စီးမခံနိုင်ပါ။ မောင်ကတော့ အရာရာကို အရှုံးပေးထားပုံရပါတယ်။ ကျွန်မကတော့ ဘယ်တော့မှ အရှုံးပေးမှာ မဟုတ်ပါဘူး။

'မောင် ဘာဖြစ်နေသလဲ၊ ဘယ်နေရာက ကိုက်တာလဲ'

မောင်က မဖြေ။

'အားလုံးပြီးသွားတော့မှာပါ။ ပြဿနာအားလုံး ကိုယ်ရှင်းလိုက်တော့မယ်၊ စိတ်မပူပါနဲ့'

မောင်က ကျွန်မနဲ့ မျက်နှာချင်းဆိုင်လာတယ်။ ကျွန်မက မောင့်မျက်စိတွေကို မကြည့်မိအောင် လွှဲနေလိုက်မိတယ်။

'ချစ် မောင့်ကို ကြည့်ပါဦး။ သိပ် အရုပ်မဆိုးသေးပါဘူးကွာ၊ ဆိုးနေပြီလား ဟင်'

ကျွန်မ မောင့်ဘက် လှည့်လိုက်ပါတယ်။ နောက်ဆုံးတော့ ကျွန်မတို့ မျက်လုံးချင်း ဆုံမိကြတယ်။

'မောင့်ဘဝမှာ အလိုအပ်ဆုံးက ချစ်ပါ။ချစ်ရှိနေရင် မောင့်ဘဝက ပြည့်စုံနေတယ်'

http://www.cherrythitsar.org



မောင့်စကားကို ကျွန်မ မယုံချင်တော့။ မောင့်ဘေးနားမှာ သူနာပြုပါဆိုတဲ့ အလှဘုရင်မလေး တစ်ယောက်ရှိနေပြီ မဟုတ်လား။ လင်ဒါနဲ့ ပတ်သက်လို့ ကျွန်မ စပ်စုမိတယ်။ လင်ဒါက မောင့်ကို နှစ်သိမ့်မှုတွေ ပေးနိုင်ရဲ့လား။ တခြားမိန်းကလေးတွေလို တစ်ခဏသာယာမှုကိုသာ ပေးနေတာလား။ ဒီမေးခွန်းတွေကို မောင်က မဖြေဘူး။ မောင့်ရင်ထဲမှာ ပြဿနာတွေ အများကြီးရှိတယ်ဆိုတာ ကျွန်မ သိတယ်။ ဒါတွေကို သွန်ချလိုက်မှသာ သူ့ရင်ထဲမှာ ပေါ့ပါးသွားမှာပါ။ ဒါကို ကျွန်မသိစိတ် တစ်စိတ်တစ်ဒေသက လက်ခံပေမယ့် တစ်စိတ်တစ်ဒေသက ငြင်းဆန်နေတယ်။ ကျွန်မရင်ထဲမှာ သဝန်တိုစိတ် ရှိနေတာကိုး။ သဝန်တိုတာ ကျွန်မပြောစရာ မလိုသေးပါဘူး။ ဒီအချိန်မှာ သူ စိတ်ချမ်းသာစေချင်တယ်။ အိပ်ရာပေါ်မှာ ပက်လက်လှဲနေတဲ့ သူ့ကို ကျွန်မ ကြည့်လိုက်တော့ မောင်က လင်ဒါနဲ့ ပတ်သက်ပြီး ကျွန်မ စိတ်ဆိုးနေတာပဲလို့ ထင်နေတယ်။

'မောင့် အချစ်ဆုံးက ဒီဇိုင်းယားရီးပါကွာ။ တခြားမိန်းမတွေ မောင့်အနားမှာ ဘယ်သူပဲရှိရှိ သူတို့အားလုံး မောင့်အတွက် ဘာမှ အဓိပ္ပာယ်မရှိပါဘူး'

ကျွန်မ ယုံစေချင်တယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ အချစ်ဟာ ဘယ်တော့မှ အားလျော့မသွားဘဲ အမြင့်ဆုံးမှာသာ နေစေချင်တာ နှစ်ယောက်စလုံးရဲ့ ဆန္ဒပါ။ ကျွန်မ မောင့်ကို စိုက်ကြည့်လိုက်မိတဲ့ တစ်ခဏမှာ သူ့မျက်လုံးတွေ လက်ခနဲ ဖြစ်သွားတယ်။ ကျွန်မအကြည့်ကို မောင်က ဝမ်းနည်းကြေကွဲတဲ့အကြည့်လို့ အဓိပ္ပာယ်ကောက်လိုက်ပုံရတယ်။

'မောင် ဘယ်တုန်းကမှ ချစ်ကို စိတ်မထိခိုက်စေချင်ခဲ့ပါဘူးကွာ'

မောင်က ကျွန်မကို ဆွဲလှဲလိုက်ပြီး ကျွန်မ ဆံပင်တွေ ဖွကစားနေတယ်။ ကျွန်မ မျက်နှာကို မောင့်ရင်ခွင်မှာ အပ်ထားမိပါတယ်။ ဒီလိုသာ ထာဝရ ကပ်ထားခွင့်ရမယ်ဆိုရင် မောင့်အန္တရာယ်တွေကို ကျွန်မ ကာကွယ်ပေးနိုင်မယ် ထင်ပါရဲ့။ ဟုတ်ပ့ါမလား၊ ဒါလောက် နှစ်ကာလတွေ ရှည်လျားလာခဲ့ပေမယ့် မောင့်အနားမှာ ကျွန်မ နေခွင့်ရအောင် ကြိုးစားခွင့်ကလေးမှ ရခဲ့ပါရဲ့လား။

'အရာအားလုံးထက် မောင့်ဆန္ဒအပြင်းပြဆုံးက မောင်တို့နှစ်ယောက် အတူနေခွင့်ရရေးပါ။ ချစ်က မောင့်ကို ခဏခဏ ခြေရာဖျောက်ပြေးပေမယ့် မောင် မချစ်ဘဲ မနေနိုင်ခဲ့တာ အမှန်ပါ'

မောင်က ကျွန်မကို ငုံ့ကြည့်တယ်။

'ဒါလင် ဒီဇိုင်းယားရီးရယ်၊ မောင်အမှားတွေ အများကြီး လုပ်ခဲ့မိပါတယ်။ ခုတော့ ချစ်ကို မောင်ဆုံးရှုံးရပြီ၊ မောင့်ဘဝမှာ မှန်တယ်ဆိုတာ ဘာမှ မရှိနိုင်

http://www.cherrythitsar.org



တော့ပါဘူး။ မောင့်မှာ ဘုရားသခင်ပဲ ရှိတော့တယ်။ မောင်နဲ့အတူ ဘုရားရှိခိုး ပေးပါလားဟင်’

မောင်က ခုတင်ပေါ်က လှိမ့်ဆင်းလိုက်ပြီး ကြမ်းပေါ် ဒူးထောက်လိုက်တော့ ကျွန်မလည်း မောင့်ဘေးမှာ ဒူးထောက်လိုက်တယ်။ ဘုရားသခင်အပေါ် မောင် အားထားစိတ်ရှိသေးတာကို မြင်ရတော့ ကျွန်မ စိတ်သက်သာရပါတယ်။

‘အဘ ဘုရားသခင်၊ သားတော်တို့၏ အပြစ်များကို ခွင့်လွှတ်တော်မူပါ။ သားတော်တို့ မည်ရွေ့မည်မျှ မှားယွင်းကြသည်ကို ဘုရားသခင် သိတော်မူပါသည်။ သားတော် ယခုခံစားနေရသော ဒုက္ခတို့သည် ယင်းမှားယွင်းမှုတို့အတွက် ဒဏ်ခတ်ခြင်း ဖြစ်သည်ဆိုပါက သားတော်တို့ လက်ခံပါသည်။ အဘ ဘုရား သခင် သားတော်၏ ချစ်သောသူများအပေါ်တွင် စောင့်ရှောက်တော်မူပါဘုရား’

ကျွန်မ မောင့်ကို သိုင်းဖက်ခြင်းအားဖြင့် အားပေးလိုက်ပါတယ်။ မောင့် တစ်ကိုယ်လုံး တုန်နေတယ်။ ကျွန်မ မောင့်ကို ပြောချင်လိုက်တယ်။

‘မောင်ရေ. . . ကျွန်မ ပြောမယ် နားထောင်၊ ကျွန်မတို့မှာ သမီးလေးတစ် ယောက်ရှိတယ်။ သမီးက သိပ်ချောတာ၊ မောင့်မျက်နှာ၊ မောင့်မျက်စိအတိုင်းပဲ။ သမီးကို မောင်နဲ့ပေးတွေ့မယ်။ မောင်နဲ့ ကျွန်မတို့ရဲ့ ချစ်ခြင်းမေတ္တာက ပေါက်ဖွား လာခဲ့တဲ့ သမီးကို မောင် တွေ့ရမှာပေါ့’

ဒါပေမယ့် ဒီစကားတွေကို ကျွန်မ မပြောဖြစ်ဘဲ သူ ဘုရားရှိခိုးတာကိုပဲ ဆက်ရှိခိုးပေးမိတယ်။

‘ဘုရားသခင်. . . အဲ(လ)ဗစ္စကို အဘဘုရားသခင်၏ အုပ်ထိန်းမှုအောက် တွင် ထားတော်မူပါ။ သူ့အပေါ် ဘေးဥပဒ်တစ်စုံတစ်ရာ ကျရောက်ခြင်း မရှိပါ စေနဲ့။ ပြဿနာအရပ်ရပ်ကို ပြေလည်တော်မူစေပါ။ သူ၏ ပခုံးထက်မှာ ဖိအား များကိုလည်းကောင်း၊ နှလုံးသားထက်မှ ဝန်ထုပ်ဝန်ပိုးများကို လည်းကောင်း ဖယ်ရှားနိုင်သည့် ခွန်အား ပေးသနားတော်မူပါ။ သူ၏ မူလအစွမ်းသတ္တိရှိသော ခွန်အားပေးသနားတော်မူပါ။ သူသည် လူသားများစွာတို့အတွက် များစွာသော အဓိပ္ပာယ်ကို ဆောင်ထားနိုင်သူဖြစ်ပါသည်။ သူ့အား တပည့်တော်တို့ထံမှ ခေါ် ဆောင်သွားခြင်း မပြုပါနဲ့ဦး ဘုရား။ တပည့်တော်တို့နှင့် အတူကြာရှည်စွာ ထားတော်မူပါဦး ဘုရား’

ကျွန်မ နှုတ်က ဆုတောင်းမဆက်နိုင်တော့ပါ။ နှစ်ယောက်သား တိတ်ဆိတ် စွာ ဒူးထောက်ရှိခိုးနေမိကြတယ်။ နောက်ဆုံးမှာတော့ နူးညံ့တဲ့ ကော်ဇောပေါ်မှာ နှစ်ယောက်သား လှဲချလိုက်ပြီး နှုတ်ခမ်းများ ဂဟေဆက်မိကြသလို မျက်ရည်တွေ

http://www.cherrythitsar.org



လည်း ပေါင်းစည်းကုန်ကြတော့တယ်။

'မောင့်ကို မထားခဲ့ပါနဲ့ ဒီဇိုင်းယားရီး၊ မောင်ကြောက်တယ်၊ မောင် သိပ်ကြောက်တယ်'

ချစ်သူရဲ့ တောင်းပန်သံက ကျွန်မ နှလုံးသားကို ချေမွနေသလို ခံစားနေရပါတယ်။ တစ်ချိန်က ခွန်အားအပြည့်နဲ့ အရာရာကို အမိန့်ပေးနိုင်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အစွမ်းသတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ မောင်။

'ဒီတစ်ခါက်တော့ ကျွန်မ ချက်ချင်းမပြန်သေးပါဘူး မောင်၊ မောင့်ကို ဒီပုံစံနဲ့ မြင်ရတာ အသည်းနာလိုက်တာ။ မောင့်အတွက် ကျွန်မ တစ်ခုခု လုပ်ပေးချင်ပါတယ်။ မောင်ရော ကျွန်မပါ မပြောဖြစ်ကြသေးတဲ့ စကားတွေ ရင်ထဲမှာ အများကြီးရှိနေသေးတယ် မောင်၊ ဒီစကားတွေ ပြောဖြစ်အောင် ကျွန်မတို့အတွက် ဘယ်တော့များမှ အခြေအနေပေးပါ့မလဲ'

မပြောရသေးတဲ့စကားလို့ ကျွန်မ လမ်းကြောင်းပေးနေတာက သမီးအကြောင်း ပြောချင်လို့ပါ။ ဒါပေမယ့် မောင်က ဘာမှ မသိရှာလေတော့ ကျွန်မစကားကို ဆက်မမေးဘူးပေါ့။ သမီးတစ်ယောက် ရခဲ့တယ်ဆိုတာ မောင်လုံးဝ ရိပ်မိခဲ့ပုံတောင် မရပါဘူး။ အခု အခြေအနေမျိုးမှာ သမီးအကြောင်းပြောလိုက်ရင် မောင် လက်ခံမယ်ဆိုတာ ကျွန်မသိတာပေါ့။ ဒါပေမယ့် တစ်ဖက်မှာ ပရစ်ဆလာနဲ့ ရင်ဆိုင်နေရတဲ့ အမှုကိစ္စက ရှိနေသေးတယ်။ ကျွန်မတို့နှစ်ယောက် တိတ်တခိုးဇာတ်လမ်းသိသွားလို့ကတော့ မဂ္ဂဇင်းတွေမှာလည်း ပလူပျံအောင် ရေးကြတော့မှာ သေချာတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ သမီးအကြောင်း မပြောသင့်ပါဘူးလို့ဘဲ ဆုံးဖြတ်လိုက်ရပြန်ပါတယ်။ ဒီလို ဆုံးဖြတ်လိုက်ရပေမယ့် ကျွန်မ လိပ်ပြာတော့ သိပ်မသန့်လှဘူး။ သမီးကခုဆို ဆယ့်လေးနှစ်အရွယ်ရောက်လာပြီ။ မောင့်ကို ဖုံးကွယ်ထားခဲ့မိတဲ့ ကာလများ သိပ်ရှည်လျားသွားခဲ့ပြီလားကွယ်။ ခုမှပြောရင် မောင်က ကျွန်မကို အပြစ်တင်မှာလား။ ဒါမှမဟုတ် မျှော်လင့်ထားတာထက် ဆိုးရွားတဲ့ ကိစ္စတွေ ဖြစ်လာမှာလား။

မောင့် မျက်နှာကို ကျွန်မ တစိမ့်စိမ့်ကြည့်မိတယ်။ ဒီမျက်နှာကို ပရိသတ်သန်းပေါင်းများစွာတို့ ရင်းနှီးခဲ့ပါတယ်။ လူသားအားလုံး စိတ်ချမ်းသာမှုအတွက် ဖျော်ဖြေပေးခဲ့တဲ့ သူပါ။ အခု သူစိတ်ညစ်နေချိန်မှာ ဘယ်သူကမှ စိတ်ပြေပျောက်အောင် လုပ်မပေးနိုင်တာကတော့ မတရားဘူးထင်တယ်။

'တကယ်လို့ ကိုယ်သာ အခြေအနေအရပ်ရပ်ကို ပြောင်းနိုင်ခဲ့မယ်ဆိုရင် ခုလို ဆေးဝါးအပေါ် မှီခိုနေရမှာ မဟုတ်ဘူးထင်တယ်။ နာတာက အရမ်းပဲ။

http://www.cherrythitsar.org



ဒါပေမယ့် ဟန်နီရယ်. . . ဘယ်တော့မှ မျှော်လင့်ချက်မလျှော့လိုက်ပါနဲ့။ မောင့်အနားမှာ မားမားမတ်မတ် ရပ်ပြီး အားပေးစမ်းပါ။ မောင်နဲ့ ပတ်သက်လို့ မဟုတ်တာတွေ ဘာမှ မတွေးပါနဲ့ အချစ်ရယ်။ မောင့်နှလုံးသားကို နားလည်နိုင်တာ အချစ်တစ်ယောက်ပဲ ရှိပါတယ်။ မောင့် ပြဿနာတွေ ဘာလဲဆိုတာ အချစ်သိပါတယ်။ မောင့်ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာလည်း မင်းသိပါတယ်။ မောင်တို့နှစ်ယောက်ကြားမှာ စကားမပြောဘဲနဲ့ သိနိုင်တာတွေ အများကြီးပါ'

'မောင် မကြာခင်မှာ တစ်ခုခုကို ဆုံးဖြတ်နိုင်လိမ့်မယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်။ ပြီးတော့ မောင် ဆုံးဖြတ်သမျှဟာလည်း အမှန်ချည်းဖြစ်မှာပါ။ ဒါပေမယ့် မောင့်ကို ကျွန်မ ကူညီပါရစေ။ မောင့်အနားမှာ ကျွန်မ ရှိပါရစေ။ ကျွန်မဆိုလိုတာကို မောင် နားလည်မှာပါ။ ကျွန်မ အကူအညီယူမယ်ဆိုတာကို ကတိပေးပါလား မောင်'

'မောင် လိုအပ်တာက ချစ်ကိုယ်တိုင် ဘုရားသခင်ထံမှာ ဆုတောင်းပေးဖို့ပဲ'

မောင့်အတွက် ကျွန်မအမြဲ ဆုတောင်း မေတ္တာပို့သနေတာပါ။ ကျွန်မ နဖူးကို မောင့်ပါးနဲ့ ကပ်ထားလိုက်ပါတယ်။ ကျွန်မ လက်ချောင်းတွေနဲ့ မောင့်မျက်နှာအနှံ့ကို ပွတ်သပ်စမ်းနေလိုက်တာ မျက်မမြင်အမျိုးသမီးတစ်ယောက်လိုပါပဲ။ မောင်က ကျွန်မလက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်ပြီး လက်ဖဝါးတွေကို တယုတယ နမ်းနေတယ်။ အယုအယများကြားမှာ စောစောက ကျွန်မတို့နှစ်ယောက် ခံစားခဲ့ကြရတဲ့ စိတ်မကောင်းစရာဖြစ်ရပ်တွေ ပျောက်ပြယ်သွားသလိုပါပဲ။ ဒီနည်းနဲ့ပဲ မောင့်ကို ကျွန်မ ကူညီနိုင်မှာပဲလို့ တွေးနေမိတယ်။ ကျွန်မအချစ်အောက်မှာ မောင့်ပြဿနာအရပ်ရပ်ကို မြှုပ်နှံထားစေမယ်ပေါ့။

'အချစ် ဘာသိလဲ၊ ချစ်က မောင့်အတွက် အလင်းရောင်ဖြစ်သလို ပျော်ရွှင်မှုလည်း ပေးနိုင်တယ်။ အချစ်က မောင်နဲ့အတူရှိမယ်၊ ဘုရားသခင်ကလည်း မောင်နဲ့ အတူရှိမယ်ဆိုရင် မောင့်လောက် ကံကောင်းတဲ့သူ ရှိဦးမလား'

'မောင်နဲ့အတူ အမြဲရှိနေမှာပါ မောင်ရယ်'

'ချစ်ဘဝအကြောင်း မောင့်ကို ပြောပါဦး၊ ခုထက်ထိ ကချေသည် လုပ်နေတုန်းပဲလား'

'မကတော့တာ နှစ်တွေကြာလှပြီပေါ့ မောင်ရဲ့'

'ချစ်လို က,တတ်တဲ့ မိန်းကလေးတစ်ယောက် မောင်တွေ့သေးတယ်။ ရုပ်ကလည်း တော်တော်တူတယ်'

မောင့်မျက်ဝန်းမှာ အရောင်တစ်ခု တောက်သွားပုံထောက်ရင် တစ်ခုခုပဲလို့

http://www.cherrythitsar.org



တွက်လိုက်မိတယ်။

'ဘယ်သူလဲ မောင်'

'ချစ်သိမှာ မဟုတ်ပါဘူး။ မိန်းကလေးတစ်ယောက်ပါ'

'ဘယ်သူလဲ မောင် ပြော'

'သိပ်မထူးခြားတဲ့ မိန်းကလေးပါ'

'ဘယ်သူလဲ အဲ(လ)ဗစ္စ'

'မိန်းကလေးတစ်ယောက်ပါကွာ၊ နာမည်က အဲ(န)ဘာဆိုလား၊ ဟုတ်တယ်၊ အဲ(န)မေရီ မဟုတ်ဘူး။ အဲ(န)မာဂရက်'

'မဟုတ်တာ တော်တော်ပြော' ကျွန်မ မောင့်ကို ခေါင်းအုံးနဲ့ ရိုက်လိုက်တယ်။

'ကျွန်မနဲ့ လုံးဝမတူပါဘူးနော်။ မောင် အဲ့ဒီကလေးမလေးနဲ့ တွဲလိုက်သေးတယ်ဆို၊ ဟုတ်တယ် မဟုတ်လား'

'မဟုတ်ပါဘူးကွာ၊ ကိုယ်တို့ ရိုးရိုးသားသား မိတ်ဆွေတွေပါ'

ကျွန်မ မောင့်ကို လက်စားချေဖို့အတွက် တစ်ခုသတိရလိုက်ပါတယ်။ ၁၉၆၃ ခုနှစ်တုန်းက ကာဘာနာဟိုတယ်မှာ အလုပ်လုပ်နေတုန်း အဆိုကျော်တစ်ယောက်နဲ့ တွေ့ခဲ့ဖူးတယ်။ သူက ပွဲလာကြည့်ဖို့ လက်မှတ်တွေ ပေးတာကြောင့် သမီးဒက်ဘီနဲ့ သွားကြည့်ပြီး စင်နောက်မှာ သွားတွေ့ခဲ့ဖူးတယ်။

'ကျွန်မလည်း မောင့်အသံနဲ့ တော်တော်တူတဲ့ အဆိုကျော်တစ်ယောက်နဲ့ တွေ့ခဲ့ဖူးတယ်။ သူဆိုတဲ့ သီချင်းတွေက တော်တော်ကောင်းတာပဲ။ ရုပ်ကလည်း မဆိုးဘူး သိလား'

'ဘယ်သူလဲ'

သူ ဒီလို မေးမယ်ဆိုတာ ကျွန်မ သိတာပေါ့။

'အဲဒါက အရေးမကြီးပါဘူး'

'အေးပါ၊ ဘယ်သူတဲ့လဲ'

'မောင်သိမှာ မဟုတ်ပါဘူး။ သူက ပြင်သစ်အဆိုကျော်ပါ။ ရုပ်လည်း သိပ်ချောတယ်'

'ဘယ်သူလဲ. . . ဘယ်သူလဲဆိုတာ ပြောလေ'

'ရောဘတ်ဂေါလက်၊ ဘရော့(ဒ)ဝေး ဇာတ်ခုံပေါ်မှာ သူက အား(လ)လဲ(န)(စ)လော့(တ) နေရာက ကသွားတယ်'

မောင်က ရုတ်တရက် ခုတင်ပေါ် ထထိုင်လိုက်ပြီး ကျွန်မနဲ့ မစ္စတာ ဂေါလက်

http://www.cherrythitsar.org



ဘယ်မှာတွေ့တယ်ဆိုတာ မေးတော့တာပဲ။

'ကိုယ်. . . အဲဒီကောင်ကို မကြိုက်ဘူး'

'မောင်က ပိုချောပါတယ်'

'ကိုယ့်အသံလည်း သူနဲ့ မတူပါဘူး။ တူလို့လား'

'တူတော့ မတူဘူးပေါ့။ ဒါပေမယ့် သူလည်း ကောင်းတယ် မောင်ရဲ့'

မောင် ဒေါသအကြီးအကျယ်ထွက်နေပြီဆိုတာ ကျွန်မသိတာပေါ့။ ဒါကြောင့် ကျွန်မဘက်က ခံစစ်ယူလိုက်ရတယ်။

'ဒါနဲ့ မောင်ကရော အဲ(န)မာဂရက်နဲ့ တော်တော် ရင်းနှီးခဲ့လို့လား'

'အဲဒါတွေ အားလုံးမေ့လိုက်'

ဒေါသထွက်နေတဲ့ မောင့်နားနားကို ကပ်ပြီး မောင်တစ်ယောက်တည်းသာ ကျွန်မချစ်သူဖြစ်ကြောင်း ပြင်သစ်ဘာသာစကားနဲ့ ပြောလိုက်တော့မှ ဒေါသပြေသွားတယ်။ ကျွန်မ ပိုက်ဆံအိတ်ဖွင့်လိုက်ပြီး ဘူးကလေးတစ်ခု ထုတ်ယူလိုက်ပါတယ်။

'မောင့်အတွက် ကျွန်မ လက်ဆောင်'

ဘူးကလေးကို ဖွင့်လိုက်တော့ ကနုကမာသားနဲ့ လုပ်ထားတဲ့ လည်ဆွဲကလေးတစ်ခု ထွက်လာတယ်။

'မောင့်အတွက် ကျွန်မ ဟာဝိုင်ယီက မှာပြီး ဝယ်လာခဲ့တာပါ' လည်ဆွဲကလေး မြင်လိုက်တော့ မောင့်မျက်နှာ ဝင်းပလာတယ်။

'မောင် ဒါမျိုးကြိုက်မယ်ဆိုတာ ဘယ်လိုလုပ်သိလဲ'

'ကျွန်မစိတ်ထဲမှာ မောင်နဲ့ လိုက်မယ်ထင်လို့ ဝယ်လာတာ၊ ဝတ်ကြည့်ပါဦး မောင်'

'ဝတ်မှာပေါ့၊ ချစ်ကိုယ်တိုင် ဆွဲပေးလေ'

ကျွန်မ သူ့လည်ပင်းမှာ ဆွဲပေးလိုက်တယ်။

'အသားနဲ့ထိတော့ အေးသွားတာပဲ။ မောင်ကြိုက်တယ်'

မောင်က ကျွန်မကို နမ်းလိုက်ပါတယ်။ ပြီးတော့ မျက်မှောင်ကုတ်သွားပြန်တယ်။

'မောင်က ရောဘတ်ဝူးလက်နဲ့ တူတယ်လို့ ချစ်တကယ်ထင်နေသလားဟင်'

'စတာပါ မောင်ရယ်၊ မောင်က ပိုချောပါတယ်'

သူ တော်တော် စိတ်ပျက်သွားပုံရတယ်။ ဘာကြောင့်စိတ်ပျက်တယ်ဆိုတာတော့ ကျွန်မနားမလည်နိုင်ဘူး။ ရောဘက်ဝူးလက်ကလည်း လူချောတစ်ယောက်

http://www.cherrythitsar.org



ပါ။ တူတယ်လို့ ပြောလိုက်တာနဲ့ နှိမ့်ချရာ ရောက်မသွားပါဘူး။ အဲ(န)မာဂရက် နဲ့ ကျွန်မတူတယ်ဆိုလို့ ကျွန်မက ပြန်နောက်လိုက်တာ သက်သက်ပါ။

'ချစ်ရယ်. . . မောင်နဲ့ ပတ်သက်လို့ ငွေကုန်ကြေးကျ မခံပါနဲ့ကွာ'

မောင်က ကနုကမာလေးတွေကို စမ်းရင်း ပြောနေတယ်။

'စျေးမများပါဘူး မောင်ရဲ့၊ လှလို့ပါ'

'ချစ်ကမှ မောင့်ကို တကယ့်မေတ္တာစစ်နဲ့ ချစ်တာ'

မောင့်အသံက နူးနူးညံ့ညံ့ တိုးတိုးကလေးရယ်။ ဝမ်းနည်းကြေကွဲပုံလည်း ရတယ်။ ပြီးတော့ ပြုံးလာတယ်။

'မောင့်မှာလည်း ချစ်အတွက် လက်ဆောင်ပါလာတယ်။ တစ်ခါတုန်းက မောင် ကတိပေးထားခဲ့တဲ့ Credit Card လေ'

ကျွန်မအပြုံးတွေ ပျက်ပြယ်သွားတာကို သူငေးကြည့်နေတယ်။ မောင်က သူ့ ငွေစာရင်းတွေထဲက သုံးနိုင်ခွင့် Credit Card တစ်ခု ကျွန်မအတွက် ပေးပါရစေလို့ ပြောနေခဲ့တာ ကြာပြီ။ ကျွန်မအတွက် အရေးပေါ် ငွေအသုံးလိုလာရင် သုံးလို့ရအောင်လို့တဲ့။ ဒါပေမယ့် ဒီကတ်ပြား လက်ခံလိုက်ရင် သူခေါ်တဲ့အချိန် ချက်ချင်း ထလိုက်လာနိုင်အောင် ကြံစည်တာလားလို့ ကျွန်မ သံသယရှိခဲ့တယ်။ ဒါကြောင့်လည်း အမြဲတမ်းငြင်းခဲ့တယ်။ ငွေလက်ခံလိုက်ခြင်းအားဖြင့် ကျွန်မတို့ နှစ်ယောက် ဆက်ဆံရေးအပေါ်စား ဖြစ်သွားနိုင်သလို မြင်သွားစေနိုင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဝါရှင်တန်မှာ တွေ့ကြတုန်းကလည်း အငြင်းအခုံ ဖြစ်ခဲ့ကြဖူးတယ်။

'ဒီကိစ္စ ကျွန်မ လက်မခံနိုင်ဘူးလို့ မောင့်ကို ကျွန်မ ပြောခဲ့ဖူးပြီပဲ'

မောင်က ကျွန်မ ပခုံးနှစ်ဖက်ကို ကိုင်လိုက်တယ်။

'ဟန်နီ. . . ဒီကတ်က ချစ်အတွက် လုပ်လာတာပါ'

'မယူပါရစေနဲ့ မောင်၊ ကျွန်မကို နားလည်ပါ'

မောင်က Credit Card ကို အိတ်ထဲကထုတ်ပြီး ကျွန်မလက်ထဲ ဖွတ်ထည့်တယ်။ လက်ထဲမှာ တွေ့နေကျ Credit Card ပလတ်စတစ်အမာစား အထိအတွေ့ကို တွေ့ရတယ်။ ကြည့်လိုက်တော့ နံပါတ်လုံးဝ ထိုးမထားဘူး။ ကတ်ပြားကို တစ်လှည့်၊ မောင့်ကိုတစ်လှည့် ကြည့်မိတော့ မောင်က ဟက်ဟက်ပက်ပက် ရယ်နေတယ်။ ထွက်မိတဲ့ ဒေါသတွေအတွက် ရှက်လိုက်တာ။

ကျွန်မလက်ထဲမှာ Credit Card မဟုတ်ပါဘူး။ မေတ္တာလက်ဆောင် ကတ်ပြားလေးတစ်ခုပါ။ လူရွှင်တော်ကလေးတစ်ယောက် ညှိုးရော်နေတဲ့ ပန်းစည်းလေး

http://www.cherrythitsar.org



ကို ကိုင်ပြီး ငိုနေတယ်။ စာတန်းလေးက အချစ်သည် အရာအားလုံးကို ခံနိုင်ရည်ရှိသည်တဲ့။ နောက်ဘက်လှန်ကြည့်တော့ ဒါပေမယ့် မင်းကိုလွမ်းတယ်လို့ ရေးထားပြီး အောက်မှာ ချစ်တဲ့ အား(လ)လဲ(န)(စ)လော့(တ)လို့ လက်မှတ်ထိုး ထားတယ်။

'မောင်က ချစ် မကြိုက်တာကို ဘာမှမလုပ်ပါဘူးကွာ. . . ယုံပြီလား။ ဒီလူ့ရှင်တော်လေး ခံစားရသလို မောင် တကယ်ခံစားရတယ် လူစီ။ အချစ်ဆိုတာ အရာအားလုံးကို ခံနိုင်ရည်ရှိပေမယ့် မောင်ကတော့ မင်းကို လွမ်းနေတာပါပဲ'

အဲဒီနောက်မှာ ကျွန်မတို့ စကားတွေ အကြာကြီး ပြောဖြစ်ကြတယ်။ သူ့မိသားစုကိစ္စ၊ သူ့သမီး လီဇာကိစ္စနဲ့ ထင်ပေါ်ကျော်ကြားဆဲဖြစ်တဲ့ သူ့ အနုပညာခရီးကိစ္စတွေပါပဲ။ သူ့အောင်မြင်မှုတွေအကြောင်း ပြောဖြစ်တော့ ကျွန်မတို့နှစ်ယောက် ခုလို စွန့်စွန့်စားစား တွေ့ဖြစ်ကြတာကို သွားတွေးမိတယ်။ သူ့လူတွေက အမြဲစောင့်ကြည့်နေကြတာ မဟုတ်လား။ ဒါကြောင့် ခုလည်း တစ်ယောက်ယောက်များ အပြင်မှာ စောင့်နေသလားလို့ မေးမိတယ်။

'အဲဒါတွေ ကိုယ်စိတ်ပျက်လှပြီ။ ချစ်ကို တွေ့ချင်ရင် မောင်တွေ့မှာပဲ။ ဒါ မောင့်ဆုံးဖြတ်ချက်၊ ချစ်နဲ့မောင့်ကိစ္စကို လျှို့ဝှက်ထားပါလို့ ချစ်ကပြောလို့သာ မောင် ဒီအချိန်ထိ လျှို့ဝှက်နေရတာ'

စကား စ,မှားသွားတဲ့အတွက် ဒေါသထွက်လာတဲ့ သူ စိတ်ပြေအောင် ကျွန်မက နမ်းလိုက်တယ်။ ဒီလိုချော့တာကို မောင်က သဘောကျတယ်လေ။

'ဒေါသမကြီးပါနဲ့ မောင်ရယ်။ ကျွန်မအနေနဲ့ မိသားစု နှစ်ခုစလုံး မထိခိုက်စေချင်လို့ ပြောတာပါ။ မောင် နားလည်တယ် မဟုတ်လား'

'ဒါလောက် နှစ်ပေါင်းများစွာ ထိန်းလာခဲ့ပြီးပြီပဲကွာ၊ ဟုတ်တယ် မဟုတ်လား'

နှစ်ပေါင်းများစွာတဲ့လား။ ဒီစကားလုံးက ကျွန်မနားထဲမှာ ပဲ့တင်ထပ်နေတယ်။ စင်ပေါ်မှာ လူသန်းပေါင်းများစွာကို ဆွဲဆောင်အားရှိခဲ့တဲ့ အဲ(လ)ဗစ္စဟာ တကယ်တော့ အကွယ်မှာ အင်အားမရှိတဲ့ လူတစ်ယောက်ဖြစ်နေပါလား။ အဲ(လ)ဗစ္စဟာ အောင်မြင်ခဲ့တယ်။ တစ်ကမ္ဘာလုံးမှာ အကျော်ကြားဆုံး လူသားဖြစ်ခဲ့တယ်။ ဒီကျော်ကြားမှုကပဲ သူ့ကို ဒဏ်ခတ်နေပြီ။ သူ ထွက်ပေါက် မရှိတော့ဘူး။ ဒါကို သူခံစားနေရသလို ကျွန်မလည်း ပထမဆုံးအကြိမ်အဖြစ် နားလည်လိုက်မိပါတယ်။ သူ့အောင်မြင်မှု ထိပ်ဆုံးရောက်သွားတော့ ကျွန်မပျော်လိုက်တာ။ ထိပ်ဆုံးမှာ နှစ်ပေါင်းများစွာ နေနိုင်မယ်ပေါ့။ ခုတော့ ကျွန်မ ဆန္ဒတွေ မပြည့်တော့ပါ

http://www.cherrythitsar.org



လား။ ဂစ်တာအိုကလေးတစ်လက်နဲ့ အောင်မြင်မှုကို ရှာဖွေနေတဲ့ အဲ(လ)ဗစ္စ ဆိုတဲ့ လူငယ်ကလေးကိုသာ ကျွန်မ ပြန်လည် မြင်ယောင်မိတော့တယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကျွန်မဘဝ မှောင်အတိကျနေစဉ်ကာလတုန်းက အဲ(လ)ဗစ္စဟာ ကျွန်မအတွက် အလင်းရောင် ဖြစ်ခဲ့ဖူးပါတယ်။ ဒီအကြွေးတွေကို ကျွန်မ ဆပ်သင့်တယ်လေ။ ဘာပဲဖြစ်ဖြစ် သူ့အနားမှာ ကျွန်မ နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီဆုံးဖြတ်ချက်က ကျွန်မအတွက် ခွန်အားတွေ ဖြစ်လာစေခဲ့တယ်။ ကျွန်မ သူ့ကျောပြင်ကို နှိပ်နယ်ပေးနေမိတယ်။ ကျွန်မကိုယ်ထဲက ခွန်အားတွေ လက်ကတစ်ဆင့် သူ့ကိုယ်ထဲရောက်ပါစေတော့လို့. . . ။

'ကိုယ် ဒီမှာ နေချင်လိုက်တာ'

မောင်က ပြန်ဖို့အတွက် ထလိုက်တယ်။

'တကယ်တော့ ကိုယ့်အတွက် နေရာမှန်က မင်းအနားမှာပဲ'

'ဂွတ်ဘိုင်. . . အား(လ)လဲ(န)(စ)လော့(တ)' ကျွန်မ ထာဝရချစ်သူရယ်။ ခဏတာ ကာလအတွက် ကျွန်မနှုတ်ဆက်လိုက်ပါတယ်။ ကျွန်မအသည်းနှလုံးက မောင့်ဆီမှာသာ ထာဝရရှိနေမယ်ဆိုတာ ယုံပါ အချစ်ဆုံးရယ်။

မောင်က ကျွန်မကို တစ်ကြိမ်နမ်းပြန်တယ်။

ပြီးတော့ သူ ပြန်သွားပြန်လေပြီ။

□

http://www.cherrythitsar.org



# အခန်း(၂၁)

နောက်တစ်နေ့မနက် ဒါးလတ်(စ)သို့ ပြန်လာချိန်မှာ မောင်နဲ့ ပတ်သက်လို့ ဘာအဖြေမှ ရှာမတွေ့ခဲ့တဲ့အပြင် သောကတွေ ပိုလာခဲ့ရတယ်။ မောင့် ပတ်ဝန်းကျင်မှာ ဝိုင်းလုပ်စားနေတဲ့သူက မောင် ဘာဖြစ်နေတယ်ဆိုတာ စိတ်မဝင်စားကြတဲ့အပြင် မောင့်ကိုလည်း ထိန်းသိမ်းပေးနိုင်တဲ့ အရည်အချင်းမရှိကြဘူးဆိုတာ ထင်ရှားနေတယ်။ တကယ်လို့ မောင့်ကို ကျွန်မသာ တစ်နေရာရာ ဆွဲခေါ်ထုတ်သွားနိုင်ခဲ့မယ်ဆိုရင်တော့ ကူညီနိုင်ခဲ့မယ်လို့ ထင်တယ်။ နောက်သုံးလေးကြိမ်လောက် မောင် ဖုန်းဆက်ပါသေးတယ်။

ပရစ်ဆလာနဲ့ မပြေလည်တဲ့ အိမ်ထောင်ရေးကိစ္စ၊ ကာနယ်နဲ့ သဘောထားချင်း မကိုက်ညီတဲ့ စီးပွားရေးကိစ္စတွေက သူ့စိတ်ကို ညှဉ်းပန်းနေတယ်လို့ ဆိုတယ်။ နောက်ထပ် လနဲ့ချီပြီးအောင် သူ့ဆီက အဆက်အသွယ် ပြတ်သွားတော့ ကျွန်မ ရူးမတတ် စိတ်ပူခဲ့ရပါတယ်။ ဂရေ့(စ)လဲ(န)(ဒ)မှာရှိတဲ့ မောင့်အဖေ မစ္စတာပရက်စလေဆီ ဖုန်းဆက်ကြည့်တော့ ခါတိုင်းလို ဖော်ဖော်ရွေရွေပါပဲ။ သူလည်း စိတ်ပူနေသတဲ့လေ။ မစ္စတာပရက်စလေက သူတို့သားအဖနှစ်ယောက်လုံး နေမကောင်းဖြစ်နေကြတယ်ဆိုလို့ သူ့အတွက် ဆုတောင်းပါကြောင်းနဲ့ အဲ(လ)ဗစ္စလာရင် ကျွန်မဆီ ဖုန်းဆက်ခိုင်းဖို့ မှာခဲ့ရပါတယ်။

နောက်ဆုံးမှာ သူ ဖုန်းဆက်လာပါတယ်။ ဩဂုတ်လအတွင်းမှာပေါ့။ သမီးလေး ဒီဗိုင်းယားရီးရဲ့ ဆယ့်ငါးနှစ်မြောက်မွေးနေ့အပြီးမှာ ဆက်လာခြင်းပါပဲ။ မောင်က သူ ကျွန်မဆီ ဖုန်းဆက်ပါသေးတယ်တဲ့။ ဒါပေမယ့် နောက်ထပ် ဘယ်တော့မှ မဆက်သွယ်ပါနဲ့လို့ တစ်စုံတစ်ယောက်က ပြောခဲ့တယ်လို့ဆိုတယ်။ ဒါကြောင့်လည်း ကျွန်မနဲ့ အဆက်အသွယ်ပြတ်နေခဲ့တယ်ဆိုတာ ရှင်းသွားပါတယ်။ မောင့်အသံက ထုံးစံအတိုင်း အထီးကျန်ခြောက်သွေ့နေပြီး စိတ်ဓာတ်ကျနေတယ်ဆိုတာလည်း သိလာပါတယ်။ ကျွန်မက မောင့်ကျန်းမာရေးအခြေအနေမေးတော့

http://www.cherrythitsar.org



မဖြေဘဲ ကာနယ်နဲ့သူ လုပ်ငန်းကိစ္စအစီအစဉ်တွေ၊ ပရစ်ဆလာက တရားစွဲထားတာတွေဘက် စကားလွှဲသွားတယ်။

'တကယ်တော့ ဒီမိန်းမက ကိုယ့်နှလုံးသားကို ဓားပြတိုက်နေတာပဲ'တဲ့။

ကျွန်မက မောင် အဲဒီလို တူးတူးခါးခါး မုန်းနေတဲ့စိတ်က မောင့်ကို မကျန်းမမာ ဖြစ်နေစေတာပဲ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် အလျှော့ပေးလိုက်ပါလို့ ဖျောင်းဖျပါတယ်။ သူ့အဖေနဲ့ ကျွန်မ စကားပြောဖြစ်ခဲ့တဲ့အကြောင်း၊ သူ့ ကျန်းမာရေးအတွက် ကျွန်မ စိတ်ပူတဲ့အကြောင်းတွေ ပြောဖြစ်တယ်။

'ဒယ်ဒီကလည်း နေမကောင်းဘူး။ သူလည်း မောင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို ကြည့်ပြီး တော်တော်စိတ်ပျက်ပုံရတယ်။ ပရစ်ဆလာနဲ့ ကွာရှင်းတဲ့ကိစ္စကတော့ လပိုင်းအတွင်းအပြီးသတ်တော့မှာပါ။ မောင် ခရီးထွက်ရဦးမယ်။ ဗီးဂတ်(စ) မှာ သွားဆိုရဦးမယ်လေ။ အဲဒီမှာ ဆိုရတာ စိတ်အညစ်ဆုံးပါပဲ။ စရိတ်ကလည်း ကြီးပါဘိသနဲ့။ မောင်ကတော့ မောင့်ပရိသတ် စစ်စစ်ကိုပဲ ဖျော်ဖြေချင်တာ။ မောင် ပြောတာ သဘောပေါက်တယ် မဟုတ်လား'

'ကျွန်မလည်း ဗီးဂတ်(စ)ကို မကြိုက်ဘူး မောင်'

'ဒါတွေ မကြာခင် မောင် ပြောင်းလဲပစ်နိုင်အောင် ကြိုးစားနေတယ်။ မောင်တို့နှစ်ယောက် ဘယ်တော့ တွေ့ရဦးမှာလဲ'

'ကျွန်မ မသိဘူး။ မောင့် ပတ်ဝန်းကျင်က လူတွေကို ကျွန်မ ကြောက်တယ်။ ကျွန်မဆန္ဒပြောရရင်တော့ အခုချက်ချင်း မောင်နဲ့ နေချင်တာပဲပေါ့'

ဘာကြောင့်မှန်းမသိဘဲ မောင့် ဒေါသတွေက ကျွန်မဆီကူးစက်လာပြီး ချုပ်တည်းထားတဲ့ စကားတွေ ထွက်သွားတာပါပဲ။

'အိုကေ. . . ဒီဇိုင်းယားရီးကလေးရယ်. . . မငိုပါနဲ့ကွယ်။ မကြာခင်မှာ မောင် ဒီအခြေအနေတွေအားလုံး ရှင်းပစ်နိုင်မှာပါ။ အဲဒီအခါကျရင် မောင်တို့နှစ်ယောက်တည်း တစ်နေရာရာကို သွားပြီး လမ်းလျှောက်ကြမယ်၊ အဝေးကြီး လျှောက်ကြမယ်နော် အချစ်'

'ချစ်တယ် သခင်ရယ်'

သတင်းစာတွေထဲမှာတော့ မောင်တို့နှစ်ယောက် ကွာရှင်းပြတ်စဲကြတော့မယ့် သတင်းတွေက ပလူပျံသလို ပါလာနေတယ်။ မောင်နဲ့ စကားပြောပြီး တစ်ရက်နှစ်ရက်အတွင်းမှာတော့ သမီးလေး ဒီဇိုင်းယားရီးဟာ မောင့်ဘဝကို စိုပြည်လာစေမယ့် ကလေးပဲလို့ တွေးနေမိခဲ့ပါတယ်။ ကျွန်မ ရင်ထဲက ဆန္ဒကတော့ သမီးကို သူ့အဖေအရင်း ဘယ်သူလဲဆိုတာ သိစေချင်လှပါပြီ။ ပြီးတော့ ပထွေးနာမည်ကို

http://www.cherrythitsar.org



သူ့နာမည်နောက်မှာ တပ်ထားရတဲ့အစား အဖေအရင်းနာမည် ခံယူခွင့် ရစေချင်လှပါတယ်။ ဒါပေမယ့် အဖြစ်မှန်ပေါ်လာရင် နာကျင်ကြေကွဲမှုတွေ အများကြီး ခံစားကြရမှာကိုလည်း ကျွန်မ စိုးရိမ်မိပါတယ်။ ကျွန်မဘဝ ဇာတ်လမ်းက ရှုပ်ထွေးလှတယ် မဟုတ်လား။ အဖြစ်မှန်ပေါ်သွားရင် သမီးဟာ အဖေမပေါ်ဘဲ တရားမဝင်မွေးခဲ့တယ်ဆိုတာ သိသွားမယ်။ ဆယ့်ငါးနှစ်သမီးကလေးက ဒါကို ခံနိုင်ရည် ရှိပါ့မလား။ ကျွန်မ ဘယ်လို ပြောရပါ့မလဲ။ ကျွန်မ မှားခဲ့တဲ့ အမှားကို သမီးခံနိုင်ပါ့မလား။

*            *            *

*[အဲဒီအချိန် ပတ်ဝန်းကျင်လောက်မှာ ဗီဇိုင်းယားရိုးကလေးဟာ သူ့အဖေအရင်း ဘယ်သူဆိုတာ ပေါ်သွားတော့မလို့ နှမ်းတစ်စေ့စာလောက်ပဲ လိုတော့တဲ့ အဖြစ်နဲ့ တိုးခဲ့ပါတယ်။*

*တစ်နေ့ နေ့ခင်းပိုင်း ကျွန်မ အိမ်မှာရှိနေတုန်း ဖုန်းမြည်လာတာနဲ့ ကျွန်မ ကောက်ကိုင်လိုက်ပါတယ်။ လူတစ်ယောက် လူဗီဝဲယားရှိလားလို့ မေးတယ်။ ကျွန်မ အရမ်းရယ်ချင်တာပဲ။ မာမ့်ကို ဒီလိုခေါ်တာ တစ်ခါမှ မကြားဖူးဘဲကိုး။ ကျွန်မက ဘယ်သူဆက်တာလဲလို့ မေးတော့ ဂျိုးဂျုံး(စ)ဆိုလား၊ ဂျွန်ဂျုံး(စ)ဆိုလား နာမည်တစ်ခု ပြောတယ်။ သူက အခုဖုန်းကိုင်တာ ဘယ်သူလဲတဲ့။ ကျွန်မက လူဗီရဲ့ သမီးပါဆိုတော့ ကျွန်မ နာမည်ကို မေးတယ်။ ကျွန်မက မာမီ သုံးစေချင်တဲ့ နာမည်အတိုင်း ရိုးမေးနီးပါလို့ ဖြေလိုက်တယ်။ တကယ်တော့ အဲဒီနာမည်ကို ကျွန်မ သိပ်မုန်းတာပဲ။ နောက် မိနစ်နည်းနည်းကြာတော့ မာမီရောက်လာတယ်။ မာမ့်ကို ကျွန်မက ဒီအမျိုးသား ဖုန်းဆက်တာနဲ့ ပတ်သက်ပြီး ဝတာပေါ့။*

*'မာမ့်ကို လူဗီဝဲယားလို့ သိထားတာ ဘယ်သူရှိလဲ'*

*လို့ ကျွန်မကမေးတယ်။ အဲဒါ မာမီရဲ့ လျှို့ဝှက်ချစ်သူလားလို့ မေးလိုက်တော့ မာမ့်မျက်နှာဟာ စက္ကူတစ်ရွက်လို ဖြူဆွတ်သွားတော့တာပဲ။ ပြီးတော့ ဘယ်သူဆက်တာလဲလို့ မေးတယ်။ ကျွန်မပြောလိုက်တော့ မာမီ သတိလစ်သွားတော့မတတ်ဘဲ။ ပြီးတော့ ဘာကြောင့်မှန်းမသိဘဲ ဒေါသတကြီးနဲ့ ကျွန်မကို အော်တော့တာပဲ။*

*'နင် ဘယ်သူလို့ ပြောလိုက်သလဲ'တဲ့။*

*'သမီးလေး' ကျွန်မက ဖြေလိုက်တယ်။*

*'ဘယ်သူ'*

*'သမီးပေါ့ မာမီရဲ့'*

http://www.cherrythitsar.org



'ဘယ်နာမည်ကို နင်ပြောလိုက်သလဲလို့ ငါမေးနေတာ'

မာမီ့ကိုကြည့်ရတာ တကယ့်ကို စိတ်မထိန်းနိုင်တော့သလိုဖြစ်နေတာကြောင့် ကျွန်မ တော်တော်အံ့သြမိတယ်။

'ရိုးမေးနီး'

ကျွန်မ အဲဒီလို ပြောလိုက်တော့မှ မာမီ စိတ်လျော့ပြီး 'အိုး'လို့ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်တယ်။ ဒါပေမယ့် စက္ကန့်ပိုင်းအတွင်းမှာပဲ နောက်ကို ကျွန်မ ဘယ်တော့မှ ဖုန်းလာရင် မကိုင်ရဘူးလို့ အမိန့်ထွက်ပါတော့တယ်။ ဘာ အဓိပ္ပာယ်လဲ မာမီ။ ကျွန်မ တစ်သက်လုံး ဖုန်းကိုင်ခွင့် မရှိတော့ဘူးလား။ ပြီးတော့ ကျွန်မ အခန်းကို သွားတော့လို့ ဆိုတယ်။ ကျွန်မ ဘာလုပ်မိလို့လဲ။

တကယ်လို့ ဒီဇိုင်းယားရီးကသာ သူ့နာမည်အမှန်ကို ပြောလိုက်ရင် အဲဒီမှာ စိတ်ရှုပ်ထွေးနေတဲ့ အဲ(လ)ဗစ္စရဲ့ ဘဝမှာ နောက်တစ်ကြိမ် အရှုပ်တစ်ခု ရင်မဆိုင်စေချင်တာက လူစ္စီဆန္ဒပါ။ လူစီ သိစိတ်မှာရော၊ မသိစိတ်မှာပါ တစ်နေ့ကျရင် သမီးနာမည်နဲ့ပတ်သက်ပြီး အဲ(လ)ဗစ္စသိသွားလိမ့်မယ်ဆိုတာ စိုးရိမ်နေခဲ့ပါတယ်။

'မာမီနဲ့ ကျွန်မကြားမှာ အဲဒီပြဿနာက နှစ်ပေါင်းများစွာကြာအောင် လိပ်ခဲတည်းလည်းဖြစ်နေခဲ့ကြတဲ့ ပြဿနာပါ။ ရိုးမေးနီးဆိုတဲ့ နာမည်ကို ကျွန်မ သိပ်မုန်းတာပဲ။ ကုန်အမှတ်တံဆိပ် တစ်ခုလိုလို၊ ပစ္စည်းတစ်ခုလိုလိုပဲ၊ သူငယ်ချင်းတွေကတော့ အတိုကောက်ခေါ်တဲ့အနေနဲ့ ရိုး(မ)လို့ပဲ ခေါ်ကြတယ်။ အဲဒါက နည်းနည်းတော်သေးတယ်။ ကျွန်မက ဒီဇိုင်းယားရီးဆိုတဲ့ နာမည်လှလှလေးကို သဘောကျတယ်။ အဲဒါ ကျွန်မနာမည်ပဲ။ ဒါပေမယ့် မာမီက သုံးခွင့်မပေးဘူး။ တစ်နှစ်တစ်ခါ ကျောင်းပြန်အပ်တိုင်း မာမီက ကျွန်မနာမည်ကို ရိုးမေးနီးလို့ပဲ စာရင်းသွင်းပေးတယ်။ မာမ်. . . အဲဒီနာမည်ကြီး ကျွန်မ မကြိုက်ဘူး၊ ကျွန်မနာမည်ကြီး ကျွန်မ မကြိုက်ဘူး။ ကျွန်မနာမည် ဒီဇိုင်းယားရီးပဲ သုံးပါရစေလို့ ကျွန်မပြောတိုင်း မာမီက ရိုးမေးနီးဆိုတာက ခေါ်ရတာ လွယ်တယ်တဲ့။ အဲဒီလိုနဲ့ ဆယ့်နှစ်နှစ်သမီးအထိ မာမီနဲ့ ကျွန်မ အငြင်းပွားခဲ့ရတယ်။ နောက်တော့လည်း ငြင်းမရမယ့်အတူတူ ပြောမနေတော့တဲ့အတွက် မကြိုက်နှစ်သက်တဲ့ ရိုးမေးနီးနာမည်နဲ့ပဲ သက်တမ်းတစ်ဝက် ကျိုးခဲ့ရတယ်။ အိမ်မှာ အစ်မတွေကလည်း ဒီနာမည်ပဲ ခေါ်ကြတယ်။ ကျွန်မ ဘာကြောင့် ဒီဇိုင်းယားရီး ဖြစ်ခွင့်မရခဲ့တယ်ဆိုတာ လုံးဝမသိခဲ့ရပါဘူး'လို့ ဒီဇိုင်းယားရီးက ရှင်းပြတယ်။

* * *

**ပရစ်ဆလာက ကွာရှင်းပြတ်စဲပြီးပြီးချင်း မဂ္ဂဇင်းတစ်ခုရဲ့ ခေတ်ပုံကဏ္ဍမှာ**

http://www.cherrythitsar.org



ရေကူးဝတ်စုံနဲ့ ဓာတ်ပုံအရိုက်ခံခဲ့တယ်။ သူက ချောနေတာ တွေ့ရတော့ အိုလာတဲ့ ကျွန်မမှာ ဆွဲဆောင်နိုင်တဲ့အား မရှိတော့ဘူးလားလို့ ခံစားရပါတယ်။ အဲ(လ)ဗစ္စသာ မရှိရင် ကျွန်မဘဝဟာ အထီးကျန်ပြီး ခက်ထန်ကြမ်းတမ်းမှု၊ နာကျင်မှုတွေနဲ့ ပြည့်နေမှာ သေချာပါတယ်။ ပရစ်ဆလာဘဝကျတော့ သူ မပါဘဲနဲ့လည်း တင့်တယ်နေပါလား။ ကျွန်မ သူ့ကို မမုန်းပါဘူး။

ဒါပေမယ့် သူ့ကြောင့် အဲ(လ)ဗစ္စ ဝေဒနာခံစားခဲ့ရတာကိုတော့ ရင်ထဲမှာ အစိုင်အခဲရှိနေတယ်။ မောင့်လို ချစ်တတ်တဲ့သူတစ်ယောက်ကို သူမို့ ပစ်သွားရက်တယ်။ ကျွန်မနဲ့မောင်ကျတော့ သူ့ကြောင့်သာ ဝေးခဲ့ကြရတာ။ သူ့ဘဝထဲ ကျွန်မ ဝင်မရှုပ်ခဲ့ပါဘူး။ မောင်နဲ့ ကျွန်မဘဝက သီးခြားကမ္ဘာထဲမှာသာ ရှိခဲ့ကြသာ မဟုတ်လား။

အဲ(လ)ဗစ္စက သူ့ကို အများကြီး ပေးခဲ့တာကိုပဲ မကျေနပ်နိုင်သေးဘဲ နောက်ထပ် တရားစွဲသေးတယ်။ ဒီအချိန်မှာ အဲ(လ)ဗစ္စက စိတ်အားဖြင့်ရော၊ စည်းစိမ်ဥစ္စာပိုင်းကပါ အားအနည်းဆုံးအချိန်ပဲ။မောင် ဒီအချိန်မှာ လိုအပ်နေတာက မိတ်ဆွေတွေပါ။ ရန်သူတွေ မဟုတ်ပါဘူး။ ပျော်ရွှင်မှုမရှိ အလုပ်တွေ ပိနေတဲ့ အချိန်မှာ ဒီမိန်းမက နောက်ထပ် ငွေကြေးဝန်တွေပါ ပိအောင် ဖန်တီးလာတယ်။ သူ့ကို ပေးဖို့အတွက် မောင့်အနေနဲ့ ဒီထက် အလုပ်တွေ ပိုပြီး ပင်ပင်ပန်းပန်း လုပ်ရဦးမယ်။ ဒါ မတရားပါဘူး။

ဒီနှစ်ထဲမှာ မောင် ဖုန်းဆက်ပါသေးတယ်။ ခဏတစ်ဖြုတ်ပဲ စကားပြောဖြစ်ပါတယ်။ သူ့ အခြေအနေက ကောင်းမလာသေးသလို နောက်ထပ်လည်း ပိုဆိုးမသွားသေးပါဘူး။ မောင်က ဖလော်ရီဒါမှာ အိမ်တစ်လုံး ဝယ်မယ်တဲ့။ အဲဒီမှာ ကျွန်မတို့နှစ်ယောက် တစ်ရက်လောက် အတူနေခွင့်ရမယ်တဲ့။ သူလိုချင်တဲ့နေရာက Dismey Land နားမှာ ဖြစ်ချင်သတဲ့။ မောင်က အဲဒီလိုပဲ ကမ္ဘာကျော်တစ်ယောက်သာ ဖြစ်နေတာ။ သူ့ နှလုံးသားက ကလေးတစ်ယောက်လိုပဲ ရှိသေးတာ။

မောင့်စိတ်ကူး ကောင်းပါတယ်။တကယ်လို့ ကျွန်မတို့နှစ်ယောက် ဆုံစည်းခွင့်ရမယ်ဆိုရင်လည်း တစ်စုံတစ်ယောက်ရဲ့အရိပ်တွေ လွှမ်းမိုးခဲ့တဲ့ ဂရေ့(စ)လဲ(န)(ဒ) မှာတော့ မဖြစ်ချင်ဘူး။ ပြီးတော့ မောင်က တက္ကဆက်(စ)မှာလည်း အိမ်တစ်လုံး ဝယ်ချင်တယ်။ ကျွန်မ စိတ်ကြိုက်ရှာပါလို့ ပြောတယ်။

* * *

*(အဲ(လ)ဗစ္စက အဲဒီအချိန်တုန်းက တကယ်ပဲ ဝေ့(လ်)ဒစ္စနေနားမှာ အိမ်တစ်လုံးဝယ်ဖို့ စီစဉ်ခဲ့ပါတယ်။ အိမ်ဆောက်ပေးခဲ့တဲ့ ကန်ထရိုက်က တော်မီသော်(မ)(ပ)*

http://www.cherrythitsar.org



*ကင်ဆိုသူဖြစ်ပြီး အဲ(လ)ဗစ္စအပေါင်းအသင်းတစ်ယောက် တာဝန်ပေးချက်အရ အိမ်တွင်း ရုပ်ရှင်ကြည့်ခန်းတစ်ခန်းပါတဲ့ ကျောက်တုံးနဲ့ အိမ်တစ်လုံး ဆောက်ပေးခဲ့ရတယ်လို့ ဆိုတယ်။ ဒီအိမ်မှာ အဲ(လ)ဗစ္စ နေမသွားခဲ့ဘူးလို့ ဆိုကြပေမယ့် (ကန်ထရိုက်အဆိုအရ မြင်တောင် မြင်မသွားဘူးလို့ ဆိုတယ်) အိမ်နီးချင်းတွေက အနည်းဆုံး တစ်ညတော့ ဒီအိမ်မှာ အဲ(လ)ဗစ္စ နေသွားခဲ့တယ်လို့ ဆိုကြတယ်။ လက်ရှိပိုင်ရှင် ရေးနဲ့ ဘာဘရာဘရောင်းတို့ ပြောပြတာကတော့ လူတွေ မကြာခဏ လာပြီး ဒီအိမ်ကို ပရက်စလေ နေသွားတဲ့အိမ်အဖြစ် အမှတ်တရ ဓာတ်ပုံရိုက်ကြပါသတဲ့။ မစ္စဘရောင်းက ကျွန်တော့်ကို အပေါ်ထပ် ဧည့်သည်အိပ်ခန်းခေါ်သွားပြီး ပရက်စလေ အိပ်သွားတယ်ဆိုတဲ့ ခုတင်ကြီးတစ်လုံး ပြခဲ့ပါသေးတယ်/*

*                    *                    *

အဲ(လ)ဗစ္စက ခရစ္စမတ်အကြိုညမှာ ဖုန်းဆက်လာပါတယ်။ အဲဒီအချိန်မှာ ကျွန်မက ကွတ်ကီးမုန့် ဖုတ်နေချိန်ပေါ့။ ကျွန်မတို့ မိသားစုထုံးစံက အိမ်မှာ ကိုယ်တိုင်လုပ်အားပေးခြင်းပါပဲ။ မောင်ကတော့ နှုတ်ဆက်ခြင်း လက်ဆောင်ပေးတယ်လေ။ ဘယ်လောက် ကောင်းသလဲ။ 'မဲရီးခရစ္စမတ်(စ)'လို့ နှုတ်ဆက်ကြပြီးနောက် ကျွန်မတို့ စကားပြောကြရင်းက ခုလို အားလပ်ရပ်တွေမှာ ကျွန်မတို့နှစ်ယောက် အတူမနေဖြစ်ခဲ့ကြတာ ကြာလှပြီ ဖြစ်တဲ့အကြောင်း ရောက်သွားတယ်။

'ချစ်ရယ် . . . မောင်တစ်ယောက်တည်း ရှိနေချိန်မှာ မောင့်အနားမှာ ချစ်က အမြဲရှိနေတာပါ။ မောင့်စိတ်ထဲမှာ အမြဲသတိရနေတယ်။ ညကဆို အိပ်မက်တောင်မက်တယ်။ အိပ်မက်လို့သာ ပြောရတယ်၊ တကယ်လိုပါပဲ။ ဟိုတုန်းက မောင်တို့နှစ်ယောက် အတူရှိခဲ့ကြတဲ့ မဲ(မ)ဖစ္စက နေရာလေးကိုရောက်သွားကြတာတဲ့။ လာမယ့်နှစ်မှာလည်း မောင်က အလုပ်များဦးမှာပဲ။ ခရီးထွက်ရမယ့် ပွဲစဉ်တွေက တစ်နှစ်လုံးပြည့်နေပြီ၊ ဒါပေမယ့် တစ်ချိန်ချိန်တော့ မောင်တို့ တွေ့ခွင့်ရကြမှာပါ'

'နေကောင်းရဲ့လား မောင်'

'တော်တော်လေးတော့ ကောင်းပါတယ်၊ ဆေးတွေ သိပ်မသောက်တော့ဘူး'

'ဟို မိန်းမကကော မောင့်အနားမှာ ရှိနေတုန်းပဲလား'

'ဟန်နီရယ် . . . သူဘာကြောင့် မောင့်အနားမှာ ရှိနေရတယ်ဆိုတာ ချစ်သိပါတယ်ကွာ။ မောင် သူ့ကို မချစ်ပါဘူး။ အချစ်နဲ့သာ ဆုံစည်းခွင့်ရမယ်ဆိုရင် ဒါတွေ ဖြစ်လာစရာအကြောင်းကို မရှိပါဘူး။ မောင့်အနားမှာ ဘယ်သူမှ မရှိတော့ အထီးကျန်နိုင်လွန်းလို့ပါ။ ကိုယ့်ကောင်တွေကလည်း မိန်းမမူ ပွေနေကြတာနဲ့ ပြီးနေကြတာ'

http://www.cherrythitsar.org



ကျွန်မ အ,တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် မောင့်ကို ယုံတယ်။ ရှေးရှေးတုန်းက ကြားဖူးတဲ့ စကားတစ်ခု ကျွန်မရင်ထဲ ဝင်လာတယ်။ 'အချစ်မှာ သစ္စာဖောက်ခြင်းနှင့် ဥပေက္ခာပြုခြင်းသည် အပြစ်ဖြစ်၏'တဲ့။ မောင် တကယ် နေမကောင်းလို့ ပြုစုပေးနေတာပါဆိုရင်တော့ လင်ဒါကို ကျွန်မ စိတ်မရှိပါဘူး။ တစ်စုံတစ်ယောက်ကို ချစ်ရတာက သူ အကောင်းဆုံးဖြစ်အောင် မျှော်လင့်ခြင်းပဲ မဟုတ်ပါလား။ ဒီလိုအခြေအနေ သူ့ဘက်က ရှိနေတာကလည်း ကျွန်မအိမ်ထောင်ရေးနဲ့ သားသမီးတွေအပေါ် ထိခိုက်နစ်နာခြင်းက သက်သာစေတယ်လို့ ယူဆပါတယ်။ ကျွန်မ ကိုယ်တိုင်ကမှ သူ့အနား သွားမနေနိုင်မှတော့ သူ့အနားမှာ တခြားမိန်းမတစ်ယောက်ရှိနေတာကို အပြစ်တင်နေဖို့ မလိုအပ်တော့ပါဘူး။

အိမ်မှာ အခြေအနေတွေက ဆိုးလာတယ်။ ဆယ့်ကိုးနှစ်သမီး ဒဲနစ္စက ပြောလို့မနိုင်တဲ့ ကလေးမ၊ သူနဲ့ ဂျက် အငြင်းအခုန်တစ်ခုဖြစ်ရာက ဂျက်က ပါးစပ်ပိတ်စမ်းလို့ ပြောတာကို 'ရှင် ကျွန်မဘဝထဲ ဝင်မလာရင် အကောင်းဆုံးဖြစ်မှာပဲ'လို့ ပြန်ပက်လိုက်တော့တာပဲ။ နောက်တစ်နေ့မှာ သမီးက နှုတ်ဆက်စကားတောင် မဆိုတော့ဘဲ အိမ်က ထွက်သွားတယ်။ ကျန်တဲ့သမီးတွေက 'မာမီ. . . ဒဲနစ္စ ပြန်လာမှာ မဟုတ်တော့ဘူး'လို့ ဆိုကြပေမယ့် ရက်အနည်းငယ်ကြာတော့ ပြန်လာပါတယ်။ ဒါပေမယ့် အခြေအနေက တင်းမာဆဲပဲ။

နှစ်သစ်ကူးမတိုင်မီ တစ်ရက်မှာ အဲ(လ)ဗစ္စဆီက စာတစ်စောင် ရောက်လာတယ်။ ကျွန်မကို ရည်ညွှန်းစပ်ဆိုထားတဲ့ ကဗျာလေးတစ်ပုဒ်ကို စာရွက်ပေါ်မှာ လက်နှိပ်စက်နဲ့ ရိုက်ထားပါတယ်။ တကယ့်ကို ထူးခြားပါတယ်။ ကဗျာလေးက ကျွန်မရဲ့အချစ်ဟာ သူ့အတွက် ဘယ်လောက်အရေးပါကြောင်း စပ်ဆိုထားတာဖြစ်လို့ ကျွန်မ အရမ်းကြည်နူးရပါတယ်။ လက်ဆောင်ပစ္စည်းအဖြစ် ကြိုက်ရာဝယ်ဖို့ ဒေါ်လာ ၂၀၀၀ တန် ချက်လက်မှတ်တစ်စောင်လည်း ပါလာတယ်။ ဒီချက်လက်မှတ်က ကဗျာနဲ့ယှဉ်လိုက်ရင် ဘာမှ တန်ဖိုးမရှိသလိုပါဘဲ။

*[အဲ(လ)ဗစ္စက သူ ဒီဇိုင်းယားရီးဆီကို ရေးခဲ့တဲ့ ကဗျာက ကိုးကြောင်းပဲရှိပါတယ်။ ဒီဇိုင်းယားရီးဟာ သူ့ဘဝရဲ့ အမွန်မြတ်ဆုံးရတနာအဖြစ် တင်စားထားပါတယ်။ လူစီက ဒီကဗျာကို ဒီစာအုပ်မှာ ထည့်စေချင်တဲ့ ဆန္ဒရှိပေမယ့် အဲ(လ)ဗစ္စရဲ့ အမွေထိန်းများက စာများကိုလည်း မူပိုင်ခွင့်နဲ့ ထိန်းသိမ်းထားတာ ဖြစ်လေတော့ ဒီကဗျာကို ထည့်ခွင့်မပေးခဲ့ပါဘူး။*

*ခုချိန်အထိ လူစီရဲ့ဘတ်လမ်းကို ကျွန်တော်နားထောင်လာတာကို ပြန်ဆန်းစစ်ကြည့်လိုက်ရင် ပန်းတွေပို့တာ၊ စာတွေရေးတာ၊ လှို့ဝှက်ချစ်သူလို့ အမည်တပ်ကာ*

http://www.cherrythitsar.org



ဖုန်း မကြာခဏ ဆက်တာတွေ တွေ့ရတယ်။ ဒါ့လောက် အဆက်အသွယ်ရှိနေတာ ကလေးတွေနဲ့ တစ်ကြိမ်မဟုတ် တစ်ကြိမ် ပက်ပင်းတွေ့နိုင်စရာအကြောင်း မရှိဘူးလားလို့ မေးစရာ ရှိလာတယ်။ ဒါကြောင့် သမီးလေးတွေကို မေးကြည့်ပါတယ်။ ဒီဘိုရာ၊ မယ်လိုဒီနဲ့ ဒီဗိုင်းယားရီးတို့ဟာ ရိုသေလေးစားတတ်ခြင်း၊ စကားပြောရာမှာ နူးညံ့ညင်သာခြင်း၊ ရှက်တတ်ခြင်းတို့ ရှိတယ်ဆိုတာ တွေ့ရပါတယ်။ ကလေးအရွယ်ကနေ လူကြီးဖြစ်လာတဲ့အထိ အမေကို အစ်အောက်မေးခဲ့ကြတာ မရှိသလို နာကျင်ကြေကွဲစရာကောင်းတဲ့ သူတို့အမေရဲ့ ဘဝဇာတ်လမ်းကို ပြောပြပါလို့လည်း အတင်းအဓမ္မ မတောင်းဆိုခဲ့ကြပါဘူး။ ဒဲနစ္စကတော့ ထူးခြားတဲ့ ကလေးပဲ။ ရွှေရောင်ဆံပင် လှလှကလေးနဲ့ အဲဒီမိန်းမချောလေးက တက္ကသိုလ်မှာ စိတ်ပညာ သင်ယူနေပါတယ်။ ပွင့်ပွင့်လင်းလင်းနဲ့ တည့်တိုးစကားပြောတတ်ပြီး တစ်ခါတလေမှ လူကြီးစကား နားမထောင်တတ်တဲ့ ဒီမိန်းကလေးနဲ့ ကျွန်တော် နောက်ဆုံးမှာ စကားပြောဖြစ်ပါတယ်။

'ကျွန်မ အမေ တစ်ယောက်ယောက်နဲ့ ငြိစွန်းနေတယ်ဆိုတာ ကျွန်မသိတယ်။ အဲဒီတစ်ယောက်ဆိုတာကလည်း အဲ(လ)ဗစ္စဖြစ်တာလည်း ကျွန်မသိတယ်၊ မှတ်မှတ်ရရ ၁၉၆၀ ပြည့်နှစ်များမှ စခဲ့တယ်။ စခဲ့တယ်ဆိုတာက ကျွန်မသိတာကို ပြောတာပါ။ အဲဒီနှစ်တွေမှာ ဇာတ်လမ်းဟောင်း ပြန်ဆက်တာဖြစ်ချင်လည်း ဖြစ်ပါလိမ့်မယ်။ ဒါလည်း အမေပြောလို့ ကျွန်မသိတာ မဟုတ်ဘူး။ ကျွန်မဘာသာ သိလာတာပါ။ အမေအိမ်မှာရှိနေချိန်ဆိုရင် ဖုန်း ခဏခဏ လာတတ်တယ်။ ဖုန်းဆက် တဲ့သူတွေထဲမှာ ထူးထူးခြားခြား အဲ(လ)ဗစ္စလည်း ပါပါတယ်။ သူ့ဖုန်းဆိုရင် အမေ့လေသံက ထူးခြားတယ်၊ ပိုပြီးချိုသာတယ်၊ ပိုပြီး ချစ်ဖို့ကောင်းတယ်၊ အဲဒီအချိန်မျိုးမှာ အမေ့မျက်နှာက ဝင်းပနေတော့ သူချစ်သူဆိုတာ ရှင်းပါတယ်။ ဒါကို မမြင်ကြဘူးဆိုရင်တော့ ကန်းနေလို့သာဖြစ်မှာပဲ။ အမေက နာမည် ဝှက်နဲ့ခေါ်တယ်။ လဲ(န)(စ)လော့(တ)တဲ့၊ ဒီတော့ ပန်းတွေပို့တိုင်း လဲ(န)(စ)လော့(တ)လို့ လက်မှတ်ထိုးထားတာဟာလည်း အဲ(လ)ဗစ္စပဲဆိုတာ သိသာပါတယ်။ ဖုန်းစကားပြောပြီးတိုင်း အမေက ကျွန်မနဲ့ စကားပြောတတ်တယ်။ အဲဒီလိုပြောတိုင်း ဖြောင့်ဖြောင့်ပြောတာ မဟုတ်ပေမယ့် အဲ(လ)ဗစ္စအကြောင်းတွေက ပါပါလာတယ်။ ဘယ်လောက် အံ့သြစရာကောင်းလဲ၊ ဖုန်းလာတိုင်း၊ ပန်းတွေ ရောက်လာတိုင်း အမေ့မျက်နှာဟာ အဲဒီလို တစ်ပုံစံတည်း ချိုသာနေသလို ရေဒီယိုကနေ အဲ(လ)ဗစ္စရဲ့ သီချင်းသံကြားလိုက်ရင်လည်း အမေ့မျက်နှာက ကြည်နူးနေတယ်ဆိုတာ သိသာတယ်။ အမေနဲ့ ပတ်သက်နေသူဟာ အဲ(လ)ဗစ္စပဲ

လို့ သိသာတာနဲ့ တစ်ပြိုင်တည်း တယ်လီဖုန်းထဲကကြားရတဲ့ သူ့အသံဟာလည်း လုံးဝမှားနိုင်စရာ မရှိတဲ့ အဲ(လ)ဇစ္စအသံပဲဆိုတာ ကျွန်မသိခဲ့ပါတယ်။

သူ့ကို အမေသွားတွေ့တော့မယ်ဆိုရင်လည်း ကျွန်မသိတယ်။ အဲဒီအခါမျိုးမှာ အမေက သူ့အဝတ်အစား အကောင်းဆုံးတွေ ရွေးတော့တာကိုး။ အမေ့မျက်စိတွေ အရောင်တစ်လက်လက် တောက်နေတာကိုကြည့်ရင် ပျော်နေတယ်ဆိုတာ သိသာသလို တစ်ယောက်တည်း သွားရမယ့်ခရီး မဟုတ်ဘူးဆိုတာလည်း တွက်လို့ရပါတယ်။ အဲဒီလို သဘောပေါက်လာတာနဲ့အမျှ ကျွန်မညီမလေး ဒီဗိုင်းယားရိုးရဲ့ ဖခင်ဟာ အဲ(လ)ဇစ္စပဲဆိုတာလည်း တွက်လို့ရပါတယ်။ ညီမလေးက အဲ(လ)ဇစ္စနဲ့ သိပ်တူတယ်လေ။ အမေကလည်း သူ့ဘဝတစ်လျှောက်လုံးမှာ ဖုန်းဆက်တဲ့ သူတစ်ယောက်တည်းကို အချစ်ခဲ့ဆုံး မဟုတ်လား။ ပန်းတွေပို့တဲ့လူ၊ ဖုန်းဆက်တဲ့လူ၊ ဒီဗိုင်းယားရိုးအဖေ အားလုံးဟာ တစ်ယောက်တည်းပဲ။ အဲဒီလူက အဲ(လ)ဇစ္စ ပရက်စလေပေါ့။

ကျွန်မ ဘာမှမပြောဘူး၊ အထူးသဖြင့် ဒီဗိုင်းယားရိုးကို မပြောဘူး။ ကျွန်မ ပြောသင့်တဲ့ ကိစ္စလည်း မဟုတ်ဘူးလေ။ ဒါပေမယ့် ကိုယ်ကသိနေတော့ တော်တော် အနေရခက်တယ်။ ဒီဗိုင်းယားရိုး သိသင့်တယ်လို့ ကျွန်မယုံတယ်။ ဒါပေမယ့် သူ့ကိုပြောလိုက်ရင် အမေ့ကိုသတ်သလို ဖြစ်သွားမှာလည်း စိုးပါတယ်။ ကျွန်မ ဘာလုပ်ရမှန်း မသိဘူး။ အမေ တစ်စုံတစ်ယောက်နဲ့ ငြိစွန်းနေတယ်ဆိုတာ သိပေမယ့် ကျွန်မ စိတ်မဆိုးခဲ့ပါဘူး။ အမေ့အတွက် ကျွန်မဝမ်းသာတယ်။ ဘာကြောင့်လဲဆိုတော့ အမေဟာ အိမ်ထောင်ရေး ကံမကောင်းခဲ့ဘူးဆိုတာ ကျွန်မသိလို့ပဲ။ အဲ(လ)ဇစ္စနဲ့ ပတ်သက်တာလည်း ဘာမှ ကြီးကျယ်တဲ့ ကိစ္စလို့ ကျွန်မ မထင်ပါဘူး။ သူဟာ ဆယ်ကျော်သက်တွေရဲ့ ဘုရင်ဆိုပေမယ့် ကျွန်မရဲ့ ဘုရင်တော့ မဟုတ်ပါဘူး။

ကျွန်မအစ်မတွေ၊ ညီမတွေနဲ့ မောင်လေးက ဘာကြောင့် အမေဒီလိုဖြစ်နေတယ်ဆိုတာ မသိကြတာလဲ ဆိုတာတော့ ကျွန်မ မပြောတတ်ဘူး။ သူတို့အနေနဲ့ ဒီလိုဖြစ်နေတယ်ဆိုတာ လက်မခံနိုင်လို့ မသိချင်ယောင်ဆောင်နေကြတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်မ ဘာကြောင့်သိတာလဲဆိုတာကိုတော့ ပြောနိုင်ပါတယ်။ အမေနဲ့ အဲ(လ)ဇစ္စ ပြန်ဆက်မိကြတော့ ကျွန်မအသက် ဆယ့်သုံးလေးနှစ်အရွယ် ရောက်နေပြီ။ အပျိုဖော်ဝင်စဆိုတော့ ချစ်တယ်ကြိုက်တယ် ဆိုတာကို စိတ်ဝင်စားလာပြီ။ ပန်းတွေ ရောက်လာတာမြင်ရင် ကျွန်မရင်ခုန်တယ်။ အမေ ဖုန်းပြောနေရင် ကျွန်မ ခိုးနားထောင်တယ်။ သူတို့သွားတွေ့ဖို့ အဝတ်အစားတွေ

http://www.cherrythitsar.org



*ပြင်ဆင်နေပြီဆိုရင်လည်း ချောင်းကြည့်တာပဲ။ အမေက ကျွန်မရှေ့မှာ ရှည်းစား ထားပြသလို ဖြစ်ခဲ့တာကိုး။ ]*

ဆယ့်ငါးနှစ်အရွယ်မှာ ဒီဇိုင်းယားရီးက အဲ(လ)ဗစ္စနဲ့ ပိုတူလာတယ်။ နှုတ်ခမ်း ဖူးဖူးရွရွကလေးက သူ့အဖေအတိုင်းပဲ။ စိုက်ကြည့်တတ်တဲ့ မျက်စိတွေ၊ လှုပ်ရှားဟန်တွေက မောင့်ကို ကြေးမုံပြင်ထဲမှာ မြင်ရသလိုပဲ။ ပြီးတော့ သမီးက နူးညံ့သိမ်မွေ့တယ်။ ဘာသာတရား ကိုင်းရှိုင်းတယ်၊ သွားလေရာကို သမ္မာကျမ်းစာအုပ်ကလေး ယူသွားတတ်ပါတယ်။ ဒါတွေအားလုံး သူ့အဖေရဲ့ ဗီဇတွေပဲပေါ့။ တစ်ခါတော့ သူငယ်ချင်းတွေနဲ့ ညသွားအိပ်တယ်။ သမီးက ညအိပ်ရာဝင်ခါနီး ဒူးထောက် ဘုရားရှိခိုးတော့ သူ့ သူငယ်ချင်းတွေက ရယ်ကြသတဲ့။ ပြန်လာတော့ သမီးက ပြောပြတယ်။ ကျွန်မက ဘုရားတရားအလုပ်ကို မရှက်မရွံ့ လုပ်ပါလို့ပဲ တိုက်တွန်းအားပေးခဲ့ပါတယ်။

နှစ်သစ်တစ်နှစ်ကူးခဲ့ပါပြီ။ မတ်လမှာ အဲ(လ)ဗစ္စ ဖုန်းဆက်လာတယ်။ မွန်ရိုးမြို့က ဆက်တာတဲ့။ 'ဟန်နီ. . . ဒီနေရာလေးကို သတိရသေးလား၊ မောင်တို့နှစ်ယောက်နဲ့ ရင်းနှီးပြီးသား နေရာလေးပဲ'လို့ ပြောပြီး ရယ်တယ်။ နောက်တစ်နေ့ သူထပ်ဆက်တာ မြောက်ပိုင်း ကာရိုလိုင်းနားကို ရောက်နေပြီ။ ဒီမြို့သေးသေးကလေးမှာ ဘာကြောင့် ပွဲတွေလျှောက်လုပ်နေသလဲဆိုတာ တွေးရင်း ကာနယ်ကို နားမလည်နိုင်တော့ဘူး။ မြို့သေးကလေးတွေ များများဆိုရတော့ နှစ်ဆပင်ပန်းတာပေါ့။ မောင့်လို ပွဲတိုင်းပြည့် အာမခံချက်ရှိတဲ့ အဆိုကျော်တစ်ယောက် အနေနဲ့ ဒီလိုမြို့သေးသေးလေးတွေမှာ ဆိုဖို့ မလိုအပ်ပါဘူး။ ဂျာမနီ၊ ပြင်သစ်၊ ဂျပန်စတဲ့ နိုင်ငံကြီးတွေမှာ ပွဲကြီးတွေ ဘာကြောင့် သွားမလုပ်တာလဲ၊ တော်တော် အဓိပ္ပာယ်မဲ့တာပဲ။ နောက်ရက်သတ္တပတ် အနည်းငယ်ကြာတော့ မြို့သေးသေးလေး တစ်ခုကနေ ဆက်ပြန်တယ်။ ဒီအခါ ကျွန်မ မနေသာတော့ဘဲ မေးလိုက်မိတယ်။

'မောင်လည်း အဲဒါပဲ တွေးနေမိတယ်။ မောင့်ကို ဒီမေးခွန်း မေးတာချစ် တစ်ယောက်ပဲရှိတယ်။ ကာနယ်က သူလုပ်ချင်တာ လျှောက်လုပ်နေတော့ တာပဲ။ ကုမ္ပဏီတွေနဲ့ စာချုပ်တဲ့နေရာမှာ မောင့်နာမည် တောက်လျှောက်သုံးထားတာဆိုတော့ မောင့်စိတ်ကူးနဲ့ မောင် ဘာမှ လုပ်လို့မရဘူးပေါ့။ ဒါတွေ မကြာခင် မောင် ရှင်းရမယ်။ ခုတော့ ငွေရှာဖို့အတွက် အလုပ်လုပ်ရဦးမယ် ချစ်ရယ်'

'ဒီလို လုပ်နေရတာ မောင် ပျော်ကောပျော်ရဲ့လား'

'လူစီ. . . မောင် အရမ်းပင်ပန်းတာပေါ့၊ တကယ်လို့ ချစ်သာ အနားမှာရှိ

http://www.cherrythitsar.org



နေမယ်ဆိုရင်တော့ မောင် အပန်းပြေမယ်ထင်တယ်၊ လွမ်းတယ်ကွာ၊ ညစဉ် ဘုရားရှိခိုးတိုင်း ဒီအရှုပ်ထွေး အနှောင်အဖွဲ့တွေကနေ မောင် အမြန်ဆုံး လွတ်ပါစေတော့လို့ ဆုတောင်းမိတယ်။ ဒါတွေ ထားပါတော့၊ ချစ် အခြေအနေကော ကောင်းရဲ့လား၊ ဘာလိုသေးလဲ'

'မလိုပါဘူး မောင်၊ ခုလိုမေးဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်မောင်'

'ဟန်နီ. . . ချစ်ကို မောင်သိစေချင်တာ တစ်ခုရှိတယ်။ လင်ဒါက ခုထက်ထိ မောင့်အနားမှာ ရှိနေတုန်းပဲ။ ဒါပေမယ့် မကြာခင် ပြောင်းသွားမှာပါ။ ချစ်ပြောခဲ့တာတွေ မှန်တယ်၊ မြင်သမျှကို မယုံရဘူးဆိုတာလေ၊ မောင် ဆေးသောက်ချိန်မှာ အနားက စောင့်ကြည့်ပေးမယ့် လူတစ်ယောက်လိုတာ အမှန်ပဲ။ ရယ်စရာများဖြစ်နေမလားတော့ မပြောတတ်ဘူး။ သူတို့အားလုံးက မောင့်ကို အရုပ်တစ်ရုပ်နဲ့ ကစားနေသလို လုပ်နေကြတာ၊ ချစ်က ရိုးလွန်းတော့ မောင့်ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်နေတယ်၊ ဘာဖြစ်လာနိုင်တယ်ဆိုတာ ခန့်မှန်းနိုင်မှာ မဟုတ်ဘူး။ စိတ်မပူနဲ့၊ မောင်က သူတို့ထက် လျင်ပါတယ်'

မောင် ပြောလိုက်တော့ ရုပ်လုံးက ပိုပီပြင်လာတယ်။ လင်ဒါ၊ ကာနယ်နဲ့ သူ့လူတွေက တစုတစည်းတည်း လုပ်နေကြတာဆိုရင် မောင့်နောက်မှာ ဘယ်သူမှ မရှိဘူးပေါ့။ ရောက်လေရာ မြို့ကလေးတွေက ဖုန်းဆက်တိုင်း သူ ဘယ်လောက် ပင်ပန်းပြီး အထီးကျန်တယ်ဆိုတာ ပြောပါတယ်။ လတွေပြောင်းခဲ့ပေမယ့် မောင့်အခြေအနေက ပြောင်းမလာဘူး။ အလုပ်တွေလုပ်၊ ပင်ပန်းနွမ်းနယ်မှု သံသရာမှာ လည်နေတယ်။ ခရစ္စမတ်ကို ကျော်ဖြတ်လို့ နှစ်သစ်တစ်နှစ် ကူးခဲ့ပြန်ပါပြီ။ ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလမှာ ကျရောက်တဲ့ သူ့အသက် ၄၀ပြည့် မွေးနေ့အတွက် ကျွန်မကိုယ်တိုင် တစ်ချောင်းထိုးနဲ့ ထိုးထားတဲ့ ခရစ်တော်ရဲ့ပုံ ပို့ပေးလိုက်တယ်။ စိတ်ဓာတ်ကျနေတဲ့ သူတစ်ယောက်အတွက် ဘုရားသခင်သာ အားထားရာ မဟုတ်လား။ နောက်တစ်ပတ်လောက်နေတော့ သူ ဖုန်းဆက်လာတယ်။ ကျွန်မ လက်ဆောင်ကလေးကို သူ အရမ်းမြတ်နိုးကြောင်း ပြောပါတယ်။ သူက ကျွန်မ မဲ(မ)ဖစ်စ္စကို လာနိုင်လားလို့မေးတယ်။ တကယ်လို့ သူတစ်ယောက်တည်းရှိနေအောင် စီစဉ်နိုင်မယ်ဆိုရင် ကျွန်မ လာမယ်လို့ သဘောတူလိုက်ပါတယ်။ ဒီတစ်ခါ နှစ်ယောက်တည်းတွေ့ရင် ကျွန်မ အနှစ်နှစ်အလလက မပြောခဲ့တာတွေ ပြောတော့မယ်လို့ သစ္စာပြုလိုက်မိပါတယ်။

'အားလုံး ပြောင်းလဲကုန်ပြီ ချစ်ရေ၊ ကာနယ်ကို မောင် အလုပ်ဖြုတ်လိုက်ပြီ။ သူ မောင့်ကို လုပ်စားနေတာတွေ သိတဲ့အကြောင်းလည်း ပြောပစ်လိုက်တယ်။

http://www.cherrythitsar.org



သူ လုပ်ထားတာတွေက သူ့ခွင့်ပြုချက်မပါရင် မောင် ဘာမှလုပ်လို့မရအောင် လုပ်ထားတယ်။ ယုံလား၊ သူ့ခွင့်ပြုချက်မရှိရင် မောင် ရုပ်ရှင်မရိုက်ရဘူး၊ သီချင်းမဆိုရဘူး၊ ကုမ္ပဏီမထောင်ရဘူး၊ အိုကွာ နောက်ဆုံး ရေချိုးခန်းဝင်တာတောင် သူ့ခွင့်ပြုချက် ယူရမလိုဘဲ။ မောင် ယုံကြည်ခဲ့သမျှ သူက လုပ်စားသွားတယ်။ ခုတော့ အားလုံးကို မောင် သတိပေးထားတယ်။ မောင် နောက်ထပ် ဒီထက် သဘောမကောင်းနိုင်တော့ဘူးလေ။ ခု ကာနယ်ကို စာရင်းတွေရှင်းဖို့အတွက် ခဏတော့ နေခွင့်ပေးထားရတယ်။ မောင့်အနေနဲ့ သူ့ကိုခိုင်းဖို့ လိုအပ်ပေမယ့် အနားမှာ ထားဖို့တော့ မလိုပါဘူး။ စိတ်မပူပါနဲ့နော်၊ မောင် မကြာခင် တစ်အိမ်လုံး ရှင်းပစ်လိုက်နိုင်မှာပါ'

'မောင့် အဖေကော နေကောင်းရဲ့လား'

'ကောင်းတော့ မကောင်းပါဘူး။ ဒါပေမယ့် သူလည်း ဝင်ပါရတာပေါ့'

လင်ဒါတစ်ယောက်ကော မောင့်အနားမှာ ရှိနေသေးသလားလို့ မေးချင်ပေမယ့် သူ့စကား စ,မလာမချင်း မမေးတော့ဘူးလို့ ကျွန်မ ဆုံးဖြတ်ထားတာကြောင့် မမေးတော့ပါဘူး။

ရက်တွေကနေ လတွေ ပြောင်းခဲ့ပြန်ပြီ။ ကျွန်မ လက်ထဲမှာ ရှိတဲ့ လက်ကျန်ငွေကလေးနဲ့ ကျောက်မျက်ပစ္စည်းတွေ ဒီဇိုင်းသစ်လုပ်တဲ့ အလုပ် ကျွန်မ စလုပ်ကြည့်တယ်။ သမီးကြီးတွေက ကောလိပ်ရောက်ကုန်ကြပြီဆိုတော့ သမီးတို့အတွက် ဂုဏ်တက်ပါတယ်။ သမီး ဒီဇိုင်းယားရီးက လိုင်းယင်းကလပ် အလှဘုရင်မဘွဲ့ရတယ်။ အားလုံးက သူ့ကို မြို့လုံးကျွတ် အလှမယ်ရွေးပွဲမှာ ပြိုင်စေချင်ကြပေမယ့် သူက ငြင်းတယ်။ သမီးက အမေ့သွေး ပါတယ်လေ။ တစ်ခါတလေ စင်ပေါ်တက်ဖြစ်ပေမယ့် ပုန်းချင်လျှင်လည်း ပုန်းနေတတ်တာမျိုး၊ သမီးက ဘဲလေးနဲ့ ဂီတကို စိတ်ဝင်စားတဲ့အတွက် သင်တန်းတက်တယ်။ သူ့အဖေသာ သိရင် ဘယ်လောက် ဂုဏ်ယူလိုက်မလဲ။

သမီးအငယ် ဂျက်ကလင်းကလည်း အသက် ၉နှစ်သာ ရှိသေးပေမယ့် အနုပညာဗီဇက ပြနေပြီ။ သူ့ကျောင်းကို ကိုယ်စားပြုပြီး ဂီတပြိုင်ပွဲတွေမှာ နွှဲနေရပြီလေ။ ဒီဇိုင်းယားရီးတုန်းကလည်း ဒီလိုပဲ ဆုတွေ ရခဲ့ဖူးတာပဲ။ ဂျက်ကလင်းက အိမ်မှာပိုပြီး ဆိုတတ်၊ တီးတတ်တယ်။ ဒီဇိုင်းယားရီးကတော့ ရှက်တတ်တယ်။ ဇာတ်ခုံပေါ်ရောက်ရင် စိတ်လှုပ်ရှားရော၊ တစ်ခါတုန်းကများ သူ့ခြေထောက်လေးတွေ တဆတ်ဆတ်တုန်နေတာ ကျွန်မ မြင်ခဲ့ရဖူးတယ်။ သူ့အဖေဖြစ်ခဲ့ဖူးတာကို သွားသတိရမိပါရဲ့။ တစ်ခါတလေ ဒီဇိုင်းယားရီးက အိမ်မှာ စန္ဒရားတီးပြီး

http://www.cherrythitsar.org



အဲ(လ)ဗစ္စရဲ့ သီချင်းဆိုတတ်ပါတယ်။ အဲဒီအချိန်အခါမျိုးမှာ ကျွန်မ နှလုံးသား တွေ ဓားနဲ့ အမွှန်းခံရသလို ခံစားရပါတယ်။ တစ်ခါတုန်းက Love Me Tender သီချင်း သူဆိုနေတာကို မီးဖိုချောင်ပေါက်ဝက ရပ်ကြည့်ရင်း စိတ်မထိန်းနိုင် တော့တာမို့ အားလုံး ဖွင့်ပြောလိုက်တော့မယ်လို့ ရည်ရွယ်ပါသေးတယ်။ ဒါပေ မယ့် ပြောမထွက်ခဲ့ပါဘူး။

သမီးက Ursuline Academy တက်ချင်တယ်။ ဒါပေမယ့် ကျွန်မက စရိတ် မတတ်နိုင်တာကြောင့် နောက်ဆုံးမှာ ဘဲလေး ကချေသည် လုပ်တော့မယ်ဆိုပြီး အကသင်တန်း တက်တော့တာပါပဲ။ ကျောင်းဝင်ခွင့်ရဖို့အတွက် ပဏာမ စစ် ဆေးရာမှာ ကပြရတယ်။ စစ်ဆေးခံပြီးလို့ ဖိနစ်ချွတ်လိုက်တော့ ခြေဖျားမှာ သွေးတွေ၊ တစ်စုံတစ်ခုရဖို့အတွက် ဒီလိုပဲ အနစ်နာခံရတယ်လို့ ကျွန်မက ဖျောင်း ဖျပေမယ့် သမီးက ဒီအလုပ်ကို မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

အိမ်အပြန်လမ်းမှာ ရေဒီယိုဖွင့်လိုက်တော့ အဲ(လ)ဗစ္စရဲ့ What Now My Love သီချင်း လာနေပါတယ်။ တိုက်ဆိုင်လွန်းတဲ့အတွက် ကျွန်မ အသည်းတွေ တစ်စစီ ဆွဲဖွဲ့နေသလိုပါပဲ။ ကျွန်မ ငိုနေတာကို သမီး မမြင်စေချင်ဘူး။ ဖုန်းထဲ မှာ ပြောခဲ့သမျှ စကားလုံးတွေဟာ သီချင်းထဲမှာ ထပ်တူထပ်မျှပါပဲ။ ကျွန်မ မောင့်ရင်ခွင်ထဲ ပြေးဝင်ချင်ပါပြီ။ ကျွန်မ မျက်ရည်ကျနေတာကို သမီး တွေ့ သွားပေမယ့် ဘာမှ မပြောပါဘူး။

*         *         *

နောက် လေးငါးရက်နေတော့ အဲ(လ)ဗစ္စ ဖုန်းဆက်လာပါတယ်။ သူ့အသံ က မြူးမြူးကြွကြွပါပဲ။

'ဒါ ကိုယ့်အချစ်စစ်ကလေးလား'

'သိဘူး။ အခု စကားပြောနေတာ ဘယ်သူလဲ ဆိုတဲ့ အပေါ် မူတည်မှာပေါ့။ ကျွန်မ အချစ်စစ်က အား(လ)လဲ(န)(စ)လော့(တ)ပါ'

ဒီလို စ,နောက်ရတာ ပျော်စရာကောင်းပါတယ်။ အရင်တုန်းက ဖုန်းဆက် တဲ့အသံနဲ့ လုံးဝမတူတော့ဘူး။

'ဟုတ်ကဲ့၊ ကျွန်တော် အား(လ)လဲ(န)(စ)လော့(တ) အစစ်ဖြစ်ကြောင်း အာမခံပါတယ်။ ကျွန်တော် ထပ်မေးပါရစေ၊ အခုပြောနေတာ ကျွန်တော့် အချစ် စစ်ကလေး ဟုတ်ပါသလား'

'ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ နေကောင်းရဲ့လား မောင်တော်'

'Answer me Oh my love, What sins have I been guilty of? How did I,

http://www.cherrythitsar.org



Come to loose your love? '

မောင်က အဆိုကျော် နက်(တ)ကင်းကိုး(လ)အသံနဲ့ သီချင်း တစ်ပိုင်းတစ်စ ဆိုပြနေတယ်လေ။

'နားထောင်လို့ ကောင်းလိုက်တာ မောင်ရယ်၊ အဲဒီ သီချင်းလေး ဓာတ်ပြား သွင်းပါလားဟင်'

'ချစ်တယ် ချစ်ရယ်၊ မောင့်ဆီကို လာခဲ့ပါတော့။ မလာနိုင်ဘူးဆိုတဲ့ အဖြေ ကိုတော့ မောင် လုံးဝမကြားပါရစေနဲ့'

ကျွန်မ ဘာမှမပြောတော့ သူငြိမ်သွားတယ်။

'ကြာသပတေးနေ့ လာခဲ့ပါလားကွယ်. . . နော်၊ မောင် ချစ်နဲ့ အတူနေပါရစေ'

တယ်လီဖုန်းခွက်ကို ကပ်ပြီး သူနမ်းလိုက်သံကြားရတော့ ကျွန်မ တစ်ကိုယ် လုံး ကြက်သီးတွေတောင် ထသွားပါတယ်။

'ဒီဖိုင်းယားရီးရယ်. . . ကြာသပတေးနေ့အထိတောင် မောင် မစောင့်ချင် တော့ဘူး။ မောင်တို့နှစ်ယောက် ရင်ဖွင့်ကြရအောင်နော်'

'မကြာပါဘူး မောင်ရယ်၊ စောင့်လိုက်ပါနော်'

'လူစီ. . . အချစ်ကို မောင့် ဒီဖိုင်းယားရီးလို့ နာမည်ပေးထားတဲ့နေ့ မှတ်မိသေး လား'

သိပ်မှတ်မိတာပေါ့ မောင်ရယ်။ ဆေးရုံပေါ်မှာ မောင့်သမီးလေးနဲ့ ကျွန်မ လွှန်ခဲ့တဲ့ (၁၇)နှစ်က နှစ်ယောက်တည်း ရှိနေကြချိန်မှာလည်း ဒီ နာမည်လေးကို သတိရခဲ့တာမို့ သမီးကို ဒီဖိုင်းယားရီးလို့ မှည့်ခဲ့တာပေါ့။

'မှတ်မိတယ် မောင်၊ ကျွန်မဟာ မောင်ရဲ့ ထာဝရအချစ်၊ ထာဝရ စွဲမက်နေ မယ့် သူမို့ ဒီနာမည်ပေးခဲ့တယ်လို့ ပြောတာလေ။ မောင့် စကားတွေ အားလုံး မှတ်မိပါတယ်'

'ခု မောင်တို့နှစ်ယောက် ဘဝမှန်တိုင်းတွေ ဘယ်လောက်ပဲ ကြမ်းကြမ်း လက်တွဲပြီး ရင်ဆိုင်ကြမယ်၊ မောင့်စကားကို ယုံတယ်မဟုတ်လား ဟန်နီ'

'ယုံပါတယ် သခင်'

အဲဒီညက ဆိုဖာပေါ်မှာ တယ်လီဖုန်းကို ရင်ထဲပွေ့ထားရင်း အိပ်ပျော်သွားခဲ့ ပါတယ်။ နှစ်ပေါင်းများစွာ အိပ်မောကျနေတဲ့ မေတ္တာရဲ့ နွေးထွေးမှုကို ပထမဆုံး အကြိမ် ပြန်ခံစားရတဲ့ ညပါပဲ. . ။

□

http://www.cherrythitsar.org



# အခန်း (၂၂)

စက်တင်ဘာလ၊ ၁၉၇၅

အဆက်မပြတ် ဖုန်းမြည်သံက ကျွန်မကို နိုးလာစေခဲ့ပါတယ်။ မနက်အစော ကြီး ဖုန်းဆက်လာသူက အဲ(လ)ဗစ္စ။ သူ ဆက်နေကျ အချိန် မဟုတ်ပါဘူး။

'လူစီ. . . မနက်ဖြန် မောင့်ဆီလာနိုင်မလား၊ အစီအစဉ် အားလုံး လုပ်ထား ပြီးပြီ။ ကျေးဇူးပြုပြီး လာခဲ့ပါကွာ'

'ဘာဖြစ်တာလဲ မောင်၊ အရေးကြီးလို့လား'

'ဟုတ်တယ်၊ ဒါပေမယ့် အကောင်းပါ၊ မောင် မင်းအတွက် အံ့သြစရာတစ် ခု စီစဉ်ထားတယ်။ အဲဒါ မအောင့်နိုင်တော့လို့'

'အိုကေ၊ ဒါပေမယ့် ကျွန်မ တစ်ရက်တည်းပဲ နေနိုင်မယ်နော်။ ကျွန်မ အလုပ်ရှိလို့၊ နောက် သုံးလေးပတ်လောက် စောင့်နိုင်ရင်တော့ ကျွန်မ ကြာကြာ နေလို့ရတယ်'

သူ အသံမထွက်တော့။

'မောင် ကျွန်မပြောတာ ကြားရဲ့လား'

'ဘာဖြစ်လို့ အဲဒီအလုပ်ကို လုပ်နေရတာလဲ'

'ဘာလဲ မောင်'

'ဘယ်လောက်ကြာအောင် ဒီအလုပ်ကို မင်းဆက်လုပ်နေဦးမှာပဲ။ မောင့်မှာ ရှိသမျှကို မင်းပိုင်တာပဲ။ မင်းကို ဘာလုပ်စေချင်တယ်ဆိုတာ မသိဘူးလား'

မောင်က ကျွန်မ အလုပ်လုပ်တာနဲ့ ပတ်သက်လို့ လုံးဝ သဘောမကျ၊ ဒီ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မကလည်း ခေါင်းမာတယ်။ ကျွန်မဘဝ ကျွန်မ ဆက်လျှောက်နိုင်ဖို့အတွက် အလုပ် လုပ်ရမယ်ဆိုတာ မောင် လုံးဝ နားမလည် ဘူး။ ခုဆိုရင် သူ့အခြေအနေက စိုးရိမ်စရာ ကောင်းလောက်အောင် ပြောင်းလဲ လာခဲ့ပြီမို့ ကျွန်မပိုလို့တောင် ကြောက်ပါသေးတယ်။ သူ့ပတ်ဝန်းကျင်က လူတွေ

http://www.cherrythitsar.org



အများကြီးထဲမှာ ကျွန်မ မပါဘူး။ ကျွန်မဘဝက တိတ်တခိုး နေရတဲ့ဘဝ။ လူစုလူဝေးနဲ့ နေရတဲ့ ဘဝထဲမှာ ကျွန်မ ဘယ်တော့မှလည်း ဝင်ဆံ့နိုင်မယ် မထင်ပါဘူး။

'ဒီရောက်တော့မှ မောင်တို့ စကားပြောကြတာပေါ့'တဲ့။

နောက်တစ်နေ့ မဲ(မ)ဖစ္စကို ကျွန်မ လေယာဉ်စီးသွားတော့ စိတ်ပူစပြုလာတယ်။ကျွန်မတို့နှစ်ယောက်ရဲ့ တိတ်တိတ်ပုန်းဇာတ်လမ်းကို သိသွားကြပြီလား။ လင်ဒါက ဘယ်ရောက်သွားပြီလဲ။ မောင်က ကျွန်မကို လေဆိပ်မှာ လာကြိုချင်တယ်ဆိုပေမယ့် ကျွန်မက မကြိုပါနဲ့လို့ တားခဲ့တယ်။ ရုပ်ဖျက်လာတယ်ဆိုဦးတော့ သိပ်စွန့်စားရာ ရောက်ပါတယ်။ ဟိုတယ်ကိုသွားပြီး ကျွန်မ စောင့်နေလိုက်တယ်။ သောကတွေ အားလုံး ပျောက်သွားပြီ။ အပျိုစင်တစ်ယောက် ရည်းစားနဲ့ ပထမဆုံးချိန်းတွေ့တဲ့နေ့လို ရင်ခုန်လာတယ်။

ထုံးစံအတိုင်း နာရီဝက်အတွင်း သူ ရောက်လာပါတော့တယ်။ တံခါးဖွင့်လိုက်ချိန်မှာ ကျွန်မ အံ့ဩသွားတာက သူ့ခန္ဓာကိုယ်ဝပြီး မျက်နှာပြုံးနေတယ်။ ဝနေတယ် ဆိုတာထက် ဖောနေတယ်ဆိုရင် ပိုမှန်လိမ့်မယ်။ သူ ဘယ်လောက်နေမကောင်းသလဲဆိုတာ ကျွန်မ မသိပါဘူး။ လမ်းပေါ်မှာ အနေများပြီး အစားဆင်းရဲတဲ့ သူ့ဘဝကိုတောင် ကျွန်မက သနားနေမိသေးတာ။ သူ့နှုတ်ခမ်းလေးကွေးပြီး ထုံးစံအတိုင်း အပြုံးလှလှကလေး ပေါ်လာတယ်။ မောင်ဟာ သာမန်ယောကျ်ားတွေ စိတ်ကူးယဉ်အိပ်မက် မက်နိုင်တာထက် ပိုချောပါတယ်။

မောင်က ကျွန်မကို အကြိမ်ကြိမ်ကြည့်တယ်။

'မောင့်ရှေ့မှာ ရောက်နေတာ ဟုတ်မှဟုတ်ရဲ့လား'လို့ ဆိုတယ်။ နောက်တစ်နာရီလောက် ကျွန်မတို့နှစ်ယောက် နှုတ်ဖျားက စကားမပြောဖြစ်ခဲ့ကြဘဲ ခန္ဓာကိုယ်တွေကသာ စကားပြောနေခဲ့ကြပါတယ်။ မောင့်ရင်ခွင်ထဲမှာနေရင်း ကမ္ဘာကြီးရဲ့အချိန်တွေ ကုန်သွားစေခဲ့တယ်။ ရုတ်တရက် မပြောမဆို မောင်က ခုန်ထလိုက်ပြီး 'ကားလျှောက်စီးရအောင်'တဲ့။ ဟိုတယ် ဘေးပေါက်က ထွက်သွားပြီး သူ့ကားနဲ့ ဟိုတယ်ရှေ့မှာ ကျွန်မကို လာကြိုပါတယ်။ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ထားရင်း မဲ(မ)ဖစ္စမြို့ တစ်ပတ်ကားမောင်းပြီး လေအေးအေးလေးကို ရှူကြတယ်။ ဂရေ့(စ)လဲ(န)(ဒ)ကိုဖြတ်တော့ ခဏလေးရပ်ပြီး ကြေကွဲသံနဲ့ တိုးတိုးလေး ပြောတယ်။

'ဟန်နီ. . . တကယ်ဆိုရင် ဒီအိမ်ဟာ မင်းအတွက် ရည်ရွယ်ခဲ့တာပါ'

ကျွန်မ ဘာတတ်နိုင်မှာလဲ။ သူ့လက်ထဲ ဖျစ်ညှစ်ပြီး အတင်းအဓမ္မ ပြုံးပြ

http://www.cherrythitsar.org



တာပဲ တတ်နိုင်ပါတယ်။ ကံကြမ္မာကို လူကလုပ်ယူလို့ ရနိုင်တာမှ မဟုတ်ဘဲ။ အိမ်ကြီးကို အနီးကပ်မြင်ရတော့ ပိုလို့တောင် ကြေကွဲစရာ ကောင်းပါသေးတယ်။

'မောင်ရယ်. . . ကျွန်မတို့နှစ်ယောက် အတူတူနေရတဲ့အချိန်တိုင်းဟာ အိမ်လို့ပဲ သဘောထားပါကွယ်'

မောင်က ခြံဝင်းတံခါးအထိ မောင်းသွားတယ်။ ဂီတသင်္ကေတတွေနဲ့ မောင့်ပုံ ကောက်ကြောင်းဖော်ထားတဲ့ ဂိတ်တံခါးအတွင်းက အိမ်သေးသေးကလေးကို မောင်က လက်ညှိုးထိုးပြတယ်။

'အဲဒီမှာ မောင့်ဦးလေး ဗစ္စတာရှိတယ်၊ နှုတ်ဆက်လိုက်ပါဦး။ ချစ်ကို မောင့်မိသားစုထဲက အနည်းဆုံး တစ်ယောက်ယောက်နဲ့တော့ ဆုံစေချင်တယ်'တဲ့။

'ဟဲလို. . . အန်ကယ် ဗစ္စတာ'လို့ ကျွန်မက နှုတ်ဆက်လိုက်တော့ အန်ကယ်က ပြန်နှုတ်ဆက်ပြီး ကျွန်မနာမည်မေးတယ်။ အထဲဝင်ကြဦးမလားတဲ့။ မောင်က ကျွန်မကို ဝင်စေချင်တဲ့အတွက် တောင်းပန်တဲ့အကြည့်နဲ့ ကြည့်ပေမယ့် ကျွန်မ ခေါင်းခါပြလိုက်ပါတယ်။

'မဝင်တော့ပါဘူး အန်ကယ်၊ ကျွန်တော်တို့ ကားလျှောက်စီးကြဖို့ ထွက်လာတာပါ'လို့ သူက ဝင်ဖြေတယ်။ ကားမောင်းထွက်ခဲ့ကြတယ်။ နှစ်ယောက်သား ပြုံးကြည့်လိုက်ကြရင်းက စောစောက ခံစားခဲ့ကြရတာတွေ ပြေပျောက်သွားပါတော့တယ်။ မောင်းလာကြရင်းက အနက်ရောင် အမွေးပွခွေးကလေးတစ်ကောင် လမ်းဖြတ်ကူးမလို့ လုပ်နေတယ်၊ ကူးလိုက်ရင်တော့ သေတော့မှာပဲ။ ကျွန်မ စိုးရိမ်နေတာကို အဲ(လ)ဗစ္စက သတိပြုမိသွားတော့ ရပ်လိုက်ရမလားလို့ မေးတယ်။ ကျွန်မက ကားတော့ မရပ်ပါနဲ့၊ ခွေးကလေးကို ပြန်ကြည့်ချင်တယ်ဆိုတာနဲ့ မောင်က ကားပြန်ကွေ့၊ ခွေးကလေးကိုကောက်ချီပြီး ကျွန်မကိုပေးတယ်။ ကျွန်မ မွေးထားချင်သလားတဲ့၊ ခွေးကလေးမှာ လည်ပတ်ပါတော့ ပိုင်ရှင်ရှိပါတယ်။ ကျွန်မက ခွေးကလေးကို ယူလိုက်ပြီး အဲ(လ)ဗစ္စကိုတော့ သူများတွေ သတိမထားမိအောင် ကားထဲမှာပဲ ထိုင်ခိုင်းလိုက်တယ်။ လမ်းတစ်ဖက် ဖြတ်ကူးပြီး ခွေးကလေးကို ချပေးလိုက်တော့ ပျော်ပျော်ရွှင်ရွှင် ပြေးသွားလေရဲ့။ ခွေးကလေးကို ကယ်လိုက်နိုင်တဲ့ ကောင်းမှုကြောင့် ကျွန်မတို့နှစ်ယောက်စလုံး တစ်နေ့လုံး ပျော်နေကြပါတော့တယ်။

အချိန်တော်တော်ကြာ မောင်းခဲ့ကြပြီး မောင်က လမ်းဘေးဘက် ချိုးဆင်းလိုက်ပါတယ်။ ချုံတွေ၊ သစ်ပင်တွေ ပိုများနေပြီ။ နှစ်ကာလတွေ ကြာလာတာနဲ့ အမှျ နေရာအနေအထားလည်း ပြောင်းခဲ့ပြီပေါ့။ ဒါပေမယ့် ဒီနေရာလေးကို

http://www.cherrythitsar.org



ကျွန်မ ချက်ချင်း မှတ်မိလိုက်ပါတယ်။ လွန်ခဲ့တဲ့ ၂၂နှစ်တုန်းက ကျွန်မတို့နှစ်ယောက်တည်း ကတိသစ္စာဆို လက်ထပ်ခဲ့တဲ့ နေရာလေးပေါ့။ လက်ချင်းချိတ်ပြီး တောင်ကုန်းလေးပေါ် တက်ခဲ့ကြပါတယ်။ အတိတ်က အရိပ်တွေ နှစ်ယောက်လုံးရဲ့ ရင်မှာ ထင်ဟပ်လာတာကြောင့် စကားတစ်ခွန်းမှ မပြောမိကြပါဘူး။ ဒီနေရာလေးကို မောင်နဲ့အတူ လာရတယ်လို့ အိပ်မက်ခဲ့ရတဲ့ အကြိမ်တွေများပါပေါ့။ ခုတကယ်ဖြစ်လာတော့ ရင်ခုန်တာနဲ့အမျှ သွေးတွေ နွေးလာရတယ်။ သူက တောပန်းကလေး တစ်ပွင့်ကို ခူးလိုက်ပါတယ်။

'မောင့် ဘုရင်မအတွက် ချစ်မရှိရင် မောင့်ဘဝဟာ ဘာမှ မဟုတ်ပါဘူးကွာ' ခါတိုင်းလို သူ အပြောင်အပြက်ပြောနေတာ မဟုတ်ပါဘူး။ တကယ့်ကို ကြေကြေကွဲကွဲနဲ့ လှိုက်လှိုက်လှဲလှဲ ပြောနေတာပါ။

'အား(လ)လဲ(န)(စ)လော့(တ) ကျွန်မ သခင်ရယ်၊ သခင့်ကို ကျွန်မ ချစ်ပါတယ်။ သခင့်ဆီက ဒီလို လက်ဆောင်မျိုးကိုသာ ကျွန်မထာဝရ လက်ခံပါရစေ' စိတ်လက် ပေါ့ပါးသွားစေချင်တဲ့ ဆန္ဒနဲ့ ကျွန်မ ပြောလိုက်ပေမယ့် မျက်ရည်တွေက ကျွန်မကို သစ္စာဖောက်ကြတယ်။ ကျွန်မတို့နှစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ကြတာ၊ မတွေ့ခဲ့ကြရတဲ့နှစ်တွေအတွက် အတိုးချနေသလိုပါပဲ။

'ကိုယ့်အတွက် မင်းရှိမှဖြစ်မယ် ဟန်နီ'

'ကျွန်မလည်း မောင့်လိုပါပဲ၊ ကျွန်မအသက်ထက်တောင် မောင့်ကို ပိုလိုအပ်ပါတယ်မောင်၊ ကျွန်မဘဝကို ကယ်တင်ခဲ့တဲ့ သူရဲကောင်းတစ်ယောက်အဖြစ် ကျွန်မဘဝထဲမှာ မောင့်ကို ရှိနေစေချင်ပါတယ်'

သူ့ကို မော့ကြည့်လိုက်တော့ ငိုနေတယ်။ နှစ်ယောက်စလုံး နှလုံးသားချင်း နားလည်နေကြသလိုပါပဲ။ ပျော်ရမှာထက် ရှေ့မှာ ကြုံတွေ့ရမယ့် နာကျင်ကြေကွဲစရာတွေကို သိနေကြသယောင်ယောင် လမ်းဆက်လျှောက်ခဲ့ကြတာ တောင်ကုန်းလေးရဲ့ ထိပ်ကိုရောက်မှ ရပ်လိုက်ကြတယ်။

'ဒီနေရာလေးကို မှတ်မိရဲ့လား လူစီ'

'နှစ်ပေါင်း ရာနဲ့ချီပြီး ကြာခဲ့သလိုပါပဲ မောင်'

'ချစ် ဝမ်းနည်းနေသလား၊ အဲဒီကိစ္စက ချစ်ရဲ့ဘဝကို အနှောင့်အယှက်ဖြစ်စေခဲ့သလား'

'ကျွန်မ ဘယ်တုန်းကမှ ဝမ်းမနည်းခဲ့ပါဘူး မောင်၊ ကျွန်မ ဘဝမှာ မောင်နဲ့လက်ထပ်ချင်းသာလျှင် တစ်ခုတည်းသော ထိမ်းမြားခြင်းလို့ ခံယူပါတယ်။ အချစ်ဆိုတာ မောင်နဲ့ကျမှ နားလည်ခဲ့ရတာပါ'

http://www.cherrythitsar.org



'မောင့် နှလုံးသားထဲမှာ မင်းကလွဲလို့ ဘယ်သူမှ မရှိဘူးဆိုတာ ယုံရဲ့လား လူစီ၊ ယုံလိုက်စမ်းပါ အချစ်ရယ်၊ အဲဒါကို မင်းသိဖို့ရာ မောင့်အတွက် သိပ်အရေးကြီးတယ်'

'ယုံပါတယ် မောင်၊ မောင်နဲ့တွေ့မှ ကျွန်မဟာ မိန်းမတစ်ယောက်ဖြစ်လာရတာပါ။ မောင်သာမရှိရင် ကျွန်မဟာ သက်မဲ့ပစ္စည်းတစ်ခုနဲ့ မခြားပါဘူးကွယ်'

မောင့်မျက်နှာ တည်ငြိမ်သွားတယ်။ လွန်ခဲ့တဲ့ (၂၂)နှစ်က နုပျိုတဲ့ မျက်နှာမျိုးလေး ဖြစ်လာပြီး အဲဒီတုန်းကလိုပဲ ကျွန်မကို စိုးမိုးသွားပြန်တယ်။ ဒါဟာ ကျွန်မ အသည်းစွဲချစ်ခဲ့ရတဲ့ အဲ(လ)ဗစ္စပရက်စလေ အစစ်ပါပဲ။ ငွေရှာခြင်းအလုပ်မှာ ပိနေပြီး စိတ်ညစ်စရာတွေ၊ ပြဿနာတွေ ဘယ်လောက်ပဲများများ ချစ်တတ်တဲ့ အဲ(လ)ဗစ္စအဖြစ် သူရပ်တည်နေနိုင်သေးသားပဲ။ မောင်က စသလို ပြုံးလိုက်ပြီး ဘောင်းဘီအိတ်ထဲက ကတ္တီပါအိတ်ကလေးတစ်လုံး ထုတ်လိုက်တယ်။ အိတ်ကလေးကို ဖွင့်လိုက်ပြီး ဝင်လုဆဲဆဲ နေရောင်ခြည်မှာ လက်ခနဲ အရောင်တောက်သွားတဲ့ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်ပါတယ်။ အရမ်းလှတဲ့ လက်စွပ်တစ်ကွင်းပါ။ အလယ်မှာ စိန်အကြီးကြီး တစ်လုံးရှိနေပြီး ဘေးက စိန်သေးသေးလေးတွေ ရံထားပါတယ်။

'ကမ္ဘာပေါ်မှာ ရှိသမျှ အရာအားလုံး ချစ်အတွက် ရယူပေးချင်တဲ့ မောင့်ဆီက ဒီလက်ဆောင်ကလေးကိုတော့ လက်ခံပါလို့ မောင် တောင်းပန်ပါရစေ'

လက်ဆောင်ပစ္စည်းဆိုရင် လက်ခံဖို့ အရမ်းဝန်လေးပါတယ်။ အဲဒီလောက်တန်ဖိုးကြီးတဲ့ ပစ္စည်း ကျွန်မနဲ့ မတန်ဘူးလို့ဘဲ ထင်တယ်။ ဒါပေမယ့် တစ်ခါတုန်းက သူပေးတဲ့ လည်ဆွဲ လက်မခံလို့ မြစ်ထဲလွှင့်ပစ်ခဲ့ဖူးတာကို သွားသတိရမိတယ်။ ကျွန်မ ငြင်းလိုက်ရင် စိတ်ထိခိုက်သွားမယ်ဆိုတာလည်း သိနေတာကြောင့် ဘာမှ မပြောတော့ဘဲ လက်ကိုဆန့်တန်းပေးလိုက်ပါတယ်။ ကျွန်မလက်မှာ သူဝတ်ပေးလိုက်တော့ ကွင်းကကျယ်နေတာနဲ့ ကျွတ်ကျမသွားအောင် ကျန်လက်ချောင်းလေးတွေနဲ့ ထိန်းထားရတယ်။ ကျွန်မ မောင့်ကို ဖက်လိုက်ပြီး နမ်းလိုက်ပါတယ်။

ကျွန်မ အမြဲတမ်း စိတ်ကူးယဉ်ခဲ့တာ ရှိတယ်။ အဲဒါကတော့ သတို့သမီးဝတ်စုံဇာအဖြူရောင် လှလှကလေးဝတ်ပြီး စိန့်ပထရစ်လို ကြီးကျယ်ခမ်းနားတဲ့ ဘုရားကျောင်းကြီးမှာ လမ်းလျှောက်ချင်တယ်။ အဲဒီအချိန်မှာ အော်ဂင်က 'ဒါဟာ ငါ့အမြတ်နိုးဆုံးပဲ' ဆိုတဲ့ သီချင်းတီးနေရမယ်၊ ခေါင်းပေါ်မှာ အုပ်ထားတဲ့ ဇာပဝါထဲကနေ လှမ်းကြည့်လိုက်ရင် လက်ထပ်မယ့်နေရာမှာ မောင်က ကျွန်မ

http://www.cherrythitsar.org



ကို စောင့်နေမယ်လေ။ မောင်ရယ် အဲဒီစိတ်ကူး ဘယ်တော့များမှ ဖြစ်လာမှာလဲကွယ်။

တကယ်လို့သာ ဖြစ်လာမယ်ဆိုရင် ကျွန်မ ထာဝရစောင့်နေနိုင်ပါတယ်။ မောင်သိတဲ့အတိုင်း ကျွန်မဘဝမှာ သတို့သမီးဝတ်စုံ တစ်ခါမှ မဝတ်ရသေးဘူး။

'ဝတ်ရမှာပေါ့ ချစ်ရယ်၊ ကမ္ဘာပေါ်မှာ အလှဆုံး သတို့သမီးဝတ်စုံ ဝတ်ရစေ့မယ်၊ ချစ် စိတ်ကူးယဉ်တဲ့အတိုင်း ထပ်တူထပ်မျှ ဖြစ်လာအောင် လုပ်ပေးမယ်လို့ မောင် ကတိပေးပါတယ်'

ကျွန်မ မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေတော့ ရှက်လာမိတယ်။ မောင် ဘာတွေ တွေးနေတာလဲ။ ကျွန်မ အိုနေပြီလား။ ပြုံးပြပြီး ကျွန်မက မျက်နှာလွှဲလိုက်ပါတယ်။ ဝင်တော့မယ့် နေမင်းကြီးက တိမ်တိုက်တွေကြားမှာ တောက်ပနေဆဲပါ။

'ချစ်ရယ်. . . ချစ်လိုမိန်းမမျိုး ဒီကမ္ဘာမှာ တခြားတစ်ယောက် လုံးဝမရှိတော့ဘူးဆိုတာ မောင်ယုံတယ်၊ မောင် မိန်းမတွေ အများကြီး တွေ့ဖူးတယ်။ သူတို့ မောင့်ဆီက ဘာလိုချင်ကြတယ်ဆိုတာ သိတာပေါ့။ ချစ်ကတော့ ဘယ်သူနဲ့မှ မတူဘူး။ မောင့်အတွက် နတ်သမီးလေးပါပဲ။ ဖြစ်နိုင်မယ်ဆိုရင် နန်းတော်ကြီးတစ်ခုဆောက်ပြီး ချစ်ကို ဘယ်သူမှ မထိရ၊ မတွေ့ရအောင် ထည့်ထားချင်တယ်။ မောင် အဲသလောက်ထိ ချစ်တာပါ'

'မောင် ကျွန်မလို လက်ပွန်းတတီးရှိတဲ့ မိန်းမတွေ အများကြီးရှိလားဟင်'

'သွေးသားကိစ္စတော့ ရှိတာပေါ့လေ။ အဲဒီလိုပဲ ရင်းနှီးတယ်။ ဟေး. . . ကြည့်စမ်း ကောင်မလေး သဝန်ကြောင်နေတယ် ဟေ့'

'ကြောင်တယ် မောင်၊ မောင့်ကို ကျွန်မတစ်ယောက်တည်းပဲ ပိုင်ချင်တာပေါ့'

'ချစ်ကလည်းကွာ၊ မောင်တို့နှစ်ယောက်က အတူတူမနေနိုင်ကြတော့ တခြားမိန်းမတွေက သွေးသားကိစ္စအတွက် သက်သက်ပဲပေါ့။ ချစ်နဲ့ လုံးဝမတူပါဘူး။ ဘယ်သူ့ကိုမှလဲ မောင်က မချစ်ပါဘူး'

မောင်က ကျွန်မကို တကယ့်ကလေးတစ်ယောက်လို ချော့ရှာတယ်။ ကျွန်မ သဝန်ကြောင်စိတ် မထိန်းနိုင်လို့ တန်ဖိုးရှိတဲ့ အချိန်တွေ ကုန်သွားတာ နှမြောစရာ။

'ကျွန်မတို့ အတူတူနေကြရပါဦးမလား မောင်၊ အထီးကျန်နေရခြင်းဟာ ကျွန်မတို့နှစ်ယောက်ရဲ့ ဘဝပန်းတိုင်များ ဖြစ်နေမလား'

'အထီးကျန် မဖြစ်ပါဘူးကွာ၊ ချစ်သာ မောင့်အနားမှာရှိနေရင် မောင်ဟာ အပျော်ဆုံးလူသားတစ်ယောက်ပါ'

http://www.cherrythitsar.org



လေညင်းခံရင်း ကျွန်မတို့နှစ်ယောက် လမ်းလျှောက်ခဲ့ကြတယ်။ မောင်က သူ့မိသားစုတွေအကြောင်း ပြောပြတယ်။ လီဇာက ခုနစ်နှစ်ရှိပြီတဲ့။ မောင်က သမီးကို သိပ်ချစ်တယ်။ သမီးအကြောင်း ပြောနေချိန်မှာ မောင့်မျက်လုံးတွေက အရောင်တောက်နေတာပဲ။ တစ်နေ့နေ့မှာတော့ ကျွန်မကို လီဇာနဲ့ တွေ့ပေးချင်တယ်တဲ့။ ကျွန်မကလည်း မောင်နဲ့တွေ့စေချင်တဲ့ မိန်းကလေးတစ်ယောက်အကြောင်း စဉ်းစားမိလိုက်တယ်။ ကျွန်မတို့အားလုံး တစ်နေ့နေ့မှာ ဆုံစည်းဖြစ်ကြမှာပေါ့။ ဒီဇိုင်းယားရီးအနေနဲ့ သူ့အဖေ ဘယ်သူလဲဆိုတာ သိသင့်သလို၊ သူ့ညီမလေးကိုလည်း သိသင့်တာပေါ့။ တစ်နေ့နေ့ပေါ့လေ. . . ။

မိုးဖွဲဖွဲလေးတွေ ကျလာလို့ ကားဆီပြေးကြပါတယ်။ လမ်းတစ်ဝက်မှာ မောင်က ရပ်လိုက်ပြီး 'ဒါလင်. . . မင်းကို လရောင်ထဲမှာ နမ်းခဲ့ဖူးတယ်၊ ဝင်လုဆဲဆဲ နေရောင်မှာလည်း နမ်းခဲ့ဖူးတယ်၊ အခု မိုးရွာထဲမှာ နမ်းချင်တယ်'တဲ့။

မိုးရွာထဲမှာ နမ်းကြတော့ နှစ်ယောက်လုံး စိုရွှဲနေပြီပေါ့။ မိုးစိုလာတော့ လက်စွပ်က ပိုချောင်လာတာနဲ့ အသာချွတ်လိုက်ပြီး ဝတ်ထားတဲ့ မောင့်အိတ်ထဲကို အသာပြန်ထည့်လိုက်တယ်။

'မောင်တို့နှစ်ယောက် မခွဲချင်တော့ဘူးကွာ၊ အခုဆို နှစ်ပေါင်းများစွာ ခွဲခဲ့ကြရပြီးပြီ'လို့ မောင်က တိုးတိုးကလေးပြောတယ်။

နှစ်ယောက်လက်တွဲပြီး ကားဆီကို ဖြည်းဖြည်းပဲ လျှောက်လာခဲ့ကြပါတယ်။ နှစ်ယောက်လုံး စိုရွှဲနေတာမို့ ဟိုတယ်ဘေးပေါက်ကပဲ ဝင်ခဲ့ကြတယ်။ အဝတ်လဲလိုက်ကြပြီး တစ်နေ့လုံး မပြောဖြစ်ခဲ့ကြသေးတဲ့ သူ့ဘဝ၊ သူ့အလုပ် အကြောင်း ပြောဖြစ်ကြတယ်။

'ညတွေအားလုံး လမ်းပေါ်မှာချည်းပါပဲ၊ အားလုံးကို မေ့သွားအောင် မောင်ကလည်း အဲဒီလိုပဲ နေချင်တယ်။ မေ့ချင်တဲ့အထဲမှာ ချစ်တော့ မပါဘူးပေါ့။ ချစ် ရှိနေလို့ မောင် အသက်ရှင်နေတာပါ'

'တကယ်ပြောတာလား မောင်၊ ကျွန်မက မောင့်အနားမှာ ဝိုင်းနေတဲ့ မိန်းမတွေလို မငယ်တော့ဘူး။ မချောတော့ဘူး မောင်ရဲ့'

'တော်ပါကွာ၊ ချစ်က ကမ္ဘာပေါ်မှာ အလှဆုံးဖြစ်သလို မောင် ထာဝရချစ်ခဲ့ရတဲ့ ချစ်သူပါကွာ'

မောင်က စကားပြောရင် ကျွန်မမျက်နှာကို ပန်းချီဆွဲသလို လက်ညှိုးနဲ့ လျှောက်ပွတ်နေရင်း နှုတ်ခမ်းကို ရောက်လာတယ်။ ကျွန်မ သူ့ လက်ညှိုးကို ငုံထားလိုက်ပါတော့တယ်။ တကယ်တော့ ကျွန်မတို့နှစ်ယောက်စလုံး ဆယ်

http://www.cherrythitsar.org



ကျော်သက်တွေ မဟုတ်တော့ပါဘူး။ ကျွန်မလည်း သွယ်သွယ်လျလျ မိန်းမချော လေး မဟုတ်တော့သလို မောင်လည်း ဝဝတုတ်တုတ်ကြီး ဖြစ်နေပြီလေ။

'မောင် ပြန်မလွှတ်ချင်တော့ဘူးကွာ'

'မောင်ရယ် ထာဝရနီးဖို့ ယာယီခွဲရခြင်းပါ၊ ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခြင်း မေတ္တာက ထာဝရပါမောင်'

'လူစီ. . . မောင်စိတ်ပူတာ တစ်ခုပဲ ရှိတယ်။ အဲဒါ မောင့်သတင်း မဟုတ် တာတွေကြားပြီး အဟုတ်ထင်နေမှာ စိုးတာပါ။ မောင်နဲ့ ပတ်သက်တဲ့သတင်းဆို ဘာမှ မယုံနဲ့၊ မောင့်ကို ကတိပေးနော်၊ မဟုတ်တဲ့သတင်းတွေက ထွက်နေတာ အများကြီး'

မောင် တော်တော် ဝမ်းနည်းနေပုံရတယ်။ ဘာသတင်းမို့ ကျွန်မကြားမှာ ဒါလောက်စိုးရိမ်နေတာလဲ။

'ဆေးတွေ သုံးနေတုန်းပဲလား မောင်'

မောင့်မျက်ဝန်းမှာ ကြေကွဲခြင်း၊ ကြောက်ရွံ့ခြင်း၊ မျှော်လင့်ခြင်း၊ ကင်းမဲ့ခြင်း၊ ကျဆုံးခြင်းတွေ ရောပြွမ်းနေတာတွေ့လိုက်ရတယ်။

'ဟုတ်တယ်၊ လိုအပ်လို့ ခုချိန်ထိ မောင် သုံးနေတုန်းပဲ။ မောင့်မှာ ကျေးဇူးရှင် တွေကို ဆပ်ဖို့ ငွေလိုတယ်။ မရ ရအောင်ရှာပေးနေရတယ်။ ဒါတွေရှင်းသွားရင် မောင်တို့နှစ်ယောက် အတူတူနေကြစို့ကွာ။ မောင် အမြဲတမ်း အဲဒါပဲ စိတ်ကူးနေ တာ။ အိမ်မှာဆိုရင် တစ်ယောက်တည်း မျက်စိမှိတ်ပြီး စိတ်ကူးနေတာပဲ။ ဒါကြောင့် မောင်က ခဏခဏ တွေ့ချင်တာ'

ဒီတစ်ခါ ကျွန်မ ချော့ရပြန်တယ်။ ခဏခဏတွေ့ကြရင် ဒုက္ခများကြလိမ့် မယ်လို့ သူ့မိသားစု၊ ပြီးတော့ ကာနယ်။ ဒါတွေ အားလုံး ဆုံးရှုံးရလိမ့်မယ်။ မောင့်အနေနဲ့ ကျွန်မနားမှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ပါ့မလားဆိုတာလည်း ကျွန်မ သိပ်မသေချာဘူး။ မူးယစ်ဆေးဝါး သုံးနေရတာကလည်း တကယ်တော့ သူ့ဆန္ဒထက် ကာနယ်ရဲ့ ပယောဂက များတယ်။ ကြည့်လေ ကာနယ်ကို အလုပ် ထုတ်လိုက်ပြီဆိုရင် ရက်ပိုင်းအတွင်း ပြန်ခေါ်ရတာပဲ။ အဲဒါကိုက သူနောက် ကြောင်းမရှင်းတာ။ နောက်တစ်ခုက သူ့ကြောင့် သူများစိတ်ဆင်းရဲရတာကို လည်း သူ မကြည့်ရက်ဘူး။

ကနဦးပိုင်းတုန်းက အဲ(လ)ဗစ္စဆိုတာဖြစ်လာအောင် ကာနယ်က လုပ်ပေးခဲ့ တာဆိုတော့ သူ့ ကျေးဇူးတွေ ရှိနေတယ်လို့ အဲ(လ)ဗစ္စက ခံယူထားတယ်။ နောက်တစ်ကြောင်းက ကာနယ်မရှိရင် သူ့ဘဝက မလုံခြုံသလို ခံစားရတယ်။

http://www.cherrythitsar.org



လမ်းပျောက်နေတဲ့ ကလေးတစ်ယောက်လိုပဲ ကာနယ်ကို ဖြုတ်တယ်။ ပြန်ခေါ်တယ်ဆိုတာတွေက ရက်ပိုင်းအတွင်းမှာ ဖြစ်တဲ့အတွက် သူ့စိတ် အပြောင်းအလဲ ဘယ်လောက် မြန်တယ်ဆိုတာ သိသာပါတယ်။ ကျွန်မနဲ့ ပတ်သက်လာရင်ကော အဲဒီလို အပြောင်းအလဲ ဖြစ်လာနိုင်သလား။ ဆေးစွဲနေတဲ့သူ မဟုတ်ရင် သူ့ကို ကျွန်မ ယုံပေမယ့် သူ့တို့လက်ထဲမှာ ရှိနေသမျှ ကာလပတ်လုံးတော့ လုံးဝ မယုံနိုင်ပါဘူး။

ကျွန်မက ပြင်သစ် သီချင်းလေးတစ်ပုဒ် သူ့နားနားကပ်ပြီး တိုးတိုးကလေး ဆိုပြတော့ မျက်စိမှိတ်ပြီး နားထောင်နေတယ်။ ဒီလိုဆိုတော့ ကြည်နူးစရာ။ ဒါပေမယ့် မကြာခင်မှာ ခွဲကြရဦးတော့မယ်။ ဘယ်လောက်များ ကြာဦးမှာလဲ။ ကျွန်မ စိတ်ပူမိတယ်။ မောင်က သူ့လုပ်ငန်းတွေအကြောင်း ပြောပြရင်း ကျန်းမာရေးအကြောင်း ရောက်သွားတယ်။ ဆေးရုံမှာ ဆေးစစ်ကြည့်တော့ အသည်းမကောင်းဘူး ဆိုသတဲ့။ ကျွန်မက လန့်သွားပေမယ့် သူကတော့ သိပ်မှုပုံမရဘူး။ သူ့အဖေလည်း နှလုံးရောဂါနဲ့ တော်တော်နေမကောင်းဘူးတဲ့။

'ဖေဖေသာ သေသွားရင် မောင် ဘာလုပ်ရမှန်းတောင် သိမှာ မဟုတ်တော့ဘူး'

'ဘုရားသခင်ကိုသာ ယုံကြည်အားထားပါမောင်'

'အင်းပါ'

ကျွန်မတို့နှစ်ယောက် နှုတ်ဆက်လိုက်ကြပြီး မောင်သွားတော့ ပြတင်းဘောင်မှာထိုင်ရင်း ကျန်နေသေးတဲ့ နေမင်းရဲ့ အလင်းရောင်ကို ငေးနေမိတယ်။ မောင့်ခေါင်းအုံးလေးကို ဖက်ကြည့်တော့ အငွေ့အသက်ကလေးတွေ ကျန်သေးတယ်။ ကျွန်မတို့နှစ်ယောက် ဘာကိုမှ ဂရုမစိုက်တော့ဘဲ လုပ်ချင်ရာလုပ်လိုက်ကြမယ်ဆိုရင် ဘာတွေဖြစ်လာမှာလဲ။ တခြားသူတွေ ထိခိုက်ကုန်မယ်။ ဒီလိုဆို ကျွန်မတို့နှစ်ယောက်ရဲ့ ပျော်ရွှင်မှုကကော သူ့အသိုင်းအဝိုင်းကနေ သူထွက်နိုင်ပါ့မလား အားလုံးက သူ့ကို ခိုင်းစားနေကြတာဆိုတော့ ဘယ်လက်လွတ်ခံပါ့မလဲ။ ကြွေးတွေကလည်း လည်ပင်းရောက်နေပြီ။ ကျန်းမာရေးက မကောင်း။ မိုးရေထဲ ပြေးကြတုန်းက သူ့ အသက်ရှူမဝတော့ဘူး။ မူးယစ်ဆေးတွေက သူ့ခွန်အားတွေ ယုတ်လျော့စေခဲ့ပြီလေ။

သူ့ကို ဖေးမပေးမယ့်လူ လိုတယ်။ ဒါကို သူ့ပတ်ဝန်းကျင်က ဘာကြောင့် မသိကြတာလဲ။

ညပိုင်းမှာ မောင်ဖုန်းဆက်ပြီး ကျွန်မ ဘာလိုသလဲမေးရင်း နှုတ်ဆက်သေး

http://www.cherrythitsar.org



တယ်။ လက်စွပ်ကို သတိရတာနဲ့ အိတ်ထဲထည့်လိုက်ကြောင်း ပြောတော့ ကျွန်မ လက်နဲ့တော်အောင် ပြုပြင်ပြီး နောက်တစ်ခါတွေ့တော့ ပေးမယ်တဲ့။

'မောင့်အတွက် စိတ်မပူနဲ့၊ ဒီက အခြေအနေတွေကို မောင် ထိန်းနိုင်ပါတယ်။ မကြာခင် မောင်တို့နှစ်ယောက် အတူနေရတော့မှ ချစ် ဂရုစိုက်တော့။ အဲဒီအခါကျတော့ ချစ်က မောင့်ဘဝရဲ့ တစ်စိတ်တစ်ဒေသပေါ့'

ကျွန်မ ယုံချင်လိုက်တာ မောင်ရယ်။ သိပ် ယုံချင်တာပေါ့။

□

http://www.cherrythitsar.org



## အခန်း(၂၃)

ဒါးလက်(စ)ကို ကျွန်မ ပြန်ရောက်တော့ ကျွန်မ မိသားစုအတွင်းမှာ လှုပ်ရှားပြောင်းလဲမှုတွေ အများကြီးဖြစ်ပေါ်လာခဲ့ပါတယ်။ အသက် ၁၇နှစ်ရှိပြီဖြစ်တဲ့ ဒီဗိုင်းယားရီးက အထက်တန်းကျောင်း ပထမအစမ်းစာမေးပွဲတွေ ဖြေနေရပြီး ၁၀နှစ်အရွယ် ဂျက်ကလင်းက စန္ဒရားပြိုင်ပွဲမှာ နောက်ဆုံးအဆင့်ရောက်နေတယ်။ ထုံးစံအတိုင်း သမီးက အနိုင်ရခဲ့ပါတယ်။ ၁၄နှစ်အရွယ် ဂျက်ကွစ္စက ဂျက်ဆုကျောင်းမှာ တက်နေပြီး အလုပ်နှစ်ခုလည်း လုပ်နေသေးတယ်။ တစ်ခုက ကျောင်းစာကြည့်တိုက်မှာ လုပ်တာဖြစ်ပြီး၊ နောက်တစ်ခုကတော့ စပရင်းဗယ်လီ ကန်းထရီးကလပ်မှာ စားပွဲထိုးလုပ်နေတာပါ။ ကျန်တဲ့သုံးယောက်က အိမ်မှာ မရှိကြတော့ဘူး။ ဒက်ဘီက အိမ်ထောင်ကျသွားပြီမို့ ကာလီဖိုးနီးယားမှာ သွားနေတယ်။ မယ်လိုဒီက လန်ဒန်မှာ ကော်မာရှယ်အားတစ်(စ) လုပ်နေတယ်။ ဒဲနစ္စကတော့ အရီဇိုးနားပြည်နယ်မှာ စိတ်ပညာသင်ကြားနေပါတယ်။ ကျွန်မမွေးခဲ့တဲ့ ရင်သွေးကလေးတွေက အတောင်အလက်စုံနေကြပြီဆိုတော့ သိုက်မြုံထဲကို ဝင်လိုက်ထွက်လိုက်နဲ့ပေါ့။ ဒါကြောင့် သူတို့လေးတွေကို စုံစုံညီညီတွေ့ဖို့ဆိုတာ တော်တော်ခဲယဉ်းလှပါတယ်။ သားသမီးတွေများတဲ့ အမေတွေ ဖြစ်လေ့ရှိတဲ့ ထုံးစံအတိုင်း ကျွန်မမှာလည်း သူတို့လေးတွေရှိရာ အရပ်ဆယ်မျက်နှာကို ကူးချည်သန်းချည်ဖြစ်နေရတော့တာပေါ့။ အရွယ်ရောက်လာလို့ သူတို့ခြေထောက်ပေါ် သူတို့ရပ်နိုင်ကြပြီဆိုပေမယ့် ကလေးတွေက အမေ့အကူအညီကို အမြဲလိုချင်နေကြတာပါပဲ။

တစ်ချိန်တည်းမှာ အဲ(လ)ဗစ္စကလည်း သူ့ဆီကို မကြာခဏလာစေချင်ပြီး လက်ထပ်ယူစေချင်ပြီ။ ကျွန်မမှာ အကျဉ်းအကျပ် ကြုံရပြန်တယ်။ သူ့ကို လက်ထပ်ပြီး သူ့ဘဝထဲ အပြီးအပိုင် ဝင်ချင်ပေမယ့် နောက်ဆက်တွဲ ဖြစ်လာမယ့် ပြဿနာတွေကို ရင်ဆိုင်ဖို့ မရဲပြန်ဘူး။ ကျွန်မ မိသားစု ပြိုကွဲသွားမယ်။ သူ့ပတ်ဝန်းကျင်က လူတွေနဲ့ ရင်ဆိုင်ရမယ်၊ ကာနယ်ရဲ့ ငြိုငြင်မှုကို ခံရမယ်။

http://www.cherrythitsar.org



ဒါတွေကို ကျွန်မ မလိုလားဘူး။ အဲ(လ)ဗစ္စကလည်း ဂရေ့(စ)လဲ(န)(ဒ)မှာ ဖြစ်ပေါ်နေတဲ့ ကိစ္စတွေ၊ ဗီးဂတ်(စ)က ပြဿနာတွေနဲ့ ပတ်သက်ပြီး ဒေါပွနေ တယ်။ ဒီပြဿနာတွေ တစ်ခါတည်း အပြီးအပြတ် ရှင်းပစ်မယ်လို့ ပါးစပ်က ပြောနေပေမယ့် လက်တွေ့မှာတော့ သူကြောက်နေတယ်။ ဒီရက်ပိုင်းအတွင်းမှာ သူ ဖုန်းခဏခဏဆက်တယ်။ တစ်ခါတလေ သုံးလေးရက်ဆက်တိုက် ဆက်ပါ တယ်။ ကျွန်မတို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောကြရင်း ချစ်တဲ့ အကြောင်းတွေပဲ ပြောနေဖြစ်ခဲ့ကြပါတယ်။

ထုံးစံအတိုင်း အားလပ်ရက် ရာသီများဟာ ကျွန်မအတွက် ဦးနှောက်ခြောက် စရာ ကာလများသာ ဖြစ်ခဲ့ပါတယ်။ ဘုရားရှိခိုးကျောင်းတစ်ခုအတွက် ရန်ပုံငွေ ရှာဖို့ အဖွဲ့ဖွဲ့ရာမှာ ကျွန်မ ခေါင်းဆောင်ရပါတယ်။ အဲ(လ)ဗစ္စရဲ့ ကျန်းမာရေးကို လည်း စိတ်ပူသေးတာဆိုတော့ သူ့အဖေဆီကိုပဲ ဖုန်းဆက်ပြီး အခြေအနေမှန်ကို မေးကြည့်ပါတယ်။ တကယ်တော့ မစ္စတာပရက်စလေဆီက အဖြေမှန်သိဖို့ဆိုတာ ကျွန်မဘက်က သိထားတဲ့ အခြေအနေမှန်ကိုလည်း ပြောရမှာဆိုတော့ တိုက်ရိုက် ဖုန်းဆက်မေးခြင်းဟာ အရဲစွန့်ရာတော့ ရောက်တာပေါ့။ အဲဒီလို ပြောပြလိုက်ပြန် ရင်လည်း ကျွန်မ သူ့အပေါ်မှာ သစ္စာဖောက်ရာကျမှာဆိုတော့ သူသာ သိသွားရင် စိတ်ဆိုးမှာ သေချာတယ်။ ဒါပေမယ့် ကျွန်မ စွန့်စားဖို့ လိုတာပေါ့။ အဲ(လ)ဗစ္စ အခြေအနေ ဆိုးသထက် ဆိုးမလာအောင် ကျွန်မတို့ ထိန်းကြရမယ်လေ။ မစ္စတာ ပရက်စလေက နူးနူးညံ့ညံ့ ချိုချိုသာသာ စကားပြောတယ်။ အရင်ကတည်းက ဆက်နေတဲ့ ကျွန်မအသံကို မှတ်မိတယ်တဲ့။ ကျွန်မက သူ့သားအတွက် အရမ်းစိတ် ပူနေတဲ့အကြောင်း၊ ပြဿနာ ရှုပ်ထွေးနေတဲ့ အဲ(လ)ဗစ္စကို သူ့ဆရာဝန်တွေက လိုအပ်တာထက်ပိုပြီး ဆေးတွေကျွေးတဲ့အကြောင်း၊ နောက်ထပ် ပြဿနာ ပိုရှုပ်လာ ရတယ်လို့ ထင်ကြောင်း ပြောပြလိုက်တော့ မစ္စတာ ပရက်စလေက ငြိမ်သွား တယ်။

'လူစီ. . . သူ့မှာ ဘာပြဿနာတွေပဲရှိရှိ၊ ဘယ်အခြေအနေပဲရောက်ရောက် သူ့အပါးက ဘယ်မှ မခွဲမခွာ ရပ်တည်မယ့် မိန်းကလေးတစ်ယောက်ရှိတယ်လို့ သားက ပြောဖူးတယ်။ နာမည်တော့ မပြောဘူး။ အဲဒီမိန်းကလေးက မင်းလား၊ သားက နာမည်က အရေးမကြီးပါဘူးတဲ့။ ဘယ်သူတွေပဲ ကျောခိုင်းသွားသည်ဖြစ် စေ မင်းကတော့ သူ့မှီခိုအားထားရာအဖြစ် အမြဲရပ်တည်နေမှာပဲတဲ့'

မောင် ရည်ရွယ်ပြီး ပြောတဲ့သူဟာ ကျွန်မ ဟုတ်မဟုတ် မသိပါဘူး။ ဒါပေမယ့် ဆိုးဆိုးရွားရွား အခြေအနေကို ရောက်မလာခင် ကျွန်မတို့ ဝိုင်းကူနိုင်

http://www.cherrythitsar.org



ကြဖို့သာ အရေးကြီးတယ် မဟုတ်လား။

'သားအတွက် အခုလို စိတ်ပူဖော်ရတာ ကျေးဇူးအများကြီး တင်ပါတယ် ကွယ်၊ သူ ဘာတွေဖြစ်နေတယ်ဆိုတာ တို့များ မကြာခင်မှာ ဖော်ထုတ်နိုင်တော့ မှာပါ။ သိပ်မကြာတော့ပါဘူး'တဲ့။

'သူ ဘာဖြစ်နေတယ်ဆိုတာ အသိသာကြီးပါ။ ခုထက်ထိ မသိကြဘူးလား' လို့ စိတ်ရှိလက်ရှိ အော်ပစ်လိုက်ချင်တယ်။ ဒါပေမယ့် ဒီလိုပြောလိုက်ရင် မစ္စတာ ပရက်စလေကို ပြစ်တင်ရှုတ်ချရာရောက်မှာ ဖြစ်တဲ့အတွက် ကျွန်မ စိတ်လျှော့ လိုက်ရတယ်။ သူတစ်ယောက်တည်းသာ ကျွန်မအတွက် နောက်ဆုံး မျှော်လင့် ချက် ရှိတော့တာကိုး။

'မိန်းကလေး. . . ဒီကိစ္စတွေမှာ ဘယ်သူပါဝင်ပတ်သက်နေတယ်ဆိုတာ တို့များ မကြာခင် ဖော်ထုတ်လို့ ရတော့မှာပါ။ ကိုင်း. . . ပြောစမ်းပါဦး၊ သားနဲ့ခင် ကြတာ ဘယ်လောက်ကြာပြီလဲ'

မစ္စတာပရက်စလေရဲ့ အသံက အဲ(လ)ဗစ္စရဲ့ လေသံနဲ့ တော်တော်လေးကို တူပါတယ်။

'ကျွန်မတို့ ခင်ခဲ့ကြတာ ၂၃နှစ်ရှိပါပြီ။ ဟိုးငယ်ငယ်ကတည်းက ခင်ခဲ့ကြ တာပါ'

ကျွန်မတို့အကြောင်း ဆက်မေးနေမှာ စိုးတာနဲ့ စကားဖြတ်လိုက်ပြီး သူ့ကျန်းမာ ရေး ကောင်းရဲ့လား၊ ဘာညာနဲ့ စကားပြောင်းပစ်လိုက်ရတယ်။ သူ့ ကျန်းမာရေး က အခု တော်တော်ကောင်းလာပါပြီတဲ့။ ကျွန်မ သူ့ဆီ ဖုန်းဆက်တာ အဲ(လ)ဗစ္စ ကို မပြောပါနဲ့လို့ ပိတ်တော့ သူကလည်း သဘောတူပါတယ်။ အဲဒီတော့မှ မစ္စတာ ပရက်စလေက သူ့သားပတ်ဝန်းကျင်က လူတွေဟာ ငွေလိုချင်တာနဲ့ ဝိုင်းဖျက်ဆီးနေကြတဲ့အကြောင်း ရင်ဖွင့်လာပါတယ်။ ဒီတော့မှ ကျွန်မရင်ထဲမှာ မစ္စတာပရက်စလေနဲ့ ကျွန်မ သိထားတာချင်း တူတယ်ဆိုပြီး စိတ်အေးရတော့ တယ်။

မစ္စတာပရက်စလေ ထင်နေတာက သူ့သား ကျန်းမာရေး ချွတ်ယွင်းနေ တယ်။ ဒါကို ကုစားပေးဖို့ လိုအပ်တယ်။ ဒါလောက်ပဲ ထင်ထားသတဲ့။ သူ့စကား အသွားအလာကြည့်ခြင်းအားဖြင့် မစ္စတာ ပရက်စလေဟာ အမှန်တရားကို ရဲရဲကြီး ရင်မဆိုင်ဝံ့ဘူးဆိုတာ ကျွန်မ သိလိုက်ပါတယ်။ သူ့သား ဆေးစွဲနေတာကို ချစ်တဲ့စိတ်နဲ့ ခွင့်လွှတ်မြင်တတ်ခြင်းဟာ တကယ်တော့ သား သေတွင်းကို တူးပေးနေခြင်းပါပဲ။ တကယ်ဆိုရင် အဲ(လ)ဗစ္စဘဝက လက်ရှိ ဆရာဝန်တွေ၊

http://www.cherrythitsar.org



လက်ရှိ အသိုင်းအဝိုင်းတွေကို စွန့်ခွာပြီး ဆေးဖြတ်သင့်တယ်။ ဒီပတ်ဝန်းကျင်မှာ ကတော့ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် သူလိုချင်တာ အကုန်ရနေတာ ကိုး။ သူ့ ပါဝါ၊ သူ့ ဥစ္စာဓနေ၊ သူ့ အောင်မြင်ကျော်ကြားမှုတွေက လေးစားထိုက်တဲ့ ဆရာဝန်တွေကို လမ်းမှားပေါ်လိုက်စေတဲ့အထိ ဆွဲဆောင်နိုင်ခဲ့တယ်။ သူ့အခြေ အနေက တောင်စွန်းတစ်ခုပေါ် လမ်းလျှောက်နေရသလိုပဲ၊ ရပ်တော့လို့ လက်ထောင် အချက်ပြပေးမယ့်သူ တစ်ယောက်မှ အနားမှာ မရှိပါဘူး။ ကျွန်မကိုယ်တိုင် တားဆီးနိုင်မယ့် နည်းလမ်းကို ရှာမတွေ့သူဆိုတော့ ဘာမှ မတတ်နိုင်ပါဘူး။

ဒီဇင်ဘာ တစ်လလုံးနီးပါး အဲ(လ)ဗစ္စက ဗီးဂတ်(စ)မှာပဲ သီဆိုဖျော်ဖြေနေခဲ့ ပါတယ်။ နှစ်သစ်ကူးပွဲတော်ည ဖျော်ဖြေပွဲကိုတော့ ဒီတို့က်က အားကစားရုံကြီးမှာ ကျင်းပခဲ့တယ်။ အဲဒီ ရက်သတ္တပတ်ထဲမှာပဲ ဖုန်းလာတယ်။ ထုံးစံအတိုင်း သူ့ အသံက မောပြီး နွမ်းနယ်နေတယ်။ ဗီးဂတ်(စ)မှာပဲ ပွဲတွေဆက်ရဦးမယ်။ တကယ်တော့ သူမဆိုချင်တော့ဘူး။ ဒါပေမယ့် ရုန်းထွက်နိုင်တဲ့ အင်အားမရှိ တော့ ခိုင်းသမျှ လုပ်နေရပြီး နေမကောင်းတာဘဲ အဖတ်တင်နေတော့တယ်။

'မောင် မင်းကို အမြဲလျစ်လျူရှုထားခဲ့မိတယ်နော်' သူ့အသံက လေသံသာ သာပဲ ရှိတယ်။ 'အဲဒါတွေအတွက် မောင် အကြွေးဆပ်ပါရစေ။ မင်းအသံလေး ကို ကြားလိုက်ရရင် ဒီလောကကြီးထဲမှာ မောင့်အတွက် သာယာမှုဆိုတာ ရှိပါ သေးတယ်ဆိုတဲ့ အတွေးနဲ့ ပျော်သွားတာပဲ၊ မင်းက မောင့်အိပ်မက်ထဲက နတ် သမီးလေး တစ်ပါးပါ။ မောင့် နတ်သမီးလေးကို ဘယ်သူမှ မသိနိုင်တဲ့ နေရာမှာ ဝှက်ထားတယ်။ အဲဒီနေရာလေးက မောင့်ဒုက္ခတွေကြုံရတိုင်း အမောဖြေခွင့်ရတဲ့ နေရာကလေးပဲပေါ့ကွာ။ မောင် မင်းကို ကာကွယ်ပေးဖို့ တာဝန်ရှိတယ် ဟန်နီ'

ကျွန်မကို ကာကွယ်ပေးဖို့ လိုတယ်ဆိုတဲ့စကား ပြောလာတိုင်း ကျွန်မ သိထားတာက သူ့ပတ်ဝန်းကျင်မှာ ပြဿနာတစ်စုံတစ်ခုပေါ်လို့ပါပဲ။ သူ သိပ် စိတ်ရှုပ်နေပုံ ပေါ်တာကြောင့် ဘယ်သူနဲ့ ဘာဖြစ်တာလဲလို့ မမေးတော့ပါဘူး။ နောက် ရက်အနည်းငယ်ကြာတော့ သတင်းစာထဲမှာ သူ့လေးဆယ့်တစ်နှစ်မြောက် မွေးနေ့ပွဲကို ကော်လိုရာဒိုပြည်နယ်က ဗေး(လ)မြို့မှာ ကျင်းပခဲ့တဲ့အကြောင်း၊ ဒီပွဲမှာ လင်ဒါနဲ့ အဲ(လ)ဗစ္စရဲ့ အပေါင်းအသင်းတွေ တက်ရောက်ခဲ့ကြကြောင်း ဖတ်ရပါတယ်။ ကျွန်မ မယုံနိုင်လောက်အောင်ပါဘဲ။ သူ့ကို ဝိုင်းအသုံးချနေကြ တဲ့သူတွေကို မုန်းလှချည်ရဲ့ဆိုပြီးတော့ ခုတော့ စကီးစီးတဲ့ အပန်းဖြေစခန်း အရောက် အားလုံးကို ခေါ်သွားပြီး မွေးနေ့ပါတီ ကျင်းပသတဲ့လား။ ကျွန်မကို ကြိုးရှည်ရှည် လှန်ထားတဲ့ သဘောလား။ ဒီအတွေးက တခြားကိစ္စတွေထက်

http://www.cherrythitsar.org



ကျွန်မရင်နာရပါတယ်။ အရုပ်ကလေး တစ်ရုပ်လို ကျွန်မကို သဘောထားနေတာလား။ ဖုန်းခဏခဏဆက်၊ ချစ်တယ်. . . ချစ်တယ် တဖွဖွပြောပြီး ခုတော့ တခြားမိန်းမတစ်ယောက်နဲ့ ပျော်ပွဲဆင်နေတယ်လေ။

ထုံးစံအတိုင်း ကျွန်မ ဝေဒနာကို သားသမီးတွေ ကိစ္စ ဆောင်ရွက်ပေးခြင်း၊ အလုပ်ထဲ အာရုံနှစ်ထားခြင်းတို့နဲ့ ကုစားရပြန်ပါတယ်။ ဒီဖိုင်းယားရီးက အထက်တန်းကျောင်း စာမေးပွဲ ပြီးတော့မယ်၊ မဲ(မ)ဖစ္စမှာ အဲ(လ)ဗစ္စနဲ့ နောက်ဆုံးတစ်ကြိမ် တွေ့ခဲ့ပြီးကတည်းက သူ့ကို သမီးအကြောင်း အသိပေးတော့မယ်လို့ ကျွန်မ လေးလေးနက်နက် စဉ်းစားခဲ့တယ်။ ခုတော့ သူမွေးနေ့ပါတီက ကျွန်မ မပြောခဲ့တာ မှန်တယ်ဆိုတဲ့ အဖြေ ပေးလိုက်ပြီ။ သူ့ ဆုံးဖြတ်ချက်ကို သူ ပိုင်ပိုင်နိုင်နိုင် မချမှတ်နိုင်ဘူး။ သူ့ပတ်ဝန်းကျင်က ကြိုးဆွဲရာကို သူ ကနေရဦးမယ် ဆိုရင်တော့ ကျွန်မတို့ သားအမိ သူ့ဘဝထဲဝင်ဖို့ ဘယ်မှာဖြစ်နိုင်ပါ့မလဲ။ သူ့ပတ်ဝန်းကျင်က ကျွန်မတို့ သားအမိကို အရှုပ်တွေလို့ မြင်နေကြတော့မှာပေါ့။ သူ့အပေါ် ပြဿနာတက်လာရင် ကျွန်မတို့ရှေ့က မားမားမတ်မတ် ရပ်ပြီး ဖြေရှင်းပေးနိုင်မယ်လို့လည်း ကျွန်မ မထင်ဘူး။

အရပ်မြင့်မြင့် ရုပ်ချောတဲ့ ကျွန်မသမီး ဒီဖိုင်းယားရီးဟာ ပင်ကိုအလှရှိတဲ့ မော်ဒယ်(လ)တစ်ယောက်ပါ။ မကြာခင်မှာဘဲ ကျွန်မ မိတ်ဆွေတစ်ယောက်က ဒါးလက်(စ)ကွန်ဗင်းရှင်းစင်တာမှာ မုန့်အရောင်းကိုယ်စားလှယ် လုပ်ပေးဖို့ စကားကမ်းလှမ်းလာပါတယ်။ သမီးက လုပ်ပါရစေလို့ ခွင့်တောင်းတယ်။ ကျွန်မ ဘာမှ မပြောတတ်တဲ့အတွက် ခွင့်ပြုလိုက်ရပါတယ်။ အိမ်ကထွက်သွားတဲ့သမီးဟာ အလှကြီး လှနေတော့တာပါပဲ။ ကောလိပ်က ခဏပြန်ရောက်နေတဲ့ ဒဲနစ္စနဲ့ ကျွန်မ သမီးထွက်သွားတာကို ငေးကြည့်ရစ်ခဲ့ကြတယ်။ သမီး ဆယ်ကျော်သက်ဘဝကနေ မိန်းမတစ်ယောက်ဘဝ တက်လှမ်းသွားပါပကောလား။

အဲဒီညမှာ ဒဲနစ္စက စာဖတ်နေတယ်။ တော်တော်ညဉ့်နက်နေပြီ။ ကျွန်မက ဒီဖိုင်းယားရီးအကြောင်း တွေးနေမိပါတယ်။ နောက်ဆုံးမှာ တံခါးခေါက်သံ ကြားရတယ်။ ကျွန်မက အခန်းထဲဝင်ပြီး ညဝတ်အင်္ကျီလဲနေပြီ။ တံခါးပေါက်မှာ 'အို - ဘုရားသခင်'ဆိုတဲ့ ဒီဖိုင်းယားရီးအသံ ကြားလိုက်ရပြီး ငိုသံနဲ့ ယောကျ်ားတွေရဲ့ အသံလည်း ကြားရလို့ ကျွန်မ ပြေးထွက်လာခဲ့ပါတယ်။

ဧည့်ခန်းထဲမှာ ရဲနှစ်ယောက်၊ သမီးက ကျွန်မကို ပြေးဖက်တယ်။ သမီးက လည်း သည်းသည်းထန်ထန်ငိုနေတော့ ဘာမှန်းမသိဘဲ ကျွန်မလည်း ငိုမိတယ်။ သမီး ဘာဖြစ်သလဲဆိုတာ ကျွန်မသိဖို့ တော်တော်ကြောက်သွားတယ်။ ရဲအရာရှိ

http://www.cherrythitsar.org



တွေက ပြောပြတာက စားကုန်ပြပွဲအပြီး ဒီဇိုင်းယားရီးက ကားစောင့်နေတုန်း လူတစ်ယောက်က ဓားထောက်ပြီး အဓမ္မကျင့်ဖို့ ကြံစည်ခဲ့သတဲ့။ သမီးက ထွက်ပြေးလွတ်မြောက်ပေမယ့် အဝတ်အစားတွေတော့ စုတ်ပြဲသွားပြီး လက်မှာလည်း ဓားဒဏ်ရာတစ်ချက် ရခဲ့တယ်တဲ့။

ဒီလိုဖြစ်လိုက်တဲ့အတွက် သမီးခမျာ အကြောက်ကြီး ကြောက်သွားပြီး အပြင်ကို လုံးဝမထွက်ရဲတော့ဘူး။ သမီးက ဆယ်ကျော်သက်ဘဝမှာလည်း တခြားမိန်းကလေးတွေနဲ့ မတူဘဲ ဂီတ၊ ဘဲလေးအက၊ ကျမ်းစာလေ့လာခြင်းတွေမှာသာ ပျော်မွေ့နေတဲ့အတွက် တခြားမိန်းကလေးတွေလို ပြင်ပလှုပ်ရှားမှုတွေ သိပ်ပါဝင်ပတ်သက်ခဲ့ခြင်း မရှိပါဘူး။ ခုတော့ ပိုဆိုးသွားတာပေါ့။ တုန်လှုပ်ချောက်ချားနေတဲ့ သမီးရဲ့ ဝေဒနာကို ကျွန်မ မျှဝေခံစားမိပါတယ်။ အဲဒီကာလတွေဟာ ကျွန်မတို့ သားအမိအတွက် ဆိုးရွားလှပါတယ်။

အဲ(လ)ဗစ္စက ကျွန်မ ဘဝထဲမှာ မရှိတော့ပြန်ဘူး။ ဖုန်းဆက်ပြီး မှာထားခဲ့ပေမယ့် ကျွန်မ ပြန်မဆက်တော့ဘူး။ အိမ်မှာနေရရင်လည်း ဖုန်းမကိုင်တော့ဘူး။ သူ့ကို ကျွန်မစိတ်ဆိုးတယ်။ သမီးအကြောင်းလည်း မပြောတော့ဘူး။ ကြည့်ပါဦး အဖေက ကော်လိုရာဒိုမှာ သီချင်းဆိုနေတဲ့အချိန် သမီးက ကြောက်စိတ်နဲ့ အိမ်တွင်းအောင်းနေရတယ်။

အဲဒီနှစ် ဧပြီလမှာ သူဖုန်းဆက်တော့ ကျွန်မ စိတ်လျှော့ပြီး ကိုင်လိုက်ပါတယ်။ ကျွန်မလေသံကို နားထောင်လိုက်တာနဲ့ သူက ချက်ချင်း ရိပ်မိတယ်။ နေမကောင်းလို့လား၊ ဒါမှမဟုတ် စိတ်ဆိုးနေတာလားတဲ့။ လင်ဒါကိစ္စ၊ စကီးပါတီကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ စကားများကြတယ်။ ထုံးစံအတိုင်း သူ့ဘက်မှာ ကာကွယ်ဖို့ အဆင်သင့် စကားလုံးတွေရှိပြီးသား။ သူ့ပတ်ဝန်းကျင်က လူလိမ်လူညာတွေကို သူမုန်းသတဲ့။ လင်ဒါက သူ့ သူနာပြုပါတဲ့။ သတင်းစာတွေမှာ ရေးကြသလို မဟုတ်ပါဘူးတဲ့။ ဓာတ်ပြားဟောင်းကြီး ဖွင့်ပြောတာမှန်း သိပေမယ့် သူနဲ့ ပတ်သက်လာရင် အလိုလို အားနည်းတတ်တဲ့ ကျွန်မရဲ့ ပင်ကိုဗီဇအတိုင်း အရှုံးပေးလိုက်ရပြန်ပါတယ်။

'မောင် ကျွန်မကို တကယ်လိုအပ်သေးရဲ့လား၊ ဂရုကော စိုက်သေးရဲ့လား၊ အမှန်ကို ရဲရဲပြောလိုက်စမ်းပါ မောင်၊ ကျွန်မ ကြားပါရစေ'

'ဒီဇိုင်းယားရီး. . . မောင် ချစ်တယ် အချစ်ရယ်'သူ့အသံက လေးနက်တယ်။

'မောင့်ကိုယုံပါ၊ အချစ်က မောင့် အသက်ပါပဲ။ မောင် ပြောတာ နားထောင်နော်၊ မောင်တို့ ထာဝရအတူနေရတော့မယ်။ စိတ်နည်းနည်းရှည်လိုက်စမ်းပါ။

http://www.cherrythitsar.org



မောင်တို့နှစ်ယောက် သစ္စာထားခဲ့ကြသလို အတူနေရမယ့်ကာလ မဝေးတော့ဘူး ဟန်နီ'

နေမကောင်းတဲ့ကြားက ကျွန်မကို ချော့နေတဲ့ သူ့အသံက ကျွန်မ နှလုံးသားကို အရည်ပျော်စေပါတယ်။ ငွေရေး ကြေးရေး ပြဿနာတွေ၊ တရားရုံးက အမှုတွေ၊ သူ့အဖေ ကျန်းမာရေး ဒါတွေ ပြောပြတော့ ကျွန်မကပဲ ရန်ထောင်မိတာကို ပြန်တောင်းပန်လိုက်ရတယ်။

'ပြဿနာတွေ မောင် ရှင်းနေပါတယ်၊ နွေးပေမယ့် အားလုံးကို သေချာအောင် လုပ်နေရတယ်။ တစ်အိမ်လုံး ရှင်းပစ်မယ်။ ဒယ်ဒီနဲ့လည်း ဒီကိစ္စတွေ အကြာကြီး စကားပြောဖြစ်ခဲ့တယ်။ လင်ဒါလည်း မောင့်ဆီက ရသင့်သလောက် ရပြီမို့ ထုတ်ပစ်ရမှာပဲ'

မောင်က ဒေါသထွက်လွန်းလို့ ဓာတ်ပြားအသစ် သွင်းရမှာတောင် မသွင်းနိုင်ဘူးတဲ့။ သီချင်းဆိုဖို့ ဘယ်လိုမှ ဝင်စားလို့ မရနိုင်ဘူးတဲ့။ မကြာသေးခင်က အသစ်ထွက်လာတဲ့ Danny Boy, Solitaire နဲ့ Moody Blue ဓာတ်ပြားတွေအကြောင်း စကား ဆက်မိကြတယ်။

'မောင်က Moody Blue ကို သိပ်ကြိုက်တယ်။ သီချင်းက သွက်တယ်။ ဒီသီချင်းကို ရေးတဲ့သူက Suspicious Minds သီချင်းရေးတဲ့ မက်(ခ)ဂျိမ်း(စ)ပဲလေ။ သူက သီချင်းရေးဆရာတွေထဲမှာ တော်တော် တော်တယ်'

ဖျော်ဖြေပွဲတွေအကြောင်း စကားရောက်သွားတော့ မောင်က မကြာခင် Fort Worth မှာ ဆိုစရာရှိတယ်။ အဲဒီပွဲကြရင် တွေ့ကြရအောင်လို့ ချိန်းပါတယ်။ ကောင်းသားပဲလို့ ကျွန်မပါးစပ်က ပြောလိုက်ပေမယ့် ရင်ထဲကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သိနေပါတယ်။ သူ့အုပ်စုနဲ့ ခရီးသွားနေတဲ့ကာလမှာ ကျွန်မနဲ့တွေ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စပါ။ ကျွန်မ လက်စွပ်အကြောင်း မေးတော့ ပျောက်သွားသတဲ့။ သူ့ကိုယ်ပိုင် ပစ္စည်းတွေ မကြာခဏ ပျောက်နေလို့ ဒီအုပ်စုထဲမှာ သူခိုးတစ်ယောက်တော့ ရှိနေပြီလို့ ဆိုတယ်။ လက်စွပ်အသစ် ပြန်ဝယ်ပေးမယ်တဲ့။

'ဟန်နီ. . . ကိုယ်အခု ကျမ်းစာအုပ် ပြန်ဖတ်နေပြီ။ ချစ်ပြောတာ မှန်တယ်။ ဘုရားသခင်မှာ ကိုယ်လိုချင်တဲ့ အဖြေတွေ အားလုံးရှိတယ်။ အဲဒီအထဲက အဖြေတစ်ခုကတော့ ကိုယ်တို့နှစ်ယောက် အတူနေရလိမ့်မယ်တဲ့။ ပြောစရာတွေ ကတော့ အများကြီးပါပဲကွာ။ အရာအားလုံး ပြောင်းလဲသွားမှာပါ။ စောင့်နေ'

သူ နိုင်သွားပြန်ပြီ။ ဒေါသနဲ့စခဲ့တဲ့ စကားက မျှော်လင့်ချက် ရောင်ခြည်

http://www.cherrythitsar.org



သန်းလာပြီး မဆုံးနိုင်သေးတဲ့ ကျွန်မတို့အချစ်ဇာတ်လမ်းရဲ့ ဇာတ်ပေါင်းခန်းကို မျှော်ရပြန်ပြီ။ သမီးကတော့ ကြောက်စိတ်နဲ့ စိတ်ကျရောဂါ ဆက်လက်ခံစားနေရဆဲပဲ။ တစ်ရက်မှာတော့ ဒီဇိုင်းယားရီးက သူ သီးခြားအခန်းငှားပါရစေ၊ ဒါမှ သူ့ကိုယ်သူ ထိန်းနိုင်မှာပါလို့ ဆိုတဲ့အတွက် ကျွန်မ ခွင့်ပြုလိုက်ရတယ်။ အခန်းသီးခြားငှားနေပြီး အိမ်လာလည်တိုင်း ကျွန်မကိုကြည့်တဲ့ သူ့မျက်လုံးတွေက အေးစက်စက်နိုင်လှတယ်။ တစ်ခါတလေ ကျွန်မ မျက်နှာကို ငေးကြည့်နေတယ်။ စိတ်ဓာတ်ကျနေရှာတာပဲလို့ ကျွန်မ အောက်မေ့ခဲ့ပါတယ်။

* * *

[အခင်းဖြစ်ပြီး နှစ်လလောက်အကြာမှာ ဒီဇိုင်းယားရီးဆီကို ဖုန်းတစ်ခု လာခဲ့ပါတယ်။ ဒီဖုန်းစကားက သူ့နှလုံးသားမှာပိုမိုနက်ရှိုင်းတဲ့ ဒဏ်ရာရစေခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒီဇိုင်းယားရီးက ပြောပြတာက 'ဖုန်းဆက်တဲ့သူက အဲဒီတုန်းက မေမေ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်ပါ။ သူတို့ငယ်သူငယ်ချင်းနှစ်ယောက် အကြာကြီး စကားပြောဖြစ်ခဲ့ရာက ကျွန်မအဖေဟာ အဲ(လ)ဗစ္စ ဖြစ်တယ်'လို့ မေမေက ပြောပြခဲ့သတဲ့၊ ဒီအကြောင်း ကျွန်မကိုပြောတော့ 'ရှင်နေမှ ကောင်းရဲ့လား' လို့တောင် မေးလိုက်မိတယ်။ အဲဒီအမျိုးသမီးက မေမေ ဒီစကားပြောခဲ့တာ အမှန်ပဲလို့ ခိုင်ခိုင်မာမာ ပြောတော့တာပဲ။ ကျွန်မ နှစ်ပတ်လောက်ကြာတဲ့အထိ ငိုင်နေမိတယ်။ မဖြစ်နိုင်ဘူး၊ ယုံလည်း မယုံနိုင်ဘူး။ မေမေက ကျွန်မကို ဘာကြောင့် မပြောရတာလဲ။ အဲဒီလိုတွေးရင် အတိတ်က အကြောင်းတွေ ပြန်စဉ်းစားမိခဲ့ပါတယ်။ အဲ(လ)ဗစ္စရဲ့ သီချင်းတွေ၊ ရုပ်ရှင်တွေနဲ့ ပတ်သက်လာရင် မေမေ ဖြစ်ပျက်တတ်တာတွေပေါ့။ တစ်ခါတုန်းက ကားထဲက ရေဒီယိုက အဲ(လ)ဗစ္စ သီချင်းလာတော့ မေမေ ကျွန်မကို ဖက်ပြီး ငိုခဲ့ဖူးတယ်။ ဒီလိုဖြစ်ခဲ့တာ တစ်ကြိမ်တည်း မကဘူး။ ပြီးတော့ မေမေက တစ်ခါတလေ ကျွန်မကို ငေးကြည့်နေတတ်ပါတယ်။ သူ့အကြည့်မှာ ချစ်တာနဲ့ ဝမ်းနည်းကြေကွဲတာ ရောနေတယ်။ ကျွန်မမျက်နှာကို ကြည့်နေတဲ့ တစ်ချိန်တည်းမှာ တခြားတစ်ယောက်ကို မြင်နေသလိုပဲ၊ အဲဒီကတည်းက ကျွန်မတို့ ညီအစ်မတစ်တွေက မေမေဟာ အဲ(လ)ဗစ္စနဲ့ တစ်စုံတစ်ခု ပတ်သက်ခဲ့လိမ့်မယ်လို့ ထင်ခဲ့ကြတယ်။ အဲ(လ)ဗစ္စဟာ ကျွန်မအဖေဖြစ်တယ်ဆိုတဲ့ အဆင့်ထိတော့ မစဉ်းစားခဲ့မိကြပါဘူး။ အဲဒီအချိန်အထိ ကျွန်မ မယုံသေးဘူး။ ထိုမိန်းမကလည်း တစ်ချိန်လုံး ဖုန်းဆက်ပြီး ကျွန်မ မေမေကို ဖွင့်မေးဖို့နဲ့ အဲ(လ)ဗစ္စကို ဖွင့်ပြောခိုင်းဖို့ချည်း တိုက်တွန်းနေတော့တာပဲ။ ကျွန်မ မမေးချင်ပါဘူး။ အဖေ့ကိစ္စ ပြဿနာ

http://www.cherrythitsar.org



ပေါ်တိုင်း မေမေ စိတ်ညစ်ရတာချည်းပဲလေ။

ကျွန်မ ဘ၀မှာ အဖေဘယ်သူလဲဆိုတာ မသိရတဲ့ ဒုက္ခဟာ တော်တော်ကြီးမားတဲ့ ဒုက္ခပါ၊ ဒါပေမယ့် ကျွန်မ သည်းခံခဲ့တယ်။ ကျွန်မ တကယ်ပဲ အဲ(လ)ဗစ္စရဲ့ သမီးလား၊ မေမေက ဒါကို ဘာကြောင့် လျှို့ဝှက်ထားရတာလဲ။ တော်တော် စဉ်းစားရခက်ပါတယ်။ ဒါပေမယ့် မေမေ့ကိုတော့ ကျွန်မ လုံးဝ မမေးပါဘူး။

ဒီဇိုင်းယားရီးက သူ့အဖေ ဘယ်သူလဲဆိုတာ သိနေပြီဆိုတာကို နောက်ဆယ်နှစ်ကြာမှ လူစီသိခဲ့ပါတယ်။ လူစီက ဘယ်မိတ်ဆွေကိုမှ အဲ(လ)ဗစ္စနဲ့ ပတ်သက်လို့ မပြောခဲ့ပါဘူး။ ဟိုမိန်းမက ဒီဇိုင်းယားရီး ရုပ်ရည်နဲ့ အဲ(လ)ဗစ္စနဲ့ ပတ်သက်ရင် လူစီ တုန်လှုပ်တတ်တာတွေ ဆက်စပ်ပြီး အစ်လိုက်တာပါပဲ။

အဲဒီအချိန်မှာ ဒီဇိုင်းယားရီး သိနေပြီဆိုတာ မသိတဲ့ ဒဲနစ္စက သူ့အမေကို ဒီကိစ္စ ဖွင့်ပြောလိုက်ဖို့ တိုက်တွန်းခဲ့သေးတယ်။

'အလုပ်လုပ်နေတဲ့ ဒါးလက်(စ)မားကက်စင်တာကို ကားနဲ့အသွား အမေ့ကို ဒီဇိုင်းယားရီးနဲ့ ပတ်သက်ပြီး ခုလောက် ဖုံးကွယ်မထားသင့်တဲ့အကြောင်း ပြောလိုက်ပါတယ်။ အမေက ငိုပြီး မင်းဘာမှ နားမလည်ပါဘူးတဲ့။ ဒီဇိုင်းယားရီးခမျာ စိတ်ဒုက္ခရောက်နေတော့ သူသိသင့်တယ်လေ။ ဘယ်လိုသိတာလဲလို့ အမေက မမေးပေမယ့် နောက်ဆုံးမှာတော့ အဲ(လ)ဗစ္စဖြစ်တယ်ဆိုတာ ဝန်ခံပါတယ်။ ဒီဇိုင်းယားရီးကို မပြောနဲ့လို့ နှုတ်ပိတ်တယ်။ ရင်ထဲမှာ ခံစားလို့ ရပေမယ့် အမေ ကျေနပ်အောင် ကတိပေးခဲ့ပါတယ်။]

*　　　*　　　*

ဖျော်ဖြေပွဲတွေ ဆက်နေတဲ့ အဲ(လ)ဗစ္စက မကြာခဏ ဖုန်းဆက်ပါတယ်။ တစ်မြို့ပြီး တစ်မြို့ဆက်နေတာပဲ။ တစ်ရက်တော့ သူက အလန့်တကြား ဆက်တယ်။ သူ့ လူတွေထဲက တစ်ယောက်က သူ့ကို အား(လ)လို့ ခေါ်လိုက်သတဲ့၊ ကျွန်မတို့နှစ်ယောက် စကားပြောနေကြတာကို သူတို့ ခိုးနားထောင်ကြသလား မသိဘူးတဲ့၊ 'အား(လ)'ဆိုတဲ့ စကားလုံးက သူတို့လို စုတ်ပွဲ့တဲ့ နှုတ်ဖျားက ထွက်တာ မတန်ဘဲ ကျွန်မတစ်ယောက်တည်းက ခေါ်တာကိုပဲ ကြားချင်တာလို့ ဆိုပါတယ်။ နောက်တစ်ကြိမ်ဆက်တော့ သူ့ ကိုယ်ရေးအတ္ထုပ္ပတ္တိရေးဖို့ စီစဉ်နေတယ်တဲ့။ ဒီစာအုပ်ရဲ့ ခေါင်းစဉ်ကို Through My Eyes လို့ တပ်မယ်တဲ့၊ ဒီစာအုပ်ရေးဖို့အတွက် ကျွန်မ အကူအညီလည်း လိုတယ်လို့ ပြောတယ်။

'ဒီ စာအုပ်ထဲမှာ အချစ်က အရေးကြီးတဲ့ အခန်းကဏ္ဍက ပါမှာပဲ။ အဲဒီအခါ

http://www.cherrythitsar.org



အားလုံး အံ့ဩကုန်ကြမှာပဲ။ ကျန်တဲ့ ကိစ္စတွေကို ကိုယ့်လူတွေ သိပေမယ့် အချစ်နဲ့ ပတ်သက်တာတော့ ကိုယ် လျှို့ဝှက်ထားတယ်' သူ့လေသံက ရွှင်နေတယ်။ ဟုတ်ပါရဲ့၊ သူ့ဘဝမှာ ကျွန်မ ကိစ္စကလွဲရင် ဘာလျှို့ဝှက်ချက်မှ မရှိခဲ့ပါဘူး။

'ကိုယ်တို့နှစ်ယောက် ခြေရာဖျောက်သွားကြပြီး ဒီစာအုပ် ရေးရအောင်၊ ကိုယ့်ဘဝမှာ သီချင်းတွေဆို၊ ရုပ်ရှင်တွေရိုက်၊ ခရီးထွက်၊ ဟိုတယ်တွေမှာ တည်းနေရတာ ငြီးငွေ့လှပြီ။ သာမန်အိမ်ကလေးတစ်လုံးမှာ ကိုယ့်ကို အမှန်တကယ် ချစ်တဲ့ ဇနီးနဲ့ သားသမီးလေးတွေ မွေးပြီး နေချင်လှပြီ'တဲ့။

မေလထဲမှာ အိပ်မက်တစ်ခု မက်တယ်။ ဖျော်ဖြေပွဲစင်မြင့်ရဲ့ နောက်မှာ အဲ(လ)ဗစ္စကို သူ့လူတွေက ဆေးတွေတိုက်ကြတယ်။ သူ စင်ပေါ်တက်လာပြီး သီချင်းဆိုမယ် အလုပ်မှာ လဲကျသေဆုံးသွားတာကို ပရိသတ်တွေကလည်း ဘာမှ မဖြစ်သလို ထိုင်ကြည့်နေကြသတဲ့။ ကျွန်မ စိတ်ပူသွားလို့ ဂရေ့(စ)လဲ(န)(ဒ) ကို ဖုန်းဆက်တော့ အနောက်ဘက်ခြမ်းမှာ သီဆိုဖျော်ဖြေနေတယ်လို့ ဖြေကြတယ်။ နောက် လေးငါးရက်ကြာတော့ သူဖုန်းဆက်လာတယ်။ သူ့အသံကြားရလို့ ဝမ်းသာလိုက်တာ။ ဒါပေမယ့် ကြာရှည်ဝမ်းမသာခဲ့ပါဘူး။ သူ့အသံက အခြေအနေပိုဆိုးလာတယ်။ ကျန်းမာရေးကို ဂရုစိုက်ဖို့ သတိပေးတော့ သူ ကတိပေးပါတယ်။ သူက မဲ(မ)ဖစ္စမှာ ဖြစ်ဖြစ်၊ လော့(စ)အိန်ဂျလိ(စ)မှာဖြစ်ဖြစ် ကျွန်မတို့ ဆုံကြရအောင်တဲ့။ ကျွန်မက သူ့ခရီးစဉ်တွေအားလုံးပြီးရင် ဆုံပါမယ်လို့ ပြောလိုက်ရတယ်။

နောက်တစ်ပတ်လောက်အကြာ အပြင်ကနေ ကျွန်မ အိမ်ပြန်လာတော့ ဒီဇိုင်းယားရီးရဲ့ ကားကို အိမ်ရှေ့မှာ တွေ့လိုက်ရတယ်။ သားအမိနှစ်ယောက် စကားတွေပြောရဦးမယ်လို့ ဝမ်းသာသွားပေမယ့် ကားမှန်မှာ ညှပ်ထားတဲ့ စာကလေး တစ်စောင်ကို မြင်လိုက်တော့ ကျွန်မ လန့်သွားတယ်။ သူရေးထားတာက 'မေမေ သမီး ခဏခရီးထွက်သွားပါတယ်၊ L.A ကို သွားမလို့ပါ။ မေမေ့ကို သမီးဆက်သွယ်ပါ့မယ်။ ချစ်တဲ့ ဒီဇိုင်းယားရီး'တဲ့။ ကျွန်မ တစ်ကိုယ်လုံး လန့်ဖျပ်အေးစက်သွားတာပဲ။ L.A ထိသွားမှာကို ဘာမှ ကြိုတင်မပြောဘဲ စာကလေးတစ်စောင်သာ ရေးသွားတာ ဘာသဘောလဲ၊ သမီးက ကျွန်မကို လျစ်လျူရှုပြီလား။ ခုလို အချိန်မျိုးမှာ မှီခိုအားထားရာ ရင်ခွင်မရှိတာ ကျွန်မအတွက် အားငယ်စရာပါပဲ။ ကျွန်မအပူကို မျှဝေခံစားမယ့်သူ တစ်ယောက်လိုတယ်။ သူ့အဖေကို လှမ်းပြောရမလား။ ဒါပေမယ့် ကျွန်မ ဘယ်လိုပြောရမှာလဲ။ 'ရှင့်မှာ

http://www.cherrythitsar.org



သမီး တစ်ယောက်ရှိတယ်။ ဆယ့်ခုနစ်နှစ်သမီးရှိပြီ။ အခု သူ အိမ်က ထွက်သွားလို့’ အဲဒီလို ပြောလိုက်ရင် သူ နေမကောင်းနေတဲ့ကြားက စိတ်သောက ဘယ်လောက် ရောက်လိုက်မလဲ။ ကျွန်မ တစ်ယောက်တည်းသာ ကြိတ်မှိတ်ခံစားပါတော့မယ်။

နောက် ရက်အနည်းငယ်ကြာတော့ ဒီဇိုင်းယားရီးရဲ့ သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်တယ်။ ဒီဇိုင်းယားရီးက သူ့သူငယ်ချင်းအဖေနဲ့အတူ ရှိနေတဲ့အတွက် စိတ်မပူပါနဲ့တဲ့။ ပြဿနာလေးတွေ ရှင်းပြီးရင် ပြန်လာမှာပါ။ ဖုန်းလည်း ဆက်ပါလိမ့်မယ်တဲ့။ အဲဒီတော့မှ ကျွန်မ စိတ်အေးရတော့တယ်။ ဒါပေမယ့် ပြဿနာဆိုတာက ဘာလဲ။ သမီးက အမြဲတမ်း ကျွန်မကို ပွင့်ပွင့်လင်းလင်း တိုင်ပင်နေကျပါ။ ခုတော့ ဘာတွေ လျှို့ဝှက်နေတာလဲ။ နောက်ဆုံးမှာတော့ သမီးကိုယ်တိုင် ဖုန်းဆက်လာတယ်။ အသံက ဝမ်းနည်းကြေကွဲနေသလိုပဲ။ သမီးပြောလိုက်တဲ့ စကားတစ်ခွန်းက ကျွန်မအတွက် ဗုံးပေါက်ကွဲသံလိုပါပဲ။ သမီးက သူ့အဖေနာမည်မှန်ဖြစ်တဲ့ ပရက်စလေကို သူသုံးတော့မယ်တဲ့။ ကျွန်မ အာစေးမိသွားသလိုပဲ။ သမီး ဘယ်လိုလုပ် သိသွားတာလဲ။ ဘာတွေ သိထားတာလဲ။

‘ဘာဖြစ်လို့လဲ သမီး’ ကျွန်မ ဒါလောက်ပဲ မေးနိုင်တယ်။

‘အဲဒါ ကျွန်မနာမည်အမှန်မို့ပါ မေမေ’

ကျွန်မ နှုတ်ဆိတ်သွားတယ်။ သူဘာတွေ သိထားသလဲဆိုတာ မသိတော့ ကျွန်မ စိတ်ပူတယ်။ ဒီကိစ္စကို မိုင်ပေါင်း ၂၀၀၀လောက်ဝေးတဲ့ အရပ်ဒေသရောက်နေတဲ့ သမီးနဲ့ ဖုန်းကတစ်ဆင့် မပြောချင်ပါဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ကျွန်မ မသုံးစေချင်တဲ့ သူ့နာမည် ဒီဇိုင်းယားရီးကို သုံးတော့မယ်လို့ တိတိလင်းလင်း ပြောခဲ့ဖူးတယ်။ ခုဟာကတစ်မျိုး။ အဲဒီတော့ အဖြစ်မှန်ကို သမီးသိအောင် ပြောရတော့မှာ ဖြစ်သလို သူ့အဖေကိုလည်း ပြောရတော့မယ်။

* * *

[ပရက်စလေဆိုတဲ့ မျိုးရိုးနာမည် ကျွန်မသုံးတော့မယ်လို့ ပြောလိုက်တော့ အမေ့ဆီက တစ်ခုခုကြားရမလားလို့ ထင်ခဲ့သေးတယ်။ ဒါပေမယ့် ဘာဆိုဘာမှ မကြားခဲ့ရပါဘူး။ ဒါပေမယ့် ငြင်းလည်း မငြင်းခဲ့ဘူး။ ဒီလို ဝန်ခံနည်းမျိုးကို ကျွန်မ လက်ခံချင်တာ မဟုတ်ပေမယ့် မေမေ ဘာတွေဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ဇွတ်အတင်း မမေးခဲ့ပါဘူး။ ကျွန်မအဖေဟာ အဲ(လ)ဗစ္စဖြစ်တယ်ဆိုတာ ဖုန်းဆက်ပြောခဲ့တဲ့ အမျိုးသမီးက လား(စ)ဗီးဂတ်(စ)မှာ ဖျော်ဖြေနေတဲ့ အဲ(လ)ဗစ္စဆီသွားပြီး သူ့သမီးဖြစ်ကြောင်း ပြောဖို့ တိုက်တွန်းသေးတယ်။ ဒါကတော့

http://www.cherrythitsar.org



ဖြစ်နိုင်မယ် မထင်ပါဘူး။ သူ့အနား ရောက်အောင် ကျွန်မ ဘယ်လို သွားရမလဲ။ ရောက်တယ်ပဲထားဦး ဘာမှ အကျိုးအကြောင်းမသိတဲ့ ကျွန်မက အဲဒီလို တုံးတိကြီး မပြောချင်ပါဘူး’လို့ ဒီဇိုင်းယားရီးက ဆိုတယ်။]

* * *

ရက်အနည်းငယ်ကြာတော့ သမီးနဲ့ သူ့အဖေကို အဖြစ်မှန်တွေ ပြောတော့မယ်လို့ ဆုံးဖြတ်ထားတာ ဖျက်လိုက်ရတယ်။ အကြောင်းကတော့ လူတစ်ယောက်က တောင်ပိုင်းသား လေသံနဲ့ ဖုန်းဆက်လာပြီး ‘ကျွန်မ အသက်ကို နှမြောရင် အဲ(လ)ဗစ္စလာတဲ့အခါ လုံးဝမဆက်သွယ်ပါနဲ့’တဲ့။

ဘာတွေဖြစ်ကုန်ပြီလဲ။ နှစ်ဆယ့်သုံးနှစ်လုံးလုံး ကျွန်မ ဖုံးကွယ်ခဲ့တာတွေ အခု ရက်သတ္တပတ်အတွင်းမှာ ကဲ. . . တစ်ယောက်ပြီးတစ်ယောက် သိကုန်ကြပြီ ဖြစ်တယ်ဆိုတဲ့ အဆင့်အထိတော့ မစဉ်းစားခဲ့ကြပါဘူး။ ဒီအချိန်ထိ ကျွန်မမယုံသေးဘူး။ ဟို မိန်းမကလည်း တစ်ချိန်လုံး ကျွန်မ မေမေ့ကို ဖွင့်မေးဖို့နဲ့ အ(I) Bkiu P ကို လာမယ့်အစီအစဉ်ကို ကျွန်မ သွားသတိရတယ်။ ဇွန်လမှာ တစ်ခေါက်၊ ဇူလိုင်လမှာ တစ်ခေါက် လာစရာရှိတာပဲ။ သူတို့တစ်တွေက ကျွန်မကို အဲ(လ)ဗစ္စနားမှာ မရှိစေချင်ကြဘူး။ ကျွန်မ စိုးရိမ်ခဲ့တာတွေ မှန်ခဲ့ပြီပေါ့။ သူ့ ပတ်ဝန်းကျင်က ကျွန်မတို့နှစ်ယောက် ဆုံတွေ့မှာကို ဖြစ်တဲ့နည်းနဲ့ တားကြတော့မယ်။

သူ့ ပွဲတွေကို ကျွန်မ လုံးဝမသွားဘူးဆိုတာတော့ အထူးပြောစရာ လိုမယ် မထင်ပါဘူး။ ဘယ်လောက်ပဲ သွားစေချင်ဦးတော့၊ ကျွန်မ မစွန့်စားရဲပါဘူး။ နောက်တစ်နေ့ သတင်းစာတွေက ကောင်းတယ်လို့ ဝေဖန်ရေးသားကြတာ တွေ့ရတော့ ကျွန်မ တော်တော်အံ့ဩမိပါတယ်။ သူဘာဖြစ်နေတယ်ဆိုတာ ဘယ်သူမှ မမြင်ကြတော့ဘူးတဲ့လား။ သူ့ပုံစံတွေ သတင်းစာမှာ မြင်ရတော့ ကျွန်မ နှလုံးသားတွေ နာကျင်လိုက်တာ။ ပုံပျက်ပန်းပျက် ဝနေပြီး နေမကောင်းတဲ့ ပုံစံပေါ်နေတယ်။ မကြာခင် ဆေးရုံပို့တော့မယ် ထင်တယ်။ ကျွန်မ အိမ်ထဲဝင်လာတော့ ဖုန်းမြည်လာတယ်။ ကျွန်မ မကိုင်လိုက်မီ ဂျက်(ကျွန်မခင်ပွန်း)က လက်ဦးသွားတယ်။ သူက စကားပြော သိပ်ရိုင်းတာ။ ဘယ်သူလဲလို့ မေးပြီး ဆဲတော့တာပဲ။ ကျွန်မနဲ့ အဲ(လ)ဗစ္စ လွဲကြတာ ဘယ်နှကြိမ်ရှိပြီလဲ မပြောတတ်ပါဘူး။ ကျွန်မ စကားပြောချင်ပေမယ့် ပြောခွင့်မရဘူး။ ဂျက်က ဖောက်ပြန်နေတယ်လို့ စွပ်စွဲတာကြောင့် ကျွန်မတို့ စကားများရသေးတယ်။ ကျွန်မ ဘဝက ကျဉ်းကျပ်သထက် ကျဉ်းကျပ်လာတော့တာပဲ။

နောက်တစ်ပတ်မှာ ကျွန်မက နိုင်ငံတကာဆိုင်ရာ ဥပဒေပညာရှင်များ

http://www.cherrythitsar.org



ဘွဲ့နှင်းသဘင်မှာ လုပ်အားပေးတယ်။ ပွဲပြီးခါနီးမှာ အီတလီက ရွှေ့နေတစ်ယောက်က ကျွန်မကို အဲ(လ)ဗစ္စ သီချင်းတစ်ပုဒ်လောက် ဆိုပြပါလို့ ပွဲတောင်းပါလေရော။ အဲ(လ)ဗစ္စဆိုတာနဲ့ အားလုံးက လက်ခုပ်တွေ တီးလိုက်ကြတာ ကျွန်မ Memories ဆိုတဲ့ သီချင်းစဆိုတဲ့ အထိပါပဲ။ နောက်တစ်ပုဒ်က Are You Lonesome Tonight ပေါ့။ သီချင်းဆုံးတော့ အားလုံးမတ်တပ်ရပ် ဩဘာပေးကြပါတယ်။ ဒါ ကျွန်မကိုပေးတဲ့ ဩဘာသံ မဟုတ်ပါဘူး။ အဲ(လ)ဗစ္စကို ပေးတာပါ။ ကျွန်မ စင်ပေါ်မှာတင် မျက်ရည်တွေ ကျနေလိုက်တာ အော်ငိုမိမတတ်ဘဲ။ စင်အောက်ဆင်းပြီး ရေချိုးခန်းထဲ သွားငိုလိုက်တာ သတိလစ်တော့မလို ဖြစ်သွားတယ်။ အဲ(လ)ဗစ္စကို အားလုံးက ချစ်ကြတယ်။ အမေရိကားသာ မဟုတ်ဘူး တစ်ကမ္ဘာလုံးကပါ ချစ်ကြတာ။ တုန္ဓိုင်းမရလောက်တဲ့ မေတ္တာတွေထားကြပါလျက် သူ့ကို ကူညီနိုင်မယ့်သူ တစ်ယောက်မှ မရှိပါလား။

□

http://www.cherrythitsar.org



## အခန်း(၂၄)

ဇူလိုင်လ၊ ၁၉၇၆

ဇူလိုင်လရဲ့ တစ်ညနေခင်း သူဖုန်းဆက်လာတော့ 'ပမ်း(မ)စပရင်း'ကို ရောက်နေတယ်တဲ့။ သူ့အသံ နားထောင်ရတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ချမ်းသာနေပုံရတယ်။

'ဘေဘီ. . . မင်းကို ကိစ္စတချို့ ပြောပြရဦးမယ်။ ကိုယ့်အဖွဲ့ထဲက တချို့ကောင်တွေ ထုတ်ပစ်လိုက်ပြီ။ လင်ဒါကိုလည်း ဂျွန်အိုဂရက်ဒီက တစ်ဆင့်ထုတ်ပစ်ခိုင်းလိုက်ပြီ။ အခု သူ ထွက်သွားပြီ။ တွေ့တယ် မဟုတ်လား. . . မကြာခင်မှာ အားလုံး အဆင်ပြေတော့မှာပါလို့ ကိုယ်ပြောခဲ့တာ မှန်တယ်မဟုတ်လား။ ကိုယ် မင်းကို တွေ့ချင်တယ်။ ကိုယ့်ကို မလွမ်းဘူးလား ဟင်'

သူ့စကားတွေ ကြားလိုက်ရတော့ ကျွန်မ တော်တော်တုန်လှုပ်သွားတယ်။ ဒါလောက် ခပ်ကြမ်းကြမ်း အပြောင်းအလဲတွေ လုပ်ပစ်လိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူးလေ။ ဒီလို လုပ်လိုက်တာ ကောင်းပေမယ့် ကျွန်မသူ့အတွက် စိတ်ပူတယ်။ ဒီလို ရက်ရက်စက်စက် လုပ်လိုက်ရတဲ့အတွက် သူ ဘယ်လောက်ခံစားရမယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ သူ့အနေနဲ့ လူတွေအပေါ် အဲဒီလောက် မရက်စက်တတ်ဘူးလေ။

'ဘယ်သူတွေကို ထုတ်ပစ်လိုက်တာလဲ ဟင်'

'ဝက်(စ)ညီအစ်ကိုနဲ့ ဟာဘလာပေါ့၊ ဒီကောင်တွေအကြောင်း ကိုယ် တွေးတောင် မတွေးချင်ဘူး။ ဒီကောင်တွေက ကိုယ့်ကို အမျိုးမျိုး လှည့်ဖြားပြီး ကလေးတစ်ယောက်လို ဆက်ဆံနေကြတယ်။ အဲဒီလို အလိမ်ခံရဖို့အတွက် ကိုယ်က ပိုက်ဆံတွေ အများကြီးပေးနေရတာနဲ့ တူမနေဘူးလား'

ရက်(ဒ)ဝက်(စ)ဆိုတဲ့သူက အဲ(လ)ဗစ္စအနားမှာ နှစ်ပေါင်း နှစ်ဆယ်လောက် နေခဲ့တဲ့သူ။ အထက်တန်းကျောင်း တက်တုန်းကလည်း အတူတူပဲ။ နောက်ထပ်

http://www.cherrythitsar.org



ဝက်(စ)တစ်ယောက်ကတော့ သူညီပဲ ဖြစ်မယ်ထင်တယ်။ ဟာဘလာ ဆိုသူက တော့ ကျွန်မ မသိပါဘူး။ ရက်(ဒ)ကို ထုတ်ပစ်လိုက်တယ်ဆိုတာက တော်တော် အံ့ဩစရာကောင်းတယ်။ ဘာပဲဖြစ်ဖြစ်လေ၊ သူပျော်ရင် ကျွန်မ ပျော်ရတာပါပဲ။ သူ့ရင်ထဲမှာ လှိုက်စားနေတာတွေက အများကြီးဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် ပျော်ချင်ယောင်ဆောင်တဲ့ သူ့မျက်နှာဖုံးက မကြာခင်မှာဘဲ ကွာကျ သွားတော့တယ်။ တကယ်တော့ သူ ပျော်ဟန်ဆောင်နေတာပါ။

'ကိုယ် လုံးဝ နေမကောင်းဘူး လူစီ၊ ဒီဘဝကိုလည်း သိပ်မုန်းတယ်။ အိမ်ခြေရာခြေ အတည်တကျမရှိ၊ ကိုယ့်ကို ထွေးပွေ့ထားမယ့်သူ မရှိသလို ကိုယ်ထွေးပွေ့ရမယ့်သူလည်း မရှိ၊ ချစ်ရမယ့် သူလည်း မရှိ၊ မင်းကို ကိုယ်တကယ် ပဲ လိုအပ်နေတယ် လူစီ'

'ကျွန်မ ရောက်လာရင် မောင့်အတွက် ကူညီရာရောက်မလားဟင်၊ မောင် သာ စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မအားလုံး ရင်ဆိုင်ရဲပါတယ်။ ကျွန်မလည်း မောင့်ရင်ခွင်မှာ နားခိုချင်လှပါပြီ မောင်'

'ချစ်ရယ်. . . မင်းကို မောင့်အနားမှာ ဘယ်လောက်ရှိစေချင်တယ်ဆိုတာ မင်းသိပါတယ်။ ဒါပေမယ့် မောင့်ဆီကို မလာခဲ့ပါနဲ့ဦး။ သူတို့တစ်တွေ ချစ်ကို ရန်ရှာမှာ မောင် လုံးဝ မလိုလားဘူး။ အခု မောင် ဘယ်သူ့ကိုမှ မယုံတော့ ဘူး။ မောင်နဲ့ ပတ်သက်ပြီး ချစ်ကို ရန်ရှာချင်ရှာကြမှာ။ အဲဒီအခါ ကာကွယ် တားဆီးပေးနိုင်တဲ့အင်အား မောင့်မှာ ရှိပါ့မလား မပြောနိုင်ဘူး။ အခု မောင် ဆေးတွေ ထိုးနေရတယ်'

နောက်ဆုံးအဆင့်ကိုရောက်နေပြီပဲ။ အဲ(လ)ဗစ္စလိုပဲ ကျွန်မကလည်း ဒါတွေ ဟာ ဆေးဝါးကုသမှုတွေပါလို့ ကိုယ့်ကိုယ်ကို လိမ်ညာလှည့်ဖြားနေခဲ့တယ်။ ခုတော့ ဆေးဝါးကုသမှုဆိုတာတွေက  လိုတာထက် ပိုကဲနေပြီ ထင်တယ်၊ သူကိုယ်တိုင်ကလည်း စွဲနေတော့ သူ့ဩဇာအာဏာကိုသုံးပြီး လိုအပ်တာထက် ပိုသုံးနေပုံရတယ်။ ဒါပေမယ့် ဒီဆေးအားလုံးက ဆရာဝန်တွေက ညွှန်ပြထားတဲ့ ဆေးတွေချည်းပဲ။ ဘာထိုးဆေးတွေလဲ။ ဒီဆေးတွေက လိုအပ်တာထက် ပိုကဲနေ ပြီ ထင်တယ်။

'မောင် ဘာတွေ ပြောနေတာလဲ။ အဲဒီဆေးတွေ မထိုးပါနဲ့၊ မောင့်ကို ကျွန်မ မဆုံးရှုံးပါရစေနဲ့ မောင်'

ကျွန်မ စိတ်နဲ့ကိုယ် လွတ်သွားသလို ဖြစ်သွားပြီး အော်လိုက်မိပါတော့တယ်။

'လူစီ. . . မောင် နေကောင်းသွားမှာပါ။ ဖျော်ဖြေရေး ခရီးတွေ ထွက်ရဦး

http://www.cherrythitsar.org



မယ်လေ။ မောင် ဆေးထိုးမှ ဖြစ်မှာပေါ့။ ဒီတစ်ခါ နောက်ဆုံးထိုးတာပါကွာ။ မကြာခင် အားလုံး အဆင်ပြေသွားပြီး မောင်တို့နှစ်ယောက် ဆုံကြရတော့မှာ၊ စိတ်ပူမနေပါနဲ့'

နွေရာသီ ခြောက်သွေ့စွာ ကုန်ဆုံးသွားခဲ့ပေမယ့် ကျွန်မ တယ်လီဖုန်းသံက တိတ်ဆိတ်နေခဲ့တယ်။ အဲ(လ)ဗစ္စ မရှိသလို ဒီဗိုင်းယားရီးကလည်း ကျွန်မအနားမှာ မရှိတော့ဘူး။ သမီးက လော့(စ)အိန်ဂျလိ(စ)မှာပဲ အခြေချနေတယ်။ တကယ်လို့ အဲ(လ)ဗစ္စဆီက ဖုန်းလာဦးတော့ ကျွန်မကို ပြန်ပြောပေးမယ့်သူ မရှိပါဘူး။ ၁၉၇၆ခုနှစ် အောက်တိုဘာလအတွင်း ကျရောက်မယ့် ကျွန်မအသက် ၄၀ပြည့် မွေးနေ့မတိုင်ခင် ရက်ပိုင်းအလိုမှာ ပန်းအလှပြင်ဆိုင်က လိမ္မော်ရောင်တောက်တောက် နှင်းဆီပန်း တစ်ဒါဇင် ပို့လာပါတယ်။ စာကတော့ နှစ်တိုင်းလိုပါပဲ။

'ကိုယ့်အချစ်ကို ဘယ်တော့မှ သံသယမဖြစ်ပါနဲ့ အား(လ)လဲ(န)(စ) လော့(တ)'လို့ ရေးထားပါတယ်။

ကျွန်မ မွေးနေ့ကို သူသတိရသေးတယ်ဆိုတာကို သိရတော့ ရင်ထဲမှာ နွေးသွားတာ အမှန်ပါပဲ။ ဒါပေမယ့် သူ့ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်လို့တော့ ကျွန်မ စိတ်မအေးနိုင်ပါဘူး။ သူ့ကို ကျေးဇူးတင်စကား ပြောချင်ပေမယ့် ဘယ်လိုဆက်သွယ်ရမှန်းလည်း မသိပါဘူး။ သူက ကာနယ်ရဲ့ အစီအစဉ်အတိုင်း နောက်ထပ် ဖျော်ဖြေရေးခရီး ထွက်ရပြန်ပြီလေ။ သူက ဘာကြောင့် ရောမ၊ ပဲရစ်၊ တိုကျိုလို မြို့မျိုးတွေမှာ ဖျော်ဖြေဖို့ မစီစဉ်ဘဲ အိုင်အိုဝါ၊ အိုဒက်ဆာ၊ တက္ကဆက်(စ)လို နေရာမျိုးတွေမှာသာ သီဆိုစေသလဲဆိုတာ ကျွန်မ လုံးဝ စဉ်းစားလို့ မရပါဘူး။ ကာနယ်က ဘာတွေ လျှောက်လုပ်နေတာလဲ။ နောက်ဆုံးမှာတော့ ကျွန်မ သူ့အဖေ ဗာနွန်ပရက်စလေဆီကို ဖုန်းဆက်လိုက်ပါတော့တယ်။ ဒါမှလည်း သူ့ နောက်ဆုံး အခြေအနေမှန်ကို သိရမှာကိုး။ ဒီတစ်ခါ မစ္စတာဗာနွန် အသံက တော်တော် အားပျော့နေတယ်။ သူ့သားပြဿနာတွေကြောင့် စိတ်နောက်ကျိရှုပ်ထွေးနေတယ်ဆိုတာ ထင်ရှားလှပါတယ်။

'အခြေအနေတွေကတော့ မကောင်းဘူး လူစီ၊ သူ့ကို စောင့်ကြည့်ဖို့ဆိုပြီး သူတို့က မိန်းကလေးတစ်ယောက် ခေါ်ထားပြန်ပြီ။ ဘာဘလည်း ဘာမှမတတ်နိုင်တော့ဘူး။ ဒီဆေးတွေ ဘယ်သူက ထိုးပေးနေတာလဲဆိုတာ သိပ်သိချင်တာပဲ။ သားက တော်တော်ကို နေမကောင်းဘူး'

ကျွန်မ တော်တော် အံ့သြသွားတယ်။ မစ္စတာပရက်စလေအနေနဲ့ ခုလို စိတ်ပျက်အားလျော့တဲ့ စကားမျိုး တစ်ခါမှ မပြောခဲ့ဖူးပါဘူး။ ပြီးတော့ မောင့်

http://www.cherrythitsar.org



ပတ်ဝန်းကျင်က လူတွေက တော်တော်ဆိုးရွားတဲ့ အခြေအနေမျိုးကို ဖန်တီးနေကြတယ် ဆိုတာကြောင့်လည်း ပိုပြီး စိတ်ပျက်မိတယ်။ စကားနားထောင်ရမယ့်သူ တစ်ယောက်ယောက်များ မရှိဘူးလားလို့ မစ္စတာဗာနွန်ကို မေးကြည့်လိုက်တယ်။

'ပြဿနာတွေက တော်တော်လေးရှင်းသလောက်တော့ ရှင်းသွားပါပြီ။ ဒါပေမယ့် နောက်ထပ် ရှင်းစရာတွေ ကျန်သေးတာပဲ။ ကောင်မလေးတစ်ယောက်က လည်း ရောက်နေတယ်။ လူတွေကို အဲ(လ)ဗစ္စက သိပ်ယုံလွယ်တာ၊ ဒီလူတွေကပဲ သူ့ကို သတ်သွားကြမှာ၊ ဒီပြဿနာကို ဘဘတတ်နိုင်သလောက်တော့ ရှင်းနေတာပဲ'

'အဲဒီ မိန်းကလေးက လင်ဒါလားဟင်'

'မဟုတ်ဘူး။ ဒါက နောက်တစ်ယောက်၊ နာမည်က ရှီလာတဲ့'

မစ္စတာပရက်စလေကို ကျွန်မအနေနဲ့ ကူညီဖို့ လိုအပ်မယ်ဆိုရင် ကူညီပါ့မယ် ဆိုတဲ့ ကတိနဲ့ ကျွန်မ ဖုန်းနံပါတ်ပေးထားလိုက်ပါတယ်။ ကျွန်မတို့နှစ်ယောက် အဆက်အသွယ် မပြတ်ရှိကြဖို့လည်း ပြောထားရသေးတယ်။ စိတ်အေးချင်လို့ ဖုန်းဆက်မိကာမှ ဒေါသထွက်စရာ ဖြစ်လာခဲ့ရတယ်။ မိန်းမ ပွေနေသတဲ့။ ဒါတွေ ပေါင်းစပ်ကြည့်လိုက်ရင် အဲ(လ)ဗစ္စဟာ ဘဝကို လက်မြှောက်အရှုံးပေးနေပြီဆိုတဲ့ အဖြေထွက်လာတယ်။ သူ့ပတ်ဝန်းကျင်ကလူတွေ ကြိုးဆွဲသမျှ သူက,နေရပြီ။ ကျွန်မမွေးနေ့မှာ တတ်နိုင်သလောက် သူ့ကိုမေ့ထားပြီး ပျော်စရာလေးတွေပဲ ဖန်တီးနေတော့မယ်လို့ စိတ်ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမယ့် ဒီစိတ်ကူးက တယ်လီဖုန်းသံကြောင့် ပျက်ပြယ်သွားတော့တယ်။

'ဟက်ပီးဘာ့(သ)ဒေး. . . ဒီဖိုင်းယားရီး'

ကျွန်မက နောက်မှ သူ့ကို ပြန်ဆက်လို့ရမလားလို့ မေးလိုက်တယ်။ တကယ်တော့ ဒီလိုမေးလိုက်ခြင်းက အလွန်အမင်း စွန့်စားရာ ရောက်ပါတယ်။ သူ့ဆီ တိုက်ရိုက်ဖုန်းဆက်ဖို့ဆိုတာ လွယ်တဲ့အလုပ် မဟုတ်သလို လာသမျှ ဖုန်းတိုင်းကိုလည်း သူလက်ခံ စကားပြောနိုင်တာမှ မဟုတ်တာ။ ကျွန်မက ကလေးတွေ အနားမှာရှိလို့ စကားလွတ်လွတ်လပ်လပ် ပြောလို့မရလို့ပါလို့ ရှင်းပြလိုက်တယ်။ သူက ခု ရှီကာဂို ရောက်နေတယ်တဲ့။ နောက်နှစ်နာရီကြာရင် ဖုန်းပြန်ဆက်မယ်တဲ့။ သူ့အသံက တက်ကြွနေတယ်။ တကယ်ပဲ နေကောင်းနေလား၊ သူ တကယ် ပြန်ဆက်ပါစေလို့သာ ဆုတောင်းရတော့တာပဲ။ ဒီတစ်ခါတော့ သူ ကတိတည်တယ်။ နောက်နှစ်နာရီတိတိအကြာမှာ ဖုန်းမြည်လာပါတယ်။

http://www.cherrythitsar.org



ကျွန်မစိတ်ကို တည်တည်ငြိမ်ငြိမ် ထားနိုင်အောင် ကြိုးစားပေမယ့် သူ့အဖေ ပြောခဲ့တဲ့ စကားတွေကို ပြန်မတွေးဘဲ မနေနိုင်ဘူး။

'မောင့်အနားမှာ နောက်ထပ် မိန်းကလေးတစ်ယောက် ရှိနေပြန်ပြီ မဟုတ်လား။ ကျွန်မကို ဘယ်လို လှည့်စားဦးမှာလဲ မောင်၊ မောင့်မှာ အကြောင်းပြချက် တစ်ခုခုတော့ အဆင်သင့်ရှိမယ်ဆိုတာ ကျွန်မသိပါတယ်။ ခါတိုင်းလိုပဲပေါ့။ ဒါပေမယ့် ကျွန်မက မောင့်အနားမှာရှိတဲ့ မိန်းကလေးတွေလို နုံနုံအအ မဟုတ်ဘဲ ဦးနှောက်ရှိတဲ့ မိန်းမတစ်ယောက်ဖြစ်တယ်ဆိုတာ မောင်မေ့နေပြီထင်တယ်'

ဒေါသထွက်လွန်းလို့ ကျွန်မ တစ်ကိုယ်လုံး တစ်ဆတ်ဆတ် တုန်နေတယ်။ တကယ်တော့ ကျွန်မ အသက်ထက်ဝက်လောက်သာရှိမယ့် မိန်းကလေးတွေနဲ့ ပြိုင်ဖို့ရာ မသင့်မှန်း သိပေမယ့် ကျွန်မ စိတ်ကို မထိန်းနိုင်ခဲ့ဘူး။ အထူးသဖြင့် ခုလို အသက်လေးဆယ်ပြည့် မွေးနေ့မှာ စိတ်အနှောင့်အယှက်ဖြစ်ရတာ ပိုဆိုးတယ်။ မောင့်နှုတ်ဖျားက ထွက်လာမယ့် မုသားချိုချိုကလေးတွေ မကြားရခင် တယ်လီဖုန်းကို အစိတ်စိတ်အမြွာမြွာ ရိုက်ခွဲချင်စိတ်တောင် ပေါက်ပါတယ်။ ဒါပေမယ့် ညာတာကို ယုံချင်တဲ့ကျွန်မ မလုပ်နိုင်ခဲ့ပါဘူး။

'လူစီ. . . မောင့်အပေါ် နားလည်နိုင်တာ အချစ်တစ်ယောက်တည်းပဲ ရှိပါတယ်ကွာ။ မောင် တစ်သက်လုံး တမ်းတခဲ့တာ မင်းကိုပါ။ မင်းကိုမရတဲ့အတွက် အိပ်မပျော်တဲ့ ညတွေမှာ ဆေးတွေထိုးရင်း မောင် ဒီဆေးတွေ စွဲခဲ့ရတယ်။ မောင်တစ်ယောက်တည်း အထီးကျန်ညတွေကို ကျော်ဖြတ်နေခဲ့ရတာပါ လူစီရယ်'

ဒီတစ်ကြိမ် သူတိုက်ကျွေးတဲ့ ပျားရည်က ကျွန်မအတွက် မချိုတော့ပါဘူး။ သဝန်တိုစိတ်၊ ဒေါသစိတ်တွေနဲ့ သူ့ကို ပြောလိုက်မိတာကိုပဲ အားနာမိတယ်။ တကယ်တော့ အဲ(လ)ဗစ္စဟာ သူ့ဘဝကို သူမထိန်းကျောင်းနိုင်တော့တဲ့ သူဖြစ်ဦးတော့. . . သူ့ အိပ်ရာထဲမှာတော့ သူဟာ ဘုရင်ပဲ ဖြစ်သင့်တာပေါ့။ ခုတော့ သူ့လူတွေက အိပ်ရာထဲအထိ ကြိုးဆွဲနေကြပါပကောလား။ သူ့မိန်းကလေးတွေကြောင့် ကျွန်မဟာ သူ့ဘဝမှာ အရေးမပါဖြစ်လာသလို အိုမင်းတဲ့ မိန်းမတစ်ယောက်လည်း ဖြစ်ခဲ့ပြီပေါ့။ အဲ(လ)ဗစ္စဟာ တခြားယောကျ်ားတွေလိုပဲ သူတို့အရွယ်နုပျိုနေအောင် အသက်ငယ်ငယ်မိန်းကလေးတွေကိုပဲ အလိုရှိတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ တကယ်တော့ ဒီအယူအဆဟာ မြက်နုကြိုက်တဲ့ ယောကျ်ားတွေရဲ့ ဆင်ခြေဆင်လက်ပါ။ အထူးသဖြင့် အဲ(လ)ဗစ္စလို အောင်မြင်ကျော်ကြားတဲ့ သူတစ်ယောက်အနေနဲ့ သူ့ပရိသတ်ဖြစ်တဲ့ ဆယ်ကျော်သက်ကလေးတွေကို ပရိသတ်နေရာမှာ မထားဘဲ ရည်းစားအဖြစ် ပြောင်းလဲပစ်တာကတော့

http://www.cherrythitsar.org



လုံးဝမကောင်းဘူးပေါ့။ အထူးသဖြင့် တစ်နိုင်ငံလုံး ခရီးလှည့်နေရာမှာ ရောက် လေရာ အိမ်ထောင်ကျတဲ့အကျင့်ကိုတော့ ကျွန်မ မုန်းတယ်။

'မောင် လိုချင်တာ ကျွန်မ မဟုတ်ဘူး။ အခု မောင် လိုချင်တာတွေ ရ နေပြီပဲ။ မောင့် အပေါင်းအသင်းတွေက မူးယစ်ဆေးဝါးနဲ့ ဆွယ်တယ်၊ ပြီးတော့ မိန်းကလေးတွေ၊ ကျွန်မ ဘာမှ မပြောချင်တော့ဘူး မောင်'

ဒီလို ပစ်ပစ်ခါခါစကားတွေ ကျွန်မ အင်မတန်ပြောခဲ့ပါတယ်။ ပြောပြီဆိုရင် လည်း ကျွန်မ ပါးစပ်က ပိတ်လို့ရတော့တာ မဟုတ်ဘူး။

'ဒီမှာ မောင်၊ ကိုယ့်သမီးအရွယ်လောက်ရှိတဲ့ မိန်းကလေးတွေနဲ့ အိပ်ရတာ မောင် တော်တော်ကျေနပ်သလား'

ကျွန်မ နောက်ဆုံး ကျည်ဆန်တစ်တောင့်ကို ပစ်ထည့်လိုက်ဖို့ စဉ်းစားလိုက် သေးတယ်။ ရှင့်မှာ အဲဒီအရွယ် သမီးတစ်ယောက်ရှိတယ်။ ဒီသမီးကိုကော ရှင် ရှောင်နိုင်ပါ့မလားလို့ ပြောပစ်လိုက်ချင်တယ်။ ဒါပေမယ့် ကျွန်မ သမီးကို ကျွန်မတို့နှစ်ယောက် ဆက်ဆံရေးကြားမှာ ခုတုံးမလုပ်ချင်တဲ့စိတ် ဝင်လာတာ ကြောင့် ပြောမထွက်ခဲ့ပါဘူး။ သဝန်တိုမှု ဒေါသတွေကြားမှာ သမီးကိစ္စကို ရုတ်တရက်ကြီး မပြောချင်တာလည်း ပါပါတယ်။ စိတ်ကို ငြိမ်သွားအောင် မနည်းထိန်းထားပြီး သူ ဖွင့်ပြမယ့် ဓာတ်ပြားဟောင်းကြီး အပ်ကြောင်းထပ်မှာ ကို နားထောင်နေလိုက်ပါတယ်။ ဒါပေမယ့် ကျွန်မ ကြားလိုက်ရတာက ဓာတ်ပြား ဟောင်း မဟုတ်ဘူး။

'ကိုယ့် ပတ်ဝန်းကျင်က ဖန်တီးနေကြတဲ့ ဆေးကိစ္စတွေ၊ မိန်းမကိစ္စတွေ ကြားမှာ ကိုယ်မရုန်းသာဘူး လူစီ၊ ဒါပေမယ့် ဒါဟာ ကိုယ့်ကမ္ဘာမဟုတ်ဘူး။ ဘယ်တော့မှ ဆုံးမှာမှန်း မသိတဲ့ ကိုယ့်ခရီးစဉ်တစ်လျှောက်မှာ ကိုယ် အထီးကျန် မနေနိုင်တာလည်း အမှန်ဘဲ။ ဘာတွေပဲဖြစ်နေပါစေ ကိုယ်မင်းကို ထာဝရချစ်နေ ဆဲဆိုတာ ယုံပါအချစ်ရယ်'

ဒေါသတွေ၊ အတ္တမာနတွေကြားက ကျွန်မ သူ့စကားကို နားလည်လိုက်ပါ တယ်။ သူ့ကမ္ဘာဟာ ကျွန်မတို့ မြင်နိုင်တာထက် ပိုရှုပ်ထွေးနေပြီး သူ့အိပ်ရာထဲ ရောက်နေတဲ့ မိန်းကလေးတွေဟာလည်း မစ္စတာပရက်စလေ ပြောသလို သူ့ကို 'စောင့်ကြည့်ဖို့' ထည့်ပေးထားတဲ့ မိန်းကလေးတစ်ယောက်သာ ဖြစ်တယ်ဆိုတာ နားလည်လိုက်ပါတယ်။ ဝေးကွာနေကြရတဲ့ကာလတွေမှာ သူ ဘယ်လောက် ပြောင်းလဲနေတယ်ဆိုတာ ကျွန်မ မသိရပေမယ့် တစ်နေ့နေ့မှာတော့ ဒဏ္ဍာရီထဲက လို ကျွန်မတို့နှစ်ယောက် ပျော်ရွှင်စွာ ဆုံစည်းကြမှာပဲဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်

http://www.cherrythitsar.org



ကို ကျွန်မ မြင်မက်နေဆဲပါပဲ။

'မောင် ရှင်းပြပါရစေဦးကွာ၊ မောင် တော်တော် နေမကောင်းဘူး'

'ပြော၊ ရှင့်အနားမှာ စက္ကန့်မလပ် မိန်းမတစ်ယောက်ရှိနေဖို့လိုတာ ဘာသဘောလဲ၊ အဲဒါ ကျွန်မကို လွမ်းလို့ပါလို့ ပြောဦးမှာလား။ ကျွန်မကို ချစ်လို့ပါလို့ ပြောဦးမှာလား။ ဆေးစွဲနေတာကကော ကျွန်မကြောင့်ပဲလား။ ရှင် နည်းနည်းလောက် ငဲ့ကြည့်စမ်းပါဦး။ ရှင်လုပ်နေတဲ့ အလုပ်တွေက ရှင့်ကိုချစ်တဲ့ သူတွေရဲ့ အသည်းကို နာကျင်စေတယ်ဆိုတာ သိရဲ့လား။ ကျွန်မ အသည်းနာ တယ်၊ ရှင့်အဖေလည်း ရှင့်အတွက် ခံစားနေရတယ်'

သူ ဘာမှ မပြောဘူး။ ကျွန်မ စောင့်နေလိုက်တယ်။

'ဒါတွေအားလုံး အလုပ်ကိစ္စတွေပါ လူစီ၊ သူတို့အားလုံးက ကိုယ့်ကို မျှော်လင့်ထားကြတော့ ကိုယ်လုပ်နေတာ အားလုံးဟာ သရုပ်ဆောင်နေတာချည်း ပါပဲ။ ကိုယ် ဘယ်သူ့ကိုမှ ထိခိုက်နာကျင်စေခဲ့တဲ့ ဆန္ဒမရှိတာ အမှန်ပါ'

သူ့အသံက ကလေးတစ်ယောက်လို နူးညံ့ပျော့ပျောင်းနေပေမယ့် စကားလုံး တွေကတော့ ခေတ်ပြားဟောင်းထဲကလို ထူးမခြားနားပါဘဲ။ အရေးရယ်၊ အကြောင်းရယ်ဆိုရင်၊ သူချောင်ပိတ်မိပြီဆိုရင် ကာနယ်ကို အကြောင်းပြလိုပြ၊ သူ့အလုပ်၊ သူ့အောင်မြင်မှုကို အကြောင်းပြလိုပြ လုပ်တတ်တာ သူ့အကျင့်ဖြစ် နေပြီ။ အရင်ကတော့ ကျွန်မယုံခဲ့ပါတယ်။ ခုတော့ သူက တရားလွန်လာပြီလေ။ မိန်းမတွေက တန်းစီလို့တောင် ရရဲ့၊ သူအထီးကျန်တာကို အကြောင်းပြပြီး ဒီမိန်းမတွေနဲ့ သီးခြားကမ္ဘာ တည်ဆောက်နေလို့ ရမှာတဲ့လား။ ဒီလိုလည်း မဟုတ်သေးပါဘူး။ ဒီမိန်းမတွေဟာ မူးယစ်ဆေးဝါးလိုပဲ သူ့အတွက် သဘော ထားစရာဖြစ်နေပြီ မဟုတ်လား။ သူ့အပေါ် ကျွန်မ လျှော့ပေးလိုက်ရပြန်တယ်။ တကယ်တော့ သူ့ပတ်ဝန်းကျင် ကြိုးဆွဲရာ သူက ကနေရတာ မဟုတ်လား။ ကျွန်မချစ်ခဲ့တဲ့ အဲ(လ)ဗစ္စဆိုတဲ့ လူငယ်လေးဟာ ဟောဒီ ကျွန်မ အသက်လေး ဆယ်ပြည့်နေ့မှာပဲ သေသွားခဲ့ပြီလို့ သဘောထားလိုက်ပြီး ဒေါသတွေကို လျှော့ ချလိုက်တယ်။

'အဲ(လ)ဗစ္စ. . . ရှင့် ပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး ရှင်မသိတာတွေ အများ ကြီး ရှိသေးတယ်။ အများကြီးပဲ၊ သူတို့အားလုံး ရှင့်ဘဝကို ဖျက်ဆီးနေကြလို့ ကျွန်မမုန်းတယ်၊ သူတို့က ရှင့်ဘဝတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်အောင် လုပ်နေကြတာ အဲဒါကို ရှင် မသိဘူး'

'လူစီ. . . ကိုယ့်ကို L.Aမှာ လာတွေ့ပါလား။ တွေ့တဲ့အခါကျမှ ကိုယ့်ဘဝကို

http://www.cherrythitsar.org



နားလည်သွားပါလိမ့်မယ်'

'ကျွန်မဘာကြောင့် နားလည်ရမှာလဲ။ ကိုယ့်ကိုယ်ကို ကာကွယ်မနေစမ်းပါနဲ့ ရှင်'

'အဲဒီလို မလုပ်ပါနဲ့ ဟန်နီရယ်၊ ကိုယ် တောင်းပန်ပါတယ်'

တိုက်တိုက်ဆိုင်ဆိုင် နောက်လထဲမှာ ကျွန်မက L.A ကို ဖက်ရှင်ရှိုးတစ်ခု အတွက် သွားစရာရှိတယ်။ စီးပွားရေးလုပ်ငန်းကိစ္စအတွက် လာမှာဖြစ်လို့ သူ့ကို တွေ့ဖို့အချိန်ရချင်မှ ရမယ်လို့ ပြောပြလိုက်တယ်။ အဲ(လ)ဗစ္စ အနေနဲ့ သူလို ကမ္ဘာကျော်ပုဂ္ဂိုလ်ကို လာမတွေ့နိုင်လောက်အောင် အလုပ်များတဲ့ သူဆိုတာကို ကြားဖူးချင်မှ ကြားဖူးပါလိမ့်မယ်။

'မင်းအတွက် ကိုယ့်ထက်အရေးကြီးတာ ရှိသေးသလား လူစီ၊ တခြား ယောက်ျားတွေနဲ့ တွဲသွားတွဲလာ လုပ်နေမှာတော့ ကိုယ် လုံးဝ မလိုလားဘူး။ ဘယ်မှာ တည်းမှာလဲဆိုတာ ပြောထား'

'မေ့နေပြီလား အဲ(လ)ဗစ္စ၊ ရှင်ကလွဲရင် ကျွန်မ ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားဘူးဆိုတာလေ။ ပြီးတော့ ယောက်ျားတကာ စိတ်ဝင်စားရလောက် အောင်လည်း ကျွန်မအသက်က ငယ်တော့တာမှ မဟုတ်ဘဲ။ ကျွန်မရှင်နဲ့ မျက်နှာ ချင်းဆိုင် တွေ့ပြီး စကားပြောချင်ပါသေးတယ်။ ဒါပေမယ့် ခရီးစဉ်က တော်တော် လေး ကသုတ်ကရက်နိုင်လိမ့်မယ်။ နေရမှာက သုံးရက်တည်း၊ လုပ်ရမယ့် အလုပ်တွေက အများကြီးပဲ'

'ကိုယ် ဟိုတယ် တစ်ခန်း ယူထားပေးမယ်'

ကျွန်မ ယဉ်ယဉ်ကျေးကျေးပဲ ငြင်းလိုက်ပါတယ်။

'ကိုယ့်မှာ ဒါလောက် အခွင့်အရေးမှ မရတော့ဘူးလား' တစ်ဖက်ကနေ သူ တအား အော်တယ်။

'မနက်ဖြန် ဖုန်းထပ်ဆက်မယ်၊ ကိုယ်နဲ့ စကားမပြောရသေးခင် လုံးဝ အပြင်ထွက်မသွားနဲ့၊ ထွက်သွားရင်တော့ ကိုယ် မင်းအိမ်အထိ လူကိုယ်တိုင် ရောက်လာလိမ့်မယ်ဆိုတာ ယုံ၊ ဖုန်းမလာမချင်း ဘယ်မှ မသွားနဲ့'

'ရှင် ကျွန်မကို လာခေါ်စရာ မလိုသလို ကျွန်မခရီးစဉ်အတွက်လည်း အထောက်အပံ့ပေးဖို့ မလိုပါဘူး။ ဒါ ကျွန်မလုပ်ငန်းအတွက်လာမှာ၊ ဒီတော့ ကျွန်မကို အနှောင့်အယှက်မပေးပါနဲ့တော့လို့ မေတ္တာရပ်ခံပါရစေ။ တကယ်လို့ ကျွန်မအချိန်ပိုခဲ့ရင်တော့ ရှင့်ကို ဆက်သွယ်မှာပါ။ တကယ်လို့ အချိန်မရရင်တော့ လည်း ရှင့် ရည်းစားလေးတွေနဲ့ပဲ ပျော်ပေဦးတော့'

http://www.cherrythitsar.org



'လူစီ'

'ကျွန်မ သွားစရာရှိပါသေးတယ်၊ ဂွတ်(ဒ)ဘိုင်'

ကျွန်မ ဖုန်းချပစ်လိုက်တယ်။ သူက ဒီလိုလုပ်မှ ကောင်းတာ။ စိတ်ထဲမှာ ကျေနပ်သွားတယ်။ ဘယ်လောက်အထိ ကျေနပ်သွားသလဲဆိုရင် မျက်ရစ်မှာဆိုးထားတဲ့ ဆေးမည်းတွေကြားက မျက်ရည်စီးကျနေတာကိုတောင် ကျွန်မ သတိမထားမိတဲ့အထိပါဘဲ။

နိုဝင်ဘာလထဲမှာ L.A ကို ကျွန်မရောက်သွားပါတယ်။ သားရေထည်ဖက်ရှင်လုပ်ငန်း ကျွန်မ စ,လုပ်နေတာဆိုတော့ ဟိုမှာ ဖက်ရှင်ရှိုးလုပ်ရင်း ကျွန်မလုပ်ငန်းထဲ ရင်းနှီးမြှုပ်နှံလိုသူတွေနဲ့ အဆက်အသွယ်ရအောင် ကြိုးစားတာလည်း ပါပါတယ်။ ကြိုးစားပါ။ နောက်တစ်ခုက သမီး ဒီဇိုင်းယားရီး ဘာတွေလုပ်နေသလဲ ဆိုတာလည်း သိချင်လို့ပါ။ သမီးက ကျွန်မနဲ့ ဝေးနေခဲ့တာ ကြာခဲ့ပြီ။ သမီးနဲ့ရော အဖေနဲ့ပါ အစေးမကပ်နိုင်တာက ကျွန်မ ဖြစ်နေတယ်။ သမီးနဲ့ တွေ့ဖို့ ကျွန်မ စီစဉ်တော့ သူက စင်တာဘာဘရာမှာရှိတဲ့ သူငယ်ချင်းတွေဆီ သွားလည်နေတယ်တဲ့။

ဖက်ရှင်ပြပွဲနဲ့ ကော့(က)တေး(လ)ပါတီကို ဒေစီဆိုတဲ့ စားသောက်ဆိုင်တစ်ခုလုံး ပိတ်ပြီး ကျင်းပခဲ့ပါတယ်။ အဆင်ပြေပါတယ်။ ဂျပန်လုပ်ငန်းရှင် တစ်စုက ကျွန်မလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမယ်လို့ စကား ပြောလာကြတယ်။ L.A ရဲ့ ပတ်ဝန်းကျင်ကတော့ ကျွန်မနဲ့ သဟဇာတ မဖြစ်လှပါဘူး။ လွယ်လွယ်ကူကူ မေ့လိုက်ကြ၊ ဖက်လိုက်ကြ၊ နမ်းလိုက်ကြ 'နေ့လယ်စာ လိုက်စားပါလား'ဆိုရုံနဲ့ ကိစ္စပြီးနေတဲ့ ပတ်ဝန်းကျင်မှာ ကျွန်မ ငြီးငွေ့လာတယ်။ ဒီကြားထဲ အဲ(လ)ဇစ္စနဲ့ ပတ်သက်တဲ့ အတင်းအဖျင်းတွေ ကြားရသေးတယ်။ လင်ဒါက အဲ(လ)ဇစ္စဆီက ထွက်မသွားခင် ဒေါ်လာ ၂၀၀၀၀ဖိုးလောက် အဝတ်အစားအသစ်တွေ ဝယ်သွားသေးသတဲ့။ ကျွန်မမှာ သူနဲ့ လွတ်နိုင်တဲ့နေရာ မရှိတော့ပါဘူး။

အဲဒီည ကျွန်မတစ်ယောက်တည်း အထီးကျန်နိုင်လှတယ်၊ စိတ်ဓာတ်လည်း ကျတယ်။ ကျွန်မကိုယ်ကျွန်မ အပယ်ခံတစ်ယောက်လို ခံစားရတယ်။ အဲ(လ)ဇစ္စဆီကို ဖုန်းဆက်ဖို့ သတိရပေမယ့် ကျွန်မ မာန၊ ဒေါသနဲ့ ငြင်းပယ်ခံရမှာ စိုးရိမ်တဲ့စိတ်တွေက တယ်လီဖုန်းကို မကိုင်ဖြစ်အောင် တားဆီးနေကြတယ်။ တကယ်တမ်း ကျွန်မ ကောက်ကိုင်မိတဲ့အချိန်ကတော့ သူ့ဖုန်းနံပါတ် ပြောင်းသွားပြီဆိုတာ သိလိုက်ရပါတယ်။ သတင်းစကားလေးတောင် ပါးထားခဲ့လို့ မရပါဘူး။

L.A ကိုလာခဲ့ရတဲ့ ခရီးစဉ်က ဘာမှ အရာမရောက်တဲ့အပြင် နှလုံးသားကို

http://www.cherrythitsar.org



ပိုမိုနာကျင်စေမှု ပေးခဲ့ပါတယ်။

အိမ်ပြန်ရောက်တော့ ဂျက်က 'ကောင်ရှုပ်' တစ်ကောင် ဖုန်းဆက်တဲ့ အကြောင်း ပြောတယ်။ နောက် လေးငါးရက်ကြတော့ သူပြောတဲ့ 'ကောင်ရှုပ်' က ထပ်ဖုန်းဆက်တယ်။ L.A ကိုရောက်ပါလျက်နဲ့ သူ့ကို မဆက်သွယ်လို့ ဒေါသဖြစ်နေတယ်လေ၊ ကျွန်မ ဘယ်သူနဲ့သွားတာလဲ၊ ဘာသွားလုပ်တာလဲတဲ့။ ကားတစ်စီးနဲ့ မြို့ထဲ ဟိုနေရာ ဒီနေရာတွေမှာ တွေ့လိုက်တာ ကျွန်မ ဟုတ်သလား လို့လည်း မေးတယ်။ တကယ်တော့ ကျွန်မဘက်က ဝန်ခံလာအောင် သူတမင် တကာ အစ်နေတာပါ။ ရုတ်ခြည်း သူ့ဘက်က ပိုင်ဆိုင်စိုးမိုးလိုစိတ် ဝင်လာတာနဲ့ ပတ်သက်ပြီး ကျွန်မ အံ့ဩသွားမိပါတယ်။

'ကျွန်မကို တွေ့တယ်ဆိုတဲ့အချိန်တုန်းက မောင်ကကော ဘယ်သူနဲ့ အတူရှိ နေလို့လဲ'လို့ ကျွန်မက ပြန်မေးလိုက်တယ်။

'ဟိုကောင်တွေလေ. . . ဝက်(စ)ညီအစ်ကိုတွေက ကိုယ့်အကြောင်း မဟုတ် တမ်းတရား လျှောက်ရေးပြီး စာအုပ်ထုတ်ကြမလို့တဲ့။ အဲဒီကိစ္စ သွားရှင်းရတာ။ ဒီကောင်တွေက ကိုယ့်ကို လုပ်စားကြဖို့ ကြိုးစားကြတာလေ။ ထားလိုက်ပါတော့ ချစ်က ဘာဖြစ်လို့ တစ်ယောက်တည်း သွားရတာလဲ'

'ဒီမှာ မောင်. . . အခု မောင့်လူတွေက မောင့်အိပ်ရာထဲ ဘယ်မိန်းကလေး ပို့ထားကြပြန်ပြီလဲ။ မောင် ဘာတွေဖြစ်နေတာလဲ။ ဒါတွေကို မောင်ကိုယ်တိုင် က လိုလားနေတာလား ဟင်'

ကျွန်မတို့နှစ်ယောက် တစ်ယောက်မေးခွန်းကို တစ်ယောက် မဖြေကြဘဲ မေးချင်ရာသာ အပြန်အလှန် မေးဖြစ်နေကြတယ်။

'မင်းကကော ဘယ်သူနဲ့ နေ,နေတာလဲ။ ကိုယ့်ဆီက ထွက်ပြေးဖို့ စဉ်းစား နေပြန်ပြီလား၊ ချစ်ကော ချစ်သေးရဲ့လား' မောင့်အသံက ကလေးတစ်ယောက် နဲ့ တူနေတယ်။

'ကျွန်မ L.A ကို ရောက်လာတာ အလုပ်လုပ်ဖို့ ဆိုတာ မောင်သိတယ် မဟုတ်လား၊ တကယ်တမ်း ကျောခိုင်းချင်နေတာက ကျွန်မ မဟုတ်ဘူး မောင်၊ မောင့်အနားမှာ မိန်းကလေးတစ်ယောက်ရှိနေတယ်ဆိုတာ ကျွန်မသိတယ်။ သူရော ကျွန်မကိုပါ တစ်ချိန်တည်း နှစ်ယောက်လိုချင်လို့တော့ မရနိုင်ဘူး မောင်၊ ဒီ ဘဝမှာ ဒါလောက်ပဲ ကောင်းပါတယ်'

'မင်း လာတွေ့နိုင်ပါလျက်နဲ့ လာမတွေ့တာကော ဘာသဘောလဲ' သူ့ဆီကို ကျွန်မ ဖုန်းဆက်ပါတယ်ဆိုတာ ရှင်းပြခွင့် မရပါဘူး။

http://www.cherrythitsar.org



'မောင့်မေးခွန်းတွေ မင်းမဖြေနိုင်တော့ဘူး မဟုတ်လား။ မင်း ပြောတာမှန်တယ်၊ ဒီဘဝအတွက် ဒါလောက်နဲ့ပဲ လမ်းခွဲလိုက်ကြပါစို့'

ကျွန်မနားကို ကျွန်မ မယုံနိုင်လောက်အောင် ဖြစ်သွားတယ်။ ကျွန်မတို့နှစ်ယောက်ဘဝမှာ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ခဲ့ကြပြီးကာမှ ဘာမဟုတ်တာလေးနဲ့ လမ်းခွဲရမှာတဲ့လား။ သူ့ဘဝ နာကျင်ထိခိုက်လာအောင် ကျွန်မဘာလုပ်ခဲ့လို့လဲ။ ကျွန်မ နှလုံးသားက ခံနိုင်ရည် မရှိတော့လို့ သူနဲ့ ဝေးဝေးနေခဲ့တာပဲရှိတယ်။ ခုတော့ မောင်က အပြစ်ဟူသမျှ ကျွန်မအပေါ် ပုံချနေပြီ။ ဒီလိုအကျင့်စရိုက်ရှိတဲ့လူဟာ ကျွန်မချစ်ခဲ့တဲ့ အဲ(လ)ဗစ္စ မဟုတ်ပါဘူး။ ကျွန်မနှလုံးသားကို ခွဲချေမယ့် မကောင်းဆိုးဝါးတစ်ကောင်သာ ဖြစ်ပါလိမ့်မယ်။ ခုတော့ သူ့ဘဝမှာ မကောင်းတာတွေက ကြီးစိုးသွားပြီလေ။

'မင်းလိုချင်တာ ဒီစကားပဲ မဟုတ်လား'

'ကျွန်မ စိတ်ထိခိုက်မှ ရှင်ကျေနပ်မယ်ဆိုရင် ရှင်ကျေနပ်နိုင်ပါပြီ အဲ(လ)ဗစ္စ'

'မင်း ဘာကြောင့် ဒါးလက်(စ)က မခွာနိုင်တာလဲ။ ကွာရှင်းပြတ်စဲပြီး လွတ်လပ်တဲ့ဘဝရောက်အောင် ကြိုးစားလိုက်ပါ။ ခုတော့ မင်းက အိမ်ထောင်သည်ဖြစ်နေတဲ့အတွက် ကိုယ်လုပ်ချင်တာတွေ ဘာမှ လုပ်လို့မရဘူး'

သူ့စကားတွေက ကျွန်မကို ထိုးနှက်နေပြီမို့ ကျွန်မကိုယ်တိုင် ကျွန်မ ကာကွယ်ဖို့လိုလာပြီ။

'ဘာကြောင့် မကွာနိုင်တာလဲဆိုတော့ ရှင်နားလည်အောင် ပြောလိုက်ရဦးမယ်၊ ကျွန်မမှာ ကလေးခြောက်ယောက်ရှိတယ်၊ ဒီကလေးတွေကို ကျွန်မ ငဲ့ညှာရဦးမယ်။ ရှင် ပြောတော့ လွယ်လွယ်လေးပဲ။ ကျွန်မက ကလေး ခြောက်ယောက်မျက်နှာကို မထောက် ကွာရှင်းလိုက်ပါပြီတဲ့၊ ဒီမိသားစု ပြိုကွဲသွားချိန်မှာ ရှင့်ဘက်ကကော ကျွန်မကို တရားဝင်လက်ထပ်ယူဖို့ အဆင်သင့်ဖြစ်ပါ့မလား။ ရှင်က ကျွန်မကို လိုချင်တာပဲရှိတယ်။ ဘာတစ်ခုမှ စွန့်လွှတ်ရဲတဲ့သူ မဟုတ်ဘူးလေ။ တခြားမိန်းမတွေက ရှင့်လို ကမ္ဘာကျော်တစ်ယောက်နဲ့တစ်ညနှစ်ည ပေါင်းရတာကို ဂုဏ်ယူကြပေမယ့် ကျွန်မက အဲဒီလို မိန်းမစားမဟုတ်ဘူး။ ကျွန်မသားသမီးတွေအတွက် တာဝန်ရှိတယ်။တကယ်လို့ ရှင်သာ ကျွန်မနေရာမှာရှိတယ်ဆိုရင် ဘယ်လို ဆုံးဖြတ်မလဲ၊ တခြား ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာနေပြီး ရှင့်ကို ကျွန်မ ချစ်ပါတယ်လို့ပြောရင် ရှင်ယုံမှာလား။ ယုံမှာလား အဲ(လ)ဗစ္စ'

'ဘေဘီ. . . အခြေအနေ မကောင်းသေးလို့ပါကွာ၊ ကိုယ့်အနားမှာ မိန်းမတစ်ယောက်ယောက် မရှိရင် ကိုယ်လစ်ပြေးလိမ့်မယ်လို့ ကိုယ့်ကောင်တွေက

http://www.cherrythitsar.org



ထင်နေကြတာ။ အဲဒါ ကိုယ် စိတ်ပျက်တာပေါ့'

ဒီစကားတွေက အဓိပ္ပာယ်ရှိလှတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့ဘက်က အတည်ပြောနေတယ်ဆိုတာတော့ သေချာတယ်။ ဒါမျိုးတွေကလည်း ကျွန်မကြားနေကျ ဓာတ်ပြားဟောင်းကြီးပဲ မဟုတ်လား။ သူ့အပြစ်တွေလည်း မဟုတ်ဘူး။ ဟုတ်သေးပါဘူးလေ။ ဟိုလူတွေက သေနတ်နားထင်တေ့ပြီး ကောင်မလေးနဲ့ အိပ်ခိုင်းမှာတဲ့လား။ အဲဒီလူတွေက အားလုံးလုပ်နေတာပါဆိုရင် သူ့ကို နှိပ်စက်ညှဉ်းပန်းမှုတွေအတွက် တစ်ချိန်မှာ အပြစ်တင်ခံရမှာ သေချာတယ်။

'ကိုင်း. . . ပြောလို့ဝပြီလား။ တော်လောက်ပြီ သူငယ်ချင်း၊ အိပ်ရာထဲက မိန်းကလေး အအေးမိနေဦးမယ်။ တကယ်တော့ ရှင်ဟာ ဘယ်သူ့ကိုမှ မလိုအပ်ဘူး။ အထူးသဖြင့် ကျွန်မကိုပေါ့၊ ဂွတ်(ဒ)ဘိုင်'

ကျွန်မ အနှိပ်ခံလိုက်ရသလို ခံစားလိုက်ရတယ်။ ဒါလမ်းဆုံးတဲ့လား။ သူမူးမူးရူးရူးနဲ့ ပြောချင်တာပြောသွားတာလား။ ဒါမှမဟုတ် နောက်ထပ် ဆင်ခြေတစ်ခု တက်သွားတာလား။ တယ်လီဖုန်းက အဆက်မပြတ် မြည်နေပေမယ့် ကျွန်မ မကိုင်တော့ပါဘူး။ ကလေးတွေကိုလည်း ဖုန်းလာရင် ကျွန်မ အိမ်မှာမရှိဘူးလို့ ဖြေဖို့မှာထားလိုက်ပါတယ်။

မွေးနေ့ရာသီ အပန်းဖြေကာလတွေ လျင်မြန်စွာ ကုန်ဆုံးသွားပါတယ်။ ပျော်စရာဆိုလို့ ရှာမတွေ့လောက်အောင် နည်းပါးခဲ့ပါတယ်။ စိတ်ကူးယဉ်အိပ်မက်ထဲမှာ နှစ်ဆယ့်လေးနှစ်လုံးလုံး ပျော်နေခဲ့တဲ့ မိန်းမ။ ခုတော့ ဒီအိပ်မက်တွေ ပျက်ပြယ်သွားပါပြီ။ ၁၉၇၇ခုနှစ်ထဲဝင်ကာစ တစ်လနှစ်လမှာ အဲ(လ)ဗစ္စသတင်း ထပ်ကြားရတယ်။ မဲ(မ)ဖစ္စက အလှမယ်လေးတစ်ယောက်နဲ့ လက်ထပ်မလို့တဲ့။ ဒါတွေဟာ သူတစ်ခါက ပြောခဲ့သလို တိမ်မြုပ်မသွားအောင် ထွင်လုံးတွေလုပ်နေကြတာများလား။

ကျွန်မအတွက် အဲ(လ)ဗစ္စဟာ ကမ္ဘာပေါ်မှာ မေ့လို့မရနိုင်ဆုံး လူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူ့ဓာတ်ပုံတွေ၊ သူ့သတင်းတွေကို သတင်းစာတွေ၊ စာစောင်တွေက အမြဲဖော်ပြနေကြတော့ မေ့လို့ ဘယ်လိုရနိုင်မှာလဲ။ မတ်လကုန်လောက်မှာ သူ ဖုန်းဆက်တယ်။ လွီစီးယားနား ပြည်နယ်က အလက်ဇန္ဒရီးယားမြို့ကို ရောက်နေတယ်တဲ့။ သမီးဒီဗိုင်းယားရီးကို မွေးခဲ့တဲ့ မြို့လေ။ ဘယ်လောက်များ တိုက်ဆိုင်လိုက်ပါသလဲ။ ဒီမြို့ကလေးဟာ သူ့ရင်ခွင်ကနေ ပထမဆုံး ကျွန်မထွက်ပြေးခဲ့ပြီး ခိုအောင်းနေခဲ့တဲ့ နေရာလည်း ဖြစ်တယ်။

'လူစီ. . . ကိုယ် တစ်မိနစ်လောက် စကားပြောခွင့်ပေးပါ။တစ်မိနစ်တည်းပါ'

http://www.cherrythitsar.org



သူ တော်တော်ကို ခခယယ တောင်းပန်ပါတယ်။

'နေကောင်းရဲ့လား'

'ကိုယ့်မှာ ပြောစရာတွေ အများကြီးပဲ။ မင်း လျစ်လျူရှုခံထားရတဲ့ ဘဝမှာ ကိုယ်ဘယ်လိုမှ ဆက်နေလို့ မရဘူး လူစီ။ ကိုယ် မင်းအသည်းတွေနာအောင် လုပ်ခဲ့မိတာတွေ တွေးမိတိုင်း နေလို့မရဘူး။ ကိုယ် မင်းကိုတွေ့ပါရစေ'

'ရှင် မိန်းကလေး တစ်ယောက်နဲ့ စေ့စပ်ပြီးပြီဆို၊ ကျွန်မနဲ့ တွေ့ရဖို့ထက် အဲဒီ မိန်းကလေးနဲ့ တွေ့ဖို့က ပိုအရေးကြီးမှာပါ အဲ(လ)ဗစ္စ'

'အဲဒီကိစ္စတွေ ရှင်းပြချင်လို့ကို မင်းနဲ့တွေ့ချင်တာပါ၊ ကိုယ်တွေ့ပါရစေ'

'မသင့်တော်ပါဘူး ရှင်၊ ကျွန်မ မတွေ့ပါရစေနဲ့'

'အဲဒီကိစ္စ တကယ် မဟုတ်ပါဘူးလို့ ကိုယ်ရှင်းပြရင် ယုံမှာလား။ ကိုယ့်မှာ ပြစရာတွေရှိပါတယ်။ ဟန်နီ တစ်ခါတလေ ကိုယ်ခေါင်းတွေရှုပ်ထွေးနေတာ မင်းသိပါတယ်။ ဘာတွေလုပ်လို့ လုပ်မိမှန်းလည်း မသိဘူး။ ကိုယ့်ကိုယ်ကိုလည်း ထိန်းလို့မရဘူး။ မင်းကို မနစ်နာစေချင်တာတော့ အမှန်ပဲ လူစီ'

ကျွန်မခေါင်းတွေ ချာချာလည်နေပြီ။ သူ ပြန်ဆက်သွယ်လာတဲ့အတွက် ဝမ်းသာရမှာလား။ သူ စေ့စပ်ကြောင်းလမ်းထားတယ်ဆိုတာ အတည်ဖြစ်စေချင်တာလား။ ကျွန်မကိုယ်ကျွန်မ ဝေခွဲလို့ မရတော့ဘူး။ သူ ကျန်းမာရေးချို့တဲ့ပြီး တစ်ယောက်တည်းဖြစ်နေချိန်မှာ ကျွန်မတွေ့ချင်ပါတယ်။ ဒါပေမယ့် သူ့ စကားတွေကို ယုံနိုင်လောက်တဲ့သတ္တိ ကျွန်မမှာ မရှိတော့တာ အမှန်ပါပဲ။ သူ့ကို မချစ်တော့ဘူးလားလို့မေးရင် ကျွန်မအချစ်က နှလုံးသွေးရပ်တဲ့အထိ ခိုင်မြဲနေမယ့် အချစ်ပါ။ ဘယ်တော့မှ လျော့ပါးသွားမှာလည်း မဟုတ်ဘူး။ ဒါပေမယ့် လောလောဆယ်မှာတော့ သူ မကျန်းမာတာတွေ၊ စေ့စပ်ကြောင်းလမ်းတာတွေ၊ ကွာရှင်းပြတ်စဲတာတွေ၊ ဒါတွေအားလုံးကို ဘာမှ မတွေးချင်ပါဘူး။ သူ စကားပြောနေတဲ့ နောက်က အသံတွေကလည်း ကြားနေရတယ်။ 'ကိုယ် သွားရဦးမယ် နောက်တော့ ဖုန်းထပ်ဆက်မယ်'တဲ့။

* * *

[အဲ(လ)ဗစ္စရဲ့ အဖော်သစ် ဂျင်ဂျာအဲ(လ)ဒင်ဆိုတဲ့ မိန်းကလေးက မြို့နယ် အလှမယ်ပြိုင်ပွဲတွေမှာ ဆုတွေရခဲ့ပေမယ့် တဲ(န)နက်ဆီတက္ကသိုလ် မယ်ပြိုင်ပွဲ မှာတော့ ဒုတိယပဲ ရခဲ့ပါတယ်။ သူ့ညီမ တယ်ရီအဲ(လ)ဒင်က မယ်တက္ကသိုလ် ဘွဲ့ရခဲ့တယ်။ လင်ဒါသော်(မ)ဆင်နေရာကို အစားထိုးဖို့အတွက် သူတို့ညီအစ်မ နှစ်ယောက်ကို အဲ(လ)ဗစ္စဆီ ခေါ်လာကြတော့ အဲ(လ)ဗစ္စက တယ်ရီအစား

http://www.cherrythitsar.org



ဂျင်ဂျာကို ရွေးလိုက်တဲ့အတွက် အားလုံး အံ့ဩခဲ့ကြရပါတယ်။

ဂျင်ဂျာက လူစီနဲ့ အမြွှာညီအစ်မဆိုရင်တောင် ယုံနိုင်စရာရှိပါတယ်။

ဒီဇိုင်းယားရီးက ပြန်ပြောရာမှာ 'ဂျင်ဂျာရဲ့ ပုံကို တစ်သက်မှာ တစ်ခါပဲ ကျွန်မတွေ့ဖူးပါတယ်။ သူက အမေနဲ့ အရမ်းတူတယ်။ တစ်ပုံစံတည်းပဲ။ ပြီး တော့ အမေဝတ်လေ့ ဝတ်ထရှိတဲ့ ကော်ကိုင်းအဖြူနဲ့ မျက်မှန်မျိုး တပ်ထားလိုက် သေးတယ်၊ တကယ်ကို ထူးဆန်းပါတယ်'လို့ ဆိုတယ်။]

*　　　*　　　*

နောက်ဆုံး သုံးပတ်အကြာ ဧပြီလ နောက်ဆုံးပတ်ထဲမှာ သူ ဖုန်းဆက်ပါ သေးတယ်။ အဲဒီနေ့က မယ်လိုဒီရဲ့ နှစ်ဆယ့်ခြောက်နှစ်မြောက် မွေးနေ့အပြီး သုံးလေးရက်အကြာပေါ့။ ဒီတစ်ခါ ဖုန်းဆက်တော့ တော်တော်တည်ငြိမ်နေပြီ။ လေးတွဲ့တွဲ့နဲ့ ခပ်နက်နက် သူ့စကားသံကို မှတ်မိအောင် ကျွန်မ မနည်းနားထောင် ယူရတယ်။ သူ နေမကောင်းဖြစ်ပြီး ပင်ပန်းလွန်းလို့ ဆေးရုံတက်ရတယ်တဲ့။ ဒါပေမယ့် ပွဲစဉ်တွေဖျက်မရလို့ သီချင်းဆက်ဆိုနေရတုန်းပဲတဲ့။

'အား(လ)ရယ် နားလိုက်ပါတော့လား။ နေကောင်းတဲ့အခါ သီချင်းပြန်ဆို နိုင်အောင် ဒီလူတွေကို ပြန်စုလို့ရတာပဲ မဟုတ်လား။ ဘာဖြစ်လို့များ ဒါလောက် ရက်ရက်စက်စက် ခိုင်းစားနေကြတာလဲ'

'ဟန်နီ. . . ကိုယ် နေကောင်းသွားမှာပါ။ ကိုယ် ကတိပေးပါတယ်။ အခု ဆက်တာကလည်း မင်း ဒီမှာရှိရဲ့လားဆိုတာ သိချင်လို့ ဆက်တာပါ။ ကိုယ့်အပေါ် ယုံတာဆိုလို့ မင်းတစ်ယောက်ပဲ ရှိတော့တယ်။ ဘယ်သူကမှ ကိုယ့်ကို မယုံကြ တော့ဘူးလေ'

သူ ခဏနားနေတယ်။ ကျွန်မ ဘာပြောမလဲဆိုတာ စောင့်နေတာပါ။ သူ့အတွက် လိုအပ်တာက အဲဒါပဲ။ နူးနူးညံ့ညံ့ ချစ်ချစ်ခင်ခင် စကားလေးတွေ သူကြားချင် တယ်လေ။ မကြာသေးခင်က ကျွန်မတို့နှစ်ယောက် အချီအချ စကားတွေများကြ ပေမယ့် ခုချိန်မှာ မေ့ထားရတော့မယ်။

'သခင်ရယ်. . . စိတ်မပူပါနဲ့၊ ကျွန်မ နှလုံးသားထဲမှာ ထာဝရချစ်နေတာက သခင့်ကိုပါ။ ဘယ်တော့မှ အပြောင်းအလဲ မရှိစေရပါဘူး။ ကျွန်မ မေတ္တာအားလုံး ကို မောင်ပဲ ပိုင်ပါတယ်။ ခုအချိန်မှာ အရေးကြီးဆုံးက မောင့် ကျန်းမာရေးပါ။ မောင့်ကို ကျွန်မ အဆုံးရှုံးမခံနိုင်ဘူး မောင်၊ အလုပ်တွေ လျှော့ချလိုက်စမ်းပါ။ ပွဲတွေကို ဖျက်ပစ်ပြီး မောင့်အဖေဆီကိုပြန်ပါ။ သူ မောင့်ကို ကူညီနိုင်ပါလိမ့်မယ်။ ဖြစ်ပျက်နေသမျှ အားလုံးကို အဖေ့ကို ပြန်ပြလိုက်ပါ။ ပြီးတော့ မောင့်ကို

http://www.cherrythitsar.org



ကုသပေးတဲ့ ဆရာဝန်တွေလည်း အပြောင်းအလဲလုပ်ဖို့ လိုလိမ့်မယ်ထင်တယ်'

'ဟန်နီ. . . ဒီခရီးစဉ်ပြီးရင် အပြောင်းအလဲတွေ ရှိလာဦးမှာပါ။ အဲဒါတွေ ဖြစ်လာပါစေလို့ ဘုရားသခင်ထံမှာ ဆုတောင်းနေရပါတယ်။ ပြောစမ်းပါဦး. . . မောင့် ဒီဗိုင်းယားရီးကလေးရယ်၊ မောင့်ကို ချစ်ရဲ့လားလို့၊ မောင် ကြားချင်လို့ ပါ'သူ့အသံက တိုးလွန်းလှပြီး အားနည်းနေတယ်။

'သိပ်ချစ်ပါတယ် သခင်ရယ်၊ သခင့်နားမှာ တစ်ယောက်မှ မကျန်တဲ့အခါမှ ကျွန်မ အရောက်လာခဲ့မှာပါ။ ကျွန်မတို့နှစ်ယောက် အတူတူကြီးပြင်းလာခဲ့ကြတာ ပဲ မဟုတ်လား။ အသက်ကြီးလာတဲ့အခါ ထားရှိတဲ့ မေတ္တာက ပိုပြီး အေးမြပါ တယ် မောင်ရယ်၊ ကျွန်မတို့ နှစ်ယောက်အတွက် အချိန်ကာလတွေ အများကြီးရှိ ပါသေးတယ်ကွယ်'

'ချစ်တယ် လူစီရယ်. . . နောက်တော့မှ ပြန်ဆက်ဦးမယ်'

မောင့်ဆီက ချစ်စကားကြားရတာ ချိုမြိန်လှပါတယ်။ ဒါပေမယ့် သူနေမ ကောင်းနေမှန်း သိပါလျက်နဲ့ ခရီးဆက်ရဦးမယ်ဆိုတာကတော့ လွန်လွန်းတယ်။ သူ့လူတွေ ဘာကြောင့် ဒီပွဲစဉ်တွေကို မဖျက်နိုင်ကြတာတဲ့လဲ။ ဒီလူတွေ မောင် နေမကောင်းဘူးဆိုတာ မမြင်ရလောက်အောင် မျက်စိကန်းနေကြသတဲ့လား။

မေလကတော့ အလုပ်များတဲ့ လပါပဲ။ ကလေးတွေက ကျောင်းတက်ဖို့ ပြင်တဲ့သူက ပြင်၊ အလုပ်သွားတဲ့သူက သွားနဲ့ နောက်ဆုံးမှာတော့ ကျွန်မအနား ကနေ အားလုံးပျောက်သွားကြပြန်တယ်။ ဒီဗိုင်းယားရီးက ဥပဒေလုပ်ငန်းတစ်ခုမှာ လာအလုပ်လုပ်တဲ့အတွက် ဒါးလက်(စ)ကို ပြန်ရောက်လာလို့ နည်းနည်း ဝမ်းသာ ရသေးတယ်။ ဒါပေမယ့် သမီးနဲ့ အမေကြား အနေဝေးသလို ဖြစ်နေတာကတော့ ဝမ်းနည်းစရာပေါ့။

အသက် ဆယ့်တစ်နှစ်သာရှိသေးတဲ့ ဂျက်ကလင်းကလည်း မကြာမီ မိသားစု က ခွဲထွက်တော့မယ်။ သူက လန်ဒန်က အနုပညာ အကယ်ဒမီမှာ သင်တန်း တက်ခွင့်ရလို့ သွားမှာလေ။ ကျွန်မ စုံစမ်းကြည့်တော့ သမီးကြီး မယ်လိုဒီနေတဲ့ အိုတာရီမှာလည်း ဒီလိုသင်တန်းမျိုးရှိတယ်ဆိုတာကြောင့် အဲဒီမှာပဲတက်ဖို့ ဂျက် ကလင်းကို ချော့ရတယ်။ သမီးကြီးတွေက အိမ်ထောင်ကိုယ်စီနဲ့ အခြေတကျ ဖြစ်နေကြပြီလေ။

ခြောက်သွေ့အထီးကျန်နေတဲ့ ကျွန်မဘဝမှာ ထိတ်လန့်စရာ ကြုံတွေ့ခဲ့ရသေး တယ်။ ဒီဗိုင်းယားရီးနဲ့ သူ့မိတ်ဆွေကောင်လေးတစ်ယောက် ရုပ်ရှင်ကြည့်ကြဖို့ အသွား ကားတစ်စီးက ဝင်တိုင်မိလို့ သူတို့ကား မှောက်သွားလိုက်တာ သမီးကို

http://www.cherrythitsar.org



ကားထဲက မနည်းဆွဲထုတ်ယူခဲ့ရတယ်။ အရေးပေါ်ဆေးရုံပို့လိုက်ရတယ်။ ဆေးရုံကိုရောက်သွားတော့ ကျွန်မ အသက်ထွက်သွားမလား အောက်မေ့ရပါတယ်။ ဒီဇိုင်းယားရီးခမျာ မရှုမလှ ခံစားနေတယ်။ မျက်နှာတစ်ခုလုံး အပွန်းအပဲ့ သွေးတွေနဲ့ကြားက ပါးချိုင့်တစ်ခုသာ မှတ်မိစရာ ကျန်တော့တယ်။ အကျီ်က မီးလောင်ပြီး ရင်သားကို ထိခိုက်သွားသလို လက်ကလည်း မီးလောင်ဒဏ်ရာတွေနဲ့။ ကျွန်မ အော်ငိုလိုက်ချင်ပေမယ့် သမီးအတွက် အားတင်းထားခဲ့ရတယ်။ အဲဒီည တစ်ညလုံး ငုတ်တုတ်မိုးလင်းခဲ့တဲ့အပြင် နောက်ရက်တွေမှာလည်း သမီးအနားမှာပဲ ရှိခဲ့ပါတယ်။ သမီးဒဏ်ရာတွေ ပျောက်စေဖို့ ဘုရားသခင်ထံမှာ ဆုတောင်းနေရတာပေ့ါ။

သမီး ကားမှောက်တဲ့ မေလ ၂၉ရက်နေ့မှာပဲ အဲ(လ)ဗစ္စကလည်း စင်ပေါ်မှာ သတိလစ် လဲကျသွားခဲ့သတဲ့။ ဘယ်လောက်များ တိုက်ဆိုင်လိုက်ပါသလဲ။ သမီးနဲ့ ပတ်သက်ပြီး ခံစားနေရတဲ့ သောကတွေကို ကျွန်မတစ်ယောက်တည်း မခံစားနိုင်တော့တာမို့ အဲ(လ)ဗစ္စကို ဖွင့်ပြောလိုက်တော့မယ်လို့ စိတ်တောင်ကူးမိသေးတယ်။ဒါပေမယ့် သူကိုယ်တိုင်က နေမကောင်းဖြစ်နေပါတယ် ဆိုနေမှတော့ ကျွန်မပြောလိုက်ရင် အခြေအနေတွေက ပိုဆိုးကုန်မှာမို့ စိတ်လျှော့လိုက်ရပြန်တယ်။ ဒီဇိုင်းယားရီးက လက်တစ်ဖက်က မမြှောက်နိုင်တာကြောင့် နေ့စဉ် ကျွန်မပဲ သူ့ကို စားစရာလာကျွေး၊ နှစ်သိမ့်အားပေးစကား လာပြောပေးရတယ်။ တစ်နေ့တော့ သမီးက ငိုနေတယ်။ သူ့လက် ပြန်ကောင်းနိုင်ပါဦးမလားတဲ့။ ကောင်းမှာပါ သမီးရယ်လို့ အားပေးရပေမယ့် ကျွန်မကိုယ်တိုင်က သံသယရှိနေပြီ။

နောက်ထပ် ရက်သတ္တပတ်အနည်းငယ်ကြာတော့ စူပါမားကက်တစ်ခုမှာ သမီးအပျင်းပြေဖတ်ရအောင် စာအုပ်တွေ သွားဝယ်ပါတယ်။ စာစောင်တစ်ခု မျက်နှာဖုံးမှာ အဲ(လ)ဗစ္စပုံအကြီးကြီး ဖော်ပြထားတယ်။ အလွန်အမင်း ဝနေပြီး ပေါက်ကွဲထွက်တော့မှာလားတောင် အောက်မေ့ရတယ်။ ခေါင်းစဉ်ငယ်ကတော့ သူမကြာခင် လက်ထပ်တော့မယ်ဆိုတာ ဖော်ပြထားပါတယ်။ လက်ထပ်တာ မထပ်တာထက် သူ့ကျန်းမာရေးကို စိတ်ပူတာကြောင့် ဂရေ့(စ)လဲ(န)(ဒ)ကို ဖုန်းဆက်ကြည့်လိုက်တော့ ခရီးထွက်သွားတယ်။ ကြာဦးမယ်တဲ့။ ကျွန်မမှာ အဖေကျန်းမာရေးနဲ့ သမီးကျန်းမာရေးအတွက် ဘုရားသခင်ထံမှာ ဆုတောင်းရုံကလွဲလို့ ဘာများတတ်နိုင်ဦးမှာလဲ။

□

http://www.cherrythitsar.org



# အခန်း(၂၅)

၁၉၇၇ခုနှစ် ဩဂုတ်လ

၁၉၇၇ခုနှစ် ဇွန်လ ၁၉ရက်နေ့ည နီဘရာစကာပြည်နယ် အိုမာမြို့မှာ တစ်ညတည်း ဖျော်ဖြေတော့ အဲ(လ)ဗစ္စဟာ သူ့သက်တမ်း တစ်လျှောက်လုံးမှာ အကောင်းဆုံးဖျော်ဖြေမှုလို့ ဆိုရလောက်အောင် သီချင်းတစ်ပုဒ်ကို ဆိုပြသွားခဲ့ ပါတယ်။ အဲဒီညက သူ တော်တော် နေမကောင်းဘူး။ ဝလိုက်တာလည်း အလွန်အမင်းပဲ။ ဒါပေမယ့် သစ္စာရှိရှိ အားပေးနေကြတဲ့ သူ့ပရိသတ်အတွက် အကောင်းဆုံး ဖျော်ဖြေသွားတာပဲ။

'ကျွန်တော် သီချင်းတစ်ပုဒ် သီဆိုပြပါမယ်။ အဲဒီသီချင်းနာမည်က Are You Lonesome Tonight လို့ အမည်ရပါတယ်' အဲ(လ)ဗစ္စက ပရိသတ်ကို ကြေညာရင်း သူ့လူတစ်ယောက် လှမ်းပေးလိုက်တဲ့ ခွက်တစ်ခွက်ကို ယူလိုက်ပြီး တစ်ငုံလောက် သောက်လိုက်ပါတယ်။ ခေါင်းငုံ့သွားပြီး ဂစ်တာကို လက်ခတ် ကစားရင်း 'ကျွန်တော့်ဘဝဟာ အရင်က အထီးကျန်ခဲ့သလို အခုလည်း အထီး ကျန်နေဆဲပါပဲတဲ့' သူ့ရင်ထဲက ခံစားချက် ပွင့်လာမှာစိုးတော့ ရုတ်တရက် မိုက်စတင်းကို ကိုင်လိုက်ပြီး ရယ်ပစ်လိုက်ဖို့ ကြိုးစားပါတယ်။

သီချင်းဆိုတဲ့အသံက ဝလွန်းနေတဲ့ ခန္ဓာကိုယ်နဲ့ မလိုက်ဖက်လောက်အောင် ကောင်းလွန်းလှပါတယ်။ ဒီသီချင်းရဲ့ စကားပြောအပိုဒ်မှာ သူ့ကို ပစ်ခွာပြေးတဲ့ မိန်းကလေးတစ်ယောက်ကြောင့် သူအသည်းကွဲရတာ ပြောရမယ့်နေရာပါတယ်။ ဒါပေမယ့် အဲဒီညက ပြောမထွက်တော့ ပါးစပ်ထဲတွေ့ရာ စကားတွေသာ ပြော ချသွားပါတော့တယ်။ ညာဘက်မျက်အိမ်ထဲမှာ ပြည့်လာတဲ့ မျက်ရည်တွေသာ ချွေးနဲ့ရောပြီး စီးဆင်းသွားတယ်။ အဲ(လ)ဗစ္စက ရယ်လိုက်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် သူ့ပုံစံက အပြင်မှာရယ်ပြီး ရင်ထဲမှာ ငိုနေတယ်ဆိုတာ သိသာတယ်။

အဲဒီညက သူ မျက်ရည်နဲ့ သီချင်းဆိုသွားတာကို This is Elvis လို့ အမည်ပေး

http://www.cherrythitsar.org



ထားတဲ့ ရုပ်ရှင်ကား ပြီးခါနီးမှာ တွေ့နိုင်ပါတယ်။

* * *

သတင်းစာတွေမှာ ပုံပျက်ပန်းပျက် အဲ(လ)ဗစ္စပုံတွေ ဖော်ပြကြပြီး ခေါင်းစဉ်မည်းမည်းကြီးတွေနဲ့ အပုတ်ချရေးနေကြတယ်။ ဘာကြောင့်များ ခုလို ပုံပျက်နေတာ ကမ္ဘာက မြင်တွေ့ခွင့်ရအောင် သူခွင့်ပြုသလဲဆိုတာ ကျွန်မ နားမလည်နိုင်တော့ဘူး။

သူ့ သက်တမ်းတစ်လျှောက်မှာ ဝလာတဲ့ကိစ္စကို အချိန်တော်တော်များများ သူရင်ဆိုင် ဖြေရှင်းခဲ့ရပေမယ့် သူ ဝတာကို ပရိသတ် ဘယ်တော့မှ မမြင်စေခဲ့ရဘူး။ ခုတော့ ဝချင်တိုင်း ဝနေတာကို ပစ်စလက်ခတ် နေနေတယ်။ ဒါ အဲ(လ)ဗစ္စ မဟုတ်တော့ဘူး။ သူက ဘယ်တော့မဆို ပိန်ပိန်သွယ်သွယ် ရုပ်ချောတဲ့သူဖြစ်ရတာကို ဂုဏ်ယူတတ်ပြီး ဒီပုံစံမျိုးရှိနေခြင်းဟာ သူ့ဘဝအတွက် အရေးပါတယ်ဆိုတာ နားလည်ခဲ့တဲ့သူပဲ။ ခုလို ဖြစ်နေတာတော့ အကြီးအကျယ် မှားယွင်းနေပြီလို့ ကျွန်မ နားလည်လိုက်ပါတယ်။

ဆေးရုံတက်နေရတဲ့ သမီး ဒီဇိုင်းယားရီးကလည်း နေကောင်းစ ပြုနေပြီဆိုတော့ နေရေးထိုင်ရေးအတွက် စီစဉ်နေတယ်။ ဒဲနစ္စကလည်း ဒါးလက်(စ)ကို ပြန်ပြောင်းလာမှာဆိုတော့ သူတို့ညီအစ်မ နှစ်ယောက်အခန်းတစ်ခန်း ငှားနေကြဖို့ စီစဉ်ကြတယ်။ ဒီဇိုင်းယားရီးကို ကျွန်မ မျက်စိရှေ့မှောက် အိမ်မှာပဲ လာနေစေချင်တယ်။ ကျွန်မကိုယ်တိုင် ပြုစုပေးချင်သေးတယ်။ ဒဲနစ္စက ညနေ အရီဇိုးနားက ပြန်ရောက်လာမှာဆိုတော့ သူပြန်လာရင် အလွယ်တကူ ဝင်လို့ရအောင် ကျွန်မက တံခါးသွားဖွင့်နေတုန်း ဖုန်းမြည်လာတယ်။ နှစ်ကြိမ်ပဲမြည်ပြီး ကျွန်မ ကောက်ကိုင်လိုက်တော့ ပြတ်သွားပြီ။ အဲ(လ)ဗစ္စပဲ ဖြစ်မယ်ဆိုတာ ကျွန်မ သိလိုက်တယ်။

သူ ပြန်ဆက်မှာပဲလို့ ကိုယ့်ကိုယ်ကို နှစ်သိမ့်လိုက်မိတယ်။ နောက် ရက်သတ္တနှစ်ပတ်အတွင်း တယ်လီဖုန်းက ဒါဇင်ပေါင်းများစွာ မြည်ပါရဲ့။ ဒါပေမယ့် ဘာမှ မထူးခြားပါဘူး။ အလုပ်ကိစ္စကလေးတွေဆီ ဆက်တဲ့ဖုန်း၊ မိတ်ဆွေတွေဆီက လာတဲ့ဖုန်းစသဖြင့် သာမန်ဖုန်းသံတွေပါပဲ။ ဩဂုတ်လ ဒုတိယပတ်အတွင်း မွန်းလွဲပိုင်းတစ်ခုမှာ ဖုန်းမြည်လာတယ်။သူ့ဆီက ဖုန်းပဲလို့ ကျွန်မ နှလုံးသားက သိလိုက်တဲ့အတွက် ကမန်းကတန်း ပြေးကိုင်လိုက်တယ်။

မစ္စတာ ဂျွန်ဂျုံး(စ)ဆီကတဲ့။ ဒီနာမည်သုံးတယ်ဆိုကတည်းက အဓိပ္ပာယ်နှစ်ခုရတယ်။ တစ်ခုက အဲ(လ)ဗစ္စဆီက ဆိုတာဖြစ်ပြီး နောက်တစ်ခုကတော့

http://www.cherrythitsar.org



သူ ဂရေ့(စ)လဲ(န)(ဒ)ကနေ ဆက်နေတယ်ဆိုတာ ပါပဲ။ ကျွန်မက ဖုန်းဆက် ခြိမ်းခြောက်ခံရပြီးတဲ့ နောက်ပိုင်းမှာ သူ ဂရေ့(စ)လဲ(န)(ဒ)က ဆက်မှာကို ကျွန်မ သိပ်စိတ်ပူပါတယ်။ သူ့တယ်လီဖုန်း ဘီ(လ)မှာ ကျွန်မနာမည် မပေါ်စေ ချင်ဘူး။

အဲဒီအချိန်မှာ အိမ်မှာ လူတွေ အများကြီးရှိတယ်။ မကြာခင် ကျွန်မ တစ် ယောက်တည်း ကျန်ခဲ့တော့မှာ။ ဒါကြောင့် ကျွန်မက သူ့ကို စကားဝှက်နဲ့ ပြောလိုက်ရတယ်။ 'သူ အခုမရှိပါဘူး။ နောက် တစ်နာရီလောက်ကြာမှ ပြန် ရောက်ပါမယ်'လို့ ကျွန်မဆိုလိုတာကို သူနားလည်လိုက်တဲ့အတွက် နောက်တစ်နာ ရီတိတိအကြာမှာ ပြန်ဆက်ပါတယ်။

'လူစီလား. . . ကိုယ် ဝမ်းသာလိုက်တာကွာ'

သူ့အသံက ခုမှ စိတ်သက်သာရာ ရသလိုပဲ။

'အဲ(လ)ဗစ္စ နေကောင်းရဲ့လားဟင်၊ ကျွန်မဖြင့် စိတ်ပူလွန်းလို့ ဖုန်းဆက် ချင်နေတာ'

'တကယ်လွမ်းတယ်ကွာ၊ မောင့်ဘဝမှာ ငရဲခန်းပဲ။ လမ်းပေါ်မှာ လျှောက်သွား နေရတယ်။ ချစ်ကလည်း ပျောက်နေတယ်၊ ဘယ်သွားနေတာလဲ'

'မောင်ရယ်. . . ကျွန်မမှာလည်း သေရေးရှင်ရေး ကိစ္စ ပေါ်လာလို့ပါ။ ကျွန်မသမီးလေး ကားတိုက်မိလို့၊ ခုတော့ နေကောင်းပါပြီ။ ဖြစ်တုန်းကတော့ သေမလား ရှင်မလားပဲ။

မောင့်သတင်းတွေလည်း ကျွန်မဖတ်ရတယ်၊ မောင် နေမကောင်းဘူးဆိုတာ၊ ကျွန်မဆီ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ။ အရမ်းစိတ်ပူနေတာ'

'နေပါဦး. . . မင်း သမီးအကြောင်း ပြောပါဦး။ ဘယ်လောက် ကြီးကြီး ကျယ်ကျယ် ဖြစ်တာလဲ။ ကိုယ်လာခဲ့ဖို့လိုလား။ သမီးက အသက်ဘယ်လောက် ရှိပြီလဲ။ ကိုယ့်ကို ပြောပါဦး။ ဘယ်လိုဖြစ်တာလဲ'

'ကား အက်ဆီးဒင့်ပါ၊ နေကောင်းတော့မှာပဲ၊ စိတ်မပူပါနဲ့'

'ပြောစမ်းပါကွာ၊ ဘယ်လိုကနေ ဖြစ်တာလဲ၊ အခြေအနေ ဘယ်လောက်ဆိုး သွားလို့လဲ'

ကျွန်မ အဖြစ်အပျက် အသေးစိတ်ကို ပြောပြလိုက်ပြီး သမီးနေကောင်းတော့ မှာဖြစ်တဲ့အကြောင်း ထပ်ပြောလိုက်ရတယ်။ စိတ်ပူဖော်ရတဲ့အတွက် ကျွန်မမှာ ကြည်နူးရတယ်။ သူ့အသံက နေမကောင်းဘူးဆိုတာ သိသာပါတယ်။

'အားလုံး အဆင်ပြေသွားမှာပါ၊ ဘေဘီ. . . မင်း အခုလို ရုန်းကန်နေရတာကို

http://www.cherrythitsar.org



စိတ်မကောင်းဘူး။ ဖုန်းဆက်လို့ မရကတည်းက အရေးကြီးတဲ့ ကိစ္စတစ်ခုခု ဖြစ်နေပြီဆိုတာ ကိုယ်သိလိုက်တယ်။ မင်းသမီးနာမည်က ဘယ်သူလဲ'

လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်ကတည်းက ဒီမေးခွန်း မေးလာရင် ကျွန်မ ဘယ်လို ဖြေရမလဲဆိုတာ စဉ်းစားလို့ မရခဲ့ပါဘူး။ ခု. . . သူမေးလာတော့ ကျွန်မ တွေးနေမိတယ်။ ကျွန်မ သူ့ကို ဒီဗိုင်းယားရီးနဲ့ ပတ်သက်လို့ တိုက်ရိုက်တစ်ခါမှ မပြောဖူးဘူး။ ကျွန်မ စကားပြောရင် ကလေးတွေလို့ သိမ်းကျုံးပြောချင်ရင် ပြောတယ်။ ဒါမှမဟုတ် ကျွန်မမိသားစုလို့လည်း ပြောတတ်တယ်၊ ဘယ်တော့မှ တိတိကျကျ မပြောခဲ့ဘူး။ အထူးသဖြင့် ဒီဗိုင်းယားရီးနဲ့ ပတ်သက်လို့ ရှောင်တတ် ပါတယ်။ ဒီပြဿနာကို ကျွန်မ ရုတ်တရက် စကားဖြတ်လိုက်ရင် အဲ(လ)ဗစ္စ ဘာဖြစ်လို့လဲလို့ ဇွတ်မေးတော့မယ်။ ကျွန်မ သူ့ကို ဒီလိုနည်းနဲ့ မပြောချင်ပါဘူး။ အခု သူကမေးနေပြီ၊ ကျွန်မ စကားလွှဲရတော့မယ်။

'ကျွန်မကို ပြောပါဦး။ ပထမဆုံး သိချင်တာက မောင် နေမကောင်းဘူးဆိုတာ တကယ်ပဲလား'

'ဟန်နီ. . . ကိုယ်တကယ် နေမကောင်းတာ။ ခရီးလွန်နေရတာက ကိုယ့်ကို သတ်နေသလိုပဲ။ ပြီးတော့ ကိုယ်က မှတ်တမ်းတင် ရုပ်ရှင်ကားတစ်ကားလည်း ရိုက်နေသေးတယ်။ ပွဲတွေလည်း ဆိုရဦးမယ်။ ခဏနားနေတာ၊ ဟို အရှုံးသုံး ကောင်ရေးတဲ့ စာအုပ် ဖတ်ပြီးပြီလား၊ ဒီကောင်တွေက မောင် အလုပ်ထုတ်ပစ် လိုက်လို့ လုပ်စားကြတာလေ။ ဒီကောင်တွေ ရေးပေးထားသမျှ ယုံမနေနဲ့ဦးနော်၊ မယုံဘူး မဟုတ်လား ဟန်နီ. . .'

'မေးစရာလိုသေးလား မောင်ရယ်၊ ကျွန်မတို့နှစ်ယောက်က သူတို့ထက် ပိုပြီး ရင်းနှီးတာပဲ ဥစ္စာ၊ မောင့်မကောင်းကြောင်း ဘယ်သူမှ ကျွန်မကို ပြောလို့ မရပါဘူး။ ကျွန်မ ဘယ်တော့မှ ယုံမှာ မဟုတ်ဘူး။ အဲဒီလူတွေက မောင့်အတွက် မိတ်ဆွေတွေ မဟုတ်ဘူးဆိုတာ ကျွန်မသိသားပဲ။ မှတ်ထား မောင်၊ ပစ္စည်းဥစ္စာ ကြွယ်ဝခြင်းသည် မိတ်ဆွေပေါများစေပြီး ဆင်းရဲဒုက္ခရောက်စေခြင်းသည် မိတ်ဆွေတို့၏ ဇာတိရုပ်ကို ပေါ်စေသည်တဲ့။ ဒီလိုလူမျိုးတွေ မောင့်အနားမှာ မရှိတာဘဲ ကောင်းပါတယ်။ သူတို့က ငွေမက်လို့ ပေါင်းတဲ့သူ တွေပဲ။ မိတ်ဆွေမှ မဟုတ်တာ၊ မိတ်ဆွေစစ်ရင် အလုပ်ထုတ်ခံရဦးတော့ ဒီလိုရေး မတဲ့လား။ မောင် အခု ဂရေ့(စ)လဲ(န)(ဒ)မှာလား'

'ဟုတ်တယ်လေ. . . လီဇာလည်း မောင်နဲ့အတူ ရှိနေတယ်။ မောင် ခရီးထွက် ရမယ့် ၁၆ရက်နေ့အထိ ရှိနေမှာ'

http://www.cherrythitsar.org



'ဘယ်သွားရဦးမှာလဲဟင်'

'ဖျော်ဖြေရေးပဲပေါ့'

'မပြီးနိုင်တော့ပါလားကွယ်'

'ဒါတွေက ကိုယ့်အစီအစဉ်တွေ မဟုတ်ဘူးလေ။ ကိုယ်က လုံးဝကို မစဉ်းစားချင်တော့တာ။ ကိုယ့်သဘောအတိုင်းသာဆိုရင် သမီးနဲ့ အေးအေးဆေးဆေး နေချင်တယ်'

'မောင့်သမီးကို တွေ့ချင်လိုက်တာ၊ ကျွန်မ သူ့ကို ချစ်တယ်၊ မဆန်းဘူးလား မောင်။ ဒါပေမယ့် စိတ်ထဲမှာ သမီးလေးကို ရင်းနှီးနေတယ်'

'မောင် နေကောင်းချင်လှပြီ၊ နေမကောင်းဘဲ ဆိုနေရတော့ ပင်ပန်းတယ်။ ဒါပေမယ့် ပွဲတွေက အောင်မြင်နေတုန်းပဲ။ ဒါလောက် ဝနေတာတောင် စိတ်မပျက်ကြသေးဘူး။ ဒီပွဲပြီးသွားရင်တော့ စိတ်ချရမယ်။ အဲဒီတော့မှ နားရမှာပဲ။ ချစ်ကော နေကောင်းရဲ့လား'

'ကျွန်မ နေကောင်းပါတယ်။ သမီးကားတိုက်တော့ စိတ်ညစ်ရတာပေါ့လေ။ ကျွန်မက မောင့်အတွက် စိတ်ပူနေတာ။ မောင် တကယ်နေကောင်းတာ ဟုတ်ရဲ့လား။ ဘာတွေ ခံစားနေရတယ်ဆိုတာ ကျွန်မကို ပြောပြစမ်းပါ။ မောင့်ပါးစပ်က ပြောတာ ကြားချင်တယ်'

'လူစီ. . . မင်း စာအုပ်ထဲမှာ ရေးထားတာတွေကြောင့် သံသယ ရှိနေပြီထင်တယ်။ ဒီစာအုပ်ကြောင့် မောင်ချစ်တဲ့သူတွေ ဥပမာ လီဇာတို့၊ ကိုယ့်မိသားစုတို့၊ ချစ်တို့ကို ထိခိုက်မှာ မောင် သိပ်စိုးရိမ်တာ။ မောင့်ကို မုန်းသွားမှာလား'

'မောင်ဘာကြောင့် ဒီလိုပြောရတာလဲ။ ဘယ်သူတွေ ဘာပဲပြောပြော မောင့်ဘက်မှာ ကျွန်မအမြဲရှိတယ်ဆိုတာ ယုံ၊ ကျွန်မက ဘယ်သူပြောတာမှ ယုံတာမဟုတ်ဘူး။ မောင့် ပါးစပ်က ပြောတာပဲယုံတာ။ သူတို့ပြောနေကြတဲ့ ကောလာဟလတွေက တကယ်လားဆိုတာ မောင့်ဆီကအဖြေကို ကျွန်မလိုချင်တာ။ ဒါနဲ့ ဟိုမိန်းကလေးကို မောင် လက်ထပ်တော့မယ်ဆိုတာ တကယ်လား။ မောင် သူ့ကို ချစ်လို့လား၊ မောင် သူနဲ့နေရတာ ပျော်တယ်ဆိုရင် ကျွန်မ ဝမ်းသာပါတယ်။ ကျွန်မ ဒါပဲပြောချင်တာပါ။ ကျန်တာတွေက ဘာမှ မဟုတ်ပါဘူး။ ကျွန်မ နားလည်ပါတယ်'

'လူစီ၊ ဒါလင်ရယ် နားထောင်ပါဦး။ မောင်ပြောတာ နားထောင်ပါဦးကွာ၊ အားလုံးမှားကုန်တော့မှာပဲ။ ဂျင်ဂျာဆိုတဲ့ ကောင်မလေးက လူစီနဲ့ မောင် စိတ်ဆိုးနေတုန်းက ကျော့(ချ)ခေါ်လာတဲ့ ကောင်မလေးပါ။ လူစီ့ကို စိတ်ဆိုးတာနဲ့ မောင်က

http://www.cherrythitsar.org



စေ့စပ်ဖို့အထိ သဘောတူလိုက်တာပါ။ အဲဒီတုန်းက လူစီ မောင့်ကို တကယ်မုန်းသွားပြီ ထင်တာကိုး၊ မောင်တို့နှစ်ယောက် နားလည်မှုရှိရင် ဘယ်သူမှ ကြားဝင်လာစရာ အကြောင်း မရှိပါဘူး'

အဲ(လ)ဗစ္စအသံက တိုးတိုးကလေးနဲ့ ညင်သာနူးညံ့နေတယ်။

'ဒီကိစ္စအတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာ ကိုယ်တောင်းပန်ပါတယ် ဘေဘီ၊ မောင့်ကို ယုံပါ'

ကျွန်မ ဘယ်လို လက်ခံရမလဲ။ ဟိုလူတွေက သူနဲ့ ကျွန်မအကြောင်း သိလို့ရေးတာမှ မဟုတ်ဘဲ။

'မောင်. . . ကောင်မလေးက ချောတယ်နော်၊ မောင့်အနားမှာ ရှိခဲ့တယ်ဆိုတာ ကျွန်မသိတယ်။ ခုကော ရှိလားမောင်'

'ရှိတာပေါ့၊ သူ့ မိသားစုလိုက်ကို ရှိနေတာ'

'မောင်ရယ်. . . '

'အရေးကြီးတာက ချစ်အနေနဲ့ အမှန်တရားကို သိထားဖို့ပဲ။ ဒယ်ဒီနဲ့ အန်ကယ် ဗက်(စ)တာတို့ကို မောင်ပြောပြီးသား၊ ဒီမိန်းကလေးနဲ့ လက်ထပ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့၊ သူကတော့ လက်ထပ်မယ့်ရက်ကို တိတိကျကျ ကြေညာစေချင်နေပြီ၊ မဖြစ်နိုင်ပါဘူး။ လုံးဝ မဖြစ်နိုင်တဲ့ ကိစ္စပဲ။ မောင့်ကို ယုံရဲ့လား'

သူ့ဘက်က ဒါလောက်ပြောနေမှတော့ ကျွန်မအနေနဲ့ ဘာပြောလို့ရမှာလဲ၊ ယုံပါတယ်ပေါ့။

'ဒါတွေ ထားလိုက်ပါတော့၊ ချစ် ငွေလိုလား'

'မလိုပါဘူးမောင်၊ အာမခံကုမ္ပဏီက သမီးအတွက် ဆေးဝါးစရိတ် အားလုံး ရှင်းပေးပါတယ်။ ကျွန်မကတော့ မောင့် ခရီးစဉ်ကို ဖျက်ပြီး ဆေးကုသမှု ခံစေချင်တယ်။ အဲဒီအခါ မောင့်အနားမှာ ကျွန်မ လိုက်ခဲ့မယ်။ မောင့်ကို နေကောင်းစေချင်တာပါ။ ဆရာဝန်က ဘာပြောသေးလဲ၊ သူ့မှာ မောင်နဲ့ ပတ်သက်လို့ တာဝန်ရှိတယ်'

'ဘေဘီ. . . ကိုယ့်အစီအစဉ်တွေ မင်းတွေးလို့ရမှာ မဟုတ်ဘူး။ ဒီကောင်တွေ ကိုယ်ထုတ်ပစ်လိုက်ပြီ။ ဒီတစ်ပွဲပြီးရင် ကိုယ်နားမယ်၊ အဲဒီအခါ ချစ်က ဂရေ့(စ)လဲ(န)(ဒ)ကို လာရမယ်၊ ဟိုး နှစ်ပေါင်းများစွာကတည်းက လုပ်သင့်တဲ့ အလုပ်တစ်ခုကို လုပ်ကြမယ်။ မောင်တို့ လက်ထပ်ကြမယ်'

'အရမ်း အံ့သြစရာကောင်းမှာပဲ မောင်'

http://www.cherrythitsar.org



'ဘာ ဆင်ခြေမှ မပေးကြေးနော်'

သူ့အသံက စိတ်လှုပ်ရှားနေတယ်။ 'ချစ် ဒီကိုလာရမယ်၊ လာခဲ့ပါကွာ။ ချစ်ရောက်လာရင် မောင်တို့ စာအုပ်တစ်အုပ် ရေးကြမယ်။ ဒီကောင်တွေ ရေးထားတာကို ရှင်းပြီးသား ဖြစ်သွားအောင်ပေါ့။ အဲဒါ ချစ် ကူညီရမယ်'

'ကျွန်မ ကူညီမှာပေါ့ မောင်'

သူက ပျော်စရာကောင်းတဲ့ အစီအစဉ်ကို ပြောပေမယ့် ကျွန်မစိတ်ထဲမှာ မသက်သာလှပါဘူး။ သူ့အသံက နေမကောင်းမှန်း သိသာနေတယ်။

'မောင်. . . ကျွန်မ မောင့်ကို တွေ့ချင်တယ်၊ ဒီတစ်ခေါက် ခရီးထွက်ရင် မောင့်အဖေ လိုက်မှာလား'

'အင်း. . . လိုက်မှာ။ ဒယ်ဒီလည်း နေမကောင်းဘူး။ သူ နေကောင်းအောင်လည်း ဂရုစိုက်ရဦးမယ်။ ချစ်ရဲ့ သမီးလေးလည်း နေကောင်းပါစေလို့ ဆုတောင်းပါတယ်။ သမီးနာမည် ဘာတဲ့လဲ၊ ခုထက်ထိ ချစ်က မပြောသေးပါဘူး'

ကျွန်မ ဘာပြောရမလဲ။ ဒီထက် ရှောင်လို့ မရနိုင်တော့ဘူး။

'အဲ(လ)ဇစ္စ. . . သမီးက ငယ်ငယ်ကလေး မဟုတ်ပါဘူး။ ဆယ့်ရှစ်နှစ်ရှိပြီ၊ သူ့နာမည်က ဒီဗိုင်းယားရီးတဲ့'

ဒီတစ်ခါ အငိုက်မိသွားတာက သူ။ ဘာသံမှ ထွက်မလာတော့ဘဲ ငြိမ်သွားတယ်။

'မောင်က အဲဒီလောက်အရွယ်မှန်းမှ မသိတာ၊ သမီးနာမည် ဘာဖြစ်လို့ ဒီဗိုင်းယားရီးလို့ ပေးတာလဲဟင်။ မောင့်ကို အသိမပေးဘဲထားတာ တစ်ခုခု များ ရှိသလား'

ကျွန်မ အဖြေမပေးမိအောင် ထိန်းလိုက်ပြီး အသံကိုလည်း လှုပ်ရှားမှု နည်းနိုင်သမျှ နည်းအောင် ထိန်းချုပ်လိုက်ရတယ်။

'ဘာကြောင့် ဒီနာမည်ပေးတာလဲဆိုတော့ မောင်ကြိုက်တဲ့နာမည်ဖြစ်လို့၊ ခုလို ဂရုတစိုက်မေးတာ ကျေးဇူးတင်ပါတယ် မောင်၊ မောင့်ကို ကျွန်မပြောစရာတွေ အများကြီးရှိပါတယ်၊ နောက်တော့မှ ပြောပြမယ်နော်'

'ဟန်နီ. . . စကားတွေ ဆန်းလှချည်လား၊ တစ်ခုခု အမှားအယွင်းရှိခဲ့သလား လူစီ၊ မောင့်ကို ပြောစမ်းပါဦး'

ကျွန်မ အသံကိုပါ ဂရုစိုက်ရတယ်။ ပြောချင်ပေမယ့် ခုလို ဖုန်းထဲက ပြောချင်ပေမယ့် ပြောတာမျိုး မဖြစ်ချင်ဘူး။

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်မ စဉ်းစားနေလို့၊ မောင့်ကို သိပ်မကြာခင်

http://www.cherrythitsar.org



ကျွန်မ တွေ့ချင်တယ်၊ ဆွေးနွေးစရာလေး ရှိလို့ပါ။ မောင် ဟိုမိန်းကလေးနဲ့ လက်ထပ်သည် ဖြစ်စေ၊ လက်မထပ်ဖြစ်စေ ကျွန်မပြောချင်တာပါ'

'မောင့် ဆုံးဖြတ်ချက်ကို ပြောပြီးပြီပဲ၊ မောင်တို့နှစ်ယောက်ကြားမှာ ဘယ်သူမှ ဝင်မလာစေရဘူး။ မောင် ငွေပေးလိုက်ရင် ဒီမိန်းမက ပျော်ပြီး ပြန်သွားမှာ သေချာတယ်။ အားလုံးဟာ အမှားအယွင်း ဖြစ်ခဲ့တာပဲ။ ဒါနဲ့ ပတ်သက်လို့ ချစ်စိတ်အနှောင့်အယှက် မဖြစ်တတ်ကောင်းပါဘူး နော်၊ မောင့်ကို ချစ်တယ် မဟုတ်လား။ ချစ်တယ်လို့ ပြောစမ်းပါ။ မောင် ကြားချင်လွန်းလို့ပါကွာ'

'အဲဒီ မိန်းကလေးကလည်း ချစ်မှာပဲပေါ့၊ သူ့ကို မေးမကြည့်ဘူးလား'

'ဒီမှာ. . . အဲဒီမိန်းကလေးက စိတ်မဝင်စားဘူးဆိုတာ မောင်သိတယ်၊ မောင်လည်း စိတ်မဝင်စားဘူး. . . ကြားလား၊ မောင် မင်းကို မေးထားတယ်။ မောင့်ကို ချစ်ရဲ့လားလို့'

ဟုတ်ကဲ့ဆိုတဲ့ အဖြေလောက်ကို သူကျေနပ်မှာမဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်။ သူက ကျွန်မ ချိုချိုသာသာနဲ့ ချစ်စကားပြောတာကို ကြားချင်တာ။ စိတ်ဓာတ်ကျနေတဲ့ အခါမျိုးတွေမှာ ကျွန်မစကားသံကြားလိုက်ရရင် သူ စိတ်သက်သာရာ ရတယ်လို့ ပြောဖူးတယ်လေ။

'မောင် ရူးနေသလား၊ မောင့်ကို ကျွန်မချစ်တယ်ဆိုတာ သိသားနဲ့၊ ကျွန်မ မောင့်ကိုချစ်ခဲ့တာ မောင် ဆယ့်ရှစ်နှစ်သားအရွယ်၊ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ထောင်လောက်ကတည်းက၊ ဒါပေမယ့် ကျွန်မရဲ့ သူ့ရဲကောင်းကြီးက ကျွန်မကို မေ့သွားလောက်ပြီ ထင်ခဲ့တာ။ ရုတ်တရက် ကျွန်မဘဝထဲကို ဝင်လာခဲ့တယ်။ ရန်စွယ်တွေကို ချေမှုန်းပေးခဲ့တယ်။ ကျွန်မ နှလုံးသားကိုလည်း ရယူခဲ့တယ်။ မောင့်ဘဝ အောင်မြင်မှုတွေ၊ မောင့်ရည်မှန်းချက် ပြည့်ဝမှုတွေကို ကျွန်မက ပွဲကြည့်ပရိသတ်တစ်ယောက်လို ကြည့်နေခဲ့ရတာပါ။ ကျွန်မ ချစ်ပါတယ် သခင်ရယ်၊ အရင်က ချစ်သလို ခုလည်း ချစ်နေတုန်းပါပဲ။ ကျွန်မ နှလုံးသားထဲက ချစ်တာပါ. . . ။

'မောင် အသက်အရွယ်ကြီးသွားလို့ ဘယ်သူမှ မောင့်အနားမှာ မရှိကြတော့တဲ့အခါ မောင်က လူစီ လာနေပါဆိုရင်လည်း ကျွန်မ နေပေးမှာပဲ။ ဒါပေမယ့် ခုနေ ကျွန်မ ဒီစကားတွေ ပြောဖို့ မလိုသေးဘူးလေ။ မောင့်အသက် ငယ်ငယ်လေး ရှိသေးတာပဲ။ မောင်နဲ့တွေ့မှ ကျွန်မဟာ မိန်းမတစ်ယောက်ရဲ့ ခံစားမှုကို ရခဲ့တာပါ။ ကျွန်မနဲ့ မောင် အမှတ်တရ ဖြစ်ရပ်ကလေးတွေအားလုံး ကျွန်မ နှလုံးသား တစ်နေရာမှာ သိမ်းထားတယ် မောင်. . . ။ ကျွန်မတစ်ယောက်တည်း အထီးကျန်

http://www.cherrythitsar.org



ဖြစ်နေတဲ့အခါကျတော့ ဒါလေးတွေကို ကျွန်မ ပြန်ခံစားတတ်တယ်။ အဲဒီအခါမှာ ကျွန်မ သိပ်ပျော်တာပေါ့။ ကျွန်မ မောင့်ကို တွေ့ချင်တယ်၊ မတွေ့ရတာ နှစ်နှစ် ရှိပြီလေ'

'ဘေဘီ. . . မောင့်အနားမှာ ရှိစေချင်လိုက်တာ' သူ့အသံက စိတ်လှုပ်ရှားမှုကို ချုပ်တည်းထားပုံရတယ်။ 'မောင် တွေ့ချင်တယ်၊ ဘယ်သူမှ ချစ်လို မောင့်လိုအင်ဆန္ဒကို ဖြည့်ဆည်းမပေးတတ်ကြဘူး။ မောင်တို့တွေ့ခဲ့ကြတာ နှစ်ဆယ့်ငါးနှစ်ရှိပြီ။ ဒီကာလအတွင်းမှာ ချစ်နဲ့တူတာ တစ်ယောက်မှ မောင် မတွေ့ရဘူး။ ဖုန်းပြောတာကအစ မတူကြဘူး။ လူစီ ချစ်တာကို ခံရတဲ့အတွက် မောင်ဟာ ကမ္ဘာကြီးကို အောင်နိုင်သူတစ်ယောက်လို ခံစားရပါတယ်။ မောင် ပြန်လာတာနဲ့ အတူတူနေကြပါစို့၊ မောင် အတိအလင်း ကြေညာမှာပါ။ ကတိပေးပါတယ်ကွာ၊ လူစီရဲ့ အချစ်က အဖြူထည်သက်သက်ဆိုတာ မောင်နားလည်တယ်၊ ဘယ်သူတွေ ဘယ်လောက်ပြောင်းပြောင်း ချစ်ရဲ့ အချစ်က ပြောင်းမသွားခဲ့ဘူးနော်။ လူတွေအားလုံး ပြောင်းကုန်ကြတယ်။ အားလုံးပဲ၊ ဒါကြောင့် ချစ် မောင့်ကို တကယ်ချစ်တယ်ဆိုတာ ယုံတာပေါ့'

သူ ငိုရင်းနဲ့ ပြောနေတာ၊ စိတ်လွတ် ကိုယ်လွတ် ငိုနေတာ။ သူ့ငိုသံကြားရတော့ ကျွန်မ နှလုံးသားတွေ ကွဲကြေရပြန်ပါတယ်။ ကျွန်မ ကြံ့ကြံ့ခံနိုင်ရမယ်။ သူလိုနေတာ ကျွန်မဆီက ခွန်အား၊ မျက်ရည်အား မဟုတ်ဘူး။

'တိတ်ပါ မောင်ရယ်. . . အတိတ်က ပြီးခဲ့တာတွေအတွက် စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ ကျွန်မတို့နှစ်ယောက် ဘဝသစ်တစ်ခုကို စကြရအောင်ပါ။ ကျွန်မကို ချစ်တယ်ဆိုရင် မောင့်ကိုယ်မောင် ဂရုစိုက်ပါ့မယ်လို့ ကတိပေးပါဦး။ မောင့်ကိုယ်မောင် ဂရုစိုက်တာ ကျွန်မကို ဂရုစိုက်တာနဲ့ အတူတူပဲမောင်။ ကျွန်မ မောင့်ကို ချစ်တယ်။ ဒီစကားနဲ့ ပတ်သက်လို့ မောင် လုံးဝ သံသယရှိစရာ မလိုဘူး။ တစ်သက်လုံးလည်း ချစ်သွားမှာပါ မောင်'

ကျွန်မကိုယ်တိုင်လည်း ချုပ်တည်းထားတဲ့ကြားက ငိုမိတယ်။

'ဟန်နီ. . . မပျော်တဲ့ဘဝမှာ ဆက်မနေစမ်းပါနဲ့ကွာ၊ ပြင်လို့ရပါတယ်။ ကိုယ့်ဇနီးအဖြစ် ကိုယ့်အနားမှာ နေစမ်းပါ၊ နေမယ် မဟုတ်လား'

'နေမှာပေါ့ မောင်ရဲ့၊ ကျွန်မ ဒီဘဝက ရုန်းထွက်ဖို့ စိတ်ကူးရှိခဲ့တာ ကြာပြီ။ မောင့်အနားမှာ နေချင်လို့၊ ခုတော့ ကျွန်မ ဘာဆင်ခြေမှ မပေးတော့ဘူး။ မောင်ဖြစ်စေချင်တာတွေ အားလုံး ဖြစ်စေရမယ်၊ မောင် ဘော်ဒီဝိတ်ကျသွားအောင် လုပ်ရမယ်။ သူများတွေအပေါ် မှီခိုနေရတဲ့ ဘဝက လွတ်အောင် လုပ်မယ်၊

http://www.cherrythitsar.org



မောင် ကျန်းမာလာရမယ်၊ မောင် ပြန်ရောက်တော့ အသေးစိတ် တိုင်ပင်ကြတာ ပေါ့နော်၊ အားလုံးကို ထားခဲ့ပြီး မောင့်ရင်ခွင်ထဲဝင်ဖို့ ကျွန်မအဆင်သင့်ပါပဲမောင်၊ ပြီးတော့ မောင် အရမ်းအံ့ဩသွားမယ့် ကိစ္စတစ်ခုကိုလည်း အဲဒီကျတော့ ပြောပြမယ်၊ တကယ်ကို အံ့ဩသွားမှာ၊ လူချင်းတွေ့တော့မှ ပြောမယ်နော်၊ မောင် ဂုဏ်ယူစရာ ကိစ္စတစ်ခုပါ'

မျက်ရည်တွေ ကျနေပေမယ့် ကျွန်မ ပျော်နေတယ်။ နောက်ဆုံးမှာ သမီးလေး ဒီဗိုင်းယားရီးအကြောင်း ပြောခွင့်ရတော့မယ်လေ။ နောက်တစ်ခါ ဆိုရင် ပြောလို့ရပြီ။ ဟင့်အင်း. . . ပါးစပ်က ပြောနေတာထက် ဒီဗိုင်းယားရီးကို ဂရေ့(စ)လဲ(န)(ဒ) ခေါ်သွားပြီး ပြလိုက်မယ်။

'တကယ် အံ့ဩစရာလား အခုပြောလိုက်ကွာ'

'ဟိုးဆရာ. . . သည်းခံပါဦး၊ အဲဒါက ကျွန်မတို့နှစ်ယောက်လုံးနဲ့ ပတ်သက်တဲ့ အထူးကိစ္စ၊ မောင် ဘယ်လိုမှ စဉ်းစားလို့ ရနိုင်မှာ မဟုတ်လို့ မကြိုးစားနဲ့၊ မောင် မသွားခင် ကျွန်မကို ဖုန်းဆက်ဦးမှာလား'

'ဆယ့်ခြောက်ရက်နေ့ သွားမှာဆိုတော့ အဲဒီနေ့ညနေပိုင်း ဆက်မယ်လေ၊ စောင့်နေနော်'

'စောင့်မှာပေါ့ မောင်ရဲ့၊ တယ်လီဖုန်းနားမှာ ထိုင်ပြီးတော့ကို စောင့်နေမယ်၊ မောင် ဘယ်ကိုပဲသွားသွား ကျွန်မစိတ်က မောင်နဲ့ မခွဲမခွာပါသွားတယ်ဆိုတာ သတိရနော်၊ ဘုရားလည်းရှိခိုးဦးနော်၊ ဘုရားသခင်က ကျွန်မတို့ကို လမ်းညွှန်ပေးတော်မူမှာပါ'

'ခုတော့ မောင်လည်း ဘဝကို ကောင်းကောင်းကြီး မြင်တတ်လာပြီ၊ ဘုရားသခင် ဂုဏ်တော် ကျေးဇူးပဲပေါ့။ ချစ်ကို ဖတ်စေချင်တာတွေ မောင့်မှာ အများကြီးရှိတယ်၊ မောင့်ဘဝမှာ ချစ်က အရေးကြီး ကူညီခဲ့တာပဲ'

'မောင်လည်း ကျွန်မကို ကူညီခဲ့တာပါပဲ'

'တချို့လူတွေကျတော့ တစ်ဖက်သားကို နစ်နာအောင် ဘာကြောင့်များ လုပ်ချင်ကြသလဲဆိုတာ မောင် လုံးဝနားမလည်နိုင်ဘူး။ မောင်နဲ့ ပတ်သက်တဲ့ ကောလာဟလတွေက ချစ်ကို ရင်နာစေမှာပဲ။ အဲဒါ မောင် မလိုလားဆုံးဘဲ။ မဂ္ဂဇင်းတွေကလည်း ဇာတ်လမ်းတွေ လုပ်ကြံရေးနေကြတယ်၊ မောင် ဘယ်တုန်းကမှ မညာခဲ့ဘူး လူစီ'

သူ ငိုပြန်တယ်။ အတွင်းသိ သူငယ်ချင်းက သစ္စာဖောက်ပြီး စာအုပ်ရေး ထုတ်လိုက်တာနဲ့ ပတ်သက်လို့ သူတော်တော် ခံစားနေရတယ်။

http://www.cherrythitsar.org



'မငိုပါနဲ့ မောင်ရယ်၊ သစ္စာဖောက်ခံရတာကို မောင် ခံပြင်းနေတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ကျွန်မ စိတ်မကောင်းပါဘူး။ မောင့်ကို ထိခိုက်အောင် လုပ်တဲ့သူတွေကို ကျွန်မ မုန်းတယ်'

'မောင့် ဒီဇိုင်းယားရီးလေးရယ်၊ မင်း. . . '

ရုတ်တရက် စကားပြတ်သွားတယ်။ ပြီးတော့ သူ့ရယ်သံကြားရတယ်။

'အာ. . . နောက်တော့မှ ပြောတော့မယ်'

'ဘာလဲ မောင်'

'ဘာမှ မဟုတ်ပါဘူး။ အဲဒီကိစ္စ တွေ့မှ မေးတော့မယ်၊ ဒီတစ်ခါ ချစ်ကို ချမ်းသာပေးလိုက်ဦးမယ်၊ အဖြေက ကိုယ်သိနေသလိုလိုပဲ၊ တော်တော်ဆိုးတဲ့ လူစီ၊ မောင် တွေးတာ မှန်လိမ့်မယ်လို့ ထင်တယ်'

'လွမ်းတယ် ချစ်ရယ်'

ပြောစရာစကား ကုန်နေပြီဖြစ်ပေမယ့် နှစ်ယောက်စလုံးကို ဖုန်းမချနိုင်ကြသေးဘဲ ကိုင်ထားမိကြတယ်။ ဖုန်းကို ကိုင်ထားရတာ မောင့်လက်ကို ကိုင်ထားရသလိုပဲ။

'ဟန်နီ. . . ကိုယ်နဲ့အတူတူ လိုက်ဆုတောင်းမလား'လို့ သူက မေးလာတယ်။

'တောင်းမှာပေါ့ မောင်ရဲ့'

မောင်က သံနေသံထားနဲ့ စဆုတောင်းတယ်။ ကျွန်မနှလုံးသားထဲမှာ ထိထိခိုက်ခိုက် ခံစားလိုက်ရပါတယ်။

'အို. . . အဘ ဘုရားသခင် အဲ(လ)ဗစ္စက စဆိုတယ်၊ ကိုယ်တော်သည် သားတော်တို့အား အခြားသူများထက် ပို၍ သိတော်မူပါသည်။ သားတော်၊ သမီးတော်တို့၏ နှလုံးသားတို့အား နူးညံ့ပျော့ပျောင်းစေပြီး မိုက်မဲသော တပည့်များအပေါ်တွင် မုန်းတီးခါးသက်မှုကို ဖယ်ရှားပေးတော်မူပါသည်။ နှလုံးသားအား ချစ်ခြင်းမေတ္တာဖြင့်သာ ပြည့်လျှံစေတော်မူသည်။ သားတော်၊ သမီးတော်တို့ ခံစားနေရသော ဝေဒနာများကိုလည်း ပျောက်ကင်းစေရန် ကူမ,တော်မူပါဘုရား၊ နှလုံးသားတွင် ဒေါသရှိနေသော သူတို့၏အပြစ်များကိုလည်း ခွင့်လွှတ်တော်မူပါ အဘဘုရား. . . အာမင်'

'ဘုရားသခင်က ကောင်းချီးပေးတော်မူပါလိမ့်မယ် မောင်၊ စိတ်ကောင်းသာထားပါ'

'ထားပါ့မယ် ဟန်နီရယ်၊ မောင် အရမ်းဝနေတယ်ကွာ၊ မောင့်ကို ချစ်သေးရဲ့လား'

http://www.cherrythitsar.org



'ရှုးပြန်ပြီကွာ၊ ကျွန်မ မောင့်ကိုချစ်တာ ချောလို့မှ မဟုတ်ဘဲ မောင်ရဲ့ ချစ်လို့ ချစ်တာ ရှင်းရှင်းလေးပဲ။ မောင်ဘာပဲ ခံစားရသည်ဖြစ်စေ ထပ်တူခံစား ရတယ်ဆိုတာ မမေ့နဲ့၊ ကျွန်မနဲ့ တွေ့ရင် မောင် အစာစားချိန်တောင် မရအောင် ခိုင်းဖို့ စီစဉ်ထားတယ်'

အဲ(လ)ဗစ္စ လက်ဖျစ်တစ်ချက်တီးလိုက်ပြီး ရယ်လိုက်တာ ဖုန်းတောင် လွတ်ကျမလား အောက်မေ့ရတယ်။

'ဘာတွေ ရယ်စရာရှိလို့လဲ မောင်ရဲ့၊ ကျွန်မပြောတာ မယုံလို့လား'

'ယုံပါတယ် ဟန်နီ'ရယ်ရင်း သူပြောနေတယ်။ 'မောင် ဘာရယ်တာလဲ. . . သိလား၊ ခုလေးတင်ပဲ ဒိုင်းယက် (Diet) လုပ်နည်းနဲ့ လျှို့ဝှက်ချက်ကို မောင်တွေ့ သွားလို့'

သူက ပြောရင်း ရယ်ပြန်ရော။

'ချစ်က မောင့်ကို အမြဲတမ်းပျော်အောင် ဖန်တီးပေးနိုင်တယ်နော်၊ မောင်တို့ နှစ်ယောက် အတူတူနေရတဲ့ ကာလကျရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မ လဲ၊ မောင်တို့နှစ်ယောက် လက်ချင်းချိတ်ပြီး လျှောက်လာခဲ့ရတဲ့ ကာလတွေကို တမ်းတမိတယ်ကွာ၊ မောင် တွေ့ချင်လှပြီ ဒီဇိုင်းယားရီးရယ်'

သူ့အသံက ကြေကွဲသံဘက် ပြောင်းလာပြန်တယ်။ ဒီနေ့ မောင်နဲ့ စကားပြော ရတာ ငိုသံ၊ ရယ်သံ၊ ကြေကွဲသံ အစုံကြားရတယ်။

'တစ်ခါတလေ မင်းအသားနဲ့ ထိထားချင်တဲ့ဆန္ဒ ကိုယ့်မှာ ပြင်းပြလိုက်တာ၊ မောင် သိပ်ချစ်တာပဲ'

'ကျွန်မလည်း မောင့်လိုပါပဲကွယ်၊ ဟင်းလင်းဖြစ်နေတဲ့ ကျွန်မရင်ခွင်ထဲမှာ မောင့်ကို ပွေ့ထားချင်တယ်၊ မောင်မရှိတဲ့ ကျွန်မဘဝမှာ အနှစ်မရှိတဲ့ သစ်ခေါင်း ပွလိုပါပဲ မောင်ရယ်'

'မောင့် ဒီဇိုင်းယားရီးရယ်'

သူက ခပ်ညည်းညည်းကလေး ပြောတယ်၊'မောင့် ဒီဇိုင်းယားရီး နှစ်ယောက် နဲ့ မောင် မကြာခင် ဆုံကြရတော့မှာပါ၊ အဲဒီအခါမှာ ဘဝကို အစကနေ ပြန် စကြမယ်နော်၊ အရာအားလုံး ပြောင်းလဲပစ်မယ်၊ ချစ်ဘယ်မှ ထွက်မပြေးနိုင်အောင် မောင်လာခေါ်ရမလား၊ တကယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ကတည်းက မောင် ဒီလို ဆုံးဖြတ်ခဲ့ရမှာ။ မောင် ဘာကြောင့်များ ဒါလောက် စောင့်နေခဲ့မိတာပါလိမ့်။ မောင် ဘာကြောင့် ဒီလောက် မိုက်ခဲ့ရတာလဲ၊ မောင့် ပတ်ဝန်းကျင်က ဘယ်သူ တွေ ဘာပဲပြောပြော လုံးဝဂရုမစိုက်တော့ပါဘူး။ ခုသွားမယ့်ခရီးက ခဏလေး

http://www.cherrythitsar.org



ပါ။ အဲဒီကျတော့ ဆုံကြတာပေါ့။ မောင် ကတိပေးပါတယ်'

'ကျွန်မ စောင့်နေမှာပါ မောင်၊ ကျန်းမာရေးကို ဂရုစိုက်စိုက်နော်၊ မောင်က နေကောင်းတယ်လို့ ပြောလို့သာ ကျွန်မကတော့ တယ်မယုံချင်ဘူး'

'မောင် နေကောင်းပါတယ်၊ လမ်းလည်း လျှောက်တယ်၊ မောင် ပိန်သွားအောင် ကြိုးစားရဦးမယ်၊ ပြီးတော့ ချစ်နဲ့အတူတူ ဂရေ့(စ)လဲ(န)(ဒ)ရှေ့မှာ အမှတ်တရ ဓာတ်ပုံရိုက်ရဦးမယ်၊ ခုတော့ အရင်တုန်းက အဲ(လ)ဗစ္စ ပြန်လာပြီပေါ့'

'ဒါပေါ့ မောင်ရဲ့'

'နှစ်ဆယ့်ငါးနှစ်လုံးလုံး စောင့်နေခဲ့တဲ့ မောင့်အချစ်ကလေး နောက်ထပ် နှစ်ပတ်လောက်ပဲ စောင့်နေပါတော့နော်'

'တစ်သက်လုံး စောင့်ဆိုရင်လည်း မောင့်ကို ကျွန်မ စောင့်နေမှာပါ မောင်'

'မောင် သွားတော့မယ် ဘေဘီ၊ မောင် နောက်ထပ် အသက်ရှင်ချင်အောင် ခွန်အားတွေ ပေးလိုက်တဲ့အတွက် ကျေးဇူးပဲ၊ မကြာခင် တွေ့ကြမယ်'

'ကျန်းမာရေးကို ဂရုစိုက်ဖို့သာ မမေ့နဲ့မောင်'

'ယုံပါ အချစ်ရယ်. . . မောင် ဘာမှ မဖြစ်နိုင်ပါဘူး၊ မသွားခင် ညနေ ဖုန်းဆက်ဦးမယ်၊ မင်းကို ချစ်တယ်ဆိုတာ ဘယ်တော့မှ သံသယမရှိပါနဲ့ လူစီ၊ အဲဒါ သိပ်အရေးကြီးတယ်၊ ဟန်နီ. . . ဒီတစ်ခါတွေ့ရင် လက်စွပ်ကလေး မောင် ပြန်ဝတ်ပေးမယ်နော်'

'မောင် ရှာတွေ့ပြီလား'

'အဲဒီ လက်စွပ်က ဘယ်ရောက်သွားမှန်းကို မသိတာ၊ ခုဟာက နောက်တစ်ကွင်း၊ ပိုကြီးတယ်၊ ပိုလှတယ်၊ ဒီလို လက်စွပ်မျိုး ဟိုးနှစ်ပေါင်းများစွာကတည်းက မောင် ပေးခဲ့ရမှာ'

'ချစ်တယ် မောင်ရယ်၊ ခုတော့ စောင့်စားရတာ အဓိပ္ပာယ်ရှိသွားပြီမို့ ကျွန်မ သက်သာသွားပါပြီ။ မောင်နဲ့ ကျွန်မ အရေးကြီးတဲ့ ကိစ္စတစ်ခု ဆွေးနွေးစရာရှိသေးတယ်ဆိုတာကို မမေ့နဲ့ဦး'

'ခု မပြောချင်တာ သေချာရဲ့လား၊ ဒါ ချစ်အတွက် နောက်ဆုံးအခွင့်အရေးဆိုရင် ဘယ်လိုလုပ်မလဲ' မောင်က ကျွန်မကို စနေတယ်။

'လူဆိုး. . . ခုပြောစရာရှိတာကတော့ ကျွန်မနှလုံးသားထဲမှာ မောင့်ကိုချစ်တဲ့စိတ်တွေ မျိုသိပ်ထားရလွန်းလို့ ပေါက်ကွဲထွက်တော့မယ်'

'အိုကေ. . . ဘေဘီ၊ မသွားခင် ဆက်ဦးမယ်'

'ဂရုစိုက်နော် မောင်'

http://www.cherrythitsar.org



တော်တော်ကြာကြာ စကားပြောခွင့်ရလိုက်တဲ့အတွက် သူ့ စိတ်ဓာတ်တွေ အဝီစိထိကျနေရာကနေ ပြန်လည်တက်ကြွလာတယ်ထင်တယ်။ ဒီပုံအတိုင်းဆိုရင် မူးယစ်ဆေးပြဿနာ သူ လွယ်လွယ်ကူကူ ဖြေရှင်းနိုင်လိမ့်မယ် ထင်ပါတယ်။ အဲဒီလိုဆိုရင် အရင်တုန်းက အဲ(လ)ဗစ္စပုံစံ ပြန်မြင်ရကြဦးမယ်။ ဂရေ့(စ)လဲ(န)(ဒ) မှာ ကျွန်မ မနေချင်ပါဘူး။ ဒါပေမယ့် မိန်းမကြီးတစ်ယောက်ဖြစ်နေတဲ့ သူ့သမီး ကို သူ့အတွက် လက်ဆောင်ပေးရဦးမယ်။ မိသားစုဘဝ ခင်တွယ်တတ်တဲ့သူ့ကို သမီးက ပိုစွမ်းဆောင်ပေးနိုင်လိမ့်မယ် ထင်တယ်။ ကျွန်မ တစ်သက်လုံး မျိုသိပ် ထားခဲ့ရတဲ့ သမီးအဖေဘယ်သူဆိုတာကို တိတိလင်းလင်း ပြခွင့်ရတော့မယ်။

နောက်ရက်တွေက လုပ်ငန်းခွင်ထဲမှာပဲ မြုပ်နေတော့တယ်။ ဖက်ရှင်ပြပွဲ တစ်ခုလုပ်ရဦးမယ်။ ဒီကြားထဲ ဂျက်ဆီက ကွာရှင်းခွင့် တောင်းမယ့်အလုပ်က ရှိသေးတယ်။ ကျွန်မတို့ အိမ်ထောင်ရေးက နာမည်ခံ အိမ်ထောင်ရေးဆိုတော့ သိပ်ပြဿနာမရှိပါဘူး။ ကလေးတွေကလည်း ကြီးလာပြီဆိုတော့ နားလည်ကြမှာ ပါ။ တကယ်လို့ နားမလည်နိုင်ကြဘူးဆိုရင်လည်း ခုချိန်မှာတော့ ကျွန်မဘဝ စိတ်တိုင်းကျ တည်ဆောက်ခွင့် ရသင့်ပြီလေ။ အချိန်နဲ့ အခြေအနေအားလုံးက အံဝင်ခွင်ကျရှိနေပြီ။ အဲ(လ)ဗစ္စက ကျွန်မကို လိုအပ်နေတယ်။ သူ တကယ်ချစ် တယ်ဆိုတာ ကျွန်မယုံတယ်။

ဒါးလက်(စ)မှာ ဩဂုတ်လက အခိုးထွက်မတတ် ပူပေမယ့် တစ်ချက်ကလေး မှ ကျွန်မ မညည်းမိလောက်အောင် ပျော်နေတယ်။ ပတ်ဝန်းကျင်ကတောင် ကျွန်မ ပျော်နေတယ်ဆိုတာ ရိပ်မိကုန်ကြတယ်။

'သိပ်ပျော်နေပါလား၊ ဘာဖြစ်လို့လဲ'လို့ အဲလက်(စ)က ကျွန်မ ရုံးစားပွဲနား ဖြတ်ရင်း မေးတော့ ကျွန်မ သူ့ကို ဖက်လိုက်ပြီး 'ကျွန်မဘဝကို ပြောင်းလဲ လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီလို့' ပြောလိုက်တယ်။ သူက 'အကောင်းဆုံးပေါ့ကွာ၊ အချိန်လည်းကျပြီပဲ'တဲ့။

ဩဂုတ်လ ၁၃ရက် စနေနေ့မှာ ဒါးလက်(စ)က ဝေါ(လ)ထရိတ်စင်တာမှာ ပြည်ပဧည့်သည်များ ကော်မတီက ပွဲလုပ်တော့ ဧည့်သည်နှစ်ထောင်ရှေ့မှာ ကျွန်မ နိုင်ငံတော် သီချင်းဆိုရမယ်။ ကျွန်မမိတ်ဆွေတွေက ကျွန်မ သတ္တိကို အံ့ဩနေ ကြတယ်။ အခြေအနေတွေအားလုံးက ပြောင်းလဲလာပြီလေ။

ဩဂုတ်လ ၁၅ရက်နေ့မှာ ကျွန်မ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က အမေရိ ကန် လေကြောင်းကုမ္ပဏီအတွက် နောက်တစ်နေ့မှာပြဖို့ ကျွန်မစီစဉ်ထားတဲ့ ဖက်ရှင်နဲ့ လက်ဝတ်ရတနာပြပွဲကို အရေးပေါ်ကိစ္စတစ်ခုကြောင့် သူဝင်မလုပ်

http://www.cherrythitsar.org



ပေးနိုင်တော့ဘူးလို့ အကြောင်းကြားလာတယ်။ တခြား မိတ်ဆွေတွေကလည်း တစ်ယောက်မှ မအားကြဘူး။ ကိုယ်တိုင်ဝင်မှပဲ ရတော့မယ်။ မနက်ပိုင်းအစီအစဉ် ဝင်လိုက်ပြီး နေ့လယ်မှ အိမ်ပြန်ဖုန်းစောင့်တော့မယ်လို့ ဆုံးဖြတ်လိုက်ရပါတယ်။ မနက်အရူဏ်မတက်ခင်ထပြီး ခင်းကျင်းထားတာတွေ စနစ်တကျရှိမရှိ စစ်ရတယ်။ သမီးအငယ်ဆုံး ဂျက်ကလင်းက ဆယ့်တစ်နှစ်ရှိပြီဆိုတော့ အဖော်လိုက်လာပေးတယ်။ အားလုံး ချောချောမွေ့မွေ့ရှိတဲ့အတွက် နေ့လယ်ပိုင်း ကျွန်မလစ်လို့ရမှာ သေချာသွားတယ်။

မွန်းလွဲ သုံးနာရီလောက်မှာ ခေါင်းထဲက မူးရိပ်ရိပ်ဖြစ်လာတာနဲ့ ထိုင်ချလိုက်ရပါတယ်။ လေးငါးမိနစ်လောက်နားလိုက်တော့ သက်သာသွားပေမယ့် နားတော့မယ်ဆိုပြီး ကျွန်မ ပြန်လာခဲ့တယ်။

အိမ်အပြန် ကားမောင်းလာရင်း ဖုန်းများ လာနေမှာလား၊ လွဲသွားမှာလားလို့ စိတ်ပူနေမိသေးတယ်။ ကျွန်မ အိမ်တံခါးသော့ဖွင့်နေတုန်းမှာ ဖုန်းကမြည်လာတယ်။ ကမန်းကတမ်း သော့ဖွင့်ပြီး ဖုန်းကိုင်လိုက်တယ်။ ဖုန်းဆက်တဲ့သူက ဒီဇိုင်းယားရီး။

'မာမီ. . . အိမ်အစောကြီး ပြန်ရောက်နေပါလား၊ နေကောင်းရဲ့လားဟင်' သူ့အသံက ထူးဆန်းနေတယ်။ နူးညံ့ညင်သာနေတယ်။ ကျွန်မ ကြက်သီးထသွားတယ်။ တစ်ခုခု ဖြစ်နေပြီဆိုတာ သိလိုက်တယ်လေ။

'နေကောင်းပါတယ်၊ ဘာဖြစ်လို့လဲ'

'ကြားပြီးပြီလား မာမီ'

'အဲ(လ)ဗစ္စပရက်စလေ သေသွားပြီတဲ့'

ရုတ်တရက်တော့ ကျွန်မ လျှို့ဝှက်ချက် မပေါ်စေချင်တဲ့ ဆန္ဒကြောင့် ကြေကွဲမှုကို ထိန်းလိုက်နိုင်သေးတယ်။ ကျွန်မ အော်ကြီးဟစ်ကျယ် ငိုလို့ မဖြစ်ဘူးလေ။ ဒီဇိုင်းယားရီးက ဖုန်းထဲမှာ နားထောင်နေတယ်။ ဒီဇိုင်းယားရီးက ကျွန်မကို ဝန်ခံစေချင်လို့ တမင်တကာ ပြောနေတာလား။ ဒီလို စ,ရသလား သမီးရယ်။ မိုက်လိုက်ပါဘိ။

ကျွန်မ ဘေးမှာ တစ်ယောက်လာရပ်တော့ သတိထားလိုက်မိတယ်။ ဂျက်ပေါ့။

'မင်းကြားပြီးပြီလား၊ သူသေပြီတဲ့'

သမီးစကားနဲ့ သူ့စကား ဆက်စပ်လိုက်တော့ မှန်နေပြီပေါ့။ ကျွန်မ ပေါက်ကွဲတော့မယ်၊ ဖုန်းကို ချပစ်လိုက်တယ်။

http://www.cherrythitsar.org



'ကျွန်မတစ်ယောက်တည်း နေပါရစေ'သူ့ကို ဒီစကား ကြိမ်ဖန်များစွာ လည်ချောင်းထဲက လာတဲ့အသံနဲ့ ခြစ်အော်လိုက်တော့ သူ့အခန်းဘက် ပြန်ဝင်သွားတယ်။

* * *

[အဲဒီနေ့က ကျွန်မက အလုပ်သင် ဝင်လုပ်နေတဲ့ ဥပဒေရုံးတစ်ခုမှာ ရှိနေတယ်၊ သူငယ်ချင်း တစ်ယောက်က ကျွန်မကို ကြင်ကြင်နာနာ ကြည့်ပြီးတော့ ညင်ညင်သာသာလေး မေးတယ်။ 'မင်း ကြားပြီးပြီလား'တဲ့။ အဲဒီသူငယ်ချင်းက ကျွန်မနဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုတော့ ကျွန်မ အဖေအရင်း ဘယ်သူဆိုတာ သံသယရှိတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သူ့ကို အကြိမ်ကြိမ် တိုင်ပင်ခဲ့ဖူးတယ်။ သူက အဲ(လ)ဗစ္စ ပရက်စလေ သေသွားပြီလို့ တိုးတိုးကလေး ပြောတယ်။ ကျွန်မ မယုံဘူး။ 'သေချာလား'ဆိုတော့ သေချာတယ်တဲ့။ အဲဒီအချိန်မှာ သတင်း ကြေညာနေပြီ။

ဒီဇိုင်းယားရီးက အဲ(လ)ဗစ္စ ကွယ်လွန်တဲ့နေ့ကအကြောင်း ပြန်ပြောပြတယ်။

'ကျွန်မ ဘယ်လိုခံစားရတယ်ဆိုတာ ပြောပြဖို့ ခက်ပါတယ်။ ကျွန်မသူ့ကို လူချင်း မသိဘူး။ ကျွန်မအဖေ ဟုတ်မဟုတ်ဆိုတာလည်း သေချာမသိဘူး။ ပထမဆုံးသတိရလိုက်တာက အမေပဲ၊ ဒီသတင်းကြားရင် သေလောက်တယ်၊ ကျွန်မ ဖုန်းဆက်ရမယ်၊ မာမီက 'ဘုရားသခင်'လို့ တလိုက်တဲ့အသံမျိုး ကျွန်မ တစ်သက်မှာ ဒီတစ်ကြိမ်ပဲ ကြားဖူးတယ်။ အင်မတန် တုန်လှုပ်သွားတဲ့ အသံပါ။ ပြီးတော့ ဖုန်းချသွားတယ်။ ဘာမှ မပြောနိုင်ဘဲ ဖုန်းချသွားတာ။ အဲဒီတော့မှ ကျွန်မ ငိုမိတယ်။ နောက်ထပ် မာမီ့ဆီကို ဖုန်းဆက်ပေမယ့် မရတော့ဘူး။ နောက်ထပ် ရက်တော်တော်ကြာကြာ ဘာသံမှ မကြားရဘူး။ မာမီ ပျောက်သွားတယ်။ ဒီတော့ ကျွန်မ ဘာလုပ်ရမှန်း မသိသလို ဘယ်လိုခံစားရမှန်းလည်း မသိခဲ့ပါဘူး။ 'ဘုရားသခင်'လို့တလိုက်တဲ့ မာမီ့အသံကို ကြားလိုက်ရကတည်းက အဲ(လ)ဗစ္စဟာ ကျွန်မအဖေပဲဆိုတာ သေချာသွားတယ်၊ ဒါပေမယ့် သံသယစိတ်က ပြန်ဝင်လာတယ်။ မာမီ ပါးစပ်က ဖွင့်မပြောမချင်း ကျွန်မ မသေချာသေးဘူး]

* * *

လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ပြီး ဧည့်ခန်းထဲမှာ ကျွန်မ ရပ်နေမိတယ်။ လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တာ လက်သည်းတွေ လက်ဖဝါးထဲ စိုက်ဝင်တဲ့အထိပါပဲ။ မျက်ရည်တွေဝေပြီး လမ်းလျှောက်နေရင်းက ကုလားထိုင်ပေါ်မှာ ကျွန်မ လက်ဆွဲအိတ်ကို မြင်လိုက်မိတယ်။ ကောက်ဆွဲလိုက်ပြီး

http://www.cherrythitsar.org



အိမ်ပြင်ကိုပြေးထွက်ခဲ့တယ်။ နေပူလိုက်တာ ချစ်ချစ်တောက်ပဲ။ အုတ်နံရံကိုမှီပြီး အသက်ရှူနေရတယ်။ အမောပြေတော့မှ ကားဆီပြေးသွားပြီး တံခါးဖွင့် စက်နှိုး လိုက်ပါတယ်။ ကျွန်မ မျက်ရည်တွေနဲ့မို့ လမ်းကိုတောင် ကောင်းကောင်း မမြင် ရပါဘူး။ နောက်ပြန်ဆုတ်ပြီး မြို့ဘက်သို့ မောင်းလာခဲ့တယ်။

ငိုကြည့်လိုက်တော့ ရေဒီယိုဖွင့်မယ်လို့ လက်လှမ်းလိုက်ပြီးကာမှ 'ဟင့်အင်း မကြားချင်ဘူး'ဆိုပြီး မဖွင့်ဖြစ်တော့ဘူး။ ကားကို မြက်ခင်းနဲ့ သစ်ပင်တွေသာ ရှိမယ့် နေရာဘက် ဦးတည်မောင်းခဲ့တယ်။ စိမ်းစိုနေတဲ့ မြင်ကွင်းက စိတ်သက် သာမှုပေးပေမယ့် သူနဲ့ ပျော်ခဲ့ကြတဲ့ မြင်ကွင်းတွေက ကျွန်မနှလုံးသားထဲကနေ တရိပ်ရိပ် ပြန်ပေါ်လာကြတယ်။ ဖောင်းဖောင်းကားကား မောင့်မျက်နှာ၊ တယ်လီ ဖုန်းနားမှာ ကပ်ပြီး နောက်ဆုံးစကားပြောခဲ့ကြတာကိုလည်း မြင်ယောင်လာမိ တယ်။ သူ့စကားတွေကို ကြားယောင်လာတယ်။ ကျွန်မတို့ နှစ်ယောက် သက်တမ်း တစ်လျှောက်လုံး သူ တစ်ခါမှ မပြောဖူးတဲ့စကားတွေ သူပြောသွားတယ်။ သူငိုခဲ့တယ်၊ သူ ရယ်ခဲ့တယ်။ ကျွန်မဘဝမှာ သူ ရှိလာလို့သာ အသက်ရှင် ရပ်တည်နိုင်ခဲ့တာပါ။ ရုပ်ခန္ဓာအားဖြင့်ရော စိတ်ဓာတ်အရပါ သူအားပေးလို့သာ ကျွန်မ ဒီနေ့အထိ အသက်ရှင်နေတာပါ။ အခု သူမရှိတော့ဘူးဆိုတော့ ကျွန်မ အသက်ဆက်ရှင်ဖို့ မလိုတော့ပါဘူး။

'မဟုတ်ဘူး၊ ငါဘယ်တော့မှ အရှုံးမပေးပါဘူး' ရုတ်တရက် ကျွန်မ အသိ တရားပြန်ဝင်လာပြီး အော်လိုက်မိတယ်။ ဝမ်းနည်းကြေကွဲမှုကို ကျွန်မ လက်တွေ့ ဘဝထဲရောက်အောင် အာရုံပြောင်းလိုက်တယ်။

'ဘုရားသခင်. . . ကျွန်မ ဘာကြောင့်ပြစ်ဒဏ်ခံရတာလဲ။ ဒီတစ်ကြိမ် ကျွန်မ တို့နှစ်ယောက် ပေါင်းစည်းကြဖို့ သိပ်သေချာနေပါပြီ၊ ဘာဖြစ်လို့လဲ၊ ကျွန်မ အဖြစ်က ချစ်မိတာ၊ သူ့ကို ချစ်မိတာပဲ ရှိပါတယ်။ ခုတော့ သူ့ကို ခေါ်တော် မူလိုက်ပြီ။ ကျွန်မအပါးမှာ သူမရှိတော့ဘူး။ သူ့အသံကို ဘယ်တော့မှ ကြားရမှာ မဟုတ်တော့ဘူး။ အနားမှာ သူရှိသလိုလည်း ဘယ်တော့မှ ခံစားရမှာ မဟုတ်တော့ ဘူး။ ကျွန်မ သူ့ကို မူလဘဝပြန်ရောက်အောင် ကူညီချင်တာပါ။ သူဟာ ဘဝမှန် ကို ပြန်ရောက်သင့်တယ်၊ ဘုရားသခင် ဒီအခွင့်အရေး ကျွန်မကို ဘာကြောင့် မပေးတာလဲ၊ ဘာဖြစ်လို့လဲ၊ သူ့အပြစ်မဟုတ်ပါဘူး။ သူ ကြင်နာတတ်တယ်၊ သနားတတ်တယ်၊ အဲဒီစိတ်ဟာ သူ့အားနည်းချက်ပဲ။ ဒီလို ကြင်နာတတ်တဲ့ စိတ်ကို ဘုရားသခင်ပဲ ပေးခဲ့တာလေ၊ ခုတော့ သူသွားပြီ၊ ထာဝရသွားပြီ'

ကျွန်မ ပြောလိုက်ငိုလိုက်နဲ့ မောင်းလာလိုက်တာ ဘယ်ရောက်လာမှန်းတောင်

http://www.cherrythitsar.org



မသိဘူး။ မြင်ကွင်းတွေက မြင်နေကျမဟုတ်တော့ဘူး။ ဒါက အရေးမကြီးပါဘူး။ ဘယ်ကိုသွားရမှန်းလည်း မသိသေးဘူး။ ဓာတ်ဆီဆိုင်တစ်ခုရှေ့ရောက်တော့ အများသုံး ဖုန်းတစ်ခု တွေ့လိုက်တာနဲ့ ဂရေ့(စ)လဲ(န)(ဒ)ကို ဆက်ဖို့ သတိရတယ်။ သူ့အဖေနဲ့ စကားပြောကြည့်ချင်တယ်။ အိတ်ထဲမှာ ပိုက်ဆံအကြွေစေ့နဲ့ ဖုန်းနံပါတ်မှတ်ထားတဲ့ စာအုပ်ကိုရှာရင်း 'ကောလာဟလတွေပါ'လို့ ဖြေလိုက်ပါစေလို့ ဆုတောင်းနေမိသေးတယ်။

လက်တုန်တုန်ယင်ယင်နဲ့ လှည့်တော့ ပထမနှစ်ခါက မှားသွားသေးတယ်။ အသက်ဝအောင် ရှူ စိတ်ငြိမ်အောင်ထားပြီး လှည့်လိုက်တော့မှ ရသွားတယ်။

'မစ္စတာ ပရက်စလေ ဖုန်းလာမပြောနိုင်ပါဘူးရှင်' အမျိုးသမီးတစ်ယောက်ကဖြေတယ်။ သူ့စကားကို အဓိပ္ပာယ်ကောက်လိုက်သေးတယ်။ သေသွားတာ သူ့အဖေ မဖြစ်နိုင်ဘူးလား။ အဲ(လ)ဗစ္စအဖေ မဖြစ်နိုင်ဘူးလား။ အဲ(လ)ဗစ္စ မဟုတ်ပါစေနဲ့။

'အဲ(လ)ဗစ္စ တကယ်လားဟင်' ကျွန်မ အားတင်းပြီး မေးလိုက်တော့ ဖုန်းကိုင်တဲ့ မိန်းမက ငိုပါလေရော။

'ဟုတ်ပါတယ်. . . ဟုတ်တယ်၊ သူသေသွားပါပြီ'

ကျွန်မ ဖုန်းလွှတ်ချလိုက်မိတယ်။ ဖုန်းကြိုးတန်းလန်းနဲ့ လေထဲမှာ လှုပ်ယမ်းနေလေရဲ့။ မကြားချင်တဲ့စကား အတည်ပြုလိုက်ရတဲ့အတွက် စိတ်ထဲမှာ ခံစားလိုက်ရပြန်တယ်။ ဘာဖြစ်သွားတာလဲ၊ ဘာကြောင့် သေတာလဲ။ ဒါလင်ရယ်. . . မောင် ဘယ်လိုလုပ် သေသွားတာလဲ။

ကားပေါ် ပြန်တက်ပြီး သစ်တောတွေဘက် မောင်းခဲ့တယ်။ ဖိနပ်ချွတ်လိုက်ပြီး မြက်ခင်းပေါ်မှာ နာရီပေါင်းများစွာ လမ်းလျှောက်ရင်း သူနဲ့ ပျော်ခဲ့ကြတာတွေကို သတိရနေမိပါတယ်။

ဒီနေရာလေးမှာ ကျွန်မသေရရင် ကောင်းမယ်။ ကျွန်မ အသက်ရှင်နေလို့ ဘာထူးတော့မှာလဲ။ ဘာအတွက် အသက်ဆက်ရှင်ရဦးမှာလဲ။ ကျွန်မ မြက်ခင်းပေါ်မှာ ဒူးထောက်ပြီး ဘုရားသခင်ထံမှာ ဆုတောင်းပါတယ်။

'ကျွန်မကိုပါ ခေါ်တော်မူပါ၊ သူမရှိဘဲ ကျွန်မ အသက်ဆက်မရှင်ပါရစေနဲ့တော့၊ ဘုရားသခင် သူ ဘယ်ကိုပဲ ရောက်ရောက် သူရှိနေတဲ့နေရာကို ကျွန်မ သွားပါရစေ'

ငိုရင်းရှိုက်ရင်းနဲ့ ကျွန်မ မြက်ခင်းပေါ် သတိလစ်လဲကျသွားတယ်။

ကျွန်မ သတိရလာတော့ နေဝင်လုပြီ။ ခွန်အားသစ်တွေ ကျွန်မရလာတယ်။

http://www.cherrythitsar.org



စိတ်ကြည်လင်လာပြီး သေဖို့ဆုမတောင်းတော့ဘူး။ ကျွန်မ သူ့ဆီကို သွားရမယ်။ အားတင်းပြီး ဂရေ့(စ)လဲ(န)(ဒ)ကို သွားရမယ်။ လေဆိပ်ကို ဦးတည်ပြီး ကားကို မောင်းလိုက်တယ်။ မဲ(မ)ဖစ္စအသွားအပြန် လေယာဉ်လက်မှတ် ဝယ်လိုက်တယ်။

လေယာဉ်တက်ချိန်မှာ ကောင်းကင်က မည်းမှောင်စပြုနေပြီ။ တိမ်တွေကြား မှာ သူ့မျက်နှာကို မြင်နေမိတယ်။ အသံကလည်း ကျွန်မ နားထဲမှာ ကြားယောင် နေဆဲ။

မင်းညှော့ခန်းထဲက ကုလားထိုင်တွေ လွတ်နေသလား. . . .

မင်းလှေကားထစ်ကို ကြည့်ရင်း. . . .

ကိုယ့်ပုံရိပ်ကို မြင်နေသလား. . . .

မင်းနှလုံးသား နာကျင်မှုနဲ့ ပြည့်နေသလား. . . .

ကိုယ် ပြန်လာခဲ့ရမလား အချစ် ဒါလင် အချစ်ရယ်၊

ဒီည မင်းအထီးကျန်ဖြစ်နေသလားကွယ်၊

'မောင်ချစ်တယ် ဒီဗိုင်းယားရီးရယ်၊ မင်းတစ်ယောက်တည်းကိုသာ မောင်ချစ် တာပါ'

'လေယာဉ်ဆိုက်ပြီးပါပြီရှင်'

လေယာဉ်မယ်လေးက ကျွန်မလက်မောင်းကို ကိုင်လှုပ်ပြီးပြောတယ်။

'ကျွန်မတို့ မဲ(မ)ဖစ္စကို ရောက်နေပါပြီ၊ လေယာဉ်ပေါ်မှာ ခရီးသည်ဆိုလို့ အစ်မကြီးတစ်ယောက်ပဲ ကျန်ပါတော့တယ်'တဲ့။

□

http://www.cherrythitsar.org



# အခန်း(၂၆)

ဂရေ့(စ)လဲ(န)(ဒ)က အိပ်မက်ဆိုးထဲက ပြကွက်တစ်ခုလိုပါပဲ။ မှောင်နဲ့ မည်းထဲမှာ လူပေါင်း ထောင်သောင်းများစွာ စုဝေးရောက်ရှိနေကြတာကို ကျွန်မ တွေ့ရတယ်။ သူတို့အားလုံး ဂိတ်တံခါးရဲ့ အပြင်ဘက်လမ်းပေါ်မှာ ရှိနေကြတယ်။ ထိုင်တဲ့သူထိုင်၊ မြင်ခင်းပေါ်လှဲသူကလှဲ၊ တချို့ကတော့လည်း အုတ်တံတိုင်းကို ကျော်ပြီး ခြံထဲကိုဝင်ဖို့ ကြိုးစားနေကြတယ်။ ကားမီးရောင်မှာ သူတို့မျက်နှာတွေကို ဖျတ်ခနဲသာ မြင်လိုက်ရပေမယ့် ကျွန်မတစ်သက်မှာ သူတို့ရဲ့ ဝမ်းနည်းကြေကွဲနေကြတဲ့ မျက်နှာတွေကို ဘယ်တော့မှ မေ့လို့ရတော့မှာ မဟုတ်ပါဘူး။ ယောက်ျားတွေရော မိန်းမတွေပါ မရှက်နိုင်ကြတော့ဘဲ ပွင့်ပွင့်လင်းလင်း ငိုနေကြတယ်။ ပထမတော့ သူတို့က ကျွန်မကို ဝိုင်းနှစ်သိမ့်နေကြသေးတယ်။ ဒါကိုကြည့်ရင်း သူဟာ ဘယ်လောက် ကြီးကျယ် အောင်မြင်ခဲ့တဲ့သူဆိုတာ သိနိုင်ပါတယ်။ သူဟာ လူသန်းပေါင်းများစွာရဲ့ နှလုံးသားကို ပိုင်စိုးသွားခဲ့တဲ့သူပါပဲ။ လူအုပ်ကြားထဲမှာ ခြောက်နာရီနီးပါးလောက် ကျွန်မ ငိုလိုက် တိတ်လိုက် ဖြစ်နေရင်းက ဘဝမှန်ကို သတိရလာမိတယ်။ ကျွန်မဟာ ဒီလူအုပ်ထဲက သာမန် ပရိသတ်တစ်ယောက်ထက် ဘာမှ မထူးခြားပါလား။ မထူးခြားတဲ့အပြင် ပိုပြီးတော့ ဆိုးတောင် ဆိုးနိုင်သေးတာပဲ။ ကျွန်မ မျက်နှာတစ်ခုလုံး ဖူးရောင်နေလိုက်တာ မျက်နှာဖုံးတစ်ခု တပ်ထားသလိုပါပဲ။ ကျွန်မ ဒီမှာ ဘာလုပ်နေတာလဲ။ အဲ(လ)ဗစ္စရဲ့ ကမ္ဘာဟာ ကျွန်မနဲ့ ဘာမှ မပတ်သက်ဘဲ သီးခြားရပ်တည်နေပါလား။ ဂရေ့(စ)လဲ(န)(ဒ)ဆိုတာ အဲ(လ)ဗစ္စရဲ့ သာမန် ပရိသတ်တွေလိုပဲ ကျွန်မနဲ့ လုံးဝ ကျွမ်းဝင်မှုမရှိတဲ့နေရာတဲ့။ ဂရေ့(စ)လဲ(န)(ဒ)နဲ့ ပတ်သက်ပြီး ကျွန်မ ဘာမှ မသိဘူး။ သူ့ပရိသတ်၊ သူ့ကျော်ကြားမှု၊ ဒါတွေအားလုံး ကျွန်မနဲ့ ဘာမှ မပတ်သက်ခဲ့ပါလား။ ခါတိုင်းလိုပဲ ကျွန်မဟာ အဲ(လ)ဗစ္စမှာ မဝင်ဆံ့သူ တစ်ယောက်ပါ။ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားရတော့မယ့် ကျွန်မပါ။

http://www.cherrythitsar.org



တက္ကစီမောင်းသမားကို လေဆိပ်ဘက် မောင်းခိုင်းလိုက်ပါတယ်။ လေဆိပ်မှာ ဒါးလက်(စ)သွားမယ့် လေယာဉ်ပျံကို စောင့်ရင်း ဘယ်လောက်ကြာမှန်းမသိအောင် ထိုင်နေခဲ့မိတယ်။ မဲ(မ)ဖစ္စကို လာခဲ့တာ အဲ(လ)ဗစ္စနဲ့ ကျွန်မရဲ့ တိတ်တခိုးဘဝကလေးကို အစကအဆုံး ပြန်သတိရစေခဲ့ပါတယ်။ ဒါးလက်(စ)ကို လေယာဉ်ဘီးချတော့ မိုးစင်စင်လင်းနေပြီ။ အိမ်ပြန်ရောက်ချိန်မှာ သမီးတစ်ယောက်ကို နှိုးလိုက်တယ်။ ဂျက်ကလင်းလို့ ထင်တာပဲ။ သမီးနဲ့အတူ ဘုရားကျောင်းကို ရောက်ခဲ့ပါတယ်။ ဘုရားဝတ်ပြုပြီးလို့ အားလုံးပြန်ထွက်သွားကြချိန်မှာ ကျွန်မ ဖယောင်းတိုင်တစ်ထုပ် သူ့အတွက် ရည်စူးပြီး သွားထွန်းလိုက်ပါတယ်။ တအားငိုနေမိတဲ့အတွက် ဘုန်းတော်ကြီး ဂေး(လ)ဝ့ိုက်က ကျွန်မပခုံးကို လာကိုင်ပြီး နှစ်သိမ့် စကားဆိုပါတယ်။

'မငိုပါနဲ့ လူစီ၊ မင်းဘဝမှာ အဆိုးရွားဆုံးတွေကို ရင်ဆိုင်ပြီးမှတော့ အဲဒါတွေထက်ဆိုးတာ မရှိနိုင်တော့ပါဘူး၊ တို့များတတ်နိုင်တာ လောကမှာ ဘာရှိလဲ၊ ဝမ်းနည်းကြေကွဲခြင်းဆိုတာ ဘာဖြစ်တယ်ဆိုတာ နှလုံးသားထဲက သိရှုကိစ္စပါ။ ဘဝမှာ နွေးထွေးတဲ့ ရက်တွေသာ မရှိခဲ့ဘူးဆိုရင် နွေးထွေးမှုဆိုတာ ဘာမှန်းသိမှာ မဟုတ်တော့ဘူး လူစီ'

ကြင်နာတတ်တဲ့ ဘုန်းတော်ကြီးပါ။ ဒါပေမယ့် ကျွန်မဘဝမှာ နောက်ထပ်ကြင်နာမှုဆိုတာ ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူးဆိုတာ ဘုန်းဘုန်းသိနိုင်မှာ မဟုတ်ပါဘူး။

အဲဒီနေ့ နေ့လယ်ပိုင်း အိမ်တံခါးခေါက်သံကြားရတယ်။ လူငယ်တစ်ယောက်က နှင်းဆီပန်းတစ်ပွင့်ကို ကျွန်မကို ကမ်းပေးပါတယ်။ ကတ်ပြားလေးမှာ ရေးထားတာက 'ကိုယ်ပြန်လာတဲ့အထိ အချစ်တွေပေးခဲ့တယ်၊ အား(လ)လဲ(န)(စ)လော့(တ)' တဲ့။ သူ ခရီးထွက်တိုင်း ကျွန်မဆီ နှင်းဆီပန်းကလေး ရောက်အောင် စီစဉ်ခဲ့တာလေ။

နောက်ရက်တွေ တော်တော်များများ ကျွန်မ အိမ်မကပ်တော့ပါဘူး။ တောထဲမှာ လမ်းလျှောက်၊ ကားမောင်း စတဲ့ လုပ်ချင်တာတွေ လျှောက်လုပ်ပြီး စိတ်သက်သာရာ ရှာနေမိပါတော့တယ်။ သတင်းစာတွေက ရေးကြမယ့် သူ့အကြောင်းတွေ မဖတ်ချင်ဘူး၊ ရုပ်မြင်သံကြားအစီအစဉ်ကပြမယ့် သူ့အလွမ်းပြေအစီအစဉ်တွေလည်း မကြည့်ချင်ပါဘူး။ ဒီဟာတွေအားလုံးနဲ့ဝေးရာ ကျွန်မပြေးချင်တယ်။ ကျွန်မ မဖြေနိုင်တဲ့ မေးခွန်းတွေကလည်း ကျွန်မကို ဦးနှောက်စားနေတယ်လေ။ သူ ကျွန်မကို ဖုန်းဆက်တာ တစ်စုံတစ်ခု ပြောချင်လို့ ဆက်

http://www.cherrythitsar.org



ခဲ့တာလား၊ ကျွန်မ ဘာကြောင့် သူ့ကို အကူအညီမပေးလိုက်နိုင်တာလဲ။ တခြား သူတွေကကော သူ့ကို ဘာကြောင့် မကူညီနိုင်ကြတော့တဲ့လဲ၊ သူ့ကို စောင့်နေပါတယ်ဆိုတဲ့ မိန်းကလေးကကော အဲဒီအချိန် ဘယ်ရောက်နေတာတဲ့လဲ။

အရေးကြီးဆုံး မေးခွန်းတစ်ခုကတော့ ဒီဇိုင်းယားရီးကို ကျွန်မ ဘာပြောရမလဲ။ အခုနေ ကျွန်မ ပြောလို့ရပြီလား။ သူ့အဖေ သေပြီလေ။ ကျွန်မ အချိန်ကာလတွေ အကြာကြီး စောင့်နေခဲ့တယ်။ ဘာကြောင့် စောင့်နေခဲ့တာလဲ။ ဘာဖြစ်လို့လဲ။ ဘာတွေပဲဖြစ်ဖြစ် အဲ(လ)ဗစ္စကို ပြောခဲ့ဖို့ သင့်တယ် မဟုတ်လား။ ဘယ်လို လုပ်ကြမယ်ဆိုတာ သူ ဆုံးဖြတ်တာပဲ ကျွန်မ နာခံသင့်တာပေါ့။ သူ့ကို ဒီအခွင့်အရေးလေးတော့ ကျွန်မ သူ့ကို ပေးခဲ့ဖို့ သင့်ပါတယ်။ ခုတော့ အားလုံး နောက်ကျခဲ့ပြီ။ သမီးလေးအနေနဲ့ သူ့အဖေနဲ့ လုံးဝ ဆုံစည်း ခွင့်မရနိုင်တော့ဘူး။ ဒါတွေအားလုံး ကျွန်မအပြစ်တွေပဲဆိုတဲ့အတွေးက ကျွန်မ နှလုံးသားကို တစ်စစီ ဖွဲ့ခြွေနေပါတော့တယ်။

သူနဲ့ပတ်သက်လို့ သတင်းဂယက်တွေက လပေါင်းများစွာ ရိုက်ခတ်နေဆဲပဲ၊ ကျွန်မခန္ဓာကိုယ်က ငါးခြောက်ပြားတစ်ချပ်လို ပိန်ချုံးသွားတာ ကျွန်မသိတယ်။ သူ့သတင်းတွေက အစုံပဲ။ ဘယ်လိုသေတယ်။ ဘယ်မှာသေတယ်။ ဘာကြောင့်သေတယ်။ သူသေပြီဆိုတော့ ဘာတွေ ဖြစ်လာမှာလဲ စတဲ့ စတဲ့ ဂယက်တွေက စုံနေတာပါပဲ။ ခုတော့ ဆေးစွဲနေခဲ့တယ်ဆိုတာကိုလည်း အားလုံးသိသွားကြပြီ။ National Enquirer စာစောင်က သူ့ကို ခေါင်းထဲမှာ ထည့်ထားပုံ ဖော်ပြတာတွေ့လိုက်ရတော့ ကျွန်မ သတိလစ်သွားမတတ် ခံစားလိုက်ရပါတော့တယ်။ သူ သေပြီဆိုတာ ကျွန်မ လက်မခံနိုင်ပေမယ့် တစ်ကမ္ဘာလုံးမြင်ရအောင် ဒီပုံက သက်သေခံနေပြီ။ သူ့ခမျာ သေတာတောင်မှ လွတ်လပ်ခွင့် မရရှာပါလား။

သမီး မယ်လိုဒီက ကျွန်မ သောကရောက်နေတာကို သတိမပြုမိဘဲ မကြာခင် လက်ထပ်တော့မယ့် သူ့အစီအစဉ်တွေ ပြောပြနေတယ်။ ဒီဇင်ဘာလထဲမှာ အွန်တာရီယိုမှာ လက်ထပ်ဖို့ စီစဉ်ထားတယ်လေ။ သမီးက သူ့အတွက် မင်္ဂလာဝတ်စုံကို ကျွန်မကိုယ်တိုင် ချုပ်ပေးစေချင်တဲ့အပြင် မင်္ဂလာပွဲမှာ ကျွန်မ သီချင်းဆိုပေးပါတဲ့။ ဒါတွေအားလုံး ကျွန်မ ဘယ်လိုလုပ်နိုင်ပါ့မလဲ။

တကယ်တော့ ကျွန်မ ဘာမှကို မလုပ်ချင်တော့တာပါ။ ပျောက်ဆုံးသွားတဲ့ ကျွန်မဘဝရဲ့ အမှတ်ရစရာ အစိတ်အပိုင်းတွေက နေရာအနှံ့မှာ ကျန်ရှိနေတာပဲ။ သမီး ဒီဇိုင်းယားရီးကို လုံးဝမကြည့်ရဲတာကြောင့် ရှောင်နေရတယ်။

ရှိသမျှ ခွန်အားတွေကို စုစည်းလိုက်ပြီး မစ္စတာ ဗာနွန်ပရက်စလေကို

http://www.cherrythitsar.org



ဖုန်းဆက်လိုက်ပါတယ်။ သူ့ခမျာလည်း ယူကျုံးမရဖြစ်နေတာကြောင့် ဖုန်းပြောရင်း ကျွန်မတို့နှစ်ယောက် ငိုမိကြတယ်။

မစ္စတာ ပရက်စလေက 'ဟန်နီ. . . သူဟာ တကယ့် လူကောင်းတစ်ယောက်ပါ။ ဂုဏ်သရေရှိသူလည်း ဖြစ်ပါတယ်။ ဘဘ သူ့ကို ကာကွယ်ဖို့ ကြိုးစားခဲ့ပေမယ့် မတတ်နိုင်တဲ့အခြေအနေ ရောက်သွားတယ်ကွယ်' လို့ ဆိုတယ်။

ကျွန်မက အဲ(လ)ဗစ္စဖြစ်စေချင်သလို ကျွန်မတို့ တောင့်ထားကြဖို့ လိုတဲ့အကြောင်း အားပေးစကား ပြောရင်းနဲ့ အဲ(လ)ဗစ္စအနေနဲ့ ဂင်ဂျာဆိုတဲ့ မိန်းကလေးကို တကယ်ပဲ လက်ထပ်ဖို့ အစီအစဉ်ရှိခဲ့သလားလို့ မေးကြည့်တယ်။ မစ္စတာပရက်စလေက ဂင်ဂျာကို လက်ထပ်ဖို့ မရည်ရွယ်ကြောင်း ပြောဖူးတယ်တဲ့။

'အဲ(လ)ဗစ္စက တစ်ခါက ပြောဖူးတာက ဒီမိန်းကလေးဟာ သူနဲ့ရင်းနှီးတဲ့ မိန်းကလေးတစ်ယောက်နဲ့ တူလို့သာ သူစိတ်ဝင်စားခဲ့တာပါတဲ့'

'ပရစ်ဆလာ. . လား'

'မဟုတ်ပါဘူး၊ ပရစ်ဆလာနဲ့ပတ်သက်ပြီး သူ ဘာမှ သတိရချင်တော့မှာ မဟုတ်တာဘဲ'

ကျွန်မ တစ်ခါတုန်းက အဲ(လ)ဗစ္စကို ပေးခဲ့ဖူးတဲ့ ခရစ်တော်ပုံကလေးပြန်ရှာပြီး ကျွန်မဆီ ပို့ပေးပါလို့ မစ္စတာ ပရက်စလေကို မှာလိုက်ပါတယ်။ အဲ(လ)ဗစ္စ တစ်ခါက ပြောဖူးတာက ကျိုးသွားလို့ သိမ်းထားတဲ့၊ မစ္စတာပရက်စလေက 'ပို့ပေးမယ်' လို့ ကတိပေးတယ်။ နောက်တစ်ပတ်မှာ စာတိုက်ကတစ်ဆင့် ကျွန်မဆီ ရောက်လာခဲ့ပါတယ်။ စာတိုကလေး တစ်စောင်ပါတယ်။ 'ဒါလေးပဲ ဖြစ်မယ်ထင်တယ်တဲ့' ကျိုးနေတဲ့ ခရစ်တော်ပုံကို ရင်ခွင်မှာအပ်ပြီး ကျွန်မ ငိုမိပါတယ်။

ဒီဇင်ဘာလ (၁၀) ရက်နေ့မှာ သမီး မယ်လိုဒီ လက်ထပ်တယ်။ သတို့သားက အင်္ဂလိပ်အမျိုးသား ဂွန်တေလာပါ။ မင်္ဂလာပွဲမှာ သမီးက ကျွန်မကို The first time ever I saw your face သီချင်း ဆိုပြပါလို့ တောင်းဆိုတယ်။ ဒီသီချင်းက အဲ(လ)ဗစ္စရဲ့ သီချင်းဖြစ်ပြီး စာသားတွေက ကျွန်မကို ရည်ညွှန်းထားတာလို့ ပြောခဲ့ဖူးပါတယ်။ သီချင်းကို ဘယ်လို ဆိုလိုက်မိမှန်းတောင် မသိတော့ဘူး။ ကျွန်မမျက်နှာပေါ်မှာ စီးကျလာတဲ့ မျက်ရည်တွေဟာ သမီးအတွက်ကျတဲ့ မျက်ရည်လို့ ဧည့်သည်တွေက ထင်ကြတယ်။ အဲဒီနေ့ တစ်နေ့လုံး နှင်းတွေကျနေခဲ့ပါတယ်။ မင်္ဂလာပွဲကလေးက လှလှပပရှိခဲ့တယ်။ လက်ထပ်ပွဲပြီးတော့ ဟိုဘက် ဒီဘက် မိသားစုတွေက တရင်းတနှီး ညစာစားဖို့ ဆုံကြတယ်။ ဒီပွဲ

http://www.cherrythitsar.org



မှာ အားလုံးက စကားနည်းနည်းစီ ပြောကြရပါမယ်။ ကျွန်မ ပြောခဲ့တဲ့ စကားက 'ခုတော့ အချစ်ဆိုတာ တောင်တွေကိုတောင် ရွေ့လျားစေနိုင်တယ်ဆိုတာ ကျွန်မ သိခဲ့ပါပြီ။ ကျွန်မ လက်တွေ့မြင်ခဲ့ပြီကိုး' ဆိုတဲ့ စကားပါပဲ။ သတို့သားမိသားစု တွေက ကျွန်မအနေနဲ့ ခရီးအဝေးကြီးကလာပြီး မင်္ဂလာပွဲကို ချီးမြှင့်တာ သိပ် ဝမ်းသာကြောင်းနဲ့ ကျွန်မကို ဂုဏ်ပြုတဲ့အနေနဲ့ သီချင်းတစ်ပုဒ်ဖွင့်ပါတယ်။ ဖွင့်လိုက်တဲ့သီချင်းက အဲ(လ)ဗစ္စရဲ့ Memores သီချင်းပါ။ ဒီသီချင်းက သတို့ သမီးတစ်ယောက်ရဲ့ အမေအတွက် သင့်လျော်ပါတယ်။ သီချင်းနားထောင်ရင်း ဝေ့တက်လာတဲ့ မျက်ရည်တွေမကျရအောင် မနည်းထိန်းထားရတယ်။ တကယ် တော့ အဲ(လ)ဗစ္စ မသေပါဘူး။ ကျွန်မအတွက် မသေသလို သူ့ကို ချစ်တဲ့သူ အားလုံးအတွက်လည်း သူဟာ ရှင်သန်နေဦးမှာပါ။

နောက်လပေါင်းများစွာ အနှစ်သာရ မရှိတဲ့ဘဝထဲမှာ ကျွန်မ ပုံမှန်လှုပ် ရှားနေရပါတယ်။ အလုပ်များနေတဲ့အချိန် နာရီပိုင်းလောက်တော့ သူ့ကို မေ့သွား တယ်ပေါ့လေ။ တစ်နာရီဆိုတာ အကြာဆုံး မေ့လို့ရတဲ့အချိန်ပါပဲ။ သူ့ကို သတိရ နေတာ ပျောက်ကွယ်မသွားနိုင်သလို ကျွန်မ ကြေကွဲနေတာလည်း ရပ်တန့်မသွား နိုင်ပါဘူး။ ဒီဇိုင်းယားရီးကလည်း သိပ်မကပ်တော့ဘူး။ ဖွင့်ပြောမယ်လို့ ကျွန်မ ကြိုးစားတိုင်း လည်ချောင်းထဲမှာ ဆို့နင့်လာလို့ ပြောမထွက်ခဲ့ပါဘူး။ တကယ်လို့ သမီးက ကျွန်မအပေါ် နားလည်မပေးနိုင်ရင် ကျွန်မ ဆုံးရှုံးမှု ထပ်ခံစားရဦးမယ် လေ။

*　　　　*　　　　*

[ကျွန်မအသက် ဆယ့်ကိုးနှစ်အရွယ်ရောက်တော့ ကျွန်မ မွေးစာရင်းစာ ရွက်ရအောင် တောင်းချင်လာတယ်။ အဲဒီစာရွက်ကို ကျွန်မ တစ်ခါမှ မမြင်ဖူး ပါဘူး။ ကျောင်းအပ်ဖို့ လိုတဲ့အခါပဲဖြစ်ဖြစ်၊ ကားမောင်းလိုင်စင်လုပ်ဖို့ လိုတဲ့ အခါမှာပဲဖြစ်ဖြစ် အမေက မွေးစာရင်းစာရွက် သုံးခွင့်မပေးဘဲ ဘာသာဝင်တုန်း က ဘုရားကျောင်းက ထုတ်ပေးထားတဲ့ ကတ်ပြားကိုပဲ သုံးစေပါတယ်။ ကတ် ပြားနဲ့လုပ်လို့ မရပါစေနဲ့လို့ ဆုတောင်းပေမယ့် အဆင်ပြေသွားတာချည်းပဲ။ ကျွန်မ မွေးစာရင်းစာရွက်မေးတိုင်း အမေက မရှိဘူးချည်း ပြောခဲ့တာပဲ။ တစ်ခါ ကတော့ သမ္မာကျမ်းစာအုပ်ကြားမှာ ညှပ်ထားတယ်လို့ ပြောတာကြောင့် တစ် ရွက်ချင်း လှန်ပြီး ကျွန်မ ရှာကြည့်ခဲ့တယ်။ မရှိပါဘူး။ ကျွန်မအဖေ ဘယ်သူ ဆိုတာ သိချင်စိတ် ပြင်းထန်လာတော့ တောင်းမယ်လို့ ဆုံးဖြတ်တော့တာပါပဲ။

စာရွက်ကို ကျွန်မ ဘယ်တော့မှ မရနိုင်ဘူးလို့ ထင်ခဲ့ပါတယ်။ ကျွန်မ

http://www.cherrythitsar.org



မွေးစာရင်းစာရွက်မှာ အဖေနာမည်နဲ့ အမေနာမည် ပါလာမယ်။ ဘယ်လိုနာမည်တွေ အဲဒီစာရွက်ပေါ်မှာ ရေးထားမှာလဲ။ ကျွန်မနာမည်နေရာမှာ 'ဒီဇိုင်းယားရီးပရက်စလေ' လို့ စိတ်ကူးထဲမှာ ရေးလိုက်ပြီး အဖေနေရာမှာတော့ 'EA ပရက်စလေ' လို့ ဖြည့်ပြီး ရေးကြည့်မိတယ်။ ကျွန်မ မထင်မှတ်ဘဲ မွေးစာရင်းရလာတယ်။ ဖွင့်ရမှာ မရဲဘူးတောင် ဖြစ်သွားတယ်။ ဖွင့်ဖတ်လိုက်တော့ အဖေနေရာမှာ ရေးထားတဲ့နာမည်က ရဲ(န)ဒေါ့(ဖ)ပရက်စလေတဲ့၊ ကျွန်မ တုန်လှုပ်သွားမိပါတယ်။ ရဲ(န)ဒေါ့(ဖ) ပရက်စလေဆိုတာက ဘယ်သူလဲ၊ ကျွန်မ သူငယ်ချင်းအမေကပြောတော့ အဲ(လ)ဗစ္စပရက်စလေတဲ့။

မွေးစာရင်းစာရွက်မှာ နောက်ထပ် စိတ်ရှုပ်စရာတွေ ထပ်တွေ့လာတာက အမေ့ဇာတိကိုတက္ကဆက်(စ)ပြည်နယ်၊ ဗျူးမော့(စ)မြို့လို့ ဖော်ပြထားတာရယ်၊ အမေ့မွေးနေ့ သက္ကရာဇ် လွဲမှားနေတာရယ် တွေ့ရတယ်။ ကျွန်မ တော်တော်စိတ်ရှုပ်သွားတယ်။ ဒီကိစ္စ အမေ့ကိုမေးလို့မဖြစ်ဘူး၊ အမေက သူ့အတိတ်ကို ကျွန်မ တူးဆွရကောင်းလားဆိုပြီး သတ်လိမ့်မယ်။ ဒါပေမယ့် အမေ့ကို မသိမသာမေးကြည့်တာက 'အမေ့ကို ဗျူးမော့(စ)မှာ မွေးတာလားဆိုတော့ ဟုတ်ပါဘူး ဘာဖြစ်လို့လဲ' ဆိုပြီး အမေက ရယ်နေတယ်။ ကျွန်မ မွေးစာရင်းမိတ္တူရထားပြီး ပြီဆိုတာ အရိပ်အမြွက်လောက်ကလေးမှ အမေ မသိသလိုဘဲ၊ ဘာမှ တုန်လှုပ်မှုမရှိဘူး။

'အဲဒီ 'ရဲ(န)ဒေါ့(ဖ)ပရက်စလေ' ဆိုတဲ့ နာမည်ကြီးက ကျွန်မကို စိတ်အနှောင့်အယှက် ပေးနေတော့တာပဲ၊ ကျွန်မအစ်မတွေကို အဲဒီနာမည် ကြားဖူးသလားလို့ မေးကြည့်တော့လည်း တစ်ယောက်မှ မကြားဖူးကြဘူး။ မယ်လိုဒီက အမေ့ကို မေးကြည့်ပါလားလို့ပြောတယ်။ ကျွန်မ မမေးရဲဘူး။ ဒီလိုနဲ့ပဲ နောက်တစ်နှစ်လောက်ကြာသွားတယ်။ ဒါနဲ့ ကျွန်မက အမေ့ကို တိုက်စစ်တစ်မျိုးဆင်ဖို့ အကြံရလာတတယ်။ ပတ်စပို့လျှောက်ဖို့အတွက် ကျွန်မ မွေးစာရင်းလိုတယ်၊ အမေ့မှာ မရှိတော့ရင် မိတ္တူတောင်းယူမယ်လို့ ပြောကြည့်ပါတယ်။ အမေက သူ တောင်းပေးမယ်တဲ့၊ လပေါင်းများစွာ ကြာပေမယ့် ဘာမှ ထူးမလာတဲ့အတွက် ဒီနည်းက မျှော်လင့်ချက် မရှိဘူးဆိုတာ ကျွန်မ သဘောပေါက်လိုက်ပါတယ်။ နောက်ဆုံးမှာတော့ အမေ့ကို ကျွန်မ မိတ္တူတောင်းထားတာ ရပြီလို့ ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ အဲဒီတော့ အမေက ပြစမ်းပါတဲ့။ ကျွန်မ ပေးလိုက်တယ်။ ဘာမှ မပြောဘဲ အဆိပ်ပုလင်းတစ်ခုကို ကြည့်သလိုမျိုး ကြည့်နေပါတယ်။ ဒါနဲ့ ကျွန်မက ရဲ(န)ဒေါ့(ဖ)ပရက်စလေဆိုတာ ဘယ်သူ

http://www.cherrythitsar.org



လဲလို့ မေးကြည့်ပါတယ်။ အမေက ဒီစာရွက်ပေါ်မှာပါတဲ့ အချက်အလက်အား လုံးဟာ တစ်ခုမှ မမှန်ဘူးတဲ့။ ဘာဖြစ်လို့လဲလို့ ကျွန်မကမေးတော့ တစ်နေ့ နေ့မှာ ရှင်းပြမယ်တဲ့။ အခုတော့ မဟုတ်သေးဘူးလို့ ပြောတယ်။ ကျွန်မမွေးတုန်း က အမေ့ဘဝမှာ ပျော်စရာ လုံးဝမရှိဘဲ အထီးကျန် ဖြစ်နေခဲ့တဲ့အကြောင်း၊ မွေးကတည်းက ကျွန်မဆံပင်တွေဟာ ရှည်လျားနက်မှောင်နေတဲ့အကြောင်း စ ပြောတယ်။ ဒီအကြောင်းတွေ ပြောနေချိန်မှာ အမေ့ခမျာ တော်တော်စိတ်လှုပ် ရှားနေပုံရပါတယ်။ ဒီအကြောင်းတွေ ပြောပြနေရတာ တော်တော့်ကို ပင်ပန်း နေသလိုပဲ။ စိတ်ဆင်းရဲနေပုံရတဲ့ အမေ့ကိုကြည့်ပြီး ကျွန်မ မွေးစာရင်းနဲ့ပတ်သက် လို့ နောက်ထပ် ဘာမှ ဆက်မမေးဖြစ်ခဲ့တော့ပါဘူး' လို့ ဒီဇိုင်းယားရီးက ပြောပြတယ်။]

*　　　*　　　*

နှစ်တွေ လတွေ ပြောင်းလာလိုက်တာ ၁၉၇၉ ခုနှစ်ကို ရောက်လာခဲ့ပြီ။ ကျွန်မဘဝကို အသစ်တစ်ဖန် တည်ဆောက်ဖို့ လိုလာတယ်။ ဂျက်ကလင်းက (၁၃)နှစ်သမီးအရွယ် ရောက်လာပြီး ကနေဒါမှာ ဂီတပညာ သင်ယူနေတယ်။ အရွယ်ရောက်လာပြီဆိုတော့ ကနေဒါ ဘုရားရှိခိုးကျောင်းမှာပဲ ဘာသာသွတ် သွင်းဖို့ စီစဉ်ရတယ်။ ဇွန်လထဲမှာ ကျွန်မကားနဲ့ပဲ သွားမယ်လို့ ဆုံးဖြတ်လိုက် ပြီး ဒီဇိုင်းယားရီးကိုလည်း ကျွန်မနဲ့လိုက်ဖို့ ခေါ်လိုက်တယ်။

ကျွန်မတို့သားအမိ ခွဲနေခဲ့ကြတာ ကြာပြီဆိုတော့ သူ့ကို အနားမှာ ရှိ စေချင်တယ်။ ကျွန်မ မသွားခင် မစ္စတာ ဗာန္ဒန်ပရက်စလေဆီ ဖုန်းဆက်ပြီး ကနေဒါကအပြန် သူ့ကို ဝင်တွေ့ကြမယ်လို့ စီစဉ်ပါတယ်။ ကျွန်မဆန္ဒက သမီး ကို သူ့အဘိုးနဲ့ တွေ့စေချင်တယ်။ အဘိုးကတော့ သမီးနဲ့ပတ်သက်ပြီး ဘာမှ မသိဘူးလေ။ အဲ(လ)ဗစ္စအိမ်ကိုသွားပြီး ဒီဇိုင်းယားရီးကို သူ့အဘိုးနဲ့ တွေ့ပေး ခြင်းအားဖြင့် ကျွန်မ တစ်သက်တာ မျိုသိပ်ထားခဲ့ရတာတွေ ဖွင့်ချလိုက်ဖို့ လွယ်မယ်လို့ ထင်ပါတယ်။

ဂျက်ကလင်းကိစ္စပြီးတော့ မယ်လိုဒီ၊ ဒီဇိုင်းယားရီနဲ့ ကျွန်မ တိုရန်တိုကို မောင်းလာခဲ့ပါတယ်။ ကျွန်မတို့ ဈေးတစ်ခုကိုဝင်ပြီး ဝယ်ကြခြမ်းကြနဲ့ သားအမိ တစ်တွေ နွေးထွေးမှုရှိတဲ့ နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ ဈေးထဲမှာ တောက်လျှောက် ဂီတသံတိုးတိုးကလေးဖွင့်ထားတာ ကျွန်မ သတိထားမိပါတယ်။ ဂီတသံ ရုတ် တရက်ရပ်သွားပြီး သတင်းကြေညာချက်တစ်ခု ဖြတ်ဝင်လာတယ်။ မစ္စတာ ဗာန္ဒန်ပရက်စလေ ကွယ်လွန်သွားပြီတဲ့။ ကျွန်မ ဖြတ်ရိုက်ခံလိုက်ရသလို ခံစား

http://www.cherrythitsar.org



လိုက်ရပါတယ်။ သမီး ဒီဇိုင်းယားရီးအတွက် တစ်ဦးတည်းသာကျန်ခဲ့တဲ့ အမျိုး။ အခု ဒီတစ်ယောက်ကလည်း သေသွားပြန်ပြီတဲ့။ ကျွန်မ ဘာမှ မတတ်နိုင်တော့ တဲ့အဆုံး သမီးကို ဖွင့်ပြောမယ့်အစီအစဉ် ဖျက်လိုက်ရတယ်။ သမီးကလည်း ကျွန်မနဲ့ ပိုဝေးသွားသလို ခံစားလိုက်ရတယ်။

၁၉၈၂ ခုနှစ်မှာ ဒီဇိုင်းယားရီးနဲ့ နီးနီးကပ်ကပ်နေနိုင်အောင်လို့ ကျွန်မ လော့(စ)အိန်ဂျလိ(စ)ကို ပြောင်းနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မသမီးကို ထာဝရမဆုံးရှုံးရလေအောင် ကျွန်မ သတ္တိမွေးရတော့မယ်။ ဂျက်ကလင်းကလည်း လော့(စ)အိန်ဂျလိ(စ)ကို သဘောကျတာကြောင့် ကျွန်မနဲ့ လိုက်နေမယ်တဲ့။ ကျွန်မတို့ အခန်းတစ်ခုငှားနေတော့ ဒီဇိုင်းယားရီးကလည်း အတူတူလာနေပါ တယ်။

စက်တင်ဘာလထဲမှာ ဒီဇိုးယားရီးနဲ့ကျွန်မ ဈေးဝယ်ထွက်ကြရင်း အိမ် မှာ ဘယ်သူမှမကျန်ရစ်တာကြောင့် ဘယ်သူများ ဖုန်းဆက်မှာထားတာ ရှိသလဲ လို့ Answering machine ကို လှမ်းနားထောင်ဖို့ အများသုံးဖုန်းကနေ အိမ်ကို ဆက်သွယ်ကြည့်ပါတယ်။ ဒီဇိုင်းယားရီးကို သူ့မိတ်ဆွေ ဝတ်လုံတော်ရ တစ်ယောက်က ဆက်သွယ်ထားတယ်တဲ့။ ဒီဝတ်လုံက အနုပညာသည်အများကြီး ရဲ့ အကျိုးဆောင်လို့ဆိုတယ်။ဒီဇိုင်းယားရီးက ကျွန်မရှေ့မှာတင် အဲဒီဝတ်လုံတော်ရ ကို ဆက်တော့ သူက ဒီဇိုင်းယားရီးကို ခုချက်ချင်း သူ့ဆီလာစေချင်တယ်တဲ့။ အဲဒီမှာ လူတချို့နဲ့ တွေ့ပေးချင်တယ်။ တွေ့ပေးမယ့်သူတွေထဲမှာ အဲ(လ)ဗစ္စနဲ့ ရင်းနှီးတဲ့ သရုပ်ဆောင်တစ်ယောက်လည်း ပါတယ်လို့ ပြောတယ်။ ကျွန်မ တုန်လှုပ်သွားတယ်။ ဂျက်ကလင်းက ကျွန်မကို ပြောပြဖူးတယ်လေ။ ဒီဇိုင်းယား ရီးက သူ့အဖေဟာ အဲ(လ)ဗစ္စပရက်စလေ ဖြစ်မယ်ထင်ကြောင်း လူတွေကို ပြောနေသတဲ့။ ဒီစကား သတိရလိုက်မိတော့ ဟိုဝတ်လုံနဲ့အမှုသည်က ဘာကြောင့် ဒီဇိုင်းယားရီးကို တွေ့ချင်တယ်ဆိုတဲ့အဖြေ ထွက်သွားတယ်။

ဒါကြောင့် ကျွန်မက 'မသွားနဲ့ သမီး. . . အဲဒီလောကကလူတွေအကြောင်း သမီး ဘာမှ သိတာမဟုတ်ဘူး၊ သူတို့အကြောင်းကောင်းကောင်းသိတဲ့ သမီးအဖေ ကိုတောင် သူတို့ ဖျက်ဆီးခဲ့ကြသေးတာပဲ။ မသွားပါနဲ့သမီးရယ်' လို့ တားလိုက် တယ်။ ဒီတော့ သမီးက ကျွန်မကို မျက်တောင်မခတ်ကြည့်ပြီး 'အမေ. . . ကျွန်မ အဖေက ဘယ်သူလဲ' လို့ မေးပါတော့တယ်။

ကျွန်မ ရှောင်လို့ မရလောက်အောင် ချောင်ပိတ်မိနေပါပြီ။ တကယ်တော့ ဒီပုံစံနဲ့ ကျွန်မ အသိပေးချင်တာ မဟုတ်ပါဘူး။ ဒါပေမယ့် ရွေးစရာလမ်း

http://www.cherrythitsar.org



မရှိတော့ဘူး။ L.A လို ပါတီပွဲတွေများတဲ့နေရာမှာ အနုပညာသည်တွေကြား သမီး ရောက်သွားပြီး မျောက်ပွဲပြသလိုပြပြီး သူ ဘယ်သူလဲလို့ ဝိုင်းကြည့်ခံရမှာ စိုးသလို တစ်စုံတစ်ယောက်က သမီးကို ခုတုံးလုပ် အသုံးချသွားမှာလည်း စိုးပါတယ်။

'အဲ(လ)ဗစ္စပရက်စလေဟာ သမီးရဲ့ အဖေပဲ'

သမီးက လုံးဝ မအံ့ဩပါဘူး။

'ကျွန်မသိတယ် အမေ' တဲ့။

'မဟုတ်ဘူး သမီး၊ သမီးသိတာက ဘာမှ ပြည့်စုံတာမဟုတ်ဘူး။ အဲဒီ ဝတ်လုံတော်ရဆီသွားပြီး လူတကာက မေးခွန်းတွေ ဝိုင်းမေးကြမှာ သမီး မခံရ စေချင်ဘူး။ အမေ့စကား နားထောင်ပါ သမီးရယ်၊ မသွားပါနဲ့'

နောက်ဆုံးမှာ သမီးက သဘောတူလိုက်တယ်။ ကျွန်မ စိတ်ပူစပြုလာပါ တယ်။ ကျွန်မ ဒီဇိုင်းယားရီးကို အစအဆုံး ပြောပြရမယ်။ ဒါပေမယ့် ရှည်လျား ရှုပ်ထွေးလှတဲ့ ကျွန်မဘဝဖြစ်စဉ်တွေကို ဘယ်လိုပြောရမလဲ။ ကျွန်မမှာရှိတဲ့ ခွန်အားတွေက ၁၉၇၇ ခုနှစ်၊ ဩဂုတ်လကတည်းက ကုန်ခန်းသွားခဲ့ပြီပဲ။ ခု တော့ ကြောက်စိတ်အသစ်တွေ ဝင်လာတယ်။ သမီးနဲ့ပတ်သက်ပြီး ဘယ်သူတွေ က ဘယ်လောက် သိထားကြသလဲ။ ဒီဇိုင်းယားရီးက ဒီအကြောင်း ဘာမှ ထပ်မပြောတော့ဘဲ အေးစက်စက်နဲ့ ကျွန်မနဲ့ နောက်တစ်ကြိမ် ကွာဝေးသွားပြန် တော့တယ်။ ဂျက်ကလင်းကလည်း အဲဒီလို ဖြစ်လာပြန်တယ်။ သမီးနှစ်ယောက် က ကျွန်မကို ကြောက်စရာကောင်းတဲ့ မိန်းမကြီးလို့များ မြင်နေကြသလားပဲ။ ဒီလိုအမြင်ခံရတာကို ကျွန်မ ရင်နာရပါတယ်။ ကျွန်မ သားသမီးတွေကို သိပ် ချစ်တယ်။ ခုတော့ သူတို့နဲ့ နီးလျက်နဲ့ ဝေးနေရတယ်။ ဒါကြောင့် ဒါးလက်(စ) ကို ပြန်လာခဲ့ပါတော့တယ်။

* * *

[ကျွန်မက အရင်းနှီးဆုံး သူငယ်ချင်းတွေကို ကျွန်မအဖေဟာ အဲ(လ) ဗစ္စပရက်စလေလို့ ထင်တဲ့အကြောင်း ဖွင့်ပြောပြပါတယ်။ အဲဒီလူတွေထဲမှာ အမေပြောတဲ့ ဝတ်လုံတော်ရလည်း ပါတယ်။ ဒီဇိုင်းယားရီးက ရှင်းပြတယ်။

နောက်ဆုံးမှာ မလွှဲသာ မရှောင်သာလို့ ကျွန်မ အဖေ ဘယ်သူပါလဲဆို တာ အမေ့ပါးစပ်က ဖွင့်ပြောလိုက်တော့ နာရီဝက်လောက်အထိ ကျွန်မ ဘာမှ မဖြစ်သေးဘူး။ နောက်တော့မှ တစိမ့်စိမ့်တွေးရင်း ခံစားချက် အဟောင်းတွေ၊ တစ်နည်းပြောရရင် ကျွန်မတစ်သက်လုံး အဖေအရင်း နာမည် မသိဘဲ အလိမ်ခံ

http://www.cherrythitsar.org



ထားရတဲ့အတွက် မုန်းတီးတဲ့စိတ်တွေ ပေါ်လာတယ်။ ကျွန်မထင်ထားတဲ့အတိုင်း အဲ(လ)ဗစ္စပရက်စလေဟာ ကျွန်မအဖေ ဟုတ်ပါတယ်ဆိုတာကလွဲလို့ အမေက ဘာမှ ထပ်မပြောဘူး။ ခုချိန်ထိ ဘာကြောင့် ကျွန်မကို မပြောရတာလဲလို့ မေးတော့ ကျွန်မ မသိတာက ပိုကောင်းမယ်ထင်လို့ မပြောတာပါတဲ့။ ဒီလို ဆုံးဖြတ်ခဲ့တာ မှန်သလား မှားသလား သူကိုယ်တိုင် မသေချာပေမယ့် အမေက ရေငုံနှုတ်ပိတ် နေခဲ့တယ်။ သူ့ဇာတ်လမ်းကို လုံးဝ မပြောဘူး။ ကျွန်မကလည်း ပြောပါလို့ မေးမနေတော့ဘူး။ အဲဒါ ပိုဆိုးသွားတယ်။ အမေ့ကို တစ်နှစ်လောက် ခါးခါးသီးသီး မုန်းသွားတယ်။

တစ်နေ့တော့ မုန်းတာတွေ ရင်ထဲမှာ ကြာရှည်မထားနိုင်တော့ဘဲ အမေဟာ ကျွန်မကို ထိခိုက်နာကျင်စေချင်တဲ့ ဆန္ဒနဲ့ ဖုံးကွယ်ထားခဲ့တာ မဟုတ်ဘူး ဆိုတာ နားလည်လာခဲ့ပါတယ်။ တကယ်တော့ အမေဟာ အဲဒီကာလတွေမှာ ခံစားရတာတွေ အများကြီးပါ။ အမေ့ကို ကျွန်မ ဒီကိစ္စနဲ့ပတ်သက်လို့ လုံးဝ စကားမစတော့ဘူး။ အမေက ကျွန်မ စကားစလာအောင် မကြာခဏ လမ်းခင်း ပေးပေမယ့် ကျွန်မ လုံးဝ မမေးတော့ပါဘူး။ ဒီအတွက် ကျွန်မမှာလည်း အမေ့လို အပြစ်ရှိခဲ့တာပါပဲ။]

*    *    *

၁၉၈၄ ခုနှစ်၊ မေလမှာ ကျွန်မ အလုပ်ကိစ္စနဲ့ L.A ကို ရောက်သွားတယ်။ နှစ်နှစ်အတွင်း ဒီဗိုင်းယားရီးကို ပထမဆုံး ပြန်တွေ့ခြင်းပါပဲ။ ကျွန်မတို့နှစ်ယောက်ကြားက အမုန်းတွေအားလုံး အရည်ပျော်ကျသွားပြီး ဖက်လိုက်ကြတယ်။ မျက်ရည်တွေနဲ့ ရယ်ဖြစ်ခဲ့ကြတယ်။ ဂျက်ကလင်းလည်း ရောက်လာတော့ သုံးယောက် ဖက်ဖြစ်ကြတာပေါ့။ ‘ခွင့်လွှတ်ခြင်းဖြင့် အရာရာကို နားလည်စေနိုင်သည်’ ဆိုတဲ့ စကားဟာ ကျွန်မဘဝတစ်လျှောက်လုံးမှာ လက်ကိုင်ထားခဲ့တဲ့ စကားပါ။ အထူးသဖြင့် လက်ရှိအခြေအနေမှာ အသင့်တော်ဆုံး စကားပါပဲ။ ကျွန်မတို့အားလုံး မှားခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်နာအောင် လုပ်သလို ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် ချစ်ခြင်းမေတ္တာတရားကြောင့် ရပ်တည်နိုင်ခဲ့ပါတယ်။

တစ်ယောက်နဲ့တစ်ယောက် နားလည်သွားကြပြီဆိုပေမယ့် ဒီဗိုင်းယားရီးကို သူ့အဖေရဲ့အကြောင်း ဘယ်လိုပြောရမလဲဆိုတဲ့ ပြဿနာက ရှိနေဆဲပဲ။ ပြောပြရမှာ အရှည်ကြီးဖြစ်တဲ့အပြင် ကျွန်မ အကြိမ်ပေါင်းများစွာ ငိုရလိမ့်ဦးမယ်။ လိုရင်းတိုရှင်း မပြောချင်ဘူး။ တစ်ခုနဲ့တစ်ခု ကွင်းဆက်တွေရှိတဲ့အတွက်

http://www.cherrythitsar.org



အသေးစိတ်တစ်ခုပဲ ပြောချင်တယ်။ ကွင်းဆက်တစ်ခု ကျန်ရစ်ခဲ့ရင် ပြောရသမျှ အလကားဖြစ်သွားမယ်။ သူ့အဖေ ဘယ်သူဖြစ်တယ်ဆိုတာ ကျွန်မ ဘာကြောင့် မပြောဘဲ ထိမ်ချန်ထားခဲ့ရတယ်ဆိုတာ အသေးစိတ်သိမှသာ နားလည်နိုင်မှာပါ။ ဒီအခါမှာ အကျည်းတန်တာတွေ ပါချင်ပါလာပါစေဦးတော့ ကျွန်မ ပြောရမှာပဲ။ အရုပ်ဆိုးလှတဲ့ ကျွန်မဘဝထဲကို သူ့အဖေက အလှအပတွေ သယ်ဆောင်လာခဲ့တာကိုလည်း ပြောရဦးမယ်။ လပေါင်းများစွာ ဘယ်ကစပြောရမလဲဆိုတဲ့ နည်းလမ်း ကျွန်မရှာခဲ့ပါတယ်။ နှစ်ပေါင်းများစွာ ပိတ်ထားခဲ့တဲ့ ကျွန်မဘဝတံခါးကို ဖွင့်ပြရတော့မယ်။

ကျွန်မက နည်းလမ်းရှာနေဆဲမှာပဲ တိုက်ဆိုင်ချင်တော့ ဒီဗိုင်းယားရီးဆီကို စာရေးဆရာတစ်ယောက်က သမီးဘဝအကြောင်း ပြောပြဖို့ တိတ်တဆိတ် ချည်းကပ်နေသတဲ့။ သမီးက ပြောပြတော့ ကျွန်မ တော်တော် လန့်သွားတယ်။ ကျွန်မတို့ ဘဝဇာတ်ကြောင်းကို စုံစမ်းလာတာ ဘယ်သူများပါလဲ။ အတွေ့မခံပါနဲ့လို့ ကျွန်မက တားလိုက်ခါမှ ပိုဆိုးလာတယ်။ သမီးက သူ့အနေနဲ့ ပြောပြစရာ ဘာမှမရှိလို့ အမေ့ကိုပဲ မေးပါလို့ ပြောလိုက်သတဲ့။ ကျွန်မက ငြင်းပေမယ့် သမီးက အတင်းအကျပ် တိုက်တွန်းတော့တာပဲ။ သူ့ဘဝအတွက် ဒီဇာတ်လမ်းကို အစအဆုံး သိဖို့ရာ အရေးကြီးပါတယ်တဲ့။

ကျွန်မတို့မိတ်ဆွေ ဒေါက်တာတစ်ယောက်က ကျွန်မကို ဒီကိစ္စ ပြန်စဉ်းစားပါဦးလို့ တိုက်တွန်းလာပါတယ်။ ဒါပေမယ့် တစ်နှစ်လောက်ကြာတဲ့အထိ ကျွန်မ ငြင်းနေဆဲပါပဲ။ နောက်တော့ သမီးကို တိုက်ရိုက်ပြောတာထက် ကြားခံပုဂ္ဂိုလ်တစ်ယောက်ကို ပြောပြရတာက ကျွန်မအတွက် ပိုအဆင်ပြေမယ်ဆိုတာ သဘောပေါက်လာခဲ့ပါတယ်။ အစအဆုံး ပြောပြလိုက်ခြင်းအားဖြင့် ကျွန်မဖြစ်စဉ်အားလုံးနဲ့ ကျွန်မဆုံးဖြတ်ချက် အဆင့်ဆင့်ကို သမီး နားလည်သွားလိမ့်မယ်။

ပြဿနာက ကျွန်မ ပြောနိုင်ပါ့မလား ဆိုတာပါပဲ။ ပြီးတော့ ရေးမယ့် စာရေးဆရာက ကျွန်မဘဝဇာတ်ကြောင်းကို သာမန်ဝတ္ထုတစ်ပုဒ်လို ရေးသွားမှာကို ကျွန်မ မလိုလားဘူး။ ကျွန်မ ယုံကြည်စိတ်ချတဲ့သူ ဖြစ်ရမယ်။ ကျွန်မရင်ဖွင့်တာကို နားလည်ပေးနိုင်တဲ့သူ ဖြစ်ရမယ်။

ဒီဗိုင်းယားရီးဆီ ချဉ်းကပ်လာတဲ့ စာရေးဆရာနဲ့ပဲ ရေးရမလား။ ဘာပဲဖြစ်ဖြစ် သမီးကျေနပ်အောင်တော့ အဲဒီ စာရေးဆရာနဲ့ တွေ့ကြည့်မယ်လို့ စဉ်းစားမိတယ်။ တကယ်လို့ အဲဒီလူက အဆင်မပြေဘူးဆိုရင် နောက်ဆုတ်လိုက်ရုံပေါ့။

စာရေးဆရာလူငယ်ကို တွေ့လိုက်ချိန်မှာ သူဟာ အဆင်ပြေဆုံး ဖြစ်မယ်

http://www.cherrythitsar.org



ဆိုတာ ကျွန်မ သဘောပေါက်လိုက်ပါတယ်။ အပြောရောင်မျက်လုံး၊ ကြင်နာမှု၊ နားလည်မှု၊ သိတတ်မှုနဲ့ မှန်ကန်စွာ ဆုံးဖြတ်တတ်မှုတွေက ကျွန်မဘဝဇာတ်ကြောင်းကို အကောင်းဆုံး ရေးဖွဲ့ပေးနိုင်မယ့်သူ ဖြစ်တယ်ဆိုတာ ကျွန်မ သိလိုက်ပါတယ်။ သူနဲ့ကျွန်မ စကားတွေ နာရီပေါင်းများစွာပြောရင်း ကျွန်မဘဝ အတိတ်ဆိုးတွေကို ပြောရမယ်။ လိုအပ်တဲ့နေရာတွေမှာ သူက ညင်ညင်သာသာနဲ့ လိုအပ်တာတွေ မေးလိမ့်မယ်။ တချို့နေရာတွေ မေ့နေလို့ ရက် (သို့မဟုတ်) လနဲ့ချီပြီး ကြာရင်လည်း သူက စိတ်ရှည်ရှည် စောင့်မှာပဲ။ ကြေကွဲတဲ့နေရာတွေမှာ ကျွန်မ ငိုမိရင် ကျွန်မမျက်ရည်တွေကို သူ နားလည်လိမ့်မယ်။

ကျွန်မရွေးလိုက်တဲ့ စာရေးဆရာက မှန်ပါတယ်။ အစကတည်းက အဆင်ပြေမယ်ဆိုတာ ကျွန်မသိလိုက်တယ်။ ဒါပေမယ့် အသေးစိတ်ပြောနိုင်ဖို့ ကျွန်မ နောက်ထပ် တစ်နှစ်လောက် အားယူရပါသေးတယ်။

ကျွန်မအတွက် အခက်အခဲဆုံးပြဿနာက အဲ(လ)ဗစ္စနဲ့ ကျွန်မ သစ္စာထားခဲ့ကြပြီး ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိထားခဲ့ကြတာကြောင့်ပါပဲ။ ဖွင့်ပြောခြင်းအားဖြင့် ကျွန်မ သစ္စာဖောက်ရာ ရောက်တော့မယ်။ အဲ(လ)ဗစ္စကတော့ လုံးဝ သစ္စာ မဖောက်ခဲ့ရှာဘူး။ သူ့ပတ်ဝန်းကျင်က မိတ်ဆွေတွေရော ရန်သူတွေပါ ကျွန်မနဲ့အကြောင်း လုံးဝ မသိခဲ့ကြဘူး။ ဒါကြောင့် ကျွန်မအတွက် အချိန် ကြာနေခဲ့တာပါ။ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး မဟုတ်တမ်းတရမ်း ရေးတဲ့စာအုပ်တွေ ထွက်လာတာ တွေ့ရတော့ အဖြစ်မှန်တွေကို ကျွန်မပြောမှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်မပြောတဲ့ စာအုပ်က တစ်ဆင့် ကျွန်မသမီးကို သိစေသလို အဲ(လ)ဗစ္စကိုချစ်တဲ့သူတွေလည်း သိစေနိုင်မယ်ပေ့ါ။ သူဟာ သူတော်စင်တစ်ယောက် မဟုတ်သလို မိစ္ဆာတစ်ယောက်လည်း မဟုတ်ပါဘူး။ သာမန်လူသားတစ်ယောက်သာ ဖြစ်တဲ့အတွက် အမှားအမှန်ဆိုတာ ရှိခဲ့တာပဲ။ တခြားသူတွေ ရေးကြသလို အမှားသံသရာမှာသာ နှံ့နစ်နေသူ မဟုတ်ပါဘူး။ သူဟာ နူးညံ့တဲ့၊ ကြင်နာတတ်တဲ့၊ တခြားသူတွေ သူ့ဘဝကို ကြိုးကိုင် ခြယ်လှယ်တာကို ဘဝဆုံးတဲ့အထိ အထီးကျန် မပျော်ရွှင်တဲ့ဘဝမှာ နေသွားခဲ့ရတဲ့ လူတစ်ယောက်ပါ။

သူ့ဘဝတစ်လျှောက်မှာ ကျွန်မဟာ သူ့အတွက် လိုအပ်ချိန်မှာ လိုအပ်သလို နှစ်သိမ့်မှုကိုသာပေးခဲ့ပြီး သူစိတ်ညစ်အောင် ဘာတစ်ခုမှ မလုပ်ခဲ့တဲ့သူ ဖြစ်တယ်ဆိုတာကိုတော့ ဘုရားသခင်ထံမှာ တိုင်တည်ပြောပါရစေ။

http://www.cherrythitsar.org



ခုလို ကျွန်မက အစကအဆုံးအထိ ဖွင့်ပြောလိုက်ခြင်းအားဖြင့် တစ်စုံတစ်ယောက်ကို သွားထိခိုက်မယ်ဆိုတာ သိပါတယ်။ ကျွန်မအနေနဲ့ ဘယ်သူ့ကိုမှ ထိခိုက်စေချင်တဲ့ဆန္ဒ၊ စိတ်အနှောင့်အယှက် ဖြစ်စေချင်တဲ့ဆန္ဒ မရှိတာ အမှန်ပါ။ ဒီစာအုပ်ရေးနေစဉ် တစ်လျှောက်မှာ ကျွန်မ ကလေးတွေကို ကျွန်မအပေါ် ချစ်ခြင်းမေတ္တာ အပြည့်အဝ ပြခဲ့ကြပါတယ်။ ကျွန်မ ကလေးတွေအားလုံးကို ချစ်ပါတယ်။ သူတို့လေးတွေအနေနဲ့ ဒီစာအုပ်ဖတ်ပြီးရင် ဘာကြောင့် ကျွန်မ ဒီလိုဖြစ်ခဲ့ရတယ်ဆိုတာ နားလည်မှုအပြည့်နဲ့ ခွင့်လွှတ်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မ တစ်သက်လုံး လျှို့ဝှက်ထားခဲ့တာက အဲ(လ)ဗစ္စနဲ့ ကျွန်မ ထားခဲ့ကြတဲ့ ကတိစကားကြောင့်ပါ။

ကျွန်မဘဝဟာ အဲ(လ)ဗစ္စ နေသွားခဲ့ရတဲ့ ဘဝနဲ့ မအပ်စပ်လှပါဘူး။ သူက သူ့ဘဝတစ်ခုလုံး ပြောင်းလဲနိုင်ဖို့ ကြိုးစားခဲ့တယ်။ သူ့ဘဝမှာ ချစ်ခြင်းမေတ္တာတရားဟာ အလွန်အားဖြစ်စေခဲ့ပါတယ်။ ကျွန်မမေတ္တာရိပ်မှာ နေရတဲ့ကာလဟာ သူ့အတွက် 'အိမ်' ဖြစ်သလို သူ့ရင်ခွင်ဟာလည်း ကျွန်မအတွက် တစ်ခုတည်းသော ကွန်းခိုရာ ဖြစ်ခဲ့တာ အမှန်ပါပဲ။ လျှို့ဝှက်ထားနိုင်သမျှကာလပတ်လုံး ကျွန်မတို့ရဲ့ မေတ္တာဘုံကလေးကို ဘယ်သူမှ ဖျက်ဆီးနိုင်မှာမဟုတ်ပါဘူး။ ကျွန်မတို့ရင်ထဲက အမှတ်တရတွေကိုလည်း သူတို့ ထုတ်နုတ်ယူနိုင်ကြမှာ မဟုတ်ပါဘူး။

အဲ(လ)ဗစ္စရဲ့ သင်္ချိုင်းကို ပထမဆုံးတစ်ခေါက် ကျွန်မရောက်ခဲ့စဉ်က မျှော်လင့်ထားတာထက်တောင် အနှောင့်အယှက်တွေ များခဲ့ပါသေးတယ်။ သူဆုံးပြီးတဲ့နောက် မဲ(မ)ဖစ္စကို ကျွန်မ ခဏခဏ ရောက်ခဲ့ပေမယ့် အမှတ်ရစရာနေရာကလေးတွေကိုသာ ကျွန်မ လျှောက်သွားခဲ့ပြီး သူ့သင်္ချိုင်းကိုတော့ ကျွန်မမသွားခဲ့ပါဘူး။ ၁၉၈၃ ခုနှစ်ကတော့ ကိုယ့်ကိုယ်ကို အားတင်းပြီး သာမန်လေ့လာသူတစ်ဦးအနေနဲ့ ဂရေ့(စ)လဲ(န)(ဒ)နဲ့ ဂိတ်တံခါးကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ ဒီနေရာဟာ ကျွန်မနဲ့ အကျွမ်းတဝင် ဖြစ်ရမယ့် နေရာ ဖြစ်ပါလျက်

http://www.cherrythitsar.org



နဲ့ သူစိမ်းတွေနဲ့အတူ မမြင်ဖူး မတွေ့ဖူးသူ တစ်ယောက်အဖြစ် လေ့လာရတာ တော်တော် ခံရခက်လှပါတယ်။ နေရာတိုင်းမှာ အဲ(လ)ဗစ္စပုံတွေကို ရှုထောင့်အမျိုးမျိုး၊ ဆံပင်ပုံစံအမျိုးမျိုး၊ အသက်အရွယ်အမျိုးမျိုးမှာ ရိုက်ထားတဲ့ပုံတွေ ချိတ်ဆွဲထားတာ တွေ့ရတယ်။ သူ့ကုလားထိုင်၊ စားပွဲ၊ စန္ဒရားနဲ့ တခြားပရိဘောဂတွေ မြင်ရတော့ နွေးထွေးမှုနဲ့ ရင်နာမှုတို့ တစ်ပြိုင်တည်း ခံစားရပါတယ်။ အပြင်ဘက်မှာ သူ့ကားတွေ ပြထားတယ်။ အချို့ကားတွေက သူနဲ့ကျွန်မ စီးခဲ့ကြဖူးတာ မှတ်မိနေတယ်။ စားကျက်ထဲမှာ သူ့မြင်းကြီး 'Rising Sun' ကို ထည်ထည်ဝါဝါ တွေ့ရတယ်။ ဒါပေမယ့် သူ့ခမျာ အထီးကျန်ဖြစ်နေရှာတယ်။ နေရာဒေသက ပျော်စရာမပေးနိုင်ဘဲ လွမ်းစရာ ပိုဖြစ်စေပါတယ်။ ပန်းပင်တွေရဲ့ ပတ်ဝန်းကျင်မှာ မြက်တွေက မရိတ်ဘဲထားလို့ ရှည်နေပြီး ပန်းပင်တချို့က သေနေပြီ၊ ကျွန်မအမြင်မှာတော့ ဂရေ့(စ)လဲ(န)(ဒ) ဝင်းကြီးတစ်ခုလုံး အသက်ငင်နေသလိုပါပဲ။

လူအုပ်ကြီးက အိမ်ထဲမှာ လှည့်လည်ကြည့်ကြပြီး သူ့အုတ်ဂူဆီ ထွက်သွားကြတဲ့အထိ ကျွန်မ စောင့်ကြည့်နေခဲ့ပါတယ်။ သူ့ဂူကိုတွေ့တော့ သူမရှိတော့ဘူးဆိုတာ လက်ခံလိုက်ရတယ်။ သူ မရှိတော့ဘူးဆိုတာ လက်ခံလိုက်ရတဲ့ ကျွန်မအတွက် သူ့မိတ်ဆွေတွေ၊ သူ့ပရိသတ်တွေ ခံစားရတာထက် ပိုခံစားရပါတယ်။ အဲဒါက ထာဝရကျန်ရစ်မယ့် ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကြောင့်ပါပဲ။ နှစ်တွေ လတွေ ကြာညောင်းခဲ့တာ ခုဆိုရင် ဆယ်စုနှစ်တောင် ကြာခဲ့ပါပကော။ ဒါပေမယ့် ကျွန်မဆီကို သူလာနေမြဲပဲ။ အရင်တုန်းကလိုပဲ အကြာကြီးခွဲပြီးရင် သူတစ်ခေါက် ပြန်လာဦးမှာပဲလို့ မျှော်လင့်နေမြဲပါပဲ။

ဒီတစ်ခါတော့ သူ မလာတော့ဘူး။ သူ သေသွားပြီလေ။ ဒါကို ကျွန်မ လက်မခံချင်ပေမယ့် လက်ခံလိုက်ရပါတော့တယ်။

သူ့ဂူဘေးမှာ ကျွန်မ ဒူးထောက်လိုက်ချိန်မှာ အနားမှာရှိတဲ့ သစ်ပင်တစ်ပင်က သစ်ရွက်ခြောက်ကလေး တစ်ရွက် ကြွေလွင့်လာပြီး နံဘေးက ပွင့်နေတဲ့ ကျွန်မပိုက်ဆံအိတ်ထဲ ကျသွားတယ်။ သူ ကျွန်မအနား ရောက်လာပြီး တစ်ချိန်ချိန်မှာ ကျွန်မတို့နှစ်ယောက် ပြန်လည် ဆုံစည်းကြမယ်လို့ ပြောချင်တဲ့အတွက် နိမိတ်ပြလိုက်သလိုပါပဲ။ ကျွန်မ သိမ်းထားတယ်။

ကျွန်မရင်ထဲမှာ ကြည်နူးစရာကောင်းတဲ့ အဖြစ်အပျက်ကလေးတစ်ခု သွားသတိရမိတယ်။ ၁၉၅၃ ခုနှစ်တုန်းက ကျွန်မတို့နှစ်ယောက် ကားနဲ့ဖြတ်အသွားမှာ ရွက်ကြွေတောတစ်ခုဖြတ်တော့ ကျွန်မက လေးမြွာပါတဲ့ သစ်ရွက်ကလေး

http://www.cherrythitsar.org



တစ်ရွက် ရှာကြည့်ရအောင်လို့ ပြောတယ်။

'အဲဒါမျိုး မရှိနိုင်ပါဘူးကွာ' တဲ့။

'အိုး. . . ရှိတာပေါ့' လို့ ကျွန်မက အတင်း ငြင်းတယ်။ 'ဘဝမှာ လေးမြွာပါတဲ့ သစ်ရွက်တွေ အများကြီးရှိတယ်၊ ခဲခဲယဉ်းယဉ်းတော့ ရှာရတာပေါ့'

'ကိုင်း. . . . ရှာစမ်းပါ၊ တကယ်လို့ တစ်ရွက်တွေ့တယ်ဆိုရင် အံ့ဩစရာတစ်ခု ဆုချမယ်'

ကျွန်မ ကံကောင်းတယ် ဆိုရပါမယ်။ တစ်မိနစ်အတွင်းမှာ တစ်ရွက် ရှာတွေ့လို့ သူ့ကို ကမ်းပေးလိုက်ပါတယ်။ သူ တော်တော် အံ့ဩသွားတယ်။

'ဒီသစ်ရွက်ရဲ့အဓိပ္ပာယ် သိလား' သူက စိတ်လှုပ်ရှားစွာနဲ့ မေးတယ်။

'ကိုယ်တို့နှစ်ယောက် ဘယ်တော့မှ မခွဲမခွာ ထာဝရ အတူနေရလိမ့်မယ် တဲ့' သူက ပြောပြောဆိုဆို ကျွန်မကိုဖက်လိုက်ပြီး ရွက်ကြွေတောထဲမှာ နမ်းခဲ့ပါတယ်။

'အံ့ဩစရာတစ်ခု ပေးမယ်ဆို'

'အကောင်းဆုံးဆု ပေးရမှာပေါ့၊ ကိုယ့်နှလုံးသားလေး မင်းအတွက် ထာဝရ ပေးလိုက်ပါတယ်'

ဒါတွေကို ပြန်တွေးကြည့်ရင် ယုံနိုင်စရာ မရှိပေမယ့် သူ တကယ်ပဲ ကျွန်မကို သူ့နှလုံးသား ပေးသွားခဲ့တာပါ။

သူ တကယ်ပေးသွားခဲ့ပါတယ်။

**ဝင်းငြိမ်း**

http://www.cherrythitsar.org



## ကျေးဇူးမှတ်တမ်း

**အထီးကျန်ည**ကို ဘာသာပြန်ဖို့အတွက် Are You Lonesome Tonight စာအုပ် လက်ဆောင်ပေးခဲ့တဲ့ စတီရီယိုအဆိုကျော် ဘိုဘိုဟန်ကို ကျေးဇူးတင်ကြောင်း ထပ်လောင်း မှတ်တမ်းတင်ပါရစေ။ ထိုနည်းတူ စိတ်ရှည်လက်ရှည် စောင့်စားဖတ်ခဲ့ကြတဲ့ ရွှေအမြုတေမဂ္ဂဇင်း ပရိသတ်များ၊ အဲ(လ)ဗစ္စပုံတွေ အားဖြည့်ဖို့ အားတက်သရော နှစ်ပေါင်းများစွာ စုဆောင်းထားခဲ့တဲ့ ပုံတွေနဲ့ ကူညီခဲ့တဲ့ အေဝမ်းသိန်းထွင်ရှိတို့ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**ဝင်းငြိမ်း**

http://www.cherrythitsar.org

အချစ်ဆိုတဲ့
သာမန်ကောလုံလေးတစ်လုံးကနေ
ပေါက်ဖွားလာခဲ့တဲ့ဇာတ်လမ်း
ဇာတ်လမ်းရဲ့နောက်ကွယ်မှာ
လျှို့ဝှက်ထားတဲ့သမီးတစ်ယောက်ရှိခဲ့တယ်
သမီးနဲ့မျက်စေ့လေးရဲ့ထင်ပေါ်ကျော်ကြားမှုမှာ
မပေါ်နိုင်ဘဲမျိုသိပ်ခဲ့ရတဲ့
မိန်းမသားတစ်ယောက်ရဲ့အဖြစ်ပါ။



ARE YOU LONESOME TONIGHT

Lucy De Barbin and Dary Matera